
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC .com

30 JAN 2014

# သာရဏီ


မဂ္ဂဇင်း

အတွဲ (၁၄) အမှတ် (၃)
၂၀၁၄ ခုနှစ် မတ်လ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



## ဘာသာရေးဆောင်းပါးများ


၅ ဝင့်လိုက်ခံရခြင်း (ကဗျာ)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၆ လူ့တစ်ထမ်းရဟန်းတစ်ရှက်
မာနဘိက္ခုနုပဿနာကထာ(၃)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၅ ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်
ဘုရားကြီး၏စာပေအမြင်
**မြဝင်း(ဒဿန)**

၁၇ သောဂီလာနံ ဥပဋ္ဌဟေယျ
ဘုရားအလိုကျ ဆေးပဌာန်းပွဲကြီး
ကျိုက်သုတ်ဆံတော်ရှင်စေတီတော်ကြီး
**ခင်ခင်ဝင်း(မောရဝတီ)**

၂၆ ဖယ်ပလာရှာက ဓမ္မသာကစ္ဆာ
**ဦးကောဝိဒ(မြိတ်)**

၂၉ အုံချိုးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၁)
**ကံဝင်း**

၃၇ အန္တိုင်းမဲ့ဂုဏ်ရှင် ရွှေဘုန်းတော်သခင်
၏ဉာဏ်တော်(၆)ပါးအစိတ္တာန်သွားလျှင်
**ဘုန်းခေါင်**

၃၉ ရှင်ဥတ္တမကျော်ဆရာတော်၏
ဗုဒ္ဓဂုဏ်တော်
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၄၁ မဟာဗောဓိတစ်ထောင်
ဆရာတော်ကြီး၏
ခယောင်းလမ်းမှသည်နှင့်
ဘဝသမိုင်းမှတ်တိုင်များ
**သုဓေယျ**

၄၉ သဇင်တံဘုရားကြီး
**စောထွီးသျှင်(မြောက်ဦး)**

၅၃ ရန်မျိုးလုံ့စည်းချဂါထာတော်
**နတ်မောက်မင်းသန့်နိုင်**

၅၄ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၆)
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**

၆၁ အရဟန်သည့် အရဟံသိဒ္ဓိအစွမ်း
**သပိတ်ကျင်း-ကျော်ကျော်ထွန်း**

၆၃ မန္တလေးမြို့ မြတောင်တိုက်
ရွှေဂါဝင်းအဂ္ဂါဘိဓေ သက်တော်ရှည်
ဆရာတော်ကြီး ဦးသာသနာဘိဝံသ၏
ဩဝါဒကထာ
**ဦးစန္ဒိမ(စထင်း)**

၆၅ ကုန်းလှိုင်ရွာဦးကျောင်း
**ဒေါက်တာဒေါနု(တောင်ကြီး)**

၇၂ ကျေးဇူးရှင် ကျီးသဲလေးထပ်ဆရာ
တော်ဘုရားကြီးမိန့်ကြား ငရဲအိုးတမျှ
ပူပြင်း မီးပုံအတွင်းသက်ဆင်း ယုန်မင်း
ဝတ္ထု
**ကံဝင်း**

၇၅ ထူးဆန်းစွာပျောက်ဆုံးသွားသည့်
နှစ်ပေါင်း(၃၀)ကျော်ကြာ
မပုပ်မသိုးရှိနေသော
နန်းတော်ကုန်းဆရာတော်ကြီး၏
ရုပ်ကလာပ်တော်
**နေခြည်(မကွေး)**

၇၈ ပထမံပိဋကရေထွက်ရပ်ပေါက်
လောကီပညာနှင့်ကျေးဇူးရှင်
စစ်ကွင်းဆရာတော်ကြီး (၁၅)
**ပထမံဆရာဦးအေးရွှေ**

၈၃ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၅၆)
**မောင်သန်းဆွေ(ထားဝယ်)**

၈၆ ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၉၀ အမြင့်မြတ်ဆုံးနှင့်အယုတ်ညံ့ဆုံး
**မေတ္တာရှင်(ရွှေပြည်သာ)**

၁၀၁ သာသနာတော်သုံးရပ်နှင့်
ဝစီပိတ်အကျင့်
**ဆရာဦးစိန်လှိုင်(ကျိုက်ထတ်)**

၁၀၃ မြတ်ဗုဒ္ဓရုပ်ပွားတော်ကိုးကွယ်ခြင်းအစ
ရခိုင်မဟာမုနိရုပ်ရှင်တော်မြတ်က
**ရွှေချိုအောင်(ငပလီ)**

၁၀၉ ရွှေကံကူလေပုံ့သစ်တော်ရုပ်ရှင်တော်
မြတ်၏ထားဝယ်ခရီးစဉ်မှထူးခြားမှုများ
**ဘိုဘို(ရွှေကံကူ)**

၁၁၉ ပန်းယင်းမှာတည်သည့်
မဟာဗန္ဓုလရွှေစည်းခုံစေတီ
**ဆန်းညွန့်(မွှေ့ာစရိယ)**

၃၄၁ တတိယသာဝက ပထမသင်္ဂါယနာတင်
မဟာကဿပအရှင်၏ ခြေတော်ရာ
**အောင်သာကျော်**

၃၆၄ ထားဝယ်မြို့မဖြစ်ပေါ်စဉ်က
ယိုးဒယား(ရှမ်း-ဒေသအခေါ်)
မောင်နမရှစ်ဦးတည်ခဲ့သော
ရေးဟောင်းဘုရားရှစ်မြောင့်
**မောင်စိမ်းတွေး(ထားဝယ်)**

၃၆၇ ကျေးဇူးရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရား
**မဟာစက်ရှင်(လှိုင်ထင်)**

၃၇၉ လူသားကျင့်ဝတ်နှင့်ငြိမ်းချမ်းရေး
**ကိုရွှေမြသန်း(သမိုင်း)**


## သုတရသဆောင်းပါး


၁၁၇ မိုး
**ချောင်းဆုံအုန်းသွင်**

၁၂၃ နိဗ္ဗာန်ရည်မျှော် ငွေရတုအလှူတော်
**ရွှေအေး**

၁၄၂ ရေနံ့ရှာဖွေရေးအရာရှိ ဦးကျော်ဇောအား
အဘာစောင့်ရှောက်ပုံ
**အဏ္ဏဝါလှိုင်း**

၁၄၉ ပြဒါးလင်းဂူနှင့်အတွေးများ
**တင်နိုင်တိုး**

၁၅၀ ဘယ်ကလာပြီးဘယ်သွားကြမှာလဲ
**တင်ထွန်း(စက်မှု-၂ ငြိမ်း)**

၁၅၉ မေတ္တာမိုးခေါင် လူ့ဘောင်ကန္တာရ
**သုတဝင်း**

၁၆၂ လူငယ်များအတွက်စကားလက်ဆောင်
**မောင်ပွင့်ဉာဏ်(မောရ)**

၁၆၉ ကံ့ကုမ်အစစ်နှင့်အတု
ခွဲခြားသိရှိရန်နှင့်ဆေးအသုံးများ
**ချစ်မှန်းခင်(ကြို့ပင်ကောက်)သယ်တီ**

၁၇၅ သတင်းမီဒီယာများကပြောသော
ရောဝတီသဘော်ာကုမ္ပဏီ
**လှမိုး(ပညာရေး)**

၁၉၆ ဆေးမင်းတော
**ဓာတ်ပုံ-မောင်မောင်အေး**

၂၀၅ ဆင်းရဲခြင်း၏မူလအကြောင်းတရား
**မင်းဘူး-ဗိုလ်ဥတ္တမ**

၂၁၅ မှတ္တမပြည့်ရှင် ဝါရီရူ (၁)
**နိုင်ခင်မောင်လေး**

၂၂၂ စာရေးဆရာရန်အောင်၏
ကိုယ်တွေ့တစ္ဆေ
**တိုးထက်**

၂၂၉ ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**

၂၄၀ ဆရာကြီးဦးဂိုအင်ကာအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၂၄၅ အကောင်းဆုံးယုတြာ
**တက္ကသိုလ်ဝင်းမြင့်**

၂၅၅ ဓာတ်မီးဩဇာပညာ
**ဦးမင်းဇင်(ရွှေနဝင်း)**

၂၆၂ မြင်ခြင်း၏နောက်မှမမြင်နိုင်သော
**မင်းပြည့်**


www.burmeseclassic.com

www.burmeseclassic.com



နေကြား ချထားခဲ့ ဝဲဘက်ခြေတော်ရာ။


င်းစိန်တောရဆရာတော်ဘုရားကြီး၏
ကျေးဇူးတော်နှင့်
ဆိုင်းနိုင်ငံဘုရင်မင်းမြတ်၏
တည့တာမင်္ဂလာ
နီးစက်အဗ္ဗဝါ(ရောဝတီ)

ရွှေသုတေသနနှင့်
ရွှာန်များ၏သိမှုအာရုံ
ချမ်းထက်

မြန်မာမင်းများလက်ထက်
နန်းတော်အိမ်သာများ
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

ဆက်ပိဋကပုဂ္ဂိုလ်ကြီးများမှပေးသော
လေးငယ်
တင်ဦး(ပေါင်းတည်)

ဗျာလျှို့ဝှက်ဆန်းကြယ်
တမ်း(၄)
ဆက်ထုံ

မြို့များကိုကောင်းမှုပြု၍
မူပေးဝေပါ
ညွှန့်(ဟသာတ)

နှံ့သားသွေးဆုံးရောဂါ
မြင့်






## သုရဌတိုင်းရင်းဆေး


၇၄ ကျွဲနွားတို့ခွာနာဖြစ်သော်ကုသနည်း
**အောင်လံထူ(မြန်မာပြည်)**

၁၃၆ လေးဖက်နာရောဂါ
ပျောက်ကင်းစေသော သဘာဝဆေးပင်
**စွမ်းထက်နောင်**

၁၄၆ ဆေးဖက်ဝင် ကောက်ကွေ့ပဲ
**ဝေစည်(ရွှေဘို)**

၁၆၁ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန္တလေးတက္ကသိုလ်)**

၂၂၁ နမ်းဆီတစ်မည် ဆေးသုံးကြွယ်
**ငွေလင်းရောင်(နတ်မောက်)**

၂၂၅ ကုက္ကိုတစ်ပင်လုံးဆေးအသုံး
**ဆရာအေးရွှေ(သုတေသီ)ဖီးကုန်း**

၂၂၈ နားကိုက်ဝေဒနာဖြစ်ရင်
ဟင်းဂလာပင်ကိုသတိရပါ
**စနေထွန်း(မြစ်သား)**

၂၃၂ သဘော်ာစေ့လေးခုနစ်စေ့
**သမီး-စောငုဝါ**

၂၃၃ ကြွက်နို့ပျောက်ကြောင်း
နည်းလမ်းကောင်း
**နေဝင်းဝင်း(လွန်ဆေး)**

၂၈၈ ပြည်မြန်မာမြောက်ဖျား
ပူတာအိုဒေသမှ
ထူးဆန်းရှားပါး ဆေးဖက်ဝင်အပင်များ
**မောင်နွယ်သန်း**

၃၀၄ ဇဝက်သာလိမ်းဆေးဆီ
**နတ်မောက်မင်းချစ်နော်**

၃၃၆ ကလေးသူငယ်
ကြက်ညှာချောင်းဆိုးလျှင်
**နတ်မောက်မင်းချစ်နော်**


BURMESE CLASSIC .com

## သုရဌဝတ္ထုတို


၁၃၀ ဥပဒေလက်တံမမီသောကာလ၌
**နေပြည်တော်ကျော်ကျော်စိုး**

၁၃၈ အမေ့ခံစုန်ရေများ
**မြတ်သက်ကျော်**

၁၅၄ ယုံကြည်မှဲ့မှားမှုမထားလျှင်
**ဝင်းထွန်းအောင်(စစ်/ဆေး)**

၁၆၆ ဘဝတစ်ပါးအခြားရှိလေသောအခါ
**သထုံ-ငယ်ငယ်**

၁၇၀ လျှပ်တစ်ပြက်ဗေဒင်
**ဟိန်းဇေယျာ**

၁၇၈ ဘသုံပြောပြသော
စမတောင်အကြောင်းများ
**သန့်ဇင်**

၂၁၀ အကာလမရဏကို အောင်နိုင်ခဲ့သော
အဘွားအို
**မြောင်းမြ-မြင့်လှိုင်**

၂၁၈ စေတနာအကျိုးပေးလေသောအခါ
**နေဝင်းဝင်း(လွန်ဆေး)**

၂၃၄ အသနစော
**မင်းမြင့်နိုင်(ဘူးသီးတောင်)**

၂၅၀ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
**ပီတာမြဦး**

၂၇၄ မုဆိုးတစ်ဦး၏ဒိုင်ယာရီ(၃)
**ခင်မောင်အေး(မန္တလေး)**

၂၈၂ မျောက်စိတ်ပေါက်သွားသောခွေးများ
**ရွှေပြည်စိုး(မိုးကုတ်)**

၂၉၄ သုသာန်လမ်းမှာစ,ခဲ့တဲ့ဇာတ်လမ်း
**ချစ်ဆိုင်**

၃၀၂ အဘပြောတဲ့စကား
**လေးဖြူဖြူ(ငပုတော)**

၃၁၄ ရွှေဘို-မြစ်ကြီးနားကားလမ်းဘေးက
ဂမ္ဘီရဆန်သောရွာကလေး
**ရသဂမ္ဘီရ-ကျော်ဝင်းအောင်**
**(ပြည်-ဆည်မြောင်း)**

၃၂၂ ကျွန်မဘဝဘယ်သို့လုခဲ့
**နေဝိဇ္ဇာ**

၃၃၄ ပရလောကသားကို
မဆင်မခြင်ပြောဆိုပြုမူမိသူ
**ညွှန့်ဝင်း(နတ်တလင်း)**

၃၄၆ ရေမျောကမ်းတင်သစ်
အဖြစ်ကလွန်ဆန်းကြယ်
**ဝေယံလင်းခေါင်**

၃၇၄ အနှစ်နှစ်ဆယ်
**ကောင်းသော်**

၃၈၆ နှုတ်ဝစီဆိုး
**မျိုးသစ်**


www.burmeseclassic.com

www.burmeseclassic.com







## သုရဇ္ဇ ပညာရပ်


၁၂၈ ဖာရိဘုရင်ကြီးရဲ့အိပ်မက်
မောင်ကျောက်တိုင်
၁၈၈ သိကြားကျောက်စာတိုင်ဂါထာနှင့်
ဂန္ဓာရီဝိဇ္ဇာမယပညာ
ကြီရတနာ-ဆရာဇေယျာလင်း
၁၉၈ အထက်ဖြိုဟ်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၂၅၀ နတ်တော်လ၏
ထူးထွေထူးခြားဂုဏ်ရည်များ
မင်းရှိန်အောင်
၂၈၀ သရဏဂုံသုံးရပ်အများမြတ်၏
သိဒ္ဓိအစွမ်းအံ့မခန်း
ဘုန်းခေါင်
၃၀၀ စိတ်စွမ်းအင်စုံထောက်ကြီးကာရာဇက် ၏
ရဲတင်းကိုင်မားပြကိုဖော်ထုတ်ပုံ
မနော်သုတေသီ
၃၀၅ အောင်ပါစေကြောင်း အောင်စေကြောင်း
သုခစုစ်
၃၁၉ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်း
စေမည့် ဖုန်းရွှေဗျူဟာ(၁၆၇)
ဦးအောင်လှိုင်(သုဝဏ္ဏ)
၃၂၇ သူသေငါသေရင်းသေဖျားနော
ဓာတ်သဘော
သူရိန်ထွန်း(ဝိဇ္ဇာခရီး ပြည်)
၃၆၀ အလွယ်လေ့လာ လက္ခဏာပညာ
ဆရာမော်
၃၇၀ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
ဆရာဒလမင်းခေါင်
၃၈၃ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
ဦးအောင်လှိုင်(သုဝဏ္ဏ)


## သုရဇ္ဇလက်တွေ့အသုံးချ


၁၄၁ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၂၃၈ စမမှန်နှင့်ကျင့်စဉ်
**သုခစုစ်**
၂၉၃ ၂၀၁၄ ခုနှစ်၊ မတ်လ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**
၃၄၀ ၂၀၁၄ ခုနှစ်၊ မတ်လ
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ကမ္ဘီရ)**
၃၉၀ သိသင့်သည်များအတွက်
သုရဇ္ဇလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၉၄ ပြည်မြန်မာ၏
၂၀၁၄ ခုနှစ် မိန်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၃၉၆ ၂၀၁၄ ခုနှစ်၊ မတ်လ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၃၉၉ ၂၀၁၄ ခုနှစ်၊ မတ်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**
၄၀၂ စာမေးပွဲဖြေဆိုကြမည့်
ကျောင်းသားကျောင်းသူများအတွက်
အောင်ပွဲဝင်အစီအရင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၀၆ ၂၀၁၄ ခုနှစ်၊ မတ်လ
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွန်း
ဝေလှံ့လှံ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဇ္ဇစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်မွန်ထွန်း၊ ဝင်းမြ
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း၊
စုမွန်၊ စုစုစံ၊ ကြူကြူ၊ တင်မိုးနိုင်

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀

**မျက်နှာဖုံးပေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်-**ကျော်ကျော်စာပေ
**ရှမ်းတောင်ကာယား-**ဂါနေဒီ၊ မီလျှံနှာ
**ပဲခူး-** သဇင်စာပေ
**ဟသာတ-**တာလေးမောင်၊ ရွှေမောင်း
**မကွေး -**ရွှေပြည်စိုး
**တောင်ငူ-**ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်-**လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၇၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



## ဝင့်လိုက်စံရခြင်း



- သွားပြီကွယ့် မကြေညာ
  တည်နေရာသိုက်မဖွဲ့ မလိုက်ခဲ့စေချင်လို့…။
- လိုက်ခဲ့လျှင် ဝိုက်ဖွဲ့အပျော်အရွှင်နှင့်
  အမျှော်ဝင် တစ်ပတ်ရိုက်
  ခေတ်ခိုက်သည့်အမျိုးမို့။
- တောင်ချောက်ဂူဟာ အမူရာကား
  လူလာ လူတွင်း ညှို့စိတ်သွင်းလျက်
  စစ်ခင်းမာန်နှိုး စီးချင်းထိုးဖို့
  တိုးဝင်လာသူ ထိုသည့်သူအား သိမ်းပိုက်ထားကြောင့်
  လူသားခများ သူ့လက်မှာ
  ကဝါသုံ့ပန်း ဖြစ်စေသည်။
- တစ်ဖက်လက်သား ထိုလူငှားလည်း
  တရားဖွေရှာ ဟောမာတောရိပ်
  ကင်းဆိတ်ကာမ ဝိဝေကတို့
  သားကျနေရာ ဇေကစာဍ္ဍ
  သေချာခိုမှီး တောပျော်ကြီးကို…
  ပစ္စည်းဖြင့်ဝိုက် ပုံချင်းရိုက်ကာ နှုတ်တိုက်ပါဖြင့်
  ဗျူဟာနည်းသုံး စိတ်ချင်းလုံး
  ကျုံးသွင်းလှေ့ယူသည်။
- သို့ကြောင့်သာပင် တောရရှင်တို့
  တောစင်တောင်လျှိုး မြောင်ခိုကိုးရင်း ချောင်တိုးရင်းက
  တောင်ကျိုးခြေပြတ် တစ်ခန်းရပ်ကာ ကျင့်သက်ပါ
  သိက္ခာခန္ဓာ စဲရသည်။
  - လူချင်းပူးကပ် အကျင့်မြတ် အသတ်ခံရခြင်း။
  - ပစ္စည်းဖြင့်မျှား ကျင့်တရား လစားခံရခြင်း။
- လူရှုပ်လာဘ်ပေါ် ကျော်စောခြံရံ
  ဤလေးတန်ကား
  ကြားခံခြေထိုး တိုက်စားမျိုးမို့
  ဆိုးကျိုးသို့သာ ပေးတတ်စွာကြောင့်…
  - လာလျှင် မချွတ် ကာမဝဋ် အသွတ်ခံရပြီ။
  - ကာမဝဋ်ဆိုက် ဝိပါက်လိုက် အနှိုက်ခံရပြီ။
  - ဝိပါက်ဝဋ်လိုက် ကံချင်းတိုက် အပိုက်ခံရပြီ။

ဤနည်းဖြင့်သာ တောပျော်မှာ
ခြေရာလမ်းထောက် ပျောက်ရသည်။

*(၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ပဋ္ဌိပတ်တောစခန်း)*



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

**၇။ နောက်မင်္ဂလာအသုတ်ပွဲထုတ်ကြည့်ရအောင်ပါ။**

(၁) ရှိသေထိုက်သူတွေ့က အရိုအသေပေးပါ။

(၂) ကိုယ့်မာန်ထ သတိဖြင့် အမြဲနှိမ့်ချထားပါ။

(၃) ကာမပွဲ ရောင့်ရဲနိုင်သမျှ ရောင့်ရဲပါ။

(၄) [illegible]ပြုသူ၏ကျေးဇူး အထူးသိနေပါ။

(၅) အခါကောင်းတွေ့ တရားနာခံဖို့ ရှေ့ပါနှင့်။ (ငါးပါး) သည်မင်္ဂလာ ငါးမျိုးပါ။

သည်မှာ...

(၁) ရှိသေထိုက်သူများမှာ-

(က) ရတနာသုံးပါး - အညစ်အကြေးကင်း အအေးနှင့်အလင်းပေးနေခြင်းမို့ပါ။

(ခ) မိဘနှင့်ဆရာ - မိမိအပေါ် ဘုရားစိတ်ထားမျိုးထားမွေးပေးနေလို့ပါ။

(ဂ) မိမိထက် အသက်ကြီးနေသူ - တန်ဖိုးမြင့်လူ့စေတနာမိမိအလျှင်ဦးသူမို့ပါ။

(ဃ) မိမိထက်ဂုဏ်မြင့်နေသူ - တန်ဖိုးမြင့်ရတနာ သူ့၏၌ပါရှိနေလို့ပါ။

**မည်သူမျှ မလိုက်နိုင်သော ဗုဒ္ဓဝါဒီတို့၏ မှုပိုင်မင်္ဂလာ**

သည်မှာ ကြားညှပ်စကား ပြောကြားခွင့်ပြုပါ။ ဗုဒ္ဓဝါဒီ နွယ်သာကီတို့ ကိုးကွယ်ချဉ်းကပ်ခွင့်ရ ဘုရားမြတ်သည် လူသားစင်စစ်ကပေါ် ထွန်းသောလူသားဘုရားဖြစ်နေခြင်းကြောင့် မိမိသာဝကများ မိမိကိုယ်ပွားအဖြစ်ထားနိုင်ခဲ့ခြင်းပါ။

အခြားဘုရားတို့မှာမူကား ဖြပ္ပာ့ပြည်မှနေ အဝေးရောက်ဘုရားအဖြစ်ပွင့်နေကြရရှာတော့ရာ လူသားဘုရားမှာကဲ့သို့ ကိုယ်ပွားဆင်းမထားနိုင်ကြပါ။ ကိုယ်ပွား ဟူ၍လည်း မကျန်ရစ်ခဲ့ကြတော့ပါ။ သို့ကြောင့် သူတို့မှာ ဂါရဝပြုဖို့ရာ မကျန်ရစ်ပါ။ ကိုးကွယ်ဝတ်ပြုခြင်း၊ ဆုတောင်းခံရခြင်းဖြင့်သာ လမ်းဆုံးနေကြရရှာသူများပါ။ ပီတိစွဲချဉ်ရဲကျေမျိုးပါ။

ဤငါတို့ ကိုးကွယ်ခွင့်ရ လူသားဘုရားမှာမူကား အကျင့်ကိုလည်း မိမိနှင့်ထပ်တူဖြစ်ရေး၊ အနီးမှနေ အမွေပေးနိုင်ခဲ့သူပါ။ အသိကိုလည်း မိမိကဲ့သို့သိရေး အနီးကပ် လမ်းပြပေးနိုင်ခဲ့သူပါ။

သို့ဖြစ်ရာ ဘုရားဖြစ်ပြီးနောက် (၄၅) ဝါကနေ သာသနာနှစ်ထောင်ကျော်ကာလယနေ့ကျတိုင်အောင်ပင် ဘုရားကျင့်သလိုကျင့်ပြီး ဘုရားသိသလို သိနေသူများလည်း ထွန်းကားဆဲပါ။

အချို့ ဖြူစင်သော သောတာပန်အဖြစ်အထိ ပွင့်သစ်နေဆဲပါ။ အချို့ သကဒါဂါမ်၊ အနာဂါမ်အဖြစ်တို့အထိ ပွင့်သစ်နေဆဲပါ။ အချို့ ဘုရားနှင့်မခြား ရဟန္တာကြီးများအဖြစ်အထိပါ ပွင့်သစ်နေဆဲပါ။သည်မျှမက ဘုရားကိုယ်တော်တိုင်လည်း ပရိနိဗ္ဗာန်ပြုပြီးကာလ သူ့ကိုယ်မှပွား ခန္ဓာ၏ ဓာတ်တော်ဓာတ်အား အများအစားလည်း ကိုယ်စားထားများအဖြစ် ပွင့်သစ်နေဆဲပါ။

သို့ကြောင့် ဤဗုဒ္ဓဝါဒီများမှာ ကိုယ်ပွားသားများ အရိုအသေပြု၍ မင်္ဂလာယူမလား။ အဆင်သင့်ချည်းပါ။ ကိုယ်ကျ ဓာတ်တော်များ အရိုအသေပြု၍ မင်္ဂလာယူမလား။ အဆင်သင့်ချည်းပါ။ ဤသည်မှာ ဗုဒ္ဓဝါဒီတို့ဘက်က တစ်ဗန်းသာ မင်္ဂလာများပါ။

သည်နေရာ ဘုရားရှင်၏နှုတ်ဖွင့်

BURMESE CLASSIC .com



# လူတစ်ထမ်း၊ ရဟန်းတစ်ရွက်

## (မာနုဘိက္ခုနုပဿနာကထာ)

**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**



www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒတော်ကို လေ့လာကြည့်ပါ။ ဘုရားရှင်သည် သူ့အပေါ် ပုဂ္ဂိုလ်စွဲဖြင့် ဂါရဝပြုခြင်းထက် သံဃာသို့ ဂါရဝပြုခြင်းကို ပိုလိုလားပါသည်။ တစ်ခါက မိထွေးတော်သည် ဘုရားအား -

"တိဋ္ဌမုနိ စိရံကပ္ပ - သားတော်ဘုရား၊ သားတော်သည် နှစ်ကာလကြာညောင်းလာသည်အထိ တည်တော်မူပါ။ အာယုကပ်ကုန်အထိ တည်တော်မူပါ"

ဟူ၍ဂါရဝပြုရင်း ဆုတောင်းခြင်းပြုချေရာ ဘုရားရှင်က သူ့အား သည်လို ဂါရဝပြုခြင်းအပေါ် ချက်ချင်း တားမြစ်တော်မူပြီး ပြင်ပေးတော်မူခဲ့တာပါ။

ပြင်ပေးပုံက -

"ဂေါတမီ၊ သင် သည်လို ငါ့အား ဂါရဝပြုမည့်အစား ပြင်းပြင်းအားထုတ်မြဲမြံသော ကမ္မဋ္ဌာန်းအလုပ်လုပ်နေကြသည့် သာဝကများကို ဂါရဝပြုပါ။ ထိုသာဝကများကို ဂါရဝပြုပါမှ ငါ့အား ဂါရဝပြုသည်နှင့်အတူတူ"

ဟူ၍ပင် ပြင်ပေးခဲ့တာပါ။ အခြားဘုရားများလို ငါအမြတ်ဆုံး၊ ငါသာ ဂါရဝပြုဖို့ အသင့်တော်ဆုံး ဆိုသော အဆုံးအမစကားမျိုး မည်သည့်ကာလမျှ မသင်ကြားခဲ့ပါ။ အကျင့်တန်းတူ၊ သိတန်းတူဖြင့် မြှောက်စားထားခဲ့တာပါ။

သို့ကြောင့် အခြားတို့ကဲ့သို့ အထင်ကရ ကိုယ်ပွားမရ၊ မျက်ရမ်းမှန်းဆ တမ်းတရုံမျှမျိုး မဟုတ်ကြပါ။ ဆရာ့ပါးစပ်ဖျား လမ်းစဆုံးပါးပုံမျိုး မဟုတ်ကြပါ။

သည့်အတူ မိဘသည် သားသမီးအပေါ် မေတ္တာထားရာ၌ ဘုရားနှင့်တစ်ထပ်တည်းကျပါ။ ထိုမိဘများက အများနှင့်ဆို အမိက ပြည့်တန်ဆာဖြစ်ကောင်းဖြစ်နေမှာပါ။ အဘကလည်း လူဆိုးလူမိုက် ဒုစရိုက်ခေါင်ညွှန့် ဖြစ်ကောင်းဖြစ်နေမှာပါ။ သို့တိုင်လည်း ထိုမိတို့ဖတို့သည် သားသမီးများအပေါ်၌ကား ဘုရားမေတ္တာတော်၏ အတိုင်းအဆမှ တစ်ပြားသားမျှ မလျော့ပါ။ သို့ကြောင့် ဘုရားတန်းဝင်မိဘများကိုလည်း ဘုရားတိုက်သော ဦးခေါင်းဖြင့်ပင် ဘုရား၌ အသုံးချနည်းအတိုင်း ဦးသုံးကြိမ်ချ ဂါရဝပြုကြရတာပါ။

ဆရာသည်လည်း သူ့အိမ်ရောက်



www.burmeseclassic.com











သူ့သားမယားနှင့် မှားခန်းမှောက်ချင် မှောက်နေမှာပါ။ အပေါင်းအသင်းများနှင့်တွေ့ အလေလိုက်ချင်လိုက်နေဦးမှာပါ။ သို့တိုင်လည်း ကျောင်းသခ်မ်းထဲဝင် ဆရာစိတ်ဝင်လာသောအခါတွင်မူကား တပည့်များအပေါ် တော်စေ့ချင်၊ တတ်စေ့ချင်ကြသည်မှာ အမှန်ပါ။ အခြားအခြား သူတစ်ပါးတပည့်များနှင့်ယှဉ် မိမိတပည့်ကသာ အောင်ပန်းတံဆိပ် ထိပ်ပန်ဆင်နေသည်ကိုပင် အမြင်ချင်ဆုံးပါ။ သို့ဖြစ်ရာ ထိုဆရာများကိုလည်း ဘုရားအရှိအသေပြုသော ဦးခေါင်းဖြင့်ပင် ဦးသုံးကြိမ်ချ ဂါရဝပြုကြရခြင်းပါ။

နောက်တစ်ခု မိမိထက် အသက်ကြီးသူများသည် လူ၌သာ နားသက်တတ်သော သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ စသည် မြတ်စုတရားများ မိမိအလျှင်ဦးစွာထားနှင့်ပြီးသူများဖြစ်နေကြတော့ရာ သဒ္ဓါရတနာသည် ဘုရားဖြစ်ရန်လည်းဟုတ်၊ အရိယာဖြစ်ရန်လည်းဟုတ်၊ အယုတ်ဆုံး နတ်ဗြဟ္မာသူတော်ကောင်းဖြစ်ရန်လည်း ဟုတ်နေမှာပါ။ သတိရတနာသည်လည်း သည့်အတူပါ။ မကောင်းမှုပြုကျင့်ရာ၌ ရှက်တတ်ခြင်း၊ မကောင်းဒဏ် တန်ပြန်ခံရဦးမည်ကို ကြောက်လန့်တတ်ခြင်း စသည် ကျန်ရတနာစုများလည်း နည်းတူပါ။

သို့ဖြစ်ရာ ထိုရတနာများကိုအာရုံပြု ကိုယ့်ထက်ကြီး သူကိုဂါရဝပြုပါက သူ့ရတနာ ကိုယ့်ထံ ရောင်ပြန်ဟပ်လာမည်မှာ မလွဲပါ။ နောင် သူဖြစ်ပွားမည့် ဘုရား၊ ပစ္စေကာ၊ အဂ္ဂ၊ မဟာ၊ ပကတိဆုကြီးများအထိ မှန်းမျှော်ပြီး ဂါရဝပြုမိပါက လက်ရှိဘုရား ဂါရဝပြုမှု မင်္ဂလာနှင့် မခြားစေရပါ။ လက်ရှိတရားဂါရဝပြုမှု မင်္ဂလာနှင့်လည်း မခြားစေရပါ။ လက်ရှိသံဃာအား ဂါရဝပြုမှုမင်္ဂလာနှင့်လည်း တစ်သားတည်းပါ။ ရှေ့နောက်ဝင်ဘုရားချင်း၊ တရားချင်း၊ သံဃာချင်းများ တစ်သားတည်းမို့ပါ။

နောက်တစ်ခု ကိုယ့်ထက် ဂုဏ်မြင့်သူဆိုတာ မကောင်းဂုဏ်ကို မဆိုလိုပါ။ မကောင်းကျင့်မှုဖြစ်သော ကျော်စောမှုက ဂုဏ်အရာမဝင်နိုင်လို့ပါ။သည်မှာ ဂုဏ်ဆိုတာ အစွမ်းသတ္တိကိုဆိုတာလို့ မှတ်ခဲ့ပါ။ သည်အစွမ်းသတ္တိက သူများမပယ်နိုင်သည်ကို ပယ်ပြနေသော အစွမ်းပါ။သူများမမြင်သော နက်နဲသော အရာကို ထွင်းဖောက်မြင်နိုင်သောအစွမ်းသတ္တိပါ။ သူများမဖောက်နိုင်သောလမ်း ဖောက်ပြနေသော အစွမ်းသတ္တိမျိုးပါ။ သည်ဂုဏ်သတ္တိမျိုးက သူတော်ကောင်းများ၌သာ နားသက်တတ်တာမျိုးပါ။ သူတော်ကောင်း ဆိုတာ ကိလေသာငြိမ်းအေး လူသွေးချည်း ပြေးနေသူကို ဆိုတာပါ။

သို့ဖြစ်ရာ ကိုယ့်ထက်ဂုဏ်မြင့်နေသူ သူတော်ကောင်းကို သင်အရိုအသေပေးက သင့်ကိုယ်သွေးလည်း သူတော်ကောင်းသွေး စီးပြေးနေမှာပါ။ သင့်ကိုယ်စိတ်ဓာတ်မှာလည်း သူတော်ကောင်းဓာတ် ဟပ်နေတော့မှာပါ။

သည်သူတော်ကောင်းမျိုးကလည်း ပုဆိုးဝတ် ရဟန်းတစ်မျိုး ဆိုရမှာပါ။ အသွင်ကသာလူ၊ စိတ်ဖြူက ရဟန်းအသွင်ဆောင်နေလို့ပါ။ သည်သူတော်ကောင်းမျိုးကို ဘုရားဦးတိုက်သော ဦးခေါင်းအောက်စိုက်ကျဖြင့် ဦးတိုက်ပါက မင်္ဂလာသို့သာ ထိုးဆိုက်နေမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

လူဖြစ်သော်မှ ဘုရားကျင့်နှင့်ခြား ကိလေသာအငြိမ်းစားရထားသူမို့ပါ။ ဘုရားနှင့်အမြင်တူ စိတ်စင်ဖြူနေလို့ပါ။ သိ၊ ပယ်၊ ဆိုက်၊ ပွား ထိုလေးပါး ဘုရားခြေထားအတိုင်းနင်းမိထားလို့ပါ။ သည်အခွင့်အရေးမျိုး ဘုရားသာသနာတွင်းမှတစ်ပါး အခြားသူများ မရနိုင်ကြပါ။ သည်မဂ်လာမျိုးကိုလည်း ဘုရားတပည့်များမှတစ်ပါး • အခြားသူများ မဆောင်နိုင်ကြပါ။ သည်မှာလည်း ဗုဒ္ဓဝါဒီတို့ဂုဏ်ယူရမည့် အချက်ကောင်းများပါ။

သည့်အတူ လူမှန်လျှင် တီရစ္ဆာန်ညဉ် တန်ပြန်ရမည့် ငါးပါးသော ကိုယ်ကျင့်တရားများ၊ လူမှန်လျှင် အပြစ်ကင်းစင်စေရမည့် ငါးမျိုးသော ကုန်သွယ်ခြင်းများ၊ သည်အရာများကလည်း ဗုဒ္ဓဝါဒီတို့မှတစ်ပါး အခြားသူများမကင်းကြပါ။ သို့ကြောင့် သည်ကျင့်ဝတ်များလည်း ဗုဒ္ဓဝါဒီတို့ ဂုဏ်ယူရမည့် အကျင့်ကောင်းပါ။

## (၂) ကဲ - ရှေ့မင်္ဂလာပွဲဆက်ကြရအောင်

ကိုယ့်ကိုယ်ကိုယ် မာန်နှိမ့်ချထားခြင်းကလည်း မင်္ဂလာတစ်ပါးပါ။ သည်မှာလည်း မာန်မှာ ယုတ်မာန်၊ အမြတ်မာန်နှစ်မျိုးပါ။

အယုတ်မာန် ဆိုတာ အယုတ်တရားများကို အတို့အထောင်လုပ်သောမာန်ပါ။ မာန်မောက်သဖြင့် ရာဂမှောက်မှားခြင်းမျိုးများပါ။ မာန်ထောက်သဖြင့် ဒေါသချောက်ချားလာခြင်းမျိုးများပါ။ တစ်ဖန် ထိုရာဂဒေါသများကလည်း မာန်ကို ပြန်အားပေးနေဦးတော့မှာပါ။

ရာဂအား အပွားသန် မာန် ဖြစ်လာလွန်းလို့ပါ။ ဒေါသအား အထားသန်ကလည်း မာန် ထန်လာတတ်လွန်းလို့ပါ။ မာနကြောင့် ရာဂ, ဒေါသ အငေါက်သန်လာသည်ဖြစ်စေ၊ ရာဂ, ဒေါသကြောင့် မာနအငေါက်သန်လာသည်ဖြစ်စေ မာန်သင်လျှင် အမှန်မမြင်နိုင်တော့ပါ။ ထက်အောက်တန်းတူ သူမမြင်တော့လို့ပါ။ မာန်ထောက်လျှင် ကံမှောက်မှာပါ။ ကောင်းကံ၊ မကောင်းကံ အမှန်မမြင်တော့လို့ပါ။ မာန်ခုလျှင် လုပေးရမှာပါ။ တစ်ဖက်နှင့်ပြိုင် နိုင်ရာကိုင်ပေးရတော့လို့ပါ။သို့ကြောင့် သည်မာန်အုပ်အယုတ်ဆိုရတာပါ။

နောက်တစ်ခု ငါးစာ၊ ကာမဂုဏ်အာရုံပယ်ရာ၌ စိတ်ဝင်ဉာဏ်သန်ရာမှ ဖြစ်ပေါ်လာသောမာန်ကား မြတ်မာန်ဆိုရမှာပါ။

မာန်ထန်သလောက် ဉာဏ်စူး၊ စိတ်ကာမညွန့်တက် မကူးသာတော့လို့ပါ။သည်မှာ မာန်သုံးမာန်၊ ငါသုံးခု သုတအဖြစ် မှတ်ခဲ့ပါဦး။ တဏှာမာန်၊ မာနမာန်၊ ဒိဋ္ဌိမာန် မာန်သုံးမာန်ပါ။ တဏှာငါ၊ မာနငါ၊ ဒိဋ္ဌိငါ ငါသုံးခုပါ။ မာနသည် အထင်ကြီးသည်။ သည့်နောက် အထင်ကြီးရာ မြတ်နိုးသည်။ သည့်နောက် မြတ်နိုးရာ အားကိုးသည်။ သည့်နောက်တွင်ကား အားကိုးထားရာ ဆုပ်ကိုင်ကိုင်တစ်ဖက်နှင့် ပြိုင်ပွဲဝင်တော့သည်။

ထိုအခါ -

(က) တဏှာကြောင့်ဖြစ်သောမာန်က ငါ့ပစ္စည်းလို့ ငါတပ်ပေးလိုက်သည်။
(ခ) မာန်ကြောင့် ဖြစ်သောမာန်က ငါလို့ပင် ကိုယ့်ကိုယ်ကိုယ် အထင်ကပ်မည်။
(ဂ) ဒိဋ္ဌိကြောင့်ဖြစ်သောမာန်က ငါပိုင်ရယ်လို့ သူ့ဟာ၊ ကိုယ့်ဟာလုပ်ယူမည်။

BURMESE CLASSIC .com

မာန်သုံးမာန်စွာရာမှ ငါဖြစ်လာခြင်းများပါ။ သို့ မာန်သုံးမာန်၊ ငါသုံးခု အစုလိုက်ပြုံနေချေရာတွင် စိတ်သည် သတိ၊ အသိအလိမ္မာ၊ ဉာဏ်ပညာတို့၏ အသင်အပြကြောင့် တဏှာမှ ဆုတ်ခွာခဲ့ပြီး ထိုစိတ်သဒ္ဓါဘက် ကူးတက်လာရာ၏။ မာန်သည် ထိုအမြတ်မာန်က သတိ၊ အသိ၊ ဝီရိယတို့ဘက်ကနေ တာဝန်ဝင်ထမ်းပေးသောအခါ ထိုစိတ်သဒ္ဓါဘက် ကူးတက်လာစဉ်ရှိ အစွမ်းပြမာန်သည် အမြတ်မာန်ပါ။

ဆိုခဲ့ပြီး လူမိုက်ကို သတိနှင့်ရှောင်ခြင်းမှ စတင်ကာ သာသနာ့ဒါယကာ အမည်ခံချိန်နှင့် ဓမ္မအကျင့်သတိစသည် သမ္မောဖျှင် ခုနစ်ပါး အကြမ်းစားတို့ဖြင့် ခန်းဖွင့်ချိန်အထိ ထိုမာန် အစမ်းပင် ဝင်မပေး ငေးကြည့်နေဆဲပါ။

သည်မှနောက် တပ - ဗြဟ္မစရိယ မင်္ဂလာပေါက်သို့ ရောက်သောအခါ ထိုမာန်သည် အယုံသန်၊ အထန်ပြင်းလာသောကြောင့် ဝီရိယထန်ထန်သလောက် ဇောဓိပေါက် ဆန်တက်လာမှာ ဧကန်ပါ။ သတိသွင်းပြင်း ပြင်းသလောက်လည်း အမှောင်သင်း ထွင်းဖောက်ပေးနေမှာပါ။ အသိရှင်း ရှင်းလာသလောက်လည်း သတိ၊ အသိ၊ ဝီရိယတို့ကိုကြိုးဆိုထောက်ခံနေဦးတော့မှာပါ။

သို့ဖြင့်ပင် ထိုမြတ်မာန်က ဉာဏ်အဆင့်ဆင့် အပွင့်အရင့်အထိ ပင့်တင်ပေးနေတော့မှာပါ။ ကာမမှာ အပြိုင်ရှိမှ အချိုးထက်သလို ဓမ္မမှာလည်း အပြိုင်ရှိမှ တိုးတက်လာမည်ကို သင်သတိပြုခဲ့ပါ။

သည်မှာ ဒိဋ္ဌိခံ မာန်ထန် ငါ ဦးစီးသော ဤပထမမဂ်စခန်းတွင် ဒိဋ္ဌိဘက်ကနေ ဆိုခဲ့ပြီး အယုတ်တဏှာမာန်နှင့် အယုတ်မာနမာန်များကပါ ကူညီပေးဇနေကြပြီး ထိုယုတ်မာန်များက သတိ၊ဝီရိယ ဦးစီးသော်တပ်ဖွဲ့ကို ခုခံစစ်ဖြင့် ထောင်ထားခြားနားကြမှာပါ။

တစ်ဖန် သည်ဘက်နေ ဆိုခဲ့ပြီး ဉာဏ်ထန် အစွမ်းပြ မြတ်မာန်များကလည်း သည်ဘက်နေ သတိတင်း၊ ဝီရိယပြင်းများကို တွန်းကူဆွဲယူကာ အားပေးရင်းက ပြိုင်ပွဲဝင်ပေးနေကြမှာပါ။ သည်မှာတွင် တစ်ဖက် ဒိဋ္ဌိမာန် တပ်လုံးပြုတ်ငုတ်တုတ်သေ စိတ်ကို အပါယ်ဖြစ်စေသည်အထိ ဝင်မမွှေနိုင်တော့ပါ။

အပါယ်ခံ အမင်္ဂလာ သည်မှာတွင် တစ်ခန်းရပ်ပါ။ အပါယ်ပြန်ကင်း မင်္ဂလာ သည်မှာ ဆောင်ခွင့်ရခြင်းပါ။ သည့်အတူ ဒုတိယ၊ တတိယ မဂ်စခန်းများ၌လည်း အယုတ်ဘက်က တဏှာမာန် ဦးစီး မာနမာန် အားဖြည့်နည်းဖြင့် စစ်ပြိုင်။ သည်ဘက်ကလည်း သမာဓိမာန် ဦးစီး ပညာမာန် အားဖြည့်နည်းဖြင့် စစ်ကို အနိုင်တိုက်မှာပါ။

သည့်အတူ သည်ဘက်ကနောက်ဆုံးမဂ် မင်္ဂလာအောင်ပွဲ မခံရမချင်းလည်း တစ်ဖက်ကလည်း တစ်ခုကျန် အယုတ်မာန မာန်တပ်စု တစ်စုတည်းဖြင့်ပင် စစ်ပြိုင်။ သည်ဘက်ကလည်း အမြတ်ပညာမာန် ဦးစီး၊ သီလစု၊ သမာဓိစု မာန်များကိုပါ စုစည်းပြီး စစ်အနိုင်တိုက်ကြရမှာပါ။

တစ်ဖက်က မာနမာန် ဗုန်းဗုန်းကျက သည်ဘက်က မြတ်မာန်များလည်း အသုံးမချတော့ပါ။ တစ်ဖက်လုပ် ယုတ်မာန်ကုန်လျှင် သတိမာန်၊ သမာဓိမာန်၊ ပညာမာန်များပါ ကုန်သွားတော့လို့ပါ။ သည်မှ တစ်ဖက်အဟုန် ဆုံတိုက်နေသော မာန်အလုပ် ပုတ်ကြည့်တတ်ရန် မှတ်ချက်ပေးခဲ့ပါရစေ။

ထိုစဉ် ကာမအာရုံ အပွားပြုက အယုတ်မာလို့ မှတ်ခဲ့ပါ။ ကာမအာရုံ အတားပြုက အမြတ်မာနလို့ မှတ်ခဲ့ပါ။ သို့ကြောင့် နိဝါတမင်္ဂလာအရ ကိုယ့်ကိုယ်ကိုယ်မာန်ချဆိုရာမှာ အယုတ်မာန် ချဖို့ဆိုတာဖြစ်ကြောင်း သင်တောင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကြီး သဘောပေါက်ဖို့ပါ။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးအားကိုးမြတ်နိုးသော ယုတ်မာန်ကို ဆိုတာပါ။ သားအပေါ် အထင်ကြီး အားကိုး မြတ်နိုးရာမှဖြစ်သော သားဇော၊ သားမာန်လည်း ပါပြီးသားပါ။ ဇနီးအပေါ်မှ ဖြစ်သော မယားဇော၊ မယားမာန်လည်း ပါပြီးသားပါ။ ပစ္စည်း စသည်များမှဖြစ်သော ဇောမာန်အားလုံး အကုန်ပါပြီးသားပါ။

ထိုအားလုံး ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်ဆိုင်သော ကိုယ့်ကိုယ်ကိုယ် အထင်ကြီးရာမှ ဖြစ်ပွားလာသော ဇောမာန်များဖြစ်နေကြလို့ပါ။ သင်သည် သည်မင်္ဂလာကို မရအရဆောင်နေပါလျှင်. . .

(က) အထက်ရှိ ဂါရဝမင်္ဂလာလည်း ကျက်သရေတက်နေတော့မှာ ဧကန်ပါ။ မာန်မကျသေးသော ဂါရဝက ကိုယ်ကသာ ဦးစိုက်ကျ၊ စိတ်ကား ခေါင်းထောင်ထနေတတ်လို့ပါ။ မာန်ကျသွားသော ဂါရဝက ကိုယ်ကျ၊စိတ်ကျ ပင်ကိုသဘာဝ အသားကျသွားလို့ပါ။

(ခ) နောက်လာမည့် သန္တုဋ္ဌိမင်္ဂလာကိုလည်း ထောက်ကူပေးပြီးသားပါ။

မာန်ကျမှ စိတ်လည်း ချင့်ရဲကျေကာမမှန်သမျှလည်း ရောင့်ရဲနေမှာမို့ပါ။ မာန်မကျက ကိုယ်မှာသာ တော်ပြတ်၊ စိတ်မာတတ်ကျ ချင်ခြင်းတပ်နေမှာ ဧကန်ပါ။

သည်မှာ နိဝါတရဲ့ ကိုယ်နှင့်စိတ်နှိမ့်ချ သင်မာန်ချထားပေးရာတွင် မှားပြီး မှားမှန်းသိလေသူ၏အမူအရာမျိုးပါ။ မှားမှန်းသိ၍ အရှင်မပျ စိတ်သံဝေဂရနေပုံမျိုးပါ။ အမှား၊ အမှားမှန်းသိပြီး သံဝေဂလမ်းတန်းဝင်နေသော ထိုသည့်သင် ပြစ်မှားမိဖူးသူနှင့်တွေ့က ကိုယ့်ကိုယ်ကိုယ် ပုံအပ်နေပုံမျိုး ဆိုရမှာပါ။ ရှက်သင့်သူ၊ ကြောက်သင့်သူ၏ရှေ့ စိတ်ညှိုးငွေ့ ရှေ့ချပြထားပုံမျိုးပါ။ ရိုသေရမည့်သူ၏ရှေ့ ယို့ယို့ရွှေ့ ရွှေ့ရွှေ့လှမ်းပြနေပုံမျိုးပါ။

ကိုယ်နှိမ့်ချ မင်္ဂလာယူနေသူ၏ပုံကို သင်ကြည့်ပါ။ ခက်မငါးဖြာခန္ဓာတစ်ခုင်လုံးကို ကြမ်းပြင်ပေါ် အထိုင်ချပေးကာပြီးပြီ သည့်နောက် ဒူးနှစ်ဖက်ကွေးညွှတ်ပြီး နောက်ခြေများပါ ကြမ်းနှင့်ထိစေလိုက်ပါပြီ။ လက်နှစ်ဖက် ကွေးညွှတ်ပြီး တံတောင်များပါ ကြမ်းနှင့် ထိစေလိုက်ပါပြီ။ သည့်နောက် ဦးခေါင်းဦးစိုက်ပြီး ကိုယ်ပါယို့၍ ထိုဦးခေါင်းကြမ်းနှင့်ထိစေလိုက်ပါပြီ။

သည်မှာ ခက်မငါးဖြာ သင့်ကိုယ်ခန္ဓာကို သူတစ်ဖက်သို့ ထိခြင်းသုံးခုတို့ဖြင့် ထိုးအပ်ပုံအပ်နေခြင်းပါ။ ထိုငါးဖြာထိသုံးထိ မလှုပ်သာစေရန်ကိုကား ရှေ့တံတောင်များနှင့်နောက်ဒူးများကိုလည်း ထိပ်ချင်းထိ ထိပေးထားရပါသည်။ ရှေ့လက်များနှင့် ဦးခေါင်းကိုလည်း ဘေးချင်းထိ ထိပေးထားရပါသည်။သို့ကြောင့် သည်ဂါရဝပြုနည်းကို ထိခြင်းကြီးငါးပါးဖြင့် ဂါရဝပြုခြင်း ဆိုရတာပါ။

တစ်ဖန် ခန္ဓာ၏ မူလအရင်းတည်များဖြစ်ကြလေသော ဒူး၊ လက်၊ နဖူးများတည်ရာ ခြေနှစ်ဖက်၊ လက်နှစ်ဖက်တို့နှင့် ဦးခေါင်းဆိုသော ခက်မငါးဖြာကိုပါ တည်ပေးထားပြီးဖြစ်နေတော့သဖြင့် တည်ခြင်းကြီးငါးပါးလို့လည်း အမည်ရနေတာပါ။ကြည့်လိုက်ပါ။ အရုပ်ကလေးကြီးဖြတ်ချထားပြီး ပုံထားသလိုလေးပါ။ ဝက်သိုး ကြီးတုပ် ပုံလျက်သားလေးလုပ်ပေးထားပုံမျိုးပါ။ သည်ပုံမှာ အတွင်းထား စိတ်မာန်မကျကလည်း ထောင်တောင်ကိုးကွ အချိုးမကျမျိုး ဖြစ်နေဦးတော့မှာပါ။ သို့ကြောင့် အတွင်းထန် စိတ်မာန်ကျရန် ပြစ်မှားမိ မိမိအပြစ်ဆင်ခြင်ပေးရဦးမှာပါ။

**မာန်ညစ်ကြောင့် ရန်ဖြစ်ခဲ့ဖူးသော သင့်ပြစ်မှားမှုကြီးများ**

သည်မှာ မိမိ၏ ရှေးနှင့်ယခု ပြုမိခဲ့ဖူးသော အပြစ်အမှားများပါ။

(က) ရှေးက ရတနာသုံးပါးတို့ရဲ့အပေါ်မှာပါ။

(ခ) ယခု မိဘ၊ ဆရာသမားများအပေါ်ပါ။

(က) တွေးကြည့်ပါ။

ရှေးရှေးဘုရားခေတ် သည်ဘုရားခေတ်နှင့် မိမိ၏ရှေးရှေးဘဝများစွာတုန်းက မိမိက ဘာသာကွဲပြားလူမျိုးခြားဖြစ်နေပြီး ထိုဘာသာ ထိုအမျိုးယုံကြည်ကိုးစားမိနေချိန် ဘုရား၊ သံဃာများကိုမြင်မလိုညာဉ်စိတ်ဖြင့် သင်ရှုဆင်ခြင်နေမိမှာအမှန်ပါ။ ဘုရား၊ သံဃာများ၏ တရားသံကြား ခုခံစကားဖြင့် မာန်ရန်ပွားနေမှာပါ။ သာသနာအကြောင်း တွေးမိ မိမိစိတ်မခံချိမခံသာများဖြင့် အပြစ်ထိမိနေမှာပါ။ ဘုရားနှင့်တွေ့ တွေ့သလောက်မှာပါ။ ဘဝများ များသလောက် အပြစ်စုံပုံနေမှာပါ။

တစ်ဖန် သည်ဘုရားခေတ်တွင်လည်း မိမိ၏ရှေးဘဝတုန်းက ခွေးဖြစ်နေချိန်မျိုးဆိုကလည်း ဘုရား၊ သံဃာများကို မြင်တိုင်းဟောင်၊ ရန်စောင်နေမှာ မလွဲတော့ပါ။ အကယ်တိတိ လူ့ဘဝရှိနေသော်မှလည်း ဘာသာခြားဖြစ်နေပါက ဘုရား၊ သံဃာများအပေါ် ပြစ်မှားရန် ဝန်လေးမည်မဟုတ်ပါ။

သည်ဘဝ၊ သည်ခေတ် ဘာသာခြားများနှင့် သင်နှိုင်းယှဉ်ကြည့်ပါ။ဘုရားက တစ်လောကလုံးနှင့် မိမိအတွက် ပွင့်လာတာပါ။ မိမိက မိမိအကျိုး သယ်ပိုးပေးမည့်သူ ရန်သူလို သဘောထားနေခြင်းပါ။ မီးလောင်အိမ် ရေပုံးထမ်းပြေးလာသူကို ဆီးကြိုရန်တွေ့နေပုံမျိုးပါ။

ဘုရားနှင့် သွေးတူ၊ သားတူ သံဃာများလည်း နည်းတူမှတ်ခဲ့ပါ။ သံဃာမှန်သမျှ အနတ္တခြံဝင်းတွင်းမှနေကာ အတ္တမီး အမွှေခံ၊ အလောင်ခံနေကြသူ အားလုံးတို့အား မီးသတ်ပေးနေသော မီးသတ်သမားများချည်းပါ။

သို့ကြောင့် မိမိစိတ်၌ ကပ်နေသော အမှတ်များ၊ အသိများ၊ အမြင်များ ထိုအများသုံးမျိုးတို့၏ သွေးထိုးပေးမှုကို လက်ခံ၍ မိမိအတွက် ပွင့်လာသော ရတနာ၌ မပြစ်မှားသင့်ကြပါ။ ပြစ်မှားမိခဲ့သမျှ ယခု ကိုယ်ပုံအပ်လျက်က ဝန်ချကြရမှာ ဧကန်ပါ။

(ခ) ယခု သည်ဘဝ၊ သည်သာသနာမှာပင် ဗုဒ္ဓဝါဒီဖြစ်လျက်သားနှင့် အတူနေ သံဃာများ၌ ပြစ်မှားနေကြဆဲပါ။ ဘုရင်တစ်မျိုး၊ ဘုန်းကြီးတစ်မျိုး၊ ကလေးတစ်မျိုးကွ။ ဘာမှ အလိုက်ကန်းဆိုးမသိ စကားက သက်သေခံပါ။

တရားတော်အပေါ်၌လည်း ဗုဒ္ဓဝါဒီသော်မှလည်း ပြစ်မှားနေကြဆဲပါ။

သုတ်သုံးကျမ်းကျေရမည်ဖြင့် စားသုတ်သုတ်၊ သွားသုတ်သုတ်၊ လာသုတ်သုတ်စကားများက သက်သေခံနေမှာပါ။ သုတ္တန္တပိဋကတော်လာ သုတ်မဟာဝါ၊ သုတ်သီလက္ခန်၊ သုတ်ပါထေယျ သည်သုံးသုတ်ကျမ်းကို ပြောင်လှောင်သရော်နေခြင်းများပါ။

သည့်နောက် သည်ဘဝ အပြစ်များ အများဆုံးမှာ မိဘ၊ ဆရာများ၌ပါ။ မိဘ၊ ဆရာများက လိမ္မာစေချင်၍ ဆိုဆုံးမလျှင် အချို့ ပြန်လှန် ချေပ ဒေါသဇောများပင် ကျနေကြမှာ အမှန်ပါ။ အချို့ မပြောသာ စိတ်ပြစ်များ မကျေချမ်းစိတ်များ ပွားနေကြမှာပါ။

အကယ်၍များ ထိုမိဘ၊ ထိုဆရာများက မိမိမှာ နောက်ကွယ်ပြစ်၊ ရှေ့ပြစ်အမှားကြီးမားနေတော့သဖြင့် နောင်



www.burmeseclassic.com

www.burmeseclassic.com

အစဉ်ပြင်တတ်လာစေရန် ရိုက်နှက်ဆုံးမကြလေသောအခါ အချို့ အာယာ့တထား ကြီးပြင်းလာသောအခါ ပြန်ချေပသည်အထိပါ။ အချို့ မခံနိုင်ကြသဖြင့် အိမ်ဆင်း ကျောင်းထွက်အထိ ဖြစ်ကြခဲ့မှာပါ။ ရဟန်း၊ ဆရာများအပေါ်၌လည်း သည်ပြစ်မှားမှုများ ဖြစ်ပွားခဲ့ဖူးကြမှာပါ။

သည်ဆိုခဲ့ပြီး ရှေးရှေးဘဝ လူဘာသာခြား၊ ခွေးဘာသာခြား ဘဝများစွာတို့ကအပြစ်များ သည်ဘဝ မျိုးတူ၊ ဘာသာတူ အနန္တများနှင့် အတူနေပြီး ပြစ်မှားမိသည်များ ယင်းကို စုပုံလွင့်မစ်ကြရမည့်အမှိုက်မျိုးများလို အထင်အရှားပြဆိုပေးရပါမူ ထိုအပြစ်များ ရှမ်းတောင်တန်းကြီးများကဲ့သို့ မြင့်မောက်မားမတ်အထပ်ထပ်နေကြမှာ အမှန်ပါ။

ယနေ့ သည်အမင်္ဂလာမာန်များတို သင်တစ်ဖန်ခဝါပြန်ပြရတော့မည်ဖြစ်ရာ ထိုအပြစ်ပုံကြီးကို ရှုဆင်ခြင်မာန်ဝင်အောင်းရာ ခက်မငါးဖြာကိုယ်ခန္ဓာတောင်ကြီးကိုပါ လှဲချပြီး အပ်ပွဲဝင်ကြရမှာပါ။ ကျေအေးခွင့်လွှတ်တော်မူပါ။ ပေးလိုသောအပြစ်ဒဏ်ပေးတော်မူပါ။ သည်လိုသဘောထားဖြင့် ကိုယ်နှိမ့်ချမင်္ဂလာဆင်ယင်ပြနေခြင်းပါ။ သည်မှာ -

(တ) အထက်မင်္ဂလာက ဂါရဝ၊
(ခ) သည် မင်္ဂလာက နိဝါတနှစ်မျိုးကွဲကိုလည်း သတိပြုခဲ့ရမှာပါ။

အထက်က သူ့ဂုဏ်၊ သူ့အမှုအလေးပြုခြင်းမင်္ဂလာပါ။ သည်မှာက ကိုယ့်အပြစ် ကိုယ့်ရှု ဘဝကိုပုံ၍ အကုန်အပ်နှံမှုမင်္ဂလာပါ။

သို့ သူ့မှာ ကိုယ့်ဘက် နှစ်မျိုးကွဲထွက်နေသလို မင်္ဂလာယူရာ၌လည်း အထက်က ခြေစုံရပ်၊ ကိုယ်ကို မတ်မတ်ထား၊ လက်အုပ်ကို ရင်ညွှန့်မှာတင်၊ ကိုယ်ကိုယ့်ညွှတ်ရုံနှင့် မင်္ဂလာဝင်ပြီးဖြစ်မှာပါ။

သည်မှာကျတော့ သည်လောက်မတတော့ပါ။ ကိုယ်ကို အရုပ်ကြိုးပြတ်ပုံချချ ခန္ဓာ့မာန်၊ ကိလေသာ့မာန်စုံအကုန်ပစ်ချလိုက်ပြီးမှ မင်္ဂလာဝင်ခွင့်ရမှာပါ။ အမင်္ဂလာမာန်နှင့် ယဉ်ကျေးသော မင်္ဂလာဆင်ယင်နေခြင်းများပါ။ သည် အနန္တငါးပါးနှင့်ပင် မာန်နှင်မင်္ဂလာဆိုကြသေးပါ။

မာနသည် အထက်တန်းတူ၊ ကိုယ့်အောက်လူ မည်သူ့ကိုမျှ အသာမပေး၊ အညာမပေးတတ်သော အရိုင်းမျိုးပါ။ သို့ဖြစ်ရာ မည်သူနှင့်ဆက်ဆံဆက်ဆံ ခြေသုတ်ခံ ပုဆိုးပမာ မာန်ကင်း၊ အရင်းချေပစ်ခဲ့ရမှာချည်းပါ။

သည်မှာ ခြေသုတ်ရန်ချထားသော်ပုဆိုး သင်ငုံ့ကြည့်စမ်းပါ။ နွမ်းကြေပျော့ဖတ်၊ ခေါက်ရိုးကျိုး၊ အပုံးကျနေသည်ကို သင်တွေ့ရမှာပါ။ သည်ခြေသုတ်ဖတ်အဝတ်ပုံလေးက ခြေသုတ်လိုသူက သူ့အပေါ် တက်နင်းလည်း စင်းစင်းလေး နေပေးနေတာပါ။ ထိုစဉ် ရှေ့ဖဝါးက နောက်ပြန်ဆွဲလည်း အလိုက်သင့်လေး တွဲပါနေမှာပါ။

နောက်ဖနောင့်က ရှေ့ပြန်တွန်းလည်း အလိုက်သင့်လေး ယွန်းပါနေမှာပါ။

ဖနောင့်ထက် ဖဝါးဘယ်ညာယမ်းလည်း အလိုက်သင့်လေး တန်းပါနေမှာပါ။

ဖဝါးတစ်ဖက်ပြီးတစ်ဖက် တက်သုတ်လည်း အလိုက်သင့်လေး အဖက်လုပ်ပြနေမှာပါ။

သည်ခြေသုတ်ပုဆိုးက မာန်ကျိုးမင်္ဂလာယူသူများအတွက် နမူနာပြနေတာပါ။

သည့်အတူ မြေအစွယ်ကျိုးနှင့် ချိုကျိုးနွားများကလည်း နိဝါတမင်္ဂလာဆိုတာ သည်လိုသည်လိုလို့ သရုပ်ပြနေကြမှာပါ။ ဒွန်းစဏ္ဍားဘဝ အသက်မွေးခန်း သူတစ်ပါးမှတောင်းရမ်းစားသောက်နေရသူများ၏ အမူအရာစုံများကလည်း နိဝါတမာန်ဟုန်ချမင်္ဂလာဆိုတာ သည်လိုသည်လိုပါလို့ သင်ပြနေဦးမှာပါ။

သည့်အတူ ဆီသည်မလက်သုတ်ဖတ်ရဲ့ နွမ်းကြေ ပျော့ဖတ် ဆီရည်များအသားကပ်နေသည်များကလည်း နိဝါတ၏ မာန်ကျမင်္ဂလာဆိုတာ သည်လိုသည်လိုမျိုးပါလို့ ထပ်သတိပေးနေဦးတော့မှာပါ။

သည်မှာ အရှေ့ကမ္ဘာ၊ အနောက်ကမ္ဘာတို့ရဲ့ကွာဟချက်ပါ။ သည်အရှေ့ကမ္ဘာရဲ့အာရှတိုက်ဆိုတာ အရိယာတို့ပေါ် ထွန်းကျက်စားရာဒေသဖြစ်လို့ အရိယတိုက် (အာရှတိုက်) ဆိုတာပါ။ သို့ကြောင့် သည်အာရှကမ္ဘာသားများကရှေးစုကံမြုပ်များကို သီလသိက္ခာအခံလုပ်ပြီး ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် ထုတ်ယူ သုံးစွဲနေကြသူများပါ။

အနောက်ကမ္ဘာရဲ့ ဥရောပတိုက်ဆိုတာ ဥရုပပုံကျ (ပျံကျ) ရာနေ ပျံကျရှာဖွေ စားရသောနေရာမျိုးမို့ ဥရောပအမည်ရတာပါ။ ဥရုဝေလ၌ ဥရုသည် အစုအပုံ၏အမည် ဖြစ်၏သို့ ဤ၌လည်း ဥရောပ (ဥရုပ) ရှိ ဥရုလည်း အစုအပုံအဖြစ် ဤ၌ပြဆိုထားတာပါ။ ကမ္ဘာ့ရေပြင်ကြီးကျသွားပြီးနောက် စုပုံကျန်ရစ်သော တောင်ပေါ်မြေပြင် ဆိုရမှာပါ။

ထိုဥရောပ (အမေရိက) နောက်ဆုံးပေါ် အောက်ဆုံးဒေသ ကမ္ဘာသားများကျတော့ ရဖို့သာအဓိက။ သိက္ခာမလို၊ ကံကိုလည်း ပုံချမထား၊ ကိုယ့်ကိုယ်ကိုယ်သာ အတ္တစွဲကြီးကြီးမားမားထားပြီး တဏှာအာရုံစဉ်အမျိုးမျိုးထွင်ကြရာတွင် ဝင်စားနေကြသူများပါ။ မာနတစ်ဖက်နှင့်ယှဉ်မိ အပြိုင်ဝင် အနိုင်ဖိမာန်တင် မာန်ချများနေသူများပါ။ ဒိဋ္ဌိဘယ်သူသေသေ ငတေမာပြီးရော ငါတကော ကောနေသူများပါ။

သို့ဖြစ်ရာ သူတို့ရဲ့အနောက်ကမ္ဘာအောက်ကမ္ဘာများမှာ နိဝါတမင်္ဂလာဆိုဖျောက်၊ မောက်မာခြင်းကိုမှ ကောက်ကိုင်နေကြမှာပါ။ ဖြစ်သမျှနှင့် မကျေနပ်ပူဆာပြင်းပြခြင်းဖြင့် ထပ်ကျော့နေကြမှာပါ။ ကိုယ့်ချင်းစာ တန်းတူထားမသုံး၊ ငါရလို့ ငါယူသည်ဖြင့်သာ လမ်းဆုံးနေကြမှာပါ။ ရှေ့မတွေး နောင်ရေးမကြည့်မိရာလှည့်နေကြမည့် ပျံကျမျိုးမို့ပါ။ သည်ဘဝ သည်ပုံချ ပုံကျလာသော့ခနေဖြင့်သာ အာရုံခံနေကြလို့ပါ။

အရှေ့မှာက သဒ္ဓါ၊ အနောက်မှာက တဏှာ၊ သည်လို ကွာဟနေလို့ပါ။ အရှေ့မှာက သီလခံ ကံအားကိုး၊ အနောက်မှာက တဏှာခံ မာန်အားကိုး သည်လိုမူကွဲမျိုးတွေဖြစ်နေလို့ပါ။ အရှေ့မှာက ကရုဏာ မေတ္တာ၊ အနောက်မှာက အတ္တနှင့် ဥပေက္ခာ၊ သည်လိုကွာဟချက်မျိုးပါ။

သို့မို့ကြောင့် ဆိုခဲ့ပြီး နိဝါတကိုယ်နှိမ့်ချမင်္ဂလာ သူတို့၌ မရှိကြပါ။ အသက်ဂုဏ်ကြီးသူတို့အပေါ် ဂါရဝပြုမှုမင်္ဂလာ သူတို့၌မရှိကြပါ။ မိမိတို့ သတ်မှတ်ထားသော ဘုရားအပေါ် ပုဂ္ဂိုလ်စွဲမျှော်လင့်ချက်ဖြင့်သာ ကိုးကွယ်မည်။ ဝတ်ပြု ဆုတောင်းကြမည်။ မိမိကိုယ်တိုင်ကား ဘာမှမကျင့်သောလူမျိုးများချည်းပါ။ ယင်းမှာ နတ်ဘုရားနှင့် နတ်အားကိုးများ၏ ခလေ့ပါ။ သူ့တန်ခိုး လယ်ထိုးခံခြင်းမျိုးပါ။

သည်မှာက ဘုရားကလည်း ပုဂ္ဂိုလ်စွဲ အားမပေး၊ ကိုယ်ကိုယ်တိုင်ကျင့်ရေးသာ့ အားပေးနေ။ မိမိကလည်း မိမိအပြစ် သူတစ်ပါးအပေါ် မပုံ၊ မိမိကံကို



www.burmeseclassic.com

www.burmeseclassic.com

သာ ယုံကြည်နေ။

သို့ကြောင့် ရှေးစု မိမိ၏နောက် ကြောင်း ကောင်းကံကို ယခု မိမိ၏ပြုဆဲ ကောင်းကံဖြင့် ဖော်ထုတ်မည်ဆိုကာ ယခု မိမိ၏စုကံ နောင်မိမိပြန်လည်ခံစား ရမည်ကို ယုံကြည်ကာ ဂါရဝ နိဝါတ ဤမင်္ဂလာများဖြင့် နောက်စုကံ ကြိုဆို နေကြခြင်းပါ။ ဂါရဝ နိဝါတ ဤမင်္ဂလာ များဖြင့် နောင်အတွက် ထားသိုနေကြ ခြင်းပါ။ သို့ကြောင့် သည်လို အခြေချ အနေချ ရွှေရ ငွေရ မင်္ဂလာမျိုး အရှေ့ တိုင်းသားများ ကြိုးစားနေကြတာပါ။ အသန့်ချည်းချန်ထား အသန့်ချည်း ခံစားရမည်ကို ဧကန်ယုံနေကြလို့ပါ။

## (၃) ကဲ - နောက်မင်္ဂလာဘက် ခရီးဆက်ကြရအောင်

သည်မင်္ဂလာက အရအမိထဲ ရောင့်ရဲနေခြင်းမျိုးပါ။ သို့ကြောင့် ရတိုင်း အားမလို၊ လိုတိုင်း အားမရ၊ စိတ်သွေး လမ်း ငန်းထနေသော အငမ်းမရ ဒွားဇတ်ရေချမျိုးများနှင့် ဆန့်ကျင်ဘက်ပါ။

သည်မှာ သန္တုဋ္ဌီ ရသမျှနှင့် ရောင့်ရဲပါဆိုတာ ငွေတစ်ထောင်ရတစ်ထောင် နှင့်ပင် စိတ်ဖင်ထိုင်ချ၊ ခါးတောင်းကျိုက်၊ ခါးမှနေ ဖြုတ်ချပစ်လိုက်ပုံမျိုးကို မဆိုလိုပါ။ ယင်းမှာ ဝီရိယအင်အားကျ အပြင်းထခြင်းရောဂါမျိုးပါ။

သည်ရောင့်ရဲခြင်းက တဏှာမာန် အဝဲမခံ၊ ကံနှင့်ဉာဏ် အဆွဲသန်သန်ဖြင့် ဝီရိယ ယူပေးသမျှ အရခဲ၊ စိတ်အေးက လေးဖြင့် ရှေ့အရခဲရန် အားယူနေခြင်း မျိုးကို ဆိုတာပါ။ အင်္ဂလိပ်စစ်တက်နည်း သို့ တစ်နေ့ တစ်မိုင်နှုန်း မှန်မှန်ကို ဆိုတာ ပါ။ ဂျပန်စစ်သိမ်းမျိုးလို ရသလောက် အပြင်းတက်၊ အတင်းပက်စက်နည်းမျိုး မဟုတ်ပါ။

ယင်းမှာ ဝီရိယကြိုးစားခြင်းနှင့် တဏှာပူဆာခြင်းတို့ရဲ့ လမ်းခွဲလေးပါ။ ဝီရိယက ကြောင့်ကြစိုက်ပေး၊ အပူသေးသဖြင့် သွေးနွေးပေးခြင်းပါ။ တဏှာက ပူဆာထန်ပြင်း စိတ်ပူသွင်းဖြင့် သွေးပြင်းခတ်ပေးခြင်းပါ။ နှစ်မျိုးစလုံးကတော့ သုပ်အားပေးတွေချည်းပါ။

သို့တစေလည်း တဏှာကင်းရှဲ စိတ်ရောင့်ရဲကို ကြောင့်ကြပေး၊ ဝီရိယနှင့်တွဲ၊ အလုပ်ထဲဝင်သူက ရေခဲစက်ထဲက အလုပ်သမားမျိုးပါ။ တဏှာကဲကဲ စိတ်မရောင့်ရဲက အတ္တစွဲ၊ မာနစွဲများနှင့် တွဲ အလုပ်ထဲဝင်ပေးရရာ သံရည်ကျို စက်ထဲက အလုပ်သမားမျိုးပါ။

သည်မှာ ဝီရိယနှင့် တွဲလုပ်သူက မရအေးအေး ရအေးအေး အတေးမရှိ ပါ။ တဏှာနှင့်တွဲလုပ်သူက မရလည်း ပူ၊ ရလည်းပူ ပြေစမစဲပါ။

သည်မျှနှင့်လည်း မရပ်သေးပါ။ တဏှာဝင်စိတ်ဖြင့် တစ်ဖက်အရှိန် ကိုယ့်ဘက်ကြည့် အရချိတ်သူက တစ်ဖက် ပြစ်မှားခြင်း၊ စော်ကားခြင်းစိတ် အဆိပ်တက် ကျန်ရစ်နေမှာပါ။ ဝီရိယတဲထား သောရောင့်ရဲစိတ်ဖြင့် သူ့အရှိန်နှင့် ကိုယ့်အရှိ တဲ့ချင်းညှိ၊ အရချိတ်သူက နှစ်ဖက် နှစ်သက်ခြင်း၊ ကျေနပ်ခြင်းဖြင့် အဆိပ် ကင်းနေမှာပါ။

သို့ဖြစ်ရာ ယနေ့ ဓမ္မလုပ်သက်ဖြင့် စီးပွားစားကျက်ဝင်နေသူများ အခု လည်း တဏှာမာန်ကင်းသဖြင့် ရန်ကင်း၊ ဒဏ်ကင်းစေ။ နောင်တွင်လည်း အတေး ကင်း၊ အတွေးကင်းဖြင့် ကြွေးရှင်းနေစေ။ ဤစေနှစ်လုံးပိုင်စေသော ရောင့်ရဲခြင်း မင်္ဂလာဖြင့်ပင် ပွဲဝင်ထိုင်ပေးကြရမှာပါ။

ဝီရိယမချ ရှာ၍ရ ရသမျှနှင့်ပင် ရောင့်ရဲပါ။ ခံစားခွင့်မှန်သမျှ ခံစားခွင့် ကျ ကျလာသမျှနှင့်ပင် တင်းတိမ်ပါ။ သည်မင်္ဂလာက ဆောင်းတွင်းည မီးလှုံ ရင်း လက်ဖက်လက်ဆုံစားရင်း မင်္ဂလာ မျိုးပါ။

## (၄) နောက်တစ်ပွဲ အကဲဖြတ်ပါဦး

သည်မင်္ဂလာက မိမိအား ကျေးဇူးပြုဖူးထားသူများသို့ ကျေးဇူးပြန်သိဖို့ ပါ။ သည်သို့သာ ကျေးဇူးပြုဖူးထားသူကို ကျေးဇူးပြန်သိက -

(က) သူတစ်ဖက်၏ မင်္ဂလာယူပုံကို လည်း ဂုဏ်ပြုပြီးသားနေမှာပါ။

(ခ) မိမိ၏ဘဝ အချိုးအကွေ့ မမေ့သူ လည်း ဖြစ်နေတော့မှာပါ။

ယနေ့ အဘက်ဘက် အထွတ်အထိပ်ဘက် တက်ရောက်နေသူများကို သင်လေ့လာပါက ဘဝမမေ့သူများချည်း ဖြစ်နေသည်ကို သင်တွေ့ရမှာပါ။ ဘဝ မေ့ နောက်ဖြည့် ခြေထား လွတ်နေရစ် တော့မှာပါ။ ကျေးဇူးကန်းက ကြွေးယူ၊ ကြွေးဖမ်းလမ်းလည်း ကန်းသွားတော့မှာ ပါ။

စဉ်းစားကြည့်ပါ။ လူသားတိုင်း မွေးလာပြီဆိုကတည်းက အနုမှအနု တစ်ခုပြီးတစ်ခု ခုဆင့်ဆင့် ဘဝဖြစ်စဉ် ကြီးကို တိုးမြှင့်ပေးနေရကာ ရင့်ပြီးမှ ပွင့် လာကြရသူများချည်းဖြစ်ကြရာ အချို့ ဘဝနှင့် မနကသာ ပြည့်စုံပြီး ပညာနှင့် အတွေ့အကြုံက အမြဲပါ။ အချို့ ဘဝ လည်းမြဲ၊ ခနလည်းမြဲ၊ ပညာအတွေ့အကြုံလည်း အမြဲချည်းပါ။ အားလုံးစုံ အကုန်မြဲထွက်လာနိုင်သူက ဘုရားလောင်း တစ်ဦးတည်းပါ။

သို့ဖြစ်ရာ ပညာနှင့်အတွေ့အကြုံ မြဲနေသူကလည်း သူတစ်ဖက်အပေါ် စေတနာ အထားပြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း တင်းပြည့်နေသော သိက္ခာရှင် ဆရာသမား၏အကူအညီကိုယူပြီးမှသာ မိမိဘဝပွင့်စေ၊ ရင့်စေခဲ့ရတာပါ။

အလုံးစုံ အကုန်မြဲနေသူကလည်း ပညာနှင့် အတွေ့အကြုံ ဆရာထံ ခိုလှုံပြီး အမြဲဖွင့်ခဲ့ရမှာပါ။ ဘဝနှင့်အသက် မွေးကျောင်း မိတ်ဆွေကောင်းများနှင့် ပေါင်းပြီး အမြဲထုံကူးအပွင့်ဆင့် အရင့်ဘက် ကူးထွက်ခဲ့ကြရမှာပါ။

စဉ်းစားကြည့်ပါ။ လူသားအားလုံး ပင် သင်အပါအဝင် လူ့ဘဝပွဲပြင်စဉ်ဝယ် မွေးကင်းစမှ လူလားမမြောက် ကိုယ်ပိုင် ဘဝ မတည်ဆောက်နိုင်မီ မွေးမိခင်၏ ပိုးမွေးသလို မွေးပေးသည်ကိုလည်း ခံယူ ခဲ့ကြရမှာပါ။ မွေးဖခင်၏ ရှာဖွေ ကျွေးမွေး အားပေးခြင်းကိုလည်း ခံယူခဲ့ကြရ မှာပါ။

သို့ကြောင့် မည်သူမဆို မွေးကျေးဇူး၊ ကျွေးကျေးဇူး၊ ပေးကျေးဇူးများ မကင်းကြပါ။ မွေးကျေးဇူး၊ ကျွေးကျေးဇူး က စကားသက်သေပါ။ တစ်လုတ်ကျွေး ဖူး သူ့ကျေးဇူးကလည်း စကားသက်သေ ပါ။ သည့်အတူ မိမိအပေါ်၌ ဆရာ စသည် မိတ်ကောင်းများက ထားပေးကြ သော ကျေးဇူးရော ကြွေးစူးပါ အားလုံး မကင်းကြပါ။

သည်မှာ ကျေးဇူး ဆိုတာ သူ့ထံရှိ ယဉ်ကျေးပျူငှာသော စေတနာထူး များက မိမိ၏ဘဝအကူး ရင်၌ စူးဝင်ပါ နေခြင်းပါ။ ကြွေးစူးဆိုတာက သူတို့အကူအညီဖြင့် ကြီးပွားတိုးတက်လာသော မိမိ၌ သူဝင်ဖြည့်ပေးထားသော မိမိပိုင် ခနငွေကြေးများ လက်၌ စူးဝင်နေခြင်း ပါ။

သို့ဖြစ်ရာ သူတို့ကျေးဇူးဖြင့် မိမိ ဘဝ ယခုလို တင့်တောင့်တင့်တယ် ပိုင်ဆိုင်ရွယ် ဝင်ရောက်လာချိန် သူ့ကျေးဇူး ပြန်လည်ပြီး အထူးသိဖို့ပါ။ ကြွေးတင် ဘုရင်ဆပ် ဆိုသောစကားက ဘုရားရှင် လက်ထက်တော် ကာလတုန်းကတော့ ဘာရဒွါဇပုဏ္ဏားကြီး၏ကြွေး ဘုရင် ကောသလ ဝင်ရောက်ဆပ်ပေးခြင်းပါ။

ယခု သင့်လက်ထက်ကျတော့ မိမိကိုယ်တိုင် တစ်အိမ် တစ်နန်း တစ်



www.burmeseclassic.com

www.burmeseclassic.com

ခန်း တည်ထောင်နိုင်ခဲ့ပြီး အိမ်တွင် သင်တိုယ်တိုင် အိမ်ဘုရင်အဖြစ် ရောက်နေချိန် ကြွေးဆပ်ခဲ့ဖို့ပါ။ အိမ်ထောင်ဘုံဖုံကျ အခြွေအရံ မန အခြေရနေချိန် နောက်ကျန်ကျေးဇူးအထူးပေးဆပ်ခြင်းဖြင့် သူ့ကျေးဇူ အသိအမှတ်ပြုခဲ့ရမှာပါ။ ရှေ့ဆက် မမွေနယ်ဘက်တက်လာချိန် နောက်ကျန်ကြွေးစားရင်း ရှင်းပေးထားခဲ့ရမှာပါ။

သည်သို့သာ သူ့ကျေးဇူးအရပ်ရပ် သင်ဆပ်တတ်ခဲ့ပါလျှင် သူလည်းပဲ ဝမ်းသာရွှင်ပျ မင်္ဂလာဇောများချည်းကျနေခဲ့မှာ အမှန်ပါ။ သင်လည်းပဲ နှစ်သက်စိတ်ချ မင်္ဂလာပီတိဇောများချည်း ကျလာတော့မှာ ဧကန်ပါ။

**(၅) နောက်မင်္ဂလာပွဲ အကဲကြည့်ပါဦး**

အချိန်ကောင်းအကြား စိတ်အားသာ တရားနာယူပါတဲ့။ ကာလေန မမွသဝန် သင့်တင့်လျောက်ပတ်ချိန် တရားအသံနာခံခြင်း ဆိုသော သည်မင်္ဂလာက ဟောသူ၊ နာသူ ထိုနှစ်သူတို့ရဲ့ အခွင့်သာချိန်ကို ညွှန်းနေတာပါ။

**တရားနာရန် ခွင့်သာချိန်များ**

၁။ အလှူမင်္ဂလာပွဲကိစ္စ ဟောခွင့်၊နာခွင့်ရချိန်များ၏ ထိုကာလ။
၂။ ဥပုသ်ဆောင်ဝင်စဉ်ကာလ ဟောခွင့်၊ နာခွင့်ရချိန်များ၏ထိုကာလ။
၃။ တရားစခန်းဝင်စဉ်ကာလ ဟောခွင့်၊ နာခွင့်ရချိန်များ၏ထိုကာလ။
၄။ အားလပ်သောကာလ အထူးဟောခွင့်၊ နာခွင့်ရချိန်များ၏ ထိုကာလ။

စဉ်းစားကြည့်ပါ။ သည်အချိန်အခါမျိုးများမှာ ဟောသူဘက်ကလည်း တရားဆို တရားချည်း အာရုံယူ ဟောပြောပေးနေမှာပါ။နာခံသူဘက်ကလည်း တရားဆို တရားချည်း နာခံမှတ်သားခွင့်ရနေတော့မှာပါ။ သောကပြသော ပြင်ပတိစ္စများ နှစ်ဦးနှစ်ဖက် ကင်းစင်နေကြလို့ပါ။

သည်အချိန်မျိုးများ နာခံသူ၏ သတိ၊ အသိ၊ နားနှစ်ဖက်တို့အတွင်း ဘုရားတရားတော်၏ဂုဏ်သတ္တိများ ချင်းနင်းဝင်ရောက်သွားခဲ့ပါမူ ထိုစဉ်ကိုယ်ဖြစ်တံနားနှစ်ဖက်တို့က မူလအသံ ကြားနာ၊ စိတ်ဖြစ် ဉာဏ်နားနှစ်ဖက်တို့က သဘာဝအရာ အထာသိ ဆိုတော့ စကားထဲက တရားကြားတိုင်းသိ အရှိပေါ် သဘာဝအထား ဖော်ပြီးသားချည်း ဖြစ်နေတော့မှာပါ။

သည်မှာ ညီတော်အာနန္ဒာဘုရားစကား ကြားပုံ နာထားပုံလေးပါ။

(က) ပထမ သုတံ စကားအရှို နားကြားသိလေး ပေါ်လာပြီ။ ထိုစဉ် -
(ခ) ဥပလက္ခိတံ ဘာ၊ ဘယ်ကို၊ ဘယ်လို ဆိုသည်ကို သူ့ရှို သတိ အသိတို့က မနောသုတေသန ဓာတ်ခွဲခန်းထဲမှနေ ခွဲခြမ်းဝေဖန် အဖြေမှန်ထုတ်ပေးကာ နာထားလိုက်ပြီးပြီ။
(ဂ) သည့်နောက် ဥပဓာရိတံ စကားလာတရား၊ ကိုယ်တွေ့ဝင်၍ ဆောင်ထားလိုက်တော့သည်။

ညီတော်အာနန္ဒာက သည်သုံးချက်ဖြင့် တရားသံကြားခြင်း နာခံခြင်းပါ။ သည်မှာလည်း သည်သုံးချက် လက်မပျက်မှ သုတဉာဏ် တိုးတက်လာမှာပါ။ သုတဉာဏ် ဆိုတာ ကြားရာမှ ရလာသော အသိဉာဏ်ပါ။ ယင်းကို မိမိရှိပြီးသောသုတဉာဏ်များနှင့် ပေါင်းစည်းပေးကာ ကြံစည်သုံးသပ် ဆိုလိုထုံး ဆုံးဖြတ်နိုင်ပါလျှင် စိန္တဉာဏ် ဆိုရမှာပါ။

သည် သုတဉာဏ်၊ စိန္တဉာဏ်များ ထံ သတိ၊ အသိတို့က သတင်းမေးပြီး ကိုယ်ကိုယ်တိုင် ကိုယ့်ကိုယ်တွင်းနေ ခန္ဓာသဘာဝ ဓာတ်စာချတို့၏နေရာ ခန္ဓာတွင်းသို့ သတိဖြင့် (မိမိကျင့်ဆဲနည်းအတိုင်း) သေချာစေ့စပ် အထပ်ထပ်ပွားများ၊ အသိဖြင့် ဒါ၊ ဒီလို သည်ကိုဆိုလိုသည်ကို ရေရေရာရာ ပိုင်းခြားတတ်ပါလျှင် ဘာဝနာမယဉာဏ် ကိုယ်ကိုယ်တိုင် ပွားအားဖြင့် များပြားလာသော ကိုယ်ပိုင်ဉာဏ်များ ဆိုရမှာပါ။

ဥပရိတ် ဆောင်ထားပြီးပြီဆိုရမှာပါ။ သည်မှာတင် ကြားအား၊ ကြံအား သုတ, စိန္တဉာဏ်နှစ်ပါးက ပြင်ပနေ ခန့်မှန်းသိများချည်းပါ။ တည်အား၊ သိအား ဘာဝနာမယဉာဏ်အပွားက အတွင်းသိ အစင်းသိ ရှင်းသိပါ။

ယင်းကိုလျှင် ပြင်ပထမ်း ခန့်မှန်းသိကျ အနုဗောဓသိ လမ်းစပျိုး အနိုးသိ ဆိုတာပါ။ အတွင်းခင်း စင်းစင်းသိကျ ပဋိဝေဓသိ တစ်ဖန်နှိုး၊ ထိုးထွင်းသိ ဆိုထားတာပါ။

သည်လို ကြား၊ နာ၊ ကျင့်လမ်း ဖွင့်ဖို့ရာမှာ စိတ်အေးလက်အေးထား တရားဆို တရားချည်း နာခံမှတ်သားနိုင်မှပါ။ ဖျာရက်၊ တောင်းရက်ရာအကြားမှ တရားနာခြင်းမျိုး မဟုတ်စေရပါ။ ဆန်ရွေး၊ ကလေးနို့တိုက်ရင်းက တရားသံနှလုံးသွင်းခြင်းမျိုး မဟုတ်စေရပါ။

တရားသည် အချိန်သန့်၊ စိတ်သန့်၊ နေရာသန့်မှ ဆိုသည်ကို သတိပြုရမှာပါ။ အစွဲများနှင့် စိတ်လုံးထွေး ကိလေသာမာန်များ အာရုံဆွမ်းဘုဉ်းပေးနေကြစဉ် တရားသဘင် သင်ဝင်ရောက်နာကြားမိပါက-

'က' သံကြားလည်း 'က' သံလောက်သာ နာခံမှတ်သားမိကြမှာပါ။

'ခ' သံကြားလည်း 'ခ' သံမျှနှင့်ပင် လမ်းဆုံးသွားကြတော့မှာပါ။ မာန်ဝင်ရသော စိတ်အစဉ် အမှန်မြင်ဘက် ပိတ်ပင်ခံလိုက်ရလို့ပါ။

သည်မှာ ဓမ္မကထိကဆရာတော်တစ်ပါးရဲ့ တရားရှင်ဆေးပါ။

တစ်ခါက ဆရာတော်ကြီးတစ်ပါး တရားဟောကလည်း အကွက်ကျ၊ ရှာနားရွှက်များနှင့်လည်း အနေတော်ဖြစ်၊ ဟောလိုက်သမျှကလည်း အကွက်လိုက်၊ အကွက်လိုက် ထင်းထင်းပေါ် ဟောနိုင်စွမ်းရှိရာ တစ်နယ်လုံးကပင် စောင့်မျှော်နာကြားကြရသော နယ်ကျော်ဆရာတော်ကြီးပါ။

တစ်နေ့ သူ့ရွာက အလှူ့ဒကာ၏ မဏ္ဍပ် တရားတောလှည့်ကျရာ ဆရာတော်ကလည်း ရပြီးသားတရား နှုတ်တော်ကြား သွားလာနေကျအတိုင်း သွားလာနေ၍သာ ဟောပေးနေရ။ စိတ်မှာကား မိမိရှေ့ ပြင်ဆင်ချပြထားသော ကန်တော့ပွဲဆီရောက်နေကာ ငှက်ပျောတက်တက်စိမ်းကြည့်၊ သည်ငှက်ပျောမြေကျင်းတူးအုပ်မှ မှည့်မှာလား၊ ချိတ်ဆွဲပြီး ဂုန်နီအိတ်ပတ်ပေးထားရုံနှင့် မှည့်မှာလား တွေးမိနေ။

တစ်ဖန် ပိတ်ဖျင်ပိုင်းစလေး တစ်တောင်ခန့်ကြည့်။ သည်ဖျင်ကြမ်းလေးက ဘာနှင့်တွဲချုပ်ရင် ကောင်းမလဲတွေးမိနေ။ သည့်နောက်မှာလည်း တန်းချိတ်ထားသော မုန့်ခြင်း၊ ပေါက်ပေါက်ခြင်း၊ ဆေးရွက်တောင်း၊ ရေအိုး စသည်များအထိ စိတ်ရောက်ပြီး တွေးနေမိတော့ရာ တရားဆုံး ခြောခေါက် ကျောင်းပြန်ရောက်သည်အထိ သူဟောသောတရားဘာတရားမှန်းပင်မသိ ဆို၏။

သည့်အတူ အလှူဒကာမှာလည်း တရားသံ နားဖြင့် နာခံနေသော်မှလည်း စိတ်မှာမူ အလှူပြီးက ပေးချေစရာ အကြွေးများဆီ ရောက်ရှိနေချေရာ တရားပြီး ရေစက်ချ အမျှသာဝေလိုက်ရ၊ ဆရာဘုန်းကြီးဟောတရား ဘာတရား ဟူ၍

www.burmeseclassic.com

ပင် မသိလိုက် ဆို၏။

တစ်မန် အလှူရေစက်ချရန် လာရောက် အားပေးကြသော ပရိသတ်ထဲမှ တစ်ရွာသူ အကြော်သည်မကလည်း သည်ကအပြန် ရွာရောက်သည်နှင့် မိမိ လုပ်ရမည့် ဆန်မှုန့်ထောင်းမှုနေ နက်ဖြန် မှာထားသောဖောက်သည်များ ရွာလှည့် ရောင်းရမည့်အရေအတွက်များဆီအထိ စိတ်ကစားနေမိခဲ့ရာ အမျှသံကြားသဖြင့် သာ သာဓုခေါ် လိုက်ရ၊ တရားက ဘာ ကို၊ ရေစက်ချက ဘယ်လိုဆိုသည်ကို အလျှင်းပင် မသိလိုက် ဆို၏။

သို့နှင့် မိမိရွာ ပြန်ရောက်သွားတော့ရာ ဆရာတော့်တရား စောင့်မျှော်နာကြားလိုသော အိမ်နီးချင်းတစ်ဦးက တစ်ဆင့်နာခံလိုသဖြင့် ဆီးကြိုမေးလေရာ-

"ထွက်တော် - အကြော်ကိစ္စဆီသောတရောက်နေလို့ ဘာတရားဟောထယ်ဆိုတာ မသိလိုက်ရပါတော်။ သူ့အလှူဒကာကတော့ ဘုန်းကြီးနား အနီးကပ်ဆုံးနေရာကနေ နာကြားနေတာ၊ သူတော့ သိမှာပါ။ သွားမေး" လို့ လွှတ်။

သို့နှင့် တရားနာချင်သူ တစ်ရွာသားကြီးလည်း နောက်ရက်တွင် အလှူရှင်ရှိရာရွာ မြင်းဒုန်းစိုင်းသွားပြီး အလှူဒကာအား မေးပြန်ရာ-

"ကျုပ်များ၊ ကိုယ်ကသာ ဘုန်းကြီးနားကပ်နေပေမယ့် အလှူပြီးက ပေးချေရဦးမယ့်ကြွေးများဆီ စိတ်ရောက်သွားလို့ ဘာတရားဆိုတာ နားမလည်လိုက်ဘူး။ သည်မှာ အသေချာဆုံးကတော့ ကာယကံရှင် ဘုန်းကြီးထံ သွားရောက်မေးတာဟာ အသေချာဆုံးပါပဲ" ဖြင့် လမ်းပေးလိုက်။

သို့နှင့် အလှူပွဲ ဖိတ်ကြားမခံရသဖြင့် တရားနာခွင့်မရသော ထိုဒကာ ထိုရွာဦးကျောင်းဘုန်းကြီးထံ သွားရောက်ပြီး-

"အရှင်ဘုရား၊ မနေ့က အလှူမှာ ဟောတရား နာကြားလို၍ ရွာမှစောင့်နေရာ အလှူပြန်ကလည်း မမှတ်မိလို့ အလှူဒကာထံ လွှဲလိုက်ပါတယ်။ အလှူဒကာကလည်း မမှတ်မိဆိုတာ အရှင်ဘုရားထံ လွှဲပြန်ပါတယ်။

သို့ကြောင့် မနေ့က ဟောတရား လိုရင်းအကျဉ်းချုံးပြီး တပည့်တော်အား ထပ်ဆင့်ဟောပါဦးဘုရား"

လျှောက်ထားရာ-

"ဟ- ဒကာ၊ ငါမှာလည်း ငါ့သော ကနဲ့ငါမို့ တရားဘက်စိတ်ပါမသွားဘူး။ ကြည့်ပါဦးကွာ၊ သူ့အလှူပစ္စည်းများကလည်း။ ငှက်ပျောသီးက တကက်တက်စိမ်းကွား။ ပိတ်ဖျင်စကလည်း တစ်တောင်တောင်မပြည့်ကွား။ ဒါတွေ ကျောင်းပြန်ရောက်ရင် ဘယ်လိုစီမံရပါ့မလဲ စဉ်းစားခန်းဝင်ပေးနေရတာနဲ့ ငါ့တရား ငါ ဘာဟောမှန်း မသိလိုက်ဘူး ဒကာရေ့"

"နို- အရှင်ဘုရားကိုယ်တိုင်ဟောတာပဲ မဟုတ်လား ဘုရား"

"အေး- ကိုယ်တိုင်ဟောဆိုပေမယ့် ရပြီးသားလည်းဖြစ်၊ အလှူဆို ဟောနေကျလည်းဖြစ်နေတော့ ငါမပါလည်း သူ့ဘာသာသွားနေကျအတိုင်း တန်းသွားတာကိုး ဒကာရဲ့"

ဒါက ပုံပြင်လေးပါ။

သည်မှာ သောကဝင်နေချိန်သည် တရားနာသင့်ရာ၊ ဟောသင့်ရာအချိန် မဟုတ် ဆိုသည်ကို သင့်အတွက် သာဓကတင်ပေးခြင်းပါ။ သည့်အတူ ပြင်ပ ကိစ္စ အလုပ်လုပ်နေရချိန်မျိုး၊ တစ်မျိုးမျိုးနှင့်တိုးမိနေချိန်မျိုး၊ ပျော်ပွဲရွှင်ပွဲ ဆင်နွှဲနေချိန်မျိုးစသည့်အခါများလည်း တရားစကားသာ နားဝင်၊ တရားသား အကြားမဝင်အခါမျိုးများချည်းပါ။

နင်ရမယ့် အမင်္ဂလာ သောကက မိမိအလျောင် ဝင်နင့်နေလို့ပါ။ နင်ရမယ့် အမင်္ဂလာ ဒေါမနက မိမိအလျောင် ဝင်နင့်နေလို့ပါ။ နင်ရမယ့် အမင်္ဂလာ တဏှာက မိမိအလျောင် ပွဲဝင်နေနင့်လို့ပါ။ သည်သောက၊ ဒေါသ၊ တဏှာ စသည် စိတ်ညစ်ပေ သွေးနောက် ကိုယ်နွမ်းအဖြစ် ရောက်စေမယ့် အယုတ်တရားမှန်သမျှ ကျက်သရေကိုလည်း နုတ်ပယ်ပြီးသား ဖြစ်သွားစေမှာ အမှန်ပါ။ မင်္ဂလာပွဲလည်း ဖျက်ဆီးပြီးသား ဖြစ်နေတော့မှာပါ။

**သတိက ပဲ့နင်းသား၊ အသိက ကြက်သား**

သင်သည် မင်္ဂလာအုပ်စုကို လေ့လာကြည့်စမ်းပါ။ သည်အသုတ်မှာ သတိနှင့်အသိ မပါပါက မင်္ဂလာ ဆိုတာ စကားနှင့်ပင် ပြီးသွားမှာပါ။ စည်ဖြောမပါသောအလှူပွဲနှင့် ဘာမှထူးခြားမည် မဟုတ်ပါ။

စဉ်းစားကြည့်ပါ။ ဂုဏ်ရှိသူ၊ မဲ့သူ အားလုံး သတိ၊ အသိတို့ကမှ သူ့ဉာဉ်ပင်း ရှင်းလင်းထားခဲ့ပြီး သဘာဝအတွင်း ဝင်ကြည့်မပေးက သူ့အကြောင်း မှန်းတွေးဖြင့်မင် ပြီးပြေကြရမှာပါ။

သတိဖြင့် ကြည့်တတ်မှသာ သူ့ဉာဉ်၊ သူ့စရိုက်ကြားက သူ့အထား သိခွင့်ရမှာပါ။ ကိုယ်နှိမ့်ချမှာလည်း သတိ၊ အသိတို့က မာန်နုတ်ပေးမှ သဘာဝအသားကျမှာပါ။ တင်းတိမ်မှုမှာလည်း ဝင်နေကျ တဏှာ၊ သတိအသိတို့ ခါချပေးမှ ဖြစ်မှာပါ။ သူ့ကျေးဇူးအထူးသိမှာလည်း အထူးကြည့်တတ်မှ အထူးသိဝင်လာမှာပါ။ တရားနာ အခါသိမှာလည်း သတိဖြင့်ချိန် အသိဆင့် ချင့်ကြည့်မှုရမှာပါ။

သို့ဖြစ်ရာ သည်ဂါရဝ နိဝါတ စသည့် မင်္ဂလာအသုတ်မှာ မာန် စသည့် အမင်္ဂလာကို ခွာနိုင်သမျှ ခွာချ၊ ဉာဏ် စသည့် မင်္ဂလာကိုကား ပါနိုင်သမျှ အပါပြုရန်မှာ သတိ၊ အသိမဝင် မည်သို့မျှ မင်္ဂလာမဆင်ယင်နိုင်သည်ကို သတိပြုခဲ့ပါ။ သတိ၊ အသိမဲ့သောမင်္ဂလာမှန်သမျှ အမှုမဲ့အမှတ်မဲ့ မင်္ဂလာဆောင်မျိုးချည်း မှတ်ခဲ့ပါ။ ခိုးရာလိုက်ပြေးသွားသော သတို့သမီး၏ မင်္ဂလာဆောင်မျိုးမို့ပါ။

သင့်ဘက်က သတိ၊ အသိတို့က သာ သင့်စိတ်နှင့်အတူရှိနေက ဖြစ်ခင်း၊ ပျက်ခင်းများ မိမိရှုကြည့်နေရာ အတွင်းကြား အထင်းသား ပေါ်ပြနေကြမှာပါ။ သည်မှာ သတိ၊ အသိဟေ့ဆို ဗောဇ္ဈင် အားလုံး တုံးလုံးပက်လက်ပါနေကြသည်ကို သတိပြုခဲ့ပါ။

အကယ်တိတိ ကိုယ့်စိတ်၊ ကိုယ့်အကြား ကိုယ့်အရှိ၊ ကိုယ်ခံစားခွင့် ဓမ္မများ ရထားနေပါလျှင်လည်း ကိုယ့်ကိုယ်ကျင့် ကိုယ်ယုံ၊ တရားကျင့်လိုစိတ် ဆန္ဒအားများလည်း ပုံကျလာမှာပါ။

သည်အခါ ဓမ္မလက်သင်ကျင့်ကျင့်နေသူ သင့်မှာ ကိုယ့်အကျင့်၌ ရဲတင်းစွာ ကြိုးစားလာတော့ခြင်း၊ ဝီရိယ သမ္ဗောဇ္ဈင်နှင့်တကွ လုပ်ခရသလောက် အလုပ်၌ နှစ်သက်အားရ သဘောကျလာခြင်း ပီတိ၊ ကိလေသာ သူစိမ်းဝေးသဖြင့် စိတ်အေးအေး၊ ကိုယ်အေးဆေးလာခြင်း ပဿဒ္ဓိ၊ ဒါဆို ဒါပဲ မြဲလာခြင်း သမာဓိ၊ အခြားလာမှန်သမျှ ဥပေက္ခာရှုနိုင်လာခြင်း၊ ဥပေက္ခာဆိုသော ဗောဇ္ဈင်များလည်း ပွားတိုင်းတိုး၊ တိုးတိုင်းပွား၊ ဗောဇ္ဈင်အမည်ခံထားသော ဤသဘာဝတရားကိုယ်များကိုပါ သင့်၌ ပွားတိုင်းစီး၊ စီးတိုင်းပွားလာမှာ ဧကန်မှတ်ခဲ့ပါ။

(ဆက်လက်ဖော်ပြပါမည်)

မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥ ယျာဓမ္မသာမိထေရ်)

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆရာတော်ဘုရားကြီးက မိန့်ဆိုခဲ့ပါသည်။

ဤသို့ဆိုလျှင် ဆရာတော်ဘုရားကြီးသည် အဘယ်ကြောင့် ကျမ်းစာများကို ရေးနေသေးသနည်း။

အများသိကြသည့်အတိုင်း ဆရာတော်ဘုရားကြီးသည် ဇေကစာရီအကျင့်သမားကြီး ဖြစ်သည်။ ပြင်ပသာသနာ

# ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ စာပေအမြင်

မြဝင်း(ဒဿန)

တစ်လောဆီက ကျွန်တော်သည် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော 'သံဝေဂလမ်း - သံဝေဂသံယုတ္တကထာ' ကို ကြည့်မိပါသည်။

ထိုကျမ်း၌ ဆရာတော်ဘုရားကြီးသည် သူကျမ်းစာများရေးဖြစ်ခဲ့ပုံ၊ စာပေရေးသားခြင်းအလုပ်သည် တရားအားထုတ်ခြင်းအလုပ်နှင့် သဘောသဘာဝချင်းမတူပုံ၊ စာပေရေးသားခြင်းက အတွေးရမှ လုပ်ရသောအလုပ်ဖြစ်၍ တရားအားထုတ်ခြင်းက အတွေးလုံးဝမဝင်မှ အားထုတ်ရပုံ၊ စာရေးခြင်းသည် ညတ်ဖြင့် အရာထင်စေသောအလုပ်ဖြစ်၍ တရားအားထုတ်ခြင်းသည် ရေမတ်ဖြင့် အရာထင်အောင်လုပ်ရသောအလုပ်ဖြစ်ပုံ၊ စာရေးခြင်းက အပြင်ဘက်သို့လှည့်ရ၍ တရားအားထုတ်ခြင်းက ခန္ဓာကိုယ်အတွင်းဘက်သို့လှည့်ရပုံ၊ ရောက်တတ်ရာရာ၊ ရတတ်ရာရာရေးရသော စာပေအလုပ်သည် စိတ်လွတ်ကိုယ်လွတ်ရှိသဖြင့် စိတ်ပျော်ပုံ၊ ခန္ဓာတွင်းလှည့်၍ သုံးသပ်ပေးရသော တရားအလုပ်သည် စိတ်ကိုချုပ်၍ အလုပ်လုပ်ရသဖြင့် စိတ်မပျော်ပုံ၊ ဤသို့ လိုင်းမတူအမူကွဲပုံတို့ကို ရှင်းပြခဲ့ပါသည်။

ထို့ပြင် ထိုကျမ်း၌ စာပေရေးသားခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကိုလည်း ရှင်းပြခဲ့သည်။ စာပေရေးသားခြင်းကြောင့် ဇက်ကြောတက်ခြင်း၊ မျက်ကြောမေး၊ အိပ်ရေးပျက်ခြင်း၊ မျက်စိမှုန်ဝါးခြင်း၊ ဆီးချုပ်, ဝမ်းချုပ်နှင့် သွေးလေချောက်ချားဖြစ်လာ

ပြုရန် နောက်ခံအားမရှိ။ ထို့ပြင် ဆရာတော်ဘုရားကြီးသည် စိတ်မြန်စိတ်သန်သူဖြစ်ပြီး တစ်ချက်လွတ်ကျင့်သုံးတတ်သည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးထံသို့ရောက်လာသော တပည့်များသည် သက်ဆိုးမရှည်ကြပါ။ မကြာခင် ဆရာတော်ကြီးအမါးမှ ခွာသွားကြရသည်။

ထို့ပြင် ဆရာတော်ဘုရားကြီးသည် တစ်ပါးတည်း အေးချမ်းစွာ သီတင်းသုံးလိုသဖြင့် ရိပ်သာမထောင်လူလယ်ကောင်တရားမဟော။ သည်လိုဆိုတော့ ဝေနေယျတွေအတွက် မခက်ပေဘူးလား။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက-

"ငါသေ ဝေနေယျတွေအတွက် ဘာအမွေထားခဲ့ရပါ့မတုံး"

ဟု အကြံထုတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ အကြံထုတ်သောအခါ -

'ငါ့ကိုယ်စား စာပေများက သွားပောကြစေ၊ ပြောကြစေ'

'ငါဆုံးမည့်အစား ငါ့ဉာဏ်အား ဖူးကြစေ၊ မြော်ကြစေ'

ဟု အကြံရလာပါသည်။

ဤသို့ဖြင့် ဆရာတော်ဘုရားကြီးသည် စာပေရေးသားခြင်းဘက်သို့ လှည့်ပါတော့သည်။

ဆရာတော်ဘုရားကြီး၌ တရားအားထုတ်ခြင်းအလုပ်က ရှိနေသည်။ ဆရာတော်ဘုရားကြီးသည် စာပေရေးသားတော့မည်ဆိုလျှင် စာပေရေးသားမည့်အချိန်ကို တရားအားထုတ်မည့်အချိန်မှ ဖဲ့ပေးရတော့မည်။ ဆရာတော်ဘုရားကြီးသည် ဘယ်အချိန်မှာ စာရေးမည်နည်း။

အထက်ဖော်ပြပါ သံဝေဂလမ်း - သံဝေဂ သံယုတ္တကထာကျမ်း၌ ဆရာတော်ဘုရားကြီးက -

'နံနက်ဆွမ်းခံပြန်မှ မွန်းမတည့်မီ စာရေးချိန်၊ နေမွန်းတည့် တစ်နေ့နှင့် တစ်ညလုံး တရားအားထုတ်ချိန်' ဟူ၍ အချိန်ပိုင်းခြားသတ်မှတ်ထားခဲ့ပါသည်။ ထိုသို့ ပိုင်းခြားသတ်မှတ်ထားခဲ့သော်လည်း စာပေရေးသားရာ၌ ဈာန်ဝင်လာသောအခါ. ပိုင်းခြားသတ်မှတ်ချက်ကို ချိုးဖောက်ရပါတော့သည်။ ဤအချက်နှင့် စပ်လျဉ်း၍ ဆရာတော်ဘုရားကြီးသည် -

'ဝနဝါသီနှင့်တစ်ဖက်တာဝန်ကဗျာ' (ကဗျာ့နန်းတော်စာအုပ်၌ပါသည်) ၌-

*□ ထိုဤကထာရေးပြရာ၌*
*ဆွမ်းခံပြန်ချိန်၊ ဝမ်းမငြိမ်*
*ရေးချိန်အဖြစ် တာဝန်ပေး။*
*ဆွမ်းစားပြီးချိန်၊ ဝမ်းပွေလိမ်*
*ရေးချိန်အဖြစ် တာဝန်ပေး။*
*အထိုင်နားချိန်၊ စိတ်အားချိန်*
*ချင့်ချိန်၍ပင် တာဝန်ပေး။*
*သို့ဖြင့်ပင်လျှင်*
*အုပ်စဉ်မြောက်မြား စာစကား*
*ပေါက်ဖွားခဲ့ချေသည်။*

အထက်တွင် ဆိုခဲ့သည့်အတိုင်း ဆရာတော်ဘုရားကြီးသည် စာပေရေးသားချိန်နှင့် တရားအားထုတ်ချိန်တို့ကို ပိုင်းခြား၍ သတ်မှတ်ထားသော်လည်း စာပေရေးသားရာ၌ ဈာန်ဝင်လာသောအခါ ပိုင်းခြားသတ်မှတ်ချက်ကို ချိုးဖောက်ရတော့သည်။ တစ်ခါတစ်ရံ ရေးလက်စစာပေသည် ကိုယ်နှင့်မခွဲမခွာဖြစ်နေတတ်သည်။ သွားရာမှာပါ နားရာမှာပါဖြစ်နေတတ်သည်။ ထိုအချက်နှင့်စပ်လျဉ်း၍ သံဝေဂလမ်း - သံဝေဂ သံယုတ္တကထာကျမ်း၌ ဤသို့ ရေးခဲ့သည်။

*□ ဆွမ်းခံသွားရာ၌လည်း သူပါမှ အမောသက်သာသည် ထင်၏။ ဆွမ်းစားရာ၌လည်း သူပါမှ အရသာရှိသည် ထင်၏။ ခြုံ၍ပြောရသော် အိပ်မောမကျမချင်း သူနှင့်ရင်းနှီးနေတော့သည်။*

*ထိုအခါ တရားထိုင်လျှက်ကထ၍ ရေးပေးလိုက်ရသည်။*

*အိပ်ရာထဲရောက်ခါမှပင်ထ၍ ရေးပေးလိုက်ရသည်။*

ဆရာတော်ဘုရားကြီး၏အထက်ဖော်ပြပါ ရေးသားချက်ကို ဖတ်ရသော် လယ်တီဆရာတော်ဘုရားကြီး၏စာစိတ်ကြီးမားပုံကို သတိရမိပါသည်။ လယ်တီဆရာတော်ဘုရားကြီးသည်လည်း ရေချိုးနေဆဲမှာပင် စဉ်းစားနေသောစာပေါ်လာသောအခါ သက်နုံးမလဲဘဲ သက်နုံးရေစိုကြီးနှင့်ပင် ကျောင်းပေါ်သို့ တက်၍ စာရေးတတ်ပါသည်။ ဤသည်မှာ စာစိတ်ကြီးသူတို့၏သဘာဝ ဖြစ်ပါသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ဤသို့ရေးပေးခဲ့သဖြင့် ဝေနေယျတို့သည် ဆရာတော်ဘုရားကြီး၏စာများကို ဟောတစ်အုပ်၊ ဟောတစ်အုပ်ဖတ်နေကြရသည်။ ဤတွင် ဆရာတော်ဘုရားကြီး၏ မိန့်မှာချက်ကို သတိမူသင့်ပါသည်။

ဆရာတော်ဘုရားကြီးက -

*□ သင့်ဖို့ရေးထားစာစကား*
*အလကားသက်သက်မဖြစ်သင့်။*
*ငါဖို့ရာထားအချိန်များ*
*အလကားသက်သက်မဖြစ်သင့်။*

ဟု မိန့်မှာခဲ့ပါသည်။

ဤတွင် အကြောင်းတိုက်ဆိုင်သဖြင့် ဆရာတော်ဘုရားကြီး စာပေနှင့် စပ်လျဉ်းသောသဘောထားကို တင်ပြပါဦးမည်။ ဆရာတော်ဘုရားကြီးသည် ဓမ္မောဝါဒကထာမှုသစ်ကျမ်း၏ နိဂုံး၌ စာပေနှင့် စပ်လျဉ်းသောသဘောထားကို ဤသို့ တင်ပြခဲ့ပါသည်။

*□ ဤ၌ဝန်ခံလိုသည်မှာ - အထက်ကဆိုခဲ့ပြီးသော စကားစဉ်တို့တွင် ငါတို့၏ အယူအဆများစွာ ပါဝင်နေချေသည်။ ထိုစကားများသည် ရှင်တော်ဘုရားဟောထားသော ကျမ်းထွက်စကားများနှင့် ပိုသော်လည်းပိုလေရာ၏။ လိုသော်လည်းလိုချေရာ၏။*

*စာကြည့်လျှက်က ရေးသားထားသောစာစဉ်မျိုး မဟုတ်ချေရကား အံကိုက်ချည်း ဖြစ်ပါသည် ဟူ၍ ဝန်မခံပြီ။*

*သို့ပါသောကြောင့် -*

*ဤစာစဉ်ကို လေ့လာ သုံးသပ်လျှက်ရှိသော ပညာရှင်သည်ကား နောင်လာနောက်သားတို့အတွက် အမှားမဖက်မိစေရန် မိမိကျမ်းစာအလား သဘောထားကာ ထိုအပိုအလိုစကားရပ်များကို ဖြည့်စွက်စရာရှိက ဖြည့်စွက်ကြပါလေ။*

*နုတ်ပယ်စရာရှိကလည်းနုတ်ပယ်ကြပါလေ။ ဝါဒမတူ ငြူစူစောင်းချိတ် အကုသိုလ်အရိပ်အငွေ့များ မတက်ကြစေဘဲ သောမနဿဉာဏ်ယှဉ်ဆလျှက်ကရှိကြသော ပညာအမွန်သူတော်ချွန်များပီပီ -*

*သူတတ်စွမ်းပါသည်ကို သူ့စေတနာဖြင့် သာသနာတော်အား ပူဇော်ခြင်း၊ ဤသို့လျှင် သဘောပိုက်လျှက် နှစ်မြိုက်တော်မူနိုင်ကြပါစေသတည်း။*

ဆရာတော်ဘုရားကြီး၏အထက်ဖော်ပြပါ ရေးသားချက်ကို ဖတ်ရသောအခါ မင်းပူးဆရာတော် ဦးဩဘာသ၏ ဝိဓုရဇာတ်တော်ကြီး နိဂုံးပိုဒ်စုံရတုလာမှာထားချက်ကိုသတိရမိပါသည်။

ထိုမှာထားချက်မှာ -

*□ ဗဟုသုတ၊ လုံလောက်လှစွာ၊ ပညာဝါတို့ ဤရာဤ၌ဤမထိုက်ဟု၊ အဆိုက်အသွား၊ စကားရှေ့နောက်၊ နှိုင်းညှိထောက်၍ ကျရောက်မျှသွင် အပြစ်မြင်က တင်၍နုတ်သာ ကဲ့ရဲ့ပါနှင့်။ လျှင်စွာလောက်ကူ မြင်တော်မူရှင့်၊ အယူဒိဋ္ဌိ မကျနမ္မ မောဟာဆို့ ပိတ်ကုသိုလ်ဟိတ်ဖြင့်။ ။ ဉာဏ်စိတ်ထောက်ကြပါစေသော် -*

ဟူ၍ ဖြစ်ပါသည်။

ဆရာတော်ကြီးနှစ်ပါး၏စာပေနှင့် စပ်လျဉ်းသော သဘောထားသည် စာပေပညာရှင်တို့ ဦးထိပ်ပန်ဆင်အပ်သော သဘောထားများပင် ဖြစ်ပါသည်။

မြဝင်း (ဒဿမ)



www.burmeseclassic.com

www.burmeseclassic.com



### သောဂီလာန် ဥပဋ္ဌဟေယျ ဘုရားအလိုကျ ဆေးပဌာန်းပွဲကြီး

# ကျိုက်သုတ်ဆံတော်ရှင်စေတီတော်ကြီး

ခင်ခင်ဝင်း(မောရပတီ)

*ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊ သော ဂီလာနံ ဥပဋ္ဌဟေယျ။*

ချစ်သားတို့၊ ငါဘုရားကို လုပ်ကျွေးပြုစုလိုသောပုဂ္ဂိုလ်သည် နာမကျန်းသော ရဟန်းကို ပြုစုလုပ်ကျွေးလော့။

ဂေါတမ မြတ်စွာဘုရားသည် ဂိလာနရဟန်းကို ကိုယ်တိုင် သူနာပြုစု အညစ်အကြေးသုတ်သင် သက်န်းများ လဲလှယ်ပေးနေပုံ ပန်းချီကားချပ်ကို ဆံတော်ရှင် ကျိုက်သုတ်ဘုရားကြီး၏ တောင်ဘက်မုခ်အဝင်ဝအနီး ဂေါပကရုံးခန်းအနီးတွင် ချိတ်ဆွဲထားလေသည်။ ဆံတော်ရှင် ကျိုက်သုတ်ဘုရားကြီး၏ ထူးခြားသော ဆေးပဌာန်းပူဇော်ပွဲ၏ ပဓာနရည်ရွယ်ချက်၏ အနှစ်သာရပင် ဖြစ်လေသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့သည် မြစ်ကြီးငါးသွယ်ဖြစ်သော သံလွင်မြစ်၊ ဒုံသမိမြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်၊ စန္ဒရောမြစ်တို့ ပေါင်းဆုံ၍ တစ်သားတည်း









www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com






ပျော်ဝင် ရောသမမွှေပြီး ဘယ်မြစ်ရေ မှန်းမသိလောက်အောင် တစ်သွေးတစ်ဆောင်တည်းဖြစ်သွားတော့သည်။ ထူးဆန်းသော ထိုမြစ်ရေကို အင်းဝပြည့်ရှင်မင်းကြီးစွာစော်ကဲ၏ ချေးမတော် မိယာဆောင် ပဋိသန္ဓေလွယ်ထားရသောအချိန်သမှ သရက်သီး၊ မုတ္တမ၏ မြေသင်းခဲ၊ မြစ်ငါးစင်း၏ရေတို့ကို ချင်ခြင်းတပ်ပြီးမှ အင်းဝသူရဲကောင်း မင်းရဲကျော်စွာကို ဖွားမြင်ခဲ့သည်ဟု မှတ်သားဖူးပါသည်။

မော်လမြိုင်မြို့သည် ၁၈၂၄ ခု၊ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲကြောင့် သူ့ကျွန်ဘဝကို ဦးစွာကျရောက်ခဲ့ရသည်။ မြစ်ငါးစင်း၏ရေ ရောသမမွှေပြီး ဘယ်မြစ်ရေမှန်းမသိအောင် ပေါင်းဆုံစီးဝင်နေသလို လူမျိုးပေါင်းစုံတို့၏ နားခိုရာနေရာလည်းဖြစ်ခဲ့သည်။ ၁၈၂၉ ခုနှစ် တနင်္သာရီမင်းကြီး မိန်းဂေး (Maingay) အုပ်ချုပ်ရုံးစိုက်ရာမြို့ဖြစ်ခဲ့ပြီး ဗြိတိသျှအရာရှိများနှင့် သူတို့၏ မိသားစုများ၊ အိန္ဒိယစစ်သားများ၊ အိန္ဒိယကုန်သည်



www.burmeseclassic.com

www.burmeseclassic.com




များနှင့် သူတို့၏ အလုပ်သမားများစွာ၊ ဘင်္ဂါလီလူမျိုးများ၊ တရုတ်လူမျိုးများ၊ ယိုးဒယားရှမ်းများ၊ မွန်၊ ဗမာများ စုရုံး နေထိုင်ရာ မြို့တစ်မြို့ဖြစ်ခဲ့သည်။ မော်လမြိုင်မြို့သည် အင်္ဂလိပ်လက်အောက်သို့ ရှေးဦးစွာကျရောက်ခဲ့သော မြို့ဖြစ်ခဲ့သည်နှင့်အညီ အင်္ဂလိပ်စာပေတတ်များပေါသလို ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ဟိန္ဒူဘုရားကျောင်းများ၊ မွတ်စလင်ဗလီများ အများအပြား ပေါ်ထွန်းခဲ့သည်။ ထိုသို့ လူမျိုးပေါင်းစုံကွန်းခိုရာဖြစ်ခဲ့သော မော်လမြိုင်မြို့သည် ၁၈၇၂ ခုနှစ် လူမျိုးအလိုက် လူဦးရေစာရင်းမှာ -

၁။ ဥရောပတိုက်သား ၆၅၂ ယောက်၊
၂။ အမေရိကန်လူမျိုး ၁၄ ယောက်၊
၃။ ဥရောပကပြား ၁၅၃၄ ယောက်၊
၄။ အာမေနီယန်လူမျိုး ၉ ယောက်၊
၅။ တရုတ်လူမျိုး ၁၄၈၄ ယောက်၊
၆။ အိန္ဒိယလူမျိုး ၁၈၆၃၅ ယောက်၊
၇။ ဗမာတိုင်းရင်းသား ၁၁၁၁၅ ယောက်၊
၈။ မွန်တိုင်းရင်းသား ၁၂၁၆၂ ယောက်၊
၉။ ယိုးဒယားရှမ်း ၆၃၃ ယောက်၊
၁၀။ တောင်သူ ၅၄ ယောက်၊
စုစုပေါင်း ၄၆၄၇၂ ယောက်။

စာရင်းအရ တိုင်းရင်းသားတို့နှင့် နှိုင်းစာလျှင် အိန္ဒိယလူမျိုးတို့သည် မြို့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိနေကြောင်း တွေ့ရပေမည်။ ဤသို့ဖြစ်ရခြင်းမှာ အိန္ဒိယလူမျိုးတို့သည် ထိုစဉ်က မြန်မာပြည်တွင်းသို့ အချုပ်အချယ်မရှိ ဝင်ထွက်သွားလာနိုင်သောကြောင့် ကုန်သည်ကြီးများ၊ ငွေတိုးချစားသောချစ်တီးများ၊ ကွန်ပေါင်ဒါဆေးရုံအလုပ်သမားများ၊ စာရေးစာချီရုံးဝန်ထမ်းများ၊ လက်လီကုန်စုံဆိုင်ဖွင့်သောကုန်သည်များ၊ ဆံပင်ညှပ်သမား၊ အပ်ချုပ်သမား၊ ဒိုဘီများ၊ ဆိပ်ကမ်း၊ ဘူတာရုံ၊ လမ်း၊ သစ်စက်၊ ဆန်စက်၊ အလုပ်သမားများ စသည့် အထက်အဆင့်ဆင့်မှ အောက်ခြေသိမ်းလုပ်ငန်းများအထိ လာရောက် လုပ်ကိုင်နေထိုင်၍ နယ်မြေခံ တိုင်းရင်းသားများကို စည်းရုံးသိမ်းသွင်း ရောနှောလျက်ရှိနေတော့သည်။

ထိုအဖြစ်အပျက်များကို မြင်တွေ့ရသော မန္တလေးမြို့ မင်းတုန်းမင်း၏ ဆရာတော်တစ်ပါးဖြစ်သော သင်္ဂဇာဆရာတော်ဘုရားကြီးသည် သာသနာမှေးမှိန်ပြီး လူမျိုးပါ ပျောက်မည်စိုး၍ မော်လမြိုင်သို့ ပြောင်းရွှေ့ နေထိုင်ကာ သာသနာ့ထွန်းကားရေးကို သက်ဆုံးတိုင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com




ဘုရားကိုယ်တော်တိုင် ဂိလာနရဟန်းအား သူနာပြုစုနေပုံ




ပန်းသီထား ပူဇော်ပုံများ



နောက်မှလိုက်လာသော မင်းဆရာတော် ဝဇီရာရာမဆရာတော်သည်လည်း သင်္ဂဇာဆရာတော်ဘုရားကြီး၏တပည့်ဖြစ်သည့်အားလျော်စွာ သင်္ဂဇာဆရာတော်ကြီး မော်လမြိုင်မြို့တွင် ပျံလွန်တော်မူသွားသောအခါ ဆရာတော်ကြီး၏ လက်ဆင့်ကမ်း သာသနာ့တာဝန်များကို ဆက်လက် ထမ်းဆောင် သာသနာပြုခဲ့လေသည်။ မော်လမြိုင်မြို့၏ မွန်၊ ဗမာတိုင်းရင်းသားတို့သည် သာသနာပြုလုပ်ငန်းများကို ဆရာတော်ဘုရားကြီးများ၏ ဦးဆောင်မှုကို ခံယူ၍ ဂေါတမဘုရားရှင်လက်ထက် သထုံပြည်သို့ ဘုရားကိုယ်တိုင် ကြွရောက် သာသနာပြုပေးခဲ့



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့
ကထိုးမဟာရင်ပရိပတ္တိစာသင်တိုက်
ဘဒ္ဒန္တအာစိဏ္ဏမဟာထေရ်



မင်းကျောင်းဆရာတော်
ဘဒ္ဒန္တ နာဂိန္ဒာဘိဝံသ

www.burmeseclassic.com







သော ဆံတော်များ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ဓာတ်တော်များ၊ သွားတော်များ ဌာပနာထား တည်ထား ကိုးကွယ်သော စေတီဘုရားများကို မွမ်းမံပြုပြင် တည်ဆောက် ထိန်းသိမ်းကြလေသည်။ စာပေပရိယတ္တိ သာသနာ ထွန်းကားရန် စာသင်တိုက်ကြီးများလည်း များစွာ ပေါ်ပေါက်ခဲ့ပါသည်။

ထိုကာလ ၁၈၃၆ ခုနှစ် 'မော်လမြိုင်မြို့ဟောင်း' စာအုပ်၌ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း (၂၉) ကျောင်း၊ ရဟန်းသံဃာ (၅၀၀) ကျော်၊ ကျယ်ဝန်းသော စိမ်းလန်းစိုပြေ ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်များတွင် ကျယ်ဝန်းသော အဆောက်အအုံများသည် ခမ်းနားကြီးကျယ်ပြီး လှူဒါန်းထားသော ပစ္စည်းလေးပါးတို့ဖြင့် အလျှံပယ်ပြည့်စုံလျက်ရှိကြောင်း၊ လန်ဂန်ကာတာ (Langham Carter) ဆိုသူ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော 'မော်လမြိုင်မြို့ဟောင်း' စာအုပ်တွင် ရေးသား ဖော်ပြခဲ့သည်။ ထိုစဉ်က မော်လမြိုင်မြို့ပတ်ဝန်းကျင်တွင် စေတီပုထိုးပေါင်း (၇၈) ဆူ တည်ရှိကြောင်းနှင့် အစိုးရ၏ ဂေါပကအဖွဲ့ဖွဲ့စည်းပြုပြင်မွမ်းမံစောင့်ရှောက်ထားပြီး ၁၈၃၁ ခုနှစ်မှစ၍ စစ်ကဲကြီး ဦးတော်လေး (မင်းကျော်သီဟသူရ - ဘကြီးတော်မင်းလက်ထက်) ဦးဆောင်ကာ ပြည်သူအများကောင်းမှုဖြင့် စေတီပုထိုးကျောင်းတန်ဘုရားများကို ပြုပြင်ထိန်းသိမ်း၍ သာသနာမမှေးမှိန်အောင် ကြိုးစားခဲ့ကြလေသည်။ ထို့ကြောင့် မော်လမြိုင်မြို့နယ်အတွင်းရှိ စေတီဘုရားကျောင်းဇရပ်တို့သည် ယနေ့တိုင် သစ်လွင်တောက်ပ ခံ့ညားစွာ တည်ရှိ ဖူးမြော်နိုင်သည်မှာ၊ ခေတ်အဆက်ဆက် သာသနာ့အာဇာနည်များ၏ ကိုယ်ကျိုးစွန့်၍ သာသနာ့အကျိုး ဆောင်ရွက်ခဲ့ကြသည်မှာ ဂုဏ်ယူကျေးဇူးတင်စရာပင် ဖြစ်ပါတော့သည်။

ထိုထိုသော ကြည်ညိုမဆုံးနိုင်အောင် ခမ်းနားထည်ဝါသည့် စေတီပုထိုးပေါင်းများစွာအနက် မော်လမြိုင်မြို့၏ မြို့လယ်ကောင်တွင် တည်ထား ကိုးကွယ်ခဲ့သော ဆံတော်စစ်စေတီတော် ကျိုက်သုတ်ဘုရားကြီးနှင့် ထိုဘုရားကြီးတွင် နှစ်စဉ် အစဉ်အလာ မပျက် ကျင်းပခဲ့သော (၁၂၈) ကြိမ်မြောက် ဆေးပဒ္ဒာန်းပူဇော်ပွဲအကြောင်းနှင့် ဘုရားကြီး၏သမိုင်းကို ဂုဏ်ပြုပူဇော် ရေးသားအပ်ပါသည်။

❐

မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၊ ဝါတော် (၈) ဝါအရတွင် ဂေါတမ မြတ်စွာဘုရားသည် ဂဝံပတိမထေရ်၏ ပင့်လျှောက်ချက်အရ သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ရဟန္တာငါးရာ ခြံရံလျက် ကြွရောက်တော်မူခဲ့လေသည်။ သုဝဏ္ဏဘုမ္မိ သထုံပြည်တွင် (၇) ရက်တိုင်တိုင် တရားဓမ္မ ဟောကြားပြီးနောက် မုတ္တမသို့ ဒေသစာရီကြွချီတော်မူခဲ့သည်။ မုတ္တမ တစ်ဖက်ကမ်းရှိ ဒုင်မွတ်မဲလုမ် (မော်လမြိုင်မြို့) မှ အဇိတနှင့် အဇိန ရသေ့ညီနောင်နှစ်ပါးတို့သည် မြတ်စွာဘုရားအား သွားရောက် ဖူးမြော်စဉ် ဘုရားရှင်သည် သာသနာပွင့်မည်ကို မြင်တော်မူ၍ ဆံတော်တစ်ဆူစီ ပေးသနားတော်မူခဲ့သည်။

ရသေ့ညီနောင်တို့သည် ဆံတော်များကို မွတ်မဲလုမ်မင်းကြီးအား အမှူးပြု၍ သူဌေးကြီး ဦးသောက်ဝဏ္ဏခေါ် ဦးသုတ်အား စေတီတည်ထား ကိုးကွယ်ရန် ပေးအပ်ခဲ့လေသည်။ သူဌေးကြီး ဦးသုတ်သည် ဘုရားရှင်ဆံတော်များကို ဌာပနာပြီး စေတီ တည်ထား ကိုးကွယ်ခဲ့ပါသည်။ စေတီဘွဲ့တော်ကို ကျိုက်စွပ် (ကျိုက် - ဘုရား၊ စွပ် - ဆံတော်) ဘွဲ့တော်ပြုခဲ့သည်။ မွန်ဘာသာအသံထွက်ဖြစ်ပြီး ကာလကြာလာသောအခါ ကျိုက်သုတ်ဟု ခေါ်တွင်ခဲ့လေသည်။ မွန်ဘုရင် မနောဇိန လက်ထက်တွင် ငွေသိန်းပေါင်းလေးဆယ်ကျော် အကုန်အကျခံ၍ ဉာဏ်တော် အတောင် ရှစ်ဆယ်အမြင့်အထိ ပြန်လည် ပြုပြင်မွမ်းမံခဲ့လေသည်။ ကျိုက်သုတ်စေတီတော်သည် ဘုရားရှင်၏ ဆံတော်အစစ်ကိန်းအောင်းရာ စေတီတစ်ဆူဖြစ်သည့်အတွက် ဆုတောင်းပြည့်စေတီ ဖြစ်ကြောင်း ယုံကြည် ကိုးကွယ်ကြလေသည်။

ကျွန်မ၏ လက်တွေ့ ဆုတောင်းပြည့်ပုံမှာ ကျိုက်ထီးရိုးဘုရားထီးတင်မည်ဟု အိပ်မက်ပြီး ထီးတင်မည့်ရက်ကို သိချင်၍ မော်လမြိုင်မှမိတ်ဆွေများကို စုံစမ်းသော်လည်း မသိရဘဲဖြစ်နေသည်။ ဒေါ်ခင်သိန်းဆေးဆိုင်မှ ကျိုက်သုတ်ဂေါပကကို မေးကြည့်ပါလားဆို၍ ညနေကျတော့ ကျိုက်သုတ်ဘုရားကိုသွားပြီး မေးကြည့်သော်လည်း မသိဟု ဆိုပါသည်။ ကျွန်မလည်း ကျိုက်သုတ်ဘုရားမှာ 'ကျိုက်ထီးရိုးဘုရားထီးတင်ပွဲကို ကိုယ်တိုင်ကိုယ်ကျ ပူဇော် ပါဝင်ရပါလို၏' ဟု ဘုရားတစ်ပတ်လုံးကို ပူဇော်ကန်တော့၍ ဗောဓိညောင်ပင်မှာလည်း ညောင်ရေသွန်းလောင်း ဆုတောင်းပြီး ပြန်လာခဲ့သည်။

ည (၁၂) နာရီကျော်လောက်မှာ 'သန်ဘက်ခါထီးတင်မည်' ဟု အိပ်မ



www.burmeseclassic.com


www.burmeseclassic.com

တွင် အသံကြားပြီး လန့်နိုးခဲ့သည်။ ယုံယုံကြည်ကြည်နှင့် ထိုနေ့မနက်မှာ ကျိုက်ထီးရိုးသို့သွားခဲ့ရာ နောက်နေ့ ထီးတင်ပွဲကို တိတိကျကျ ပါဝင် ပူဇော် ဆင်နွှဲခဲ့ရသည်မှာ အမှတ်တရ တစ်သက် မမေ့စရာပါဘဲရှင်။

❐

ကျိုက်သုတ် ဆံတော်ရှင် စေတီတော်မြတ်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ် ဗဟိုလမ်းမကြီးနှင့် ကျိုက်သုတ်ဘုရားလမ်းထောင့်တွင် တည်ရှိပါသည်။ စေတီတော်ကြီး၏ ဘေးပတ်လည်တွင် ဒေါ်စာဥဝတ် (ခေါ်) အရှေ့ဘက်ဝတ်၊ ဦးရွှေဘင်ဝတ် (ခေါ်) အဂ္ဂါဝတ်၊ တောင်ဘက်ဝတ်၊ ဦးမျှားဝတ်၊ အနောက်ဘက်ဝတ်၊ မြောက်ဘက်ဝတ်၊ တနင်္ဂနွေဝတ် စသည်ဖြင့် ခမ်းနားသပ်ရပ် ကြည်ညိုဖွယ်ရှိသော ဘုရားတန်ဆောင်များဖြင့် ခြံရံဝန်းရံထားပါသည်။ တနင်္ဂနွေထောင့်တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ပင့်လာသော ဗောဓိညောင်ပင်မှာ ကဆုန်လပြည့်နေ့တိုင်း ညောင်ရေသွန်းပွဲပြုလုပ်ကျင်းပပါသည်။ ထို့ပြင် နဂါးရုံဘုရား ပန်းပေါင်းဘုရားဝတ်၊ ကိုးနဝင်းဘုရားဝတ်၊ ဘုရားငါးဆူဝတ်၊ ခြေတော်ရာဘုရား၊ ရာဇဘိသေက ဘေသဇ္ဇမုဒြာ၊ ဆေးသိဒ္ဓိလာဘမုနိ စသည့် ဘုရားများကိုလည်း ဓာတ်ပုံထဲကအတိုင်း ထူးခြားစွာ ဖူးကြရမည် ဖြစ်ပါသည်။

ထို့ပြင် တောင်ဘက်ဝတ်ဘုရားတွင် ပန်းသီပန်းစေတီအဖွဲ့ ရှိပါသည်။ အငြိမ်းစားဝန်ထမ်း အမျိုးသမီးကြီးများ အများစုနှင့် ဘဝငြိမ်းချမ်းနေသော အမျိုးသမီးကြီးများဖြင့် ဖွဲ့စည်းထားပါသည်။ ဓာတ်ပုံတွင်တွေ့ရသော ဂေါပကများနှင့်အတူ စားပွဲကုလားထိုင်တွင် ထိုင်နေသာ ဒေါ်ခင်စီ အသက် (၈၇) နှစ်သည် ပန်းသီအဖွဲ့၏ဥက္ကဋ္ဌ ဖြစ်ပါသည်။ ရှေးအစဉ်အလာမပျက် လပြည့်၊ လကွယ် ဥပုသ်နေ့တိုင်း ဘယ်လောက်ဝေးဝေး ရောက်အောင်လာပြီး မနက် (၇) နာရီမှစ၍ ပန်းစေတီတည်ကြပါသည်။ စိတ်၏ ငြိမ်းချမ်းစွာ တည်ဆောက်၍ ဘုရား၏ ဂုဏ်တော်များကို အာရုံပြုကာ လေးယောက်တစ်ဖွဲ့ ပန်းသီကြပါသည်။ မိမိတို့ကိုယ်တိုင် ယူလာကြသော ပန်းများ၊ အလှူရှင်များကယူလာသောပန်းများ၊ အမျိုးသားများကလည်း ကိုယ်တိုင်ခူးလာပေးခြင်း၊ အိမ်သူများကခူးပေးလိုက်ခြင်းဖြင့် လာပို့ကြပါသည်။ နောင်ပွင့်မည့်



ဘိုဘိုကြီး



လှူဒါန်းရန် ဆေးအိတ်ကြီးများနှင့် အလှူရှင်ငွေ၊ ဆေးများ ကောက်ခံသူကလေးများ လာလှူကြပုံ





ပန်းသီ ပန်းစေတီအမျိုးသမီး သက်ကြီးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ယန်းသီထား ပူဇော်ပုံများ





ဆေးမင်ကြောင်ရှစ်ပုံနှင့် တောင်ဘက်မုခ်ဝ

အရိမေတ္တေယျမြတ်စွာဘုရားကို ဖူးမြော်လိုကြပါလျှင် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်လည်းပူဇော်ရမည်ဟု တရားတော်များတွင် နာကြားရမည် ဖြစ်ပါသည်။ စာရှုသူမိတ်ဆွေများလည်း ပန်း၊ ဆီမီးများ၊ ပူဇော်ပွဲများနှင့် ကြုံခဲ့လျှင် ပါဝင်ဆင်နွှဲခြင်းဖြင့် အကျိုးရှိစေနိုင်ပါသည်။ မော်လမြိုင် ကျိုက်သုတ်ဆံတော်ရှင်စေတီတော်တွင် ဥပုသ်နေ့တိုင်း ပန်းပူဇော်ပွဲရှိပါသည်။ ပန်းလှူဒါန်း၍ ဖြစ်စေ၊ ကိုယ်တိုင် ပန်းစေတီတည်၍ ဖြစ်စေ ကုသိုလ်ပြုခြင်းဖြင့် ကျွန်မတို့သက်ကြီးအမျိုးသမီးအဖွဲ့မှ ကြိုဆိုအပ်ပါသည်။ ပန်းသီအဖွဲ့၏ ပန်းသီနေကြပုံဓာတ်ပုံများနှင့် ပန်းစေတီတို့၏ ဓာတ်ပုံများကိုလည်း ကြည့်ရှု ပူဇော်ခြင်းဖြင့် ပါဝင်လှူဒါန်းနိုင်ပါစေရန် ရည်သန်လိုက်ရပါသည်ရှင်။

□

ကျိုက်သုတ် ဆံတော်ရှင် စေတီတော်မြတ်၏ ထူးခြားချက်တစ်ခုမှာ နှစ်ပေါင်း (၁၂၈) နှစ်မြောက် ဆေးပဌာန်းပူဇော်ပွဲ ဖြစ်သည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း (၁၁၄) ကျောင်းနှင့် သီလရှင်ကျောင်းများသို့ တိုင်းရင်းဆေးများနှင့် နိုင်ငံခြားဆေးများကို နှစ်စဉ် ဝါခေါင်လကွယ်နေ့တွင် ဆက်ကပ် လှူဒါန်းကြပါသည်။ မိုးတွင်းကာလ သံဃာတော်များ ဖျားနာခြင်းများဖြစ်ခဲ့လျှင် ပြင်ပသို့ထွက်ရန် ခက်ခဲခြင်းတို့ကြောင့် အလွယ်တကူ သုံးဆောင်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ် ဝါခေါင်လကွယ်နေ့တိုင်း ကျင်းပခဲ့ပါသည်။ သာသနာပြုရှေးမွန်၊ ဗမာတိုင်းရင်းသားများ, လူကြီးများလုပ်ဆောင်ခဲ့သော အစဉ်အလာဖြစ်ပါသည်။

ဆေးပဌာန်းဟု ခေါ်ဆိုခြင်းမှာ ရှေးယခင်က ဘုန်းတော်ကြီးကျောင်းများသို့ ဆေးများ လှူဒါန်းသည့်အခါ ဆေးများကို အိုးများတွင်ထည့်၍ သပြေခက်၊ အုန်းလက်များထိုးကာ ပရိတ်အိုးကဲ့သို့ လှပစွာပြုပြင်၍ သံဃာတော်များအရှေ့တွင်ထားလျက် ဆေးမလှူမီ ပရိသတ်များက သံဃာတော်များထံမှ သီလခံယူပြီး သံဃာတော်များက ပရိတ်တော်များ၊ ပဌာန်းဒေသနာတော်များ ရွတ်ဖတ် ပူဇော်ကြပါသည်။ ဤသို့ ရွတ်ဖတ်ပူဇော်လိုက်သည့်အတွက် ဆေးများသည် ပိုမိုအာနိသင်တက်လာသည်ဟု ရှေးလူကြီးများက ယုံကြည်ကြပါသည်။

နိုင်ငံခြားဆေးမျိုးစုံ၊ တိုင်းရင်းဆေးမျိုးစုံနှင့် ဆေးဖိုးအလှူငွေတို့သည် နှစ်စဉ်တိုးတက်လျက်ရှိသည်။ ရန်ကုန်မြို့၊ ပြည်မြို့၊ မွန်ပြည်နယ် ဆေးဝါးစက်ရုံ ရန်ကုန်၊ ရန်ကုန်မြို့ (မော်လမြိုင်အသင်း)၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ဆေးတိုက်များ၊ CB ဘဏ်၊ ကျောင်းပေါင်းစုံမှ ကျောင်းသူကျောင်းသားများနှင့် ဆရာဆရာမများ၊ ဝတ်အသင်းအဖွဲ့များ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်များ၊ ထားဝယ်အသင်း၊ MYC လုပ်အားပေးလူငယ်အဖွဲ့၊ ဆေးများကို အခမဲ့သယ်ယူပို့ဆောင်ပေးကြသော သိန်းသန်းထွန်းကုန်စည်ပို့ဆောင်ရေး၊ ရပ်ဝေးမှ ကြွရောက်လာကြသော သံဃာတော်များအား ဆွမ်းကပ်ရန် ချက်ပြုတ်ရေးအဖွဲ့များ စသည်ဖြင့် အင်အားကြီးမားစွာ အားလုံး ဝိုင်းဝန်းပေးကြပါသည်။ ၃-၉-၂၀၁၃ အထိ ငွေသား (၃၅၁) သိန်း၊ ဆေးဝါးတန်ဖိုး (၂၅၂) သိန်း၊ အလှူငွေနှင့် ဆေးဝါးများ အလှူခံရရှိပါသည်။ အလှူရှင်များစာရင်းနှင့် ရငွေ၊ သုံးငွေစာရင်းရှင်းတမ်းစာအုပ်သည် မဂ္ဂဇင်းစာအုပ်တစ်အုပ်ခန့် နှစ်စဉ် ထွက်ပေါ်လာပါသည်။ အလှူရှင်အားလုံး၏ အသေးစိတ်စာရင်းကို တွေ့ရမည်ဖြစ်ပါသည်။

ယခုနှစ် (၁၂၈) ကြိမ်မြောက် ဆေးပဌာန်းပူဇော်ပွဲ အာယုဒါနဆေးအလှူတော်မင်္ဂလာပွဲကို ၁၃၇၅ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ၄-၉-၂၀၁၃ ဗုဒ္ဓဟူးနေ့၊ မွန်းတည့် (၁၂) နာရီတွင် ကျိုက်သုတ်ဆုတောင်းပြည့်စေတီတော် မဏ္ဍပ်ရုံ၌ ကျင်းပ ပြုလုပ်ပါသည်။

အခမ်းအနားကျင်းပသည့်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဘက်မုခ်အဝင်ဝတွင် ဆေးမင်ကြောင် (ထိုးကွင်း) ခောင်းဘီစွပ်ခေါ် ဒူးခေါင်းမှသည် ခါးအထိဖော်ရုပ်ထိုးထားသော၊ ရင်ဘတ်နှင့်လက်မောင်းတွင် အင်းကွက်များ၊ လက်ဖျံတွင် အိမ်မြှောင်ရုပ်ထိုးထားသော၊ ခါးတောင်းမြှောင်အောင်ကျိုက်ထားပြီး သျှောင်တစောင်းနှင့် ရှေးမွန်ဗမာတို့၏ ဟန်ပန်ရုပ်လုံးနှစ်ခုက ဆီးကြိုနေပါသည်။ ရှေးယောက်ျားများသည် ထိုးကွင်းထိုးခြင်းဖြင့် ယောကျ်ားပီသမှုနှင့် သတ္တိကို ပြကြလေ့ရှိကြောင်း အမှတ်သင်္ကေတပင် ဖြစ်ပါသည်။ တောင်ဘက်ဝတ်ဘုရားဝတွင် ကြွရောက်လာကြသော လူကြီးမင်းများ ဘုရားပူဇော်ရန် မွန်စလေ့အတိုင်း ဘုရား ဆက်ကပ် လှူဒါန်းရန် ပန်းစည်းများကို အမျိုးသမီးငယ်များက ကပ်လှူကြပါသည်။

ယနေ့ အခမ်းအနားတွင် နိုင်ငံတော် သြဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့၊ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့ရ မွန်ပြည်နယ် ကတိုးမဟာရင်ပရိယတ္တိစာသင်တိုက်၏ ဦးစီးနာယက ဘဒ္ဒန္တ အာဒိစ္စ မဟာထေရ် သက်တော် (၉၆) နှစ်မှ သီလပေးတရားတော်ကို ချီးမြှင့်ပါသည်။ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် (သီရိပျံချီ) မှ ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပါသည်။

ကိုးဘွဲ့ရ မင်းကျောင်းဦးစီးဆရာတော် ဘဒ္ဒန္တသိရီနာဂိန္ဒာဘိဝံသမှ ရေစက်သွန်းချတရားတော်ကို ဟောကြားပါသည်။ ဆေးများအားနိသင်ပိုမိုထက်မြက်စေရန် ကြွရောက်လာကြသော သံဃာတော်များက ပဌာန်းတရားတော်များကို ရွတ်ဆိုကြပါသည်။

□ သက်ရှည်ကျန်းမာဘေးရန်ကွာ၊
ချမ်းသာဆင်းလှ ခြံရံရလျက်၊
ဗလအားသည်း၊ ပညာကြီး၍
ပစ္စည်းနိုင်မြဲ၊ မကွဲချစ်သူ၊ ကျိုး
ဆယ်ဆူမှာ ဆေးလှူသူတို့ ရဖို့
တည်း

နှစ်စဉ်လှူနေသောသူများ၊ အသစ်လှူသူများအားလုံးအတွက် လက်ကမ်းစာစောင်တွင် ဆေးလှူခြင်းအကျိုးဆယ်ပါးကို သိရှိသဒ္ဓါပွားစေပါသည်။ လုပ်အားပေးကျောင်းသူများနှင့် လူငယ်များ၊ ဂေါပကအဖွဲ့များသည် အချိန်များစွာပေး၍ ဆေးများကို အိတ်ကြီးများနှင့် ထည့်ထားသည်ကို ဓာတ်ပုံဖြင့် မှတ်တမ်းပြုထားသည်ကိုလည်း သဒ္ဓါပွားစေအပ်ပါသည်။ နောင်လာမည့် နှစ် (၀၂၉) ကြိမ်မြောက် ဆေးပဌာန်းလှူပွဲတွင် စာရှုသူများအနေနှင့် လှူဒါန်းလိုပါလျှင်-

၁။ မော်လမြိုင်အသင်း၊ ရွှေတိဂုံဘုရားအနောက်ဘက်စောင်းတန်းအောက် ပစ္စယံ ရန်ကုန်မြို့။ ဖုန်း ၀၁- ၃၇၅၇၂၃။
၂။ ဦးစိုးဝင်း၊ အမှတ် (၁၇)၊ အင်း၀လမ်း (ဘယ်ဘက်ဒုတိယထပ်) ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း ၀၁-၇၃၀၉၆၇၈၀၊ ၀၁- ၇၃၀၃၆၀၉၅။
၃။ ဦးသိန်းဟန်ဦး (ဒုတိယညွှန်ကြားရေးမှူး) (ဆေးဝါးစက်ရုံ)၊ အမှတ် (၁၂)၊ (၁၀၅) လမ်း၊ တာမွေ၊ ရန်ကုန်မြို့။
၄။ ကျိုက်သုတ်စေတီဂေါပကအဖွဲ့။ ၀၅၇-၂၄၆၉၀၊ ၀၅၇-၂၅၅၃၁၊ ၀၉-၄၂၅၃၂၁၆၁၀၊ ၀၉-၄၂၅၃၇၂၇၃၅။
၅။ ရောဝတီဘဏ်လီမိတက်၊ မော်လမြိုင်ဘဏ်ခွဲ ၀၅၇-၂၅၉၄၁၊ ၂၅၉၄၂၊ ၂၅၉၄၄၊ ၀၉- ၄၉၈၀၇၂၃၃။
၆။ ဦးလှသန်း (ပြည်မြို့)
၇။ ဦးချစ်ငွေ (ဘီလူးကျွန်း) များသို့ ဆက်သွယ် လှူဒါန်းနိုင်ကြပါသည်။ ရှေးအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်၍ နှစ်စဉ် ဝါခေါင်လကွယ်နေ့အမီ လှူဒါန်းနိုင်ကြပါသည်။

မြတ်စွာဘုရားကိုယ်တိုင် ဂိလာနရဟန်းကို ကိုယ်တိုင်ပြုစု၍ 'ငါဘုရားကိုချစ်ကြည်ညိုမှု၊ ငါ့အတူညီမျှ၊ ဂိလာနကို မေတ္တာပို့၍ ရိုသေလေးမြတ် လုပ်ကျွေးအပ်ပါ၏' ဟု မိန့်တော်မူခဲ့ကြောင်း မှတ်သားရပါသည်။

□ ရေနှင့်ဆေးကျောင်း၊ အဟောင်းပြင်ဆင်
ဥယျာဉ်တဝ၊ သီလမည်သာ
ဤခြောက်ဖြာကား၊ ဒီဃာယုက
အာရောဂျာ၊ နာမခေါ်ရှိး
ကုသိုလ်မျိုးမို့၊ အားကြီးသမှု
ဆောတ်တည်ပြုလော့။

သမားတော် ဇီဝကသည် ဘုရားနှင့် သံဃာတော်များကို ဆေးကုသပေးသဖြင့် အသက် (၁၂၀) ရှည်၍ အနာရောဂါကင်းကြောင်း တရားနာခဲ့ရပါသည်။ ထို့ကြောင့် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သုတ်ဆံတော်ရှင်စေတီတော်မြတ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆေးပဌာန်းပွဲတော်ကြီးသို့ ပါဝင်ဆင်နွှဲကြပါရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်ရင်း ဆရာမင်းသုဝဏ်၏ ၁၉၆၂ ခုနှစ်တွင် ရေးသား ပူဇော်ခဲ့သော 'သုနာပြုဘုရား' ကဗျာဖြင့် ရေးသားပူဇော် နိဂုံးချုပ်အပ်ပါသည်ရှင်။

## သုနာပြုဘုရား

□ ကိုယ်ရိပ်သဏ္ဌာန်၊ ညီအာနန်နှင့်၊
မြတ်မွန်ထွတ်ထား၊ တို့ဘုရားသည်၊
တစ်ပါးသောခါ၊ ဒေသစာရီဖြင့်၊
ထိုက်တာလှည့်၍ ကြည့်သတည်း။

□ ကျီးသံသဲသဲ၊ ယင်မဲမဲနှင့်၊
ပြာမွဲညစ်ရောင်၊
ကျောင်းတစ်ဆောင်ကို၊
ဘုန်းခေါင်ဘုရား၊ ဝင်၍သွားသော်၊
သနားစဖွယ်၊ ကျောင်းအလယ်၌၊
ကျင်ငယ်ကျင်ကြီး၊ တင်းကျမ်းစီး
လျက်၊ ကိုယ်ထီးလျောင်းရှာ၊ ထေရ်
သူနာကို၊
မြတ်စွာ တွေ့ရပါသတည်း။

□ အမိသည်သား၊ ပြုသောလားသို့၊
ဘုရားမြတ်မွန်၊ ညီအာနန်ကို၊
ချိုးရန်ရေကောင်း၊ဆောင်ပါတောင်း
လျက်၊သွန်းလောင်းသုတ်သင်၊ ပြီးစီး
လျှင်မူ၊
ခေါင်းတွင်ဘုရား၊ လက်တော်ထား
၍၊
ညီဘွားခြေက၊ ပြိုင်ထူမလျက်၊
မြတ်လှနေရာ၊ ညောင်စောင်းသာ
တွင်၊ ကောင်းစွာအိပ်စေ၊ တင်
သတည်း။

□ ထိုနောက်ရှင်တော်၊ စည်းဝေးခေါ်
၍၊ မြွက်ဖော်စကား၊ မိန့်တော်ကြား
၏။
မိခြားဖဝေး၊ တစ်ရပ်ကျေးတွင်၊
ချိုအေးကြည်သာ၊ တရားရှာသည်၊
များစွာအပေါင်း၊ ရဟန်းကောင်းတို့၊
ညှိုးပျောင်းကြည်ဖြူ၊ နာသောသူကို၊
ငါတူကြင်နာ၊ ပြုစုပါက၊
မြတ်ရာရောက်လိမ့် ဧကန်တည်း။

မဟာဝါပါဠိတော်
မင်းသုဝဏ် (၁၉၆၂)

ခင်ခင်ဝင်း (မော်ရဝတီ)

မှီငြမ်း -
၁။ ကျိုက်သုတ်ဆံတော်ရှင်သမိုင်းနှင့် လက်ကမ်းစာစောင်များ
၂။ ယခင်ယခုမော်လမြိုင်၏ (ဦးကြီးစိန်၊ ဦးကျင်ဖေ)
၃။ ဆရာမင်းသုဝဏ်ကဗျာများ
၄။ ကိုယ်တိုင် သွားရောက် ပါဝင်မှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com

ရွာနာမည်က ဖယ်ပလာရွာ။ ဒီရွာကလေးဟာ ဗန်ကောက်မှ ဖူးခက်သွား ဟိုင်းဝေလမ်းမကြီးနံ့ဘေး နံ့ယွန်းမြို့အနီးမှာ တည်ရှိပါတယ်။ ထိုရွာလေးမှာ ထိုင်းလူမျိုးများလည်းရှိသလို ထားဝယ်၊ ရခိုင်၊ မြိတ် စတဲ့ မြန်မာလူမျိုးများလည်း နေထိုင်ကြပါတယ်။ ရွာသူသားများဟာ တံငါလုပ်ငန်း၊ ကုန်းပိုင်းရော်ဘာခြစ်တဲ့ လုပ်ငန်းတွေနဲ့ အသက်မွေးနေထိုင်ကြပါတယ်။

ဖယ်ပလာရွာရောက်တယ်ဆိုရင်ပဲ မြိတ်သူဒကာမတစ်ဦးက ဆွမ်းကပ်ပါတယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဆွမ်းဒါယိကာမကြီးရဲ့ သားနဲ့အတူ စကားလက်ဆုံပြောဖြစ်ပါတယ်။ ဆွမ်းဒါယိကာမအိမ်ရဲ့နံရံ စာအုပ်စင်ကလေးပေါ်မှာ စာအုပ်များ စနစ်တကျထားရှိတာကို ကြည့်ပြီး စာပေကို ချစ်မြတ်နိုးတဲ့သူများလို့ပဲ မှတ်ထင်မိပါတယ်။ မေးကြည့်တဲ့အခါ ဒီရွာကလေးမှာ မြန်မာ့အများစုရှိကြတဲ့အတွက် အသိအမြင် ပွင့်လင်းအောင် မြန်မာစာစာအုပ်များကို ငှားရမ်းပေးပါတယ်လို့ ဆိုပါတယ်။ ဖယ်ပလာရွာ မြန်မာစာကြည့်တိုက်လို့ ဆိုရမှာပေါ့။

# ဦးကောဝိဒ (မြိတ်)

## ဖယ်ပလာရွာက ဓမ္မသာကစ္ဆာ





www.burmeseclassic.com

www.burmeseclassic.com

ဒီထက်ပိုပြီး အံ့သြစရာကောင်းတာက တရားဝင်ဖွင့်လှစ်ထားတဲ့ ဖယ်ပလာရွာ မူလတန်းကျောင်းလေးပါ။မြန်မာကျောင်းဆရာ၊ ဆရာမများလည်း စုံစုံလင်လင် ရှိကြတယ်လို့ သိရပါတယ်။

ညက တစ်ညလုံး ကားစီးလိုက်ပါခဲ့ရတဲ့အတွက် တစ်ညလုံး အိပ်လို့မပျော်ခဲ့ပါ။ ဒါကြောင့် တည်းခိုရာဖြစ်တဲ့ ဖယ်ပလာရွာဘုန်းတော်ကြီးကျောင်းမှာ ရေမိုးချိုးပြီး ခဏအနားယူလိုက်ပါတယ်။ ထိုဘုန်းတော်ကြီးကျောင်းရဲ့ ကျောင်းထိုင်မှာ ဘုန်းကြီးလေး ဦးထေရာဝံသ (B.A) ဖြစ်ပါတယ်။ ဘုန်းကြီးလေးဟာ ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်ပြီး စိတ်သဘောထားကောင်းတယ်။ နားလည်ပေးတတ်တဲ့အပြင် ကြည်ညိုဖွယ်ရာ နှုတ်သွင်လက္ခဏာလည်းရှိသူဖြစ်တယ်။

ဒါနဲ့ အိပ်ရာကနိုးလာတော့ ဒကာတစ်ဦးက-

"အရှင်ဘုရား၊ ဒကာတွေက စကားပြောချင်လို့ အရှင်ဘုရားကို ပင့်နိုင်းလိုက်ပါတယ်။ အပြင်ခဏကြွပေးတော်မူပါဘုရား"

လို့ လျှောက်ထားတာကြောင့် အခန်းအပြင်ထွက်ကာ ဒကာ၊ ဒကာမများနဲ့ စကားပြော ဖြစ်ကြပါတယ်။

ဒကာမတစ်ဦးက -

"အရှင်ဘုရား၊ ဘုရားပုံတော်အဟောင်းတွေကို အိမ်မှာထားမယ့်နေရာ မရှိပါဘုရား။ ပုံတော်တွေကို တပည့်တော်ဘယ်လိုလုပ်ရပါ့မလဲဘုရား။ အချို့က မပီမသဖြစ်နေတဲ့ ဘုရားပုံတော်တွေကို အမှိုက်ပုံတွေမှာ ပစ်ချထားတာတွေ့ရပါတယ်ဘုရား။ အဲဒါအပြစ်ရှိသလား တပည့်တော်သိချင်ပါတယ်ဘုရား"

လို့ လျှောက်ထားပါတယ်။

ဒီမေးခွန်းမျိုး စာရေးသူအား တစ်ခါက မေးဖူးပါတယ်။ ဘုရားပုံတော်ကို အမှိုက်ပုံတွေမှာ စွန့်ပစ်ကြတယ်ဆိုတာ အဂါရဝ မရှိသေရာရောက်နေပါတယ်လို့ ပြောချင်တယ်။ အမှိုက်ပုံစွန့်ပစ်တယ်ဆိုတာ မလုပ်ကောင်းပါဘူး။ အမှိုက်ပုံထဲရောက်လာတဲ့ ဘုရားပုံတော်ကြောင့် လူအများမှာလည်း ထိုပုံတော်နဲ့စပ်လို့ အဂါရဝတွေဖြစ်ပြီး အပြစ်ကြီးလှပါတယ်။ ဘုရားပုံတော်ကို မပြောနဲ့၊ ကိုယ့်အဖေအမေပုံအဟောင်းတွေကို ဘယ်သားသမီးကမှ မလေးမစားအမှိုက်ပုံမှာ မစွန့်ပစ်ကြပါဘူး။ ဘုရားပုံတော်ဆိုရင်တော့ ဆိုဖွယ်ရာမရှိတော့။ ဆိုရေးရှိက ဆိုအပ်စွာဆိုတာလို -

မြို့ကြီးတွေမှာ နိဗ္ဗာန်ကုန်ဆိုင်များ ရှိကြပါတယ်။ ထုလုပ်ပြီးစီးတဲ့ ဘုရားဆင်းတုတော်များကို ရောင်းကုန်တစ်ခုအနေနဲ့ သဘောထားကာ သင့်၊ မသင့်ဆိုတာ မစဉ်းစားကြဘဲ အဆင်ပြေတဲ့နေရာတွေမှာထားရှိကြတာတော့ အလွန်စိတ်မကောင်းစရာပါပဲ။ တွေးမိပါတယ်။ နိဗ္ဗာန်ကုန်ဆိုင်ဆိုတဲ့ စကားဟာ ဆိုင်ပိုင်ရှင်အတွက်တော့ မဟုတ်တန်ရာ။ ဆင်းတုတော်များကို လာရောက်ပူဇော်ကြသူများအတွက်သာ ဖြစ်နိုင်ပါတယ်။ ဘာကြောင့်ဆိုရင် ဆိုင်ထဲမှာ ထားချင်ရာထားပြီး ဝယ်သူလာရင် ဒီကောင်က ဘယ်လောက်၊ ဟိုကောင်က ဘယ်လောက်စတဲ့ အသုံးအနှုန်းတွေသုံးပြီး အဂါရဝ မရှိမသေပြုလုပ်နေကြတဲ့ ဆိုင်ပိုင်ရှင်များဟာ နိဗ္ဗာန်နဲ့နီးဖို့ မလွယ်ကူပါ။ လာရောက်ပူဇော်ဝယ်ယူသူများသာ နိဗ္ဗာန်နဲ့နီးဖို့ မလွယ်လှပါ။ လာရောက်ပူဇော်ဝယ်ယူသူများသာ နိဗ္ဗာန်နဲ့ နီးနိုင်ကြလို့ပါပဲ။ ပြောချင်တာက ဆင်းတုတော်၊ ပုံတော်များကို မရိုမသေ မလုပ်ကောင်းပါဘူး။ ကမ္ဘောဒီယားနိုင်ငံ စင်မရိတ်မြို့ရောက်စဉ်က ဗုဒ္ဓဘာသာဖြစ်ပေမယ့် ဆင်းတုတော်များကို မထားသင့်တဲ့နေရာ ထားကြတယ်။ အချို့ဆို နိုက်ကလပ်တွေမှာ· အလှရုပ်တုတစ်ခုအနေနဲ့ ထားကြတယ်။

ပူဇော်ဖို့အတွက် ပိုနေတဲ့ ဘုရားပုံတော်အဟောင်းတွေကို သင့်တော်တဲ့နေရာတစ်ခုမှာ ခြေတံရှည်ဝါးကျောင်းလေးဖြစ်ပြီး ဆောက်လုပ်ပြီး ဟောင်းနေပြီဖြစ်တဲ့ ဘုရားပုံတော်များကို သီတင်းသုံးစေမယ်ဆိုရင် သင့်လျော်ကောင်းမြတ်လှပါတယ်ဆိုတဲ့အကြောင်း ပြောပေးလိုက်ရပါတယ်။

အဲဒီနောက် ဒကာမတစ်ဦးက -

"တပည့်တော်တို့ဆီမှာ ဘုန်းကြီးများ ဆွမ်းစားပင့်တဲ့အခါ အရေအတွက်ကို အဓိကထားပြီး ပင့်လေ့ရှိပါတယ်ဘုရား။ ဘုန်းကြီးပင့်ရင် (၂၊ ၄၊ ၆၊ ၈) စတဲ့ စုံအရေအတွက်ပဲ လက်ခံတယ်။ (၁၊ ၃၊ ၅၊ ၇)စတဲ့ မ အရေအတွက်တော့ လက်မခံကြဘူးဘုရား။ ဒါဟာ ထိုင်းအယူက လာတာပါဘုရား။ ဒါကိုလည်း တပည့်တော်သိချင်ပါတယ်ဘုရား"

လို့ လျှောက်ထားလာပြန်ပါတယ်။

အမှန်ကတော့ ကုသိုလ်လုပ်တယ်ဆိုတဲ့နေရာမှာ အရေအတွက်က အဓိကမကျပါဘူး။ 'စုံ' ဂဏန်းကို လှူမှ ကုသိုလ်ရတာမဟုတ်ပါဘူး။ 'မ' ဂဏန်းကို လှူရင်လည်း ကုသိုလ်ရပါတယ်။ ကုသိုလ်တရားများ ပြည့်စုံစေရမယ်။ ပြည့်စုံအောင် အားထုတ်ကြလို့ ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။ လှူတဲ့အခါမှာလည်း ကုသိုလ်ရအောင် လှူတတ်ဖို့ အရေးကြီးပါတယ်။ ကုသိုလ်တရားဆိုတာ စိတ်ထဲမှာ အပြစ်ကင်းပြီး ချမ်းသာနေမယ်ဆိုရင် ကုသိုလ်လို့ခေါ်တယ်။ ဒါကြောင့် ကောင်းမှုပြုတဲ့အခါမှာ စိတ်ထဲကြည်နူးဝမ်းမြောက်မှုရှိဖို့ လိုအပ်လှပါတယ်။ ဒါမှလည်း ကုသိုလ်ရမှာပါ၊ အဲလိုမဟုတ်ဘဲနဲ့ ကောင်းမှုပြုတဲ့အချိန်မှာ စိတ်ဆင်းရဲစရာ၊ စိတ်မကောင်းစရာတွေတွေးပြီးနေမယ်ဆိုရင် ကုသိုလ်မရနိုင်ပါဘူး။ ဘာကြောင့်ဆိုရင် ကုသိုလ်ဆိုတာ စိတ်မှာဖြစ်လေ့ရှိလို့ပါပဲ။ ဒါကို အမြင်ရှင်းဖို့လိုတယ်ဆိုတဲ့ အကြောင်း အဖြေပေးလိုက်ပါတယ်။

ဒီလိုနဲ့ ဖယ်ပလာရွာ အချိန်ပိုင်း တရားစခန်းကို သုံးရက်တာ လုပ်ဖြစ်ခဲ့ပါတယ်။ စိတ်ဝင်စားသူ ရွာသူရွာသား အချို့ လာရောက် တရားအားထုတ်ကြပါတယ်။ အားထုတ်ပြီးတဲ့အခါ သူတို့ မရှင်းတာလေးတွေ မေးတဲ့သူက မေးလျှောက်ကြသလို တရားအားထုတ်တာနဲ့ စပ်လို့ ဆွေးနွေးတဲ့သူများလည်း ရှိပါတယ်။

"အရှင်ဘုရား ၊ ဒီရွာမှာ တရားဟောမမှုကထိကတွေရောက်လို့ တရားပဲနာခဲ့ရတယ်ဘုရား။ အခုလို တရားအားထုတ်ပွဲကျင်းပပေးတာဟာ ဒါပထမဦးဆုံးအကြိမ်ပါပဲ။ ရုပ်၊ နာမ်သဘာဝတရားတွေသိအောင် ရှင်းလင်းဟောကြားပေးတဲ့ အရှင်ဘုရားကိုလည်း ကျေးဇူးအရမ်းတင်ပါတယ်ဘုရား။ ဒါနဲ့ အရှင်ဘုရားကို ဒကာတစ်ဦးက သူသိချင်တာတွေ မေးလျှောက်ဖို့အတွက် တွေ့ချင်နေပါတယ်။ တပည့်တော်ခေါ်ခဲ့ရမှာလား ဘုရား"

လို့ မေးလာတဲ့အတွက် ခေါ်လာခဲ့ဖို့ ပြောလိုက်ပါတယ်။ ထိုဒကာရောက်လာတဲ့အခါ ထိုဒကာက -

"အရှင်ဘုရား တပည့်တော်က ဦးစံဘောလို့ ခေါ်ပါတယ် ဘုရား။ တပည့်တော် သိချင်တာလေးတွေကို လျှောက်ထားပါရစေ"

လို့ ခွင့်တောင်းလာတဲ့အတွက် မေးစရာရှိမေးနိုင်တယ်ဆိုတဲ့ အကြောင်း ပြန်ပြောလိုက်ပါတယ်။

"တပည့်တော်က ခရစ်ယာန်ဘာ



www.burmeseclassic.com

www.burmeseclassic.com

သာဝင်တစ်ယောက်ပါ ဘုရား။ ဆရာတော် ဦးနာရဒ ဟောကြားတော်မူတဲ့ တရားကို စီဒီခွေကနေနာရာက အာနာပါနကိုပဲ မှတည်ထားပြီး အားထုတ်ဖြစ်ခဲ့ပါတယ်။ တပည့်တော်လည်း ဒီအာနာပါနတစ်ခုပဲ ရှုမှတ်အားထုတ်ဖြစ်ခဲ့ပါတယ်။ တပည့်တော်သိချင်တာက ဒီအာနာပါနတစ်ခုတည်းကိုပဲ အားထုတ်ရမှာလား အခြားဘာတွေကို ရှုမှတ်ရဦးမှာလဲဘုရား"

လို့ ဆိုလာတဲ့အတွက် -

တရားအားထုတ်တယ် ဆိုတာ တိုက်ရိုက်ကတော့ အာနာပါန(ဝင်လေ၊ ထွက်လေ)ကို ရှုမှတ်ကြပါတယ်။ အခုခေတ်မှာ ထင်ရှားတဲ့ စွန်းလွန်းနည်း၊ သဲအင်းဂူနည်း၊ မဟာစည်နည်းစတာတွေလည်း ရှုမှတ်လို့ရပါတယ်။ ကိုယ်နဲ့ ကိုက်ညီတဲ့နည်းဆို ရှုမှတ်လို့ရတယ်။ ရှုမှတ်တဲ့အခါ အခု ဒကာကြီးက ထွက်လေသိ၊ ဝင်လေ သိမှတ်တာဆိုတော့ အဲဒါကို ပင်တိုင်အမှတ်အနေနဲ့ ရှုမှတ်ရမှာဖြစ်တယ်။ ရှုမှတ်နေရင်း အခြားထင်ရှားရာအာရုံတွေကိုလည်း ရှုမှတ်ရပါတယ်။ အခြားထင်ရှားရာကို ရှုမှတ်ပြီးတဲ့အခါ ပင်တိုင်အမှတ်ဖြစ်တဲ့ ထွက်လေသိ၊ ဝင်လေသိကို ပြန်ရှုမှတ်ရမှာဖြစ်တယ် ဆိုတဲ့အကြောင်း ပြောပြလိုက်ပါတယ်။ ပြီးတော့ ခရစ်ယာန်ဘာသာကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလိုက်တာနဲ့ စပ်လို့ မေးတဲ့အခါ ဦးစံဘော်က -

"တပည့်တော် ဘာသာကူးပြောင်းပုံကို ပြောရမယ်ဆိုရင် တပည့်တော်ရဲ့ ဘဝအကြောင်းပါ ပြောမှ ပိုပြည့်စုံမယ်ဘုရား။ သည်းခံပြီး နားထောင်ပေးစေချင်ပါတယ်ဘုရား"

လို့ ပြောလာတဲ့အတွက် နားထောင်ပေးလိုက်ပါတယ်။

"တပည့်တော်အသက်က အခုဆို (၆၃) နှစ်ထဲ ရောက်နေပါပြီ ဘုရား။ တပည့်တော်ရဲ့ မိဘများကတော့ အဖေ ဦးလှ၊ အမေ ဒေါ်မွင့်ပါ။ မော်ဘီမြို့ ဆပ်သွားတောရွာ၊ စမ်းချောင်းပိုင်းမှာ နေထိုင်ပါတယ်။ တပည့်တော် (၁၆)နှစ်အရွယ်လောက်မှာ အတွေးစတစ်ခုက ရင်ထဲကိန်းအောင်းလာသလို သိလည်းသိ ချင်လာပါတယ်။ တစ်နေ့ 'အမေ၊ သားတို့ကိုးကွယ်နေတဲ့ ဘုရားက ဘယ်ကဖြစ်ပေါ်လာသလဲ' လို့ အမေကို မေးလိုက်ပါတယ်။ ရုတ်တရက်ဆိုတော့ အမေလည်း မဖြေနိုင်ခဲ့ဘူး။တပည့်တော်နဲ့ ရင်းနှီးတဲ့ သင်းအုပ်ဆရာကို သွားမေးပြန်တော့လည်း ခိုင်လုံတဲ့အဖြေကို မရရှိခဲ့။ ဒါပေမယ့် သူတို့ရဲ့ အယူဝါဒအရ ဆင်းတုတော်ကို မကိုးကွယ်ရ။ ကိုးကွယ်ရင် အပြစ်ဖြစ်တယ်။ သူတို့ဘုရားကိုသာ ယုံကြည်ဖို့ပြောတယ်။ ဒီလိုယုံကြည်ရင် နိဗ္ဗာန်ရောက်တယ်လို့ ပြောတယ်။ သူတို့ဘုရားကို ယုံကြည်ရမယ်လို့ အတင်းယုံကြည်ခိုင်းသလိုမျိုး ခံစားရတယ်။ ဒါဟာ တပည့်တော် ဘဝင်မကျနိုင်ဆုံးအကြောင်းအရာ တစ်ခုပါပဲ။ တပည့်တော် ငယ်ငယ်က သူတို့ပြောပြတဲ့ ဒဏ္ဍာရီဆန်ဆန် ပုံဝတ္ထုတစ်ခုကို နားထောင်ဖူးပါတယ်။ တစ်ခါတုန်းက အသက် (၆၀)လောက်ရှိတဲ့ သင်းအုပ်ဆရာရဲ့ဇနီးဟာ စားစရာအတွက် နေ့တိုင်းလိုလို ငါးမျှားလေ့ရှိတယ်။ သူမ သေခါနီးမှာ နတ်သမီးတွေ လာခေါ်တယ်လို့လည်း ပြောပါတယ်။ တကယ်လို့ နင်တို့လည်းနတ်ပြည်ရောက်ချင်တယ်ဆိုရင် ငါ့လိုပဲ ပညတ်တော်ဆယ်ပါးအတိုင်း နေထိုင်ကြပါ ဆိုပြီး အခြားလူတွေကိုလည်း ပြောဆိုခဲ့တယ်လို့ သိရပါတယ်။ ဒီလို သူများအသက်ကို သတ်တယ်ဆိုတာ မကောင်းတာလုပ်တာဘဲလို့ တပည့်တော် သိနေပါတယ်။ ဒါကြောင့်လည်း မကောင်းတာလုပ်ပြီး နတ်ပြည်ရောက်တယ် ဆိုတာကြီးကို တပည့်တော် လက်မခံနိုင် ဘဝင်လည်း မကျဖြစ်ခဲ့ရပါတယ်။ အဲဒီကတည်းက အဖေ၊ အမေတို့ ယုံကြည်နေတဲ့ဘာသာအပေါ် စဉ်းစားဝေဖန်မှုတွေများခဲ့ရပါတယ်။

ယုံကြည်သူများကို ဘုရားသခင်က ကြည့်ရှုစောင့်ရှောက်မယ်။ ပညတ်တော်ဆယ်ပါးကို လုံအောင်ထိန်းရင် နိဗ္ဗာန်ရောက်တယ်။ ပြီးတော့ သူတို့ဘာသာမှာ ဘုရားကိုသာယုံကြည်နေရင် လုံလောက်ပြီဆိုပြီး အရမ်းယုံကြည်ရသလို ဖြစ်နေပါတယ်။ တစ်နေ့ ဒါကို နားထောင်ကြည့်ဆိုပြီး မိတ်ဆွေတစ်ဦးက စီဒီခွေလာပေးတာနဲ့ နားထောင်လိုက်ပါတယ်။ ကိုယ်တိုင်ကျင့်သုံးရင် ကိုယ်တိုင်သိရှိခံစားရမယ်။ အချိန်မရွေးအခုကျင့်ရင် အခုသိနိုင်တယ်။ ဒီတရားကို လာပြီးကျင့်သုံးကြလို့ ဖိတ်ခေါ်ထိုက်တဲ့ တရားမျိုးဖြစ်တယ်စတဲ့ တရားတော်ရဲ့ ဂုဏ်သတ္တိအကြောင်းကို ကြားနာခဲ့ရပါတယ်။ အဲဒီကတည်းက 'တို့အဖေရဲ့ဘာသာလို အတင်းယုံခိုင်းတာမဟုတ်။ တကယ်လုပ်ကြည့်ရင် သိနိုင်တယ်။ အခုကျင့်ရင်အခုသိနိုင်တယ်ဆိုပါလား ဒါဟာလက်တွေ့သိပ်ကျတာပဲ ငါလိုချင်နေတာ ဒါပဲ' ဆိုပြီး နာခဲ့ရတဲ့တရားအပေါ် သဘောကျနှစ်သက်လာခဲ့ရာက လက်တွေ့ကျင့်သုံးဖို့ပါ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဒီလိုနဲ့ မိတ်ဆွေများကို 'ဘယ်လိုကျင့်ရမလဲ။ ဘယ်လိုအားထုတ်ရမလဲ'လို့ ဆိုပြီး မေးမြန်းပြီး တစ်နေ့မှာ အားထုတ်ဖြစ်ခဲ့ပါတယ်။ အားထုတ်တဲ့အခါမှာလည်း ညအိပ်ရာဝင်တစ်ကြိမ်၊ မနက်တစ်ကြိမ် ဝင်လေသိ၊ ထွက်လေသိဆိုပြီး အားထုတ်ဖြစ်ခဲ့ပါတယ်။ အားထုတ်တဲ့ခါစမှာတော့ စိတ်တွေယောက်ယက်ခတ်ပြီး ဂနာမငြိမ်ဖြစ်နေတဲ့အတွက် တည်ငြိမ်မှုကို မရရှိနိုင်ဖြစ်နေပါတယ်။

တပည့်တော် မှတ်မိတာလေးတစ်ခုရှိတယ်။ တရားအားထုတ်ခါစတုန်းက အာရုံထဲမှာ အသက်ငါးဆယ်လောက်ရှိတဲ့ လူတစ်ယောက်က 'မကောင်းတာမလုပ်နဲ့' သုံးကြိမ်တိတိ လာပြောတာကို ကြားရတဲ့အခါ တရားအပေါ် ပိုပြီးယုံကြည်မှုတွေ ဖြစ်လာပါတော့တယ်။ ဒီလိုနဲ့ အားထုတ်လို့ ရက်အနည်းငယ်ရလာတဲ့အခါမှာ ဘယ်တုံးကမှ မခံစားဘူးတဲ့ စိတ်ရဲ့အေးချမ်းမှုလေးကို ခံစားလိုက်ရပါတယ်။ အခု ကျင့်ရင် အခုသိနိုင်တယ်ဆိုတာ ဒါမျိုးကို ပြောတာနေမှာပဲ။ ဒါဟာ ငါ့ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့အရာဘဲ။ ငါ့ဘဝအတွက် စိတ်အေးရမယ့်အရာဟာ ဒီတရားတွေပဲဖြစ်တယ်ဆိုတာကို ကျေကျေနပ်နပ်ကြီး လက်ခံနိုင်လာတယ်။

အဲဒီအချိန်ကစပြီး တပည့်တော်လည်း ခရစ်ယာန်ဘာသာဝင်အဖြစ်ကနေ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခဲ့ပါတော့တယ်။ အခု ရှင်ဘုရားနဲ့တွေ့ပြီး တရားနဲ့ပတ်သက်လို့ မသိတာလေးတွေ သိလာရတယ်။ အခုဒီရွာမှာအရှင်ဘုရား ကျေးဇူးကြောင့် နည်းစနစ်ကျနစွာနဲ့ တပည့်တော်တို့ အားထုတ်ရတာ ဖြစ်ပါတယ်ဘုရား။ နောင်နှစ်များမှာလည်း လာရောက်ပြီး တရားပြစေချင်ပါတယ်ဘုရား။ မိုးချုပ်နေပြီ၊ တပည့်တော်လည်း အိမ်ပြန်လိုက်ပါဦးမယ်"

လို့ ပြောပြီး ဦးချကာ အိမ်ပြန်ပါတော့တယ်။

ညဉ့်လည်းနက်လာပြီမို့ အိပ်ရာထဲလှဲကာ ဦးစံဘော်ရဲ့ လူ့ဘဝ အရတော်ပုံလေးကို နဖူးပေါ် လက်တင်ကာ တွေးရင်း. . .။

*ရှင်လန်းချမ်းမြေ့ပါစေ*

ဦးကောဝိဒ(မြိတ်)



www.burmeseclassic.com



ကံဝင်း

အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

အပိုင်း(၃)

# ထူးထူးခြားခြား နေလဘုရား

ရွှေတိဂုံစေတီတော်ရင်ပြင်တော် အနေထောင့်မှာတည်ရှိ အမိဋ္ဌာန်ဝင်သူ ဖူးဖော်ကန်တော့သူများဖြင့် လွန်စွာထင်ရှားကြည်ညိုသူများသော နေလဘုရားမှာ အပတ်စဉ် တနင်္လာ မွေးနေ့တိုင်းသွား၍ ရှိခိုးပူဇော် ဆုတွေတောင်းခဲ့၏။ ဆုတောင်းပြည့်ခဲ့ပေါင်းများစွာတို့ဖြင့် အကြိမ်ကြိမ်အခါခါ ရောက်ခဲ့သည်မှာ မှန်သော်လည်း ဘုရားသမိုင်းကို တိတိကျကျ စုံစမ်း၍မရဖြစ်နေခဲ့၏။

စေတီတော်ဂေါပကအဖွဲ့ထုတ် ဘုရားကြီးသမိုင်းစာအုပ်၊ ၂၆၀၀ ပြည့် အထိမ်းအမှတ်စာအုပ်နှင့် ဂေါပကအဖွဲ့ထုတ် ဓမ္မစာစောင်များစွာ ရှာဖွေသော်လည်း နေလ တည်းဟူသော ဘုန်းတော်ကြီးမား စေတီတော်ဘုရားသမိုင်းကို ရှာတွေ့ခဲ့။ ရွှေတိဂုံစာအုပ်တန်းစောင်းတန်းတွေများမှာရှိ စာအုပ်ဆိုင်များမှာလည်းမေး၍မရသတင်းအစအနပျောက်နေခဲ့လေ၏။

အမိဋ္ဌာန်လာရောက်ဝင်သူများထံ မှတ်ခဲ့ရဲ မေးမြန်းကြည့်ပြန်သော်လည်း အမိဋ္ဌာန်ဝင်၍ ပုတီးစိပ်က 'လိုရာပြီးမြောက် ခရီးရောက်ပါသည်' ဟူသော စကားစုများနှင့် နှစ်သိမ့်နေခဲ့ရသည်မှာ ကြာလှပြီ ဖြစ်ပါသည်။ နေလဘုရားနှင့် ပတ်သက်၍ စာတစ်စောင်ပေတစ်ဖွဲ့ရှိခဲ့သည်ဟု ဆိုပါက စာရေးသူ၏ ရှာဖွေဖတ်ရှုမှုအားနည်းသည်ဟု အပြစ်တင်သော် ခံယူပါသည်။ ဤသို့ဖြင့် မေးပါများစကားရ ဆိုသော စကားပုံအတိုင်း မေးပါများတော့ သတင်းအစရှာဖွေရခဲ့၏။ အထူးသဖြင့် ရွှေတိဂုံဘုရားကြီး ဂေါပကဝန်ထမ်းများကို မေးမြန်းလာ




အင်္ဂလန်သာသနာ့ရုံးသီဆရာတော် ဦးဥတ္တရ နေလဘုရား၌ အဓိဋ္ဌာန်ပြုနေစဉ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com


www.burmeseclassic.com

သောအခါ ဝန်ထမ်းတိုင်းတော့မသိကြ။ သို့သော် လုပ်သက်ရင့်၍ ဗဟုသုတရှာဖွေ လေ့လာ လိုက်စားသော လုံခြုံရေးနှင့် မီးသတ်ဝန်ထမ်းတစ်ဦးနှင့်တွေ့မှ ခိုင်မာသောဘုရားသမိုင်းကို ရတော့၏။

တစ်နေ့သ၌ စာရေးသူသည် ရွှေတိဂုံဘုရားအထက်ပစ္စယံတက်သောမုခ်ဝ၊ ဗုဒ္ဓဟူးထောင့်ဂြိုဟ်တိုင်ရှေ့အုတ်ခုံတွင်ထိုင်၍ ချိန်းဆိုထားသော ဆရာတော် အင်္ဂလန်၊ မြန်မာပြည် ခေတ္တကြွတော်မူနေသော လန်ဒန်မြို့ သာသနရံသီဆရာတော်ဘုရားကြွအလာကို စောင့်နေမိလေ၏။ အင်္ဂလန် လန်ဒန်ဆရာတော်မှ ဟန်းဖုန်းဖြင့် အကြောင်းကြားလာ၏။ လမ်းမှာ ကားတွေပိတ်ဆို့နေ၍ နောက်ကျမည်ဖြစ်ကြောင်း မိန့်တော်မူပါသည်။ ဤသို့ဖြင့် စာရေးသူလည်း အနီးအပါး အကဲခတ်သောအခါ ထိုအုတ်ခုံ စာရေးသူထိုင်သောနေရာ၏ လက်ဝဲလက်ယာတွင် ဘုရားလုံခြုံရေးဝန်ထမ်းများ ထိုင်နေကြသည်ကို တွေ့မြင်ရလေ၏။ စာရေးသူလည်း နေလဘုရားအကြောင်းရေးရန် အာသီသပြင်းပြနေသည့်အတွက် စာရေးသူ၏ လက်ယာဘက်ခြမ်းအနီးဆုံးနေရာမှာထိုင်နေသော လုံခြုံရေးဝန်ထမ်းတစ်ဦးအား မိတ်ဆက်စကားပြောဆိုပြီးသကာလ စာရေးသူ သိလိုသော နေလဘုရားသမိုင်းအကြောင်း မေးကြည့်ရာ ထိုဝန်ထမ်းမှ စာရေးသူအား သူသည် ရွှေတိဂုံဘုရားကြီး လုံခြုံရေး၊ မီးသတ်ဌာနမှ ဆရာကြီး ဦးခင်မောင်မြင့်ဆိုသူ ဖြစ်ပါကြောင်း၊ နေလဘုရားမှာတစ်လှည့် ဗုဒ္ဓဟူးထောင့်မှာတစ်လှည့် တာဝန်ကျပါကြောင်း၊ နေလဘုရားနှင့်ပတ်သက်၍ တိတိကျကျ သူပြောပြနိုင်ပါကြောင်း၊ ထိုနေလဘုရားသမိုင်းနှင့် ပတ်သက်၍ ပဲခူးဆရာတော် မှ 'ရွှေတိဂုံမှာပြန်ဆုံမယ်' အမည်ရသော တရားတစ်ပုဒ်ဟောကြားဖူးကြောင်း၊ ထိုတရားခွေတွင် နေလဘုရားနှင့် ပတ်သက်ဆက်နွယ်နေသော ဘုရားသမိုင်း ပါဝင်သည်ဖြစ်၍ ထိုတရားကိုလည်း နာကြားဖူးသည်ဖြစ်ရာ သူ၏ နေလဘုရားနှင့်ပတ်သက်သော သိမှတ်ဖွယ်ရာများသည် ပိုမိုတိကျခိုင်မာမှုရခဲ့ပါကြောင်း စာရေးသူအား တက်ကြွရွှင်လန်းစွာ ပြောပြပါသည်။

**နေလဘုရားမှထူးထူးခြားခြားဖြစ်ရပ်များ**

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ခန့်



စနေထောင့်မှဖူးမြော် ရွှေတိဂုံစေတီတော်



စနေထောင့်
နေလရုပ်ပွား မြတ်ဘုရား



လိုဏ်အတွင်းမှ
နေလဘုရား



www.burmeseclassic.com


www.burmeseclassic.com



နေမဲ့ ညမဲ့
ဘုရားဖူးတွေလာစမြဲ




နေ့လယ်ခင်း ထူရှင်းချိန်တွင်ပင် အမိဌာန်ဝင်
သူများနှင့် ဖူးတွေ့ရသော နေလဘုရား



ရွှေတိဂုံ စနေထောင့် နေလစေတီတော်



စနေထောင့် နေလစေတီတော်

ဖြစ်သည်။ လယ်ပိုင်ရှင် သူဌေးကြီး ဦးဘုကောင်းသည် နေ့စဉ်နှင့်အမျှ ကုန်ရောင်းရငွေ၊ ဆန်စပါးရောင်းရငွေများကိုစု၍ ပိုလျှံသမျှငွေကို ဒေါင်းတံဆိပ်နှင့် ယုန်တံဆိပ်ပါ ရွှေဒင်္ဂါးများဝယ်ယူ၍ စုဆောင်းထား၏။ တစ်ပြားရ တစ်ပြား စကားဆိုသလို လှူသူလေးပါးကင်းချိန်၌ ရွှေတိဂုံစေတီအနီး စနေထောင့်တွင် အမှတ်အသားပြု၍ လာရောက် မြှုပ်နှံထားလေ၏။ သူ၏အဓိဋ္ဌာန်မှာ ရွှေတိဂုံစေတီတော်ကြီးလိုအပ်သည်များ လှူရန်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်ဖြစ်၏။ ထိုသို့ ဖြူစင်စွာရရှိလာသော ငွေကြေးတို့ဖြင့် ရရှိလာသော ရွှေဒင်္ဂါးပြားလေးများ မကြာခဏ စနေထောင့်ကို လာရောက် မြှုပ်နှံရင်း လူကြီးရောဂါဖြင့် အဓိဋ္ဌာန်မပြည့်မီ ကွယ်လွန်အနိစ္စရောက်ပါတော့၏။

ကွယ်လွန်ချိန်၌ ဦးဘကောင်းတွင် မောင်သိန်းညွန့်ဟုခေါ်သော ချစ်လှစွာသောသားတစ်ယောက် ကျန်ရစ်ခဲ့လေ၏။ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကံကုန်ခဲ့သော ဦးဘကောင်းသည် ကံအားလျော်စွာ လူပြန်ဖြစ်ခွင့်ရသောအခါ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ ခရစ်ယာန်ဘာသာကိုးကွယ်သော ဇနီးမောင်နှံနှစ်ဦးထံတွင် လူဝင်စားဖြစ်လာပါတော့၏။ ဦးဘကောင်းကွယ်လွန်စဉ်က မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်ခံဖြစ်နေလေရဲ့။ မည်သို့သောအကြောင်းကြောင်းကြောင့် အင်္ဂလန်နိုင်ငံတွင် လူဝင်စားဖြစ်သည်

www.burmeseclassic.com


ကို မည်သူမျှသိနိုင်မည်မထင်ပါ။

ထူးခြားမှုကတော့ အင်္ဂလိပ်လူမျိုးထံဝင်စား ဦးဘကောင်းသည် ငယ်စဉ်အခါ စကားစပြောတတ်စဉ်ကပင် အင်္ဂလိပ်-ဗမာ (မြန်မာ) နှစ်မျိုးလုံး ပြောနိုင်လေ၏။ ပထမတော့ အင်္ဂလိပ်လူမျိုးဇနီးမောင်နှံသည် သားဖြစ်သူမှ အင်္ဂလိပ်စကားအပြင် အသစ်အဆန်း ဘာသာစကားတစ်မျိုးကို မကြာခဏ ပြောပြောနေသည်ကို သတိထားမိကြ၏။ ထိုပြောသောစကားတွင် ဗမာ (မြန်မာ) ရန်ကုန်၊ ရွှေတိဂုံဘုရား စသည့် စကားအသံထွက်များကြောင့် သူတို့၏သားသည် မြန်မာနိုင်ငံမှ လူဝင်စားဖြစ်လာသည်ကို သတိပြုမိလာကြလေ၏။

အသက်(၁၈)နှစ်ပြည့်ချိန်ရောက်သောအခါ ယခင်ငယ်စဉ်က မြန်မာနိုင်ငံသို့သွားလို၍ ပူဆာမှုများကို ဖြေလျှော့ပေးလိုက်ကြရ၏။ ဥရောပဒီမိုကရေစီ ဓလေ့ထုံးအရ (၁၈) နှစ်ပြည့်လျှင် လူ့အခွင့်အရေးသဘောထားအရ လူငယ်များကို လွတ်လပ်ခွင့်၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ကိုယ်ပိုင်ဘဝခရီးလှုပ်ရှားမှုများပေးကြရလေ၏။

ဤသို့ (၁၈) နှစ်ပြည့်ပြီးချိန်မှာ ဦးဘကောင်းတစ်ဖြစ်လဲ အင်္ဂလိပ်လူငယ်လေးသည် မြန်မာနိုင်ငံသို့ သင်္ဘောစီး၍ ရောက်လာပါတော့၏။ ဦးစွာပထမ ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ပြီးနောက် စနေထောင့်သို့ သွားရောက်သောအခါ သူတွေ့ချင်နေသော ဦးမျိုးညွှန့်ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပါတော့၏။ ဦးမျိုးညွှန့် ဆိုသော (၆၀)နှစ်အရွယ်လူကြီးတစ်ဦးသည် စနေထောင့်၌ အမြဲဒါန်ပုတီးစိပ်၍နေ၏။ ဦးမျိုးညွှန့်သည် မိဘများ ကွယ်လွန်သောအခါ ငယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်လာရင်း တတိယအရွယ်သို့ရောက်သောအခါ လယ်ယာမြေများ ထုခွဲရောင်းချပြီးနောက် ရွှေတိဂုံဘုရားအနီး ရှင်စောပုရပ်ကွက်တွင် အခြေချနေထိုင်နေသူ ဖြစ်၏။

နေ့စဉ် တစ်နေ့တစ်ခေါက် မှန်မှန်ရောက်၍ စာစ်နေ့တာ ဘုရားရိပ်တရားရိပ်မှာ အချိန်ကုန်စေ၏။ အထူးသဖြင့် ထူးချွန်းသော စနေထောင့်မှာ သွား၍ ရွှေတိဂုံဘုရားကြီးသို့ မျက်နှာမူ ပုတီးစိပ်၊ ဘုရားဝတ်ပြုလေ့ရှိ၏။ ထိုနေ့က ဘုရားဝတ်ပြုကိစ္စပြီး၍ မျက်စိဖွင့်လိုက်သောအခါ ဦးမျိုးညွှန့်၏ရှေ့တည့်တည့်


အနောက်နိုင်ငံသားများ နေလတန်ဆောင်းအတွင်းမှ လှေလာနေကြပုံ


နိုင်ငံခြားသား နေလဘုရား၌ ဝတ်ပြုဆုတောင်းနေကြစဉ်


နိုင်ငံခြားသား အလာများတဲ့ နေလဘုရား



www.burmeseclassic.com

www.burmeseclassic.com



နေယာဘုရားရှေ့မှ အင်္ဂလန်ဆရာတော်

၌ ကျောက်ဆစ်ရုပ်ကဲ့သို့ မတုန်မလှုပ် တည့်တည့်စိုက်ကြည့်နေသော အင်္ဂလိပ်လူငယ်ကလေးကို အမှတ်မထင် တွေ့လိုက်ရ၏။ ထိုအင်္ဂလိပ်လူငယ်ကလေး၏ မျက်ဝန်းမှာ ကြည်လဲ့လဲ့အရည်လေးတွေကိုလည်းတွေ့ရ၏။ ဦးမျိုးညွန့်ကလည်း သူ၏စိတ်ထဲမှာ ဟာတာတာဖြစ်နေလေရဲ့။

နှစ်ဦးသား ဟိုးရှေးယခင်က သိကျွမ်းဖူးသူများကဲ့သို့ တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေကြရင်းမှ အင်္ဂလိပ်လူငယ်သည် ဦးမျိုးညွန့်ပခုံးနှစ်ဖက် ပြေးကိုင်ရင်း နှုတ်မှလည်း -

"ငါ့သား၊ မင်းဟာ ငါ့သား မျိုးညွန့်။ ငါ့သား၊ ငါက မင်းအဖေလေကွာ"

ဟုဆိုပြီး ပြောလေ၏။

ထိုအခါ ဦးမျိုးညွန့်က သူ့သားအရွယ်လူငယ်က သူ့အား 'ငါ့သား' ဟု ဆိုနေ၍ အံ့ဩတုန်လှုပ်စွာ တွန်းထုတ်လိုက်၏။

ထိုအခါ အင်္ဂလိပ်လူငယ်ကလေးက-

"မှားမယ် ငါ့သား၊ မင်းမှားမယ်"

ဟု ဆို့ဆို့နင့်နင့် ဆိုလိုက်ပြန်၏။

ထိုသို့ ထူးဆန်းဖွယ်ကြုံတွေ့နေရစဉ် ဦးမျိုးညွန့်က မေးလိုက်၏။

"မင်းလိုလူငယ်တစ်ယောက်က ငါ့လိုအဘိုးကြီးကို ငါ့သားလို့ဆိုတာ မင်းတို့အင်္ဂလိပ်လူမျိုးတွေရဲ့ နှိမ့်ချဆက်ဆံတဲ့ပုံစံမျိုးလား။ တို့က ဗုဒ္ဓဘာသာလူမျိုးတွေ။ ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားစိတ်မျိုးထားတဲ့ ယဉ်ကျေးတဲ့မြန်မာလူမျိုးကွ။ အဲဒီတော့ ပြဿနာမဖြစ်ချင်ပါနဲ့။ မောင်ရင်လည်း ကိုယ့်လမ်းကိုယ်သွား၊ ငါလည်း အိမ်ပြန်မယ်"

ဦးမျိုးညွန့်က ခပ်မာမာ တုံ့ပြန်ပြောလိုက်သောအခါ အင်္ဂလန်ကလာတဲ့လူငယ်ကလေးသည် ဝမ်းနည်းဖွယ် အမူအရာနှင့် ကြံရာမရ လက်မှိုင်ချနေရင်းမှ သတိတစ်ခုရလာဟန်ဖြင့် ပြောလိုက်၏။

"ဒါဆို လျှို့ဝှက်ချက်တစ်ခုပြောမယ်။ မှန်ရင် ငါဆိုလိုတာ လက်ခံရမယ်။ လက်ခံမယ် မဟုတ်လား"

"ကောင်းပြီ၊ အဲဒီလျှို့ဝှက်ချက်ကို ပြောပါ"

"ငါ့သားရဲ့ညာဘက်လက်မောင်းရင်းမှာ ဒေါင်းရုပ်၊ ဘယ်ဘက်မှာ ယုန်၊ မင်းအဖေနာမည်က ဦးဘကောင်း။ ငါ ဘကောင်းကွ၊ မင်းအဖေ ဘကောင်း။ ငါသေပြီး အင်္ဂလိပ်ဇနီးမောင်နှံထံမှာ လူဝင်စားပြန်ဖြစ်တာ။ အတိတ်က ကံ၊ ကုသိုလ်ပြုတဲ့ကံကြောင့် ငါရွှေတိဂုံကို လာချင်ဇောနဲ့ ရောက်လာခဲ့တာ"

"ဗျာ"

ဦးမျိုးညွန့် မာ၍မရတော့၊ လူဝင်စား အင်္ဂလိပ်ကလေးပြောတာ အကုန်မှန်နေ၏။ညာလက်မောင်းရင်းမှာ ဒေါင်းရုပ်၊ ဘယ်လက်မောင်းရင်းမှာ ယုန်ရုပ်၊ ငယ်စဉ်ကတည်းက ထိုးထားပြီး ဖြစ်၏။ အဖေ ဦးဘကောင်းကိုယ်တိုင် ဆေးမင်ရည်ထိုးခဲ့ခြင်း ဖြစ်၏။ ဦးဘကောင်းတစ်ဖြစ်လဲ အင်္ဂလိပ်ကလေးက ထပ်မံ၍ သက်သေထူရန် ပြောလိုက်ပြန်၏။

"ကဲ- ငါ့သား၊ သက်သေ ငါထပ်ထုပြမယ်။ အခု မင်းဘုရားတရားဝတ်ပြုတဲ့ရှေ့က တစ်တောင်ကွာကို တူးပါ၊ ငါ ရွှေတိဂုံဘုရားကြီးလှူဖို့ ရွှေဒင်္ဂါးပြားတွေ မြှုပ်နှံထားတယ်။ ရွှေဒင်္ဂါးအိုးလေး (၃) လုံးပြည့်အောင် ရှာဖွေစုဆောင်းလှူမယ်လို့ အဓိဋ္ဌာန်ထားတာ (၂) လုံးသာရသေးတယ်။ ငါကကုန်သွားလို့ကွ။ ဒေါင်းတံဆိပ်နဲ့ ယုန်တံဆိပ်ပါတဲ့ ရွှေဒင်္ဂါးတွေ တူးဖော်လို့ ရခဲ့ရင် ငါ့သား ငါ့ကို အဖေလို့ ခေါ်ပါကွာ။ နော် ငါ့သား"

ဤသို့ဖြင့် ဦးဘကောင်း ပြန်ဝင်စား အင်္ဂလိပ်ကလေးနှင့် ဦးမျိုးညွန့်တို့ သဘောတူကြသဖြင့် ဂေါပကလူကြီးများအား ဂေါပကရုံးတွင် သွားရောက်တွေ့ဆုံ ပြောပြသောအခါ ဂေါပကလူကြီးတော်တော်များများက မယုံကြည်ကြချေ။

ဂေါပကအကြီးအကဲမှ-

"တူးကြည့်လို့တွေ့ရင်လည်း ရွှေတိဂုံသာသနာအတွက် အထောက်အပံ့ဖြစ်မယ်။ မတွေ့လည်းအရင်းပေါ့။ ကဲ- သွားတူးကြမယ်"

ဟု ဆိုလိုက်၏။

ဂေါပကဝန်ထမ်းများနှင့် တူးဖော်ကြည့်သောအခါ အမှန်တကယ်ပင် ယုန်တံဆိပ်နှင့် ဒေါင်းတံဆိပ်ပါ ရွှေဒင်္ဂါးအိုး (၂) လုံး တူးဖော်တွေ့ကြပါတော့၏။

ထိုအခါ ဦးမျိုးညွန့်သည် လက်တွေ့ကျကျ တွေ့မြင်ရပြီဖြစ်၍ ဘဝဟောင်းမှ ဖခင်အစစ်အမှန် ပြန်တွေ့ရသောအခါ မျက်ရည်တွေ မျက်ဝန်းမှ ယိုစီးလာပြီး ဦးဘကောင်းဝင်စား အင်္ဂလိပ်လူငယ်ကလေးအား ပြေးဖက်ပြီး-


အဖေ. . . အဖေ. . . အဖေ"

ဟု အော်ငို အော်ခေါ်ပါတော့၏။ သားအဖနှစ်ယောက် နှစ်ပေါင်းများစွာကွဲကွာနေရာမှ ထူးထူးဆန်းဆန်း ပြန်ဆုံတွေ့ကြပုံကို ဘေးမှရပ်ကြည့်သူများပင် သားအဖနှစ်ယောက်ကို ကရုဏာသက်ဝင်လျက် ဝမ်းနည်း၊ ဝမ်းသာဖြစ်ကြကုန်လေ၏။

ဂေါပကလူကြီးများလည်း ရွှေဒင်္ဂါးများစွာ စိစစ်ကြလျက် စည်းဝေးတိုင်ပင်ကြသောအခါ ရွှေတိဂုံစေတီတော်ကြီးမှာလည်း ရွှေသားတဝင်းဝင်းနှင့် ကြည်ညိုဖွယ်ပကတိတည်ရှိပြီးဖြစ်၍ ထိုရွှေဒင်္ဂါးတို့အား ထုခွဲ၍ ဒေါင်းနှင့် ယုန်အကြောင်းပြု ဒေါင်းဖန်ဝါနေမင်းအလင်းကြောင့် ဗမာပြည် (မြန်မာပြည်) သားတို့ သာယာလှပဖွံ့ဖြိုးတိုးတက်ကာလ၏ အေးမြမှု ကြည်လင် လန်းဆန်း အေးချမ်းအောင်မြင်ကြစေရန် ရည်သန်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံသားများ လာရောက်ဝတ်ပြု ဆုတောင်းနေကြပုံ



ရွှေတံဆိပ် (၁၉) ဆုရှင် ဆိုင်းဆရာ သီရိမောင်မောင်နှင့် ဇနီး မနှင်း



[illegible]ဝန်ထမ်းဆရာကြီး ဦးခင်မောင်မြင့်နှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းယူနေသော စာရေးသူ

၍ ၁၂၉၀ ပြည့်နှစ်၊ တပေါင်းလပြည့်တွင် 'နေလ' ဘုရားဟူ၍ ဘွဲ့အမည်တော်ဖြင့် ဘုရားစေတီ တည်တော်မူခဲ့ပါသည်။ နတ်လူသာဓု ခေါ်စေသောဝ်။

နေလဘုရားဟု စနေထောင့်၌ တည်တော်မူပြီးသောအခါ ပြည်သူပြည်သား လူအများသည် ဦးစွာပထမ ရွှေတိဂုံဘုရားကြီးသို့ သွားရောက် ဖူးမြော်ကြပြီးနောက် လွန်စွာကျော်ကြား ဘုန်းကြီးတော်မူသော နေလဘုရားသို့သွားကာ စိတ်ကြဲသမျှ အဓိဋ္ဌာန်ပြု တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းများ ပြုလုပ်ကြလေ၏။ ထိုအခါ အဓိဋ္ဌာန်အောင်ကြလျက် ဘဝခရီးလမ်းမှာ မပင်မပန်း အေးချမ်းသာယာစွာဖြင့် အဝိဇ္ဇာ အမှောင်ခွင်း ဝိဇ္ဇာဉာဏ်ရောင်လင်းပြီး လိုချင်တောင့်တ ပြည့်စုံမှုအဖြာဖြာတွေ ရကြလေ၏။ဆုတောင်းပြည့်သည်ဟု သတင်းကြီးခဲ့လေ၏။

## နေလဘုရားနှင့် ချန်ပီယံ တင်ညွန့်

စစ်ပြီးခေတ်၌ ရုပ်ရှင်သရုပ်ဆောင်၊ အံသံတုဝိဇ္ဇာ၊ မျက်လှည့်ပညာရှင် ချန်ပီယံ တင်ညွန့်ဟု လူသိများကျော်ကြားလာမည့် ဦးတင်ညွန့်သည် အောင်မြင် ကျော်ကြားခြင်း မရခင်က နေလဘုရား၌ သက်သတ်လွတ်စား၊ ဂုဏ်တော်ပဋ္ဌာန်းတော်ပွားများပြီး မကြာခဏအဓိဋ္ဌာန်ဝင်ခဲ့ရာ များမကြာမီ အဓိဋ္ဌာန်ပြီးမြောက်ခရီးရောက်လျက် နာမည်ဂုဏ်သတင်းကျော်စောခြင်းသို့ ရောက်ခဲ့၏။ 'နေနဲ့လနှင့် နှစ်ပါးဆိုင် သိကြားကိုယ်တိုင် မ,လိမ့်မည်' ဟုကြွေးကြော်၍ နေ့စဉ်အမြဲလိုလို အဓိဋ္ဌာန်ဝင် ပုတီးစိပ်ရင်း ထင်ရှား ကျော်ကြား လူသိများခဲ့ကြောင်းကို စာရေးသူ ကြားဖူးခဲ့၏။

## နေလဘုရားတွင် စနေသမီး မနှင်းနှင့် တွေ့ဆုံခြင်း

နေလဘုရား၌ လာရောက်ဝတ်ပြုပူဇော်ဆုတောင်းသော ကြည့်မြင်တိုင်နေ ရွှေတံဆိပ် (၁၉)ဆုရှင် ဆိုင်းပညာရှင် ဦးသီရိမောင်မောင်၏ဇနီး မနှင်းနှင့် နေလဘုရား အာရုံခံတန်ဆောင်း၌ တွေ့ဆုံကြသောအခါ စာရေးသူအား ပြောပြသည်မှာ စနေထောင့်မှာတည်ရှိ နေလဘုရားကို 'ပဲခူးဆရာတော် ဟောကြားရွှေတိဂုံမှာ ပြန်ဆုံမယ်' တရားခွေနားကြည့်မှ နေလဘုရား၏ဘုရားသမိုင်းကို သိခဲ့ရပါကြောင်း၊ ဘုရားပေါ်ရောက်တိုင်း မိမိကလည်း စနေသမီးဖြစ်၍

www.burmeseclassic.com

စနေထောင့် နေလဘုရားသို့ သွားရောက်ဖူးမြော်ရင်း ဂုဏ်တော်ပုတီးစိပ်ပါကြောင်း၊ နေလဘုရားမှာ ဘာဆုတောင်းပါသလဲမေးသောအခါ -

"အစိတ ခင်ပွန်းအတွက်။ သူက နယ်လှည့်ဆိုင်းတီးသွားတော့ အမြဲ ဆုတောင်းပေးနေရတယ်။ ဆိုင်းတီးအားရက်ဆို ကိုမောင်လည်း ဘုရားတက်တယ်။ နေလဘုရားတန်ခိုးကြောင့်ထင်တယ်။ အင်္ဂလန်၊ အမေရိကန်၊ နယ်သာလန်၊ ဂျာမနီ၊ စင်ကာပူ နိုင်ငံစုံ သွားတီးရတယ်။ နိုင်ငံတော်က ချီးမြှင့်တဲ့ ရွှေတံဆိပ် (၁၉) ဆုရတယ်။ ဘဝခရီးလမ်းမှာ အေးချမ်းသာယာ အောင်မြင်မှုများစွာ ပြည့်စုံစွာဖြင့် လျှောက်လှမ်းနိုင်သည်ဖြစ်ပါစေဟု ဆုတောင်းပါကြောင်းပြောပါသည်။

**ရွှေမရှား ငွေမရှား နေလဘုရားသို့ မှန်မှန်သွား**

သူ့အမည်က အများအခေါ် မဖြူ နာမည်အပြည့်အစုံက တင်မာဖြူ ဖြစ်၏။ နေတာက ဒဂုံတောင်မှာ နေ၏။ အလုပ်အကိုင်က နယ်လှည့် စတိုးဆိုင်လုပ်ငန်းလုပ်၏။ နယ်လှည့်စတိုးဆိုင်လုပ်ငန်းဆိုသည်ကား ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ အထည်ချုပ်စက်ရုံများ စသဖြင့် ပျိုပျိုမေတို့အနေများသောနေရာများသောအရပ်များသို့ အရောက်သွား၍ ရေမွှေး၊ မိတ်ကပ်၊ ခေါင်းလိမ်းဆီ၊ ခေါင်းလျှော်ရည်၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများကို စတိုးဆိုင်များ၏ဈေးနှုန်းနှင့်မခြား လိုက်လံရောင်းချသူဖြစ်လေ၏။ မိမိမွေးနေ့နံ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် ရွှေတိဂုံသို့တက်၍ နေလဘုရား၌ ပဋ္ဌာန်း ၂၄ ပစ္စည်း ပုတီး (၉) ပတ် မှန်မှန်စိပ်ပါကြောင်း၊ ပုတီးစိပ်ပြီးမြောက်ပါလျှင် (၇)ရက်သားသမီးများနှင့် ဝေနေယျတို့အား မေတ္တာပို့ အမျှဝေအပ်တ်စဉ်ပြုလုပ်လာသောအခါ ဘဝပေးအရ လောလောဆယ် ချမ်းချမ်းသာသာကြီးမဟုတ်သော်လည်း ဘဝမှာ ရွှေမရှားငွေမရှားနှင့် မပူမပင်ကျန်းကျန်းမာမာနှင့် အဆင်ပြေပါကြောင်း စာရေးသူအား ပြောပြပါသည်။

(မှတ်ချက် - ဓာတ်ပုံဖော်ပြခွင့်မပြု၍ မဖော်ပြနိုင်ပါ - စာရေးသူ)

**နိုင်ငံခြားသားများ အလာများတဲ့ နေလဘုရား**

ရွှေတိဂုံရင်ပြင်တော်မှ ထူးထူးခြားခြား နေလဘုရားဆောင်းပါးရေးရန်အတွက် ယခုရက်ပိုင်းအတွင်း နေလဘုရားသို့ မကြာခဏရောက်ပါသည်။ မိမိလက်ရှိတာဝန်ထမ်းဆောင်နေသော မြန်မာဥရောပဗုဒ္ဓဘာသာပြန့်ပွားရေးနှင့် ယဉ်ကျေးမှုထွန်းကားရေးအသင်းယာယီရုံးစိုက်ရာ အင်းယားမြိုင်လမ်း ဆရာနေအုပ် (စိန်ပေါ)အိမ်နှင့် ရွှေတိဂုံဘုရားသည် နီးနီးကလေးဖြစ်၍ မကြာခဏရောက်သည်။ တစ်ခါတစ်ရံ မြန်မာဥရောပသာသနာပြုဥက္ကဋ္ဌဆရာတော်၊ အင်္ဂလန် သာသနရံသီဆရာတော့်ပါ လိုက်ပါ၍ နေလဘုရားတွင် အတူတကွ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများ ပြုကြပါသည်။ မိမိ၏ ဆောင်ရွက်ဖွယ် နေ့စဉ်အလုပ်ကိစ္စရပ်များပြီးသည်နှင့် ရွှေတိဂုံဘုရားသို့ ဦးတည်တက်ရောက် ဖူးမြော်လေ့ ရှိပါသည်။ အထူးသဖြင့် နေလဘုရားတွင် မိမိ၏ရက်သတ္တပတ်မွေးနေ့ဖြစ်သော တနင်္လာနေ့တိုင်း မပျက်မကွက် ရောက်ခဲ့ပါသည်။

နေလဘုရား တန်ဆောင်းတွင် ဥပုသ်သီလယူ၊ ပုတီးစိပ်သူ၊ အဓိဋ္ဌာန်ဝင်သူများနှင့် မပြတ်စည်ကားနေပါသည်။ တချို့သော စီးပွားရေးလုပ်ငန်းရှင်များ အဓိဋ္ဌာန်ဖြင့် ပွဲလာထိုးနေသည်ကိုလည်း တွေ့ရတတ်ပါသည်။ တချို့ကျောင်းသားကျောင်းသူများလည်း စာမေးပွဲအောင်ပါစေ၊ မောင်မည်သူမယ်မည်ဝါ စသည့်နာမည်တတ်ပြီး ပွဲလှူကြသည်ကို တွေ့ရပါသည်။ ဌာနဆိုင်ရာ အရာထမ်းဝန်ထမ်းများ၏ ရာထူးတိုးစာမေးပွဲအတွက် ကန်တော့ပွဲလှူ ဆုတောင်းမှုများလည်း တွေ့နိုင်ပါသည်။ ထူးခြားမှုတစ်ခုကတော့ ဥရောပနိုင်ငံသားကမ္ဘာလှည့်များ အပါဝင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အရှေ့အာရှသားများ၊ ဂျပန်လူမျိုးများ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း လာရောက် ကန်တော့ကြသူများ လေ့လာကြည့်ရှုသူများ လွန်စွာပေါ်များလှသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပါသည်။ ထိုမျှများပြားစွာ လာရောက် ဖူးမြော်ကြခြင်းမှာ ဦးဘကောင်းဝင်စား အင်္ဂလိပ်လူငယ်ကလေး အကြောင်းပြု တည်ထား နေလဘုရားမို့ပေလားဟု ထင်မှားစရာဖြစ်နေ၏။

**နဝင်းမိသောနေလဘုရားမှာ အဓိဋ္ဌာန်ဝင်ကြပါ**

ရွှေတိဂုံဘုရားကြီးသို့ ရည်ရွယ်စုဆောင်းမြှုပ်နှံထား ယုန်တံဆိပ်၊ ဒေါင်းတံဆိပ်ပါ ရွှေဒင်္ဂါးများ အကြောင်းပြု၍ စနေထောင့်မှာ ထွန်းပေါ်လာ နေလဘုရားသည် စနေနံ (နေဂြိုဟ်သက် ၁၀ + လ ဗုဒ္ဓဟူးနံဂြိုဟ်သက် ၁၇ = နှစ်ရပ်ပေါင်း ၂၇ = ၉ နဝင်းမိသောအကြောင်းရင်းကြောင့်လည်းကောင်း၊ ဒေါင်းတံဆိပ် ဒေါင်းဖန်ဝါနေမင်း၏စွမ်းပကားအလင်း ဓာတ် ထွန်းလင်းအားကြောင့် လည်းကောင်း လစန္ဒာ ယုန်မင်း၏ လက္ခဏာ၊ အေးချမ်းသာယာ အောင်ကြောင်းဖြာ နိမိတ်ထူးများနှင့်အတူ ထွန်းပေါ်လာ ထူးခြား နေလဘုရားသည် ဧကန်မုချ ဆုတောင်းပြည့်မည်မှာ လွန်စွာ ထင်ရှားလှပါသည်။

ထူးထူးခြားခြား နေလဘုရားတွင် အဓိဋ္ဌာန်ဝင် ပဋ္ဌာန်း၊ ဂုဏ်တော်ပွားများသူများ လက်တွေ့ခံစား အကျိုးများနေကြမြဲဖြစ်၍ စာရှုသူများ ဒေါင်းဖန်ဝါနေမင်း၏စွမ်းပကား အလင်းဓါတ် (ကံအလင်း၊ ဉာဏ်အလင်း) ထွန်းလင်းခြင်းနှင့် အတူ ရွှေပုဏ္ဏမီစန်း 'လ' ပမာချမ်းမြသာယာစွာဖြင့် ဘဝခရီးလမ်းမှာ မပင်မပန်း အောင်ပန်းတွေပွင့်မည့်နိမိတ်ကြောင့် ယနေ့ယခုပင် ရွှေတိဂုံစေတီတော် စနေထောင့်ရှိ နေလဘုရားသို့ အရောက်သွား၍ နဝင်းမိသောအလှူ သစ်သီး(၉)မျိုး (လိမ္မော်သီး၊ နဝင်းသီး) အလင်း (၉) တိုင် အမွှေးတိုင်လှိုင်လှိုင် မြိုင်မြိုင်ထွန်း စိတ်ကြံသမှု အဓိဋ္ဌာန်ပြုကြပါလေ။

နေနှင့်လနှင့်နှစ်ပါးဆိုင် သိကြားကိုယ်တိုင် မ,ပါလိမ့်မည်ဟု နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်တော်မူပါသည်။

*မေတ္တာများစွာဖြင့်*

*ကံဝင်း*


**ကျေးဇူးတင်လွှာ**

*စနေထောင့် နေလဘုရားသမိုင်းအား သိသမျှ မှတ်မိလေ့လာသမျှ ပြန်လည် ပြောပြသော ဂေါပကဝန်ထမ်းလုံခြုံရေးမှီးသတ်ဆရာကြီး ဦးခင်မောင်မြင့်အား ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။*



www.burmeseclassic.com

www.burmeseclassic.com



**နိဒါန်းစကား**

ကျွန်ုပ်သည် ဝါဆိုလဆန်းထဲမှာပင် အသက်တစ်နှစ်ပြည့်တိုးလာခဲ့ပြီဖြစ်၍ နှစ်ပေါင်း (၇၀) မှပင် နှစ်ခုစွန်းသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘုန်းတော်ခြောက်စုံ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော နတ်တို့၏နတ်လည်းဖြစ်သည့် မြတ်စွာဘုရားရှင်၏ မဟာကရုဏာတော်ဖြင့် ပေါ်ပြဆုံးမခဲ့သော စကားများအရ ယခုကျွန်ုပ်မှာလည်း ဓာတ်လေးပါး မညီမျှသဖြင့် သွေးဝမ်းသွား (သွေးဒူလာ) နေခြင်းဝေဒနာကို အပြင်းအထန် ခံစားခဲ့ရသည့်ကာလမှာ (၃) လ၊ ရက်ပေါင်း(၉၀) တိုင်အောင် သင်ခန်းစာပေးပြီးခဲ့ပါပြီ။

ယခု ဝေဒနာမှာ သက်သာရာရလာပြီ ဖြစ်ပါသည်။ ဝေဒနာခံစားရချိန် (၃) လတာတွင် ကျွန်ုပ်လွန်စွာဝါသနာကြီးသော စာရေးခြင်းကို မရေးနိုင်ခဲ့ပါ။ ကြိုးစားပြီး ဘောလ်ပင်ကိုင်မရ၍ မလွှဲသာတော့ဘဲ နားနေရခြင်း ဖြစ်ပါသည်။

ကျန်းမာလာပြီဖြစ်၍ စာရေးရန်ကိစ္စကို ဦးစွာပင်စဉ်းစားမိပါတော့သည်။ မကျန်းမာစဉ်ကာလအတွင်း အနီးကပ်ပြုစုစောင့်ရှောက်ပေးခဲ့ကြသော မိသားစုဝင်များနှင့် ကျွန်ုပ်အတွက် အာဟာရပြည့်စုံစေရန် လာရောက် ပေးပို့ခဲ့ကြသော တပည့်များအားလုံးကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်လိုပါသည်။

နောက်ထိုထိုပုဂ္ဂိုလ်များ၏ကျေးဇူးကြောင့် ယခုကျွန်ုပ်စာရေးချိန်တွင် ခုနစ်နေ့သားခုနစ်နေ့သမီးအများစုမှာ စားဝတ်နေရေးဒုက္ခဘေးနှင့်ကြုံနေကြရာမှလွတ်မြောက်နိုင်ကြစေရန်အတွက် သုံးလောကသခင် မြတ်စွာဘုရားရှင်ကို ဦးထိပ်တင်ပြီး ဉာဏ်တော်ခြောက်ပါးအကျိုးသွားကို အကျင့်စရဏပြုစေရန်နှင့် အဓိဋ္ဌာန်ဝင်ရောက်နိုင်ကြစေရန်ရည်သန်ပြီး ယခုဤစာစုကို ရေးသားလိုက်ရခြင်းပင် ဖြစ်ပါသည်။

(စာရေးသူ)

ပစ္စုပ္ပန်ကာလတွင် -

- ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားပြီး စာမေးပွဲထူးချွန်စွာ အောင်မြင်ကြရန်။
- အလုပ်အကိုင်ရှာဖွေသူများအဆင်ပြေစေရန်။
- လုပ်ငန်းခွင်ရောက်နေကြသူများ ဉာဏ်တိုးပွားပြီး ရာထူးတိုးနိုင်စေရန်။
- စီမံခန့်ခွဲကြရသူများအနေဖြင့် တိကျမှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ခြင်း၊ မိမိတို့ ဦးစီးရသော လုပ်ငန်း၊ စက်ရုံ အလုပ်ရုံနှင့်ပြည်ပနှင့်ဆက်သွယ်လုပ်ကိုင်ရသော လုပ်ငန်းရှင်ကြီးများတို့အနေဖြင့် မြင့်သည်ထက် မြင့်မားတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခြင်း။
- မိမိတို့၏စိတ်အာရုံရှိတိုင်း ကောင်းမှုကိစ္စအဝဝတို့ကို အောင်မြင်နိုင်ခြင်းတို့ အမှန်တကယ် ပြီးစီးအောင်မြင်မှုရစေသည့် ကျင့်စဉ်တစ်ခု ဖြစ်ပါသည်။

# ဘုန်းခေါင်

## အနိုင်းမဲ့ဂုဏ်ရှင် ရွှေဘုန်းတော်သခင်၏
## ဉာဏ်တော်(၆)ပါး အဓိဋ္ဌာန်သွားလျှင်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အနေဖြင့် ဦးစွာတင်ပြလိုသည့်အချက်မှာ မိမိလုပ်ကိုင်သောကိစ္စတွင် ရဲရင့်ပြတ်သားစွာဖြင့် ဆန္ဒပြင်းပြစွာဆောင်ရွက်ခြင်း၊ စိတ်ခိုင်မာစွာစွဲစွဲမြဲမြဲထားရှိခြင်း၊ ကြီးမားသောဝီရိယဖြင့် ဆောင်ရွက်ခြင်းစသည့် အမိက(၃)ချက်ကို ယုံယုံကြည်ကြည်ဖြင့် ဆုံးဖြတ်ပြီး ဆောင်ရွက်သင့်လှသည်။ မြတ်စွာဘုရားရှင်၏ စကားအတိုင်း ကျွန်ုပ်တို့အနေဖြင့် တိတိကျကျ အားပါးတရ ဆောင်ရွက်နိုင်ကြမည်ဆိုလျှင် အတိတ်ကံကို ပစ္စုပ္ပန်ကံတွေ ဂဟေဆက်ပြီး ဒိဋ္ဌအကျိုးပေးမည်ဖြစ်သည်ဟု ဆိုပါမည်။

**ဉာဏ်တော်ခြောက်ပါးအကျင့်များ**

၁။ နေ့စဉ် အချိန်မှန် ရွတ်ဖတ် ပူဇော်ခြင်း။

၂။ အဓိဋ္ဌာန်တင်၍ ဆောင်ရွက်ခြင်း (၂) မျိုး ဖော်ပြလိုက်ပါသည်။

က။ နေ့စဉ် အချိန်မှန် ရွတ်ဖတ်ပူဇော်ခြင်း - ပြုလုပ်လိုသူသည် နေ့စဉ်နေ့တိုင်းပြုမြဲဖြစ်သော နိစ္စဘတ်ဝတ်ဖြစ်ကြသည့် ဘုရားရှိခိုးချိန်တွင် ဉာဏ်တော်ခြောက်ပါးကို မိမိသဒ္ဓါဆန္ဒရှိသလို ရွတ်ဖတ်ပူဇော်ခြင်းကိုလည်း ဆောင်ရွက်နိုင်ကြပါသည်။

ခ။ အဓိဋ္ဌာန်ကျင့်စဉ်ကိုကျင့်ခြင်း- ဦးစွာ အဓိဋ္ဌာန်ရက်ရွေးခြင်းနှင့် ကာလသတ်မှတ်ခြင်း။

၁။ လဆန်းရက်တိုင်း၏ မိမိမွေးနေ့ (သို့) မိမိမွေးနေ့နှင့် မိတ်နံနေ့များတွင် စတင်နိုင်ပါသည်။

၂။ အဓိဋ္ဌာန်ကာလကို တစ်လ ရက်သုံးဆယ်တိတိ သတ်မှတ်ရပါမည်။ ရက်သုံးဆယ် အဓိဋ္ဌာန်ဝင်ရသည့် အကြောင်းမှာမူ မြတ်စွာဘုရားရှင်၏ လက်ဝဲရံနှင့် လက်ယာရံဖြစ်တော်မူကြသော အဂ္ဂသာဝက မဟာထေရ်ကြီးဖြစ်များကြသည့် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်နှစ်ပါးတို့သည် တန်ဆောင်မုန်းလပြည့်နေ့နှင့် လကွယ်နေ့တို့တွင် နိဗ္ဗာန်ဝင်စံပြီးဖြစ်၍ ရှင်နှစ်ပါးတို့အား အထူးကြည်ညိုသည့်အနေဖြင့် ရက် (၃၀) အဓိဋ္ဌာန်ဝင်စေလိုခြင်း ဖြစ်ပါသည်။

အဓိဋ္ဌာန်ကာလတွင် -

၁။ ဦးစွာပထမ -

ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက မြတ်စွာဘုရားရှင်တို့အားလုံး အပူဇော်ခံရန်အတွက် တပည့်တော်ကို သနားဇဲ့ညာသောအားဖြင့် ကြွရောက် ချီးမြှင့်တော်မူပါဘုရား။

☐ မိမိတို့သဒ္ဓါအာရုံအတိုင်း ဒါနမှုများ ပြုလုပ်နိုင်ကြပါသည်။

☐ မြတ်စွာဘုရားရှင်တို့အား ပင့်လျှောက်ပြီးလျှင်-

၁။ စတုလောကပါလနတ်မင်းကြီးလေးပါး၊

၂။ သိကြားဗြဟ္မာများ၊

၃။ ဝိဇ္ဇာလေးပါးနှင့်မဟိဒ္ဓိရှင်များ၊

၄။ ပါရမီဖြည့်ဖက်များတို့အား ဖိတ်ကြားပါ။

ဘုရားရှင်အားရှိခိုးကန်တော့ခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့သခြင်း၊ သစ္စာပြုအဓိဋ္ဌာန်တင်ခြင်း၊ ဆုတောင်းခံခြင်း။

**အဓိဋ္ဌာန်ပုတီးစိပ်ခြင်း**

ဉာဏ်တော်ခြောက်ပါးကို ပုတီးစိပ်ရန်အတွက် အောက်တွင် ဉာဏ်တော်များနှင့် ပုတီးစိပ်ရန် လမ်းညွှန်ကို ဖော်ပြထားပါသည်။

**ဉာဏ်တော်ခြောက်ပါးပုတီးစိပ်ဂါထာ**

က။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ ဗုဒ္ဓဂုဏ်သက္ကစ္စံ အဟံ ဝန္ဒာမိ။

ခ။ ပရစိတ္တ ဝိဇာနနဉာဏ်၊ ဗုဒ္ဓဂုဏ် သက္ကစ္စံ အဟံဝန္ဒာမိ။

ဂ။ ပုဗ္ဗေနိဝါသဉာဏ်၊ ဗုဒ္ဓဂုဏ် သက္ကစ္စံ အဟံဝန္ဒာမိ။

ဃ။ ဒိဗ္ဗစက္ခုဉာဏ်၊ ဗုဒ္ဓဂုဏ် သက္ကစ္စံ အဟံဝန္ဒာမိ။

င။ ဒိဗ္ဗသောတဉာဏ်၊ ဗုဒ္ဓဂုဏ် သက္ကစ္စံ အဟံဝန္ဒာမိ။

စ။ အာသဝက္ခယဉာဏ်၊ ဗုဒ္ဓဂုဏ် သက္ကစ္စံ အဟံဝန္ဒာမိ။

ထိုဉာဏ်တော်ခြောက်ပါးဂါထာတော်ခြောက်ပုဒ်ကို ဂါထာတစ်ပုဒ်လျှင် ပုတီးတစ်လုံးချပြီး (၁၀၈) လုံး ဂုဏ်တော်တစ်ပတ်စိပ်ရန် ဖြစ်ပါသည်။

ဉာဏ်တော်ခြောက်ပါး ဂါထာခြောက်ပုဒ်ဖြစ်၍ ပုတီး (၆) ပတ်စိပ်ရမည် ဖြစ်ပါသည်။

ထိုသို့ အဓိဋ္ဌာန်ဝင်ရောက်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် အဓိဋ္ဌာန်ရောက်သည်မှ စတင်ပြီး တစ်နေ့တခြား သိသာထင်ရှား အရာရာတိုးပွားလာကြမည်ဖြစ်ပါသည်။

**အဓိဋ္ဌာန်ဝင်ပြီးချိန်တွင် သစ္စာပြု၍**

၁။ မိမိလိုသောဆုကို တောင်းခံခြင်း (ဆုပန်ခြင်း)၊

၂။ ဝေနေယျများအားလုံးကို မေတ္တာပို့သခြင်း၊

၃။ (၃၁) ဘုံသား ဝေနေယျသတ္တဝါများစွာတို့အား ကုသိုလ်အမျှပေးဝေခြင်း၊

၄။ ပင့်ဖိတ်ထားသူများအား နေရပ်ဌာနသို့ ပြန်လည်ပေးပို့ရခြင်းတို့ ပြုလုပ်ကြရန် ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်ကြသူများအနေဖြင့် နေ့စဉ် အဓိဋ္ဌာန်ဝင်ရောက်စဉ် အချိန်ကာလတွင် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်ကြသော တောကြီးသုံးတောနှင့် တောင်ကြီးသုံးတောင်တို့ကို ပေါ့ပါးစွာ ကျော်ဖြတ်နိုင်ခြင်း၊ ဣန္ဒြေငါးပါးတို့နှင့် ပြည့်စုံခြင်း၊ သီလအားဖြင့်လုံခြုံခြင်း စသည့် ပါရမီများကို ဖြည့်ဆည်းရာရောက်နေပါပြီ။

နောက်အဓိဋ္ဌာန်ကာလပြီးဆုံးတိုင်း သစ္စာကိုက်ဖြစ်နေပြန်ပါတော့သည်။ နေ့စဉ်ပြုရသော ဒါနမှုကုသိုလ်စေတနာတို့နှင့် ပြည့်စုံနေသည်ဖြစ်၍ ဘုန်းတန်ခိုးကြီးမားခြင်း၊ လောကီဥစ္စာစီးပွားများ တိုးပွား၍ ကြွယ်ဝခြင်းနှင့် ချမ်းသာခြင်းတို့ကိုဖြစ်စေခြင်းသည် ဒေသနာတော်လာ စာစကားအရ -

၁။ စင်ကြယ်သောဒါနကြောင့်

၂။ မှန်ကန်သောသစ္စာကြောင့်

၃။ အကျင့်သီလတို့ကြောင့် ဖြစ်ကုန်သည်ဟု ဖော်ပြထားပါသည်။

(သံ-၂ ၅၀၇ ၌လာသော ကုသလသုတ်)

ကျွန်ုပ်အနေဖြင့် သက်ရှည်ကျန်းမာနေသရွေ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအတွက် အကျိုးများဖွယ်ကျင့်စဉ်များ၊ အဓိဋ္ဌာန်များတို့ကို ဓမ္မဒါနအလို့ငှာ ပညာပါရမီအကျိုးဆက်အတွက် အခွင့်သင့်သလို ဆက်လက်ရေးသားပြီး မြတ်စွာဘုရားရှင်ကို အမှူးထား၍ ဆရာသခင်များအားလုံးကို ကံသုံးပါးအလုံးစုံဖြင့် ကန်တော့လိုက်ရပါတော့သည်။

စာချစ်သူ မိတ်ဆွေများခင်ဗျား။ သဒ္ဓါရှေ့ထားပြီး ကြိုးစားအားထုတ်ကြပါဟု ထပ်ဆင့်၍ ဆန္ဒပြုလိုက်ပါသည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

ဘုန်းခေါင်

www.burmeseclassic.com

www.burmeseclassic.com



လှမြင့်(ရန်ကုန်တက္ကသိုလ်)

# ရှင်ဥတ္တမကျော်ဆရာတော်၏ ဗုဒ္ဓဂုဏ်တော်

မြန်မာ့စာပေသမိုင်းတွင် အင်းဝခေတ် ပေလေးပင်၊ ရှင်လေးပါး၌ တစ်ပါး အပါအဝင်ဖြစ်သည့် ရှင်ဥတ္တမကျော်ဆရာတော် မြန်မာနှစ် ၈၁၅-၉၀၄ ခုနှစ်သည် အင်းဝတတိယမင်းခေါင်လက်ထက်တွင် အင်းဝနေပြည်တော်၌ သီတင်းသုံးနေထိုင်ရသည်ကို 'အရညကင် တောတွင်းနေသလောက် မပျော်မနှစ်သက်ကြောင်း' မိန့်တော်မူ၍ မိမိ၏ ဇာတိတောင်တွင်းကြီးမြို့သို့ ပြန်လည်ကြွမြန်းသီတင်းသုံးခဲ့သည်။ တောင်တွင်းကြီးမြို့တွင် တောရဆောက်တည် သီတင်းသုံးနေတော်မူစဉ် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို ဦးထိပ်ထားလျက် မြတ်စွာဘုရားရှင်၏ ကပိလဝတ်ပြည်သို့ ဆင်တော်မူရာ၌ လောကဓာတ်အားလုံး ညွှတ်ပျောင်းပူဇော်ဟန်ကို ပြဆိုသော တောလားရတုရှစ်ပုဒ်နှင့် မိမိ၏ ဘုရားဆုတို့ ပန်ဆိုကြောင်း ပြဆိုသော ရတုတစ်ပုဒ် ပေါင်း ရတုကိုးပုဒ်ကို ရေးသားဖွဲ့ဆိုခဲ့သည်။ ထိုရတုကိုးပုဒ်သည် မြန်မာ့စာပေလောကတွင် ရှင်ဥတ္တမကျော်တောလားကိုးပုဒ် ဟူ၍ ထင်ရှားကျော်ကြားခဲ့သည်။

ရှင်ဥတ္တမကျော်တောလား ကိုးပုဒ်သည် မြန်စွာဘုရားရှင်၏ ကပိလဝတ်ပြည်သို့ ကြွသွားတော်မူချိန်၌ ခရီးလမ်း၏ သာယာခြင်း၊ ရာသီဥတု၏သာယာခြင်း၊ သဘာဝတောတောင်၊ သစ်ပင်ပန်းမန်များ၊ ကျေးငှက်သရကာနှင့် တောတွင်းသတ္တဝါများ၊ နတ်ဗြဟ္မာများက တောလမ်းတစ်လျှောက်တွင် ဘုရားရှင်အား ရှိခိုးပူဇော် ဦးခိုက်ကန်တော့ကြပုံများဖြင့် တန်ဆာဆင် ရေးဖွဲ့ထားသည်။ အထူးသဖြင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်အနန္တကို ဖော်ကျူးဖွဲ့ဆိုခဲ့၏။ ဂေါတမမြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို သကျသာကီဝင်မင်းမျိုးမှ ပွင့်တော်မူသော မြတ်စွာဘုရား၊ အနန္တဂုဏ်အင်သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရေမီးအစုံပွင့်သော ယမကပြာဋိဟာတန်ခိုးနှင့်လွှင့်ထူသော မြတ်စွာဘုရား၊ ရောင်ခြည်ခြောက်သွယ် ဘဝဂ်ကယ်မျှ လျှံလည်တော်မူသော မြတ်စွာဘုရား၊ သုံးလောကထွတ်ထား ပူဇော်အပ်သော မြတ်စွာဘုရား ဟူ၍ ဂုဏ်တော်အနန္တကို ချီးကျူး၍မကုန်နိုင်အောင် ကြည်ညိုလေးစား သဒ္ဓါပွားများဖွဲ့ဆိုထားသည်။

ဗုဒ္ဓမြတ်စွာဘုရားကို လေးစားကြည်ညိုသောသဒ္ဓါဟုန်ပီတိဟုန်ကြောင့် မိမိ၏အာရုံတွင် ထင်လာသမျှ၊ မြင်လာသမျှ၊ ပူဇော်လိုသမျှတို့ကို အထူးထူးအထွေထွေသော ကဗျာလင်္ကာ အညွန့်အဖူးတို့ဖြင့် ကြည်နူးနှစ်သက်ဖွယ်ကိုးသွယ်သော လင်္ကာကို ကိုးတန်သော ဂုဏ်အင်နှင့် ကိုက်ညီအောင် ရည်ရွယ်ကာ ရှင်ဥတ္တမကျော်တောလား ကိုးပုဒ်ဟူ၍ ကမ္ပည်းမော်ကွန်းထိုးခဲ့သည်။

တောလားကိုးပုဒ်၏ ပထမဆုံးလင်္ကာတွင် တာသကြိန်တန်ခူးလတွင် တော်တောင်အတွင်း၌ ပွင့်ဖူးနေကြသော သစ်ပင်ပန်းမန်တို့၏ မြတ်စွာဘုရားရှင်ကို ပင်မြင့်၊ ပင်လတ်၊ ပင်ပြတ်၊ ပင်စောက်မကျန် ဖူးညွှာက်ကိုက်နှုတ်ဖြင့် ဦးခိုက်ပူဇော်ကြပုံကို -

*'မဟာလှေကား၊ ဆတ်သွားရင်ခတ်၊ ခိုင်ညွတ်ကံ့ကော်၊ ထိုထိုသော်လည်း၊ တော်သကြိန်ဝင်၊ သည်သဘင်၌၊ ညွန့်ရှင်လုလု၊ ဂုဏ်ကင်းပြုလျက်၊ မာန်ပုံဖက်၍၊ မင်းထက်မင်းဖျား၊ တို့ဘုရားကို၊ ညွတ်တွားသဒ္ဒါ၊ ဖူးပွင့်လာ၏"*

ဟူ၍ ဖွဲ့ဆို၍ ဗုဒ္ဓ၏ဂုဏ်တော်မြတ်ကို 'မင်းထက်မင်းဖျား၊ တို့ဘုရား' ဟု ဦးခိုက်ရိုကျိုးဖွဲ့ဆိုခဲ့၏။

ဒုတိယလင်္ကာတွင် ရှင်ဥတ္တမကျော်ဆရာတော်သည် မြတ်စွာဘုရား၏ ဘုန်းတော်၊ ဂုဏ်တော်တို့သည် ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ် တည်းဟူသော ခေတ်သုံးပါး၌ နှိုင်းယှဉ်၍မရသော အနန္တဂုဏ်ရှင် သဗ္ဗညုတဘုရားသခင် ဖြစ်တော်မူကြောင်းကို -

*'စကြဝဠာ၊ အာဏာဇာတိ၊ ခေတ်ဝိသယ၊ နှိုင်းမမျှသား၊ အနန္တဂုဏ်၊ သဗ္ဗညု၏၊ ဘုံဘဝဂ်ဖျား၊ ဘုန်းတော်အားလည်း၊ ပျံ့ရှားကြိုင်သင်း၊ ထိန်ထိန်လင်းလျက်၊ ထုတ်ချင်းခတ်လျှို၊ တန်ခိုးမိုသောင်း'*

ဟူ၍ ပူဇော်ခဲ့သည်။

တတိယပိုဒ်လင်္ကာတွင် ဗုဒ္ဓ၏ဂုဏ်တော်သည် လောကသုံးပါးတွင် ဂုဏ်တော်ကိုးပါးနှင့် တဖြိုးဖြိုးပြည့်ဝနေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဘုန်းတော်၊ တန်ခိုးတော်ခြောက်ပါးနှင့်လည်း ပြည့်စုံသည်။ တဖိတ်ဖိတ်တောက်နေသော ရောင်ခြည်တော်ခြောက်ပါးသည်လည်း ဘဝဂ်တိုင်အောင် လှည့်လည်နေသည်။ ဉာဏ်ခြောက်ပါးနှင့်လည်း ပြည့်စုံတော်မူသည့် ထိုသို့သော ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်၏ အဆုံးအမြင် အစမထင်သော ကျေးဇူးတော်ဂုဏ်တို့ကို ကြည်ညိုသဒ္ဒါတို့ဖြင့် ဦးထိပ်ပန်ဆင်ရှိခိုးပူဇော်ပုံကို-

*'နဝဂ်ကိုး၊ ဂုဏ်တော်ဖြိုးသား၊ တန်ခိုးဘုန်းခြောက်၊ လျှံတောက်ရောင်ခြည်၊ ဘဝဂ်လည်မျှ၊ ခြောက်မည်ဉာဏ၊ သမ္ဗုဒ္ဓ၏၊ ဆုံးစမမြင်၊ ကျေးဇူးအင်ကို၊ ကြည်ထင်ရစ်ဝိုင်း၊ ရှိပန်လှိုင်း၍'*

ဟု ဖွဲ့ဆိုဦးခိုက်ခဲ့သည်။

တောလား၏ စတုတ္ထပိုဒ်တွင်မူ ဆရာတော် ရှင်ဥတ္တမကျော်သည် ဗုဒ္ဓဂုဏ်တော်ကိုဖွဲ့ဆိုရာ၌ ရှေ့ဦးကာလတွင် ကပိလဝတ်ပြည်သို့ ဗုဒ္ဓမြတ်စွာဘုရားကြွချီတော်မူရာတွင် တောနက်တောင်ကြား ချောက်ကမ်းပါးကြီးများကို ဖြတ်ကျော်ကာ တဖြည်းဖြည်း တရွေ့ရွေ့ ဒေသစာရီကြွချီတော်မူပုံ၊ နောက်ပါမထေရ် သံဃာတော်များကို ဦးဆောင်လျက် တင့်တယ်သပ္ပာယ်စွာသော အသရေနှင့် ကြွမြန်းတော်မူပုံ၊ တောလမ်းခရီးတွင် တောသားတောကောင်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်များ၊ နဂါး၊ ဂဠုန်၊ ဘီလူးများက ဦးခိုက်ပူဇော်ကြပုံတို့ဖြင့် တန်ဆာဆင် ဖွဲ့ဆိုလျက် 'တထာဂတ၊ နှိုင်းဆမမျှော်၊ မြတ်ရှင်တော်' ဟု ဝိသေသပြုခဲ့သည်။

ပဉ္စမမြောက်လင်္ကာတွင် မြတ်စွာဘုရား၏ဂုဏ်တော်ကို လောကသုံးပါးတွင် မြတ်စွာဘုရားထက် ကျော်လွန်သူမရှိ။ မြတ်စွာဘုရားသည် သကျသာကီဝင်မင်းမျိုး ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ရဟန်းမင်း ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် မာန်ငါးပါးကိုအောင်မြင်သူဖြစ်သည်။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို သိကြား၊ ဗြဟ္မာနှင့် နတ်များသည် ထက်သန်သော စေတနာဖြင့် ပူဇော်ကြပုံကို -

*'အနုတ္တရ၊ တိလောကဟု၊ သကျမုနိန်၊ မာရဇိန်ကို၊ ဣန္ဒာသက္က၊ ဒေဝသူရာ၊ ဗြဟ္မာမကျန်၊ ထက်သန်စေတနာ၊ ဖူးကြလှာသည်'*

ဟူ၍ လည်းကောင်း၊

*'ဘုန်းဟေ့မြတ်စွာ၊ စောသတ္ထာကို၊ ကြယ်တာရာများ၊ ဦးညွတ်တွားခဲ့'*

ဟူ၍လည်းကောင်း ဖွဲ့ဆိုခဲ့သည်။

ဆဋ္ဌမမြောက်လင်္ကာတွင် မြတ်သယမ္ဘူ ထွက်မုန်ကူဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သုံးဘုံလူနတ် သုံးလူထွတ်ထား ဖြစ်တော်မူကြောင်း၊ တရားနာပရိသတ်တို့အား တဏှာအမှောင်ကို အလင်းရောင်ဖြင့် ပယ်ခွာစေလျက်၊ ညွန်အဏ္ဏဝါဟူသော သံယောဇဉ်အဖြာဖြာတို့ကို ဉာဏ်တော်ဖြင့် ဖြတ်ချိုးလျက်၊ အဝိဇ္ဇာနှင့် မိစ္ဆာကို ကင်းငြိမ်းစေလျက် မဂ်ဖိုလ်သောင်ကမ်းသို့ ရွှေဖောင်တော်ဖြင့် ဆောင်ကြဉ်း ပို့ဆောင်ပေးတော်မူကြောင်းကို -

*'မြတ်သယမ္ဘူ၊ ထွတ်မုန်ကူလည်း၊ သုံးဘုံလူနတ်၊ ပရိသတ်ကို၊ ချေချွတ်ပေးကာ၊ ဒေသနာဖြင့်၊ ပယ်ခွာလွှင့်ဘိ၊ ဉာဏ်ဖြင့်ချိသော်၊ စေးညိုရောင်ဝါ၊ မှောင်တဏှာကို၊ ပယ်ခွာတွန်းလှန်၊ ဈာန်ဟုန်ပျံ့လျက်၊ ညွန်အဏ္ဏဝ၊ သြဃယောဂ၊ ဝဲမလှိုင်းယဉ်၊ သံယောဇဉ်ကို၊ ဖြတ်ရည်ပယ်ချိုး၊ မှောင်ပျိုးမိစ္ဆာ၊ သည်းလှစွာကို၊ ကင်းစေလို၍၊ မဂ်ဖိုလ်ကမ်းသောင်၊ ပို့ကြဉ်းဆောင်သည်'*

ဟူ၍ ဖွဲ့ဆိုခဲ့သည်။

သတ္တမမြောက်လင်္ကာတွင်မူ မဟာသကျ မုနိန္ဒဟု ခေါ်ဆိုသော မြတ်စွာဘုရားရှင်သည် အနန္တဂုဏ်ကျေးဇူးနှင့်လည်းကောင်း၊ သဗ္ဗညုတဉာဏ်နှင့်လည်းကောင်း၊ ဘဝဂ်ထိအောင်လှည့်လည်သော ရောင်ခြည်တို့နှင့် လည်းကောင်း၊ ထူးကဲမြတ်နိုး ရှိခိုးပူဇော်အပ်သဖြင့် လူ့ထွတ်ပရမေ သုံးလူ့ဆွေ၏ ဂုဏ်အမြုတေကို လည်းကောင်း၊ ဖူးမြင်၍ခိုးကျူး၍မဝနိုင်၊ မကုန်နိုင်ဖြစ်ရသည့် ဂုဏ်တော်မြတ်တို့ကို -

*'မဟာသကျ၊ မုနိန္ဒဟု၊ အနန္တဂုဏ်၊ သဗ္ဗညုလျှင်၊ ရေစုံမီးပွင့်၊ တန်ခိုးလွှင့်၍၊ ကဲမြင့်ရောင်ခြည်၊ ဘဝဂ်လည်သား၊ သုံးမည်လူနတ်၊ ပူဇော်အပ်သည်၊ လူ့ထွတ်ပရမေ၊ ဂုဏ်မြုတေကို၊ ရှုလေတိုင်းတုံ၊ ချီးမကုန်ခဲ့'*

ဟူ၍ ဖွဲ့ဆိုတင်ပြထားသည်။

အဋ္ဌမမြောက်လင်္ကာတွင် မြတ်စွာဘုရားရှင်သည် တန်ခိုးတေဇာများနှင့် ပွင့်အားသန်သော ရန်အံမျိုးမျိုးအနက် မာရ်ငါးပါးကိုပင် အောင်မြင်တော်မူသော ဘုန်းတန်ခိုးဂုဏ်တော်နှင့် ပြည့်စုံမှုကို-

*'ပျိုးတေဇရန်၊ ပွင့်အားသန်သည်၊ ငါးမာရ်အောင်လှစ်၊ စောရှင်ချစ်'*

ဟူ၍ ဝိသေသပြုဖွဲ့ဆိုခဲ့သည်။

နဝမမြောက်ဖြစ်သော နိဂုံးလင်္ကာတွင်မူ စာဆိုရှင်ဥတ္တမကျော်ဆရာတော်သည် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်ကို ဖူးမြင်ခွင့်ရရှိရန် ပါရမီဖြည့်ဆည်း လေ့ကျင့်မည် ဖြစ်ကြောင်း၊ အရိမေတ္တေယျဘုရားရှင် လက်ထက်တော်တွင် ဗောဓိလောင်းလျာအဖြစ် ဗျာဒိတ်ခံယူရန် ကြိုးစားအားထုတ်မည် ဖြစ်ကြောင်း ရေးဖွဲ့လျက် အရိမေတ္တေယျဘုရားရှင်၏ ဂုဏ်တော်မြတ်ကိုလည်း ရိုသေမြတ်နိုး ရိုးကျိုးစွာ ဦးထိပ်ပန်ဆင် ဖွဲ့ဆိုခဲ့သည်။

အရိမေတ္တေယျ ဘုရားရှင်သည် သီလဝင်သန်လျက်ကို ဘုန်းတန်ခိုးတော်ကြောင့် ရရှိသော ဇကရာဇ်မင်းကဲ့သို့ ပါရမီအဟုန်တော်ကြောင့် နိဗ္ဗာန်ပြည်ကြီးကို ရရှိမည့် သီလဝင်နိဗ္ဗာန်ရှင် ဖြစ်ကြောင်း -

*'နေ့ခင်းဖြစ်အလာ၊ မိတ္တေယျလျှင်၊ ရိန္ဒမာဓား၊ အသွားသုံးရွက်၊ ရိုးလက်ကစ်ကိုင်၊ အပြိုင်ငါးကြိမ်း၊ အိမ်နှင့်တကွ၊ ကျောက်မှပေါ်ထွက်၊ ရွှေဘုန်းဆက်သည်၊ သန်လျက်သီလဝင်၊ နိဗ္ဗာန်ရှင်'*

ဟူ၍ တင်စားဖွဲ့ဆိုခဲ့သည်။

ထို့ပြင် အရိမေတ္တေယျဘုရားရှင်သည် စာဆိုရှင်ဥတ္တမကျော်အား မဂ္ဂင်ရှစ်တန် လမ်းမှန်ခရီး နိဗ္ဗာန်ရွှေပြည်ကြီးသို့ရောက်စေရန် ရည်ရွယ်လျက် ဗျာဒိတ်တော်ပေးမည့်အကြောင်းကိုလည်း -

*'မဂ္ဂင်ရှစ်တန်၊ လမ်းမှန်ခရီး၊ ရပ်ကြီးသာစည်၊ ရောက်အံ့ရည်၍၊ သုံးမည်ပရမေ၊ ဗျာဒိတ်ခြွေသား၊ သပြေကျွန်းသာ၊ နောင်အခါဝယ်၊ သည်ညာသမုတ်၊ ပညတ်ထုတ်သည်၊ ဥတ္တမကျော်၊ ထေရ်မြတ်သော်လည်း၊ အဟောနောင်လာ၊ ငါ့ရိုက်ရာကို၊ သစ္စာဖူးငုံ၊ ပွင့်အံ့တုံဟု၊ ကိုးဂုဏ်ရှင်ပင်၊ ချီးအံ့တင်သည်'*

ဟူ၍ ဥဒါန်းနိမိတ်ယူ ဖွဲ့ဆိုတော်မူခဲ့ပါသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**


၁။ ရှင်ဥတ္တမကျော်တောလား (ရှင်ဥတ္တမကျော်)


၂။ သဘာဝအသွင်နှင့် ရှင်ဥတ္တမကျော်အမြင် (တက္ကသိုလ်မောင်မောင်ကြီး)

၃။ စာဆိုတော်များအတ္ထုပ္ပတ္တိ (မောင်သုတ)




www.burmeseclassic.com

www.burmeseclassic.com




မဟာဗောဓိတစ်ထောင်ဆရာတော်ကြီး၏ခယောင်းလမ်းမှသည်နှင့်ဘဝသမိုင်းမှတ်တိုင်များ

# လေးကျွန်းစကြာရပ်တော်မူဘုရားကြီး၏ သမိုင်းမော်ကွန်း


**ရင်ပြင်တော်ကြီး**

လေးကျွန်းစကြာရပ်တော်မူဘုရားကြီးကို ပိုမိုသပ္ပာယ်ကြည်ညိုဖွယ်ဖြစ်စေတာကတော့ ကြီးမားကျယ်ပြန့်တဲ့ ရင်ပြင်တော်ကြီးပဲ ဖြစ်ပါတယ်။ ရင်ပြင်တော်ကြီးကို အဆင့် (၃) ဆင့်နဲ့ တည်ဆောက်ထားပြီး ရင်ပြင်တော်ကြီးရဲ့ အဝင်ဝ ပထမအဆင့်ရဲ့ဝဲ၊ ယာမှာ နဂါးကြီး (၂) ကောင် ရှိနေပါတယ်။ ရင်ပြင်တော်ကြီးရဲ့ အရံအတားကို စိန်တောင်များနဲ့ ပိုင်းခြားလို့ထားပါတယ်။ ပထမအဆင့်ရင်ပြင်တော်မှာတော့ လေးကျွန်းစကြာရပ်တော်မူဘုရားကြီးရဲ့ သမိုင်းမော်ကွန်းကို အင်္ဂလိပ်၊မြန်မာနှစ်ဘာသာနဲ့ ရေးထိုးထားတဲ့ ကမ္ပည်းကျောက်စာတိုင်၊ အင်ကြင်းကျောက်ဥယျာဉ်၊ ခေါင်းလောင်းတော်ကြီး (၂) လုံးနဲ့ ဆွမ်းသပိတ်၊ ရေသပိတ်ကြီး (၂) လုံး ရှိပါတယ်။

**ရင်ပြင်တော်ကျောက်ပြားများ**

ရင်ပြင်တော်ကြီးတစ်ခုလုံးကို ခင်းထားတဲ့ကျောက်ပြားတွေဟာ လှိုင်ကော်ကထွက်တဲ့ သဘာဝကျောက်ပြားကြီးတွေ ဖြစ်ပါတယ်။ အဲဒီကျောက်ပြားကြီးတွေရဲ့သမိုင်းကလည်း စိတ်ဝင်စားစရာပါပဲ။ အဲဒီအကြောင်းကို ဦးအောင်ပို (အိမ်ဖြူတော်၊ ဗုဒ္ဓရွှေကျောင်းဒကာ ဦးမှတ်ဝင်းရဲ့သား) က ကျွန်တော့်ကို ပြောပြခဲ့ပါတယ်။

"ကျွန်တော်က စက်မှု (၁) က လူ




အပေါ်စီးမြင်ကွင်း(ဗီဒွာဂူ)




www.burmeseclassic.com

www.burmeseclassic.com



နေ့မြင်ကွင်း



ညမြင်ကွင်း

ကြီးတွေနဲ့ အလွန်ရင်းနှီးပါတယ်။ ဘာကြောင့်လဲဆိုတော့ လှိုင်ကော်ကျောက်ပြားတွေ ဈေးကွက်မှာ အရောင်းသွက်အောင် ကျွန်တော်က တော်တော်လေး အကူအညီပေးခဲ့ပါတယ်။ ရင်ပြင်တော်ကြီးကို ကျောက်ပြားခင်းမယ်ဆိုတော့ ကျွန်တော်က ဆရာတော်ကို -

'ဆရာတော်၊ ရင်ပြင်တော်ကို ခင်းဖို့ ကျောက်ပြားတွေ စက်မှု (၁) ဝန်ကြီးဌာနက ရမယ်။ ဈေးလည်းသက်သာတယ်။ တပည့်တော်နဲ့လည်း ရင်းနှီးခင်မင်ကြတယ်။ တပည့်တော် ရအောင်လုပ်ပေးပါရစေ'

လို့ ဆရာတော်ကို လျှောက်ခဲ့တယ်။ အဲဒီတော့ ဆရာတော်က-

'အေး - ကောင်းတယ်၊ ကောင်းတယ်'

လို့ မိန့်တယ်။

ဒါနဲ့ ကျွန်တော် ရန်ကုန်ပြန်ရောက်တော့ စက်မှု (၁) က လူကြီးတွေနဲ့တွေ့ပြီး ကျောက်ပြားတွေဝယ်ဖို့ စီစဉ်တယ်။ အဲဒီတုန်း ဆရာတော်ဆီက ဖုန်းဆက်လာတယ်။

'ကျောက်ပြားတွေ မဝယ်နဲ့တော့'

တဲ့။ ဘာကြောင့်လဲဆိုတော့-

'ဈေးများတယ်' လို့ မိန့်တယ်။

အဲဒီလို ကြားလိုက်ရတော့ ကျွန်တော် စိတ်သိပ်ထိခိုက်သွားတယ်။ ငါကံဆိုးလိုက်တာပေါ့။ ကိုယ်ဟာကိုယ်ပြောမိတယ်။ မိသားစုကိုတောင် အဲဒီကိစ္စပြောမပြဘူး။ ကျောက်ပြားတွေက အစိုးရဆီက အစိုးရဈေးနဲ့ရမှာ။ ဘာကြောင့် ဈေးများတယ်လို့ပြောပါလိမ့်။ ကျွန်တော် ဟိုတွေးဒီတွေး လျှောက်တွေးနေမိတယ်။




ကမ္ပည်းကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်



ရင်ပြင်တော်အရံအတားစိန်တောင်များ



ရင်ပြင်တော်အတက်နဂါးများ(ဘယ်ညာ)

ဒါနဲ့ ကျွန်တော် စက်မှု (၁) ဝန်ကြီးဌာနက လူကြီးတွေနဲ့ ချက်ချင်းသွားတွေ့တယ်။ သူတို့ဆီက ကျွန်တော် တစ်ခါမှ အကူအညီမတောင်းခဲ့ဘူး။ ဒီတစ်ခါတော့ ကျွန်တော့် ကိုယ်ရေးကိုယ်တာ မဟုတ်ဘဲ သာသနာကိစ္စမို့ သူတို့ဆီက အကူအညီတောင်းခဲ့တယ်။

ကျွန်တော့်ကို ကူညီပေါ့ဗျာ။ အစိုးရဆီမှာ ဈေးဆစ်လို့မရဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမယ့် ဈေးလျှော့ပါဦးပေါ့။

အဲဒီလို ကျွန်တော်မေတ္တာရပ်ခံတော့ သူတို့ တွက်ချက်ကြပြီး (၅) ရာခိုင်နှုန်း လျှော့ပေးပြန်တော့ ကျွန်တော်က ထပ်ပြီးအဆစ်တောင်းပြန်တယ်။

ကျောက်ပြားတွေကပ်ဖို့ ဘိလပ်မြေလိုသေးတယ်။ အဲဒီတော့ ဘိလပ်မြေပါ တွဲပြီးရောင်းပေးပါဦးလို့ ဈေးဆစ်တာကို သူတို့ လက်ခံကြတယ်။

ဒါပေမယ့် ကျွန်တော် နောက်ဆုံးတောင်းတဲ့ အကူအညီကိုတော့ သူတို့အားလုံး အခက်တွေ့သွားကြတယ်။ အဲဒီအကူအညီကို သူတို့ရဲ့ လုပ်ပိုင်ခွင့်ဘောင်ထဲကပေးလို့ မရနိုင်ဘဲ ဖြစ်နေတယ်။

ကျွန်တော်နောက်ဆုံးတောင်းတဲ့ အကူအညီက အဲဒီကျောက်ပြားနဲ့ ဘိလပ်မြေတွေကို ကြွေးရောင်းပေးဖို့ပါပဲ။

ကျွန်တော့်မှာ အဲဒီပစ္စည်းတွေအ



မျက်နှာကြက်ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com

တွက် ပေးချေစရာငွေ လောလောဆယ် မရှိသေးပါဘူး။ အဲဒီငွေကို မဆုံးစေရပါဘူး။ ကျွန်တော့်ဘဝနဲ့ရင်းပြီးဆပ်ပါ့မယ်၊ အဲဒါကူညီကြပါဦးဗျာလို့ ကျွန်တော် တောင်းပန်တယ်။

'အဲဒီကိစ္စက ကျွန်တော်အဆင့်နဲ့ မတတ်နိုင်ဘူး အောင်ပို။ ဒါပေမယ့် ကျွန်တော်တို့ ဝန်ကြီးဆီကို တင်ပြပေးပါမယ်လို့ ပြောတယ်။ ပြီးတော့ အကြောင်းအကျိုးဖော်ပြပြီး ဝန်ကြီးဆီကို ချက်ချင်းစာတင်ပေးတယ်။ အဲဒီစာကိုလည်း ကျွန်တော့်ကို ပြတယ်။ အဲဒီလိုလည်း စာတင်လိုက်ရော ဝန်ကြီးက ကြွေးရောင်းဖို့ ချက်ချင်း ခွင့်ပြုလက်မှတ်ထားပေးလိုက်တယ်။

'ခင်ဗျား တော်တော်ကံကောင်းတယ် ဦးအောင်ပိုတဲ့။ ခင်ဗျားရဲ့ ဖြူစင်တဲ့ စေတနာဟာ ခင်ဗျားကို အကျိုးပေးတာပဲတဲ့။ ကျွန်တော် ဝမ်းလည်းဝမ်းသာ၊



ကမ္ဘောဒီးယားအထပ်




ကိုရီးယားအထပ်





တိုင်ပန်းချီ





ဆင်းတုတော်များမှ



www.burmeseclassic.com

www.burmeseclassic.com

အုံအားလည်းသင့်သွားခဲ့တယ်။ ဝန်ကြီးနဲ့ ခွင့်ပြုမိန့်လည်းရရော ကျောက်ပြားတွေကို ကားတွေနဲ့ ဗောမီတစ်ထောင်ပို့တော့တာပဲ။ ကျွန်တော် အဲဒီလို သတ္တိရှိရှိစွန့်စားပြီးလှူခဲ့တာပါ။ နောက်တော့ ဆရာတော်က အဲဒီကျောက်ပြားဖိုးတွေကို ရှင်းပေးလိုက်ပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ကြွေးမတင်တော့ဘူးပေါ့ဗျာ"

လို့ ဦးအောင်ပို (အိမ်ဖြူတော်)က လေးကျွန်းစကြာရပ်တော်မူဘုရားကြီး ရင်ပြင်တော်ကျောက်ပြားသမိုင်းကို ပြောပြခဲ့ဖူးပါတယ်။

**ထန်းလုံးတိုင်ကြီးများ**

"တစ်နေ့မှာ ဆရာတော်ခေါ်လို့ ကျုပ် ဆရာတော်ဆီ ရောက်သွားတယ်။ ဆရာတော်က ကျုပ်ကို ဘာမိန့်သလဲဆိုတော့-

'ဝင်း၊ ငါ ထန်းလုံးတွေ လိုချင်တယ်ဟ။ မင်းရအောင် လုပ်ပေးလို့ ရလေား' တဲ့။

အရှင်ဘုရား၊ ထန်းလုံးတွေက ဘာအတွက်လဲဆိုတော့ 'ရင်ပြင်တော်ကြီးရဲ့ဘေးမှာစိုက်ပြီး ကွန်ကရစ်လောင်းမှာ'တဲ့။

ဒါနဲ့ ကျုပ်လည်း ရှာထဲသွား အလှူခံပြီး နောက်တစ်နေ့မှာ ဆရာတော်ဆီ ထန်းလုံးတွေသွားပို့တယ်။ ဆရာတော်က အံအားလည်းသင့်၊ အရမ်းလည်း ဝမ်းသာသွားတယ်။

'ဝင်း၊ မင်းတယ်ဟုတ်ပါလားဟဲ့။ ထပ်လိုချင်ရင် ရဦးမလားတဲ့'။

တင်ပါ့ဘုရား၊ ရနိုင်ပါတယ်ဘုရားလို့ ဆရာတော်လျှောက်ပြီး ထန်းလုံးတွေအတော်များများထပ်အလှူခံပေးခဲ့ရတယ်။ ဆရာတော်တို့များ အရမ်းစိတ်ကူးကောင်းတာ။ အဲဒီထန်းလုံးတွေက နှစ်ပေါင်းကြာတော့ ထန်းကျောက်တွေ ဖြစ်သွားရော"

လို့ နာယကဆရာတော်ဦးဩဘာသ (ဩပဋ္ဌင်းဖြိုး)ရဲ့ညီ ဦးဝင်း (ခတာကွန်တောင်ရွာ)က ကျွန်တော့်ကို ပြောပြခဲ့ဖူးပါတယ်။

**ထူးထူးခြားခြားလိုဏ်ဂူရုပ်ပွားတော်များ**

ဘုရား၊ ပုထိုး၊ စေတီများ တည်တော်မူတဲ့အခါမှာ အတွင်းလိုဏ်ခေါင်းပါတဲ့ပုံကို ဆရာတော်ကြီးဟာ အလွန်နှစ်သက်တော်မူပါတယ်။ ဒါကြောင့် ကျောင်းစကြာတည်တဲ့အခါမှာ တနင်္ဂနွေထောင့်ကနေပြီး အထက်ခေါင်းလောင်



ထန်းလုံးတိုင်များရိုက်ထုပုံ


ထန်းလုံးများ အလှူခံပေးသော ဦးဝင်း


အပေါ်စီးမြင်ကွင်း(ဆည်တော်ကြီး)



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်ထည့်ဆောက်နေပုံများ



ဦးအောင်ဝိုး(အိမ်ဖြူတော်၊ ရန်ကုန်)

ထိအောင် တက်ရောက်လို့ရတဲ့ လိုဏ်ခေါင်းဖောက်လုပ်ထားခဲ့တယ်။ လျှောင်းတော်မူကြီး တည်တဲ့အခါမှာလည်း လျှောင်းတော်မူကြီးရဲ့ နောက်ကျောဘက်ကနေပြီး ဘုရားရဲ့ကိုယ်လုံးတော်ထဲကို ဝင်လို့ရတဲ့ ဝင်ပေါက်တစ်ခုဖောက်ထားခဲ့ပါတယ်။ လေးကျွန်းစကြာရပ်တော်မူဘုရားကြီး တည်တဲ့အခါမှာလည်း တောင်ဘက်၊ မြောက်ဘက်ကနေပြီး ကိုယ်လုံးတော်ထဲကို ဝင်ရောက်နိုင်တဲ့ ဝင်ပေါက် (၂) ပေါက် ဖောက်ထားခဲ့ပါတယ်။ အဲဒီဝင်ပေါက် (၂) ပေါက်က ဝင်ခဲ့ရင် ဘုရားကြီးရဲ့ ကိုယ်လုံးတော်ထဲကို ရောက်ရှိနိုင်ပါတယ်။

ဘုရားကြီးရဲ့ ကိုယ်လုံးတော်ထဲမှာ ဦးခေါင်းတော်အထိ အထပ်ပေါင်း (၂၇) ထပ် ရှိပါတယ်။ တစ်ထပ်ကနေပြီး နောက်တစ်ထပ်ကို အလွယ်တကူ တက်နိုင်အောင် ကြီးမားကျယ်ဝန်းတဲ့ ကျွန်းလှေကားကြီးတွေကို တပ်ဆင်ထားပါတယ်။ ကိုယ်လုံးတော်ရဲ့ (နံရံ)ပတ်လည်မှာ လေဝင်ပေါက်တွေ၊ အလင်းပေါက်တွေ ဖောက်ထားတဲ့အတွက် လေဝင်လေထွက်ကောင်းပြီး အလင်းရောင်ကို ကောင်းစွာရရှိနိုင်ပါတယ်။

အဲဒီ လေဝင်ပေါက်၊ အလင်းပေါက်တွေက လှမ်းမျှော်ကြည့်လိုက်ရင် ဗောဓိတစ်ထောင်သာသနာ့နယ်မြေမှာ ရှိတဲ့ ဘုရားတန်ဆောင်း၊ ကျောင်းကန်ဇရပ်တွေ၊ စိမ်းလန်းစိုပြည်တဲ့ ဗောဓိပင်တွေ၊ ဗောဓိပင်တွေအောက်မှာ သီတင်းသုံးနေတဲ့ ဗုဒ္ဓဆင်းတုရုပ်ပွားတော်တွေကို မြင်တွေ့ရပြီး ကြည်နူးသဒ္ဓါပွားရပါမယ်။ တိမ်မြူကင်းစင်တဲ့ကာလမျိုးတွေမှာဆိုရင် တစ်ခုသော ဘဝဟောင်းက မဟာဗောဓိတစ်ထောင်ဆရာတော်ကြီးရဲ့ ကုသိုလ်တော် ကောင်းမှုတော်စေတီကြီးကို ရွှေရောင်တဝင်းဝင်းနဲ့ ဖူးမြော်ကြည်ညိုနိုင်ပါတယ်။

**(၃၁) ဘုံ ရုပ်စုံပန်းချီ**

ရပ်တော်မူဘုရားကြီးရဲ့ ကိုယ်လုံးတော်အတွင်းရဲ့ နံရံတွေပေါ်မှာ (၃၁) ဘုံ (လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံနှင့် အပါယ်ဘုံ)ကို သရုပ်ဖော်တဲ့ နံရံဆေးရေးရုပ်စုံပန်းချီကားတွေ ရေးဆွဲထားပါတယ်။ ဒီအပြင် ရုပ်စုံပန်းချီကားတွေနဲ့ သက်ဆိုင်တဲ့ ပိဋကတ်ကျမ်းဂန်လာ ပုံညွှန်းစာများကိုလည်း ယှဉ်တွဲဖော်ပြထားပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်၊ အမြို့မြို့အရွာရွာက ဘုရားဖူးလာရောက်ကြတဲ့ ခုနစ်ရက်သားသမီးအပေါင်းဟာ နံရံဆေးရေးရုပ်စုံပန်းချီကားတွေကိုလည်း ကြည့်၊ ပုံညွှန်းစာတွေကိုလည်း ဖတ်ကြပြီး အသိတွေပွားကြရမှာ ဖြစ်ပါတယ်။ အဝိဇ္ဇာနဲ့ တဏှာကို အရင်းခံပြီး ဥပါဒါန်အစွဲတွေ စုန်ဆန်မျောနေပုံကိုလည်း သတိပြုမိကြပါလိမ့်မယ်။ ကုသိုလ်နဲ့ အကုသိုလ်ရဲ့ အကျိုးပေးကောင်းပုံ၊ အကျိုးပေးဆိုးပုံတွေကိုလည်း ဆင်ခြင်မိကြမှာ အမှန်ဖြစ်ပါတယ်။

**ရုပ်စုံပန်းချီဆရာ ကြာပိုင်ရွာက ဦးစမ်းညို**

"ဇာတ်ညွှန်းက ဦးခေမာစာရ၊ ကျုပ်က သရုပ်ဖော်ပေါ့ဗျာ"

လို့ အစချီပြီး ကြာပိုင်ရွာက စွယ်စုံရ အနုပညာရှင် ဦးစမ်းညိုက ကျွန်တော့်ကို အခုလို ပြောပြခဲ့ပါတယ်။

"ဗောဓိတစ်ထောင်ကို ကျုပ်စရောက်တော့ ကျုပ်အသက် (၅၀) လောက်ရှိပြီ။ ဓမ္မရုံသိကျောင်းဘုရားခန်း ပန်းချီကိုဆွဲရတာ။ ဆရာတော်နဲ့ ကျုပ်က မရင်းနှီးသေးဘူးဗျ။ ဆရာတော်က ကျုပ့်ဆွဲနေတာ မကြာခဏ လှစ်ခနဲ လှစ်ခနဲလာလာကြည့်လေ့ရှိတယ်ဗျ။

အဲဒါ ပထမအကြိမ်နော်။

ဒုတိယအကြိမ်က ဗုဒ္ဓမြကျောင်းဒကာ ကိုဖုန်းမြင့်၊ ဦးပဥ္စင်းဖြိုး (နာယက ဆရာတော် ဦးဩဘာသ) တို့နဲ့ အကြောင်းပြုပြီး ဗောဓိကို ပန်းချီဆွဲဖို့ ရောက်ခဲ့တာ။ ဦးပဥ္စင်းဖြိုးနဲ့ ကျုပ်က ငယ်ငယ်ကတည်းက အင်မတန်ရင်းနှီးကြတာ။ သူတို့က ဆရာတော်ရဲ့ဘဝဖြစ်စဉ်ကို ပန်းချီကားတွေဆွဲပြီး ဗုဒ္ဓမြကျောင်းမှာ ပူဇော်ချင်ကြတာ။

သူတို့က ကျုပ်ကို ဆရာတော်ဆီခေါ်သွားကြတာ။ ဆရာတော်က 'ဘယ်သူဆွဲမှာလဲ' လို့ မေးတော့ ကျုပ်ကို လက်ညှိုးထိုးပြတယ်။ ဒီကောင်လားကွတဲ့။ ခုဆွဲ ခုရတယ်။ ဆွဲပေ့တဲ့။


ကျုပ်က ဆရာတော်ကို အခုလို လျှောက်လိုက်တယ်ဗျ။


'ဆရာတော်၊ ပတ္တမြားဗိမာန်မှာ မုံရွာက ပန်းချီဆရာဦးဘတိုးဆွဲထားတဲ့ ဆရာတော်ရဲ့ပုံတွေရှိပါတယ် ဘုရား။ ကျောင်းက မိုးယိုတော့ ပန်းချီကားတွေ ပျက်တာပျက်၊ မှုန်တာမှုန် ဖြစ်နေပါတယ် ဘုရား။ အဲဒီပန်းချီကားတွေက ဆရာတော်ရဲ့ ဘဝဖြစ်တော်စဉ် ပန်းချီကားတွေပါပဲ ဘုရား။ တပည့်တော်ရဲ့ သဘောတော့ ဆရာဦးဘတိုးရဲ့ မူမပျက်ဘဲ သူ့မူအတိုင်း ပြန်ဆွဲချင်ပါတယ် ဘုရား'



www.burmeseclassic.com

www.burmeseclassic.com





နတ်ပြည်



မြေပွာဘုံ



ငရဲပြည်

လို့လည်း လျှောက်လိုက်ရော ဆရာတော်က ပြုံးပြီး ဘယ်လိုပြောလိုက်သလဲဆိုတော့ -

'အေး - ကောင်းတယ်၊ ကောင်းတယ်။ တပေါင်းလဆန်း ၁ ရက်နေ့မှာ အဲဒီပန်းချီကားတွေဖြုတ်ပြီး စဆွဲတော့တဲ့။ နေ့ကောင်းရက်မြတ်တောင် တစ်ခါတည်း ရွေးပေးလိုက်ပါရောဗျာ'

အဲဒါ ဒုတိယအကြိမ်ပေါ့ဗျာ။

ဆရာဦးဘတိုးရဲ့ မူမပျက်အောင် အတော်ကြိုးစားရေးရပါတယ်ဗျာ။ အခုဗုဒ္ဓမြကျောင်းမှာ ချိတ်ဆွဲထားတဲ့ ပန်းချီကားတွေဟာ မုံရွာဦးဘတိုးရဲ့ကားတွေကို ကျုပ်ပြန်ဆွဲထားတာပဲ။ အဲဒီအထဲမှာ နေမင်းကြီးဝင်လာတဲ့ပုံနဲ့မြင်ကွင်းကျယ်ပုံ (၂) ပုံကတော့ ကျုပ်အသစ်ဆွဲခဲ့ရတာ။

တတိယအကြိမ်က အောင်စကြာစေတီနားက ကိုးရီးယားကျောင်းဘုရားခန်းပန်းချီဗျ။ ဆရာတော်ခိုင်းလို့ ဆွဲခဲ့ရတာ။ ဆရာတော်က မနက်ဆိုရောက်လာပြီး လိုအပ်တာတွေကို ညွှန်ကြား အကြံပေးလေ့ရှိတယ်ဗျ။

အဲဒီ ကိုးရီးယားကျောင်းဘုရားခန်းပန်းချီဆွဲတော့ ကျုပ်က လက်ခ (၂) သောင်းလောက်မှန်းတာဗျ။ ဆရာတော်က လက်ခ (၁) သိန်းပေးတယ်။ အဲဒီအချိန်က တစ်သိန်းဆိုတာ မနည်းဘူးဗျ။ ဒါနဲ့ ဦးပဥ္စင်းဖြိုးပြောတော့ ခင်ဗျားကုန်ကျစရိတ်နဲ့ လက်ခစာရင်းလုပ်ပြီး ဆရာတော်ကို အပ်ဖို့မိန့်တယ်ဗျ။

စာရင်းချုပ်လိုက်တော့ (၅၃၀၀၀) ပိုတယ်ဗျ။ စာရင်းနဲ့ ပိုငွေ (၅၃၀၀၀) ကိုကပ်တော့ ဆရာတော်က (၃၀၀၀) ကို ရပ်တော်မူဘုရားကြီးလှူလိုက်။ (၅၀၀၀၀) မင်းယူ ဆိုပြီး စွန့်လိုက်တယ်ဗျ။

ဆရာတော် လိုအပ်တာရှိရင် တပည့်တော်ကို လှမ်းမှာလိုက်ပါဘုရားလို့ လျှောက်တော့ 'ရပ်တော်မူကြီးပြီးရင် (၃၁) ဘုံကို မင်းဆွဲရမှာ။ မင်းကိုခေါ်မှာ' လို့ မိန့်ခဲ့တယ်ဗျ။


ဆရာတော်က အဲဒီလိုမိန့်တော့ ကျုပ်က ကိုယ့်ဟာကိုယ်စဉ်းစားနေမိတယ်။ ရပ်တော်မူကြီးက ဘယ်တော့ပြီးမလဲမသိ။ ငါကလည်း သင်္ခါရသဘောအရ ဘယ်တော့သေမလဲ မသိပေါ့။ ဖြစ်ချင်တော့ ကျုပ်ကမသေ၊ ဆရာတော်က ပျံလွန်တော်မူပါရောဗျာ။ ဝမ်းနည်းလိုက်ပုံတော့ မပြောပါနဲ့တော့ဗျာ။ ဒေါ်သီဓမ္မာရုံမှာ ဒကာမတွေငိုကြတော့ ကျုပ်ကလည်း တော်တော်ငိုချင်တာ။ မနည်း

www.burmeseclassic.com





ပန်းချီပညာရှင်(၂)ဦး (ဗမာနိုင်ငံသား)



(၃၁)ဘုံသရုပ်ဖော်ဘုရားပုံ

စိတ်ကိုထိန်းထားရတယ်။ နောက်တော့ဗျာ။ ကျုပ်ကလည်း စိတ်မထိန်းနိုင်ဘဲ အားရပါးရကြီး ငိုချပစ်လိုက်တော့တာပဲ။

ရုပ်တော်မှုကြီးမှာ (၃၁) ဘုံ ရုပ်စုံ ပန်းချီတွေ ဆွဲတော့မယ်ဆိုတော့ ဦးပဥ္စင်းဖြိုးနဲ့ ဦးဣန္ဒကက ကျုပ်ကိုခေါ်တယ်။ လက်ခအကြောင်းပြောတော့ ကျုပ်က ကြေးမပြောနဲ့ ဘုရား။ ဆရာတော်က တပည့်တော်ကို ခိုင်းခဲ့တာပါ။ အရှင်ဘုရားတို့ စွန့်ချင်သလောက်သာ စွန့်ပါလို့ လျှောက်ခဲ့တယ်။ ခုချိန်ထိဆိုရင် (၅) နှစ်ကျော်သွားပြီပေါ့ဗျာ။

ပထမ (၁) နှစ်ပြီးတော့ ဦးဣန္ဒကက တစ်ထပ်တစ်ထပ်ကို အပြတ်ပေးမယ်လို့ မိန့်တယ်။ ကျုပ်ကကြေးမပြောပါဘူး။ အစကတည်းက အရှင်ဘုရားတို့ စွန့်ချင်သလောက်စွန့်ပါလို့ လျှောက်ခဲ့တာပဲ။ နာယကတွေ၊ ဂေါပကတွေနဲ့ ညှိပြီး စွန့်ပါလို့ လျှောက်တယ်။ ဒါနဲ့ တစ်ထပ်အပြတ် (၁၅) သိန်း သတ်မှတ်လိုက်တယ်။ တစ်ထပ်ကို အကြမ်းဖျင်း နှစ်လလောက်တော့ ဆွဲရတယ်။

စဆွဲတဲ့အချိန်တုန်းက ဦးခေမာစာရက အညွှန်းစာတွေပေးတယ်။ ကျုပ်က ပုံကြမ်းထုတ်ပြီးပြရတယ်။ ပြီးမှ အချောဆွဲရတာပေါ့။ ခုတော့ ပုံကြမ်းမပြရတော့ပါဘူး။ သူ့စာအညွှန်းအတိုင်း ကျုပ်ဆွဲလို့ရပါပြီ။

ထူးခြားတာကတော့ဗျာ။ ကျုပ်ဆွဲနေတဲ့အချိန်မှာ ဆရာတော်က ကျုပ်နားရှိနေပြီး စီစဉ်ညွှန်ကြားနေသလိုခံစားရတယ်ဗျ။ ဆွဲရတာ ဘာမှသိပ်အခက်အခဲမရှိဘူးဗျ။ သူ့ဟာသူအဆင်ပြေပြေပြီးသွားတာချည်းပဲ။တစ်ခုတော့ရှိတယ်။ ဗြဟ္မာဘုံဆွဲတဲ့အခါမှာတော့ တော်တော်ဂရုစိုက်ရတယ်။ ဗြဟ္မာတွေက သမာဓိအားကောင်းတယ်မဟုတ်လား။ ကာမဘုံကလွတ်နေတယ်လေ။ ဒီတော့ ခုခေတ်ဘိုးတော်တွေလိုပေါ့ဗျာ။ အဝတ်ကို အဖြူရောင်ဆင်ပေးရတယ်။ မျက်နှာကိုလည်း ဗြဟ္မာရဲ့ သမာဓိရှိပြီး တည်ကြည်တဲ့အမူအရာပေါ်လွင်အောင်ရေး ဆွဲရတာပေါ့ဗျာ။

နောက်ပြီးတော့ ထူးထူးခြားခြား ကြုံရတာတွေကလည်း ရှိသေးတယ်ဗျာ။ ဘုရားဖူးလာကြရင်းက ကျုပ် ပန်းချီတွေကို သဘောကျပြီး ကျုပ်ကို အလုပ်အပ်ကြတဲ့သူတွေ ရှိတယ်။

ဆရာကြီး ခင်ဗျားပန်းချီတွေကို သဘောကျတယ်တဲ့။- ခင်ဗျားကြိုက်သလောက်တောင်းပါ။ ကျုပ်တို့ဆီကို လိုက်ပြီး ပန်းချီကားတွေဆွဲပေးပါတဲ့။

ကျုပ်ကဘယ်လိုပြောလိုက်သလဲဆိုတော့ ခင်ဗျားတို့ ကျုပ်ကိုဘယ်လောက်ပဲကြေးပေးပေး ကျုပ်က မလိုက်နိုင်ပါဘူးဗျာ။ ဆရာတော်က ကျုပ်ကို သူ့ခန္ဓာဝန်မချခင်ကတည်းက ဒါတွေဆွဲဖို့ တာဝန်ပေးခဲ့တာ။ ဆရာတော်မိန့်မှာခဲ့တဲ့အတိုင်း ဒါတွေကို ပြီးတဲ့အထိ ကျုပ်က ဆွဲပေးရမှာ။ ခင်ဗျားတို့ ခေါ်တာမလိုက်နိုင်တဲ့အတွက် စိတ်တော့ မရှိပါနဲ့လို့ တောင်းပန်လိုက်တယ်။ အဲဒီတော့ သူတို့က ကျုပ်ကို သာဓု၊ သာဓု၊ သာဓုလို့ သာဓုခေါ်ပြီး သွားကြလေရဲ့ ဦးသက်တင်ရေ” တဲ့။

သုဇာလေး



www.burmeseclassic.com

www.burmeseclassic.com

၁၃၇၁ ခု၊ ဝါကျွတ်လဆန်း ၆ ရက် (၂၄-၉-၀၉)၊ ကြာသပတေးနေ့။


ထိုနေ့တွင် ကျွန်ုတော်သည် စက်ဘီးဖြင့် နံနက်(၇)နာရီတွင် သဇင်တံဘုရားသို့ လေ့လာရေးဘုရားဖူးခရီး ထွက်ခဲ့၏။ ထိုသဇင်တံသည် နန်းတော်ကုန်းမှ အနောက်မြောက်ဘက် (၁) မိုင်ကျော်ခန့် အကွာအဝေးတွင် တည်ရှိပါသည်။ ကျွန်တော်သည် ဝါဈေးရပ်ကွက်၊ ပေါ်ဆိပ်ရပ်ကွက်၊ လောကမာရ်အောင်ရပ်ကွက်၊ ကျောက်ရဇ်ကေရပ်ကွက် သုံးခွဆုံ (လမ်းဆုံ) သို့ ရောက်ပါသည်။ ထိုလမ်းဆုံမှ တစ်ဖန် ခရီးဆက်ပြန်ရာ လမ်း၏ အရှေ့ဘက်တွင် ရိ(ရေ)တံခါးကြီးတည်ရှိရာတောင်များကို မြင်ခဲ့ရ၏။ ထိုရိတံခါးမှာ မင်းတာကြီး၏ သမီးတော် မငွေနုဖြူခေါ် စောသန္တာသည် တပင်ရွှေထီး၏ တပ်မတော်အား မာယာဖြင့် မျှားခေါ်လာပြီး ထိုတပ်တော်အား ရေအားဖြင့် တိုက်ဖျက်ခဲ့သောနေရာဖြစ်

စောထွန်းချင်(မြောက်ဦး)

# သဇင်တံဘုရားကြီး


စနေထောင့်ရှိ သဇင်တံဘုရားအား ဖူးမြော်ရပုံ


သဇင်တံဘုရားအား အနီးကပ် ဖူးမြော်ရပုံ


သဇင်တံကိုးနဝင်းစေတီတော်အား အနီးကပ် ဖူးမြော်ရပုံ


စနေထောင့်ရှိ သဇင်တံဘုရားအား ဘေးတိုက် ဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ရခိုင်သမိုင်းက ဆိုပါသည်။ ထိုမှတစ်ဖန် ဆက်လာခဲ့ရာ လမ်း၏ အရှေ့ဘက် တောင်ကုန်းပေါ်တွင် ရက္ခာဓိပတိစေတီကို လှမ်း၍ဖူးမြော်ခဲ့ရပြန်သည်။ ထို့နောက်တွင် တောင်ပေါက်တံတား၊ လမ်း၏ အနောက်ဘက်တွင် မ-ယ-ကရုံး၊ ထမ္ပရာဇ်မြို့သစ်၊ ပြည်သူ့ဆေးရုံကြီး၊ ထမ္ပရာဇ်(ရွာမ)ကျေးရွာတို့ကို အစဉ်အတိုင်း ဖြတ်ကျော်ခဲ့ရပြန်သည်။ ယင်းပြီးမှ လမ်း၏ အရှေ့ဘက် (ယာဘက်)၌ သဇင်တံဘုရားဝင်လမ်းသို့ ရောက်ရှိပြန်လေသည်။

သဇင်တံဘုရားတည်ရှိရာ တောင်ကုန်းသို့ အနောက်ဘက်မှစ၍တက်ရပါသည်။ ထို့နောက် မြောက်ဘက်သို့ ကွေ့ပြီး လမ်းအတိုင်းတက်သွားရာ ပထမဦးဆုံး ကိုးနဝင်းစေတီကို ဖူးမြော်ရပြန်သည်။ ယင်းစေတီတော်ကို ဓာတ်ပုံတစ်ပုံရိုက်ပြီး ကိုးနဝင်းစေတီနှင့်ကပ်လျက် တည်ရှိသော မြောက်ဘက်ရှိ သဇင်တံသိမ်တော်ကို ဖူးမြော်ရပြန်သည်။ သဇင်တံသိမ်တော်မှာ တောင်ကုန်း၏ ပထမထပ်(အဆင့်)တွင် တည်ရှိပါသည်။


**သဇင်တံဘုရားသမိုင်းကြောင်း**

ဘုရင်မင်းဗာကြီးသည် သဇင်တံဘုရား သျှစ်သောင်းပုထိုးတော်ကို တည်ထားပြီး နောက်တစ်နှစ်အကြာ ကောဇာနှစ် ၈၉၈ ခုနှစ်တွင် မိဖုရားဖွားမင်းစောနှင့်အတူ တည်ထားခဲ့လေသည်။ သဇင်ထံဘုရားသည် ရှေးက ဂူဖြစ်ခဲ့သော်လည်း ယခုအခါ ယင်းဂူမှာ ပြိုပျက်သွား၍ သိမ်အဖြစ် ပြုပြင်ထားကြလေပြီ။ ဤသဇင်တံဘုရားကို ကုလားရန်မှ ကင်းဝေးစေရန် အကာကြီးတစ်ရာ၊ အကာငယ်တစ်ထောင်အဖြစ် စီမံ ဆောင်ရွက်ခဲ့လေသည်။


ဘုရင်မင်းဗာကြီးသည် ရန်သူဘေးမှ ကင်းဝေးစေရန် မြောက်ဦးမြို့တော်ရှိ တောင်ပတ်ကုံးတို့ကို ဖြတ်အပ်သည်ကို ဖြတ်တော်မူ၏။ အုတ်၊ ကျောက်တို့ဖြင့် မြင့်အပ်သည်ကို မြင့်တော်မူ၏။ ဆက်အပ်သည်ကို ဆက်တော်မူသည်။ ဆင့်အပ်သည်ကို ဆင့်တော်မူ၏။ ယင်းနောက် တံခါးကွေ့၊ တံခါးခွေ၊ တံခါးကောက်၊ တံခါးမ စသည်တို့ကို လုပ်တော်မူစေသည်။ သူရဲပြေး၊ သူရဲခို၊ သူရဲလောင်း၊ ပစွင်၊ ရင်တား၊ ကျုံး၊ ပြအိုး၊ တန်ဆောင်း စသည်တို့ကို မလပ်ရအောင် ပြုလုပ်တော်မူ၏။



သဇင်တံပေါ်တော်မူဘုရားသို့ဝင်လမ်း



ကိုးနဝင်းစေတီတော်အား အဝေးမှ ဖူးမြော်ရပုံ



ငွေတောင်ပေါက်တံတား




www.burmeseclassic.com

www.burmeseclassic.com



အာထေပ်ရှိ သဇင်တံဘုရားဗုဒ္ဓရုပ်ပွားတော်





ရက္ခဓိပတိဘုရားစေတီအား ဖူးမြော်ရပုံ

နှံ‌ကျုံး၊ ရေကျုံး၊ ကျုံးခြောက်၊ ကျုံးရှင်း၊ ကျုံးပင်လယ် စသည်တို့ဖြင့်လည်း ဝသဲမြို့ကို အသစ်ထပ်၍ ဆက်တော်မူစေသည်။

ပြီးမှ မြို့တော်၏အရှေ့တွင် သိမ်ကြီးရွှေဂူဘုရား၊ မြို့တော်၏တောင်ဘက်တွင် လေးတံခါးဘုရား၊ မြို့တော်၏မြောက်ဘက်ကတွင် သျှစ်သောင်းဘုရားပြည်လုံးချမ်းသာဘုရားနှင့် မြို့တော်၏အနောက်ဘက်တွင် သဇင်တံဘုရားသည်တို့ကို ရန်ကာအဖြစ် တည်ထားကိုးကွယ်ခဲ့လေသည်။


သဇင်တံဘုရားမှာ ကျောက်တုံးများတွင် သဇင်တံဒီဇိုင်းပုံများ ထွင်းထုထုဆစ်ထား၍ခေါ် လေသလောဆိုသည်ကို သုတေသနပြုရန် ကျန်ပါသေးသည်။ သဇင်တံတောင်ကုန်း၏အမြင့်ဆုံးထပ်ရှိ ရန်ကာဘုရား၊ သဇင်တံတောင်ကုန်း၏ အမြင့်ဆုံးတွင် ဘုရင်မင်းဗာကြီးသည် ကုလားရန်ကာအဖြစ် -

ဉာဏ်တော်အမြင့်
(၂) ပေ၊ (၁၀. ၃) လက်မ
ဒူးစွန်းနှစ်ဖက်အကျယ် (၃) ပေ
မျက်နှာတော် (မေးစေ့မှဆံစထိ)
(၉. ၄) လက်မ

အစရှိသော ဘုရားကို တည်ထားခဲ့လေသည်။ ယင်းဘုရားမှာ အနောက်ဘက်သို့ တမင်လှည့်၍တည်ထားခဲ့ခြင်းဖြစ်သည်။ •

**သဇင်တံတောင်တန်းအဆုံး ပထမထပ်ရှိ ရန်ကာဘုရား**

သဇင်တံတောင်တန်းအဆုံးမြောက်ဘက် ပထမထပ်တွင် အနောက်ဘက်သို့ လှည့်၍ အမြင့်ဆုံးထပ်ရှိ ရန်ကာဘုရားအတိုင်းအတာမျှလောက်ရှိ ဘုရားတစ်



သကျရွှေဂူစေတီတော်အား ဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



သဇင်တံဘုရားအား ဖူးမြော်ရပုံ

ဆူကို တည်ထား ကိုးကွယ်ခဲ့လေသည်။ ထိုဘုရားမှာလည်း ဘုရင်မင်းဗာကြီး၏ ကောင်းမှုပင် ဖြစ်လေ၏။

**သဇင်တံဘုရား၏မုဒြာနှင့် အတိုင်းအတာပမာဏ**

ဆင်းတုတော်၏ လက်ဝဲဘက်လက်တော်သည် ရင်ခွင်ပေါ်၌လှန်၍ တင်ထားသော ထက်ဝယ်ဖွဲ့ပုံတော်ဖြစ်သည်။ လက်ယာဘက်လက်ချောင်းများသည် လက်ယာဘက်ခြေပေါ်၌ မှောက်လျက်ချထားဟန် ဘူမိဖဿမုဒြာဟန်မျိုးဖြစ်သည်။ ထိုင်နေတော်မူဟန်မှာ လက်ဝဲဘက်ခြေပေါ်သို့ လက်ယာဘက် ခြေတော်တင်၍ လက်ဝဲဘက် ခြေဖဝါးကို လှန်လျက် ဝီရာသနထိုင်နေတော်မူဟန်ဖြစ်၏။ ဤသည်မှာ မဂ္ဂင်ရှစ်ပါးတရားတော်ကို ဟောပြဟန်နှင့် မိစ္ဆာတိတ္ထိတို့ကို နှိမ်နင်းချေဖျက်တော်မူဟန်အနက်ကိုဆောင်၍ လက်ယာခြေသည် သမ္မာဟူသောအနက်ကိုဆောင်ပြီး လက်ဝဲခြေသည် မိစ္ဆာ ဟူသောအနက်ကိုဆောင်သည်။ ထိုကဲ့သို့ဟန်ပန်မှာ မဟာမြတ်မုနိဆင်းတုတော်ပုံစံမျိုး ထုလုပ်ထားခြင်းဖြစ်သည်။

မျက်နှာတော်မှာ မေးတော်ကားပြီး နဖူးတော်ကျယ်သည်။ ဆံစုတော်နှင့် လည်ပင်းတော်အဝန်း၊ ဦးတော်အဝန်း၊ ခါးတော်အဝန်း၊ ထက်ဝယ်ဖွဲ့သည့် အကျယ်နှင့် ဥဏ္ဏာလုံမွေးရှင်တော်တို့၏ ဓာတ်နေရာအမြင့်တို့သည် အချိုးညီစွာ ဖူးတွေ့ရပါသည်။

ဖမိုးတော်နှစ်ဖက်ဖြိုးခြင်း၊ ပခုံးတော်နှစ်ဖက်ဖြိုးခြင်း၊ လည်တော်ဖြိုးခြင်း စသော အဖြိုးအမောက်အင်္ဂါရပ်များနှင့်အညီ ရခိုင်သတ္တုရုပထိသုကာကျမ်းလာအတိုင်း ထုဆစ်ထားသော မြောက်ဦး ပန်းရန်ပညာရှင်တို့ အံမခန်းလက်ရာကို ဖူးတွေ့နိုင်ပါပေသည်။

**ဆင်းတုတော်၏အတိုင်းအတာများ**

၁။ ဉာဏ်တော်အမြင့်
(၆) ပေ၊ (၂. ၄) လက်မ၊
၂။ မျက်နှာတော်
(မေးစေ့မှဆံစအထိ)
(၁) ပေ၊ (၃. ၆) လက်မ၊
၃။ နားတော် (၁၁. ၄) လက်မ၊
၄။ နှာခေါင်းတော် (၅. ၄) လက်မ၊
၅။ ပခုံးတော်နှစ်ဖက်အကျယ်
(၂) ပေ၊ (၉. ၂) လက်မ၊
၆။ ရင်အကျယ် (၂) ပေ၊ (၄)လက်မ
၇။ လက်မောင်းတော်ပတ်လည်
(၂) ပေ၊ (၂. ၂) လက်မ၊
၈။ ဒူးစွန်းနှစ်ဖက်အကျယ်
(၄) ပေ၊ (၅) လက်မ၊
၉။ ခြေဖဝါးတော်အရှည်
(၁) ပေ၊ (၂) လက်မ၊
၁၀။ ခြေဖဝါးတော်အကျယ် (၆. ၄)
၁၁။ ပလ္လင်အမြင့်
(၃) ပေ၊ (၂) လက်မ
စသည်တို့ ဖြစ်ကြပါသည်။

အချုပ်အားဖြင့်ဆိုသော် လမ်းတွင်တွေ့ခဲ့သော ရိုတံခါးမှ ဘုရင်မင်းဗာကြီး၏သမီးတော် မငွေနုဖြူခေါ် စောသန္တာသည် တပင်ရွှေထီး၏ တပ်တော်အားမာယာဖြင့် မျှားခေါ်လာပြီး ထိုတပ်အားရေအားဖြင့် တိုက်ဖျက်ခဲ့သောနေရာဖြစ်ခြင်း၊ တောင်ကုန်း၏ပထမအဆင့်တွင် ကိုးနဝင်းစေတီနှင့် မြောက်ဘက်၌ ကပ်လျက်တည်ရှိသော သဇင်တံဘုရားကို ဖူးမြော်ရခြင်း၊ ဤသဇင်တံဘုရားမှာ မြို့တော်၏ အနောက်ဘက်၌ တည်ရှိ၍ အနောက်ဘက်ရှိသော ကုလားရန်မှ ကင်းငြိမ်းစေရန် ရန်ကာအဖြစ် တည်ထားခဲ့ခြင်း၊ တချို့ကျောက်တုံးကျောက်ခဲများမှာ သဇင်တံများထွင်းထုထားသော ဒီဇိုင်းများပါရှိနေ၍ သဇင်တံဟုခေါ် ဆိုခြင်းဖြစ်နိုင်ခြင်း၊ အမြင့်ဆုံးထပ်တွင်ရှိသော ဘုရားနှင့် သဇင်တံတောင်၏မြောက်ဘက်အစွန်းဆုံး ပထမထပ်တွင်ရှိသောဘုရားမှာ အနောက်ဘက်သို့ တမင်လှည့်၍တည်ထားခဲ့ခြင်းမှာ အနောက်ရန်ကာဘုရားများ ဖြစ်လေသတည်း။

စောထွီးချင် (မြောက်ဦး)

**ကျမ်းကိုး -**

၁။ ဆရာကြီး ဦးဦးသာထွန်း၏ပြောပြချက်များ
၂။ စာရေးသူ၏ ကွင်းဆင်းလေ့လာချက်များ



www.burmeseclassic.com

www.burmeseclassic.com

# ရန်မျိုးလုံစည်းချဂါထာတော်

ကျွန်တော် ငယ်စဉ် (၁၀)နှစ်သား၊ (၁၂) နှစ်သားအရွယ်အထိ ဦးကြီးဖြစ်သူ ဦးမြစိန်နှင့်အတူ ပြောင်းဖူးခင်းစောင့်၊ နှမ်းထောင်စောင့်ဆိုသလို ယာထဲတဲအိမ်တွင် လိုက်ပါစောင့်ပေးခဲ့ရဖူးပါသည်။

ပြောင်းဖူးခင်းသို့ ကျွဲ၊ နွားတိရစ္ဆာန်များမဝင်အောင် ပြောင်းဖူးများကို သူခိုးသေတိုးများ ခိုး၍မချိုးအောင် စောင့်ပေးရသလို နှမ်းထောင်များကိုလည်း သူခိုးခါသူမသွားအောင် စောင့်ပေးရခြင်း ဖြစ်ပါသည်။

ယာခင်းတစ်ကွက်လျှင် လေးဧကေ၊ ငါးဧကကျယ်ဝန်းသော ယာတန်းရှည်သာမြေကျယ်ကြီးများဖြစ်ရာ ယာခင်းအလယ်တွင် ထန်းရွက်မိုး၊ ထန်းရွက်ကာ၊ ငါးကွပ်ပျစ်ထိုး၍နေရပါသည်။ တဲထဲတွင် ရေနွေးအိုးကျိုရန် ဒန်အိုးဟောင်းတစ်လုံး၊ မြေရေနွေးပန်းကန်နှစ်လုံး၊ လက်ဖက်ခြောက်ထုပ်ရှိပြီး မီးမသေ၊ မီးပြတ်ရှင်သည့် 'တည်သား' ထင်းတို့စုယူထားရပါသည်။

ညအခါတွင် မအိပ်ချင်အောင် ရေနွေးဖန်ဖန်ကျကျနှပ်ထားပြီး ပြောင်းဖူးဖုတ်မြည်းစား၊ ဖက်ဆေးပေါ့လိပ်ဖွာတာ 'အဟမ်း အဟမ်း' နှင့် ချောင်းမဆိုးချင်သော်လည်း ချောင်းဟန့်ပြီး အစောင့်ရှိကြောင်း၊ ယာခင်းရှင်လူစောင့်နေသောပြောင်းဖူးခင်း၊ နှမ်းခင်းမှန်းသိအောင် အသံပေးစောင့်ရှောက်ရပါသည်။

ပြောင်းဖူးခင်းစောင့်၊ နှမ်းထောင်စောင့်သူများသည် အများအားဖြင့် နေ့ဘက်တွင် တစ်နေကုန်နီးပါးအိပ်ပြီး ညဘက်တွင် လုံးဝမအိပ်ဘဲစောင့်ကြရပါသည်။ လူဆိုးသူခိုးတို့သည် အများအားဖြင့် ညအခါ အမှောင်ထုအားကိုးပြီး ခိုးကြသည်က များသဖြင့် ညပိုင်းတွင် မအိပ်ဘဲ စောင့်ရှောက်ကြခြင်း ဖြစ်ပါသည်။ ကျွန်တော်ငယ်စဉ်က ပြောင်းဖူးသူခိုး နှမ်းထောင်သူခိုးများစွာတိုင်းလိုလိုတစ်ယောက်စနှစ်ယောက်စရှိပါသည်။ ယခု ကျွန်တော့်အသက်သည်ပင် (၅၀) ကျော်ခဲ့ပြီဆိုတော့ လွန်ခဲ့သည့် နှစ်ပေါင်း (၄၀) လောက်ကဟု ဆိုရပါမည်။

ထိုလွန်ခဲ့သည့် နှစ်ပေါင်း (၄၀) ကဆိုလျှင် ကျေးရွာများတွင် အရက်ပုန်းချက်ရောင်းသူများ၊ အရက်သမား၊ လောင်းကစားသမားများနှင့် ဘိန်းစား၊ ဘိန်းရှုသူသလို ကိုလိုနီခေတ် အမွေဆိုးများ ကျန်ရစ်ခဲ့သည်။ ယခုအခါတွင် အရက်သမား၊ ဘိန်းစားများမရှိသလောက်ကင်းရှင်းသွားသဖြင့် ကျေးရွာရပ်ကွက်တို့ လွန်စွာ အေးချမ်းသာယာရှိလှပါသည်။

ထိုလွန်ခဲ့သည့်ကာလ ဦးကြီးဦးမြစိန်နှင့် ပြောင်းဖူးခင်း၊နှမ်းခင်းနှမ်းထောင်စောင့်၍ ညအိပ်လိုက်ရသည့်အခါများတွင် ဦးကြီးသည် အစောပိုင်း ရှစ်နာရီ၊ ကိုးနာရီခန့်အထိသာ ပြောင်းဖူးမီးဖုတ်စား၊ ရေနွေးကြမ်းသောက်၊ ဆေးလိပ်ဖွာပြီး ကိုးနာရီမထိုးမီ တဲအိမ်ထဲဝင်ပြီးကျွန်တော်နှင့်အတူ အိပ်လိုက်သည်သာဖြစ်ပါသည်။ အခြားသူများလို ညလုံးပေါက် မအိပ်မနေ စောင့်မနေပါ။ ပုံမှန်အိပ်၊ ပုံမှန်စား၊ ပုံမှန်စောင့်ရှောက်ရုံမျှသာ ဖြစ်ပါသည်။

သို့သော် ဦးကြီးဦးမြစိန်၏ ပြောင်းဖူးတစ်ဖူးမှ အခိုးမခံရဖူးပါ။ နှမ်းတစ်စေ့မှ အခိုးခံရခြင်း မရှိခဲ့ပါ။ ညလုံးပေါက်စောင့်သူများတွင်သာ ရက်ကြာလာအိပ်ရေးပျက်ပါများလာသဖြင့် ည၃တစ်နာရီထိုး၊ နှစ်နာရီထိုးတွင် အိပ်ပျော်သွား၍ပြောင်းဖူးအခိုးခံရ၊ နှမ်းထောင်အခိုးခံရကြားသိရပါသည်။

ကျွန်တော် ဦးကြီးကို သတိထားမိသည့်အကြောင်း အချက်တစ်ခုရှိခဲ့ပါသည်။ ထိုအကြောင်းမှာ ဤသို့ဖြစ်ပါသည်။

ဦးကြီးသည် ယာစောင့်တဲထဲသို့ဝင်မအိပ်မီတွင် ယာခင်းတဲအပြင်ဘက်ထွက်ပြီး 'အဟမ်း၊ အဟမ်း' နှင့် ချောင်းဟန့်လိုက်ပြီးနောက် အရှေ့၊ အရှေ့တောင် ထို့နောက် တောင်၊ အနောက်တောင်ပြီးလျှင် အနောက်၊ အနောက်မြောက်၊ နောက်ဆုံး မြောက်၊ အရှေ့မြောက်အရပ်များသို့ လက်ညှိုးထိုးညွှန်၍ နှုတ်မှဘာရွတ်ဆိုသည်မသိ တဖွဖွရွတ်ပွားပြီးမှ တဲထဲဝင်အိပ်တတ်ပါသည်။ တစ်ညသာမဟုတ်ပါ။ ညတိုင်း ထိုသို့ပင်ပြုပြီးမှ အိပ်ပါသည်။

ကျွန်တော် ကောင်းစွာ သိရှိပြီးနောက် ဦးကြီးကို -

"အဲဒါဘာလုပ်တာလဲ၊ ဘာရွတ်ဆိုတာလဲ"

ဟု မေးဖူးရာ ဦးကြီးမှ -

"ငါ့တူ ငယ်ပါသေးတယ်။ နောင်ကြီးလာတော့ သိရမှာပေါ့။ ဦးကြီးပြောပြမှာပေါ့ကွာ"

ဟု ဆိုပါသည်။

သည့်နောက် ကျွန်တော် မြို့ကျောင်းမှာ ကျောင်းတက်၊ စာမေးပွဲတွေအောင်၊ အလုပ်အကိုင်ရဖြစ်ပြီး ဦးကြီးနှင့်လည်း ယာစောင့်မလိုက်ရတော့ပါ။

ကျွန်တော် အိမ်ထောင်ကျပြီး မြို့ပေါ်မှာပင် အခြေချသောအခါ သီတင်းကျွတ်တိုင်း ကျွန်တော်၏ အမိ၊ အဖ၊ ဦးကြီး၊ ဦးလေး၊ ကြီးတော်တို့ကို သွားရောက် ကန်တော့ပါသည်။ တစ်ခုသောသီတင်းကျွတ် ဦးကြီးထံသို့ သွားရောက်ကန်တော့ရာ ဦးကြီးမှ အမှတ်တရပင် ထိုစဉ်က (ပြောင်းဖူးခင်းစောင့်၊ နှမ်းထောင်စောင့်စဉ်က) ညစဉ် ပြုမူရွတ်ပွားခဲ့မှုကို ပြောပြပါသည်။

"အရပ်ရှစ်မျက်နှာကို စည်းချတာကွ။ စည်းချဂါထာကို ရွတ်ပွားရင်း အရပ်ရှစ်မျက်နှာကို လက်ညှိုးထိုးစေညွှန်ထားတာ စည်းသားစည်းချတယ် ခေါ်တယ်။ အဲဒီဂါထာဟာ နတ်ဆိုး၊ နတ်ယုတ်၊ နတ်ဘီလူး၊ အစိမ်းသရဲသဘက်၊ ဇော်ဂနီ၊ ဇော်ဂနက်၊ စုန်း၊ ပယောဂတွေ ဖိမ့်ဖိမ့်တုန်ကြောက်တယ်ကွ။ အိမ်ကြမ်း၊ မြေကြမ်း၊ တောကြမ်းတွေထဲသွားရင်လည်း အဲဒီဂါထာရွတ်ပွားသွားရင် အန္တရာယ်ကင်းတယ်။ နတ်မြတ်နတ်ကောင်းတွေရဲ့ ကြည့်ရှုစောင့်ရှောက်မှုကိုပါ ရရှိစေတယ်။ ကလေးသူငယ်တွေမှာ စုန်းပူး၊ နတ်ပူး၊ ပယောဂဝင်တယ်တင်ရင် အဲဒီဂါထာနဲ့ ရေကိုသုံးခေါက်မန်းပြီးတိုက်ရင် ချက်ချင်း ပျောက်ကင်း ကျန်းမာတယ်။ အဲဒီဂါထာကို 'နာညတြစည်းချဂါထာတော်' ခေါ်ဆိုတယ်။ ရေကို မန်းမယ်ဆိုရင်တော့ ရှေ့က (၃၂) ထည့်ရွတ်။ ရိုးရိုးစည်းချ၊ စည်းသားမှာဆိုရင် (၃၂) ထည့်ရွတ်စရာမလိုဘူး။ ဂါထာက တိုတိုလွယ်လွယ်လေးပါကွာ။ ရေးမှတ်သွား၊ ဆယ်ခေါက်ကြည့်ရွတ်ရင် အလွတ်ရွတ်နိုင်ပါတယ်ကွာ"

### နာညတြစည်းချဂါထာတော်

၁။ သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊
ပစ္စေကာနဥ္စ ယာ ဣဒ္ဓိ။
အရဟန္တာနဥ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
၂။ နာညတြ ဗောဓိတပသာ၊
နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗ နိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။

လိုသူတိုင်း ရွတ်ပွားနိုင်ရန် တင်ပြရေးသားလိုက်ပါသည်။

*ကြီးပွားတိုးတက်ကြပါစေ*

နတ်မောက်မင်းသန့်ခိုင်



www.burmeseclassic.com

www.burmeseclassic.com

**တောတောင်သာမော ရဂုံတောသို့**

တောတောင်သာမော ရဂုံတောတို့သည် ကိလေသာတောကို စွန့်ခွာ၍ ဝိပဿနာသဘော တောလေးဆယ်တို့ဖြင့် ဘဝလွတ်မြောက်ရေးကို အဖြေရှာကြသော သူတော်စင်တို့၏ရိပ်မွန် သန့်စင်သည့်နေရာဒေသဟု ဆိုနိုင်ပေသည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ရဟန်းသူတော်စင်၊ လူသူတော်စင်တို့ ဘုရားရှင်ထံမှ တရားတော်ကို နာယူ၍ ကမ္မဋ္ဌာန်းအလုပ် ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ရန် တောအရပ်များကိုပဲ သွားခဲ့လေ့ရှိကြ၏။

အရှင်ပိဋကမှာ ကမ္မဋ္ဌာန်းရိပ်သာများ၌ လှည့်လည် အားထုတ်၍ ရိပ်သာပါးဝလာသည့်အခါမှစပြီး အဖွဲ့တွေထက် ဗဟိဒ္ဓအာရုံတွေကို အလေ့အလာများလာ၏။ ရိပ်သာဆရာတော်များ ဟောကြားသောတရားထက် ရိပ်သာက ကျွေးသော အစားအသောက်၊ ရိပ်သာမှာ တွေ့မြင်ရသောအပြုအမူ၊ အပြောအဆို၊ နေထိုင်မှုတွေအပေါ်မှာ ဝေဖန်မှုပြုတတ်လာ၏။ တရားရိပ်သာများ တစ်ခုနှင့်တစ်ခုပြိုင်ဆိုင်နေကြတာ၊ ပါးစပ်ဆီ စိုစိုစားဖို့အရေး ဘုရားရှင်အလိုမကျ လုပ်နေကြတာ၊ သူ့တရားကမှအမှန်၊ ငါ့တရားကမှ ဘုရားဟော စသဖြင့် ဝိနိစ္ဆယတွေဖြစ်နေကြတာ၊ လာဘ်လိုချင်လို့၊ ကျော်ကြားချင်လို့၊ အပူဇော်ခံယူဖို့ တရားရိပ်သာထောင်နေကြတာ စသည့်စသည့် အခြင်းအရာမျိုးစုံကို အဖော်ကောင်းကောင်းနှင့် ပြောဆိုတတ်

# ထုံးတောင်-အရှင်ဓမ္မပိယ

## တရားအားထုတ်သူတစ်ယောက်အကြောင်း (၆)





www.burmeseclassic.com

www.burmeseclassic.com

လာ၏။ မြတ်စွာဘုရားရှင် ဟောကြားခဲ့သော 'ကာလာမသုတ္တန်' ကို ကိုယ်လိုသလို အဓိပ္ပာယ်ဆွဲယူပြီး မထေရ်ကြီးကြီးငယ်ငယ်၊ ယောဂီကြီးကြီးငယ်ငယ်အားလုံးအား ဝေဖန်ရေးအကြောင်းပြုပြီး အဘိဇ္ဈာ၊ ဗျာပါဒမှုကြီး၍ နှုတ်ရဲရဲနှင့် ပြောတတ်လာသည်။ တရားရိပ်သာဝင်ပြီး တရားကျင့်သုံးမှု၌ အဖြေမှန်မရှာနိုင်ဘဲ မိမိသာတော်၊ တစ်ပါးသူ ရှောင်ကြောင်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုမာနတွေတောထနေပြန်၏။ ငြိမ်းအေးမှုတစ်စုံတစ်ရာရသည် ထင်ရသော်လည်း ဒေါမနဿစိတ်တွေက မိမိလိုချင်သောဝန်းတိုင်ကို မျက်စိလည်နေပြန်လေသည်။

ဒါကို ရိပ်စားမိသော ဆရာအရှင်က တစ်နေ့မှာ အရှင်ဝိဝေကကို သူ၏ကျောင်းသို့ အခေါ်လွှတ်ပြီး ဆုံးမဩဝါဒထပ်လောင်း ပေးတော်မူပြန်သည်။ တပည့်၏ အလိုဆန္ဒနှင့် စိတ်ဓာတ်ကို အကဲခတ်တတ်သော ဆရာအရှင်၏ ညွှန်ပြမှုများက အရှင်ဝိဝေကအား အလင်းဓာတ်ကို ရှင်းခနဲ လင်းစေပါသည်။ အမှားသံသရာမှာ တာရှည်မလည်စေဖို့ တွန်းအားတစ်ရပ်အဖြစ် ကွက်ခနဲမြင်စေ၏။

ဆရာအရှင်က အရှင်ဝိဝေကကို တောထွက်ပြီး ပြတ်ပြတ်သားသားကျင့်ဖို့ တိုက်တွန်းအားပေးတော်မူသည်။ သည့်အတွက် ဆရာအရှင်၏ ဩဝါဒအစုံကို နာယူပြီး ဆရာအရှင်နှင့် ရင်းနှီးကျွမ်းဝင်သော တောရဓူတင်ဆောင် မထေရ်မြတ်ကြီးတစ်ပါးထံသို့ အရှင်ဝိဝေက စတင်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

တောရဆရာတော်ကြီးမှာ ငယ်ဖြူကျမ်းတတ် ရဟန်းမြတ်ကြီးတစ်ပါး ဖြစ်သည်။ သီလကိုမြတ်နိုးသော၊ ဝိနည်းကို အသက်ထက်အရေးထားသော၊ ဓူတင်အကျင့်မြတ်များကို နှစ်ပေါင်းများစွာ ကျင့်ဆောင်နေသော ဆရာတော်ကြီးလည်း ဖြစ်၏။ ငယ်စဉ် ကလေးဘဝမှစပြီး ဘုရားဟော ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့ပြီး စာချတန်းမှစ၍ အဆင့်မြင့်စာမေးပွဲများကိုလည်း အောင်မြင်ခဲ့ပြီး ဖြစ်သည်။ အနာဂတ်သာသနာအတွက် အနှစ်(၂၀)ခန့် စာပေပြန်လည်ပို့ချခဲ့ပြီးမှ ပရိယတ္တိသာသနာကို အားရအောင် စွမ်းဆောင်ခဲ့ပြီးလည်း ဖြစ်သည်။

အရှင်ဝိဝေက ဖူးတွေ့ရချိန်မှာ သက်တော် (၇၀) ကျော်ခန့်ရှိပြီး ဓူတင်အကျင့်မြတ်များကို နှစ်ပေါင်း (၄၀)နီးပါး ကျင့်ဆောင်ခဲ့ပြီး ဖြစ်သည်။ ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com

သန်စွမ်းလျက်ရှိပြီး နေ့စဉ် ကိုယ့်ဆွမ်း ကိုယ်ခံ၊ တစ်နေ့မှာ ဆွမ်းတစ်ထပ်သာ ဘုဉ်းပေးတော်မူပြီး မြန်မာပြည်အလယ်ပိုင်းက တောအုပ်တစ်ခုမှာ မထင်မရှား နှင့် အေးငြိမ်းစွာ သီတင်းသုံးနေလေသည်။

ဆရာတော်ကြီး သီတင်းသုံးရာ တောအုပ်အလယ်သို့ အရှင်ဝိဝေက ရောက်သွားစဉ်မှာ ဆရာတော်ကြီးက လေးတိုင်စင်ကမ္မဋ္ဌာန်းကျောင်းလေးထဲ၌ တရားအားထုတ်နေ၏။ အတန်ကြာအောင်စောင့်မှ ဆရာတော်ကြီး ထွက်ကြွလာကာ ကျောင်းဘေး သစ်ပင်ရိပ်အောက်က ဝါးကွပ်ပျစ်လေးပေါ်မှာ သီတင်းသုံး၏။ အရှင်ဝိဝေကနှင့် လိုက်ပါ ပို့ဆောင်ပေးသော အဖော် ဦးပဉ္စင်းတစ်ပါးတို့ ဆရာတော်ကြီးကို ရှိရိုသေသေ ရှိခိုးကန်တော့ကြ၏။ ဆရာတော်ကြီးက -

"ငါ့ရှင်၊ ဘယ်အရပ်ကနေလာခဲ့သလဲ"

"ရန်ကုန်မြို့ကပါ အရှင်ဘုရား"

"ဘွဲ့တော်ဘယ်လိုခေါ်သလဲ"

"အရှင်ဝိဝေကပါ ဘုရား"

"သိက္ခာဝါ ဘယ်လောက်ရှိပြီလဲ"

"ခြောက်ဝါပါ ဘုရား"

"ဥပဇ္ဈယ်ဆရာတော် ဘယ်သူလဲ"

"မင်္ဂလာစာသင်တိုက် ဆရာတော်ပါဘုရား"

"ဦးဝါသဝတပည့်လား"

"မှန်ပါတယ်ဘုရား"

"ဘာကိစ္စနဲ့လာသလဲ"

"တောရဆောက်တည်ချင်လို့ပါဘုရား"

"ဘာစာတွေအောင်ခဲ့ပြီလဲ"

"ဆရာက စာသုံးနှစ်သင်ပေးလိုက်ပါတယ် ဘုရား"

"လောကီဘွဲ့ရသလား"

"ရပါတယ်ဘုရား"

"တောထဲမှာ အကြာကြီးနေနိုင်ပါ့မလား"

"ကြိုးစားမှာပါဘုရား"

"မကြောက်ဘူးလား"

"ကြောက်ပါတယ်ဘုရား"

"သုသာန်တွေမှာကော နေမှာလား"

"နေမှာပါ ဘုရား"

"မကြောက်ဘူးလား"

"ကြောက်ပါတယ်ဘုရား"

"အေးအေး - ကြောက်စရာအာရုံတွေက နောက်တော့ရိုးသွားမှာပါ။ တကယ်ကြောက်ရမှာက ဝိနည်းဖောက်ဖျက်တာနဲ့ အပါယ်ကျမှာကိုပဲ သတိထား"

နောက်တော့ ဆရာတော်ကြီးက ဝိနည်းဂရုပြုဖို့၊ ငွေစက္ကူကို အာလယ ပြတ်စွန့်ဖို့၊ အလေးအနက် မှာကြားသည်။ လူမသိသူမသိလုပ်ရမည့် ဓုတင်အကျင့်မြတ်တွေကို နာမည်ကြီးချင်လို့ လူသိရှင်ကြား မလုပ်အပ်ကြောင်း၊ အစွန်းသုံးပါးလွတ်တဲ့ ဆွမ်းဟင်းကို ရရှိရန် ခက်ခဲသည့်အတွက် သက်သတ်လွတ်ဆွမ်းကို ဘုဉ်းပေးရတာ စိတ်ချမ်းသာကြောင်းများကို မိန့်ကြား၏။

ဆရာတော်ကြီး သီတင်းသုံးရာ တောထဲကို လိုက်ပါပို့ဆောင်ပေးသော ဦးပဉ္စင်းကတော့ တယ်လီဖုန်း ခါးပန်းကြိုးမှာချိတ်ပြီး သိန်းထောင်ကျော်တန် ကားနှင့် တောထွက်လာသော ဆရာတော်၊ အသားတုမျိုးစုံ သိလှောင်ထားသော သက်သတ်လွတ်ဆရာတော်၊ သုသာန်မှာနေပြီး ဂဏန်းပေးသော ရဟန်း၊ မေတ္တာနှင့် ဆေးကုသသည် ဆိုသော ရဟန်း စသည်ဖြင့် သူတွေ့ဖူးသမျှ ပုဂ္ဂိုလ်မျိုးစုံအကြောင်းကို ဆရာတော်ကြီးအား လျှောက်တင်နေ၏။ ဆရာတော်ကြီးက အေးအေးသက်သာ နားထောင်နေပြီး -

"အေးအေး - ကိုယ်မလုပ်ကြနဲ့"

ဟု ခပ်တိုတိုအမိန့်ရှိပြီး အရှင်ဝိဝေကအား သူ့ကျောင်းနှင့် မနီးမဝေး သစ်ပင်အောက်က တဲကျောင်းလေးမှာ နေရာချပေးလိုက်လေသည်။

ထိုနေ့ထိုအချိန်မှစ၍ အရှင်ဝိဝေက တောရဓုတင်ကို စတင်ဆောက်တည်ဖြစ်၏။ တောရဓုတင်ဆောက်တည်သောရဟန်းများအဖို့ ကျန်ဓုတင်များကိုလည်း အလွယ်တကူ တွဲဖက်ဆောက်တည်နိုင်လေသည်။ အရှင်ဝိဝေကမှာ ဆရာတော်ကြီး၏ခြေတော်ရင်း၌ ရက်သတ္တအနည်းငယ် သီတင်းသုံးရင်း ဓုတင်နှင့်ပတ်သက်သည့် နည်းနာနိဿယ၊ ဗဟုသုတဖြစ်ဖွယ် ဝိနည်းဒေသနာအဖြာဖြာတို့ကို လေ့လာ မှတ်သား သင်ယူခဲ့ရ၏။ ညနေတိုင်း ဆရာတော်ကြီးထံပါး ဝပ်တွားခယ၍ အဆုံးအမ၊ အတွေ့အကြုံတို့ကို နာခံခဲ့ရာ နားထောင်၍ မငြီးနိုင်အောင် ဗဟုသုတ တိုးလှပေသည်။

နောက်တော့ ဆရာတော်ကြီးက သူကိုယ်တိုင် စီရင်ဆုံးဖြတ် ရေးသားထားတော်မူသော 'ဓုတင်အဆုံးအဖြတ်ကျမ်း၊ သက်န်းရောင်အဆုံးအဖြတ်ကျမ်း၊ အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း' များကို စွန့်လှူတော်မူပြီးနောက် အရှင်ဝိဝေက နှစ်သက်ရာ တောရခရီးကို ဆက်လက်လှမ်းဖို့ ထွက်ခွာခွင့်ပြုတော်မူလိုက်လေသည်။

ယနေ့ခေတ်တွင်လည်း တောအရပ်များမှာ ဆိတ်ငြိမ်မှု ဝိဝေကကို ရရှိနိုင်သည့်အတွက် တောထွက်ပြီး တရားဓမ္မကျင့်ကြံအားထုတ်နေသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် များစွာ တွေ့ရ၏။ အမှန်တကယ်အားထုတ်သော သူတော်စင်ပုဂ္ဂိုလ်များရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် တောအရပ်သို့ဝင်နေကြသော 'တောဝင်ပုဂ္ဂိုလ်'တွေလည်းရှိလေသည်။လောကလူသားများကလည်း သူတို့အကြောင်းနှင့်သူတို့ ထိုပုဂ္ဂိုလ်အမျိုးမျိုးကို သောင်းသောင်းဖြဖြလုပ်လေ့ရှိကြသည်။ ဘေးတီး၍ လှော်လေ့ရှိတတ်၏။ ဘေးတီးကောင်းတော့ ထင်ရှားကျော်ကြား၏။ လာဘ်လာဘရွှင်၏။ နီးနီး၊ ဝေးဝေး အပြေးတစ်ပိုင်း သွားရောက် ဖူးမြော်ကြည်ညိုကြ၏။ လှူဒါန်းပူဇော်ကြ၏။ အရှိန်မကုန်သရွေ့ ကောင်းစားလေ့ရှိ၏။ နောက်မှ ဘာအကျင့်အကြံမှမဟုတ်မှန်းပေါ်ပြီး လူစဲကာ အရှိန်ကျသွားတတ်လေသည်။

'တောအောင်းလျှင် သူတော်ကောင်း၊ တောင်ဝင်လျှင် သူတော်စင်" ဟု ဘာမသိညာမသိ အမွှမ်းတင်တတ်သူများကြောင့် အမှန်တကယ် ကျင့်ကြံကြိုးကုတ် အားထုတ်နေသူများကို ပြစ်မှားမိသလိုဖြစ်တတ်ချေသည်။

သို့အတွက် အမှန်တကယ် အကျင့်ကို လိုလားအားထုတ်သူများနှင့် လူရိုသေရှင်ရိုသေ အမြင်ကောင်းအောင် ဒေါင်းယောင်ဆောင်သောကျီးများကို ကွဲပြားအောင် ခွဲခြားကြည့်တတ်ဖို့ လိုသည်။ တောရဓုတင်ဆောက်တည်ခြင်းဟူသည် တောထွက်ခြင်းပင် ဖြစ်၏။ ရှေးသူတော်ကောင်းတို့၏ထုံးကို နှလုံးမူ၍ တိတ်ဆိတ်ရာ တောအရပ်ဒေသများမှာ နေထိုင်ပြီး တရားကျင့် ကြံပွားများအားထုတ်ဖို့ဖြစ်၏။ တောရဓုတင်ဆောင်မည့်ရဟန်းသည် အနီးဆုံး လူနေအိမ်နှင့် ပေ (၁၀၀၀) ကျော်လောက် ဝေးရာမှာ နံနက်အရုဏ်တက်သည်ထိ တစ်ညလုံး နေနိုင်ရမည် ဖြစ်၏။ တချို့ကလည်း နံနက်အရုဏ်တက်ချိန် လောက်မှ တောအရပ်သို့လာပြီး အ[illegible] သဘော တောရဓုတင်ဆောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ည်လည်း ရှိပါသည်။

တကယ်တော့ တောရဆောက်တည်သောရဟန်းသည် တောကိုအမှီပြု၍ ကိလေသာခေါင်းပါးအောင် ကျင့်ကြံနေထိုင်ခြင်း ဖြစ်၏။ ရဟန်းဖြစ်လျှင် တောရဆောက်တည်ဖူးအောင် ကြိုးစားသင့်သည်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင်လည်း တောတောင်၊ တောအုပ်တွေကို အမှီပြုပြီး သီတင်းသုံးခဲ့၏။ တရားဓမ္မကို အမှန်တကယ် ကျင့်ကြံအားထုတ်သူများအတွက် သစ်တောသစ်ပင်၊ ဥယျာဉ်တောတန်းတို့သည် သာယာချမ်းမြေ့ဖွယ်မွေ့လျော် ပျော်စရာအတိ ဖြစ်သည်။

သို့သော် တောနက်ထဲမှာ တစ်ပါးတည်း ပျော်မွေ့ဖို့ တိတ်တိတ်ဆိတ်ဆိတ် နေထိုင်ဖို့ဆိုတာလည်း အလွန်ခက်ခဲ၏။ အန္တရာယ်များ၏။ ဓမ္မ၏စွမ်းရည်ကို ယုံယုံကြည်ကြည်နှင့် အပြည့်အဝ အသုံးချနိုင်ပါက တောနက်ကြီးများက မိမိကို ခြောက်လှန့်နေသလို ခံစားရတတ်၏။

မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်လည်း ထိုသို့ ခံစားခဲ့ရ၏။ ထို့ကြောင့် မြတ်ဗုဒ္ဓက တောနက်ထဲနေထိုင်နိုင်ဖို့ရန်မှာ -

- မသန့်ရှင်းမစင်ကြယ်သော ကိုယ်၊ နှုတ်၊ စိတ်အမူအရာ၊
- မစင်ကြယ်သော အသက်မွေးဝမ်းကျောင်းမှု၊
- သူတစ်ပါး ဥစ္စာပစ္စည်း မတရားရလိုမှု၊
- ထိုင်းမှိုင်းမှု၊ ပျံ့လွင့်ပူပန်မှု၊ ယုံမှားတွေးတောမှု၊
- ကြောက်ရွံ့ထိတ်လန့်အားကြီးမှု၊
- လာဘ်လာဘရလိုမှု၊ ပူဇော်ခံလိုမှု၊ နာမည်ကြီးလိုမှု၊
- ပျင်းရိပြီး သတိ၊ သမာဓိ၊ ပညာ

နည်းပါးမှုတွေ ကင်းနိုင်မှသာ တောရကျောင်းများမှာ သီတင်းသုံး နေထိုင်နိုင်ကြောင်းမိန့်ကြားတော်မူခဲ့သည်။

မြတ်ဗုဒ္ဓကိုယ်တော်တိုင်ပင် တောနက်ထဲက သစ်ပင်တွေအောက်မှာ ညအချိန် တစ်ပါးတည်း သီတင်းသုံးစဉ်က တွေ့ကြုံပုံတွေကို -

'ကမ္မဋ္ဌာန်းအားထုတ်သူတွေဟာ နေ့ကို ညထင်၊ ညကို နေ့ထင်တတ်တဲ့ တွေဝေမှုမျိုးတွေ မဖြစ်ကောင်းပါ။ ညအချိန်မှာ သားကောင်ကြီးတွေလာလို့၊ ငှက်တွေက သစ်ကိုင်းတွေကို ချိုးလို့၊ လေကအမှိုက်သရိုက်တွေကိုတိုက်လို့ စတဲ့ ကြောက်စရာအာရုံတွေဝင်



လာရင် လျှောင်းနေစဉ်၊ ရပ်နေစဉ်၊ သွားနေစဉ်၊ ထိုင်နေစဉ်မှာပဲ ဝင်လာတဲ့ ကြောက်စရာအာရုံတွေကို ဖျောက်ဖျက်ပစ်နိုင်ဖို့ စဉ်းစားရမယ်။ ကြောက်စရာအာရုံတွေကို ဝင်လာတဲ့အခိုက်၊ အခိုက်မှာပဲ ဖျောက်ဖျက်ပစ်နိုင်ဖို့ ကြိုးစား ရှုမှတ်နိုင်ရမယ်။

နောက်ပြီးတော့ တောရဆောက်တည်တဲ့ ရဟန်းဟာ တောမှာနေလို့ သတိလည်းမကပ်၊ သမာဓိလည်းမတည်၊ အာသဝေါလည်းမကုန်၊ အရဟတ္တဖိုလ်လည်းမရ၊ ပစ္စည်းကလည်း ရှားပါးမယ်ဆိုရင် အဲဒီတောကနေ နေ့ချင်းညချင်း ဆင်ခြင်သုံးသပ်ပြီး ဆောလျင်စွာ ထွက်ခွာသင့်ပါတယ်။ ပစ္စည်းရှားပါးပေမယ်လို့ သတိ၊ သမာဓိတည်ပြီး အာသဝေါတရားကုန်ခန်းမယ်ဆိုရင်တော့ ထိုတောမှာပဲ ဆက်နေပြီး အားထုတ်ရမယ်။ အကယ်၍ ပစ္စည်းလည်းပေါ၊ တရားလည်းတောင်းမယ်ဆိုရင်တော့ တစ်သက်လုံး နေထိုင်အားထုတ်သင့်တဲ့ တောဖြစ်တယ်'

လို့ ညွှန်ကြားတော်မူခဲ့သည်။

တောရဆောက်တည်ဖူးသူတိုင်း အခက်အခဲမျိုးစုံ ရေးဖွဲ့မကုန်အောင် များလှ၏။ ကသိကအောက်ဖြစ်လောက်ရုံ သာမန်အခက်အခဲလေးများအဖြစ် ညမှောင်မှောင် ရေသောက်စဉ် သောက်ရေဖလားမှာ ကပ်နေသော ကင်းမြီးကောက်က နှုတ်ခမ်းကို အထိုးခံရတာမျိုး၊ ဗိုက်နာ၍ ကျင်ကြီးသွားခါမှ ကျင်ကြီးအိမ်ထဲ၌ မြွေကရောက်နေတာမျိုး၊ ညအိပ်ရာဝင်မှာ အိပ်ရာထဲမြွေတက်ခွေနေတာမျိုး၊ ညအချိန်မှာ တောခွေးအတွေ့ ကျောင်းပတ်ပတ်လည်က ဝိုင်းအူနေကြတာမျိုး၊ တစ်ခါတစ်ရံမှာ ငှက်ဖျားတတ်၍ တောအုပ်အလယ်မှာ တစ်ပါးတည်း

လဲနေတာမျိုး စသည့်အဖြစ်တွေက ဖြစ်ရိုးဖြစ်စဉ်ပါဟုပင် ပြောရပေတော့မည်။ ထို့ပြင် မျက်စိနှင့် တပ်အပ်မမြင်တွေ့ရသောပရလောကသားတို့၏ နှောင့်ယှက်မှုနှင့် စောင့်ရှောက်မှုတွေကလည်း သတိဉာဏ်ပညာနှင့် ဆင်ခြင်၍ မြင်တတ်မှသာ တွေ့နိုင်လေသည်။

သို့သော် ယခုခေတ်မှာတော့ တောရကျောင်းတော်တော်များများမှာ အဘက်ဘက်က ပြည့်စုံနေကြပါပြီ။ လိုအပ်တာထက် ပိုနေကြပြီ ဖြစ်၏။ အရှင်ဝိဝေက ရောက်လေရာ တောရကျောင်းတိုင်းမှာ အစစအရာရာ အဆင်ပြေ ချောမွေ့လွန်းနေ၏။ ဇိမ်ခံပစ္စည်းတွေ၊ ဆက်သွယ်ရေးကိရိယာတွေနေရာယူလာကြပြီဖြစ်သော တောရကျောင်းများစွာရှိလာကြသည်။

ထို့ကြောင့်လည်း ပထမ သပိတ်အိုင်တောရဆရာတော်ကြီးက တောနေရဟန်းများကို သတိပေးဆုံးမခဲ့ဖူးသည်။

"တောနေရဟန်းဆိုတာ တောထဲမှာ တစ်ပါးတည်းနေတယ် ဆိုပေမယ့် ဓမ္မနဲ့ စပ်လာတဲ့အခါ မလိုလားအပ်တဲ့ ပလိဗောဓတွေရှိလာတတ်တယ်။ ဒါမျိုးက ကိုယ်တိုင်သိပေမယ်လို့ ဘေးလူက မြင်နိုင်တာမျိုး မဟုတ်ဘူး။

တောတစ်တောမှာ ရက်တိုနေကြတဲ့ ပုဂ္ဂိုလ်တွေအဖို့ သိပ်ပြီး ပလိဗောဓ မရှိပေမယ့် နှစ်နဲ့ချီကြာကြာနေလာတဲ့အခါ အကြောင်းအမျိုးမျိုးနဲ့ ပလိဗောဓတွေ ဝင်လာတတ်တယ်။ ဒါ့ကြောင့် ဓမ္မဘက်မှာ အားနည်းမှုတွေ ရှိလာတတ်တယ်" .

ဟူ၍ မိန့်တော်မူခဲ့သည်။

မှန်ပါသည်။ ထိုသို့ ပလိဗောဓတွေ၊ အခက်အခဲမျိုးစုံတွေကို အရှင်ဝိဝေက တစ်နေရာမဟုတ် တစ်နေရာ ကြုံတွေ့လေ့ရှိပါသည်။ တောရဆရာတော်ကြီး အမိန့်ရှိလိုက်သလို ကြောက်စရာ အန္တရာယ်၊ အခက်အခဲတွေက တဖြည်းဖြည်းရိုးသွားသော်လည်း အနေကြာသော တောရတိုင်းမှာ ငြိတွယ်မှု (ပလိဗောဓ) တွေက တဖြည်းဖြည်း များလာတတ်လေသည်။

သို့သော်လည်း ယုံကြည်စွာ ကျင့်သုံးအပ်သော ဓမ္မစွမ်းရည် မြင့်တက်လာပါက မြင်အပ်၊ မမြင်အပ် အနှောင့်အယှက် အခက်အခဲများ၊ ငြိတွယ်မှုအနှောင်အဖွဲ့များကို အလွယ်တကူ ဖြေရှင်း လွတ်မြောက်နိုင်ခဲ့၏။

သည်နေရာမှာ တောရဓူတင်



www.burmeseclassic.com

www.burmeseclassic.com

ဆောက်တည်ခြင်းနှင့် စပ်လျဉ်း၍ သူတော်ကောင်းပုဂ္ဂိုလ်တို့ အလွယ်တကူ ခြုံငုံသုံးသပ် သိရှိနိုင်စေဖို့ရန်အတွက် တောမှီရဟန်းတော်တစ်ပါး၏ အတွေ့အကြုံ ဖြစ်ရပ်မှတ်တမ်းအချို့ကို ပြန်လည် ဖြန့်ဝေချင်ပါသည်။

**မြိုင်ကြီးငူဒေသမှ မင်းဇိုင်းတောင်တောရခရီး**

နံနက်အရုဏ်မကျင်းမီ အိပ်ရာမှ ထ၍ မျက်နှာသစ်ပြီး ဘုရားဆောင် ဝင်ပါတယ်။ အမွှေးတိုင်၊ ဆီမီးတိုင်၊ ရေချမ်းများ ကပ်လှူပြီး မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်မြတ်များကို တစ်ပါးစီ ရိုရိုသေသေ စီးဖြန်းပွားများပါတယ်။ နံနက်မိုးလင်းတဲ့အခါ အရှေ့ဘက် လောကဓာတ်တိုက်ကို ရုတ်တရက်ကြည့်လိုက်မိတယ်။ တိတ်တဆိတ်စိတ်ထဲမှာ ပျော်ရွှင်ချမ်းမြေ့မိတယ်။ သင်္ကန်းတော်ကိုပြင်ဝတ်ပြီး ကျောင်းမှထွက်လာခဲ့တယ်။

တောရကျောင်းလေးရဲ့ ရှေ့မှာ ကံ့ကော်ပင်ကြီး တစ်ပင်လုံးပွင့်နေလို့ သင်းပျံ့မွှေးကြိုင်နေတယ်။ ပတ်ဝန်းကျင်မှာ နှင်းမှုန်တွေက ရီဝေအေးစက်လို့နေတယ်။ မြောက်ပြန်လေနုအေးတွေက ဖြည်းညင်းစွာတိုက်နေပါတယ်။ ဆောင်းနဲ့အတူ အေးမြနေတဲ့ ဖွဲကပင်တောင်တန်းကြီးဟာ ဣန္ဒြေရှိစွာနဲ့ လှပနေပါတယ်။ တိုင်းရာဇဂြိုဟ်အလား တင်စားခဲ့ကြတဲ့ မြို့ဘားအံဟာလည်း ပုံရိပ်မထင်ဘဲ နှင်းမှုန်ကြားမှာ ရီဝေဝေမြင်ရတယ်။

အရှင်တစ်ပါးတည်း တောရခရီး ထွက်လာခဲ့တယ်။ တောရခရီးဟာ ခြေကျင်ခရီးတစ်ဝက်၊ ရေလမ်းခရီးတစ်ဝက်နဲ့သွားရမှာမို့ သွားလိုတဲ့ဆန္ဒရှိရာ တောရနေရာကို အငှားစက်လှေပဲ့ချိတ်တစ်စီးနဲ့ ခရီးသည်များနှင့်အတူ ထွက်ခဲ့တယ်။ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသကို ထွက်လာခဲ့တယ်။

ပဲ့ချိတ်စက်လှေနဲ့ သံလွင်မြစ် ကျောရိုးအတိုင်း ဆန်တက်တယ်။ မင်းစံရွာ၊ မင်းစီရွာ၊ မင်းကရင်ရွာ၊ ဝတ်ကြီးရွာ၊ တစ်ကောင်ဗိုလ်ရွာ၊ ပိုက်တောရွာ၊ ဥဒေါင်းရွာ၊ နန်းသာအုံးရွာ၊ အောက်တောရွာ၊ ကော့စိန်ရွာ၊ ကော့လုံကျွန်းရွာ၊ ဝဲပျံ့ရွာ၊ မင်းဇိုင်းရွာတို့ကို ဖြတ်ကျော်ပြီး မွန်းလွဲ (၃) နာရီလောက်မှာ ကော့လုံကျွန်းထိပ် သုသာန်တောရကျောင်းကို ရောက်ပါတယ်။

သံလွင်မြစ်ဟာ ဒီအချိန်မှာ စာမဖွဲ့နိုင်လောက်အောင် သာယာကြည်နူးဖွယ်ကောင်းတယ်။ အိုင်ယာလန်ပြည်သား စာရေးဆရာကြီး ဗွီနက်စကော့က သံလွင်ဟာ စိတ်ကူးယဉ်တာထက် ပိုလှတယ်လို့ ကောက်ချက်ချခဲ့တယ်။

ကမောင်းကျေးရွာအရှေ့ဘက် ကော့လုံကျွန်းထိပ်ကို ရောက်တဲ့အခါ ကော့လုံကျွန်းထိပ်မှာ သာသနာရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ ရသေ့ကြီး ဦးဉာဏကမ္ဘောဇနဲ့ ဆုံတယ်။ ရသေ့ကျောင်းမှာပဲ ထိုနေ့ညကျိန်းပါတယ်။ ရသေ့ကြီးရဲ့ ဆောင်ရွက်ဆဲဖြစ်တဲ့ သာသနာရေးလုပ်ငန်းတွေကို မေးမြန်းကြည့်တယ်။

နောက်နေ့မနက် ဆွမ်းကိစ္စပြီးတာနဲ့ ရသေ့ကျောင်းကနေ ခရီးဆက်ခဲ့တယ်။ သွားရမယ့်ခရီးက အလွန်ဝေးတဲ့ ခရီးမို့ ခရီးသွားကြုံလည်း မရှိပါ။ ကမောင်းကျေးရွာ စက်လှေဆိပ်ရှေ့က ဇရပ်တစ်ဆောင်မှာ ခေတ္တနားရင်း၊ ခရီးသွားများကို စုံစမ်းရင်း စောင့်နေလိုက်တယ်။

သံလွင်မြစ်ထဲမှာ သစ်ဖောင်တွေ မျှောနေကြတယ်။ သံလွင်မြစ်ကို မိဘဘိုးဘွားတွေက 'ရွှေသံလွင်' လို့ တင်စားပြီး ခေါ်ဆိုကြတယ်။ သံလွင်မြစ်ဟာ ကမ္ဘာပေါ်မှာ အရှည်ဆုံးနဲ့ အကြီးဆုံးမြစ်တွေထဲမှာ ပါဝင်ပါတယ်။ မိုင်ပေါင်း(၁၇၅၀) လောက်ရှည်တယ်ဆိုကြပေမယ့် သံလွင်မြစ်ကို ဘယ်သူမှ အစအဆုံး မရောက်ဖူးကြပါဘူးတဲ့။

သံလွင်မြစ်ရဲ့အလှကို အမျိုးမျိုး စဉ်းစားပြီး မကြာခင် ကရင်တိုင်းရင်းသားတစ်စုနဲ့ ခရီးသွားဖော်ရတယ်။ သူတို့က ရွာကိုပြန်ကြမယ်။ ဈေးဝယ်လာကြလို့ သူတို့ရဲ့ပလိုင်းတွေထဲမှာ ငရုတ်သီးတောင့်တွေ၊ ပဲတွေတွေ့ရတယ်။ သူတို့နဲ့အတူ ခရီးဆက်ရင်း ကိုယ်ရောက်လိုတဲ့လမ်းခွဲကို ရောက်တဲ့အခါ သူတို့ကို နှုတ်ဆက်ပြီး တစ်ပါးတည်း လမ်းခွဲထွက်ခဲ့တယ်။

တောရခရီးက တောနင်းသက်သက် မိုင် (၂၀) ကျော်ဝေးပါတယ်။ အသွားအပြန်ဆိုရင် မိုင် (၄၀) ပါပဲ။ အဲဒီနေ့က ဆွမ်းမဘုဉ်းပေးရဘဲ ကန်တော့ဆွမ်းနဲ့ နေခဲ့ရတယ်။ တောရဆောက်တည်သွားတဲ့ တောင်ပေါ်ကျောင်းကို မရောက်မီ တောင်ခြေက ရွာလေးမှာ အနားယူပါတယ်။ ရွာလေးက အိမ်ခြေမများလှပါဘူး။ တကယ့်တောကြီးမျက်မည်းထဲမှာနေကြတဲ့ တိုင်းရင်းသားတွေမို့ အလွန်ရိုးသားဖြူစင်လှပါတယ်။

သူတို့တွေ တောထဲမှာ ကြီးပြင်းလာကြလို့ ပညာဗဟုသုတ စာပေတွေ မတတ်ကျွမ်းကြပါဘူး။ ရိုးရိုးရှင်းရှင်း သမားတွေပါပဲ။ သူတို့ရဲ့ အေးဆေးတဲ့ အမူအရာတွေကို တွေ့ရတဲ့သူတွေဟာ အရမ်းသနားမိမှာပါ။ လမ်းညွှန်ပြပေးမယ့်သူမရှိတဲ့ ဒီလိုနေရာတွေမှာ ဗုဒ္ဓယဉ်ကျေးမှုအမွေပေးနိုင်ကြမယ်ဆိုရင် အလွန်အကျိုးကျေးဇူးများနိုင်ပါတယ်။

လာရတဲ့ခရီးက အလွန်ကြမ်းလို့ ရွာဦးတောရကျောင်းမှာ တစ်ညကျိန်းစက်ခဲ့တယ်။ ဒီကျောင်းကို စောင့်တဲ့ ဦးပဇ္ဇင်းတွေကလည်း မြန်မာစကား မတတ်ကြပါဘူး။ တိုင်းရင်းဘာသာစကားပဲပြောတတ်ကြတယ်။ ကျောင်းမှာ တည်းခိုခွင့်ရတာပဲ ဝမ်းသာမဆုံးဖြစ်ရပါတယ်။ ညနေရောက်တဲ့အခါ တည်းခိုကျောင်းမှာပဲ ဘုရားဝတ်ပြုပြီး ဆီမီး၊ ဖယောင်းတိုင်များနဲ့ ပူဇော်ပါတယ်။

ဘုရားဝတ်ပြုပြီးတော့ နေ့စဉ်အမြဲ နှလုံးသွင်းပွားများအားထုတ်နေကျဖြစ်တဲ့ ဗုဒ္ဓါနုဿတိဘာဝနာကို စီးဖြန်းအားထုတ်ပါတယ်။ ဘာဝနာပွားများပြီးတဲ့အခါ ကျိန်းစက်ရာနေရာမှာပဲ ခဏနားပါတယ်။ တောနက်ထဲက တောရကျောင်းမို့ မီးအလင်းရောင်တွေ မတွေ့ရဘဲ မှောင်မည်းတိတ်ဆိတ်နေပါတယ်။ လရောင်သာတဲ့ညမဟုတ်လို့ တစ်ရွာလုံးလည်း မှောင်မည်းတိတ်ဆိတ်ပြီး အိပ်ပျော်နေကြပြီထင်ပါရဲ့။

အရှင်လည်း မိမိမှာပါတဲ့ နှစ်ထပ်သင်္ကန်းကြီးကိုခြုံပြီး အိပ်စက်ပါတယ်။ တောရကျောင်းမှာ အကာမရှိတော့ ညရဲ့ အပြင်မြင်ကွင်းတွေ တွေ့ရတယ်။ တောင်ခြေဖြစ်လို့ လေတွေအရမ်းတိုက်တယ်။ တစ်ချက်တစ်ချက်မှာ ချေကောင်တွေရဲ့ အော်သံတွေ ကြားရတယ်။ တစ်ရေးနိုးတဲ့အခါ လင်းကြက်တွန်သံတွေ ကြားရပြီဖြစ်လို့ အိပ်ရာထပြီးကိုယ်လက်သန့်စင်ကာ ဘုရားဝတ်တက်ပါတယ်။

နံနက်မိုးလင်းတဲ့အခါ ကျောင်းရှေ့မှာဆင်းပြီး အညောင်းပြေလမ်းလျှောက်တယ်။ ပလိုင်းတွေကိုယ်စီလွယ်ပြီး ဆွမ်းတွေလာပို့ကြတဲ့ တိုင်းရင်းသူလေးတွေ ကျောင်းရှေ့က စမ်းရေစပ်မှာ ရောက်လာကြတယ်။ ကျောင်းထဲကိုဝင်လာပြီးတော့ ဆွမ်းစားကျောင်းမှာ ဆွမ်းလာပို့တယ်။ ကပ္ပိယတစ်ဦးနဲ့ သာမဏေငယ်နှစ်ပါးက ဆွမ်းဝိုင်းကို ပြင်ဆင်ပြီး နံနက် (၇) နာရီထိုးတဲ့အခါ ဆွမ်းဘုဉ်းပေးတယ်။ မြို့နဲ့ဝေးသီခေါင်တဲ့အရပ်ပြ



www.burmeseclassic.com

www.burmeseclassic.com

တို့ ဖောဖောသီသီတော့ သိပ်မရှိလှပါဘူး။ အထိုက်အလျောက်တော့ ပြည့်စုံပါတယ်။ တောတောင်ထဲမှာထွက်တဲ့ သဘာဝအသီးအနှံဟင်းတွေ၊ တို့စရာ အရွက်တွေ၊ အဖူးအညွန့်တွေ စုံလင်နေပါတယ်။ ဆွမ်းဘုဉ်းပေးရတာ မြိန်လှပါတယ်။

ဆွမ်းကိစ္စပြီးတဲ့အခါ သင်းပိုင်သင်္ကန်းတွေ ပြင်ဆင်ဝတ်ပြီး သပိတ်ကို လွယ်ကာ တစ်ပါးတည်း တောရခရီး ဆက်ပါတယ်။ ယခုသွားရမယ့် တောရခရီးဟာ ကြိုတင်ရောက်ဖူးထားတဲ့ ခရီးမဟုတ်ပါ။ လမ်းအခြေအနေကိုကြည့်ပြီး သွားရမှာဖြစ်တယ်။ တောရွာကျောင်းဆရာတော်ကို အရိုအသေ အလေးအမြတ်ပြုပြီးဦးချကန်တော့ပါတယ်။ ဆရာတော်က သွားရမယ့်ခရီးက သိပ်မဝေးပေမယ့် တောပိုးတွေကြောင့် အန္တရာယ်များတယ်။ လမ်းခရီးမှာ ကျားသတ္တဝါတွေနဲ့ တွေ့ရတတ်ကြောင်း သတိပေးလိုက်ပါတယ်။

ဆရာတော် အမိန့်ရှိတာကို နာယူပြီး တစ်ပါးတည်း ထွက်ခွာခဲ့ပါတယ်။ ကျောင်းအပြင်ကိုရောက်လို့ တောတန်းတောင်အင်ငူတစ်ခုရောက်တဲ့အခါ တောမုဆိုးတစ်ဦး သားကောင်ထမ်းပြီး ပြန်လာတာနဲ့ဆုံတွေ့ပါတယ်။ အရှင့်ကိုတွေ့တဲ့အခါ သူထမ်းလာတဲ့ တောကောင်ကို လမ်းဘေးမှာချထားပြီး အရှင့်ကို အရိုအသေပြုပါတယ်။ တိုင်းရင်းဘာသာစကားနဲ့ မေးမြန်းပြီး ရှိခိုးရှာပါတယ်။ အရှင်လည်း နားလည်သလောက်နဲ့ အမေးအဖြေလုပ်ပြီး နှုတ်ဆက်ပြီးတော့ ကိုယ့်ခရီးကိုယ်ဆက်ကြတယ်။

သပိတ်ကိုလွယ်ပြီးတော့ တောထဲကို တိုးဝင်ခဲ့တယ်။ အရှင်ရဲ့မျက်စိထဲမှာတော့ မုဆိုးကြီးကို မြင်ယောင်နေမိတယ်။ တစ်ဦးက သပိတ်လွယ်ပြီး တောထဲသွားတယ်၊ တစ်ဦးက အသားထမ်းပြီး ရွာထဲကိုပြန်တယ်။ ဒီလမ်းနှစ်သွယ်ဟာ ကိုယ့်လမ်းနဲ့ကိုယ့်ခရီး၊ ကိုယ့်အကိုယ်ထမ်းနေကြရတာပါလားလို့တွေးဆနဲ့လာလိုက်တာ လိုရာခရီးကိုရောက်ဖို့ သိပ်မဝေးတော့ပါ။ စမ်းချောင်းလေးတစ်ခုဘေးမှာ ခဏထိုင်နားပြီး ခြေတွေကို ရေနဲ့သန့်စင်လိုက်ပါတယ်။

စမ်းချောင်းစပ်မှာ သားကောင်တွေ အမျိုးမျိုးတွေ့ရပါတယ်။ အထူးသဖြင့် ကျားခြေရာတွေက ပိုပြီးထင်ရှားစွာတွေ့ရပါတယ်။ ရေလာသောက်တဲ့ တောကြက်တွေ၊တောငှက်တွေက အံ့သံမျိုးစုံပြုနေကြတယ်။ စမ်းရေစပ်လေးဘေးမှာတော့ ပေတစ်ရာကျော်မကမြင့်တဲ့ ကညင်ပင်ကြီးတွေ၊ သစ်ဖြူပင်ကြီးတွေဟာ ဖယောင်းတိုင်လိုပဲ ဖြောင့်တန်းနေတယ်။ အရိပ်ကလည်း နေပြောက်မထိုးဘူး။ တောကြီးမျက်မည်းဆိုတာ ဒီတောတွေကို ဆိုလိုတာပါပဲ။ (၁၀) မိနစ်ခန့်အနားယူပြီး ခရီးဆက်ထွက်ခဲ့တယ်။

ဒီတစ်ခါ မြေပြန့်ခရီးမဟုတ်တော့ဘဲ တောင်တက်ခရီးသက်သက်ဖြစ်လာတယ်။ တောင်အထပ်ထပ်၊ လျှိုအသွယ်သွယ်ကို ဖြတ်ကျော်ပြီးတော့ အလိုရှိရာခရီးကို နံနက် (၁၁) နာရီကျော်မှ ရောက်ပါတော့တယ်။ သင့်တော်ရာနေရာတစ်ခုမှာ ထိုင်နားပြီးချိန်လောက်မှာ ကပ္ပိယကျောင်းသားကြီးတစ်ယောက်လာပင့်ပါတယ်။ အရှင်လည်း စမ်းရေတွင်းမှာ ကိုယ်လက်သန့်စင်ကာ ကျောင်းသင်္ခမ်းပေါ်တက်ပြီး ဤတောရကျောင်းမှာ သီတင်းသုံးနေသော ဆရာတော်ကို ဖူးတွေ့ကန်တော့ပါတယ်။ ဆရာတော်နဲ့ မိတ်ဆက်စကားပြောကြပြီး ဆွမ်းအတူဘုဉ်းပေးကြပါတယ်။

ဆွမ်းကိစ္စပြီးတော့မှ ဆရာတော်ကို ဤတောကျောင်းမှာ ကိုးရက်၊ ကိုးညအဓိဋ္ဌာန်ကမ္မဋ္ဌာန်း ပွားများခွင့်ပြုဖို့ ခွင့်တောင်းပါတယ်။ ဆရာတော်ကလည်း ဝမ်းမြောက်ဝမ်းသာခွင့်ပြုပါတယ်။ ဤတောရကျောင်းမှာ နှစ်သက်ရာနေရာကို နေထိုင်ဖို့ ခွင့်ပြုပါတယ်။ အရှင်က ဆရာတော်ကို ပြန်မလျှောက်တော့ဘဲ သင့်တော်ရာ သစ်ပင်ကြီးတစ်ပင်အောက်မှာ အဓိဋ္ဌာန်တင်ပြီး ကမ္မဋ္ဌာန်းပွားများပါတယ်။

အရှင်ကမ္မဋ္ဌာန်းပွားများတဲ့နေရာ ရှေ့မှာ စေတီတော်ကြီးတစ်ဆူရှိပါတယ်။ ဘေးပတ်ပတ်လည်မှာ ကမ္မဋ္ဌာန်းထိုင်တဲ့ ကျောင်းလေးတွေရှိပါတယ်။ ကျေးငှက်မြည်သံမှတစ်ပါး အခြားဘာသံမှမကြားရပါ။ ဖြူစင်မြင့်မြတ်တဲ့ သူတော်စင်တို့ရဲ့နေရာပါပဲ။

ပထမဦးဆုံး စတင်ပြီး အဓိဋ္ဌာန်ဝင်တဲ့ညမှာ အရှင်ထိုင်နေတဲ့ နေရာတစ်ဝိုက်ကို တောကောင်တွေ ဝင်ရောက်လာတာ တွေ့ရပါတယ်။ ချေငယ်တွေ၊ သမင်၊ စိုင်၊ ဆတ်တွေပါပဲ။ အရှင့်ကို အန္တရာယ်မပြုပါဘူး။ သူတို့တစ်တွေကို မေတ္တာပို့ပေးပါတယ်။ တောသားကောင်တွေနဲ့ အတူဆုံပြီးနေရတဲ့စိတ်ဟာ အေးချမ်းပါတယ်။ ဒီသတ္တဝါတွေဟာ ဘယ်သူ့ကိုမှ အန္တရာယ်မပေးပါဘူး။ လူတွေကသာ သူတို့ကို အန္တရာယ်ပေးပြီး သတ်ဖြတ်စားကြတာပါ။

ဒုတိယညမှာတော့ အရှင် ကမ္မဋ္ဌာန်းပွားများတဲ့ရှေ့က စေတီရင်ပြင်တော်ပေါ်မှာ အလင်းရောင်တန်းကြီးတစ်ခုဟာ တစ်နေရာကနေ တစ်နေရာ အလင်းတန်းပြန်နေတာ တွေ့ရပါတယ်။ ဒီအလင်းတန်းကို တွေ့ရလို့ နံနက်မိုးသောက်တဲ့အခါ ဆရာတော်ကိုလျှောက်ပါတယ်။ ဆရာတော်က မကြာမကြာ တွေ့ရတယ်ဆိုတဲ့အကြောင်းကို မိန့်တယ်။ ဒါပဲတွေ့လားလို့လည်း မိန့်ပါသေးတယ်။

တတိယမြောက် အဓိဋ္ဌာန်ညမှာတော့ တောကောင်တွေဟာ စေတီရင်ပြင်တော်ပေါ်ကိုလာပြီးနားနေကြတယ်။ သူတို့တွေ နံနက်မိုးလင်းခါနီးတော့မှ ပြန်သွားကြတယ်။ စတုတ္ထ၊ ပဉ္စမညတွေမှာတော့ ထူးဆန်းတာ မတွေ့ရဘဲ ဆဋ္ဌမမြောက်ညမှာတော့ ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်တစ်ဦး စေတီရင်ပြင်ဘေး ဇရပ်လေးတစ်ဆောင်ရှေ့မှာ တွေ့လိုက်ရတယ်။ မတ်တတ်ရပ်ပြီး အရှင့်ဘက်ကို လှည့်ကြည့်နေတယ်။

အရှင် လှည့်ကြည့်လိုက်တဲ့အခါ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ အလင်းရောင်တစ်ခုဟာ လင်းလင်းလက်လက်ဖြစ်နေတယ်။အရှင်တို့ ငယ်ငယ်ကတွေ့ဖူးတဲ့ ဘိုးဘိုးအောင်ပုံထဲက ဓာတ်လုံးကိုင်ထားတဲ့ပုံနဲ့ တူပါတယ်။ အနီးအနားမှာ ဘယ်သူမှမရှိတော့ အရှင်တစ်ပါးတည်း ဆရာတော်ရဲ့ကျောင်းဘက် ပြန်လာခဲ့တယ်။ ဆရာတော် စင်္ကြံကြွနေတာတွေ့လို့ အကျိုးအကြောင်းပြောပြတဲ့အခါ ဆရာတော်က လိုက်ကြည့်ပါတယ်။ ခုနကတွေ့ရတဲ့ ဝတ်ဖြူစင်ကြီး မတွေ့ရတော့ပါ။ အံ့သြမဆုံးဖြစ်ရပါတယ်။

ဆရာတော်ကပဲ ဒီလိုမျိုးပုဂ္ဂိုလ် မကြာမကြာ ဒီတောင်မှာ တွေ့ဖူးတယ်။ ဒီတောင်ရဲ့ အမြင့်ဆုံးနေရာမှာ ဆရာတော်တွေ့ဖူးတဲ့ပုဂ္ဂိုလ်နဲ့ တူတယ်လို့ မိန့်ပါတယ်။

သတ္တမမြောက်တဲ့ နေ့မှာတော့ ရပ်ဝေးက အဘိုးဖြူတစ်ဦး ရောက်လာတယ်။ အဘိုးဖြူက အလွန်အသက်ကြီးနေပါပြီ။ ခန့်မှန်းခြေ အသက် (၇၀) ကျော်လောက် ထင်ရပါတယ်။ လွယ်အိတ်တစ်လုံးနဲ့ ဝတ်ဖြူနဲ့ချည်ထားတဲ့ အထုပ်တစ်ထုပ်လည်း ပါတယ်။ အထုပ်ထဲက ပါတဲ့ဟာတွေကိုမေးတော့ အထုပ်



www.burmeseclassic.com

www.burmeseclassic.com

ကို ဖြေပြတယ်။ ဖိုထိုးတဲ့ချော်တွေ၊ လုံးတွေ၊ ဓာတ်သားတွေ၊ ကျောက်တွေ အများကြီး ပါလာတယ်။ အဘိုးဖြူက အရှင့်ကို ဖိုထိုးဝါသနာပါသလားလို့မေးတယ်။ ဝါသနာမပါကြောင်း ပြောလိုက်တယ်။ဝါသနာမပါပေမယ့် ဟောဒီဓာတ်လုံးလေးလှူလိုက်မယ်။ ဘာတွေကောင်းသလဲမေးတော့ 'သံသေရင် တစ်ပြည်၊ ကြေးသေရင် အနန္တ' လို့ ပြောတယ်။

အရှင့်ကို ဓာတ်လုံးတစ်လုံးပေးခဲ့ပြီး အဘိုးဖြူက ဆရာတော်နေတဲ့ ကျောင်းပေါ်ကိုတက်သွားတယ်။ ဆရာတော်နဲ့ အဘိုးဖြူ စကားပြောဆိုကြပြီး ကျောင်းပေါ်က ဆင်းလာကြတယ်။ အရှင့်ထံပြန်လာပြီး တခြားတောင်ကို ခရီးဆက်ဦးမယ်လို့ နှုတ်ဆက်တယ်။ အရှင်လည်း အားရဝမ်းသာစွာနဲ့ ပြန်ပြီး နှုတ်ဆက်လိုက်ပါတယ်။ အဘိုးဖြူကို နောက်ကနေကြည့်ပြီး တစ်ကိုယ်တော် ခရီးသည်ဖြစ်တဲ့ အဘိုးဖြူဘဝကို မြတ်နိုးမိပါတယ်။

အဓိဋ္ဌာန်ရက်မစေ့မီ အဌမမြောက်ညမှာတော့ အရှင် ကမ္မဋ္ဌာန်းပွားများ အားထုတ်တဲ့ဘေးမှာ တစ်ဦးတစ်ယောက် လမ်းလျှောက်တဲ့ခြေသံကို ကြားရတယ်။ လမိုက်ညဖြစ်လို့ ဘယ်သူဘယ်ဝါဆိုတာ မမြင်ရပါ။ ည (၁၂) နာရီကျော် လထွက်စအချိန်မှာ စမ်းရေကန်ဘေးနားသွားပြီး ကိုယ်လက်သန့်စင်ဆေးကြောပါတယ်။ ပြီးတော့ ကိုယ့်နေရာကိုပြန်လာပြီး ကျိန်းစက်အနားယူဖို့ ပြင်ဆင်ပါတယ်။ အဲဒီအချိန်မှာ ငှက်ဆိုးတစ်ကောင်က မလှမ်းမကမ်း သစ်ပင်ကြီးတစ်ပင်ရဲ့ အပေါ်ကနေပြီး အော်နေတယ်၊ အဲဒီငှက်ဆိုးသံကို ကြားရတဲ့အခါ ခန္ဓာကိုယ်ပေါ်မှာ ကြက်သီးမွေးညင်းတွေထလာပြီး ကြောက်စိတ်မဝင်အောင် မနည်းထိန်းရပါတယ်။ ငှက်ဆိုးကလည်း အော်မြဲအော်နေပါတယ်။ အဲဒီအသံကို ကြားရတဲ့ ဆရာတော်ဟာ ကျောင်းပေါ်ကနေ ဆင်းလာပြီး အရှင်တရားထိုင်တဲ့နေရာကို ကြွလာတယ်။ ဒီငှက်ဆိုးအသံလာပေးရင် စေတီဘေးမှာ အန္တရာယ်ပေးမယ့် သားကောင်ကြီးတွေ ရောက်လာလိမ့်မယ်လို့ မိန့်တယ်။ ဆရာတော့်စကားကို ကြားရတော့ စိတ်ထဲမှာကြောက်မိတယ်။ ဆရာတော်က အဓိဋ္ဌာန်ကမ္မဋ္ဌာန်းတရားကိုပဲ ပွားများပါ၊ အပျက်မခံပါနဲ့၊ ဘာပဲတွေ့တွေ့ မေတ္တာကိုများများပို့ပေးပါလို့ မှာခဲ့ပြီး ကျောင်းပေါ်ကို ပြန်ကြွသွားတယ်။

ဆရာတော် ပြန်ကြွသွားတဲ့အခါ ငှက်ဆိုးရဲ့အသံက ပိုစိတ်လာပြီး ကျယ်လာတယ်။ မကြာပါဘူး၊ စေတီရင်ပြင် မလှမ်းမကမ်းကို ကြည့်လိုက်မိတဲ့အခါ ကျားကြီးနှစ်ကောင်ကို တွေ့ရတယ်။ ကျားကြီးနှစ်ကောင်ကို တွေ့လိုက်မိတဲ့ အရှင့်ရဲ့စိတ်မှာ တဖြည်းဖြည်း ကြောက်စိတ်တွေပေါ်လာတယ်။ ကြက်သီးမွေးညင်းတွေထလာတယ်။ ထပြေးချင်စိတ်တွေပေါ်လာတယ်။ ဆရာတော်မိန့်ခဲ့တဲ့ အတိုင်း မေတ္တာကို အဆက်မပြတ် ရွတ်ဆိုပွားများတယ်။ အငြိမ်မနေတဲ့ကျားကြီးနှစ်ကောင်ဟာ စေတီရင်ပြင်တော် အပေါ်မှာလှည့်ပတ်နေတယ်။ ဒီသတ္တဝါတွေကိုတွေ့တဲ့ ငှက်ဆိုးက အော်သံအမျိုးမျိုးအော်ပြတယ်။ ဇီးကွက်ငှက်ကလည်း အော်သံပေးတယ်။ တစ်တီတူးငှက်ကလည်း အော်သံပေးတယ်။

အဘက်ဘက်က ကြောက်စိတ်ဝင်လာတဲ့ အရှင့်မှာ ချွေးသီးချွေးပေါက်တွေထွက်ကျလာတယ်။ မလှုပ်ရဲအောင်ဖြစ်ပြီး သတိနဲ့ အသိကို ခန္ဓာမှာကပ်လျက် ဗုဒ္ဓါနုဿတိဘာဝနာနဲ့ မေတ္တာဘာဝနာကို တစ်လှည့်စီပွားများပါတယ်။ တဖြည်းဖြည်း သမာဓိရလာပြီး ကြောက်စိတ်တွေ တဖြည်းဖြည်းပျောက်သွားတယ်။ ကြောက်စိတ်တွေပျောက်လို့ သမာဓိရလာတဲ့ မိမိခန္ဓာကိုယ်မှာ အသိနဲ့ကပ်ပြီး စီးဖြန်းပွားများတဲ့အခါ တွန်းကန်လှုပ်ရှား ကျဉ်းကျပ် ပူအေးတဲ့ ဓာတ်ဝတ္ထုအစုစုတွေခံစားရတယ်။ ဓာတ်ကြီးလေးပါးကမ္မဋ္ဌာန်းကို ပွားများနိုင်ပြီး ကြောက်တဲ့စိတ်တွေလွတ်ကာ နံနက်မိုးလင်းပြီး (၇) နာရီလောက်မှ ကမ္မဋ္ဌာန်းဖြုတ်နိုင်ခဲ့တယ်။ ကမ္မဋ္ဌာန်းဖြုတ်လိုက်တဲ့အခါ မိမိခန္ဓာကိုယ်ဟာ ပေါ့ပါးပြီး စိတ်လည်း ကြည်လင်လန်းဆန်း ချမ်းသာမိပါတယ်။ကမ္မဋ္ဌာန်းရဲ့ကျေးဇူးဟာ ဆန်းကြယ်တယ်ဆိုတာ အပြီးနားလည်သွားပါတယ်။

နံနက်မိုးစင်စင်လင်းတော့ ရေချိုးလိုက်ပါတယ်။ ရေချိုးပြီးတဲ့အခါ နံနက်ဆွမ်းဘုဉ်းပေးပါတယ်။ ဆွမ်းကိစ္စပြီးတဲ့အခါ ဆရာတော်က မေးပါတယ်။

"ညက ကျားကြီးနှစ်ကောင် တွေ့ရဲ့လား"

"တွေ့ပါတယ် ဘုရား"

"အေးကွယ်၊ အဲဒီကျားကြီး နှစ်ကောင်က အင်မတန်ဆိုးတယ်။ အောက်ကရွာထဲဆင်းပြီး နွားပေါက်တွေ ဆင်းကိုက်တယ်။ လူတွေကိုလည်း အန္တရာယ်ပေးတယ်"

ဆိုပြီး မိန့်ပါတယ်။

ဆရာတော်နဲ့ စကားပြောပြီးတဲ့အခါ ကမ္မဋ္ဌာန်းပွားများတဲ့နေရာကို ပြန်ကြွလာပြီး သပိတ်ထဲမှာ ထည့်ထားတဲ့ ဒိုင်ယာရီစာအုပ်ကိုယူပြီး ရေးမှတ်နေမိပါတယ်။

အဓိဋ္ဌာန် နဝမမြောက်တဲ့ညမှာ ဘာအနှောင့်အယှက်မှမတွေ့ရတော့ဘဲ တောထဲတောင်ထဲမှာပွင့်နေတဲ့ တောပန်းတွေရဲ့ မွှေးရနံ့တွေကို ရှူရှိုက်ခဲ့ရတယ်။ ဂမုန်း၊ အင်ကြင်းနဲ့ သစ္စာပန်းရနံ့တွေ သင်းမြမွှေးနေတယ်။ တစ်ညလုံး အဓိဋ္ဌာန်ကမ္မဋ္ဌာန်း ပွားများပြီး နံနက်မိုးလင်းတော့ ဆွမ်းဘုဉ်းပေးပါတယ်။ ဆွမ်းဘုဉ်းပေးပြီးတာနဲ့ အဓိဋ္ဌာန်စေ့တဲ့ဒီနေ့ကို အများသတ္တဝါတွေ ချမ်းသာစေကြောင်း မေတ္တာပို့ဆုတောင်းအမျှပေးဝေခဲ့တယ်။ တောအန့်တောင်အန့် ကြားရအောင် ခေါင်းလောင်းထိုးပြီး အမျှဝေလိုက်တယ်။ တိတ်ဆိတ်ငြိမ်သက်အေးချမ်းတဲ့ ကမ္ဘာကြီးဖြစ်ပြီး လူသားတွေ အချင်းချင်းချစ်ခင်မြတ်နိုးနိုင်ကြပြီးတော့ 'ကမ္ဘာတစ်ခု၊ မိသားတစ်စု' ဖြစ်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

ပြီးတော့ သင်္ကန်းပြင်ဝတ်ပြီး ဆရာတော်ကို ရိုသေကြည်ညိုစွာ ရှိခိုးနှုတ်ဆက်ပါတယ်။

ဆရာတော်က -

"တောရမှီတဲ့ရဟန်းတွေဟာ ပလိဗောဓအလွန်နည်းပါးတယ်။ ငှက်တွေဟာ အတောင်လေးနှစ်ဖက်နဲ့ ကောင်းကင်ပေါ်မှာ ပျံသန်းနိုင်ပြီး ဘာတစ်ခုမှ ဝန်ဆောင်မှုမှမပါဘဲ လိုရာခရီးကိုရောက်အောင်သွားနိုင်သလို အရှင်ဘုရားလည်း သပိတ်လေးတစ်လုံးနဲ့ ပလိဗောဓမများစေဘဲ လိုရာကိုစွာရောက်အောင်သွားပါ။ မြတ်ဗုဒ္ဓက ရဟန်းတော်တွေကို ဩဝါဒပေးတဲ့အခါမှာ မြို့ကြီးပြကြီးထဲနေဖို့ အားမပေးခဲ့ပါဘူး။ ရောက်လေရာ တောအန့်တောင်အန့်မှာ တွေ့ဆုံကြုံကြရတဲ့ တောသူတောင်သားတွေကို မေတ္တာရှေ့ထားပြီး ဗုဒ္ဓဓမ္မအမွေအနှစ်တွေပေးနိုင်ဖို့ တပည့်တော် မှာကြားလိုပါတယ်"

ဆိုပြီး တစ်သက်တာမှတ်စရာကို မိန့်ကြားသွန်သင်ပါတယ်။

ဆရာတော်ဘုရားကို ဦးသုံးကြိမ်ချ ရှိခိုးကန်တော့ပြီး တစ်ပါးတည်းလိုရာခရီးကို ဆက်လက်ထွက်ခွာခဲ့ပါတော့တယ်။

(ဆက်ရန်)

ထုံးတောင်-အရှင်မွေ့ပီယ(မြောင်)



www.burmeseclassic.com

www.burmeseclassic.com

# သပိတ်ကျင်း–ကျော်ကျော်ထွန်း

## အရုဏ်နှင့်သည့် အရုဏ်သိဒ္ဓိအစွမ်း



**အရုဏ်သိဒ္ဓိအစွမ်း** ကို မဖော်ပြမီ ကျွန်တော်၏ ကိုယ်ရေးအကျဉ်းလေးအား ဦးစွာ ဖော်ပြလိုပါသည်။ သို့မှသာ အရုဏ်သိဒ္ဓိအစွမ်းသည် ပြည့်စုံသော အကြောင်းအရာအဖြစ် ပေါ်လွင်မည် ဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ်ခန့်ကာလသည် ယနေ့ခေတ်စားနေသော အင်တာနက်ခေတ်ဦးဟုဆိုသော် ရအံ့ထင်သည်။ သို့သော် အီလက်ထရွန်နစ် စက်ပစ္စည်းများ ယနေ့ခေတ်လို မတွင်ကျယ်သေးသဖြင့် စာဖြင့်ဆက်သွယ်၍နက်ကြရပါသည်။

ထိုအင်တာနက်တွင် ပါဝင်ဆက်သွယ်လိုသူတို့သည် အရှေ့ဖျားတိုင်းပြည်တစ်ခုမှ ထုတ်လွှင့်သော အသံလွှင့်အစီအစဉ်သို့ မိမိလိပ်စာနှင့် ကိုယ်ရေးအကျဉ်း ပေးပို့ရပါသည်။ ရောက်ရှိလာသော လိပ်စာများအား အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့တိုင်း ထုတ်လွှင့်ကြေညာပေး၏။ ကြေညာပေးသော လိပ်စာများမှ မိမိနှစ်သက်ရာလိပ်စာကို မှတ်သား၍ စာရေးဆက်သွယ်ခြင်းဖြင့် အင်တာနက်မိတ်ဆွေများ ဖြစ်သွား၏။ အချို့လည်း မဖြစ်သူရှိသည်။ သို့သော် အများအားဖြင့် တုံ့ပြန်သူများပါသည်။

ယနေ့ ခေတ်စားနေသော အင်တာနက်သည် လျှပ်စစ်မီးရသောနေရာများ၌သာ နက်နိုင်ပါသည်။ ကျွန်တော်တို့ခေတ်ဦးအင်တာနက်သည် စာဝေ၍ရောက်နိုင်သော နေရာဒေသတိုင်းနက်၍ရသော အင်တာနက်ဖြစ်ရကား မြို့ပြမှသည် ကျေးလက်တောရွာများအထိ တွင်ကျယ်ပါသည်။ ကျွန်တော်ဆိုလျှင် သပိတ်ကျင်းမြို့နှင့် ငါးမိုင်ကွာဝေးသော တောတွင်းတစ်နေရာမှနက်သူဖြစ်သည်။ လျှပ်စစ်မီးမလို၊ လက်တော့မလို၊ ကွန်ပျူတာပညာမလိုဘဲ ဘောပင်နှင့် စာရေးတတ်ရုံရှိလျှင် တစ်ပြည်လုံးဆက်သွယ်၍ရသော အင်တာနက်ဖြစ်၏။ ဝန်ဆောင်ခသည် (၁၅) ပြားမှ (၆၀) ပြား အတွင်းသာရှိ၏။

ကျွန်တော်တို့ အင်တာနက်တွင် အသုံးလုံးအဆင့်မှသည် သိပ္ပံကောလိပ်၊ တက္ကသိုလ်အထိ အလွှာစုံပါ၏။ လယ်တောတွင် ကောက်စိုက်သော ကောက်စိုက်သမလေး၊ ဆေးလိပ်ခုံတွင် ဆေးလိပ်လိပ်သော ဆေးလိပ်သမ၊ ရုံးစာရေးမ၊ ကောလိပ်ကျောင်းသူ၊ တက္ကသိုလ်ကျောင်းသူအဆုံး အားလုံးစုံ၏။ အလယ်တန်း၊ အထက်တန်းကျောင်းသူများ လုံးဝမပါပေ။

မိန်းကလေးများသာ ဖော်ပြနေသဖြင့် ယောက်ျားလေးများမပါဘူးလားမေးလျှင် 'ဟုတ်ကဲ့' ပါပါသည် ခင်ဗျား။ ကျွန်တော်က ယောက်ျားလေးများနှင့် အင်တာမနက်သောကြောင့် မဖော်ပြခြင်းပါ။ ကျွန်တော်၏ အင်တာနက်ညီမလေးများသည် မြန်မာပြည်အနှံ့ မြို့ပေါင်းနှစ်ဆယ်ခန့်မှဖြစ်ကြလေရာ လူမျိုးလည်းစုံ၏။ အလွှာလည်းစုံ၏။ ဓာတ်ပုံချင်းလဲလှယ်ကြ၏။ ကျွန်တော်သည် တစ်ခေတ်တစ်ခါက ရုပ်ရှင်မင်းသားချောမြင့်အောင်ရုပ်မျိုးဖြစ်ပေရာ အင်တာနက်ညီမလေးများက အမှတ်များများပေးကြ၏။ ခင်မင်မှုပိုကြ၏။

ခင်မင်မှုပိုရာမှ အချို့ကသံယောဇဉ်ကြီးလေးတွေ နှောင်တည်းကြ၏။ ထိုမှတစ်ဆင့်တိုး၍ ချစ်မိုးကြီးသီချင်းကို သီဆိုကြ၏။ အဘိုးတို့၊ အဘွားတို့ခေတ်က သုံးနှစ်သုံးမိုး ရည်းစားဖြစ်ပြီးမှ. . . ဆိုသောထုံးကိုနှလုံးမူ၍ ကျွန်တော်နှင့် အင်တာနက်ချစ်သူ ညီမလေးတို့က နှစ်ဆတိုး၍ ခြောက်နှစ်ခြောက်မိုးကြာသောကာလတွင် ညားကြလေသတည်းဟုသာ။

ကျွန်တော်တို့၏ တစ်ဦးတည်းသောသားသည် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဆင်မလိုက်ရေကြောင်းကောလိပ်မှ အင်ဂျင်ဘက်ဆိုင်ရာ ဘာသာရပ်ဖြင့် လေးနှစ်သင်ကြားပြီးသော အခါ ဒီပလိုမာ (Diploma) ရခဲ့၏။ ရေ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းကောလိပ်မှ ဒီပလိုမာရခဲ့သူတို့သည် ယခင်က ကြယ်ငါးပွင့်သဘော်လိုင်းတွင် ကျောင်းဆင်းသည်နှင့် အလုပ်ဝင်ရ၏။ ယခု ဤသို့မဟုတ်တော့ဘဲ မိမိအစီအစဉ်ဖြင့် အလုပ်ရှာရ၏။ သဘော်တက်ခွင့်ရရန် နှစ်ဆယ်၊ သုံးဆယ်ပေးရသည်ဟု ဆိုပါသည်။ သို့တိုင် ပေးနိုင်တိုင်းတက်ရသည် မဟုတ်ချေ။

ကျွန်တော်တို့မိဘနှစ်ဦးမှာလည်း သား သဘော်တက်ခွင့်ရရေးအတွက် ပူပင်သောကရောက်ကြရပါသည်။ သိန်းနှစ်ဆယ်၊ သုံးဆယ်ဆိုသောအရာသည် ကျွန်တော်တို့တွင် မရှိ။ လက်ရှိအခြေအနေက သက်ပြည့်ပင်စင်စားဘဝဖြစ်၏။ ခတ်ပုံအိမ်ဆိုင်လေးဖွင့်ထားသော်လည်း ဆန်ဖိုး၊ ဆီဖိုးထက်ပိုမရသောအခြေအနေဖြစ်၍ ငွေပိုမရှိ၊ နိုင်ငံတော်က ချီးမြှင့်ထားသော မြေလေး၊ အိမ်လေးရထားသဖြင့်သာ အိမ်လခမပေးရ၍တော်သေးသည်။

နှစ်ဆယ်၊ သုံးဆယ်ပေးမှ တက်ခွင့်ရမည်ဆိုလျှင် ဤမြေနှင့် အိမ်ကိုရောင်း၍ပေးပြီး ပိုငွေလေးဖြင့် မြို့စွန်နယ်ဖျား ဇနပုဒ်သွား၍ နေတော့မည်ဟု စိတ်ကူးထား၏။ ထိုသို့ စိတ်ကူးထားဆဲ ယောက်ဖဖြစ်သူကလည်း သူ့နည်းသူ့ဟန်ဖြင့် သဘော်လိုင်းတစ်ခုတွင် ဆက်သွယ်မှုပြုထား၏။

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလထုတ် အမှတ် (၁၁)၊ အတွဲ (၁၂)၊ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဆရာ ထွဋ်ခေါင်ဇေယျ၏ 'အရဟန်စေသည့် အရဟံနဝင်းအင်းကိုယ်တွေ့အကျိုး' ဆိုသော မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ အင်းပညာအကြောင်းဆောင်းပါးကို ဖတ်ရှုရပါသည်။ ဆရာထွဋ်ခေါင်ဇေယျ၏ မြန်မာ့ဂန္ဓာရီပညာဆောင်းပါးများကို အခါအခွင့်သင့်တိုင်း ကျွန်တော်ဖတ်ရှုပါသည်။ ယခုလည်း အရဟံနဝင်းအင်းအကြောင်းဖတ်ရသောအခါတွင် 'အချို့ရှာ ပျားရည်တွေ့' ဆိုရမလောက် ဝမ်းသာသွားမိပါသည်။ အဘယ်ကြောင့် ပျားရည်တွေ့ဘိသို့ ဝမ်းသာသွားရသနည်းဆိုပါမူ အရဟံနဝင်းအင်းကြောင့် လုပ်ငန်းရာထူးကို လစာကောင်းကောင်းဖြင့် မထင်မှတ်လောက်အောင် လျင်မြန်စွာ ရရှိသွားကြောင်း ကိုယ်တွေ့ဖြစ်ရပ်အား ရေးသားထားသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်ကလည်း ရေကြောင်းကောလိပ်ကျောင်းဆင်း အင်ဂျင်နီယာ ဒီပလိုမာလက်မှတ်ရ သားဖြစ်သူတင်အေးသော်အတွက် သဘော်လိုင်းတွင် အလုပ်မြန်မြန်ရရေးရှာဖွေနေသည် မဟုတ်ပါလား။ သို့အတွက် ဆရာထွဋ်ခေါင်ဇေယျ၏ အရဟံနဝင်းအင်းအစီအရင်ဆောင်းပါးကို အကြိမ်ကြိမ်ပြန်ဖတ်ပါသည်။ အင်းပညာကို စိတ်ဝင်စားပါသော်လည်း အောင်မြင်သောအင်းတစ်ကွက်ဖြစ်လာအောင် လုပ်ဆောင်နိုင်သည့် အရည်အချင်းအတွေ့အကြုံ ကျွန်တော့်တွင် မရှိသေးပါ။

အောင်မြင် အစွမ်းထက်သော အင်းကောင်းတစ်ကွက်ရအောင် မစွမ်းဆောင်နိုင်သေးသော်လည်း ဆရာထွဋ်ခေါင်ဇေယျ၏ အာဘော်အတိုင်း 'ဂါထာတစ်သောင်း အင်းကောင်းတစ်ကွက်' ဆိုထားပေရာ အင်းကောင်းတစ်ကွက်ကို မစီရင်နိုင်သေးသော်လည်း ဂါထာတစ်သောင်းတော့ ရွတ်ဆိုနိုင်ပါသည်။

ဤသို့ဖြင့် 'အရဟံသိဒ္ဓိ' ဂါထာအား အဓိဋ္ဌာန်ဖြင့် ရွတ်ဆိုရန် စိမ်ချက်ချမှတ်လိုက်ပါသည်။

ကျွန်တော်၏ စရဏကို အနည်းငယ် ဖော်ပြရသော် လွန်ခဲ့သော ၂၀၀၆ ခုနှစ်ခန့်မှစတင်၍ တစ်နေ့မပြတ် ငါးပါးသီလစောင့်ထိန်းခဲ့ခြင်း၊ တစ်နေ့မပြတ် ဒါနမှုပြုခြင်း၊ အခါအားလျော်စွာ သမထအလုပ်(အာနာပါန)လုပ်ခြင်း၊ ဝိပဿနာ (ဒုက္ခသစ္စာ) ရှုပွားခြင်းများ လုပ်ခဲ့သည်မှာ ဤစာစုကို ရေးသားချိန်အထိ (၂၇-၂-၂၀၁၃) ဖြစ်ပါသည်။ သားဖြစ်သူတင်အေးသော်ကိုလည်း သူ့အရွယ်နှင့် လိုက်လျောညီထွေမည့် စရဏကို လေ့ကျင့် သင်ကြားပေးထားပါသည်။

စိမ်ချက်ချမှတ်ပြီးသည့်နေ့မှစ၍ ဆရာထွဋ်ခေါင်ဇေယျ၏ဆောင်းပါးတွင် ဖော်ပြထားသော အရဟံသိဒ္ဓိဂါထာကို ကျွန်တော်တို့သားအဖနှစ်ဦးစလုံး အချိန်ရလျှင်ရသလို သတ်မှတ်ချက်မထားဘဲ ရွတ်ဆိုပွားများခဲ့ကြပါသည်။ အရဟံသိဒ္ဓိဂါထာကို ရွတ်ဆိုပွားများနေစဉ်ကာလအတွင်း သားတင်အေးသော်၏ ဦးလေးအငယ်မှ (ကျွန်တော့်ယောက်ဖ) ဆက်သွယ်ပြောကြားထားသော သဘော်လိုင်းကုမ္ပဏီသူဌေးနှင့် အင်ဂျင်နီယာချုပ်တို့မှ လူတွေ့အင်တာဗျူးခေါ်ပါသည်။ (သူဌေးနှင့်အင်ချုပ်တို့ ကြီးပွားတိုးတက်ပါစေ။)

လူတွေ့အင်တာဗျူးလုပ်ပြီးဆိုကတည်းက ငါးဆယ်ရာနှုန်း အောင်မြင်ပြီဟု ယုံကြည်လိုက်ပါသည်။ အရဟံသိဒ္ဓိဂါထာကို ပိုမို ယုံကြည်ကိုးစားစွာရွတ်ဆိုပွားများခဲ့ပါသည်။ ထိုမှသုံးလပြည့်သောတစ်နေ့တွင် သဘော်တက်ရန် ရက်ချိန်းရရှိခဲ့ပါသည်။ ကျွန်တော်တို့ မိသားစုသုံးဦးစလုံးရော ယောက်ဖပါ ဝမ်းသာလိုက်သည်မှာ ပြောမပြနိုင်အောင်ပါ။ အိမ်နှင့် မြေကိုရောင်း၍ ဇနပုဒ်လည်း မပြောင်းရတော့သလို ဇနီး၏လက်ဝတ်ရတနာများလည်း ပိုနေမြဲကျားနေမြဲအတိုင်းပင် ဖြစ်ပါသည်။ ဒီထက် ရှင်းအောင်ပြောရလျှင် အစိတ်၊ သုံးဆယ်ဆိုသောအရာမဆိုထားနှင့် ငွေကြေးဟူ၍ တစ်စုံတစ်ရာမျှမကုန်ကျဘဲ လိုင်းကောင်းသော သဘော်တွင် အလုပ်သင်အရာရှိအငယ်တန်း အင်/ယာအဖြစ်နှင့် သဘော်တက်ခဲ့ရပါသည်။

ဆရာထွဋ်ခေါင်ဇေယျ၏အာဘော်အတိုင်း ကူးယူတင်ပြလိုသည်မှာ -

□ ဤအရဟံနဝင်းအင်းမြတ်အစီအရင်နှင့် အရဟံသိဒ္ဓိဂါထာတော်ကို အလုပ်အကိုင်ရရန် ကြိုးစားနေသူများ၊ အလုပ်လျှောက်ထားသူများ၊ အလုပ်အင်တာဗျူးဖြေမည့်သူများ၊ အလုပ်အကိုင်အကြံအစည် အဆီအငေါ်မတည့်သူများ အကြီးအကဲ အထက်လူကြီးများနှင့် အရေးတကြီး ပြောဆိုလုပ်ကိုင်ရန်ရှိနေသူများ ဆောင်ယူထားပါက မိမိတို့၏ အလိုဆန္ဒများ အောင်မြင် ပြည့်စုံကြပါလိမ့်မည်။

ဟု တင်ပြရင်း အရဟန်သည့် အရဟံသိဒ္ဓိဂါထာအစွမ်း ကိုယ်တွေ့ (လောလောလတ်လတ်) အား သူရဇ္ဇမဂ္ဂဇင်းကြီးတွင် တင်ပြ ရေးသားအပ်ပါကြောင်း။

**အရဟံသိဒ္ဓိဂါထာ**

*နမော ဗုဒ္ဓါယ သိဒ္ဓံ အရဟံသိဒ္ဓိ၊*
*အရဟံသဗ္ဗကိစ္စံ ဇေယျောဇေယျ*
*တု မင်္ဂလံ။*

(အကျယ်ကိုသိလိုပါက ၂၀၁၂ ခု၊ နိုဝင်ဘာလထုတ်၊ သူရဇ္ဇမဂ္ဂဇင်း အတွဲ (၁၂)၊ အမှတ် (၁၁)၊ (စာ- ၂၄၁) တွင် ရှာဖွေ ဖတ်ရှုပါရန်)

*ဤမှန်သော သစ္စာစကားကြောင့် သင့်အား လည်းကောင်း၊ ကျွန်ုပ်အား လည်းကောင်း ကောင်းကျိုးရပါစေ သတည်း။*

သပိတ်ကျင်း-ကျော်ကျော်ထွေး



www.burmeseclassic.com

www.burmeseclassic.com



# (လင်း)
# ဦးစန္ဒိမ

## မန္တလေးမြို့ မြတောင်တိုက် ရွှေဝါဝင်းအဂ္ဂါဘိဓဇ
## သက်တော်ရှည်ဆရာတော်ကြီး ဦးသာသနာဘိဝံသ၏ဩဝါဒကထာ

စာရေးသူအနေနှင့် ဆရာတော်ကြီးတွေအကြောင်း ရေးလာသည်မှာ အပါး (၂၀၀) ကျော်နေပါပြီ။ ရေးပြီးသံဃာတော်တွေထဲတွင် ပျံလွန်တော်မူပြီး ဆရာတော်တွေကများပြီး သက်ရှိထင်ရှားက နည်းပါသည်။ သက်ရှိထင်ရှားဆရာတော်တွေထဲတွင် မန္တလေး မြတောင်တိုက် အဂ္ဂါဘိဓဇ ရွှေဝါဝင်းဆရာတော်ကြီး ဦးသာသနာဘိဝံ ပါဝင်လေသည်။ ဆရာတော်ကြီးကို ကိုယ်တိုင်ဖူးတွေ့မေးမြန်းပြီးမှ ရေးသားရ၍ ပိုပြီးဝမ်းသာပီတိဖြစ်ရပါ၏။ စာတွေ့မဟုတ်ဘဲ ငါတွေ့ဆိုတော့ ကြည်ညိုမှုတွေလည်း များစွာဖြစ်ရပါ၏။ ဆရာတော်ကြီးက ၁၂၈၅ ခု၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်။ ၁၉၂၃ ခု၊ ဩဂုတ်လ ၃ ရက်နေ့တွင် မွေးဖွားသန့်စင်ဖြစ်ပြီး ယခု ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့မှာ သက်တော် (၉၀) ပြည့်ပါပြီ။ သက်တော်ရှည်ဆရာတော်ကြီးပါ။ အသက် (၉၀) ပြည့်သော်ငြားလည်း သာသနာတော်အတွက် အလုပ်တွေ အများကြီးလုပ်တော်မူ၍ ပိုပြီးကြည်ညိုရပြန်သည်။ ဆရာတော်ကြီးက အင်မတန်သတိကောင်းတော်မူပါသည်။ ကျောင်းရောက်သွားပြီး ကန်တော့လိုက်သည်ဆိုလျှင်ပဲ တစ်နှစ်ကျော်လောက်က တစ်ခါသာတွေ့ဖူးသည့် စာရေးသူကို တန်းမှတ်မိသည်။

"ဪ - စာရေးဆရာ ဦးစန္ဒိမ (စလင်း) ကိုး။ နေကောင်းတယ်နော်၊ စာတွေအများကြီးရေးတာဝမ်းသာတယ်။ ကျန်းမာရေးတော့ ဂရုစိုက်ပါနော်၊ ကျန်းမာမှ စာရေးနိုင်မှာ"

ထိုနေ့က ဆရာတော်ကြီး စာချချိန်နီးနေသဖြင့် အလိုက်သိစွာ ပြန်လာခဲ့ပါသည်။ ထို့နောက် မန္တလေးလည်းမရောက်၊ ဆရာတော်ကြီးနှင့်လည်းမဆုံ။ သို့သော် မိမိကိုပေးဖူးသော ဆရာတော်ကြီး ဩဝါဒကိုကား ဘယ်တော့မှ မမေ့နိုင်ပါ။

□ ဒေသနာအညီပြောတဲ့ ဩဝါဒမှန်သမျှ အကုန်လိုက်နာသင့်တယ်။

ဆရာတော်ကြီး၏ဩဝါဒတွေက ကောင်းလွန်း၊ လိုက်နာသင့်လွန်းလို့ ဒီစာအုပ်ထဲကတစ်ဆင့် ဖောက်သည်ချလိုက်ရပါ၏။

### ဆုံးမတယ်ဆိုတာ

□ *ဆုံးမသွန်သင်တယ် ဆိုတာ အသဘ္ဘာစ နိဝါရယေ ဆိုတဲ့အတိုင်း မသူတော်တွေရဲ့ အပြုအမူမျိုးမဖြစ်အောင် တားမြစ်တာပါပဲ။*

□ *သူတော်စင်ပညာရှင်တို့ မိန့်ရှင်စကား၊ တစ်ခွန်းကြားက၊ ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်၊ ကေန်မုချ တစ်လုံးရသို့၊ နှုတ်ဖိုးမှန်၊ ကျိုးကဲလွန်၏။*

ဟူသော မဃဒေဝလင်္ကာကို သတိရမိလိုက်သည်။

### အစွန်းနှစ်ဖက်မှရှန်းထွက်ကြ

□ *ကြောက်လွန်းရင်လည်း အမှန်တရားမဟုတ်ဘူး။ မဆင်မခြင် ရဲလွန်းရင်လည်း အမှန်တရားမဟုတ်ဘူး။ အဲဒီနှစ်ချက်စလုံးဟာ ဘေးအန္တရာယ်ကိုဖြစ်စေတတ်တယ်။ ဒါကြောင့် ဘယ်ကိစ္စမျိုးမဆို ဖြစ်ရပ်မှန်ကို သုံးသပ်ပြီး ချင့်ချင့်ချိန်ချိန်ပြုလုပ်ရမယ်။*

□ *လူတွေက အမှန်တရားရဲ့ အဓိပ္ပာယ်ကို ကိုယ်ဖွင့်ဆိုချင်သလို ဖွင့်ဆိုနေကြတယ်။ ကိုယ်မှန်တယ်ထင်တိုင်း တကယ်မှန်သလား။ မှန်တိုင်းကော ပြောသင့်သလား။ မှန်လည်းမှန်၊ အကျိုးလည်းရှိမှ ပြောဆိုရပေမည်။ ကိုယ်မှန်တယ်ထင်တဲ့ကိစ္စမှာ ဓမ္မဓိဋ္ဌာန်ကျဖို့လိုပါတယ်။ လောကရေး၊ ဓမ္မရေး၊ ရာဇရေး မလွတ်၊ သူ့ဘက်ကိုယ့်ဘက် မျှတရပေလိမ့်မယ်။ သို့မှသာ အမှန်တရားဖြစ်နိုင်ပါတယ်။*

ဆရာတော်ကြီးမိန့်သလို ကြောက်လွန်း၊ မဆင်ခြင်လွန်းမဖြစ်ဖို့ တွေးချင့်ရပေလိမ့်မည်။

### လူ့အခွင့်အရေး

□ *စကားများများပြောချင်ရင်ပြောနိုင်ပါတယ်။ ဒါပေမယ့် အတင်းမပြောကြပါနဲ့။ လွတ်လွတ်လပ်လပ်နေနိုင်ပါတယ်။ ဒါပေမယ့် ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်ပါစေနဲ့။ အခွင့်အရေးရှိသလောက် ပြောဆိုလုပ်လိုက်နိုင်ပါတယ်။ ဒါပေမယ့် စည်းကမ်းမဖောက်ကြပါနဲ့။*

ဆရာတော်ကြီးက ဘဝနေနည်းထိုင်နည်းတွေတတ်အောင် အတိုချုံးသင်ပေးခြင်း ဖြစ်သည်။ အတင်းအဖျင်းမပြောတော့၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပေးတော့၊ စည်းကမ်းမဖောက်တော့ ဘာပြဿနာမှဖြစ်စရာအကြောင်းမရှိ၊ ဘာကုသိုလ်မှုလဲမဖြစ်။ ထို့ကြောင့် များစွာလိုက်နာသင့်သော ဩဝါဒပင်ဖြစ်ပါသည်။ ဆရာတော်ကြီးဩဝါဒကို ကွန်ပျူတာစာစီပြီး နေရာတိုင်းမှာ ကပ်ထားသင့်ပါ၏။ စဉ်းစားသုံးသပ်ပြီး လိုက်နာသင့်ပါ၏။

### သူတစ်ဖက်သား မုန်းမာန်ပွားသော်

□ *တစ်ဖက်သားကို မချီးမွမ်းရင်နေ၊ မကဲ့ရဲ့ရဘူး။ မကူချင်ရင်နေ မနှောင့်ယှက်ရဘူး။မခေါ်ချင်နေ အကျိုးမဲ့ အောင်မပြောရဘူး။ အကျိုးမဆောင်ရင်နေ ချောက်မချရဘူး။ တစ်ကိုယ်ကောင်းဆန်ချင်ဆန် သူတစ်ပါးကို မထိ*



www.burmeseclassic.com

www.burmeseclassic.com

*ခိုက်မနှစ်နာစေရဘူး။*

သည်ဩဝါဒက သူတော်ကောင်းတရား၏ အခြေခံအုတ်မြစ် ဖြစ်သည်။ စိတ်ကောင်းရှိဖို့ သွန်သင်ထားတာ ဖြစ်သည်။ သည်စိတ်ဓာတ်မျိုး မွေးမြူနိုင်လျှင် ဘေးကင်းရန်ကွာနှင့် မအောင်မြင်ဘူးဆိုတာ မရှိနိုင်ပါ။ လူအထင်ကြီးအောင် မဂ်ကြောင်းဖိုလ်ကြောင်း အမြှုပ်ထွက်အောင်ပြောနေမည့်အစား လက်တွေ့ကျကျ သည်ဩဝါဒအတိုင်း လိုက်နာက အကျိုးများစွာရှိပေလိမ့်မည်။

**အခွင့်အရေး**

*□ အခွင့်အရေးကို လိုချင်တယ်ဆိုရင် အခွင့်အရေးနဲ့ထိုက်တန်တဲ့ တာဝန်ယူပြီး အဲဒီတာဝန်ကို ကျေပွန်စွာဆောင်ရွက်ပါ။ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သူရဲ့အထံသို့ အခွင့်အရေးနဲ့ တိုးတက်ကြီးပွားမှုဟာ မခေါ်ဘဲနဲ့ ရောက်လာပါလိမ့်မယ်။*

မိသားစုရေး၊ ပတ်ဝန်းကျင်ရေး၊ နိုင်ငံရေးတွေမှာ သည်ဩဝါဒအတိုင်း လိုက်နာကျင့်သုံးသင့်သည်။ အနစ်နာခံမှု၊ တာဝန်ယူမှုရှိလျှင် တိုးတက်ကြီးပွားမည်ကို လိုချင်သည့်အခွင့်အရေးရမည်။

နိုင်ငံရေးပွင့်လင်းရာသီတွင် ငါးပွက်ရာ ငါးစာချသူတွေ၊ ပွဲလန့်တုန်း ဖျာခင်းသူတွေ၊ ဆွမ်းဆန်ထဲက ကြွက်ချေးတွေ၊ အပေါ်ယံရွှေမှုန်ကြဲ အထဲက နွားချေးခံသူတွေ သည်ဩဝါဒကို ဖတ်ပြီး သတိပြုရမည်။ သင်ခန်းစာယူရမည်။ စီးပွားရေးနှင့် နိုင်ငံရေး၊ ထင်ပေါ်ချင်မှုနှင့် နိုင်ငံရေး ကွဲပြားစေချင်ပါသည်။

**ရဟန်းကောင်းမှန်ရင် မတောင်းဘူး**

*□ အလှူခံခြင်း၊ တောင်းရမ်းခြင်းဆိုတာ လူပုဂ္ဂိုလ်တို့၏ အလေ့အကျက်အမူအကျင့်သာ ဖြစ်တယ်။ ရဟန်းကောင်းတို့ရဲ့ အလေ့အကျင့် အမူအကျင့်မဟုတ်ဘူး။ ရဟန်းတို့ရဲ့ အလေ့အကျင့်အမူအကျင့်ဆိုတာ ကိုယ်နှုတ်နဲ့ တောင်းခံမှုမလုပ်ဘဲ အလိုရှိတဲ့အပ်စပ်တဲ့ပစ္စည်းကို ရပ်ခြင်းဣရိယာပုတ်နဲ့ ဆွမ်းခံလှည့်လည်ပြီး အလှူခံရခြင်း ဖြစ်တယ်။*

ယနေ့ခေတ်မှာ အလှူခံတွေက ပလူပျံနေပြီး ဟိုအကြောင်းပြ သည်အကြောင်းပြနှင့် ပြီးနိုင်သည်ကို မရှိ။ သည်တော့ ရပ်ကွက်ထဲ အသံချဲ့စက်နှင့် အလှူခံလာလျှင် လမ်းမှာ မိမိနေအိမ်မှာ၊ ခရီးသွားခိုက်မှာ အလှူခံတွေ့လျှင် ဆရာတော်ကြီး၏ဩဝါဒကြားယောင်ပြီး လှူသင့်, မလှူသင့်၊ သီလသမာဓိရှိ, မရှိ ဆုံးဖြတ်သင့်သည်။

**သာသနာ့ဝန်ထမ်းရှင်ရဟန်း**

သာသနာ့ဝန်ထမ်း ရှင်ရဟန်းမှန်သမျှ လုပ်ရမယ့်အလုပ်က ဘုရားရှင်ရဲ့အလိုကျပြောရမယ်ဆိုရင် (၁) ပရိယတ္တိအလုပ် (စာချ၊ စာသင်၊ တရားဟော၊ တရားပြ) (၂) ပဋိပတ္တိအလုပ် (တရားတော်အတိုင်း လိုက်နာ ကျင့်သုံးပြီး တရားအားထုတ်တဲ့) အလုပ်နှစ်မျိုးဖြစ်စေ၊ တစ်မျိုးမျိုးဖြစ်စေလုပ်နေမှ ဘုရားရှင်ရဲ့အလိုကျ သာသနာ့ဝန်ထမ်း ရှင်ရဟန်းလို့ ခေါ်နိုင်တယ်။

သံဃာကို ကြည်ညိုသည့်နေရာမှာ သည်ခံသည့် ပေတံနှင့် တိုင်းတာတတ်ဖို့လိုပါသည်။

**သာသနာတည်သူနှင့်ကွယ်သူ**

*□သာသနာဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမဩဝါဒကို ခေါ်ပါတယ်။ သာသနာတည်တယ်ဆိုတာ တခြားမှာ တည်တာ မဟုတ်ဘူး။ မိမိတို့ရဲ့ သန္တာန်မှာပဲ တည်တာပါ။ ဒါကြောင့် ရဟန်းဖြစ်စေ၊ လူဖြစ်စေ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတိုင်း လိုက်နာကျင့်သုံး နေထိုင်မှ သာသနာတည်သူလို့ ခေါ်နိုင်ပါတယ်။ ဘုရားရှင်ရဲ့ အဆုံးအမအတိုင်း မလိုက်နာ မကျင့်သုံး မနေထိုင်ရင်တော့ သာသနာတော်နဲ့ ကြုံတွေ့နေပေမယ့် သာသနာကွယ်သူလို့ ဆိုရပါမယ်။*

မိမိကိုယ်ကို သာသနာကွယ်သူလား၊ သာသနာတည်သူလား ဆိုတာ သည်ဩဝါဒအတိုင်း ဆုံးဖြတ်သင့်ပါသည်။

**အကြောင်းမှန်မှအကျိုးသန်မယ်**

*□ မည်သူမဆို ဘုရားရှင်ရဲ့ တရားတော်ကို နာယူတဲ့အခါမှာ အကြောင်း (၅) ပါးနဲ့ ပြည့်စုံမှသာ ကုသိုလ်တရားတိုးပွားပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်တယ်။ အဲဒီ (၅) ပါးက-*

*၁။ ဟောကြားအပ်သောတရား၊*
*၂။ တရားဟောပုဂ္ဂိုလ်၊*
*၃။ တရားနာတဲ့မိမိကိုယ်၊*

*ဒီသုံးမျိုးအပေါ်မှာ မထီမဲ့မြင်ကဲ့ရဲ့ရှုတ်ချမှုမပြုရဘူး။*

*၄။ တရားတော်ကို စူးစူးစိုက်စိုက် တည်တည်ငြိမ်ငြိမ် နာယူရမယ်။*
*၅။ မှန်ကန်တဲ့ နှလုံးသွင်းမှုရှိရမယ် တဲ့။*

*ဒါကြောင့် တရားနာတဲ့အခါ ဒီအကြောင်း (၅) မျိုးကို မိမိကိုယ်မှာ ပြည့်စုံအောင် အားထုတ်ကြပါ။*

လူတွေ တရားတော့နာနေကြသည်။ သည်အင်္ဂါ (၅) ချက်နှင့် ကိုက်ညီပါသလား။ လူမှုရေးကြောင့်နာတာ၊ မတော်လို့နာတာ၊ စိတ်မပါဘဲ ဟိုတွေးသည်တွေး အိပ်ငိုက်လေးပန်းတာတွေ မဖြစ်သင့်ပေ။ တရားနာသည့်အခါ ကိုယ်စိတ်ယဉ်ကျေးပြီး တွေးတတ်၊ ရွေးတတ် တရားနှင့်မဝေးဖို့ လိုပါသည်။

**သာသနာပြုမယ်ဆိုရင်**

*□ မိမိတို့ရဲ့နှလုံးသားထဲမှာ သာသနာတည်မှ သူတစ်ပါးရဲ့နှလုံးသားထဲမှာ သာသနာတည်အောင် ပြုပေးနိုင်မှာပါ။ မိမိတို့ရဲ့ နှလုံးသားထဲမှာ သာသနာမတည်ဘဲနဲ့ သူတစ်ပါးရဲ့နှလုံးသားထဲမှာ သာသနာတည်အောင် ပြုပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သာသနာပြုမယ့် ရှင်ရဟန်းတွေဟာ မိမိတို့ရဲ့နှလုံးသားထဲမှာ သာသနာတည်အောင် ကြိုးစားအားထုတ်ကြပါ။*

ပစ္စက္ခမှာ သီချင်းဆိုသူတချို့ကလည်း သာသနာပြုသူတဲ့၊ စာရေးဆရာတချို့ကလည်း သာသနာပြုသူတဲ့၊ သရုပ်ဆောင်သူတချို့ကလည်း သာသနာပြုသူတဲ့၊ ဘိုးတော်၊ နတ်ကတော်တွေကလည်း သာသနာပြုတဲ့။ ဖောင်းပွလွန်းပါ၏။ မိမိတို့ရဲ့ နှလုံးသားထဲမှာပဲ အရင်သာသနာတည်အောင် အားထုတ်သင့်ပါ၏။

**စိတ်ကောင်းရှိတဲ့လူ**

*□ကောင်းမှုကုသိုလ်တွေများစွာပြုလုပ်နေသူ၊ ကုသိုလ်စိတ်တွေ အဖန်တလဲလဲဖြစ်နေသူ သတ္တဝါတို့၏အကျိုးစီးပွားချမ်းသာသုခကိုရစေရန် ပရဟိတလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသူကို စိတ်ကောင်းရှိသူလို့ ခေါ်ပါတယ်။*

ကဲ - စာလည်းရှည်သွားပြီမို့ မြတောင် ရွှေဝါဝင်း သက်တော်ရှည်ဆရာတော်ကြီးဩဝါဒတွေကို ဖတ်ရှုဆင်ခြင် နှလုံးသွင်းပြီး မြတ်နိုးဖွယ်ကောင်းတဲ့သူ၊ စိတ်ကောင်းရှိတဲ့သူအဖြစ်နှင့် လောကအကျိုး၊ သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုလိုက်ရပါ၏။

ဦးစန္ဒိမ (စလင်း)



www.burmeseclassic.com

www.burmeseclassic.com



မဟာပုညရုံသီရွှေချမ်းသာစေတီတော်၏ တောင်ဘက်မျက်နှာစာ

# ကုန်းလှိုင်ရှာဦးကျောင်း

ဒေါက်တာဒေါ်နု(တောင်ကြီး)



သာသနာ့ဓေယပရိယတ္တိစာသင်တိုက်အဝင်မုခ်ဦး (ကံကြီးပရိယတ္တိစာသင်တိုက်ခွဲ)



သစ္စမွပါလလေးထပ်ကျောင်းဆောင်တော် ရှေ့မျက်နှာစာ

ရွှေညောင်-ရပ်စောက်သွား ကား လမ်းမကြီးနံ့ဘေးတွင် မဟာပုညရုံသီ ရွှေချမ်းသာစေတီတော်မြတ်ကြီးအား ရွှေရောင်တဝင်းဝင်း သိင်္ဂီရည်အဆင်းတို့ နှင့် ဘင့်တယ်သပ္ပာယ်စွာ ဖူးမြော်ရမည် ဖြစ်ပါသည်။


ရွှေချမ်းသာစေတီတော်မြတ်ကြီး တည်ရှိရာသည် ယခင်က ကုန်းလှိုင် ရှာဦးကျောင်းဖြစ်ခဲ့ပြီး ယခုအခါတွင် ကံကြီးပရိယတ္တိစာသင်တိုက်ဟု တွင်ပါ သည်။ မြန်မာနှစ် ၁၃၂၈ ခုနှစ်တွင် ကုန်း လှိုင်ရှာဦးကျောင်းဆရာတော် ပျံလွန် တော်မူပြီးနောက် ဆက်ခံမည့် ကျောင်း ထိုင်ဘုန်းကြီး မရှိတော့သဖြင့် ရွာမိရွာဖ များတိုင်ပင်စည်းဝေးပြီး ဒေသသာသနာ ပိုင်ဆရာတော်မူသော ညောင်ရွှေမြို့ ရွှေ ကျောင်းဘာယမိပတိဥက္ကဋ္ဌ မဟာနာယက ဆရာတော်ဦးဣသမရွှေကျောင်သာသနာပိုင် အရှင် ဘဒ္ဒန္တမလာဘိဝံသထံ ကုန်းလှိုင် ကျောင်းတိုက်အား အပ်နှံလိုက်ပါသည်။

ရွှေကျောင်သာသနာပိုင်၏ ဩဝါဒ အရ ဘုန်းတော်ကြီး ဦးဝိစာရ ကျောင်း ထိုင်အဖြစ် ခန့်အပ်ခဲ့သဖြင့် ဆရာတော် ဦးဝိစာရသည် ကုန်းလှိုင်ရှာဦးကျောင်း ဆရာတော်ဖြစ်လာပါသည်။ မြန်မာနှစ် ၁၃၃၀ ပြည့်နှစ်တွင် ကုန်းလှိုင်ရှာဦး



www.burmeseclassic.com

www.burmeseclassic.com



မဟာပုညရံသီရွှေချမ်းသာစေတီတော်မြတ်ကြီး



အင်းလေးကန်ရှိ ဆည်ခေါင်း ပန်းပဲရွာထက်ရာ မူလ မဟာပုညရံသီ ရွှေချမ်းသာစေတီတော်ဟောင်းမှ ပင့်ဆောင်ထားသော ထီးတော်ဟောင်း



စေတီတော်အရှေ့မြောက်ထောင့်မှ ဟင်္သာတိုင်

ကျောင်းဆရာတော် ရွှေကျင်သာသနာပိုင် အရှင်ဘဒ္ဒန္တဝိမလာဘိဝံသ၏ဩဝါဒဖြင့် ကုန်းလှိုင်ရွာဦးကျောင်းအား သာသနောဒယ ပရိယတ္တိစာသင်တိုက်အဖြစ် ပြောင်းလဲ ဖွင့်လှစ်ခဲ့ပါသည်။

စာသင်တိုက်၏ တိုက်အုပ်ဆရာတော်မှာ ပွေးလှဇာတိသား အရှင်ဇဋိလ ဖြစ်ပါသည်။ ခမည်းတော်မှာ ဦးချိုနှင့် မယ်တော် ဒေါ်အေးမယ်တို့ ဖြစ်ကြပြီး ပွေးလှမြို့ ချုပ်ချက်ကျောင်းဆရာတော် ဦးဒေဝိန္ဒကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ တက်ရောက်လာသူ ဖြစ်သည်။ ဆရာတော် အရှင်ဇဋိလ၏ (၂၅) နှစ်တာ အုပ်ချုပ်မှုအောက်တွင် ကုန်းလှိုင်သာသနာနောဒယပရိယတ္တိစာသင်တိုက်သည် အဘက်ဘက်မှ တိုးတက်စည်ပင်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်။

ယခင် ကုန်းလှိုင်ရွာဦးကျောင်းဟောင်းကို ယခု ဓမ္မဗိမာန်ကျောင်းဆောင်အဖြစ် စောင့်ရှောက် ထိန်းသိမ်းထားပါသည်။ ရှေးအခါက ရွာဦးကျောင်းဟောင်းအား မီးနှစ်ကြိမ်ခံခဲ့သော အတိတ်သမိုင်းရှိခဲ့သည်။ ကျောင်းဝင်းအကျယ်အဝန်းမှာ ယခုအခါ (၉. ၄၇) ဧကသာ ကျန်ရှိပါတော့သည်။ ယခင်ဘုန်းကြီးအိုလက်ထက်က ကျောင်းတောင်ဘက်တွင် ကျွဲပိုင်ရှင် ဦးပန်းကမိမိ၏ကျွဲများထားရန် နေရာတောင်းသောအခါ ပေးလိုက်ပြီး ကျောင်းအနောက်ဘက်တွင် ကုန်းလှိုင်သုသာန်သို့ သွားရာလမ်းကို ဖြောင့်တန်းစေချင်၍လည်း လမ်းအတွက် မြေကိုဖဲ့ပေးခဲ့သူဖြင့် ယခုအခါ ကိုးဧကကျော်သာ ကျန်ရှိခဲ့ပါတော့သည်။

ကျောင်းဝင်းအတွင်း စာသင်တိုက်ကြီး၏ အင်္ဂါရပ်များနှင့် ကိုက်ညီသောအဆောက်အအုံများစွာရှိပါသည်။ မူလ ရှေးဟောင်းစေတီတော်ကြီးအား ပြန်လည် ပြုပြင်၍ သာသနာနှစ် ၂၅၅၆ ခုတွင် ရွှေထီးတော်သစ် တင်လှူပူဇော်ပြီး မဟာပုညရံသီ ရွှေချမ်းသာစေတီတော်အဖြစ် အနေကဇာတင်တော်မူခဲ့ပါသည်။ စေတီတော်ကြီးအား ပြန်လည်




ကျောင်းတော်၏အနောက်တောင်ထောင့်ရှိ လှပျို အပျိုဘု

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်အတွင်းရှိ ဓေယျသီရိဓမ္မာရုံ



ဓေယျသီရိဓမ္မာရုံအတွင်းဘက်မြင်ကွင်းကျယ်



ချွတ်ခါစက်သုံးဆီရောင်းဝယ်ရေးမှ
ဆရာတော်၏ကျောင်းတိုက်ဟောင်းအား အသစ်မွမ်းမံတည်ဆောက်နေပုံ



စာသင်တိုက်တောင်ဘက်အစွန်ရှိ မြစန္ဒာကျောင်းဆောင်


မွမ်းမံစဉ်က မူလစေတီတော်ဟောင်း၏ အခြေတွင် ရှေးဟောင်းကုံ့ကူဆံဗုဒ္ဓရုပ်ပွားတော်များ ပေါ်တော်မူပါသည်။

သာသနာနှစ် ၂၅၃၆ ခုနှစ်က ဆောက်လုပ်ပူဇော်ထားသော ဓေယျသီရိဓမ္မာရုံကြီးမှာ ကြီးကျယ် ခမ်းနားလှပြီး ပရိသတ်ထောင်ကျော် တရားနာယူနိုင်လောက်အောင် ကျယ်ဝန်းပါသည်။ သဒ္ဓမ္မပါလ (၄) ထပ်ကျောင်းတော်ကြီးမှာလည်း ခေတ်မီခမ်းနားလှပြီး သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို လက်ခံကျင်းပနိုင်လောက်အောင် ခံ့ညားကျယ်ဝန်းပါသည်။

ကျောင်းတိုက်ကြီးအတွင်း မြစန္ဒာကျောင်းဆောင်၊ သိဃ်္ဂရတနာကျောင်း



တေရသမဂ္ဂကျင်သာသနာပိုင်
ဘဒ္ဒန္တဝိမလာဘိဝံသ



သာသနာ့ဗေယျာပရိယတ္တိစာသင်တိုက်
တိုက်အုပ်ဆရာတော် အရှင်ဇဋိလ



www.burmeseclassic.com

www.burmeseclassic.com


ဆောင်၊ သာသနခေမိကကျောင်းဆောင်၊ မမ္မသိယ်ကျောင်းဆောင်၊ သာသန လင်္ကာရကျောင်းဆောင်နှင့် ရွှေတံခါး စက်သုံးဆီရောင်းဝယ်ရေးမှ အသစ် ဆောက်လက်စ ဆရာတော်၏ကျောင်း တိုက်သစ်များ နေရာတကျ တင့်တယ် သပ္ပာယ်စွာတည်ရှိနေကြသည်။ ကျောင်း တိုက်ကြီး၏ တောင်ဘက်အရပ်တွင် မုံရွာမြို့ ပင်ပျိုထနောင်းရိပ် ဗမာထမင်း ဆိုင်မှ ဦးသိန်းဇော်၊ ဒေါ်ဌေးဌေးဝင်းတို့ ဆောက်လုပ်လှူဒါန်းထားသော သာသ နောဒယ မင်္ဂလာမဟာသိမ်တော်ကြီး တည်ရှိပါသည်။ သာသနာနှစ် ၂၅၅၅ခု၊ ကောဇာနှစ် ၁၃၇၄ ခုနှစ်ကမှ ပြီးစီးခဲ့ သော ကျက်သရေရှိလှသည့် နှစ်ထပ် အဆောက်အအုံဖြစ်ပါသည်။


စာသင်တိုက်ကြီး၏ အနောက် တောင်ထောင့်တွင် လူပျို၊ အပျိုဘုရား နှင့် အာရုံခံတန်ဆောင်းတည်ရှိပါသည်။ သိမ်ဆောက်ရန် ဖို့မြေများကို ကျောင်း တော်၏ အနောက်တောင်ထောင့်အရပ် မှ တူးယူသောအခါ ဗုဒ္ဓရုပ်ပွားတော်များ စွာ ပေါ်တော်မူလာပါသည်။ အုတ်ခွက် ဘုရားဆင်းတုတော်များဖြစ်ကြပြီး အလှူ ရှင်များမှာ လူတစ်ဦးစီသာ ကမ္ပည်းထိုး ထားသည်ကို တွေ့ရှိခဲ့ကြပြီး မိသားစု အမည်များ မပါသဖြင့် ထိုနေရာတွင် စေတီတစ်ဆူထပ်မံတည်ထားပူဇော်ပြီး လူပျို၊ အပျိုဘုရားဟု အနေကဇာတင် လိုက်ကြောင်း ကြားသိရပါသည်။

လူပျို၊ အပျိုဘုရား၏ မြောက် ဘက်တွင် ကုန်းလှိုင်ရွာ၏ ရွာဦးနတ်စင် တည်ရှိပါသည်။ မူလနတ်စင်ဟောင်း သည် ရွှေးဟောင်းစေတီတော်ကြီး၏ အနီးတွင် တည်ရှိခဲ့ပါသည်။ တစ်နေ့ သောအခါ အနီးရှိ ဗောဓိညောင်ကိုင်း ကျိုးကျသောအခါ နတ်ကွန်းကို ညောင် ကိုင်းပိသွားသည်ဟု ဆိုပါသည်။ ထိုည က ကျောင်းတောင်ဘက်တွင် နေထိုင် သော ဦးလိတ်အိုတဲသို့ နတ်က ရောက် လာပြီး ဦးလိတ်အိုနေအိမ်တွင် နေထိုင် ခွင့်တောင်းခဲ့သည်ဟုဆိုသည်။ ဦးလိတ် က ကျောင်းထိုင်ဆရာတော်ထံ လာ ရောက် လျှောက်ထားသဖြင့် ဆရာ တော်က ရွာနတ်ထိန်း ဦးကျော်ဇောကို တာဝန်ပေး၍ နတ်စင်အသစ် တည် ဆောက်ပေးလိုက်သည်ဟု ဆိုပါသည်။ ဆရာတော် ဦးဇဋိလ၏ အဆိုအရ ဤ ကုန်းလှိုင်ရွာနတ်စင်ဆိုသည်မှာ မူလက ရွာဦးကျောင်း၏ သာသနာစင်မှ ဆင်း သက်လာပုံရသည်ဟုမိန့်တော်မူပါသည်။


ရွှေးဟောင်းစေတီတော်အား ပြန်လည် မွမ်းမံ၍ တည်ထားသော မဟာပုညရံသီရွှေချမ်းသာစေတီတော် (သာသနာ ၂၅၅၆ ခု)


မူလသာသနာစင်မှ ဆင်းသက်လာသော ကုန်းလှိုင်ရွာနတ်စင်


ကျောင်းတိုက်အတွင်းရှိ သင်္ဂီရတနာကျောင်းဆောင်


သစ္စမ္မပါလလေးထပ်ကျောင်းဆောင်တော်



www.burmeseclassic.com

www.burmeseclassic.com




သီတင်းကျွတ်လဆန်း (၁၄) ရက်နေ့ (အဝီတ်နေ့) က
အိမ်များကို ဆီမီးစည်ပုံမောင်းများဖြင့် လာရောက်လှူဒါန်းနေစဉ် (ဓာတ်ပုံ-ဒေါ်သံပုစ်စဉ်)



ကုန်းလိုင်ရွာသူများ သီတင်းကျွတ်လဆန်း (၁၄) ရက်နေ့က ကျောင်းသို့
ဆီမီးဆောင်တိုင်များ လာရောက် ပူဇော်နေစဉ် (အမျိုးသမီးမောင်းဆိုင်းအဖွဲ့)




ကုန်းလိုင်သုသာန်ဇရပ်နှင့် ကမ္မဋ္ဌာန်းတိုက်များ



ကျောင်းဝိုင်းအတွင်းရှိ သာသနာ့လက်ာရကျောင်းဆောင်

စာသင်တိုက်ကြီး၏ အနောက်ဘက်ကပ်လျက်တွင် ကုန်းလိုင်သုသာန်တည်ရှိပါသည်။ သုသာန်၏ အလယ်တွင် ကမ္မဋ္ဌာန်းကျောင်းတိုက်နှစ်တိုက်တည်ရှိနေပါသည်။ ကိုယ်စိတ်ကိုယ်စစ်ခန္ဓာကိုယ်တွေ့ ကမ္မဋ္ဌာန်းတိုက်နှင့် သဲအင်းဂူ နိဿယသစ္စာမဏ္ဍိုင်ကမ္မဋ္ဌာန်းတိုက်တို့ ဖြစ်ပါသည်။ ကမ္မဋ္ဌာန်းတိုက်၏ ကမ္ပည်းစာတိုင်တွင် တောင်သူလယ်သမားကြီး ဦးဘသိန်းသည် လယ်တောင်သူအလုပ်ကို လုပ်ကိုင်စားသောက်ပြီး တရားထိုင်ပါသည်ဟု ရေးထိုးထားသဖြင့် ရှားရှားပါးပါး သုသာန်မှာတင် တည်ဆောက်နိုင်ရန် တောင်သူလယ်သမားကြီး ဦးဘသိန်းက စတင်ဆောင်ရွက်ကြောင်း သိခဲ့ရပါသည်။ သံဝေဂယူစရာ သုသာန်တစပြင်တွင် ထူးထူးခြားခြား ကမ္မဋ္ဌာန်းတိုက်တည်ခဲ့ကြပုံမှာ ဗုဒ္ဓဘာသာဝင်များ အတုယူစရာဖြစ်ပါတော့သည်။ ဤသုသာန်တွင် ဇရပ်သာ၊ စိတ္တသုအရှေ့ရပ်ကွက်နှင့် ထောက်ပို့ခွဲတို့မှ နာရေးကိစ္စများကို လက်ခံဆောင်ရွက်ပေးနေပြီး အသုဘရှုတရားနာရန်အတွက် စာသင်တိုက်မှ ရဟန်းသံဃာများက တာဝန်ယူပေးနေသည်ကိုတွေ့ခဲ့ရပါသည်။

ရှေးအခါတုန်းက ကုန်းလိုင်ရွာဦးကျောင်းနှင့် သုသာန်အကြားတွင် ကုန်းလိုင်ရေကန်တည်ရှိခဲ့သည်ဟု ဆိုပါသည်။ နှစ်စဉ် တပို့တွဲလအထိ ရေပြည့်သောကန်ဖြစ်သည်ဟု ဆိုပါသည်။ ယခုအခါတွင် ကန်ရေခန်းပြီး ကုန်းမြေဖြစ်နေပါသည်။ ရှေးအခါက သိုက်နန်းရှင်သည် ကျောင်းထိုင်ဘုန်းကြီးအဆက်ဆက်အား အဆိုပါ ကုန်းလိုင်ရေကန်ကို ပြန်ဆည်ပေးရန်နှင့် ယခင်ရေကန်ဟောင်းအရှေ့ဘက်ရှိ တောင်ပို့တွင် သိုက်နန်းပေးရန် အိပ်မက်အကြိမ်ကြိမ်ပေးခဲ့သည်ဟု ဆိုပါသည်။ ရှေးအခါက သိုက်ဆရာများ မကြာခဏရောက်ပြီး သုသာန်တောင်ဘက်ရှိ ရေတွင်းပျက်အတွင်းတွင် သိုက်လာတူးကြသည်။ သို့သော် အောင်မြင်မှုမရခဲ့ကြပေ။ ဆရာတော် ဦးဇဋိလလက်ထက်တွင်လည်း သိုက်ဆရာများက နည်းအမျိုးမျိုးမက်လုံးအမျိုးမျိုးပေး၍ သိုက်တူးခွင့်ပြုရန် ချဉ်းကပ်ကြသော်လည်း ဆရာတော်က ခွင့်မပြုခဲ့ကြောင်း ပြောပြပါသည်။

ကုန်းလိုင်ရွာဦးကျောင်းတွင် ဗုဒ္ဓရုပ်ပွားတော်များ ပေါ်တော်မူစဉ်က တောင်ကြီးတက္ကသိုလ်သမိုင်းဌာနမှသွား



www.burmeseclassic.com

www.burmeseclassic.com



သာသနာ့ဒယမဂ်ထာမဟာသိမ်တော်ကြီး



ကျောင်းတိုက်တစ်တိုက်လုံး သုံးစွဲမကုန်နိုင်သော စက်ရေတွင်း



ကျောင်းတိုက်အတွင်းရှိ သာသနဓေဓိကကျောင်းဆောင်



ကျောင်းတိုက်အတွင်းရှိ ဆွမ်းစားကျောင်းဆောင်

ရောက်လေ့လာခဲ့ဖူးကြောင်းနှင့် ကံ့ကူဆံ ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြင်ခဲ့ရကြောင်း စာရေးသူ၏ အစ်မဖြစ်သူ သမိုင်းဌာနမှ ပါမောက္ခ(ငြိမ်း)အကြံပေး ဒေါ်စန်းရီက ပြောပြဖူးသဖြင့် ဤကျောင်းတော်သို့ စာရေးသူနှင့် သားဖြစ်သူ မာတ်ပုံဆရာ စိုးဘုန်းမြတ်တို့ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ (အဖိတ်နေ့) က ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ကျောင်းတိုက်အတွင်း စာသင်သား သံဃာနှင့် ရှင်သာမဏေအပါး(၁၃၆)ပါး နှင့် စာချဆရာ (၁၂) ပါးရှိနေကြောင်း သိခဲ့ရပါသည်။ ဆရာနှင့် ဒါယိကာတို့ သဒ္ဓါတရား အခြေခံ၍ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်ပြန်အလှန်လှန် ရှိသေလေးစားမှု ဂါရဝတရားများ ကြောင့် ပစ္စည်းလေးပါးသပ္ပာယ်မျှတနေ ကြောင်းလည်း ဝမ်းမြောက်စွာ ကြား သိခဲ့ရပါသည်။

ယခင် ရှမ်းရွာကလေး ကုန်းလှိုင် မှသည် ယခု ရွှေညောင်မြို့၏ ရပ်ကွက် တစ်ခုဖြစ်လာသော ကုန်းလှိုင်ရပ်ကွက် သူရပ်ကွက်သားများသည် မိမိတို့၏ ရွာ ဦးကျောင်းအား အစဉ်အလာမပျက် ပစ္စည်းလေးပါး ဆက်လက်ထောက်ပံ့နေ သည်ကို မြင်တွေ့ခဲ့ရပါသည်။ အဖိတ် နေ့ညနေက ကုန်းလှိုင်ရွာသားများသည် ရှမ်းအိုးစည်ဝိုင်းဖြင့် မိမိတို့လယ်ယာ ထွက် စပါးနှံများ၊ သစ်သီးဝလံများကို လာရောက် ပူဇော်ခဲ့ကြပါသည်။ ဒေသ အခေါ် သံပုဒ်စင်ခေါ် ဘုရားကျောင်း ဆောင်ငယ်တစ်ခု စိုက်ထူ၍ ရင်း



ကမ္မဋ္ဌာန်းတိုက်မုခ်ဦးမှ ကမ္မည်းစာထွာ




www.burmeseclassic.com

www.burmeseclassic.com



မှယ ကုန်းလှိုင်ရွာဦးကျောင်းဟောင်း (ဓမ္မဗိမာန်ကျောင်းဆောင်)



တိုက်အုပ်ဆရာတော်အား စာရေးသူ လျှောက်ထား မေးမြန်းနေစဉ်



ကုန်းလှိုင်သုသာန်အတွင်း တည်ဆောက်ထားသော သဲအင်းဂူနီသသယသစ္စာမဂ္ဂမိုင်ကမ္မဋ္ဌာန်းတိုက်



သစ်ရိပ်ဝါးရိပ်အောက်မှ ကမ္မဋ္ဌာန်းတိုက်နှင့် ကုန်းလှိုင်သုသာန်



တောင်သုလယ်သမားကြီး ဦးဘသိန်း စတင်ထူထောင်ခဲ့သော သုသာန်တွင်းမှ ကမ္မဋ္ဌာန်းတိုက်



ဆရာတော်အရှင်ဇဋိလ သီတင်းသုံးနေထိုင်တော်မူသော ဓမ္မသယ်ကျောင်းဆောင်

ကျောင်းဆောင်၏အောက်တွင် ခြံထွက် သစ်သီးဝလံများကို ချိတ်ဆွဲပူဇော်ကြပါသည်။ အမျိုးသမီးများ ဦးဆောင်သော ရှမ်းမောင်းဆိုင်းအဖွဲ့ကလည်း ကြေးမောင်းလင်းကွင်းများ တီးမှုတ်ပြီး မီးပဒေသာပင် (မီးထင်းရှူးတိုင်) ကို ရိုးရာမပျက် လာရောက် ပူဇော်သွားသည်ကို ဝမ်းသာကြည်နူးဖွယ် တွေ့မြင်ခဲ့ရပါသည်။

စာသင်သား ရဟန်းတော်များနှင့် ကိုရင်တို့မှာ ပွေးလှ၊ ပင်းတယ၊ ရွာငံနှင့် ရပ်စောက်မြို့နယ်များမှ ဖြစ်ကြကြောင်း ဆရာတော် ဦးဇဋိလက ပြောပြပါသည်။ စာသင်သား ရဟန်းသံဃာများရှိလျှင် ကံကြီးပရိယတ္တိစာသင်တိုက်ခွဲ သာသနောဒယပရိယတ္တိစာသင်တိုက်သို့ စေလွှတ်ပေးကြပါ။ သုသာန်ဓုတင်ဆောက်တည်လိုသော ရဟန်းတော်များနှင့် အသုဘကမ္မဋ္ဌာန်းစီးဖြန်းလိုသောယောဂီများရှိက ကုန်းလှိုင်သုသာန်ကမ္မဋ္ဌာန်းဇရပ်သို့ ကြွလှည့်ပါဟု ဖိတ်မန္တကပြုအပ်ပါသည်။

ဒေါက်တာဒေါ်နု (တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

# ကံဝင်း

## ကျေးဇူးရှင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးမိန့်ကြားခဲ့သော ဂရုဏာ ကိုးကွယ်ဘွယ်ပုံတော်

ကောဇာနှစ် ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့သည် ကျေးဇူးရှင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ (၁၄၆) နှစ်ပြည့်မွေးနေ့ဖြစ်ပါသည်။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သော်မှမလွန်ဆန်နိုင်သော မရဏသေခြင်းသဘောသည် ကျေးဇူးရှင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးကို လူ့ပြည်လူ့ရွာ၌ (၇၇) နှစ်တာနေခွင့်ပေးခဲ့လေ၏။ ပျံလွန်တော်မူသော မြန်မာနှစ် ၁၂၅၆ ခုနှစ်မှ ယခု ၁၃၇၅ ခုအထိ ရေတွက်ကြည့်သော် နှစ်ပေါင်း (၁၁၉) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ မွေးဖွားချိန်မှစ၍ရေတွက်သော် နှစ်ပေါင်းနှစ်ရာနီးပါးကြာခဲ့ပါပြီ။ နှစ်ပေါင်း နှစ်ရာနီးပါးကြာမြင့်ပါသော်လည်း ယနေ့ထက်တိုင်ဟု ဆိုရပေမည်။ စာရေး၊စာဖတ်ဝါသနာ





www.burmeseclassic.com

www.burmeseclassic.com

ထိုလုသော စာရေးသူတို့သည် ဆရာတော်ကြီး၏ ကျမ်းစာအဟောင်းများ ရှာဖွေဖတ်ရှုလျက်၊ အကိုးအကားပြုလျက်ရှိပါသည်။

ထိုအခြင်းအရာကိုကြည့်ခြင်းအားဖြင့် ဆရာတော်ကြီးသည် တစ်ဘဝခန္ဓာ ချုပ်ငြိမ်းလက်စသိမ်းခဲ့သော်လည်း ဆရာတော်ကြီး၏စာပေများက ရှင်သန်နေဆဲဖြစ်သည်မှာ ထင်ရှားလှပါသည်။

ဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော ဇိနတ္ထပကာသနီကျမ်းမှအစ ဂန္ထဝံသနိဿယအထိ ကျမ်းပေါင်း သုံးဆယ်အနက်၊ ပုရာဏ်ကျမ်းနှင့် ဓမ္မဂန်ဖတ်စာကျမ်းစာအုပ်သည် စာရေးသူထံ၌ ရှိနေခဲ့သည်မှာ ကြာပြီ ဖြစ်ပါသည်။ ထိုကျမ်းစာပါ အကြောင်းအရာများသည် မကြာခဏပြန်ဖတ်မိသောကြောင့် တော်တော်များများ ဝတ္ထုဇာတ်ကြောင်းများ မှတ်မိနေပါသည်။

တစ်နေ့ စာတည်းချုပ်၏ရုံးခန်း၌ စာအကြောင်းပေအကြောင်းပြောကြရင်း မြန်မာစာပေသမိုင်း၌ လွန်စွာထင်ရှားကျော်ဇော်များလှသော ကျီးသဲလေးထပ်ဆရာတော်ကြီးအကြောင်း၊ ကျမ်းစာအကြောင်း ပြောမိကြ၊ ဆွေးနွေးကြ၏။ ဆွေးနွေးပွဲပြီး၍ပြန်ခါပြီး၌ စာတည်းချုပ်မှ -

"ဆရာတော်ကြီးအကြောင်း တစ်ခုခုအမှတ်တရရေးနိုင်ရင်ကောင်းမယ်ဗျာ"

ဟု စာရေးသူအား တိုက်တွန်းခဲ့သော၏။

ဤသို့ဖြင့် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ရေးသား ဟောကြားခဲ့သော ကျမ်းပေါင်းများစွာ ဩဝါဒများမှ စာရေးသူ၏ အနှစ်သက်ဆုံးဖြစ်သော တစ်ပါးသူများကဲ့သို့လှူရန် လှူစရာမရှိ၍ အဆုံးမှာ မိမိ၏ခန္ဓာကိုယ်ဖြင့် ဇီဝိတဒါနမြောက်အောင် လှူဒါန်းခဲ့သော ယုန်မင်းအကြောင်း ဓမ္မဒါနအလှူအဖြစ် အင်ပြုရင်း ကျေးဇူးရှင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်တော်တို့ ပုံဖော်ကာဖြင့် အမွှန်းတင်အပ်ပါသည်။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံနေစဉ်ကာလအချိန်က ဘုရားလောင်းတော်သည် ပန်းပေါင်းဝေဆာ ထင်ရှားသော တောမြိုင်ယံဝယ် ယုန်အဖြစ်ဖြင့်ဖြစ်လေ၏။ ထိုယုန်မင်း၏ အိမ်နီးချင်းဖြစ်သော တစ်ခုစီသော တွင်းတို့၌ ဖျံနှင့် မြေခွေးတို့သည် နေကြ၏။ ထိုသောသစ်ပင်၌ မျောက်သည်လည်း နေ၏။ ထိုသတ္တဝါလေးဦးတို့သည် ကြည်နူးစုံမက် ပေါင်းသင်းကြလျက် ကောင်းသောမိတ်ဆွေဖြစ်ကြသတည်း။

တစ်နေ့သ၌ ယုန်မင်းသည် ကောင်းကင်သို့ ကြည့်လေသော် ပြည့်သောလဝန်းဖြင့် တက်ထွန်းလာသည်ကို မြင်၍ ခင်ပွန်းသုံးဦးတို့ကို ခေါ်ပြီးလျှင်-

"အဆွေတို့၊ နက်ဖြန်အခါကား စန္ဒာလစက်ပြည့်၍ထွက်သော ဥပုသ်ရက်မြတ်ကြုံလိမ့်မည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါရှင်မြတ်စွာတို့ ကောင်းစွာအားထုတ်စည်းဝေးလုပ်သော ဥပုသ်နေ့ရက်ဖြစ်ပေသည်။ လူပြည်လူ့ရွာ၌ ပညာရှိပေါင်းသူတော်ကောင်းဟူသမျှတို့လည်း ဒါန၊ သီလဆည်းပူးကြသော ရက်မွန်ရက်မြတ်ဖြစ်ချေသည်။ ထို့ကြောင့် နက်ဖြန်နံနက်အရုဏ်တက်မှ နေဝင်ကြသည့်တိုင်အောင် သီလအင်္ဂါ ခြောက်ဖြာမယုတ်ကြိုးအားထုတ်၍ ဥပုသ်ဆောက်တည်ကြရမည်။ ရဟန်း၊ ပုဏ္ဏား စသောအလှူခံတို့လာလျှင်လည်း စားစရာမှ ခွဲခြမ်း၍ လှူဒါန်းစွန့်ကြဲကြရမည် ။ ငါ ဩဝါဒပေးသမျှကို စိတ်ကမှတ်သား၍ တရားလက်သုံးရှိကြကုန်"

ဟု ဆုံးမ၏။

## ယုန်မင်းနှင့်အဖော်(၃)ဦးအလှူခံမျှော်နေခြင်း

ဖျံ၊ မြေခွေး၊ မျောက်တို့ကလည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် နံနက်လင်းသောအခါ အစာရှာကြသော် -

၁။ ဖျံမှာ တံငါတို့ရေနားတွင် ဝှက်ထားခဲ့သော ငါးကြင်းခုနစ်စီးကို ရ၏။

၂။ မြေခွေးမှာ လယ်သမားတို့တဲ၌ ထားခဲ့သော နို့ဓမ်းအိုးနှင့် အမဲကင်ကိုတွေ့၍ အရှင်ရှိ၏လောဟု အသံပြုသော်လည်း မပေါ်လာသောကြောင့် ချီကာဆောင်ခဲ့၍ မိမိနေရာချုံတွင်း၌ထား၏။

၃။ မျောက်မှာလည်း သရက်သီးမှည့်ကိုရ၍ သင့်ရာ၌ထားပြီးလျှင် မိမိတို့စောင့်သောသီလကို ဆင်ခြင်၍နေကြကုန်၏။

၄။ ယုန်မင်းမူကား ဤသို့ကြံ၏။ ငါမူကား အလှူခံမြတ်များနှင့် အစာချင်းမတူ လူမနှစ်သက်သော မြက်တို့ကိုသာ ငါစားချေသည်။ အလှူကောင်းမူ ငါပင်ပြုသော်လည်း ဝတ္ထုကို အလှူခံမနှစ်သက်က အကျိုးဆက်မကြီးရာချေ။ ငါ့အသက်ကို အသေခံ၍ အလှူခံပုဂ္ဂိုလ်တို့အား ငါ့အသားကိုလှူရမှ ဇီဝိတဒါနဖြစ်၍ ငါတောင့်တသော ဗောဓိဉာဏ်ကိုအမှန်ရလိမ့်မည်တကားဟု အားသစ်၍ကြံဆဲတွင် လွန်ကဲသောပီတိဖြစ်သည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်စွာ ဘယ်အခါ၌ ငါ၏အသားကို စားလိုသော အလှူခံတို့လာပါအံ့နည်းဟုတွေးမျှော်လျက်နေ၏။

## သိကြားမင်း ပုဏ္ဏားယောင်ဆောင်၍ အလိုစမ်းခြင်း

ထိုအခါ သိကြားမင်းနေရာ ကမ္ဗလာသည် လွန်စွာ ပူလောင်သဖြင့် လူ့ဘောင်ကိုကြည့်လေသော် အလောင်းတော် ယုန်မင်း၏ စိတ်အကြံကို သိလတ်ရကား ဤယုန်ငယ်သည် ကြံသည့်အတိုင်းပြုနိုင်မည်၊ မပြုနိုင်မည် ဟို စုံစမ်းခြင်းငှာ ပုဏ္ဏားအယောင်ဆောင်ဖြင့်လာ၍ ရှေးဦးစွာ ဖျံ၏အနီးသို့ကပ်ပြီးလျှင်-

"အသင် ဖျံမင်း၊ ငါသည် တစ်စုံတစ်ခုသောအစာကိုစား၍ ယနေ့ဥပုသ်ဆောက်တည်လိုပါသည်။ အသင်ဖျံမင်း၌ ကြွင်းကျန်သော အစာရှိမူကား ငါ့အားလှူပါလော့"

ဟုဆို၏။

ထိုစကားကိုကြားသော် ဖျံမင်းက -

"အရှင်ပုဏ္ဏား၊ ကျွန်ုပ်လက်တွင် ငါးကြင်းခုနစ်စီး အပြီးယခုရှိပါသည်။ အဆီဝင်းဝင်း ထိုငါးကြင်းကို စားလိုသမျှစား၍ ဤတောအုပ်၌ ဥပုသ်စောင့်နေပါလော့"

ဟုဆို၏။

ပုဏ္ဏားကလည်း -

"ကောင်းလှပါပြီ၊ ယခုအခါ စောပါသေး၏။ လိုသောအခါ ငါယူလာအံ့"

ဆိုလျက် ထိုနှင့်မနီးမဝေး မြေခွေးထံသို့ကပ်၍ တောင်းပြန်သော် မြေခွေးကလည်း-

"အရှင်ပုဏ္ဏား အကျွန်ုပ်၌ လယ်လုပ်ယောကျ်ား မေ့၍ထားခဲ့သော အမဲသားကင်နှင့် နို့ဓမ်းအိုးသည် ရှိပါ၏။ အရှင်ပုဏ္ဏားသည် စားလိုသမျှစားသုံး၍ နှလုံးမွေ့လျော်ဖွယ်ရှိသော တောအုပ်၌ ဥပုသ်စောင့်နေပါလော့"

ဟု ဆို၏။

ပုဏ္ဏားကြီးလည်း ရှေးနည်းတူ စကားဖြင့် မြေခွေးအားပြောဆိုပြီးလျှင် မျောက်၏ထံသို့ကပ်၍ ရပ်ခံပြန်သော်

www.burmeseclassic.com

မျောက်ကလည်း-

"ဆရာပုဏ္ဏား၊ အကျွန်ုပ်ကား ဆောင်ယူထားသော သရက်သီးမှည့်သည် အပြီးပင်ရှိပါသည်။ ဆရာပုဏ္ဏားသည် စားလိုသမျှစား၍ ဤတောအုပ်၌ ဥပုသ်စောင့်နေပါလော့"

ဟု ဆို၏။

ပုဏ္ဏားလည်း ရှေးနည်းစကားဆိုခဲ့ပြီးလျှင် ယုန်မင်းထံသို့ကပ်၍ ရပ်ခံခွင့်တောင်းပြန်လေသော် ယုန်သူတော်ကောင်းလည်း လျှောင်းစက်ရာမှ ရုတ်ခြည်းထ၍ ငါ့အလိုပြည့် ရောက်လာတည့်ပေသည်။ ငါ၏ ဆန္ဒ ရှယ်တိုင်းရတော့မည်'ဟု ပါမေဇ္ဇပီတိ ကိုယ်အလုံးရှိပြီးလျှင် 'နသ သဟိတေ အတ္ထိ' အစရှိသော ဂါထာဖြင့် -

"ဆရာပုဏ္ဏား၊ ယုန်မျိုးသတ္တဝါ ငါတို့မှာကား နေစာမြက်စို၊ ပဒေါ်ညို၊ မုန်ညင်း၊ မြက်ခပင်းကိုသာ ထမင်းပြုလုပ်ရပါသည်။ ကျွန်ုပ်အခိုဋ္ဌာန် စိတ်အကြံမှာ အာဂန္တု အလှူခံသူရောက်လာငြားမူ အသားအသွေး ပေးလှူမည်အကြံနှင့် အလှူခံကို မျှော်လင့်၍ အသင့်နေပါသည်။

ကျွန်ုပ်အသားလည်း ပုဏ္ဏားတစ်ယောက်မူ ဝလောက်တန်ပါ၏။ ငါ၏ ကိုယ်ရှိတိုင်းကို ဖြတ်ပိုင်းခုတ်လှီး၍ မီးကျီးထဲတွင် ဖုတ်ကင်၍ စားတော်မူပါ။ အမြတ်ဆုံးဆိုရေသော ဒါနပါရမီ စာဂီတိုင်မြောက်အောင် စားသောက်တော်မူပါ"

ဟု အခါခါမြွက်၍ အသက်အလှူပေးသည်တွင် သိကြားမင်းလည်း မိမိတန်ခိုးဖြင့် မီးပုံဖန်ဆင်းပြီးလျှင် -

"အသင် ရွှေယုန်၊ ဤမီးပုံသို့ဆင်းလော့။ သင်၏အသားကျက်သောအခါ ငါစားပါအံ့"

ဟု ဆိုသော် ယုန်သူတော်လည်း-

"ဩော် - ငါ၏အမွေး၌ အလေးအမွှားတို့ အများရှိချေသည်။ ငါ့ကိုမှီ၍ ဤပိုးမွှားတို့အသက်သည် မပျက်ကောင်းပေရာ"

ဟု ကရုဏာသမ္ပယုတ်ယှဉ်သော နှလုံးဖြင့် သုံးကြိမ်တိုင်အောင် ခါပြီးလျှင် ကြာအိုင်အတွင်းသို့ သက်ဆင်းသော မာသိင်္ဂုက်ကဲ့သို့ ရုတ်တရက်ခုန်၍ မီးပုံသို့သက်တော်မူ၏။

သိကြားညှိပျိုး၍ ငရဲအိုးတမျှ ပူလောင်လှသောမီးရှိန်သည် သုခမိန်ယုန်မင်း၏ ဖြည့်တင်းသော ပါရမီကြောင့် ဇော်သီတစန္ဒကူးကဲ့သို့ အထူးထူးချမ်းအေး၍ ကိုယ်မွေးတစ်ပင်မျှ မီးဝင်၍မငြိဘဲ ပကတိဖြစ်လေသည်တွင်-

"အရှင်ပုဏ္ဏား၊ သင်ပျိုးသော မီးပုံသည်ကား ငါ့အား လောင်မည်ကိုဝေးစွ၊ ဤတော၌ ထင်းစု၍ ယခုပင်ပုံပါဦးလော့"

ဟု ဆို၏။

ထိုစကားကိုကြားသော် သိကြားမင်းကလည်း -

အဆွေယုန်မင်း၊ ငါတမူကား ပုဏ္ဏားမဟုတ်၊ အယုဇ္ဈပြည့်ရှင် ဘုရင်သိကြား ဖြစ်ပေသည်။ ပါရမီဖြည့်ခြင်း၌ ယုန်မင်း၏သတ္တိရှိ၊ မရှိကို သိလို၍သာ ငါမီးပုံမြိုက်သည်။ လောကသုံးခွင်ဘုံအပြင်၌ သင်နှင့်ထပ်တူ ရဲရင့်သူကို လူ့ခွင်၊ နတ်ခွင်ဘုံအပြင်၌ မမြင်စဖူး သင်တစ်ဦးသာ အထူးအမြတ်ဖြစ်ပေသည်။ သဗ္ဗညုရတနာ ဂုဏ်မြတ်စွာကို လျင်စွာရလွယ်ပေလိမ့်မည်ဟု ချီးမွမ်း မြှောက်စားလျက် နေမြဲနေရာ၌ထားပြီးမှ ဖျံ၊ မြေခွေး၊မျောက်တို့အားလည်း တရားဩဝါဒဖြင့် ဆုံးမလေ၏။

**ယုန်မင်းဂုဏ်ပြု လပြည့်ဝန်းထဲကရုပ်တု**

'ပညာရှိယုန် သူကျင့်ပုံကို မကြုံစကောင်း အပေါင်းလူနတ် နည်းယူအပ်ပေသည်။ ဘဒ္ဒကပ်မည်သာ ဤကမ္ဘာတွင် စံယူရာဖြစ်ပါစေ'

ဟု နှလုံးထားလျက် အယုဇ္ဈပြည့်ရှင် ဘုရင်ဖြစ်သော သိကြားမင်းက တစ်ခုသောတောင်ဆီဖြင့် လဝိမာန်၌ ယုန်သဏ္ဌာန် ရေးထားသည်မှာ ယနေ့ယခုကာလတိုင် လပြည့်ဝန်းထဲမှာ အထင်အရှားတွေ့မြင်ရလေသည်။

ထိုဇာတ်ကြောင်းနောက်ကြောင်းလှန်ရသော် သိကြားမင်းကား အနုရုဒ္ဓါ၊ ဖျံကား အာနန္ဒာ၊ မြေခွေးကား မောဂ္ဂလာန်၊ မျောက်ကား သာရိပုတ္တရာ၊ ယုန်ပညာရှိကား ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကိုပေါင်းတော်မူသည်။

အထက်ပါ ဇာတ်လမ်းအံ့မခန်းသည် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်က ကျေးဇူးရှင် ကျီးသဲလေးထပ် ဆရာတော်ဘုရား လမ်းညွှန်မှာကြားသူတော်ကောင်းတို့ ကျင့်အပ်သော သီလအခြေခံတရား ဖြစ်ပါသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ (၁၉၆) နှစ်ပြည့် အမှတ်တရအဖြစ် တင်ပြအပ်ပါသည်။

မေတ္တာများစွာဖြင့်
ကံဝင်း

# ကျွဲ၊ နွားတို့ ခွာနာဖြစ်သော် ကုသနည်း

ကျွဲ၊ နွားများ ခွာနာဖြစ်ရခြင်းမှာ ခရီးဝေးလံစွာ ကျောက်ကြမ်းလမ်းများတွင် ဝန်ဆွဲ,လှည်းဆွဲရ၍ လည်းကောင်း၊ မာကျော ကြမ်းတမ်းသော နေရာတွင် တာရှည်သွားလာ ရပ်တည်ရ၍ လည်းကောင်း၊ စွတ်စိုသောနေရာတွင် ခွာမြုပ်နေအောင် နေထိုင်ရပြီး ခွာများနူးပျော့သွား၍ လည်းကောင်း၊ ခန္ဓာကိုယ်အတွင်းမှ အပူခိုး, အပုပ်ခိုးများ ခွာဆစ်များမှ ကန်ထွက်၍ လည်းကောင်း၊ ဆီး, ဝမ်း, ဓာတ်, လေ ညီညွတ်မျှတမှုမရှိဘဲ ချုပ်ခြင်းကြောင့် လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ဖြစ်စေနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွဲ၊ နွားတို့ ခွာနာဖြစ်လာပါက လမ်းကောင်းစွာမသွားမလာနိုင်သဖြင့် အနားပေးပါက အလုပ်ခွင်ပျက်ရလေသည်။ တစ်လမှ သုံးလအထိလည်း ကြာတတ်ပါသည်။ မြန်မြန်ကုမှ ပျောက်ပါသည်။

ကုသနည်းများ တင်ပြပါမည်။

- ကုန်းတမာခေါက်ကိုခွာပြီး ရေဖြင့် သနပ်ခါးသွေးသလို ပျစ်ပျစ်သွေးကာ ခွာဆစ်တစ်ခုလုံး ခပ်ထူထူ သုံး၊ လေးခါထပ်၍ လိမ်းပေးပါ။ တမာခေါက်သည် ခွာနာပိုးကို သေစေပါသည်။
- မြန်မာဆေးရွက်ကြီး သုံးဆကို အမှုန့်ကြိတ်၊ မဖောက်ထုံးမှုန့် တစ်ဆ ရောမွှေပြီး ခွာကြားထဲ ဖြူးထည့်ပေးပါ။
- ကတ္တရာစေးတစ်ဆ၊ ပွဲ့လျက်နှစ်ဆ ရောကျိုပြီး ခပ်နွေးနွေးတွင် ခွာပေါ် လိမ်းပေးပါ။

* နံနက်စောစောတွင် မာလကာခေါက်နှင့် တမာခေါက်၊ လက်ဖက်ခြောက် ဆတူ ရောပြုတ်ကျိုပြီး ထိုဖန်ရည်ဖြင့် ခွာများကို ရွှဲရွှဲစိုအောင် ဆေးပေးပါ။

ငါးရက်၊ တစ်ပတ် အထက်ပါအတိုင်း ကုသပေးလျှင် လက်တွေ့ပျောက်ကင်းနေကျ ဖြစ်ပါသည်။

အောင်လံထူ(မြန်မာပြည်)



www.burmeseclassic.com

www.burmeseclassic.com

[illegible]

နှစ်ပေါင်း(၃၀)ကျော်ကြာ မပုပ်မသိုးရှိနေသော

# နန်းတော်ကုန်းဆရာတော်ကြီး၏ရုပ်ကလာပ်တော်

[illegible]


'နှစ်ပေါင်း (၃၀) ကျော်ကြာ မပုပ် မသိုးရှိနေတဲ့ နန်းတော်ကုန်းကျောင်း တိုက် နာယကဆရာတော်ကြီးရဲ့ ရုပ် ကလာပ် ပျောက်ဆုံးသွားလို့တဲ့'

ဆိုသော သတင်းစကားသည် တစ်မုဟုတ်ချင်းပင် နန်းတော်ကုန်း ကျေးရွာဆီမှ နေရာအနှံ့သို့ ဖြန့်ကြက် သွားသည်။

**ရုပ်ကလာပ်ကျန်ရစ်ခဲ့သော ဆရာတော်**

လက်လှမ်းမီသလောက် သိရှိခဲ့ သည်မှာ မကွေးတိုင်းဒေသကြီးအတွင်း ရုပ်ကလာပ်ကျန်ရစ်ခဲ့သော ဆရာတော်ကြီးများ အနက် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး နောက် သဘာဝတရားကြီးကို လွန်ဆန် ကာ နှစ်ပေါင်းများစွာ မပုပ်မသိုးဘဲ တည်ရှိနေသည့် ဆရာတော်ကြီး (၃)ပါး ရှိကြောင်း၊ ယင်းဆရာတော်ကြီးများမှာ ဇင်ပြွန်းတွင် တစ်ပါး၊ ဆင်ခေါင်းတွင် တစ်ပါး၊ နန်းတော်ကုန်းတွင် တစ်ပါး ဟူ၍ ဖြစ်၏။ (ကျန်ရှိနေပါက ဖြည့်စွက် ပေးပါရန်)

နန်းတော်ကုန်းဆရာတော်ကြီး၏ ဘွဲ့အမည်မှာ ဘဒ္ဒန္တနန္ဒိယဖြစ်ပြီး (၁၂-၁-၁၉၈၃) ရက်နေ့ သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါအရ တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီးသည် ဝိနည်းတော်များ နှင့်အညီ ကျင့်ကြံနေထိုင်တော်မူပြီး လောကီကိစ္စအဝဝကိုမျက်ကွယ်ပြုတော် မူ၍ လောကုတ္တရာလမ်း မဂ်ဖိုလ်နန်းသို့ ဆိုက်ရောက်စေရန် တရားအားထုတ် ခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့သူ ဖြစ်ကြောင်း၊ ပျံလွန်တော်မမူခင် တစ်နှစ် ခန့်အလိုကပင် လေငန်းရောဂါ ခံစားရ မည်ဖြစ်ကြောင်း၊ ပျံလွန်တော်မူပါက ဆေးမထိုးနှင့်၊ ဓားမခွဲနှင့်၊ ရေမမျှောနှင့်၊ မီးမသဂြိုဟ်နှင့်ဟု မိန့်ကြားသွားသဖြင့် စေတီတိုက်တွင် မှန်ခေါင်းဖြင့် အပူဇော် ခံထားရှိခဲ့ကြောင်း၊ ပျံလွန်တော်မူပြီး (၆) လခန့်အကြာအထိ မူလအသားအရေ အတိုင်းပင်ရှိခဲ့ကြောင်း ဆရာတော်ကြီး ၏ တပည့်အရင်းဖြစ်ခဲ့သော မိုးကုတ် ဝိပဿနာမင်္ဂလာတိုက် ဝိမလာရာမဓမ္မ သာလာ ဆရာတော် အရှင်ဝိမလက မိန့် ပါသည်။





www.burmeseclassic.com


www.burmeseclassic.com


**အောက်တိုဘာ (၂၇) ရက်၊ နေ့လယ် (၁၁) နာရီ**

မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ မိုးများသည်းထန်စွာဖြင့် အဆက်မပြတ် ရွာသွန်းနေကြောင်း မိုးလေဝသကြေညာ ချက်တွေအရသိရသည်။ နန်းတော်ကုန်း ကျေးရွာတွင်လည်း မနက်ပိုင်းက မိုးဖွဲ များဖြင့်အစပျိုးခဲ့ရာမှ မစဲသောမိုးအဖြစ် ပြောင်းလဲကာ တစ်ခါတစ်ခါ ဒေါသသံ များပင်ပေး၍ သဲသဲမဲမဲဖြင့်ရွာသွန်းချနေ၏။

နန်းတော်ကုန်းကျောင်း ကထိန် အလှူသို့ ရပ်ဝေး၊ ရပ်နီးမှ ဧည့်သည်များ တဖွဲဖွဲရောက်လာနေကြ၏။ ယင်းတို့ အနက် မကွေးမြို့နေ 'ခိုင်လေးနှင့် ညီများ' ကားဝပ်ရှော့မှ ကိုခိုင်လေးနှင့် ကိုချိုတို့ ပါရှိခဲ့ရာ ဒေသခံ ကျေးရွာသား ကိုမြင့်စိုးက ရောက်တုန်းရောက်ခိုက် ဆရာတော်ကြီး၏ ရုပ်ကလာပ်အား ဖူး ရန်တိုက်တွန်းပြီး ကျောင်းထိုင်ဆရာ တော် ဦးစန္ဒိမာထံ ခွင့်တောင်းခဲ့သည်။

ဦးစန္ဒိမာကလည်း ဆရာတော်ကြီး ၏ အပူဇော်ခံထားရှိရာ စေတီတိုက် တံခါးသော့တွဲကိုယူ၍ ကိုယ်တိုင်ပင် လိုက်ဖွင့်ပေးခဲ့သည်။ အချိန်က နေ့လယ်







www.burmeseclassic.com

www.burmeseclassic.com

(၁၁) နာရီခွဲခန့်။ မိုးစက်မိုးပေါက်များက တစ်ခါသည်းတစ်လှည့်။

"သော့ကိုဖွင့်ထားခဲ့တယ်။ ဒကာကြီးတို့ ပြန်ရင် ခတ်သွားလိုက်ကြပါ"

ဟု မှာကြားကာ ဦးစန္ဒိမာက သော့တွဲကို ပြန်ယူသွားခဲ့ပြီး ထားနေကျ နေရာဖြစ်သော ကျောင်းတိုင်၌ ပြန်ချိတ်ထားလိုက်သည်။

ယင်းသော့တွဲကို ယခင်နှစ်များက သိမ်းဆည်းထားပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်အား ဖူးမြော်လိုသူရှိသည့်အခါမှသာ ထုတ်သုံးခဲ့သော်လည်း လွန်ခဲ့သော (၂) နှစ်ခန့်ကမှ -

'ဆရာတော်ကြီး၏စေတီသော့
ယူပြီးပြန်ထားပါ'

ဟု ကျောင်းတိုင်တွင် စာတန်းနှင့်အတူ ချိတ်ဆွဲထားခဲ့ခြင်း ဖြစ်၏။

**ယာလက်တော်ကင်းမဲ့စွာဖူးတွေ့လေရာ**

ကိုမြင့်စိုးတို့အဖွဲ့ ဆရာတော်ကြီးအား ဖူးမြော်စဉ် ယာဘက်လက်တော်ကို မတွေ့ရသောကြောင့် -

"သင်္ကန်းအောက်မှာများ ရောက်နေသလား"

အတွေးဖြင့် ကိုမြင့်စိုးက မှန်ခေါင်းအဖုံးကိုလှပ်ပြီး သင်္ကန်းကို မ,၍ကြည့်ရှုခဲ့သည်။ ထိုသို့ ကြည့်ရှုသော်လည်း မတွေ့ရသဖြင့် မှန်ခေါင်းအဖုံးအား လှပ်ပြီး အတူတူ ဧည့်သည်များအား ဆရာတော်ကြီး၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှန်လှော၍ ပြသခဲ့၏။

ဆရာတော်ကြီး၏ ကပ်ပယ်အိတ်မှာ ပြားကပ်နေသည်ကို တွေ့ရပြီး ဝမ်းဗိုက်ကိုစမ်းကြည့်သည့်အခါ အပေါ်ယံ မာကျောသလိုရှိသော်လည်း အတွင်းပိုင်းမှာ ပျော့အိနေသည်။ ကျန်ခန္ဓာကိုယ်အစိတ်အပိုင်းများမှာ အရိုးပေါ် အရေတင်တွေ့ရှိရပြီး ခြေထောက်ပိုင်းတွင် အနည်းငယ် ပြည့်ဖြိုးနေသေးသည်ဟု ဆို၏။ ဧည့်သည်များဖြစ်ကြသော ကိုခိုင်ဝင်းနှင့် ကိုချိုတို့ကလည်း အခွင့်သာခိုက် ဆရာတော်ကြီးကို ဖူးမြော်ကြပြီး ဓာတ်ပုံများရိုက်ယူကြသည်။

**အောက်တိုဘာ ၂၈ ရက်၊ နံနက် (၇) နာရီ**

ကထိန်အလှူမှ ပြန်ကြွမည့် ဧည့်သည်သံဃာတော်များအား ကားဖြင့်ပို့ဆောင်ရန်ပြင်ဆင်နေခိုက် စကားစမြည် ပြောဆိုရင်း ဆရာတော်ကြီးအကြောင်း စကားစပ်မိသည့်အခါမှ မနေ့က ဆရာတော်ကြီးရဲ့ ယာဘက်လက်တော် မရှိတော့သည်ကို အသိပေးရန် ကိုမြင့်စိုး တစ်ယောက် သတိရလိုက်သည်။

အလှူကိစ္စများဆောင်ရွက်နေရ၍ တစ်ကြောင်း၊ ထိုနေ့က တစ်နေ့လုံးတစ်ညလုံး မိုးများစွေနေသဖြင့် အချိန်များစွာ အိမ်တွင်းအောင်းနေမိ၍တစ်ကြောင်း ဆရာတော်ကြီး၏ ယာလက်တော်မရှိတော့သည့်အကြောင်းကို မည်သူ့ကိုမျှ မပြောဖြစ်ဟု ဆို၏။

"မဖြစ်နိုင်ပါဘူးကွာ။ ဟုတ်နေရင်လည်း ဆရာတော်ကြီးက မင်းကိုတန်ခိုး ပြတာနေမှာပေါ့"

ဟူ၍ ရယ်ပွဲဖွဲ့ခဲ့ကြသော်လည်း နောက်ပြောင်ပြီးပြောရမည့်ကိစ္စမဟုတ်သဖြင့် -

"သွားတော့ကြည့်ကြဦးမှ"

ဟု ဆိုကာ ကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာဦးဆောင်၍ စေတီတိုက်သို့ သွားရောက် ကြည့်ရှုကြသောအခါ မှန်းခေါင်းထဲ၌ ခေါင်းအုံးတစ်လုံးနှင့် သင်္ကန်းတော်သာရှိပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်တစ်ခုလုံး ပျောက်ဆုံးနေသည်ကို အံ့အားသင့်ဖွယ် တွေ့ကြရတော့သည်။ ထိုနေ့ညက မိုးများ အဆက်မပြတ် ရွာသွန်းကာ သစ်ကိုင်းများကျိုး၊ သစ်ပင်များလဲ၍ လျှပ်စစ်မီးများလည်း ပြတ်တောက်ခဲ့၏။

**ခွင့်တောင်းဘဲ ဖူးတွေ့သွားသူ အမျိုးသမီးတစ်ဦး**

ထိုအခါမှ စေတီတိုက်သော့တွဲကို စစ်ဆေးကြည့်ရှုရာ သော့တစ်ချောင်း လျော့နေသည်ကိုတွေ့ရှိရ၏။ နန်းတော်ကုန်းတစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ကာ ထင်မြင်ချက်အမျိုးမျိုးဖြင့်ရှိနေကြခိုက် ဖိနပ်ဆိုင်ရှင် မဥမ္မာက -

"မနေ့က မနက်(၇)နာရီလောက်မှာ အမျိုးသမီးတစ်ယောက် ကျွန်မဆိုင်ကို ဖိနပ်လာဝယ်တယ်။ သူ့လက်ထဲမှာ သော့တွဲတွေ့တာနဲ့ ဒါစေတီတိုက်သော့တွဲပဲဆိုပြီး မေးတော့ ဆရာတော်ကြီးကို ဝင်ဖူးနေတုန်း ဖိနပ်အခိုးခံလိုက်ရတဲ့အတွက် ဖိနပ်လာဝယ်တာလို့ ပြောတယ်။ အသားဖြူဖြူ၊ အရပ်က (၅) ပေကျော်၊ အသက် (၂၅)၊ (၃၀) လောက်။ စကားအတော်ဝဲလို့ တိုင်းရင်းသူတစ်ယောက် ဖြစ်မယ်ထင်တယ်"

ဟု ပြောသည်။

ထိုအမျိုးသမီး စေတီတိုက်ကုန်းပေါ်က ပြန်ဆင်းလာသည့်အခါ 'ကားရှိသေးလား' လို့ မေးသဖြင့် တောင်ဘက်မှလာသည့် ကားတစ်စီးအား တားပေးလိုက်ရပြီး သူမမှာ အဖော်မပါဘဲ တစ်ယောက်တည်းလာခြင်းဖြစ်ပြီး စလင်းဘက်အိတ်နှင့် ခရီးဆောင်ဟမ်းဘက်အိတ်တစ်လုံးသာ ပါရှိသည်ဆို၏။

**ဥစ္စာစောင့်လော၊ နတ်သမီးလော**

ထိုနေ့က ဆရာတော်ကြီးအား နောက်ဆုံး ဖူးတွေ့လိုက်ရသူများမှာ ရွာခံကိုမြင့်စိုးနှင့် ဧည့်သည့်နှစ်ဦးသာ မဟုတ်ဘဲ လူစိမ်းအမျိုးသမီးက သူတို့ထက်ဦးစွာ ဖူးတွေ့သွားခြင်းဖြစ်ကြောင်းကို ကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာ ပြောပြမှ သိရှိလိုက်ရခြင်း ဖြစ်သည်။

ယင်းအမျိုးသမီးမှာ ဥစ္စာစောင့် ဖြစ်မည်ဟုပြောသူပြော၊ နတ်သမီးတစ်ပါးဖြစ်လိမ်မည်၊ လူပြည်လူ့လောက၌ အပူဇော်ခံ သက်တမ်းစေ့ပြီဖြစ်၍ နတ်ပြည်သို့ ပင့်ဆောင်ရန် ရောက်ရှိလာခြင်း ဖြစ်မည်ဟု ဆိုသူဆို၊ ဂမ္ဘီရကိစ္စရပ်များအတွက် အစီအမံပြုလုပ်ရန်ခိုးယူခံလိုက်ရခြင်းဖြစ်မည်ဟု သုံးသပ်သူက သုံးသပ်ကြ၏။

မည်သို့ပင်ဆိုစေ -

သာမညတောင် ဆရာတော်ကြီးသည်လည်း ယခုကဲ့သို့ပင် ထူးခြားစွာ ပျောက်ဆုံးသွားခဲ့သဖြင့် နန်းတော်ကုန်းဆရာတော်ကြီး၏ ရုပ်ကလာပ် ပျောက်ဆုံးမှုသည် ဒုတိယမြောက် ရုပ်ကလာပ်တော်ပျောက်ဆုံးမှုဖြစ်ခြင်းပင် ဖြစ်ပေလိမ့်မည်။

"အစားထိုးမရတော့တဲ့ ဆုံးရှုံးမှုကြီးပါပဲ"

ဟု တပည့်ရင်းဖြစ်ခဲ့သူ မိုးကုတ်ဆရာတော် အရှင်ဝိမလက နှမြောတသ ယူကျုံးမရသံဖြင့် မှတ်ချက်ပြုသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ပျောက်ဆုံးသည့်သတင်းကို ကြားသိလျှင်ကြားသိချင်းပင် သက်ဆိုင်ရာများမှ လာရောက် ကြည့်ရှု စစ်ဆေးကြပြီး အဖြစ်မှန်ပေါ်ပေါက်ရေးနှင့် ရုပ်ကလာပ်တော် ပြန်လည်ရရှိရေးအတွက် အပူတပြင်း စုံစမ်းဆောင်ရွက်လျက်ရှိသော်လည်း ယနေ့အထိတော့ ပျောက်သောလမ်းတွင် စမ်းတဝါးဝါးရှိနေဆဲပင်. . ။

(ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ မင်းဘူးမြို့မရဲစခန်းမှ (ပ) ၁၆၈/၂၀၁၃၊ ပြစ်မှုဥပဒေပုဒ်မ (၂၉၇) ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

နေခြည် (မကွေး)

www.burmeseclassic.com

ပထမဗိုလ်ကြီးဓရုတ်ထွက်ရပ်ပေါက်လောကီပညာနှင့်

(၁၅)

# ကျေးရူးရှင် စစ်ကွင်းဆရာတော်ကြီး

ပထမဆရာဦးအေးရွှေ



*(ယခင်လမှအဆက်)*

ဤသို့ဖြင့် ဘာဘူမြစိန်၏ တူမနှင့် သူ၏ မွေးကင်းစသားငယ်လေးတို့သည် အခန်းထဲတွင် ပိတ်လှောင်အချုပ်ခံထားရသည်မှာ ရက်ပေါင်းပင်အတော်ကြာလာခဲ့ပြီ ဖြစ်၏။ သူတို့ဘဝကား မျှော်လင့်ချက် ကင်းမဲ့လွန်းလှသည်။ သူတို့ကိုချုပ်ထားသည်ကလည်း မည်သူတစ်ဦးတစ်ယောက်မျှ မသိသည့်နေရာ ဖြစ်၏။ မည်သူမျှလည်း ခန့်မှန်းနိုင်မည် မဟုတ်ပေ။ လာကယ်မည့်သူများကလည်း မြန်မာပြည်မှာသာ ရှိနေသည်။ ရေခြားမြေခြားနိုင်ငံခြားဖြစ်၍ လွယ်ကူစွာ သွားလာနိုင်သည့် အခြေအနေမျိုး မဟုတ်ပေ။ ကယ်မယ့်သူဝေးသည့် ဘဝမျိုး ဖြစ်၏။ ဤသို့သာဆိုလျှင် တဖြည်းဖြည်းလုံးပါးပါးရန်သာရှိတော့၏။

မိခင်ဖြစ်သူလည်း သူ့သားလေးကိုကြည့်နေရင်းပင် စိတ်ထဲမှာ ဆို့နင့်ကြေကွဲလာကာ ပါးပြင်ပေါ်သို့ မျက်ရည်များ တလိမ့်လိမ့်ကျလာ၏။ ခံစားရမှုကား ကြာလေပြင်းထန်လာလေဖြစ်၏။ ထိုအချိန်တွင် မိခင်ဖြစ်သူ၏ နှုတ်တွင် သူ့အလိုအလျောက် စကားတစ်ခွန်းသည် မမျှော်လင့်ဘဲ ပွင့်ထွက်မြည်တမ်းပြုမိလျက်သား ဖြစ်သွားတော့၏။

ထိုစကားကား -

"သားလေးကိုပေးတဲ့ အဘဆရာတော်၊ သမီးတို့သားအမိ ဒုက္ခတွေ့နေပါပြီ၊ ကယ်ပါဦး"

ဟူ၍ ဖြစ်၏။

ထိုကဲ့သို့သော မိခင်ဖြစ်သူ၏ ပြင်းပြင်းထန်ထန် တောင်းတမှုပြုလိုက်သောအချိန်၌ စစ်ကွင်းဆရာတော်သည် ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်ရှိ ကျောင်းလေးပေါ်တွင် နေ့ဆွမ်းဘုဉ်းပေးနေချိန် ဖြစ်၏။ တမ်းတဟစ်ကြွေးညည်းညူသူက အိန္ဒိယနိုင်ငံမှ ဖြစ်၏။ တမ်းတခံရသည့်ပုဂ္ဂိုလ်ကား လွန်စွာဝေးကွာလှသည့် မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်ဖြစ်၏။

ဟိုမှ တမ်းတသည့် ပုဂ္ဂိုလ်၏ ညည်းညူသံဆုံးသည်နှင့် တစ်ပြိုင်နက် စစ်ကွင်းဆရာတော်သည် ဆွမ်းစားခြင်းကို ချက်ချင်းရပ်လိုက်၏။ ထိုအခါ အနီးအနားရှိ တပည့်ဒကာ၊ဒကာမများက -

"ဟင် - ဆွမ်းစားတာ ဘာလို့ ချက်ချင်းရပ်လိုက်တာလဲ ဘုရား။ ဘယ်လိုအကြောင်းများရှိလို့ပါလဲဘုရား"

ဟု လျှောက်ကြ၏။

ထိုအခါ ဆရာတော်က -

"ဆွမ်းဝိုင်းကို မသိမ်းနဲ့ဦး။ ပြီးမှ ဆက်စားမယ်"

ဟု မိန့်ကြားပြီးလျှင် ဆရာတော်သည် အတွင်းခန်းထဲသို့ ခပ်သုတ်သုတ်ဝင်သွားတော့၏။ ပြီးလျှင် အတွင်းခန်း၏ သံဘာဂျာတံခါးကို ဆွဲပိတ်လိုက်၏။ အတွင်းခန်းလိုက်ကာကိုပါ ဆွဲပိတ်လိုက်၏။ ထို့နောက် အားလုံးတိတ်ဆိတ်ငြိမ်သက်သွားတော့၏။

မိနစ်အတန်ကြာ ငြိမ်သက်သွားပြီးနောက် ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်ရှိအခန်းလေးမှ သံဘာဂျာတံခါးဖွင့်သံနှင့်အတူ စစ်ကွင်းဆရာတော်ကြီးလည်း အခန်းထဲမှထွက်လာခဲ့၏။

ဆရာတော်ကြီး အခန်းထဲက ပြန်ထွက်လာတာ သူတစ်ပါးတည်းမဟုတ်တော့ပေ။ လူသားသုံးဦးဖြစ်နေတော့၏။ ကျန်သူနှစ်ဦးမှာ ဘာဘူမြစိန်၏ တူမဖြစ်သူနှင့် သူမ၏ သားငယ်လေးတို့ပင် ဖြစ်၏။ ထိုအခါ အနီးအနားရှိ တပည့်ဒကာ၊ ဒကာမအားလုံး အထူးအဆန်းတအံ့တသြဖြစ်ကြကုန်၏။ မူလက မည်သူတစ်ဦးတစ်ယောက်မျှ မရှိခဲ့သော အခန်းထဲ ဆရာတော်ဝင်သွားပြီး ပြန်ထွက်လာသောအခါ လူပိုနှစ်ယောက်ပါလာခြင်းကို တွေ့မြင်ရသူအပေါင်းအဖို့ စဉ်းစားမရအောင်ဖြစ်စေခဲ့တော့၏။

ဤကိစ္စကား ဤမျှနှင့်ပြီးမသွားခဲ့ပေ။ စစ်ကွင်းဆရာတော်ကြီးသည် သူ၏ တန်ခိုးသိဒ္ဓိတို့ကို အသုံးပြုပြီး ဘာဘူမြစိန်၏တူမနှင့် ကလေးကို ကယ်တင်ခဲ့သဖြင့် ဆရာဖြစ်သူ ဆရာတော်ကြီး ဦးကုန္ဒာသဘက ရထားသည့် ပထမ သိဒ္ဓိကို ပြန်ရုပ်သိမ်းလိုက်သည့်အတွက် (၆) လခန့် ကုန်းကြောင်းလျှောက်ခဲ့ရလေ၏။

**ဘုရားတည်ရန်အတွက် တန်ခိုးသိဒ္ဓိအစွမ်း ထုတ်ဖော်ပြသခဲ့သော စစ်ကွင်းဆရာတော် နှင့် ခမည်းတော် အဘဘိုးသာအေး**

တစ်နေ့တွင် စစ်ကွင်းဆရာတော်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံနယ်ဘက်သို့ ရောက်ရှိလာခဲ့၏။ ဆရာတော်ကြီး ကြွရောက်လာခြင်းမှာ ဖျာပုံနှင့် ကုလားထိုင်သွားသော လမ်း ကြီး၏နံဘေးတစ်နေရာတွင် တည်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သော ပြိုပျက်နေသည့် ရှေးဟောင်း ဘုရားတစ်ဆူကို ပြုပြင်ရန်ပင် ဖြစ်၏။

အဆိုပါ ဘုရားပျက်ကြီးသည် အားလမ်းနှင့် မလှမ်းမကမ်းတွင်ရှိသော်လည်း အနီးစပ်ဆုံးရှိသည့်ရွာမှာမူ အတော်လှမ်းလှမ်းတွင်ရှိနေပါသည်။

ထို့ကြောင့် ဆရာတော်၏နေရေးထိုင်ရေးနှင့် ဆွမ်းကွမ်းကိစ္စ စားရေးသောက်ရေးတို့သည် မလွယ်ကူသည့် အခြေအနေတွင်ရှိနေပါတော့၏။

ဆရာတော်သည် စေတီတော်ကြီး ပြင်ဆင်ဖို့ရန် နေရာထိုင်ခင်းအတွက် အနီးအနားရှိ နွားကျောင်းသားများကို အကူအညီတောင်းရ၏။ သူတို့လာလုပ်ရန် အတော်ပင်ပြောယူရ၏။ သူတို့ ရောက်ရှိလာသောအခါ ဆရာတော်လည်း သစ်၊ ဝါး၊ သက်ငယ်တို့ကို စုပြီး အမြန်ထိုးလိုက်၏။ ပြီးလျှင် ဆရာတော်လည်း ထိုတဲကျောင်းပေါ်တွင် သီတင်းသုံး နေထိုင်လေ၏။

၎င်းတွင် ဆရာတော် စဉ်းစားရတော့၏။

'အင်း - ဒီပုံအတိုင်းဆို ရွာဆက်ကလည်း အလှမ်းဝေးလှတယ်။ လူတွေကလည်း သဒ္ဓါတရားအားနည်းပုံရတယ်။ ဒီတော့ ဆွမ်းကိစ္စတောင် သိပ်လွယ်မယ်မထင်ဘူး၊ ဘုရားပြုပြင်ဖို့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ပိုလို့တောင် ဝေးနိုင်တယ်။ ဒီလိုတော့ မဖြစ်ချေဘူး။ တစ်ခုခုလုပ်မှ ရလိမ့်မယ်'

ဟု တွေးပြီးနောက် -

နောက်တစ်ညတွင် စေတီတော်ရှိ သိုက်ချုပ်ပုဂ္ဂိုလ်အား ခေါ်လိုက်၏။ သိုက်ချုပ်ပုဂ္ဂိုလ် ရောက်လာသောအခါ ဆရာတော်က အကျိုးအကြောင်းပြောပြပြီး သိုက်ထဲမှ မြွေအကြီးကြီးတစ်ကောင်ကို အကူအညီအဖြစ် ထားပေးရန် ပြောလိုက်၏။ သိုက်ချုပ်လည်း အကူညီပေးပါမည့်အကြောင်းပြောပြီး ပြန်သွားတော့၏။

နောက်တစ်နေ့တွင် ဆရာတော်၏ တစ်ဖက်ယပ်တဲလေး၏ အိပ်စင်အောက်၌ အလွန်ကြီးမားသော မြွေကြီးလာရောက် နေထိုင်လေတော့၏။

ဤမျှ ကြီးမားလှသော မြွေကြီးမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးမမြင်ဘူးသော အနီးအနားရှိ ရွာကျောင်းသားတို့သည် တအံ့တသြ အထူးအဆန်းဖြစ်ကာ အနီးဝန်းကျင်ရွာများသို့ပါ သတင်းပျံ့နှံ့ရောက်ရှိသွားတော့၏။

ထိုသတင်းကြောင့် ရွာသူရွာသားနှင့် ရွာရှိ ကလေး၊ လူကြီးပါမကျန် မြွေကြီးကိုကြည့်ရှုရန် စုပြုံရောက်ရှိလာကြတော့၏။ လူသူပရိသတ်များပြားလာသည်နှင့်အမျှ အလှူငွေများလည်း တစ်စထက်တစ်စ တိုးပွားလာလေ၏။ ထိုအခါတွင်မှ ဆရာတော်လည်း အတန်ငယ်အသက်ရှူချောင်တော့၏။

ထိုသို့ နေ့စဉ်နှင့်အမျှ လူသူပရိသတ်များ ရောက်ရှိလာသောအခါ တစ်နေ့တွင် ဆရာတော်သည် ဒကာတစ်ယောက်ကို မုန့်ဟင်းခါးအချိန်တစ်ဆယ်ချက်ပြီး ကပ်ရန် မိန့်ကြားလိုက်၏။

ထိုဒကာသည်လည်း ဆရာတော်မိန့်ကြားသည့်အတိုင်းပင် မုန့်ဟင်းခါးကို အချိန်တစ်ဆယ်ချက်ပြီး လာကပ်လေ၏။

ထိုနေ့တွင် ဆရာတော်သည် ပရိသတ်အများရှေ့တွင်ပင် အချိန်တစ်ဆယ်လုံးကို ဇလုံအကြီးကြီးတစ်လုံးထဲထည့်၍နောက် မုန့်ဟင်းရည်များပါ အားလုံးထည့်ကာ တစ်ထိုင်တည်းနှင့် ကုန်အောင် ဘုဉ်းပေးပြလိုက်၏။ ထိုအခါ ကြည့်ရှုနေသော ပရိသတ်သည် ဆရာတော်ကို ထူးခြားသည့်ပုဂ္ဂိုလ်တစ်ပါးအဖြစ် သတ်မှတ်ကာ ကြည်ညိုသူပို၍ တိုးပွားလာလေ၏။

ထိုအချိန်တွင် စစ်ကွင်းဆရာတော်၏ ခမည်းတော်ဖြစ်သူ အဘဘိုးသာအေးသည် သားရဟန်း တစ်နယ်တစ်ကျေးတွင် ဘုရားတည်ပြုပြင်နေသည့်ကိစ္စ အဆင်ပြေမှပြေပါ့မလားဟူသော စိုးရိမ်ကြောင့်ကြစိတ်ဖြင့် မိုးညိုမှ ဖျာပုံသို့လိုက်လာလေ၏။

အဘ ဘိုးသာအေးသည်လည်း နှယ်နှယ်ရရပုဂ္ဂိုလ်တော့ မဟုတ်ပေ။ စပွာနဝနဝင်းအင်းကို တစ်ဖက်ကမ်းခတ်အောင်မြင်ပေါက်ရောက်ခဲ့သည့် ပုဂ္ဂိုလ်တစ်ပါးလည်း ဖြစ်၏။

အဘဘိုးသာအေး စီးလာသောကားသည် ဖျာပုံသို့ ရောက်ရှိလာခဲ့၏။ ဆရာတော်ဘုရားတည်းနေသည့်နေရာသည် ဖျာပုံမှတစ်ဆင့် သွားရသေး၏။ သို့သော် အဘဘိုးသာအေးသည် မည်သည့်ယာဉ်မျှမစီးဘဲ ဘုရားတည်နေသည့်နေရာသို့ ရောက်ရှိရန် လမ်းလျှောက်၍သာသွားခဲ့၏။

လမ်းတွင် တွေ့သမျှသော ကားသမားတို့က အဘိုးကြီးတစ်ယောက်တည်း ဒီလောက် ခရီးအဝေးကြီးအားလမ်းလျှောက်သွားနေရသည်ကို သနားသဖြင့် သူတို့ကားနှင့် ကားခမပေးဘဲလိုက်စီးပါရန်ပြောကြသော်လည်း အဘဘိုးသာအေးက လက်မခံဘဲ -

"ရပါတယ်ကွယ်၊ မင်းတို့သာသွားနှင့်ကြပါ။ အဘနောက်ကပဲလိုက်ခဲ့ပါမယ်"

ဟု ပြောပြီး မည်သည့်ကားကိုမျှလိုက်မစီးဘဲကျန်ရစ်ခဲ့၏။ အဘဘိုးသာအေးကလည်း သူ့အကြံနှင့်သူ ကားမစီးခြင်း ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ကားသမားများသည် နောက်တစ်ရွာသို့ ရောက်ရှိလာသောအခါတွင်မှ အံ့သြဖွယ်ကောင်းသောအဖြစ်အပျက်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ကြရသောကြောင့်ဖြစ်၏။

သူတို့တွေ့ကြရသည်ကား နောက်တစ်ရွာ၏ရွာထိပ် သစ်ပင်ရိပ်ကောင်းကောင်းတွင်ထိုင်နေသော အဘဘိုးသာအေးကို မထင်မှတ်ဘဲ ရုတ်တရက် တွေ့လိုက်ကြရသောကြောင့် ဖြစ်၏။ ထို့ကြောင့် သူတို့၏ကားများကို အဘဘိုးသာအေးနားတွင် ထိုးရပ်ကြပြီး -

"အဘိုး၊ ဘယ်သွားမလို့လဲ"

ဟု မေးမြန်းစုံစမ်းကြ၏။

ထိုအခါတွင်မှ အဘက -

"ဟိုးရှေ့နားက သားရဟန်းဘုရားတည်နေတဲ့နေရာကိုသွားမလို့ပါကွယ်"

ဟု ပြန်ဖြေလိုက်သောအခါတွင် ဘုရားတည်နေသော စစ်ကွင်းဆရာတော်နှင့် ဤပုဂ္ဂိုလ်ထူးတို့၏ ဆက်စပ်မှုကို သိရှိသွားကြပြီး တည်နေသောဘုရားအား အလှူငွေများ ပိုမိုထည့်ဝင်လှူဒါန်းကြသဖြင့် ဘုရားတည်သောကိစ္စသည် လျင်မြန်စွာပင် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ရှိသွားတော့၏။

**အနောဒတ္တရေအိုင်မှ ရွှံ့ကိုသွားယူခဲ့သော စစ်ကွင်းဆရာတော်**

ဤအဖြစ်အပျက်ကို ပြန်လည်ပြောပြခဲ့သည့်ပုဂ္ဂိုလ်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနတွင် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးခင်မောင်သိန်းပင် ဖြစ်၏။

ဦးခင်မောင်သိန်းသည် စစ်ကွင်းဆရာတော်ကို လွန်စွာ ယုံကြည်အားထား ဆည်းကပ်သောသူ ဖြစ်၏။ သူသည် ပထမံပညာ၏ အတွင်းလမ်းစဉ်များကိုလည်း ဆရာတော်ထံမှ သင်ယူခဲ့၏။

ထို့အပြင် သူသည် စစ်ကွင်းဆရာတော်ကြီး ထွက်ရပ်စခန်းသို့ကြွမြန်းခါနီး နောက်ဆုံးထွက်စမကို ပုပ္ပား၌ သွားယူစဉ်ကလည်း ကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ပေးကာ ပြန်လာသောအခါတွင်လည်း ရွှေတိဂုံကုန်းတော်သို့ ပြန်ရောက်အောင် ပို့ဆောင်ပေးသူ ဖြစ်၏။

ထို့ပြင် စစ်ကွင်းဆရာတော်ကြီး ထွက်ရပ်စခန်းသို့ ကြွမြန်းလျှင် နှစ်ကျိပ်ရှစ်ဆူ မဟာပထမံပညာ၏ ဂိုဏ်းချုပ်အဖြစ်ခန့်အပ်ရန် ပဏာမ ပုဂ္ဂိုလ်ငါးဦးကို စစ်ကွင်းဆရာတော်က ရွေးချယ်ပြီး အထက်ဆရာသမားများထံတင်သည့် စာရင်းတွင် ပါဝင်သူ ဖြစ်၏။

ဦးခင်မောင်သိန်း၏ စစ်ကွင်းဆရာတော်နှင့် ပတ်သက်သည့် ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်မှာ အောက်ပါအတိုင်း ဖြစ်၏။

တစ်နေ့တွင် ဦးခင်မောင်သိန်းသည် သတ္တခတ္တုံဓာတ်လုံးတစ်လုံး လိုအပ်လာလေ၏။ ထိုဓာတ်လုံးကို ဖမ်းရန်အတွက် သာမန်လုံကို သုံး၍မရဘဲ အနောဒတ္တရေအိုင်ရှိ ရွှံ့နှင့်လုပ်ထားသော လုံဖြင့်သာ ဖမ်း၍ရသော ဓာတ်လုံးဖြစ်ရမည်ဖြစ်၍ ဦးခင်မောင်သိန်းသည် ဆရာတော်အား အပူကပ်လေတော့၏။

ဆရာတော်လည်း နောက်ဆုံးတွင် မတတ်သာတော့သဖြင့် ဟိမဝန္တာ အနောဒတ္တအိုင်သို့ သွားရောက်ကာ ရွှံ့ကိုယူလာခဲ့၏။ ထို့နောက် လုံလုပ်ကာ သတ္တခတ္တုံဓာတ်လုံးကို ဖမ်းယူရရှိ



www.burmeseclassic.com

www.burmeseclassic.com

...၏၊ ရရှိလာသော ဓာတ်လုံးကို ဆရာတော်က ဦးခင်မောင်သိန်းကို ပေးခဲ့၏။

ဦးခင်မောင်သိန်း၏ ကိုယ်တွေ့အရ အနောဒ်တ္တရေအိုင်၏ မြေကြီး (ရွှံ့) ...သည် ပြောင်ပြောင်လက်လက်ဖြစ်ကြောင်း ဆိုပါသည်။

**ထိပ်အုပ်၊ ချက်အုပ် အင်္ကာအကွယ်အင်းများနှင့် စစ်ကွင်းဆရာတော်**

ထိပ်အုပ်၊ချက်အုပ်အင်္ကာအကွယ်အင်းများဆိုသည် ကာယသိဒ္ဓိသဘောဆောင်သော (ဝါ) မိမိ၏ ခန္ဓာကိုယ်ကို ဘေးအန္တရာယ်အပေါင်းမှလုံခြုံစေသော အစီအရင်အင်းအမျိုးအစားများ ဖြစ်၏။

ထိပ်အုပ်အင်း ဆိုသည်မှာ ခေါင်း ...ခေါင်း ဦးထုပ်ထဲတွင် ထည့်ဆောင်ရသော ခေါင်းဆောင်း အင်းအမျိုးအစား ဖြစ်ပြီး ချက်အုပ်အင်း ဆိုသည်မှာ ခါးပတ်ခေါင်းထဲထည့်ဆောင်ရသော အင်းအမျိုးအစား ဖြစ်၏။

ခေါင်းဆောင်းအင်းနှင့် ပတ်သက်၍ မှတ်သားမိသော အဖြစ်အပျက်နှစ်ခုကို ဖော်ပြလိုပါသည်။ အဆိုပါ ခေါင်းဆောင်းအင်းဆိုင်ရာ ကြုံတွေ့ခဲ့ရသည့် ပုဂ္ဂိုလ်ကြီးနှစ်ဦးတို့အနက် တစ်ဦးမှာ အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုဖြစ်၍ နောက်တစ်ဦးမှာ ရန်ကုန် ...တိတာလေးရှိ စိတ်ရောဂါဆေးရုံ ...ကြီး ဦးစံရင်ခေါ် ဒေါက်တာ အင်စီ ...တို့ ဖြစ်၏။

အထက်ပါ ပုဂ္ဂိုလ်ကြီးနှစ်ဦးစလုံးအား စစ်ကွင်းဆရာတော်မှ ခေါင်းဆောင်အင်းစီရင်ပေးခဲ့ပါသည်။ ပထမ ...မှာ အမျိုးသားခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုနှင့်ပတ်သက်သော အဖြစ်အပျက်ကို ဖော်ပြလိုပါသည်။

ဒီးဒုတ်ဦးဘချိုသည် စစ်ကွင်းဆရာတော်ကို အလွန်ပင် ကြည်ညိုကိုးကွယ်ဆည်းကပ်သူ ဖြစ်၏။ ထို့အပြင် စစ်ကွင်းဆရာတော်၏ ပထမံပညာကို ...အတွင်းကျကျ လေ့လာ ဆည်းပူး ...ခဲ့သူလည်း ဖြစ်၏။

တစ်နေ့တွင် ဒီးဒုတ်ဦးဘချိုက စစ်ကွင်းဆရာတော်အား သူ၏ အနာဂတ် ကံကြမ္မာနှင့် ပတ်သက်ပြီး လျှောက်ထားရာ စစ်ကွင်းဆရာတော်က -

"မောင်ဘချို၊ မင်းဟာ တိုင်းပြည်ရဲ့ အရေးကြီးတဲ့တာဝန်ကြီးတွေကို ထမ်းဆောင်နေရတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ...ခေါင်းဆောင်းအင်းအစီအ ...ထုပ်ထားဖို့တော့လိုမယ်ကွယ်"

ဟု မိန့်ကြားလိုက်၏။

ထိုအခါ ဆရာဦးဘချိုက -

"ဒါဆိုလည်း တပည့်တော်အတွက် လိုအပ်တဲ့အစီအရင်တွေကို အရှင်ဘုရားပဲ စီမံပေးတော်မူပါဘုရား"

ဟု လျှောက်လိုက်ရာ ဆရာတော်ကလည်း ပြုလုပ်ပေးမည်ဟုကတိပြုပြီး ရက်ချိန်းပါပေးလိုက်၏။ ရက်ချိန်းနေ့သို့ရောက်သောအခါ ဒီးဒုတ်ဦးဘချိုလည်း ခပ်စောစောရောက်ရှိလာခဲ့၏။ ထိုအခါ ဆရာတော်လည်း အတွင်းခန်းထဲသို့ ဝင်သွားပြီး ပြန်ထွက်လာသောအခါ လက်ထဲတွင် လေးလက်မအရွယ် အစားလောက်ရှိသည့် ကြေးအင်းပြားတစ်ချပ် ပါလာခဲ့၏။

ထို့နောက် ဆရာတော်က -

"ကဲ - ရော့ မောင်ဘချို၊ ဒီအင်းကို အမြဲတမ်း ခေါင်းပေါင်းထဲမှာထည့်ထား။ အပြင်ထွက်တိုင်းသတိမမေ့နဲ့"

ဟု ပြောဆို မိန့်ကြားပြီးနောက် ဦးဘချိုလက်ထဲထည့်လိုက်၏။ ဆရာဦးဘချိုသည် အဆိုပါအင်းကို တရိုတသေ လက်ခံယူလိုက်၏။ ထို့နောက် ဆရာသည် အပြင်သို့သွားတိုင်း ခေါင်းပေါင်းထဲတွင်ထည့်၍ဆောင်းသွားတော့၏။ ဤအလေ့အကျင့်ကို ဆရာသည် မပျက်မကွက်ပြုခဲ့သည်။

အချိန်ကာလတို့သည် နှစ်၊ လ၊ ရက်ပေါင်းများစွာ ကြာညောင်းခဲ့၏။ ဤသို့ဖြင့် ၁၉၄၇ နှစ်သို့ရောက်ရှိလာ၏။ ဤကာလသည် မြန်မာနိုင်ငံအဖို့ အရေးကြီးသောကာလလည်း ဖြစ်၏။ အင်္ဂလိပ်ကိုလိုနီဘဝတွင် နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ပြီး သူ့ကျွန်ဖြစ်ခဲ့ရသော မြန်မာနိုင်ငံသည် မလွဲမသွေ လွတ်လပ်မှုသာ ကိုယ့်ကြမ္မာကိုကိုယ်ဖန်တီးနိုင်မည်ဟု ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် အမျိုးသားခေါင်း ဆောင်များအားလုံးက တညီတညွတ်တည်း ယုံကြည်ကြသဖြင့် တိုင်းပြည်လွတ်လပ်ရေးရရှိရန် အပြင်းအထန်ကြိုးပမ်း၏။ ထိုအထဲတွင် ဒီးဒုတ်ဦးဘချိုသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့၏။

အဆိုပါ ပုဂ္ဂိုလ်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အင်္ဂလိပ်တို့သည် မြန်မာပြည်အား မဖြစ်မနေ လွတ်လပ်ရေးပေးရတော့မည် ဖြစ်ကြောင်း လက်ခံသွားရတော့၏။ သို့ဖြစ်ပါသောကြောင့် သူတို့သည် မြန်မာပြည်အား တစ်နှစ်အတွင်း လွတ်လပ်ရေးပေးပါမည် ဟူသော ကတိကဝတ်ကို ပြုခဲ့ကြရတော့၏။

မြန်မာနိုင်ငံတော်ကြီး၏ လင်းအရုဏ်ဦးကား သန်းလာခဲ့ပြီ ဖြစ်၏။ သို့သော် တိုင်းပြည်လွတ်လပ်ရေးရအောင် အမှန်တကယ် အားထုတ်ခဲ့ကြသော အမျိုးသားခေါင်းဆောင်ကြီးများ၏ ကံကြမ္မာကား ပြည်ဖုံးကားချရတော့မည့် နေညိုချိန် အမှောင်ရိပ်များကား သန်းလာခဲ့ပြီ ဖြစ်၏။ ထိုအချိန်ကာလကား ၁၉၄၇ ခုနှစ်၏ မိုးတွင်းကာလအချိန်ပင် ဖြစ်၏။

တစ်ချိန်တည်းတွင်ပင် လွတ်လပ်ပြီးမြန်မာနိုင်ငံတော်၏ ဖြစ်ပေါ်လာမည့် နိုင်ငံအာဏာအတွက် ဖြတ်လမ်းနည်းဖြင့်ရယူရန် ဂဠုန်ဦးစောတို့အဖွဲ့က ပက်စက်စွာ ကြံစည်နေ၏။ သူတို့သည် နယ်ချဲ့အင်္ဂလိပ်တို့နှင့် ပူးပေါင်းကာ လက်ရှိ အမျိုးသားခေါင်းဆောင်ကြီးများအားလုံးကို အပြတ်ရှင်းရန်ပင် ဖြစ်၏။

ထိုတစ်နေ့ကား ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်။

ဒီးဒုတ်ဦးဘချိုသည် နိုင်ငံတော်၏ အရေးကြီးသော အစည်းအဝေးတစ်ခု တက်ရန် ပြင်ဆင်နေ၏။ လွတ်လပ်ရေးရခါနီး နိုင်ငံရေးဆိုင်ရာပြဿနာများက ဒုနှင့်ဒေးရှိနေ၏။ ဒီးဒုတ်ဦးဘချိုလည်း ပြဿနာရပ်အထွေထွေကို ခေါင်းခဲအောင် စဉ်းစားနေရ၏။ စိတ်အခြေအနေကလည်း ရှုပ်ထွေးတင်းကျပ်နေ၏။

မကြာမီပင် သူ၏အိမ်ရှေ့ဆင်ဝင်အောက်၌ ရုံးတက်ရမည့်ကား ဆိုက်ရောက်လာ၏။ထို့ကြောင့် ဆရာဦးဘချိုသည် အဝတ်အစားလဲကာ အမြန်ပြင်ဆင်လိုက်၏။ ထို့နောက် ဆောင်းနေကျ ခေါင်းပေါင်းကို စွပ်လိုက်၏။ ထိုခေါင်းပေါင်းထဲတွင် စစ်ကွင်းဆရာတော် စီရင်ပေးထားသော ထိပ်အုပ်အင်းရှိနေ၏။

ထို့နောက် ဆရာဦးဘချိုလည်း အိမ်ရှေ့ဆင်ဝင်အောက်၌ရပ်ထားသော ကားထဲသို့ ဝင်ထိုင်လိုက်၏။ ကားဒရိုင်ဘာက ကားစက်ကို နှိုးလိုက်သည်။ ထိုအခိုက် ဆရာဦးဘချိုက -

"ခဏ. . . ခဏနေပါဦး"

ဟု ဆိုလိုက်ရာ ဒရိုင်ဘာက -

"ခင်ဗျာ၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ဟု ပြန်ဖြေပြီး ဆရာဦးဘချိုအား နားမလည်စွာဖြင့် လှည့်ကြည့်လိုက်၏။ ထိုအချိန် ဆရာသည် လက်တစ်ဖက်ဖြင့် ခေါင်းကိုကိုင်ထား၏။ မျက်နှာကလည်း မရွှင်မပျဖြစ်နေ၏။ ထို့နောက် ဦးဘချိုက အိမ်ဘက်သို့လှည့်ပြီး-

"သမီးရေ၊ သမီး"

ဟု ခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ အိမ်ထဲမှ သမီးဖြစ်သူ ထွက်လာပြီး -

"ရှင်၊ ဘာလဲ ဖေဖေ"

ဟု မေးလိုက်၏။

ထိုအခါ ဆရာက -

"သမီးရယ်၊ အဖေ့ခေါင်းဟာ တင်းကျပ်ကျပ်ကြီးဖြစ်နေတယ်။ ဒီခေါင်းပေါင်းကြောင့်ထင်တယ်။ ဒါကြောင့် ဒီခေါင်းပေါင်းကို နောက်ခေါင်းပေါင်းတစ်ခုနဲ့လဲပေးပါလား"

ဟု ပြောလိုက်၏။

သမီးဖြစ်သူလည်း အိမ်ထဲသို့ဝင်ပြီး ခေါင်းပေါင်းအသစ်တစ်လုံးယူကာ လဲပေးလိုက်တော့၏။ ဦးဘချိုလည်း ထွက်သွားတော့၏။ စစ်ကွင်းဆရာတော်ကြီး၏ ခေါင်းဆောင်းအင်းတား ကျန်ခဲ့တော့၏။

ဒီးဒုတ်ဦးဘချိုလည်း ထိုနေ့နံနက် (၁၀)နာရီ (၃၇)မိနစ်တွင်ပင် ရန်ကုန်မြို့အတွင်းဝန်ရုံး၌ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ကျန်အဖွဲ့ဝင်များနှင့် ဝန်ကြီးအဆင့်အစည်းအဝေးလုပ်နေစဉ် ဦးစောခိုင်းစေထားသော လက်ပါးစေများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကျဆုံးခဲ့ကြရ၏။

ဤအဖြစ်အပျက်ကို ဆရာကြီး၏ မိသားစုဝင်တစ်ဦးက ပြောပြသဖြင့် မှတ်တမ်းတင်နိုင်ခြင်း ဖြစ်ပါသည်။

သင်ခန်းစာအဖြစ် ပညာရပ်ဆိုင်ရာသဘောတရားအရလည်း မိမိကိုယ်ထဲ၊ ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်အောင် ထုံအောင်သောက်ထားသောသောက်အင်းက ဆောင်အင်းထက် ပို၍ စိတ်ချရကြောင်း လေ့လာ သိရှိရပါသည်။

ထိပ်အုပ်အင်းခေါ် ခေါင်းဆောင်းအင်းနှင့်ပတ်သက်သည့် ဒုတိယအဖြစ်အပျက်မှာ ရန်ကုန်မြို့ တံတားလေး စိတ်ရောဂါကုဆေးရုံကြီး၏ ဆေးရုံအုပ်ဖြစ်သူ ဒေါက်တာဦးစံရင်ခေါ် ဒေါက်တာအင်စိဒေး၏ အဖြစ်အပျက် ဖြစ်၏။ ဒေါက်တာဒေး၏ဇနီးမှာ ဒေါ်ထားရင်ဖြစ်၏။ မိဘများမှာ ရန်ကုန်မြို့ လမ်းမတော် (၁၂) လမ်းနေ ဦးတာ၊ ဒေါ်ဒေါ်ရေးတို့ ဖြစ်၏။

ဦးတာ၊ ဒေါ်ဒေါ်ရေးတို့သည် စစ်ကွင်းဆရာတော်၏ ရန်ကုန်မြို့နေဒကာ၊ ဒကာမများအနက် ရှေ့ပိုင်းအကျဆုံး ဆွမ်းခံအိမ် ဖြစ်၏။ ထိုကာလကား ၁၉၃၀ ပြည့်နှစ်ကျော်ကာလများက ဖြစ်၏။

များမကြာမီပင် သမီးဖြစ်သူ ဒေါ်ထားရင်၏ ခင်ပွန်း ဒေါက်တာဒေးသည် မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့သို့ ပြောင်းရွှေ့ တာဝန်ချထားခဲ့ရ၏။ ထိုခေတ်ထိုအခါက ဤဒေသသည် လွန်စွာ ဝေးလံသီခေါင်သောနေရာဖြစ်၏။ ဘေးအန္တရာယ်လည်း ထူပြောလှ၏။

ထို့ကြောင့် ဒေါ်ထားရင်သည် ခင်ပွန်းဖြစ်သူအတွက် ဘေးအန္တရာယ်ကင်းအကာအကွယ်အစီအရင်များ ပြုလုပ်ပေးပါရန် စစ်ကွင်းဆရာတော်ထံ၌ အပူကပ်တော့၏။

ထိုအခါ ဆရာတော်က ဘေးအန္တရာယ်ကင်းစေရန်အတွက် လေးလက်မအရွယ်ခန့်ရှိ ခေါင်းဆောင်းအင်းတစ်ချက်ကို စီရင်ပေးလိုက်၏။

ဒေါက်တာဒေးသည် ခေတ်ပညာတတ်တစ်ဦးဖြစ်၍ အဆိုပါခေါင်းဆောင်းအင်းပေါ်တွင် ဟုတ်မှဟုတ်ပါလေစဟု သံသယရှိခဲ့၏။ ထို့ကြောင့် မင်းကင်းရောက်ပြီး လအတန်ငယ်ကြာသောအခါ အခြားဌာနတစ်ခုမှ မိတ်ဆွေခရိုင်ဝန်တစ်ဦးနှင့်အတူ အမဲပစ်ရန် တောတစ်ခုသို့ သွားခဲ့၏။

ထိုသို့ အမဲပစ်ထွက်နေရင်း ဒေါက်တာဒေး၏စိတ်ထဲ၌ အတွေးအကြံတစ်ခု ပေါ်လာ၏။ ထိုအကြံအစည်ကား သူတွင်ပါလာသော ခေါင်းဆောင်းအင်းခေါ် ထိပ်အုပ်အင်းသည် ဘေးအန္တရာယ်တို့ကို အမှန်တကယ် ကာကွယ်နိုင်မှုအခြေအနေကို စမ်းသပ်ကြည့်လိုခြင်းဖြစ်၏။ ယခုကဲ့သို့ လူမနီးသူမနီးနေရာတွင် စမ်းသပ်ကြည့်လျှင် ကောင်းမည်ဟုလည်း ထင်လာ၏။ ထို့ကြောင့် အဆိုပါအကြံအစည်ကို မိတ်ဆွေခရိုင်ဝန်အား တိုင်ပင်ကြည့်ရာ ထိုပုဂ္ဂိုလ်ကလည်း သဘောတူသဖြင့် စမ်းကြည့်ရန် ပြင်ဆင်ကြ၏။

ထိပ်အုပ်အင်းကို ယက်ကိုင်ပဝါတစ်ထည်နှင့်ထုပ်ပြီးချည်လိုက်၏။ ပြီးလျှင် ထိုအင်းကို သစ်ကိုင်းတစ်ကိုင်းတွင် ချိန်ထားလိုက်၏။ ထို့နောက်ပါလာသည့် အမဲပစ်သေနတ်အား ကျည်ထိုးပြီး ထိုးချိန်လိုက်၏။ သေချာစေရန် အချိန်ယူပြီး ချိန်လေ၏။ ပစ်မှတ် ပစ်ကွင်းကျိန်းသေသောအခါ သေနတ်မောင်းကို ဆွဲညှစ်လိုက်၏။

သို့သော် မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပေ။ သေနတ်သည် ချောက်ဟူသော အသံသာမြည်ပြီး ကျည်ကား ထွက်မလာခဲ့ပေ။ ထို့ကြောင့် ပစ်သူ၏ စိတ်ထဲမကျေမနပ်ဖြစ်သွား၏။ သေနတ်အပေါ်၌လည်း သံသယဖြစ်သွား၏။ ထို့ကြောင့် သေနတ်ကြောင့် ဟုတ်၊ မဟုတ် ကျိန်းသေစေရန် အခြားတစ်ဖက် မိုးပေါ်သို့ ထောင်ပြီးချိန်ကာ ပစ်ကြည့်လိုက်၏။

ထိုအခါ -

ဒိုင်း. . . ဒိုင်း ဟူ၍ သေနတ်သံနှစ်ချက်ဆင့်ထွက်သွား၏။ နောက်တစ်ကြိမ်တွင် ရှေ့သို့တိုး၍ ပိုပြီးအနီးကပ်အနေအထားရောက်အောင် ရွှေ့သွားကာ ထပ်၍စမ်းပြီး ထိပ်အုပ်အင်းကို ပစ်လေ၏။ ခလုတ်မောင်းကိုဆွဲလိုက်သောအခါ၌လည်း ကျည်မထွက်ဘဲ ချောက်၊ ချောက်သာ မြည်သံထွက်၏။

ထိုအချိန်တွင်မှ ဆရာဝန်ကြီး၏ စိုးရိမ်ထိတ်လန့်မှုတစ်မျိုးပေါ်လာတော့၏။ တိုက်ဆိုင်စွာပင် ထိုအချိန်နှင့် တစ်ပြိုင်နက်တည်းလိုပင် ဆရာဝန်ကြီး၏ ဦးခေါင်းသည် တင်းကျပ်သော ဝေဒနာမျိုး ခံစားရ၏။ ထို့ကြောင့် သူသည် စမ်းသပ်မှုကိုဆက်လက်မပြုတော့ပဲ ရပ်လိုက်တော့၏။ ပြီးလျှင် သူတို့တစ်ဖွဲ့လုံး အိမ်သို့ပြန်ခဲ့တော့၏။

ဆရာဝန်ကြီး၏ဦးခေါင်းတင်းကျပ်သည့်ဝေဒနာသည် ညဘက်ရောက်သည့်တိုင်အောင် ပျောက်ကင်းသွားခြင်းမရှိပေ။ တစ်နေကုန် ပင်ပင်ပန်းပန်းသွားလာလုပ်ကိုင်ခဲ့သောကြောင့် ဖြစ်မည်ဟု ယူဆကာ ဆေးသောက်ပြီး စောစောအိပ်ရာဝင်ခဲ့၏။ သို့သော် နောက်တစ်နေ့ နိုးလာသော်လည်း ထိုဝေဒနာကပျောက်မသွားခဲ့ပေ။ ဤသို့ တစ်နေ့ပျောက်နိုးနှင့် နေလာခဲ့သည့် ရက်သတ္တတစ်ပတ်သာ ကုန်သွားခဲ့၏။ ထူးခြားမလာခဲ့။ နောက်ဆုံး မဖြစ်တော့သည့်အဆုံးတွင် ဖြစ်ကြောင်းကုန်စင်ကိုဖွင့်ပြောလိုက်ရတော့၏။

ထိုအခါ ဇနီးဖြစ်သူလည်း လွန်စွာစိုးရိမ်သောကရောက်သွားတော့၏။ ထို့နောက်တွင်မှ ရခိုင်ငှက်ပျောသီးဖြင့် ပွဲတစ်ပွဲပြင်၊ ဖယောင်းတိုင်ထွန်းကာ သတ်ဆိုင်ရာပုဂ္ဂိုလ်များအား တောင်းပန်ရတော့၏။ ဆရာဝန်ကြီး၏ ဝေဒနာလည်း နောက်တစ်နေ့မှစပြီး တဖြည်းဖြည်း လျော့ပါးသွားတော့၏။

ပထမံဆရာဦးအေး

**မှတ်ချက် -**

*ဤကဲ့သို့သော အဆောင်၊ လ ဖွဲ့၊ အစီအရင်ပစ္စည်းများကို မည်သူ အခါတွင်မျှ မစမ်းသပ်သင့်ကြော မကြာခဏ ဆုံးမဩဝါဒပေးခဲ့သ သတိပြုမိပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

(ဒသင်လမှအဆက်)

'ဘယက်ကယ်မှသီဂီ၊ လွှမ်းပြန်ငယ်စိမ်း၊ ချိပ်ထဘီနဲ့၊ သိဂီရယ်မှ လက်ကောက်၊ အဆင်းပြောင်ပြောင်၊ ဝင်းရောင်တောက်ပါတဲ့၊ မြမြောဏ်ကယ်မှဟန်၊ ဖြစ်ပြန်သရုပ်၊ ရစ်တန်ငယ်ထုတ်ပါလို့၊ ဟုတ်တိုင်းကိုပင်ပြန်ခဲ့မည်၊ ဩော် . . . ပထမအစ၊ မဏ္ဍိမတွင်၊ ကန်တော့ဘွဲ့ခံ၊ မြေဇာစမုံ၊ အစုံအညီ၊ ကိုယ်စီကိုယ်ငေ၊ အုပ်စိုးကြသည်၊ အစ်မအကြီး၊ ငါးစီးဆင်ရ၊ ယောနွှင်မတဲ့၊ ညီမအလတ်၊ ဘွဲ့တော်ထွေထူး၊ မြေတူးရုပ်က၊ ဩဇာထွန်းတောက်၊ သိဒ္ဓိရယ်အစုံ၊ အကုန်ပေါက်ပါတဲ့၊ မြောက်ဘက်နွှင်မတဲ့၊ ရေမြေအားလုံး အပိုင်ဆုံးနှင့် ဒေဝသိဒ္ဓိအစုံရှိပေသည့် ညီမအငယ် ရေယဉ်မယ်၊ ဤတွင်စုရုံး၊ မ,ပျိဦးဟု၊ အဆုံးမေတ္တာ၊ အဝေရာမှ၊ သဒ္ဓါမပြတ်၊ ဤပွဲမြတ်ကို၊ စောင့်ကြပ်ပါနော်၊ မင်းကတော်တို့ . . .'

အမေရေယဉ်သည် အချို့ အပြင် (၃၇) မင်းနတ်များကဲ့သို့ ကျားပိုင်သည်။ ထို့ကြောင့် အမေရေယဉ် နတ်ချင်းများတွင် 'ကျားပိုင်၊ ဓားပိုင်သူ အမေကြီးရေ' ဟူ၍ ပါလေ့ရှိသည်။ အမေရေယဉ်၏ စီးတော်ကျားမှာ ကျားပြောက်ရွှေဝါဟု အဆိုရှိသည်။ အမေရေယဉ်နန်းသို့ ရောက်လာကြသူများသည် အမေကြီး၏ ကျားရုပ်ရှေ့တွင် ကျားစာကျွေးကြသည်။ ကျားရေစင်ဖိုးအတွက် ငွေကို ကျားရေစင်ပုံးတွင် ထည့်ဝင်ကြသည်။ ထို့ကြောင့် အမေရေယဉ်နတ်ချင်းတွင်-

'အမေရေယဉ် ဟော်နန်းထိပ်တင်၊ ဩော် . . . . ရွှေလိုဉပါတဲ့၊ ရှုမဝရွှေစင်၊ တိုင်းတကာ့ဘုရင်၊ မျိုးရိုးဇာတိမို့ပင်၊ ရန်သူပေါ်လာလျှင်၊ ချေမှုန်းထာဝစဉ်၊ ဓားဘုရင် ကျားကိုစီးလို့ပင်၊ ရွှေကိုလိုလျှင်၊ ဓားကိုသွေးကွယ်၊ ငွေကိုလိုလျှင်၊ အမေ့ကျားကိုကျွေးကွယ်၊ ဓားသွေးသူလူအများမှာ၊ ကျန်းမာ၍ ချမ်းသာစေသား၊ အမေရေယဉ်က ပို့သတဲ့ မေတ္တာပွား'

'ဆန်မနှောတဲ့ ပြောင်းတောသူတဲ့၊ ကျားပြောက်ကယ်ရွှေဝါ တစ်ပွင့်ရဲ့ ချာစီးတယ်လို့၊ လာကြိုကြပါလား၊ ငါနှင့်ပေါင်း၊ သမီးကောင်းနှင့် သားကောင်းတစ်တွေတို့"

ဟူ၍ ပါခြင်း ဖြစ်သည်။

အမေရေယဉ်တွင် နောက်လိုက်နောက်ပါမြွေများလည်းရှိသည်ဟု ယုံကြည်သည်။ထို့ကြောင့် ရိုးရာဝါဆိုကနားကြီးတွင် နောက်လိုက်နောက်ပါများအား အစားကျွေးသည်ဆိုပြီး ရွာပြင်ထွက်၍ ကျွေးကြသည်။ သို့ဖြစ်၍ အမေရေယဉ် နတ်ချင်းတွင်-

'မြွေပွေးရယ်၊ မြွေဟောက်၊

# မောင်သန်းဆွေ

ထားဝယ်

## အမေရေယဉ်နှင့်နတ်ပင့်သီချင်း

မြန်မာ့ရိုးရာနတ်ယုံကြည်မှုလေ့လာ(၅၆)





www.burmeseclassic.com

www.burmeseclassic.com

*လက်တောက်သဖွယ်၊ ငါ့အမေ ဝတ်ခဲ့တယ်၊ စပါးကြီး ခါးစည်းခဲ့ တယ်။ စပါးအုံး ဆံထုံးထုံးတဲ့မယ် တော်၊ မြွေမျက်ဆန် ထဘီနားမှာ သီကာတန်းလို့၊ မြွေပွေးမေ ဆင် မြန်းခဲ့လေတယ်'*

ဟူ၍ ပါခြင်း ဖြစ်သည်။

အမေရေယဉ်၏ မောင်းတုံရွာသည် စိမ့်စမ်းအလွန်ပေါများသည့်ဒေသ ဖြစ်၏။ တစ်မိုင်ပတ်လည်နီးပါးရှိသည့် ရွံ့နွံအိုင်များ မောင်းတုံနှင့် ဇီးတောရွာကြားတွင် ရှိသည်။ ရွံ့နွံအိုင်များသည် တစ်နှစ်ပတ်လုံးရှိနေသဖြင့် မြွေသတ္တဝါများရှိသည်။ ထို့ကြောင့် အမေရေယဉ် နတ်ချင်းတွင်-

*'ရွှေညာခံမြေက ယမားသူတဲ့၊ ဆပ်သွားဖူးနဲ့ ရေဦးသူတဲ့၊ ဆပ်သွားပင်နဲ့ ရေယဉ်သူတဲ့၊ ကြိမ်ပိုက်တောနဲ့ မြွေတောသူတဲ့၊ နဂါးရုံနဲ့ မောင်းတုံသူတဲ့'*

ဟု ပါခြင်း ဖြစ်သည်။

အမေရေယဉ်၏ အပြင်နန်းတွင် စိမ့်စမ်းပေါလှသည်။ အချို့သော စိမ့်စမ်းမှာ တစ်နှစ်လုံးရေထွက်သည်ဆို၏။ ယာသမားလယ်သမားများ စပါးစိုက်လောက်အောင်ပင်ပေါသည်။ထို့ကြောင့်လည်း အမေကြီးပွဲသို့လာသောပရိသတ်အတွက် သောက်သုံးရေရခြင်းဖြစ်သည်။ အမေကြီးကို ရေ၏အရှင်သခင် (သို့) ရေယဉ်အမေဟု ဒေသသူဒေသသားများက အသိအမှတ်ပြုသဖြင့် အမေရေယဉ်ဟုခေါ်ခြင်းလည်း ဖြစ်နိုင်သည်။

အမေရေယဉ်နတ်ပွဲကိုလာသူများသည် ညအခါ ရွာပြင်၌ မီးလုံးကြီးများ ကောင်းကင်သို့တက်သွားသည်ကို တစ်ခါတစ်ရံမြင်ရကြောင်း၊ ထိုမီးလုံးကြီးများသည် စုန်းကဝေများပညာပြိုင်ခြင်းဖြစ်ကြောင်း ပြောကြသည်။

အမေရေယဉ်၏ ပွဲတော်ရက်များတွင် သာမန်လူအများသာမက ယောနယ်တစ်လွှားရှိ ပညာသည်များ လာရောက်ပြီး ပညာပူဇော်ကြရသည်။ ရှေးအခါ က တစ်နှစ်တစ်ခါ လာရောက်ပူဇော်ကြရသော်လည်း ယခုအခါ သုံးနှစ်မှ တစ်ကြိမ်သာလာရတော့သည်ဟု ဆို၏။

ပညာသည်များ ပူဇော်၍ သူတို့အချင်းချင်း ပညာစမ်းကြသည့်နေရာမှာ မြက်ပင်သစ်ပင်များမပေါက်ဘဲ ပြောင်၍နေသည်။ ထိုနေရာကို စုန်းတလင်းဟု အများက ခေါ်ကြသည်။



အချို့ကမူ ဤသည်မှာ ရွံ့နွံအိုင်များမှ ဓာတ်ငွေ့များထွက်ကာ မီးလောင်ပြီး မြေပြင်မှ အပေါ်သို့တက်သွားခြင်းသာ ဖြစ်သည်။ စုန်းကဝေပညာပြိုင်ခြင်းမဟုတ်ဟု ဆိုသည်။ အချို့ကလည်း မြေအောက်မှ ဓာတ်ဆားများသည် အရည်ပျော်ကာ မြေပြင်ပေါ်သို့ ရောက်ရှိလာသည်။ ရေခန်းခြောက်သွားသောအခါ ဓာတ်ဆားများ မြေပြင်ပေါ်တွင် ကျန်ရစ်ခဲ့သောကြောင့် မည်သည့်သစ်ပင်မှ မပေါက်နိုင်ခြင်းကြောင့် ဖြစ်သည်။ စုန်းတလင်းမဟုတ်ဟု သိပ္ပံနည်းကျကျ ပြောကြသည်။

**အမေရေယဉ်နတ်သံ**

*'မြောက်ခွင်ငယ်မှသာလှ၊ အမေ လေးဝေးကကြွ၊ သားလတစ်တွေ၊ သမီးတစ်တွေတို့၊ ကြိမ်ပိုက်တောနှင့် မြွေတောသူ၊ နဂါးရုံနဲ့ မောင်းတုံသူတဲ့၊ နဂါးပွက်နဲ့ ရေထွက်သူ၊ ရေမရှား၊ ယမားသူတဲ့၊ သံတောင်မြို့ ရွှေဘိုသူ၊ သားတစ်တွေနဲ့သမီးတစ်တွေတို့၊ ကြိုရင်လေကြို၊ မကြိုလိုနေ၊ လူကိုလဲ့ လူသည်းဆာပါဖုံးလို့၊ ကောင်လုံးအမယ်သုံးခဲ့မယ်၊ ဆင်ကိုလဲ့ ဆင်သည်းဆာပါဖုံးလို့၊ ကောင်လုံးအမယ်သုံးခဲ့တယ်၊ကျား ကိုလဲ့ ကျားသည်းဆာပါဖုံးလို့၊ ကောင်လုံးအမယ်သုံးခဲ့တယ်၊ ကျွဲ ကိုလဲ့ ကျွဲသည်းဆာပါဖုံးလို့၊ ကောင်လုံးအမယ်သုံးခဲ့တယ်၊ နွား ကိုလဲ့ နွားသည်းဆာပါဖုံးလို့၊ ကောင်လုံးအမယ်သုံးခဲ့တယ်၊ ချေ ကိုလဲ့ ချေသည်းဆာပါဖုံးလို့၊ ကောင်လုံးအမယ်သုံးခဲ့တယ်၊ဆတ် ကိုလဲ့ ဆတ်သည်းဆာပါဖုံးလို့၊ ကောင်လုံးအမယ်သုံးခဲ့တယ်၊ဆိတ် ကိုလဲ့ ဆိတ်သည်းဆာပါဖုံးလို့၊ ကောင်လုံးအမယ်သုံးခဲ့တယ်၊ကြက် ဖိုနဲ့ကြက်မ ဆာပါငယ်ဖုံး ကောင်လုံးအမယ်သုံးခဲ့တယ်။ ကျားနှင့် ရင်ဆိုင်၊ နပန်းရယ်ကိုင်၊ အမေနိုင်ခဲ့တဲ့မိန်းမ၊ မောင်ဖြိုးနှမ၊ အာဘော်ငယ်ကြမ်းပါတဲ့၊ ဓားထမ်းမတဲ့ မစမ်းကြနဲ့လေ၊ နဖူးပင်မောက်မောက်၊ နှာရောင်ကောက်ကောက်နဲ့၊ ကျားပြောက်ရွှေဝါ၊ တစ်ပွင့်ရဲ့ချာ၊ အမယ်စီးလို့လာ၊ ကြိုပါကြ*



www.burmeseclassic.com

www.burmeseclassic.com

လား၊ အင်ပင်ပိုက်ချိုက်သောအခါ တွင်၊ ရေပြည့်အိုး၊ မညှိုးပန်းလို့၊ လန်းစေမယ်လေ၊ မယ့်ရင်ခွင်တင် တာ၊ ငယ်ကြူးပါတဲ့ကတ္တူးသူတဲ့'

**အမေရေယဉ်နတ်ချင်း**

တစ်မြေပြင် နေသွင်လျှမ်း၊ ရွှေ ခင်နန်းတော်မဟာ၊ ရေရင်နန်းနဲ့ စံနန်း ပေါ်မှာ၊ မျှော်ကာသာဆုတော်င်း၊ ပန်း ခင်နှစ် မသွေခင်သော်၊ အမေရေယဉ် ကတော် ကြွလှမ်းပျော်ပါ့ဘုရား။

(အမေရေယဉ် ဟော်နန်းဇွေတစ် ခွင် ရွှင်ပျော်မြူးပါလို့၊ ထွန်းပတဲ့ အမေ ရေယဉ်)၊ (တိုင်းတကာဘုရင်၊ အမေက ဟော်နန်းထိပ်တင်၊ တိုင်းတကာဘုရင် နန်းဇာတိမှိုင်ပင်၊ ရာဇာအမှန်ပင်၊ ဓား ကြမ်းကျားကိုစီးလို့နှင်)၊

(ဇာတိသွေးက အစဉ်သာအလျှင် များ၊ သူတကာစမ်းရင်တော့ ကြမ်းပြ မယ့် မယ်မယ်ပါနော်)၊ (ဓားကိုင်သွေး သာ ကျားကိုင် စီးကာစီးကဲ)၊ (အမေ က ချေပနေမှာ)၊ ပဏ္ဏာသသူ သားသမီး များကို အမေက မေတ္တာထား၊ ကျန်းမာ ၍ ချမ်းသာကြပါစေသား။

(ဇာတိသွေးက တစ်မျိုးပယဉ်သာ၊ ရေရှင်နန်းက ဟော်နန်းသူပါ)၊ (ရွှေလို ချင်ရင် ဓားကိုသွေးပါ၊ ငွေလိုချင်ရင် ဓား ကိုသွေးပါ)၊ (အမေက ချေပလို့လဲနေ ရဲ)၊ ပဏ္ဏာသသူ သားသမီးများကို၊ အမေက မေတ္တာထား၊ ကျန်းမာ၍ ချမ်း သာကြပါစေသား။

နတ်နှင့် ပတ်သက်သူများတွင် ထားအပ်သည် ဟူ၍ ရှိပါသည်။ အမျိုး သားများကို အမျိုးသမီးနတ်များနှင့်အပ် ၍ အမျိုးသမီးများကို အမျိုးသားနတ် များနှင့်သာ အပ်ရပါသည်။ နတ်အပ် သည်ဆိုတိုင်း နတ်တိုင်းနှင့်လည်း အပ် ၍ရပါ။ သူခေါင်းစွဲဖြင့်သူ နတ်ဆရာ က ရွေးချယ်ပေးသည့် နတ်နှင့်သာ အပ် ရပါသည်။ အမျိုးသမီးများသည် အမျိုး သားများနှင့် ထမင်းအိုးတန်း၊ ဟင်းအိုး တန်းဟု မယားအရာအပ်ကြရာ ထိုသို့ ထားအပ်ခြင်းကို စံခန်းဝင်သည်ဟု ခေါ် ပါသည်၊ နတ်နှင့်လက်ထပ်ခြင်းဟု ဆို ကြပါသည်။

အမျိုးသားများအတွက်မူ အမျိုး သမီးနတ်နှင့်အပ်ရာတွင် လင်အရာအပ် ရပေါ၊ သားအရာ၊ မောင်အရာသာ အပ်ပါသည်။ ဤသည်ကိုလည်း စံခန်း ဝင်သည် ဟူ၍ပင် ခေါ်လိုက်ပါသည်။ စာရေးသူ၏အယူအဆအရ ခရစ်ယာန် ဘာသာ၌ ဘာသာသွတ်သွင်းသည့်အခါ God Father, God Mother စသဖြင့် ခေါင်းကိုင်အဖေ၊ ခေါင်းကိုင်အမေအရာ အပ်ခြင်းသဘောမျိုး ဖြစ်ပါသည်။

အမျိုးသားများ အမေရေယဉ်နှင့် အပ်ရာတွင် စံခန်းဝင်ခြင်းအခမ်းအနား၌ သီဆိုသော စံခန်းတေးထပ်၊ စံခန်းရတု ဟူ၍ရှိပါသည်။

**စံခန်းတေးထပ်**

တစ်မြေပြင် နေသွင်လမ်း၊ ရေ ယဉ်နန်းဟော်မှာ၊ ရွှေစင်ပန်းတော်မဟာ ပါ၊ မျှော်ကာသာခစား၊ (သားရင်းနှစ် မသွေခင်သော်)၊ ရေယဉ်ကတော် ကြွ လှမ်းပါတော့ဘုရား။

(ရင်ခွင်ပိုက်သားမဟာပါ)၊ သနား ညှာထပ်ပွား၊ (ကြွားစရာ နတ်သားပ၊ မှတ်ညားကြစေရာ)၊ ရွှေဆာပါ စီးတော် ကျား၊ အပြီးနော် ဓားထမ်းတဲ့ အမေပါ။

(တေဇာတန်ခိုးမညှိုးကျော်စရာ)၊ (ကျိုးမျှော်ကာ စိတ်မှာစောလို့၊ လိပ်ပြာ နော၊ ဆောမကြာ၊ ဟောကြွလာပါ)၊ (ရေယဉ်သမ်းတဲ့ နန်းမြေပြင်မှာ)၊ စန်း ငွေသွင် ထင်လင်းကျော်မယ့်သား။

**အမေရေယဉ်စံခန်းရတု**

တောင်တန်းနယ်မှာ၊ ရှုခင်းသာ ဆန်း၊ စိမ့်ရေစမ်းနဲ့ လွမ်းဖွယ်ဂနိုင်၊ ဖြိုင် ဖြိုင်တွေစီး၊ တံခွန်ကြီးမှ၊ စီးကျသွင်သွင်၊ ရှုတိုင်းယဉ်သည်၊ အညီဘာဝ၊ နတ်ဖန် သ၍၊ ဝလေ့လွမ်းသည်၊ ရှမ်းနေပြည် ဝယ်၊ ထည်ထည်ခေါ်ငြား၊ တော်ဘုရား ဟု၊ မော်ကြွားစေစစ်၊ ပဒေသရာဇ်တွင်၊ ရင်နှစ်သမီး၊ ချစ်မငြီးသည့်၊ ထီးထီးလျှံ ထိန်၊ မနန်းစိန်နှင့်၊ တစ်ဆင့်ဖွားလာ၊ သားတစ်ဖြာမှာ၊ သာယာချစ်ပျိုး၊ မောင် မင်းဖြိုးဟု၊ ယခုခေါ်တွင်၊ တောင်ဦး ဘုရင်မှာ၊ ခင်မင်မဝ၊ ကြင်နာကြ၍၊ တစ် နေ့သောခါ၊ ပြည်မြန်မာမှ၊ ကျစွာဘုရင်၊ ပေါ်တ္တရှင်သည်၊ လှည့်လည်နယ်ကျော်၊ မောပြည်တော်သို့၊ ရောက်သော်ဟော် နန်း၊ မျှော်တော်မှန်းလို့၊ မနန်းစိန်ကို၊ ချစ်ကျွမ်းပိုကာ၊ ကောက်ယူလာပြီး၊ သိဂီ ထီးနှင့်၊ မြောက်ချီးသည်ကား၊ မိဖုရားဟု၊ ဗိုလ်ရှုညီလာ၊ ခံစေရာဝယ်၊ သွယ်သွယ် ထို့နောက်၊ လွန်ပြီးမြောက်သော်၊ မပျော် လှကာ၊ ယောပြည်ရွာကို၊ ပြောင်းလာ ကြောင်းစုံ၊ ရှာမောင်းတုံသို့၊ တစ်ဖုံဟော် နန်း၊ ပျော်စံမြန်းကာ၊ ပတ်သန်မြေပြင်၊ ရေပင်ရှင်တို့၊ သွင်သွင်မစဲ၊ မကုန်နိုင် ခဲသည်၊ အံ့ပွဲမည်ရ၊ သည်ကစတင်၊ တစ် မြေပြင်တွင်၊ တစ်ရေရှင်ဟု၊ ရှုကြကိုး သော်၊ ဟိုးဟိုးကျော်သည်၊ အညီခေါင် မိုး၊ မောင်ဖြိုးအစ်မ၊ အာဘော်ကြမ်းလှ၊ ဓားထမ်းမကို၊ ကြွစေလိုအား၊ သည် ကနားသို့၊ ကျားပျော်ရွှေပါ၊ တစ်ပွင့် ချာကို၊ အချို့ဘုံခန်း၊ မောင်းတုံနယ်က၊ လှမ်းကြွစေချင်၊ မေရေယဉ်ကို၊ ကြိုဆို မျှော်မှန်း၊ ကန်တော့ပန်းနှင့်၊ သားချစ် အမေ၊ သမီးတွေက၊ ရှိသေခညောင်း၊ ပင့်ကာကြောင်းပြု၊ ယခု အမေကြွလာ စေဘုရား

စာရေးသူသည် တစ်ခါက သမီး ဖြစ်သူနှင့် ပခုက္ကူမှ ထီးလင်းမြို့သို့ ကား ဖြင့် သွားခဲ့ဖူးသည်။ ပုံတောင်ထိပ်သို့ ရောက်သောအခါ ကားမောင်းသူသည် တောင်ထိပ်ရှိ နတ်နန်းပေါ်သို့ တက် သွားသည်။ စာရေးသူလည်း လိုက်သွား ၏။ ပုံတောင်ထိပ်မှ နတ်နန်းမှာ (၂၅) ပေပတ်လည်ကျယ်ဝန်းသည်။ နတ်စင် ပေါ်တွင် လူတစ်ရပ်ခန့် မတ်ရပ်နတ်ပုံ တော်များ (၆)ပုံရှိသည်ကို တွေ့ရသည်။ ပုံတော်များအောက်တွင် စာရေးထား သည်။ မြောက်ဘက်ရှင်မ မောက် ကတော်၊ သားပိုက်ရှင်မ အနောက် ကတော်၊ စောနန်းမွန် ရေယဉ်ကတော်၊ ငါးစီးရှင်မ ဆည်ကတော်၊ ငန်းတော် ရှင်မ အမေဘဲ၊ ကာမဒေဝီမယ်တော်တို့ ဖြစ်သည်။ နန်းပေါ်၌ အမျိုးသမီးကြီး သုံးယောက်ရှိသည်ကို တွေ့ရသည်။ နန်း ထိန်းများဖြစ်ပုံရ၍ 'ကာမဒေဝီမယ်တော် ဆိုတာ ဘာလဲ' ဟု မေးကြည့်ရာ အမေ ရေယဉ်၏ဆရာဟု ပြောပြပါသည်။ အမေရေယဉ်၏နောင်တော် တောင်ဦး နယ်စားမှာ တစ်ဖက်အုတ်တိုက်ထဲတွင် ရှိသည်ဟု ပြောပြသည်ကို ဤစာရေး ရင်း သတိရမိသည်။

ထိုပုံတောင်ထိပ်နတ်နန်းမှအခေါ် အဝေါ်များသည် ယခု စာရေးသူရေးခဲ့ သည့် နတ်ဖြစ်စဉ်သမိုင်းမှ အခေါ် အဝေါ်များနှင့် ကွဲလွဲနေသည်ကို တွေ့ရ မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အမေရေယဉ် ၏ အမည်မှာ စောနန်းမွန်ဖြစ်ခြင်းနှင့် ကာမဒေဝီမယ်တော်မှာ အမေရေယဉ် ၏ဆရာ ဆိုသည့်အချက်များ တူညီနေ သည်ကို တွေ့ရသည်။ အမေရေယဉ်၏ နောင်တော် တောင်ဦးနယ်စား ပဗ္ဗဘ ရာဇာကို တောင်ဦးဘုရင် မောင်ကောင်း ဟု ပြောပြခဲ့သည်ကိုလည်း သတိရမိ သည်။

မောင်သန်းရွှေ (တားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အာနန္ဒာ အရှင်မြတ်ကြီး သည် ငါးရာငါးဆယ် ပဥ္စကနိပါတ် မဏိကုဏ္ဍလဝင် ယဝဇာတ်တော်တွင် ဝက် မည်သောမင်းဖြစ်၍ ဘုရား အလောင်းတော်ကို ပြစ်မှားပြီးမှ ဘုရား အလောင်းတော်၏ တရားစကားတို့ကို ကြားနာခွင့်ရခဲ့ပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်း တော်သည် ဗာရာဏသီမြို့တော်တွင် ထီးနန်းစိုးစံသော ဗြဟ္မဒတ်မင်း၏ သား တော်အဖြစ်ဖြင့် ဖွားမြင်လာခဲ့၏။ သား တော်လေးအတွက် အမည်မှည့်မင်္ဂလာပွဲ ကျင်းပကြသောအခါ ပညာရှိပုဏ္ဏား တော်ကြီးများက ယဝမင်းသား ဟူ၍ အမည်ပေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်္ဂမင်းသားလေး အရွယ်ရောက်လာသောအခါ ခမည်းတော်၊ မယ်တော်တို့က တက္ကသိုလ်မြို့တော်သို့ စေလွှတ်၍ ပညာသင်စေ၏။ ယင်္ဂမင်းသားသည် တက္ကသိုလ်မြို့တော်သို့ သွားရောက်၍ ဒိသာပါမောက္ခဆရာကြီးထံမှ မင်းယောက်ျားတို့ တတ်မြောက်သင့်သော အဋ္ဌာရသအတတ်ပညာများကို ကြိုးစားသင်ယူ၏။ ဒိသာပါမောက္ခဆရာကြီး သင်ပေးလေသမျှ အတတ်ပညာများကို သုံးနှစ်သုံးမိုး သင်ယူကာ ပညာစုံတတ်မြောက်လာသဖြင့် တိုင်းတော်ပြည်တော်သို့ ပြန်လာခဲ့လေသည်။

အလောင်းတော် ယင်္ဂမင်းသား တိုင်းတော်ပြည်တော်သို့ ပြန်ရောက် နှစ်များစွာ မကြာမီမှာပင် ခမည်းတော် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံ၏။ ဤတွင် မယ်တော်မိဖုရားကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါအပေါင်းက ယင်္ဂမင်းသားကို ထီးနန်းအမွေအရာကို လွှဲအပ်ကြလေသည်။

အလောင်းတော် ယင်္ဂမင်းသည် မင်းကျင့်တရားဆယ်ပါးတို့နှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်သဖြင့် တိုင်းတော်ပြည်တော် သာယာဝပြော၏။ ခိုးသားဓားပြ တို့၏ရန်မှကင်းဝေး၏။ သို့ဖြစ်၍ တိုင်းသူပြည်သားတို့ကလည်း မိမိတို့၏ ပြည့်ရှင်မင်းအပေါ်ကြည်ညိုလေးစားကာ ချမှတ်ထားသောစည်းကမ်းဥပဒေတို့ကို ရိုသေစွာ လိုက်နာကျင့်သုံးကြသဖြင့် အလောင်းတော် ယင်္ဂမင်းမှာ ထီးနန်းစည်းစိမ်ကို အေးချမ်းစွာခံစားရပေသည်။

ဤသို့ နှစ်ပေါင်းများစွာ အေးအေးချမ်းချမ်း ခံစားလာခဲ့ရပြီး၍ တစ်နေ့သောအခါတွင်မူ မအေးမချမ်းသည့် အဖြစ်သို့ ပို့ဆောင်ပေးမည့်သူတစ်ယောက် ပေါ်ပေါက်လာပါ၏။ ထိုသူသည်ကား အလောင်းတော် ယင်္ဂမင်း၏ လူယုံတော်အမတ်တစ်ယောက် ဖြစ်၏။ ယင်္ဂမင်းက သူ့ကို ယုံကြည်စိတ်ချသောကြောင့် မိဖုရားနှင့်မောင်းမအပေါင်းတို့ စံမြန်းရာ အနောက်ဆောင်တို့ကို ကြီးကြပ်အုပ်ချုပ်ရန် တာဝန်ပေးထားခဲ့၏။ အမတ်သည် အနောက်ဆောင်များသို့ မိမိမှတစ်ပါး အခြားသောယောက်ျားသို့ သွားလာဝင်ထွက်ခွင့်မရသည်ကို အခွင့်ကောင်းယူကာ မောင်းမငယ်တစ်ယောက်ကို လျှို့ဝှက်စွာ ဖြားယောင်းသွေးဆောင်၏။ ဖြားယောင်းသွေးဆောင်ဖန်များသောအခါ မောင်းမငယ်ကလည်း သူ့အလိုလိုက်ပါလာလေသည်။

အမတ်သည် မိမိနှင့်မောင်းမငယ်မှတစ်ပါး အခြားမည်သူမျှမသိနိုင်ဟုသာ သဘောပိုက်ကာ ဘုရင့်ဘဏ္ဍာတော်ကို ကျူးကျော်စော်ကားသည့် ပြစ်မှုကြီးကို အတင့်ရဲရဲနှင့် ကျူးလွန်နေ၏။ အပြစ်ဒဏ်အကြီးဆုံးကိုခံရနိုင်သော ပြစ်မှုကြီးကို ကျူးလွန်နေပါလျက် ဘေးမသီရန်မခဘဲရှိနေသောအခါ အမတ်နောက်တစ်ယောက်ကို ထပ်၍သိမ်းသွင်းရန် ကြိုးစားပြန်၏။ ဤမောင်းမငယ်သည်

ညီတော်အာနန္ဒာ၏ပါရမီတော်လမ်းများ

# ၁၀

# ဝဏ္ဏသိရီ

## နှောင်အိမ်ထဲမှာ တစ်ညတာ





www.burmeseclassic.com

www.burmeseclassic.com

ကား အရင်တစ်ယောက်ကဲ့သို့ အညာမလွယ်ဘဲ သူ့ပြစ်မှုကို ထုတ်ဖော်ကြေညာလိုက်လေရာ ယခင်အမှုဟောင်းပါ ပေါ်လာရပါတော့သည်။

ဤသို့သော ပြစ်မှုမျိုးအတွက် ကျရောက်နေကျအပြစ်ဒဏ်မှာ သေပြစ်သေဒဏ်သာ ဖြစ်၏။ ပြည့်ရှင်မင်း၏ နန်းတော်တွင် အကြီးလေးဆုံးပြစ်မှုကြီး ဖြစ်နေ၍ အကြီးလေးဆုံး အပြစ်ဒဏ်ကြီးကို ပေးလာခဲ့ကြရ၏။ သို့ရာတွင် အလောင်းတော် ယဋမင်းသည်ကား ပါရမီကုသိုလ်အမျိုးမျိုးတို့ကို ဘဝပေါင်းများစွာ ဆက်ကာဆက်ကာ ဖြည့်ကျင့်ဆည်းပူးခဲ့သူဖြစ်၍ ထိုမျှလောက် ကြီးလေးသော အပြစ်ဒဏ်ကို မပေးရက်ပါ။ ထို့ကြောင့် မိမိ၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ကျူးလွန်သည့် အမတ်မိုက်ကို တိုင်းပြည်တော်မှ နှင်ထုတ်ခြင်းဖြင့်သာ ဒဏ်ခတ်လိုက်ပါပေသည်။

ကံကောင်းထောက်မ၍ သေပြစ်သေဒဏ်မှ လွတ်ငြိမ်းခွင့်ရလာခဲ့သော အမတ်မိုက်သည် ထိုမျှလောက်ဖြင့် အမိုက်ဇာတ်သိမ်းသွားလျှင် ကောင်းလေစွ။ သို့ရာတွင် သူသည်ကား မသေမချင်း မိုက်တွင်းနက်နေမည့် လူစားမျိုးဖြစ်၏။ အလောင်းတော် ယဋမင်း၏ အမိန့်အရ ဗာရာဏသီမြို့တော်နှင့်တကွ ပိုင်နက်နယ်မြေမှထွက်ခွာခဲ့လာခဲ့ရသည့်နောက်တွင် သူသည် ကောသလတိုင်း၏ အချက်အချာဖြစ်သော သာဝတ္ထိမြို့တော်သို့ ချဉ်းကပ်လာ၏။ ထိုအချိန်၌ သာဝတ္ထိမြို့တော်တွင် ညီတော်အာနန္ဒာ အလောင်းလျာသည် ဓဇ်မင်း ဟူသော အမည်ဖြင့် ထီးနန်းစိုးစံလျက်ရှိလေသည်။

ပြည်နှင်ဒဏ်ခံ အမတ်ဟောင်းသည် သာဝတ္ထိမြို့တော်သို့ရောက်လာ၍ မကြာမီမှာပင် ဓဇ်မင်း၏ နန်းတော်သို့ ဝင်ရောက် ခစားနိုင်သည့် အခွင့်အရေးကို ရှာကြံနေခဲ့၏။ တွေ့လာဆုံလာသမျှ သာဝတ္ထိမြို့တော်သားများကို မျက်နှာချိုသွေး၍ မိတ်ဖွဲ့ကာ မိမိအား သာဝတ္ထိနန်းတော်တွင်းသို့ လက်တွဲခေါ်ဆောင်နိုင်မည့်သူကို မျှော်လင့်နေခဲ့၏။ သူမျှော်လင့်ထားသည့်အတိုင်းပင် လက်တွဲခေါ်ဆောင်မည့်သူ ပေါ်ပေါက်လာသဖြင့် ဓဇ်မင်း၏ ရှေ့တော်သို့ ဝင်ရောက်ခစားခွင့်ရလာလေသည်။

အမတ်ဟောင်းသည် မိမိလေ့လာတတ်ကျွမ်းထားသော နန်းတော်တွင်း အမှုထမ်းတို့၏ အတတ်ပညာဖြင့် ကျရောက်သောသမျှ လုပ်ငန်းတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပြသဖြင့် ဓဇ်မင်းက သဘောကျလာ၏။ သဘောကျလာသဖြင့် လုပ်ငန်းတာဝန်များကို ထပ်ကာထပ်ကာ ပေးဆပ်လာ၏။ ပေးအပ်လာသမျှသောတာဝန်တို့ကို အမတ်ဟောင်းက ကောင်းကောင်းကြီးဆောင်ရွက်ပြလိုက်၏။ ဤသို့ဖြင့် သူသည် မကြာမီမှာပင် ရာထူးအဆင့်ဆင့်ကို တိုးတက်ရရှိကာ ဓဇ်မင်း၏ လူယုံတော် အမတ်တစ်ယောက် ဖြစ်လာလေတော့သည်။

ဤသို့သောအခြေအနေသို့ရောက်ရှိသောအခါ သစ္စာမဲ့သော အမတ်သည် ယဋမင်းကို လက်စားချေနိုင်မည့်နေ့ကို စောင့်မျှော်နေ၏။ သေပြစ်သေဒဏ်ထိုက်နိုင်သော ပြစ်မှုကြီးအတွက် သက်သက်ညှာညှာပြုပေးခဲ့သည်ကိုပင် မထောက်မထားဘဲ ဉာဏ်နီဉာဏ်နက်ရှိရှိသမျှကို အသုံးချနေ၏။

ဤသို့ဖြင့် ဓဇ်မင်းအား မိမိအလိုကျ လိုက်ပါလာအောင် ဆွဲဆောင်သိမ်းသွင်း၍ရလာသည့်တစ်နေ့တွင် ယဋမင်းစိုးစံရာ ဗာရာဏသီနန်းတော်ကို ဝင်ရောက် တိုက်ခိုက်၍ တိုင်းပြည်သိမ်းပိုက်ရန် အကြံပြုလိုက်ပါတော့သည်။

ဓဇ်မင်းကလည်း သူ့စကားကို နားဝင်ကာ လောဘဇော်ကပ်လာသဖြင့် ဗာရာဏသီမြို့တော်သို့ စစ်တပ်ကြီးများဖြင့် ချီလာ၍ မြို့တော်ကို ဝန်းရံပိတ်ဆို့ထားပြီးလျှင် -

"အညံ့ခံမည်လော၊ စစ်ဖက်မည်လော"

ဟု ရာဇသံပေးလိုက်၏။

အလောင်းတော် ယဋမင်းမှာလည်း ဓဇ်မင်း၏အင်အားကို တွန်းလှန်တိုက်ခိုက်ရန် စစ်အင်္ဂါလေးပါးစလုံး အပြည့်အစုံရှိပါ၏။ သို့ရာတွင် သူက စစ်ဖက်ရန် မလိုလားချေ။ နှစ်ဦးနှစ်ဖက် စစ်မျက်နှာဖွင့်၍ တိုက်ခိုက်ကြရလျှင် နှစ်ဖက်စလုံးမှာ ထိခိုက်ကျဆုံးသူတွေရှိလာတော့မည်။ ထိုကဲ့သို့ ထိခိုက်ကျဆုံးမည့်အရေးကို မလိုလားသဖြင့် အလွယ်တကူပင် မြို့တော်၏ တံခါးလေးပေါက်ကြီးများဖွင့်ပေးလိုက်ရန် အမိန့်ချမှတ်လိုက်ပါတော့သည်။

ဓဇ်မင်း၏ စစ်သည်ဗိုလ်ပါတို့သည် ရေကာတာကြီး ကျိုးကျလာဘိသကဲ့သို့ ဗာရာဏသီမြို့တော်အတွင်းသို့ ဝင်လာကြ၍ မြင်မြင်သမျှ လုယက်တိုက်ခိုက်ကြ၏။ မိမိတို့အား ခုခံမည်ဟု သတ်ကာမကောင်းသည့် ယောကျ်ားတို့ကို လက်မရွံ့တမ်းသတ်ဖြတ်ကြ၏။ ဓဇ်မင်းကိုယ်တိုင်ကလည်း အညံ့ခံ ယဋမင်းကို ရာဇပလ္လင်ထက်က ဆွဲချပြီးလျှင် နှောင်အိမ်ထဲမှာသွင်းထားလိုက်ပါတော့သည်။

တစ်ပြည်ထောင်ကိုအုပ်စိုးရသည့် မင်းအဖြစ်မှ နှစ်ပြည်ထောင်ကို အုပ်စိုးရသည့်အဆင့်သို့ ရောက်လာပြီဖြစ်၍ ဓဇ်မင်းသည် အားရကျေနပ်နေ၏။ ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခွင်လုံးတွင် အကြီးကျယ် အခမ်းနားဆုံးဖြစ်သော၊ ထိုပြင် ရွှေရောင် ငွေရောင် ရတနာရောင်တွေ ထိန်ထိန်းဝင်းနေသော ဗာရာဏသီနန်းတော်ကြီးကို အလွယ်တကူ ရယူနိုင်ခဲ့သည့်အတွက် အောင်ပွဲကြီးခံယူရန် စီစဉ်လေသည်။

ဗာရာဏသီ ရွှေနန်းတော်ကြီး၌ ညလုံးပေါက်ကျင်းပနေကြသည့် ပျော်ပွဲရွှင်ပွဲ၊ စားပွဲသောက်ပွဲများတွင် ပါလာသမျှ စစ်သည်ဗိုလ်ပါများသာ ပါဝင်ဆင်နွှဲနိုင်ကြ၏။ ပျော်ပွဲရွှင်ပွဲများ၏ အရှင်သခင်ဖြစ်သော ဓဇ်မင်းမှာမူ မည်သို့မျှ ပါဝင်ခွင့်မရပါချေ။ သူတကာတွေ ပျော်ပျော်ပါးပါး စားသောက်နေကြသည်။ သူ့မှာတော့ တစ်ကိုယ်လုံး ပူလောင်နေရ၏။ လူပုံအလယ်တွင် ရာဇ ဣန္ဒြေမပျက်ရအောင် ထိန်းထားသည့်ကြားကပင် ပူလောင်သည့် ဝေဒနာဒဏ်တို့က ပြင်းထန်သည့်ထက် ပြင်းထန်လာကြသဖြင့် ယဋမင်း စိုးစံနေကျ တိုက်ခန်းဆောင်သို့ ဝင်လာခဲ့ရပါတော့သည်။

ရာသီဥတုက ပူပူလောင်လောင် မဟုတ်ပါဘဲလျက် မိမိတစ်ဦးတည်းမှာ ကွက်၍ အပူဒဏ်ခံရသည့်အရေးကို ဓဇ်မင်းမှာ မတွေးတတ်အောင်ဖြစ်နေရ၏။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းကို တစ်ညလုံး စဉ်းစားသော်လည်း မပေါ်လာပါ။ နံနက် အရုဏ်တက်ချိန်ရောက်ခါမှ အကြောင်းမှန်ကို တွေးမိ၏။

ထို့ကြောင့် ဓဇ်မင်းသည် နံနက်လင်းလျှင်လင်းချင်း ယဋမင်းရှိရာ နှောင်အိမ်သို့လာခဲ့၏။ သံတိုင်များဖြင့် အခိုင်အမာ ကာရံထားသော နှောင်အိမ်ထဲ ခပ်လှမ်းလှမ်းမှ ကြည့်လိုက်ရာ ကြမ်းပြင်ပေါ်တွင် ယဋမင်းကို မတွေ့ရသဖြင့် အထိတ်တလန့် ဖြစ်သွားရ၏။ အနီး ရောက်သောအခါမှ နှောင်အိမ်၏အထက် ပိုင်း ဟင်းလင်းပြင်ထဲမှာ အလောင်း တော် ယဋမင်းကို တွေ့ရပါတော့သည်။

ရာဇပလ္လင်ပေါ်မှ ဆွဲချကာ ညတာလုံး နှောင်အိမ်သွင်း၍



www.burmeseclassic.com

www.burmeseclassic.com

ခန်းခံထားခဲ့ရပါလျက် ယဋ္ဌမင်းမှာ ဆင်းရဲပင်ပန်းသည့်အသွင်အပြင် လုံးဝ မရှိပါ။ အထက်ပိုင်းဟင်းလင်းပြင်ထဲ တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေ၏။ သူ့ မျက်နှာအသွင်ကလည်း ကြည်လင်အေး မြလှပါဘိ။

မကြုံစဖူးထူးကဲသည့် မြင်ကွင်းကို မြင်လိုက်ရသဖြင့် ဓက်မင်းမှာ တအံ့ တသြဖြစ်သွားရ၏။ ပြီးမှ အလောင်း တော် ယဋ္ဌမင်း၏ ကြည်လင်အေးမြ သော မျက်နှာသွင်ပြင်ကြောင့် ကြည်ညို လေးစားသည့်စိတ်မာတ်ပေါ် လာရ၏။ ထို့ပြင် ဤသို့သော အခြေအနေမျိုးသို့ ရောက်နေပါလျက် စိတ်ပူပန်မှု၊ စိုးရိမ် ကြောင့်ကြမှုမပြဘဲ နေနိုင်ရခြင်း၏ အကြောင်းရင်းကိုသိချင်လာ၏။

ထို့ကြောင့် ဓက်မင်းသည် နှောင် အိမ်တံခါးကိုဖွင့်စေပြီးလျှင် -

"အို - ယဋ္ဌမင်း၊ ဒီလိုအခြေအနေ မျိုးနဲ့ ကြုံလာရတဲ့အခါ လူတိုင်းက စိတ် ပူကြရပါတယ်။ စိုးရိမ်ကြောင့်ကြရပါ တယ်၊ အသင် ယဋ္ဌမင်းမှာတော့ ဒီလို စိတ်ခံစားမှုတွေ မတွေ့ရပါကလား။ မျက်နှာတစ်ခုလုံး ကြည်လင်အေးမြနေ ပါတလား။ အဲဒါ ဘယ်လိုအကြောင်း ကြောင့်ပါလဲ"

ဤသို့ သိလိုရေးနှင့် မေးလိုက် သဖြင့် -

"အဆွေတော် ဓက်မင်း၊ အဲဒီလို ဖြစ်နေရတာက အခြားကြောင့်မဟုတ် ပါဘူး၊ ငါတို့မှာ အဖော်ကောင်းရှိနေလို့ ဖြစ်ပါတယ်"

"အလို - အဆွေတော်၊ ဘယ်လို ပြောလိုက်ပါလိမ့်။ အဆွေတော်ကို ဒီ နှောင်အိမ်ထဲမှာ တစ်ယောက်တည်းချုပ် နှောင်ထားခဲ့တာ မဟုတ်ပါလား။ နှောင် အိမ်အနားကိုလည်း ဘယ်သူမှကပ်ခွင့် ရှိတာမဟုတ်ဘူး။ ဒီကြားထဲက အဆွေ တော်ရဲ့ အဖော်ကောင်းက ဘယ်လို ရောက်လာရတာလဲ"

"အို - အဆွေတော်၊ အဖော် ကောင်းဆိုတာက လူပုဂ္ဂိုလ်မဟုတ်ပါ ဘူး၊ သက်ရှိသတ္တဝါတစ်စုံတစ်ယောက် တည်း မဟုတ်ပါဘူး။ ဒီနှောင်အိမ်ထဲ ရောက်မှ ရရှိလာတဲ့ ဈာန်သမာပတ် ဖြစ်ပါတယ်"

"ဒါဖြင့် အဆွေတော်၊ အခုလို ဟင်းလင်းပြင် ကောင်းကင်ထက်မှာ နေနိုင်တာက ဈာန်သမာပတ်ရဲ့ ကျေးဇူး ပါလား"

"ဟုတ်ပါတယ် အဆွေတော်၊



အဆွေတော်က နှောင်အိမ်ထဲသွင်းထား တဲ့အခါမှာ ငါတို့ဟာဘယ်သူ့ကိုမှအမုန်း စိတ်မပွားခဲ့ဘူး။ ဘဝတစ်ခုခုကပါလာတဲ့ ဝဋ်ကြွေးလို့ပဲ ခံယူထားပါတယ်။ ဒါ ကြောင့် နှောင်အိမ်ထဲမှာ တစ်ဦးတည်း နေရတဲ့အခိုက်မှာ အလေ့အထရှိခဲ့တဲ့ သမထကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့ပါတယ်။ နှောင်အိမ်နားမှာ ဘယ်သူမှမလာကြတဲ့ အတွက် ကမ္မဋ္ဌာန်းစီးဖြန်းရတာကောင်း လှပါတယ်။ စီးဖြန်းခဲ့တဲ့ ကမ္မဋ္ဌာန်းရဲ့ အကျိုးတရားအဖြစ်နဲ့ ဈာန်သမာပတ်ကို ရခဲ့ပါတယ်။ ရလာခဲ့တဲ့ ဈာန်သမာပတ် ကို ဆက်ကာဆက်ကာ ဝင်စားလာခဲ့တဲ့ အတွက် ညဥ့်ကာလတစ်ခုဟာ ကုန်မှန်း မသိကုန်သွားပါတော့တယ်"

"ဒါဖြင့် ဒီနှောင်အိမ်ထဲရောက် လာခဲ့တဲ့တစ်ချိန်လုံးမှာ စိတ်ပူတာတွေ၊ စိုးရိမ်ကြောင့်ကြတာတွေ လုံးဝမရှိဘူး ပေါ့"

"ဒီလိုတော့ မဟုတ်ပါဘူး အဆွေ တော်။ နှောင်အိမ်ထဲရောက်ခါစတုန်းက တော့ ကြောက်ရွံ့တာတွေ၊ စိတ်ပူရတာ တွေ၊ စိုးရိမ်ကြောင့်ကြရတာတွေဖြစ်ခဲ့ပါ သေးတယ်။ ဒါပေမယ့် အဲဒါတွေကို ကြာရှည်သဖြင့် ဖြစ်ခွင့်မပေးခဲ့ပါဘူး။ သူတို့ကို မကြာခင်မှာပဲ နှင်ထုတ်နိုင်ခဲ့ ပါတယ်"

"ဘယ်လိုနည်းနဲ့များ နှင်ထုတ်ခဲ့ ပါသလဲ အဆွေတော်"

"ဒီလိုပါ အဆွေတော်၊ အဲဒီလို စိတ်ပူစိတ်ဆွေးတွေကို နှင်ထုတ်နိုင်ဖို့ ဆိုရင်တော့ သူတို့ရဲ့ အကြောင်းမှန်ကို ဧကန်ဒိဋ္ဌ သိထားဖို့ လိုအပ်ပါတယ်။ တကယ်တော့ စိုးရိမ်ကြောင့်ကြခြင်းဆို တာ အတိတ်ကာလအတွက်လည်း ကောင်းကျိုးမပြုပါဘူး။အနာဂတ်ကာလ အတွက်လည်း ကောင်းကျိုးမပြုပါဘူး။

သူတို့ဟာ လူကို ကောင်းကျိုးမပြုရုံတင် မကပါဘူး။ ဆိုးကျိုးကိုလည်းပြုကြပါ တယ်။ လူတစ်ယောက်မှာ စိုးရိမ်ကြောင့် ကြစိတ်တွေကြီးစိုးနေရင် သူ့အသားအ ရေက ပုံမှန်မဟုတ်တော့ဘဲ ဖျော့တော့ တော့ဖြစ်သွားပါတော့တယ်။ နေ့စဉ်စား နေကျ ထမင်းကိုတောင်မှ မစားချင် မသောက်ချင် ဖြစ်လာပါတော့တယ်။ ဒီလို စိုးရိမ်ကြောင့်ကြတဲ့ သောကများ ကြီးစိုးဝင်ထားလို့ ရုပ်ရည်လက္ခဏာတွေ ဖောက်ပြန်လာတဲ့အခါမှာ ကိုယ့်ကိုယ် ကိုယ် မုန်းတီးနေတဲ့သူတွေ ဝမ်းသာစရာ ဖြစ်လာပါတော့တယ်"

"အဆွေတော်- ဓက်မင်း၊ အဲဒီလို ဆင်ခြင်သုံးသပ်ထားတဲ့အတွက် မြို့တွေ ရွာတွေထဲမှာ ဖြစ်စေ၊ တောတောင်ထဲ မှာဖြစ်စေ၊ ချိုင့်ဝှမ်းအရပ်မှာ ဖြစ်စေ၊ ကုန်းမြေပေါ်မှာ ဖြစ်စေ ငါနေထိုင်တဲ့ နေရာကို စိုးရိမ်ကြောင့်ကျစိတ်က လိုက် မလာနိုင်ပါဘူး။

အဆွေတော် ဓက်မင်း၊ အခုလို စိတ်နှလုံး အေးချမ်းရတဲ့ ဈာန်ချမ်းသာကို ဘယ်လိုမိတ်ကောင်းဆွေကောင်းကမှ မပေးနိုင်ပါဘူး။ တကယ်လို့ မဟာပထဝီ မြေပြင်ကြီးတစ်ခုလုံးကို ပိုင်စိုးတယ်ဆိုရင် လည်း အဲဒီမဟာပထဝီမြေကြီးက အခု ရရှိထားတဲ့ ဈာန်ချမ်းသာကို မပေးနိုင်ပါ ဘူး။ ဒါကြောင့် ငါတို့က အားလုံးကိုကျေ နပ်ပါတယ်။ အားလုံးကို ခွင့်လွှတ်ပါ တယ် အဆွေတော် ဓက်မင်း"

"ကောင်းလှပါပြီ အဆွေတော်။ အဆွေတော်ကိုပြစ်မှားမိလေသမျှအပြစ် များကို ဝန်ချတောင်းပန်ပါတယ်။ ဒီလို တရားသဘောပြည့်ဝတဲ့သူတော်ကောင်း မင်းရဲ့ တိုင်းနိုင်ငံကိုလည်း လုံးဝမယူချင် တော့ပါဘူး။ အဆွေတော်ရဲ့တိုင်းပြည်ကို အဆွေတော့်ထံ ပြန်အပ်ပါတယ်"

ဤသို့ တောင်းပန်စကားပြော ကြားပြီးလျှင် ဓက်မင်းသည် ပါလာသော စစ်တပ်ကြီးများကို ပြန်၍ရုတ်သိမ်းကာ သာဝတ္ထိမြို့တော်သို့ ပြန်လာခဲ့၏။

အလောင်းတော် ယဋ္ဌမင်းသည် လည်း နှောင်အိမ်ထဲမှာရရှိခဲ့သည့် ဈာန် သမာပတ်ချမ်းသာကို ဆက်လက်ခံစား လိုသဖြင့် ထီးနန်းနှင့်တကွ တိုင်းပြည်ကို မှူးတော်မတ်တော်များထံ အပ်နှံပြီးလျှင် ဟိမဝန္တာတောကြီးသို့ဝင်၍ ရသေ့ဝတ် သွားလေတော့သတည်း။

ဝဏ္ဏသီရိ



www.burmeseclassic.com

www.burmeseclassic.com

အငှားကားမောင်းသူများ ဆိုက်ကားသမားများမှာ အိပ်ရေးအပျက်ခံပြီး ရထားကို စောင့်ကြရသည်။ အဆိုးဆုံးမှာ လမ်းခရီးကို မကျွမ်းကျင်သော မိန်းကလေးများမှာ ကာမဘီလူးများ၏ လက်တွင်းသို့ သက်ဆင်းရခြင်း ဖြစ်၏။ ဘဝပျက်သွားသော မိန်းကလေးများကို တရုတ်ပြည်သို့ ရောင်းစားတတ်ပြန်သည်။ တရုတ်ပြည်တွင် မိသားတစ်စုကလေးတစ်ယောက်သာ မွေးခွင့်ပေးသော်လည်း လူဦးရေသန်းပေါင်း(၁၃၀၀) ကျော်နေသည်။ တစ်ယောက်တည်းမွေးခွင့်ရသောအခါ ယောကျ်ားလေးသာ မွေးကြသည်။ မိန်းကလေးမွေးလာလျှင် သတ်ပစ်ကြသည်။

နှစ်တွေ ကြာလာသောအခါ ယောကျ်ားတွေ များလာပြီး လက်ထပ်စရာမိန်းကလေး ရှားပါးကုန်သည်။ ထိုအခါ မြန်မာနိုင်ငံကဲ့သို့ အဆင်းရဲဆုံးနိုင်ငံများမှ မိန်းကလေးများကို ဝယ်ယူလက်ထပ်ကြသည်။ ထို့ကြောင့် ယုတ်ညံ့သောလူအချို့သည် တက္ကစီဆိုင်ကယ်သမားယောင်ဆောင်ပြီး ညသန်းခေါင်မှ ဝင်လာသည့်ရထားမှ ထွက်လာသော ခပ်အအမိန်းကလေးများကို ကူညီသယောင်နှင့် ဖျားယောင်းသွေးဆောင်တတ်ကြသည်။

◆

ရန်ကုန်ရထားကြီးဝင်လာလေပြီ။ ကိုလှမိုးသည် ဆိုက်ကားကို သော့ခတ်ပြီး ဘူတာထဲ လူသွားစကြံသို့ ခပ်သွက်သွက်လှမ်းလိုက်သည်။ နာရီကြည့်လိုက်သောအခါ ညနာရီပြန်တစ်ချက်ထိုးတော့မည်။ သားငယ်လေး သုံးယောက်နှင့် အမျိုးသမီးကား ရွံ့ဗွက်တစီစီထဲတွင် ဆောက်ထားသော တဲအိမ်လေးထဲတွင် အိပ်မောကျနေလောက်ပေပြီ။မိုးရွာတိုင်း ရေဝင်ကာ ဗွက်ထနေသော မြေကွက်သည်ပင် ကိုယ်ပိုင်မဟုတ်။ တစ်လ ငါးထောင်ပေးငှားရပြီး ကိုယ့်တဲကိုယ်ထိုးနေရခြင်း ဖြစ်သည်။

(၃၅) လမ်းဟိုဘက်ထိပ်ထဲရောက်သောကြောင့် မန္တလေးဟု ခေါ်ရသော်လည်း ပုသိမ်ကြီးမြို့နယ်အစပ်ထဲပါသွားပြီ ဖြစ်သည်။ ထိုရွာကြီးထဲတွင် သူကဲ့သို့ လက်လုပ်လက်စားတွေ မနည်းပေ။

◆ *ဥစ္စာစည်းစိမ်ဆင်းရဲလို့ အပါယ်မကျ။ ကိုယ်ကျင့်သီလဆင်းရဲမှ အပါယ်ကျသည်။*

*ဥစ္စာစည်းစိမ်ဆင်းရဲလို့ ဘယ်ပညာရှိသူတော် အထင်မသေး။ ကိုယ်ကျင့်သီလဆင်းရဲမှ(ပျက်မှ) အထင်သေးသည်။*

*မိမိနောက် ပါမလာနိုင်သော ဥစ္စာစည်းစိမ်ရာထူးအာဏာများဖြင့် မိမိနောက်ပါလာနိုင်သောအကုသိုလ်များကိုလည်း မယူမိပါစေနှင့်။*

ဟူသော အဆုံးမလေးများကြောင့် ကိုလှမိုးတစ်ယောက် ကိုယ်ကျင့်သီလကိုတော့ ချမ်းသာအောင် ကြိုးစားသည်။ မတရားသောနည်းဖြင့် ဘယ်သောအခါမှ ငွေမရှာခဲ့။ တရားသဖြင့်ရသောငွေဖြင့်သာ သားမယားကို လုပ်ကျွေးခဲ့သည်။ ခရီးသည်များထဲတွင် ပါလာတတ်သော မလည်မဝယ်မိန်းကလေးများကို ကာမဘီလူးများလက်ထဲ မရောက်အောင် သူမကြာခဏကယ်တင်ပေးရတတ်သည်။ ထိုသို့ ကယ်တင်ရသောနေ့ဆိုလျှင် သူမှာ ကုသိုလ်သာ




www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆိုက်ကားခမရချေ။ ထိုအခါ တွင် ဆရာတော်တစ်ပါးဆုံးမဖူးသော သနလေးဖြင့် စိတ်ကိုဖြေရသည်။

- ငွေသည် လူဘုံတစ်ဘုံသာ သုံး၍ ရသည်။
  ကုသိုလ်ကား (၃၁) ဘုံလုံး သုံး၍ ရသည်။
- ပညာမဲ့လူမိုက်သည် ငွေကိုသာရှာ သည်၊ ကုသိုလ်ကိုမရှာ။
  ပညာရှိသူတော်ကောင်းကား ငွေ ရော ကုသိုလ်ပါ နှစ်မျိုးစလုံး ရှာသည်။


ထိုဒဿနအဆုံးအမလေးကြောင့် သူမှာ အများအကျိုးကို ကိုယ်ကျိုး ပြီးလုပ်နိုင်ခြင်း ဖြစ်သည်။

ကိုလှမိုးတစ်ယောက် ရထားပေါ် ဆင်းလာသော ခရီးသည်များကို စိရှင်ရှင်ဖြင့်ကြည့်နေသည်။ အလုပ် သင်သွားသောကြောင့် လူကိုမြင် လိုက်သည်နှင့် ကားငှားမည့် ခရီးသည် လား၊ ဆိုက်ကားငှားမည့် ခရီးသည်လား ဆိုသည်ကို ခွဲခြားတတ်နေပြီ။

တွေ့လိုက်ပါပြီ။ အသက်နှစ်ဆယ် အရွယ်ခန့် မိန်းကလေးတစ်ယောက်။ လက်ထဲတွင် အညိုစားခရီးဆောင်အိတ် တစ်လုံးကိုကိုင်ကာ ဟိုသွားရမလိုသည် သွားရမလိုဖြစ်နေသည်။

ထိုအချိန်မှာပင် ကုလားတစ် ယောက် ကလေးမအနားသို့ကပ်သွားပြီး တစ်စုံတစ်ခုပြောနေသည်ကို တွေ့ရ သည်။ ကလေးမလေးက မျက်လုံးအဝိုင်း သားနှင့် ထိုကုလားကို ပြန်ကြည့်နေ သည်။ ဘာမှမကြာလိုက်။ ထိုကုလား ကလေးမ၏အိတ်ကို ဆွဲယူကာ ရှေ့မှ ထွက်သွားသည်။ ကောင်မလေးက နောက်မှလိုက်သွားသည်။ ကုလားနှင့် မြန်မာ အခြေအနေမကောင်းမှန်း ကိုလှ မိုး သိလိုက်ပြီ။ ထိုသူများကား လူသား စား မနုဿကျားများ မဟုတ်ပါလား။

ကိုလှမိုး ယနေ့ည ကုသိုလ်ယူရ တော့မည်ဆိုတာ သိလိုက်သည်။ ထိုသူ များနောက်သို့လိုက်ရန် ဆိုက်ကားဆီသို့





www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြေးသည်။ ရောက်သည်နှင့် သော့ဖွင့်ပြီး တက္ကစီဆိုင်ကယ်များရှိရာဘက်သို့ နင်းထွက်လိုက်သည်။ ထိုသူသည် တက္ကစီဆိုင်ကယ်သမားတစ်ယောက်ဖြစ်မှန်း သူသွားနေသောလမ်းကို ကြည့်ပြီးသိလိုက်ပြီ။ ကုလားသည် ဘူတာကြီးထဲမှထွက်ပြီး ကျုံးထောင့်ဘက်သို့ သွားနေသည်ကို တွေ့ရသည်။ ဆိုက်ကားကို မြန်မြန်နင်းလိုက် သည်။

သေချာပြီ။ သစ်ပင်မှောင်ရိပ်အကွယ်တွင် ဆိုင်ကယ်တစ်စီးနှင့် တစ်ယောက်စောင့်နေသည်ကို တွေ့ရသည်။ တစ်ယောက်က လူရှာ၊ တစ်ယောက်က တင်ပြေးမည့်အစီအစဉ်ပင်။ ကိုလှမိုးက ဆိုင်ကယ်ဆီရောက်အောင် အရင်နင်းလိုက်သည်။ ဆိုင်ကယ်နားကပ်ရပ်လိုက်သောကြောင့် ဆိုင်ကယ်သမား ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ဒုစရိုက်သမားများသည် လူကောင်းကို ကြောက်တတ်သည် မ ဟုတ်ပါလော။

အနားသို့ ရောက်သောအခါ ကုလားလက်ထဲမှ မိန်းကလေး၏အိတ်ကို ကိုလှမိုးဆွဲယူလိုက်သည်။ ထိုကုလားက ဒေါသမျက်စိဖြင့် လှမ်းကြည့်သည်။ ကိုလှမိုးကဂရုမစိုက်။ ကုလားနှစ်ယောက်ကိုမကြည့်။ မိန်းကလေးကိုသာ ကြည့်ပြီး ပြောလိုက်သည်။

"ကလေးမ - ငါက မြန်မာ၊ ဒီကောင်တွေက ကုလား။ ကလေးမကိုယ်တိုင်က မြန်မာဆိုတော့ သေချာစဉ်းစား။ ကလေးမကို ကူညီဖို့ တခြားခရီးသည်တွေတောင်မတင်ဘဲ ဦးလေးလိုက်လာတာ။ ကုလားကို ယုံရင် ဆိုင်ကယ်ပေါ်တက်၊ မြန်မာဖြစ်တဲ့ ဦးလေးကို ယုံရင် ဆိုက်ကားပေါ် တက်"

အသက်နှစ်ဆယ်အရွယ်ခန့် မိန်းကလေးသည် ထိုမျှတော့ စဉ်းစားတတ်ပါသေးသည်။ ကိုလှမိုး၏ဆိုက်ကားပေါ်သို့ ခွေ့ခနဲတက်လိုက်သည်။ မိန်းကလေးဆိုက်ကားပေါ် ရောက်သည်နှင့် ကိုလှမိုးအမြန်နင်းထွက်လိုက်သည်။ ကလေးမကိုခေါ်လာသော ကုလားက ဆိုက်ကားကို လှမ်းဆွဲထားကာ ရန်စကားပြောလာသည်။

"မင်းလူလည်မကျနဲ့။ ငါတို့ခရီးသည်ကို ဘာလို့လုရတာလဲ"

ကိုလှမိုး နားလည်သည်။ ဆင်သားရေကို ဆိတ်သားရေနဲ့ ဖုံးကြည့်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ဆိုက်ကားပေါ်မှဆင်းလိုက်ပြီး ရင်ဆိုင်လိုက်သည်။

"ငါ့မျက်နှာကို သေချာကြည့်စမ်း။ ခရီးသည်လုတင်မယ့်လူစားမျိုးလားဆိုတာ။ မင်းတို့ ဒီကလေးမကို မဟုတ်တာကြံဖို့ဆိုတာ မသိဘူးမှားထင်နေသလား။ ဥပဒေကြောင်းအရရှင်းချင်ရင် မင်းတို့နှစ်ယောက်စလုံး အခု ရဲစခန်းကိုလိုက်ခဲ့။ လက်နဲ့ပြဿနာရှင်းချင်ရင်လည်းလာခဲ့"

ပြောပြောဆိုဆို လက်နှစ်ဖက်ကို အသင့်ပြင်ပြီး ရှေ့တိုးလိုက်ရာ ကုလားသည် နောက်သို့ သုံး၊ လေးလှမ်းဆုတ်သွားသည်။ ကြောက်မည်ထင်၍ခြောက်ကြည့်ခြင်းသာ၊ မကြောက်မှန်းသိသွားသောအခါ မခြောက်တော့သည့်အပြင် သူတို့က ပြန်ကြောက်သွားသည်။ ထိုအခါကျမှ ကိုလှမိုး ဆိုက်ကားပေါ်ပြန်တက်ကာ နင်းလာလိုက်သည်။ ခပ်လှမ်းလှမ်းရောက်မှ ကလေးမကို သေချာမေးကြည့်ရသည်။

"ကလေးမဘယ်သွားမှာလဲ"

"အချိုရည်ဘူးစက်ရုံကို သွားမှာပါ။ အဲဒီမှာအလုပ်လုပ်တာ"

"လိပ်စာပါလား"

"ဟင့်အင်း - ပါမလာဘူး"

"ဟောဗျာ၊ လိပ်စာမပါဘဲ ဘယ်လိုလုပ်ရှာမှာတုံး"

"နေ့ခင်းဘက်ဆိုရင်တော့ လမ်းမှတ်မိတယ်။ အခုလို ညဆိုရင်တော့ မမှတ်မိဘူး"

"ဒါဆိုရင် မင်းမိဘအိမ်သွားကြတာပေါ့"

"ကျွန်မက တောကပါ။ ဒီမြို့က မဟုတ်ဘူး။ အဲဒီအချိုရည်ဘူးစက်ရုံမှာ (၆) လလောက် လုပ်ဖူးတယ်။ နောက်တော့ ရန်ကုန်က အချိုရည်ဘူးစက်ရုံက လခပိုရတယ်ဆိုလို့ ပြောင်းသွားတာ ဟိုကျတော့ အဆင်မပြေပါဘူး။ ဒါကြောင့် ဒီစက်ရုံကို ပြန်လုပ်မယ်ဆိုပြီး ရန်ကုန်က ဆင်းလာတာ"

"ဒါဆို ဒီကစက်ရုံမန်နေဂျာဆီကိုကော မင်းလာလုပ်ကြောင်း ကြိုပြီး အကြောင်းကြားပြီးပြီလား"

"မကြားရသေးဘူး"

"ဟင် - အဲဒီလိုဆို လိပ်စာသိတောင် ချက်ချင်းသွားလို့ ဘယ်လိုဖြစ်မှာတုံး။ တစ်နေရာရာမှာ တည်းပြီး အလုပ်ပြန်ခန့်နိုင်၊ မခန့်နိုင် စုံစမ်းဦးမှ ဖြစ်မှာပေါ့"

". . ."

"ကလေးမထံမှ မည်သည့်အသံမျှ ထွက်မလာ။

"မင်းမှာ တည်းခိုစရာအသိအိမ်ကော ရှိသလား"

"မရှိဘူး"

"ကိုင်း- အဲဒါဆိုရင်လည်း ဦးလေးအိမ်မှာသာလိုက်တည်းတော့။ အိမ်မှာ ဦးလေးအမျိုးသမီးနဲ့ သားလေး သုံးယောက်ရှိတယ်။ ဦးလေးတို့က ဆင်းရဲတယ်ကွ။ မင်းက အိမ်ထဲမှာ ဦးလေးဇနီးနဲ့အတူအိပ်ပေါ့။ ဦးလေးကတော့ အိမ်အပြင်ထွက်ပြီး တန်းလျားပေါ် အိပ်မယ်"

ကိုလှမိုးကဲ့သို့ မြင့်မြတ်သောသူနှင့် တွေ့ရသည်မှာ မိန်းကလေး အလွန်ကံကောင်းပါသည်။ နောက်တစ်နေ့တွင်မှ ကိုလှမိုးက အစအဆုံးကူညီလုပ်ကိုင်ပေးရာ အချိုရည်ဘူးစက်ရုံတွင် အလုပ်ပြန်ရသွားသည်။

ထိုဖြစ်ရပ်ကို ကျွန်ုပ်သည် ဒေါ်ကြင်ကြင်မြိုင်ထံမှ အရင်သိရခြင်းဖြစ်သည်။ ပရဟိတစိတ်ရှိသော ဒေါ်ကြင်ကြင်မြိုင်က ကိုလှမိုးကို ငွေငါးထောင်ဆုချခဲ့သည်။ ဆရာတော်ကြီးဦးတိက္ခ 'ဦးဆောင်သော တောင်တန်းသာသနာပြုအဖွဲ့ကို အကြောင်းကြားလိုက်ရာ ထိုအဖွဲ့မှ တိုင်ကပ်နာရီတစ်လုံး ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များကို ဆုချလိုက်ကြောင်း သိရသည်။ ကျွန်ုပ်ကား ကိုလှမိုးကို ကြည်ညိုလို့မဆုံးတော့။

ထို့ကြောင့် ဒေါ်ကြင်ကြင်မြိုင်ကို အကူအညီတောင်းပြီး ကိုလှမိုးရှိရာ ဆင်ရဲသားရွာကြီးသို့ အရောက်သွားသည်။ ရွာထိပ်ရောက်သည်နှင့် ကိုလှမိုးအပြေးအလွှားထွက်လာသည်။

"ဆရာတော်၊ တပည့်တော်အိမ်ကြွတာလား ဘုရား"

"ဟုတ်တယ်လေ၊ ကိုလှမိုးကို ဆုချချင်လို့"

"တပည့်တော် အိမ်က ရွှံ့ဗွက်ထဲဆောက်ထားရတာဘုရား။ တော်တော်ညစ်ပတ်တယ်။ ဒီဒကာက ဒီရွာထဲကပါ ဘုရား။ သူတို့ကတော့ အဆင်ပြေတယ် ဘုရား။ တစ်ထပ်တိုက်ကလေးဆောက်ထားတယ်။ သူတို့အိမ်ကို ကြွရအောင် ဘုရား"

ကိုလှမိုးနှင့်ပါလာသော ဒကာ လည်း လျှောက်သည်။

"တပည့်တော်အိမ်ကိုကြွပါဘုရား တပည့်တော်က ဆရာတော်ရဲ့တရား တွေနာ၊ စာအုပ်တွေဖတ်ပြီး အပြင် တအားဖူးချင်နေတာဘုရား။ အ အပြင်မှာဖူးရတာပဲ ဘုရား"

"နောက်ကျတော့ ဒကာအိမ် သီးသန့်ကြွပေးပါ့မယ်။ အခုကြွ



www.burmeseclassic.com

www.burmeseclassic.com

က ကိုလှမိုးဆီဆိုတော့ ဘယ်လောက် ညစ်ပတ်ညစ်ပတ် ကိုလှမိုး အိမ်ကိုကြွပါ ရော"

နောက်ဆုံး ကိုလှမိုးသည် ပျော် တစ်လှည့်၊ ဝမ်းနည်းတစ်လှည့်ဖြင့် သူ့ အိမ်သို့ပင့်သွားသည်။ လမ်းထဲဝင်လိုက် တည်းက ရွှံ့ဗွက်အိုင်များက ကျွန်ုပ်ကို ကြိုဆိုနှုတ်ဆက်ကြသည်။ ဟုတ်ပေ သည်။ ကိုလှမိုးအိမ်ထဲ ဝင်ဖို့က မလွယ်။ တံတိုင်းကလေးက မှောင်မည်းနေသည့် အပြင် အိမ်ဝိုင်းတစ်ခုလုံးက ရွှံ့အိုင်ကြီး ဖြစ်နေသည်။

ကိုလှမိုးတို့အိမ်ရှေ့ သစ်ပင် အောက်ရှိ ကွပ်ပျစ်မှာပဲ ထိုင်လိုက်ကြ သည်။ ကိုလှမိုးဇနီးနှင့် ကလေးသုံး ယောက်ပါ ထွက်လာပြီး ကန်တော့ကြ သည်။

"ကိုလှမိုး၊ မိန်းကလေးတစ် ယောက်ကိုကယ်တင်လိုက်တဲ့အကြောင်း ဒေါ်ကြင်ကြင်မြိုင် ပြောပြလို့သိရတယ်။ ဆရာတော်ကလည်း ကိုလှမိုးရဲ့ မြင့်မြတ် တဲ့စိတ်ဓာတ်ကို လေးစားပြီး ဆုချချင်လို့ ထွက်လာတာ"

"ဆရာတော်၊ တပည့်တော်အိမ် ကြွပေးတာကိုက တပည့်တော်ကို ဆုချ ထိုက်တာပါပဲဘုရား။ ဆရာတော်တို့လို သင်များတဲ့ ဆရာတော်တစ်ပါး တပည့် တော်အိမ် ကြွလာဖို့ ဆိုတာ အိပ်မက် တောင် မမက်ဖူးပါဘူး ဘုရား"

"ဟောဒီမှာ ငွေတစ်သိန်းနဲ့ ဆရာ တော်ရေးတဲ့စာအုပ်တွေ"

ကိုလှမိုးက ဟန်မဆောင်ပါ။ ပျော်ရွှင်စွာပင် လက်ခံရယူသည်။

"နောက်လည်း ယခုလိုပဲ ဒုက္ခ ရောက်နေတဲ့မိန်းကလေးတွေတွေ့တိုင်း အခု လို ကယ်တင်ပေးပါ"

"စိတ်ချပါ ဘုရား။ ဒီအလုပ်ကို တပည့်တော်ရဲ့ဘဝပေးအသိအရ ဘယ် သူမခိုင်းဘဲ လုပ်သင့်တယ်ထင်လို့ကို လုပ်နေတာပါ ဘုရား။ အခုလို ဆရာ တော်တို့က ချီးမြှောက်တဲ့အခါ တပည့် တော်လုပ်အားပိုရှိသွားတာပေါ့ ဘုရား"

"ဒေါ်ကြင်ကြင်မြိုင်နဲ့ တွေ့ပြီးက တည်းက ကိုလှမိုးမှာ အိမ်နဲ့ ခြံမရှိဘူး ဆိုတာသိရတယ်။ ဒါကြောင့် ကိုလှမိုးတို့ မိသားစုကို အိမ်နဲ့ခြံပါ ဝယ်ပြီး ဆုချဖို့ ဆရာတော်ရဲ့ ဒကာတွေကို ရှာခိုင်း ထားပြီး၊ အိမ်ဝိုင်းဝယ်ပြီး အိမ်ဆောက် ပြီးတာနဲ့ ဒကာတို့မိသားစုကို လာခေါ် မယ်"

သူတို့လင်မယားသည် ကျေးဇူး တင်စကားကို ရှုန်းရှုန်းဝေအောင် ပြော တတ်သော အထက်တန်းစား အမည်ခံ ရေပေါ်ဆီဟန်သမားများ မဟုတ်ကြ။ သူတို့ ကျွန်ုပ်ကို မည်မျှလောက်ထိ ကျေး ဇူးတင် ဝမ်းသာနေကြောင်းကို သူတို့ မျက်လုံးများမှထွက်လာသော မျက်ရည် များကသက်သေခံနေသည်။ ကျွန်ုပ်သာ မကူညီမထောက်ပံ့လျှင် သူတို့တစ်သက် တွင် ကိုယ်ပိုင်အိမ်နှင့်ခြံနှင့်နေဖို့ မည် သို့မျှ မဖြစ်နိုင်တော့ချေ။ ကျွန်ုပ်သည် တည်းခိုရာ သီတဂူကြယ်ပွင့်ဆရာတော် ၏ကျောင်းသို့ ပြန်ရောက်သည်နှင့် မန္တ လေးမြို့ နယ်ခံဖြစ်သော ရတနာကဖီး ဆိုင်ပိုင်ရှင် မစိုးကို မြေကွက်ရှာရန် တာ ဝန်ပေးလိုက်သည်။

တွေ့ပါပြီ။ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တောင်ဥယျာဉ်ရပ်ကွက်ထဲမှာ ပေ (၄၀) × (၆၀) မြေကွက်ပင်ဖြစ်သည်။ နှစ်ဆယ့်တစ်သိန်းဖြင့် ရလိုက်သည်။ သို့ သော် မြေကွက်က ချိုင့်ကျနေသည်။ ထို့ကြောင့် ကျောက်တန်းစီပြီး မြေဝယ် ဖို့ရသည်။ ရေတုံကင်တူးပေးရသည်။ မြေညီညီညာညာဖြစ်သောအချိန်တွင် ကျွန်ုပ်၏စာဖတ်ပရိသတ်များဖြစ်သော ကိုကျော်သင်းဦး၊ မမြင့်မြင့်အေးတို့က သွပ်မိုး၊ ထရံကာအိမ်လှူဖို့ တာဝန်ယူ သည်။

သူတို့ ဆောက်လုပ်လှူမည့် ပမာ ဏကိုကြည့်လိုက်သောအခါ သေးလည်း သေးသည်။ တစ်ထပ်အိမ်လည်းဖြစ်နေ သည်။ ထို့ကြောင့် အခန်းတစ်ခန်းတိုးရန် နှင့် နှစ်ထပ်လုပ်ပေးရန် အလှူရှင်များက မိမိသဒ္ဓါပြတ်သလောက်သာလှူရန်၊ လို တာကို ကျွန်ုပ်ကစိုက်ထုတ်မည်ဟုပြော လိုက်သည်။ အလှူရှင်များက (၁၅)သိန်း လှူသည်။ အိမ်က (၂၁) သိန်းကျော် ကျော်လေးကျသွားသည်။ သွပ်မိုး၊ ထရံ ကာ ပျဉ်ခင်း အတော်သပ်ရပ်သည်။ (၂၅) ပေပတ်လည်ခန့် ကျယ်မည်ထင် သည်။

မန္တလေးမြို့သည် နွေအခါ အင်မတန်ပူသည်။ အိမ်ပေါ်တွင် မနေ နိုင်ပေ။ ထိုအခါမျိုးတွင် လူတစ်ရပ်လွတ် ရုံ အောက်ထပ်ရှိလျှင် အပူခိုလို့ရသည်။ နှစ်ထပ်ဆောက်သည့်အတွက် ထုပ်၊ လျှောက်၊ မြား အမိုး၊ အခင်း ဘာမှပို ကုန်သည်မဟုတ်။ တိုင်ကို အရှည်သုံးရ သဖြင့် အနည်းငယ်ပိုကုန်သည်။ အခု လည်း မူလအလှူရှင်ခန့်မှန်းသည်ထက် (၆) သိန်းခန့် ပိုကုန်ရုံဖြင့် မူလတစ်ထပ် အိမ်မှ နှစ်ထပ်အိမ်ရလိုက်သည် မဟုတ် ပါလား။

အပူအားကြီးသော မန္တလေးတိုင်း ဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ တွင် အိမ်ဆောက်လိုသူများအတွက် အတုယူဖို့ ထည့်ရေးလိုက်ခြင်းဖြစ်သည်။ အိမ်၊ မြေ၊ ရေအပြည့်အစုံ (၆၈) သိန်း ကျော်ကျရာတွင် ကျွန်ုပ်က (၅၃) သိန်း ကျော် ထောက်ပံ့နိုင်ခဲ့သည်။ အပေါ်ယံ ကြည့်လျှင် ကိုလှမိုးတို့မိသားစုကို အိမ် နှင့်ခြံလှူခြင်း ဖြစ်သည်။ နက်နဲစွာကြည့် လျှင် ကိုလှမိုးသန္တာန်မှ သူတော်ကောင်း စိတ်ဓာတ်ကို ပူဇော်ခြင်း ဖြစ်သည်။

အကယ်၍ ကိုလှမိုး နေရာတွင် ချမ်းသာသူတစ်ယောက်ယောက်ဖြစ်ပါ က ယခုကဲ့သို့ စာတစ်စောင်ပေတစ်ဖွဲ့ ရေးမှာ မဟုတ်သလို ထောက်ပံ့မည် လည်း မဟုတ်ပေ။ ကိုလှမိုး မကြာခဏ ကယ်တင်ခဲ့သော မိန်းကလေးများကို မကယ်တင်ဘဲ ဖျက်ဆီးပြီး ရောင်းစား နေမည်ဆိုလျှင် ကိုလှမိုးတစ်ယောက် သူဌေးကြီးဖြစ်မှာသေချာသည်။ ထိုသို့ လုပ်လျှင် ရမှန်းလည်း ကိုလှမိုး သိသည်။ အများကြီးလုပ်စရာမလို။ မိန်းကလေး တစ်ယောက်ကို တစ်ဖက်နိုင်ငံပို့လိုက် သည်နှင့် ယခုလိုဗွက်တောထဲနေရသော ဘဝမှ ချက်ချင်း လွတ်မြောက်သွားပေ မည်။

မိမိမှာ အိမ်ပိုင်၊မြေပိုင်မရှိလောက် အောင် ဆင်းရဲသော်လည်း ကြိတ်မှိတ် သည်းခံပြီး ဘဝပျက်မည့် မိန်းကလေး များကိုကယ်ဆယ်နေခြင်းသည် တကယ့် သူတော်ကောင်းစိတ် ဖြစ်သည်။ ထိုသူ တော်ကောင်းစိတ်ရှိသူတွေ ပေါ်များလာ မှ လောကတွင် ဓမ္မဝါဒထွန်းကားပြီး အဓမ္မဝါဒ ပျောက်ကွယ်သွားမည် ဖြစ် သည်။ ကိုလှမိုးမှာ ပုထုဇဉ်တစ်ယောက် သာ ဖြစ်သည်။ သားမယားများကို တင့်တောင့်တင့်တယ် ထားချင်ရှာပေ မည်။ ဝိသမလောဘကို ကိုယ်ကျင့်သီလ ဖြင့် မနည်းသတ်နေရခြင်း ဖြစ်သည်။

သူ၏ ကိုယ်ကျင့်သီလကို ယခုကဲ့ သို့ အသိအမှတ်ပြု အားပေးမည့်သူမရှိ လျှင် တစ်ချိန်တွင် ဝိသမလောဘက ကိုယ်ကျင့်သီလကို ပြန်နိုင်သွားလျှင် လောကကြီးကို ပို၍ ပျက်စီးပေတော့ မည်။ ထို့ကြောင့် ကျွန်ုပ်က ထောက်ပံ့ ရခြင်း ဖြစ်သည်။ ကိုလှမိုးကို ထောက်ခံ ရခြင်းဆိုသည်ထက် ကိုယ်ကျင့်သီလကို အားဖြည့်ပေးခြင်းဆိုလျှင် ပိုမှန်သည်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ သူရဲ ကောင်းဒဿနလေးကို အမှတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

◆ *သူရဲကောင်း ဆိုတာ လုံးလုံး မကြောက်တာမဟုတ်ဘူး။ ကြောက်စိတ်ရှိသော်လည်း အများအတွက် အကျိုးရှိရင် နောက်မဆုတ်ဘဲ ရှေ့တိုးလုပ်တာဟာ သူရဲကောင်းပါပဲ။*

မှန်ပေသည်။ ကိုယ်ကျိုးစွန့်သော၊ အများအကျိုးကို သေသည်အထိ လုပ်သွားသော အဲလတ်ရှိက်ဇာ၊ မာသာထရီဇာ၊ ဟင်နရီဒူးနန့်၊ ဘွားဦးဇွန်း၊ ကင်ဆာဖောင်ဒေးရှင်း ဦးလှထွန်းတို့သည် ပုထုဇဉ်များသာ ဖြစ်သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော ကိလေသာအိုးများ ရှိကြသည်သာ။ ထိုသို့ရှိပါလျက် အများအကျိုးအတွက်ပေးပြီး ရှေ့တိုးလုပ်ကြသောကြောင့် ပရဟိတသူတော်စင်များအဖြစ် ကမ္ဘာက အသိအမှတ်ပြုစုရခြင်း ဖြစ်သည်။

ဘဝနှင့်ရင်းရသောအတွေးအမြင်များ အတွဲ (၁) တွင် လေးစားကြည်ညိုစရာကောင်းသော သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှသီရိသယ်ဗောဓိမင်းအကြောင်းကို ရေးပြခဲ့သည်။ ထိုမင်းသည် ယခုဘဝမှ ဘုရားဆုပန်ခါစ သာမန်ပုထုဇဉ်တစ်ယောက်သာ ဖြစ်သည်။ သူစစ်သူကြီးရာထူးပေးထားသော မိတ်ဆွေက သစ္စာဖောက်ပြီး သူ့နိုင်ငံကို စစ်တိုက်သိမ်းယူဖို့ ဝိုင်းသည်။

တိုင်းပြည်ကို အပ်မလား၊ စစ်ပဲထိုးမလားဟု ရာဇသံရောက်လာသောအခါ သူ့အာဏာအတွက် ရဲမက်တွေ မသေစေချင်။ ပြည်သူတွေကို ဒုက္ခမရောက်စေချင်။ ထို့ကြောင့် နိုင်ငံကိုသာ အသာအကြည်အပ်ပြီး တောထွက်ရသေ့ဝတ်သွားသည်။ မရှိလျှင် တောင့်တသော လောဘမီး၊ ရှိလျှင် ကြောင့်ကြသော ဒေါသမီး၊ သောကမီး လောင်တတ်သည်မှာ တရားမသိသောပုထုဇဉ်တို့၏ထုံးစံပင် ဖြစ်၏။ အရင်က မင်းအာဏာကို လောဘဖြင့် တောင့်တခဲ့သော စစ်သူကြီးသည် မင်းဖြစ်လာသောအခါ သီရိသယ်ဗောဓိမင်းသားသည် ဘယ်အချိန်လူစုပြီး ငါ့ကိုပြန်တိုက်မလဲဟု ဒေါသဖြင့် ကြောင့်ကြနေကြပြန်သည်။

ထို့ကြောင့် သီရိသယ်ဗောဓိမင်း၏ဦးခေါင်းကို ဆက်သနိုင်လျှင် အသပြာတစ်ထောင်ဆုချမည်ဟု ကြေညာခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ရှစ်ရာကျော်က အသပြာတစ်ထောင်သည် ယခုခေတ်အနေဖြင့် သိန်းတစ်ထောင် လောက်ရှိပေလိမ့်မည်။ တောထဲတွင် ထင်းသွားခုတ်သော ဆင်းရဲသားသည် ရသေ့ကြီးတစ်ပါးကိုတွေ့ရာ သူစားမည့် ထမင်းထုပ်ကို လှူလိုက်သည်။ ထိုရသေ့ကြီးက သီရိသယ်ဗောဓိမင်းပင် ဖြစ်သည်။

သို့သော် ဆင်းရဲသားက မသိ။ စကားစပ်မိစပ်ရာ ပြောရင်း သူ့ခေါင်းရလျှင် အသပြာတစ်ထောင် ဆုချမည့်သတင်းကို သီရိသယ်ဗောဓိမင်း သိသွားသည်။ ထို့ကြောင့် ဆင်းရဲသားက ငိုယိုတားမြစ်သည့်ကြားက သူ့ဦးခေါင်းကို အစိဋ္ဌာန်ဖြင့် ပြတ်အောင်ဖြတ်ပြီး ဆင်းရဲသားကို လှူလိုက်သည်။ သူလှူသော ရည်ရွယ်ချက်က အင်မတန် လေးစားကြည်ညိုစရာကောင်းသည်။ ဆင်းရဲသားလည်း လူချမ်းသာဘဝ ရောက်ရပါစေဟူသော ရည်ရွယ်ချက်သက်သက်ဖြင့် လှူခဲ့ခြင်း ဖြစ်သည်။

အစမ္ဗဝါဒသည် ဓမ္ဗဝါဒအပေါ် အနိုင်ယူခြင်းသည် ထာဝရမဟုတ်။ ယာယီသာ ဖြစ်သည်။ နောက်ဆုံးတွင် ဓမ္ဗဝါဒက အဓမ္ဗဝါဒအပေါ်ပြန်၍အနိုင်ယူသည်သာ ဖြစ်သည်။

ခေါင်းကိုဖြတ်၍လှူဖို့ဆိုသည်မှာ လွယ်ကူသောအလုပ် မဟုတ်။ သို့သော် ယခုဘဝမှ ဘုရားဆုဝန်သော သီရိသယ်ဗောဓိမင်းသည် ရင့်ကျက်ပြီး ဘုရားအလောင်းကြီးများကဲ့သို့ မငဲ့ကွက် ရက်ရက်ရောရောပေးလှူခဲ့သည်ပြောရလျှင် ဗိုလ်ချုပ်ကြီးတစ်ယောက် လုပ်ရမည့် ဧရာမအလုပ်ကြီးကို သာမန်စစ်သားလေးတစ်ယောက် အောင်မြင်အောင် လုပ်လိုက်သကဲ့သို့ ဖြစ်သည်။

မိမိနှင့် ဘာမှမဆိုင်သော မိန်းကလေးတစ်ယောက်ကို ကယ်တင်ဖို့ ဆိုသည်မှာ တာဝန်ကြီးကြီးယူထားသည့် လူကြီးများ၊ အရာရှိကြီးများသာ ဖြစ်သည်။ ထိုတာဝန်ရှိလူကြီးများသာလုပ်ရမည့်အလုပ်ကို ဆင်းရဲသားဆိုက်ကားသမားလေးတစ်ယောက်ကဝင်လုပ်သည့် အတွက် ကျွန်ုပ်က အခုလို ထောက်ပံ့ကူညီခြင်း ဖြစ်သည်။ လောကကြီးသာယာချမ်းမြေ့ဖို့အတွက် အဓမ္မဝါဒီများကို နှိပ်ကွပ်အပြစ်ပေးရ၏။ ထိုကံကို နိဂ္ဂဟကံဟု ခေါ်၏။ ဓမ္မဝါဒီများကို ချီးမြှောက်ရ၏။ ထိုကံကို ပဂ္ဂဟကံဟု ခေါ်၏။

မြန်မာပြည်တွင် အဓမ္မဝါဒီအယောက်တစ်ထောင်ကို ထောင်ချအပြစ်ပေးခြင်း နိဂ္ဂဟကံထက် ဓမ္မဝါဒီဆယ်ယောက်ကို ထိုက်ထိုက်တန်တန် ချီးမြှောက်ခြင်း ပဂ္ဂဟကံက လောကကြီးကို ပိုမို ချမ်းသာစေနိုင်သည်။ အဘယ်ကြောင့်နည်း။ ရောဂါကို ဖြစ်ပြီးမှ ကုသခြင်းထက် မဖြစ်မီ ကာကွယ်ခြင်းက ကာကွယ်ခြင်းက ပိုမိုထိရောက်သောကြောင့်ပင်တည်း။

မှန်၏။ ပရဟိတသမားကို ထိရောက်စွာချီးမြှောက်သည်ကို တွေ့လိုက်ရလျှင် အတွုဆန်မည့်သူ ထောင်ပေါင်းများစွာသည် ပရဟိတသမားများဖြစ်လာနိုင်ကြသည်။ မခိုးသူကို ထိရောက်စွာ ချီးမြှောက်လိုက်သည်ကို တွေ့လိုက်ရလျှင် ခိုးမည့်သူ ထောင်ပေါင်းများစွာ ရိုးသားသည့် သူတော်ကောင်းများဖြစ်လာနိုင်သည်။လာဘ်မစားသူတို့ကို ထိရောက်စွာ ချီးမြှောက်သည်ကို တွေ့လိုက်ရလျှင် လာဘ်စားမည့်သူ ထောင်ပေါင်းများစွာသည် လာဘ်မစားနိုင်သူများ ဖြစ်လာနိုင်ကြသည်။

မြန်မာပြည်တွင် သူခိုး၊ ခါးပိုက်နှိုက်ကို မိပါက တွေ့သည့်လူတိုင်းက ဝိုင်းရိုက်တတ်ကြသော်လည်း ကောက်ရသောပစ္စည်းအား ပြန်ပေးသူ လူရိုးလူကောင်းကိုကား ဝိုင်းဆုချဖို့ သတိမရကြပေ။ ဘေးမှလူများကို အသာထား၍ ပြန်ရသော ပစ္စည်းရှင်ကိုယ်တိုင်ကပင် ဆုချဖို့ စိတ်မပါသည်မှာ အံ့ဩစရာကောင်းလှသည်။ ကျွန်ုပ်မိခင် ငယ်ရွယ်စဉ်က ရေဆိပ်တွင် ကောက်ရသော ဆွဲကြိုးတစ်ကုံးကို ပိုင်ရှင်အား ပြန်ရှာပေးခဲ့သည်။ မနက်စာ၊ညစာအလျဉ်မီအောင် ဆယ်နှစ်သမီးအရွယ်လေးကတည်းက ဈေးရောင်းနေရသော မိခင်ကို ပိုင်ရှင် အမျိုးသမီးသည် တစ်ပြားတစ်ချပ်မျှ ဆုမချခဲ့ပေ။

ကျွန်ုပ်ကိုရင်ဘဝက ပစ္စည်းတစ်ခု[illegible] သွားဝယ်ရာ ရောင်းသူ၊ ဝယ်သူတွေများ[illegible] လွန်းသဖြင့် တစ်ဆယ်တန်ပေးသည်[illegible] အစိတ်တန်ပေးသည်ထင်ပြီး အများ[illegible] ပိုအမ်းသည်။ ကျွန်ုပ်က ချက်ချင်း တ[illegible] ဆယ်တန်ပေးခြင်းဖြစ်ကြောင်း ပြန်ရှ[illegible] ပြပြီး ပိုတာတွေ အကုန်ပြန်ပေးလို[illegible] သည်။ ဆိုင်ပိုင်ရှင်အမျိုးသားကြီးသည[illegible] ချီးကျူးစကားပြောဖို့ဝေး၍ လေး[illegible] သောအကြည့်တစ်ချက်ပင်မကြည့်[illegible] အကယ်၍ ထိုအချိန်က ကျွန်ုပ်သာ ပစ္စ[illegible] တစ်ခုခုကို အလစ်သုတ်၍မိသွားလျှ[illegible] ထိုဆိုင်ပိုင်ရှင်သည် နရင်းအုပ်ပြီး ရဲလ[illegible] အပ်မှာသေချာသည်။ ကိုရင်သောဘ[illegible] သော ငဲ့ညှာနေမည် မဟုတ်ချေ။

ရဲဘော်သုံးကျိပ် ဗိုလ်ရန်နိုင်[illegible] မြန်မာပြည်ပြန်ဝင်စဉ်က မြို့တ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အရောက်တွင် ဖောက်ထွင်းရေးသမားများထဲမှ သေတ္တာကြီးတစ်လုံးကို သိမ်းဆည်းရမိသည်။ ဗိုလ်ရန်နိုင်တို့က ပိုင်ရှင်ရှာပြီး ပြန်အပ်လိုက်သည်။ ထိုသေတ္တာထဲတွင် ငွေဒင်္ဂါးတစ်သောင်းကျော်ပါသည်။ ထိုအချိန်က ဘီအိုင်အေတပ်သားများမှာ ငတ်ပြတ်ဆင်းရဲနေ့ချိန်ပင်ဖြစ်သည်။ယူနီဖောင်းပင်ကောင်းကောင်းဝတ်စရာမရှိပေ။ လခလည်းမရကြပေ။ အချို့ လက်နက်မရှိသဖြင့် ဝါးချွန်များကိုပင် ကိုင်နေကြရသည်။ ထို့ကြောင့် ဗိုလ်ရန်နိုင်က ပိုင်ရှင်အား တပ်မတော်အတွက် အလှူခံရာ ဒင်္ဂါးပြားငါးဆယ်မျှပင် လှူခဲ့သည်။ မြန်မာများ ခိုးမြောက်မှုဖွဲ့ဟတ် မည်မျှလောက်ထိ အားနည်းသည်ကို ရိပ်မိလောက်ပါ၏။ ဗိုလ်ရန်နိုင်တို့သာ ပြန်မအပ်လျှင် အပြားတစ်သောင်းကျော်လုံးဆုံးရှုံးမည်။ ငွေဒင်္ဂါးများကို အလှူခံသောအခါ အပြားငါးဆယ်သာလှူခြင်းသည် မည်မျှ အံ့ဩစရာကောင်းလိုက်ပါသနည်း။

ကော့သောင်းမြို့ရှိ ဝေနေယျသုခမှုရုံသာတွင် သိမ်ကျောင်းဆောက်စဉ်က အမျိုးသမီးတစ်ဦး ကျကျန်ခဲ့သောရွှေလက်စွပ်တစ်ကွင်းကို ပန်းရန်အလုပ်သမားတစ်ယောက် ပြန်ပေးခဲ့သည်။ လက်စွပ်က တစ်သောင်းခွဲခန့်တန်သော်လည်း ပိုင်ရှင်က ငါးထောင်ဆုချသည်။ ကျွန်ုပ်က ငါးသောင်းဆုချလိုက်သည်။ တရားပွဲတွင် ထိုသူငယ်၏ ငယ်နာမည်ကိုပါ ထည့်သွင်းဟောပြောလိုက်သည်။ ထိုသူငယ်သာမက ကျန်လူငယ်များပါ အားကျစေချင်သောကြောင့် ဖြစ်သည်။

နာမည်ကြီး ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီပိုင်ရှင်သည် သည်အမှုတစ်ခုတွင် ထောင်ငါးနှစ်ခန့် ကျသွားသည်။ မန်နေဂျာက ဦးဆောင်ပြီး ဆက်လုပ်သည်။ မန်နေဂျာ၏ ကြိုးစားမှုကြောင့် လုပ်ငန်းအောင်မြင်သည်။ စာရင်းအတိအကျဖြင့် ထောင်ထဲမှပိုင်ရှင်ကို တင်ပြသည်။ တစ်ခါတွင် ကျောက်တူးရင်းဖြင့် တန်ဖိုးကြီးမားသောကျောက်စိမ်းကြောကြီးတစ်ခုကို တွေ့ရသည်။မန်နေဂျာသည် ဆက်မတူးဘဲ အမှတ်အသားပြုကာ ချန်ထားသည်။

ပိုင်ရှင် ထောင်မှလွတ်သောအခါကျမှ ကျောက်စိမ်းကြောကြီးကို ခေါ်ပြသည်။ပိုင်ရှင်ဖြစ်သူမှာ သူ့မန်နေဂျာ၏စေတနာကို လေးစားကြည်ညိုလှသဖြင့် ထိုကျောက်စိမ်းကြောမှ ရသမျှတစ်ဝက်ကို မန်နေဂျာအား ပေးလိုက်သည်။ ထိုကဲ့သို့ စာရိတ္တတကယ်ကောင်းသူများကို ထိရောက်စွာ ချီးမြှင့်မြှောက်စားလျှင် စာရိတ္တကို ဖျက်ဆီး၍ ငွေကြေးရာထူးနှင့် လဲရန် ကြံစည်နေသူများပင်လျှင် စိတ်ပြောင်းပြီး မြင့်မြတ်သူများ ဖြစ်လာနိုင်သည်။

အစိုးရဝန်ထမ်းများထဲတွင် ကိုယ်ကျင့်သီလကို အသက်ထက်တန်ဖိုးထားသူ အများအပြားရှိသည်။ ထိုမြင့်မြတ်သော ဝန်ထမ်းကောင်းများသည် ပင်စင်ယူပြီးသည်နှင့် နေစရာကိုယ်ပိုင်အိမ်ပင်မရှိတော့ချေ။ အိပ်ခန်းလေးများငှားပြီး ရသမျှ ပင်စင်လစာလေးဖြင့် မသေရုံနေသွားကြရသည်။ ဝန်ထမ်းဘဝတစ်လျှောက်လုံး ခိုးဝှက်လိမ်ညာလာဘ်စားကြသူများကား ပင်စင်ယူသွားကြသည်နှင့် ကိုယ်ပိုင်အိမ်ဝယ်ထားသောတိုက်တွေ များလွန်းအားကြီးသောကြောင့် မည်သည့်တိုက်တွင်နေရမည်ကို မဆုံးဖြတ်နိုင်လောက်အောင် ခေါင်းခြောက်နေကြသည် ဟူ၏။

သူခိုးအလုပ်ကိုတစ်လျှောက်လုံး လုပ်လာသူများက ချမ်းသာပြီး သူတော်ကောင်းအလုပ်ကို တစ်လျှောက်လုံးလုပ်လာသူတို့က ဆင်းရဲနေသောအခါ သူတော်ကောင်းဝန်ထမ်းက မွေးသောသားသမီးများသည် ခိုးတာကို အနှစ်ထင်ပြီး ကောင်းတာကိုအပြစ်မြင်ကြတော့သည်။ ထို့ကြောင့် ဝန်ထမ်းလောကတွင် လူကောင်းမရှိသလောက် ရှားသွားခြင်း ဖြစ်သည်။ အကယ်၍ ထိုကဲ့သို့ ပင်စင်ယူသွားသည်အထိ စာရိတ္တကောင်းခဲ့သော ဝန်ထမ်းများကို မြေတစ်ကွက် သို့မဟုတ် တိုက်ခန်းတစ်ခန်းလောက်သာ ချီးမြှင့်လိုက်မည်ဆိုလျှင် ဝန်ထမ်းကောင်းတွေ အများကြီး ပေါ်ပေါက်လာနိုင်သည်။

အများအကျိုးကို ဆောင်ရွက်ခြင်း ပရဟိတအလုပ်ကို လူတိုင်း မလုပ်နိုင်ပေ။ မိမိထက် လောကကို ပိုချစ်တတ်သော တကယ့်သူတော်စင်များသာ လုပ်နိုင်ကြသည်။ ပရဟိတ ဟူသော ဒါနပေးလှူခြင်းသဘောတွင် သက်ဝင်သောကြောင့် ဘုရားလောင်းများဖြည့်ရသော ပါရမီဆယ်ပါးတွင် တစ်ပါး အပါအဝင်ဖြစ်၏။ ပါရမီ၏ အနက်အဓိပ္ပာယ်က မြင့်မြတ်သူတို့၏အလုပ်ဟု ဆိုသောကြောင့် စိတ်ဓာတ်နိမ့်ကျသူများအနေဖြင့် ပရဟိတအလုပ်ကို မလုပ်နိုင်မှာ ထင်ရှားသည်။

ဘုရားရှင်သည် ပရဟိတလုပ်ငန်းအား အားလုံး၏ ရှေ့သွားခေါင်းဆောင်ပင် ဖြစ်၏။ မြေ၊ လက်တွေ့ကျိုးကာ ကျင်ကြီး၊ ကျင်ငယ်များဖြင့် အိပ်ရာထဲလဲနေသော ပူတိဂဿတိဿမထေရ်ကိုကိုယ်တိုင်ပြုစုပြခြင်းဖြင့် ဂိလာနစောင့်ရှောက်မှုလုပ်ငန်းကို လမ်းညွှန်ခဲ့သည်။ မိဘတွေ ပစ်ထားခဲ့သဖြင့် လမ်းတွင် တောင်းစားနေရသောလောကသတိဿ အမည်ရှိ ကလေးငယ်ကို အရှင်သာရိပုတ္တရာအား စောင့်ရှောက်နိုင်ခြင်းဖြင့် မိဘမဲ့ကလေးများစောင့်ရှောက်ရေးလုပ်ငန်းကို ညွှန်ပြခဲ့စေသည်။ စိတ္တဇဝေဒနာရှင်ဖြစ်နေသော မပဋာကို တရားဟောပြပြီး ရဟန်းမပြုပေးခြင်းအားဖြင့် စိတ်ဝေဒနာရှင်များစောင့်ရှောက်ရေးလုပ်ငန်းကိုလည်း လမ်းထွင်ခဲ့သည်။

အများအကျိုးကို လုပ်ခြင်းသည် ကိုယ့်အကျိုးကို လိုချင်သောသဘောလောဘကို ပယ်သတ်နေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လောဘနည်းလေ အများအကျိုးပိုလုပ်လေဟု မှတ်ရပါမည်။လောဘကုန်ခန်းသွားသော ဘုရားရှင်နှင့် ရဟန္တာများက တစ်ကမ္ဘာလုံးတွင် အများအကျိုးကို အထမ်းနိုင်ဆုံးပင် ဖြစ်ပါသည်။ လောဘလူသားတွေ ကောင်းစားရေးအတွက်ဆိုလျှင် လုပ်သင့်လျှင် လုပ်ရ၏။

(---) ခုနှစ်တွင် ဆွမ်းမေတ္တသုတ်ပရိတ်ရွတ်သော သံဃာတော်များကို နယကတပ်မတော်အစိုးရက ရက်စက်စွာ သတ်ဖြတ်နှိမ်နင်းခဲ့သည်။ ရွှေဝါရောင်တော်လှန်ရေး အထိမ်းအမှတ်ငါးနှစ်ပြည့်အဖြစ် သံဃာတော်များက ကျင်းပကြသည်။ ထိုသတင်းကို သံတော်ဆင့်ဂျာနယ်ကထည့်သည်။ သို့သော် ခြံစည်းရိုးခွထိုင်သောသဘောမျိုးဖြင့် နိုင်ငံတော် သံဃာ့မဟာနာယကဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီးတို့ခေတ်က ထုတ်ပြန်ခဲ့သော သံဃာတော်များ ပါတီနိုင်ငံရေးမလုပ်ရ ညွှန်ကြားချက်ကိုပါ တွဲလျက်ဖော်ပြသည်။

ပါတီတစ်ခု အာဏာရဖို့အတွက် သံဃာတော်များ နိုင်ငံရေးထဲ မပါသင့်သည်မှာ သဘာဝကျပါသည်။ သို့သော် လူသားအားလုံး ချမ်းသာရေးအတွက်ဆိုလျှင်တား ဘုရားရှင်ပင် နိုင်ငံရေးအလုပ်ကိုလုပ်ခဲ့ပေသည်။ ကောကာလိကပြည်နှင့် ဒေဝဒဟပြည်တို့ အဓိရဝတီမြစ်ရေကိစ္စနှင့် စစ်ဖြစ်မည်ရှိသောအခါ စစ်တပ်နှစ်ခုကြား ကြွလာပြီး ဖျန်ဖြေရေးတရား ဟောတော်မူခဲ့သည်။ ထိုတရားကြောင့် စစ်မဖြစ်တော့ဘဲ နှစ်

www.burmeseclassic.com

ဖက်စစ်သည်များ အသက်ချမ်းသာရာ ရသွားကြသည်။

နိုင်ငံရေးပဲ၊ ဘုရားဖြစ်တဲ့ငါနဲ့ မဆိုင်ပါဘူးဆိုပြီး ကြွမသွားလျှင် နှစ်ဖက်လုံးသေသွားပေလိမ့်မည်။ ဤသာဓကကိုထောက်၍ လူအများ ချမ်းသာဖို့အတွက် ဝိနည်းဥပဒေဘောင်အတွင်းက နိုင်ငံရေးကိုကား ရဟန်းတော်တိုင်း ပြုလုပ်သင့်ပေသည်။ ပါတီတစ်ခုခု၏အသုံးချခံမဖြစ်ဖို့အတွက်သာ သတိပြုသင့်သည်။

ဆရာတော် ဦးဥတ္တမသည် နိုင်ငံရပ်ခြားသို့ကြွပြီး ဗဟုသုတအများကြီး ရလာသည်။ ထိုဗဟုသုတများကို ပြောပြသောကြောင့် မြန်မာလူမျိုးများ မျက်စိပွင့်လာကြသည်။ ထိုအချိန်တွင် မြန်မာပြည်သည် လွတ်လပ်ရေးမရသေးပေ။

တစ်ပြည်လုံး ကောင်းစားရေး၊ အင်္ဂလိပ်တို့ကို မကြောက်ရေးတရားများကြောင့် ဆရာတော်ဦးဥတ္တမကို တစ်ပြည်လုံးကကြည်ညိုကြသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်ကား တစ်ပါတီကောင်းစားရေးအတွက် ဟောပေးသောကိုယ်တော်ဖြစ်သွားခဲ့သည်။ ထိုပါတီ အာဏာရစဉ်က ကောင်းကောင်းနေရသော်လည်း ထိုပါတီ အာဏာလွတ်ရသည်နှင့် ဆရာတော် စားရမဲ့သောက်ရမဲ့ဖြင့် မထင်မရှားပျံလွန်တော်မူရခဲ့သည်။ ရဟန်းတော်များ သင်ခန်းစာယူဖွယ်ပင်ဖြစ်၏။

ဗုဒ္ဓလက်ထက်က နိုင်ငံရေးလုပ်ခဲ့သော အဘိညာဉ်ရ ရဟန္တာတစ်ပါးအကြောင်း ဖော်ပြဦးမည်။ ထို မထေရ်၏ ဘွဲ့တော်ကို အရှင်ပိလိန္ဒဝစ္ဆဟုခေါ်သည်။ မထေရ်သည် လူဘဝက ဝိဇ္ဇာတစ်ဦးဖြစ်သည်။ ဘုရားရှင်ကို တွေ့သောအခါတွင်မှ ဝိဇ္ဇာအကျင့်များကို စွန့်လွှတ်ပြီး ရဟန်းပြုရာမှ ရဟန္တာဖြစ်သွားခဲ့သည်။ တစ်ခါတွင် မထေရ် ဆွမ်းခံကြွနေကျရွာမှ ကလေးမလေးတစ်ယောက်သည် ဘုရားပွဲရက်အတွင်း ပန်းကုံးလှလှကို မပန်ရ၍ ငိုယိုနေသည်။ ယခုခေတ်ကမ္ဘာ့လှယဉ်ကျေးမယ်များခေါင်းတွင် စွပ်ပေးထားသောသရဖူလိုအရာမျိုး ဖြစ်မည်ထင်သည်။ ဝယ်မပေးနိုင်သော မိဘများကလည်း စိတ်မကောင်းဖြစ်နေကြသည်။

ထိုအချိန်မှာပင် မထေရ်မြတ်ဆွမ်းခံကြွလာရာမှ အကျိုးအကြောင်းကို မေးကြည့်ပြီး ကလေးမလေးကို သနားသွားသည်။ ထို့ကြောင့် ကောက်ရိုးကွင်းတစ်ခုကို ယူလာခိုင်းပြီး အဘိညာဉ်တန်ခိုးဖြင့် ပန်ဆင်လိုက်သောအခါ တကယ့်ရွှေရောင်သရဖူဖြစ်သွားသည်။ ထိုသရဖူကို စွပ်ပေးလိုက်မှသာ ကလေးမလေးမှာ အငိုတိတ်ပြီး ကစားနိုင်သွားသည်။

ရက်အတော်ကြာတွင် ပြဿနာတက်လေပြီ။ ရွှေသရဖူကို ဆင်းရဲသားများ မသုံးနိုင်။ သူတစ်ပါးဆီက ခိုးဝှက်ယူထားတာဖြစ်မည်ဟု အထင်ရောက်ပြီး ဘုရင့်တပ်သားများက ထိုမိသားစုကိုဖမ်းသွားသည်။ မထေရ်မြတ် သိလိုက်သောအခါ ငါက ရဟန်းပဲ။ ဒီနိုင်ငံရေးနှင့်ငါနှင့် ဘာမှမဆိုင်ဘူးဆိုပြီး အသာမနေပါဘူး။ ဘုရင်ဆီအထိ ရောက်အောင်လိုက်သွားသည်။ ရောက်သောအခါ ဘုရင်က အရှိအသေပြုပြီး နေရာပေးသည်။

မထေရ်က လိုရင်းကိုမေးသည်။

"ဒကာတော်မင်းမြတ်၊ ငါ့ရဲ့ဆွမ်းခံအိမ်မိသားစုကို အဘယ်ကြောင့် ဖမ်းယူပါသနည်း"

"ဆင်းရဲသားနဲ့မတန်သော ရွှေသရဖူကို သုံးစွဲနေသောကြောင့်ပါဘုရား"

"ဒကာတော်မင်းမြတ်၊ ရွှေဖြစ်ဖို့ဆိုတာ ခက်သောအရာ မဟုတ်။ သင့်နန်းတော်သည် အခုရွှေဖြစ်စေလိုလျှင် ဖြစ်ရသည်သာ။ သင့်နန်းတော် ပြန်ကြည့်လော့"

မင်းကြီး၏ သစ်သားနန်းတော်သည် ရွှေရောင်တောက်သွား၏။ ထိုအခါကျမှ မင်းကြီးသည် ကလေးမလေးဆောင်းထားသောသရဖူသည် ရွှေအစစ်မဟုတ်မှန်း သိသွားသည်။ မိသားစုအားလုံးကို ပြန်လွှတ်လိုက်လေသည်။

ဤဖြစ်ရပ်ကိုထောက်၍ ကိုလေသာကုန်ပြီးသော ရဟန္တာများသည်သာ အများအကျိုးအတွက်သက်သက်ဆိုလျှင် နိုင်ငံရေးကို လုပ်ကြပေသည်။ စိတ်ဓာတ်နိမ့်ကျသောသူများက စီးပွားရေးအဆင်ပြေနေလျှင်၊ ကောင်းကောင်းအိပ်ရလျှင်၊ ကောင်းကောင်း ကာမဂုဏ်ခံစားရလျှင် လူဖြစ်ကျိုးနပ်ပြီဟု ယူဆကြသည်။

ထိုကဲ့သို့လူများ ကြီးစိုးသောလောကသည် ဝူလောင်၏။ ဆူပွက်၏၊ ဒုက္ခရောက်ကြရ၏။ မီးလောင်ချိန်တွင် ပစ္စည်းများဝင်ခိုးကြသူများ၊ သဘောပျက်၍ မြစ်ထဲရေကူးနေသူများကို မကယ်ဘဲ သတ်ဖြတ်ပြီး ပစ္စည်းလုကြသူများသည် ဖော်ပြပါ စိတ်ဓာတ်နိမ့်ကျသူများပင် ဖြစ်သည်။ ၂၀၀၇ ခုနှစ်အတွင်းက မြန်မာပြည်တွင် အပူလှိုင်းများရိုက်၍ မန္တလေးတစ်မြို့တည်းတွင် တစ်ရက်လျှင် လူအယောက် (၁၅၀) ကျော် သေကြ၏။ ထိုအချိန်မျိုးတွင် မဖြစ်မနေဝယ်သောက်ရသော (၁၅၀)တန်သော ဓာတ်ဆားထုပ်လေးများကို ကျပ်ငါးရာအထိ တင်ရောင်းကြသူများမှာလည်း ထိုစိတ်ဓာတ်နိမ့်ကျပြီး ပရဟိတလုပ်သူများကို အပြစ်မြင်သူများပင် ဖြစ်၏။ ၂၀၀၈ ခုနှစ်မှာ နာဂစ်မုန်တိုင်းတိုက်ပြီးစက လေးရာတန်သော ဆန်တစ်ပြည်ကို ရှစ်ထောင်ကျပ်၊ ဆယ့်ငါးကျပ်တန် ဘဲဥတစ်လုံးကို နှစ်ထောင်ကျပ်အထိ တင်ရောင်းသူများမှာ ထိုစိတ်ဓာတ်နိမ့်သူများပင် ဖြစ်၏။

ထို့ကြောင့် ဝိမာနဝတ္ထု အဋ္ဌကထာတွင် ဒါန၊ သီလ၊ ဘာဝနာ ပရဟိတအလုပ် ဘာမှမလုပ်ဘဲ ဝမ်းစာရှာတတ်ရုံ၊ စားတတ်ရုံ၊ ကာမဂုဏ်ခံစားတတ်ရုံလူသားများကို လူတိရစ္ဆာန်ဟု သတ်မှတ်ခဲ့ရခြင်း ဖြစ်သည်။ ပုထုဇဉ်လူသားမှန်သမျှသည် မရေတွက်နိုင်သော ဘဝသံသရာအဆက်ဆက် လောဘနှင့်စား၊ လောဘနှင့်နေ၊ လောဘနှင့်သေခဲ့သည်ချည်းများသောကြောင့် အတ္တဆန်ဖို့ရာ၊ ကိုယ်ကျိုးရှာတတ်ဖို့ရာ မတရားကပ်တတ်ဖို့ရာများကို သင်ကြားရန် မလိုပေ။

လောကကို ကောင်းကျိုးမပြုသော ပေါင်းပင်များ၊ ချုံပုတ်များကို သေချာစွာစိုက်ပျိုးစရာမလိုသကဲ့သို့ပင် ဖြစ်၏။ အနစ်နာခံတတ်ဖို့၊ ကိုယ်ကျိုးစွန့်ဖို့ ပရဟိတလုပ်ဖို့ကား သေသေချာချာ လေ့ကျင့် သင်ကြားဖို့ လိုအပ်၏။ သက်တမ်းရင့် တစ်ပေဆိုလျှင် သိန်းငါးပေါင်း (၄၀) ခန့်တန်သော နံ့သာဖြူလိုအပင်မျိုးကိုကား- တယုတယ စိုက်ပျိုးမွေးမြူမှ အောင်မြင်ဖြစ်ထွန်းသကဲ့သို့ပင် ဖြစ်၏။

လောက၌ တန်ဖိုးမရှိသောပေါင်းပင်၊ မြက်ပင်တွေသာ များ၏။ တန်ဖိုးရှိသော နံ့သာဖြူပင်ကား အလွန်နည်း၏။ အလွန်နည်းသည့်အထဲမှ ရန်ကုန်တိုင်း ဒဂုံမြို့သစ်တောင်ပိုင်း (၅၅) ရပ်ကွက်အတွင်းရှိ ကျူးကျော်တဲလေးတစ်လုံးတွင် ဦးကိုကိုနိုင်တစ်ယောက် ဇနီး၊ သားသမီးခုနစ်ယောက်နှင့်အတူ ဆိုက်ကားနင်းပြီး ဝမ်းစာရှာနေထိုင်လျက်ရှိသည်။ သူဆိုက်ကားနင်းခရသည်ကား ပါးစပ်ပေါက်ကိုးပေါက်စားလောက်ရုံသာ ဖြစ်သောကြောင့် ဒါနကုသိုလ်လုပ်ခွင့်မရ။

ငွေဖြင့် ဒါနပြုခွင့်မရလျှင် ခန္ဓာဖြင့် ဒါနပြုမည်ဟုဆိုကာ မီးသတ်တပ်ဖွဲ့ထဲသို့ ဝင်လိုက်သည်။ အခွင့်အရေးလိုချင်၍မဟုတ်။ မိမိခန္ဓာကို သူတပါးအတွက် စွန့်လှူလိုသောကြောင့် ဖြစ်သည်။ မီးသတ်တပ်ဖွဲ့များအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အများအကျိုးလုပ်ခွင့်ကြုံလျှင် ဦးကိုကိုနိုင်တစ်ယောက် အားကြိုးမာန်တက် တက်ပါလက်ပါလုပ်သည်။ ၂၀၁၁ ခုနှစ် ဇွန်လတရက်တစ်ရက်တွင် ဒဂုံတောင်မြို့နယ်တွင် မီးလောင်သည်။ ဦးကိုကိုနိုင်တို့ အသင်းသားတစ်ပ်ကားသည် အရင်ဆုံးရောက်အောင်သွားပြီး ငြိမ်းသတ်ကြသည်။

ထိုအချိန်မှာပင် နှစ်ထပ်အိမ်တစ်လုံးအတွင်းမှ အမျိုးသမီးတစ်ဦးသည် လူးလှိမ့်ငိုကြွေးလျက်ရှိသည်။သူမအပြင်ခဏသွားခိုက် မီးလောင်ခြင်းဖြစ်၍ အိမ်ပေါ်ထပ်တွင် လသားအရွယ်ကလေးလေး ကျန်ခဲ့သည်။ ဒေါသမျက်စိဖြင့်ကြည့်သူများက -

"ကလေးထားပြီး အိမ်လည်ကျွန်းသွားတတ်တယ်။ ခုမှငိုနေ ဘာလုပ်မှာလဲ"

ဟု အပြစ်ပြောကြသည်။

ဦးကိုကိုနိုင်ကတော့ မေတ္တာမျက်လုံးဖြင့်ကြည့်လိုက်သည်။မိခင်တစ်ယောက်သည်လိုမီးလောင်မယ်ဆိုတာသိလျှင် ထွက်သွားမလဲဟု တွေးကာ မီးလောင်နေသောအိမ်ကို လှမ်းကြည့်၏။

အပေါ်တက်ဖို့လှေကားကတော့ ဖြစ်နိုင်သေးသည်။ အောက်ဆင်းဖို့တော့ အနည်းငယ် အခက်အခဲရှိနိုင်သည်။ ဦးကိုကိုနိုင်တစ်ယောက် ရေပုံးထဲမှ ရေများကို ခေါင်းပေါ်မှ လောင်းချလိုက်ပြီး မီးလောင်နေသောအိမ်ပေါ် သို့ပြေးတက်သွားသည်။ မီးဟပ်ခံရသော အတွေ့အကြုံကြောင့်ခံနိုင်ရည်ရှိလှသည်။ တွေ့ပြီ၊ ခုတင်ထဲ၌ တဝါးဝါးငိုနေသောကလေးငယ်ကို သူပြေးပွေ့ယူပြီးလျှင် အဆင်းလှေကားဆီသို့ပြေးလိုက်သည်။ သို့သော် အောင်မီးမှ မီးလောင်ကျိုးကျလာသောလှေကားကြောင့် နောက်သို့ ပြန်ဆုတ်ခဲ့ရသည်။

ပြတင်းပေါက်မှခုန်ချရတော့မည်။ ဒုတိယအပေါ်ထပ်မှ ပြတင်းပေါက်များကို လှမ်းကြည့်လိုက်သည်။ အိမ်နောက်ဖေးပြတင်းပေါက်တစ်ခုသာ မီးလွတ်တော့သည်။ ကျန်ပြတင်းပေါက်များကို မီးတောက်များက မျိုနေကြသည်။ သူပြတင်းပေါက်ပေါ် တက်ရပ်ပြီး ခုန်ချမည့်နေရာကိုရွေးရပြန်သည်။ ပြတင်းပေါက်၏ သာဘက်တွင် မီးတောက်များတဖဲဖဲဖြစ်နေသည်။သူအောက်ရောက်သည်နှင့် သူရော ကလေးပါ မီးဟပ်ခံရသလိုဖြစ်သွားမည်။ ပြတင်းပေါက်၏လက်ဝဲဘက်တွင်ကား ဝင်းထရံနှင့် နှစ်လက်မခန့် အချွန်များက သူ့ကို စောင့်မျှော်နေသည်။

ပြတင်းပေါက်တည့်တည့်နေရာတွင်တော့ မြောင်းရေပုပ်များ ပြည့်နေသော အိမ်သာတွင်းပေါက်ကြီးတစ်ခု။ အချိန်မရ၊ သူ ကလေးကို သေချာစွာပွေ့ပြီးလျှင် အိမ်သာတွင်းပေါက်ထဲသို့ ခုန်ချလိုက်သည်။ ရေထဲသို့ တည့်တည့်ကျသော်လည်း ဟန်ချက်ပျက်ကာ နောက်သို့ နည်းနည်းယိုင်သွားသည်။ ထို့ကြောင့် အိမ်သာကျင်းပေါင်နှင့် ခါး ရိုက်မိသွား၏။

"ဝုန်း"

"ဖျောက်"

ဟူသောအသံမျိုးထွက်လာသည်။ 'ဝုန်း' ဆိုသည်မှာ ရေထဲသို့ ကျသွားသောအသံ ဖြစ်သည်။ 'ဖျောက်'ဆိုသည်က သူ့ခါးနှင့် ကျင်းနှုတ်ခမ်းရိုက်မိသွားသောအသံ ဖြစ်သည်။ သူ ကလေးကိုတော့ လွတ်မကျအောင် ပွေ့ထားသည်။ ကျင်းကသိပ်နက်သည်မဟုတ်။ခါးလောက်သာ ဖြစ်သည်။ သူပြန်တက်ဖို့ ကြိုးစားသည်။ သူ့ခါးက လှုပ်၍မရတော့။ နောက်ဆုံးတော့ သူကလေးကိုမထိခိုက်စေရန် မြေပြင်ကျင်းနှုတ်ခမ်းပေါ် သို့ပက်လက်လှန်ချလိုက်သည်။ ကလေး၏ ငိုသံများကိုတော့ သူကြားနေရသည်။ ထိုအချိန်မှာပင် နောက်ဖေးသို့ မီးသတ်အချို့နှင့် လူများ ပြေးလာကြသည်ကို တွေ့လိုက်ရသည်။ စိတ်လျှော့လိုက်သည်နှင့် သူ့မျက်လုံးထဲ အမှောင်ကြီးကျသွားသည်။

မီးခိုးမွှန်ဒဏ်၊ မီးဟပ်သည့်ဒဏ်များသည် အလွန်ပြင်းထန်သည်မဟုတ်ပါလား။ ဦးကိုကိုနိုင် သတိရတော့ ဆေးရုံပေါ် ရောက်နေသည်။ ဆရာဝန်များက မီးဟပ်သည့်ဒဏ်၊ ခါးရိုက်မိသော ဒဏ်များကြောင့် အာရုံကြောထိခိုက်သွားသည်ဟု ဆိုသည်။ ခြေထောက်တစ်ဖက်ပျက်သည်က ကျန်ခြေထောက်နှင့် လက်နှစ်ဖက်ကျန်သေးသည်။ ကျန်သည့်ခြေတစ်ဖက်၊ လက်နှစ်ဖက်တို့ဖြင့် လုပ်စားနိုင်သည်။

ဦးကိုကိုနိုင်အဖြစ်က ဆိုးသည်။ ခြေ၊ လက်မဖြတ်ရသော်လည်း အာရုံကြောမကြီး ထိခိုက်သွားသောကြောင့် ဘာကိုမှ အားစိုက်လုပ်၍မရတော့ခြင်းဖြစ်သည်။ ဆိုက်ကားကလည်း မနင်းနိုင်တော့သဖြင့် အုံနာ (ပိုင်ရှင်) က ပြန်သိမ်းသွားပြီ။ မတတ်နိုင်တော့။ ကလေး (၇) ယောက်မွေးထားသော ဇနီးသည်က ကုန်စိမ်းထွက်ရောင်းရသည်။ ဦးကိုကိုနိုင်က ကျူးကျော်တဲလေးပေါ်က ပက်လက်ကုလားထိုင်ပေါ် တွင်သာ နေကုန်နေခန်းထိုင်စရာအလုပ်သာရှိတော့သည်။

"ကျွန်တော်ဘဝပျက်သွားလို့ ငါ့ကလေးတစ်ယောက်အသက်ကို ကယ်မိတာ မှားလေခြင်းလို့ နောင်တမရပါဘူး။ ကလေးလေးတစ်ယောက်အသက်ကို ငါ့ဘဝနဲ့လဲပြီး ကယ်နိုင်ခဲ့တယ်ဆိုတာတွေးပြီးပျော်နေပါတယ်ဘုရား။ သိကြားမလို့ အရင်လိုများပြန်ကောင်းလာမယ်ဆိုရင် မီးသတ်ဘဝနဲ့ လူတွေရဲ့ အသက်ကို လိုက်ကယ်ဦးမှာပါ"

ကျွန်ုပ်သည် ဦးကိုကိုနိုင်၏ အကြောင်းကို ဂျာနယ်တစ်စောင်တွင် ဖတ်ရခြင်း ဖြစ်သည်။ သူ့စိတ်ကို လေးစား ကြည်ညိုရသလို သူ့ဘဝကို အလွန်သနားသွားသည်။ တရားဟောကြွရင်း နယ်မှာဖတ်ရတာဖြစ်ခြင်းကြောင့် ညီဖြစ်သူ မောင်စိုးတင့်ထံ ဖုန်းဆက်ပြီး သွားရောက် ကူညီခိုင်းရသည်။

မောင်စိုးတင့် ငွေသုံးသိန်း၊ ဆန်တစ်အိတ်၊ ဆီတစ်ပုံးတို့ကို သွားရောက်ထောက်ပံ့သည်။ ကလေးခုနစ်ယောက်၏ ပညာသင်စရိတ်ကိုပါ တာဝန်ယူခဲ့သည်။ ကျွန်ုပ်တို့မောင်နှမလေးယောက်ကား သနားတတ်သောသူများချည်း ဖြစ်သည်။ နှမငယ် မသန်းသန်းဝင်းသည် စဉ့်ကိုင်မြို့နယ်ထဲမှ အိမ်မဆောက်နိုင်သူများကို သုံးသိန်း၊ လေးသိန်းတန်သော တန်ဖိုးနည်းအိမ်ရာများကို သူနိုင်သလောက် ဆောက်လှူနေသည်။

အစ်မအကြီးဆုံး ဒေါ်ခင်ပြည့်ကလည်း စစ်ကိုင်းမြို့မှ မျက်မမြင်ကျောင်း၊ မန္တလေးမြို့မှ အနာကြီးရောဂါဆေးရုံ၊ မရမ်းချောင်း အနာကြီးရောဂါသည်ရွာ၊ ရန်ကုန်စိတ်ရောဂါဆေးရုံ၊ ရွှေပြည်သာ (၈) ရပ်ကွက်မှ တပည့်တစ်ပါး တည်ထောင်ထားသော အောင်မေတ္တာဘိုးဘွားရိပ်သာ၊ လှိုင်သာယာမြို့မှ အောင်ဇေယျမင်း မိဘမဲ့ ပရဟိတကျောင်းတို့ကို အပတ်စဉ် ကိုယ်တိုင်သွားရောက် ကျွေးမွေးလှူဒါန်းနေရာ တောရဆောက်တည်နေသော ကျွန်ုပ်က အဝေးမှပင် သာဓုခေါ်နေရသည်။

မတ္တရာမြို့နယ် နံ့သာမြိုင်အနာကြီးရောဂါသည်ရွာမှ သက်ကြီးရောဂါသည် (၁၇) ဦးအတွက် လစဉ်စားစရိတ်သုံးသိန်းလေးသောင်းကိုလည်း နှမငယ် မသန်းသန်းဝင်းမှ တာဝန်ယူပေးပို့လျက်ရှိသည်။ ယခုလည်း ညီဖြစ်သူ မောင်စိုးတင့်က ဦးကိုကိုနိုင်၏ လက်တွေ့ဘဝကို မြင်လိုက်ရသောအခါ အတော်စိတ်မကောင်းဖြစ်သွားသည်။ သူတို့နေသော ကျူးကျော်ရပ်ကွက်ကိုလည်း လာဖျက်

www.burmeseclassic.com

တော့မည်ဟု သတင်းထွက်နေ၏။

အိမ်ကိုသာ အဖျက်ခံရလျှင် ဦးကိုကိုနိုင်တို့မိသားစုကိုးယောက် မည်သည့်အရပ်သို့သွား၍နေရမည်နည်း။ ညီတော်မောင်သည် (၂၁) သိန်းတန်တရားဝင်မြေကွက်တစ်ကွက်ကို ဝယ်ယူလှူဒါန်းခဲ့ပေသည်။ ဦးကိုကိုနိုင်ကို လှူဒါန်းသော မြေကွက်ဖိုးသည် စာအုပ်အမြတ်ငွေမှရခြင်း ဖြစ်သည်။ ကိုလှမိုးကို လှူဒါန်းသောမြေကွက်ဖိုးသည် တရားပွဲမှရသောငွေ ဖြစ်သည်။

ဦးကိုကိုနိုင်အကြောင်းကို ဂျာနယ်ထဲတွင် ဖတ်ရစဉ်က လာရောက်လှူဒါန်းကြသော အလှူရှင်များ၏ငွေကို ပေါင်းကြည့်ရာ ငါးသောင်းပင်မပြည့်သည်ကို တွေ့ရသည်။ ဦးကိုကိုနိုင်ကဲ့သို့ လောကအတွက် အနစ်နာမခံနိုင်လျှင်နေပါ။ သို့သော် ဦးကိုကိုနိုင်ကဲ့သို့ အနစ်နာခံသူများကိုကား လေးစားသင့်၊ ထိရောက်စွာထောက်ပံ့သင့်ပါသည်။ သို့မှသာ လောကကို အေးချမ်းအောင် စောင့်ရှောက်မည့်သူတော်စင်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာမည် ဖြစ်သည်။

◆ *ဖြစ်ဖြစ်သမျှ ဓမ္မဟူသည် စိတ်သာ ရှေ့သွားဦးဆောင်ရှိ၏။ စိတ်သာလျှင် အကြီးအမှူးရှိ၏။ စိတ်ဖြင့်ပြီး၏။ ဖြူစင်သောစိတ်ဖြင့် ပြောသည်ဖြစ်စေ၊ ပြုလုပ်သည်ဖြစ်စေ ထိုဖြူစင်သောစိတ်ဖြင့် ပြောဆိုခြင်း၊ ပြုလုပ်ခြင်းကြောင့် လူ၏အရိပ်သည် လူနောက်သို့ အစဉ်လိုက်သကဲ့သို့ ချမ်းသုခသည် ထိုပုဂ္ဂိုလ်နောက်သို့ အစဉ်လိုက်၏။*

*(ဓမ္မပဒ မဋ္ဌကုဏ္ဍလီဝတ္ထုမှ)*

ဂါထာ၏အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

လူ့ဘဝတွင် ဆင်းရဲ၊ ချမ်းသာ သို့မဟုတ် ဒုက္ခ၊ သုခ သို့မဟုတ် သံသရာနှင့် နိဗ္ဗာန် ဟူ၍ ဆန့်ကျင်ဘက်အစုံတရားတို့သည် ရှိကြပါ၏။ ယင်းအစုံတရားနှစ်မျိုးတို့ထက် တစ်မျိုးမျိုးကို မလွဲမသွေတွေ့ကြရမည် ဖြစ်ပါပေ၏။ ဗုဒ္ဓဒေသနာတော်အရ ယင်းအစုံတရားနှစ်မျိုးတို့ကို ပြုလုပ်သူကား ပြင်ပတန်ခိုးရှင်မဟုတ် မိမိစိတ်ပင်ဖြစ်၏။ မကောင်းသောစိတ်က ဆင်းရဲ သို့မဟုတ် သုခ သို့မဟုတ် နိဗ္ဗာန်ကို ဖန်ဆင်း၏။ ဤနေရာ၌ နိဗ္ဗာန်ကို ဘုံနန်းအဖြစ် ရယူမည်မဟုတ်။ နိဗ္ဗာန်၏အနက်အဓိပ္ပာယ်ကိုက တဏှာမှထွက်မြောက်ခြင်း၊ တဏှာမရှိခြင်း ဖြစ်သည်။ တဏှာနည်းနည်းမရှိလျှင် နည်းနည်းနိဗ္ဗာန်ဖြစ်၏။ တဏှာများများမရှိလျှင် များများနိဗ္ဗာန် ဖြစ်၏။ တဏှာလုံးဝမရှိလျှင် လုံးဝနိဗ္ဗာန်ဖြစ်၏။ နည်းနည်းနိဗ္ဗာန်ကို တဒင်္ဂနိရောဓဟုခေါ်၏။ များများနိဗ္ဗာန်ကို ဝိက္ခမ္ဘနနိရောဓ၊ လုံးဝမရှိတဲ့နိဗ္ဗာန် သမုစ္ဆေဒနိရောဓဟုခေါ်၏။

နိဗ္ဗာန်ကို ချမ်းသာစစ်ချမ်းသာမှန်ဟု ဗုဒ္ဓဘာသာဝင်တို့ နားလည်ကြသည်။ သို့ဖြစ်လျှင် နိဗ္ဗာန်အရ တဏှာနည်းနည်းကင်းလျှင် နည်းနည်းချမ်းသာ ၏။ များများကင်းလျှင် များများချမ်းသာ၏။ အလုံးစုံကင်းလျှင် အတုမရှိချမ်းသာ၏။ ဤသို့ဆိုလျှင် ဤအဆိုသည် အငြင်းပွားဖွယ်မရှိသောအဆိုဖြစ်၏ဟူ၍ လက်ခံကြမည် ဖြစ်ပါ၏။

ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ကောင်းမှုကုသိုလ်လုပ်တိုင်း နိဗ္ဗာနပစ္စယော ဟောတု - နိဗ္ဗာန်၏အကြောင်းအထောက်အပံ့ဖြစ်ပါစေဟု ဆုတောင်းရာ၌ တောင့်တတတ်သော တဏှာလောဘကို ကင်းအောင်ပြုနိုင်ပါစေဟု ဆိုလိုရင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် တဏှာလောဘ၏ အာရုံဖြစ်သောအရာဝတ္ထုများကို မတောင့်တသူ ဖြစ်ရပါလို၏။ မဖြစ်သဘောကို တောင့်တခြင်း ဖြစ်၏။ အဖြစ်သဘောကို တောင့်တခြင်းမဟုတ်။ အမှန်အားဖြင့် မဖြစ်ခြင်း အနုပ္ပါဒသည်သာ သုခဖြစ်၍ ဖြစ်ခြင်း ဥပ္ပါဒသည် ဒုက္ခဖြစ်လေသည်။

မဖြစ်ခြင်း အနုပ္ပါဒကို မတောင့်စာဘဲ ဖြစ်ခြင်း ဥပ္ပါဒကို တောင့်တခြင်းသည် စိတ်၏ ပင်ကိုမူလမဟုတ်။ သဘောမဟုတ်။ စိတ်၌မှီတွယ်လာသော စေတသိက်တို့၏သဘောသာဖြစ်သည်။ စိတ်၏ပင်ကိုမူလသဘောသည် အလွန်စင်ကြယ်၏။အလွန်ကြည်လင်သော မှန်သားပြင်နှင့်တူ၏။ မှန်သားကြည်လင်ပါက မှန်သား၌ ထင်လာသော အရိပ်တို့သည် မူလအရာဝတ္ထု၏ ပကတိပုံစံအတိုင်းပင် ဖြစ်၏။ မှန်သားမကြည်လင်ပါက မှန်သား၌ ထင်လာသော အရိပ်က တစ်မျိုး၊ မူလအရာဝတ္ထု၏ ပကတိပုံက တစ်မျိုး ဖြစ်၏။ ထိုနည်းအတူပင် စိတ်သည် ကိလေသာအနောက်အကျိမရှိဘဲ စင်ကြယ်သန့်ရှင်းနေပါက ယင်းစိတ်၌ထင်လာသော အာရုံတို့သည် မူလပကတိအတိုင်းပင် ဖြစ်သည်။

သို့ရာတွင် လူသားတို့၏ စိတ်က မူလပကတိအတိုင်းမဟုတ်။ ယင်းစိတ်၌ ကိလေသာ အနောက်အကျိတို့သည် ဥပါဒ်၊ ဋ္ဌီ၊ ဘင်မှဲ့ အနုသယအဆင့်ဖြင့်ရှိမြဲ ဖြစ်၏။ ထို့ထက်ပိုလွန်လျှင် ယထာဘူတကျကျ အမှန်အတိုင်း မသိတော့ဘဲ ဘက်လိုက်၍သိတော့၏။ ဘက်လိုက်၍ သိသောအခါ ချစ်စရာမဟုတ်ပါဘဲလျက် ချစ်စရာဟုသိ၍ ချစ်၏။ မုန်းစရာမဟုတ်ပါဘဲလျက် မုန်းစရာဟု သိ၍ မုန်း၏။ ကြောက်စရာမဟုတ်ပါဘဲလျက် ကြောက်စရာဟုသိ၍ ကြောက်၏။ အမှန်မဟုတ်ပါဘဲလျက် အမှန်ဟု သိ၍ရဲဝံ့၏။

ဤသို့ဖြစ်ရသည်မှာ မိမိတို့၏မူလက ဖြူစင်သောစိတ်၌ ကိလေသာအနောက်အကျိတို့က အနုသယအဆင့်ဖြစ်စေ၊ ပရိယုဋ္ဌာနအဆင့်ဖြင့်ဖြစ်စေ ပူးယှဉ်၍ စိတ်ကို ကမောက်ကမဖြစ်အောင်၊ ပုံပျက်ပန်းပျက်ဖြစ်အောင် ပြုလုပ်သောကြောင့် ဖြစ်၏။ စိတ်သည် မိမိကိုယ်တိုင် ကမောက်ကမနှင့် ပုံပျက်ပန်းပျက်ဖြစ်လာသောအခါ အာရုံက ကမောက်ကမသိ၏။ ပုံပျက်ပန်းပျက်သိ၏။

လူသည် ပုထုဇဉ်သဘာဝအားဖြင့် မိမိကိုယ်ကို အချစ်ဆုံးဖြစ်၏။ ထို့ကြောင့် မိမိနှင့် ပတ်သက်လျှင် မိမိ၏စိတ်၌ အတ္တနှင့် မာနတို့သည် တဏှာအပေါ် အခြေခံလျက် အနုသယအဖြစ်ဖြင့် အထင်ရှားဆုံး ကိန်းဝပ်လျက်ရှိ၏။ ထို့ကြောင့် ပုထုဇဉ်၏စိတ်သည်။ မိမိနှင့် ပတ်သက်လျှင် မစင်ကြယ် ပြိုးပြိုးပြက်ပြက်မဖြစ်။ အတ္တနှင့် မာနလွှမ်းလျက်ရှိ၏။ သို့ဖြင့်လေရာ မိမိ၏စိတ်၌ မိမိတည်းဟူသော အာရုံထင်လေတိုင်း တစ်နည်းအားဖြင့်ဆိုလျှင် မိမိကိုယ်မိမိ ပြန်လည် စဉ်းစားတိုင်း အပြစ်ရှိလျှင် ပေါ့၍မြင်တတ်၏။ မှားပါလျက် အမှန်ဟု မြင်တတ်၏။

လူသည် နေ့စဉ် ကံသုံးပါးတို့တွင် တစ်ပါးပါးကို မလွဲမသွေပြုနေရ၏။ သင့်ကံသည် ကုသိုလ်ဖြစ်ချင်ဖြစ်မည်၊ အကုသိုလ်ဖြစ်ချင် ဖြစ်မည်။ ကုသိုလ်ကံဖြစ်လျှင် ကောင်းကျိုးကို ပေး၏။ အကုသိုလ်ကံဖြစ်လျှင် မကောင်းကျိုးတိုပေး၏။ ရှောင်လွှဲ၍မရ။ လူအရိပ်သည် လူနောက်သို့ အစဉ်လိုက်နေသကဲ့သို့ပင် ဖြစ်၏။ သို့ရာတွင် အကျိုးပေးရာအချိန်ကား ခြားနား၏။

ကုသိုလ်၊ အကုသိုလ် ဟူသော အမည်သည် စေတသိက်၏အမည် ဖြစ်၏။ စိတ်၏အမည်မဟုတ်။ စေတသိက်၌ ကောင်း၊ မကောင်းသဘောရှိသော်လည်း ယင်းစေတသိက်တို့သည် သူတို့ချည်းမတည်နိုင်။ စိတ်ကိုမှီ၍ သာတည်ရ၏။ စိတ်ကိုရှေ့သွားပြုကြရ၏။



www.burmeseclassic.com

www.burmeseclassic.com

တို့ ခေါင်းဆောင်အဖြစ်ထားကြရ၏။ စိတ်နှင့်မယှဉ်တွဲဘဲ မရပ်တည်နိုင်သဖြင့် စိတ်၏အခြံအရံဖြစ်ရလေသောကြောင့် စိတ်ဖြင့် ပြီး၏ ဟူ၍ ဆိုရ၏။ ထို့ကြောင့် စိတ်သာ ပဓာနဖြစ်၏ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။

လူသည် အစမထင် သံသရာမှ၍ အနုသယအဆင့်ဖြင့် အတ္တနှင့်မာန လွှမ်းမိုးခြင်းခံရသူ ဖြစ်၏။ ထို့ကြောင့် အရာရာတိုင်းအပေါ် ငါသာလျှင်ပဓာန အဖြစ်မြင်တတ်တတ်၏။ ယင်းအမြင်မှာ ဒိဋ္ဌာနုသယ(အတ္တ)အပေါ် အခြေခံ၏။ ငါသာ ပဓာန ဟူသည် သူကား ငါ့ဆရာ၊ သူကား ငါ့တပည့်၊ သူကား ငါ့အုပ်စု၊ ငါပြီးလျှင် ပြီးရော၊ ငါပိုင်သည် ဟူသော အမြင်မျိုး ဖြစ်၏။ အများကို တစ်စုတည်းအဖြစ် မြင်သော အမြင်ပင်တည်း။ နောက်အမြင်တစ်မျိုးရှိသေး၏။ ယင်းအမြင်ကား အုပ်စုဖွဲ့အမြင်တည်း။ ခွဲခြင်းခြမ်းခြင်းပြုသောအမြင်တည်း။ ငါကောင်းသည်၊ သူမကောင်း။ ငါမှာ အပြစ် မရှိ၊ သူမှာ အပြစ်ရှိသည် ဟူ၍ တစ်ခုတည်းကို အများပြုသော အမြင်မျိုး ဖြစ်၏။

အတ္တနှင့် မာန လွှမ်းမိုးသောစိတ်ဖြင့် ပြုလုပ်သော ကံဟူသမျှသည် မိမိတို့၏အမြင်အရ ကောင်းသည်ဟု ထင်သော်လည်း တကယ်တမ်း မကောင်း။ ချိုကို အေးသည်ဟု ထင်မှတ်ပြီး ကိုင်သောအခါ တကယ် မအေးဘဲ ပူသည်ကိုသာ ခံစားရသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် တကယ်တမ်း ကောင်းသောကံဟူသည် လောဘကိုပါးအောင်လုပ်နိုင်သော အတ္တနှင့် မာနကို ပါးအောင်လုပ်နိုင်သောကံ ဖြစ်၏။ ယင်းကံသည် တကယ်တမ်း ကောင်းကျိုးကို ဖြစ်စေ၏။

ထို့ကြောင့် မိမိ၏အမြင်၊ မိမိ၏အသိ မိမိ၏ ကံသည် တကယ်တမ်း ကုသိုလ် ဟုတ်သည်၊ မဟုတ်သည်ကို သိလိုပါက မိမိသန္တာန်၌ လောဘ၊ ဒေါသ၊ မောဟတို့ ပါး၊ မပါးဖြင့် စိစစ်ကြည့်ရ၏။ လောဘ၊ ဒေါသ၊ မောဟတို့ ပါးလျှင် ကုသိုလ်ဟုတ်၏။ မပါးလျှင် မဟုတ်သေး။ တစ်နည်းအားဖြင့်ဆိုရလျှင် အထင်မှန်ဖြင့် ကုသိုလ်စစ်၍ မရ။ တကယ်မှန်ဖြင့်သာ ကုသိုလ်ကို စစ်၍ရ၏။ တကယ်မှန် ဟူသည်ကား မိမိတို့၏ သန္တာန်၌ လောဘ၊ ဒေါသ၊ မောဟ၊ စသော အကုသိုလ်များပါးပြီး ဗြဟ္မာ တရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသောကုသိုလ်များ ပွားခြင်း ဖြစ်၏။

ယင်းသို့ စိစစ်ကြည့်ရ၏။

ဘဝသက်တမ်းတစ်လျှောက်၌ ကံများကို ပြုကြရ၏။ ကုသိုလ်ကံဖြစ်ချင်ဖြစ်မည်။ အကုသိုလ်ကံ ဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် မည်သည့်ကံကိုပြုပြု အရေးအကြီးဆုံးအချိန်ကား သေခါနီးကာလတည်း။ အကျိုးပေးစဉ်အားဖြင့် ဈာန်နှင့် ပဥ္စာနန္တရိယကံများမှတစ်ပါး သေခါနီးကာလ၌ပြုအပ်သောကံသည်သာလျှင် အကျိုးပေးလာရ၏။ ကုသိုလ်ဇောစောလျှင် သုဂတိလားရ၏။ အကုသိုလ်ဇောစောလျှင် ဒုဂ္ဂတိဘဝသို့လားရ၏။ ဇောစောပိုင်းက မည်သည့်ကံကို ပြုလုပ်ထားပြုလုပ်ထား ထိုကံသည် သေခါနီးကာလ၌ ပြုအပ်သောကံကို မလွှမ်းမိုးနိုင်။ ဂရုကံခေါ်သော ဈာန်တရားကြီးများနှင့် ကံကြီးထိုက်သည်ဟု ဆိုသော ပဥ္စာနန္တရိယကံများသာလျှင် သေခါနီးကာလ၌ ပြုအပ်သောကံကို လွှမ်းမိုးနိုင်လေ၏။ ထို့ကြောင့် သေခါနီးကာလ၌ ကလျာဏမိတ္တခေါ် မိတ်ကောင်းဆွေကောင်းသည် အလွန်အရေးကြီး၏။

တစ်သက်လုံး ဘာတစ်ခုမှ မည်မည်ရရ ကောင်းမှုမပြုလုပ်ခဲ့သော အဒိန္နပုဗ္ဗကပြဟ္မာသူဌေး၏ တစ်ဦးတည်းသောသား မဋ္ဌကုဏ္ဍလီသည် မြတ်စွာဘုရား တည်းဟူသော ကလျာဏမိတ္တကို အကြောင်းပြု၍ မြတ်စွာဘုရားကို ဖူးမြင်သော အာသန္နကံကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်ရခြင်းသည် ဗုဒ္ဓဘာသာသူတော်စင်တို့အတွက် အလေးအနက်ထား လိုက်နာကျင့်သုံးသင့်သောဝတ္ထုတစ်ခု ဖြစ်ပါပေ၏။သို့ရာတွင် အခြားကံများသည်လည်း အကျိုးမပေး ဟူ၍ မရှိ။ လူနောက်အရိပ်လိုက်သကဲ့သို့ အကျိုးပေးရန် အခါအခွင့်ကိုစောင့်နေခြင်းသာ ဖြစ်ကြောင်း သဘောပေါက်အပ်ပါ၏။

(ဦးရွှေအောင် မဋ္ဌကုဏ္ဍလီ
ဆောင်းပါးမှ)

အများအကျိုးကို စိတ်အပင်ပန်းခံ၊ ကိုယ်အပင်ပန်းခံလုပ်နေသူများကို အတ္တသမားများက စကားလုံးလှလှဖြင့် ကဲ့ရဲ့ရှုတ်ချသောစကားတစ်ခွန်းရှိသည်။ ထိုစကားကား သူများအပူ ကိုယ့်အပူလုပ်လို့ ဟူသော စကားပင် ဖြစ်၏။ သေချာလေးနက်စွာတွေးကြည့်လျှင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်များ၊ ပစ္စေကဗုဒ္ဓါများ၊ ရဟန္တာဖြစ်ကြသော အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကများသည် သူများအပူ ကိုယ့်အပူလုပ်ခဲ့သူများသာ ဖြစ်သည်။

ဖော်ပြပါ သူတော်စင်အားလုံး ပါရမီဆယ်ပါးကိုဖြည့်ဆည်းခဲ့ကြရသည်။ ပါရမီဆယ်ပါးတွင် ပေးကမ်းလှူဒါန်း ထောက်ပံ့ခြင်းဒါနပါရမီဟူသည် သူများအပူကို ကိုယ့်အပူလုပ်ကြခြင်းပင် ဖြစ်ပါ၏။ သူများအပူ ကိုယ့်အပူလုပ်ကြသော စွန့်ဦးတီထွင်ကြသူများကြောင့် လူသားအားလုံး ပျော်ရွှင်ချမ်းမြေ့နေကြရသည် မဟုတ်ပါလော။ ထို့ကြောင့် ပါရမီမရင့်သေး၍ မိမိကိုယ်တိုင် သူများအပူ ကိုယ့်အပူမလုပ်ချင်နေပါ။ သူများအပူ ကိုယ့်အပူလုပ်နေသူများကိုတော့ တတ်နိုင်သမျှ အားပေးချီးမြှောက်သင့်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော် ခရစ်နှစ် ၁၀၁၂ ခုနှစ်လောက်က ပြင်သစ်ပြည်တွင် လူဝီဘရေးလ် အမည်ရှိ လူငယ်လေးတစ်ယောက်ကို မွေးဖွားခဲ့သည်။ ထိုကောင်ကလေးသုံးနှစ်သားအရွယ်တွင် သူ့အဖေဖိနပ်ချုပ်သည့်ဘုံးတစ်ခုကို ကိုင်ကစားရင်း မှောက်လဲရာ မျက်လုံးကို ထိမိသွားပြီး မျက်လုံးတစ်ဖက်ပျက်ခဲ့ရသည်။ နောက်များမကြာမီ ကျန်မျက်လုံး တစ်ဖက်ပါကွယ်သွားလေရာ ဒုက္ခိတဘဝသို့ ရောက်သွားရရှာသည်။

ယခုခေတ်အမြင်ဖြင့်ဆိုလျှင် ဒဏ်ကြောင့်ဖြစ်သောတိမ်ဟု ဆိုရပါမည်။ မျက်စိဆရာဝန်များကိုယ်တိုင် အဖြေရှာမရသော ပြဿနာတစ်ခုရှိသည်။ ထိုပြဿနာကား ပထမတစ်ဖက်မျက်လုံးကွယ်လျှင် မြန်မြန်ပျောက်အောင် ကုရသည်။ မကုခဲ့လျှင် ကျန်မျက်လုံးတစ်ဖက်ပါ ဆက်ကွယ်သွားတတ်ခြင်းပင်။ မြင်ရသောမျက်လုံးက မမြင်ရသော မျက်လုံးကို သနားပြီးကွယ်သည်ဟုသာ ဆေးပညာတွင် သုံးထားသည်။ အခြားအကြောင်းအရာကို ယခုအချိန်အထိ ရှာမရသေးသောကြောင့် ဖြစ်သည်။

လူဝီဘရေးလ်မှာ ကြိမ်တစ်ချောင်းဖြင့် စမ်းစမ်းပြီးလမ်းသွားရတော့သည်။ အရွယ်နည်းနည်းရောက်လာသောအခါ သူ့ဖခင်က ပါရီရှိ မျက်မမြင်ကျောင်းတစ်ကျောင်းသို့ ပို့လိုက်ပါသည်။

ထိုကျောင်းတွင် စာသင်ရသည်။ ထိုစဉ်က အေ၊ ဘီ၊ စီ (၂၆) လုံးကို လက်ဖြင့်စမ်းပြီး မှတ်မိအောင်သင်ရသည်။ စာတစ်လုံးဆိုလျှင် ဒေါင်လိုက် လေး၊ ငါး လက်မ၊ ဖြက်ကလည်း လေး၊ ငါးလက်မရှိသည်။ စာတိုလေးတစ်ပုဒ် ရေးထားလျှင်ပင် စာအုပ်ပေါင်း လေး၊ ငါးအုပ်လောက် ဖြစ်နေတတ်သည်။ သူတို့ဖတ်ရသော စာအုပ်တစ်အုပ်သည် ကိုးပေါင်



www.burmeseclassic.com

www.burmeseclassic.com

ခန့်လေးသည်။ လူဝီသည် ပညာစုံသောအခါ မျက်မမြင်ကျောင်းမှာဘဲ ဆရာပြန်လုပ်၏။

ဤလမ်းမိုးကြီးအတိုင်းသင်ပေးရသည်ကို လူဝီအားမရ။ နည်းစနစ်တစ်မျိုး ကြံဆနေသည်။ တစ်နေ့တွင် သူ့ဇာတိမြို့သို့ ပြန်လာပြီး သူ့ဖခင်ကို ယခုကဲ့သို့ ပြောပြသည်။

"အဖေရှာ၊ ကျွန်တော်တို့ မျက်မမြင်ဒုက္ခိတတွေရဲ့ဘဝဟာ လောကမှာ အထီးကျန် သီးခြားကြီးကိုဖြစ်နေရတဲ့ဘဝပါ။ ကျွန်တော်လေ ငှက်ကလေးတွေကို အသံကြားလိုက်ရုံနဲ့ ဒါဘယ်အကောင်လဲဆိုတာ ခွဲခြားသိတယ်။ အိမ်တံခါးတွေ၊ ပြတင်းပေါက်တွေကိုလည်း လက်နဲ့စမ်းပြီး သိနိုင်တာပဲ။ ဒါပေမယ့် အဖေရယ်၊ လောကမှာ ကြားလို့မရတာတွေ၊ စမ်းလို့မရတာတွေ အများကြီးမဟုတ်လား။ ဒီဒုက္ခကလွတ်အောင် လုပ်ပေးနိုင်တာစာအုပ်ပဲရှိတယ်။ အဲ- ကျွန်တော်တို့ မျက်မမြင်တွေ ဖတ်ဖို့ စာအုပ်ကျတော့ မရှိပြန်ဘူး"

လူဝီလေးသည် တစ်ကမ္ဘာလုံးရှိ မျက်မမြင်များ၏အပူကို သူ့အပူလုပ်နေခြင်း ဖြစ်သည်။ တစ်နေ့တွင် လူဝီသည် မိတ်ဆွေတစ်ယောက်နှင့်အတူ စားသောက်ဆိုင်တွင်ထိုင်နေကြစဉ် မိတ်ဆွေက သတင်းစာထဲမှ ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်သည်။ အကြောင်းရာကား ကြည်းတပ်ဗိုလ်ကြီးတစ်ယောက် တီထွင်လိုက်သော ညဖတ်စာ (Night Writing) အကြောင်းပင် ဖြစ်၏။

လူဝီသည် ထိုအကြောင်းကိုသိလိုက်ရသည်နှင့် ဝမ်းသာအားရ ထငိုလိုက်ရာ တစ်ဆိုင်လုံး အလန့်တကြားဖြစ်သွားသည်။ သူ့မိတ်ဆွေက ရုတ်တရက် နားမလည်နိုင်ဘဲ -

"ဟ - ကိုယ့်လူ၊ ဘာဖြစ်လို့ ငိုတာလဲ"

ဟု မေး၏။

လူဝီက -

"ကိုင်း - ရပြီကွ၊ ခုမှပဲ အဖြေတွေ့တော့တယ်။ ငါတို့မျက်မမြင်တွေ စာဖတ်လို့မရတဲ့ဘေးက လွတ်ပြီ"

နောက်တစ်နေ့တွင် လူဝီနှင့် သူ့သူငယ်ချင်းသည် ထိုဗိုလ်ကြီးထံသို့ သွားပြီး ညဘက် စာရေးသောစနစ်အကြောင်းကို မေးမြန်းစုံစမ်းကြသည်။ ရေးပုံမှာ စက္ကူထူထူကတ်ပြားလေးပေါ်တွင် ဝမ်းဘက်က စူးဖြင့်ဖိရေးပြီး ကျောဘက်ပေါ်လာသော အပိမ့်ကလေးများကို စမ်းပြီးဖတ်သောနည်း ဖြစ်သည်။

လူဝီသည် ထိုနည်းကို အခြေခံ၍ ပိုကောင်းသည်ထက်ကောင်းအောင် နေ့မနား၊ ညမနား တီထွင်သည်။

နောက်ဆုံးတွင် လက်သည်းခွံလောက် အကွက်ကလေးတစ်ကွက်၌ အပိမ့်ကလေး ခြောက်နေရာစာ သတ်မှတ်ထားသော ယခုခေတ်သုံး မျက်မမြင်စာကို တီထွင်လိုက်နိုင်သည်။ ဒိုးသစ်ဖဲချပ်တွေထဲမှာ သုံးပွင့်နှစ်တန်းပါသော ခြောက်ပွင့်ဖဲချပ်သဘောမျိုးပင် ဖြစ်ပါသည်။လက်ဝဲအပေါ်ဆုံးထောင့်မှ အပွင့်ပါလျှင် အေ၊ ထိပ်ဘက်မှ နှစ်ပွင့်ပါလျှင် ဘီ စသောသင်္ကေတမျိုးပင် ဖြစ်သည်။

ရေးသောအခါ ခပ်တုံးတုံးဖြင့် နေရာမှန်အောင် နှိမ့်သွားရသည်။ လူဝီသည် မည်မျှအပင်ပန်းခံလေ့ကျင့်လိုက်သနည်းဆိုလျှင် စကားခပ်မှန်မှန်ပြောတာမျိုးလောက်ပင် မီအောင်လိုက်ရေးနိုင်သည်။ ထိုစနစ်အကြောင်းကို လူများအား ပြောပြသောအခါ မဖြစ်နိုင်ဆိုပြီး ပယ်ချလိုက်ပြန်သည်။

လူဝီကား ဇွဲမလျှော့။ အစိုးရဌာနသို့ အထပ်ထပ်အခါခါ တင်ပြသည်။ ဟိုကလည်း အထပ်ထပ်အခါခါ ပယ်ချသည်။ နောက်ဆုံး လူဝီဟုဆိုလျှင် နားပင်မထောင်ကြတော့။ လူမိုက်၊ တိရစ္ဆာန်နှိပ်စက်စကား အလွန်ခါး၏ ဟူသောစကားအတိုင်း ကိုယ်ကျိုးရှာအတ္တသမားများအတွက် အများအကျိုးနှင့်စပ်သော အကြောင်းအရာကို စိတ်မဝင်စားခြင်းပင် ဖြစ်၏။ ဤလောကကြီးကို အတ္တအများစုဖြင့် တည်ဆောက်ထားသည် မဟုတ်ပါလော။ နောက်ဆုံး လူဝီသာ ကျန်းမာရေးချို့တဲ့ပြီး အိပ်ရာထဲလဲသွားသည်။ အစိုးရက မျက်မမြင်စာကို တွင်ကျယ်အောင် အသုံးပြုဖို့ စိတ်မကူးသေးပေ။ လူဝီသည် ဖတ်စာသာမက ဂီတတို့ သင်္ချာတို့အတွက်ပါ သင်္ကေတတွေ ထွင်ပေးလိုက်သေးသည်။

တစ်ခါတွင် ပြင်သစ်ပြည်၌ အံ့ဩစရာအကောင်းဆုံး ဂီတဖျော်ဖြေပွဲကြီး တစ်ခု ကျင်းပသည်။ အဘယ်ကြောင့် အံ့ဩစရာကောင်းရသနည်း။ စန္ဒရားတီးကာ သီချင်းဖျော်ဖြေမည့် ကလေးမလေးသည် မွေးကတည်းက မျက်စိကွယ်နေသူ ဖြစ်သောကြောင့်ပင်။ မျက်စိမြင်သူတစ်ယောက်ပင် ကျွမ်းကျင်စွာ တီးတတ်အောင် နှစ်ပေါင်းအတော်ကြာသင်ရသောစန္ဒရားကို မျက်မမြင်ကလေးမလေးက ပိုင်နိုင်စွာ တီးခတ်ဖျော်ဖြေလိုက်ရာ ပရိသတ်ကြီးမှာ အံ့ဩချီးကျူး၍ မဆုံးနိုင်အောင်ဖြစ်နေကြသည်။

"မိန်းကလေးရယ် တော်လိုက်တာ။ ဦးလေးလည်း စန္ဒရားဆရာတစ်ယောက်ပါ။ ဒီလို တတ်ကျွမ်းဖို့ အချိန်တွေ အများကြီးပေးခဲ့ရပါတယ်။ သမီး မျက်စိမမြင်ဘဲ ဒီလို စန္ဒရားတီးတတ်အောင် ဂီတသင်္ကေတတွေဘယ်လိုမှတ်သလဲဆိုတာ သိရပါစေ"

"ကျွန်မကို မချီးကျူးကြပါနဲ့။ တကယ်ချီးကျူးရမှာက ဂီတသင်္ကေတတွေကို မျက်မမြင်တွေ အသုံးချတတ်အောင် တီထွင်ပေးတဲ့ လူဝီဘရေးပါ။ သူသာ တီထွင်မပေးခဲ့ဘူးဆိုရင် ကျွန်မဟာ အမှောင်ကမ္ဘာထဲမှာ လူမသိသူမသိ သေရမယ့်သူပါ။ သူရဲ့တီထွင်မှုကို လေ့လာ သင်ယူခဲ့လို့ အခုလို လူကောင်းနဲ့မခြား စန္ဒရားတီးနိုင်တာပါ"

"ဩော် - မျက်မမြင်စာကို တစ်ပြည်လုံးမှာသင်ကြားဖို့ အထပ်ထပ်အခါခါ အစိုးရဆီကိုစာတင်ခဲ့သူမဟုတ်လား"

"ဟုတ်ပါတယ်၊ သူဟာ ကျွန်မနဲ့တကွ တစ်ကမ္ဘာလုံးက မျက်မမြင်တွေကိုပါ လူကောင်းတွေနဲ့နည်းတူ စာဖတ်လို့ရအောင်၊ တီးမှုတ်လို့ရအောင်၊ တွက်ချက်လို့ရအောင် စာပေသင်္ကေတ၊ ဂီတသင်္ကေတ၊ သင်္ချာသင်္ကေတတွေကို အကုန်တီထွင်ပေးခဲ့ပါတယ်။ သူနှစ်ပေါင်းများစွာ တီထွင်ပေးခဲ့တဲ့နည်းကို ပြင်သစ်နိုင်ငံက အုပ်ချုပ်သူတွေနဲ့ ပြည်သူတွေဟာ အခုထက်အထိ အသိအမှတ်မပြုသေးပါဘူး။ ကျွန်မတို့ သိခွင့်ရတဲ့ မျက်မမြင်တွေကတော့ အခုလိုလက်တွေ့အသုံးချအောင်မြင်နေကြတာ အတော်များနေပါပြီ။ ဒီသင်္ကေတတွေကို တီထွင်ခဲ့တဲ့ လူဝီကတော့ ကျန်းမာရေးချို့တဲ့ပြီး အိပ်ရာထဲလဲနေတာ အတော်ကြာပါပြီ။ သူ မကွယ်လွန်ခင်မှာ သူ့စေတနာကို ဂုဏ်ပြုသောအားဖြင့် မျက်မမြင်စာသင်နည်းကို တစ်ပြည်လုံးက မျက်မမြင်ကျောင်းတွေမှာ လက်တွေ့စမ်းသပ် အသုံးချကြည့်သင့်ပါပြီ။

ထိုအခါကျမှ ပြည်သူတွေကလည်း အသိအမှတ်ပြုလာကြသည်။ သတင်းများကလည်း တစိုက်မတ်မတ်ရေးလာကြသည်။ အစိုးရကလည်း စိတ်ဝင်တစား အသုံးပြုလာသည်။ ထိုအကြောင်းကို မိတ်ဆွေတစ်ယောက်က လူဝီ့ဆီကို ဝမ်းသာအားရသွား၍ပြောရာ လူဝီ ရှိုက်ကြီးတငင်ငိုရှာသည်။

"ငါ့ဘဝမှာ ရှိုက်ကြီးတငင်သုံးချိန် ငိုခဲ့ရပါတယ်။ ပထမဆုံးအချိန်က မျက်စိနှစ်ဖက်ကွယ်သွားစဉ်အချိန်ကပေါ့။ ဒုတိယအကြိမ်ကတော့ ...ဘက်စာ



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးခိုန်လှိုင်(ကျိုက်လတ်)

# သာသနာတော်သုံးရပ်နှင့်ဝစီပိတ်အကျင့်

## အုန်းပင်စုရွာမှ တပည့်မောင်မောင်ကျော်သို့

လွန်ခဲ့သော (၃) လခန့်က ကျွန်ုပ်ထံသို့ တပည့်တစ်ဦး ရောက်လာသည်။ သူနှင့် ကျွန်ုပ် မတွေ့သည်မှာ သုံးနှစ်ကျော်ပြီ ဖြစ်သည်။ သူက ကျွန်ုပ်ကို -

"ဆရာနေကောင်းရဲ့လား"

ဟု မေးသည်။

"အေး - မင်းမြင်တဲ့အတိုင်းပါပဲ။ အိပ်ရာထဲမှာလဲမနေဘူးဆိုရင် နေကောင်းတာပေါ့ကွာ"

"မင်းမိသားစုတွေကော နေထိုင်ကောင်းကြရဲ့လား"

ဟု ပြန်မေးလိုက်သည်။

"ကောင်းပါတယ် ဆရာ"

ဟု ပြောသည်။

"မင်း ငါ့ဆီလာတာ ကိစ္စရှိလို့လား"

"ကျွန်တော် ရွာကနေ ဒီကိုမကြာခဏရောက်ပါတယ်။ ဆရာခရီးသွားနေတာမို့ မတွေ့ရတာပါ။ အခုလာတာက ဆရာနဲ့လည်း တွေ့ချင်တာရယ်၊ ကျွန်တော်သိချင်တဲ့ အကြောင်းတစ်ခုကို မေးချင်လို့ပါ"

"ဘာအကြောင်းကိုသိချင်လို့လဲ"

"အကြောင်းက ဒီလိုပါဆရာ။

တန်ခူးလ သင်္ကြန်မတိုင်မီ ရွာကို ဘုန်းကြီးတစ်ပါးနဲ့ လူပုဂ္ဂိုလ်တစ်ဦး ရောက်လာတယ်။ ရွာထဲကကြေးရတက် လူကြီးအိမ်မှာတည်းပြီး (၃)ရက်လောက် နေသွားကြတယ်။ အဲဒီ ကိုယ်တော်က အသက် (၄၀) လောက်ပဲရှိမယ်။ ဝစီပိတ်ကျင့်နေတဲ့ပုဂ္ဂိုလ်တဲ့ ဆရာ"

"အေး-ဆက်ပြောပါဦး။ မင်းတို့ရွာကို ဘယ်လိုရောက်လာတာလဲ"

"ရောက်လာတာက ရွာကပုဂ္ဂိုလ်ကြီးနဲ့ ရန်ကုန်က အိမ်တစ်အိမ်မှာဆုံကြရင်း ရွာလူကြီးက ပင့်လို့ကြွလာတာပြောတယ်"

"ရွာရောက်တော့ ဘာဖြစ်ကြသလဲ"

"ထုံးစံအတိုင်းပေါ့ ဆရာရယ်။ ရွာကအမျိုးသမီးတွေ တဖွဲဖွဲရောက်လာကြပြီး အဲဒီကိုယ်တော်ကို လှူကြတန်းကြပေါ့"

"ဝစီပိတ်ကိုယ်တော်က ဘာတွေထူးခြားလို့လဲ"

"အဲဒီကိုယ်တော်က ဘောလ်ပင်နဲ့ စာရေးပြီး သူ့တပည့်ကို ပေးလိုက်တော့ သူ့တပည့်က စာဖတ်ပြီးပြောတာက ဒီရွာကိုလာရတာက အထက်က သာသနာပြုပုဂ္ဂိုလ်တွေက အမိန့်ချတာဝန်ပေးလိုက်လို့ ဘုရားတည်ဖို့နဲ့ ရွာသူရွာသားတွေကို လာဘ်ဖွင့်ပေးဖို့ ကြွလာရတာလို့ပြောပြီး လှူတဲ့သူတွေကို အင်းပြားလေးတစ်ခုစီပေးတယ်"

"မင်းပြောတဲ့ ဘုန်းကြီးက ဝစီပိတ်ကျင့်နေတယ်ဆိုတော့ သူ့နှုတ်ခမ်းကလုံးဝပိတ်ထားလား"

"ပါးစပ်ကမပိတ်ပါဘူး။ စကားမပြောဘဲ စာရွက်ပေါ်မှာ စာရေးပြီးတော့ သူ့တပည့်ကိုပေးတယ်။ သူ့တပည့်က စာရွက်ကိုဖတ်ပြီး တစ်ဆင့်ပြောရတာပေါ့ ဆရာ"

"ဟ - ဒါဖြင့် မင်းဘုန်းကြီးက အ,အပဲကွ။ စကားမပြောတတ်တဲ့ အ,နေတဲ့ သူတွေဟာ စာနဲ့ရေးပြ၊ လက်ဟန်ခြေဟန်နဲ့ပြရတယ်။ တိရစ္ဆာန်တွေက စကားမပြောတတ်ဘူး။ ပါးစပ်ဟတယ်၊ ဖွင့်တယ်။ အစာစားတယ်။ ပါးစပ်ပိတ်ထားတော့ ဘုန်းကြီးဘဝနဲ့ ဘယ်သူတွေကို ဘာပြောမလဲ၊ ဘာဟောမလဲ။

...င်းကို သိလိုက်ရတဲ့ အချိန်ပေါ့။ ...ယအကြိမ်ကတော့ အခုငါတို့တွင် ...တဲ့မှက်မမြင်စာသင်နည်းကို အသုံး ...ာမယ်ဆိုတာ သိရတဲ့အချိန်ပေါ့။ ...မယ့် အခုတတိယအကြိမ်ငါ့ဖိုတာ ...တော့ ငါ့ဘဝဟာ အချည်းအနှီးမဖြစ် ...တာသိလိုက်ရတဲ့အတွက် ဝမ်းသာ ...ိုင်တာပါ"

ဆရာကြီး ဦးအောင်သင်းက လူဝီ ...င်းရေးသော ဆောင်းပါးထဲတွင် ...သော်လည်း လူညွှန့်မတုံးသော ...းကောင်း ယောကျ်ားမြတ်ဟု ...တပ်သွားခဲ့သည်။ လူဝီသည် ထို ...ရေးသတင်းကို သိသွားပြီး ...မှာပင် ကွယ်လွန်သွားရှာသည်။ ...တွင်တော့ တစ်ကမ္ဘာလုံးရှိ ...များသည် သူတီထွင်ခဲ့သော ...စာအုပ်မျိုးစုံကို ဖတ်နိုင်နေကြ၊ ...ကိုယူနိုင်နေကြပြီ ဖြစ်သည်။

အတိတ်ကံသည် အားကိုးဖို့ ...ယုံကြည်ဖို့လောက်သာ ဖြစ် ...ရှုန် ကံ၊ ဉာဏ်၊ ဝီရိယသည် ...ဝအတွက် အားကိုးစရာဖြစ်သည်။ နတ်များသည် ကံတစ်ခုတည်းကိုသာ အားကိုးနေရသူများ ဖြစ်သည်။ လူသားကား ကံနှင့် ဝီရိယနှစ်မျိုးလုံးကို အားကိုးသူများ ဖြစ်သည်ကို မမေ့အပ်ပေ။ ယခုဘဝ ဖြစ်ဖြစ်သမျှကို အတိတ်ကံတစ်ခုတည်း၌သာ လွှဲချခြင်းကို ပုဗ္ဗေကတဟေတုကဒိဋ္ဌိဟု ခေါ်၏။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောကြားသော ကြီးပွားချမ်းသာကြောင်း သမ္မဒါလေးပါးတွင် အတိတ်ကံထည့်မထားသည်ကို ဗုဒ္ဓဘာသာတိုင်း သတိပြုသင့်သည်။ ထိုအချက်နှင့် ပတ်သက်သော ကျမ်းပေါင်းများစွာ ပြုစုခဲ့သည့် ဆရာကြီး ဦးအေးမောင် ပြောသောအတွေးအမြင်မှာ နှစ်သက်စရာကောင်းလှသည်။

"နေရာတကာမှာ ဘဝကံအကြောင်းကြောင့်၊အတိတ်ကံကြောင့်ရယ်လို့ ကောက်ချဆွဲနေမှုဟာ ကျွန်တော်တို့ တက္ကဗေဒပဲ။ လော်ဂျစ်မှာ ပြောင်းပြန်လှန်နည်းနဲ့ ကောက်ချက်ဆွဲရာက ဖြစ်ပေါ်လာတာပဲ။ ဒီလိုကောက်ချက်မျိုးဟာ တစ်ခါတစ်ရံ တက်တက်စင်အောင် ကိုယ်ကျိုးနည်းအောင်ကို မှားသွားတတ်တယ်။ ဥပမာ မြန်မာလူမျိုးအားလုံးသည် အာရှတိုက်သားများ ဖြစ်ကြသည် အဆိုကို အခြေခံပြီး အာရှတိုက်သားများအားလုံးသည် မြန်မာလူမျိုးများဖြစ်ကြသည်လို့ ကောက်ချက်ချလိုက်သလို ဖြစ်သွားမှာပေါ့။

ဒီကောက်ချက်ဟာ တက်တက်စင်အောင် လွဲမနေဘူးလား။ ဒီတော့ လူသတ္တဝါတစ်ဦးဟာ မိမိပြုသောအမှုတို့၏ ကောင်းကျိုးဆိုးပြစ်ကို တမလွန်ဘဝမှာ ခံစားကြရသည် ဆိုတဲ့ အဆိုကို အခြေခံပြီး လူသတ္တဝါတစ်ဦး ပစ္စုပ္ပန်ဘဝမှာ ကြုံတွေ့ရတဲ့ ဆင်းရဲမှု၊ ချမ်းသာမှုဟူသမျှဟာ အတိတ်ကံကြောင့်သာဖြစ်သည်ကို ကောက်ချက်ဆွဲလိုက်တာဟာ အထက်က အာရှတိုက်သားအားလုံးသည် မြန်မာလူမျိုးများ ဖြစ်ကြသည်လို့ ကောက်ချက်စွဲတာနဲ့ တူမနေဘူးလား"

*(ဆက်ရန်)*

မေတ္တာရှင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

လူလိမ်တွေပါကွာ။

တို့ဗုဒ္ဓဘာသာဝင်တွေဟာ (များသောအားဖြင့်) ဓမ္မစာပေနဲ့ ကင်းဝေးနေသူတွေ၊ ဘာသာရေးစာပေများကို ဖတ်ရှုလေ့လာမှု မပြုတဲ့သူများဟာ ကိုယ်ပိုင်ဉာဏ်၊ စဉ်းစားချင့်ချိန်တတ်သောဉာဏ်အားနည်းသူတွေအဖို့ ဘာသာရေးကိစ္စများမှာ နားလည်ဖို့ မလွယ်တော့ဘူး။ သူတို့ မကြုံဘူး၊ မကြားဘူးတဲ့ ဝစီပိတ်ဆရာတော်၊ ရေဆွမ်းဆရာတော်၊ ဆားဆွမ်းဆရာတော်၊ သဲဆွမ်းဆရာတော်၊ မီးလွတ်ကျင့်တဲ့ဆရာတော် ဆိုကြတဲ့ ပုဂ္ဂိုလ်အမျိုးမျိုးထွက်ပေါ်လာကြတယ်။ လူတွေအထင်ကြီးအောင် ဒီအကျင့်တွေကို ဗန်းပြပြီး လာဘ်လာဘရှာမှီး နာမည်ကြီးအောင် လုပ်ပြနေကြတယ်။ အသိဉာဏ်ခေါင်းပါးသူများအဖို့ ဒီပုဂ္ဂိုလ်များကို သူတော်စင်သူတော်မြတ်ပုဂ္ဂိုလ်ထူးတွေလို့ ထင်မှတ်မှားနေတတ်ကြတယ်"

ဘာသာရေးအသိဉာဏ် ကင်းမဲ့သူများ အထင်ကြီးနေကြတဲ့ 'ဝစီပိတ်အကျင့်' ကို မြတ်စွာဘုရားရှင်က အောက်ပါအတိုင်း မိန့်တော်မူခဲ့၏။ တားမြစ်တော်မူခဲ့၏။

*ဝစီပိတ်အကျင့်သည် အ,အကျင့်၊ အရူးကျင့်၊ တိရစ္ဆာန်အကျင့်၊ တိတ္ထိကျင့်ဖြစ်သောကြောင့် မည်သည့်အခါမျှမကျင့်ရ။ ကျင့်သောရဟန်းဒုက္ကဋ်အာပတ်သင့်စေ)*

**ဝိနည်းမဟာဝါပါဠိတော်၊**
**ပဝါရဏာက္ခန္ဓသုတ်**

ကျေးရှုးရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက မိန့်တော်မူခဲ့သည်မှာ-

'လုပ်သမျှဘာသာရေးကိစ္စတိုင်း၌ ဗုဒ္ဓအလိုတော်ကျ နည်းပါးလှသောကြောင့် ဘာသာရေးအခြေမကျရှာသော ခေတ်လူတို့အတွက် မီးလောင်ရာလေပင့်သကဲ့သို့ အဆင့်ဆင့်ထင်မှားဖွယ်အသွယ်သွယ်များလာလေတော့သည်'

ဟူ၍ မိန့်တော်မူခဲ့ဖူးပါ၏။

ဘာသာရေးကိစ္စများ၌ ဘာသာရေးစာပေများကို ဖတ်ရှုလေ့လာမှုမပြုခဲ့သူများအဖို့ နားလည်ဖို့မလွယ်။ ယင်းသို့ နားမလည်သောအခါ ဘုရားမဟောသည်ကို ဟောသည်ဟု ထင်တတ်ကြသည်။ ဗုဒ္ဓအလိုတော်ကျ မဟုတ်သည်ကို ဗုဒ္ဓအလိုတော်ကျဟု ထင်မှားတတ်၏ ။ ဘုရားမချီးမွမ်းသော အကျင့်ကို အကျင့်ထူးအကျင့်မြတ်ဟုထင်မှားတတ်ကြသည်။

အထူးသဖြင့် ယခုအချိန်အခါတွင် တန္တရ၊ မန္တရ၊ ယန္တရဝါဒတို့ ကိုယ်စားပြုရာ ဂမ္ဘီရစာပေများတွင် ကျယ်ပြန့်နှံ့လျက်ရှိရာ ထိုစာပေတို့၏ သွေးဆောင်ဖြားယောင်းမှုများကြောင့် ဘာသာရေးဆိုင်ရာကိစ္စများ၌ အထင်မှားဖွယ်အသွယ်သွယ်ကို ပြုမိမှားတတ်ကြ၏။ ထိုသို့ အထင်မှားစရာအဖြာဖြာရှိရာတွင် ဝစီပိတ်ကျင့်စဉ်ကို ကျင့်စဉ်ကောင်းကျင့်စဉ်မြတ်အဖြစ် လည်းကောင်း၊ ဝစီပိတ်ကျင့်သူကို (သူတော်စင်ပုဂ္ဂိုလ်ထူး)အဖြစ် လည်းကောင်း ထင်မှတ်မှားခြင်းလည်း ပါဝင်၏။

ထိုသို့ ထင်မှတ်မှားမှုကို အခွင့်အရေးတစ်ရပ်ပမာ အသုံးချလျက်ရှိသူတို့က ဝစီပိတ်အကျင့်ကို ဗန်းပြပြီး လာဘ်လာဘများကို ရှာမှီးတတ်ကြသည်။ အမှန်မှာ နှုတ်ခမ်းဟူသည် လုံးဝပိတ်ထားဖို့ မဟုတ်။ လူသားအချင်းချင်း စကားဖြင့် အဆက်အသွယ်ပြုရသည်။ နှုတ်ပိတ်နေမည့်အစား ကုသိုလ်ကိုဆောင် အကုသိုလ်ကိုရှောင်ဖို့ပြောကြားမည်။ ဟောကြားမည်။ ဓမ္မ၌မွေ့လျော်ပြီး အဓမ္မ၌ မသက်ဝင်ရန် ပြောကြားမည်ဆိုပါလျှင် မိမိအတွက်လည်း ကုသိုလ်ရ၍ ကြားနာရသူများအတွက်လည်း အကျိုးကျေးဇူး တစ်စုံတစ်ရာ ကြီးမားသေမှုချ ဖြစ်ထွန်းလိမ့်မည်ဖြစ်သည်။

ပိတ်နေသောနှုတ်သည် ဘာကိုမှ မစွမ်းဆောင်နိုင်၊ မည်သည့်ကောင်းကျိုးကိုမှ မသယ်ပိုးနိုင်ပေ၊ ဓမ္မကိုဟောကြားသော နှုတ်ကသာ သာသနာ့အကျိုးကို သယ်ပိုးနိုင်မည် ဖြစ်ပါသည်။ စင်စစ်သော် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဝစီပိတ်အကျင့်ကိုကျင့်ဖို့ မတိုက်တွန်းခဲ့ရုံမျှမက ဝစီပိတ်အကျင့်ကိုမကျင့်ရန်ပင် ဝိနည်းသိက္ခာပုဒ် ပြဋ္ဌာန်းထား၍ တားမြစ်တော်မူခဲ့သည်။

မော်ကျွန်း အရှင်ပဏ္ဍိတ ဆရာတော်က ဝစီပိတ်အကျင့် စသည်ကိုလည်း မသိသူတို့က အကျင့်ကောင်းအကျင့်မြတ်တစ်ခုဟု ထင်မှတ်နေသော်လည်း အမှန်စင်စစ်ကား ဘုရားရှင် ပိတ်ပင်တားမြစ်တော်မူခဲ့သော အကျင့်တို့ဖြစ်၏။ ဤအကျင့်ဖြင့် ကျင့်ကြံနေထိုင်ခြင်းမှာ ဘုရားရှင် မိန့်တော်မူခဲ့သည့် တိရစ္ဆာန်တို့ နေထိုင်ခြင်းမျိုးဖြင့် နေထိုင်ခြင်းသာ ဖြစ်၏။ ယင်းအကျင့်မှာ သာသနာပြင်ပတိတ္ထိ၏ (သူ-အ) အကျင့်သာဖြစ်သည်။

ဤဘုရားဟောကို မတွေ့ဘူးသေးသော၊ မကြားဘူးသေးသော သူတို့အတွက်ကား ယင်းအကျင့်မျိုးမှာ တကယ့်အကျင့်ကောင်းကြီးတစ်ခုသဖွယ် ဖြစ်နေရပေသည်။

**ဗုဒ္ဓသာသနာ** - သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၏ အဆုံးအမ ဩဝါဒတရားဖြစ်၏။ သာသနာတော်သည် နှစ်ပေါင်း (၂၅၀၀) ကျော်သည့်တိုင် တည်တံ့ခိုင်မြဲ ပြန့်ပွားဆဲဖြစ်သည်။

**သာသနာဝင်** - မြတ်ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒတရားတော်များကို ခံယူကျင့်သုံးနေကြသည့် ဝေနေယျပုဂ္ဂိုလ်အပေါင်းကို မြတ်ဗုဒ္ဓသာသနာဝင်များဟု ခေါ်၏။

**သာသနာတော်သုံးရပ်** - (ပရိယတ္တိသာသနာ) ဘုရားဟောပိဋကတ်သုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများစာပေများကို လေ့လာမှတ်သားခြင်းနှင့် အားထုတ်သင်ကြားခြင်း (တစ်နည်းအားဖြင့်) သင်ယူရမည့် လမ်းညွှန်သဘောတရား ဟူသော သာသနာတော်၏ အဆုံးအမဖြစ်သည်။ (ပဋိပတ္တိသာသနာ) သီလ၊ သမာဓိ၊ ပညာတရားများ မိမိ၌ တိုးပွားများပြားလာစေရန် ပရိယတ္တိသာသနာနှင့်အညီ လက်တွေ့လိုက်နာ ကျင့်ကြံအားထုတ်မှု၊ သမထနှင့် ဝိပဿနာဘာဝနာ (၂) ပါးနှင့် ယင်းတရားတို့ကို ကျင့်ကြံအားထုတ်မှုများ (တစ်နည်းအားဖြင့်) ဘုရားရှင်၏ အဆုံးအမ ဩဝါဒလမ်းညွှန်သဘောတရားများနှင့်အညီ၊ လက်တွေ့ကျင့်သုံးရမည့် သာသနာ၏အဆုံးအမ၊ (ပဋိဝေဓသာသနာ) ဘုရားရှင်၏ အဆုံးအမဩဝါဒလမ်းညွှန်တရားတော်များနှင့်အညီ လက်တွေ့ ကျင့်ကြံအားထုတ်မှုကြောင့် ရရှိသော မဂ်ဖိုလ်နိဗ္ဗာန်ဟူသည့် သာသနာတော်၏အဆုံးအမ (တစ်နည်းအားဖြင့်) ပရိယတ္တိသာသနာတော်၏ အဆုံးအမနှင့်အညီ ပဋိပတ္တိသာသနာတော်ကို ကျင့်ကြံအားထုတ်ခြင်းဖြင့် ဈာန်သမာပတ်၊ မဂ်ဖိုလ်နိဗ္ဗာန်တရားများကို ကိုယ်တိုင် ထိုးထွင်း၍ သိမြင်ပေါက်ရောက်လာသော အကျိုးတရား မဂ်ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်မှု သာသနာတော်၏ အဆုံးအမ ဖြစ်သည်။

*လူလိမ်ဘေးမှကင်းဝေးကြပါစေ*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com


ရွှေချီအောင်(ဇလပ်)

# မြတ်ဗုဒ္ဓရုပ်တုတော်ကိုးကွယ်ခြင်းအစ ရခိုင်မဟာမုနိရုပ်ရှင်တော်မြတ်က

စာရေးသူတို့၏ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သည့် နိုင်ငံများအနက် ထေရဝါဒဗုဒ္ဓသာသနာတော် အစစ်အမှန်ကို ကိုးကွယ်ခွင့်ရသည့် ဗုဒ္ဓသာသနာတော် နေ့တစ်ဆူလတစ်နှုန်း ထွန်းလင်းတောက်ပနေသည့် နိုင်ငံတော်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓနှင့် ဗုဒ္ဓသာသနာတော်ပဌာန်းဆက်သည် မြတ်စွာဘုရားရှင်နှင့် ပဌာန်းတော်ဆက်အရ အဦးဆုံးခံယူခွင့်ရရှိခဲ့သည်မှာ လွန်စွာ အံ့သြဖွယ်ကောင်းလှပေသည်။ မြတ်ဗုဒ္ဓသည် ဘုရားရှင်အဖြစ် ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးသည်နှင့်တစ်ပြိုင်နက် မြန်မာပြည်သား ကုန်သည်ညီနောင် တပုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးတို့သည် ဗုဒ္ဓ၏ ဦးစွာပထမ ဖူးမြော်ကြည်ညိုခွင့်ရသော ကမ္ဘာ့ပထမဦးဆုံး ဗုဒ္ဓဘာသာဝင်ဒွေဝါစိကဥပါသကာများအဖြစ် ခံယူခွင့်ရရှိခဲ့ခြင်းသည် အလွန်တန်ဖိုးကြီးမားလှသည့် သာသနာ့ဆုတော်လာဘ်တော်ကြီးတစ်ခုပင် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓပေးသနားလိုက်သည့် ဆံတော်မြတ်များဖြင့် ညီနောင်နှစ်ပါးတို့က တည်ထားကိုးကွယ်ခဲ့သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ရွှေရောင်တဝင်းဝင်းနှင့် မြန်မာပြည်၏ ဗုဒ္ဓသာသနာတော်ကျက်သရေဆောင်ကြီးအဖြစ် ကမ္ဘာသိတည်ရှိလျက်ရှိနေသည်မှာ ဧကန်မုချ အမှန်ပင် ဖြစ်လေသည်။

ထိုနည်းတူစွာပင် ရခိုင်ဓညဝတီပြည့်ရှင် မင်းမြတ်စန္ဒာသူရိယဘုရင်သည် ကမ္ဘာ့ပထမဦးဆုံး မြတ်ဗုဒ္ဓ၏ ကိုယ်စားတော် ကိုယ်ပွားတော်မြတ်မဟာမုနိရုပ်ရှင်တော်အား ရတနာအပေါင်းနှင့် သွန်းလောင်း ထုလုပ်ကိုးကွယ်ခွင့် ရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။ ဘုရားရှင်၏ မေတ္တာတန်ခိုးအာနုဘော်နှင့် ရင်ငွေ့တော် ခုနစ်အုပ်ပေးသွင်းတော်မူ၍ သွန်းလုပ်ပြီးမြောက်စေသကဲ့သို့ သက်ရှိထင်ရှား ဗုဒ္ဓမြတ်စွာနှင့်မခြားသက်ရှိထင်ရှား သက်ဝင်လှုပ်ရှားတော်မူခဲ့သည့် ကမ္ဘာ့ဗုဒ္ဓသာသနာတော်၏ ရုပ်တုတော်ဆင်းတုတော်ကိုးကွယ်မှု၏ အစပထမအဖြစ် ခံယူခွင့်ရရှိခဲ့ခြင်းမှာ အလွန်တရာ ထူးခြားသည့် ကုသိုလ်ကောင်းမှုတော်ပင် ဖြစ်ခဲ့လေသည်။

ကျောက်တော်မြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ သိမ်တော်ကြီး၏ ဘုံအထွတ်တွင် တင်ဆောင်ထားသည့် ရွှေထီးတော်အဟောင်းအား ကမ္ဘာ့သာသနာပြုပုဂ္ဂိုလ်အကျော် အလိုတော်ပြည့်ဆရာတော်ကြီး ဒေါက်တာ အရိယဝံသမှ အမှူးပြု၍ အလှူရှင်များ၏ လှူဒါန်းပါဝင်မှုဖြင့် ရွှေသားစင်စစ် ရွှေထီးတော်ကြီးအား ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်နေ့ (၆-၄-၂၀၁၂) တွင် ရွှေထီးတော်တင်လှူပွဲအခမ်းအနားအား ရခိုင်ပြည်နယ်အုပ်ချုပ်ရေးအစိုးရအဖွဲ့ဝန်ကြီးများ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့မိမြို့ဖ ရခိုင်ပြည်နယ်ပြည်သူပြည်သားများက စည်ကားသိုက်မြိုက်စွာ ရွှေထီးတော်တင်လှူပွဲအခမ်းအနားကို အောင်






...မြတ်မျက်နှာတော်အနီးကပ်ဖူးတွေ့ရပုံ




www.burmeseclassic.com


www.burmeseclassic.com



ဆရာတော်ကြီးမှ ရွှေထီးတော် ပင့်ဆောင်လာစဉ်



ဆရာတော်ကြီးမှ စီစဉ် ညွှန်ကြားနေစဉ်



ဒေါ်ဝင်း ရာဇာဝင်းမှဲ့ ပူဇော်နေပုံ

မြင်စွာ ကျင်းပပြီးစီးတော်မူခဲ့ရာ ဗဟိုသံဃနာယကဥက္ကဋ္ဌဆရာတော်၊ အတွင်းရေးမှူးဆရာတော်ကြီးနှင့်တကွ ပိဋကတ်ဆရာတော်များအားလုံး ကြွရောက်ချီးမြှင့်တော်မူခဲ့ကြသည်။ ရှေးကာလမူလတင်ဆောင်သည့် ရွှေထီးတော်ကြီးမှာ ရွှေသားစင်စစ်မဟုတ်ခဲ့ချေ။ အလိုငံ့တော်ပြည့်ဆရာတော်ကြီးက ရွှေသားစင်စစ်ရွှေထီးတော်မြတ်ကြီးကို တင်လှူနိုင်ရန် ဆရာတော်ကြီးနှင့်တကွ တပည့်တကာရင်းများမှ ပါဝင်လှူဒါန်းနိုင်ကြရန် ၂၀၀၅ ခုနှစ်မှစတင်၍ ကြိုးပမ်းခဲ့ကြောင်း ဆရာတော်ကြီးက စာရေးသူအား ပြောပြခဲ့ဖူးပါသည်။ ရွှေသားစင်စစ်ထီးတော်ကြီးမှာ ပြီးစီးခဲ့သော်လည်း အကြောင်းမညီညွတ်သဖြင့် တင်ဆောင်ခွင့်မကြုံခဲ့ဘဲ ကိုးနှစ်တိုင်တိုင် ကြာမြင့်ခဲ့ပြီးမှ ၂၀၁၂ ခုနှစ်တွင်မှ တင်ဆောင်လှူဒါန်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အချိန်ကာလ အခွင့်အလမ်းစေ့မြောက်သည့် အချိန်အခါတော်သင့်မှသာ လှူဒါန်းတင်ဆောင်ခွင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်။

**မြတ်ဗုဒ္ဓ၏ပဋ္ဌာန်းဆက်ဒါယကာ**

ရခိုင်ပြည့်ရှင် စန္ဒာသူရိယဘုရင်သည် မြတ်ဗုဒ္ဓနှင့် ရှေးရှေးပါရမီတော်ဆက်၊ ပဋ္ဌာန်းဆက်အရ တော်စပ်ခဲ့ဖူးလေသည်။ စန္ဒာသူရိယဘုရင်သည် နေအဝင်၊ လအထွက်အချိန်အခါတွင် ထူးခြားစွာ မွေးဖွားလာသူဖြစ်၍ စန္ဒာသူရိယဟု အမည်တော်ရှိခဲ့လေသည်။ မြတ်ဗုဒ္ဓနှင့် ရှေးရှေးဘဝဟောင်းက မိတ်ရင်းဆွေရင်း ပေါင်းသင်းခဲ့ကြသည့် ပဋ္ဌာန်းဆက်အရ မြတ်ဗုဒ္ဓ ပွင့်ထွန်းပေါ်ပေါက်ခဲ့ပြီးနောက် အမိဋ္ဌာန်တော်အရ မြတ်ဗုဒ္ဓကိုပင့်ဆောင်ခဲ့ကာ ဗုဒ္ဓမြတ်စွာကို ကိုးကွယ်ဆည်းကပ်ပူဇော်ခွင့်ရရှိခဲ့သည့် မင်းတစ်ပါးလည်း ဖြစ်လေသည်။ စန္ဒာသူရိယဘုရင်မင်းမြတ်သည် နောင်သာသနာတော်ရှေ့ရေးကိုတွေး၍ မြတ်ဗုဒ္ဓ၏ကိုယ်စား ကိုယ်ပွားရုပ်တုတော် သွန်းလောင်းပူဇော်ခွင့်ပြုပါရန် ဘုရားရှင်ထံ လျှောက်ထားခဲ့ရာ မြတ်ဗုဒ္ဓက ကိုယ်ပွားရုပ်တုတော် သွန်းလောင်းကိုးကွယ်ခွင့်ပြုခဲ့လေသည်။

စန္ဒာသူရိယဘုရင်မင်းမြတ်သည် မြတ်ဗုဒ္ဓနှင့် ငါးဘဝတိုင်တိုင် ရှေးဘဝရေစက်ဆုံခဲ့လေသည်။ မြတ်ဗုဒ္ဓအလောင်းတော်သည် ကာလိင်္ဂပြည်တွင် ဗြဟ္မာဘာဝီမင်းဖြစ်စဉ် စန္ဒာသူရိယအလောင်းလျာက ဇေယျနန္ဒိယအ



www.burmeseclassic.com

www.burmeseclassic.com

ကြီးအဖြစ် ဘုရားအလောင်းတော်တော ထွက်တော်မူစဉ် အမတ်ကြီးကို နန်းလျာ သနားခဲ့ရာမခံယူဘဲ နောက်ပါရသေ့ အဖြစ် အလုပ်အကျွေးပြုစုခဲ့လေသည်။ နွားကျောင်းသားဘဝဖြစ်စဉ်ကလည်း မြတ်ဗုဒ္ဓလောင်းလျာက ဗေဒင်အဟော ဖြင့် နွားပျောက်ရှာဖွေပေးခဲ့ဖူးရာတွင် လည်း ရင်းနှီးချစ်ကျွမ်းဝင်ခဲ့လေသည်။ ဘုရားအလောင်းတော်သည် ဟိမဝန္တာ တောတွင် ရသေ့ဖြစ်စဉ် စန္ဒာသူရိယ အလောင်းက မင်းဖြစ်ခဲ့၍ တောကစား ထွက်ခဲ့ရာမှ ရသေ့နှင့်ဆုံတွေ့၍ အလုပ် အကျွေးပြုစုခဲ့ရဖူးလေသည်။

နောက်တစ်ဘဝမှာ မြတ်ဗုဒ္ဓ လောင်းလျာသည် ရသေ့အဖြစ်ရှိခဲ့စဉ် စန္ဒာသူရိယအလောင်းက မုဆိုးဖြစ်ခဲ့ဖူး ရာ မျက်စိလည်လမ်းမှားပြီး ရသေ့ထံ ရောက်ရှိခဲ့၍ ရှင်ရသေ့က လမ်းပြခဲ့ သည်ကို အကြောင်းပြု၍ ရသေ့အား တစ်သက်တာဘဝ ပူဇော်လိုသဖြင့် ရှင် ရသေ့က ခွင့်ဖြင့် ရသေ့ကိုယ်ပွားရုပ်တုကို ပြုလုပ်ပေးခဲ့ရဖူးလေသည်။ ပဉ္စမဘဝ တွင်အဖြစ် မြတ်ဗုဒ္ဓလောင်းလျာရဟန်း ဖြစ်ခဲ့စဉ် စန္ဒာသူရိယအလောင်းလျာက ဥတ္တရပြည် မဟာဇနကမင်းကြီး၏ သားတော်ဖြစ်ခဲ့လေသည်။ ရဟန်းတော် အား ပင့်ဆောင်၍ ကျောင်းဆောက်လုပ် လှူဒါန်းကာ မင်းသားသည် ကိစ္စကြီး ငယ်ဖြင့် တစ်ရပ်တစ်ရွာသွားခဲ့ရပါက အမြဲတစေ ပူဇော်မှုပြုနိုင်ရန် ရဟန်း ကိုယ်စား ရုပ်တုတော်ငယ် ထုလုပ်၍ ပူဇော်ဖူးခဲ့သည့် ပါရမီတော်အထုံများ အကြိမ်ကြိမ်ရှိခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။ မြတ်ဗုဒ္ဓ ဘုရားရှင်အဖြစ် စင်စစ်ရောက် တော်မူခဲ့သည့်အခါ စန္ဒာသူရိယဘုရင် မင်းမြတ်သည် ရှေးဘဝအထုံရေစက် အရ မြတ်ဗုဒ္ဓ၏ကိုယ်စား ကိုယ်ပွားမဟာ မုနိရုပ်ရှင်တော်မြတ်ကို ထုလုပ်သွန်း လောင်း ကိုးကွယ်ခွင့်ရရှိခဲ့ခြင်း ဖြစ်လေ သည်။

**ရခိုင်ပြည်သို့ဘုရားရှင်ကြွတော်မူခြင်း**

မြတ်ဗုဒ္ဓဘုရားရှင်သည် သုံးလော က ထွတ်ထား ဘုရားရှင်အဖြစ်သို့ ထွန်းပေါ်ပေါက်တော်မူပြီးနောက် ဝါတော် (၂၀) မြောက်တွင် ပွင့်ထွန်းခဲ့ရာ မဇ္ဈိမဒေသမှ ယူဇနာကိုးရာတိုင်တိုင် ဝေး ကွာသည့် ဓညဝတီ ရခိုင်ပြည်ကြီးဆီ သို့ မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန် လဆန်း ၈ ရက် ဗုဒ္ဓနေ့နံနက် နေ့ထွက်စ အချိန်တွင် နောက်တော်ပါ သံဃာငါးရာ နှင့် ငါးရာသော နတ်ပြာသာဒ်တို့ဖြင့် အထက်ကောင်းကင်ခရီးဖြင့် ကြွချီတော် မူခဲ့လေသည်။ ဦးစွာပထမ သေလာဂီရိ အမည်ရှိကျောက်တော်တောင်၏တောင် ဘက်အင့ူစွန်း မောရဗ္ဗတတောင်ထွတ် တွင် သက်ဆင်းရပ်တန့်တော်မူ၍ အရပ် လေးမျက်နှာသို့ ရှုစားပြုံးတော်မူလျက် အရှင်အာနန္ဒာ၏ လျှောက်ထားတောင်း ပန်ချက်အရ အတိတ်ဆောင်ဟောကြား ကာ ဓာတ်တော်များ တည်ရှိလာမည့် နေရာဒေသများကို ဗျာဒိတ်တော်ပေး သနား၍ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလေသည်။ ထိုအခါ ပထဝီမြေ ကြီးသည် အံ့ဩဖွယ် တသိမ့်သိမ့်ဖြင့် လှုပ်ရှားကာ ပွဲတင်သံများ မြည်ဟည်း ဖြစ်ပေါ်လျက် ကောင်းချီးဩဘာပေးခဲ့ လေသည်။

**မဟာမုနိရုပ်ရှင်တော်မြတ်သွန်းလုပ်ခြင်း**

ဗုဒ္ဓမြတ်စွာသည် စန္ဒာသူရိယ ဘုရင်မင်းမြတ်နှင့်တကွ မှူးမတ်ဗိုလ်ပါ၊ တိုင်းသူပြည်သားအပေါင်းတို့၏ပူဇော် သက္ကာရပြုမှုကို ခံယူတော်မူပြီးနောက် ပြန်ကြွမည့်အချိန်သို့ ဆိုက်ရောက်လာ လေသည်။ ထိုအခါ စန္ဒာသူရိယဘုရင် သည် ရှေးဘဝအစဉ်ရေစက် ပဋ္ဌာန်း ဆက်အရ ဗုဒ္ဓဘုရားရှင်နှင့် ဝေးကွာရ မည့်အဖြစ်ကို တွေးမိကာ ဘုရားရှင် အား ခြေတော်ဦးခိုက်လျှောက်ထားလေ သည်။ စန္ဒာသူရိယဘုရင်သည် ဗုဒ္ဓမြတ် စွာအပေါ် သဒ္ဓါကြည်ညိုစိတ် ပြင်းပြ ယိုဖိတ်လွှမ်းရကား မြတ်ဗုဒ္ဓပြန်ကြွတော် မူလေသော် ကိုးကွယ်ရာမရှိမည်ကို စိုး ရိမ်မိသဖြင့် ဗုဒ္ဓဘုရားရှင်ကိုယ်စား ကိုယ် ပွားရုပ်ရှင်တော်တစ်ဆူ ကိုးကွယ်တော်မူ လိုကြောင်း တောင်းပန်လျှောက်ထားခဲ့ လေသည်။

ဗုဒ္ဓဘုရားသခင်က မြော်မြင်တွေး ရှုတော်မူမိသည်မှာ ဘုရားအလောင်း ဘဝဖြင့် အဆက်ဆက် ကျင်လည်ကျက် စားခဲ့ဖူးသော ဓညဝတီရွှေပြည်ကြီးသည် ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း၌ မြို့ကြီး အပေါင်း ရှစ်သောင်းလေးထောင်ဖြင့် မြင့်မြတ် ကြီးကျယ်သော တိုင်းပြည်ကြီး ဖြစ်ခဲ့လေသည်။ ဓညဝတီပြည်တွင် ငါဘုရားရှင်ကိုယ်စား ကိုယ်ပွားရုပ်တု တော်ထားရှိခဲ့ပါလေသော် ငါပရိနိဗ္ဗာန်စံ လွန်တော်မူပြီးနောက် ထားခဲ့သည့် သာသနာငါးထောင်ပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ချမ်းသာစီးပွား များစွာ ဖြစ်ထွန်းခြင်းအကျိုးကို မြင်သိ တော်မူသဖြင့် စန္ဒာသူရိယဘုရင်၏ တောင်းပန် လျှောက်ထားချက်ကို လက်ခံတော်မူခဲ့လေသည်။

စန္ဒာသူရိယဘုရင်မင်းမြတ်လည်း မြတ်ဗုဒ္ဓ၏မိန့်မြွက်ချက်ကိုကြားသိတော် မူရ၍ လွန်စွာ နှစ်ထောင်းအားရ ပီတိကျ လျက် ပြည်ထောင်အချင်းချင်း မင်း အပေါင်းတို့အား ကိုးပါးသော ရတနာတို့ ကို အလှူခံသော် ကိုးကုဋေမျှလောက် သော ရတနာတို့ကို ရရှိခဲ့သဖြင့် မြတ်စွာ ဘုရားအား လျှောက်ထားလှူဒါန်းတော် မူခဲ့လေသည်။ မြတ်ဗုဒ္ဓသည် သိကြား ဝိသကြုံတို့ကို ခေါ်တော်မူ၍ ငါဘုရား ၏ကိုယ်တော်နှင့် မယုတ်မလွန် အတိုင်း အရှည်ပမာဏရှိသည့် ကိုယ်ပွားကိုယ် စား ရုပ်တုတော်အား သွန်းလုပ်နိုင်ရန် ရတနာတော်ခုနစ်ဆုပ်ကို ရွှေလက်ခုပ် တော်ဖြင့် ကျုံးယူကာ ရတနာ၊ ရွှေ၊ ငွေ အပေါင်းအား သိကြားမင်းသို့ လွှဲပြောင်း အပ်နှင်းတော်မူလေသည်။

**ရုပ်ရှင်တော်သွန်းလုပ်ရာ ခက်ခဲမှု**

စန္ဒာသူရိယဘုရင်နှင့်တကွ တစ် ရာသော မင်းအပေါင်းတို့သည် သီရိဂုတ် ကုန်းတော်ထိပ်တွင် ဗုဒ္ဓပူဇော်ပွဲသဘင် ကို ခုနစ်ရက်တိုင်တိုင် ကျင်းပပြီးနောက် အဥ္စနမင်းဖြိုကြွင်းသည့် မဟာသက္ကရာဇ် ၁၂၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ည နေအချိန်တော်မှစတင်၍ မဟာမုနိရုပ် ရှင်တော်မြတ် သွန်းလုပ်ခြင်းကို သိကြား ဝိသကြုံတို့၏ စောင့်ရှောက်မှုဖြင့် သွန်း လုပ်တော်မူခဲ့လေသည်။ တာဝတိံသာ၊ ယာမာ စသော နတ်အပေါင်းတို့သည် လည်း ရတနာ၊ ရွှေ၊ ငွေတို့ကို စုပုံပူဇော် သမှုပြုကြလေ၏။ လူမင်းအပေါင်းတို့၏ ရတနာကား တင်းပေါင်း ဆယ့်ငါးတင်း၊ နတ်သိကြားတို့၏ ရွှေ၊ ငွေအလှူတော် ကား တင်းပေါင်း ငါးဆယ်ဖြစ်လေသည်။ နှစ်ရပ်သော ရတနာတို့ကို ပေါင်း၍ ကျို ချက်နေစဉ် နတ်နဂါးတို့က မထင်မရှား သောကိုယ်ဖြင့် ရွှေ၊ ငွေကျိုရည်တို့ကို အမြီးဖျားနှင့် လာရောက်မွှေပေးကြလေ သည်။ သိကြားနှင့် ဝိသကြုံနတ်တို့သည် မဟာမုနိသွန်းလုပ်ရာတွင် မြတ်ဗုဒ္ဓ၏ ပုံစံတော်နှင့် တစ်ထပ်တည်းကျအောင် ကြိပ်မတ် သွန်းလောင်း ထုလုပ်ကြလေ သည်။

စူဠရဋ္ဌနတ်မင်းကြီး၏ ရှေ့တွင် ထီးဆောင်းမင်းအပေါင်းနှင့် သိကြား ဝိသကြုံ စသည့် နတ်အပေါင်းတို့သည် ခြောက်ဆယ့်ငါးတင်းသော ရတနာတို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးတော်အား ပင့်ဆောင်လာစဉ်



အခမ်းအနားသို့ တက်ရောက်လာသည့် ရခိုင်ပြည်နယ်ဝန်ကြီးများ



ငှက်မြတ်နားတော်အား ပင့်ဆောင်လာစဉ်

ကို ကောင်းစွာ ကြပ်မတ် ကျိုချက်ကြကုန်လေသည်။ သို့ရာတွင် ကိုယ်တော်အလုံးစုံ ပြီးမြောက်ခဲ့ပါသော်လည်း ဦးခေါင်းတော်မြတ်သည် မစေ့စပ်နိုင်ဘဲ ကွဲနေတော်မူသဖြင့် သုံးကြိမ်၊သုံးခါသွန်းလုပ်ပါသော်လည်း မပြီးမစီး အချည်းအနှီးသာ ဖြစ်ချေ၏။ အကြိမ်ကြိမ်ကြိုးစားကြသော်လည်း အရာမထင်သဖြင့် မင်းပြစ်မင်းဒဏ်ကို ကြောက်ရွံ့ကာ ဗုဒ္ဓဘုရားရှင်အား အကြောင်းစုံကို လျှောက်ထားခဲ့ကြလေသည်။ ဘုရားရှင်မှ စိုးရိမ်ကြောင့်ကြမရှိပါလင့်ဟု နှစ်သိမ့်တော်မူလျက် ရတနာပလ္လင်တော်ကိုသာ ပြီးစီးအောင် စီမံထားနှင့်ကြကုန်ပါဟု မိန့်မှာတော်မူလေသည်။ နံနက်မိုးသောက်အလင်းရောက်သည့်အခါ ဗုဒ္ဓမြတ်စွာ၏ တန်ခိုးအာနုဘော်တော်ကြောင့် ရုပ်တုတော်မြတ်သည် ပလ္လင်တော်ထက်ဆီသို့ အလိုလိုကြွရောက်တော်မူလျက်ရှိလေသည်။

## ဗုဒ္ဓက ရင်ငွေ့တော်ခုနစ်ဆုပ်ပေးသွင်းခြင်း

နံနက်မိုးသောက်လေသော် မြတ်စွာဘုရားသခင်သည် နောက်ပါတော်သံဃာငါးရာခြံရံလျက် ကြွရောက်တော်မူလေသည်။ ထို့နောက် မြတ်စွာဘုရားသခင်က မိန့်မှာတော်မူသည်မှာ ငါဘုရားရှင်၏ ပါရမီတော်အလျောက် ဗောဓိပင်နှင့် ရွှေပလ္လင် ပေါ်ပေါက်လာခဲ့သည့်အခါ မည်သူတစ်ဦးတစ်ယောက်မှ တင်ထားခြင်းမရှိ။ မြတ်စွာဘုရားသခင်၏ တန်ခိုးတော်မြတ်ကို ချိုးမွမ်းကြံစည်ခြင်းငှာ မတတ်နိုင်ရာဟု -

*'ဓဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ။ အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော'*

ဟူ၍ မိန့်မြွက်ဟောကြားတော်မူလေသည်။

ထို့နောက် သိကြားမင်း၊ ဝိသကြုံနှင့် လူမင်းအပေါင်းတို့ဖန်ဆင်းသွန်းလုပ်ထားအပ်သောရုပ်တုတော်ကို တန်ခိုးကြီးစေခြင်းအလို့ငှာ ကိုယ်တော်မှဖြစ်တော်မူသော 'ရင်ငွေ့တော်ခုနစ်ဆုပ်' လက်ခုနစ်အုပ်ကို ထည့်သွင်းတော်မူလေသည်။ ထိုအခါမှသာ မြတ်ဗုဒ္ဓ ထပ်မံဖန်ဆင်း စီရင်တော်မူအပ်သည့် ရုပ်တုတော်သည် ဆံခြည်မျှမချွတ်စေဘဲ မြန်မာနှစ် ၁၂၃ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့ နံနက်တွင် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်တော်မူလေသည်။ ဖြဟ္မာ၊ နတ်၊ လူအပေါင်းတို့



www.burmeseclassic.com

www.burmeseclassic.com

၏ မျက်စိရှေ့မှောက်တွင်လည်း နှစ်ဆူသောဘုရားပွင့်တော်မူကြွားသကဲ့သို့ မှတ်ဆင်ကုန်ကာ ပူဇော်သက္ကာရပြုကြလေသည်။ ပြည်သူအပေါင်းတို့သည် အထူးထူးခြောက်သွယ်ဩဘိတိဖြစ်ကြလျက် အထူးထူးသော ပန်း၊ နံ့သာ၊ တံခွန်၊ ကုက္ကားတို့ဖြင့် လှူဒါန်းပူဇော်ကြကုန်လေ၏။

နတ်အပေါင်းတို့ကလည်း ဝမ်းမြောက်ဝမ်းသာဖြင့် နတ်ပန်းမိုးရွာသွန်းပူဇော်ကြလေသည်။ နတ်ပြဟ္မာအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခုပ်ခတ် သောင်းသောင်းဖြဖြတီးကြကုန်လေသည်။ မြင်းမိုရ်သီတာ သတ္တဘန် စသော စကြဝဠာတိုက်တစ်သောင်းသည်လည်း တုန်လှုပ်ချောက်ချားရှိခဲ့လေ၏။ စန္ဒာသူရိယဘုရင်မင်းမြတ်သည် ရုပ်ရှင်တော်မဟာမုနိကို ရတနာပလ္လင်ထက်တွင်တင်လျက် ရတနာခုနစ်ပါးဖြင့် ဆန်းကြယ်သည့် စုလစ်မွမ်းချွန်တပ်သည့် ရွှေကျောင်းတော်ကို ဆောက်လုပ် လှူဒါန်းလေသည်။ သဗ္ဗညုဗုဒ္ဓမြတ်စွာသည် မဂ္ဂင်ရှစ်ပါးတရားတော်ကို နတ်ဗြဟ္မာတို့နှင့်တကွ မင်းအပေါင်း၊ ပြည်သူအပေါင်းတို့ကို ဟောကြားတော်မူခဲ့လေသည်။

နောက်တစ်နေ့ မိုးသောက်ချိန်တွင် မြတ်စွာဘုရားရှင်သည် ကြွလာတော်မူခိုက် မြင့်မိုသော တောင်ပို့တစ်ခုပေါ်မှ ရုပ်တုတော်ကို ကြည့်ရှုတော်မူသေသော် တင့်တယ်လှသည့် ရုပ်တုတော်ကို မြင်သဖြင့် ကြည်လင်သောစိတ်တော် ဖြစ်ပေါ်သဖြင့် တန်ဆာဆင်အပ်သောခရီးဖြင့် မဏ္ဍပ်အတွင်းသို့ ကြွတော်မူလေသည်။ ထိုအခါ ရုပ်တုတော်မှာ အသက်ဝိညာဉ်ရှိသကဲ့သို့ နောင်တော် မြတ်ဗုဒ္ဓအား ခရီးဦးကြိုပြုအံ့ခြင်းငှာ ထမည့်အခြင်းအရာကိုပြုလေသည်။

ထိုအခါ မြတ်စွာဘုရားသခင်က လက်ယာတော်လက်ကို ဆန့်တန်းတော်မူ၍ 'ငါ၏ညီတော်မထပါလင့်' ဟု တားမြစ်တော်မူခဲ့လေသည်။ ထို့နောက် ဤသို့မှာ ကြားလေသည်။

'ငါ့ညီတော်၊ ငါတစ်မူကား မကြာမြင့်မီပင်လျှင် ပရိနိဗ္ဗာန်ပြုရပေလိမ့်မည်။ ငါ့ညီတော်သာလျှင် ငါဘုရားဖန်ဆင်းထားသကဲ့သို့ အထူးထူးအပြားပြားသော တန်ခိုးပြာဋိဟာတို့ကို ဖြစ်စေလျက် ငါထားတော်မူမည့် သာသနာငါးထောင်မကုန်သရွေ့အမျှ ရပ်တည်လျက် နတ် လူ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်စေသတည်း'

တစ်ဖန် ဗျာဒိတ်စကားမြွက်ကြားရာတွင် -

'ငါဘုရားသခင်သည် ရှေးဘဝ၌ မာန်အောင်ကျွန်းတွင် မင်းဖြစ်သောအခါ တောင်သူကြီး၏ခြေထောက်ပေါင်ကို ဖုံခဲ့ဖူးသော ဝိပါက်တော်နှင့် မင်းသားငါးယောက်တို့၏ကျောသားကို ခုတ်ဖူးခဲ့သော ဝိပါက်တော်နှစ်ပါးကို ငါ၏ကိုယ်စား ငါ့ညီတော် ခံရစ်လော့'

ဟု ဗျာဒိတ်စကားမှာကြားတော်မူလေသည်။

စန္ဒာသူရိယဘုရင်မင်းမြတ်သည် ရုပ်ရှင်တော်ထုလုပ်ရန် အလှူခံရရှိသည့် ကိုးကုဋေသောရတနာတို့မှ ကြွင်းကျန်သည့်ရတနာတို့ကို ဘုရားရှင်အား လှူဒါန်းလေရာ ဘုရားရှင်က ငြင်းပယ်တော်မူသဖြင့် ပလ္လင်တော်အောက်တွင် ဌာပနာပြု၍ ပူဇော်လေသည်။ နတ်နဂါးတို့က မပြတ်ပူဇော် စောင့်ရှောက်ကြလေသည်။ အချို့ကို ရုပ်ပွားတော်များ သွန်းလုပ်ပူဇော်လေသည်။

**သွန်းစက်တော်ဘုရားများ**

မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး သွန်းလုပ်ပူဇော်ပြီးနောက် ပထမမြတ်ကိုးပါးရှင် (ခေါ်) နောင်တော် ရုပ်ပွားတော်တစ်ဆူ သွန်းလုပ်ခဲ့လေသည်။ စွယ်တော်အမြင့် နှစ်မိုက်ခန့်ရှိသော နမူနာပုံစံဘုရားရုပ်တု ဖြစ်သည်။ ဆက်လက် သွန်းလုပ်သည့် ရုပ်တုတော်မှာ ဘုရားရှင်ထက် နှမ်းတစ်စေ့မျှပို၍ကြီးနေသည့် 'ရှင်ကျော်ဘုရား' ဖြစ်လေသည်။ ထို့နောက် လက်ဝဲရံ လက်ယာနှစ်ပါးကိုလည်း သွန်းလုပ်ခဲ့သည်။ မဟာမုနိသွန်းလုပ်ပြီး ကျန်ရစ်သော ရတနာများဖြင့် ရုပ်တုတော် (၃၃) ဆူကိုလည်း သွန်းလုပ်ခဲ့လေသည်။ သွန်းလုပ်ရာတွင်လည် ပဥ္စဝါးပါးနှင့် မဟာမုနိသဏ္ဌာန်တူ နှစ်ကျိပ်ရှစ်ဆူခေါ် မဟာကျန်ဘုရားဆင်းတုတော်များ ဖြစ်ပါသည်။ ထပ်မံကြွင်းကျန်သည့် ရတနာများဖြင့် မဟာကျန်ဘုရားများကို သွန်းလုပ်ခဲ့ပြန်သည်။ အဆိုပါ ဘုရားရုပ်တုတော်များသည် ရခိုင်ပြည်နယ်အနှံ့နှင့် ရခိုင်ပြည်နယ်မှ ပိုင်ဆိုင်ခဲ့ဖူးသည့် ဘင်္ဂါ (၁၂) မြို့ တြိပူရ တိုင်အောင် ပျံ့နှံ့ခဲ့ပေသည်ဟု သိရှိရပါသည်။

**ဇလွန်ပြည်တော်ပြန်ဘုရား**

ဇလွန်ပြည်တော်ပြန်ဘုရားသည် မဟာမုနိရုပ်ပွားတော်အား အမရပူရသို့ ပင့်ဆောင်စဉ် အတူပါခဲ့သည့် ဆင်းတုတော် ဖြစ်လေသည်။ ရှင်ကျော်ရွှေဘုံသာ မာန်အောင်မြင် (ဇလွန်ပြည်တော်ပြန်) ဟု ဘွဲ့မည်ရှိလေသည်။ အမရပူရသို့ ပင့်ဆောင်ခဲ့ရပြီးနောက် နန်းဦးတွင် ကိုးကွယ်ထားသဖြင့် နန်းဦးဘုရားဟုလည်း ဘွဲ့တော်ရှိလေသည်။ မဟာမုနိဘုရားကြီး၏ လက်ယာရံဖြစ်ပြီး ဘုရင့်ဆွေတော်မျိုးတော်များ ကိုးကွယ်ခဲ့ကြသည်။ ဆုတောင်းတိုင်း ပြည့်သဖြင့် ဆုတောင်းပြည့်ဘုရားဟုလည်း ဘွဲ့မည်တွင်ခဲ့လေသည်။ ၁၈၅၂ ခုနှစ်၊ ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲကာလ ပြည်တွင်းရေးရှုပ်ထွေးနေချိန်တွင် ဇလွန်မြို့မှ ဦးရွှေပွင့်က မိဖုရားကြီး၏ခွင့်ပြုချက်ဖြင့် အောက်ပြည်သို့ ပင့်ဆောင်ကိုးကွယ်ခဲ့ဖူးလေသည်။ ဉာဏ်တော် (၃) ပေ (၁၀ လက်မ) နှင့် အလေးချိန်တော် (၆၆၆) ပိဿာရှိခဲ့လေသည်။ အင်္ဂလိပ်တို့က မြန်မာပြည်ကို သိမ်းယူခဲ့ပြီးနောက် ၁၈၈၅ ခုတွင် ဘုံဘေမြို့သို့ အခြားရုပ်တုတော်များနှင့်အတူ သယ်ယူသွားကြလေသည်။ ဒင်္ဂါးသွန်းလုပ်ရန် အကြံအစည်ဖြင့် အရည်ဖျော်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြပါသော်လည်း ရတနာကိုးပါးဖြင့်သွန်းလုပ်ခဲ့သည့် မဟာမုနိအနွယ်တော် မာန်အောင်မြင်ဘုရားမှာ ဗုဒ္ဓတန်ခိုးတော်ကြောင့် အရည်ပျော်ခြင်းလုံးဝမရှိခဲ့ချေ။ အရည်ဖျော်ရန် ကြိုးစားသူများ သွေးအန်သေဆုံး၍ အမျိုးမျိုးဘေးဒုက္ခရောက်ခဲ့သလို ဆင်းတုတော်ကို အရည်ဖျော်ရန်အပ်ပေးတိုင်း ဘုရင်မကြီးမှာ ခေါင်းကိုက်ဝေဒနာ ခံစားခဲ့ရဖူးလေသည်။ နောက်ဆုံးတွင် အင်္ဂလိပ်အစိုးရသည် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့စွာဖြင့် အေဒီ ၁၈၅၇ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်ပို့ခဲ့လေသည်။ သို့ရာတွင် ဇလွန်နှင့် ဟင်္သာတသောင်ပြင်တွင် ချထားခဲ့ကြရာ ဟင်္သာတမြို့သားများနှင့် ဇလွန်မြို့သားတို့ အဓိဋ္ဌာန်ပြု ဆုတောင်းလွန်ဆွဲ၍ ပူဇော်ရန် ယှဉ်ပြိုင်ခဲ့ကြရာ ဇလွန်မြို့သားများ အနိုင်ရရှိခဲ့သည်ဟု သိရှိရပါသည်။

**ရွှေသားစင်စစ်ထီးတော်ကြီးတင်လှူပွဲ**

ကျောက်တော်မြို့ ရခိုင်မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးတည်ရှိရာ သိမ်ကျောင်းတော်ကြီး၏ အထွတ်ရွှေထီးတော်အဟောင်းအစား ရွှေစင်ရွှေသား စစ်စစ် ဆယ့်နှစ်ပိဿာခန့်ဖြင့် ပြည်တွင်း၊ ပြည်ပ သာသနာပြု ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ (အလို



www.burmeseclassic.com

www.burmeseclassic.com

တော်ပြည့်ဆရာတော်) က ရွှေထီးတော်ကြီးကို ခန်းနားကြီးကျယ်သော လှူထုပရိသတ်ဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပလှူဒါန်းခဲ့လသည်။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ထီးတော်တင်လှူ ပြီးမြောက်ခဲ့လေသည်။

ရွှေသားစစ်စစ် ရွှေထီးတော်တင်လှူပွဲသို့ အလိုတော်ပြည့်ဆရာတော်ကြီးနှင့်တကွ တိပိဋကဆရာတော်များ၊ သံဃာတော်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရခိုင်ပြည်နယ် မြို့နယ်အသီးသီးမှ အုပ်ချုပ်ရေးအရာရှိများ၊ လုပ်သားပြည်သူများ တက်ရောက်ကြပါသည်။ ပထမဦးစွာ ဗဟိုသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက ဩဝါဒစကား မြွက်ကြားတော်မူပြီး အလိုတော်ပြည့်ဆရာတော်ကြီးမှ ရွှေထီးတော်တင်လှူရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြပါသည်။ ထို့နောက် သံဃာတော်များမှ မေတ္တသုတ်တရားတော် ရွတ်ဖတ်ပြီးမှ ပရိတ်တရားတော် ချီးမြှင့်ကြပါသည်။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီးတို့က စိန်ဖူးတော်ကို ဥက္ကဋ္ဌဆရာတော်ကြီးအားကပ်လှူပူဇော်ကြပါသည်။ ထို့နောက် ပြည်နယ်အဆင့်ဆင့် ပြည်နယ်အကြီးအကဲများ၊ အလှူရှင်ဒကာ၊ ဒကာမများတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော် စသည်တို့ကို ဆရာတော်သံဃာတော်အရှင်မြတ်တို့အား ကပ်လှူပူဇော်ကြပါသည်။ ထို့နောက် ရင်ပြင်တော်ပေါ်တွင် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ထီးတော်၊ ငှက်မြတ်နားတော်တို့ကို ပူဇော်လှည့်လည်ကိုင်ဆောင်ကြသည်။ သိကြား၊ ဗြဟ္မာနတ်များ (ဒေဝါဝင်း၊ ရာဇဝင်း) အသွင်ဖြင့် လှည့်လည် ပင့်ဆောင် ပူဇော်ခဲ့ကြသည်။

နောက်ဆုံးတွင် ပန်းရထားဖြင့် ဂန္ဓကုဋိတိုက်အထွတ်ဆီသို့ ထီးတော်ကို တစ်ဆင့်ချင်း ပို့ဆောင် ကပ်လှူ ပူဇော်ကြပါသည်။ စိန်ဖူးတော်တင်လှူအပြီးတွင် ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးလိုက်ရာ ပရိသတ်များက စောင့်ထိန်းကောက်ယူကြရင်း သာဓုခေါ်သံများမှာ မိုးဝဠာအနှံ့ ပျံ့နှံ့လွင့်သွားလေတော့သည်။

**မဟာမုနိရုပ်ရှင်တော်မြတ်၏ အံ့ဖွယ်ရုစ်ပါး**

၁။ တိရစ္ဆာန်ကျေးငှက်သတ္တဝါအပေါင်းတို့သည် ရုပ်တုတော်မြတ်၏ ရှေ့ပြာသာဒ်ပေါ်သို့ လွှားကျော်ခုန်ပျံနား



ဆရာတော်ကြီးမှ ရွှေထီးတော် ပင့်ဆောင်လာစဉ်

နေခြင်းငှာမဝံ့ခြင်း။

၂။ ရုပ်ရှင်တော်မြတ်၏ရွှေမျက်နှာတော်သည် ထွန်းပေါ်ထွက်စသော လပြည့်ဝန်းသဏ္ဍာန်ကဲ့သို့ နေ့၊ ညဥ့်မစဲ ရှုမရဲအောင် အမြဲထွန်းတောက်သော ရောင်ခြည်တော်မြတ်ကို စွန့်လွှတ်တော်မူခြင်း။

၃။ မိစ္ဆာယူမှား မတရားကျင့်ကြသော ဒုဿီလပုဂ္ဂိုလ်တို့သည် ထိုရုပ်တုတော်မြတ်ကို ရှုကြည့်ဝင်ဖူးသော်သောက်ရှူးပမာ ရွှေမျက်နှာတော်သည် ညှိုပြာမှောင်လျက်အရောင်တော်မထွက်ခြင်း။

၄။ ရုပ်တုတော်မြတ်၏ သဏ္ဌာန်တော်ကို ပုံယူစာတ်ကူး၍ ရေးသားသွန်းလုပ်ပါသော်လည်း ပင်ပန်းကာမျှ ကျနပီပြင်စွာ မကူးယူနိုင်ခြင်း။

၅။ တရားဆိုင် အမှုပြိုင်၊ အနိုင်၊ အရှုံး၊ ကျင့်သုံးမှုသား၊ ကျိန်ဆိုကြားလည်း ထင်ရှားလက်ငင်း၊ ပျက်ယွင်းထိရောက်စေနိုင်သော တန်ခိုးတော်ကြီးမားခြင်း။

၆။ ရဟန်းရှင်လူ ပြည်သူပြည်သား လူအများတို့သည် သဒ္ဓါတရားတိုးပွားတက်ကြွသောကြောင့် ကုဋေသိန်းသောင်းမကသော ရွှေပြားရွှေဆိုင်းတို့ဖြင့် နေ့တိုင်း ကပ်လှူပူဇော်ကြပါသော်လည်း အမြဲပြေပြစ်သန့်စင်ပြည့်ဖြိုးလွင်သော ကိုယ်တော်ဟန်ရှိခြင်း။

၇။ တစ်ဆယ့်နှစ်လ မည်သည့်အခါသမယဆို နေ့ရော၊ ညဥ့်ပါ သောသောညံညံ အသံမစဲ ပွဲတော်သဘင် လူရှင်အများ စည်ကားဖူးရောက်သော တန်ခိုးတော်မြတ်ရှိတော်မူခြင်း။

၈။ တန်ခူး၊ ကဆုန် စသော သင်္ကြန်အတာရေသွန်းခါ၌ ဝဲ၊ ယာ၊ ရှေ့၊ နောက် မိုးပေါက်မိုးသီးမက အိုးကြီးအိုးငယ်တို့နှင့် ရေသပ္ပာယ်ကြပါသော်လည်း ရှေ့တော်ဝယ်အပါး၌ ရေမနားမတည်နိုင်သော တန်ခိုးတော်မြတ်ကြီးခြင်း အစရှိသည်တို့ ဖြစ်ပါသည်။

ထို့ကြောင့် ကျောက်တော်မြို့ မဟာမုနိရုပ်ရှင်တော်မြတ်သည် ဘုရားပရိဝုဏ်အတွင်းသို့ လူတို့ မည်မျှပင်လာရောက် ပူဇော်စေကာမူ ပြည့်လျှံမှုမရှိခြင်း၊ ရေကန်များ၌လည်း နွေမိုးဆောင်းသုံးရာသီကာလပတ်လုံး ရေမပြတ်၊ မဆုတ်ယုတ်ခြင်း၊ တိုးလာခြင်းမရှိခြင်း၊ သိမ်တော်ဝန်းကျင်ရှိ အပင်များမှာ အမြဲတမ်း စိမ်းလန်းနေပြီး အဖူးအညွန့်တို့သည် ဘုရားရှိရာဘက်သို့ ဦးညွတ်ဦးစိုက်နေကြခြင်း၊ ဦးတော်ငဆားကန်တွင် ရေများ နီရဲသော အတိတ်နိမိတ်များ ပြတတ်ခြင်း၊ ကိုယ်တော်မှ ချွေးများပြိုက်ပြိုက်ကျတတ်ခြင်း စသည့် တန်ခိုးတော် နိမိတ်တော်များ ပြသလေ့ရှိခြင်းကြောင့် မြန်မာပြည်တစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ လေ့လာ ဖတ်ရှုသိရှိကြည်ညိုသဒ္ဓါပွားကြစေခြင်းအလို့ငှာ စိတ်စေတနာကောင်းနှင့် မေတ္တာသွန်းလောင်းကာ လေ့လာ ရေးသားတင်ပြလိုက်ရပေတော့သည်။

ရွှေချိုအောင် (ပေယ



www.burmeseclassic.com

www.burmeseclassic.com

[illegible]

ရွှေကျောက်ကူ[illegible]ရုပ်ရှင်တော်မြတ်ကြီး၏


# ထားဝယ်ခရီးစဉ်မှ ထူးခြားမှုများ

ထိုနေ့ ညနေပိုင်းတွင် ရန်ကုန်သို့ လေယာဉ် ဆိုက်ရောက်ပါသည်။ လေဆိပ်သို့ ဗိုလ်မှူးလှမိုးနှင့်ဇနီး ဒေါ်နန်းဆီခမ်းတို့ လာရောက် ကြိုဆိုကြပါသည်။ ထို့နောက် ဗိုလ်မှူးတို့ နေထိုင်ရာ အမှတ် (၁၅) သစ်တောလမ်း၊ အလုံမြို့နယ်သို့ ပင့်ဆောင်ပါသည်။ ဗိုလ်မှူးသည် ဗုဒ္ဓစာပေများကို နှစ်စပ်စွာ လေ့လာ ဖတ်ရှုထားသူဖြစ်ပါ၍ ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့သို့ ပထမဦးဆုံး ဒေသစာရီခရီး ကြွမြန်းတော်မူလာသော ၂၀၀၃ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်အား ၎င်း၏နေအိမ်သို့ ပင့်ဆောင် ပူဇော်စဉ် ရုပ်ရှင်တော်မြတ်အား လှူဒါန်းထားသော နှင်းဆီပန်းများ ရုတ်တရက် ပွင့်အာလာခြင်းကိုလည်းကောင်း၊ ရုပ်ရှင်တော်မြတ် ပြုံးတော်မူသည်ကို ဖူးတွေ့ရစဉ်မှ လည်းကောင်း ရုပ်ရှင်တော်မြတ်သည် အမှန်တကယ် ထူးခြားသော တန်ခိုးတော်တို့နှင့် ပြည့်စုံတော်မူကြောင်းသိရှိကာ နှစ်စဉ်ပင့်ဆောင်ပူဇော်လာခဲ့ကြသည်မှာ ယနေ့အချိန်တိုင် ဖြစ်ပါသည်။

ဗိုလ်မှူးသည် ရုပ်ရှင်တော်မြတ်ကို နေအိမ်သို့ (၉) နှစ်တာကာလတွင် (၁၀) ကြိမ်ထက်မနည်း ပင့်ဆောင်ပူဇော်ပြီးခဲ့ပြီဖြစ်သော်လည်း ပေါ့ဆ၍မသွားပါ။ အလေးအနက်ပင်ထား၍ ဝေယျာဝစ္စများကို လုပ်ကိုင်ဆောင်ရွက်ပါသည်။ ဗိုလ်မှူးသည် ပင့်ဆောင် ပူဇော်သည့် အကြိမ်တိုင်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကာ အယ်လ်ဘမ်ဖြင့် ပူဇော်ထားရှိကာ ထိုအယ်လ်ဘမ်များကို တရိုတသေ နှစ်အလိုက် သိမ်းဆည်းထားရှိပြီး ဓာတ်ပုံတော်များကို မကြာမကြာပြန်လည်၍ စေ့စပ်စွာ ဖူးမြော်လေ့ရှိပြီး -

"ဘုရားကြီးကတော့ တကယ့်ရုပ်ရှင်တော်အစစ်ပါပဲ။ ရှုထောင့်အမျိုးမျိုးကနေ အာရုံနှစ်ပြီး စူးစူးစိုက်စိုက် ဖူးမြော်ကြည့်စမ်းပါ။ ဘယ်လိုပဲဖူးဖူး အသက်ဝင်နေတာပဲ"

ဟု မိတ်ဆွေများကို မကြာမကြာ ပြောပြလေ့ရှိကြောင်း မယ်တော်ကြီးမှ ပြောပြဖူးပါသည်။ ဗိုလ်မှူးတို့ ဇနီးမောင်နှံသည် စဉ့်ကိုင်မြို့ အောင်မြေသို့လည်း ရောက်ဖူးသည့်အပြင် စာရေးသူလည်း ရန်ကုန်သို့ (၂) ခေါက်ခန့် လာဖူး၍ စာရေးသူနှင့်လည်း ခင်မင်ပါသည်။



ရန်ကုန်မြို့ ရွှေကျောက်ကူဒေသစာရီခရီးစဉ်တွင် နိုင်ငံတော်ဗဟိုသံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဝန်းမော်ဆရာတော် အရှင်ဒေါက်တာကုမာရအား မယ်တော်ကြီးမှ ဂါရဝပြု ဖူးမြော်စဉ်

ထို့နောက် ၆-၈-၂၀၁၂ နေ့တွင် ဗိုလ်တထောင်မြို့နယ် လမ်းသွယ် (၄) လမ်း သော်မဆင်ရိပ်သာ ၆/၈ နေ ကိုစိုးနိုင်သိန်း- မမိမိအောင် မိသားစုတို့မှ ဆက်လက် ပင့်ဆောင် ပူဇော်ပါသည်။ ဤမိသားစုသည်လည်း ၂၀၀၃ ခုနှစ် ရုပ်ရှင်တော်မြတ်၏ ပထမဆုံး ရန်ကုန်ခရီးစဉ်မှစ၍ ဤယနေ့တိုင် နှစ်စဉ်ပင့်ဆောင် ပူဇော်ခဲ့ကြသော မိသားစု ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်ကို အထူးအကြွင်းမဲ့ ကြည်ညိုကြသူများဖြစ်သကဲ့သို့ မယ်တော်ကြီးနှင့် အန်တီအေးကိုလည်း မိသားစုသဖွယ် ခင်မင်ရင်းနှီးကြသူများ ဖြစ်ပါသည်။ ကိုစိုးနိုင်သိန်းနှင့် မမိမိအောင်တို့နှစ်ဦးစလုံး စဉ့်ကိုင်မြို့ ၉ ရက်၊ ၉ လ ဗုဒ္ဓပူဇနိယပွဲသို့ သုံးကြိမ်ထက်မနည်း လာရောက်ဖူးသူများဖြစ်ပြီး လာရောက်သည့်အခါတိုင်း ပွဲတော်ရက်တွင် ဆရာတော်သံဃာတော်များ ဆွမ်းကပ်ရန်အတွက် ပုစွန်ဟင်းများ ယူဆောင်လာလေ့ရှိပါသည်။

ကိုစိုးနိုင်သိန်းသည် နိုင်ငံခြား သင်္ဘောကုမ္ပဏီမှ လိုင်းတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသောကြောင့် နှစ်စဉ် ရုပ်ရှင်တော်မြတ် ပင့်ဆောင်သည့် အခါတိုင်း ကြုံကြိုက်လေ့မရှိပါ။ ယခုအခေါက်တွင်လည်း ကိုစိုးနိုင်သိန်းသည် ပင်လယ်ပြင်တွင်ရောက်ရှိနေ၍ နေအိမ်တွင် မရှိသော်လည်း မမိမိအောင်သည် သမီးကလေးနှင့်အတူ ညီမနှင့်မိတ်ဆွေတို့ ဝိုင်းဝန်းလျက် ပင့်ဆောင်ပူဇော်ကြခြင်း ဖြစ်ပါသည်။ ရန်ကုန်မြို့တွင်တော့ နယ်မြို့များလောက် ပရိသတ်စည်ကားမှု မရှိသော်လည်း ခင်မင်ရာ၊ ပတ်သက်ရာ ဆွေမျိုးမိသဂ်ဟများကတော့ တဖွဲဖွဲလာရောက် ဖူးမြော်ကြလျက်ရှိရာ အိမ်ရှင်များမှ အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးကြပါသည်။


အမှန်တော့ ယခုတစ်ခေါက်သည် ထားဝယ်ခရီးစဉ်သာဖြစ်ပါသည်။ ၂၀၁၂ ခွေရာသီ ရန်ကုန်ခရီးစဉ်ကား (၄) လပိုင်းတွင် ပြီးဆုံးခဲ့ပြီဖြစ်ပါသည်။ ၂၀၁၃ ခွေရာသီ ရန်ကုန်ခရီးစဉ်အတွက် ၂၀၁၂ ၁၂ လပိုင်း၊ ၂၀ ရက်မှသာ ရန်ကုန်မြို့သို့ ကြွမြန်းလာတော့မည် ဖြစ်သော်လည်း ထားဝယ်အပြန်လမ်းကြုံနေခြင်းနှင့် ၂၀၁၂ ခွေရာသီ ရန်ကုန်ပင့်ဆောင်ပူဇော်ခွင့်မရရှိလိုက်သူများထံမှ အနည်းငယ်ကို ကြွမြန်းပေးခဲ့ရခြင်း ဖြစ်ပါသည်။

ထိုအချိန်၌ စာရေးသူသည် စဉ့်ကိုင်မြို့တွင်ရှိနေပါသည်။ ၇ ရက်နေ့



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တွင် ရန်ကုန်မြို့မှ ဖုန်းဝင်လာပါသည်။

"ငါ့သား၊ အမေကတော့မရတော့ဘူး။ ငါ့သားလာမှဖြစ်တော့မယ်။ အမေလည်း နေမကောင်းဘူး။ တစ်အိမ်လုံးလည်း နေမကောင်းဘူး။ သစ္စာရေတွေလည်းကုန်ပြီ။ အမေ့ကို မလိမ်ပါနဲ့၊ လာဖြစ်အောင်လာခဲ့ပါ"

ဟု ကြီးကြီးဒေါ်အုန်းရှင်မှ ပြောပါသည်။

"၉ ရက်နေ့ အမေတို့အိမ် ဘုရားရောက်လာမှာ။ အဲဒီတော့ မနက်ဖြန်ညကားစီးခဲ့မှဖြစ်မယ်။ မလာဘဲ မနေပါနဲ့၊ ငါ့သားမလာရင်မဖြစ်တော့ဘူး"

ဟူ၍ ထပ်ဆင့်မှာကြားပါသေးသည်။

ရှေ့ပိုင်းတွင် ဆိုခဲ့သည့်အတိုင်း စာရေးသူသည် စဥ့်ကိုင်မြေမှ ခွာခဲ့လှပါ၏၊ (၉) နှစ်တာကာလတွင် ရုပ်ရှင်တော်မြတ်၏ ရန်ကုန်မြို့ ဒေသစာရီခရီးစဉ်ကာလများ၌ မလွဲမကင်းသာသောအာဝဇ္ဇာများမှ ၎င်းတို့၏နေအိမ်များတွင် ပင့်ဆောင်ပူဇော်သောနေ့ရက်များတွင် စာရေးသူအား အထူးတလည် ဖိတ်မန္တကပြုကြသောကြောင့် အားနာသဖြင့် ရောက်ရှိခဲ့ရသော (၃) ခေါက်သာလျှင် ရှိပါသေး၏။ ရောက်ရှိသည့်အခါတိုင်းတွင်လည်း စာရေးသူသည် ရန်ကုန်မြို့တွင် တစ်ညသာအိပ်ပြီးပြန်ခဲ့သည်သာ ဖြစ်ပါသည်။

ယခု ကြီးကြီးဆိုလျှင်လည်း စာရေးသူနှင့် (၃) ကြိမ်ခန့်တွင် တစ်ခဏသာ တွေ့ဆုံဖူးသော်လည်း ရှေးဘဝရေစက်ကြောင့်ဖြစ်ပေလိမ့်မည်။ သားအရင်းတစ်မျှပင် သံယောဇဉ်ဖြစ်၍နေသူ ဖြစ်ပါ၏။ စာရေးသူက စိတ်ကျေနပ်စေရန် လာခဲ့ပါမည်ဟု ပြောသော်လည်း တကယ်မျှော်နေမည်သာ ဖြစ်ပါသည်။ ထိုအကြောင်းကို မယ်တော်ကြီးထံ ဖုန်းဖြင့် ပြောပြသောအခါ စာရေးသူလာလျှင် ကြီးကြီးစိတ်မကောင်းဖြစ်လိမ့်မည်၊ လာလိုက်ပါဟု ဖြေကြားပါသည်။ ထို့ကြောင့် စာရေးသူသည် မျှော်လင့်ဘဲ ရန်ကုန်မြို့သို့ သွားရောက်ရန် အကြောင်းဖြစ်လာခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချိန်၌ စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေဆောင်းပါး (၂၀၁၂ ဩဂုတ်လထုတ် သူရဇ္ဇမဂ္ဂဇင်း) ကို ဖတ်ရှုထားကြသော ရန်ကုန်မြို့မှ စာဖတ်ပရိသတ်တို့သည် စာရေးသူထံသို့ ဖုန်းဖြင့် ဆေးသိဒ္ဓိသစ္စာရေကို တောင်းခံလာကြရာ တစ်ဦးစီကိုသာ ပေးပို့ရမည်ဆိုပါက အခမဲ့ဖြစ်သောကြောင့် စာရေးသူတွင် စရိတ်၊ အချိန်များစွာကုန်ရမည်ဖြစ်သောကြောင့် ရန်ကုန်မြို့ စမ်းချောင်းနေ စာရေးသူ၏ တပည့်ကလေး မောင်ရဲလေးထံသို့ စုပေါင်း၍ ပို့ပေးထားပါသည်။ ဖုန်းဆက်လာသူတို့ကို မောင်ရဲလေးထံ သွားရောက်တောင်းယူကြပါဟု ညွှန်ကြားရပါသည်။ ထိုကဲ့သို့ ဆေးသိဒ္ဓိသစ္စာရေ ယူဆောင်သုံးစွဲထားကြသူများကလည်း စာရေးသူကို တွေ့လိုကြရာ စာရေးသူလည်း သွားသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။

(၈) ရက်နေ့ညတွင် စာရေးသူသည် ရွှေစင်စကြာ (Express) ဖြင့် စဥ့်ကိုင်မြို့ ဝင်းသစ္စာခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွင် လက်မှတ်ကြိုတင်ဖြတ်ထားလိုက်ပါသည်။ မန္တလေးမှ ည (၈) နာရီတွင်ထွက်လာမည့်ကားကို စောင့်၍လိုက်ရမည် ဖြစ်ပါသည်။ ဂိတ်သို့ထွက်ခါနီးတွင် မိုးလေးတဖွဲဖွဲရွာသွန်းလျက်ရှိပါသည်။ ထိုအချိန်၌ စာရေးသူတို့နေအိမ်သို့ စဥ့်ကိုင်မြို့ ရန်အောင်မြင်ရပ်မှ သုသုဆိုသော မိန်းကလေး ရောက်ရှိနေပါသည်။ သုသုသည် အသက် (၂၄) နှစ်မျှသာရှိသေးသော်လည်း လွန်ခဲ့သော (၂) နှစ် (ဘွဲ့ယူပြီးသည့်နောက်ပိုင်း) မှစ၍ လေးဖက်နာဆန်ဆန် ရောဂါဝေဒနာများ စွဲကပ်ခဲ့သည်။ ဆေးခန်းတွင် မပြတ်တမ်းပြသနေရပြီး ဟိုတလောက ဆေးရုံပင်တက်လိုက်ရပါသေးသည်။ ဆေးရုံမှဆင်းသောအခါ တစ်ကိုယ်လုံးရောင်ရမ်း၍နေပါသည်။ အထူးသဖြင့် ခြေထောက်တစ်ဖက်မှာ အလွန်တရာရောင်ရမ်းလျက် နာကျင်ကိုက်ခဲ၍နေပါသည်။ ဆိုင်ကယ်ပင် မစီးနိုင်ပါ။ ထို့ကြောင့် သုသု၏ဖခင်နှင့် အစ်ကိုကြီးတို့မှ တစ်လှည့်စီ ဆိုင်ကယ်ဖြင့် လာရောက် ပို့ဆောင်ပေးကြရပါသည်။

သုသုသည်လည်း စာရေးသူတို့နှင့် တစ်ရပ်ကွက်တည်းတွင်နေထိုင်ပြီး အိမ်ချင်းလည်း မဝေးပါ။ သို့သော် သုသုသည် စာရေးသူတို့၏နေအိမ်သို့လည်း မရောက်ဘူးခဲ့ပါ။ ရုပ်ရှင်တော်မြတ်ကိုလည်း မဖူးတွေ့ဘူးပါ။ . စာရေးသူနှင့်လည်း မသိကျွမ်းပါ။ စာရေးသူဆိုလျှင် ထိုမိန်းကလေးကို လုံးဝတွေ့မြင်ခဲ့ဖူးခြင်း မရှိခဲ့ပါ။ သုသုသည် စဥ့်ကိုင်မြို့ ရွှေကြယ်စင်ကဖေး မတင်မိုးလှိုင်၊ ဒေါ်လှိုင်ကြီးမှတစ်ဆင့် စာရေးသူထံသို့ရောက်ရှိကာ သိကျွမ်းခဲ့ရခြင်း ဖြစ်ပါသည်။ သုသုသည် စာရေးသူထံသို့ ယုံကြည်စွာဖြင့် ဆေးကုသမှုခံယူကာ ဆေးသိဒ္ဓိသစ္စာရေကို စွဲစွဲမြဲမြဲသောက်သုံးခဲ့ပါသည်။ လက်ရှိ ကုသမြဲဆေးခန်းများသို့လည်း သွားရောက် ကုသလျက်ရှိပါသည်။

ထိုသို့ဖြင့် မကြာမီ ရောဂါဝေဒနာတို့ တစ်စထက်တစ်စ သက်သာ၍လာခဲ့ပါသည်။ (၅) လခန့်ကြာသောအခါတွင် အကောင်းပကတိဖြစ်လာပါတော့သည်။ သုသုသည် ထိုအခါ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကို လည်းကောင်း၊ စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေကိုလည်းကောင်း အကြွင်းမဲ့ ယုံကြည်သက်ဝင်ကာ အခြားသော ငွေရေးကြေးရေး၊ စီးပွားရေးကိစ္စများကိုပါ အဓိဋ္ဌာန်ဆုတောင်းရာ အဓိဋ္ဌာန်များ ပြည့်မြောက်သဖြင့် ညနေတိုင်း နေ့စဉ်မပျက်မကွက် ရွှေကံကူအောင်မြေသို့ လာရောက်ကာ ပူဇော်ကန်တော့ပြီး ဘုရားပန်းများ လှူဒါန်းပါသည်။ တစ်ခါတစ်ရံ နံနက်ခင်းတွင် လာရောက်၍ ပွဲလှူဒါန်းခြင်း၊ ဘုရားပန်းလဲလှယ်ခြင်းများလည်း ပြုလုပ်လေ့ရှိပါသည်။

စာရေးသူလည်း မိုးတဖွဲဖွဲကျနေဆဲမှာပင် စာရေးသူ၏တပည့်ကလေးအောင်နေလင်း ရောက်ရှိသဖြင့် ဝင်းသစ္စာသို့ လိုက်ပါသွားခဲ့ပါသည်။ သုသုသည် အစ်မကြီးဒေါ်နွဲ့ရီကို အဖော်ပြုလျက် အိမ်တွင်ကျန်ရစ်ပါသည်။ (၈း၃၀) နာရီတွင် စဥ့်ကိုင်မြို့မှ စတင်ထွက်ခွာခဲ့ပါသည်။ ညပိုင်းတွင် ရန်ကုန်မှ ဖုန်းဖြင့် ဆက်သွယ်လာခဲ့ကြသော မိတ်ဆွေတို့သည် မောင်ရဲလေး၏ သတင်းပေးမှုကြောင့် စာရေးသူ ရန်ကုန်သို့ ထွက်ခွာလာကြောင်း သိရှိကြသောအခါ လမ်းတစ်လျှောက်တွင် ဝမ်းသာကြောင်း၊ လာရောက်တွေ့ဆုံကြမည်ဖြစ်ကြောင်း ဖုန်းများဆက်တိုက်ဝင်လာကြပါသည်။

နောက်တစ်နေ့ နံနက် (၅) နာရီတွင် ရန်ကုန်မြို့ အောင်မင်္ဂလာကားဝင်းသို့ ဆိုက်ရောက်ပါသည်။ မိုးများရွာသွန်းလျက်ရှိပါသည်။ ဗိုလ်မှူးလှမိုးနှင့် ဒေါ်နန်းဆီခမ်းတို့ လာရောက် ကြိုဆိုကြပါသည်။ လမ်းတွင် နာမည်ကြီးလက်ဖက်ရည်ဆိုင်ဟုသိရသော ဆိုင်တစ်ဆိုင်သို့ ခေတ္တဝင်ရောက်ကာ လက်ဖက်ရည်သောက်ကြပါသည်။ ဗိုလ်တထောင်မြို့နယ်ရှိ ကိုစိုးနိုင်သိန်း-မမိမိအောင်တို့ နေအိမ်သို့ ဆက်လက် ထွက်ခွာခဲ့ပါသည်။ မမိမိအောင်လည်း စာရေးသူ ရောက်ရှိလာမည်ကို သိရှိထားသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် နံနက်စာများ စားပွဲနှင့်အပြည့် အလျှံ ပြင်ဆင်ထားရှိသော်လည်း စာရေးသူသည် အစားနည်းလှသူဖြစ်၍ ဘာမှထပ်၍မစားနိုင်တော့သဖြင့် အားနာဖွယ်ပင်ဖြစ်ပါသည်။ နံနက် (၉) နာရီတွင် ကြီးကြီးဒေါ်အုန်းရှင်၏သားနှင့်မြေးတို့ဖြစ်သော ကိုမျိုး (ကိုမျိုးညွန့်) နှင့် သင်းသင်း (သင်းသင်းလှိုင်) တို့ ကားနှစ်စီးဖြင့် ရောက်ရှိလာကာ တာမွေသို့ ဆက်လက်ပင့်ဆောင်ပါသည်။ ထိုအခါ စာရေးသူလည်း တာမွေသို့ လိုက်ပါခဲ့ရပါသည်။ ကြီးကြီးသည် စာရေးသူကို တွေ့မြင်သောအခါ ဝမ်းသာပျော်ရွှင်လျက်ရှိပါသည်။

စာရေးသူရောက်ရှိပြီး နေ့လယ်ပိုင်းတွင် ဆေးကုသခံယူ၍ ဆေးသိဒ္ဓိသစ္စာရေ တောင်းခံမည့်သူများ အလျှိုအလျှို ရောက်ရှိ၍လာကြပါသည်။ စာရေးသူထံသို့ မကြာမကြာဖုန်းဆက်ကြသော ကိုသန့်လွင်ဦး၊ မဇာခြည်ဦးနှင့် မိတ်ဆွေအများ လာရောက်ကြပါသည်။ ဆေးကုသခံယူသူများ ပေါများလှပါသည်။ စာရေးသူထံသို့ မကြာမကြာ ဖုန်းဆက်လေ့ရှိသော ဒေါ်သန်းသန်းအေးသည် ထိုညက ကိုယ်တိုင်မလာရောက်နိုင်သဖြင့် သမီးဖြစ်သော ခင်သန္တာဝင်းနှင့် ၎င်း၏အမျိုးသား၊ တူမလေးများတို့ ရောက်ရှိလာပါသည်။ ယခုမှလူချင်းတွေ့ဆုံဖူးကြသော်လည်း စာရေးသူ၏ မေတ္တာဓာတ်ကို ခံယူနေကြသူများဖြစ်၍ ဆွေမျိုးရင်းချာကဲ့သို့ မှတ်ယူကြကြောင်း ပြောပြပါကြသည်။

စာရေးသူ၏ မေတ္တာဓာတ်များ ဝေးလံလှသောဒေသများသို့တိုင် ပျံ့နှံ့နေပြီး စာရေးသူအပေါ် မေတ္တာတရားများ ထားရှိကြသည်ကို လက်တွေ့မြင်တွေ့ရ၍ ဝမ်းသာပီတိဖြစ်မိပါသည်။ ထိုညက (၉) နာရီခွဲမှသာ စာရေးသူထံမှ ဆေးကုသခံယူသူတို့ စဲသွားပါသည်။ နောက်တစ်နေ့တွင် နေ့လယ် (၁) နာရီခန့်အထိသာ ဆေးကုသမှု ဆောင်ရွက်ပေးပြီး သူရဇ္ဇမဂ္ဂဇင်းတိုက် တည်ရှိရာ ပညာရွှေတောင်စာအုပ်တိုက်သို့ မောင်ရဲလေးနှင့် ထွက်ခဲ့ကြပါသည်။ ဦးအောင်မြတ်နှင့် အဆင်သင့်ပင် တွေ့ရပါသည်။ ဦးအောင်မြတ်သည် ရုပ်ရှင်တော်မြတ်ကို အထူးကြည်ညိုလှသူဖြစ်ရာ ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များမှ ထူးခြားမှုတို့ကို မေးမြန်း၍ စိတ်ပါဝင်စားစွာ နားထောင်ပါသည်။ ခဏတစ်ဖြုတ် နှုတ်ဆက်ရန်ဟု ရည်ရွယ်ခဲ့သော်လည်း စကားကောင်းနေကြ



နေပြည်တော် ရာဇဌာနေသမ်း ဦးထင်အောင်လင်း + ဒေါ်ကြည်ကြည်သင်းတို့၏နေအိမ်မှ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဖမ္မူဟိန်းဆောက်လုပ်ရေး ဒေါ်ချောချောမှ ပင့်ဆောင်စဉ်

သဖြင့် အချိန်အတော်သင့်မှသာ ပြန်လာနိုင်ပါတော့သည်။

ညနေပိုင်းတွင် သူရဇ္ဇမဂ္ဂဇင်းတွင် ပါရှိမှ ရုပ်ရှင်တော်မြတ်၏ အကြောင်းကိုသိရှိပြီး ပြီးခဲ့သော နွေရာသီခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့ကြပြီး ရွှေယပ်တောင် (တစ်ကျပ်သား) လှူဒါန်းခဲ့ကြသော ခင်မို့မို့အောင်သည် စာရေးသူ ရောက်ရှိနေသည်ဟု ကြားသိ၍ ရောက်ရှိလာကာ အပြင်ဆိုင်တွင် ထမင်းကျွေးလိုကြောင်းပြောရာ အိမ်ရှင်ကြီးကြီးမှ ခွင့်မပြုသဖြင့် ရွှေပုစွန်သို့ သွားရောက်ကာ သစ်သီးဖျော်ရည်နှင့် ဖက်ထုပ်ကြော်သာ ဧည့်ခံစေခဲ့ပါသည်။ ထို့နောက် အိမ်သို့ပြန်ခဲ့ကြပါသည်။

ည(၇)နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ် ဦးခင်မောင်ကျော်၏ဇနီး ဒေါ်ဝေဝေမာ ရောက်ရှိလာပါသည်။ ဦးခင်မောင်ကျော်နှင့် ဒေါ်ဝေဝေမာတို့သည် ရုပ်ရှင်တော်မြတ်ကို သိရှိကိုးကွယ်ခဲ့ကြသည်မှာ (၃) နှစ်မျှသာရှိသေးပြီး မယ်တော်ကြီး၏ သားသမီးရင်းများသဖွယ်ဖြစ်နေကြသူများဖြစ်ပြီး ရန်ကုန်မြို့ပေါ်တွင် ရုပ်ရှင်တော်မြတ်ကြီးနှင့် မယ်တော်ကြီးတို့ ရှိနေသရွေ့ နေ့စဉ်နီးပါး ကြွရောက်ရာ နေအိမ်ဌာနများသို့ ရောက်ရှိလာတတ်မြဲဖြစ်ကာ မယ်တော်ကြီးတို့ လိုအပ်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ သွားလိုရာနေရာဌာနများသို့ ပို့ဆောင်ပေးခြင်းစသည်ဖြင့် ကုသိုလ်ယူလျက်ရှိသည့်အပြင် နှစ်စဉ် ရန်ကုန်ခရီးစဉ်တိုင်းတွင်လည်း ပင့်ဆောင် ပူဇော်ကြမြဲ ဖြစ်ပါသည်။ ဦးခင်မောင်ကျော်သည် အင်ဂျင်နီယာချုပ်အဖြစ်သို့ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံခဲ့ရသည်မှာ ရက်ပိုင်းမျှသာ ရှိပါသေးသည်။ ရုပ်ရှင်တော်မြတ်အား ကိုးကွယ် ယုံကြည်ခဲ့ကြသောကြောင့် အလုပ်အကိုင်များ အဆင်ပြေရသည်ဟု ယုံကြည်ကြသူများလည်း ဖြစ်ပါသည်။

အိမ်ရှင်ကြီးကြီးသည် စာရေးသူရောက်ရှိသည့်နေ့မှာပင် -

"ငါ့သားလေး အမေမှာလို့ လာရှာတယ်။ အမေက စားရိတ်ပေးပါ့မယ်"

ဟုဆိုကာ ငါးသောင်းကျပ်ပေးပါသည်။ စာရေးသူမှ ငြင်းပယ်ပါသည်။ လက်မခံလျှင် စိတ်မကောင်းဖြစ်မည်ကြောင့် လည်းကောင်း အမေ ဒေါ်အုန်းရှင်တို့သည် ငွေကြေးချမ်းသာကြွယ်ဝသူများဖြစ်သောကြောင့် ငွေငါးသောင်းသည် အမေတို့အဖို့ မပြောပလောက်သော ငွေကြေးပမာဏမျှသာရှိခြင်းကြောင့် လက်ခံခဲ့ရခြင်း ဖြစ်ပါသည်။ ဒေါ်ဝေဝေမာသည် စာရေးသူအား ကားကြီးဝင်းသို့ ပို့ဆောင်ရန် ရောက်ရှိလာခြင်းဖြစ်ကာ ကားလက်မှတ်ပါ ဖြတ်ခဲ့သည့်အပြင် တန်ဖိုးကြီးမားသော ရှပ်အင်္ကျီလက်ရှည်တစ်ထည်နှင့် ပုဆိုးတစ်ထည် လက်ဆောင်အဖြစ် ယူလာပါသေးသည်။ ခဏကြာလျှင် ဗိုလ်မှူးကြီးသိန်းဆင့်၏ဇနီး ဒေါ်အေးအေးမြင့် (အငြိမ်းစား-စစ်သူနာပြုဗိုလ်မှူး)ရောက်ရှိလာပြီး တန်ဖိုးကြီးမားသော ရှပ်အင်္ကျီလက်ရှည်တစ်ထည် လက်ဆောင်ပေးပြန်ပါသည်။ ဤမိသားစုသည်လည်း မယ်တော်ကြီး၏ သားသမီးအရင်းများသဖွယ်ပင် ဖြစ်ပါသည်။

စာရေးသူလည်း ကားဂိတ်သို့ ဆင်းတော့မည်ဖြစ်၍ အမေဒေါ်အုန်းရှင်ကို နှုတ်ဆက်ရင်း ကန်တော့ပါသည်။

ထိုအခါ အမေဒေါ်အုန်းရှင်မှ

"ငါ့သား၊ ခဏနေဦး"

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ အလေးချိန် (၂) ကျပ်သား) ကျော်သော ဆွဲသီးဆွဲပြားအဖြစ် နှစ်ပေါင်းများစွာ ဝတ်ဆင်ခဲ့သော ရွှေဆောင်းကို ရုပ်ရှင်တော်မြတ်အား လှူဒါန်းစေသည်။ ထိုအခါ အမေ ဒေါ်အုန်းရှင်၏ သားသမီးများနှင့် မြေးများပါ ဝမ်းသာပီတိဖြစ်ကြရပါသည်။ စာရေးသူလည်း ထိုည (၈) နာရီကားဖြင့် မန္တလေးသို့ ပြန်ခဲ့ပါသည်။

နံနက် (၅) နာရီတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး အဝိုင်းဝအရောက်တွင် ကားကိုရပ်စေ၍ ထိုနေရာမှာပင် ဆင်းလိုက်ပါသည်။ စာရေးသူ၏ တပည့်ကျော်နှစ်ဦးဖြစ်သော စဥ့်ကိုင်မြို့မှဖြစ်ကြသော တိုက်၊ ကားဆေးသုတ်လုပ်ငန်းရှင် ကိုမောင်နိုင်နှင့် မျှထိပ်တင် ဆိုင်ကယ်ဝပ်ရှော့ ဆိုင်ကယ် ရေဆေးဆီလိုက်နှင့် အင်္ဂတေသုတ်စက်ဟုရမ်းခြင်းလုပ်ငန်းရှင် အောင်နေလင်းတို့ ဂျစ်ကားဖြင့် လာရောက်ကြိုဆိုကြပါသည်။

ဤကလေးနှစ်ယောက်သည် စဥ့်ကိုင်မြို့တွင် ရုပ်ရှင်တော်မြတ်နှင့် အနီတ်အေး၊ မယ်တော်ကြီးနှင့် စာရေးသူတို့ကို အထူးလေးစားကြည်ညိုကြသူများ ဖြစ်ကြပါသည်။ အောင်နေလင်းသည် ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အတွင်း မော်တော်ကား ရရှိပါစေဟု ရုပ်ရှင်တော်မြတ်ထံ ဆုတောင်းထားသူဖြစ်ကာ ဤဂျစ်ကားလေးကို လွန်ခဲ့သော (၁၅) ရက်ခန့်မှဝယ်ယူလိုက်ခြင်း ဖြစ်ပါသည်။ ဂျစ်ကားဝယ်ယူသောနေ့ကလည်း -

"ကျွန်တော်တို့ဆရာကြီး (စာရေးသူကို အလေးအမြတ်ထား၍ ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။) မန္တလေးတို့၊ နေပြည်တော်တို့ကပြန်လာရင် အချိန်မတော်မှာ လာလာကြိုရတာ ဆိုင်ကယ်နဲ့ဆိုတော့ အဆင်မပြေဘူး။ ဒါကြောင့် အမြန်ဆုံးကားဝယ်လိုက်ရတာ"

ဟု ပြောပါသည်။

အောင်နေလင်း ကားဝယ်လိုက်၍ စာရေးသူလည်း အပြန်လမ်းခရီးတွင် အဆင်ပြေခဲ့ရပါသည်။

၁၁ -၈ - ၂၀၁၂ နေ့၊ နံနက် (၈) နာရီတွင် ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက် သီရိလမ်း အမှတ် (၂၅) ခေတ်ဆန်းကြော့ရွှေရည် စိန်ရွှေရတနာဆိုင်မှ ကိုဟိန်း - မကြူမိသားစုကို နေအိမ်သို့ ပင့်ဆောင်ပူဇော်ကြပါသည်။ ကိုဟိန်း-မကြူမိသားစုတို့သည် ခင်နန္ဒာ ဘုရားဖူးပို့ဆောင်ရေး ဗိုလ်ချုပ် (ငြိမ်း) ဦးညွန့်တင်-ဒေါ်တင်ရီတို့၏ မိတ်ဆွေများ ဖြစ်ပါသည်။ ဗိုလ်ချုပ် (ငြိမ်း) ဦးညွန့်တင်တို့၏ နေအိမ်တွင် ပင့်ဆောင်ပူဇော်ခဲ့စဉ်ကတည်းက လျှောက်ထားခဲ့ကြသူများ ဖြစ်သော်လည်း ယခုမှ ပင့်ဆောင်ပူဇော်ခွင့်ရရှိကြသူများ ဖြစ်ကြပါသည်။ ယခုလည်း အချိန်လုံလောက်စွာမရရှိပါ။ ထို့ကြောင့် နေ့လယ် (၂) နာရီ၊ (၃၀) မိနစ်အထိသာ ပူဇော်ခွင့်ရရှိကြပါသည်။

ညနေ (၃) နာရီတွင် ဗဟန်းမြို့နယ် ဘုရင့်နောင်ရိပ်သာ ဓမ္မစေတီလမ်း ၈/၁၄ နေ ဗိုလ်ကြီးကျော်လင်းထွန်း-ဒေါ်ဝေနွယ်ဝင်း၊ သားကလေး မောင်သုတဉာဏ်တို့မှ ဆက်လက်ပင့်ဆောင်ပူဇော်ကြပါသည်။ ဗိုလ်ကြီးကျော်လင်းထွန်းတို့ မိသားစုသည် ယခုအကြိမ်ပင့်ဆောင်ပူဇော်ခြင်းမှာ တတိယအကြိမ်မြောက် ဖြစ်ပါသည်။ ပထမအကြိမ်မြောက် ပင့်ဆောင်ပူဇော်စဉ်က ဗိုလ်ကြီးကျော်လင်းထွန်းသည် မြိတ်ဘက် ရေတပ်စခန်းသို့ ရောက်ရှိနေချိန် ဖြစ်ပါသည်။ထိုစဉ်က ရန်ကုန်မြို့တွင် လျှပ်စစ်မီး အလှည့်ကျပေးဝေချိန် ဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ် သင်္ကြန်မကျမီအချိန် ဖြစ်ပါသည်။ မဝေနွယ်ဝင်းသည် စဥ့်ကိုင်သူဖြစ်သည့်အပြင် မဝေနွယ်ဝင်း၏ မိခင်များဖြစ်သော ဦးသောင်းဝင်း - ဒေါ်နှင်းနှင်းဦး ဖိုးသားကြီး မောင်အေးနိုင်၊ ဖိုးသားငယ် မောင်ငြိမ်းဇော်တို့ အားလုံးသည် စာရေးသူနှင့် ခင်မင်ရင်းနှီးသူများ ဖြစ်ကြသောကြောင့် မဝေနွယ်ဝင်းတို့နေအိမ်သို့ ဘုရားပင့်အမီ ဦးသောင်းဝင်းနှင့်အတူ စာရေးသူပါ သွားရောက်ခဲ့ရပါသေးသည်။ ထိုစဉ်က ဗိုလ်ကြီးကျော်လင်းထွန်းနှင့် မဝေနွယ်ဝင်းတို့သည် အိမ်ထောင်သစ်ကလေး မျှသာရှိသေးသော်လည်း ထိုနှစ်က အဓိဋ္ဌာန်ဆုတောင်းများ ပြည့်မြောက်သဖြင့် မင်္ဂလာဦးလက်ဖွဲ့ပ်နှင့်အတူ ငွေသုံးသိန်းကျပ်တိတိပင် လှူဒါန်းလိုက်ပါသည်။

ထိုအချိန်က တစ်ရက်ခြား မီးလာနေကျဖြစ်သော်လည်း ရုပ်ရှင်တော်မြတ် ပင့်ဆောင် ပူဇော်ထားရှိသော (၂) ရက်လုံး ဆက်တိုက်မီးလာသဖြင့် အံ့ဩကြရပါသည်။ နောက်တစ်နေ့တွင် ရုပ်ရှင်တော်မြတ်ကို အဓိဋ္ဌာန်အောင်၍ လာရောက် ပင့်ဆောင်ပါသည်ဟုဆိုသော ဘောက်ထော်ပြည်သာယာမှ အရာရှိကြီးများဟုသိရသော နေအိမ်တစ်အိမ်သို့ ကြွမြန်းရောက်ရှိတော်မူပါသည်။ ထိုအိမ်မှ မိန်းကလေးသည် လွန်ခဲ့သောနှစ် ရွှေရာသီရန်ကုန်ခရီးစဉ်တွင် အမှတ်မထင် အသိမိတ်ဆွေတစ်ဦး၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရစဉ် ငွေရေးကြေးရေးကိစ္စတစ်ခုကို အဓိဋ္ဌာန်ပြုလိုက်ပြီး အောင်မြင်ပါက အရှင်မြတ်အား မိမိနေအိမ်သို့ ပင့်ဆောင်ပူဇော်ရန် အဓိဋ္ဌာန်ဆုတောင်းခဲ့သည်ဟု ဆိုပါသည်။

စာရေးသူနှင့် ဦးသောင်းဝင်းတို့လည်း ကားကြီးဝင်းသို့အဆင်းတွင် ထိုအိမ်သို့ ဝင်ရောက်ပြီး ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ပါသည်။ ထိုအိမ်တွင်လည်း ထူးခြားမှုကို အိမ်ရှင်များမှ ပြောပြပါသည်။ ရုပ်ရှင်တော်မြတ် ဤအိမ်ဂေဟာသို့ ကြွမြန်းရောက်ရှိတော်မူလာချိန်မှာ မီးပျက်ချိန် ဖြစ်ပါသည်။ သို့သော် မီးမပျက်ဘဲ ဆက်လက်လာနေသဖြင့် ထူးခြားလှသည်ဟုဆိုကြသည်။ ဘုရင့်နောင်ရိပ်သာရှိ မဝေနွယ်ဝင်းတို့အိမ်မှာမှ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူပြီး အချိန်မှန်မှာပင် မီးသည်ပုံမှန် အလှည့်ကျခွဲတမ်းအတိုင်း ပျက်သွားပါသည်ဟု သိရပါသည်။

ထိုအခါ စာရေးသူနှင့်အတူ လိုက်ပါလာသော ဦးသောင်းဝင်းမှ တစ်အိမ်တည်းဆိုလျှင် တိုက်ဆိုင်မှုဟု၍ ပြောနိုင်သော်လည်း မြို့နယ်ရပ်ကွက်မတူသော အိမ်နှစ်အိမ်တွင် ဆက်တိုက်ထူးခြားမှု ဖြစ်ပေါ်နေ၍ ရုပ်ရှင်တော်မြတ် တန်ခိုးကြီးစေရန် အီးပီစီနှင့် ဆက်သွယ်ရေး ဖန်တီးထားသည်ဟုပင် အချို့လူများ ထင်မှတ်မှားနိုင်ပါသည်ဟုပြောပါသည်။

၁၃-၈-၂၀၁၂ နံနက် (၉) နာရီတွင် တိုက်ကြီးမြို့ရှိ ဗိုလ်ချုပ် (ငြိမ်း) ဦးစိန်လင်း-ဒေါ်အေးအေးလွင် သားသမီးတစ်စုတို့၏ နေအိမ်သို့ ပင့်ဆောင်ပူဇော်ပါသည်။ သီးပင်စားပင်၊ ပန်းမန်များဖြင့် ကျယ်ဝန်းလှသော ခြံကျယ်ကြီး ဖြစ်ပါသည်။ ဗိုလ်ချုပ်မိသားစုသည် ရုပ်ရှင်တော်မြတ်အား အထူးကြည်ညိုကြသူများဖြစ်ပြီး ရက်ရှည်ပင့်ဆောင်ပူဇော်ထားရှိလိုသော်လည်း တစ်ရက်တာသာ ပင့်ဆောင်ပူဇော်ခွင့်ရရှိ၍ အားမရနိုင်ဘဲရှိကြပါသည်။ ယခုအကြိမ်သည် ဒုတိယပင့်ဆောင်ပူဇော်ခြင်းဖြစ်ပြီး လာမည့်နှစ် ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ် ရန်ကုန်ရာသီတွင်လည်း ပင့်ဆောင် ပူဇော်ဦးမည့်အကြောင်း လျှောက်ထားကြပါသည်။ ဗိုလ်ချုပ်မိသားစုသည် တရားဓမ္မဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပျော်မွေ့နေကြသူများဖြစ်ကာ မယ်တော်ကြီးနှင့် အန်တီအေးတို့ကိုလည်း အထူးလေးစားကြည်ညိုကာ မိသားစုသဖွယ် ရင်းနှီးစွာ ဆက်ဆံကြပါသည်။ ဗိုလ်ချုပ်တို့၏ မိတ်ဆွေများစွာတို့လည်း ရုပ်ရှင်တော်မြတ်ကို လာရောက် ဖူးမြော်၍ ကြည်ညို၍မဆုံးနိုင်အောင်ရှိကြပြီး ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်လိုကြောင်း လျှောက်ထားကြသူများလည်း ပါရှိကြပါသေးသည်။ ဗိုလ်ချုပ်၏နေအိမ်တွင် ထူးကဲစွာ ဆီပုလင်းမှ ဆီများဆူဝေတက်လာပါသည်။

၁၄-၈-၂၀၁၂ နေ့တွင် တိုက်ကြီးမြို့နယ် ဗမာကံကုန်းရွာနေ ဗိုလ်ချုပ်စိန်လင်း၏သားကြီး ဦးအေးကျော်လင်း-ဒေါ်ခိုင်သဇင်ဌေး၊ သား မောင်မင်းခန့်ဟိန်း၊ သမီး ရွှန်းလဲ့ရည်မွန် မိသားစုတို့မှ ဆက်လက်ပင့်ဆောင်ပူဇော်ကြပါသည်။ ဤမိသားစုသည်လည်း ရုပ်ရှင်တော်မြတ်ကို အထူးကြည်ညိုကြပါသည်။ ဘုရား၊ တရားကိုလည်း လိုက်စားကျင့်ကြံကြ၍ ဗုဒ္ဓစာပေများကိုလည်း လေ့လာထားရှိကာ ဗဟုသုတကြွယ်ဝသူများ ဖြစ်ကြပါသည်။ ထိုနေ့ ညဦးပိုင်းမှာပင် ဖျူးမြို့သို့ ပင့်ဆောင်ပူဇော်ကြမည့် ကိုဖြိုးနှင့် မမိုးမိုးစံတို့ ညအိပ်ရောက်ရှိလာကြပါသည်။ လူ (၂၀) ကျော်မျှပင် ကားကြီးတစ်စီး စီစဉ်၍ ရောက်ရှိလာကြခြင်း ဖြစ်ပါသည်။

ကိုဖြိုးသည် သူရဇ္ဇစာဖတ်ပရိသတ်တစ်ဦးဖြစ်၍ ရုပ်ရှင်တော်မြတ်၏ အကြောင်းတို့ကိုသိရှိပြီး ကြည်ညိုနေကြသူများ ဖြစ်ပါသည်။ ထို့ကြောင့် ပထမတွင် စာရေးသူထံသို့ ဖုန်းဖြင့်ဆက်သွယ်လာပြီး ရွှေကံကူအောင်မြေသို့ ကိုယ်တိုင်လာရောက်ကာ ရက်ချိန်းရယူ လျှောက်ထားသွားကြသူများ ဖြစ်ပါသည်။ အမှန်မှာ ယခုခရီးစဉ်သည် ရန်ကုန်ခရီးစဉ်ကို ထည့်သွင်းလိုက်သဖြင့် ကိုဖြိုးတို့သည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရန် လျှောက်ထားပြီး (၂) လခန့်အကြာမှာပင် ပင့်ဆောင် ပူဇော်ခွင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ဦးအေးကျော်လင်း-ဒေါ်ခိုင်သဇင်ဌေးတို့သည် ဗိုလ်ချုပ်သားသမီးများ ဖြစ်ကြသည့်အပြင် ငွေကြေးချမ်းသာကြွယ်ဝသူများ ဖြစ်ကြသော်လည်း မာန်မာန မရှိကြပါ။ စိတ်သဘောထားပြည့်ဝ၍ နူးညံ့သိမ်မွေ့သူများဖြစ်ကြကာ ဖော်ရွေကြပါသည်။ ဖျူးမြို့မှ ဘုရားပင့်ရန် ရောက်ရှိလာသူများကို ည (၁၁) နာရီခွဲအထိ စိတ်ရှည်လက်ရှည် စောင့်မျှော်၍ ကြိုဆိုဧည့်ခံကာ နေရာထိုင်ခင်းများကို လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးပါသည်။ ၁၅-၈-၂၀၁၂ နံနက် (၄) နာရီခွဲတွင် မယ်တော်ကြီးမှ ဦးဆောင်၍ ဦးအေးကျော်လင်း-ဒေါ်ခိုင်သဇင်ဌေးတို့၏ နေအိမ်တွင် ဓာတ်ကြီး (၄) ပါး ဆွမ်းဆက်ကပ်ပါသေးသည်။ နံနက် (၅) နာရီခွဲခန့်မှ ဖျူးမြို့သို့ စတင်ထွက်ခွာနိုင်ပါသည်။

ဖျူးမြို့သို့ (၁၀) နာရီခန့်တွင် ရောက်ရှိကာ ဓမ္မစကြာအဖွဲ့များမှ မြို့အဝင်တွင် ဆီးကြိုကြ၍ မြို့တွင်းမြို့လူထုသည် ဆီးကြို၍ ပူဇော်ကန်တော့ကြပါသည်။ ဖျူးမြို့သည်လည်း သူရဇ္ဇစာဖတ်ပရိသတ်များသာ ဖြစ်ကြသောကြောင့် ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်များကို သိရှိထားနှင့်ပြီး ကြည်ညိုကြပြီးသူများဖြစ်ရာ ၎င်းတို့ဖူးမြော်လိုသော ရုပ်ရှင်တော်မြတ် ကြွရောက်လာသောအခါပင် အထူးပင် ဝမ်းသာပျော်ရွှင်ဆုံး ဖူးမြော်ကြည်ညို၍ မဆုံးနိုင်အောင်ရှိကြပါသည်။

ရုပ်ရှင်တော်မြတ်အားလာရောက်ပင့်ဆောင်သော ဦးခင်မောင်ဆွေ - (ဒေါ်ခင်ဖြူ)၊ (ဒု - ရဲမှူးစံထွေး) - ဒေါ်သန်းဆွေ၊ ကိုကျော်၊ ကိုဖြိုး - မမိုးမိုးစံတို့၏ ရွှေပြည်စံခရီးသွားလုပ်ငန်း တည်ရှိရာနေအိမ်မှာ တာကြားရပ်ကွက်၊ အမှတ် (၁၀၄)တွင် တည်ရှိပါသည်။ ရန်ကုန် - မန္တလေးကားလမ်း (ယခင် အဝေးပြေးလမ်းမ) ပေါ်တွင် တည်ရှိ၍ သွားရေးလာရေး လွယ်ကူကာ မြို့လူထုတို့ တွေ့လွယ်မြင်လွယ်သောနေရာ ဖြစ်၍ လာရောက်ဖူးမြော်ကြသော ဧည့်ပရိသတ်မှာ များပြားလှသောကြောင့် ဘုရားပွဲတော်ကြီးတမျှ စည်ကားလှ၍ ကိုဖြိုးတို့၏ နေအိမ်ဝင်းထဲသာမက ကားလမ်းမကြီးပေါ်အထိပင် ကား၊ ဆိုင်ကယ်၊ စက်ဘီးနှင့်လူတို့ ပြည့်နှက်နေသောကြောင့် ယာဉ်ထိန်းရဲမှပင် လာရောက်၍ လမ်းရှင်းပေးရသည်အထိ ဖြစ်ရပါသည်။

ရုပ်ရှင်တော်မြတ်အား ပူဇော်လိုကြသော ဓမ္မစကြာအဖွဲ့တို့မှာလည်း အမျိုးသားသီးသန့်၊ အမျိုးသမီးသီးသန့်ဟူ၍ များစွာရှိရာ ပင့်ဆောင်ပူဇော်သူအိမ်ရှင် ကိုဖြိုးမှ အဆင်ပြေစွာ အဖွဲ့အားလုံး ပူဇော်နိုင်ရန်အတွက် အချိန်ဇယားချ၍ စီစဉ်ပေးရပါသည်။ ရုပ်ရှင်တော်မြတ်မှ ရောင်ခြည်တော်ကွန့်မြူးခြင်းကို လူအများတို့ ဖူးမြော်ကြရ၍ ဘုရားဖူးပရိသတ်မှာ လျော့နည်းသွားသည်ဟူ၍ မရှိပါ။ တိုး၍သာ စည်ကားလျက်ရှိပါ၏။

၁၆ ရက် ညနေပိုင်းတွင် ကိုဖြိုးမှ စဉ့်ကိုင်မြို့အောင်မြေတွင်ရှိနေသော စာရေးသူထံသို့ ဖုန်းဆက်ပါသည်။ စာရေးသူသည် အဝေးမှနေ၍ ဆေးသိဒ္ဓိတို့ကို တယ်လီဖုန်းဖြင့်သစ္စာပြုပေးသည်ဟု ကြားသိထားပါသည်။ ထို့ကြောင့် ယခုလည်း ဆရာဘိုဘိုမှ သစ္စာပြုပေးပါ' ဟု ပန်ကြားပါသည်။ ထိုအခါ စာရေးသူမှ ည (၈) နာရီခန့်တွင် သစ္စာပြုပေးပါမည်။ အခြားသစ္စာရေလိုအပ်သူများကိုလည်း ကြိုတင်အသိပေး နှိုးဆော်ထားလိုက်ပါဟူ၍ ပြန်လည်ပြောကြားလိုက်ပါသည်။ ထိုည (၈)နာရီတွင် မယ်တော်ကြီးထံမှ ဖုန်းလာပါသည်။ ကိုဖြိုးတို့မိသားစုနှင့်တကွ စာရေးသူ၏ သစ္စာရေကို လိုလားတောင့်တကြသော ဧည့်ပရိသတ်အပေါင်းတို့သည် ရေဘူးများကိုယ်စီကိုင်၍ အိမ်ဝင်းထဲတွင်သာမက လမ်းမပေါ်အထိပင် ပြည့်နှက်လျက်ရှိပါသည်ဟု ပြောပါသည်။ စာရေးသူ၏ ဖုန်းမှတစ်ဆင့် သစ္စာပြုချက်ကိုလည်း မိုက်ခရိုဖုန်းဖြင့် ကပ်ထားသည်ဟု ဆိုပါသည်။

ထိုအခါ စာရေးသူသည် အောင်မြေမှနေ၍ ဖုန်းဖြင့် သစ္စာတိုင်တည်ပေးပါသည်။ လူပေါင်းများစွာတို့၏ ယုံကြည်လေးနက်စွာ လိုက်လံ ရွတ်ဆိုကြသော အသံတို့ကိုကြားရသောအခါ စာရေးသူသည် မဖော်ပြနိုင်အောင် ပီတိဖြစ်မိပါသည်။

၁၇ ရက်နေ့ နံနက် (၇) နာရီခွဲ အချိန်၌ ရုပ်ရှင်တော်မြတ်အား ဖလက်တီဗွီကြီးဖြင့် မျက်နှာတော်ကို ပုံကြီးချဲ့၍ ပူဇော်ခံထားစဉ် ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်နှစ်ထပ်ဖြစ်ပေါ်၍ လာသဖြင့် ကိုဖြိုးတို့ ခေါ်ယူထားသော ဓာတ်ပုံဆရာအပါအဝင် ဓာတ်ပုံဆရာ (၅)ဦးခန့် တစ်ပြိုင်တည်း အကြိမ်ကြိမ် ဓာတ်ပုံရိုက်ကူးကြသော်လည်း ဓာတ်ပုံများတွင် ထူးခြားမှုများ မတွေ့ရှိကြရသော်လည်း ဖျူးမြို့မှ တိုင်းရင်းဆေးဆရာမလေး မဝါဝါမင်း ဖုန်းကင်မရာဖြင့် ရိုက်ကူးသော် ဓာတ်ပုံ (၅) ကွက်တွင် တစ်ကွက်၌ ထူးခြားလှစွာ ရဟန္တာတစ်ပါး ဖူးမြော်ကန်တော့နေပုံ ဖူးတွေ့ကြရပါသည်။ ထိုအခါ ကိုဖြိုးတို့လည်း ချက်ချင်းပင် ထိုပုံတော်ကို ဗီနိုင်း



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ ဓာတ်ပုံများကူး၍ လည်းကောင်း ပူဇော်ထားရှိရာ တစ်မြို့လုံး အံ့သြမဆုံးဖြစ်ကာ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညို၍ဖြစ်ကြရပါသည်။ နေရာတိုင်းတွင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို ပြောဆိုချီးမွမ်း၍ မဆုံးနိုင်အောင်ရှိကြရပါသည်။ (ရုပ်ရှင်တော်မြတ်သည် ဖြူးမြို့မှကြွမြန်းရောက်ရှိတော်မူပြီး ၂၀-၈-၂၀၁၂ တွင် မြင်းခြံမြို့သို့ ကြွမြန်းရောက်ရှိတော်မူရာ ဖြူးမြို့တွင် ရဟန္တာလာရောက်ဖူးမြော်သော င်းပုံတော်ကို မြင်တွေ့ကြသောအခါ မြင်းခြံမြို့သူမြို့သားတို့သည် မြင်းခြံမြို့တွင် ရှေးခေတ်က ဝိဇ္ဇာထွက်ရပ်ပေါက် ဗိုလ်ထူး တည်ထားကိုးကွယ်ခဲ့သော သစ္စာလေးပါးဟူသော စေတီတော်တစ်ဆူရှိပါသည်။ ထိုစေတီတော်တွင် ၁၇-၈-၂၀၁၂ နေ့၌ မြသပိတ်တော်ကြီး စေတီတော်၏ ဖောင်းရစ်နေရာတွင် ပေါ်ပေါက်နေသည်ကို နွားကျောင်းသားများမှ မြင်တွေ့၍ အော်ဟစ်ကြရာ ထိုစေတီတော်အနီးတွင် အိပ်ပျော်နေသော အရက်မူးသမားသည် နိုးလာပြီး ထ၍ ဖူးမြော်လိုက်ပါသည်။ မြသပိတ်တော် ကွယ်ပျောက်သွားပြီး ရဟန္တာတစ်ပါး ဈာန်ပျံကြွသွားသည်ကို ဖူးတွေ့လိုက်ရ၍ တမန်းကတန်းပင် တပည့်တော်၏ သား (၅) ယောက်ကို ရှင်ပြုနိုင်ပါစေဟု ဆုတောင်းလိုက်ပါသည်။

အံ့သြဖွယ်ကောင်းလှပါ၏။ ထိုအမူးသမားသည် နှေ့ညအတွင်းမှာပင် မျှော်လင့်သောနေရာမှ ရရှိလိုက်၍ သား(၅)ယောက်ကို ရှင်ပြုနိုင်ခဲ့သည် ဟုဆိုပါသည်။ ဖြူးမြို့တွင် ရုပ်ရှင်တော်မြတ်အား ရဟန္တာလာရောက်ဖူးမြော်သောနေ့နှင့် မြင်းခြံမြို့ သစ္စာလေးပါးဘုရားတွင် ရဟန္တာလာရောက်ဖူးမြော်သောနေ့ တစ်ရက်တည်းဖြစ်နေသည်မှာ ပို၍ထူးခြားလှပါသည်။)

ကိုဖြိုးတို့နေအိမ်သို့ ကြွရောက်ပူဇော်ခံနေလျက်ရှိနေဆဲမှာပဲ ဖြူးမြို့ အမှတ် (၃၀၆) ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကျော်သီဟနှင့် ဇနီး ဒေါ်မီမီဇင်တို့မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်လိုကြောင်း လာရောက်လျှောက်ထားရာ ခရီးစဉ်ရက် ပြည့်နေပြီဖြစ်၍ လောလောဆယ်တွင် မကြွမြန်းနိုင်သေးကြောင်း မယ်တော်ကြီးမှ ပြောကြားပါသည်။ ထိုအခါ ဒုတိယဗိုလ်မှူးကြီး ကျော်သီဟနှင့်ဇနီး ဒေါ်မီမီဇင်တို့မှ နောက်မှသီးခြားပူဇော်နိုင်ရက်ရရှိသောအခါ ထပ်မံပူဇော်ပါမည်။ ယခုမူ ဖြူးမြို့မှ ပြန်လည်ကြွမြန်းသောနေ့တွင် ခေတ္တခဏ နာရီပိုင်းမျှ ပင့်ဆောင် ပူဇော်ပါရစေဟု မေတ္တာရပ်ခံပါသည်။ ထိုအခါ မယ်တော်ကြီးနှင့် အန်တီအေးတို့လည်း ဗိုလ်မှူးကြီးတို့၏ သဒ္ဓါတရားကို လေးစားမိ၍ ကြွရောက်ပေးပါမည်ဟု ကတိပြုလိုက်ပါသည်။

ထို့ကြောင့် ၁၈ ရက်နေ့ နံနက် (၃)နာရီခွဲတွင် ဗိုလ်မှူးကြီးတို့ ဇနီးမောင်နှံ ရောက်ရှိလာပြီး (၃၀၆) ခြေမြန်တပ်ရင်းသို့ ပင့်ဆောင်ကြပါသည်။ ရုပ်ရှင်တော်မြတ်အား အရုဏ်ဆွမ်းများဆက်ကပ်၍ မယ်တော်ကြီးနှင့် အန်တီအေးကိုလည်း နံနက်စာ ကျွေးမွေးပါသည်။ ထိုအချိန်တွင် တပ်ရင်းမှ ဓမ္မစကြာအဖွဲ့သည် ရရှိသည့်နှစ်နာရီမျှ အချိန်အတောအတွင်း ဝတ်ရွတ်စဉ်များဖြင့် မပြတ်တမ်းပူဇော်ကန်တော့လျက်ရှိကြပါသည်။ ဖြူးမြို့သူမြို့သားတို့သည် ရုပ်ရှင်တော်မြတ်အား တစ်ရက်တာမျှတိုး၍ ပူဇော်လိုကြောင်း ပြောကြားသော်လည်း မယ်တော်ကြီးတို့သည် နောက်ထပ်ကြွမြန်းပေးရမည့် မြို့ရွာများသို့ ရက်ချိန်းများပေးပြီး ဖြစ်ပါသောကြောင့် နေ၍မဖြစ်တော့ကြောင်း မေတ္တာရပ်ခံရပါသည်။ မယ်တော်ကြီးတို့ ဆွမ်းစားနေချိန်မှာပင် စဉ့်ကိုင်မြို့အောင်မြေထိတိုင် လိုက်လံပို့ဆောင်ပေးကြမည့် ကိုဖြိုးတို့အဖွဲ့လည်း ရောက်ရှိ၍လာသဖြင့် မယ်တော်ကြီးတို့ ဗိုလ်မှူးကြီးတို့ မိသားစုကို နှုတ်ဆက်၍ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ကာ ထွက်ခွာခဲ့ကြပါသည်။

နံနက် (၁၀) နာရီခန့်တွင် ရုပ်ရှင်တော်မြတ်သည် နေပြည်တော် (ပျဉ်းမနား) မြို့ဝင်သို့ ဆိုက်ရောက်ရာ နေပြည်တော် (ပျဉ်းမနား) ရွှေချီရပ်ကွက်နေ ဗိုလ်မှူးကြီး သန့်ဇင်နှင့် ဇနီး ဒေါ်ခင်စန်းဝင်းမိသားစုတို့မှ လာရောက် ကြိုဆိုပါသည်။ ဤမိသားစုသည် ယခင်နှစ် ရုပ်ရှင်တော်မြတ်၏ နေပြည်တော်ခရီးစဉ်၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဇနီး ဒေါ်ဝါဝါသင်းတို့မိသားစုမှ ပင့်ဆောင်ပူဇော်စဉ်ကလည်း တစ်ကြိမ်ပင့်ဆောင်ခဲ့ဖူးပြီး မကြာခဏ စာရေးသူထံ ဖုန်းဆက်၍ ရုပ်ရှင်တော်မြတ် နေပြည်တော်ဘက်သို့ ကြွမြန်းရောက်ရှိသည့်အခါတိုင်း ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ပါရစေဟု ပြောကြားထားသူများဖြစ်သည့်အပြင် ယခုတစ်ခေါက် ရုပ်ရှင်တော်မြတ် ထားဝယ်သို့ ကြွရောက်တော်မူချိန်တွင် ဗိုလ်မှူးကြီးမိသားစုနှင့် တပည့်များသည် တောင်ကြီးမြို့မှ အပြန်တွင် ရွှေကံကူအောင်မြေသို့ တကူးတက ဝင်ရောက်လာပြီး ဆေးသိဒ္ဓိသစ္စာရေ တောင်းခံ၍ ဆေးကုသမှု ခံယူပါသည်။ ဗိုလ်မှူးကြီးတို့သည် အောင်မြေသို့တစ်ခါမှမရောက်ဘူးပါ။ ထို့ကြောင့် မပေါင်းပေါင်း၏ ခေတ်ဆန်သူ စားဥယျာဉ်သို့ ဝင်ရောက် မေးမြန်းရာမှ ခေတ်ဆန်သူ ပေါင်းပေါင်း၏ တပည့်မလေးတစ်ဦးမှ လမ်းပြပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။

ဗိုလ်မှူးကြီးသည် စာရေးသူနှင့် တစ်ခါမှ မတွေ့ဆုံဘူးခဲ့သော်လည်း စာဖတ်ပရိသတ်တစ်ဦးဖြစ်၍ ရင်းနှီးလှိုက်လှဲစွာ ဆက်ဆံပြီး သူရဇ္ဇမဂ္ဂဇင်းတွင် ရုပ်ရှင်တော်မြတ်၏ ထူးခြားဖြစ်စဉ်ဆောင်းပါးများကို အဆက်မပြတ် ရေးသား ပေးပို့ပါရန် ပြောကြားပါသည်။ သိဒ္ဓိမိုးတွင် ပါဝင်သော စာရေးသူ၏ ဝတ္ထုများကိုလည်း နှစ်သက်ကြောင်း၊ စောင့်မျှော်ဖတ်ရှုနေကြောင်းနှင့် လတိုင်းပါဝင်စေရန် အဆက်မပြတ် ရေးပေးပါဟု တောင်းဆိုပါသည်။ ရုပ်ရှင်တော်မြတ် ထားဝယ်သို့ ကြွမြန်းတော်မူလျက်ရှိကြောင်း သိရှိသောအခါ အပြန်တွင် တစ်ရက်ရရ၊ နေ့တစ်ပိုင်းရရ၊ နာရီပိုင်းရရ ပင့်ဆောင်ပါရစေဟု ပြောကြားကြသဖြင့် စာရေးသူမှ မယ်တော်ကြီးတို့ထံ ဖုန်းဆက်ပြီး စီစဉ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ဗိုလ်မှူးကြီး၏ ဇနီး ဒေါ်ခင်စန်းဝင်းသည် ရုပ်ရှင်တော်မြတ်ကို ခေတ္တခဏ ပူဇော်ခွင့်ရရှိသည့်အတွက် စာရေးသူကို ကျေးဇူးတင်ရှိကြောင်း ဖုန်းဆက်ပါသေးသည်။ ဗိုလ်မှူးကြီးတို့ မိသားစုသည် ရုပ်ရှင်တော်မြတ်ကို နေ့ဆွမ်းများဆက်ကပ်ပြီး မယ်တော်ကြီးတို့နှင့်ပါရှိလာသော ကိုဖြိုးတို့မိသားစုနှင့် နေပြည်တော်မှ မယ်တော်ကြီး၏ သားသမီးများ သဖွယ်ဖြစ်နေ၍ ရုပ်ရှင်တော်မြတ်အား အကြိမ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့ကြသော ရာဇဌာနေလမ်းမှ ရောင်း/စက် သစ်တောမန်နေဂျာ ဦးထင်အောင်လင်း၊ ဒေါ်ကြည်ကြည်သင်း ဥတ္တရသီရိ ဇမ္ဗူဟိန်း ဆောက်လုပ်ရေးလုပ်ငန်းရှင် ဒေါ်ချောချော၊ ကြံတိုင်းအောင်ဆောက်လုပ်ရေးလုပ်ငန်းရှင် (ယခု နေပြည်တော်အားကစားကွင်းကြီး၏ အမိုးကို တာဝန်ယူတည်ဆောက်သော) ကိုသန်းအောင်၊ မခင်စိုးသူတို့နှင့် ဗူးကွဲမှ သာဝကများ၊ ဗိုလ်မှူးကြီး၏တပည့်များ ဖြစ်ကြသော စက်မှု (၁)၊ စက်မှု (၂) ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကြွရောက်လာသမျှသော



www.burmeseclassic.com

www.burmeseclassic.com

ဧည့်ပရိသတ်များကို နတ်သုဒ္ဓါ၊ ကြာဆံဟင်းခါးတို့နှင့် ကျွေးမွေးဧည့်ခံပါသည်။

ဗိုလ်မှူးကြီးတို့မိသားစုသည်လည်း ဝမ်းမြောက် ပျော်ရွှင်စွာဖြင့် ဖူးမြော်ကြည်ညို၍မဝနိုင်အောင်ရှိကြပါသည်။ ဗိုလ်မှူးကြီး၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် သိသာစွာ မျက်လုံးတော်များဖွင့်တော်မူပါသည်။ ရုပ်ရှင်တော်မြတ်သည် ရုပ်ရှင်တော်မြတ်ဟူသည့်အတိုင်းပင် ပြီးခဲ့သောအခေါက်က ဤအိမ်တွင် ပင့်ဆောင်ပူဇော်စဉ်ကလည်း မျက်လုံးတော်ဖွင့်တော်မူပါသေးသည်။ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးထားရှိရာ မျက်လုံးတော်ဖွင့်တော်မူချင်းတူသော်လည်း တစ်ကြိမ်နှင့်တစ်ကြိမ် သိသိသာသာ ကွဲပြားခြားနားတော်မူလျက်ရှိသည်ကို ဖူးတွေ့ကြရပါသည်။ ထိုအခါ ထူးခြားမှုအပေါ်တွင် ထူးခြားမှု ထပ်ဆင့်ဖြစ်ပေါ်ခဲ့ရသောကြောင့် ဗိုလ်မှူးကြီးမိသားစုသည် ရုပ်ရှင်တော်မြတ်အား ကြည်ညိုသည်ထက် ကြည်ညိုခြင်းဖြစ်ကြရပါ၏။ ဗိုလ်မှူးကြီးတို့မိသားစုသည် ဖူးမြော်ကြည်ညို၍ မဝနိုင်အောင်ရှိကြသော်လည်း နေ့လယ်တစ်နာရီတွင် ပူဇော်ခွင့်အချိန်စေ့ပြီဖြစ်ပြီး အောင်မြေသို့ ပြန်လည်ကြွမြန်းရန် အချိန်ကျရောက်ပြီဖြစ်သောကြောင့် နေပြည်တော်(ပျဉ်းမနား)သို့ စတင်ထွက်ခွာခဲ့ကြပါတော့သည်။

ထိုနေ့က စာရေးသူသည် အောင်မြေမှာပင် ရှိနေပါ၏။ ထိုနေ့နံနက်မှာပင် စဉ့်ကိုင်မြို့မှ သစ်တောဌာနမှ ဝန်ထမ်း ဦးမြင့်ဝင်း ရောက်ရှိလာပြီး ရုပ်ရှင်တော်မြတ် ပြန်လည် ကြွမြန်းမည့်အချိန်ကို မေးမြန်းစုံစမ်းပါသည်။ ၎င်းတို့ တိုင်းမန်နေဂျာကတော်ကြီးမှ လာရောက်ဖူးမြော်လို၍ စုံစမ်းရခြင်းဖြစ်ကြောင်း ပြောပြပါသည်။တစ်ဖန် စဉ့်ကိုင်မြို့နယ် လ-ဝ-က ဦးစီးမှူး ဇနီးမောင်နှံနှင့် တပည့်များ ရောက်ရှိလာပြန်ပြီး မန္တလေးတိုင်းဒေသကြီး လ-ဝ-က ဦးစီးမှူးကတော်ကြီးမှ လာရောက် ဖူးမြော်လို၍ စုံစမ်းရခြင်းဖြစ်ကြောင်း ပြောပြပါသည်။ ထို့ကြောင့် ညနေပိုင်းသို့ ရောက်ရှိသည်နှင့် ရုပ်ရှင်တော်မြတ်အား ကြိုဆိုဖူးမြော်ကြမည့် ဧည့်ပရိသတ်များ ကြိုတင်ရောက်ရှိ၍ နေပါသည်။ ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး၏ဇနီးမှလည်း ရုပ်ရှင်တော်မြတ် ပြန်လည် ရောက်ရှိကြွမြန်းတော်မူလာပါက စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေအတွက် ဝတ္ထုငွေ တစ်သိန်း လာရောက်လှူဒါန်းလို၍ အကြောင်းကြားပေးပါဟုမှာကြားထားသဖြင့် အကြောင်းကြားပေးရပါသေး၏။

ဤရက်များတွင် စဉ့်ကိုင်မြို့၌ မိုးမရွာသည်မှာ ကြာပြီဖြစ်သော်လည်း ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူလာသောအခါ မိုးများခေတ္တခဏရွာသွန်းပါသေးသည်။ အိမ်တွင် ဧည့်သည်များသည် မိုးထဲလေထဲမှာပင် အများအပြားရောက်ရှိလာကြပြီး စာရေးသူထံတွင်လည်း ဆေးသိဒ္ဓိသစ္စာရေ တောင်းခံ၍ ဆေးကုသမှု ခံယူကြပါသည်။

လ-ဝ-က တိုင်းဦးစီးမှူးကတော်ကြီးနှင့် နေပြည်တော်မှ ရောက်ရှိ၍လာသော စဉ့်ကိုင်မြို့မှ သုသု၏အစ်မ နုနုဝေကိုလည်း ဆေးကုသပေးရပါသေးသည်။ နုနုဝေမှပြောပြသည်မှာ နေပြည်တော်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ပွဲများ ကျင်းပလျက်ရှိသည်ကို သိရှိပါကြောင်း၊ မိမိတို့မြို့မှ ဘုရားဖြစ်၍ သွားရောက်ဖူးမြော်သော်လည်း လူများပြည်ကျပ်ကာ တိုးမပေါက်သဖြင့် တစ်ကြိမ်မျှ မဘူးခဲ့ရဟု ဆိုပါသည်။

ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်၏ ထားဝယ်ခရီးစဉ်သည် အောင်မြင်ချောမောစွာ ပြီးဆုံးခဲ့၍ ကြွရောက်ရာနေရာဌာနတို့တွင် ဗုဒ္ဓသာသနာ၊ ရွှေကံကူသာသနာ့အောင်လံများကို ငွားငွားစွင့်စွင့် လွှင့်ထူနိုင်ခဲ့ပါသည်။

"ထားဝယ်ခရီးစဉ်တစ်လျှောက်လုံး အစစအရာရာ အဆင်ပြေခဲ့ပါတယ်။ တိုက်ဆိုင်တာက တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖြစ်နေတဲ့ ဦးထင်အောင်ကျော်ဟာ တွဲဖက်စစ်ရေးချုပ်အဖြစ် တပ်မတော်မှ တာဝန်ထမ်းဆောင်နေစဉ်က ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့ဖူးသလို ယခုလက်ရှိကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးဖြစ်နေတဲ့ ဗိုလ်ချုပ်ခင်မောင်ဌေးဟာ (၉၉) တပ်မမှူးဘဝ မိတ္ထီလာမှာတုန်းက ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ခဲ့ဖူးတဲ့ သာဝကတွေဖြစ်နေခဲ့ပါတယ်။ တိုင်းဒေသကြီး အဆင့် တာဝန်ရှိပုဂ္ဂိုလ်များကတော့ လေးလပတ်အစည်းအဝေးနှင့် တိုက်ဆိုင်နေလို့ မရောက်ရှိနိုင်ကြသော်လည်း ထိုပုဂ္ဂိုလ်များရဲ့ ဇနီးတွေကတော့ ရုပ်ရှင်တော်မြတ်ကို လာရောက်ဖူးမြော်ကြတယ်"

ဟု မယ်တော်ကြီးမှ မိန့်ကြားပါသည်။

ဤမှတ်တမ်းသည် ၉-၇-၂၀၁၂ ရက်မှ ၁၈-၈-၂၀၁၂ အတွင်း ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူခဲ့သော ဒေသစာရီခရီးစဉ်ကို စာဖတ်ပရိသတ်အများ သိရှိကြည်ညိုနိုင်ရန်နှင့် ရွှေကံကူရုပ်ရှင်တော်မြတ်၏သမိုင်းစဉ်ကို မှတ်တမ်းပြုစုပြီး ဖြစ်ရန် စာရေးသူမှ ရေးသားပူဇော်တင်ဆက်ခြင်း ဖြစ်ပါသည်။

ဤမှတ်တမ်း ရေးသားနေဆဲမှာပင် ထားဝယ်မြို့ မစိန်စိန်အုန်းထံမှ ဖုန်းလာပါသည်။ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူသွားပြီး ရက်အနည်းငယ်ခန့်အကြာတွင် ရုပ်ရှင်တော်မြတ်အား ပူဇော်ထားရှိခဲ့သော သာသနာ့ပွဲအုန်းအခွံသည် နှစ်ခြမ်းပွင့်၍သွားသည်။ မကြာမီ အစို့အညှောက်ထွက်လာ၍ မြေချစိုက်ပျိုးထားသည်။ စာရေးသူထံမှ ဆေးသိဒ္ဓိသစ္စာရေများမှာလည်း အစာအိမ်ရောဂါရှိသူတွင် ရေတို့သည် ခွဲပျစ်သွားပြီး သွေးတိုးရောဂါရှိသူတွင် ရေတို့သည် ခါးသက်၍နေသည်ဟု ဆိုပါသည်။ ရေများ ထိုသို့ခွဲပျစ်သွားခြင်းမှာ ဤတစ်ကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပါသည်။ ၂၀၁၂၊ ၅ လပိုင်းက ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းမှ ပင့်ဆောင်မှုဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ဦးခင်အောင်မြင့်အား ဆေးသိဒ္ဓိသစ္စာရေကို သွားရောက် တိုက်ကျွေးစဉ်ကလည်း ဦးခင်အောင်မြင့်မှ ရေသောက်ရသည်နှင့်မတူဘဲ ဆီကိုသောက်လိုက်ရသလိုပဲဟု ပြောဖူးပါသည်။

မစိန်စိန်အုန်းသည် ဖုန်းထဲမှနေ၍ ၉ ရက်၊ ၉ လ ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း လာနိုင်ရန် ဆုတောင်းပေးပါ။ နှစ်စဉ်နှစ်တိုင်းလည်း ရုပ်ရှင်တော်မြတ်ကြီးကို ထားဝယ်မြို့သို့ ပင့်ဆောင်ပူဇော်နိုင်အောင် စီစဉ်ပေးပါဟု စာရေးသူအား ပြောကြားပါသည်။

ပထမဆုံးအကြိမ်ကိုပင် အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီဖြစ်သော ကိုအောင်အောင်၊ မစိန်စိန်အုန်းတို့သည် နောင်နှစ်ပေါင်းများစွာတွင်လည်း ထားဝယ်မြို့သို့ ပင့်ဆောင်ပူဇော်နိုင်မည်မှာ သေချာလှပါသည်ဟု ယုံကြည်နေမိပါသတည်း။

ဘိုဘို (ရွှေကံကူ)

*မိတ္ထီလာမြို့၊ ပျော်ဘွယ်မြို့၊ နေပြည်တော် (ပျဉ်းမနား)၊ ရန်ကုန်မြို့၊ ဖြူးမြို့တို့မှ ပင့်ဆောင်ပူဇော်ကြသူ၊ ဖူးမြော်ကြည်ညိုကြသူ ရဟန်းရှင်လူအပေါင်းအား ကျေးဇူးဥပကာယအထူးတင်ရှိပါကြောင်း ရွှေကံကူမိသားစုမှ ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



(၂)

# ပိုး
# ချောင်းဆုံအနှုန်းသွင်

"မိုးရွာတော့ ဖားထွက်တယ်၊ ဖားထွက်တော့ ဖားရှာစားတဲ့ ပိုးထွက်တယ်။ သတိထားသွားလာ။

နေပူတော့ ပိုးတွေက ဖုန်လူးထွက်တယ်။ ဖုန်ထွက်လူးတဲ့ပိုးနဲ့ တွေ့တတ်တယ်။ သတိထားသွားလာ"

ကျွန်တော်တို့ ငယ်စဉ်က လမ်းသွားမည်ဆိုလျှင်၊ အထူးသဖြင့် ညဘက်လမ်းသွားမည်ဆိုလျှင် လူကြီးများက မိုးရွာတဲ့ရာသီမှာ တစ်မျိုး၊ နေပူတဲ့ရာသီမှာတစ်ဖုံ အထက်ပါအတိုင်း သတိပေးတတ်ပါသည်။

သို့ဆိုလျှင် ပိုးသည် အချိန်မရွေး၊ ရာသီမရွေး သတိထားရမည့် သတ္တဝါဖြစ်နေပေသည်။ မှန်ပါသည်။ ပိုးသည် အချိန်မရွေး၊ ရာသီမရွေးရုံသာမက နေရာမရွေး၊ နိုင်ငံမရွေးရှိတတ်ပြီး သတိထားရမည့်သတ္တဝါ ဖြစ်ပေသည်။

လောကမှာ ကျွန်တော်အကြောက်ဆုံးသတ္တဝါသည် ပိုးပင် ဖြစ်ပါသည်။ တောရပ်ဒေသမှ ရန်ကုန်ရောက်လာတော့ ပိုးနှင့် ဝေးပြီဟု ထင်ပါသည်။ သို့သော်ပါ။ ဆင်ခြေဖုံးရပ်ကွက်များ၊ မြို့သစ်များတွင်နေစဉ်လည်း တွေ့ရပါသည်။ ရန်ကုန်မြို့တွင် ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်းမှာနေစဉ်လည်း တွေ့ရပါသည်။ တိုက်နောက်ဖေးလမ်းကြားတွင်တွေ့သည်။ တိုက်နောက်ဖေးလမ်းကြားတွင်တွေ့သည်။ ကတ္တရာလမ်းပေါ်ဖြတ်စဉ် ကားကြိတ်မိသဖြင့် သေနေသည်ကိုလည်း တွေ့ရပါသည်။

ဝန်ထမ်းဘဝက ကျွန်တော် မြန်မာနိုင်ငံဒေသအနှံ့ကို လုပ်ငန်းတာဝန်ဖြင့် ရောက်ဖူးသည်။ ပိုးမရှိ၊ ပိုးအန္တရာယ်ကင်းရှင်းသည် ဟူသော ဒေသတစ်ခုမှ မရှိ။ ညဘက် အထူးသဖြင့် အိမ်သာတက်လျှင် သတိထားဖို့ သတိပေးကြသည်။

ကျွန်တော်တို့ မိဘဘိုးဘွားများ အမည်ရင်းကို မခေါ်ဝံ့သဖြင့် အမည်တုပေးထားသော သတ္တဝါနှစ်မျိုး ရှိသည်။ တစ်မျိုးမှာ ယခုဖော်ပြခဲ့သည့် ပိုးဖြစ်သည်။ သူ့အမည်အရင်းမှာ မြွေဖြစ်သည်။ မြွေကို မြွေဟု မည်သူမျှမခေါ်။ ပိုးဟုသာ ခေါ်သည်။ ကလေးများကိုလည်း သိတတ်သည့်အရွယ်ကစပြီး ပိုးဟုခေါ်ရန် သင်ပေးထားသည်။ မြွေကိုက်ခံရလျှင် ပိုးထိသည်ဟု ပြောသည်။

နောက်တစ်မျိုးမှာ ကြွက်ဖြစ်သည်။ ကြွက်ကိုလည်း မြီးရှည်ဟု အမည်တုပေးထားသည်။ အိမ်ကြီးရှင်ဟုလည်းခေါ်သေးသည်။ သူ့အမည်ခေါ်ပြီး သူ့အကြောင်းမကောင်းပြောလျှင် ဖျက်ဆီးတတ်သည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။ ကြွက်ကို ကြိမ်းမောင်းမိလျှင် ကြိမ်းမောင်းသူ၏ အဝတ်အစား၊ အသုံးအဆောင်များကို ကိုက်ဖြတ်ဖျက်ဆီးတတ်သည်။ ကိုယ်တွေ့ကြုံဖူးပါသည်။ ကျောင်းသားဘဝက ဟင်းပေသောလက်ဖြင့် စာအုပ်ကိုင်မိသဖြင့် စာအုပ်ကို ဟင်းနံ့ရသောကြောင့် ညတွင် ကြွက်ကိုက်သည်။ ကျွန်တော် အတော်ဒေါသထွက်ပြီး ကြိမ်းမောင်းမိသည်။ ကျွန်တော်တို့ မောင်နှမသုံးယောက်၏ အဝတ်ထည့်ထားသောထန်းခေါက်ဖာထဲမှ ကျွန်တော့်အဝတ်များကိုသာ ကိုက်ဖြတ်သွားသည်။ ကြွက်ကိုက်သောအဝတ်ကို နူတ်ခမ်းသားမီးရှို့ပြီးမှ ချုပ်ခြင်း၊ ဖာထေးခြင်းပြုကြသည်။

ကြွက်တွင် အဆိပ်ရှိသည်။ အဆိပ်ပြင်းသောကြွက်များရှိသည်ဟု ယူဆကြသည်။ ထို့ကြောင့် အဝတ်ကို မီးရှို့ခြင်းဖြစ်ဟန်တူသည်။ အမေကတော့ 'ဒီအတိုင်းမဝတ်ကောင်းဘူး' ဟူ၍သာ ပြောကြပါသည်။ ကြွက်စားထားသော အစာများကိုလည်း မစားကြပါ။ အစားအစာကို ကြွက်မစားနိုင်အောင် ဂရုစိုက်ပြီး ဖုံးအုပ်ကြပါသည်။

ကျွန်တော်တို့မိဘဘိုးဘွားအစဉ်အဆက် ခြံဥယျာဉ်စိုက်ပျိုးခြင်းဖြင့် အသက်မွေးကြပါသည်။ ကျွန်တော်တို့ခြံသည် တောစားကျက်နှင့်တပ်လျက်ရှိသည်။ ထို့ကြောင့် မြွေပေါပါသည်။ သို့သော် အဆိပ်ရှိသောမြွေနည်းပါသည်။ အဆိပ်ရှိသောမြွေဟောက်နှင့် တောကြီးမြွေဟောက်နှစ်မျိုးသာ တွေ့ရပါသည်။ မြွေပွေးများကို လယ်ကွင်းများတွင်သာ တွေ့ရပါသည်။ ယခင်က ငန်းမြွေများရှိသည်ဟု ဆိုသည်။ ကျွန်တော်တို့လူလားမြောက်ချိန်တွင် မတွေ့ရပါ။ ငန်းတော်ကျားတော့ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ခြံထဲတွင် မြက်လျှော၊ မွန်းတည့်မြေ၊ ရေမြေ၊ လင်းမြေများနှင့် အခြား ကျွန်တော်မသိသော အဆိပ်မရှိသည့်မြေများကို မကြာခဏ တွေ့ရပါသည်။ ကျွန်တော်က မြွေအားလုံးကို ကြောက်ပါသည်။ ချွတ်ထားသောအရေခွံကိုပင် မကိုင်ဝံ့ပါ။

ကျွန်တော်တို့ ငယ်စဉ်က မြွေဆိပ်ဖြေဆေး ဆိုသည်ကို မကြားဘူးပါ။ ထို့ပြင် ခေတ်မီ(ထိုခေတ်)နည်းဖြင့်လည်း မကုရပါ။ ဘီလူးကျွန်း (၆၄) ရွာမှာမှ ဘုရားကြီးကုန်း ဆိုသောရွာတွင်သာ ဆေးရုံရှိပါသည်။ ဆရာဝန်က မော်လမြိုင်တွင် နေသည်။ မနက် သင်္ဘောဖြင့်လာပြီး ညနေ သင်္ဘောဖြင့် ပြန်သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် နွားလှည်းသာ အဓိကထား သွားလာရပါသည်။ လှည်းလမ်းမပေါက်က ပုခက်ဖြင့် ထမ်းသွားရပါသည်။ ဆရာဝန်ရှိချိန်ဆိုလျှင်တောင် ဆေးရုံနားက ရွာများမှသာလျှင် ဆေးရုံကို အချိန်မီ ရောက်နိုင်ပါမည်။

ဆေးရုံနှင့်ဝေးသောရွာများမှဆိုလျှင် မြွေကုတတ်သည် ဆိုသော တိုင်းရင်းဆေးဆရာများဆီသာ ပြေးကြရပါသည်။ ထိုဆရာများမှာလည်း ရွာတိုင်းတွင်မရှိ။ အချို့ရှိသောရွာနှင့်ဝေးလျှင် လမ်းတွင်ပင် အသက်ဆုံးရပါသည်။ ဆရာထံ အချိန်မီရောက်လျှင် ရှင်သူရှိသည် ဟူ၍တော့ ကြားဖူးပါသည်။ မည်သို့ကုသည်မသိပါ။ သို့သော် အလွန်နည်းပါမည်။

အချို့ ကိုက်သောမြွေ၏အမြီးကို လက်တစ်ဆစ်ခန့်ဖြတ်ပြီး မျိုခြင်း ဖြစ်သည်။ ရှင်သည်ဟု မကြားဘူးပါ။ လွန်ခဲ့သည့် နှစ် (၅၀) ခန့်က အမေရိကန် ကောင်းဘွိုင်ကားတစ်ကားတွင် တောထဲ၌ မြွေကိုက်ခံရသူကို မြွေအမြီးဖြတ်ပြီး မျိုခိုင်းသည်ကို တွေ့ခဲ့ရပါသည်။ ရှင်သည်၊ သေသည် မမှတ်မိတော့ပါ။ သေသည်ဟု ထင်ပါသည်။ ကျွန်တော်တို့ ကုထုံးနှင့်တူနေသဖြင့် မှတ်မိနေခြင်း ဖြစ်ပါသည်။ တိုင်းရင်းကုထုံးတို့ဖြင့်လည်း ပျောက်သည်များရှိပါမည်။ သို့သော် တစ်ယောက်ကောင်း၊ တစ်နည်းကောင်းဖြင့် အားမကိုးရပါ။ ထို့ပြင် လျှို့ဝှက်ကြသဖြင့်သာ၍ ဘောင်ကျဉ်းသွားပါသည်။

လွန်ခဲ့သည့် (၆၅) နှစ်ခန့်က ကျွန်တော်တို့ဒေသတွင် နာမည်ကြီး မြွေကုဆရာတစ်ဦးပေါ်ခဲ့ဖူးပါသည်။ သူက အိန္ဒိယလူမျိုးပါ။ အချိန်မီ သူ့ဆီရောက်သူမှန်သမျှ အဖိတ်အစဉ်မရှိစေရပါ။ ကြားဖူးသည်မှာ တောထဲတွင် အလွယ်တကူရနိုင်သော ပေါမျှားသည့်သစ်ပင်၏ အမြစ်ဖြင့်ကုသည်ဟုဆိုသည်။ ထိုအပင်၏အမည်ကို သူ့အိမ်သားများပင် မသိရပါ။ ပါးစပ်မလုံလျှင် ပွကုန်မည် (သူ့ဆီလာဖို့မလိုတော့) စိုးသဖြင့် အိမ်သားများကိုပင် အသိမပေးခြင်းဟု ဆိုသည်။

သူ့ကို ဆက်ခံသူ ဟူ၍ မကြားရပါ။ သူနှင့်အတူပါသွားပြီထင်သည်။

မည်သို့ဆိုစေ ထိုခေတ်က ပိုးထိလျှင် မျှော်လင့်ချက်နည်းသည်မှာ အမှန်ဖြစ်သည်။ စာရင်းဇယားမရှိသဖြင့် မသိရသော်လည်း တစ်နှစ်တစ်နှစ်ပိုးထိ၍ အသက်ဆုံးသူများ နည်းမည်မဟုတ်ပေ။ ၂၀၁၃ ခု၊ ဧပြီလ ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဆောင်းပါးရှင် ကျော်မင်းသော်က မြွေအန္တရာယ်အကြောင်းနှင့် မြွေကိုက်ခံရသူများမှာ အသက် (၁၅) နှစ်နှင့် (၄၅) အကြား၊ အလုပ်လုပ်၍ကောင်းသောအရွယ်များ ဖြစ်ကြောင်း ရေးသားထားလေသည်။ ဤသည်ကိုထောက်ပြီး ဆောင်းပါးရှင် ဒေါက်တာပေသီးက ဧပြီလ ၂၉ ရက်နေ့ ကြေးမုံသတင်းစာတွင်ပင် 'မြွေနှင့် လူသား' ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးပြန်ပါသည်။

ဆောင်းပါးရှင်က အဓိကကျသော မြွေလေးမျိုးကို ဖော်ပြထားပါသည်။ ၎င်းတို့မှာ -

၁။ မြွေပွေး၊

၂။ မြွေဟောက်၊

၃။ ငန်းတော်ကျား

တို့ ဖြစ်ပါသည်။ ငန်းတော်ကျားနှင့် ပတ်သက်ပြီး ကြားဖူးသည်ရော ကိုယ်တွေ့ရောကိုပါ နောက်မှ ဖော်ပြပါမည်။

ဆောင်းပါးရှင်က မြွေပွေး၏ အဆိပ်အကြောင်းနှင့် မြွေဟောက်နှင့် ငန်းတော်ကျားတို့၏ အဆိပ်အကြောင်းကို သေသေချာချာ ပြည့်ပြည့်စုံစုံ ရေးသားထားပါသည်။ အပြည့်အစုံသိလိုက ပြန်ပြီးရှာဖတ်ရန်ဖြစ်ပါသည်။ ကျွန်တော်က အဓိကအချက်ကိုသာ တင်ပြပါမည်။ အဓိကအချက်မှာ မြွေပွေးအကိုက်ခံရလျှင် (၂) ရက်မှ (၃) ရက်အထိနေနိုင်ပြီး မြွေဟောက်နှင့်ငန်းတော်ကျားအကိုက်ခံရလျှင် (၁) နာရီ (၂) နာရီအတွင်း သေဆုံးရသည် ဟူသောအချက်ပင် ဖြစ်ပါသည်။

စာရေးသူ ဆရာဝန်သည် သီရိလင်္ကာနိုင်ငံတွင် ကုလသမဂ္ဂဆရာဝန်အဖြစ် သွားရောက် တာဝန်ထမ်းဆောင်စဉ်က သူတာဝန်ထမ်းဆောင်ရာ တစ်နေရာတည်းတွင်ပင် တစ်နှစ် လူနာ (၃၂)ဦး ကုသပေးခဲ့ရကြောင်း ဖော်ပြထားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ဆိုပါက မည်မျှရှိမည်နည်း။ ကျွန်တော်တို့မြန်မာနိုင်ငံတွင်ကော မည်မျှရှိမည်နည်း။ ယခင်က တစ်ခါတစ်ရံ စာရင်းထုတ်ပြန်သည်ကိုတွေ့ရဖူးပါသည်။ မနည်းလှပါ။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ကြည့်လျှင် သူလည်းအသေအပျောက်များသော သေနည်းစာရင်းဝင် ဖြစ်ပါမည်။

ယခုအခါ မြွေဆိပ်ဖြေဆေးများ ရှိလာပြီဖြစ်၍ အချိန်မီလျှင် အသက်မသေနိုင်ပါ။ သို့သော် အချိန်မီဖို့တော့ လိုပါသည်။ မြွေဟောက်နှင့် ငန်းတော်ကျားအကိုက်ခံရသူအဖို့ (၁) နာရီ (၂) နာရီအတွင်း ဖြေဆေးထိုးနိုင်ဖို့ လိုပါသည်။ ဖြေဆေးဆီ လူနာသွားနေရခြင်းထက် လူနာဆီ ဖြေဆေးရောက်ခြင်းက ပိုစိတ်ချရပါမည်။ ဖြေဆေး ကျေးလက်ရောက်နေဖို့ လိုပါသည်။ ပြီးတော့ အလုံအလောက်ရောက်နေဖို့လည်း လိုပါသည်။ သိရသလောက် မြွေမှပင် မြွေဆိပ်ဖြေဆေးပြန်ထုတ်နေရာသဖြင့် မြွေနှင့် မြင်းအလုံအလောက်ရရှိဖို့လည်းလိုပါသည်။ ဆေးပညာအလွန်တိုးတက်နေသောခေတ်တွင် မြွေမှမဟုတ်ဘဲ မြွေဆေးထုတ်လုပ်နိုင်အောင် ကြိုးစားသင့်ပါသည်။

မြွေကိုက်ခံရလျှင် ပျောက်အောင်ကုနိုင်ခြင်း မဟုတ်ဘဲ မြွေကိုက်မခံရသောနည်း ရှိပါသည်။ အာမခံချက်ရှိပါသည်။

ကျွန်တော်ငယ်စဉ်က ကျွန်တော်တို့ရွာအနောက်ဘက်ရှိ မူးရစ်ကြီးရွာတွင် ဦးစံမြဆိုသူ ရှိပါသည်။ စပါးရိတ်ချိန်တွင် မြွေအလွန်ပေါသဖြင့် စပါးရိတ်သမားငှားဖို့ ပြဿနာရှိသော၊ နေ့တွက်ပိုပေးရသော ဟင်္သာကျွန်းလိုနေရာတွင် စပါးရိတ်သမားများ ဦးစံမြနှင့်အတူ ချလက်ချ စပါးသွားရိတ်နိုင်ကြပါသည်။

ဦးစံမြအကြောင်းကို ဆက်လက်ရေးသားပါမည်။

ချောင်းဆုံအုန်း...



www.burmeseclassic.com

www.burmeseclassic.com

အညာမြေ၏နေပူ၊ လေပူဒဏ်တို့ကို ခံစားနေရင်းက ငပယင်း (ပန်းယင်း) ရွာတည်ရာသို့ ရောက်သွားဖြစ်သည်။ ငပယင်း (ပန်းယင်း) ရွာသည် မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သည့် စစ်သူကြီးမဟာဗန္ဓုလ၏ မွေးဖွားရာ ရွာငယ်လေးပင် ဖြစ်ပါသည်။ ငပယင်း (ပန်းယင်း) ရွာသို့ ရောက်ဖြစ်ရခြင်းမှာ ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ) (အယ်တီကမ္မဋ္ဌာနစရိယ) သီတင်းသုံးရာ အောင်သုခကျောင်းတိုက်သို့ အရောက်သွားကာ တရားစခန်းဝင်ဖြစ်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ အောင်သုခကျောင်းတိုက်မှာ နွေယင်းရွာတွင်တည်ရှိလေရာ တရားစခန်းပြီးသည်နှင့် ဆရာတော် ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ) က ဘုတလင်မြို့နယ်အတွင်းရှိ ရွာများနှင့် စေတီပုထိုးများသို့ လိုက်လံပြသပို့ဆောင်ပေးသဖြင့် ပန်းယင်းရွာသို့ ရောက်ဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။


ချွေးသံတရွှဲရွှဲဖြင့် လမ်းလျှောက်လာဖြစ်ကြရာ ခပ်လှမ်းလှမ်းတွင်တည်ရှိနေသည့် စေတီတော်တစ်ဆူကို မြင်တွေ့ မိရသည်။ စေတီတော်တန်ဆောင်းတော်အနီး မြင်းကိုစီးကာ ဓားကိုဝင့်လျက်ရှိနေသော စစ်သူကြီးရုပ်တုက ခံ့ခံ့ညားညားနေရာယူထားလျက်သားရှိနေသည်။ ဆရာတော်ဘဒ္ဒန္တပညာဝံသ(ဓမ္မာစရိယ) ကို မေးမြန်းကြည့်မိဖြစ်တော့မှ မဟာဗန္ဓုလစေတီတော်ဖြစ်ကြောင်း သိခွင့်ရသည်။

မဟာဗန္ဓုလစစ်သူကြီးကို အင်္ဂလိပ်စစ်ဗိုလ်များကပင် စစ်ပါရဂူစစ်ဇာတဒ်ရ ပုဂ္ဂိုလ်ကြီးအဖြစ် အသိအမှတ်ပြုထားခဲ့ကြသည်။ ထိုအသိအမှတ်ပြုသည့် သုံးသပ်ချက်ကို ဗိုလ်ချုပ်အောင်ဆန်းက ပေးထားခဲ့သည်ဖြစ်ရာ စစ်သူကြီး မဟာဗန္ဓုလသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကမ္ဘာအရပ်ရပ်ကပင် လက်ဖျားခါရလောက်အောင် စစ်ရေးကျွမ်းကျင်သော စစ်သူရဲကောင်းကြီးတစ်ယောက်အဖြစ် လက်ခံထားခဲ့ကြသည့် သမိုင်းဝင်စစ်သူကြီးတစ်ဦးပင် ဖြစ်သည်။

စစ်သူကြီးမဟာဗန္ဓုလကို စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ငပယင်း (ပန်းယင်း) ကျေးရွာ၌ တောင်သူလယ်သမားကြီး ဦးပေါက်တောနှင့် မိခင်ဒေါ်မိငြိမ်တို့မှ ၁၁၄၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။ ဖွားမြင်ခဲ့ရာတွင် မျက်နှာဖုံးအိတ်စွပ်၍ အချင်းစလွယ်သိုင်းရစ်ပတ်ဖွဲ့ချည်ကာ ထူးဆန်းစွာဖွားမြင်ခဲ့သည်။ ထူးခြားမှုကို အစွဲပြုကာ ငယ်အမည်ကို ငရစ်ဟု မှည့်ခေါ်ခဲ့သည်။ လူလားမြောက်သည်တွင် တစ်ရွာတည်းနေသူ ရှင်မင်းဘူးနှင့် အိမ်ထောင်ကျ

# ပန်းယင်းမှာတည်သည့် မဟာဗန္ဓုလရွှေစည်းခုံစေတီ

ဆန်းညွှန့်(ဓမ္မာစရိယ)



မဟာဗန္ဓုလစေတီတော်အနီးကပ်မြင်ကွင်း

www.burmeseclassic.com


သည်။ မိခင်ကြီး၊ ညီအစ်ကိုမောင်နှမများနှင့် ဇနီး၊ သားတို့ကိုပါ ရွာမှာပင် တောင်ယာအလုပ်ဖြင့် လုပ်ကျွေးပြုစုနေခဲ့သော်လည်း ဖခင်ကလည်း ကွယ်လွန်၊ မိုးကလည်း သုံးနှစ်ဆက်တိုက်ခေါင်ပြန်သဖြင့် တစ်ရွာမပြောင်း သူကောင်းမဖြစ် စကားပုံအတိုင်း ငပယင်း (ပန်းယင်း) ရွာကို စွန့်ကာ အဘိုးဖြစ်သူ တံခါးမှူး နန္ဒမိတ်စည်သူဘွဲ့ရ ဦးအောင်ရ တာဝန်ထမ်းဆောင်ရာ အမရပူရရွှေမြို့တော်သို့ အရောက်သွားတော့သည်။ အဘိုး၏ ကူညီစောင့်ရှောက်မှုဖြင့် အိမ်ရှေ့မင်း၏ ကိုယ်ရံတော်အဖြစ်နှင့် (၆) နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့သည်။ အမှုတော်ထမ်းဆောင်စဉ် အိမ်ရှေ့မင်း၏ ငရစ်ဟု အမည်ခေါ် သတ်မှတ်ခြင်းမခံရသဖြင့် မိမိနှင့်အတူ ခစားနေသော နန္ဒဗလ အမည်ရှိ အမှုတော်ထမ်းအား ရှောင်တခင် သျှောင်ဆွဲ၍ ထောင်းထုပုတ်ခတ်ခဲ့သည်။ အိမ်ရှေ့မင်းနှင့် ဘိုးတော်မင်းကြီးတို့ အကြောင်းစုံစစ်ဆေးသိရှိရလျှင် အပြစ်တော်မှလွှတ်ပြီး ဖြတ်ကိုက်အဆင့် ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင် ဟူသော ရာထူးဘွဲ့ထူးများကို ၁၁၇၅ ခုနှစ်တွင် ခန့်အပ်ခြင်း ခံရသည်။

ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင် (မဟာဗန္ဓုလ) သည် အာသံပြည်သို့ စစ်ချီမထွက်ခွာမီ အလောင်းစည်သူမင်းကြီး၏ ရန်အောင်မင်္ဂလာစေတီတော်မြတ်ကြီးထံပါး ဆုတောင်း၍ စစ်ချီထွက်ရာ စစ်အောင်မြင်ခဲ့သည်။ အောင်မြင်ခဲ့သဖြင့် စေတီတော်မြတ်ကြီး၏ အရှေ့မြောက် (တနင်္ဂနွေထောင့်) တွင် ဖိနပ်တော် (၁၄) တောင်၊ ဉာဏ်တော် (၁၈) တောင်ရှိသော စေတီတစ်ဆူတည်ထားပူဇော်ခဲ့သည်။ မဟာဗန္ဓုလသည် ဒီပဲယင်းမြို့မြောက်ဘက်၌လည်း ဖိနပ်တော် (၂၂) တောင်၊ ဉာဏ်တော် (၃၇) တောင် အမြင့်ဆောင်သည့် မြေစိုက်စေတီတော်တစ်ဆူကိုလည်း တည်ထားခဲ့သည်။ အာသံပြည်နယ် ဂျော်ရဟတ်တွင်လည်း မဟာဗန္ဓုလသည် ဗိုလ်မှူးသီလဝနှင့်အတူ မဟာဗန္ဓုလစေတီတော်မြတ်ကြီး တစ်ဆူတည်ထားခဲ့သည်။

ဗန္ဓုလစစ်သူကြီး အသက် (၄၂) နှစ်၊ မြန်မာနှစ် ၁၁၈၅ ခုနှစ်တွင် မည ဝတီ ပန်းဝါတိုက်ပွဲသို့ စစ်ချီမတက်မီ နတ်တော်လဆန်း ၁၃ ရက်နေ့၌ မိမိ၏ မွေးဇာတိဖြစ်သော ငပယင်း (ပန်းယင်း) ရွာတွင် ဖိနပ်တော် (၅၄) တောင်၊ ဉာဏ်တော်(၇၅)တောင်ရှိ မဟာဗန္ဓုလ (ရွှေ



စေတီတော်အဝင်မုခ်ဦးအား တွေ့ရစဉ်



ဗန္ဓုလစေတီတော်အာရုံခံတန်ဆောင်းနှင့် ဗန္ဓုလရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

ခဲ့) စေတီတော်ကို တည်ထားခဲ့သည်။ စေတီတော်မြတ်ကြီးကို တောင်၊ မြောက် အလျားပေ (၂၀၀)၊ အရှေ့၊ အနောက် အလျားပေ (၂၂၃) ရှိသည့် အတွက်ကို ဖြက်အကျယ် (၅) ပေ၊ (၆) ပေမ အမြင့်(၆)ပေခန့်ရှိသော မဟာရံ တံတိုင်းကြီးဖြင့်ကာရံထားလျက်ရှိသည်။ အဝင်မုခ်ကြီး(၄)မုခ်ကို ခြသေ့်နှစ်ကောင်စီဖြင့် လည်းကောင်း၊ စေတီတော်မြတ်ကြီး၏ ထောင့်ငါးလေးထောင့်တွင် ခြသေ့်အတက်တစ်ကောင်စီဖြင့် လည်းကောင်း အပေါင်း ခြသေ့် (၁၂) ကောင်ဖြင့် ခြံရံကာ တင့်တယ်စွာ စီမံတည်ထားသည်။

ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ) ပြောပြသည့် မဟာဗန္ဓုလစေတီတော်မြတ်နှင့် ပတ်သက် ဆက်နွယ်နေသည့် အကြောင်းရင်းများပေါ်တွင် မျောပါနေခဲ့မှာပင် စေတီတော်အဝင်မုခ်ဦးဆီသို့ ရောက်လာသဖြင့် စေ့စေ့စပ်စပ်လေ့လာ ကြည့်နေမိ ဖြစ်သည်။ ဇရာမခြသေ့်ကြီး နှစ်ကောင်က အဝင်မုခ်ပေါက်တစ်ဖက် တစ်ချက်တွင် ခံ့ညားထယ်ဝါစွာဖြင့် ရပ်တည်လျက်ရှိနေသည်။ စေတီတော်ရင်ပြင်ဆီသို့ ဆက်လျှောက်လာရင်းမှာပင် ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ) ပြောပြထားသည့် ရင်နင့်ကြေကွဲဖွယ်ကောင်းလှသည့် အတိတ်သမိုင်းပုံရိပ်တို့ ရိုက်ခတ်ကာ နှလုံးသားထဲအထိ ဝင်ရောက်လာခဲ့သည်။

စေတီတော်မြတ်ကြီးနှင့် တန်ဆောင်းတော်ကြီး၊ ခေါင်းလောင်းတော်ကြီးတို့အတွက် တည်ထားတည်ဆောက် ပြုခဲ့ရသောကုသိုလ်တို့နှင့်ပတ်သက် ၍ ရေစက်သွန်းချခြင်းမပြုရမီမှာပင် အမျိုးဘာသာ သာသနာတော်အတွက် တစ်ပါးသားတို့ ရန်ပြုလာမှုကို ခုခံကာကွယ်သည့်တိုက်ပွဲတွင် ကျဆုံး ခဲ့ရသည်။

မဟာဗန္ဓုလစစ်သူကြီး ကျဆုံးပြီး ၍ လအကြာတွင်မှ စစ်သူကြီး မဟာဗန္ဓုလတတော် ရှင်မင်းဘူးသည် သားတော်ကြမ်းကြီးတို့ လက်ဆွဲကာ စေတီတော်ရင်ပြင်တော်ဝယ် စစ်သူကြီး မဟာဗန္ဓုလပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုအတွက် ရေစက်သွန်းချကာ အမျှပေးဝေခဲ့သည်။ ထိုကုသိုလ်ပွဲခင်းသည် ရင်ဆွတ်လှိုက်မောဖွယ်ကောင်းလှ၏။ အမျိုးကိုချစ်သော၊ ဘာသာသာသနာ အပေါ် လေးစားအလေးထားသည့် မဟာဗန္ဓုလ၏ဝိညာဉ်သည် ထိုကုသိုလ်တော်ပွဲခင်းလေးကို ကျေနပ်ပီတိဖြစ်ကာ



စေတီတော်အာရုံခံတန်ဆောင်းအတွင်းရှိ ဗန္ဓုလစစ်သူကြီး လှူဒါန်းခဲ့သော ရုပ်ပွားတော်

သာဓုအကြိမ်ကြိမ်ခေါ် ဆိုနေလေမည်လား။ ကိုယ်တိုင်ကိုယ်ကျ ရေစက်သွန်းချ အမျှပေးဝေခြင်းမပြုနိုင်လိုက်ရသည်ကို အားမလိုအားမရဖြစ်နေလေမလား ဆိုသည့် ရင်မောဖွယ်အတွေးက ရင်ထဲဝင်ရောက်ရိုက်ခတ်နေဖြစ်သည်။


ထိုစဉ်မှာပင် စစ်သူကြီးမဟာဗန္ဓုလသွန်းပြုလှူဒါန်းထားခဲ့သည့် ကြေးခေါင်းလောင်းကြီးရှေ့သို့ ရောက်သွားဖြစ်သည်။ ခေါင်းလောင်းတော်မှာ ရွှေ ငွေတို့ဖြင့် ရောစပ်သွန်းလောင်းထားသည့် ခေါင်းလောင်းတော်ပင် ဖြစ်သည်။ ခေါင်းလောင်းတော်တွင် ဆွဲကွင်းနှစ်ကွင်း ပါရှိပါသည်။ အောက်ဆွဲကွင်း၌ ခြသေ့်နှစ်ကောင်၊ အထက်ဆွဲကွင်း၌ နဂါးနှစ်ကောင် ပါရှိသည်။ ခေါင်းလောင်းတော်ကြီးအမြင့်မှာ နဂါးအပါအဝင် (၅၂) လက်မ၊ အတွင်းခွင်ကျအကျယ် (၂၀) လက်မ၊ နှုတ်ခမ်းအထု (၃) လက်မ၊ ခေါင်းလောင်းတော်ကြီးလုံးပတ်မှာ (၈၀)လက်မရှိသည့် ရှေးဟောင်းခေါင်းလောင်းတော်ကြီးတစ်လုံးပင် ဖြစ်သည်။ ခေါင်းလောင်းတော်မှာ မိုးတွင်းကာလတစ်ခုတွင် မသမာသူတို့၏ ခိုးယူခြင်းကိုခံရသည်။ မသမာသူတို့က မာဂရီချောင်းအတွင်း သဲများနှင့် ဖုံးအုပ်ကာ ဝှက်ထားခဲ့သည်။ လူပြတ်သောအချိန်တွင်မှ ချင်းတွင်းမြစ်မှတစ်ဆင့် အိန္ဒိယသို့ သယ်ဆောင်ရန် ကြံရွယ်ထားခြင်းပင် ဖြစ်သည်။ သို့သော် မသမာသူများသယ်ဆောင်မသွားနိုင်မီမှာပင် ရွာသားများက ပြန်လည်တွေ့ရှိကာ စေတီတော်မြတ်ရင်ပြင်တော်တွင် ပြန်လည်ထားရှိနိုင်ခဲ့သဖြင့် ယနေ့တိုင်ရှိနေခဲ့ခြင်းပင် ဖြစ်သည်။

မဟာဗန္ဓုလစေတီတော်မြတ်၏




www.burmeseclassic.com


www.burmeseclassic.com



ခေါင်းလောင်းတော်အနီး ဆရာတော် ဦးပညာဝံသ (မွေ့ာစရိယ)



စေတီတော်မြတ်ကျောက်စာ



အရှေ့ဘက်မုခ်ဦးအနီးကာဝ်



စေတီတော်ရှေ့တဲ့တိုင်းဘောလိုက်မြင်ကွင်း

ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် ပြာသိုလပြည့်ကျော် ၃ ရက်နေ့မှ ၈ ရက်နေ့အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ ယခုမူ ပွဲတော်ရက်မဟုတ်သော်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရသည်။ သိခွင့်ရသည်မှာ မဟာဗန္ဓုလစေတီတော်မြတ်တွင် ဆုပန်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းပြုလုပ်သူများ အလျင်အမြန်ပင် လောကီစီးပွား လောကုတ္တရာစီးပွားတို့ အကျိုးပေးသက်ရောက်မှုမြန်လှပါသည်ဟု ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသည့် သူတော်စင် သူမြတ်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များနှင့် ဆုပန်ကာ အဓိဋ္ဌာန်ဝင်ခဲ့ကြသူများ၊ တစ်ဆင့်စကားအရပင် ဖြစ်ပါသည်။ မဟာဗန္ဓုလစေတီတော်မြတ်သည် ရှေးဟောင်းစေတီတော်မြတ်တစ်ဆူဖြစ်သည့်အပြင် ထူးခြားသော အစီအရင်များဖြင့် တည်ထားခဲ့သည့် စေတီတော်မြတ်တစ်ဆူလည်း ဖြစ်ပါသည်။ စေတီတော်မြတ်ပတ်လည်တွင် ခြင်္သေ့ (၁၂) ကောင်ရှိနေခြင်းနှင့် ခေါင်းလောင်းတော်အထက်ကွင်း၊ အောက်ကွင်းတို့တွင် နရားဆင် (၂) ကောင်၊ ခြင်္သေ့နှစ်ကောင်ရှိနေခြင်းသည် အစီရင်တစ်ခုအနေဖြင့် တည်ရှိနေခဲ့ခြင်းပင် ဖြစ်သည်။

မည်သို့ဆိုစေ တစ်ခါတစ်ခေါက် အရောက်သွားကာ ဖူးမြော်ခြင်း၊ ဆုပန်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများပြုသင့်ကြသည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

*တစ်ခါတစ်ခေါက်ဖူးခွင့်ကြုံပါစေ*

ဆန်းညွန့်(မွေ့ာစရိယ)


www.burmeseclassic.com

မင်းကွန်းတောင်ရိုးသို့ နှစ်စဉ် ရေ မီး ဆွမ်း၊ ဆေး သင်းလုံးကျွတ် အစည်း အဝေးကျင်းပချိန်ဖြစ်သော တပေါင်းလ ဆောက်တိုင်း တစ်နှစ်တစ်ကြိမ်ရောက်ခဲ့ သမယ့် မြို့နယ်အဖွဲ့များရဲ့ဆွမ်းလောင်း ပွဲများသို့ မလိုက်ဖြစ်ခဲ့ပါ။ ယခုနှစ်တော့ ထူးထူးခြားခြား သာကေတမြို့နယ် ရေ မီး ဆွမ်း၊ ဆေးအဖွဲ့ဝင်များက နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့ ဆောက်တိုင်း မင်းကွန်းတောင်ရိုးပေါ်မှာ သီတင်းသုံးနေကြသော သံဃာတော် အပါး (၇၀၀) ကျော်နဲ့ သီလရှင်အပါး (၆၀၀) ကျော်တို့ကို စုပေါင်းပြီး အရုဏ် ဆွမ်း၊ နေ့ဆွမ်းများ ကပ်လှူခဲ့ကြတာ ယခုနှစ်ဆိုရင် (၂၅) ကြိမ်မြောက် ငွေရတု အလှူတော်ကြီးဖြစ်လို့ ထူးထူးခြားခြား ကျင်းပမယ့် အငြိမ့်အဖွဲ့လည်း ပါမယ် ဆိုပြီး ဧည့်သည်အနေနဲ့ ဖိတ်ကြားတာ ကြောင့် လိုက်ဖြစ်ခဲ့ပါတယ်။


၁၈ - ၁၀ - ၂၀၁၃ နေ့ ညနေ (၃) နာရီရထားနဲ့သွားမယ်။ နေ့လယ် (၂)နာရီ ဘူတာကြီးကို အရောက်လာခဲ့ ပါဆိုပြီး ဥက္ကဋ္ဌကြီး ဦးထွေးက ဖုန်းဆက် အကြောင်းကြားတာကြောင့် အဲဒီနေ့ ရန်ကုန်ဘူတာကြီးကို ရောက်သွားတော့ ဥက္ကဋ္ဌကြီး ဦးထွေးနဲ့ ရေ မီး၊ ဆွမ်း၊ ဆေး ဗဟိုအဖွဲ့ အတွင်းရေးမှူး ကိုစိန်ငွေးနဲ့ အတူ သာကေတအဖွဲ့တွေ ရောက်ရှိလို့ နေပါပြီ။ ဒီနေရာမှာ ဥက္ကဋ္ဌကြီး ဦးထွေး လို့ခေါ်တဲ့ ကျွန်မတို့အခေါ် ဘထွေးရဲ့ အကြောင်းကို နည်းနည်းရေးပြချင်ပါ တယ်။ အဘထွေးဟာ အစိုးရဝန်ထမ်း တစ်ဦးပါ။ အသက် (၆၀) ပြည့်ပင်စင်ယူ ချိန်ကစလို့ သာသနာအကျိုးကို ဆောင် ရွက်ခဲ့တာ အခု အသက် (၈၅) နှစ်ရှိ နေပါပြီ။ သို့ပါသော်လည်း လူငယ်များ ထက်ပင် သွက်လက်ဖျတ်လတ်နေဆဲပါ။ မင်းကွန်းကျောင်းခွဲဖြစ်တဲ့ ၇/ အနောက် ရပ်ကွက် သာကေတမြို့နယ် ရန်ကုန် တိုင်းဒေသကြီးမှာရှိတဲ့ မင်းကွန်းပရိယတ္တိ စာသင်တိုက်ကြီးမှာ သံဃာအပါး (၈၀) ကျော်ရှိပါတယ်။ အစက သံဃာအပါး (၃၀) ကျော်ပဲရှိတာပါ။ အရင်နှစ်တွေက စာမေးပွဲဝင်ဖြေကြတဲ့ ကျောင်းသံဃာ တွေအကုန် စာမေးပွဲအောင်တာကြောင့်

ရွှေအေး

# နိဗ္ဗာန်ရည်မျှော် ငွေရတုအလှူတော်



မင်းကွန်းခေါင်းလောင်းကြီးနှင့်အတူ ဥက္ကဋ္ဌကြီး ဦးထွေးနှင့် ဦးစိန်ငွေး



သံဃာတော်တွေ တိုးလာတဲ့အတွက် သံဃာအပါး (၈၀) ကျော်သွားတာ ဖြစ် ပါတယ်။

သံဃာတော်အပါး (၈၀) ကျော် ဆွမ်းပြည့်စုံဖို့ဆိုတာ မလွယ်တဲ့ကိစ္စပါ။ ဒါပေမယ့် အဘထွေးကတော့ဖြင့် အသက်အရွယ်နဲ့မလိုက်အောင်ပင် သူ ဌာနေဖြစ်တဲ့ သာကေတမြို့နယ်မှာရှိတဲ့ သူပြောလို့ရတဲ့အိမ်တွေကို တစ်လမ်းဝင် တစ်လမ်းထွက် အလှူခံပေးလိုက်တာ အခုဆို အဘထွေးကြောင့် ကျောင်းမှာ အလှည့်ကျ နေ့စဉ် ဆွမ်းချိုင့်ပို့တဲ့ အိမ် တွေရှိသလို ဆွမ်းခံကြွတဲ့ ကိုယ်တော် တွေအတွက်လည်း ဆွမ်းအလှူခံအိမ် တွေ အပြည့်ပါ။ အခုဆို ကျောင်းမှာ ဆွမ်း၊ ဆွမ်းဟင်းတွေ ပိုလျှံလို့တောင်နေ ပါတယ်။ ဒါကြောင့် အဘထွေးကို နတ် ပြည်မှာ ဗိမာန်တော် ပေါ်နေပြီလားလို့ ပြောရပါတယ်။ သာကေတအဖွဲ့ရဲ့လိုက် ပါမယ့်သူတွေအတွက် ကြိုတင်ပြီးရထား လက်မှတ်လျှောက်လွှာတင်တော့လည်း အဘထွေး ပါတာပဲ။ ရထားလက်မှတ် ဝယ်တော့လည်း အဘထွေးပါတာပဲ။ လူငယ်တွေ ပင်ပန်းတယ်လို့ ညည်းညူ နေပေမယ့် အဘထွေးကတော့ ပင်ပန်း နွမ်းနယ်ဟန်မရှိ။ အမြဲပြုံးပြုံးလေးနဲ့ပါ။ ညည်းညူသံ တစ်ခါမှမကြားရပါဘူး။ လိုက်ပါတဲ့အဖွဲ့မှာ အဘက အသက်ကြီး ဆုံးပါ။ ကျွန်မတို့ကတော့ အငယ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



**မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်နှင့် ဗုဒ္ဓတစ်ထောင် မင်းကွန်းတောင်ကြီး၏ ပဓာန ဦးဆောင်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တ ဓမ္မသာရ (ဗီဃာဘာထက)**

လေးလို့ စနောက်ခေါ်ပါတယ်။

သာကေတအဖွဲ့က လူအင်အားတော်တော်တောင့်ပါတယ်။ လူ (၂၀၀) ကျော်ပါ။ ရထားတွဲ (၄) တွဲအပြည့်ပါ။ ရထားပေါ်မှာလည်း သူ့ခုံနံပါတ်နဲ့ သူ့နာမည်တွေနဲ့ နေရာချထားပြီးသားဖြစ်လို့ နေရာလုစရာမလိုပါဘူး။ တွဲပေါ်မှာ ကိုယ်လူတွေချည်းဖြစ်လို့ ခုံပေါ်ထိုင်သူထိုင်၊ ရထားကြမ်းပြင်မှာ ဖျာခင်းထိုင်သူထိုင်နဲ့ သက်သောင့်သက်သာစီးရပါတယ်။အများနဲ့သွားရတဲ့ခရီးဖြစ်လို့ ပျော်စရာအလွန်ကောင်းပါတယ်။ အဖွဲ့ရဲ့အမှူးဆောင် (၁၅) ယောက်ရဲ့ ဦးဆောင်မှုအောက်မှာ အားလုံး ညီညီညွတ်ညွတ်နဲ့ ခရီးသွားဖော်ချင်း ရိုင်းပင်းကူညီကြပြီး တစ်ယောက်တစ်ပေါက်လည်းမရှိ စည်းစည်းလုံးလုံးနဲ့ အတော်ချစ်စရာလေးစားစရာကောင်းတဲ့အဖွဲ့လေးပါ။

ရထားကလည်း တော်တော်သန့်ရှင်းပါတယ်။ အိမ်သာဆိုလည်း သန့်သန့်ရှင်းရှင်းနဲ့ ရေလည်းရပါတယ်။ ပြောစရာရှိတာက ရထားစီးလို့ အတော်လေးခရီးရောက်တော့ ညဘက်မှေးမယ်ကြံတုန်း ရထားက ဆောင့်တော့တာပါပဲ။ ရထားပြတင်းပေါက်ဘေးက နံရံကိုမှီနေတုန်း ရထားဆောင့်လို့ ချိုစောင်းမှာ အာလူးသီးကြီးထွက်လာပါတော့တယ်။ ပျော်စရာသာသနာ့အလှူကြီးခရီးဖြစ်လို့ နာတော့နာတာပေါ့၊ ဒါပေမယ့် မနာဘူးပေါ့။

ရန်ကုန်က ညနေ (၃) နာရီထွက်တဲ့ရထားက မန္တလေးဘူတာကြီးကို နောက်တစ်နေ့မနက် (၆) နာရီခွဲမှာ ရောက်ပါတယ်။ ရထားဆိုက်တယ်ဆိုရင်ပဲ အဖွဲ့ခေါင်းဆောင် ကိုအောင်သစ်က အဖွဲ့သားတွေ တစ်နေရာမှာစုဖို့ မိုက်နဲ့အော်နေတာကြောင့် ကိုယ်လည်းအဖွဲ့သားနဲ့အတူ စုရပ်မှာ ခဏနေရတယ်။ နောက်မှ မင်းကွန်းကိုခရီးဆက်ဖို့ အငှားကားတွေရပ်ထားတဲ့နေရာကို သွားရပါတယ်။ ကားတွေရပ်ထားတဲ့နားရောက်တော့ ချက်ချင်းမတက်ရသေးပါဘူး။ သူ့အုပ်စုနဲ့သူ နာမည်ခေါ်မှ တစ်ဦးချင်းကားပေါ်တက်ရပါတယ်။ တစ်စီးပြည့်သွားရင် နောက်တစ်စီးပေါ် တက်ရပါတယ်။ အားလုံး ဒိုင်နာကား (၇) စီးပါ။ စနစ်တကျလုပ်ဆောင်နေတဲ့ အဖွဲ့ခေါင်းဆောင် ကိုအောင်သစ်ကိုလည်း ချီးကျူးမိပါတယ်။ ကားတွေပေါ်မှာ ပစ္စည်းရော လူတွေပါ စုံပြီဆိုမှ ဒိုင်နာကား (၇) စီးနဲ့ မန္တလေးဘူတာကြီးမှ မင်းကွန်းကို ခရီးဆက်ခဲ့ရပြန်ပါတယ်။

စစ်ကိုင်းတံတားကြီးကို ဖြတ်ပြီး မင်းကွန်းတောင်ပေါ်မှာရှိတဲ့ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်ဌာနချုပ်ရှိရာ ဓမ္မသာရချောင်ကိုရောက်တော့ မနက် (၁၀) နာရီရှိခဲ့ပါပြီ။ တောင်ပေါ်ကို ကားတွေရောက်တယ်ဆိုရင်ပဲ ကိုအောင်သစ်က ဘယ်သူဘယ်အဆောင် စသည်ဖြင့် နေရာချထားပေးနေတာလည်း တွေ့ရပါတယ်။ မင်းကွန်းတောင်ပေါ်ရောက်လာသူတိုင်း တည်းခိုစရာ (၂) ထပ်ကျောင်းဆောင်၊ (၃) ထပ်ကျောင်းဆောင်စသည်ဖြင့် အဆောင်ပေါင်းများစွာရှိပါတယ်။ အဆောင်တိုင်းမှာလည်း ရေ၊ မီးအပြည့်အစုံရှိတာကြောင့် ဆွမ်းလောင်းလာရောက်သူတိုင်း စိတ်ချမ်းသာရပါတယ်။ ဓမ္မသာရဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကြည်ညိုလို့ တောင်ပေါ်အထိ လာရောက် လှူဒါန်းတဲ့ ကျောင်းအလှူရှင်များကိုလည်း ကျေးဇူးတင်နေမိပါတယ်။

အဖွဲ့ခေါင်းဆောင်က နေရာချထားနေတုန်း ကိုယ်ကတော့ ကိုယ့်အိတ်ကိုယ်ဆွဲပြီး သာကေတအဖွဲ့က ပြုံးပြုံးနဲ့အတူ ဆရာတော်ကြီး သီတင်းသုံးရာဒေါ်ဝိုင်းကျောင်းအောက်ထပ်က ချောင်အုပ်ဆရာလေး သီတင်းသုံးတဲ့နေရာကို ချီတက်ခဲ့ပါတယ်။ ကျောင်းကိုရောက်တော့ အိတ်ကိုချ၊ ဆရာလေးကိုနှုတ်ဆက်၊ ဆရာတော်ကြီးကို အပေါ်ထပ်တက်ကန်တော့ပြီး ကျောင်းအောက်ကို ပြန်ဆင်း၊ ရေချိုးပြီး မနက်ကတည်းက ရထားပေါ်မှာ ကော်ဖီတစ်ခွက်သာ သောက်ရသေးတာမို့ ဆာနေတဲ့ဝမ်းကို ဆရာလေးကျွေးတဲ့ထမင်းနဲ့ ဖြည့်ကာပြီး တစ်ညလုံး ရထားပေါ်မှာ အိပ်ရ



www.burmeseclassic.com

www.burmeseclassic.com

ပေးတာကြောင့် ခေတ္တအနားယူရင်း အိပ်ပျော်သွားပါတော့တယ်။

အိပ်ရာကနိုးတော့ ဆွမ်းလောင်းဖို့ ကြိုတင်ရောက်ရှိနေတဲ့ ချန်ပီယံဆေး ဆန်းမွှေးအုပ်စုဝင်ဖြစ်တဲ့ ဒေါ်စောကျင်နဲ့ ညီအစ်မများကိုလည်း တွေ့ရပါတယ်။ ကြည်လင်တဲ့ . မျက်နှာပိုင်ရှင် ဒေါ်စောကျင်က နှစ်လိုဖွယ်အပြုံးနဲ့ နှုတ်ဆက်ပါတယ်။ နောက်တော့ ဦးသာကျော်စိန် ဦးဆောင်သော သယ်န်းကျွန်း အရှေ့ခြမ်းအဖွဲ့၊ ဒေါ်သန်းသန်းဝင်း ဦးဆောင်သော ဒေါပုံမြို့နယ် (၁၆) ဦး အဖွဲ့၊ ဒေးဒရဲမြို့မှ ဆွမ်းလောင်းရန်လာသော ဆရာမကြီး ဒေါ်ခင်စန်းမြင့်နှင့် ဆရာမ ဒေါ်ဌေးဌေးလှိုင် စသည်ဖြင့် ဆွမ်းလောင်းအဖွဲ့တွေသွားဆုံကြသော မန္တလာရချောင်မှာ အဖွဲ့အားလုံးပေါင်း လူ (၅၀၀) ကျော် ဆုံစည်းကြပြီး တပျော်တပါးကြီးပါ။

ညနေစာကိုတော့ ဝေဿန္တရာမမွှာချိုးကြီးပေါ်မှာ စားရပါတယ်။ ဒီနေရာမှာလည်း အဖွဲ့ခေါင်းဆောင်ရဲ့ စနစ်တကျ စီမံမှုကို ချီးကျူးရပြန်ပါတယ်။ ရန်ကုန်က ထွက်လာခင်ကတည်းက ချောင်အုပ်ဆရာလေးထံကြိုတင်ငွေပို့ပြီး ဘယ်နှယောက်လာမယ်၊ ဘယ်နှရက်ကြာမယ်၊ နေ့စဉ်ဟင်းအမယ်များကိုလည်း ကြိုတင်မှာကြားထားပြီးသားဖြစ်လို့ ဆရာလေးက ဝေယျာဝစ္စအဖွဲ့နဲ့ သာကေတအဖွဲ့ ရောက်ကတည်းက စီစဉ်ပြီးသားဖြစ်လို့ စားရတာလည်း အဆင်ပြေခဲ့ပါတယ်။

ငွေရတု အငြိမ့်အဖွဲ့ကလည်း ဖျော်ဖြေခင်းအားအပြည့်ပါပဲ။ ခေါင်းဆောင် လူရွှင်တော်ကြီး ဦးတိမ်ညွန့်ကတော့ ဇနီး၊ သား ချွေးမ၊ မြေးတွေနဲ့ အုပ်စုလိုက်ပါ။ ကိုကျော်ထူးကလည်း အချောအလှ မယားသီနဲ့ပါ။ ကိုကင်းကောင်ကြီးကတော့ အဖော်မပါ တစ်ကိုယ်တည်း တွေ့ရပါတယ်။ အငြိမ့်က (၂) ည ဖျော်ဖြေပါတယ်။ ပွဲမကြည့်ရတာကြာပြီဖြစ်တဲ့ ကျေးတွန်းရွာကလူတွေကတော့ အုန်းအုန်းကျွက်ကျွက်အားပေးကြတာ အလွန်စည်ကားပါတယ်။ မန္တလာရတောင်ကုန်းမှာ ပွဲဈေးတန်းကြီးကလည်း လူတိုးမပေါက်ပါဘူး။


သီတင်းကျွတ်လပြည့်ကျော် ၂ရက်နေ့မှာတော့ သာကေတမြို့နယ် ရေ၊ မီး၊ ဆွမ်း ဆေး အလှူတော်အဖွဲ့မှ မင်းကွန်းတောင်ရိုးမှာရှိတဲ့ သံဃာတော်၊သာမဏေများအားလုံးနဲ့ သီလရှင်များအားလုံးကို နံနက်အရုဏ် မုန့်ဟင်းခါးဆွမ်းကပ်လှူ



ဆွမ်းအလှူခံ ကြွရောက်တော်မူလာကြသော တောင်ရိုးနေ သံဃာတော်များ



ဆွမ်းအလှူခံကြွရောက်လာသော ဆရာလေးများ



သာကေတအဖွဲ့ ဆွမ်းလောင်းစဉ်




www.burmeseclassic.com

www.burmeseclassic.com



သာကေတ ရေ၊ မီး၊ ဆွမ်း၊ ဆေးအဖွဲ့ဝင်များ



မြန်မာ့ရုပ်မြင်သံကြားမှ ဦးထွေးအား မေးမြန်းစဉ်



သာကေတ ရေ၊ မီး၊ ဆွမ်း၊ ဆေးအဖွဲ့အမှုဆောင်များ

ပြီး နေ့ဆွမ်းအဖြစ် ဒံပေါက်ထမင်းနဲ့ ကြက်သား လောင်းလှူကြပါတယ်။ မင်းကွန်းတောင်ရိုးမှာ မုန့်ဟင်းခါးဆွမ်း ကပ်မယ်ဆိုရင် အချိန်(၂၀၀)ကျော်ချက် ရပါတယ်။ မင်းကွန်းရွာထဲက ဒေါ်ဦးဖွန်း ဘိုးဘွားရိပ်သာကိုလည်း လှူဒါန်းနိုင်ပါ သေးတယ်။ သာကေတ (ရှုခင်းသာ) အဖွဲ့ကချက်တဲ့ မုန့်ဟင်းခါးကလည်း ငါးနိုင်းချင်းနဲ့ စေတနာပါထည့်ချက်ထား လို့ ဆွေမျိုးတောင်မေ့လောက်ပါရဲ့။

အရုဏ်ဆွမ်းဘုဉ်းပေးပြီး နေ့ဆွမ်း အဖြစ် ဒံပေါက်ထမင်းနဲ့ ကြက်သား လောင်းလှူချိန်မှာတော့ လိုက်ပါလာကြ တဲ့ သာကေတအဖွဲ့ဝင်များကလည်း ကြိုတင် ဝေငှထားတဲ့ သာကေတ ရေ၊ မီး၊ ဆွမ်း၊ ဆေး တံဆိပ်ပါတဲ့ တီရှပ်နဲ့ ဦးထုပ်များကို တူညီစွာဝတ်ဆင်ပြီး လှူ ဖွယ်ပစ္စည်းအမျိုးမျိုးနဲ့ ဝတ္ထုငွေများ လောင်းလှူနေကြတာ တကယ်ကိုကြည် နူးစရာ၊ ကြည်ညိုစရာမြင်ကွင်းပါ။

ငွေရတုဆွမ်းလောင်းလှူပွဲကြီးကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှလည်း မှတ်တမ်းတင်ရိုက်ကူးခဲ့ကြပါသေးတယ်။ မြန်မာ့ရုပ်မြင်သံကြားမှလည်း အချိန်နှင့် တစ်ပြေးညီထုတ်လွှင့်ပြသပေးခဲ့ပါတယ်။ ၂၁ - ၂၀ - ၂၀၁၃ နေ့နံနက်မှာ ဆွမ်း လောင်းလှူပွဲကြီးကို ရိုက်ကူးခဲ့ပြီး ၂၂ - ၁၀ - ၂၀၁၃ နေ့မှာ ထုတ်လွှင့် ပြသပေးခဲ့လို့ ကျေးဇူးလည်းတင်၊ ဝမ်း လည်းသာမိပါရဲ့။

မင်းကွန်းတောင်ရိုးမှာရှိတဲ့ ဓမ္မ သာရ ရေ၊ မီး၊ ဆွမ်း၊ ဆေးနှစ်ပတ်လည် ပွဲရောက်တိုင်း မြဝတီရုပ်သံ၊ MRTV-4 မြန်မာ့ရုပ်မြင်သံကြား၊ Sky Net. DVB စသော ရုပ်သံဌာနများမှ ရိုက်ကူးထုတ် လွှင့်ပေးခဲ့ကြလို့ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ကြီးကို လူသိများပြီး အလှူရှင်များ တိုးပွားလာခဲ့လို့ ကျေးဇူး တင်ရသလို သူရဇ္ဇမဂ္ဂဇင်းကြီးရဲ့စာတည်း ချုပ် ဆရာဦးအောင်မြတ်ကလည်း ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူတော်ကြော်ငြာ များကို လစဉ် အခမဲ့ မေတ္တာဖြင့် သူရဇ္ဇ မဂ္ဂဇင်းမှာ ထည့်သွင်း ဖော်ပြပေးခဲ့ တဲ့ အတွက် နိုင်ငံခြားအထိ ပေါက်ရောက် တဲ့မဂ္ဂဇင်းဖြစ်လို့ သူရဇ္ဇမဂ္ဂဇင်းကို ဖတ် ပြီး နိုင်ငံခြားရောက် မြန်မာများက မင်းကွန်းသံဃာတော်တွေ ဆွမ်းလောင်း လှူရန်အတွက် အလှူငွေများပေးပို့ကြ တာလည်း မကြာခဏပါ။ ဒါကြောင့် ဆရာဦးအောင်မြတ်ကိုလည်း အထူး ကျေးဇူးတင်နေရကြောင်းပါ။


www.burmeseclassic.com



ဆွမ်းအလှူခံကြွရောက်တော်မူလာသော နိုင်ငံတော်သံဃာ့နာယကဆရာတော်



သာကေတအဖွဲ့ ဆွမ်းလောင်းနေပုံ



သာကေတ ရေ မီး ဆွမ်း ဆေးအဖွဲ့ဝင်များ

ကူးပေးတဲ့ မြန်မာ့ရုပ်မြင်သံကြားအဖွဲ့နဲ့ အတူ သာကေတအဖွဲ့က ဧည့်ခံတဲ့ မုန့်ဟင်းခါးကိုစားကြပြီး နေ့လယ်စာစားဖို့ အချိန်မပေးနိုင်တော့တဲ့ MRTV အဖွဲ့ကို သူတို့တည်းခိုရာ မန္တလေးက ကိုယ်ပွား သတင်းစာတိုက်ကို ပြန်ပို့ဖို့ စီစဉ်ရပါတယ်။ ကျောင်းကကားနဲ့ အပြန်ရထား လက်မှတ် လျှောက်လွှာတင်ဖို့ မန္တလေး ဘူတာကိုသွားမယ့် အဘထွေးနဲ့ ဦးစိန်ဌေးကို ပြန်ပို့ပေးဖို့ အကူအညီတောင်းရပါတယ်။ အပြန်ခရီးမှာတော့ မင်းကွန်း ရောက်လို့မှ မရောက်ရမရှိရလေအောင် မင်းကွန်းခေါင်းလောင်းကြီး၊ ဆရာတော်ကြီး ပုထိုးတော်ကြီး၊ မြသိန်းတန်စေတီ စသည်တို့ကို လိုက်ပို့ပေးပြီး မန္တလေးကို ခရီးဆက်သွားပြီးဖြစ်တဲ့ မြန်မာ့ရုပ်မြင်သံကြားအဖွဲ့ကို လက်ပြနှုတ်ဆက်ရင်း ကျွန်မကတော့ သမိုင်းပညာရှင် ဆရာ ဦးကိုကို (မောင်ကိုဦး - မင်းကွန်း)၊ ပန်းချီဆရာ ကိုစုတို့နဲ့အတူ မင်းကွန်းမိုးမိတ်ကုန်းနားက Art & Style ပိုးထည်နှင့် ချည်ထည် ဆေးရေးဆိုင်ပိုင်ရှင် ကိုမျိုးလှိုင်ကထမင်းစားဖိတ်တာကြောင့် ကိုမျိုးလှိုင်ဆိုင်မှာ နေရစ်ခဲ့ကြပါတယ်။ ကိုမျိုးလှိုင်အမျိုးသမီးရဲ့လက်ရာက အလွန်စားကောင်းပါတယ်။ ဟင်းတွေကလည်းစုံလို့ပါ။ ဒါပေမယ့် ထမင်းစားပြီး အကြာကြီးစကားကောင်းမနေနိုင်တော့ပါဘူး။ ညနေကားနဲ့ ရန်ကုန်ပြန်ရမှာဖြစ်လို့ပါ။

ဆွမ်းလောင်းလှူကြပြီး အေးအေးဆေးဆေးဖြစ်သွားကြတဲ့ သာကေတအဖွဲ့က ဘုရားဖူးခရီးထွက်ကြဦးမှာဖြစ်လို့ နောက်သုံးလေးရက်ကြာဦးမှာဖြစ်တဲ့အတွက် အချိန်မရတော့ဘဲ ကျွန်မက အလှူပြီးတဲ့နေ့မှာပဲ ညကားနဲ့ ပြန်ဖို့အတွက် ကိုအောင်သစ်က စီစဉ်ပေးပါတယ်။

ရန်ကုန်အပြန် မြတ်မန္တလာထွန်းကားကို စီးနင်းလိုက်ပါရင်း လူနေအိမ်ခြေရှားပါးလှသော မင်းကွန်းတောင်ရိုးပေါ် သီတင်းသုံးနေကြသော သံဃာတော်၊ သီလရှင်များအတွက် ဆွမ်းမှစ၍ အစစအရာရာ ပြည့်စုံစေရန်အတွက် ဆွမ်းလောင်းအဖွဲ့များ များများရောက်လာပါစေလို့ ဆုတောင်းရင်း မြတ်နိဗ္ဗာန်ကို ရည်မှန်းလျက် သာကေတ ရေ မီး၊ ဆွမ်း၊ ဆေးအဖွဲ့ဝင်များ၏ ငွေရတုအလှူတော်ကြီးကို သာဓုအကြိမ်ကြိမ်ခေါ်ဆိုနေမိပါတော့တယ်။

ရွှေအေး

ဆွမ်းလောင်းလှူပြီးတဲ့အခါမှာ ...တော့ တောင်ရိုးနာယကဆရာတော်ကြီး ...ရဲ့ ဩဝါဒကို ခံယူပြီး မင်းကွန်းဓမ္မ ...ရ ရေ မီး၊ ဆွမ်း၊ ဆေး အလှူတော် ...ကြီးရဲ့ ပဓာနနာယကဆရာတော် ...ကြီး ဘဒ္ဒန္တဓမ္မသာရ (ဒီဃဘာဏက ဓမ္မကထိက ဗဟုဇနဟိတခရဲ) ထံမှ ရေစက်ချ တရားနာယူပြီး ငွေရတုဆွမ်းလောင်းလှူပွဲကြီးကို အောင်မြင်စွာ သာဓုခေါ်ဆိုခဲ့ရပါပြီ။

အခမ်းအနား ပြီးဆုံးချိန်မှာတော့ ကိုယ်ဖိတ်ကြားထားလို့ လာရောက် ရိုက်

www.burmeseclassic.com

www.burmeseclassic.com



# မောင်ကျောက်တိုင်

## ဖာရိုဘုရင်ကြီးရဲ့အိပ်မက်

မနောမယအစွမ်းခန္ဓာဖြင့်မက်ကြတဲ့ အိပ်မက်တွေကို အိပ်မက်ထူး၊ အိပ်မက်ဆန်းအိပ်မက်၊ ကမ္ဘာကျော်အိပ်မက်၊ ကမ္ဘာတုန်အိပ်မက်၊ သမိုင်းဝင်အိပ်မက်တွေထဲမှာ ကျန်းဂန်စာပေထဲမှာ မှတ်တမ်းတင်ထားတဲ့ အိပ်မက်ကို ဂန္ထဝင်အိပ်မက်လို့ခေါ် ချင်တယ်။ သာဓကပြရမယ်ဆိုရင် ကောသလမင်းကြီးအိပ်မက်လို့ ခေါ်ရမှာ ဖြစ်တယ်။

အနောက်တိုင်းဘာသာရေးစာပေကျမ်းဂန်တွေထဲမှာ ဟိုးရှေးပဝေသဏီကတည်းက မှတ်တမ်းတင်ထားတဲ့အိပ်မက်မျိုးပါ။ အီဂျစ်ပြည်မှာ ဖာရိုဘုရင်ကြီးတွေကောင်းစားခဲ့တဲ့ခေတ်ကပေါ့။ ဖာရိုဘုရင်ကြီးဟာ ထူးခြားတဲ့အိပ်မက် (၂၃) ကို မြင်မက်ခဲ့တယ်။

❒ *ပထမအိပ်မက်က နိုင်းမြစ်ထဲမှ ဆူဖြိုးထွားကျိုင်းတဲ့ နွားမကြီး(၇)ကောင် ပေါ်လာပြီး စားကျက်မှာ မြက်စားနေကြတယ်။ နောက် နွားမပိန်ပိန် (၇) ကောင်ပေါ်လာပြီး နိုင်းမြစ်ထဲက နွားမဝဝကြီးတွေကို စားပစ်လိုက်သည်။*

❒ *ဒုတိယအိပ်မက်က ဂျုံကောက်ပင်အနှံတစ်ခုမှာ ပြည့်ဖြိုးတဲ့ဂျုံစေ့(၇)စေ့ရှိပြီး နောက်အနှံတစ်ခုမှာ သိမ်ဖျင်းတဲ့ ဂျုံစေ့(၇)စေ့ပါတယ်။ ဒီကောက်ပင်ဟာ အရှေ့ဘက်မှတိုက်တဲ့လေကြောင့် ပျက်စီးသွားရသည်။*

ဒီအိပ်မက်ရဲ့အဓိပ္ပာယ်ကိုဖော်နိုင်သူဟာ ဂျိုးဇက်ဖြစ်လို့ ဂျိုးဇက်ကို ဘုရင့်အမိန့်တော်နဲ့ ရှေ့တော်သွင်းပြီး ဖာရိုဘုရင်ရဲ့အိပ်မက်ကို အဓိပ္ပာယ်ဖော်စေတယ်။

"ထွားကျိုင်းတဲ့ နွားမ(၇)ကောင်နဲ့ ပြည့်ဖြိုးတဲ့ ဂျုံစေ့ (၇) စေ့ဟာ (၇) နှစ်တိတိ ကောက်ပဲသီးနှံအစာရေစာပေါများမယ်။ နွားမပိန် (၇) ကောင်နဲ့ သိမ်ဖျင်းတဲ့ ဂျုံစေ့ (၇) စေ့ဟာ (၇) နှစ်တိတိ အစာရေစာရှားပါးပြီး အငတ်ဘေးကြီးဆိုက်လိမ့်မယ်လို့ အဓိပ္ပာယ်ရပါတယ် အရှင်မင်းကြီး"

လို့ တင်လျှောက်လိုက်တယ်။

ဖာရိုဘုရင်ဟာ သူ့အိပ်မက်ကို အလွန်ယုံကြည်သူ ဖြစ်တယ်။ အဓိပ္ပာယ်ဖွင့်ပေးတဲ့ ဂျိုးဇက်ကလည်း ဖာရိုဘုရင်ကြီးရဲ့ အိပ်မက်ကို မှန်ကန်အောင် အဓိပ္ပာယ်ဖော်ပေးခဲ့သူဖြစ်လို့ ဂျိုးဇက်ကို ယုံကြည်တယ်။ ဒါကြောင့် (၇) နှစ်တိတိ ပိုလျှံတဲ့ ကောက်နှံသီးနှံတွေကို လုံလုံခြုံခြုံ သိမ်းဆည်း သိုလှောင်ထားတယ်။ နောက် (၇)နှစ်မှာ အစာရေစာပြတ်ပြီး ကောက်နှံတွေ မအောင်မြင်တဲ့အခါမှာ သိုလှောင်ထားတဲ့ ကောက်ပဲသီးနှံတွေကို ပြည်သူတွေစားကြရလို့ ဒုဗ္ဘိက္ခန္တရကပ်ဘေးကြီးက လွတ်မြောက်သွားတယ်။ ပြည်သူတွေကို အစာငတ်မယ့်ဘေးကြီးက ကယ်တင်တဲ့ အိပ်မက်ကြီးပါပဲ။

ဒီအိပ်မက်ကိုဖော်ပေးတဲ့ဂျိုးဇက်ဟာ ဖာရိုဘုရင်ကြီးရဲ့ စားတော်ကဲနဲ့ စားတော်ဆက်တို့ အိပ်မက်တွေကို အိပ် မက်တွေကို အဓိပ္ပာယ်ဖော်ပေးခဲ့တာ ခဲ့ဖူးတယ်။ ဂျိုးဇက်ဟာ သူ့သခင်မ ဖားက သူ့အနားကပ်လာတာကို ယ်လိုက်လို့ အကျဉ်းထောင်ထဲရော သွားတယ်။ အကျဉ်းထောင်ထဲမှာ ဖာ ဘုရင်ရဲ့ စားတော်ကဲနဲ့ စားတော်ဆ (၂) ယောက်ကို အကျဉ်းချထားတ ဒီအကျဉ်းသား (၂) ယောက်က အိ မက်မက်ကြတာကို ဂျိုးဇက်က ဖော် ရတယ်။

❒ *စပျစ်ပင်ဟာ စားတော်ဆ ရှေ့မှာ ပေါက်နေတယ်။ စပျစ်ပင် အကိုင်း (၃) ကိုင်းထွက်ပြီး အ ထွက်လာတယ်။ နောက်အပွင့်တွေ လာတယ်။ ဒီစပျစ်ပင်က စပျစ်သီး သီးလာပြီး မှည့်လာကြတယ်။ စား ဆက်ဟာ ဒီစပျစ်သီးတွေကို အ*



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဖာရိုဘုရင်ကြီးရဲ့သောက်တော်ခွက်ထဲထည့်ပြီး ဖာရိုဘုရင်ကြီးကို ဆက်သလိုက်ရတယ် -

လို့ စားတော်ဆက်က အိပ်မက်မက်တယ်။

ဂျိုးဇက်ဟာ ဒီအိပ်မက်ကို ဒီလို အဓိပ္ပာယ်ဖော်လိုက်တယ်။

စပျစ်ပင်ပေါက်နေတာဟာ စားတော်ဆက် အသက်ရှင်မယ်။ ကိုင်း (၃) ကိုင်းဟာ သုံးရက်အတွင်းလို့ဆိုပါတယ်။ ဖာရိုဘုရင်ကြီးလက်ထဲ သောက်တော်ခွက် ဆက်သရတာဟာ ဘုရင့်စားတော်ဆက်အဖြစ် သူဟာပြန်လည်ထမ်းဆောင်ရမယ်လို့ အဓိပ္ပာယ်ဖော်လိုက်တယ်၊

ဖာရိုဘုရင်ကြီးရဲ့စားတော်ကဲကလည်း ဒီလိုအိပ်မက်တယ်။

□ *စားတော်ကဲရဲ့ခေါင်းပေါ်မှာ ခြင်းတောင်း (၃) လုံးရွက်ထားရတယ်။ အပေါ်ဆုံးက ခြင်းတောင်းထဲမှာ အသားကင်တွေထည့်ထားတယ်။ စားတော်ကဲရွက်ထားတဲ့ ခြင်းတောင်းထဲက အစာတွေကို ငှက်တွေစားပစ်လိုက်တယ်-*

လို့ မက်တယ်။

ဂျိုးဇက်က စားတော်ကဲရဲ့ အိပ်မက်ဟာ (၃) ရက်အတွင်း စားတော်ကဲ ကြိုးသေလိမ့်မယ်လို့ အဓိပ္ပာယ်ဖော်လိုက်တယ်၊ ဒါကြောင့် ဖာရိုဘုရင်ကြီးဟာ သူရဲ့ ငယ်ကျွန်တော် (၂) ဦးရဲ့ အိပ်မက်ကို ဂျိုးဇက်ဟာ အဓိပ္ပာယ်ဖော်လိုက်တာ (၃) ရက်စေ့သွားတဲ့အခါ ဂျိုးဇက် အဓိပ္ပာယ်ဖော်လိုက်တဲ့အတိုင်း မှန်တယ်ဆိုတာသိနေလို့ ဖာရိုဘုရင်ကြီးဟာ သူ့ရဲ့အိပ်မက်ကို ဂျိုးဇက်အား အဓိပ္ပာယ်ဖော်ပေးဖို့ အမိန့်ချလိုက်တာဖြစ်တယ်။

ဖာရိုဘုရင်ကြီးရဲ့ အိပ်မက်လိုပဲ ဘေဘီလုံဘုရင်ကြီး နဘူခနက်ဇာကလည်း အိပ်မက်ထူးတွေ မက်ဖူးတယ်။ နဘူခရက် ဇာဘုရင်ကြီးရဲ့အိပ်မက်ဟာ အလွန်ချောက်ချားဖွယ်ရာကောင်းတဲ့ ချောက်အိပ်မက်ကြီးမက်ပြီးတော့ နိုးလာတော့ အိပ်မက်ကို မမှတ်မိတော့ဘဲ မေ့သွားတယ်။

နဘူခနက်ဇာဘုရင်ကြီးဟာ ဒဏ္ဍာရီထဲက ဘုရင်မဟုတ်ပါဘူး။ ခရစ်ဝင်သမ္မာကျမ်းစာထဲမှာ ပါဝင်သူဖြစ်ပြီး သမိုင်းဝင်ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ ဘီစီ ၆၀၀ လောက်က ဘေဘီလုံနိုင်ငံကြီးကို တည်ထောင်ခဲ့လို့ ကမ္ဘာ့သမိုင်းမှာ ထင်ရှားတဲ့ဘုရင်ကြီး ဖြစ်တယ်။ နဘူခနက်ဇာဘုရင်ရဲ့ မိုးပျံဥယျာဉ်ဟာ ရာဇဝင်မှာ စံတင်လောက်အောင် ထူးခြားအံ့ဖွယ်တစ်ပါး ဖြစ်ပါတယ်။ အဲဒီဘေဘီလုံဘုရင်ကြီး နဘူခနက်ဇာရဲ့ အိပ်မက်အကြောင်းပြောမှာ ဖြစ်တယ်။

ဘုရင်ကြီးရဲ့မေ့သွားတဲ့အိပ်မက်နဲ့ ဒီအိပ်မက်ရဲ့အဓိပ္ပာယ်ကို ဖော်ထုတ်ပြနိုင်သူရှိက တောင်စမုတ်ကထောင်ထုတ်ပေးမယ်လို့ နေပြည်တော်မှာ ရွှေကြော်ငြာထုတ်လိုက်တဲ့။

ဒီအခါမှာ ဒင်နီယယ်နဲ့ မိတ်ဆွေတစ်စုဟာ ဘုရင်ကြီးရဲ့ အိပ်မက်ကို သိချင်လို့ ဘုရားသခင်ကို ရှိခိုးပြီး ဘုရားသခင်ထံမှာ ဒီအိပ်မက်နဲ့ အိပ်မက်နဲ့ အဓိပ္ပာယ်ကိုသိမြင်ပါရစေလို့ ဆုတောင်းအဓိဋ္ဌာန်ပြုကြတယ်။ အဲဒီညမှာပဲ ဒင်နီယယ်ဟာ ဘုရင်ကြီးရဲ့ အိပ်မက်ကို အမြင်အာရုံနဲ့ မြင်ရတယ်။

□ သတ္တုမျိုးစုံနဲ့ သွန်းလောင်းထားတဲ့ ရုပ်တုကြီးတစ်ခုကို ဘုရင်ကြီးမြင်မက်တာ ဖြစ်တယ်။ ဒီရုပ်တုကြီးရဲ့ ခြေထောက်ကို သံနဲ့ ရွှံ့စေးတွေနဲ့ ထုလုပ်ထားတာ ဖြစ်တယ်။ ပရလောကသားတစ်ဦးရဲ့လက်ကြီးက ဒီရုပ်တုကြီးကို တစ်စစီချိုးဖဲ့ဖျက်ဆီးပစ်လိုက်ပြီးတော့ ဒီအကျိုးအပဲ့တွေဟာ လေထဲလွင့်ပါသွားတယ်။ ဒီကျောက်အပိုင်းအစတွေဟာ တစ်ကမ္ဘာလုံးကို ဖုံးလွှမ်းသွားတဲ့ တောင်ကြီးဖြစ်သွားတယ်လို့ အိပ်မက်မက်တာ ဖြစ်တယ်။

ဒင်နီယယ်ဟာ ဒီအိပ်မက်ကို ဘုရင်ကြီးအား ပြန်လျှောက်တင်ပြီး အဓိပ္ပာယ်ကိုပါ ဖွင့်ပြလိုက်တယ်။ တစ်ကမ္ဘာလုံးကို ရုပ်တုရဲ့ကျောက်တုံးအပိုင်းအစတွေ ဖုံးလွှမ်းသွားတယ်ဆိုတာဟာ ဘုရားသခင်ရဲ့ ပညတ်တော်တွေဟာ ကမ္ဘာဦးလွှမ်းသွားမယ်။ ဒါကြောင့် ဘုရင်ကြီးရဲ့ အနိုင်အထက်ကျင့်မှု၊ မတရားမှုတွေကြောင့် ဘုရင်ကြီးဟာ ထီးနန်းဆုံးရှုံးမယ်လို့ သတိပေး လျှောက်တင်လိုက်တယ်။ ဘုရားသခင်ရဲ့ပညတ်ချက်တွေကို အာခံတဲ့ နဘူခနက်ဇာဘုရင်ကြီးရဲ့ လုပ်ဆောင်ချက်တွေကြောင့် ရုပ်တုကြီးအား တစ်ခုတခြားစီဖြစ်ပြီး လေထဲပါသွားသလို ပျက်စီးပျောက်ကွယ်သွားမယ်လို့ လျှောက်တင်လိုက်တယ်။

နဘူခနကဇာဘုရင်ကြီးဟာ ဒီလိုသတိပေးလျှောက်တင်ချက်နဲ့ သူ့ရဲ့ အမှားတွေကိုပြင်ဖို့ ငြင်းပယ်နေဆဲမှာပဲ တစ်နေ့ သူ့ရဲ့နန်းတော်အမိုးပေါ် လမ်းလျှောက်နေစဉ် အသံတစ်ခု ကြားလိုက်ရသည်။

"အို . . . နဘူခနက်ဇာဘုရင်ကြီး၊ သင့်ရဲ့ထီးနန်းဟာ သင့်ကိုစွန့်ခွာလေပြီ။ သင့်ကို နန်းတော်မှမောင်းထုတ်ပြီးတော့ သင့်ရဲ့နန်းတော်ကို သားရဲတိရစ္ဆာန်တွေ ဝင်နေကြလိမ့်မယ်"

ဘုရင်ကြီးစိတ်ဖောက်ပြန်ရူးသွပ်သွားတဲ့အခါ နဘူခရက်ဇာဘုရင်ကြီး ကြားခဲ့တဲ့အတိုင်း ထီးနန်းကို စွန့်လွှတ်လိုက်ရတယ်။ နောင်တရားရပြီး ပြုပြင်လာတဲ့အခါမှာ ဘုရင်ကြီးဟာ သူ့ထီးနန်းကို ပြန်လည်ရရှိသွားတော့တယ်။

နဘူခနက်ဇာဘုရင်ကြီးအပြင် နောက်တစ်ဦးကတော့ ဂန္ဓာရီသမားတွေဦးညွှတ်ရတဲ့ ဆော်လမွန်ဘုရင်ကြီးရဲ့ အိပ်မက်ဖြစ်တယ်။

□ *တစ်နေ့မှာ ဆော်လမွန်ဘုရင်ကြီးဆီ ဘုရားသခင်ကြွလာပြီး ဘုရင်ကြီးရဲ့ဘုရားသခင်အပေါ် ကြည်ညိုမှုကို ဆုပေးတဲ့အနေနဲ့ သင်လိုရာဆုတောင်းပါ။ ငါပေးတော်မူမယ်လို့ မိန့်ကြားတယ်။ ဆော်လမွန်ဘုရင်ကြီးက စည်းစိမ်ဥစ္စာမလိုပါ။ ဘုန်းတန်ခိုးမလိုပါ။ တိုင်းသူပြည်သားများကို တရားနှင့်အညီ စီရင်ပေးတော်မူပါ -*

လို့လျှောက်တင်လိုက်တဲ့အိပ်မက်ကို မက်တယ်။

ဆော်လမွန်ဘုရင်ကြီးရဲ့ သူတစ်ပါးနဲ့မတူ တစ်မူထူးပြီးမြင့်မြတ်တဲ့ဆုကို တောင်းလို့ ဘုရားသခင်က ဉာဏ်ပညာသာမက ဆုမတောင်းတဲ့ စည်းစိမ်ဥစ္စာနဲ့ ဘုန်းတန်ခိုးကိုပေးခဲ့တာ ရာဇဝင်မှာ အထင်အရှားပါပဲ။

နောက်တစ်ဦးကတော့ ကမ္ဘာကျော်စစ်ဘုရင်ကြီး အလက်ဇန္ဒားပါ။ တစ်နေ့မှာ အလက်ဇန္ဒားဟာ တိုင်ယာလို့ခေါ်တဲ့ လူတစ်ပိုင်းတိရစ္ဆာန်တစ်ပိုင်း မနုဿဟသတ္တဝါကိုအိပ်မက်မက်တယ်။ အိပ်မက်ကို အဓိပ္ပာယ်ဖော်ကြည့်တော့ နာမည်ချင်းတူတဲ့ တိုင်ယာမြို့ကြီးကို လက်ရသိမ်းပိုက်ရမယ်လို့ ဆိုတယ်။ နောင်အခါမှာ အလက်ဇန္ဒားဟာ အဲဒီမြို့ကို ချီတက်သိမ်းပိုက်ခဲ့တယ်။

ဒီလိုဂန္တဝင်လာ ပုဂ္ဂိုလ်ထူးတွေရဲ့ အိပ်မက်တွေဟာ သူတို့ရဲ့ မနောမယခန္ဓာနဲ့မက်ခဲ့ကြတာပါ။ မနောမယခန္ဓာကိုသန့်ရှင်းအောင်ထားရင် ဒီလိုအိပ်မက်ထူးတွေမက်နိုင်တယ်လို့ လက်တို့ပြီး မှာလိုက်ချင်ပါတယ်။

မောင်ကျောက်ဘိုင်



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

ဥပဒေလက်တံမမီသောကာလ၌

**တူနှင့်ထမင်းစားသူ**

ဤအဖြစ်အပျက်တို့ကို ကျွန်ုပ်တို့ မသိမီလိုက်သော်လည်း သက်ကြီးစကား သက်ငယ်ကြား ဟူသည့်စကားလို ကြီးသောသူတို့ပြောစကားကို စိတ်ဝင်တစား နားထောင်ခဲ့၍သာ မှတ်မိနေခြင်းဖြစ်၏။

ထိုအဖြစ်အပျက်တို့သည် ဣဋ္ဌာရုံခေါ် နှစ်သက်ဖွယ်တို့ မဟုတ်ကြပါ။ မနှစ်သက် မနှစ်မြို့ဖွယ်သော အနိဋ္ဌာရုံများသာ ဖြစ်ကြပါသည်။

သို့သော် ထိုအသိထိုအနိဋ္ဌာရုံတို့သည် ကျွန်ုပ်တို့ပစ္စက္ခဘဝအတွက် မှားခြင်း၊ မှန်ခြင်းတို့ကို ခွဲခြားနားလည်နိုင်စေရန် များစွာအထောက်အကူဖြစ်စေ၏။

ထိုအကြောင်းတို့ကို ပြန်ပြောင်းပြောပြရသော် ဦးစွာပထမ ထမင်းကို မြန်မာဆန်ဆန် လက်ဖြင့်မစားဘဲ တရုတ်တွေစားသောတူဖြင့် ထမင်းစားတတ်သော ကျွန်ုပ်အဖေ၏ဖခင် ဦးချစ်ပုကို ဦးစွာတင်ပြရပေမည်။


ကျွန်ုပ်တို့သိတတ်သော အရွယ်တွင် အဘိုးဦးချစ်ပုသည် ကျွန်ုပ်တို့နေထိုင်ရာ အိမ်ဝိုင်း၏ အနောက်ဘက်ဝိုင်းတွင်နေထိုင်ကာ ကျွဲများစွာဖြင့် တောင်သူအလုပ်ကိုလုပ်သော တောင်သူကြီးဖြစ်၏။ ကတုံး(ခေါင်းတုံး)ဖြင့်နေကာ တဘက်ဖြူကြီးတစ်ထည် အမြဲပေါင်းထားလေ့ ရှိ၏။

နာမည်မှာ ဦးချစ်ပု ဖြစ်သော်လည်း အရပ်ကား (၆)ပေခန့်ရှည်၏။ အသားမည်းမည်းနှင့်ကိုင်းကိုင်းကြီးဖြစ်ကာ စိတ်အလွန်တိုတတ်လေ၏။ အားခွန်ဗလလည်း အရမ်းကောင်းသည်ဟု နာမည်ကြီး၏။ အံ့သြဖွယ်ကောင်းသည်မှာ ကျွန်ုပ်တို့အဘိုးသည် ဘယ်သောအခါမှ ထမင်းကို လက်ဖြင့်စားလေ့မရှိခြင်းပင် ဖြစ်သည်။ တူပန်းကန်လေးဖြင့် မြို့ထဲမှတရုတ်တို့ ထမင်းစားသလို တရှုးရှုးတရှဲရှဲဖြင့် စားလေ့ရှိ၏။ ဟင်းကို တူကလေးနှစ်ချောင်းဖြင့် ကျွမ်းကျင်စွာ ညှပ်ယူ၍စား၏။ ထိုသို့ ထမင်းစားသည်ကို ကြည့်ရသည်မှာ ကြည့်၍ပင်ကောင်းသေးတော့၏။ ကလေးဖြစ်သော ကျွန်ုပ်တို့ တအံ့တသြဖြစ်ကြရ၏။

ထမင်းစားသော တန်းလျားနှင့် စားပွဲဘေးတွင် ထရံကာထားရာ ထိုထရံတွင် ဝါးဆစ်ဖြင့် ပြုလုပ်ထားသော ဝါးပေါက်၌ တူရောင်စုံကလေးများ အပြည့်ထည့်ထားလေ၏။ ကျွန်ုပ်တို့သည် အရောင်စုံကို နှစ်သက်သော ကလေးငယ်များဖြစ်ရာ ထိုတူရောင်စုံလေးများအား နှစ်သက်စွာ ငေးမောကြ၏။ သို့သော် အလွန်စိတ်တိုတတ်ပြီး ကျွန်ုပ်တို့အပေါ် တယုတယမရှိသော အဘိုး၏ တူရောင်စုံများကို ထိရဲကိုင်ရဲခြင်း မရှိကြပါ။ ထိုတူတို့သည် ဝါးဖြင့်ပြုလုပ်သလော၊ သစ်သားဖြင့် ပြုလုပ်သလော သို့မဟုတ် အခြားသောအရာတို့ဖြင့် ပြုလုပ်သလော မမေးရဲ၍မသိခဲ့ရပါ။ ခဲတံချောင်းရောင်စုံလေးများနှင့် ခပ်ဆင်ဆင်တူသော ထမင်းစားတူရောင်စုံလေးများသည် ယနေ့ထိတိုင် မျက်စိထဲ၌ မြင်ယောင်နေဆဲရှိနေပါသေးသည်။

**မြို့ကြီးသား**

"အဖေ"



"ဘာတုံး၊ အငယ်လေးရဲ့"

ဟု ထူးကာ ထုံးစံအတိုင်း ကျွန်ုပ်၏ နှာသီးဖျားကို လက်ဖြင့်ဆွဲညှစ်ကာ ယုယစွာ ကစားနေ၏။ ထိုအခါ ကျွန်ုပ်က အဖေ့လက်ကိုဖယ်ကာ သိချင်သည်ကို မေးရ၏။

"အဘိုးက လက်နဲ့ ထမင်းမစားဘဲ ဘာလို့တူနဲ့စားတာလဲ။ တစ်ရွာလုံးလက်နဲ့ ထမင်းစားကြတာ၊ သူ့ကျမှ ထူးထူးဆန်းဆန်း တူနဲ့စားရတယ်လို့ သူ့လက် မသန့်လို့လား အဖေ"

"သူက အဖေတို့လို တောမှာမွေးတာမဟုတ်ဘူး သားရဲ့။ မြို့ကြီးသားဆိုတော့ မြို့ကအကျင့်တွေပါလာပြီး ခုလို တူနဲ့စားတာပေါ့"

"မြို့ကြီးက ပျဉ်းမနားမြို့လား"

"ဘယ်ကလာဟုတ်ရမှာလဲ။ ရန်ကုန်မြို့ပြီးရင် အကြီးဆုံးမြို့ဖြစ်တဲ့ မန္တလေးမြို့လို့ ပြောတာပဲ"

"အဖေကော မန္တလေးရောက်ဖူးလား"

"မရောက်ဖူးပါဘူး သားရယ်။ ရန်ကုန်မြို့ကြီးက တောင်ဘက်မှာ၊ မန္တလေးမြို့က မြောက်ဘက်မှာလို့ ပြောတာပဲ။ သားတို့ အဘိုးနဲ့ မောင်နှမတစ်



www.burmeseclassic.com

...ငီးပွားလာရှာရင်း ဒီမှာအခြေချကြ ...ပေါ့"

"ဒါဆိုရင် မန္တလေးမြို့ကြီးသား ...တာ လက်နဲ့ထမင်းမစားဘဲ တူလေး ...နဲ့ ထမင်းစားကြမှာပဲနော် အဖေ"

"မြို့ကြီးသားတွေဆိုတော့ ဟုတ် ...တ်မှာပေါ့ သားရယ်"

"ဒီလူတွေ တုတ်ချောင်းလေးတွေ ...ထမင်းစားရတယ်လို့ပဲ။ အံ့ဩစရာပဲ ... အဖေ။ ဒါထက် အဖေရာ၊ အဘိုး ... မြို့ကြီးသားလုပ်နေပြီး အသားက ...ည်း မည်းလိုက်တာလွန်ပါရော"

"မန္တလေး ဆိုတာ အညာဘက် ဆိုတော့ ပူတယ် သားရဲ့။ အညာသား ဆိုတာ အသားမည်းတာပဲလေ"

ဟု ပြောပြလေ၏။

ကလေးဖြစ်သော ကျွန်ုပ်၏စိတ် ထဲတွင်မူ မန္တလေးမြို့ကြီးသား တူနှင့် ထမင်းစား၏၊ အညာသားအသားမည်း ၏ဟူ၍ လှေနံဓားထစ်မှတ်ထားခဲ့မိလေ ၏။ (ထိုအသိစိတ်ဖြင့် ကြီးပြင်းကာ အရွယ်သင့်၍ ခရီးစထွက်သောအခါ ဝယ် ငယ်စဉ်က တေးမှတ်ထားခဲ့သော အသိတို့သည် ရယ်ဖွယ်ဖြစ်ခဲ့ရလေ၏။)

**အရိုက်ခံရသောအဘွား**

အဘိုးဦးချစ်ပု၏ ဇနီး ကျွန်ုပ်တို့ အဘွား၏ အမည်ကား ဒေါ်ဖွားကျန်ဖြစ် ၏။ ထိုဒေါ်ဖွားကျန်ကား မျက်နှာသွယ် သွယ်၊ ပိန်ပိန်ပါပါး၊ အသားညိုညိုဖြစ်ပြီး သဘောမနောကောင်း၏။ အပြောအဆို သိမ်မွေ့၏။ အဘိုးကဲ့သို့မရိုင်းပါ။ အဘိုး ကား စကားပြောလျှင် အဆဲအဆိုညှပ် ပြောတတ်သလို စကားတထစ်ထစ်နှင့် အဝှာချင်းထပ်အောင်ပြောတတ်သဖြင့် လိုရင်းကို အတော်နှင့်မရောက်တတ်ပေ။

သူ့ကို အဘိုးတော်သည်ဟု သတ် မှတ်ရုံမှတစ်ပါး ကျွန်ုပ် မချစ်တတ်ပါ။ ကျွန်ုပ်ကို ပွေ့ချီခြင်း၊ ယုယခြင်း လုံးဝမရှိ ခဲ့ပါ။ မြေးအဘိုးတော်စပ်သော်လည်း ခပ်စိမ်းစိမ်းပင် ဖြစ်၏။ အဘွားဒေါ်ဖွား





www.burmeseclassic.com

www.burmeseclassic.com

ကျန်ကိုတော့ သဘောကောင်း၍ချစ်၏။

ဆွေမျိုးစပ်ရာတွင် ပုဆိုးစပ်နှင့် ထဘီစပ် ဟူ၍ရှိရာ အဖေ့ဘက်မှအဘိုးသည် ပုဆိုးစပ်ဖြစ်၏။ ထို့ကြောင့် ရင်းနှီးမှုနည်းသည်။ ထဘီစပ်ဖြစ်သော အမေ၏မိဘများဖြစ်သော ဦးရွှေမင်း၊ ဒေါ်ဖွားတို့သည်သာ ကျွန်ုပ်ကိုငုံထားမတတ်ချစ်ကြလေ၏။

ဦးချစ်ပုကား ဒေါသကြီးသူပီပီ မကြာမကြာ အဘွားကို ကျွဲရိုက်ကြိမ်ဖြင့် ရိုက်တတ်၏။ အဘွား၏ငိုယိုတောင်းပန်မှုတို့ကား အရာမထင်တတ်ပါ။ ကျေနပ်အောင် စိတ်တိုင်းကျရိုက်ပြီးမှ ရိုက်ခြင်းကို ရပ်နားတတ်လေ၏။ အဘွားကား တရှုပ်ရှုပ်ငိုနေတတ်၏။ ထိုသို့ ရိုက်၍ဝလျှင် အဘိုးသည် တော်ရာကို ရှောင်သွားလေ့ရှိသည်။

ထိုအခါ အဘွားသည် ငိုယိုကာ အမေ့ထံလာပြီးပြောပြတတ်၏။ ကျွန်ုပ်သည် ထိုသည်တို့ကို စိတ်မကောင်းခြင်းကြီးစွာဖြင့် အကြိမ်ကြိမ်မြင်ရတတ်၏။ သဘောကောင်းသောအဘွားကို သနား၍မဆုံးရှိနေတတ်၏။

ရိုက်သမျှ အကြောင်းရင်းခံသည် ထမင်းပျော့၍ ရိုက်ခြင်းများသာ ဖြစ်သည်။ တူနှင့်စားရာတွင် ထမင်းမာမှ တူနှင့်စား၍ကောင်း၏ဟု အဘိုးယူဆထား၍ဖြစ်သည်။ အလျဉ်းမသင့်၍ ထမင်းပျော့သည့်အခါတိုင်း သည်းမခံနိုင်ဘဲ အဘွားကိုရိုက်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် သိတတ်စအရွယ်မှစ၍ ပြန်ကပြေးအလယ်ပိုင်းရပ်ရှိ မိခင်၏မိဘများဖြစ်သော အဘိုးအဘွားတို့အိမ်သို့လည်း ကူးသန်းသွားလာနေထိုင်ရာ အဘွားပြောပြ၍ ဒေါ်ဖွားကျန်သည် ဦးချစ်ပု၏ နောက်အိမ်ထောင်ဟု သိရလေ၏။

ပထမအိမ်ထောင်ဖြင့် အဖေတို့ မောင်နှမ(၅)ဦးကို မွေးဖွားခဲ့သော်လည်း ဒုတိယအိမ်ထောင်ဖြင့် သားသမီးမရပါ။ ဒေါ်ဖွားကျန်တွင် သမီးတစ်ယောက်ပါလာပြီး ဇာတိမှာ ပျဉ်းမနားအရှေ့ဘက် အရှေ့ရိုးမတောင်ခြေ စည်ပင်ကြီးရွာမှဟု သိရပါသည်။ သမီးမှာ မစောရွှေဖြစ်သည်။

**ဒေါ်ငွေဥ ဘာကြောင့်သေ**

ဦးချစ်ပု၏ ပထမဇနီးသည် ပြန်ကပြေးသူ ဒေါ်ငွေဥဟု သိရ၏။ ဒေါ်ငွေဥတို့အမျိုးသည်ကား ဖြူ၍လှပကြ၏။ ဒေါ်ငွေဥတို့တွင် မောင်နှမ (၃) ဦးရှိသည်။ ဒေါ်ငွေဥ၊ ဦးထွန်းလှ၊ ဦးထွန်းမြတ်တို့ ဖြစ်သည်။

ပထမအိမ်ထောင် ဖြစ်သော ဒေါ်ငွေဥမှာလည်း ထမင်းပျော့တိုင်း အရိုက်ခံခဲ့ရသည်ဟု သိရပါသည်။ ဦးတုတ်လှ၊ ဦးထွန်း၊ ဒေါ်ကြွယ်၊ ဦးပေါ်သစ်၊ ဒေါ်လှဆယ်တည်းဟူသော မောင်နှမ (၅) ဦး မွေးနိုင်ခဲ့သည်ပင် အလွန်တော်သည်ဟု ဆိုရပေမည်။

အရွယ်မကြီးသေးသော ကလေး (၅)ဦး၏မိခင် ဒေါ်ငွေဥသည် မည်သည့်အကြောင်းအရာဖြင့် သေဆုံးခဲ့လေသနည်း။ ထိုခေတ်က ခေတ်စားခဲ့သော ပလိပ်ရောဂါလား၊ ကျောက်ကြီးရောဂါလား၊ ကာလဝမ်းရောဂါလား၊ သွေးရိုးသားရိုးဖျားနာသေဆုံးခဲ့လေသလား ဟူသည်ကို ကျွန်ုပ်သိလိုသဖြင့် အဘွားကို မေးကြည့်မိ၏။

အဘွားဒေါ်ဖွားကား တောင်သူအုတ်တွင်းသူ ဖြစ်လင့်ကစား ပြန်ကပြေးမှ ဦးရွှေမင်းနှင့် အိမ်ထောင်ကျပြီးကတည်းက ပြန်ကပြေးသို့ လိုက်ခဲ့သူဖြစ်ရာ ရွာအကြောင်းရပ်အကြောင်း၊ လူတွေအကြောင်းကို အတော်ကြီး သိထားပြီး ဖြစ်၏။

ထိုခေတ်ထိုအခါသည် အင်္ဂလိပ်အုပ်စိုးသောကာလဖြစ်ရာ ဥပဒေလက်တံသည် အများအားဖြင့် ကျေးလက်ခေါ်တောရွာများသို့ မမီချိန် ဖြစ်ပါသည်။

သူကြီး၏ ဩဇာ၊ ပိုက်ဆံရှိသူတို့၏ဩဇာ၊ လူဆိုးလူမိုက်တို့၏ ဩဇာသာ ကျေးလက်များ၌ လွှမ်းမိုးသောအချိန်ဖြစ်ရာ အတော်အတန် ရာဇဝတ်မှုတို့ တိမ်မြုပ်ပျောက်ကွယ်ကြရ၏။

ရုံးတို့ဂါတ်တို့ကို အလွန်ကြောက်သော ပြည်သူတို့ကလည်း တိုင်ခြင်းတောခြင်း အလျှင်းမရှိဘဲ အတော်အတန်ကိစ္စဆိုလျှင် ရေငုံနှုတ်ပိတ်၍နေခဲ့ကြသောခေတ်ဖြစ်ကာ သည်းခံခြင်းတရားဖြင့် ခေါင်းငုံ့၍ခံကြ၏။ တရားဖြင့်ဖြေကြ၏။

ထိုသို့ တရားဥပဒေမစိုးမိုးသော ခေတ်ဝယ် အဘွားဒေါ်ငွေဥသည် အဘိုးရိုက်သဖြင့် ခြောက်ယောက်မြောက်ကိုယ်ဝန်ပျက်ကာ သေဆုံးခဲ့ရကြောင်း အဘွားနှင့်တကွ ပတ်ဝန်းကျင်မှသိမိတို့၏ အကြိမ်ကြိမ်ပြောပြချက်အရ ရင်နင့်ဖွယ်သိခဲ့ရလေ၏။

**လင်ဆိုးမယား**

ဒေါ်ငွေဥကား ငွေဥ ဟူသော အမည်နှင့် လိုက်လျောညီထွေစွာ ဖြူဖြူချောချောနှင့် ခပ်ပုပုဖြစ်သည်။ သဘောကောင်းကာ သားသမီးတစ်အုံတစ်မကို ကြင်နာစွာပင် စောင့်ရှောက်၏။ လင်ယောကျ်ား၏ ဆိုးဒဏ်ကိုလည်း ကျိတ်မှိတ်၍ ခံစားရရှာပါသည်။

ဦးချစ်ပု အဓိကကြေးများပြီး ရန်ရှာရိုက်နှက်တတ်သည်မှာ ထမင်းကြောင့်ပင် ဖြစ်လေ၏။ ထမင်းလုံးဝမပျော့ရ။ အနည်းငယ်ပျော့လျှင် ဒေါ်ငွေဥအရိုက်ခံရသောနေ့ ဖြစ်လေ၏။

သားသမီးများ တစ်ဦးပြီးတစ်ဦး ဖွားစီးလာသောအခါတွင်မူ သားသမီးတို့ကိုလည်း ပြုစုစောင့်ရှောက်ရလေရာ အလျဉ်းမသင့်ပါက ထမင်းပျော့တတ်လေ၏။ ထိုသို့ပျော့သောနေ့တို့သည် ဒေါ်ငွေဥအရိုက်ခံရသောနေ့တို့ ဖြစ်ခဲ့၏။

ရိုက်သည်ဆိုလျှင်လည်း စိတ်အလွန်တိုတတ်သော ဦးချစ်ပုသည် သာမန်မျှ ရိုက်ခြင်းမဟုတ်ဘဲ ကျွဲရိုက်ကြိမ်၊ ထမ်းပိုးကြီး စသည့် လူကိုသေစေနိုင်လောက်သော လက်နက်တို့ဖြင့်ရိုက်ခြင်း ဖြစ်သည်။ ဇနီးသည်ကိုရိုက်သည်နှင့်မတူဘဲ ရန်သူကိုရိုက်သည်ကဲ့သို့ပင် ကြမ်းတမ်းရက်စက်စွာ ရိုက်လေ့ရှိခြင်းပင် ဖြစ်သည်။

သို့ကြောင့် ဦးချစ်ပု၊ ဒေါ်ငွေဥ ရိုက်နေပြီဆိုလျှင် မည်သူမျှ အနီးသို့ မကပ်ရဲကြပေ။ တားမြစ်ခြင်းလည်း မပြုရဲကြပေ။ ထိုမျှရက်စက်လေ၏။

(၆) ယောက်မြောက် ကိုယ်ဝန်သည် ထိုသို့ ရိုက်နှက်နေသည့်ကြားမှာပင် ရင်၍လာခဲ့၏။ အကြီးဆုံးသားဖြစ်သော ကိုတုတ်လှသည်ပင် (၁၄) နှစ်အရွယ် လူပျိုပေါက်ဖြစ်ခဲ့လေပြီ။ အငယ်ဆုံးဖြစ်သော မလှဆယ်မှာ (၂) နှစ်သမီးအရွယ် ဖြစ်သည်။

ဦးချစ်ပုသည် မနက်စောစော ထယ်ရေးထိုးရာမှ ပြန်ရောက်လာသောအခါ နံနက်(၁၁)နာရီ ဘုန်းကြီးကျောင်း ဆွမ်းစားခေါင်းလောင်းထိုးချိန်ဖြစ်သည်။ ထုံးစံအတိုင်း ဇနီးဖြစ်သူမှ ထမင်းခူးခပ် ကျွေး၏။

စစားလိုက်သည်နှင့်ပင် ထမင်း အနည်းငယ်ပျော့နေသည်ကို တွေ့ရ၏။ ထမင်းပန်းကန်နှင့် တူကို ချက်ချင်းပစ် ချကာ ဒေါ်ငွေဥကို ဒေါသတကြီးကြည့်၏။

"ငွေဥ၊ နင်ထမင်းအိုးကိုဂရုမစိုက် ဘူးထင်တယ်"

www.burmeseclassic.com

"ကျွန်မ ဂရုစိုက်ပါတယ် ကိုချစ်ပု ...။ ကလေးတွေတစ်ဖက်နဲ့မို့ နည်း...ပျော့သွားတာပါ"

"ထမင်းပျော့ရင် ရိုက်တတ်တယ် ...တာ နင်မသိဘူးလား။ နင်က တုတ် ...တယ်ပေါ့လေ"

ဟု ပြောကာ နီးရာတုတ်ကို ဆွဲ...၏။ ထိုတုတ်မှာ ကျပ်လုံးခန့် ထမ်းပိုး...တုတ်ဖြစ်ရာ လူကို ကျိုးကြေသွားနိုင်...ပမာဏ ဖြစ်သည်။

ဒေါ်ငွေဥမှာ အရိုက်ခံရမြဲဖြစ်...မျက်စိမှိတ် တင်ပါးကိုလှည့်ပေး...၏။ ပြီးတော့ ကြိတ်မှိတ်ခံ၏။

"ဖုန်း. . . ဖုန်း. . . ဖုန်း. . ."

"ဟင်- ထမင်းပျော့ရင်ရိုက်တတ် ...ဆိုတာ သိသားနဲ့ ပျော့ဦးဟာ၊ ...ဦးဟာ"

ဟု ပြောကာ စိတ်ရှိလက်ရှိ ကျေ...အောင်ရိုက်၏။ ထိုအခါ ဒေါ်ငွေဥ ...မေ့မြောသွားမှ အရိုက်ရပ်လေ၏။

သားသမီးတို့မှာလည်း ထိတ်လန့်...သေးမှုကြည့်နေကြလေ၏။ မျက်ရည်...တစ်ပါး ဘာမှမတတ်နိုင်ကြပါ။

အားကောင်းမောင်းသန်ဖြစ်သော ...ချစ်ပုသည် မေ့မြောနေသောဒေါ်ငွေဥ ...ခွေ့ခနဲမ,ချီကာ အိမ်ပေါ်သို့မတင်ဘဲ ...လှောင်သော စည်ပတ်ကြီးကို မ,၍ ...ပတ်အတွင်းထည့်လှောင်ကာ အချုပ်...တဲ့သို့ ချထားလိုက်လေ၏။ ဒေါ်ငွေ...မေ့မြောနေဆဲ ရှိပါသေးသည်။

ထိုသို့ စပါးလှောင်သော စည်...အတွင်းသွင်းပြီးသောအခါ ဦးချစ်ပု...သည် ထမင်းဆက်လက်မစားတော့ဘဲ ...တောက်တောက် ဆဲရေးတိုင်း...ကာ ကွဲအုပ်ကြီးနှင့် ကွဲကျောင်းရန် ...သွားလေတော့၏။ လင်ဆိုးမယား ...ဖားဆိုသကဲ့သို့ပင် လင်ဆိုးကိုရ...သော ဒေါ်ငွေဥသည် ပြုံးပြုံးပြင့် ...နေထိုင်နိုင်ခြင်း မရှိခဲ့ပေ။

**...ပါဦးသားတို့ရယ်**

စပါးလှောင်သောအရာ (၃)မျိုးရှိ...သည်။ စပါးနည်းပါက ပုတ်ခေါ် ...င်းအကြီးကြီးနှင့်လှောင်၏။ စပါး...ယ်၊ တစ်ရာဆိုပါက လူတစ်ရပ် ...ကျော် ရှိသကဲ့သို့ ရက်ထား...သော စည်ပတ်ဖြင့် လှောင်၏။ စပါး...ကြီးအကျယ်ထွက်သောတောင်သူကြီး...များမှာမူ ရာကြီးထောင်မျှထွက်သဖြင့် ...ပါးတိုက်ခေါ် ကျီဖြင့် လှောင်ကြရလေ၏။ ဦးချစ်ပု၏ စပါးသိုလှောင်ရာ တင်းကုပ်တွင် စပါးနှစ်ရာခန့်ဆံ့သော စပါးကျီ (၂) ခုသာရှိပါသည်။

ပု၊ စည်ပတ်၊ ကျီတို့ကား စပါးစေ့ထွက်မကျစေရန် နွားချေးဖြင့်မံကြရပါသည်။ နွားချေးသည် ရှေးအခါက ယွန်းထည်လုပ်ငန်းတို့၏ နှီးအကြမ်းထည်တွင် သုံးဟန်ရှိပါသည်။ ထို့ကြောင့် အပေါ်ယံရွှေမှုန်ကြဲ အထဲတွင်နွားချေးမံ (နောက်ချေး)ဟု ဆိုရိုးစကား ကျန်ခဲ့ပါသည်။ အပေါ်ယံသကာလူးသော စိတ်ဓာတ်များကို တင်စားခဲ့ပါသည်။ ထိုသို့ နွားချေးဖြင့် မံထားသော ပုတ်၊ စည်ပတ်၊ ကျီတို့သည် နွားချေးဖြင့် မံထားသဖြင့် ဝါးတို့အား ပိုးထိုးခြင်းမှ သက်သာသလို စပါးများလည်း ရေရှည်ထား၍ရလေ၏။ တော ရွာများ၌ ယခုအထိ ရှေးထုံးမပယ်ကြသေးပါ။

စည်ပတ် (၂) ခုရှိရာ စပါးကုန်နေသော စည်ပတ်ထဲတွင် ဒေါ်ငွေဥအားထည့်ထားခဲ့လေ၏။ ဒေါ်ငွေဥ၏ မိန်းမအားဖြင့် ထိုစည်ပတ်ကြီးအား မ,နိုင်စွမ်းမရှိနိုင်ပါ။

သားသမီးတို့သည်လည်း မျက်ရည်တွေတွေကျလျက် ထိုစည်ပတ်အနီးတွင် ရပ်၍ကြည့်နေကြလေ၏။ သို့နှင့်ပင် အချိန်အတော်ကြာသွားခဲ့ပါသည်။ ကလေးတို့သည်ပင် နေ့လယ်စာမစားကြရသေးပါ။

(၂)နှစ်အရွယ် မလှဆယ်နှင့် (၅) နှစ်အရွယ် မောင်ပေါ်သစ်တို့မှာ ထမင်းဆာ၍ ဂျီတိုက်နေပေရာ အစ်မဖြစ်သူမကြွယ်က -

"နင်တို့ကလည်း နေပါဦးဟယ်၊ အထဲမှာ အမေကဘာယ်လိုနေတယ်မသိဘူး။ အမေထွက်လာရင် ကျွေးမှာပေါ့"

ဟု ချော့မော့နေလေ၏။

အကြီးဆုံးသား မောင်တုတ်လှသည် (၁၄) နှစ်အရွယ် ဒုတိယသား မောင်ထွန်းသည် (၁၁) နှစ်အရွယ်ဖြစ်ရာ သိတတ်သောအရွယ်များဖြစ်၍နေပေပြီ။ ထို့ကြောင့် စိုးရိမ်ကြီးစွာစောင့်ကြည့်နေကြ၏။ ထိုစည်ထဲမှာပင် အထဲမှ အမေ၏ အသံသဲ့သဲ့ကို ကြားလိုက်ရပါသည်။

"သားတို့ရေ၊ အမေ့ကိုကယ်ပါဦးကွယ်"

"ဟော - အမေ့အသံကြားတယ်။ မောင်ထွန်း လာကွာ၊ မင်းနဲ့ငါစည်ပတ်ကြီးကို မ,မယ်။ အမေရေ ကျွန်တော်တို့ရှိတယ်၊ လာပြီဗျ"

ဟု အော်ပြောကာ ညီအစ်ကိုနှစ်ဦး စည်ပတ်ကြီးကို အောက်ခြေလက်နှိုက်၍မ,ကြ၏။ ထိုသို့ရှိစဉ် (၈) နှစ်အရွယ် မကြွယ်ကလည်း ပြေးဝင်၍မ,၏။ ထို့ကြောင့် စည်ပတ်ကြီး ကြွတက်လာကာ မိခင်ဖြစ်သူကို မြင်လိုက်ရ၏။

မြင်လိုက်ရသော မြင်ကွင်းကား အထိတ်တလန့်ဖြစ်ရချေ၏။ မိခင်ဖြစ်သူသည် သွေးအိုင်ထဲတွင်လဲကာ ညည်းညူ၍နေခြင်းဖြစ်သဖြင့် စည်ပတ်ကို မ,ထားရင်း ကလေးများသည် ထိတ်လန့်တကြား အော်ဟစ်ကြလေတော့၏။

"လာကြပါဦးဗျို့။ အမေသွေးအိုင်ထဲလဲနေလို့ လာကြပါဦး၊ လာကြပါဦး အီးဟီးဟီး"

ကလေးတို့၏ဆူညံပွက်လောရိုက်နေသော အသံကိုကြားလျှင် အိမ်နီးချင်းမှ လူတို့အမြန်ရောက်လာကာ ဒေါ်ငွေဥအား ပြုစုစောင့်ရှောက်ကြပါသော်လည်း ကိုယ်ဝန်ပျက်ကျ၍ သွေးလွန်သောဝေဒနာဖြင့် စကားမေးပင်မရတော့ဘဲ သေဆုံးသွားခဲ့ရပါသည်။

မောင်နှမတစ်တွေ၏ ကြေကွဲစွာအော်ဟစ်ငိုယိုကြသော အသံတို့ကား ဘဝဂ်မျှတိုင်ညံသွားမည်ထင်ပါ၏။ မြင်ရသူအပေါင်း မျက်ရည်တွေတွေကျခဲ့ရလေ၏။

**တစ်ပင်လဲတစ်ပင်ထူ**

အဘိုးရိုက်သဖြင့် သေသွားသော အဘွားဒေါ်ငွေဥ၏ကိစ္စသည် ပြစ်မှုတစ်ခုဖြစ်ခဲ့သော်လည်း ထိုခေတ်ထိုအခါဝယ် ဖြစ်ရိုးဖြစ်စဉ်မျှသာ သဘောထားလျက် သည်အတိုင်းပင်ပြီးသွားခဲ့ကြောင်း သိရပါသည်။ ဥပဒေလက်တံမှီသောနေရာမျိုးဖြစ်ခဲ့ပါက အဘိုးသည် ထိုက်တန်သောပေးဆပ်မှုဖြစ်သည့် ထောင်ဒဏ်သော် လည်းကောင်း၊ သေဒဏ်သော် လည်းကောင်း ကျခံနိုင်ရဖွယ်ရှိပေ၏။ သေဆုံးခြင်းကား တစ်သက်မဟုတ်ပေ။ နှစ်သက်ဖြစ်၍နေလေ၏။ ထိုအချိန်မှစ၍ ဒေါ်ငွေဥ၏ မောင်များဖြစ်ကြသော ဦးထွန်းတို့သည် ဦးချစ်ပုအား ခေါ်ပြောခြင်း မရှိတော့ပါ။ အဖေတို့မောင်နှမ(၅) ဦးအပေါ်တွင်မူ ကြင်နာကြပါသည်။

ဒေါ်ငွေဥကို မမီလိုက်သော်လည်း ဒေါ်ငွေဥ၏ မောင်ဖြစ်သူ ဦးထွန်းမြတ်ကိုမူ ကောင်းကောင်းမီလိုက်၏။ ကျွန်ုပ်တို့က အဘိုးလေး ဘိုးထွန်းမြတ်ဟု ခေါ်ကြ၏။ ဖြူဖြူချောချောတောင်တောင့်ဖြစ်သည်။ ဘိုးထွန်းမြတ်နှင့် ဇနီးမှ သားသမီး (၁၀) ဦးမွေးခဲ့ရာ တစ်အုံတစ်မကြီးဖြစ်လျက် ထို (၁၀) ဦးမှ ပေါက်ပွားထား



www.burmeseclassic.com

www.burmeseclassic.com

သည့်တို့မှာ များပြားလှပေ၏။ ကိုယ်စီကိုယ်င လှလည်းလှကြပေ၏။ ထွားလည်း ထွားကျိုင်းလှပေ၏။

အဘိုးဦးချစ်ပုသည် ဇနီးဆုံးသွားသောအခါ ထမင်းတာဝန်ကို သားကြီးနှင့်မကြွယ်တို့ တာဝန်ယူရတော့၏။ ထိုအခါ အဘွားကိုရိုက်ခဲ့သော တုတ်သည် သားသမီးများဖြစ်သော ကိုတုတ်လှနှင့် မကြွယ်တို့ထံ ကူးစက်ပြန်တော့၏။

ထမင်းမချက်တတ်၍ ခဏခဏ ထမင်းပျော့သောအခါ ဒေါသကူမှာရဖြစ်သော ဦးချစ်ပုသည် သူ့ဒေါသကို သားကြီးနှင့် သမီးကြီးထံ ပုံကျပြန်သောအခါ ကိုတုတ်လှနှင့် မကြွယ်တို့ အမေဒေါ်ငွေဥကို တမ်းတကာ အကြိမ်ကြိမ်ငိုခဲ့ရသည်ဟု သိရပါသည်။

ကျွဲများအား တဖိန်းဖိန်းရိုက်ရာမှ လက်ယဉ်နေသောအဘိုးသည် ရိုက်နှက်ခြင်းဟူသည်မှာယဉ်နေပြီး ကြင်နာခြင်းဟူသောစိတ်လည်း ကင်းမဲ့သူဖြစ်သည်။ သို့ကြောင့် တိရစ္ဆာန်များအား မသနားသလို ဇနီး၊ သားသမီးများအားလည်း သနားခြင်းကင်းမဲ့သူ ဖြစ်သည်။

သားကြီးဖြစ်သော ကျွန်ုပ်၏ဖခင် ဦးတုတ်လှ (၁၅) နှစ်အရွယ်တွင် သားအဖနှစ်ဦး ငါးမန်းလှဖြင့် အိမ်တွင် ထင်းဖြတ်ကြရာ ငယ်သေးသော မောင်တုတ်လှသည် လွှကောင်းကောင်းမဆွဲတတ်အောင်ရှိရာ ဦးချစ်ပုသည် ဆဲဆဲဆိုဆိုဖြင့် ထင်းချောင်းဖြင့် မောင်တုတ်လှခေါင်းကို ကောက်ရိုက်လိုက်လေတော့၏။

ခေါင်းဟက်တက်ကွဲရာ သွေးတို့ဖြာခနဲ စီးဆင်းလာခဲ့လေတော့၏။ သွေးချင်းချင်းနီနေသော ဦးခေါင်းဒဏ်ရာကို လက်ဖြင့်အုပ်ကာ မောင်တုတ်လှသည် ရုတ်ခြည်းထ၍ ပြေးသွားလေတော့၏။

ထိုပြေးသွားခြင်းကား ဖခင်၏ ကြမ်းတမ်းသော အသိုက်အမြုံမှ အပြီးတိုင်ပြေးသွားခြင်းဖြစ်ကာ အခြားရွာတစ်ရွာတွင် စာရင်းငှားခေါ် လယ်ကူလီသွားလုပ်၍နေလေတော့၏။

မာနကြီးသော အဘိုးကလည်း လိုက်၍မခေါ်သလို မာနရှိသော အဖေကလည်း ပြန်မလာပါ။ ထိုအခါ ထမင်းကိစ္စဟင်းကိစ္စတို့သည် ဒုတိယသားဖြစ်သော မောင်ထွန်းနှင့် မကြွယ်တို့သာ လျှင် ဆောင်ရွက်ရပြန်၏။

ထမင်းပျော့သည့်ကိစ္စတွင် အဖေ့ကိုယ်စား မောင်ထွန်းက ဝင်ရောက်ခံရပြန်လေ၏။ မောင်ထွန်းမှာလည်း မောင်တုတ်လှနည်းတူ အိမ်မှထွက်ပြေးကာ သူများရွာတွင် လယ်ကူလီသွားလုပ်၍ နေပြန်၏။ ထို့ကြောင့် မကြွယ်သာလျှင် အစဉ်အမြဲ အရိုက်ခံရပြန်၏။

ထိုကဲ့သို့ ထမင်းပျော့ခြင်းသံသရာလည်၍ ဒုက္ခနှစ်နေချိန်တွင် သူတို့အိမ်သို့ ကူညီကယ်တင်မည့်သူ မဏိမေခလာနတ်သမီးကဲ့သို့သော အမျိုးသမီးတစ်ဦးပေါ်လာ၏။ ထိုသည်မှာ လင်သေသွားသော သမီးတစ်ယောက်အမေ မုဆိုးမ ဒေါ်ဖွားကျန်ပင် ဖြစ်ပါသည်။

ပတ်ဝန်းကျင်မှာ အရွယ်ရှိသေး၍လည်းကောင်း၊ အိမ်ထောင်ထိန်းသိမ်းရန် အမျိုးသမီးလိုအပ်၍လည်းကောင်း ဦးချစ်ပုကို နားချ၍ ဒေါ်ဖွားကျန်နှင့် ထိမ်းမြားပေးလိုက်လေတော့၏။ သို့ကြောင့် ဦးချစ်ပုသည် တစ်ပင်လဲ၍ တစ်ပင်ထူလိုက်ခြင်း ဖြစ်ပေ၏။

## ကျွန်းတစ်ဖက်ရွာသို့

ထမင်းပျော့တိုင်း ဒေါ်ဖွားကျန်အား ရိုက်နှက်သည်တို့ကို ကျွန်ုပ်တို့သည် မမြင်လိုလည်း မြင်နေကြရ၏။ ကျွန်ုပ်တို့ မှန်ကျောင်း၌ ပညာသင်နေသောအချိန် ကျွန်ုပ် (၈)နှစ်သားအရွယ်ခန့်တွင် အိမ်ရာနှင့် လယ်မြေများရောင်းကာ အတန်ပင်ဝေးကွာသော 'ကျွန်းတစ်ဖက်' ရွာသို့ ပြောင်းသွားလေတော့၏။ ထိုရွာ၏ အမည်ရင်းမှာ 'ကျွန်းတက်ပဲ့' ဖြစ်သော်လည်း လူများက ကျွန်းတစ်ဖက်ဟူ၍သာ ယခုထိတိုင် ခေါ်ခေါ်နေဆဲ ဖြစ်၏။

အဘိုး ကျွန်းတစ်ဖက်သို့ ပြောင်းသွားပြီးနောက်ပိုင်း အဖေ ကျွဲလှည်းဖြင့် ခေါ်သွား၍ တစ်ခေါက်ရောက်ဖူး၏။ ကျွန်ုပ်အသက်(၂၀)အရွယ်တွင် မိုးကုတ်မြေ၌ အခြေချတော့မည်ဟု ဆုံးဖြတ်၍ ခရီးထွက်မည်ပြုသောအခါ ကျွန်းတစ်ဖက်ရှိအဘိုးအား နောက်တွေ့ရန်မလွယ်တော့ပြီဟုအောက်မေ့လျက် ညီမဖြစ်သူ မညိုတုတ်နှင့် နောက်ဆုံးအနေနှင့် အလည်ရောက်၏။ အဘိုးကား သန်မာဆဲ၊ အားကောင်းဆဲဖြစ်လျက် အဘွားအားလည်း ရိုက်နှက်ဆဲရှိကြောင်း သိရ၏။

ငုပ်မိသဲတိုင် ဟူသည့်အတိုင်း မိုးကုတ်၌ နှစ်ပေါင်း (၄၀) ကျော်နေပြီး ၂၀၁၀ပြည့်နှစ်မှ မွေးဇာတိသို့ပြန်ရောက်သောအခါ သေလွန်ကုန်ပြီးသော ဆွေမျိုးမိဘဘိုးဘွားတွေ အကြောင်းစုံလင်စွာ သိရတော့၏။

တက်နိုင်ဖျားရောက် ဟူသောစကားအတိုင်းဆိုရပါမူ စီးပွားရေးအားဖြင့် အထွတ်အထိပ်သို့ မရောက်သော်လည်း ပြန်ကပြေးမှ ရှားရှားပါးပါး စာရေးသူတစ်ဦးပေါ်ပေါက်ခဲ့သည်ဟု ထွက်ပေါက်အနေဖြင့် ဖြေသိမ့်ရပေမည်။

## ရင်ဘတ်ပေါ်မှလျှာပုံကြီး

ကျွန်ုပ်သည် မွေးရပ်မြေမှခွာစဉ်ကလည်း ဘာမှပါမသွားသလို ပြန်လာတော့လည်း လက်ချည်းသာဖြစ်သဖြင့် လောင်းကစားစကားဖြင့် ပြောရသော် သရေအဖြစ် ပြန်ရောက်လာခဲ့ပြီး အချိန်တို့မှာမူ နှမြောဖွယ်ဖြစ်လေ၏။

ထိုအခါ မွေးရပ်မြေမှ တစ်ဖဝါးမှ မခွာသော ညီမကြီး မခင်ထွေးနှင့် မငွေးညွှန့်တို့ကို မေးကြည့်ရ၏။ ထိုအခါ ညီမအလတ်မ ငွေးညွှန့်က အဘိုးဦးချစ်ပု၏ အသုဘအကြောင်းကို ပြောပြလေ၏။

"အဘိုးဦးချစ်ပုဟာ အသက် (၉၀) ကျော်ကျော်နေသွားရတယ်။ ခါးသာကုန်းသွားတာ ဒေါသက ငယ်တုန်းကလိုပဲ မလျှော့ဘူး။ အဘွားဒေါ်ဖွားကျန်ကို တွေ့ရာ တုတ်နဲ့ကောက်ရိုက်တာ အိပ်ရာထဲလဲမှ မရိုက်တော့တာလို့ ကျွန်းတစ်ဖက်ရွာက လူတွေပြောပြလို့သိရတယ်။

အဘိုးဆုံးတော့လာပြီးအကြောင်းကြားပါတယ်။ အသုဘက (၅) ရက်ထားပြီး မီးသင်္ဂြိုဟ်မယ်လို့ ဆိုပါတယ်။

သမီးတွေဖြစ်တဲ့ ဒေါ်ကြွယ်နဲ့ ဒေါ်လှဆယ်တို့ကတော့ သတင်းကြားကြားချင်း သွားကြပါတယ်။ အဖေနဲ့ ဘထွေးကြီး ဦးထွန်းတို့တော့ ကျွန်မတို့နဲ့အတူ သင်္ဂြိုဟ်မယ့်နေ့ကျမှ ဘထွေးကြီး ဦးထွန်းရဲ့လှည်းနဲ့သွားကြတယ်။ ဘထွေးလေး ဦးပေါ်သစ်က ပိတောက်မြောင်ကနေ သူ့လှည်းနဲ့သူ သွားပါတယ်။ ဟိုကျမှဆုံကြတာပါ။

နေကလည်းပူ၊ ရာသီဥတုကလည်း ပြင်းတော့ကာ (၅) ရက်ထားတဲ့ အဘိုးရဲ့အလောင်းဟာ ဖူးရောင်ပုပ်ပွလာတာကြောင့် သူ့ကိုထည့်ထားတဲ့ ခေါင်းကြီး ဖောင်းကားလာပြီး ကွဲထွက်မသွားအောင် ကြိုးနဲ့ချည်ပြီးထိန်းထားရပါတယ်။

နံလိုက်တဲ့ပုပ်စော်ကလည်း အဝေးကြီးအထိ နံတယ်။ အဲဒါကြောင့် ထမင်းကျွေးတာတောင် ဟိုးအဝေးကြီးကအိမ်တစ်အိမ်မှာ သွားကျွေးရတယ်။ မှတ်မှတ်ရရ ဟင်းက ငါးပိလိမ်မှာလို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

…ထောင်းကြော်ရယ်၊ ဗလာတင်း… ပဲပင်ချဉ်ရယ်၊ ငရုတ်ပွကြော်ရယ် … အပုပ်နံ့ကြီးစွဲနေတော့ စားလို့မဝင် … အစ်ကိုလေးရယ်။ မနည်းကြိတ် …စားရတာပါ။

လောကမှာ လူသေပုပ်လောက် …မရှိဘူး အစ်ကိုလေးရဲ့။ ကျွန်မမွေး …တည်းက လူသေပုပ်နံ့ဆိုတာ အဲဒီ … အကြီးအကျယ်ရှူရှူးတာပါပဲ။ …လောက်အထိနံသလဲဆိုရင် ဟန် …ောင်မဆောင်နိုင်ဘဲ လှိုက်လှိုက်လာ … အန်တောင်အန်ပါတယ်။ အခေါင်း …ောင်ပိတ်ထားရတယ်။

မသေမီ ဖောရောင်လာတယ်။ …အရောင်ရောဂါနဲ့ သေတာမျိုးဆို … သာမန်လူထက်ပိုပုပ်တာပေါ့။ဒါနဲ့ …ယ်လောက်မှာ မသာချပြီး သချိုင်း… …သင်္ဂြိုဟ်ဖို့ ပြင်ဆင်တော့တာပါပဲ။

အဲဒီမှာ ခေါင်းကြီးကွဲမထွက်သွား…ောင် သိုင်းချည်ထားတဲ့ကြိုးတွေအရင် …ပါတယ်။ ပြီးတော့မှ ခေါင်းအဖုံးကို …တယ်။ ကျွန်မတို့ကလည်း ကိုယ့် …ဆိုတော့ နောက်ဆုံးအနေနဲ့ မြင် …သေးတယ်လေ။ ဒါနဲ့ လူတွေကြားထဲ …ခေါင်းပိတ် အသက်အောင့်ပြီး တိုးဝှေ …ပါတယ်။

အဲဒီမှာ ကျွန်မလိပ်ပြာစဉ်မတတ် …သွားတော့တာပါပဲ။ ပါးစပ်ကလည်း …ောင်မလေး' လို့ ယောင်ပြီးအော်လိုက် …တယ်။

ဘာလို့လဲဆိုတော့ အဘိုးဟာ …လုံးကြီးကလည်း ပြူးထွက်နေ…။ လျှာကြီးကလည်းထွက်နေလိုက် … ရင်ဘတ်ပေါ်မှာ တစ်ပုံကြီးပါပဲ။ …လိုကနေဘယ်လိုထွက်လာတဲ့ လျှာ…သဲ မသိပါဘူး အစ်ကိုလေးရယ်။ …င်းက ဟင်ခနဲ ဟာခနဲ ဖြစ်ကုန်ကြ …တာထက် ကြောက်တာ ပိုကုန်ကြ… တကယ့်ကြောက်စရာကြီးပါ၊ …ရဲ့ရုပ်ဆိုတာ ဘယ်လိုမှမမှတ်မိ …ဘူး။ ဖောင်းကားပြူးပြဲပြီးကြောက် …ကြီးဖြစ်နေပါတယ်။

သားသမီးတွေကန်တော့အပြီးမှာ … ထင်းပုံပေါ်တင်ပြီး မီးရှို့တော့တာ … အဘိုးရဲ့အသုဘရုပ်ပုံကတော့ …တော့မှ မျက်စိထဲက ထွက်မှာ …ပါဘူး"

ဟု ပြောပြလေ၏။

**…နှစ်ဦးနှိုင်းယှဉ်ချက်**

ညီမကြီးမခင်ထွေးကမူ အဘိုးနှစ်ဦးကို ချိန်ထိုးကာပြောပြပါသည်။ ဖခင်ဘက်မှ ဦးချစ်ပုနှင့် မိခင်ဘက်မှ ဦးရွှေမင်းတို့ ဖြစ်သည်။

"အဘိုးဦးချစ်ပု ဆုံးတော့ ကျွန်မ လိုက်မသွားလို့ မမြင်လိုက်ရပါဘူး။ ဒေါသအလွန်ကြီးတဲ့ အဘိုးဟာ သေမှပဲ သူ့ဒေါသချုပ်ငြိမ်းတာပါ။

အဘိုးဟာ ရိုးသားတဲ့ တောင်သူလယ်သမားစစ်စစ်ပါ။ မဟုတ်တာမပြောပါဘူး။ မဟုတ်တာမလုပ်ဘူး။ ဒါပေမယ့် ဘာသာရေးကိစ္စဆိုရင် လုံးလုံးစိတ်မဝင်စားဘူး။ ဒါနပြုဖို့ သီလဆောက်တည်ဖို့ ဘယ်သူကတိုက်တွန်းတိုက်တွန်း လုံးဝမရခဲ့ပါဘူး။ ဘုရားတန်ဆောင်းကျောင်းကန်နဲ့ အတော်ဝေးပါတယ်။ သေသည်အထိပါပဲ။ သူစားချင်တာကို တူလေးနဲ့ ညှပ်ပြီးစားနေရရင် လောကမှာ ပြီးပြည့်စုံနေပြီလို့ ထင်ထားတာပါ။

အလုပ်လုပ်မယ်၊ ကောင်းကောင်းစားမယ်။ စိတ်တိုင်းမကျရင် မိန်းမကို ရိုက်မယ်။ ဒီလိုနဲ့ တစ်ဘဝပြီးသွားတာပါပဲ အစ်ကိုလေးရယ်။ အဘိုးဦးရွှေမင်းနဲ့များတော့ ကွာပါ့။

အဘိုးဦးရွှေမင်းကျတော့ သိမ်မွေ့လိုက်တာ ဟဲ့တစ်ခွန်းမဆိုဘူး။ ရှိသမျှနဲ့ ရောင့်ရဲတယ်။ နေ့တိုင်း ဥပုသ်စောင့်တယ်။ နေ့လယ်စာနောက်ကျတဲ့နေဆိုရင် အငတ်ခံလေ့ရှိတယ်။ မစားရလို့ ဒေါသမဖြစ်ဘူး။ ရေသောက်ပြီးနေတယ်။ အတော်သနားစရာကောင်းတာ။ နေ့စဉ် ဘုရားဝတ်တတ်တယ်။ ပုတီးစိပ်တယ်။ တရားထိုင်တယ်။ ရုပ်ရည်ကလည်း ဖြူဝင်းပြီး ကြည်သန့်နေတာပဲ။

အဘိုးဟာ တစ်သက်လုံး ဆေးကုပြီး လူတွေကိုကယ်လာတာလေ မေတ္တာဓာတ်ကြီးတာပေါ့။ ဆရာကြီး၊ ဆရာကြီးနဲ့ လာပြီးဆည်းကပ်သူတွေအတော်ရှိပါတယ်။ ကျွန်မတို့ညီအစ်မ (၃) ဦးကိုလည်း အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်ခဲ့တာပါ။

အဘိုးက အဖေ့ကို ဒေါသကုမ္ဘာရလို့ ကွယ်ရာမှာခေါ်တယ်။ အဖေအလုပ်က ပြန်လာရင် မြေးတို့ ဒေါသကုမ္ဘာရလာပြီနော် သတိနဲ့နေကြလို့ အမြဲမှာတယ်။ ဘာပြုလို့လဲဆိုတော့ အဖေဟာ ထစ်ခနဲ စိတ်တိုရင် အဘိုးလိုပဲ ကျွဲရိုက်ကြိမ်နဲ့ ကျွန်မတို့ကို ရိုက်တတ်လို့ပါ။ ကျွန်မတို့ဆိုရင်လည်း အမေ့လိုပါပဲ အကြိမ်များစွာအရိုက်ခံရတယ်။

အမေ့ကို အဖေရိုက်တာများ ကျွန်မတို့ ခုထိ မျက်စိထဲကမထွက်ဘူး။ အဖေရိုက်ရင် ရှည်လျားတဲ့ အမေ့ဆံထုံးလေးပြေကျသွားတာ မြင်ယောင်နေမိတယ်။ အရိုက်ခံရဖန်များတဲ့အခါမှာ ကျွန်မ အဖေ့ကိုရင်ထဲမှာနာနေမိတယ်။ အိမ်ထောင်ကျပြီး လင့်နောက်ပါသွားမှပဲ အရိုက်ခံရလွတ်တာ။

ဒါနဲ့ အဖေဆုံးတဲ့အခါမှာ ကျွန်မ မျက်ရည်မကျဘူး၊ ဝမ်းလည်းမနည်းဘူး။ ဘာလို့လဲဆိုတော့ ဘယ်လိုဝမ်းနည်းရမှန်းကို မသိသလိုဖြစ်နေလို့ပါပဲ။ အဖေ့ကို သနားတာပဲရှိပါတယ်။ မျက်ရည်ကျအောင် ခံစားလို့မရပါဘူး။

သမီးတစ်ယောက်အနေနဲ့ ကျွန်မ အတတ်နိုင်ဆုံး ကျွေးပါတယ်။ ကျွန်မနဲ့ တင်မောင်လတ်ကို အဖေအချစ်ဆုံးပါ။ ကျွန်မလည်း အဖေ့ကိုချစ်ပါတယ်။ ရင်နာတာ တစ်ပိုင်းပါ။

ဒါတွေ ကိုယ်တွေ့ကြုံထားတော့ကာ ဘဝသင်ခန်းစာတွေ အများကြီး ရပါတယ်။ သာသနာပွင့်လင်းနေတဲ့ ဒီလိုအချိန်မှာ ကျွန်မတို့ဇနီးမောင်နှံ ကုသိုလ်မှုအဖတ်တွေ အများကြီးဆယ်နိုင်ခဲ့ပါတယ်။ အဘိုးဦးချစ်ပုလိုအဖြစ်မျိုး အဖြစ်မခံနိုင်ပါဘူး"

ဟူ၍ ပြောပြလေ၏။

**ရှင်ပြုစဉ်က**

ထိုသို့ပြောပြသော ကျွန်ုပ်သည် ငယ်စဉ်ကလေးဘဝ (၁၁) နှစ်အရွယ် ရှင်ပြုစဉ်ကာလကိုပြောပြီး သတိရမိ၏။

ကျွန်ုပ်တို့ ညီအစ်ကို (၂) ဦးအား မညွန့်ညွန့်ခေါ် အဖျိုမချောချောမှ ရှင်လောင်းမိတ်ကပ်လိမ်း၍ ရှင်လောင်းဝတ်စုံဆင်ယင်ပြီးသော် ကျွန်ုပ်တို့အား အလှဆင်ထားသော မြင်းများပေါ်သို့ ကာလသားများက ပွေ့တင်လိုက်ကြ၏။

ဗြောကလည်း တခြိမ့်ခြိမ့်နှင့် လူများလည်း တန်းစီ၍ပြီးစီးနေပြီဖြစ်ရာ အသင့်ဖြစ်နေသော်လည်း မထွက်နိုင်ရှိရာ ဘာပါလိမ့် ဟူ၍ ရှေ့သို့လှမ်း၍ စူးစမ်းကြ၏။

ထိုအခါ သပိတ်ပရိက္ခရာလွယ်ထားသောအဖေသည် ဟီးချ၍ငိုနေသည်ကို စိတ်မကောင်းဖွယ် မြင်တွေ့ကြရလေ၏။ ထိုအခါ လူကြီးသူမတို့က -

"ဟဲ့- တုတ်လှ၊ ဒါနင့်သားတွေ ရှင်ပြုနေတာလေ။ ဘာလို့ရှိုက်ကြီးတငင် ငိုနေရတာလဲ။ နင်ကဝမ်းသာရမှာဟဲ့"

ဟု သတိပေးကြလေ၏။

ထိုအခါ အားရအောင် ငိုပြီးမှ စကားသံပြန်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

စွမ်းထက်နောင်

# လေးဖက်နာရောဂါပျောက်ကင်းစေသောသဘာဝဆေးပင်

# TINOSPORA GOUT HERB



ဆင်တုံးမနွယ်သည် ရှေးအစဉ်မပြတ် တိုင်းရင်းဆေးများတွင် သုံးစွဲခဲ့သော သဘာဝဆေးဝါးပင် ဖြစ်ပါသည်။ အပင်၏ ပင်စည်နွယ်၊ အရွက်၊ အမြစ်များကို အမှုန့်ပြုလုပ်၊ ပြုတ်သောက်၍ သော်လည်းကောင်း၊ သိပ္ပံနည်းကျ ထုတ်ယူရရှိသော အဆီအနှစ်များကိုသော်လည်းကောင်း နှစ်ပေါင်းများစွာ အသုံးပြုခဲ့ကြပါသည်။ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ရိုးရာတိုင်းရင်းဆေးများအဖြစ် ကျယ်ပြန့်စွာ အသုံးပြုခဲ့ကြပါသည်။ မည်သည့်နေရာတွင်မဆို လန်းဆန်းပြီး ကာလတာရှည်စွာ ရှင်သန်နေတတ်သဖြင့် မသေသောအပင်ဟု တင်စားခေါ်ဝေါ်ကြရပါသည်။

ဆင်တုံးမနွယ်ပင်စည်အနွယ်များကို ပစ်ထားပါက ဘယ်တော့မှမသေပါ။ အရွက်များထွက်ပြီး ရှင်သန်လာပါသည်။

'အသက်ကြီးဆင်စီး' ဟု မြန်မာစကားအတိုင်း ဆင်တုံးမနွယ်သည် ခန္ဓာကိုယ်အစိတ်အပိုင်း ချို့ယွင်းမှုများနှင့် ရောဂါများစွာကို ပျောက်ကင်းစေပြီး ခန္ဓာကိုယ်ကျန်းမာရေးကို အထောက်အကူပြုစေပါသည်။ ကုသနိုင်သည့်ရောဂါများမှာ လေးဖက်နာ၊ ဝဖြိုးခြင်း၊ အဆီများခြင်း၊ သွေးထဲတွင် ကိုလက်စထရောများခြင်း၊ သွေးမလျှောက်ခြင်း၊ သွေးတိုးခြင်း၊ သွေးခဲခြင်း၊ ဆီးချို၊ ကျောက်ကပ်၊ အသည်း၊ အစာအိမ်၊ အအေးမိခြင်းနှင့် ရောဂါပိုးဝင်ခြင်းကြောင့် ဖျားနာခြင်းများ ဖြစ်ပါသည်။

ခန္ဓာကိုယ်၏အထွေထွေကျန်းမာရေးကို အစဉ်အမြဲ အထောက်အကူဖြစ်စေပြီး နေ့စဉ် သောက်သုံးပါက မည်သည့်ရောဂါများကိုမျှ ခံစားရခြင်းမရှိဘဲ ဘေးထွက်ဆိုးကျိုးမရှိကြောင်း သိရှိရပါသည်။ သုတေသနပြုမှုများအရ လေးဖက်နာရောဂါဖြစ်ပွားမှုကြောင့် သေလုမတတ်နာကျင်ကိုက်ခဲသည့် ဝေဒနာကို ခံစားရခဲ့သည့်ထောင်ပေါင်းများစွာသော လူအများကို ပျောက်ကင်းစေသော အထောက်အထားများစွာရှိခဲ့ပါသည်။ ဆင်တုံးမနွယ်မှ ထုတ်လုပ်ထားသော ဆေးအဆီအနှစ်သည် လေးဖက်နာရောဂါရှင်များကို မှန်ကန်ကောင်းမွန်စွာ ကုသနိုင်သောဆေးဝါး ဖြစ်ကြောင်း သုတေသနပြုမှုများအရ လက်ခံထားကြပါသည်။

လေးဖက်နာရောဂါ (Hypericema) ဆိုသည်မှာ သွေးကြောများအတွင်း ယူရစ်အက်စစ်များ များနေခြင်းကြောင့် ဖြစ်ပွားရသောရောဂါကို ခေါ်ပါသည်။ ယူရစ်အက်စစ်များသည် ပုံဆောင်ခဲ အပ်ချောင်းလေးများအသွင်သဏ္ဍာန်ဖြင့် ခန္ဓာကိုယ်၏ အရိုးအဆစ်များ၊ အရွတ်များ၊ ကြွက်သားများနှင့် အရိုးကိုဆက်ထားသော အရွတ်များအနီးတွင် စုပုံဖွဲ့စည်းနေခြင်းများကြောင့် အလွန်နာကျင်မှုကို ခံစားရပါသည်။ သွေးထဲတွင် ယူရစ်အက်စစ်များ များပြားလာခြင်းမှာ အောက်ပါ အဓိကအချက် (၃) ချက်ကြောင့် ဖြစ်ပါသည်။

**ဝဖြိုးခြင်း**

လေးဖက်နာရောဂါနှင့် ယူရစ်အက်စစ် များပြားခြင်း ဆက်စပ်နေသကဲ့သို့ သွေးထဲတွင် ယူရစ်အက်စစ်များပြားခြင်းနှင့် ခန္ဓာကိုယ်ဝဖြိုးခြင်းတို့သည် ဆက်စပ်လျက်ရှိပါသည်။ လေးဖက်နာရောဂါဖြစ်ပွားနေသော လူနာ(၆၀)ရာခိုင်နှုန်းသည် ဝဖြိုးသောသူများဖြစ်ပါသည်။ ဝဖြိုးသူတိုင်း ယူရစ်အက်စစ်များ[illegible]ကြောင်း တွေ့ရှိရပါသည်။ ဝဖြိုးခြင်းသည် ခန္ဓာကိုယ်အတွင်း အန္တရာယ်ရှိ[illegible]

---

"အမေ့ကို သတိရလို့ပါဗျာ။ သူ့မြေးတွေရှင်ပြုတာ အမေမြင်ရင် ဘယ်လောက်ဝမ်းသာလိုက်လေမလဲလို့ တွေးမိလို့ပါဗျာ"

ဟူ၍ ဝမ်းပန်းတနည်း ပြန်ပြောရှာလေ၏။ သူ့အမေသည် သူ့အဖေရိုက်နှက်မှုကြောင့် သွေးအိုင်ထဲတွင်လဲကာ သူ့မျက်စိရှေ့မှာပင် ဆုံးပါးခဲ့ရရှာ၏။ ထိုသည်တို့ကို သူတစ်သက်မေ့ဟန်မတူပါ။ မြင်ယောင်၍နေပေမည်။

အမေ ဒေါ်စောကို အဖေရိုက်ခဲ့သည်များကိုလည်း ကျွန်ုပ်တို့ ကြိမ်ဖန်များစွာ မြင်ခဲ့ဖူးပါသည်။ အိမ်တွင် အဖေ၏အရိုက်ကို မခံရသူဟူ၍ ကျွန်ုပ်တစ်ဦးတည်းသာရှိပါသည်။ ကျွန်ုပ်ကား အများအားဖြင့် ဘိုးဘွားတို့နှင့်နေခြင်း၊ စိတ်ရင်းသိမ်မွေ့ခြင်းကြောင့် ဖြစ်လေ၏။

**ဥပဒေလက်ထံ**

ထိုသို့သော လူ့ဘဝသင်ခန်းစာတို့သည် ဘဝခရီးတွင် အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ရန် အထောက်အကူဖြစ်စေ၏။ ထို့ကြောင့် အိမ်ထောင်ရေးတွင် ဒေါသဟူ၍မရှိသလောက်နည်းပါး၏။ ကျွန်ုပ်အမြဲသည်းခံ၏။

ကျွန်ုပ်၏အဖေ ဦးတုတ်လှသည်လည်း အဘိုးနည်းတူ ဒေါသတရားကြီးမား၏။ မာနတရားထားရှိ၏။ သူ့ညီမဖြစ်သူ ဒေါ်ကြွယ်ကို ငယ်စဉ်မှစ၍ သေခန်းပြတ်ဟူ၍ကြေညာခဲ့ရာ သူ့နှုတ်ကတိအတိုင်း သေသည်အထိ စကားတစ်ခွန်းမျှပင် ပြောမသွားခဲ့ပေ။ သူ့ညီမ အိမ်ပေါ်တက်လာခဲ့လျှင် ချက်ချင်း ကျောပေးနေလေ့ရှိ၏။

အဖေသည် ဇနီး၊ သားသမီး[illegible] အပေါ် ရိုက်နှက်ဆုံးမခဲ့သော်လည်း အဘိုးကဲ့သို့ ခြေလွန်လက်လွန်ဖြစ်[illegible] မရှိခဲ့ပါ။ သို့သော် ရိုက်နှက်ဖန်များသော[illegible] အခါ ခံရသူတို့သည် စိတ်၌ အနာ[illegible] ဖြစ်ကြရလေ၏။

အဘိုးကား ရက်စက်လွန်းလှ[illegible] သူတို့ခေတ်သူတို့အခါ ဥပဒေလက်[illegible] မမီသောကာလဖြစ်သဖြင့် လော[illegible] အပြစ်မှ လွတ်မြောက်ခဲ့သော်လည်း[illegible] သံသရာ၏ အကုသိုလ်အပြစ်၌မူ[illegible] အဘိုးဦးချစ်ပု လွတ်အံ့မထင်ပါ။

ချမ်းမြေ့[illegible]
ရွှေပြည်စိုး(မိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com

သည်။ ခန္ဓာကိုယ်အတွက် အာဟာရဓာတ်မှန်း ဆင် လိုအပ်ပါသော်လည်း လိုအပ်သည် ထက် အစားအသောက်များကို စားသုံး သူများသည် ဝဖြိုးစေတတ်၍ ဇီဝကမ္မ ဖြစ်စဉ်အရ ယူရစ်အက်စစ်ကို ပိုမို များပြားစေပါသည်။

ယူရစ်အက်စစ်သည် ပျူရင်း (Purines) ဓာတ်များ ပါဝင်သော အသား များ၊ ငါး၊ အသည်းအမြစ်များ စား သောက်မှုကြောင့် အစာကြေပြိုကွဲရာမှ ထွက်ပေါ်လာသည်။ ပျူရင်းဓာတ်ပါဝင် သောအစားအစာများသည် ယူရစ်အက် စစ်ပိုမိုများပြားစေခြင်း၊ အပ်ချောင်း ကျောက်ပုံဆောင်ခဲများ ဖြစ်ပေါ်စေပါ သည်။ သွေးအတွင်း ယူရစ်အက်စစ် မြင့်မားစွာရှိလာပါက ကျန်းမာရေးကို ထိခိုက်စေပါသည်။ အစားအစာများ စားသောက်ဘဲ အစာဖြတ်၍ ခန္ဓာ ကိုယ်ဝဖြိုးခြင်းကို လျှော့ချခြင်းသည် ကောင်းမွန်ပါ။ အာဟာရပြည့်စုံသော ဟင်းသီးဟင်းရွက်တို့ကို ပုံမှန်စားသောက် ရပါမည်။ ပျူရင်းဓာတ်ပါသော အစားအ စာများကို ဆင်ခြင်စားသောက်၍ ဝဖြိုး ခြင်းကို အားကစားတစ်ခုခု ပြုလုပ်ခြင်း ဖြင့် လျှော့ချသင့်ပါသည်။

**ကျောက်ကပ်လုပ်ဆောင်မှုချို့ယွင်းခြင်း**

ကျောက်ကပ်သည် ပုံမှန်အားဖြင့် ဆီးမှတစ်ဆင့် ယူရစ်အက်စစ်များကိုစွန့် ပစ်ပါသည်။ ယူရစ်အက်စစ်များ သွေး ထဲတွင် ပိုမိုများပြားလာပါက ကျောက် ကပ်၏ လုပ်ဆောင်မှုများကို ချို့ယွင်းစေ ပါသည်။ ဝဖြိုးခြင်းနှင့်လည်း ဆက်စပ် နေပါသည်။ ကျောက်ကပ်မှ ယူရစ်အက် စစ်များ စွန့်ပစ်ရာတွင် ကျောက်ကပ်၏ လုပ်ငန်းဆောင်တာများကို ထိခိုက်စေ သောအဆီများ များစွာစားသုံးမှု အရက် များမဆင်မခြင်သောက်သုံးမှု၊ ပျူရင်း ဓာတ် အဆိပ်အတောက်များပါဝင်သော အစားအစာများ စားသုံးမှုကြောင့် ဖြစ် ပါသည်။ ထိုအခါ ကျောက်ကပ်မှ ယူရစ် အက်စစ်များကို ကုန်စင်ရန် မစွန့်ပစ်နိုင် တော့သဖြင့် ယူရစ်အက်စစ်များသည် သွေးအတွင်းသို့ ရောက်ရှိပြီး လေးဖက် နာရောဂါအဖြစ်များရပါသည်။

**အရက်**

အရက်များစွာ သောက်သုံးမှု ကြောင့် ဇီဝကမ္မဖြစ်စဉ်အရ ယူရစ်အက် စစ်များပြားလာတတ်ပါသည်။ ထို့အပြင် အရက်ဖြင့် တွဲဖက်သုံးဆောင်သော ပျူ ရင်းဓာတ်များစွာပါဝင်သည့် အစားအ စာများကြောင့်လည်း ခန္ဓာကိုယ်အတွင်း ယူရစ်အက်စစ်ပိုပိုများစေပါသည်။ မည် သည့်အရက်မျိုးမဆို သောက်သုံးပါက ယူရစ်အက်စစ် ပိုမိုများပြားစေပါသည်။ ဘီယာတွင် ပျူရင်းဓာတ်များစွာပါဝင် သည်။ ဝီစကီ၊ ဘရန်ဒီ၊ အရက်မျိုးစုံတွင် လည်း ပျူရင်းဓာတ်များ ပါဝင်ပါသည်။ အရက်သောက်သုံးမှုများလေ လေးဖက် နာရောဂါပိုမိုဖြစ်လေ့ရှိသည်။ ထို့ကြောင့် လေးဖက်နာရောဂါ ဖြစ်ပွားနေပါက အရက်ကို လုံးဝရှောင်ကြဉ်သင့်ပါသည်။

ဆင်တုံးမနွယ်ကို လေးဖက်နာ ရောဂါဖြစ်ပွားနေသူများ သုံးဆောင်နေ စဉ် ဝဖြိုးမှုမရှိစေရန် အားကစားဖြင့် အလေးချိန်ချခြင်း၊ ပျူရင်းဓာတ်များစွာ ပါဝင်သော အစားအစာများကို ရှောင် ကြဉ်၍ ဟင်းသီးဟင်းရွက်များ စားသုံး ခြင်း၊ အရက်ကို ရှောင်ကြဉ်ခြင်းများပြု လုပ်ရပါမည်။ ဆင်တုံးမနွယ်သည် ဆီး ရွှင်စေပါသည်။

လေးဖက်နာရောဂါကို အခြားဆီး ရွှင်စေသည့် သတ္တိ (Diuresis) ရှိသော ဆေးဖက်ဝင်အပင်များဖြင့် ကုသနိုင် သည်ကို တွေ့ရှိရပါသည်။ ဆီးရွှင်စေရန် ရေများများသောက်ခြင်း၊ ဆီးရွှင်စေ သည့် (Celery) တရုတ်နံနံပင်၊ မုန်လာဥ နီအစေ့၊ (Parsley) ဟင်းခတ်အမွှေး အကြိုင်များ စားသုံးခြင်းဖြင့် ပြုလုပ်နိုင် ပါသည်။ ဆီးရွှင်ဆေးများဖြစ်သော အနောက်တိုင်းဆေးဝါးများမှာ 'ဂေါက်' ရောဂါကို ပိုမိုဆိုးဝါးစေတတ်သော်လည်း ဆီးရွှင်စေသည့် ဆေးဖက်ဝင်ရောဂါများ ကို သက်သာ ပျောက်ကင်းစေကြောင်း တွေ့ရှိရပါသည်။

ဆင်တုံးမနွယ်သည် သွေးအတွင်း ယူရစ်အက်စစ်များပြားမှုကို လျှော့စေ သဖြင့် လေးဖက်နာရောဂါ ကာကွယ် ဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ ဆင် တုံးမနွယ်ကို လေးဖက်နာရောဂါအတွက် ပြုတ်သောက်၍သော် လည်းကောင်း၊ အမှုန့်အဖြစ်သော် လည်းကောင်း သောက်သုံးနိုင်ပါသည်။

ဆင်တုံးမနွယ်ပင်စည် (၁၅) ကျပ် သားခန့်ကို ရေဆေးသန့်စင်ပြီး နုပ်နုပ် စဉ်း၍ ရေ (၅၀၀-စီစီ) ပုလင်းဝက်ခန့် ဖြင့် မိနစ် (၃၀) ကြာပြုတ်ပါ။ အအေးခံ ၍ အရည်စစ်ယူပြီး တစ်ကြိမ်သောက် ရေနွေးကြမ်းပန်းကန်ထက်ဝက်ခန့် (၅၀-မီလီလီတာ) ကို တစ်နေ့(၂)ကြိမ် အစာ စားပြီး သောက်နိုင်ပါသည်။ အမှုန့်ကို သောက်မည်ဆိုပါက ဟင်းခတ်ဇွန်း (၁) ဇွန်း တစ်နေ့ (၂) ကြိမ် အစာစားပြီး ရေဖြင့်သောက်နိုင်ပါသည်။ အနည်းဆုံး တစ်လသောက်၍ ပျောက်ကင်းသည် အထိသောက်ရပါသည်။

ဆင်တုံးမနွယ်ပင်စည်၊ အရွက်၊ အမြစ်များကို ဆေးဝါးအဖြစ် အသုံးပြု နိုင်ပါသည်။ နွေရာသီမှာ စုဆောင်းပါက အခါးဆုံးအချိန်ဖြစ်၍ ပိုမိုဆေးဖက်ဝင် သည်ဟု ဆိုပါသည်။

သုတေသန စမ်းသပ်မှုများအရ လေးဖက်နာရောဂါအပြင် ဆီးချို၊ အသည်းရောဂါ၊ ဆီးလမ်းကြောင်း ရောဂါများပါ ပျောက်ကင်းစေနိုင်သည်။ 'အယ်ဖိုင်းမား'သတိမေ့တတ်သည့်ရောဂါ ကုသနိုင်ကြောင်းနှင့် မှတ်ဉာဏ်ကောင်း မွန်သည့်ဆေးဝါး၊ အရွယ်တင်နုပျိုသည့် ဆေးဝါး၊ အားတိုးဆေးများအဖြစ် နိုင်ငံ တကာတွင် သုံးစွဲနေကြပါသည်။ ဂေါက် (Gout) ခေါ် အဆစ်ရောင်ရောဂါများကို ရိုးရာတိုင်းရင်းဆေးများ၌ နှစ်ပေါင်း များစွာကပင် ဆေးဖက်ဝင်အပင်များဖြင့် ကုသခဲ့ပါသည်။ ထိုဆေးနည်းတို့ကို ခေတ်မီ သိပ္ပံနည်းပညာများနှင့်အညီ သုတေသနပြုလေ့လာခြင်း၊ အသုံးချ ခြင်းများကို နိုင်ငံအသီးသီးတွင် ပြုလုပ် လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ဗဟိုသုတေသနလုပ်ငန်း(C.R.O)မှ ၁၉၈၂ ခုနှစ်တွင် မြန်မာ့ဆေးဖက်ဝင်အပင်များ ကို သုတေသနပြုလေ့လာခဲ့သော စာ တမ်းများထွက်ပေါ်ခဲ့ပါသည်။ ထိုကဲ့သို့ အသုံးပြု လေ့လာခြင်းများကို ပြုလုပ်နိုင် ပါက မြန်မာ့တိုင်းရင်းဆေးလောက အတွက် အကျိုးရှိစေမည် ဖြစ်ပါသည်။

တိုးတက်လာသည့် ယနေ့ခေတ် ကာလအခြေအနေမှာ လူနေမှုဘဝ၊ စား သောက်မှုပုံစံ ပြောင်းလဲလာသဖြင့် ရောဂါမျိုးစုံ ဖြစ်ပွားနေပါသည်။ စား သောက်ရသည့် အစားအစာများတွင် ဓာတုပစ္စည်းများပါဝင်မှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ လေကောင်းလေသန့်မရရှိ မှုစသည့် ဘေးအန္တရာယ်များကို ရှောင် ကြဉ်ရန် လိုအပ်ချက်များသည် အများ အပြားပင်ဖြစ်နေဆဲဖြစ်သည်။ မကျန်း မာ၍ ဆေးကုသရသည့် စရိတ်စက၊ ဆေးဖိုးဝါးခများကလည်း မြင့်တက်နေ ဆဲပါ။ လွယ်ကူစွာဖြင့် မိမိ၏ ကျန်းမာ ရေးကိုစောင့်ရှောက်တတ်ရန် အရေးကြီး ပါကြောင်း ရေးသားအပ်ပါသည်။

စွမ်းထက်နောင်



www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာများ၊ ဂီတစာဆိုများသည် အများအားဖြင့် သားသမီးများကို အသက်နှင့်ရင်း၍ ဝမ်းနှင့်လွယ်ကာ မွေးဖွားပေးခဲ့ကြသည့် မိခင်တို့၏ မေတ္တာတရား၊ မိခင်တို့၏ ကရုဏာ၊ မိခင်တို့၏ အလှုတရားများကိုသာ အများဆုံး စာပန်းချီခြယ်မှုန်းခဲ့ကြပေသည်။ ထို့အတူ ထိုကရုဏာရှင်မိခင်တို့၏ မေတ္တာတရားများကို ရေးဖွဲ့နေကြဆဲ၊ နောင်လည်း ဆက်လက် ရေးသားနေကြမည်သာ ဖြစ်ပါသည်။

ကရုဏာရှင်ဟု သတ်မှတ်ထားကြသည့် မိခင်တိုင်းတွင် အကြင်နာတရား၊ မေတ္တာတရား၊ ကရုဏာတရားများတူညီစွာရှိနေကြသည် မဟုတ်ပါ။ အချို့မိခင်များသည် အကြင်နာတရား၊ မေတ္တာတရား၊ ကရုဏာတရားများ ခေါင်းပါးလွန်းလှသည်ကို မမြင်ဘူးသော်မှ ကြားဖူးကြမည်သာ ဖြစ်ပါသည်။ သို့သော် ထိုကဲ့သို့ အကြင်နာတရားကင်း၊ မေတ္တာတရားရှင်းသည့် မိခင်မျိုးတို့၏ အရေအတွက်ကား နည်းပါးမည်သာ ဖြစ်ပါသည်။

ထို့အတူ တစ်ချုံကွယ် တစ်မယ်မေ့၊ မ,ကိုခင်ပြီး ဥကိုမင်တတ်သော ယောကျ်ားသားများ သို့မဟုတ် ဖခင်များလည်း ဤလောကအလယ်တွင် အများအပြားပင် ရှိနိုင်ပါသည်။ သို့ငြားလည်း သားသမီးများကို မည်သည့်အကျိုးမျှ မမျှော်ကိုးဘဲ အသက်နှင့်ထပ်တူ ချစ်ကြသည့်၊ အသက်စွန့်ချစ်ကြသည့် မေတ္တာရှင် ဗိမ္ဗိသာရမင်းကဲ့သို့သော ဖခင်များလည်း ဤလောကအလယ်တွင် အများအပြားရှိနေကြောင်းကိုလည်း လူသားတိုင်း ငြင်းဆိုနိုင်စွမ်းရှိကြလိမ့်မည်မထင်ပါ။

# မြတ်သက်ကျော်

## အမွေခံစုန့်ရေများ

ဖခင်များသည် မိသားစုအတွက် တစ်အိုးတစ်အိမ် ထူထောင်ချိန်မှစ၍ အိမ်ထောင်စု၊ မိသားစုဦးရေ တိုးပွားလာသည့်အခါ မိသားစုတို့၏ စား၊ ဝတ်၊ နေရေးကို ဦးဆောင် တာဝန်ယူနေရသူများ ဖြစ်သည့်အားလျော်စွာ ထိုအရေးများ ပြေလည်နိုင်စေရေးအတွက် ပင်ပန်းကြီး





www.burmeseclassic.com

www.burmeseclassic.com

ဘွာ ရှန်းကန်ရှာဖွေရသကဲ့သို့ တစ်ဖက်မှလည်း မိသားစုဝင်များ အတွေးအခေါ်မှန်ကန်စွာဖြင့် လူ့လောကအလယ်တွင် လျှောက်လှမ်းနိုင်စေရေးအတွက် ဉာဏ်ပညာနှင့်ယှဉ်၍ လမ်းညွှန်ဦးဆောင်ပေးနေကြသည့် မိသားစု၏ မာလိန်မှူးများလည်း ဖြစ်ပါသည်။ ထိုမေတ္တာကရုဏာရှင် ဖခင်များ၏ ထည့်ဝါခဲ့ညားသည့် အကြင်နာတရားများကို လူများစုတို့က မေ့လျော့ထားကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းစွာ ဖြစ်ပါသည်။

ထိုခံ့ညားထည်ဝါသည့် အကြင်နာရှင်ရှင် ဖခင်များ၏ မေတ္တာတရားကို အများစုက မေ့လျော့ထားနိုင်ကြငြားလည်း ကျွန်တော့်အနေနှင့်မူ ကျွန်တော့်ဖခင်၏ မေတ္တာတရားပုံရိပ်များကို မေ့လျော့ထားနိုင်စွမ်းမရှိသကဲ့သို့ ကျွန်တော်အသက်ရှင်နေသမျှကာလပတ်လုံးလည်း ဘယ်သောမေ့လျော့သွားလိမ့်မည်လည်းမဟုတ်ပါ။

❒

အဖေသည် အမေ့ထက် (၄) နှစ်ငယ်သော ခင်ပွန်းတစ်ယောက်ဖြစ်ခဲ့ပြီးလည်း အမေကွယ်လွန်သည့် ၁၉၈၄ ခုနှစ် ဧပြီ ၁ ရက်နေ့အထိ လုံးဝအိမ်ထောင်ရေး ဖောက်ပြန်မှုမရှိခဲ့သည့် ခင်ပွန်းကောင်းတစ်ယောက်ဖြစ်သကဲ့သို့ သမီးနှင့် သားသမီးများအပေါ် မိသားစုတာဝန်ကို အကျေပွန်ဆုံးပေးဆပ်ခဲ့သည့် ဖခင်ကောင်းတစ်ဦးလည်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ မှတ်မိသိတတ်သည့်အရွယ်မှစ၍ အမေကွယ်လွန်ချိန်အထိ အိမ်ထောင်ရေးဖောက်ပြန်မှုကို အကြောင်းပြုပြီး တစ်ဦးနှင့်တစ်ဦး စကားများရန်ဖြစ်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး လေးလေးစားစား ကြင်ကြင်နာနာဆက်ဆံသွားခဲ့ကြ၍ဖြစ်ပါသည်။ သားသမီးများနှင့်ပတ်သက်၍လည်း ဖခင်ဖြစ်သူက သောက်စားမူးယစ် လောင်းကစားနှံ့နှစ်နေသောကြောင့် သားသမီးများက အရွယ်မတိုင်မီ စာသင်ခန်းမှထွက်ပြီး စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားပိုက်ဆံရှာဖွေရခြင်းမရှိခဲ့ကြပါ။

အဖေသည် မိသားစုတာဝန်ကို အကျေပွန်ဆုံး ပေးဆပ်ခဲ့သည့် ဖခင်ကောင်းတစ်ဦးဖြစ်ရုံသာမက စွန့်လွှတ်အနစ်နာခံတတ်သော ဖခင်ကောင်းတစ်ဦးလည်း ဖြစ်ပေသည်။ ဖြစ်စဉ်တစ်ခုကို မှတ်မိပါသေးသည်။ ကျွန်တော် သူငယ်တန်းကျောင်းသားအရွယ်တုန်းက မြန်မာတစ်ပြည်လုံး ဆန်ရှားပါးပြတ်လပ်ခြင်းကိုကြုံတွေ့ခဲ့ရပါသည်။ ထိုစဉ်က ကျွန်တော့်ညီအလတ်မှာ အသက် (၂) နှစ်သားအရွယ်ခန့်မျှသာရှိသေးပြီး အမေကလည်း ထိုညီအလတ်ကို မွေးပြီးသည့်အချိန်မှစတင်၍ ကျန်းမာရေးမကောင်းရှာပါ။ အဖေသည် ထိုဆန်ရှားပါးစဉ်ကာလတွင် သူ့သူငယ်ချင်းများနှင့် အဖော်စပ်ပြီး ရန်ကုန်တစ်ဖက်ကမ်းညောင်တုန်း၊ ရွှေလင်ဗန်း စသည့် အရပ်များသို့တိုင် ခက်ခက်ခဲခဲဆန်ရှာဖွေဝယ်ယူလာခဲ့ပြီး ကျန်းမာရေးမကောင်းသောဇနီးနှင့်လူမမည်သားသုံးယောက်တို့အား နေ့စဉ်ထမင်းစားစေကာ သူကား ခေါက်ဆွဲ၊ ကြာဆံတို့ကို အသားမပါ အသီးအရွက်များဖြင့်ကြော်ထားသော ခေါက်ဆွဲကြော်၊ ကြာဆံကြော်အမည်ခံ အစားအသောက်များဖြင့်သာ သူ့ဝမ်းမီးကို ငြိမ်းစေခဲ့ပါသည်။ (ထိုကာလများက အသားတုပင်မပေါ်သေးပါ။)

ကျွန်တော်တို့မိသားစုမှာ ၁၉၇၇ ခုနှစ်က အဖေ့အရပ်ဒေသဖြစ်သော မွန်ပြည်နယ်(ဘီလူးကျွန်း)ချောင်းဆုံမြို့နယ်သို့ ပြောင်းရွှေ့ အခြေချခဲ့ကြပါသည်။ ထိုသို့ ပြောင်းရွှေ့အခြေချ ပြီး မကြာမြင့်မီပင် ကျွန်တော်တို့၌ ငှက်ဖျားရောဂါစွဲကပ်လာခဲ့လေတော့၏။တစ်နှစ်တစ်ကြိမ် အိမ်သားတစ်ဦးမဟုတ်တစ်ဦး ငှက်ဖျားရောဂါကြောင့် ဆေးရုံတက်ရ၏။ ထိုအချိန်မျိုးတွင် ညီငယ် ဆေးရုံတက်လျှင် ညီလတ်နှင့် ကျွန်တော်က လူနာစောင့်၏။ ထိုကဲ့သို့ မည်သူဆေးရုံတက်တက် ကျွန်တော်တို့ညီအစ်ကိုသာ နှစ်ယောက်တစ်တွဲ လူနာစောင့်ကြ၏။ အဖေက ထမင်းပို့တာဝန်ကိုယူပေး၏။ ကျန်းမာ





www.burmeseclassic.com

www.burmeseclassic.com

ရေးမကောင်းရှာသော အမေ့ကိုမူကား ထမင်းချက်၊ ဟင်းချက်တာဝန်ကိုသာယူစေ၏။ အိမ်၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော ခြံလုပ်ငန်းကိုသာမက ထိုအချိန်များတွင် ရေခပ်၊ ထင်းခွဲကိုပင် အဖေကတာဝန်ယူပေး၏။ အမေ့မှာကား ဈေးသွားရုံ၊ ချက်ပြုတ်ရုံသာ လုပ်ကိုင်ရပေ၏။

သားများသည် မိခင်အား ပိုမိုတွယ်တာ အားကိုးကြသည်ဟု လူများစုက ယူဆကြ၏။ ကျွန်တော်တို့မှာကား ဖခင်ကို ပိုမိုတွယ်တာအားကိုးကြ၏။ နေမကောင်းထိုင်မသာဖြစ်ကြသည့်အခါ ဖခင်ကြီးက နဖူးကို သူ့လက်ဖဝါးဖြင့် ကိုယ်ပူ၊ မပူ စမ်းသပ်သည်ကို ခံလိုကြ၏။ အဖေ့လက်ဖဝါးနှင့် ကိုယ်ပူ၊ မပူ စမ်းသပ်ပြီး အဖေ့နှုတ်ဖျားမှထွက်ပေါ်လာသောအားပေးစကားသံများကိုကြားလိုက်ရသည်နှင့်ပင် ရင်ထဲတွင် အေးမြငြိမ်းချမ်းသွားသကဲ့သို့ အားအင်သစ်များလည်း တိုးပွားလာသည်ဟု ခံစားရပါသည်။

"အား. . . ကိုယ်ပူက သိပ်မပြင်းတော့ပါဘူး။ မှန်းစမ်း၊ အဖျားသွေးစမ်းကြည့်လိုက်မယ်။ ဟ- အဖျားသွေးကလည်း နည်းနည်းပဲကျန်တော့ပါလား။ ဒါဆို နောက်နေ့လောက်ဆိုရင် ငါ့သားစားချင်ရာစားလို့ရပြီ။ နောက်တစ်ရက်၊ နှစ်ရက်ဆို ဆေးရုံကတောင် ဆင်းလို့ရနိုင်လောက်ပြီ"

စသည့် အားပေးစကားသံများသည် ဝေဒနာဖျားဒဏ်ခံနေရသော ကျွန်တော်တို့အတွက် အဖျားရောဂါမှနာလန်ထလာစေသောစိတ်ဓာတ်အာဟာရများဖြစ်စေခဲ့ပေသည်။

ကျွန်တော် လုပ်ငန်းခွင်ထဲရောက်ပြီး မကြာမြင့်မီပင် ကျွန်တော်တို့၏မိခင်ကြီး တိမ်းပါးကွယ်လွန်ခဲ့ပေသည်။ ထိုစဉ်ကာလမှစတင်၍ အဖေနှင့်ကျွန်တော်တို့ညီအစ်ကို (သားအဖချင်း) ဆက်ဆံရေးမှာ ပို၍နီးစပ်လာခဲ့ပြီး ကျွန်တော်တို့မှာဖခင်ကြီး၏ လေးစားစရာကောင်းသောစိတ်ဓာတ်ကို ပိုမိုသိရှိနားလည်လာရပါသည်။ ကျွန်တော်သည် သားအကြီးဆုံးဖြစ်ပြီး အဖေနှင့်အတူနေသောကြောင့် ကျွန်တော့်အကြောင်းများကို အဖေကပို၍သိသကဲ့သို့ အဖေ၏ လေးစားစရာစိတ်ဓာတ်ကိုလည်း ကျွန်တော်က အခြားညီများထက် ပိုမိုသိခွင့်ရရှိခဲ့ပါသည်။

ကျွန်တော့်တွင်လည်း အရွယ်ရောက်လာသော အခြားသူများကဲ့သို့ မိန်းကလေးသူငယ်ချင်းများ ရှိလာပါသည်။ ထိုမိန်းကလေးသူငယ်ချင်းများ အိမ်သို့ အလည်လိုက်လာသည့်အခါ သားဖြစ်သူနှင့် မိန်းကလေးသူငယ်ချင်းတို့ အနေမခက်စေရန် အလိုက်သင့်ပြောဆိုဆက်ဆံတတ်သကဲ့သို့ ရင်းနှီးခင်မင်မှုရစေရန်လည်း ကြိုးစားလေ့ရှိပါသည်။ ထိုမိန်းကလေး ပြန်သွားသည့်အခါတွင် မိန်းကလေး၏အမည်၊ မိဘများ၊ နေထိုင်သည့်ရွာ စသည်တို့ကို မသိမသာ မေးမြန်းလေ့ရှိပြီး အိမ်တွင် လူကြီးများရှေ့တွင် တည်တည်ကြည်ကြည်စကားပြောခြင်းမှာ နှစ်ဦးစလုံးအတွက် အကျိုးရှိကြောင်း၊ ဆိတ်ကွယ်ရာတွင် လွတ်လွတ်လပ်လပ် တွေ့ဆုံကြခြင်းကြောင့် ဖြစ်လာနိုင်သည့်ဆိုးကျိုးများကို မသိမသာပြောပြ ဆုံးမလေ့ရှိပါသည်။

မကြာမကြာလာလည်တတ်သည့် မိန်းကလေးပျောက်ချက်သားကောင်းနေလျှင်လည်း မည်သည့်အတွက်ကြောင့်ပျောက်နေရကြောင်းကို မေးမြန်းစူးစမ်းလေ့ရှိ၏။ ပြဿနာရှိလျှင်လည်း ထိုပြဿနာ ပြေလည်စေမည့် နည်းလမ်းကိုဆွေးနွေးလေ့ရှိ၏။ သူ့စိတ်ထဲ ခင်မင်နေမိတတ်သော မိန်းကလေးများအကြောင်းကို မကြာခဏ မေးမြန်းသည့်အခါ ကျွန်တော်ကလည်း မသိမသာ အဖေ့ကိုသွေးတိုးစမ်းတတ်၏။

"အဖေက အဲဒီမိန်းကလေးကိုချွေးမတော်ချင်နေလို့လား"

"ဟကောင်ရ၊ အဖေ့သားတွေနဲ့ပတ်သက်လာမှတော့ အဖေကလည်း ချွေးမ မတော်ချင်လို့ကောရဦးမှာလားကွ"

ဟု ပြုံး၍ပြောလေ့ရှိပေသည်။

ကျွန်တော် အိမ်ထောင်ကျသည့်အခါ အဖေ၏ မျှတသောစိတ်ထား၊ စာနာတတ်သော စိတ်ထားများကြောင့် အဖမဲ့နေသော ကျွန်တော့်ဇနီးက ဖခင်ရင်းတစ်ဦးပမာ ချစ်ကြောက်ရိုသေရှာခဲ့ပေ၏။ အစားအသောက်၊ အဝတ်အဆင်မှစ၍ အဖေ့အတွက်သာ ဦးစားပေးစဉ်းစားလေ့ရှိ၏။ သမီးမိန်းကလေးမရှိရှာခဲ့သော အဖေကလည်း ကျွန်တော်တို့ဇနီးမောင်နှံ စကားကတောက်ကဆဖြစ်ကြလျှင် ကျွန်တော့်ကို ဦးစွာ ဆိုဆုံးမ၏။ ချွေးမအား မသိမသာ အကာအကွယ်ပေး၏။ မြေးများရလာသည့်အခါ မြေးများအား အိပ်ရာဝင်ပုံပြင်များ၊ ဘာသာရေးအဆုံးအမများကို ပြောပြပြီး ထိန်းကျောင်း၏။ သူ့အတွက် စီစဉ်ပေးသော အစားအသောက်များကိုလည်း ကျွန်တော်တို့မသိအောင်ကျွေးမွေးတတ်ပေ၏။ ကျွန်တော်တို့ကသိပြီး ထိုသို့ကလေးများကို အလိုမလိုက်ရန် ပြောသည့်အခါတိုင်း -

"ကလေးဆိုတာ လူကြီးကျွေးမှ စားရတာပါကွ။ နောက်ပြီး ကလေးဆိုတာလည်း အစာတိုင်းကို မစားဘူးသေးတော့ အစားတိုင်းကို စားချင်တာသဘာဝပဲ။ ဒါကို သဘောမပေါက်ဘဲ ကလေးကို ဒီအတိုင်းထားရင် ကလေးရဲ့ စူးစမ်းချင်တဲ့စိတ်ရဲ့ စေ့ဆော်မှုကြောင့် ဒီကလေး အစားအသောက်ကို ခိုးစားတတ်လာမယ်။ နောက်ပြီး ကလေးဆိုတာ လူကြီးကျွေးမှစားရတဲ့အခြေအနေပါ။ ဒီတော့ ကိုယ်ကျွေးမှ စားရမယ့်ကလေးကို ကိုယ်က ဒီအတိုင်းထားပြီး ကိုယ်ချည်းပဲ စားတာမျိုးကျတော့လည်း အဖေမျိုမကျနိုင်ဘူး။ မင်းတို့ငယ်ငယ်တုန်းကလည်း အဖေ ဒီအတိုင်းပဲကျင့်သုံးလာခဲ့တာပါ။အဲဒီတော့ ကလေးတွေကိုကျွေးတာမျိုးကျတော့လည်း မင်းတို့အဖေ့ကို ဘာမှမပြောသင့်ဘူးလို့ အဖေထင်ပါတယ်"

ဟူသောစကားနှင့် နှစ်သိမ့်မြဲဖြစ်သည်။

မိဘတစ်ဦး၏ စွန့်လွှတ်အနစ်နာခံတတ်သောစိတ်ဓာတ်အား သူကွယ်လွန်ခါနီးအချိန်၌ အမှတ်မထင်ပြသခဲ့ပေသည်။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အဖေ့ကျန်းမာရေး စတင်ကျဆင်းလာ၏။ ညာဘက်နံစောင်းတွင် အကျိတ်တစ်ခု စမ်းမိသောကြောင့် ဒေသခံဆရာဝန်များက မော်လမြိုင်မြို့မှ ဆရာဝန်များထံ ပြသရန် လမ်းညွှန်၏။ မော်လမြိုင်မြို့မှ ဆရာဝန်များက ရန်ကုန်သို့ ဆက်လက် သွားရောက်ရန် ညွှန်ကြား၏။ ထိုအခါ အဖေက ရင်နင့်ဖွယ်စကားတို့ကို ဆိုရင်း မိဘမေတ္တာကို ပြသရှာ၏။

"အဖေ့ရောဂါက ကုလို့မပျောက်နိုင်တဲ့ရောဂါလို့ထင်တယ်ကွ။ ဒီတော့ ဒီရောဂါကို မင်းတို့ကုသည်ဖြစ်စေ၊ မကုသည်ဖြစ်စေ အဖေကတော့ ဒီရောဂါနဲ့ သေမှာ အမှန်ပဲ။ ခုလောလောဆယ်မှာ မင်းတို့က ရော်ဘာခြံတစ်ခြံစိုက်ပျိုးထားပြီးပြီ။ ရော်ဘာခြံတစ်ခြံရဲ့ကုန်ကျစရိတ်ကလည်းမနည်းလှဘူး။ ခုတောင် ရော်ဘာခြံအတွက် ကုန်ကျတဲ့စရိတ်တွေနဲ့ အဖေ့ကို ဆေးကုလို့ ကုန်ကျတဲ့စရိတ်တွေရယ် ပေါင်းကြည့်ရင် မနည်းလှဘူး။ နောက်ထပ် ရော်ဘာခြံအတွက် နှစ်

www.burmeseclassic.com

www.burmeseclassic.com

ကုန်ကျမယ့်စရိတ်တွေကလည်း ပိုလာဆား ဒီတော့ အဖေ့အတွက် ဆေးဖိုး ဆောင်းလို့ ရော်ဘာခြံအတွက် နောက်ထပ်ပြုပြင်ဖို့စရိတ်မကျန်အောင်ဖြစ်နေဖို့မယ်။ ငွေကုန်ခံပြီး ထူးခြားမလာမယ့် အဖေ့ကျန်းမာရေးအတွက် မင်းတို့ ငွေကုန်ခံပြီး ကုဖို့ မကြိုးစားကြပါနဲ့တော့"

ရောဂါတစ်ခုဖြစ်လာလျှင် အသက်ရှည်နိုင်သမျှ ရှည်ရှည်နေထိုင်နိုင်ရေးအတွက် လူတိုင်း ငွေကြေးအမြောက်အများအကုန်အကျခံကာ မိမိတို့အသက်ကိုလယူရန် ကြိုးစားကြသည့်သဘာဝရှိသော်ငြားလည်း အဖေကတော့ သားသမီးများနောင်ရေးအတွက် သူ့အသက်ကို မငဲ့ကွက်ဘဲ မိဘပီသစွာ အသက်စွန့်ရန် ကြိုးပမ်းခဲ့သည်။ ကျွန်တော်တို့ညီအစ်ကို အတန်တန်နားချဖျောင်းဖျမှ ဆက်လက်၍ဆေးအကုခံရန်သဘောတူခဲ့လေသည်။

သို့သော်လည်း အူမကြီးတွင်ဖြစ်ပွားနေသော ကင်ဆာဆဲ(လ်)များကအသည်းထိ ပျံ့နှံ့နေမှုကြောင့် သူထင်ထားသလိုပင် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့ပေသည်။ အဖေ ကွယ်လွန်သွားခဲ့သော်ငြားလည်း အဖေ၏အကြင်နာပုံရိပ်၊ မေတ္တာကရုဏာပုံရိပ်များသည် သား၊မြေး၊မြစ်များ၏ရင်ထဲတွင် ထင်ကျန်နေဆဲဖြစ်တော့သည်။ လူများစုက မိခင်များ၏မေတ္တာကို ဖွဲ့ဆိုသီကျူးပြီး အမေနေ့ကို တခမ်းတနား ဆင်ယင်ကျင်းပနေကြသော်ငြားလည်း ဝမ်းနှင့်လွယ်၍ သားသမီးများကို မမွေးခဲ့သော်ငြားလည်း မိခင်များနည်းတူ သားသမီးများအပေါ် မေတ္တာထားနိုင်ကြသည့် အမေ့ခံ ဖခင်များ၏ မေတ္တာပုံရိပ်များကို ဖော်ကျူးနိုင်မည့် ဖခင်နေ့တစ်နေ့ကို ဖော်ထုတ်နိုင်သည်ရှိသော် ကောင်းလေစွဟု တွေးမိသကဲ့သို့ မိဘနှစ်ပါးစလုံး၏ မေတ္တာသရုပ်ကို ဖော်ထုတ် အောက်မေ့ကြသည့် မိဘများနေ့ကို တစ်ဦးတစ်ယောက်က ဦးဆောင်ပြီး သတ်မှတ်ကျင်းပနိုင်ခဲ့သည်ရှိသော် သာ၍ကြိမ်ဖန်များစွာ ခေါ်ဆိုမိမည်ဖြစ်ပေတော့သတည်း။

*(ဤဆောင်းပါးဖြင့် ၁၉-၂-၂၀၀၆ ရက်နေ့က ကွယ်လွန်သွားရှာပြီဖြစ်သော ဖခင်ကြီး ဦးငွေဇင်၏ ဂုဏ်ကျေးဇူးအား ရည်ရွယ် ပူဇော် ကန်တော့လိုက်ပါ၏)*

မြတ်သက်ကျော်

## ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

(၃၀၂) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ငွေကံနှင့်ဆက်စပ်နေသောဂဏန်းများ၊ ကံကောင်းခြင်းကို ဖြစ်စေသော ဂဏန်းများနှင့် ပါရမီဖြည့်လိုက်ရပြန်ပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဖေဖော်ဝါရီလ ၈၊ ၁၂၊ ၂၂၊ ၂၅၊ ၂၆ ရက်တွေမှာ ထီထိုးပါ။

အလှူတစ်ခုခုမဖြစ်မနေပြုလုပ်ပါ။ အကောင်းဆုံးကတော့ နံနက်အရုဏ်တက်မှာ ဘုရားရှင်ကို အရုဏ်ဆွမ်းကပ်လှူပြီး အရုဏ်ဆွမ်းခံကြွတော်မူလာတဲ့ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။

မတ်လမှာ ၅၊ ၁၊ ၆၊ ၂၊ ၃ ဂဏန်းများ ကံစပ်ပါတယ်။

**တနင်္လာသားသမီးများ**

ဖေဖော်ဝါရီလ ၁၀၊ ၁၃၊ ၁၉၊ ၂၂ ရက်တွေမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူမှာရှိတဲ့ ရုပ်ပွားတော်မြတ်တစ်ဆူဆူကို ရွှေပြား၊ ရွှေသင်္ကန်းကပ်လှူပြီး အပြန်မှာထီထိုးပါ။

မတ်လမှာ ၅၊ ၁၊ ၆၊ ၂ ဂဏန်းများ ကံစပ်ပါတယ်။

**အင်္ဂါသားသမီးများ**

ဖေဖော်ဝါရီလ ၁၄၊ ၁၅၊ ၂၀၊ ၂၄ ရက်များမှာ ထီထိုးပါ။

ကလေးတွေကို အာဟာရဒါနပြုတဲ့ အလှူကြီးကြီးတစ်ခုကို မဖြစ်မနေပြုလိုက်ပါ။ အဲဒီနေ့မှာပဲ ထီထိုးပါ။

မတ်လမှာ ၃၊ ၄၊ ၈၊ ၅ ဂဏန်းများ ကံစပ်နေပါတယ်။

**ဗုဒ္ဓဟူးသားသမီးများ**

ဖေဖော်ဝါရီလ ၁၅၊ ၂၁၊ ၂၅ ရက်တွေမှာ ထီထိုးပါ။

ဂုဏ်တော်ကွန်ချာကို အလွတ်ရရင် အလွတ်၊ အလွတ်မရရင် စာအုပ်ကြည့်ရွတ်ပြီး ဘုရားရှိခိုးပါ။ (၁၅) မိနစ်ရွတ်ပါ။ (၉) ရက်ပူဇော်ပြီးရင် ရက်ရွေးပြီး ထီထိုးလို့ရပါပြီ။

မတ်လမှာ ၅၊ ၁၊ ၂၊ ၉ ဂဏန်းတွေ ကံစပ်နေပါတယ်။

**ကြာသပတေးသားသမီးများ**

ဖေဖော်ဝါရီလ ၈၊ ၁၆၊ ၁၉၊ ၂၂ ရက်တွေမှာ ထီထိုးပါ။

တစ်နေ့တည်း ဘုရားငါးဆူပြည့်အောင် ဘုရားဖူးသွားပါ။ ဘုရားဖူးပါ။ အပြန်မှာထီထိုးပါ။

မတ်လမှာ ၃၊ ၆၊ ၇ ဂဏန်းတွေနဲ့ ကံစပ်ပါတယ်။

**သောကြာသားသမီးများ**

ဖေဖော်ဝါရီလ ၁၀၊ ၁၇၊ ၂၀၊ ၂၃ ရက်တွေမှာ ထီထိုးပါ။

ကျောက်မျက်ရတနာတန်ဖိုးကြီးကြီးတစ်ခုကို မြင်ရတွေ့ရတဲ့နိမိတ် ဒါမှမဟုတ် မင်္ဂလာရှိတဲ့အလှူကြီးကြီးတစ်ခုကို မြင်ရကြားရတဲ့နိမိတ် တွေ့ရင်၊ ကြားရင် ထီထိုးလိုက်ပါ။

မတ်လမှာ ၅၊ ၁၊ ၄၊ ၈ ဂဏန်းတွေနဲ့ ကံစပ်ပါတယ်။

**စနေသားသမီးများ**

ဖေဖော်ဝါရီလ ၁၁၊ ၁၈၊ ၂၁၊ ၂၄ ရက်တွေမှာ ထီထိုးပါ။

သရဏဂုံ -၃၀ ကို နေ့တိုင်း ပုတီးစိပ်ပါ။ တစ်ခါစိပ်ရင် နာရီဝက်လောက်စိပ်ပါ။ (၃) ရက်လောက်စိပ်ပြီးရင် ထီထိုးပါလေ။

မတ်လမှာ ၃၊ ၆၊ ၂၊ ၉ ဂဏန်းများ ကံစပ်နေပါတယ်။

(ဖေဖော်ဝါရီလ ၁၇ ရက်နေ့ - တပို့တွဲလပြည့်ကျော် ၃ ရက်နေ့မှာ ခုနစ်ရက်သားသမီးအားလုံး မဖြစ်ဖြစ်တဲ့နည်းနဲ့ အချိန်အားရအောင်ယူပြီး ထီထိုးပါ။)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ဇောသည် တရုတ်ကပြား ဖြစ်သည်။ အဖေက တရုတ်အစစ်ဖြစ်ပြီး အမေက မြန်မာ ဖြစ်၏။ အင်္ဂလိပ်ခေတ် ဘီအိုစီကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး လွတ်လပ်ရေးရသောအခါ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးဌာနတွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်သည်။

ဦးကျော်ဇောသည် ဒေါ်ညိုနှင့် အိမ်ထောင်ကျပြီး ရန်ကုန်တွင် နေထိုင်ပါသည်။ ရေနံချောင်း ချောက်သို့ မကြာခဏခရီးထွက်ရလေသည်။ ရေနံတွင်းအဟောင်းများ ရေနံအထွက်နည်းလာသည်။ ရေနံထွက်နိုင်မည့် ဘူမိဗေဒ အထောက်အထားများ၊ ခေတ်မီတိုင်းတာရေးအထောက်အထားများဖြင့် တွင်းသစ်များကို တူးဖော်ရလေသည်။ ဦးကျော်ဇောသည် တွင်းသစ်တူးဖော်ရာတွင် လာရောက်ပြီး ကြီးကြပ်ရ၏။ ညွှန်ကြားရ၏။ တာဝန်အားလုံးသည် သူ့အပေါ်တွင် ကျရောက်လေသည်။

တစ်ခါက ရေနံချောင်းမှ ရန်ကုန်သို့ ကိုယ်ပိုင်ဂျစ်ကားလေးဖြင့် ပြန်လာသည်။ ထိုခေတ်က ဂျစ်ကားစီးနိုင်လျှင် အတော်ချမ်းသာသော အနေအထားဖြစ်ပါသည်။ ရေနံချောင်းမှ မကွေးသို့ရောက်၏။ ရာသီဥတုမှာ မိုးတွင်းကာလဖြစ်၍ အုံ့မှိုင်းနေလေသည်။ အထက်အာကာသတစ်ခွင်တွင် တိမ်များ၊ မြူများဖြင့်ပြည့်နေသည်။ ရွာမလိုဝိုယောင်သန်းနေလေတော့သည်။ မကွေးဘီအိုစီသို့ ခေတ္တဝင်ပြီးနား၏။ ဦးကျော်ဇောလာသဖြင့် ဝန်ထမ်းများက ပျာပျာသလဲ ကြိုဆိုကြ၏။ နှုတ်ဆက်ကြ၏။

"ဆရာကြီး၊ ဒီည ဒီမှာ အိပ်ပါ့လား။ မိုးရွာရင် တောင်ကျချောင်းရေတွေက ရေစီးသန်တယ်"

ဟု ဝိုင်းတားကြလေသည်။


တောင်တွင်းကြီးမရောက်မီ ယင်းချောင်း၊ ရန်ပယ်ချောင်းတို့သည် တံတားမရှိသေးပါ။ ရေမရှိလျှင် ဖြတ်လို့ရသော်လည်း ရေရှိလျှင် စောင့်နေရသည်။ အဆိုးဆုံးကတော့ ယင်းချောင်းပင် ဖြစ်သည်။ ဒုက္ခအတော်ပေးသည်။ သေဆုံးသွားသော ခရီးသွားများလည်း မနည်းပါ။

"မအိပ်တော့ပါဘူး။မညိုကလည်း သိပ်နေမကောင်းဖြစ်နေတယ်။ ပြန်မှဖြစ်မှာ"

ဦးကျော်ဇောကို ဘယ်လိုမှ တားမရပါ။ မညိုမျက်နှာလေးကို မြင်ယောင်နေမိသည်။ ဘုရားရှင်က နန္ဒမင်းသားလေးကို သပိတ်ထမ်း၍ ကျောင်းသို့ခေါ်သွားသောအခါ -

"မောင်တော်ရေ၊ မြန်မြန်ပြန်ခဲ့ပါ"

ဟု ပြောလိုက်သောအသံကို နန္ဒမင်းသားနားကမထွက် အမြဲမြင်ယောင်ကြားယောင်သကဲ့သို့ ချစ်လှစွာသော ချစ်ဇနီးချောလေး မညိုကို အမြဲ ကြားယောင်၊ မြင်ယောင်နေပါတော့သည်။ မည်သူမျှတား၍မရ။ မိုးရွာရွာ၊ ချောင်းရေလာလာ ဦးကျော်ဇောကတော့ ပြန်မှာပဲ။ အချစ်စိတ်အစွမ်းသတ္တိများသ





www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ဇောရင်ထဲတွင် ကိန်းဝပ်နေပေသည်။

"တားမရလည်း သတိနဲ့ပြန်ပါ။ ယင်းချောင်းထဲရောက်ရင် ရေလာ၊မလာ ကြည့်ပြီး အမြန်သာမောင်းပါ။ ရေလာရင်တော့ ကားထားပြီး ကမ်းကိုအရောက်ပြေးပါ"

ဟု တပည့်များက တဖွဖွမှာလေသည်။

အတွေ့အကြုံများသော ဌာနေမှုခံတို့သည် မပြန်စေချင်ပါ။ ဒုက္ခလှလှကြီးပေးတတ်သောယင်းချောင်းကို သူတို့စိတ်မချပါ။ ခဏခဏကြားနေရသော ယင်းချောင်း၏အမင်္ဂလာသတင်းများက သူတို့ဆရာကို စိုးရိမ်စိတ်ဖြစ်ပေါ်မိခြင်းဖြစ်၏။

"ငါ့အတွက် စိတ်ချပါ။ ငါက ငါးပါးသီလကို လုံခြုံတယ်။ သရဏဂုံမြဲတယ်။ နောက်ပြီး ငါ့ကို အဘအောင်

ဟု ဆရာသမားကို အညာလက်ဆောင်များဖြင့် ကန်တော့ကြပြီး နှုတ်ဆက်ကြလေသည်။ မကွေးမှာ ဂျစ်ကားလေးဖြင့် ဆရာတပည့်နှစ်ယောက် အရဲစွန့်ထွက်လာသည်။ ညနေစောင်းအချိန်ဖြစ်သည်။ ဦးကျော်ဇောမှာ အားကိုးတစ်ခုရထားလေသည်။ တခြားမဟုတ်၊ သူ့ကို အဘအောင်မင်းခေါင် စောင့်ရှောက်သည်ဟုထင်နေခြင်း ဖြစ်သည်။ ညအိပ်ရာဝင်တိုင်း အဘကို ရှိခိုးပြီးမှ အိပ်လေသည်။ ယုံကြည်မှုသည် သတ္တိသို့ ပြောင်းလဲတတ်လေသည်။

မကြာမီ ယင်းချောင်းသို့ ရောက်ပါပြီ။ ညနေဆည်းဆာမှာ မိုးတွင်းကာလ

ခိုင်းသည်။ တပည့်က ဂျစ်ကားပေါ်မှ လွှားခနဲခုန်ချပြီး ချောင်းထဲသို့ အပြေးဆင်းသွားသည်။ ထိုအချိန်တွင် လျှပ်စီးကြောင်းများ၊ မိုးခြိမ်းသံတို့သည် ချောင်းဖျားတွင် ဖြစ်ပေါ်နေသည်။ အထက်မှာ မိုးရွာနေပြီပေါ့။ မိုးနံ့တို့သည် ဒီဘက်သို့ ကူးစက်လာလေသည်။ မကြာမီ တပည့်ကျော် ပြန်လာသည်။

"ဆရာ၊ ရေမရှိဘူး။ နည်းနည်းလေးပဲရှိတာ။ ကားသွားလို့ရတယ်"

"အေးအေး - ဒါဆို မြန်မြန်မောင်းကွာ။ ချောင်းဖြတ်ပြီးမှ နားကြတာပေါ့။ အထက်မှာမိုးရွာနေပြီနဲ့တူတယ်"

"ဟုတ်ကဲ့ ဆရာ"

တပည့်ကျော်လည်း ဂျစ်ကားကို

## ရေနံရှာဖွေရေးအရာရှိ ဦးကျော်ဇောအား အဘစောင့်ရှောက်ပုံ



ခေါင် စောင့်ရှောက်တယ်။ ငါဘယ်တော့မှ ဒုက္ခမရောက်ဘူး"

ဟု ပြန်ပြောလေသည်။

"တားမရလည်း သတိနဲ့ပြန်ပါ"

မို့ မြန်နေသည်။ မှောင်နေပြီ။ ယင်းချောင်းထိပ်တွင် ဂျစ်ကားကို ခေတ္တရပ်ပြီး ချောင်းထဲမှာ ရေလာ၊ မလာ အကဲခတ်သည်။ တပည့်ကိုလည်း သွားကြည့်

မောင်းပြီး ယင်းချောင်းကို ဖြတ်လေတော့သည်။ ယင်းချောင်းအလယ်သို့ ရောက်တော့ ဂျစ်ကားက ဖွတ်ချက်ဖွတ်ချက်မြည်ပြီးထိုးရပ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အမှောင်ထုကလည်း လွှမ်းမိုးသွားပြီ။ ချောင်းရေတွေကလည်း ဒလဟောကျလာပြီ။ ဂျစ်ကားဘီးတစ်ဝက်သာရှိသောရေတို့မှာ တဖြည်းဖြည်း နစ်မြုပ်စပြုလေပြီ။

"တပည့်ဘာဖြစ်တာလဲ။ စက်နှိုးပါဟ"

"ဆရာ၊ ကားပျက်သွားပြီ။ စက်နှိုးလို့မရတော့ဘူး"

မည်သို့မျှ စက်နှိုးလို့ မရတော့။ စက်အဖုံးကိုဖွင့်ပြီး ဟိုနှိုက်ဒီနှိုက်လုပ်တော့လည်း မထူးခြား။ ဆရာတပည့် နှစ်ယောက် ကျိုးကန်းတောင်းမှောက် ပျာယီးပျာယာဖြစ်နေပါတော့သည်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုတာ ဒါပဲနဲ့တူပါရဲ့။ မိုးတွေကလည်း ရွာချနေပြန်တော့သည်။

"ဆရာ၊ ဂျစ်ကားကိုပစ်ထားခဲ့ပြီး ကမ်းကိုပြေးကြရအောင်။ မရတော့ဘူး"

တပည့်ကျော်မှ အကြံပေးလေသည်။ ကားထဲမှာလည်း လက်ဆောင်ပစ္စည်းတွေ၊ အထုပ် (၂) ထုပ်၊ အဝတ်အိတ်၊ ဆီပုံးခွံ (၁) လုံး။ ဘာလိုလုပ်ရမှာလဲ။

"တပည့်ရေ မင်းသွားနှင့်ကွာ။ ငါဒီမှာနေခဲ့ဦးမယ်။ လူတွေအကူအညီပေးရင်လည်းကောင်းတာပေါ့ကွာ"

တပည့်ကို ချောင်းတစ်ဖက်ကမ်းသို့ အရင်သွားနှင့်စေသည်။ မိမိက ဘာလုပ်ရမှာလဲ။ မကွေးက တပည့်တွေကတားတဲ့ကြားက မနေလိုက်တာ မှားတာပဲ။ နောင်တဆိုတာ နောင်မှတ,၏။ ခုမှတ,လို့လည်း ဘာမှလုပ်လို့မရ။ လူ့အသက်နှင့် ပစ္စည်း လဲပါဆိုလျှင် ပစ္စည်းထားခဲ့ရမှာပဲ။ လူက အလွတ်ပြေးရမှာပေါ့။ ကားထားပြီးပြေးရမှာလား၊ ဘာလုပ်ရမှာလဲ စသည့် သို့လောသို့လော စဉ်းစားတွေဝေနေလေသည်။ ရေကလည်း တဖြည်းဖြည်းတိုးလာပြီ။ မိုးကလည်းရွာနေပြီ။ ကူညီမယ့်လူကလည်း တစ်ဦးတစ်ယောက်မှမရှိ။ ငါတော့ ဒုက္ခရောက်ပါပြီဟု ချွေးသီးချွေးပေါက်တို့သည် ခန္ဓာကိုယ်အနှံ့မှ ယိုစီးလာတော့သည်။

စိတ်ကို ငြိမ်ငြိမ်ထားမှဟု ဆုံးဖြတ်သည်။ စိတ်တည်ငြိမ်လာသောအခါ 'ငါ့မှာ အားကိုးစရာ ဘုရား၊ တရား၊ သံဃာရှိတယ်။ ငါ ခုချိန်ထိ စောင့်ထိန်းလာတဲ့သီလရှိတယ်။ ငါသစ္စာဆိုမယ်၊ ငါတိုင်တည်မယ်' ဟု အသိဉာဏ်လေး လင်းလက်လာတော့သည်။

ကားရှေ့သို့သွားသည်။ကားခေါင်းကို လက်အုပ်ချီပြီး ငါးပါးသီလခံယူသည်။ သရဏဂုံဆောက်တည်သည်။ ငါးပါးသီလမြဲခဲ့မှုကိုအောက်မေ့၍ သစ္စာပြုလေသည်။

"တပည့်တော် ရတနာသုံးပါးကို ယုံကြည်ပါ၏။ ရတနာသုံးပါး၏ တန်ခိုးတော်အနန္တကိုလည်း အကြွင်းမဲ့ယုံကြည်ပါ၏။ ဤမှန်သောသစ္စာစကားကြောင့် တပည့်တော်၏ဒုက္ခကို ကယ်မ,မယ့်သူ ပေါ်ပါစေဘုရား။

တပည့်တော်သည် ငယ်စဉ်ကစ၍ ငါးပါးသီလကို စောင့်ထိန်းခဲ့၏။ အထူးသဖြင့် အသားစားခြင်းကို ရှောင်ကြဉ်ခဲ့၏။ သတ္တဝါတွေချမ်းသာပါစေ ဆိုသော စေတနာကြောင့် လည်းကောင်း၊ သီလ၏ တန်ခိုးတော်တို့ကြောင့် လည်းကောင်း တပည့်တော်၏ဒုက္ခကို ကယ်မမယ့်သူပေါ်ပါစေဘုရား။

တပည့်တော်ကို ငယ်ငယ်ကပင် စောင့်ရှောက်ခဲ့သော အဘအောင်မင်းခေါင်ခေါ် ဝိဇ္ဇာမိုရ်ခင်ဗျား။ အဘကို သားယုံကြည်ပါ၏။ အဘကို 'တ'ပါ၏။ သား၏အသံကို ချက်ချင်းကြားပြီး သားတော်ကို လာရောက် ကယ်မပေးပါရန် ရှိသေစွာ ကန်တော့ တောင်းပန်ပါ၏ ခင်ဗျား"

ဦးကျော်ဇောသည် အဘအောင်မင်းခေါင်ကို ယုံကြည်သည်။ အဘကိုလည်း ကိုးကွယ်ဆည်းကပ်သည်။ သို့သော် အဘကိုတော့ တစ်ခါမှ မမြင်ဘူးပါ။ ပေဒင်ဆရာတစ်ဦးက 'ခင်ဗျားကို အဘက စောင့်ရှောက်တယ်။ သာသနာဆက်၊ ပဋ္ဌာန်းဆက်ရှိတယ်' ဟု ပြောဖူး၏။ မိမိက အစကမယုံပါ။ အခက်အခဲတွေ့လိုက်၊ အဘ'တ'လိုက်လျှင် အဆင်ပြေပြေသွားသောအခါမှ အဘကို ယုံကြည်လာသည်၊ ကိုးကွယ်လာသည်။ ဟော - ခုတော့ အသက်နဲ့လဲရမည့်ဒုက္ခက မိမိပေါ်သို့ရောက်လာလေပြီ။ အဘကိုပဲ 'တ'နေမိပါတော့သည်။

တပည့်ကျော်လည်း သူ့ဆရာ မလာသဖြင့် အစိုးရိမ်ကြီးပြီး ချောင်းတစ်ဖက်ကမ်းမှ ပြန်လာလေသည်။ ဆရာ့ကို လက်ဆွဲပြီး အတင်းခေါ်နေလေသည်။ ငါ့ဆရာက ပစ္စည်းကို စွဲလမ်းလေသည်။ ရေကျလျှင် သေလိမ့်မည်ဟု ဆိုပြီး လက်ဆွဲခေါ်နေလေတော့သည်။

"ဆရာ လာပါ။ ပစ္စည်းသခါရပါ။ ပြန်ရှာရင် ရမှာပါ။ အသက်က အရေးကြီးတယ်။ ချောင်းရေတွေကလည်း ကျလာပြီ။ လာပါ ဆရာရယ်"

"တပည့်ရေ ငါကပစ္စည်းခင်တွယ်တာ မဟုတ်ဘူး။ ကူညီမယ့်သူ ရောက်လာအောင် 'တ'နေတာ၊ သစ္စာဆိုနေတာ"

"ခုချိန်မှာ ဒါတွေရွတ်နေလည်း ဘာထူးမှာလဲ ဆရာ။ ခုတောင် ရေက အတော်တိုးလာပြီ။ လာပါ ဆရာ"

တပည့်ကျော်က ဦးကျော်ဇောကို ဖွတ်ဆွဲပြီး ခေါ်သည်။ ဆရာ၏မဟုတ်မဟတ်ယုံကြည်မှုကိုလည်း အထင်သေး၏။ ရာထူးကြီးကြီးရှိတဲ့သူတွေလည်း ဒီလိုပဲ ယုံကြည်မှုတွေ၊ ကိုးကွယ်မှုတွေ ရှိကြတာပဲလို့ အထင်သေးသော မျက်လုံးများဖြင့် ကြည့်နေလေသည်။

များမကြာမီ ချောင်းတစ်ဖက်ကမ်းမှ ဓာတ်မီးများ၊ မီးအိမ်များဖြင့် လူ (၂၀) ခန့် ချောင်းထဲသို့ ပြေးဆင်းလာတော့သည်။ လက်ထဲတွင် ဝါးလုံးတစ်ချောင်း၊ ကြိုးများလည်း ပါလာကြသည်။ အသက်ကြီးကြီး လူကြီး (၁)ယောက်က ခေါင်းဆောင်ပြီး ကားထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပါတော့သည်။

"ဟေ့ - ကြိုးနဲ့ ကားကိုချည်ကွာ။ မြဲအောင်ချည်နော်။ ကြိုးစကို ဒီဘက်ဆွဲခဲ့"

ဟုပြောသည်။ ကြိုး၏အဖျားတွင် ဝါးလုံး၏အလယ်ကို ချည်လေသည်။

"ရှေ့က (၁၀) ယောက်က ဝါးလုံးကိုဆွဲ၊ နောက်က (၁၀)ယောက်က ကားနောက်ကတွန်း"

ဟု ပြောပြီး လူ(၂၀)၏ တက်ညီလက်ညီလှုပ်ရှားမှုကြောင့် ဂျစ်ကားလေး ချောင်းတစ်ဖက်ကမ်းသို့ ရောက်သွားပါတော့၏။ ဘယ်ရွာကလဲ၊ ဘယ်မှာနေတာလဲ၊ သူတို့က ဒီလိုဒုက္ခရောက်နေတဲ့ သူတွေကို ကူညီပြီး ငွေကြေးတောင်းခံတာလား စသည့်အတွေးများက ဝင်လာသည်။ ခေါင်းဆောင်ဆိုတဲ့ လူကြီးကတော့ မှောင်မှောင်မည်းမည်းမှာ သဲသဲကွဲကွဲမမြင်ရပါ။

"မင်းတို့ဒုက္ခရောက်နေလို့ ငါတို့လာကူညီတာ။ ဒီလောက်ဆိုရင် ရေလွတ်ပြီ။ ကားပျက်တာကတော့ ရှေ့နားက ကားပြင်ဆရာတစ်ယောက်ရှိတယ်၊ ဒီဆိုင်ကိုသွား"

ဟု ညွှန်ကြားလေသည်။

ဦးကျော်ဇောလည်း ကျေးဇူးတင်လွန်း၍ ဘာပြောရမှန်းမသိ။ ငွေပေးရန် ပိုက်ဆံအိတ်ဖွင့်ပြီး (၂၀၀) ကျပ်ထုတ်ပြီး-

"ဆရာကြီး၊ ဒီမှာပိုက်ဆံယူပါဦး။

www.burmeseclassic.com

ရှုလည်းတင်ပါတယ်ခင်ဗျား"

ဟု ပြောလေ၏။

"မင်းပိုက်ဆံ ငါကဘာလုပ်ရမှာ ပိုက်ဆံလိုချင်လို့ ကူညီတာမဟုတ် ဒုက္ခရောက်လို့ လာကူညီတာ"

ဟု ခေါင်းဆောင်က ပြောပြီး ထွက်သွားလေသည်။ ဦးကျော်ဇော ဘာပြန်ပြောရမှန်းမသိ ယောင် ဖြစ်နေသည်။

"ဆရာကြီး၊ ခဏလေးပါဗျာ။ ညည်လေးပြောခဲ့ပါဦး။ ဘယ်မှာနေ လဲ"

"ကံမကုန်သေးရင် ပြန်ဆုံရမှာ ။ နောက်ပြန်ဆုံရင် ငါ့နာမည် မန်ကျီးလို့ ပြောလိုက်"

ဟု ပြောပြောဆိုဆို အမှောင်ထု အောက်တွင် ပျောက်သွားလေတော့ သည်။ ဘယ်သူဘယ်ဝါမှန်း သေသေချာ ပြောပါ၊ မသိရပါ။ ဘယ်မှာနေတာ မေးလို့မရပါ။ နာမည်ကတော့ မန်ကျီး' တဲ့။ ဘယ့်နှယ် သစ်ပင် မည်ကို ပေးထားတာလဲ။ ဘာပဲပြော ကျေးဇူးတင်ရန်အတွက် ရင်ထဲ တော့ တသသဖြစ်နေပါတော့သည်။

"ဆရာ၊ ဆရာ၊ ဆရာ"

"ဟေ့ - ဘာလဲကွာ"

"ဆရာဘာတွေစဉ်းစားနေတာလဲ။ နှန်တော်ခေါ်တာကြာပြီ"

"အေး - ပြော"

"ဆရာဆုတောင်းပြည့်တယ်။ သူ ကောင်း နတ်ကောင်းမ,တယ် ဆို ဒါပဲ ဆရာ"

"အေး၊ အေး"

သေကံမရောက်အသက်မပျောက် သော ဘဝ၏ ခါးသီးသော အတွေ့အ လေးတစ်ခု ယခုထက်ထိ မြင်ယောင် သည်။ မိမိမှာ အသက် (၆၀)ကျော်၍ င်ယူခဲ့ပြီ။ သမီးကြီး ရင်ရင်စိုးပင် ထောင်ကျ၍ ကလေးပင်ရနေလေ မိမိတွေ့ကြုံခဲ့သော အဖြစ်အပျက် တို မမေ့ပါ။ မှတ်မိနေသေး၏။ မိမိ ကယ်ခဲ့သောပုဂ္ဂိုလ်ထူးကား ဘယ်သူ သိချင်၏။ အဘအောင်မင်းခေါင်း တ' ခဲ့ပြီး လာပြီး ကယ်မသူသည် အောင်မင်းခေါင်လား၊ အခြားသူ ယောက်လား၊ ပတ်ဝန်းကျင်ရွာက နေ့လူတွေလား ကွဲကွဲပြားပြားမသိ သိချင်၍ ပုပ္ပားသို့သွားသည်။ အဘ အောင်မင်းခေါင်ကိုရှာသည်။ အဘ လူ ၁၃၁၄ ခုနှစ်၊ တော်သလင်းလ ကျော် ၂ ရက်နေ့တွင် ထွက်ခွာ သွားခဲ့ပေပြီ။ အဘမရှိတော့ မေးလို့မရ တော့။

သူမသိလိုက်ရသော ပဟေဠိပုစ္ဆာ ၏အဖြေကို သိချင်သည်။ မြန်မာပြည် အဝန်း နာမည်ကြီးသော လူဝိဇ္ဇာ၊ ရဟန်းဝိဇ္ဇာများကို ချဉ်းကပ်စုံစမ်းသော် လည်း သေချာသောအဖြေကို မရခဲ့။ တွေ့တိုင်းကြုံတိုင်း မေးမြန်းစုံစမ်းရင်းဖြင့် မြေးလေးများပင် အတော်ကြီးလာပြီ။ သမက်ဖြစ်သူ မောင်သန်းထွန်းက ရန်ကုန် မြို့ သန်လျင်တွင် အဘတစ်ယောက် ရောက်ရှိနေကြောင်း၊ အမည်မှာ 'အောင် မင်းရှင်' ဟုခေါ်ကြောင်း သတင်းရရှိလာ သည်။

အဘ၏ သတင်းများကြောင့် ဦးကျော်ဇောတစ်ယောက် အလွန်တွေ့ ချင်၏။ ဇနီးသည် ဒေါ်ညိုကို ခေါ်ပြီး သန်လျင်သို့ ထွက်ခွာလာလေသည်။ သန်လျင် ဗိုလ်ချုပ်ရွာက ဘုန်းကြီးကျောင်း ထဲတွင် အဘအောင်မင်းရှင် နေထိုင်၏။ ကျောင်း၏သာသနိကအဆောက်အအုံ များကိုပြင်သည်။ ဘုရားများတည်သည်။ လာသမျှဝေနေယျတို့ကို ကယ်မပေးလေ သည်။

အဘကျောင်းသို့ဝင်၏။ အဘကို ကန်တော့၏။ သေသေချာချာ ဖူးမြင်ရ သောအခါ အလွန်ကြည်ညိုစရာပုဂ္ဂိုလ် ထူးဟု သေချာသိလေသည်။ ဆံပင် အရှည် သျှောင်ထုံးထားသည်။ မျက်မှန် အထူကြီးတပ်ထားသည်။

"အဘ - ဒါ ကိုသန်းထွန်း၊ မရင်စိုး တို့အဖေနဲ့ အမေ ဦးကျော်ဇောနဲ့ ဒေါ်ညို"

အဘ၏ သားသမီးများက မိတ် ဆက်ပေး၏။ အဘက မျက်မှန်အထူ ကြီးတပ်ပြီး တစ်ချက်စောင်းကြည့်ကာ-

"အေးအေး- ထိုင်ကြ၊ ရေနွေး ကြမ်းသောက်ကြ။ ခုဘာလာလုပ်ကြလဲ"

"အဘကိုဖူးဖို့ရောက်လာတာပါ။ အဘအမည်ဘယ်လိုခေါ်သလဲ အဘ"

"ငါ့နာမည် ဦးမန်ကျီးပဲ"

"ဗျာ"

ဦးကျော်ဇောတစ်ယောက် တုန် လှုပ်ချောက်ချားသွားလေသည်။ ငေး မောကြည့်ပြီး ရင်ထဲမှလှိုက်တက်လာ သည်။ ဘယ်လိုမှအောင့်မနေနိုင်တော့။ ဝမ်းနည်း၊ ဝမ်းသာ ရင်ထဲမှပျို့တက်လာ ပြီး မျက်ရည်တွေ ဒလဟောစီးကျလာ လေသည်။ ရင်ထဲမှ လှိုက်လာလိုက်၊ မျက်ရည်တွေကျလိုက်နှင့် ဘာစကားမှ မပြောနိုင်ဘဲ ငိုနေပါတော့သည်။

"ကျော်ဇော၊ မင်းကို ငါကယ်ခဲ့ ပြီဘဲ။ ခုဘာလို့ငိုနေတာလဲ"

"သား အဘကိုရှာပါတယ်။ ဘယ် လိုမှရှာလို့မရဘူး။ ခုထိ သားအဘကို ရှိခိုးကန်တော့အိပ်ပါတယ်။ သရဏဂုံ လည်းမြဲပါတယ်။ ငါးပါးသီလကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းပါ တယ်။ ခုမှ အဘနဲ့ဆုံတော့ သားဝမ်း သာလွန်းလို့ ငိုတာပါ အဘ"

"မင်းကို ငါမှာခဲ့တာပဲ။ ကံမကုန် ရင် ပြန်ဆုံကြမယ်လို့"

"ဟိုတုန်းက မှာခဲ့တာ ခုထိ မမေ့ သေးဘူး အဘ။ အဘနာမည်ကို ဘယ် သူမှ မသိဘူး။ သားတစ်ယောက်ကိုပဲ ဦးမန်ကျီးလို့ပြောတာ။ ဘာလို့ သစ်ပင် နာမည်ပြောရတာလဲ အဘ"

"မင်းခေါင်နဲ့ မန်ကျီးက တစ်ထပ် တည်းကျတယ်။ နေရာတိုင်းမှာ ငါ မင်း ခေါင်ပဲလို့ပြောလို့ ဘယ်ရမှာလဲ"

"ဟုတ်ကဲ့ အဘ၊ သားကို ဘာလို့ ကယ်ရတာလဲ အဘ"

"နံပါတ်(၁)က သရဏဂုံမြဲတယ်။ နံပါတ် (၂) က ငါးပါးသီလ စင်ကြယ် တယ်။ နောက် မင်းက ငါ့သားသမီးပဲ၊ ငါသွားမယ့်နေရာတိုင်း မင်းလိုက်နိုင် မလား"

"အဘသားဖြစ်နေပြီပဲ။သားလိုက် မယ်"

"အညာက ငါ့အမျိုးတွေရှိတယ်။ မလှိုင်နယ်ထဲက တောင်ရိုးတဲရွာမှာ ပြည် တော်ဝင်ပွဲကျင်းပမှာ။ မင်းလိုက်ခဲ့ရ မယ်"

"ဟုတ်ကဲ့ အဘ"

ဦးကျော်ဇောတစ်ယောက် ထမင်း ဟင်းချက်ရန် ဂက်(စ်)မီးဖိုတစ်လုံး၊ ဆန်၊ ဆီ၊ ဆား၊ ဟင်းရွက်ဟင်းသီး၊ သားငါး များနှင့်ပန်းကန်ခွက်ယောက်များ၊ အဝတ် အစား၊ အိပ်ရာလိပ် စုံလင်စွာဖြင့် အား ငါးတင်သော အလုံပိတ်ကားကြီးဖြင့် တောင်ရိုးတဲရွာ ပြည်တော်ဝင်ပွဲသို့ လိုက်လာပါသည်။

ထူးခြားသော ဦးကျော်ဇောကို ကျွန်ုပ် တောင်ရိုးတဲရွာ ပြည်တော်ဝင်ပွဲ ၌ တွေ့ရှိလိုက်ပါသည်။

"ဦးလေး - ဘာလို့ ထမင်းချက် တာတွေ၊ ပန်းကန်တွေ အကုန်သယ်လာ တာလဲ။ သားတို့ကျွေးနိုင်ပါတယ်"

"သားတို့စေတနာကို ဦးလေးနား လည်ပါတယ်။ ဦးလေးက ရောဂါရှိ တယ်။ ဆရာဝန် ညွှန်ကြားတဲ့အတိုင်း စားရတာမို့ အကုန်ယူလာတာ။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်ညို(ရွှေဘို)

# အေးမက်ဝင် ကောက်ကွေ့ပဲ

"အမေလာရင် ကောက်ကွေ့ပဲပြုတ်လေး ယူလာခဲ့ပါ" တဲ့။

စာရေးသူသည် ကိုယ်ပိုင်အထက်တန်းကျောင်းကို တည်ထောင်ထားသူဖြစ်သည်။ ဘော်ဒါနေကြသော ကျောင်းသားကျောင်းသူလေးများ ရှိပါသည်။ သူတို့တစ်တွေအား အပြင်ထွက်ခွင့်ကို တစ်လလျှင် တစ်ကြိမ်သာပေးပါသည်။ သို့သော် စာသင်နေချိန်မှအပ ဧည့်တွေ့ချိန်ပေးပါသည်။ အကြောင်းသော်ကား ကျေးလက်တောရွာများမှ မိဘဆွေမျိုးများသည် ဈေးဝယ်လာရင်း၊ ဈေးရောင်းလာရင်း သားသမီး၊ မြေး၊ မြစ်၊ တူ၊ တူမများကို လာရောက်တွေ့ကြရသောကြောင့်ဖြစ်ပါသည်။ ဧည့်လာတွေ့သော မိဘ၊ ဦးကြီး၊ ဦးလေးများကလည်း သူတို့၏ သားသမီး၊ မြေး၊ မြစ်၊ တူ၊ တူမများသာမက မိဘတို့နှင့် တစ်ရွာတည်းသားကျောင်းသူကျောင်းသားလေးများကိုပါ ခေါ်တွေ့ပြီး ဘာလိုသေးလဲ။ အိမ်ကို ဘာမှာလိုက်မှာလဲဟု မေးလေ့ရှိရာမှ -

'အမေလာရင် ကောက်ကွေ့ပဲပြုတ်လေးယူလာခဲ့ပါ' တဲ့ ဆိုတာကို ကြားလိုက်ရခြင်းပင် ဖြစ်ပါသည်။

ကောက်ကွေ့ပဲဆိုပါလား။ တစ်ခါမှမကြားဘူးပါလား။ စာရေးသူ သိသလောက် စားတော်ပဲ၊ ပဲကြီး၊ ပဲလွန်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစိမ်းငုံ၊ ပဲလိပ်ပြာ၊ ဘိတူးပဲ၊ ကုလားပဲဖြူ၊ ပဲနီပြား၊ ဘိုပဲ၊ ပုဂံပဲ၊ မယ်သီလပဲ၊ ပဲရေပွပဲ၊ ပဲစာဥ၊ ကုလားပဲ ဆိုတာတွေတော့ ကြားဖူးပါသည်။ ပဲကြီးတောင်မှ ပဲကြီးနက် ဆိုတာ မင်းဘူးရောက်မှ မြင်ဖူးတော့သည်။ စာရေးသူ အလွန်စိတ်ဝင်စားသွားပြီး ထိုကျောင်းသူလေးကိုခေါ်ပြီး ကောက်ကွေ့ပဲ ရှာပုံတော်ဖွင့်လိုက်ပါတော့သည်။

"သမီး ကောက်ကွေ့ပဲရောက်လာရင် ဘွားဘွားဆရာမကြီးကို ပြဦးနော်"

လို့ မှာလိုက်ပါသည်။

နောက်စနေနေ့တွင် မျှော်လင့်တောင့်တနေသော၊ သိလိုလှသော ကောက်ကွေ့ပဲက ရောက်လာပါသည်။

ကြောင့် သူများတွေ ဒုက္ခမရောက်စေချင်ဘူး"

"ဦးလေးက တရုတ်လား"

"တရုတ်-မြန်မာကပြားပါ"

"ဦးလေးက အဘအောင်မင်းခေါင်ကို ယုံသလား"

"ယုံတာပေါ့ကွယ်။ ဦးလေးက ကိုယ်တွေ့ကွယ့်"

"အဘကိုယ်တွေ့လေး ပြောပြပါ့လား"

တောင်ရိုးတဲရွာ ပြည်တော်ဝင်ပွဲတွင် ခဏတွေ့လိုက်ရသော ဦးကျော်ဇောမှ သူ၏ကိုယ်တွေ့ အဖြစ်အပျက်များကို ပြောပြပါသည်။

ကျွန်ုပ် ရန်ကုန်ရောက်သောအခါ အဘနေသောကျောင်းသို့ ရောက်၏။ ဦးကျော်ဇောနှင့်တွေ့၏။ ထပ်မံဆုံတွေ့သောအခါ အဘအကြောင်းများကို ပြောဖြစ်ပါသည်။

"ဦးကျော်ဇောနေကောင်းလား"

"ဆရာအဏ္ဏဝါလှိုင်းလား"

"ဟုတ်ပါ့၊ ဟုတ်ပါ့။ ရန်ကုန်သားတွေ အညာမှာတွေ့တုန်း၊ ကြုံတုန်းသာသိတာ။ ရန်ကုန်ရောက်ရင် မမှတ်မိတော့ဘူးလို့ ထင်နေတာ"

"ဟားဟားဟား- မဟုတ်ရပါဘူးကွာ။ လာလာ -စကားပြောရအောင်"

"အဘအောင်မင်းခေါင်နဲ့ ပတ်သက်ပြီး ထူးခြားတာလေးရှိရင် ပြောပြပါဦး"

"စာရေးဆရာကလည်း ကုန်ကြမ်းရှာနေတာနဲ့အတော်ပဲ။ ဒီကလည်း ပြောပြချင်နေတာ"

"ဒါဆိုရင်လည်း ပြောပြပါ ဦးလေးရယ်"

"ငါ တောင်ရိုးတဲရွာ လာတုန်းက ကျန်းမာရေးမကောင်းလို့ စားစရာတွေ ချက်စရာတွေနဲ့ယူလာရတာမှတ်မိလား"

"ဟုတ်တယ်၊ သားမှတ်မိတယ်"

"အေး - ဦးလေးရဲ့ သည်းခြေမှာ ကျောက်တည်နေတာ။ တစ်ခါ ခွဲထုတ်ပြီးပြီ။ နောက်နှစ်ကျတော့ ကျောက်တွေ ပြန်ရောက်နေတယ်"

"တော်တော်ထူးဆန်းတာပဲ"

"အေး - ဒါထက် ထူးဆန်းတာရှိတယ်။ ဆရာဝန်သွားပြတယ်၊ ဓာတ်မှန်ရိုက်တယ်။ ကျောက်ရှိတာကတော့ သေချာတယ်"

"ဦးလေးလည်း အသက်ကြီးပြီ။ တစ်ခါခွဲစိတ်ပြီးရင် ထပ်မခွဲစိတ်ချင်တော့ဘူး"

"ဟုတ်တာပေါ့။ ခဏခဏခွဲစိတ်တာ ကောင်းတာမှမဟုတ်ဘဲ"

"ဟော - အခု မခွဲမစိတ်ရဘဲနဲ့ ပျောက်ပြီ"

"ဘယ်ပါရဂူနဲ့ပြတာလဲ"

"ဘယ်ပါရဂူမှကုပေးတာ မဟုတ်ဘူး။ အဘရဲ့ဆီမန်းလိမ်းတာ"

"ပြောပါဦး၊ ကျွန်တော် တစ်ခါမှ မကြားဖူးဘူး"

"ဟုတ်တယ် ငါ့တူရဲ့။ အဘအောင်မင်းခေါင်က ပြောတယ်။ မင်းသည်းခြေထဲမှာ ကျောက်တွေ ပျောက်ချင်သလား။ နှမ်းဆီစစ်စစ်ရှာခဲ့လို့ပြောတယ်"

"နှမ်းဆီစစ်စစ်ကတော့ ရှာရတာလွယ်တာပေါ့"

"ဟုတ်တယ် နှမ်းဆီစစ်စစ် (၁) ပုလင်းကို ယူသွားတယ်။ အဘက မန်းပေးတယ်။ ဒီဆီမန်းကိုလိမ်းတာ (၁) ပုလင်းလည်းကုန်ရော ကျောက်တွေလည်း မရှိတော့ဘူး"

"အဘက ယုံကြည်မှုပြင်းထန်လို့ စိတ်ထင်နေတာ ဖြစ်နေမှာပေါ့"

"မဟုတ်ဘူး။ ဒီရောဂါက ကုတဲ့ ဆရာဝန်ထံသွားပြတာ ဆရာဝန်တော မယုံဘူး။ ထပ်ခွဲစိတ်ရမယ့်လူနာ ဓာတ်မှန်ပြန်ရိုက်စစ်ကြည့်တော့ ဘာကျောက်မှ မရှိတော့ဘူး"

"သြော် - အဘကကယ်ရမယ့်သူကို ကယ်ပေးနေတာပဲ"

"ငါ့တူ၊ အဘကိုယုံယုံကြည်ကြ ကိုးကွယ်။ တကယ့်ပုဂ္ဂိုလ်ထူးပဲ။ ငါ ပဋ္ဌာန်းဆက်ရှိလို့ ပြန်ဆုံရတာ။ တော် တော်ကံကောင်းတယ်"

"ဟုတ်ကဲ့ ဦးလေး၊ သားလည်း ယုံကြည်ပါတယ်"

ကျွန်ုပ်သည် အဘကို ယုံကြ ကိုးကွယ်သော အဘ၏ တပည့်တ ယောက်အကြောင်းကို စဉ်းစားရ အဘ၏ ဝိဇ္ဇာပညာရပ်တို့ကို ကြည် လေးစားမိပါတော့သည်။

အဏ္ဏဝါလှိုင်

www.burmeseclassic.com

www.burmeseclassic.com

ကောက်ကွေ့ပဲပြုတ်လေးကြည့်ပြီး -

"ဟဲ့ - သမီးလေး၊ ဒါကကောက်ကွေ့ပဲတဲ့လား။ တို့ရွှေဘိုမှာတော့ ပဲနီပြားကြီးလို့ ခေါ်တာပါကွယ်။ သမီးတို့ရွှေပန်းကုံးက ကောက်ကွေ့ပဲလို့ ခေါ်တာလား"

လို့ မေးလိုက်ပါသည်။

"ဘွားဘွားဆရာမကြီးရှင့် - ဟိုလေ၊ သမီးတို့ကလည်း ပဲနီပြားကြီးကို ကောက်ကွေ့ပဲလို့ ခေါ်တာ မဟုတ်ပါဘူးရှင့်။ ကောက်ကွေ့ပဲနဲ့ ပဲနီပြားကြီးကို ရောပြုတ်ထားလို့ပါ။ ဟောဒါက ပဲနီပြားရှင့်၊ ဟောဒါလေးက ကောက်ကွေ့ပဲလေးရှင့်"

ဆိုပြီး သူ့ချိုင့်လေးထဲက ပဲပြုတ်ကို ဇွန်းကလေးနှင့်ကော်ပြီး တခြားစီခွဲခြားပြပါသည်။

ဆရာမဖြစ်သော စာရေးသူက ကောက်ကွေ့ပဲပြုတ်စေ့ငံလေးတွေကို သေသေချာချာကြည့်မိသည်။ တကယ့်ကို ပဲလေးက ကွေ့ကွေ့ကောက်ကောက်လေးပါပဲ။ ဘေးတိုက်ကြည့်လျှင်တော့ ကြွေစေ့လေးလိုလိုဖြစ်နေပါသည်။

"ကောက်ကွေ့ပဲစေ့ချည်းပဲ မပြုတ်ဘဲ ဘာကြောင့် ပဲနီပြားနဲ့ရောပြီး ပြုတ်ရတာလဲ"

လို့ မေးတော့ -

"ကောက်ကွေ့ပဲက တော်တော်လေး ခါးတယ်။ ပူလည်း ပူပါတယ်။ ကောက်ကွေ့ပဲကို အသီးကနေ ခွဲယူပြီး ဆန်ဆေးရည်နဲ့ ခဏခဏအကြိမ်ကြိမ်စိမ်ရပါတယ်။ နောက်တစ်ခါ ခဏစိမ်၊ နောက်တစ်ခါ ခဏစိမ်နဲ့ သုံး၊ လေးကြိမ်စိမ်ပြီးမှ ဆန်ဆေးရည်နဲ့ ဆေးရပါတယ်။ အဲဒါပြီးမှ ပဲနီပြားနဲ့ရောပြီး ပြုတ်ရတာပါရှင့်။ ပဲနီပြားရဲ့အရသာနဲ့ ကောက်ကွေ့ပဲရဲ့ အရသာက ပေါင်းသွားပြီး ပိုပြီးဆိမ့်သွားပါတယ်။ ပဲနီပြားရဲ့ အရောင်ဖြစ်တဲ့ ညိုညစ်ညစ်အရောင်လေးပေါ့။ စားတဲ့အခါ ပဲနီပြားကို စားလိုက်တဲ့အခါ ပျော့ပျော့လေးဖြစ်ပြီး ကောက်ကွေ့ပဲကို စားတဲ့အခါမှာ ပျော့မနေဘဲ နည်းနည်းလေးမာသလိုလိုဖြစ်ပြီး တော်တော်လေး ဆိမ့်တယ်ရှင့်"

ဟု ဖြေပါသည်။

ဟုတ်လှပါပေ၏။ ကလေးမလေး၏ ပဲပြုတ်ကို စာရေးသူ မြည်းစမ်းကြည့်လိုက်သော် ပဲနီပြားအရသာထက် ပိုနေတာကို တွေ့ရပါ၏။ ကောက်ကွေ့ပဲကလည်း အခါးအရသာမရှိတော့ပါ။

နောက်တစ်ကြိမ် ထိုကလေးမလေး၏ မိခင် လာသောအခါ ကျွန်မအတွက် ကောက်ကွေ့ပဲလေးများ ယူလာပေးပါသည်။ ကောက်ကွေ့ပဲသီးလေးများမှာ ပေသီးလေးများနှင့် တူပါသည်။ ပေပင်ကိုတော့ လူတိုင်း မြင်ဖူးကြမည်ထင်ပါသည်။ ရှေးက ကျေးလက်တောရွာများတွင် ပေသီးများဖြင့် (ယောကျ်ားလေးများက) ပေသီးလိုမ့် တမ်းကစားကြပါသည်။ ပေသီးကို ပွတ်လုံးလုပ်ပြီး စိပ်ပုတီးလုပ်ကြပါသည်။ ကောက်ကွေ့သီးကို ပေသီးနှင့် တူသည် ပြောလေမှ နွားနို့ဆိုတာ ကောက်ကောက်ကြီးပါလားဖြစ်နေမှာကို စိုးရိမ်မိပါသည်။

## နွားနို့ဆိုတာ ကောက်ကောက်ကြီး

ဒိသာပါမောက္ခ ဆရာကြီးတွင် အလွန်ထူးအလှသော မျက်မမြင်တပည့်တစ်ယောက် ရှိလေ၏။ အလွန်ထူးလွန်းအလွန်းသဖြင့် သင်၍ကြား၍မရပါချေ။ တစ်နေ့သော် ကျောင်းသားတစ်ယောက်က သူသည် အလှူတစ်ခုမှနို့ထမင်းစားခဲ့ရကြောင်းပြောပြလေသော် ထိုထူအသူ မျက်မမြင်က -

"နို့ထမင်းဆိုတာဘာလဲ"

ဟု မေးစမ်းလေ၏။


ကျောင်းသားက နွားနို့ဆိုတာ အဖြူရောင်အရည်ပေါ့လို့ ရှင်းပြပြန်ပါသည်။ အမိဝမ်းတွင်းကပင်လျှင် မျက်စိကွယ်လာသောသူက အဖြူရောင်ကို မသိပါချေ။ ထိုအခါ အဖြူရောင်ဆိုတာ 'ဗျိုင်း' လိုပေါ့ဟု ထပ်ပြီးရှင်းပြပါလေ၏။ ဗျိုင်းကိုလည်း မမြင်နိုင်သူက -

"ဗျိုင်း ဆိုတာ ဘယ်လိုဟာလဲဟင်"

ဟု မေးလေသော် ထိုကျောင်းသားက အကြံရပြီး သူ့လက်ဝါးမှ (ဗျိုင်းနှုတ်သီးကဲ့သို့) လက်ချောင်းများကို



အပြွတ်လိုက်သီးသော ကောက်ကွေ့ပဲသီးများ




ကောက်ကွေ့ပဲအသီးလေးများ




www.burmeseclassic.com


www.burmeseclassic.com



ကောက်ကွေ့ပဲစေ့လေးများ



ရင့်လာသော ကောက်ကွေ့ပဲစေ့လေးများ ပြန့်သွားပုံ



ယာခင်းစပ်မှ ကောက်ကွေ့ပဲပင်

ကောက်ပြီး စမ်းသပ်ကြည့်စေပါ၏။ ထို အခါမှ ဝမ်းတွင်းကန်းသူသည် နားလည် သဘောပေါက်သွားပြီး -

"သိပြီ သိပြီ။ နွားနို့ ဆိုတာ ကောက်ကောက်ကြီးပါလား"

ဟု ပြောပါလေ၏တဲ့။

**လိုက်ချိုးသီးနှင့်လည်းတူပါပေ၏**

- ကောက်ကွေ့ပဲသီးလုံးကလေးများ သည် လိုက်ချိုးသီး (အတွင်းပိုင်း) နှင့် လည်းတူပါပေ၏။ ကောက်ကွေ့ပဲသီးလုံး ကို ဓားဖြင့်ခွဲလိုက်သော် အတွင်းတွင် လိုက်ချိုးသီးကဲ့သို့ အရည်ပါးပါးလေးအုပ် ထားသော ကောက်ကွေ့ပဲစေ့ (၃) စေ့မှ (၄) စေ့အထိ ပါရှိပါသည်။ ဓာတ်ပုံတွင် ပြထားသကဲ့သို့ ကြွေစေ့နှင့်တူသော ကောက်ကွေ့ပဲစေ့များရပါ၏။ ထိုပဲစေ့ များသည် ရင့်လာလျှင် ပုံတွင် ပြထား သကဲ့သို့ ကောက်ကောက်ကွေ့ကွေ့မှ စန့်လာပါသည်။

ကောက်ကွေ့ပဲသီးလုံးကို ဓားဖြင့် ခွာရာတွင် လွယ်ကူသော်လည်း အနံ့ဆိုးရှိ ပါသည်။ ပူလည်းပူပါသည်။ အာကာသ ဓာတ်နှင့် ပထဝီဓာတ်လွန်ပါသည်။

ကောက်ကွေ့ပဲပင်သည် အညာ ဒေသတွင် လမ်းဘေး၌ တွေ့ရလွယ် သော စောင်ချမ်းပင်နှင့် တူပါသည်။ ဝါး တစ်ပြန်ခန့်၊ နှစ်ပြန်ခန့်ရှိပါသည်။

ကောက်ကွေ့ပဲသီးလုံးများသည် အပြွတ်လိုက်အခိုက်လိုက်သီးပါသည်၊ တစ်လုံးတည်းလည်းသီးပါသည်။ မြန်မာ တိုင်းရင်းဆေးများတွင် ဝမ်းနုတ်ဆေး အဖြစ်သုံးသော ကနခိုလောက်တော့ မပူပါ။

ကောက်ကွေ့ပဲကို ပဲပြားကြီးအနှံ နှင့် ရောပြုတ်ပြီး စားကြပါသည်။ ပဲပြား ကြီး၏ အရသာကို ပိုပြီးထူးခြားပါစေ၏၊ အစာကြေချက်မြန်ခြင်း၊ လေလည်ခြင်း ကို ဖြစ်စေပါသည်။ ဆေးဖက်ဝင်သော ပဲတစ်မျိုးဖြစ်ပါ၍ သုတေသနပြုရန်သာ လိုပါသည်။

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွှေပန်းကုံး ကျေးရွာတွင် ဤကောက် ကွေ့ပဲကို နှစ်နှစ်ခြိုက်ခြိုက် စားသုံးနေ ကြပါသည်။

ပြင်ဦးလွင်သုတေသနမှ ဒေါ်လဲ့ လဲ့ဝင်းနှင့် ဒေါ်ဖြိုးမွန်ဦးတို့အား ဤ ကောက်ကွေ့ပဲကို သုတေသနပြုပေးပါ ရန် မေတ္တာရပ်ခံပါသည်။

ဝေစည် (ရွှေဘို)

www.burmeseclassic.com

www.burmeseclassic.com

# တင်နိုင်တိုး

## ပြဒါးလင်းဂူနှင့်အတွေးများ



ပြဒါးလင်းဂူသည် တောင်ကြီးခရိုင် ရွာငံမြို့နယ်အတွင်း ညောင်ကြတ်တော့ရွာ၏ အရှေ့မြောက်ဘက် (၄) မိုင်အကွာ ရေပုတ်ရွာဟောင်း၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ၌ တည်ရှိကြောင်းဆိုပါသည်။ ရှမ်းကုန်းပြင်မြင့်၏ အနောက်ဘက် တောင်စွယ်အခြေ၌ တည်ရှိနေပြီး ပေတစ်ထောင်ကျော်မြင့်သော ကုန်းပြင်မြင့်ပေါ်၌ တည်ရှိနေခြင်းလည်းရှိသည်။

ပြဒါးလင်းဂူက တစ်ဂူတည်း မဟုတ်။ နှစ်ဂူ၊ သုံးဂူရှိနေခြင်း ဖြစ်သည်။ ဂူတစ်ဂူအတွင်းနံရံအထက်တွင် ရှေးဟောင်း ကျောက်ခေတ်လူသားများ ရေးဆွဲသွားကြသည့် ပန်းချီပုံများရှိနေသည်။ လိုဏ်ဂူများမှာ ထုံးကျောက်ဂူများဖြစ်ကြသဖြင့် ကျောက်စက်ပန်းဆွဲ၊ ကျောက်တော်မိုးမျှော်များဖြင့် ပြည့်နှက်နေသည်။ တွေ့ရှိရသည့် ပန်းချီပုံများမှာ နေပုံ၊ ငါးပုံ၊ နွားရိုင်းပုံ၊ လက်ဝါးပုံ စသည်ဖြင့် ဖြစ်သည်။

ဘူမိဗေဒပညာရှင်များ၏ အဆိုအရ ပန်းချီလက်ရာများက ကျောက်ခေတ်လူသားများ၏ လက်ရာဟု ခန့်မှန်းကြသည်။ ကျောက်ခေတ်လူသားများသည် မိမိတို့ တွေ့ရာမြင်ရာပုံများကို ကျောက်ဂူနံရံထက်တွင် ဝက်မှင်၊ မြေနီခဲသည့်ရရာ ကိရိယာများဖြင့် ရေးဆွဲခဲ့ကြခြင်း ဖြစ်သည်။ သို့သော် ကျောက်ခေတ်လူသားများရေးဆွဲခဲ့ကြသည့်ပုံများက ဝေဒပညာရှုထောင့်မှ အတွေးများဖြင့်ကြည့်လျှင် စိတ်ဝင်စားစရာကောင်းလှပါသည်။

လိုဏ်ဂူအမှတ် (၁) တွင် နံရံဆေးပန်းချီများရှိသည်ဟု စတင်တင်ပြခဲ့သူက ဘူမိဗေဒပညာရှင် ဦးခင်မောင်ကျော်ဖြစ်သည်ဟု ဆိုသည်။ သူ၏ တင်ပြချက်ကြောင့်ပင် ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် ရှေးဟောင်းသုတေသနဌာန သမိုင်းကော်မရှင် ရန်ကုန်တက္ကသိုလ်ဌာနအသီးသီးမှ ပညာရှင်များ သွားရောက် လေ့လာဖြစ်ခဲ့ကြသည်။ လိုဏ်ဂူပေါက်များက ပေ (၅၀) မှ (၇၅) ပေအထိ မြင့်မားသော တောင်ကမ်းပါးယံထက်၌ တည်ရှိကြသည်။ ဂူများက တောင်ဘက်သို့ မျက်နှာမူနေကြသည်။

နံရံဆေးပန်းချီများကို မြေပြင်အထက် (၁၀) ပေ၊ (၁၂) ပေအမြင့်၌ ရေးဆွဲထားခြင်း ဖြစ်သည်။ ကျောက်ဂူအတွင်းမှ နေလုံးကြီးအား မြင်ရပုံက စိတ်ဝင်စားဖွယ်ဖြစ်သည်။ ကျောက်ခေတ်လူသားများသည် သဘာဝကို ဂရုပြု လေ့လာခဲ့သည်ဟု ဆိုနိုင်ပါသည်။ နေလုံးကြီး၏ အနေအထားက နေမွန်းမတည့်မီ (၁၁) နာရီဝန်းကျင်ခန့်ဖြစ်ဟန်ရှိပါသည်။ ရေးဆွဲခဲ့သူက မည်သို့ရည်ညွှန်းလိုသည်ကိုမသိရသော်လည်း သွယ်ဝိုက်သောနည်းအားဖြင့် တနင်္ဂနွေဂြိုဟ်၏ အခြင်းအရာကို သဘောပေါက် နားလည်ဟန်ရှိပါသည်။ ရာသီဥတုကောင်းမွန်သောနေ့တစ်နေ့တွင် လုပ်ရိုးလုပ်စဉ် အမဲလိုက်မထွက်ဘဲ ကျောက်ဂူနံရံထက်၌ နေလုံးပုံရေးဆွဲနေသူသည် ဝေဒပညာရပ်ကို လေ့လာလိုက်စားနေသူ ဖြစ်သလောဟု ကြံကြံဖန်ဖန်တွေးမိပါသည်။

နံရံအထက်တွင် တွေ့ရှိရသည့် အခြားပုံတစ်ပုံက ငါးပုံဖြစ်သည်။ အသေအချာကြည့်လျှင် ငါးတစ်ကောင်ထက် ငါးနှစ်ကောင် အမြီးချင်းယှက်နေပုံဟု မှတ်ယူဖွယ်ရှိပါသည်။ ဝေဒပညာတွင် ငါးနှစ်ကောင်အား ကြိုးဖြင့်ချည်နှောင်ထားပုံသင်္ကေတမှာ မိန်ရာသီကို ရည်ညွှန်းပါသည်။ သို့ဖြစ်၍ ငါးနှစ်ကောင် အမြီးချင်းထိစပ်နေပုံက ကျောက်ခေတ်လူသားအနေဖြင့် မိန်ရာသီကို ရည်ညွှန်းလိုဟန်ရှိသလောဟု ကြံကြံဖန်ဖန် အတွေးလွန်မိပြန်ပါသည်။

အခြားပန်းချီပုံတစ်ပုံတွင် နွားသိုးကဲ့သို့သောပုံမျိုး ရေးဆွဲထားသည်ကို တွေ့ရသည်။ နွားသိုးသည် ဝေဒပညာအလိုအရ ပြိဿရာသီ၏ အမှတ်အသားဖြစ်သည်။ ကျောက်ခေတ်ပန်းချီဆရာသည် (၁၂) ရာသီရုပ်များကို ရေးဆွဲသရုပ်ဖော်နေသလောဟု တွေးကြည့်မိသည်။ (၁၂) ရာသီရုပ်များ ဖြစ်မည်ဆိုလျှင်ပင် မိန်ရာသီ (ငါးနှစ်ကောင်ရုပ်)၊ ပြိဿရာသီ(နွားသိုးရုပ်)တို့ကို တစ်ဆက်တစ်စပ်တည်းရေးဆွဲထားပုံက အဓိပ္ပာယ်တစ်စုံတစ်ရာရှိမည်ဟု တွေးဆမိပြန်ပါသည်။

ထူးထူးခြားခြား ထပ်မံ တွေ့ရှိရပုံက လက်ဝါးပုံစံ ဖြစ်သည်။ ညာဘက်လက်ဝါးကို အတော်အတန် အသေးစိတ် ရေးဆွဲထားပါသည်။ လက်ဝါးပြင်ထက်ရှိ အရေးအကြောင်းများကိုပင် သရုပ်ဖော် ရေးဆွဲထားဟန် တွေ့ရှိရသည်။ ထူးခြားသည်က လက်သူကြွယ်အောက်ဘက်တည့်တည့်မှ အစက်တစ်စက်ကို စက်ဝိုင်းငယ်နှစ်ဝိုင်းက ဝန်းရံထားခြင်းဖြစ်သည်။ မည်သည့်အဓိပ္ပာယ်ကို ဆိုလိုကြောင်း မသိရသော်လည်း ကြံကြံဖန်ဖန် တွေးကြည့်မိတော့ ဝေဒပညာဆန်ဆန် ဖော်ညွှန်းနေဟန်ရှိပါသည်။

ပြဒါးလင်းဂူထက် နံရံတွင်ရှိသည့် လက်ဝါးပြင်ပုံသည် လက္ခဏာပညာကို ဆိုလိုလေသလော။ လက်ဝါးပြင်သည် အနာဂတ်ကို မှန်းဆနိုင်ကြောင်း၊ အတိတ်ကို ဖော်ညွှန်းနိုင်ကြောင်းကို ဖော်ပြချင်သလော။ လက်သူကြွယ်အောက်တွင်ရှိနေသော စက်ဝိုင်းအထပ်ထပ်က တနင်္ဂနွေဂြိုဟ်ခုံထက်မှသင်္ကေတကို ရည်ညွှန်းနေပါက ကျောက်ခေတ်လူသားသည် လက္ခဏာပညာရှင်တစ်ဦးလော။ စသည်ဖြင့် တွေးစရာတွေရှိနေပါသည်။

ကျောက်ဂူနံရံထက်မှ ပန်းချီပုံများသည် အဓိပ္ပာယ်မဲ့ ရေးဆွဲထားသည်ထက် တစ်စုံတစ်ရာကို မှတ်တမ်းတင်ထားခြင်းဖြစ်မည်ဟု မှတ်ယူမိပါသည်။ သို့သော် ဝေဒပညာရပ်နှင့် သက်ဆိုင်ခြင်းရှိ၊ မရှိကိုမူ ရေးဆွဲသူ ကာယကံရှင်ကသာ သိရှိပေလိမ့်မည်။ သို့တည်းမဟုတ် မိမိ၏အတွေးလွန်မှုသာ ဖြစ်ပေလိမ့်မည်။

တင်နိုင်တိုး

ကျမ်းကိုး -

အခြေပြုမြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ)



www.burmeseclassic.com

www.burmeseclassic.com

ခက်မှု (၂) ငြိမ်း

# တင်ထွန်း

## ဘယ်ကလာပြီး ဘယ်သွားကြမှာလဲ



ဘဝသံသရာ ဆိုသည်မှာ အဆုံးအစမရှိကြသည့် အလွန်ရှည်လျားလှသော သံသရာခရီးလမ်းတစ်ခုဖြစ်ပါ၏။ ရုပ်နှင့်နာမ်ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့မရောက်ကြမီကာလပတ်လုံး သက်ရှိသတ္တဝါများဖြစ်ကြသည့် လူနှင့် အဟိတ်တိရစ္ဆာန်တို့သည် ဗေဒါပင်များနှင့် တူကြပြီး နိဗ္ဗာန်နှင့် အလားသဏ္ဌာန် တူညီသည့် ကမ်းခြေသို့မရောက်မီကာလ၌ သံသရာကြီးနှင့်တူညီလှသည့် ဘဝပင်လယ်ပြင်တွင်မျောပါနေကြသလို ကမ်းမမြင်လမ်းမမြင်ဘဝများကဲ့သို့ဖြစ်နေကြရပါ၏။ စာရေးသူကိုယ်တိုင်မှာလည်း သံသရာခရီးသည်တစ်ဦးဖြစ်နေ၍ ယခုမျက်မှောက်ကာလ လူ့ဘောင်သို့မရောက်ရှိမီကာလ မည်သည့်ဘုံဘဝများသို့လျှောက်လှမ်းရလိမ့်မည်ကိုလည်း ပုထုဇဉ်လူသားတစ်ယောက်အနေဖြင့် မသိရှိပါ။

ယခုမျက်မှောက်ကာလ၌ တွေ့ဆုံကြုံတွေ့နေကြသည့် လူသားများအနေဖြင့် ဆွေမျိုးတော်စပ်ကြသည်ဖြစ်စေ၊ မတော်စပ်ကြသည်ဖြစ်စေ အတိတ်ကာလဘဝပေါင်းများစွာမှ ရေစက် သို့မဟုတ် ပဋ္ဌာန်းဆက်များကြောင့် တွေ့ဆုံကြုံတွေ့နေကြခြင်းလည်း ဖြစ်ပါ၏။ ယခု ပစ္စုပ္ပန်ကာလ၌ ရေစက်မပါရှိကြသည့်သူတို့အား မည်သည့်အချိန်၊ မည်သည့်အကြောင်းရင်းကတော့ တစ်ဦးနှင့်တစ်ဦး ပဋ္ဌာန်းဆက်များမပါရှိခြင်းတို့ကြောင့် ဖြစ်ပါ၏။ အတိတ်ဘဝကပြုလုပ်ခဲ့ကြသည့် ကုသိုလ်နှင့် အကုသိုလ်တရားများကြောင့်လည်း မျက်မှောက်ကာလတွင် ရုပ်ရည်ချင်းများ မတူညီကြသလို၊ ပညာဉာဏ်များနှင့်ဓနဥစ္စာများပေါကြွယ်ဝကြသော်လည်း အချို့သောသူများဖြစ်ကျတော့ ကုန်းကောက်စရာများမရှိကြအောင် ဆင်းရဲချို့တဲ့ကြပါ၏။ အချို့ကျတော့ ပညာအရည်အချင်းများနှင့် ပြည့်စုံကြသော်လည်း ပညာချို့တဲ့ကြသည့်သူများမှာလည်း ရှိကြပါ၏။

အတိတ်ဘဝက သီလပြည့်စုံကြသောများအနေဖြင့် ယခုဘဝတွင် အသက်ရှည်ကြသော်လည်း အချို့ကျတော့ သီလနည်းကြ၍လားတော့မသိပါ။ အသက်တိုတတ်ကြောင်းကိုလည်း တွေ့မြင်နေကြရပါ၏။ အတိတ်ဘဝက ဒါနများခဲ့ကြသောသူများအနေဖြင့်လည်း ယခုမျက်မှောက်ကာလ၌ ဥစ္စာဓနပေါကြွယ်ဝကြသောသူအဖြစ်နှင့် ဘဝတွင်ရှင်သန်ရပ်တည်လျက်ရှိကြပါ၏။

ထိုဖြစ်စဉ်များအား ထောက်ရှုခြင်းအားဖြင့် အတိတ်ကအရိပ်များသည် ယခုမျက်မှောက်ကာလတွင် ပြန်လည်၍ ထင်ဟပ်လာနေကြောင်းကိုလည်း သိရှိခဲ့ရသဖြင့် အတိတ်ကာလကံများသည် လူတို့ပြုလုပ်ခဲ့ခြင်းများကြောင့်ဖြစ်ကြပြီး ယခုမျက်မှောက်ကာလ၌ လူသားများအနေဖြင့် တစ်ယောက်နှင့်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တို့ အစစအရာရာ မတူကွဲပြားခြားနား နေကြခြင်း ဖြစ်ပါ၏။ တကယ်တမ်းကျ တော့ သတ္တလောကဆိုသည်မှာလည်း သမ္ဘာရာအထက်သို့ ခေတ္တခဏတက် ရောက်လာကြသည့် ဧည့်သည်ပမာများ ကဲ့သို့ဖြစ်ကြပြီး လူသားများအနေဖြင့် ပစ္စုပ္ပန်ကာလဖြစ်သည့် လူ့ဘဝသို့ ခေတ္တ ရောက်ရှိနေကြချိန်တွင် တစ်ဦးနှင့်တစ်ဦး မေတ္တာထားကြရမည် ဖြစ်သော်လည်း ရန်သူကြီးများပမာ တစ်ဦးနှင့်တစ်ဦး ဆက်ဆံနေကြကြောင်းများကို စာရေး သူအနေဖြင့် သိမြင်တွေ့ရှိနေရပါ၏။

ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများ တွင်လည်း လူသားအချင်းချင်း မေတ္တာ နှင့် သစ္စာတရားတို့ဖြင့် ကူးလူးဆက်ဆံ သင့်ကြသော်လည်း နိုင်ငံရေးနည်းလမ်း များဖြင့် မဖြေရှင်းကြဘဲ စစ်ရေးနည်း လမ်းများဖြင့်သာ ဖြေရှင်းနေကြကြောင်း ကို မီဒီယာများတွင် နေ့စဉ်တွေ့မြင်နေရ သဖြင့် တစ်နည်းအားဖြင့် သူတို့သည် တစ်ဘဝစံလူသားများသာဖြစ်ကြ၍ သူတို့ ၏အနာဂတ်သံသရာခရီးလမ်းများသည်



www.burmeseclassic.com

www.burmeseclassic.com

လည်း ရင်လေးစရာကောင်းကြပါ၏။ မေတ္တာတရား ဆိုသည်မှာလည်း တောတောင်လျှိုမြောင်ကြားမှ ဖြတ်ကျော်စီးဆင်းလာကြသည့် စိမ့်စမ်းရေပမာ အေးမြကြည်လင်သော်လည်း အကုသိုလ်တရားများ ဖြစ်ကြသည့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကတော့ ငရဲမီးပမာ ပူလောင်ပြင်းပြကြပါ၏။ ကမ္ဘာပေါ်ရှိ အချို့သောသူများက အကုသိုလ်တရားတို့ကို တံလျှပ်ကို ရေထင်၍ ရွှေသမင်အလိုက်မှားကြသလို သံသရာခရီးတွင် ကမ်းမမြင်လမ်းမမြင်ဘဝများဖြင့် ပယ်လယ်ပြင်တွင် ရောက်ရှိကြရသလို ခံစားကြရမည် ဖြစ်ပါ၏။

တစ်နည်းအားဖြင့် လောဘစိတ်ကြောင့် ဆင်သေကောင်ပေါ်၌ လိုက်ပါသွားခဲ့သည့် ကျီးမိုက်တစ်ကောင်ပမာ ပင်လယ်ပြင်တွင် ကမ်းမမြင်လမ်းမမြင် သေဆုံးခဲ့ရသည့်ကို ထောက်ရှုခြင်းအားဖြင့် လေး၊ မြား၊ ညွှတ်၊ ကျော့ကွင်းများကို မတွေ့မြင်ဘဲ စားချင်သော အာသာသာရှိပြီး ဝင်လာနားလာသောကျီးဘယ်သို့ဖြစ်တတ်ကြောင်းကိုလည်း သိရှိထားကြရမည် ဖြစ်ပါ၏။

စာရေးသူ၏ ဘဝခရီးလမ်းတစ်လျှောက်တွင်လည်း လောဘမီးတို့ကြောင့် ဘဝပျက်သွားခဲ့ကြသောသူများကို မြင်တွေ့သိရှိခဲ့ရသလို ဒေါသမီးတို့ကြောင့် ဘဝပျက်သွားခဲ့ကြသောသူများကို မြင်တွေ့ခဲ့ရပြီး မောဟမီးတို့ကြောင့်လည်း ဘဝတစ်ခုလုံးဆုံးရှုံးနစ်မြုပ်သွားခဲ့ကြသူများနှင့်လည်း တွေ့ကြုံခဲ့ရပါ၏။ ထိုအကုသိုလ်တရားများကို ကျူးလွန်ခဲ့ကြသူများအနေဖြင့်လည်း ခါးတမာကို ပျားသကာထင်မှတ်ခဲ့ကြ၍ ဘေးဒုက္ခအနိဋ္ဌာရုံများနှင့်တွေ့ကြုံကြရခြင်းလည်း ဖြစ်ပါ၏။ ဣဋ္ဌာရုံဟုဆိုသည့် ကောင်းသော အထိအတွေ့များ၊ အနိဋ္ဌာရုံဟုခေါ်တွင်သည့် မကောင်းသည့် အတွေ့အထိများကိုလည်း မိမိတို့မှာရှိကြသည့် တွေးခေါ်တတ်သည့် အသိဉာဏ်များဖြင့် အမှားနှင့် အမှန်တို့ကို ပိုင်နိုင်စွာဆုံးဖြတ်နိုင်ကြရမည်သာ ဖြစ်ပါ၏။ 'ဘယ်သူမပြု မိမိမှု' ဟု ဆိုထားသည့်အတိုင်း ကုသိုလ်တရားနှင့် အကုသိုလ်တရားများကို ပြုလုပ်ကြသည့်သူများမှာလည်း မနောကံဟုဆိုသည့် စိတ်နှင့်ပြစ်မှားခြင်း၊ ဝစီကံဟု ခေါ်ဆိုသည့် နှုတ်နှင့်ပြစ်မှားခြင်းနှင့် ကာယကံဟုခေါ်ဆိုသည့် ကာယကံမြောက် ကျူးလွန်ခြင်းတို့သည် မနောကံကို မထိန်းသိမ်းနိုင်ခဲ့ရာမှ ဝစီကံနှင့် ကာယကံများတို့ကိုပါ ပူးတွဲ၍ပါရှိလာခြင်း ဖြစ်ပါ၏။

တစ်ချိန်တစ်ခါက ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး နယူတန် ပြောကြားခဲ့သလို 'သက်ရောက်မှုတိုင်းမှာ တူညီသော တန်ပြန်သက်ရောက်ခြင်းများရှိကြ၏' ဟူ၍ ဖြစ်ပါ၏။ ဣဋ္ဌာရုံဟု ခေါ်ဆိုသည့် ကောင်းသောအာရုံတို့သည် ခံစားခြင်းဆိုသည့် ကောင်းသောဖြစ်ရပ်များနှင့် တွေ့ကြုံကြရသလို အနိဋ္ဌာရုံဟုခေါ်ဆိုသည့် မကောင်းသော အာရုံများသည် ခံစားခြင်းဆိုသည့် ဆိုးကျိုးများတရားများကို တွေ့ကြုံကြရမည်မှာလည်း လောကသစ္စာများပင် ဖြစ်ကြပါ၏။ လောကသစ္စာစကား ဆိုသည်မှာလည်း မည်သည့်အချိန်ကာလတွင်မျှ မှားယွင်းခြင်းများ မရှိကြပါ။ ထာဝရမှန်ကန်နေမည့်စကားများသာဖြစ်ကြ၍ သက်ရှိသတ္တဝါများဖြစ်ကြသည့် လူသားတို့အနေဖြင့် လောကသစ္စာတရားကို သိရှိထားကြရန် အထူးလိုအပ်ကြောင်းကိုလည်း ရေးသား ဖော်ပြလိုပါ၏။ မနောကံဆိုသည်မှာလည်း ကာယကံ၏အစနိဒါန်းဖြစ်၍ ကာယကံမြောက်ခြင်းဆိုသည်မှာလည်း ဆိုးကျိုး၏ အဆုံးနိဒါန်းပိုင်းသို့ရောက်ရှိလာခြင်း ဖြစ်ပါ၏။ မနောကံမှ မြစ်ဖျားခံခဲ့ပြီး ဝစီကံမြောက်ကျူးလွန်မိ၍ ဘဝပျက်သွားခဲ့ကြသောသူများရှိကြသလို ဝစီကံမှ ဆက်လက်၍ ကာယကံမြောက်ကျူးလွန်မိခဲ့၍ ဘဝပျက်သွားကြသူများလည်း ရှိ၏။ ကာယကံမြောက်ခြင်း၏ မြစ်ဖျားခံရာဖြစ်သည့် မနောကံကို အထူးသတိပြုကြရမည်ဖြစ်၏။

လူ့ဘောင်လောက၌ တန်ဖိုးရှိကြသည့် ကျောက်မျက်ရတနာများ ရှားပါးကြသော်လည်း တန်ဖိုးမရှိကြသည့် လမ်းခင်းကျောက်များကျတော့ ပေါများလွန်းကြပါ၏။ ထို့အတူ လူကောင်း၊ လူတော်များ နည်းပါးကြသလို လူဆိုးလူမိုက်တို့ ပေါများကြခြင်းမှာလည်း လောကနိယာမတရားတစ်ခုသာဖြစ်၍ ကောင်း၍လည်း တန်ဖိုးရှိကြသောကျောက်မျက်ရတနာများနှင့် လူကောင်း၊ လူတော်များ နည်းပါးကြရပြီး မကောင်းသဖြင့် တန်ဖိုးမရှိကြသောအရာများ ပေါများနေရခြင်းလည်း ဖြစ်ပါ၏။

တစ်ချိန်တစ်ခါက စာရေးသူ၏ ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးသည် စိတ်နေသဘောထားကောင်းသော်လည်း ကာမပိုင်အမျိုးသမီးတစ်ဦးအား မနောကံဖြင့်ပြစ်မှားမိခဲ့ရာမှ ကာယကံမြောက်ပါ ထပ်ဆင့်ကျူးလွန်မိခဲ့သဖြင့် မုဒိမ်းမှုဖြင့် အကျဉ်းကျခံခဲ့ရခြင်းကို ထောက်ရှုခြင်းအားဖြင့် ထိုအမျိုးသမီးဖြစ်သူရဲ့ ရုပ်ရည်လှပခြင်းကို မနောကံဖြင့် သာယာကြည်နူးခဲ့ရာမှ နောက်ဆုံး ကာယကံမြောက်ပါ ကျူးလွန်ခဲ့ရာ သူကိုယ်တိုင် ဘဝပျက်ခဲ့ရခြင်းမကဘဲ သူ၏ မိသားစုပါ အိမ်ထောင်ဦးစီးတစ်ယောက် အကျဉ်းကျခဲ့၍ တစ်မိသားစုလုံး ဘဝပျက်သွားရခြင်း၏ အဓိအကြောင်းရင်းက အနိဋ္ဌာရုံဖြစ်သည့် မနောကံကို ထိန်းသိမ်းခြင်း မပြုနိုင်၍ ကာယကံမြောက်ပါ ကျူးလွန်မိခဲ့သဖြင့် သူ၏အနာဂတ် ဘဝမှာလည်း မှေးမှိန်ပျောက်ကွယ်သွားခဲ့ရခြင်း ဖြစ်သည်။ ခက်ထန်ကြမ်းတမ်းသည့်အကျဉ်းသားဘဝတွင် အနာဂတ်ခရီးလမ်းကို လျှောက်လှမ်းရာတွင်လည်း ကြမ်းတမ်းသော ခယောင်းလမ်းကို ဖြတ်သန်းလျှောက်လှမ်းရင်းနှင့် သူ့ဘဝရဲ့ နောက်ဆုံးနေ့ရက်များကို ဖြတ်သန်းခဲ့ရင်းနှင့် အကျဉ်းသားဘဝဖြင့် မကြာမီကာလက လွှတ်မြောက်လာခဲ့ပါ၏။

ပုထုဇဉ်လူသားတစ်ဦးအနေဖြင့် အမှားတစ်ခုကို ကျူးလွန်ခဲ့ခြင်းကို လူမှုရေးအရ ခွင့်လွှတ်နိုင်သော်လည်း တရားဥပဒေကတော့ ခွင့်လွှတ်နိုင်မည် မဟုတ်ပါ။ မိတ်ဆွေဖြစ်သူမှာ သိလျက်နှင့် ဝိပါက်ကယ်ကြမ္မာငင်တတ်သည့် အမှားတစ်ခုကို ကျူးလွန်ခြင်းကြောင့် လူမှုရေးအရသော် လည်းကောင်း၊ တရားဥပဒေအရသော် လည်းကောင်း ခွင့်လွှတ်နိုင်ကြမည်မဟုတ်သည့်အပြင် လူမှုရေးသိက္ခာများကျဆင်းခဲ့ရသည်။ စိတ်အလိုလိုက်မိ၍ အမှားနောက်သို့လိုက်ခဲ့မိခြင်းကြောင့် တံတွေးကို ပြန်လည်၍ မျိုချမရခဲ့သလို သဲထဲသို့ ရေသွန်ချသလို အရာမထင်ဖြစ်တတ်သဖြင့် ကောင်းကျိုးများ မဖြစ်ပေါ်နိုင်စေသည်ကို ကြိုတင်၍ အသိတရားတစ်ခုဖြင့် သတိထားကြရမည် ဖြစ်ပါ၏။

စာရေးသူအနေဖြင့်လည်း တစ်ချိန်က ဝစီကံနှင့် ကာယကံမြောက်ကျူးလွန်ခဲ့သူတစ်ဦးကို တွေ့ကြုံခဲ့ပါ၏။ ထိုသူသည် တစ်ချိန်တစ်ခါက စာရေးသူနှင့် တစ်ရပ်ကွက်တည်းတွင် အတူနေထိုင်ခဲ့ပြီး စိတ်ထားကောင်းသော်လည်း ဒေါသကြီးမားသူတစ်ယောက်ဖြစ်၍ ရက်တစ်ရက်မှာ သူ၏အစ်မဖြစ်သူအား အခြားသူတစ်ဦးက နောက်ပြောင်ကျီစယ်ခဲ့မှ သည်းခံခြင်းစိတ်ကို ကျော်လွန်ခဲ့ပြီး နောက် ဝစီကံဖြင့် ဆဲရေးတိုင်ထွာခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

ပါ၏။ ထို့နောက် လူသတ်မှုပါ ကာယကံမြောက် ကျူးလွန်မိခဲ့သဖြင့် အကျဉ်းကျခံဘဝဖြင့် သူ၏ ကြမ်းတမ်းလှသည့် အနာဂတ်ခရီးလမ်းကို လျှောက်လှမ်းခဲ့ရပါသည်။ ထိုအချိန်က အသိတရားနှင့်ယှဉ်သော မနောကံစိတ်ဖြင့် ကြိုတင်သတိပြုမိခဲ့ပါက သူ၏ အနာဂတ်ခရီးလမ်းသည် သာယာဖြောင့်ဖြူးနေမည်ဖြစ်သော်လည်း ဒေါသတရားဆိုသည့် စိတ်ဆင်ရိုင်းကို အသိတရားနှင့်တူညီသောချွန်းဖြင့် မထိန်းသိမ်းနိုင်ခဲ့မိသည့်အတွက်ကြောင့် သူ၏ အနာဂတ်ဘဝခရီးလမ်းမှာလည်း ဆိုးရွားလှသည့် အနိဋ္ဌာရုံများဖြင့် တွေ့ကြုံနေရခြင်း ဖြစ်ပါ၏။

အထွေထွေသော ပြဿနာအရပ်ရပ်ကို စတင်မြစ်ဖျားခံသည့်နေရာကတော့ မနောကံစိတ်ကြောင့် ဖြစ်ပါ၏။ ခန္ဓာကိုယ်အား ဦးဆောင်လမ်းပြနေသည်ကလည်း မနောကံစိတ်ကြောင့်ဖြစ်ပါ၏။ မနောကံ ဆိုသည်ကလည်း ကောင်းကျိုးများကိုပေးနိုင်သလို ဆိုးကျိုးများကိုလည်းပေးနိုင်သဖြင့် မနောစိတ်ကို မိမိ၏ဝေဖန်ပိုင်းခြားတတ်သည့်အသိဉာဏ်ဖြင့် ထိန်းချုပ်ကြရမည် ဖြစ်၏။ မကောင်းသည့်စိတ်များ ဖြစ်ပေါ်ခြင်းသည် ဝေဖန်ပိုင်းခြားတတ်သည့် အသိဉာဏ်ကင်းလွတ်ခြင်းကြောင့်ဖြစ်၍ အမှန်တရားကိုလည်း မတွေ့မြင်တော့ပါ။

အမှားဝက်ပါတွင် သံသရာလည်နေကြခြင်းလည်း ဖြစ်ပါ။ ဤလူ့ဘောင်လောက၌ မည်သူမျှ ကိုယ်ပိုင်ဆိုင်သောပစ္စည်းများမရှိကြသည့်အပြင် မိမိတို့၏ခန္ဓာကိုယ်များသည်လည်း အငှားခန္ဓာကိုယ်များဖြစ်ကြ၍ လူတွေသေလွန်ပြီးနောက် မိမိတို့၏နောက်တွင် လိုက်ပါလာကြမည်ကတော့ အသက်ရှင်နေထိုင်ခဲ့စဉ်ကာလ၌ မိမိတို့ပြုလုပ်ခဲ့ကြသည့်ကုသိုလ်နှင့်အကုသိုလ်အကြောင်းတရားတို့သည် နွားနောက်သို့ လှည်းဘီးလိုက်သည့်ပမာ တစိုက်မတ်မတ်လိုက်နေကြမည်သာ ဖြစ်ပါ၏။ လူ့ဘောင်လောကတွင် အသက်ထင်ရှားနေခဲ့စဉ် ကာလအတွင်း ကောင်းမှုကုသိုလ်များ ပြုခဲ့ကြသည့်သူများသည် အထက်ဘုံများစံမြန်းကြသည်ဖြစ်သလို မကောင်းမှုများဖြစ်ကြသည့် အကုသိုလ်အကြောင်းတရားကိုလည်း သံသယဖြစ်စရာများ မလိုပါ။ စာရေးသူ တစ်ချိန်က သိရှိခဲ့ရသည့်ဆရာ့စကားပုံတစ်ခုရှိသည်။ အဲဒါကတော့ 'သင်စိုက်ပျိုးခဲ့သမျှသာ ပြန်လည်



၍ ရိတ်သိမ်းကြရမည် ဖြစ်ပါ၏' ဟူ၍ဖြစ်၏။ ဥပမာအားဖြင့် သင်သည်တစ်ဧကရှိသော မြေကြီးတွင် မျိုးစေ့ချစိုက်ပျိုးခဲ့ပါ၏။ တစ်ဧကတွင် ပေါက်ရောက်ကြမည့် သီးနှံများကိုသာ ပြန်လည်၍ ရိတ်သိမ်းကြရမည်ကိုလည်း သံသယဖြစ်စရာမလိုပါ။

တစ်နည်းအားဖြင့် ရေးသားဖော်ပြရလျှင် လူသားတို့အနေဖြင့် မိမိတို့ပြုကြသမျှသာ မိမိတို့ကိုယ်တိုင်ရကြရမည်ဖြစ်ကြောင်းကို ရေးသား ဖော်ပြလိုပါသည်။ အတိတ်ကာလမှ ဖြစ်ရပ်တစ်ခုကိုလည်း ဖော်ပြလိုပါ၏။ စာရေးသူမှာကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ရှိခဲ့ပြီး သူ၏နာမည်က တင်ဝင်း ဖြစ်ပါ၏။ သူသည် ငယ်စဉ်ကာလကတည်းကငှက်များကို လောက်လေးခွတို့ဖြင့် ပစ်ခတ်သတ်ဖြတ်ပြီး နည်းမျိုးစုံဖြင့် ချက်ပြုတ်ကြော်လှော် စားသောက်လေ့ရှိခဲ့ပါ၏။ သူသည် အသက်(၂၀)ခန့်ရောက်ရှိလာခဲ့သည့်ကာလ၌ ခိုက်ရန်ဖြစ်ပွားခဲ့ရာမှ ရန်သူ၏ လောက်လေးခွဖြင့် ပစ်ခတ်ခြင်းကိုခံခဲ့ရပြီးနောက် နားထင်တွင်လောက်စလုံးထိမှန်ခံခဲ့ရပြီး ဦးနှောက်ကြေပြတ်၍ သေဆုံးခဲ့ရပါ၏။ သူငယ်စဉ်ကာလက ငှက်များအား ပစ်ခတ်ခဲ့သည့် လောက်လေးခွနှင့်ပင် ရန်သူတစ်ယောက်က သူ့အား ပြန်လည်ပစ်ခတ်ခဲ့၍ သူလည်း ဝဋ်ကြွေးသံသရာတစ်ပတ်ပြန်လည်ခဲ့ပြီးနောက် ရုတ်တရက် သေဆုံးခဲ့ရပါ၏။

သူသေဆုံးခဲ့ပြီးနောက် တစ်ညမှာသူ၏ဇနီးဖြစ်သူက အိပ်မက်တစ်ခုကို မြင်မက်ခဲ့ပြီး အိပ်မက်ထဲတွင် ခင်ပွန်းဖြစ်သူမှာ အပါယ်လေးဘုံသို့ ကျရောက်နေခဲ့ပြီး သူ့အား သင်္ကန်းတစ်ထည်လှူ၍ အမျှအတန်းပေးဝေရန် သူ၏ဇနီးဖြစ်သူအား မှာကြားခဲ့ပါ၏။

ထိုသို့ သူ၏ဇနီးဖြစ်သူအား အိပ်မက်ပေးခဲ့ရုံတင်မကဘဲ သူ၏သားသမီးများအားလည်း သူ၏ဝိညာဉ်ဝင်ရောက်ပူးကပ်ပြီး သူ၏ ဇနီးဖြစ်သူအား အိပ်မက်ထဲတွင် ပြောကြားခဲ့သည့် စကားများကိုလည်း ပြန်လည်၍ ပြောကြားခဲ့သည့်အကြောင်းကို သူ၏ဇနီးဖြစ်သူ စာရေးသူအား ပြန်လည် ပြောကြားခဲ့၍ သိရှိခဲ့ပါ၏။ ထိုဖြစ်ရပ်ကို ထောက်ရှုခြင်းအားဖြင့် သူ၏ အနာဂတ်လားရာသည်မကောင်းကြောင်းကိုလည်း သိရှိခဲ့ရပြီးအတိတ်က သူပြုလုပ်ခဲ့သည့် အကုသိုလ်ဖြစ်သည့် မကောင်းကျိုးများသည် သူ့အား အပါယ်လေးဘုံသို့ ပို့ဆောင်ခဲ့ခြင်းသာ ဖြစ်ကြောင်းကိုလည်း သံသယဖြစ်စရာ မလိုအပ်ပါ။

မမ္မပဒတွင် ဖော်ပြပါရှိသော 'မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်နှင့်အကုသိုလ်တရားတို့သည် နွားနောက်သို့ လှည်းဘီးလိုက်သကဲ့သို့ တစိုက်မတ်မတ်လိုက်နေကြမည်' သာ ဖြစ်ကြောင်းကို ဖော်ပြရေးသားလိုပါ၏။ သူငယ်ချင်းဖြစ်သူမှာလည်းအတိတ်ကာလက သူ၏ အကုသိုလ်အကျိုးပေးများကြောင့် အပါယ်လေးဘုံသို့ ကျရောက်နေခဲ့ရ၏။ သက်ရှိလူသားများအနေဖြင့်လည်း ကိုယ်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်လျှောက်လှမ်းကြရမည်သာဖြစ်၍ ကောင်းကျိုးနှင့် ဆိုးကျိုးများဖြစ်ကြသည့် ကုသိုလ်နှင့် အကုသိုလ်တရားတို့ကိုလည်း မိမိတို့မှာရှိကြသည့်ထိ၊ သိ၊ သတိတရားတို့ဖြင့်ဝေဖန်ပိုင်းခြားကြကာ ဆင်ခြင်သုံးသပ်၍ လုပ်ဆောင်သွားကြရမည်သာ ဖြစ်ပါ၏။ မိမိတို့၏ငွေကြေးနှင့် တစ်ပါးသူတို့၏ အကြွေးကို စိုက်ထုတ်၍ ပေးဆပ်လို့ရနိုင်သော်လည်း အကုသိုလ်ကြွေးများကိုတော့ မိမိတို့ကိုယ်တိုင်သာ ပေးဆပ်ကြရမည် ဖြစ်ကြောင်းကိုလည်း စာရေးသူ၏ကွယ်လွန်သူငယ်ပေါင်းသူငယ်ချင်းဖြစ်သူက ဥပမာပေးခဲ့ပြီးလည်းဖြစ်ပါ၏။ နှောင်းနောင်တတရားဆိုသည်မှာလည်း အချိန်လွန်မှရရှိခဲ့သည့်တရားဖြစ်၍ တစ်နည်းအားဖြင့် မိုးကုန်မှထွန်ချသလိုလည်း ဖြစ်နေတတ်ပါ၍ 'ဆိပ်ကမ်းသဲသောင်ပင်ရှိလင့်ကစား ရေမရှိသောမြစ်သည် အချည်းနှီးတည်း' ဆိုသည့် ဥပမာကဲ့သို့ ဖြစ်နေတတ်ကြောင်းကို ရေးသား ဖော်ပြရင်းဤဆောင်းပါးကို အဆုံးသတ်လိုက်ပါ၏။

တင်ထွန်း (စက်မှု-၂၊ ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

(ဝတ်/ဆေး)

# ဝင်းထွန်းအောင်

## ယုံကြည်မှုများ မှုမထားလျှင်



ကျွန်တော်တို့၏ အနီးအနားတွင် ကျွန်တော်တို့မျက်စိဖြင့် မမြင်တွေ့နိုင်သည့် တစ္ဆေ၊ သရဲ၊ မြေဖုတ်၊ ကျတ်၊ ဥစ္စာစောင့်ဟု အမည်အမျိုးမျိုးတပ်ခေါ်ဝေါ်နေကြသည့် ပြိတ္တာဘုံသားများရှိကြောင်းကို ယုံကြည်လက်ခံသူများရှိသလို မယုံကြည်သူများလည်း ရှိကြပေသည်။

ယုံကြည်မှုဖြင့် ဆောင်သင့်သည်ကိုဆောင်၍ ရှောင်သင့်သည်ကို ရှောင်ရှားသဖြင့် ဘေးအန္တရာယ်လွတ်ကင်းကာ ကောင်းကျိုးခံစားရသည်ကိုရော မယုံမကြည်ဖြင့် မထီမဲ့မြင်ပြုမိ၍ ဆိုးကျိုးများနှင့် တွေ့ဆုံခဲ့ကြရသည်များကိုပါ လူပြောသူပြောများအရသာမ စာအုပ်စာပေများတွင်ပါ ကြားသိဖတ်ရှုကြဖူးပေလိမ့်မည်။

ယခု ကျွန်တော်ဖော်ပြမည့်အဖြစ်အပျက်ကတော့ ကောင်းကျိုးခံစားလိုက်ရသည့် ဝမ်းသာကြည်နူးစရာအဖြစ်အပျက် မဟုတ်ပါ။ မယုံကြည်မှုကြောင့် ဒုက္ခဆိုးနှင့် ကြုံတွေ့လိုက်ရသည့် ထိတ်လန့်ကြေကွဲစရာအဖြစ်အပျက်ဆိုးတစ်ခုပင်။

လွန်လေပြီးသော နှစ်ပေါင်းမြောက်မြားစွာကအဖြစ်အပျက်မဟုတ်။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လအတွင်းက ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာလေးတစ်ရွာတွင်ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်မှန်တစ်ခုပင် ဖြစ်ပါသည်။

❒

ထိုနေရာတစ်ဝိုက်ကို သူတို့တစ်နယ်လုံးက ကျတ်တောကုန်းဟုခေါ်ပြီး ဝေးဝေးကရှောင်လာကြသည်မှာ နှစ်ပေါင်းမနည်းတော့။ ယခင်က ထိုနေရာကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးလုပ်ကိုင်ဖူးသူများရှိခဲ့သော်လည်း ပြဿနာအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးကြုံခဲ့ကြသဖြင့် နောက်ပိုင်း မည်သူမျှ အနားမကပ်ဝံ့တော့။

ဤသို့ဖြင့် သစ်ပင်ချုံနွယ်များထူထပ်၍ တောရိုင်းတစ်ခုဖြစ်နေခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပေပြီ။ ယခုတော့ ထိုတောရိုင်းကို ပြန်လည်ရှင်းလင်းပြီး စိုက်ပျိုးလုပ်ကိုင်လာသည့် သူရဲကောင်းတစ်ဦး ပေါ်ပေါက်လာခဲ့ပေပြီ။

ထိုသူက ကိုကျော်မြင့်။


တကယ်တော့ ကိုကျော်မြင့်လည်း သတ္တိကောင်းလွန်း၍တော့ မဟုတ်။ မတတ်သာလွန်းသဖြင့် အရဲကိုး၍လုပ်မိခြင်း ဖြစ်၏။ သူက လယ်ဧကအနည်းငယ်သာရှိသည့် တောင်သူငယ်လေးတစ်ဦးသာ။

ကံဆိုးချင်တော့ လွန်ခဲ့သည့် (၂) နှစ်ခန့်မှစ၍ မိုးလေဝသမမှန်သဖြင့် သူတို့တစ်နယ်လုံး တောင်သူတွေရှုံးကြရ၏။ သူတို့နယ်မြေက ဆည်ရေမသောက်ရသည့် တောင်ကုန်းဒေသဖြစ်သဖြင့် မိုးကိုသာ အားထားရသည်။ (၂) နှစ်ဆက်တိုက် မိုးမမှန်သဖြင့် စိုက်ပျိုးထားသည့် လယ်များ ပျက်စီးခဲ့ရ၏။ တောင်သူများစိတ်ဓာတ်ကျပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်ကုန်တော့၏။

ကိုကျော်မြင့်လည်း ဟိုစဉ်းစားဒီစဉ်းစားရင်းမှ စိတ်ကူးထဲတွင် အကြံတစ်ခုဝင်လာသည်။ သူတို့ရွာထဲမှ (၂) ဦး (၃) ဦး ကိုင်းလုပ်ငန်းလုပ်ကိုင်သည်မှာ အတော်အဆင်ပြေနေသည်။ သူလည်း လယ်လုပ်ငန်းကို သိပ်စိတ်မချရတော့သဖြင့် ကိုင်းလုပ်ငန်းတစ်ခု တိုးချဲ့လုပ်ကိုင်ချင်သည်။ သို့သော် သူတွင် အပိုမြေကွက် မရှိ။

မြေနေရာအလွတ်ကို စိတ်ကူးဖြင့်ရှာဖွေရင်းမှ သူ့လယ်နှင့်မလှမ်းမကမ်းရှိ ကျတ်တောကို မြင်ယောင်လာသည်။ ထိုနေရာဆို မဆိုး။ သို့သော် နှစ်ပေါင်းများစွာကတည်းက နာမည်ကြီးလာသည့်နေရာမို့ လက်တွန့်နေမိသေးသည်။ ကြံရာမရသည့်အဆုံး ဖြစ်လိုရာဖြစ်စေတော့

www.burmeseclassic.com



...စိတ်တုံးတုံးချပြီး သားဖြစ်သူ လူပျို ...ကော် ဇော်မောင်နှင့်အတူ တောရှင်း ...တော့၏။ ထို့နောက် ရာသီဥတုနှင့် ...သီမည့် သီးနှံအချို့ကို စိုက်ပျိုးကြ ...တော့၏။

တစ်ရွာလုံးကတော့ ကိုကျော်မြင့်တို့သားအဖကိုကြည့်ပြီး ရင်တမမဖြင့် ဘယ်နေ့ဘာသံကြားရမလဲဟု အကဲခတ်နေကြသည်။ သို့သော် ထိုနေရာနှင့် ကိုကျော်မြင့် ကံစပ်သည်ပဲဆိုရမည်လား၊ ကိုကျော်မြင့်တို့မိသားစု ကံကောင်းနေသည်ပဲ ဆိုရမည်လားမသိ ကိုကျော်မြင့်ကိုင်းကွက်လေးက အဆင်ပြေလှသည်။ စိုက်သမျှ အပျက်အစီး အလေအလွင့်



www.burmeseclassic.com

www.burmeseclassic.com

မရှိ။ အချို့သူတို့၏ ကိုင်းကွက်များအား တောကောင်များ ဝင်ရောက် ဖျက်ဆီးခြင်း၊ မသမာသူတို့၏ ခိုးဝှက်ခံရခြင်းများကြောင့် ဆုံးရှုံးမှုများရှိကြသော်လည်း ကိုကျော်မြင့်အတွက်ကတော့ နဘယ်ဘေးမရှိ။

ယခင်သူတွေတုန်းကတော့ ကျတ်တို့နှောင့်ယှက်မှုကြောင့် ဘေးအန္တရာယ်ကြုံတွေ့ခြင်း၊ ရောဂါဝေဒနာကြီးများ စွဲကပ်၍ စီးပွားဥစ္စာများ ကုန်ခန်းသွားခြင်းများကြုံရသော်လည်း ကိုကျော်မြင့်တို့မိသားစုကတော့ ဘာမှမဖြစ်သည့်အပြင် စီးပွားပင်တက်လာလိုက်သေးသည်။

ကျတ်တောမြေကို ရှင်းလင်းပြီး စိုက်ပျိုးထားသည့်သီးနှံများမှ အကျိုးအမြတ် အတော်ရလိုက်သဖြင့် (၃) နှစ်အတွင်း အိမ်ကလေးကိုလည်း အသစ်ပြင်ဆင်လိုက်နိုင်သလို နွားတစ်ရှဉ်းလည်း ထပ်ဝယ်လိုက်နိုင်သည်။ လက်ထဲတွင်လည်း အသင့်အတင့် စုဆောင်းမိလာ၏။

တဖြည်းဖြည်းအကျိုးပေးလာသည့် သူ့ကုသိုလ်ကံကို စဉ်းစားရင်း ကိုကျော်မြင့် ပီတိဖြစ်နေမိသည်။ ယခုအတိုင်းသာဆိုလျှင် နောက်လေးငါးနှစ်အတွင်း ပြောင်းလဲလာနိုင်သည့် သူ့အခြေအနေကို တွက်ဆရင်း ရှေ့ဆက်လုပ်ဆောင်ရမည့်ကိစ္စများကို ကြိုတင်အစီအစဉ်ဆွဲနေမိတော့၏။

❐

"ငါမှားတာပါကွာ။ ငါဂရုမစိုက်လို့ ငါ့သားကြီး အခုလိုအဖြစ်ဆိုးနဲ့ ကြုံရတာပါ။ အဖေ့ကိုခွင့်လွှတ်ပါသားရယ် ဟီးဟီး. . ."

သားကြီးဖြစ်သူ ဇော်မောင်၏ အလောင်းအား အတင်းပွေ့ဖက်ရင်း အော်ဟစ်ငိုကြွေးနေသည့် ကိုကျော်မြင့်ကိုကြည့်ပြီး အားလုံးစိတ်မကောင်းကြ။ အချို့ ဝမ်းနည်းလွယ်သည့် မိန်းမသားတချို့ ကိုကျော်မြင့်ကိုကြည့်ပြီး မျက်ရည်ကျကြသည်။

ကိုကျော်မြင့်၏စကားကို သဘောမပေါက်သူများကတော့ နားမလည်နိုင်စွာဖြင့် ကြည့်နေကြ၏။ အဖြစ်အပျက်အစကိုကြားသိထားကြသည့် လူအနည်းငယ်ကသာ သက်ပြင်းချရင်း ခေါင်းညိတ်နေကြ၏။

တကယ်တော့ ကိုကျော်မြင့်စကားက မမှားပါ။ ဇော်မောင်တစ်ယောက်ယခုလိုအဖြစ်ဆိုးဖြင့် သေဆုံးရခြင်းမှာ ကိုကျော်မြင့်၏ပယောဂမကင်းဟု ဆိုနိုင်၏။ ယခုအဖြစ်ဆိုး၏ အကြောင်းခံက လွန်ခဲ့သည့် (၃) လခန့်၏ ညတစ်ညမှ အစပျိုးခဲ့သည်ဟု ဆိုနိုင်ပေသည်။

ထိုညက ကိုကျော်မြင့် ထူးဆန်းသည့်အိပ်မက်တစ်ခုမက်၏။ အိပ်မက်ထဲတွင် ကိုကျော်မြင့်က ကျတ်တောကုန်းရှိ သူ့ကိုင်းကွက်ထဲတွင် အလုပ်ရှုပ်နေသည်။ ထိုစဉ် အသားညိုညစ်ညစ်၊ ပိန်ရှည်ရှည်လူတစ်ယောက် အနားရောက်လာပြီး-

'ဒီကျောက်တုံးလေးပေါ်မှာ ကိုးတောင်ပြည့်စေတီလေးတစ်ဆူ တည်ပေးပါဗျာ'

ဟု ဆိုကာ မလှမ်းမကမ်းရှိ ကျောက်တုံးတစ်တုံးကို လက်ညှိုးညွှန်ပြ၏။

ကိုကျော်မြင့်က တစ်ခါမှမမြင်ဘူးသည့်ထိုသူအား မကြည်သလိုစိုက်ကြည့်လိုက်ပြီး-

'စားဖို့တောင်အနိုင်နိုင်ဗျာ။ ဘုရားတည်စရာငွေအပိုမရှိဘူး'

ဟု ခပ်ငေါက်ငေါက် ပြောလိုက်တော့ ထိုသူက ကိုကျော်မြင့်ကို စေ့စေ့ကြည့်နေသည်။ အတန်ကြာတော့ ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားတော့၏။

အိပ်ရာကနိုးတော့ အိပ်မက်ကို ပြန်စဉ်းစားရင်း သူ့ကိုအသိပေးခြင်းများဖြစ်နေမလားဟု တွေးနေမိသေး၏။ အိပ်မက်ထဲကလူပြောသည့်အတိုင်း လုပ်ပေးသင့်၊ မပေးသင့် ချီတုံချတုံဖြစ်နေမိသေး၏။ လုပ်ပေးသည်ဆိုလျှင်တော့ ငွေအနည်းအကျဉ်းတော့ ကုန်ပေလိမ့်မည်။ ဟုတ်သည်ဆိုလျှင်တော့ တော်သေးသည်၊ မဟုတ်လျှင် ပိုက်ဆံအလကားကုန်ပေတော့မည်။ အလုပ်လည်းရှုပ်ဦးမည်။

အိပ်မက် ဆိုသည်မှာ တစ်ခါတလေ သွေးလေကြောင့်လည်း မက်တတ်သည်မို့ အမှန်ဟု ယူဆရန်လည်း ဝေခွဲမရသဖြင့် မေ့မေ့ပျောက်ပျောက်ပင်နေလိုက်တော့၏။

နောက် (၁) လခန့်အကြာတွင်တော့ အိပ်မက်ထပ်မက်ပြန်သည်။ အိပ်မက်ထဲတွင် ယခင်အတိုင်း သူ့ကိုင်းကွက်ထဲတွင် အလုပ်လုပ်နေစဉ် ထိုသူရောက်လာသည်။

'ကျုပ်တို့အတွက် အလှူလေးလုပ်ပြီး အမျှဝေပေးပါဗျာ'

သူ့ကို အကူအညီတောင်းခံနေသလိုပြောနေသည့် ထိုလူကို ကြည့်မရဟန်ဖြင့် -

'အလုပ်ရှုပ်နေပါတယ်ဆိုမှ ဘာတွေလာပြောနေတာလဲ။ ဘာမှလုပ်မပေးနိုင်ဘူး။ သွားဗျာ၊ သွား'

ကိုကျော်မြင့် ခပ်မာမာ မောင်းထုတ်သော်လည်း ထိုသူ ချက်ချင်းထွက်မသွားသေး။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချရင်း အနားမှ ထွက်ခွာသွားသည်။ ဘာမှ ထပ်မပြောတော့သော်လည်း မကျေမနပ်ဟန်ဖြင့်တော့ သူ့ကိုကြည့်သွားမှန်း ကိုကျော်မြင့် ရိပ်စားမိသည်။

အိပ်ရာကနိုးတော့ အိပ်မက်ကို ပြန်သတိရသော်လည်း ယခင်ကဲ့သို့ပင် ခပ်ပေါ့ပေါ့တွေးရင်း မေ့မေ့ပျောက်ပျောက် နေလိုက်မိ၏။

ဒုတိယအကြိမ် အိပ်မက်မက်ပြီး အတန်ကြာသည်အထိ ထပ်မံ၍ ထူးထူးခြားခြားမမက်တော့သဖြင့် အိပ်မက်နှင့်ပတ်သက်ပြီး ကိုကျော်မြင့် မေ့လျော့ပေါ့တန်နေစဉ်မှာပင် (၁) လခန့်အကြာတွင်တော့ တတိယမြောက်အိပ်မက်ကို မက်လာပြန်သည်။

အိပ်မက်က ယခင်အိပ်မက်များနှင့် မတိမ်းမယိမ်းပင်။ ကိုင်းကွက်ထဲတွင် ကိုကျော်မြင့် အလုပ်လုပ်နေစဉ် ယခင်လူ ရောက်လာပြန်၏။ ယခုတစ်ခေါက်တောင်းဆိုချက်က တစ်မျိုးပြောင်းလဲလာသည်။ ညှိုးငယ်နေသည့် မျက်နှာလေးဖြင့်-

'ကျုပ်ကလေးတွေငတ်နေလို့ ဆန်လေးနည်းနည်းလောက်ကူညီပါဗျာ'

ဟု ဆိုလာသည်။

လာတိုင်း တစ်မျိုးမဟုတ်တစ်မျိုး အရေးဆိုတတ်သည့် ထိုလူကို ကိုကျော်မြင့် အမြင်ကတ်စွာ -

'ကိုယ့်ဟာကိုယ်တောင် စားဖို့အနိုင်နိုင်၊ ခင်ဗျားကိုပေးဖို့ဝေးရော။ ဘာမှလာပြောမနေနဲ့။ ခင်ဗျားသွားတော့၊ သွားဗျာ'

ဟု ဟောက်လိုက်တော့ ထိုသူ ဒေါသထွက်သွားဟန်ရှိ၏။ ဘာမှဆက်မပြောတော့သော်လည်း ကိုကျော်မြင့်ကို စိုက်ကြည့်နေ၏။ အတန်ကြာတော့မှ ဒေါသကို ချုပ်တည်းလိုက်ဟန်ဖြင့် သက်ပြင်းတစ်ချက်ချရင်း -

'အေးပေါ့လေ၊ ဘာမှမရနိုင်တော့လည်း လုပဲယူရတော့မှာပေါ့'

ဟု ခြိမ်းခြောက်သလိုလိုပြောရင်း



www.burmeseclassic.com

www.burmeseclassic.com

အနားမှထွက်သွားတော့၏။

မနက်ခင်း မိုးလင်းတော့ ညက အိပ်မက်ကို ပြန်သတိရမိသော်လည်း အယုံအကြည်ကင်းမဲ့သည့် ကိုကျော်မြင့်ကတော့ ယခင်အတိုင်းပင် ပြီးပြီးရော နေ့ပစ်လိုက်တော့၏။

❐

"အဖေ၊ ကျွန်တော် လယ်ထဲသွားတော့မယ်"

အိပ်မက်မက်ပြီး တစ်ပတ်ခန့်ရှိပြီဖြစ်၏။ ယမန်နေ့က လယ်ထွန်ရင်း မိုးမိထားသဖြင့် မနေ့ညက ကိုကျော်မြင့် အပြင်းဖျား၍ ယနေ့မထနိုင်တော့။ လယ်ထဲတွင် ထွန်စရာကနည်းနည်းကျန်နေသေးသည်။

အစောပိုင်းက သားအဖနှစ်ဦး စလုံး သွားရန်ဖြစ်သော်လည်း သူနေမကောင်းသဖြင့် မလိုက်နိုင်တော့။ သားဖြစ်သူ ဇော်မောင်ကလည်း ယနေ့မနက် ရွာထဲမှ လူမှုရေးကိစ္စတစ်ခု သွားရောက်ကူညီလုပ်ကိုင်ပေးနေရ၍ မနက် (၁၀) နာရီထိုးခါနီးမှပြန်လာပြီး ရောက်ရောက်ချင်း ထွန်တုံးနှင့်နွားများပြင်ဆင်ပြီး သွားခါနီး ဖခင်အား နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

"အေး - သား၊ တို့တောင်ဘက်အခြမ်းလေးပဲကျန်တော့တာ မဟုတ်လား၊ အဲဒါလေးပြီးအောင် ထွန်လိုက်ကွာ"

ဇော်မောင်က 'ဟုတ်ကဲ့' လိုက်ရင်း ထွက်သွားတော့၏။ ကျောခိုင်းထွက်ခွာသွားသည့် သားဖြစ်သူအား ငေးကြည့်ရင်း ကိုကျော်မြင့် တွေးမိတွေးရာတွေးရင်း ကျန်ရစ်ခဲ့တော့၏။

တကယ်တော့ ထိုနေ့သည် သူတို့ မိသားစုအတွက် ရင်နင့်ကြေကွဲစရာ အဖြစ်ဆိုးကြီးနှင့် ကြုံတွေ့ရတော့မည်ဆိုသည်ကိုရော အားကိုးစရာ သားဖြစ်သူ ဇော်မောင်ကို လက်လွှတ်ဆုံးရှုံးရတော့မည် ဆိုသည်ကိုပါ ကိုကျော်မြင့်တစ်ယောက် ကြိုမသိခဲ့ပါလေ။

ဇော်မောင် ထွက်သွားပြီးနောက် ရေနွေးပူပူလေး မှုတ်သောက်လိုက်ပြီး စောင်ခြုံထဲ ပြန်ဝင်နေလိုက်သည်။ အတန်ကြာတော့ ချွေးကလေးစို့ထွက်လာပြီး နေသာထိုင်သာရှိလာသဖြင့် ကိုကျော်မြင့် အိပ်ပျော်သွားတော့၏။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သည် မသိ။ နားထဲတွင် သူ့ဇနီးသည်ကို အရေးတကြီးခေါ်နေသလို ကြားမိသဖြင့် မျက်စိကို မဖွင့်ချင်ဖွင့်ချင်ဖြင့် ဖွင့်ကြည့်လိုက်တော့ အနားတွင် သူ့ဇနီးမခင်မြနှင့်အတူ လယ်နီးချင်း ကိုတင်မောင်ကို တွေ့လိုက်ရ၏။

"ကိုကျော်မြင့်၊ ကိုကျော်မြင့် ထပါဦး။ အရေးကြီးလို့"

"ဘာလဲ. . . ဘာလဲ"

"ဇော်မောင်ရယ် လယ်ထဲမှာဝက်ပက်ခံရလို့ ဒဏ်ရာတွေနဲ့လဲနေတယ်တဲ့ ဟီး. . ."

ပြောရင်း ငိုချလိုက်သည့် ဇနီးသည်အား မျက်ကလူးဆန်ပျာကြည့်လိုက်ရင်း စောင်ခြုံထဲမှ လူးလဲထလိုက်သည်။ ထို့နောက် သတင်းလာပေးသည့် ကိုတင်မောင်နှင့်အတူ လယ်ထဲသို့ အပြေးတစ်ပိုင်းထွက်ခဲ့တော့၏။

ဇော်မောင့်အဖြစ်က မြင်ရက်စရာမရှိ။ ခြေတွေ၊ လက်တွေမှာ အသားများလန်နေသလို ဝမ်းဗိုက်မှလည်း အူများထွက်ကျနေသည်။ သွေးများအိုင်ထွန်းနေသလို သွေးထွက်လွန်နေမှုကြောင့် ညိုသောအသားအရေပင် ဖျော့ဖပ်ဖျော့ရော်ဖြစ်နေသည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ"

စကားမေးမရတော့ဘဲ ဒဏ်ရာများမှ နာကျင်မှုကြောင့် တဟင်းဟင်းညည်းညူနေသည့် သားဖြစ်သူအား ပွေ့ပိုက်ရင်း မေးမိတော့ ကိုတင်မောင်က-

"ဇော်မောင်ကိုက ကံဆိုးတာပါဗျာ။ မနက်အစောကတည်းက ဟောဒီညိုတင်တို့၊ ပုကြွယ်တို့ ကောက်စိုက်သမတွေ ကောက်စိုက်နေတုန်း ခင်ဗျားကိုင်းထဲကနေ တောဝက်တစ်ကောင် ဖြန်းဆို ရောက်လာတယ်တဲ့။ ကောက်စိုက်သမတွေ လန့်အော်ပြီး နီးရာတွေနဲ့ ကောက်ပေါက်ကြတာ ဘယ်သူ့ကိုမှရန်ပြန်မလုပ်ဘဲ ဟိုကြည့်ဒီကြည့်နဲ့လျှောက်သွားနေတယ်တဲ့"

"ဟုတ်တယ် ဦးကြီး၊ အဲဒီ တောဝက်က ကျွန်မတို့ကို ရှိတယ်လို့တောင် ထည့်တွက်မထားတဲ့ပုံဘဲ၊ သူ့ပုံသဏ္ဌာန်က တစ်ယောက်ယောက်ကို လိုက်ရှာနေသလိုကြီး။ အတော်နေတော့ ဦးလေးတို့ လယ်ကွင်းထဲကဖြတ်ပြီး ကိုင်းထဲပြန်ဝင်သွားတယ်။ အဲဒီကောင် ပြန်ဝင်သွားပြီး တစ်အောင့်ကြာတော့ ကိုဇော်မောင် ရောက်လာတယ်။ ကျွန်မတို့က ကိုဇော်မောင့်ကို အဲဒီအကြောင်းပြောပြပြီး သတိထားဖို့ပြောတော့ ကိုဇော်မောင်က 'ကျုပ်မရှိလိုက်တာ နာတာပဲဗျာ။ အဲဒီအကောင်ကြီးသာရလိုက်ရင် ဟင်းစားလည်းရ၊ ထောလည်းထောပြီ' လို့ပြောပြီး လယ်ထွန်နေတယ်"

ကောက်စိုက်သမ ပုကြွယ်က ဖြစ်ပျက်စဉ်က အနီးအနားတွင်ရှိနေသူမို့ မြင်တွေ့ခဲ့သမျှကို ခရေစေ့တွင်းကျပြန်ပြောပြနေသည်။

"ကျွန်မတို့လည်း ကောက်သာစိုက်နေရတယ်၊ စိတ်ထဲ သိပ်မရဲတော့တာမို့ တစ်ဖက်က အလုပ်လုပ်လိုက်၊ ဝက်ကြီး ဘယ်အချိန်ပြန်ထွက်လာမလဲ လှမ်းကြည့်လိုက်လုပ်နေတုန်း ဝက်ကြီး ပြန်ထွက်လာပြီး ကိုဇော်မောင်ဆီကို လျှောက်လာတာ မြင်လိုက်ရတယ်။ ကျွန်မတို့က ကိုဇော်မောင့်ကိုလှမ်းအသိပေးပြီး ဒီကိုပြေးလာဖို့ ခေါ်ပါသေးတယ်။

ဒါပေမယ့် ကိုဇော်မောင်က ပြေးမလာဘဲ ဓားမဆွဲပြီး ဝက်ကြီးကို ဓားနဲ့ ပြေးခုတ်တယ်။ ဓားထိသွားတော့ ဝက်ကြီးက လှည့်ပြီးပြန်ပြေးသေးတယ်။ ဇော်မောင်က နောက်ကအတင်းလိုက်ပြီး ထပ်ခုတ်မှတော့မှ နောက်ပြန်လှည့်ပြီးပက်လိုက်တာ ကိုဇော်မောင့်ကိုထိပြီးလဲသွားတယ်။ အဲဒီမှာ ဝက်ကြီးက ကိုဇော်မောင့်ကို အတင်းမဲပြီးပက်တော့တာပဲ။ ကျွန်မတို့လည်း ကြောက်လန့်တကြားနဲ့အတင်းအော်နေတုန်း ယောကျ်ားသားတွေထွက်လာပြီး အတင်း ခဲနဲ့ပေါက်၊ ဓားတွေနဲ့ဝင်ခုတ်တော့မှ ဝက်ကြီး ဒဏ်ရာတွေနဲ့ ထွက်ပြေးသွားတယ်"

"ဟုတ်တယ် ကိုကျော်မြင့်၊ ဒါပေမယ့် အဲဒီဝက်လည်းမလွတ်ပါဘူး။ ဟိုဘက်ချောင်းထဲဆင်းအပြေး ချောင်းဟိုဘက်လယ်ထဲကလာကြတဲ့လူစုနဲ့တိုးပြီး အသက်ထွက်သွားပါပြီ"

အဖြစ်အပျက်အား ပြန်ပြောပြနေသည့် မပုကြွယ်နှင့် ကိုတင်မောင်တို့၏စကားများ နားထောင်နေရင်းမှ တတိယအကြိမ် အိပ်မက်မက်စဉ်က အိပ်မက်ထဲမှလူပြောသွားသည့် 'ဘာမှမရနိုင်တော့လည်း လူပဲယူရတော့မှာပေါ့' ဆိုသည့်စကားကို ကိုကျော်မြင့် ပြန်ကြားယောင်လိုက်မိသည်။

ဘာမှဖြစ်မလာနိုင်လောက်ပါဘူး ဟု သူခပ်ပေါ့ပေါ့အတွေးကြောင့် သားကြီးဇော်မောင် ဒုက္ခရောက်ရခြင်းဖြစ်သဖြင့် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်လောက်အောင် ခံစားနေရ၏။ ထိုစဉ် ခေါ်ထားသည့်လှည်းရောက်လာသဖြင့် ဇော်မောင့်ကို ကမန်းကတန်း ပွေ့တင်ပြီး ဆေးရုံသို့ အတင်းမောင်းထွက်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

၏။

သို့သော် ဇော်မောင်တစ်ယောက်ကံမကောင်းရှာ။ လမ်းတစ်ဝက်တွင်ပင် ဒဏ်ရာများမှ သွေးထွက်လွန်မှုကြောင့် သေဆုံးသွားရတော့၏။ သားဖြစ်သူ၏ အလောင်းအား ပွေ့ဖက်ရင်း မိမိ၏မိုက်မဲခဲ့မှုအတွက် ဖြေမဆည်နိုင်စွာဖြင့် ကိုကျော်မြင့်တစ်ယောက် ဟစ်အော်ငိုကြွေးနေမိပါတော့၏။

❐

ထိုအဖြစ်အပျက် ဖြစ်ပွားစဉ်က ကိုကျော်မြင့်တို့ရွာနှင့်အနီးနားရှိ ကျေးရွာတွင် ကျွန်တော် ရောက်ရှိနေခဲ့ပါသည်။ ထိုဖြစ်ရပ်ကို ကြားသိရတော့ အံ့ဩထိတ်လန့်ရမိသလို စာဖတ်သူများလည်း သတိထား ဆင်ခြင်နိုင်ခွင့်ရစေရန် စာပေစင်မြင့်မှ အသိပေးသွားမည်ဟု ရည်ရွယ်ခဲ့မိသော်လည်း အကြောင်းကြောင်းကြောင့် တစ်ဝက်တစ်ပျက်သာ ရေးရင်း ရပ်နားထားခဲ့မိပါသည်။

သို့သော် မကြာခင်က ထိုရွာသို့ ထပ်မံ ရောက်ရှိသွားခဲ့စဉ် မပြီးဆုံးသေးသည့် ကိုကျော်မြင့်၏ ရင်နင့်စဖွယ် ဇာတ်လမ်းတစ်ပုဒ်ကို စိတ်မချမ်းမြေ့ဖွယ် ထပ်မံ ကြားသိရပြန်ပါတော့၏။ ယခုတစ်ခါ ထပ်မံ၍ အဖြစ်ဆိုးနှင့်တိုးခဲ့သူက မဇင်မာ။ သူမက သေဆုံးသွားသူ ဇော်မောင်၏နှမလေးဖြစ်ပြီး အသက် (၁၆) နှစ်ခန့်သာရှိသေးသည့် အပျိုပေါက်အရွယ်လေးဖြစ်၏။

ကိုကျော်မြင့်တို့အရပ်က ရွှေထွက်သဖြင့် ရွာအရှေ့ဘက်တွင် ရွှေတူးသည့် ကုမ္ပဏီများရှိ၏။ ကုမ္ပဏီက ရွှေကြောနေရာများကို ကျင်းများတူးသည်။ နံရံတွင် မြေကြီးများနှင့်ကပ်နေသည့် ခဲများကို ရေထိုးပိုက်ကြီးများဖြင့်ထိုးပြီးခွာချရသည်။ ကျင်းအတွင်းမှ ခဲများနှင့် နံရံမှ ရေထိုးခွာချ၍ ကျင်းထဲကျကုန်သည့် ခဲများကို လူအားဖြင့် လက်ဆင့်ကမ်း၍ ကျင်းပေါ်တင်ရသည်။

ကျင်းထဲဆင်း၍ ခဲကောက်ရန် နေ့စားအလုပ်သမားများ ခေါ်သဖြင့် အနီးအနားကျေးရွာများမှ ယောက်ျား၊ မိန်းမ၊ လူငယ်လူရွယ်များမှာ လယ်ယာလုပ်ငန်း အားလျှင်အားသလို အလုပ်ဝင်လုပ်ကြသည်။ ထိုအထဲတွင် ဇင်မာလည်း ပါသည်။

အအားမနေတတ်သည့် တောသူတောင်သားများဖြစ်သလို အားလပ်ချိန်တွင် အပိုဝင်ငွေရရှိသဖြင့် တချို့တစ်ဝက်ကို မိဘပြန်ပေးနိုင်ပြီး တချို့ကို မိမိလိုချင်သည့် အသုံးအဆောင်လေးများ ဝယ်နိုင်သဖြင့် ဇင်မာပျော်ပါသည်။

အလုပ်က ပင်ပန်းသည်ဆိုသော်လည်း အလုပ်ကြမ်းနှင့် အမြဲထိတွေ့နေရသည့် တောသူတစ်ယောက်မို့ ထူး၍ ပင်ပန်းသည်ဟု မထင်မိတော့သလို သူငယ်ချင်းများနှင့် တစ်နေကုန် စ,ရင်း နောက်ရင်း အလုပ်လုပ်နေရသည်မို့ ပျော်စရာပင်ကောင်းသေးတော့၏။

တစ်နေ့ -

"ကဲ - မနီလာရေ၊ အလုပ်သိမ်းပြီဆိုတော့ ထုံးစံအတိုင်း ရေချိုးသွားပြီး ပြန်ရုံပဲရှိတော့တာပေါ့"

တစ်ရွာတည်းသူ မနီလာအား လှမ်းပြောလိုက်ရင်း ဇင်မာသိမ်းစရာရှိတာများကို သိမ်းဆည်းလိုက်သည်။ အမှန်တော့ ယခုမှ ညနေ (၃) နာရီကျော်သာရှိသေးသည်မို့ ထုံးစံအတိုင်း အလုပ်သိမ်းသည့်အချိန် မဟုတ်သေး။ သို့သော် အခုနလေးကတင် ကျင်းထဲမှ ရေများကို စုပ်ထုတ်နေသည့်စက်မှ မော်တာပျက်သွားသဖြင့် သူတို့ ကျင်းထဲမဆင်းဖြစ်တော့။

ထိုအခါမျိုးတွင် အလုပ်ကို ရပ်လိုက်ရသည်။ စက်ကိုပြန်လည်ပြင်ဆင်ပြီး ကောင်းသွားသည့်အခါမှသာ သူတို့ ပြန်ဆင်းကြရသည်။ ထို့ကြောင့် လောလောဆယ် သူတို့အဖွဲ့နားလိုက်ရသဖြင့် အသီးသီး ပြန်ရန်ပြင်ဆင်ကြသည်။

ဇင်မာတို့က နေ့စဉ် အလုပ်သိမ်းပြီးလျှင် ချက်ချင်းမပြန်။ ရေမိုးချိုးပြီးမှ ပြန်လေ့ရှိသည်။ ဇင်မာတို့ဆိုသည်မှာ ဇင်မာနှင့် တစ်ရွာတည်းဖြစ်ပြီး အလုပ်သွား/ပြန်တွဲဖက် မနီလာနှင့် မဇာဇာဦးတို့ ဖြစ်သည်။

ရေချိုးသည်ဆိုရာ၌ အခြားနေရာတွင် မဟုတ်။ သူတို့ရွှေရှာထားသည့်နေရာအနီးအပြားတွင် ကျင်းဟောင်းကြီးများရှိ၏။ ထိုကျင်းဟောင်းကြီးများထဲတွင် မြေအောက်မှ စိမ့်ထွက်နေသည့် ရေတွေရော ယခုလို မိုးတွင်းဆို မိုးရွာသွန်းသဖြင့် ကောင်းကင်မှကျလာသည့် ရေတွေရောဖြင့် စုပေါင်း၍ ရေအိုင်ကြီးများသဖွယ်ရှိနေတတ်၏။ ထိုအိုင်ကြီးထဲသို့ဆင်း၍ ချိုးကြခြင်း ဖြစ်၏။

"ငါချမ်းစိမ့်စိမ့်ဖြစ်နေတယ်ဟာ။ မချိုးချင်တော့ဘူး"

မနက်ခင်းကတည်းက မိုးရွာသွန်းနေသဖြင့် သူတို့တစ်ကိုယ်လုံး စိုရွှဲနေသလို ရွှံ့နှစ်ရေများလည်း ပေကျံနေသည်။ မနီလာ၏စကားကို ဇင်မာက-

"ကျွန်မလည်း ချမ်းနေတာပါပဲ မနီလာရယ်၊ လာပါ၊ ကမန်းကတန်းချိုးပြီး ပြန်ကြတာပေါ့"

ထို့နောက် သူမတို့သုံးယောက် ရေချိုးရန် ထွက်သွားကြတော့သလို တချို့တစ်ဝက်လည်း ပြန်ကုန်ကြတော့၏။ စက်ပိုင် ကိုသိန်းဝင်းနှင့် စက်ပြင်ဆရာကိုမျိုးတို့ အပါအဝင် ယောက်ျားသား အနည်းငယ်သာ ပျက်သွားသည့် ရေစုပ်စက်အား ပြင်ဆင်ရင်း ကျန်နေခဲ့တော့၏။

"ဟော့ဟော့- လာကြပါဦး။ ဒီမှာ ကောင်မလေးတွေ ရေနစ်နေလို့"

ကိုသိန်းဝင်းတို့အဖွဲ့ ပတ်ဝန်းကျင်ကို မေ့လျော့ပြီး စက်ကို အာရုံစိုက် ပြုပြင်နေစဉ် ခပ်လှမ်းလှမ်းမှ အော်သံကြောင့် ခေါင်းထောင်ကြည့်မိသွား၏။

"ဘာလဲကွ၊ ဘာသံလဲ"

"ကောင်မလေးတွေရေနစ်နေလို့တဲ့"

"ဟေ - လာ လာ၊ သွားကြည့်ရအောင်"

သူတို့တစ်ဖွဲ့လုံး ရုတ်ရုတ်သဲသဲဖြင့် အသံကြားရာသို့ အပြေးအလွှားရောက်သွားကြရာ ကျင်းဟောင်းတစ်ခု၏ထိပ်တွင် အမျိုးသားတစ်ဦးက အော်ဟစ်နေပြီး အမျိုးသားတစ်ဦးက ရေထဲတွင် အမျိုးသမီးတစ်ဦးအား ဆင်းဆယ်နေသည်ကို တွေ့လိုက်ရသည်။ ထိုစဉ် အမျိုးသမီးတစ်ဦး ရေထဲမှ ဘွားခနဲပေါ်လာပြီး ပြန်မြုပ်သွားသည်ကို တွေ့လိုက်ရသည်။

"ဟာ - နီလာတို့ပဲကွ။ လုပ်. . . လုပ်၊ ဆယ်ကြပါဦး"

ကိုသိန်းဝင်းအသံအဆုံး ရေကူးတတ်သည့် လူငယ် (၂) ဦး ရေထဲခုန်ဆင်းသွား၏။ ထိုစဉ် ရေထဲဆင်းကယ်ဆယ်နေသည့် အမျိုးသားက မဇာဇာဦးအား ကုန်းပေါ်ဆွဲတင်လာသည်။အတန်ကြာတော့ လူငယ်တစ်ဦးက မနီလာအား ဆယ်တင်လာသည်။

ကုန်းပေါ်ရောက်တော့ ရေမွန်းသည့်ဒဏ်ရော ကြောက်လန့်နေသည့်အရှိန်ကြောင့် အမျိုးသမီး (၂) ဦး တော်တော်နှင့်အသံမထွက်။

အတန်ကြာမှ -

"ဟို. . . ဟို. . . ဇင်. . . ဇင်မာကျန်သေးတယ်"

"ဟေ"

အားလုံး မျက်လုံးပြူးကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ချေပြင်ကို ကြည့်လိုက်တော့ ငြိမ်သက်လျက်။

"ဟာ - ဒါဆို လုပ်ကြပါဦး။ ရေအောက်မြုပ်နေတယ်နဲ့တူတယ်။ ရေငုပ်တတ်တဲ့သူတွေဆင်းရှာပါဦး"

ကိုသိန်းဝင်းတို့အဖွဲ့ ဝရုန်းသုန်းကားဖြစ်ကုန်ပြန်သည်။ ရေငုပ်တတ်သူအချို့ ရေထဲသို့ ကမန်းကတန်းပြန်ဆင်းကုန်ကြ၏။ သို့သော် ဇင်မာ၏အဖြစ်ကတံဆိုးလှ၏။ တော်တော်နှင့်ရှာမတွေ့။ အချိန်အတော်လင့်မှသာ ရေအောက်ကြမ်းပြင်တစ်နေရာတွင် လဲလျောင်းငြိမ်သက်နေသည့် ဇင်မာ့ကို ရှာဖွေတွေ့ရှိဆယ်ယူလိုက်နိုင်သည်။

သို့သော် အသက်မရှိတော့။

❐

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မေတ္တသုတ်ပရိတ်တော်တွင် မြင်အပ်ကုန်သော သတ္တဝါတို့သည် လည်းကောင်း၊ မမြင်အပ်ကုန်သောသတ္တဝါတို့သည် လည်းကောင်း၊ အဝေး၌ လည်းကောင်း, အနီး၌ လည်းကောင်း နေကြကုန်၏ဟု ဟောမြွက်ခဲ့ပေသည်။ ထို့ပြင် ဥထုဇဉ်သတ္တဝါတို့သည် အဝိဇ္ဇာနှင့် တဏှာတို့၏အားကြောင့် သေခါနီးများယွင်းစွာ စွဲလမ်းခဲ့မိလျှင်သော် လည်းကောင်း၊ လူ့ဘဝရခိုက် မှားယွင်းစွာ ကျူးလွန်မိသည့် အကုသိုလ်တို့၏အစွမ်းကြောင့်လည်းကောင်း သေလွန်ပြီးနောက် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံဘဝများသို့ ရောက်ရှိတတ်ကြောင်း သက်သေအမျိုးမျိုးပြ ဟောကြားခဲ့ပေသည်။

ထို့ကြောင့် တစ္ဆေ၊ သရဲ၊ ဘီလူး၊ ဘုတ်၊ ဥစ္စာစောင့်ဟု အမျိုးမျိုးခေါ်ဝေါ်နေကြသည့် ပြိတ္တာဘုံသားများ အမှန်တကယ်ရှိနေကြောင်း ဗုဒ္ဓဘာသာဝင်တွန်တော်တို့ ယုံကြည်လက်ခံသင့်ပေသည်။

ယခု ကိုကျော်မြင့်တို့မိသားစုကြုမ္မာဆိုးနှင့် တိုးခဲ့ရခြင်းကိုတော့ ကိုကျော်မြင့်၏ယုံကြည်မှုမှားမှုမထားရှ်ဒုက္ခတစားခံရခြင်းဖြစ်သည်ဟု ကြားသိသူတိုင်းက ဆိုနေကြပါသည်။

ဆင်ခြင်သံတိမြဲရှိကြရန်
စိတ်ရည်သန်လျက်

ဝင်းထွန်းအောင်(စစ်/ဆေး)

သူတစ်ပါးကောင်းစားစေလိုသော စိတ်ကို အဖန်ဖန်အထပ်ထပ် ဖြစ်ပွားအောင် ပြုလုပ်ပေးခြင်း၊ အသုံးပြုခြင်း၊ ပို့လွှတ်ပေးခြင်းသည် မေတ္တာဘာဝနာဟူသော မေတ္တာပို့ခြင်း မည်၏။

သတ္တဝါတို့အပေါ်၌ မေတ္တာပွား၍ဖြစ်စေ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့တွင် တစ်ပါးပါးပွားများနေခြင်းသည် မြင့်မြတ်သောနေခြင်းဖြစ်၍ ဗြဟ္မဝိဟာရဟုခေါ်ဆိုပြီး ထိုသို့ပွားများခြင်းသည် မြင့်မြတ်သောအကျင့်ဖြစ်၍ ဗြဟ္မစိုရ်ဟုခေါ်ဆိုသည်။

သတ္တဝါများကြီးပွားချမ်းသာသည်ကို လိုလားခြင်းသည် မေတ္တာ၊ ဆင်းရဲသောသတ္တဝါများကိုမြင်၍ သနားခြင်း၊ ဆင်းရဲမှုကင်းလွတ်စေလိုခြင်းသည် ကရုဏာ၊ ပြည့်စုံချမ်းသာသောသူတို့ကိုမြင်ရလျှင် ဝမ်းမြောက်ခြင်းသည် မုဒိတာ၊ သတ္တဝါတို့အပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းမရှိ မျှမျှတတရှုမြင်ခြင်းသည် ဥပေက္ခာဖြစ်၍ ယင်းတို့သည် ဗြဟ္မစိုရ်တရားလေးပါး ဖြစ်သည်။

တစ်ဖန် မေတ္တာကို ချစ်ခြင်းဟု မြန်မာမှုပြုကြသည်။ ထိုချစ်ခြင်းဟူသော ဝေါဟာရသည် လင်ချစ်မယားချစ်ဟု တဏှာပေမချစ်ခြင်း၊ မိဘညီအစ်ကိုမောင်နှမချစ်ဟု ဂေဟသိတပေမချစ်ခြင်းနှင့် သူတစ်ပါးကြီးပွားချမ်းသာစေလိုမှုဟု မေတ္တာချစ်ခြင်း စသောအနက်ကိုဆောင်သည်။ တဏှာပေမနှင့် ဂေဟသိတပေမသည် ချစ်ခြင်းတွယ်တာခြင်း၊ လောဘသဘော တဏှာသဘောပါ၍ စင်ကြယ်သော သဘောတရားဟု မဆိုသာဘဲ မေတ္တာသည်သာလျှင် သူတစ်ပါး၏ ကြီးပွားချမ်းသာမှုကို လိုလားသောမေတ္တာစစ်ဖြစ်၍ သန့်ရှင်းစင်ကြယ်မွန်မြတ်သောသဘောတရားရှိသည်။

မေတ္တာပို့၊ မေတ္တာပွားရန် ငါချမ်းသာချင်သကဲ့သို့ သက်ရှိသတ္တဝါတိုင်း ချမ်းသာချင်ကြမည်ဟု ဦးစွာကိုယ်ချင်းစာတရားပွားရသည်။ ထို့နောက်

# သုတဝင်း

## မေတ္တာမိုးခေါင် လူ့ဘောင်ကန္တာရ





www.burmeseclassic.com

www.burmeseclassic.com

မိမိမေတ္တာပို့မည့်သူကို ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးထင်မြင်လာအောင် ကနဦး အာရုံယူစိတ်ညွတ်လျက် ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေဟု မေတ္တာဘာဝနာ စိတ်ကို ထိုသူထံသို့ရောက်အောင်ပို့လွှတ်ခြင်း၊ ဖြန့်ကြက်ခြင်းသည် မေတ္တာပို့နည်း ဖြစ်သည်။ သို့သော် မိမိပို့လွှတ်သော မေတ္တာဓာတ် မခံယူနိုင်တော့သော ဘဝ တစ်ပါးပြောင်းသွားသူကို မေတ္တာပွားခြင်း မပြုရ။

မိမိပို့သည့်မေတ္တာအစွမ်းထက်စေလိုလျှင် မေတ္တာဘာဝနာစီးဖြန်းခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရပါမည်။

၁။ သီလခံယူခြင်း၊

၂။ တင်ပျဉ်ခွေထိုင်၊ ခါး၊ အလယ်ပိုင်းမတ်၊ လက်ဝါးနှစ်ဖက် ပက်လက်ထပ်ပြီး လက်မထိပ်ချင်းထိ၍ ဦးခေါင်းမငိုက်စေဘဲ မေတ္တာဘာဝနာအာရုံကို ဦးတည်သောသတိဖြင့် ငြိမ်သက်စွာနေခြင်း၊

၃။ မေတ္တာပို့လိုသော သတ္တဝါ ပုဂ္ဂိုလ်ကို မျက်စိထဲတွင် ထင်မြင်အောင် အာရုံယူ စိတ်ညွတ်လျက် ဖွဲ့ရှိရှိဖြင့် တစ်ကြိမ်လျှင် (၁၅) မိနစ်၊ နာရီဝက်ခန့် မေတ္တာဓာတ်ပို့သပွားများခြင်း။

၄။ ပုဂ္ဂိုလ်တစ်ဦးကို ပိုင်နိုင်စွာ မေတ္တာပို့နိုင်ပြီးမှ တစ်ကမ္ဘာလုံးခြုံပြီး အာရုံဖြန့်ကြက်မေတ္တာဓာတ်ပို့လွှတ်နိုင်အောင်လေ့ကျင့်ခြင်း။

သီလယူ၊ မေတ္တာပို့သပြီးသည်နှင့် ဆုတောင်း၊ အမျှဝေခြင်းတို့ကို ဆက်လက် ဆောင်ရွက်ရပါမည်။

ထိုသို့ မေတ္တာပို့ခြင်းကြောင့် ချမ်းသာစွာနိုးထရခြင်း၊ မကောင်းသော အိပ်မက်များမမြင်မက်ခြင်း၊ လူတို့ချစ်ခင်နှစ်သက်ခြင်း၊ နတ်တို့ချစ်ခင်မြတ်နိုးခြင်း၊ နတ်တို့စောင့်ရှောက်ခြင်း၊ မီး၊ အဆိပ်၊ လက်နက် မသင့်နိုင်ခြင်း၊ စိတ်လျှင်မြန်စွာတည်ကြည်ခြင်း၊ မျက်နှာရုပ်ဆင်းကြည်လင်ရွှင်ပျခြင်း၊ မတွေဝေဘဲ သေရခြင်း စသည့် အကျိုးဆယ်ပါး မျက်မှောက်ခံစားနိုင်၍ သေသောအခါ ဗြဟ္မာ့ပြည်သို့လားရခြင်းအကျိုးပါခံစားရကြောင်း ဗုဒ္ဓဘုရား ဟောတော်မူခဲ့သည်။

အလှူပေးခြင်းဒါနကုသိုလ်သည် အလှူဝတ္ထုမြတ်ခြင်း၊ စေတနာသဒ္ဓါတရားထက်မြက်ခြင်း၊ အလှူခံပုဂ္ဂိုလ်ကောင်းမြတ်ခြင်း စသည့် အကြောင်းညီညွတ်မှသာ မျက်မှောက်ဘဝမှ နောင်သံသရာအထိ မြတ်သောဘဝ၌စည်းစိမ်ဥစ္စာပြည့်စုံခြင်း၊ အခြံအရံပြည့်စုံခြင်း၊ အသက်ရှည် အဆင်းလှ၍ ခွန်အားဗလ ပြည့်စုံခြင်း အကျိုးတို့ကိုသာ ရရှိနိုင်သည်။ သရဏဂုံနှင့် ငါးပါးသီလဆောက်တည်ခြင်း၊ ဥပုသ်သီတင်းစောင့်ခြင်း၊ သီလကုသိုလ်ကြောင့် စီးပွားဥစ္စာရတနာတို့ကို အစုလိုက်အပုံလိုက်ရနိုင်ခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်း၊ ပရိသတ်ဗိုလ်ပုံအလယ်၌ တင့်တယ်ရဲရင့်ခြင်း၊ သတိ ကောင်းစွာနှင့် သေလွန်ရခြင်း၊ သေလွန်ပြီးနောက် လူ့ချမ်းသာ, နတ်ချမ်းသာဘဝသို့ရောက်ခြင်းအကျိုးတို့ကိုသာ ရရှိနိုင်သည်။ သရဏဂုံနှင့် ငါးပါးသီလဆောက်တည်ခြင်း၊ ဥပုသ်သီတင်းစောင့်ခြင်း၊ သီလကုသိုလ်ကြောင့် စီးပွားဥစ္စာရတနာတို့ကို အစုလိုက်အပုံလိုက်ရနိုင်ခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်း၊ ပရိသတ်ဗိုလ်ပုံအလယ်၌ တင့်တယ်ရဲရင့်ခြင်း၊ သတိကောင်းစွာနှင့် သေလွန်ရခြင်း၊ သေလွန်ပြီးနောက် လူ့ချမ်းသာ နတ်ချမ်းသာဘဝသို့ရောက်ခြင်း အကျိုးတို့ကိုသာ ရရှိနိုင်သည်။

မေတ္တာပို့ခြင်းကြောင့် မျက်မှောက်ဘဝ၌ အကျိုးဆယ်ပါးရရှိနိုင်သကဲ့သို့ မေတ္တာဘာဝနာစီးဖြန်းနိုင်ခြင်းကြောင့် မျက်မှောက်ဘဝ အကျိုးဆယ်ပါးနှင့် သေသောအခါ ဗြဟ္မာ့ပြည်သို့လားရခြင်း အကျိုးကို မပင်မပန်းရရှိနိုင်သဖြင့် ဒါနကုသိုလ်၊ သီလကုသိုလ်တို့ထက်ပို၍ ကြီးမြတ်ကြောင်းကိုလည်း ဟောတော်မူခဲ့သည်။

ဒဠှနေမိစကြာမင်း လက်ထက်က လူတို့၏အသက်သည် နှစ်ရှစ်သောင်းရှိခဲ့ရာမှ ဥစ္စာမရှိသူကို ဥစ္စာပေးရန် မင်းကျင့်ဝတ်ပျက်ယွင်းမှုကြောင့် အဒိန္နာဒါနကံ ကျူးလွန်ကြသည်။ ခိုးဝှက်သူများကို ခေါင်းဖြတ်သတ်၍ အပြစ်စီရင်သည်။ ခိုးဝှက်လုယူသူများက အတုယူ၍ ပါဏာတိပါတာကံ ကျူးလွန်ကြသောကြောင့် လူ့အသက်နှစ်လေးသောင်းအထိ ဆုတ်ယုတ်ခဲ့သည်။ အပြစ်ကျူးလွန်သူများ အမှန်အတိုင်း ဝန်မခံဘဲ မုသာဝါဒများ ပြောလာသည့်အခါ လူ့အသက်နှစ် နှစ်သောင်းအထိ ထပ်မံ ဆုတ်ယုတ်သည်။

သူသတ်၊ သူခိုး၊ သူလိမ်တွေက လူကောင်းသူကောင်းများအပေါ် မနာလိုဝန်တိုကောက်ကျစ်စိတ်ဖြင့် ဘုရင်ထံ လိဆယ်ကုန်းတိုက်ကြသည့်ပိသုဏဝါစာ ဒုစရိုက်ကြောင့် လူ့အသက်နှစ်တစ်သောင်း အထိ ယုတ်လျော့ပြန်သည်။ ရုပ်ရည်လှပသူမိန်းမတွေကို ရုပ်ရည်ကြမ်းတမ်းသော ယောကျ်ားတွေကလုယက်မှာပြစ်မှားသည့် ကာမေသုမိစ္ဆာစာရကံကြောင့် လူ့အသက်နှစ်ငါးထောင်၊ သူတစ်ပါးကို ဆဲရေးတိုင်းထွာသော ဖရုသဝါစာကြောင့် လူ့အသက်နှစ် နှစ်ထောင့်ငါးရာ၊ သူတစ်ပါးဥစ္စာရလိုမှုဖြင့် အဘိဇ္ဈာပွားကြသဖြင့် လူ့အသက် နှစ်တစ်ထောင်အထိ ဆုတ်ကပ်ဆိုက်ခဲ့သည်။

လူတို့သည် ထိုမျှနှင့် အတောမသတ်နိုင်သေးဘဲ ကံအကျိုးမယုံကြည်သော မိစ္ဆာဒိဋ္ဌိ၊ ကာမပိုင်မယားနှင့် အားမရနိုင်သော တဏှာလောဘ၊ သွေးသားတော်စပ်သူချင်း၊ လိင်တူချင်း မေထုန်မှီဝဲသော မိစ္ဆာဓမ္မလွန်ကဲကြသဖြင့် လူ့အသက်နှစ် (၂၅၀) ပင် မပြည့်တော့ပေ။

မိဘကို လုပ်ကျွေးပြုစုခြင်းမရှိသူ၊ ရဟန်းသူတော်စင်တို့ကို မလှူဒါန်းသူ၊ အသက်ကြီးသူတို့ကိုမရိုသေသူ၊ ခိုးဆိုးလုယက်သူ များပြားလာသောကာလသည် လူ့အသက် နှစ်တစ်ရာဝန်ကျင်းအထိသာ အသက်ရှည်ကြမည့်အပြင် အဆိုပါ တရားလက်လွတ်မှုများ ဆက်လက် ကြီးထွားနေပါက လူအချင်းချင်း သတ်ဖြတ်စားသောက်သည့် သတ္တန္တရကပ်ဆိုက်ရောက်မည်။ အသက်မသေဘဲ ကျန်ရစ်သူတို့သာ လူ့အသက် ဆယ်နှစ် သက်ဆိုးရှည်ဖို့အတွက် တစ်စိတ်တစ်ဝမ်းတည်း ကုသိုလ်တွေကို ပြန်လည်တမ်းတမည်ဟု ဘုရားရှင်က ဒီဃနိကာယ် ပါထိကဝဂ် စက္ကဝတ္တိသုတ်ဖြင့် ဆုံးမညွှန်ပြခဲ့သည်။

လက်ရှိ လူ့သက်တမ်း နှစ်တစ်ရာဝန်းကျင်ဖြင့်ပင် ယနေ့ကမ္ဘာကြီးသည် ဖန်လုံအိမ်အာနိသင်ကြောင့် ပူနွေးလာခြင်း၊ ယင်းအကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ခြင်း၊ သဘာဝဘေးအန္တရာယ်၊ အကြမ်းဖက်ဝါဒတို့၏ စိန်ခေါ်မှုစသည်တို့ကို ရင်ဆိုင်နေရသည်။

သို့ဖြစ်၍ မေတ္တာမိုးခေါင်လူ့ဘောင် ကန္တာရ မဖြစ်စေရေးအတွက် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားရာ မြန်မာပြည်သူပြည်သားအားလုံး တစ်ဦးအပေါ် တစ်ဦး သန့်ရှင်းစင်ကြယ်မွန်မြတ်သော မေတ္တာတရားထားနိုင်ကြပါစေဟု လည်းကောင်း၊ ကမ္ဘာသူကမ္ဘာသားအားလုံး မေတ္တာလွှမ်းခြုံ အလုံးစုံ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေဟု လည်းကောင်း မေတ္တာပို့သ၍ နိဂုံးချုပ်အပ်ပါသည်။

သူဇာဝင်း



www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်



*'ကတိသစ္စာ တည်သောအခါ၊ ပြဇာလေးနက် ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏'*

မှန်ကန်သော သစ္စာစကား ဖြစ်ပါ၏။

ဤကမ္ဘာမြေပေါ်တွင် ပေါက်ရောက်နေကြသော သစ်ပင်၊ ပန်းပင်၊ နွယ်ပင်တို့သည် ဆေးပင်များသာဖြစ်ကြပါ၏။

သူ့ဆေးပင်နှင့် သူ့ရောဂါသည် အံဝင်ခွင်ကျဖြစ်ပါက ရောဂါမှာပျောက်ကင်းသည်မရှိဘဲ မူလအတိုင်းပင်နေပါ၏။ ရောဂါသိမှ ဆေးရှိရာ၏။ ရောဂါမသိ ဆေးမရှိပါ။

ရောဂါကို ပထမ သိအောင်ရှာဖွေ၏။ ရောဂါကို သိရလျှင် ဒုတိယ ဆေးကို စဉ်းစားဝေဖန်ရာ၏။ ဆေးသမားသည် ဆေးသမားမဟုတ်ပါ။ ဆ-သမားသာ ဖြစ်၏။ ရောဂါအတွက် ဆေးကို ကြံစည်တွေးရာ၏။ ဆင်ခြင်ကြံဆရာ၏။ ရောဂါနှင့်ကိုက်ညီသောဆေးကို စဉ်းစားဆင်ခြင်ကြံဆပေးရ၏။ ယင်းသို့ စဉ်းစားဆင်ခြင်ကြံဆတွေးတောမှသာလျှင် အမှန်တရားသို့ ကျရောက်တတ်၏။

လူနာကို တွေ့ရှိလျှင် ရောဂါ၏ အကြောင်းအရာတဖြစ်ရပ်မှန်ကို မေးမြန်းစုံစမ်းဆန်းစစ်ရာ၏။ ရောဂါကို တွေးတာကြံဆင်ခြင်းစားခြင်းမရှိဘဲ အရမ်းကာရော မှန်းလုပ်ရာ၊ ဆေးမတိုက်ရာ။ လူနာ၏ ရောဂါလက္ခဏာတို့ကို တိကျစွာသိမြင်သောလျှင် ဆေးချက်တို့ကို ချမှတ်၏။ ကုသပေးကြရာ၏။ သို့မှသာ ရောဂါ ပျောက်ကင်းချမ်းသာကြမည် ဖြစ်ပါ၏။

'ရောဂါအလိုက်၊ ဓာတ်အကြိုက် လိုက်လျောညီစွာကျွေး' ဟု ဆိုစမှတ်ပြုကြ၏။ ဆေးလည်းအစာ၊ အစားလည်း ဆေးသင့်ရာပေး၊ ပျောက်ရေးမခက်ပါ။

စာရေးသူတို့ငယ်စဉ်က ရခိုင် ဆေးဆရာတော်တစ်ဦးကို တွေ့ဖူးခဲ့၏။ ထို ဆရာသည် ဆေးဟူ၍ တစ်စုံတစ်ရာမှ ပေးဆောင်သွားခြင်း မရှိပါ။ ရောဂါ အပေါ် မှာမူတည်ပြီး အစားအစာတို့ကို ရွေးကျွေးပေး၏။

တစ်နေ့သောအခါ ထိုဆရာသည် ဖျားနေသော လူတစ်ဦးအား ရှောက်သီးသုပ်ကို ငရုတ်ကောင်း၊ ပိတ်ချင်း၊ ဂျင်း(ချင်း)သုံးပါးကဲကာ လူနာအားစားစေ၏။ လူနာသည် ထိုရှောက်သီးသုပ်ကို စားလေ၏။ လူနာသည် အဆိုပါရှောက်သီးသုပ်ကို တဝစားပစ်လိုက်၏။ စားပြီးနောက် မကြာမြင့်မီ ချွေးထွက်လာ၏။ နာရီဝက်ကြာသောအခါ လူနာသည် ရှောက်သီးလက်သုပ်ကို အန်ပစ်လေ၏။ ရှောက်သီးများ ကုန်စင်အောင် အန်ပစ်လေ၏။ အန်ပြီးသောအခါ ထန်းလျက်ကို စားစေ၏။

ထိုဖျားနေသော လူနာသည် ချက်ချင်းပင် အဖျားကျ၍ ရောဂါလည်း ပျောက်ကင်းသွားလေ၏။ ထိုသို့ ကုသခြင်းကို ဓာတ်စာဖြင့်ကုသခြင်းဟု ခေါ်၏။ တစ်နည်းဆိုရသော် ဓာတ်ကုဟု ခေါ်ကြ၏။

တစ်ခါတစ်ရံမှာ လူနာရှင်အား မေး၍ စားချင်သော အစာအာဟာရကို ကျွေးပေးလေ၏။ လူနာစားချင်သော အစာသည် ရောဂါက တောင်းဆိုသော အစာအာဟာရဟု သဘောပေါက် နားလည်ထား၏။ 'ရာသီအလိုက်၊ ဓာတ်အကြိုက်၊ လိုက်လျောညီစွာကျွေး' ဟု ဆိုစမှတ်ပြုကြသည် မဟုတ်ပါလား။ ဤသည်ကို ထောက်လျှင် ဓာတ်ဆေးကု ဆရာတို့၏ လုပ်ရပ်သည် မှန်ကန်သော ကုထုံးကွက်တစ်ခုဟု ဆိုရပါမည်။

မည်သို့ပင်ကုသည်ဖြစ်စေ ရောဂါ ပျောက်ကင်းဖို့ရာမှာ အဓိကသော့ချက် ဖြစ်ပါ၏။ ဤနေရာမှာ အစာကြေလေသက် ပြည်မက်သော ဣစ္ဆာသယဆေး တစ်ဖုံကို ဖော်ပြပေးပါမည်။

ဤဆေးသည် စွယ်စုံရသောဆေး ဖြစ်ပါ၏။ မည်သည့်ရောဂါကိုမဆို ကုသနိုင်သော ဆေးတော်ဖြစ်သဖြင့် ရခိုင်သမားတော်ကြီးများ၏လက်ဝယ်၌ အမြဲတမ်း ဆောင်ထားသော ဆေးတော် လည်း ဖြစ်ပါ၏။

**ဆေးကား ။ ။** မိဿလင်ဥ တစ်ပိဿာ၊ နနွင်းခါးတစ်ပိဿာ၊ ဆား တစ်ပိဿာ။

**ပြုလုပ်နည်း ။ ။** မိဿလင်ဥကို အခြောက်လှန်း။ တစ်ပိဿာဖြစ်ရပါမည်။ နနွင်းခြောက်အမှုန့်ထောင်း တစ်ပိဿာဖြစ်ရပါမည်။ ဆားတစ်ပိဿာ (လှော်ထည့်ပါ)။ အားလုံးကို ပေါင်းစပ်ပါ။

**ဆေးအသုံး ။ ။** ငှက်ဖျားနှင့် အဖျားအမျိုးမျိုးကို လူနာ၏ အင်အားကိုကြည့်၍ တစ်ပဲ၊ တစ်မတ် ချင့်ချိန်ပြီးတိုက်ပါ။ အားလုံးသောအဖျားပြတ်၏။ တစ်ဖန် ပန်းနာရင်ကျပ်၊ သလိပ်ကပ်ရောဂါတို့ကိုလည်း တိုက်ပေးပါက ပျောက်ကင်းနိုင်ပါ၏။

လျှပ်တစ်ပြက်အစားအစာများ၍ အော့နာဝမ်းကျရောဂါတို့ကိုလည်း တိုက်ပေးပါက ပျောက်ကင်းပါ၏။ အစာအိမ်နှင့်ပတ်သက်သောရောဂါတို့ကို ပျောက်ကင်းချမ်းသာစေပါ၏။

ဝမ်းဖောဝမ်းရောင်၊ လေမသက် အနေခက်သောရောဂါ (လေရောဂါ)တို့ကိုလည်း ထိုဆေးသောက်ပါက ရောဂါများ ပျောက်ကင်းချမ်းသာပါလိမ့်မည်။ မီးယပ်ရောဂါအမျိုးမျိုး၊ လေဖြတ်၊ လေငန်းရောဂါတို့ကိုပါ ပျောက်ကင်းပါ ၏။

**ဆေးသောက်သုံးသောအခါ ။ ။** လူကြီး တစ်ခါသောက် လက်ဖက်ရည်ဇွန်း တစ်ဇွန်း။ ကလေးများကို အရွယ်နှင့် ချင့်ချိန်၍ လက်ဖက်ရည်ဇွန်း (½) ဇွန်း ချင့်ချိန်ပြီး တိုက်ပေးပါ။ ပျောက်ကင်း ချမ်းသာပါလိမ့်မည်။

*တိုင်းရင်းဆေး ဗဟုသုတ ပြည့်စုံနိုင်ကြပါစေ၊ မေတ္တာသစ္စာဖြင့် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေ။*

မဟာနွယ်(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရ ၈-၈-၂၀၁၃ ရက်နေ့မှာ မောင်ပွင့်ဉာဏ် Sky Net ရုပ်သံကနေ စကားပြောခဲ့ပါတယ်။ မနက်ဘက်မှာ တိုက်ရိုက် Live လွှင့်ပြီး ညနေဘက်မှာ နောက်တစ်ခေါက်ပြန်လွှင့်ပါတယ်။

ကြီးကြီးကျယ်ကျယ်၊ မင်းက ဘာကောင်မို့လဲလို့ မေးလာရင် -

ဟုတ်ကဲ့၊ ကျွန်တော် ဘာကောင်မှ မဟုတ်ပါ။ ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာနနဲ့ Sky Net ရုပ်သံလိုင်းတို့ ပူးပေါင်း ကျင်းပတဲ့ မွန်ပြည်နယ် ကျောင်းပေါင်းစုံစကားရည်လုပွဲနဲ့ ကျပန်းစကားပြောပြိုင်ပွဲမှာ ဒိုင်လူကြီးတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ရလို့ပါလို့ ပြန်ဖြေပါ့မယ်။

ပြိုင်ပွဲပြီးလို့ အမှတ်တွေပေါင်းနေတုန်း အခမ်းအနားတက်ရောက်လာတဲ့ ကျောင်းသူကျောင်းသားများကို စကားလက်ဆောင်ပြောပေးဖို့ ပြောလာတာနဲ့ ကျွန်တော်လည်း ဖတ်မှတ်ထားတာလေးတွေနဲ့ ပြောခဲ့ပါတယ်။ အဲဒီတုန်းကပြောခဲ့တာတွေကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြီး ရေးလိုက်ပါတယ်။

အားလုံးပဲ မကောင်းမှုရှောင် ကောင်းမှုဆောင်ခြင်းဖြင့် မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဦးစွာ ပဏ္ဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဏ္ဏာမဆိုတာကို လက်ဦးအစ ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးနေကြပေမယ့် ပါဠိစကားလုံး 'ပဏ္ဏာမ' ရဲ့ မူရင်းအနက်က ရှိခိုးခြင်း ဖြစ်ပါတယ်။ ပရိသတ်ထဲမှာ ကျွန်တော့်ထက် အသက်၊ဂုဏ်သိက္ခာ၊ဝါကြီးသူများပါခဲ့ရင် ကျွန်တော်က အခုလို အပေါ်ကနေ စကားပြောတာ အဂါရဝ ဖြစ်ခဲ့ရင် ခွင့်လွှတ်ဖို့ ရှိခိုးတောင်းပန်အပ်ပါတယ်။

◆

# လူငယ်များအတွက်စကားလက်ဆောင်

## မောင်ပွင့်ဉာဏ်





www.burmeseclassic.com

www.burmeseclassic.com

အစီအစဉ် တင်ဆက်သူက ကျွန်တော့်ကို စကားလက်ဆောင်ပြောပေးဖို့ ပြောလာတဲ့ဆီမှာ 'လက်ဆောင်' ဆိုတာ ကို အဘိဓာန်က 'မေတ္တာဖြင့်ပေးသော အရာ'လို့ ဖွင့်ဆိုပါတယ်။ ဒီကနေ့ အခမ်းအနားမှာပြိုင်ပွဲဝင်ကြတဲ့ သားငယ်၊သမီးငယ်တွေကိုရော တက်ရောက်အားပေးကြတဲ့ သားငယ်၊ သမီးငယ်တွေကိုပါ မေတ္တာနဲ့ စကားလက်ဆောင်မပေးခင် မေးခွန်းတစ်ခု အရင်မေးချင်ပါတယ်။ စိတ်ထဲရှိတဲ့အတိုင်း ဖြေကြည့်ပါ။

မင်းတို့ လူတော်ဖြစ်ချင်သလား၊ လူကောင်းဖြစ်ချင်သလား။

(အများစုက လူကောင်းဖြစ်ချင်ပါတယ်လို့ ဖြေကြတယ်။)

ကျွန်တော် ဖတ်ထားတာလေး ပြောပြပါမယ်။လူဟာ တော်ပြီးမကောင်းရင် ပညာတတ်လူမိုက် ဖြစ်တတ်တယ် တဲ့။ အဲဒါထက် ပိုဆိုးတာက ပညာတတ်လူယုတ်မာဖြစ်တတ်ပါသေးတယ်တဲ့။ ကမ္ဘာပေါ်မှာ နှလုံးမလှတဲ့ ခေါင်းဆောင်တွေ အုပ်ချုပ်တဲ့နိုင်ငံတွေဟာ ဆင်းရဲတွင်းနက်ကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ကောင်းပြီ၊ မတော်ရင်လည်း လူနုံလူအလူကောင်းဖြစ်ပြီး သုံးစားလို့မရပြန်ဘူးတဲ့၊ ကဲ - ဒါဆိုပြန်ဖြေကြည့်ပါဦး။ မင်းတို့ လူတော်ဖြစ်ချင်သလား၊ လူကောင်းဖြစ်ချင်သလား။

(လူတော်လူကောင်း ဖြစ်ချင်ပါတယ် ဆိုတဲ့အသံက ဟိန်းပြီး ထွက်လာပါတယ်)

ဟုတ်ကဲ့ - ကျွန်တော် လိုချင်တာ ဒီအဖြေပါပဲ။ လူတော်ဖြစ်ဖို့ အသိပညာဗဟုသုတပြည့်စုံရမယ်။ တစ်နည်းပြောရရင် ဦးနှောက်ဖွံ့ဖြိုးရမယ်။ လူကောင်းဖြစ်ဖို့ စိတ်ထားဖြူစင်ရမယ်။ နှလုံးလှရမယ်။ ဒီအတွက် ကျွန်တော်တို့ စာဖတ်ရပါမယ်။ ဦးနှောက်ဖွံ့ဖြိုးဖို့ သုတစာပေဖတ်ကြရမှာဖြစ်ပြီး နှလုံးလှဖို့ ရသစာပေ ဖတ်ကြရပါမယ်။ စာဖတ်ခြင်းရဲ့ ရည်ရွယ်ချက်ဟာ ဒီနှစ်ချက်ပါပဲ။

စာဖတ်လို့ ထိပ်တန်းကိုရောက်သွားတဲ့ပုဂ္ဂိုလ်တွေကို ကျွန်တော်နမူနာထုတ်ပြပါမယ်။ အခုမေးမယ့် မေးခွန်းကို ကလေးများအားလုံး ဖြေကြပါ။

ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်နှခုနှစ်မှာ မွေးသလဲ။

'၁၉၁၅ ခုနှစ်ပါ'

မှန်ပါတယ်။ ဗိုလ်ချုပ်တို့ ကျဆုံးတော့ ဘယ်နှခုနှစ်ပါလဲ။

'၁၉၄၇ ခုနှစ်ပါ'



ကျောင်းသားခေါင်းဆောင်မှသည် နိုင်ငံ့ခေါင်းဆောင်ဆီသို့

ဟုတ်ပါတယ်။ ၄၇ မှာ ၁၅ နုတ်ကြည့်ပါ။ ဘယ်လောက်ရသလဲ။

'၃၂ ပါ'

အသက်(၃၀)စွန်းစွန်းကလေးမှာ ဗိုလ်ချုပ်သေတော့ တပ်မတော်သားတွေ မချိတင်ကဲ ငိုကြွေးကြတယ်။ သက်ကြီးရွယ်အို အဘိုး၊ အဘွားတွေက ဗိုလ်ချုပ်အစား ငါတို့သာသေလိုက်ချင်တယ်လို့ ယူကျုံးမရ မျက်ရည်ကျကြတယ်။ ကမ္ဘာ့နိုင်ငံခေါင်းဆောင်တွေ ဝမ်းနည်းကြတယ်။ ဗိုလ်ချုပ်ဟာ အခုလို အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မြန်မာ့လွတ်လပ်ရေးဗိသုကာ၊ တပ်မတော်ဖခင်၊ အမျိုးသားခေါင်းဆောင်၊ နိုင်ငံ့ခေါင်းဆောင်ဖြစ်ရတဲ့အကြောင်းတွေထဲမှာ ဗိုလ်ချုပ်ဟာ စာအင်မတန်ဖတ်တဲ့ပုဂ္ဂိုလ် ဖြစ်တာလည်း တစ်ကြောင်းပါပါတယ်။

ဒီနေရာမှာ တစ်ခုသတိရလို့ ပြောရရင် သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း မကွယ်လွန်ခင်က ပြောသွားတဲ့ စကားတစ်ခွန်းရှိတယ်။ အဲဒါက -

◆ မြန်မာပြည်မှာ ဘိုးတော်မင်းတရားကိုမီတဲ့ဘုရင်တစ်ပါးမှမရှိဘူး။

◆ အရှင်ဇနကာဘိဝံသကို မီပဲ့ ဘုန်းကြီးတစ်ပါးမှမရှိဘူး။

◆ အောင်ဆန်းကိုမီတဲ့ ဗိုလ်ချုပ် တစ်ယောက်မှ မရှိဘူး။


ပြိုင်ပွဲဝင်တဲ့သားငယ်တစ်ယောက် ပြောသွားတဲ့အထဲမှာ ဗိုလ်ချုပ်ဟာ အင်္ဂလိပ်တွေနဲ့ စကားပြောတော့ သူစကားပြောညံ့တာကို လှောင်ပြောင်တာ ခံခဲ့ရတယ်တဲ့။ ဒါနဲ့ ဗိုလ်ချုပ်ဟာ မခံချင်စိတ်နဲ့ ကြိုးစားခဲ့လို့ နောက်ပိုင်းမှာ အင်္ဂလိပ်စကားပြောတာရော အင်္ဂလိပ်စာအရေးအသားပါ အင်္ဂလိပ်တွေကိုယ်တိုင်က ချီးကျူးရလောက်အောင် အလွန်ကောင်းခဲ့တယ်လို့ ပြောသွားပါတယ်။

မှန်ပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝမှာ ကိုအောင်ဆန်းက စာအုပ်တွေကို စားမတတ်ဝါးမတတ် တစ်အုပ်ပြီးတစ်အုပ်ဖတ်ခဲ့တယ်။ သူ့အခန်းထဲက နိုင်ငံရေးနဲ့ပတ်သက်တဲ့စာအုပ်ပုံထဲမှာ


www.burmeseclassic.com



ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း၊ ဦးသန့် (၁၉၀၉-၁၉၇၄)



စာဖတ်ခြင်းဖြင့် 'အုံးပေ' ဘဝမှ 'ပခုက္ကူဦးအုံးဖေ' ဘဝသို့ တက်လှမ်းခဲ့သူ



အေဗရာဟင်လင်ကွန်း (၁၈၀၉-၁၈၆၅)

အင်္ဂလိပ်လိုရေးထားတာက အများစုဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂကထုတ်တဲ့ အိုးဝေမဂ္ဂဇင်းမှာ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်တော့ အနှစ်နှစ်အလလကဖတ်မှတ်ထားတဲ့ နိုင်ငံရေးဗဟုသုတတွေကို မြန်မာလိုရော အင်္ဂလိပ်လိုပါ ဆောင်းပါးတွေ ပြန်ရေးခဲ့တယ်။ သူပြောမယ့်မိန့်ခွန်းတွေကို အင်္ဂလိပ်လိုပဲ ရေးပါတယ်။ လိုအပ်မှ မြန်မာဘာသာပြန်ပါတယ်။ ဗိုလ်ချုပ်ပြောဖူးတဲ့စကားတစ်ခွန်းက ဒီလိုပါ။

◆ လောဘဆိုတာ မကောင်း။ ဒါပေမယ့် ကောင်းတဲ့ လောဘတစ်ခုတော့ ရှိလေရဲ့။ အဲဒါ ပညာလောဘပဲ။

ပညာကို တန်ဖိုးထားတဲ့ ဗိုလ်ချုပ်ဟာ အလုပ်ဘယ်လောက်များများ ရသလောက်အချိန်လေးမှာ စာကို အပတ်တကုတ်ဖတ်ခဲ့တာကြောင့် စံပြုလောက်တဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့တယ်။

သာမန် လယ်သမားဘဝကနေ ပညာရှိအမတ်ကြီးအဖြစ် နန်းတော်ထဲ ရောက်သွားတာ ဘယ်သူလဲ။

'အမတ်ကြီး ဘိုးရာဇာပါ'

ဟုတ်တယ်၊ ဝန်ဇင်းမင်းရာဇာလို့လည်းခေါ်တဲ့ အမတ်ကြီးဘိုးရာဇာရဲ့ ငယ်နာမည်ကကော ဘာလဲ။

'မောင်ညိုပါ'

'အဲဒီ ဝန်ဇင်းရွာသား မောင်ညိုဟာ လယ်လုပ်ကိုင်းလုပ်ရင်း အားတဲ့အချိန်တိုင်းမှာ စာတိုပေစတွေဖတ်လို့ သူ့ကို ဘယ်လိုခေါ်သေးသလဲ။

'စာတိုငညိုပါ'

'ဘိုးရာဇာဟာ×××တကယ်တော့ လယ်သမားလေးပါဗျ××× သူတကယ် လိုက်စားခဲ့တာက လှံ့လနဲ့ ပညာကိုရှာ××× ဘုရင့်ရွှေနားတော်ပေါက်ကြားရာက မြောက်စားခံရပါတဲ့ပညာရှိကြီး×××'

(သီချင်းဆိုပြပါတယ်) သားငယ်၊ သမီးငယ်တွေပြိုင်ပွဲဝင်ရင်း သီချင်းတွေပါ ဆိုသွားတာ ကြားတော့ ကျွန်တော်လည်း ဂီတပိုးလေးထလာလို့ပါ။

ဘုန်းကြီးကျောင်းပဲ နေခဲ့တဲ့ မောင်ညိုဟာ အားတဲ့အချိန်တိုင်းမှာ စာဖတ်ခဲ့တာကြောင့် မင်းလေးဆက်တိုက်အောင် ပညာရှိအမတ်ကြီးအဖြစ် အမှုထမ်းခဲ့တယ်။ ဘိုးရာဇာဟာ ဘုရင်ခေတ်က ပညာရှိဖြစ်တာမို့ ဝေးလွန်းပါတယ်။ အခုခေတ် ပညာရှိတစ်ယောက်အကြောင်း ကြည့်ရအောင်ပါ။

မန္တလေးတက္ကသိုလ်က အငြိမ်းစားယူသွားတဲ့ ဆရာကြီးတစ်ယောက်ဟာ သူ့ကိုယ်ရေးရာဇဝင်ကို ရေးဖြည့်တိုင်း ပညာအရည်အချင်းနေရာမှာ လေးတန်းအောင်လို့ ရေးပါတယ်။ ဆရာကြီးရဲ့ တကယ့်အရည်အချင်းနေရာမှာ လေးတန်းအောင်လို့ ရေးပါတယ်။ ဆရာကြီးရဲ့ တကယ့်အရည်အချင်းက မြန်မာ၊ အင်္ဂလိပ်၊ ပါဠိ၊ ဟင်ဒီ၊ သက္ကတ၊ တရုတ်၊ တိဗက်ဘာသာစကားခုနစ်မျိုးကို ကျမ်းပြုနိုင်တဲ့အဆင့်အထိ တတ်မြောက်ပါတယ်။ သူကတော့ ကျွန်တော်တို့ အင်မတန်လေးစားတဲ့ ဆရာကြီး (ဦး) ဆန်းထွန်း (မန်းတက္ကသိုလ်) ပဲ ဖြစ်ပါတယ်။ ပညာအရည်အချင်း လေးတန်းလောက်နဲ့ တက္ကသိုလ်မှာ အများက လေးစားအားထားရတဲ့ ပညာရှင်ကြီးဖြစ်တာ ဘာကြောင့်ပါလဲ။

'စာဖတ်လို့ပါ'။

ဆရာကြီး ဆန်းထွန်း (မန်းတက္ကသိုလ်) ရေးတဲ့စာတွေဟာ အနှစ်အသားပြည့်ဝတာကို ဖတ်ဖူးသူတိုင်းက ဝန်ခံကြရတယ်။ စာရေးဆရာ ချစ်ဦးညိုကို ဆရာကြီးဆန်းထွန်း (မန်းတက္ကသိုလ်) က စကားတစ်ခွန်း ပြောခဲ့တယ်။

'ကိုကျော်စွာတို့ သိပ်တော်တာပဲ။ နည်းနည်းလေးဖတ်ပြီး အများကြီးရေးထားတယ်။ ဆရာတို့ကျတော့ အများကြီး ဖတ်ထားတာတောင်မှ နည်းနည်းလေးရေးဖို့ကို လက်တွန့်နေတယ်'

(ကိုကျော်စွာ ဆိုတာ ဆရာချစ်ဦးညိုရဲ့နာမည်ရင်းပါ။) ဒီစကားဟာ တာသွားလွန်းလို့ ဆရာချစ်ဦးညိုက ရှက်မိပါတယ်လို့ ဝန်ခံခဲ့တယ်။

ကျွန်တော် ပြောခဲ့တာ စာဖတ်လို့ နိုင်ငံရေးမှာ ထိပ်ဆုံးရောက်ခဲ့တဲ့ ပုဂ္ဂိုလ်နဲ့ စာဖတ်လို့ မင်းပေါက်စိုးပေါက်ပညာရှင်ကြီးတွေရဲ့ အကြောင်းပါ။ အခု ကျွန်တော်ပြောမယ့် ပုဂ္ဂိုလ်က စာမတတ်ပေမတတ် ဆင်းရဲသားဘဝကနေ စာဖတ်လို့ သူဌေးကြီးဖြစ်သွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်အကြောင်းပါ။

မြေလတ်ဒေသက လူငယ်လေးတစ်ယောက်က ဆင်းရဲလွန်းလို့ အသက်ဆယ်နှစ်အထိကို ကျောင်းမနေခဲ့ရဘဲ လယ်ထဲယာထဲမှာ အလုပ်လုပ်ခဲ့ရတယ်။ သူ့ဖခင်က သူ့ကို သေစာရှင်စာလေးတော့ ဖတ်တတ်မှ ဖြစ်မယ်ဆိုပြီး ဘုန်းကြီးကျောင်းပို့ခဲ့ရတယ်။ စာနည်းနည်းပါးပါး ဖတ်တတ်လာတော့ မိဖုရားကို မိ-ဖု-ယားလို့ တစ်လုံးစီဆိုတဲ့အတွက် ဆရာဘုန်းကြီးက ခေါင်းခေါက်တာခံခဲ့ရတယ်။

ဘုန်းကြီးကျောင်းမှာ ခဏပဲနေပြီး ရရာအလုပ်ကြမ်းတွေလုပ်ခဲ့တယ်။ သစ်ဖောင်သမားဘဝမှ ကံကောင်းလို့ သစ်လုံးညှပ်ပြီး မသေခဲ့ဘူး။ ရန်ကုန်ရောင်လာတော့ လမ်းဘေးမှာ ကွမ်းယာ



www.burmeseclassic.com

www.burmeseclassic.com

ရောင်းခဲ့တယ်။ စာမတတ်ပေမတတ် ဘဝမှာ အရက်သောက်၊ ဖဲရိုက်၊ မြင်းလောင်း စတဲ့ မကောင်းတာမှန်သမျှ အကုန်လုပ်ခဲ့တယ်။ နောက်တော့ မိန်းမယူပြီး မကြာခင်မှာ ဒုစရိုက်မှုတစ်ခုနဲ့ ထောင် (၄)နှစ်နဲ့ (၆)လကျသွားတယ်။

သူထောင်ကျနေတုန်း ကိုယ်ဝန်ကြီးနဲ့ ကျန်ခဲ့တဲ့မိန်းမဟာ မီးဖွားပြီး ဆုံးသွားတယ်။ မွေးလာတဲ့ သားလေးလည်း မကြာခင်ပဲဆုံးသွားတယ်။ သူ့ဘဝဟာ အဲဒီလောက်အထိဆိုးခဲ့တယ်။ထောင်ထဲမှာ သူကံကောင်းသွားတာက ထောင်ပိုင်ကြီးက သူ့ကို ထောင်ရုံးခန်းမှာပဲ တောက်တိုမည်ရ ခိုင်းထားတယ်။ သူဟာ ထောင်ရုံးခန်းဗီရိုတွေထဲက စာအုပ်တွေကို တစ်အုပ်မကျန် အကုန်ဖတ်တယ်။ ဖတ်ရုံပဲလား ဆိုတော့ မဟုတ်ဘူး။ မှတ်စုစာအုပ်နဲ့ ရေးမှတ်တယ်။ ထောင်က ထွက်လာတော့ အဲဒီမှတ်စုစာအုပ်တွေ သုံး၊ လေးအုပ်ပါလာတယ်။

စာဆိုတာ ဖတ်ရုံနဲ့မပြီးဘဲ မှတ်တတ်ဖို့လည်းလိုပါတယ်။ စာအုပ်ထဲမှာ ရှိတဲ့စာဟာ ကိုယ့်စာ မဟုတ်။ ကိုယ့်ခေါင်းထဲရောက်တဲ့စာမှသာ ကိုယ့်စာလို့ဆိုတဲ့ စကားလည်း ရှိပါတယ်။

ထောင်ကထွက်လာတော့ အရင်တပေါင်းခဲ့တဲ့ လူပေလူတေတွေနဲ့ပဲ ဆက်ပေါင်းနေခဲ့တယ်။ ရပ်ရွာမှာ အမှုတစ်ခုခုပေါ် လာရင် ထောင်ထွက်ဆိုတဲ့ နာမည်ဆိုးရှိတဲ့ သူ့ကို မသင်္ကာမှုနဲ့ ဖမ်းပါတယ်။ အပြစ်မရှိဘဲ ခဏခဏအဖမ်းခံရတာများလာတော့ ဘာကြောင့်လဲလို့ သူစဉ်းစားပါတယ်။

မင်္ဂလသုတ်အစမှာပါတဲ့ အသေနာစ ဗာလာနံ- လူမိုက်နဲ့မပေါင်းနဲ့ဆိုတာကို အမှတ်ရပြီး အပေါင်းအသင်းဟောင်းတွေနဲ့အဆက်ဖြတ်လိုက်ပါတယ်။ ပြီးတော့ အိမ်မှာပဲနေပြီး စာတွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်ပါတော့တယ်။ အဲဒီအချိန်မှာ ထပ်ရထားတဲ့ ဒုတိယဇနီးကလည်း ပေပေတေတေ လျှောက်သွားရင်ပြီးရော။ အိမ်မြဲနေတာကို တော့နပ်ပြီး ရှာကျွေးထားပါတယ်။

ဒီလိုနဲ့ ရပ်ရွာက သူ့ကို လူကောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုလာပြီး နောက်ကျတော့ သူကြီးအဖြစ်ပါ တင်မြှောက်လိုက်ကြပါတယ်။ နိုင်ငံမငြိမ်သက်ဖြစ်နေချိန်မှာ သူဟာ ရပ်ရွာအကျိုးကို အသက်စွန့်ပြီး ထမ်းဆောင်ခဲ့တယ်၊ သူဖတ်မှတ်ထားတဲ့ ဗဟုသုတတွေနဲ့ ဆေးပေါင်းရုံတည်ပြီး ကြိုးစားလိုက်တာ သိန်းရာချီချမ်းသာတဲ့ သူဌေးကြီးဖြစ်သွားပါတယ်။ သူကတော့ ငယ်ငယ်တုန်းက ပေတေလွန်းလို့ 'အုန်းပေ' လို့ အခေါ်ခံခဲ့ရတဲ့ 'ပခုက္ကူဦးအုံးဖေ' ပဲ ဖြစ်ပါတယ်။

ပခုက္ကူဦးအုံးဖေက သူ့အပေါ် တင်နေတဲ့ စာပေရဲ့ကျေးဇူးကိုဆပ်တဲ့အနေနဲ့ သိန်းပေါင်းများစွာသုံးပြီး ပခုက္ကူဦးအုံးဖေစာကြည့်တိုက် တည်ဆောက်ခဲ့တယ်။ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေတစ်ရပ်ထူထောင်ခဲ့တယ်။ နှစ်တိုင်း (၁၀) တန်းမှာ မြန်မာစာဂုဏ်ထူးရတဲ့ ကျောင်းသားတွေကို ဆုချီးမြှင့်တယ်။ သူဟာ အဲသလောက် ချမ်းသာလာပေမယ့် ကားဝယ်မစီးဘူး။ သွားလာစရာရှိရင် စက်ဘီးစီးပြီးသွားတယ်။ ပခုက္ကူဦးအုံးဖေရဲ့ ရိုးရိုးကျင့် မြင့်မြင့်ကြံတဲ့ စိတ်ဓာတ်ဟာလည်း အတုယူလောက်စရာပါပဲ။

စာမတတ်ပေမတတ် ဒုစရိုက်သမားဘဝကနေ အခုလို သူဌေးကြီးဖြစ်လာတာ ဘာကြောင့်ပါလဲ။

'စာဖတ်လို့ပါ'။

နောက်ဆုံးအနေနဲ့ နိုင်ငံခြားက ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတစ်ယောက် ပြောပြပါမယ်။ အဲဒီပုဂ္ဂိုလ်ဟာ ငယ်ငယ်တုန်းက ဆင်းရဲလွန်းလို့ ကျောင်းကို တစ်လတက်လိုက်၊ နှစ်လတက်လိုက်နဲ့ သူ့ဘဝမှာ ကျောင်းနေခဲ့တဲ့ ရက်တွေပေါင်းလိုက်ရင် တစ်နှစ်တောင် မပြည့်ခဲ့ဘူး။ မိခင်သေသွားတဲ့နောက်မှာ သူ့မိထွေးက သူ့ကို စာဖတ်ဖို့ အားပေးခဲ့တယ်။

လူငယ်ဘဝမှာ သူဟာ စာတစ်အုပ်ဖတ်ရဖို့အရေး နှင်းတောထဲမှာ အသွား၊ အပြန် (၆) မိုင်ခရီးကို လမ်းလျှောက်ပြီးသွားခဲ့တယ်။ နေတာက တောထဲက သစ်လုံးအိမ်လေးမှာ၊ ဖတ်တော့လည်း မီးလင်းဖိုလေးဘေးမှာ၊ ရေးတော့လည်း ပျဉ်ပြားပေါ်မှာ မီးသွေးခဲနဲ့ပါ။ အမေရိကန်နိုင်ငံရဲ့ ပထမဆုံး သမ္မတဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ကျောင်းတောင် ကောင်းကောင်း မနေခဲ့ရတဲ့သူ့ကို ဒီလိုဆုံးဖြတ်ချက်ချရဲအောင် ဘာကတွန်းအားပေးလိုက်သလဲ။

'စာဖတ်တာပါ'။

ဟုတ်ပါတယ်။ သူကတော့ အမေရိကန်နိုင်ငံရဲ့ (၁၆) ယောက်မြောက် သမ္မတကြီး အေဗရာဟင်လင်ကွန်းပဲ ဖြစ်ပါတယ်။ သမ္မတမဖြစ်ခင် လင်ကွန်းဟာ ဥပဒေစာအုပ်ဖတ်ပြီး ရှေ့နေလုပ်ခဲ့ပါသေးတယ်။ ဥပဒေရေးရာနဲ့ ပတ်သက်လာရင် တက္ကသိုလ်က ပါရဂူတွေနဲ့ယှဉ်ပြီး ဆွေးနွေးနိုင်လောက်အောင် နှံ့စပ်ကျွမ်းကျင်တယ်လို့ ဆိုပါတယ်။

ဆရာဖေမြင့်ရဲ့ 'စာဖတ်သမား၏ မှတ်စုများ' စာအုပ်ထဲက စာတစ်ပိုဒ်ကို ကျွန်တော် ကြိုက်လွန်းလို့ အလွတ်ကျက်ထားပါတယ်။

◆ *လူသည် မနက်ထက် ညမှာ ပညာပိုရှိရမည်။ မနေ့ကထက် သည်ကနေ့ ပညာပိုရှိရမည်။ အသက်ကြီးလာသည်နှင့်အမျှ ဦးနှောက်အလေးချိန်ပိုစီးလာရမည်။ သည်အတွက် ဘယ်လိုလုပ်မည်နည်း။ တစ်နည်းသာရှိသည်။ စာဖတ်ပါ'*

လူငယ်တွေစာဖတ်ချင်လာအောင် လူကြီးတွေကိုယ်၌ကစာဖတ်ကြရပါမယ်။ 'စာအုပ်စာပေတွေမရှိတဲ့အိမ်ဟာ ပြတင်းပေါက်မရှိတဲ့အိမ်နဲ့ တူတယ်' လို့ ဆိုပါတယ်။ အသိပညာ အလင်းရောင်ချို့တဲ့နေပါလိမ့်မယ်။ ကျောင်းသားဟာ ကျောင်းစာပဲဖတ်ရမယ်။ အပြင်စာမဖတ်ရဘူးဆိုတဲ့ အယူအဆတစ်ခုရှိပါတယ်။ အဲဒါမှားပါတယ်။ ကျွန်တော်တို့ အတွေ့အကြုံအရ အပြင်စာပါဖတ်တဲ့ ကလေးက ကျောင်းစာပဲဖတ်တဲ့ ကလေးထက် စာပိုတော်ပါတယ်။ အစစအရာရာသာပါတယ်။

သားတို့၊ သမီးတို့ကို မေးခွန်းသုံးခုအမေး၊ အဖြေလုပ်ပြီး ကျွန်တော့်စကားကို အဆုံးသတ်ပါမယ်။

'ဗိုလ်ချုပ်လို တိုင်းပြည်နဲ့ လူမျိုးအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်ချင်ရင် ဘာလုပ်ရမလဲ'

'စာဖတ်ရမယ်'

'ဝန်ဖင်းဘိုးရာဇာလို၊ ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)တို့လို ပညာရှင်ကြီးတွေ ဖြစ်ချင်ရင် ဘာလုပ်ရမလဲ'

'စာဖတ်ရမယ်'

'ပခုက္ကူဦးအုံးဖေလို ချမ်းသာချင်ရင် ဘာလုပ်ရမလဲ'

'စာဖတ်ရမယ်'

ဟုတ်ကဲ့ - ကျွန်တော်ပေးချင်တဲ့ စကားလက်ဆောင်ကတော့ ဒါပါပဲ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မောင်ပွင့်ဘုန်း (မောရ)



www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းတစ်ခုလုံးရှိ သစ်ပင်ကြီး၊ သစ်ပင်ငယ်တို့ ပြိုင်းပြိုင်းပြိုလဲနေကြသည်။ သစ်ကိုင်းသစ်ခက်တို့က မြင်ကွင်းတစ်ခုလုံးကို ဆိုးရွားစွာ ပုံဖော်ပေးနေကြသည်။ လင်းလင်းလက်လက်ပြင်းပြင်းပြပြကြီးထွက်ပေါ်လာသော နေမင်းကြီးကြောင့် နေရာအနှံ့တွင် တံလျှပ်တို့က တလက်လက်တောက်ပနေ၏။

ဒီတာဝန်က တောနက်နက်၊ တောင်မြင့်မြင့်ရှိရာအရပ်တွင်သာ အမြဲတာဝန်ထမ်းဆောင်ခဲ့ရသော ဦးမောင်အတွက် စိတ်ပျက်စရာကောင်းလှသော တာဝန်ပင် ဖြစ်သည်။

တစ်ခါတစ်ခါလည်း ပဲခူးရိုးမလိုတောကြီးကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ခင်းတည်ထောင်ခြင်းကို ဦးမောင်နားမလည်နိုင်အောင်ဖြစ်ရလေသည်။ ဦးမောင်အမြင်မှာတော့ ဒေသမျိုးရင်း၊ မျိုးဆက်ပင်ငယ်များ ပေါများသော ဒီလိုနေရာကို တင်းတင်းကျပ်ကျပ်ကာကွယ်ထိန်းသိမ်းလိုက်လျှင် အချိန်အတိုင်းအတာတစ်ခုအတွင်း တန်ဖိုးမြင့်တောတစ်ခု ပြန်ဖြစ်လာနိုင်မည်ဟု ထင်မိသည်။ စိုက်ခင်းတစ်ခုအောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာက ကံသေကံမပြောဖို့ခက်လှသည်။ ဦးမောင်တစ်ယောက်သက်ပြင်းအသာချရင်း စိုက်ခင်းတဲရှိရာဘက်သို့ ပြန်လှည့်လာခဲ့လိုက်သည်။

စိုက်ခင်းတဲအဝင်လမ်းဆီမှနေ၍ တလှုပ်လှုပ်တက်လာသော လူတစ်ဦးကိုတွေ့ရသည်။ အပေါ်ပိုင်းဗလာကျင်းနှင့် ပုဆိုးကို တိုတိုဝတ်ထားပြီး လက်တွင် ကျွတ်ကျွတ်အိတ်အထုပ်တစ်ထုပ်ကိုကိုင်လျက် ဦးမောင်ရှိရာဘက်သို့ လျှောက်လာသည်။

"ဟော - ဦးရွှေအ၊ လက်ထဲမှာလည်း အထုပ်အပိုးတွေနဲ့ ဘယ်ကပြန်လာတာလဲဗျ"

"ရွာထဲကပြန်လာတာ လူကြီးရေ။ ဝတ်စရာ ဝတ်စရာသွားဝယ်တာဗျို့"

ပြောပြောဆိုဆို ကျွတ်ကျွတ်အိတ်ထဲမှ ပုဆိုးအသစ်ကို လက်ဖြင့်ပုတ်ကာ-

"ဒီကောင့်နေရာက ဟိုဟာရှိနေတော့ မဝယ်လို့မရဘူးလေ။ ဒီနေရာကတော့ ဟိုဟာမပါတော့ မဝတ်လည်းရတယ် လူကြီးရေ့"

ဟု ဆိုကာ ဗလာကျင်းနေသော ရင်ဘတ်ကြီးအား လက်ဝါးဖြင့် အားပါးတရပုတ်ပြသော ဦးရွှေအကြောင့် ဦးမောင် အားရပါးရရယ်မောလိုက်မိ၏။

ဦးရွှေအသည် ဦးမောင်တို့ကျွန်းအထူးစိုက်ခင်းမှ နေ့စားလုပ်သားတစ်ဦး ဖြစ်သည်။ အသက် (၅၅)နှစ်ခန့်ရှိပြီးဖြစ်သည်။ စိုက်ခင်းရှိ အလုပ်သမားအားလုံးတို့က ဦးမောင်ကို 'ဆရာ'ဟုခေါ်ကြသော်လည်း ဦးရွှေအကတော့ 'လူကြီး' ဟုသာ ခေါ်လေ့ရှိသည်။ ဦးရွှေအကို ဘယ်အချိန်ကြည့်ကြည့် အပေါ်ပိုင်းအင်္ကျီဗလာကျင်းဖြင့်သာ တွေ့ရလေ့ရှိသည်။ ထူးခြားသည်က ဦးရွှေအသည် ငယ်စဉ်က စကားမပြောတတ်။ အသက် (၁၄) နှစ်သား လူပျိုပေါက်ဖြစ်မှသာ စကားစပြောသည်ဟု သိရသည်။

ဒီနယ်သားအားလုံးက ဦးရွှေအကို ဥစ္စာစောင့်သိုက်မှလာခြင်းဖြစ်ကြောင်း ပြောကြသည်။ လူပျိုပေါက်ဖြစ်ချိန်တွင်

# သတုံ-ငယ်ငယ်

## ဘဝတစ်ပါး အခြားရှိလေသောအခါ



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြောတတ်ခြင်းမှလည်း ဦးရွှေ ောင်းဆိုခဲ့ခြင်းကြောင့် သိုက်စောင့် စကားပြောခွင့်ပေးခဲ့ခြင်းဖြစ် ာင်း ဦးမောင်အား ပြောပြကြသည်။ ရွှေအသည် ငယ်စဉ်က အိမ်မှ ပျောက် တ်သွားတတ်သည်။ မိဘဆွေမျိုး ာ လိုက်ရှာသော်လည်း ဘယ်လိုမှ တွေ့၊ အနည်းဆုံး သုံး၊ လေးရက် ကြာမှသာ ပြန်ရောက်လာတတ်သည်။ များက ဆူပူကြိမ်းမောင်းပြီး ဘယ် လျှောက်သွားနေသလဲဟု မေးလျှင် မျိုးများထံ သွားလည်ခြင်း ဖြစ် ာင်း ပြန်ပြောလေ့ရှိသည်။ ထူးခြား တွေနှင့် ပြည့်နှက်နေသော ဦးရွှေအ ဦးမောင် စိတ်ဝင်စားမိသည်က န်းတော့မဟုတ်ပေ။ ဦးရွှေအ ကြောင်းကြားရသူတိုင်းလည်း စိတ် စားဘဲနေနိုင်ကြမည်မဟုတ်ပေ။

"ဦးရွှေအကို ကျွန်တော် တစ်ခု ာက်မေးကြည့်လို့ရမလား"

"အောင်မလေး - မေးချင်ရာမေး ါ လူကြီးရယ်။ ခွင့်တောင်းနေရ သေးတယ်လို့များ"

"ကျွန်တော်သိချင်တာက ဦးရွှေအ ငယ်ငယ်က သုံး၊ လေးရက်ကြာအောင် အိမ်ကထွက်သွားတော့ ဦးရွှေအ ဘယ် မှာထမင်းစားလဲ"

ဦးမောင်၏အမေးကြောင့် ဦးရွှေ အက ကွမ်းစားထားသော ဝါကြင့်ကြင့် သွားများပေါ်လာအောင် အားရပါးရ ရယ်လိုက်ပြီး -

"ဟား ဟား ဟား - လူကြီးရယ်၊ အဲဒီအချိန်မှာ ထမင်းများ မက်စရာမှတ် လို့။ ငါ့ဆွေမျိုးတွေက ငါ့ကို အစား ကောင်းအသောက်ကောင်းတွေ ကျွေး ကြတာကွ။ ဒီလူ့လောကသားတွေ မစား ဘူးတဲ့အစားအစာတွေပေါ့ကွာ။ ဘာ တွေလဲတော့ ငါလည်းကောင်းကောင်း မသိဘူး။ စားကောင်းချက်ကတော့ ပြောမပြတတ်အောင်ပဲ လူကြီးရေ့"

"နေပါဦး ဦးရွှေအရဲ့ အဲဒီနေရာ က ဘယ်လိုပုံစံမျိုးလဲ"

"အဲဒီအချိန်မှာတော့ အိပ်မက် မက်နေသလို မှုန်ဝါးဝါးပဲဟ။ အဲဒီနေရာ တစ်ခုလုံး မြူတွေဆိုင်းနေတယ်။ အလယ်မှာ ရွှေရောင်ကျောက်တုံးကြီး တစ်ခုလည်းရှိတယ်။ ကျောက်တုံးကြီး ပေါ်မှာ စေတီလိုလို၊ ကျောင်းဆောင် လိုလိုနဲ့ ဖြူဖြူဖွေးဖွေးအဆောက်အအုံ တစ်ခုရှိတယ်။ အဲဒီနေရာတစ်ခုလုံးကို အနီရောင်ရဲရဲတောက်နေတဲ့ ခန်းစီးစ တွေနဲ့ ကာထားတယ်"


ဦးရွှေအက စကားရှည်ကြီးကို အဆုံးသတ်လိုက်ရင်း သက်ပြင်းတစ် ချက်ရှိုက်လိုက်သည်။

"အင်း - ငါစကားစပြောတတ်က တည်းက ငါ့ကို လာမခေါ်တော့တာ အခုအချိန်အထိပဲလေ"

ရွာတော့မယ့်မိုးလို ညို့မှိုင်းလာ သောမျက်နှာဖြင့် ဆွေးဆွေးမြေ့မြေ့ပြော လိုက်သော ဦးရွှေအကြောင့် ဦးမောင် က -

"ကဲကဲ - ဦးရွှေအလည်း ပင်ပန်း ရောပေါ့။ ရွာနဲ့ ဒီနေရာကလည်း အတော်ဝေးသားနော်။ သွားနှာချေ တော့။ ကျွန်တော်လည်း စိုက်ကွက်ထဲ ဆင်းလိုက်ဦးမယ်"

တဲပေါ်မှဆင်းသွားသော ဦးရွှေအ ကို ကြည့်ရင်း ဦးမောင် အတွေးစတို့ ဆက်ပွားနေမိသည်။ ဦးမောင်အတွက် တော့ ယုံရခက်သော ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ စိုက်ခင်းအတွင်းရှိ လူအားလုံး က ယုံယုံကြည်ကြည်ပြောဆိုနေကြပြန် တော့ မယုံဘူးလို့ပြောရမှာလည်း ခက် လှသည်။





www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်က ခေါင်းကို ညင်သာစွာ ခါယမ်းရင်း ထိုင်ရာကထလိုက်သည်။

"တင်ထွန်းအောင်ရေ၊ စိုက်ကွက်ထဲ ဆင်းရအောင်ဟေ့။ ကင်မရာပါယူခဲ့ကွာ။ ပြီးစီးမှုလေး မှတ်တမ်းတင်ရအောင်"

❐

နံနက်ခင်းနေမင်း၏အလင်းရောင်က မိန်ဖျော့ဖျော့ရှိနေ၏။ အနောက်တောင်ရိုးမဆီမှ ဖြူလွလွမိုးသားရိပ်တို့ တက်လာသည်ကို မြင်ရသည်။ အေးမြသောလေပြည်ညင်းအသော့၌ ဝသန်၏ အငွေ့သက်ကို ခံစားရသည်။

မိုးဦးလာပေတော့မည် ဖြစ်သောကြောင့် 'ကျွန်ခွေ' လုပ်ငန်းကို အားသွန်ခွန်စိုက်လုပ်နေကြရသည်။ ကျွန်းခွေခြင်းလုပ်ငန်းက အလွန်လက်လီစီပ်သော လုပ်ငန်း ဖြစ်သည်။ စိုက်ခင်းတစ်ခုတည်ထောင်ရန် ပထမဦးစွာ မြေနေရာ ခုတ်ထွင်ရှင်းလင်းရ၏။ ပြီးတော့ အခြောက်ခံမီးရှို့ရပြန်သည်။ မီးရှို့၍ မကုန်ဘဲ ကြွင်းကျန်ရစ်သော သစ်ကိုင်း၊ ဝါးကိုင်းများကို အထပ်ထပ်စုပုံပြီး မီးရှို့ရှင်းလင်းရသောလုပ်ငန်းကို 'ကျွန်းခွေ' ဟု ခေါ်ကြသည်။ မိုးကျလာပါက လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရှိနိုင်သောကြောင့် အချိန်မီပြီးစီးနိုင်ရန် ဦးမောင်ကိုယ်တိုင် စိုက်ကွက်ထဲဆင်း၍ ကြီးကြပ်နေရသည်။

"ဟေ့ဟေ့ - ဒီဘက်မှာကွ ဒီမှာ"

"ဟဲ့ကောင်မလေးတွေ အနားမကပ်နဲ့၊ ဝေးဝေးနေကြစမ်း။ အကုန်သေကုန်မယ်။ ဘာမှတ်နေကြတယ်မသိပါဘူးကွာ"

ဆူဆူညံညံ ထွက်ပေါ်လာသော အသံများကြောင့် ဦးမောင်လှမ်းကြည့်လိုက်တော့ သစ်ကိုင်း၊ ဝါးကိုင်းများ အထပ်ထပ်စုပုံထားသော သစ်ကိုင်းပုံအနီး၌ ကုန်းကုန်းကွကွနှင့်တစ်ခုခုရှာဖွေနေသော လူတစ်ယောက်ကို တွေ့ရသည်။

"တင်ထွန်းအောင် အဲဒါ ဦးရွှေအ မဟုတ်လား။ မင်းသွားကြည့်စမ်း၊ ဘာဖြစ်တာလဲလို့"

"ဟုတ်ကဲ့ ဆရာ"

ပြောပြောဆိုဆို ပြေးထွက်သွားသော တင်ထွန်းအောင်နောက်သို့ ဦးမောင်ပါ သွက်သွက်လေး လိုက်သွားလိုက်၏။

"မြွေတဲ့ ဆရာရေ၊ မြွေဟောက်ကြီးတဲ့။ သစ်ကိုင်းတွေစုရင်း တွေ့လို့ ဦးရွှေအက ဖမ်းနေတာတဲ့"

"ဟ - မြွေဟောက်ကို အဲဒီလို လက်နဲ့နှိုက်ပြီး ဖမ်းလို့ရမလားကွ။ တော်ကြာ ကိုက်လိုက်မှ ဒုက္ခတွေရောက်ကုန်ဦးမယ်"

အထိတ်တလန့် ပြောလိုက်သော ဦးမောင်စကားကြောင့် အနီးရှိစိုက်ခင်းလုပ်သားလေးက -

"ဦးရွှေအအကြောင်း ဆရာမသိသေးဘူးမှတ်တယ်။ ဦးရွှေအက မွေးရာပါ မြွေပြီးတာဗျ။ မြွေဟောက်တွေ ဈေးကောင်းပေးပြီး လိုက်ဝယ်တုန်းကများ ရွာနီးချုပ်စပ်ပြုပြစင်အောင် မြွေဟောက်လိုက်ဖမ်းပြီးရောင်းခဲ့တာ"

"မွေးရာပါ မြွေပြီးတယ် ဟုတ်လား။ ငါ့ကိုပေါက်တတ်ကရတွေလာပြောမနေနဲ့။ သွား၊ ဦးရွှေအကို ငါခေါ်လာခဲ့"

ခပ်ငေါက်ငေါက်ပြောလိုက်သော ဦးမောင်၏ လေသံကြောင့် စိုက်ခင်းလုပ်သားလေးက ဦးရွှေအအား ခေါ်ရန် မျက်နှာငယ်လေးနှင့် ပြေးထွက်သွားလေ၏။

"ကြည့်ပါဦး လူကြီးရာ။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး။ ငါ့ကိုတွေ့တော့ သစ်ကိုင်းပုံအောက်ဝင်ပြေးတာလေ။ ဘယ်ရမလဲ၊ ငါအတင်းဝင်ဖမ်းတော့ ငါ့ကို ကိုက်ထဲ့လိုက်တာ သုံးချက်တောင်"

"ဦးရွှေအက မြွေဟောက်ကြီး၏ ဦးခေါင်းကို ညှစ်လျက်ကိုင်ထား၏။ မြွေဟောက်ကြီးက ဦးရွှေအ၏ လက်ဖျံရိုးတစ်လျှောက် တွန့်လိမ်ရစ်ပတ်နေသည်ကို အသည်းယားစဖွယ် တွေ့ရ၏။ ဦးရွှေအ၏ လက်တွင် မြွေကိုက်ထားသော သွေးစို့ရာများကို တွေ့ရသည်။

"ဘယ်လိုလုပ်လိုက်တာလဲ ဦးရွှေအရယ်။ ဦးရွှေအတို့ တစ်ခုခုဖြစ်ရင် ပြဿနာက ကျွန်တော့်ခေါင်းပေါ်ရောက်လာမှာဗျ။

ကဲကဲ - ဒီကောင်ကြီးကို တော်ရာသွားထားလိုက်။ ပြီးရင် ကျွန်တော့်တဲကိုလာခဲ့ ဦးရွှေအဒဏ်ရာကို ကျွန်တော်ကြည့်ပေးမယ်"

ဦးရွှေအကို ပြောပြီးသည်နှင့် ဦးမောင်နှင့် တင်ထွန်းအောင်တို့ တဲဆီပြန်လာခဲ့ကြသည်။ မြွေကြီးကို လွယ်အိတ်ထဲထည့်လိုက်ပြီး လွယ်အိတ်အဝကို လုံးချည်ကာ ဦးမောင်တို့နောက်သို့ မလှမ်းမကမ်းမှလိုက်လာသော ဦးရွှေအကို တွေ့ရသည်။

တဲပေါ်ရောက်သည်နှင့် ဦးရွှေအ၏ မြွေဒဏ်ရာကို ဦးမောင် စစ်ဆေးကြည့်လိုက်သည်။ မြွေဆိပ်ပါသော သွေးမည်းမည်းတို့က ဦးရွှေအ၏ ခန္ဓာကိုယ် ထဲမဝင်ဘဲ အပြင်သို့တစိမ့်စိမ့်စီးထွက်နေသည်ကို အံ့သြဖွယ်မြင်တွေ့ရသည်။

"အခု ဘယ်လိုနေလဲ ဦးရွှေအ"

"ဘာဆိုဘာမှမဖြစ်ပါဘူး လူကြီးရာ။ ငါ မြွေအကိုက်ခံရတာ အကြိမ်ပေါင်းမရေနိုင်တော့ပါဘူးကွာ။ ပြီးတော့ လူကြီးကို ပြဿနာဖြစ်အောင်လည်း ငါ မလုပ်ပါဘူးကွာ။ အခုလို လူကြီးစိတ်ဆိုးနေတာတွေ့တော့ ငါ စိတ်မကောင်းဖြစ်မိတယ်။ တကယ်ဆို ငါက လူကြီးတို့နောက်ထပ်သုံးလပဲ နေရတော့မှာပါ"

"မဟုတ်တာဘဲ ဦးရွှေအရာ ဦးရွှေအကို ကျွန်တော် စိတ်မဆိုးပါဘူး စိုးရိမ်လို့ပြောမိတာပါ။ စိုက်ခင်းက စိုက်ပျိုးရေးလုပ်ငန်းပြီးလည်း ထိန်းသိမ်းရေးလုပ်ငန်းတွေရှိသေးတာပဲ။ ဦးရွှေအ ဒီမှာပဲဆက်နေပါဗျာ"

"နင်မသိပါဘူး လူကြီးရာ။ ညက ငါ့ဆွေမျိုးတွေ ငါ့ဆီလာတယ်။ ငါ့ကို လာခေါ်နေကြပြီလေ။ ငါက လူကြီးတို့ စိုက်ခင်းကို ပြီးအောင်လုပ်ပေးချင်လို့ သုံးလလောက် ထပ်စောင့်ပေးပါ။ သုံးလပြည့်ရင် လိုက်ခဲ့ပါ့မယ်လို့ ကတိပေး လိုက်ရတယ်။ အခုဆို ငါ့အတွက်အချိန်က ရက်ပိုင်းပဲကျန်တော့တယ်လေ"

"ဦးရွှေအဆွေမျိုးတွေဆိုတာက"

"လူကြီးတို့လို လူသားတွေ မဟုတ် အပ်တဲ့ ငါ့ဆွေမျိုးတွေပေါ့ကွာ"

ဦးရွှေအစကားကြောင့် ဦးမောင်မှ -

"မဟုတ်တာဘဲ ဦးရွှေအရယ် အိပ်မက်ဆိုတာ သွေးလေချောက်ခြား ရင်လည်း မက်တတ်တာပဲ။ စိတ်ထဲထား မနေနဲ့။ ကဲ - ဦးရွှေအသွားနားချေတော့ မနက်ဖြန် ကျွန်တော်လည်း မြို့ပေါ်ခဏ ကိုပြန်ပြီး စိုက်ခင်းတိုးတက်မှုမှတ်တမ်း တွေသွားပေးရမယ်။ လက်က ဒဏ်ရာ မသက်သာရင် တင်ထွန်းအောင်ကို ခေါ် ပြီး မြို့ပေါ်တက်လာခဲ့နော်"

နှုတ်ဆက်ပြီး တဲပေါ်မှဆင်းသွား သော ဦးရွှေအ၏ ကျောပြင်ကိုကြည့်ရင်း ဦးမောင်စိတ်ထဲတွင် မဖော်ပြနိုင်သော ခံစားမှုတစ်ခုကို ခံစားလိုက်ရလေသည်။

❐



www.burmeseclassic.com

www.burmeseclassic.com

ငွေမှုန်ရောင် တိမ်သားလိပ်တို့က တောင်းကင်တစ်ခုလုံးကို လွှမ်းခြုံထား၏၊ မိုးစက်ပေါက်ကလေးများကို မတွေ့ရသေးသော်လည်း လျှပ်စီးလျှပ်နွယ်များနှင့် မိုးချုန်းသံတို့ကို မြင်နေကြားနေရ၏။

ဦးရွှေအ
အသက် (၅၅) နှစ်

မြေပုံမို့မို့လေးပေါ်ရှိ ဆိုင်းဘုတ်လေးက လျှပ်စီးရောင်အောက်မှာ တစ်ချက်ချက် ပိုမိုလင်းလက်လာ၏။

အဖြစ်အပျက်တစ်ခုလုံးကို ကိုယ်တိုင်မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသော်လည်း ယုံကြည်နိုင်ဖို့ အတော်လေးအားတင်းထားရသည်။

*ဆရာ၊ အမြန်လာပါ။ ဦးရွှေအဆုံးပြီ။ ဦးရွှေအ၏ဆန္ဒအရ ဆရာနောက်မှ မြေချမည်။*

*တင်ထွန်းအောင်*

ဟူသော စာကလေးက ယခုတိုင် ဦးမောင်၏ အင်္ကျီအိတ်ထဲတွင်ရှိနေဆဲဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ဦးရွှေအဆုံးသောနေ့သည် မမြင်အပ်သောအရပ်မှ ဦးရွှေအ၏ ဆွေမျိုးများလာခေါ်သည်ဟု အိပ်မက်မက်ခဲ့သောနေ့မှ သုံးလတိတိပြည့်သောနေ့ ဖြစ်သည်။

မြွေကိုက်ခံရတာတဲ့။ ဘယ်လိုမှ မဖြစ်နိုင်။ ဦးရွှေအသည် မွေးရာပါမြွေဆိပ်ပြီးသူ။ ဦးမောင်ကိုယ်တိုင် ဦးရွှေအ မြွေကိုက်ခံရတာကို မြင်ဖူးခဲ့သည်။ အဲဒီနောက်ပိုင်း အလုပ်လုပ်ရင်း မြွေဆိုးတွေ့လျှင် ဦးရွှေအကိုသာ အားကိုးတကြီး ခေါ်ခိုင်းခဲ့ရသည်။ ထိုစဉ်က ဘာမှမဖြစ်ခဲ့၊ အခုမှဖြစ်ရတယ်ဆိုတော့ ဦးမောင် နားမလည်နိုင်အောင်ဖြစ်ရသည်။ သည်လောကကြီးတွင် ဦးမောင်တို့လို သာမန်လူသားတစ်ယောက်၏ ဉာဏ်ဖြင့် လိုက်၍ မမီနိုင်သော အဖြစ်အပျက်တို့က အများသားပင်။

နောက်ဆုံးတော့ သံသရာကြီးကို ပဲ အပြစ်ပုံချရမလို ဖြစ်ရသည်။ လူသားတိုင်းအတွက် နောက်ဆုံးအချိန်ဆိုတာ ရှိလာကြမည်သာ ဖြစ်၏။ သံသရာအဆက်ဆက် ဘဝတွေအထပ်ထပ်ရှိနေသမျှ ဦးရွှေအလိုဘဝတွေရှိနေဦးမည် ဖြစ်ပါတော့သည်။

သထုံ-ငယ်ငယ်

## ချစ်မုန်းခင် (ကြို့ပင်ကောက်-လယ်တီ)

# ကုံကုမံအစစ်နှင့်အတု

## ခွဲခြားသိရှိရန်နှင့်ဆေးအသုံးများ

ကုံကုမံသည် အမွှေးလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သလို ကုံကုမံ၏ ရနံ့သည် မမွှေးသလိုမွှေးသလိုဖြင့် ကန္တကလျှေလေး ဗျာပိုအောင် သင်းမွှေးလေသည်။

ထို့ကြောင့် ရာမရကန်ဦးတိုးက-

*□ ကုံကုမံပျံ့ကြိုင်*
*မညျှန့်လှိုင်လှိုင်*
*နှင်းဆီကပရပိုင်*
*မထနိုင်နာသူကို*
*မရှုဘဲမထူဘဲ*
*လေညာကဖြန့်ကြဲလျှင်*
*ငေါက်ခနဲထရသည်။*

ဦးတိုး (ရာမရကန်)

ဟု ကုံကုမံရနံ့ကြောင့် အိပ်ရာထဲတွင် လဲနေသော လူနာပင် ငေါက်ခနဲထရကြောင်း စပ်ဆိုခဲ့သည်။

ကုံကုမံကို ပါဠိဘာသာအားဖြင့် 'ကုင်္ကုမ' ဟုခေါ်ဆိုပေသည်။ ရှေးခေတ်အခေါ်အဝေါ်မှာ 'မာလာကိုကျူ' ဖြစ်သည်။ကုံကုမံလေးမျိုးလေးစားရှိကြောင်း ရှေးကျမ်းတို့၌ဆိုခဲ့ပြီး ကုင်္ကုမာလ ခေါ် ကုံကုမံမျိုးကို အောက်ပါအတိုင်း လေးမျိုးခွဲထားသည်။

၁။ တုမုဒြာကုံကုမံ
၂။ ပဒုမ္မာကုံကုမံ
၃။ ကုသုမာကုံကုမံ
၄။ ကုင်္ကုမာကုံကုမံ

ဟူ၍ လေးမျိုးခွဲ၍ ပြဆိုထားလေသည်။

(သုတေသနသရုပ်ပြအဘိဓာန်)

ကုံကုမံမျိုးကို ဥမှ မျိုးပွား၍ စိုက်ပျိုးကြပြီး ကုံကုမံတွင် ကြက်သွန်နီဥကဲ့သို့ ဥရှိ၏။ အရွက်မှာ မြက်ကဲ့သို့ရှည်၍ပါးပြီး ကုံကုမံပင်၏အမြင့်မှာ တစ်ပေခွဲခန့်ရှိသည်။ အပွင့်များအတွင်းမှဝတ်ဆံကိုသာ ကုံကုမံအဖြစ် အသုံးပြုသည်။

ကုံကုမံများကို ထုတ်ယူပုံမှာ အပွင့်များပွင့်သောအခါ နေမထွက်မီ အပွင့်ကလေးများကိုဆွတ်ခူးပြီး အတွင်းဝတ်ဆံလေးများကိုရွေးယူကာ အခြောက်လှန်းရသည်။ ကုံကုမံပွင့် (၄၀၀၀၀) ကို ဆွတ်ခူးပါမှ ကုံကုမံ (၂၇) ကျပ်၊ (၈) ပဲသား ရရှိလေသည်။

ကုံကုမံ အစစ်နှင့် အတု ခွဲခြားသိရှိနိုင်ရန် စမ်းသပ်ပုံစမ်းသပ်နည်းမှာ ဖန်ခွက်ထဲတွင် ရေထည့်ပြီး ကုံကုမံကို အနည်းငယ်ထည့်၍မွှေပေးပါ။ ထို့နောက် ငြိမ်သက်စွာထားပါ။တစ်အောင့်လောက်ကြာသောအခါ ကုံကုမံအစစ်သည် အနီရောင်အမျှင်ကလေးများ အထက်မှ အောက်သို့ တန်း၍ဆင်းလာပေသည်။ ကုံကုမံအတုသည် ထိုသို့ဖြစ်ပေါ်မလာပေ။ ကုံကုမံအစစ်သည် အနံ့အလွန်ပြင်းလျက် အတုတွင် အနံ့အနည်းငယ်သာ ရှိလေသည်။

**ဓာတ်သဘော**

၁။ ကုံကုမံ = အပူ၊ တေဇော၊ အတာက်။
၂။ ကုံကုမံအပွင့် = အအေး၊ အာပေါ၊ အတာက်

(ဓာတုဩသဓရောသီ)

**ဆေးအသုံး**

ကုံကုမံကို ဆိတ်နို့၊ နွားနို့ တစ်မျိုးမျိုးတွင်ရော၍ သောက်သုံးခြင်းအားဖြင့် ခွန်အားရှိခြင်း၊ နှလုံးတုန်ခြင်းမှ ပျောက်ကင်းခြင်း၊ သွေးအန်သွေးကျရောဂါများ ပျောက်ကင်းခြင်း စသော အကျိုးထူးများကို ခံစားရပေသည်။

သို့ပါသောကြောင့် ကုံကုမံအတုနှင့်အစစ် ခွဲခြားသိစေရန် စာရှုသူသုတေသီတို့အတွက် သူရဋ္ဌမဂ္ဂဇင်းမှ တင်ပြလိုက်ရပါသည်။

ချစ်မုန်းခင်
(ကြို့ပင်ကောက်-လယ်တီ)



www.burmeseclassic.com

www.burmeseclassic.com

# ဟိန်းဇေယျာ

## လျှပ်တစ်ပြက်ဗေဒင်

ဗေဒင်ပညာ ဟူသည် လူတစ်ဦး၏ မွေးဖွားသည့် ခုနှစ်၊ လ၊ ရက်၊ နာရီကို အခြေပြု၍ တွက်ချက်ပြီး ယနေ့ အနာဂတ် မည်ကဲ့သို့ဖြစ်နိုင်သည်ကို ဖော်ညွှန်းသော ပညာရပ်တစ်ခုအနေဖြင့်သာ ကိုတောက်ထွန်းသည် လက်ခံယုံကြည်ထားသည်။ ယခုအချိန်အခါသည် လူတစ်ဦး၏ရှေ့ကံကြမ္မာကို တွက်ချက်ရုံတင်မက တိုင်းပြည်တစ်ပြည်၏ လွတ်လပ်ရေးရရှိခဲ့သည့် အချိန်ကာလကို မူတည်ပြီး ထိုတိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပဋိပက္ခရေးတို့ကို တွက်ချက်ဟောစာတမ်းထုတ်ထားသည်ကိုလည်း ကိုတောက်ထွန်း ဂျာနယ်များတွင် ဖတ်ရဖူးပါသည်။ ယခင်နာမည်ကျော်ကြားသည့် ဗေဒဆရာကြီးများဖြစ်ကြသော ပျဉ်မနားဦးသန်းမောင်၊ လျှပ်စစ်ဦးအုန်းသင်၊ ဆရာစန္ဒြ၊ မိုးတားဦးထွန်းရှိန်၊ ဘိုကလေးဦးကြွယ်တို့၏ အမည်များကို ရင်းနှီးနေသော်လည်း သွားရောက်မေးမြန်းဖူးသည်တော့ မဟုတ်ပါ။

စာအုပ်တစ်အုပ်တွင်ဖတ်ခဲ့ရဖူးသော ဆရာသော်တာဆွေ၏ မိတ်ဆွေဗေဒင်ဆရာကိုတော့ လေးစားမိပါသည်။ အဆိုပါ ဗေဒင်ဆရာသည် စာရေးဆရာသန်းဆွေအား သေမည်ဟုဟောခဲ့ရာ ပြောခဲ့သည့်အတိုင်း ရေနစ်သေဆုံးသွားရှာပါသည်။ ထိုဗေဒင်ဟောခဲ့သူနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာ်သော်တာဆွေ ထပ်မံ ဆုံတွေ့ကြောင်း ကိုတောက်ထွန်း မဖတ်မိတော့ပါ။ အချိန်ကာလကြာခဲ့ပြီကိုး။

ပေဒင်မေးရန် ဝါသနာမပါသော ကိုတောက်ထွန်းသည် ယနေ့ဘယ်လိုဖြစ်နေမှန်းမသိ ပေဒင်မေးချင်စိတ်ဖြစ်နေသည်။ တချို့ယောက်ျား၊ မိန်းမတို့သည် ပေဒင်မေးရန် ဝါသနာထုံကြသည်။ တချို့သည် ပေဒင်ကိုယုံကြည်၍မေးသကဲ့သို့ အချို့သည်း အပျော်သဘောမေးတတ်ကြသည်။ ပေဒင်မေးရန် လာရောက်ကြသူ (၉၉) ရာခိုင်နှုန်းသည် အပူသောကရှိကြသူများဖြစ်သည်ဟု ပေဒင်ဆရာတချို့က ယူဆကြပါသည်။ များသောအားဖြင့် အားရေးသမီးရေး၊ အိမ်ထောင်ရေးကိစ္စပြဿနာများဖြစ်ကြသည်။ ပေဒင်မေးရုံမက ယတြာပါတောင်းတတ်ကြသည်။ မေမြန်းသူ၏အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ရသည်ကို ယုံကြည်သူ ပေဒင်ဟောသူသည် ယတြာပေးလေ့မရှိပေ၊ တချို့လည်း ယတြာကြေးသီးသန့်တောင်းတတ်ကြသည်။ ဉာဏ်ပူဇော်ခများသောသူရှိသလို သင့်တင့်သောနှုန်းဖြင့် ဟောသူလည်းရှိသည်။

ကိုတောက်ထွန်းသည် ငွေကိုရေလို သုံးစွဲနိုင်သူမဟုတ်။ ဉာဏ်ပူဇော်ခများကြီးမတတ်နိုင်။ ဆူးလေအဝိုင်းသို့ ကုန်သည်လမ်းဘက်မှ တစ်ဆစ်ချိုးလျှောက်လာရင်း မကြာခဏ အိတ်ကပ်ကို စမ်းကြည့်မိသည်။ ရေတမာပင်အောက်တွင် (၂) ပေ× (၁) ပေ အရွယ်တွင်ရေးထားသော နာမည်ဆိုင်းဘုတ်များကို စိတ်အတွင်းမှဖတ်ကြည့်ခဲ့သည်။ ဗေဒကဝိ၊ သုတေသီ၊ အကြားအမြင်ဆရာကြီး၊ မမှန်ငွေပြန်အမ်းမည် စသည်ဖြင့် စုံသည်။ ဘီအေ၊ ဘီအက်စီဘာဘာဘွဲ့တွေလည်း ဖတ်ရသည်။ အင်္ဂလိပ်လိုရေးထားသည်ကိုလည်းတွေ့ရသည်။ နိုင်ငံခြားပြန်ဆိုသူလည်းပါသည်။ ကိုတောက်ထွန်းသည် လမ်းတစ်လျှောက် ဖြည်းဖြည်းလျှောက်ကာ ဆူးလေအဝိုင်းဆီသို့လာခဲ့သည်။ လက်တွင် ပတ်ထားသောနာရီမှ (၁၁)နာရီသို့ ညွှန်ပြနေသည်။ ဆူးလေအဝိုင်းပတ်ကားများအား စောင့်ဆိုင်းရင်း လမ်းဖြတ်ကူးရန်ပြင်ထားသည်။ ရှင်းနေသည်။ ကမန်းကတန်း အပြေးအလွှားကူးလိုက်သည်။ ဆိုင်းစင်ကြီးပေါ် ခြေအလှမ်း -

"ဗုန်း"

လူတစ်ယောက်နှင့် တိုက်မိသွားသည်။

"ကန်တော့ဗျာ၊ ကန်တော့"

ကိုတောက်ထွန်း နှုတ်မှ ကသောကမျော တောင်းပန်မိသည်။

"ရပါတယ်၊ ရပါတယ်"

ကြည်အေးသောအသံရှင်ကိုကြည့်လိုက်သည်။ ထိုသူက -

"ရင်ပြင်တော်ပေါ် အရင်တက်မှာမှတ်လား"

ဟု ပြောလေရာ အံ့သြမှင်တက်သွားရသူမှာ ကိုတောက်ထွန်းဖြစ်ရပေသည်။ အကြောင်းရင်းမှာ စေတီရင်ပြင်ပေါ် ဦးစွာတက်၍ ပူဇော်ပသမှုပြုပြီးနောက် အဝိုင်းပတ်လည်တစ်နေရာရှိ စာရေးဆရာပေဒင်ဟောခန်းသို့သွားရန် စိတ်တွင်းမှ ရည်ရွယ်ထားသောကြောင့် ဖြစ်ရပေသည်။ ကိုတောက်ထွန်းလည်း နှုတ်မှ -

"ဩော် - ဟုတ်ကဲ့"

ဟု ပြောလေရာ ထိုသူက -

"လာဗျာ၊ သွားရအောင်"

ဆိုသဖြင့် ထိုသူ၏အမိန့်ဩဇာကို မလွန်ဆန်ဝံ့သူတစ်ဦးကဲ့သို့ ဆူးလေစေတီရင်ပြင်တော်ပေါ် သို့ ၎င်း၏နောက်ပါးမှလိုက်သွားလေသည်။ ထိုသူအား နောက်ဘက်မှတွေ့နေရာ လက်ပြင်အနည်းငယ် ခုံးသယောင်ရှိလေသည်။ ကော်လာကတုံး၊ ရှပ်ဖြူလက်ရှည်၊ ပုဆိုးမှာ အဖြူကွက်ကျဲကျဲဖြစ်သည်။

ထိုသူသည် အာရုံခံတန်ဆောင်းတွင်းဝင်၍ ဘုရားဝတ်ပြုရာ ကိုတောက်ထွန်းလည်း ဝင်ရောက် ဘုရားရှိခိုးလေသည်။ ကိုတောက်ထွန်းသည် ဘုရားအား ဦးသုံးကြိမ်ဝတ်ကျေတန်းကျေရှိခိုးပြီးသော်လည်း ထိုသူမှာကား ပရိတ်ကြီး(၁၁)သုတ်အားလုံးရွတ်ဆိုနေဘိအလားကြာမြင့်နေသည့်အတွက် တိုင်ကိုမှီကာစောင့်ဆိုင်းရင်း အတွေးချာချာလည်နေသည်။ မျက်စိမှိတ်ထားပြီး တရားမှတ်နေသကဲ့သို့ အိပ်ငိုက်နေသည်။

ထိုစဉ် -

"မိတ်ဆွေကြီး- မအိပ်နဲ့လေ၊ တိုင်ကိုလည်း မမှီနဲ့လေ"

တရားမှတ်နေသူအား အနှောင့်အယှက်ပေးသူဟု အနီးနားမှ ဘုရားဖူးများကတော့ ထင်ကောင်းထင်မိကြပေမယ့် ကာယကံရှင် ကိုတောက်ထွန်းကတော့ 'ငါ့အကြောင်းသိနေတယ်' ဟု တွေးမိသည်။ ၎င်းက ဆက်ပြီး -

"ဆင်းတုတော်ရှေ့မှာ တိုင်မှီပြီး မအိပ်ကောင်းပါဘူး။ ဘုရားကို မရိုသေရာရောက်ပါတယ်"

ဟု ပြောပြန်သည်။

ထိုသူသည် ကိုတောက်ထွန်းနှင့် မျက်နှာချင်းဆိုင်ထိုင်လေသည်။

"မိတ်ဆွေကြီးရဲ့ . မွေးသက္ကရာဇ်ပြောပါဦးဗျာ"

ဆိုင်းမဆင့်ဗုံမဆင့် မေးလိုက်၍ ဒုတိယအကြိမ် အံ့အားသင့်သွားရသူမှာ ကိုတောက်ထွန်းဖြစ်ရပေသည်။ အကြောင်းရင်းမှာ ကိုတောက်ထွန်းသည် ပေဒင်မေးချင်နေသောကြောင့် ဖြစ်လေသည်။

"၁၃၁၃ ခုနှစ်၊ တပို့တွဲလဆုတ် ၃ ရက်၊ စနေနေ့"

ဟု ပြောလိုက်ရာ ထိုသူသည် စိတ်တွက်ဖြင့် တွက်ချက်နေသည်။ ထိုသို့တွက်ချက်နေစဉ် မြေကွက်ဝယ်မည့်ကိစ္စ ထိုသူမသိနိုင်။ မြေကွက်အတွက် စရန် (၁) သိန်းပေးထားပြီး ကျိန်းသေ မြေကွက်အပိုင်ရတော့မည်။ တစိမ်းတစ်ရံဆီက ဝယ်သည်မဟုတ်။ အမျိုးရင်းဆီက ဖြစ်သည်။ သည့်အတွက်လည်း သိချင်သည့်အတွက် ပေဒင်မေးလိုခြင်း ဖြစ်ပေသည်။ ထိုသူလည်း တွက်ချက်ရင်း ခေါင်းကို ဖြည်းညင်းစွာယမ်းနေသည်ကို တွေ့ရသည်။ ထိုသူသည် ကိုတောက်ထွန်းကိုကြည့်ပြီး ပြောချလိုက်သည်။

"မြေအိမ်ပိုင်ဆိုင်မှု အခုမပေါ်သေးဘူး"

ကိုတောက်ထွန်း၏စိတ်ဝယ် အထင်သေးစိတ်ဖြစ်လာသည်။ မိမိက အပိုင်အနိုင် အသေအချာ တွက်ချက်ထားပါလျက်နှင့် သင်းလူစိမ်းက မြေမပိုင်သေးဘူးဆိုတော့ အရင်တွေ့စဉ်က အံ့သြမှု၊ အထင်ကြီးမှုများ သဲထဲရေသွန်သကဲ့သို့ အရာမထင်ဖြစ်သွားရသည်။ ထိုသူအပေါ် ငြိုငြင်စိတ်ဖြစ်သွားသည်။ ကျွဲမြီးတိုသည့်စိတ်ကို ထိန်းသိမ်းပြီး အောင့်သက်သက်ဖြင့် ပြန်မေးလိုက်သည်။

"ဘယ်တော့မြေပိုင်ဖြစ်မှာလဲ"

ထိုသူသည် ခေတ္တမျှဆိုင်းငံ့နေပြီးနောက် -

"အခု ၂၀၀၉ ခုဆိုတော့ နောက် ၂၀၁၃ ခုနှစ် နှစ်ဦးအစပိုင်းမှာ အိမ်ပိုင်ရာပိုင်ဖြစ်မယ်"

ဟု ပြောလေရာ နောင်ကာလကြာမှဖြစ်လာမည့်ကိစ္စကို စိတ်ဝင်စားမှုမရှိခြင်းကြောင့် -



www.burmeseclassic.com

www.burmeseclassic.com

"ဩော် - ဟုတ်လား"

ဟု ဝတ်ကျေတန်းကျေပြောပြီး ကိုတောက်ထွန်းလည်း ထိုသူ၏ အမည်၊ နေရပ်ကိုပင် မေးမြန်းခြင်းမပြုတော့ဘဲ ဆူးလေစေတီမှ ပြန်ဆင်းခဲ့လေတော့သည်။

■

'ဗေဒင်မမေးနဲ့။ ဗေဒင်မေးရင် ဆန်ကုန်တယ်' ဆိုရိုးစကားရှိထားသည်။ ဟိုးရှေးယခင်က ဗေဒင်မေးမည်ဆိုလျှင် ဗေဒင်ဆရာအား ဥဏ်ပူဇော်ခံအဖြစ် ဆန်တစ်ပြည်နှင့် ငွေတစ်မတ်ပေးရသည်။ ထိုအစွဲကိုအကြောင်းပြု၍ ဗေဒင်မေးရင် ဆန်ကုန်တယ်ဟု ဆိုရိုးရှိခဲ့ဟန်တူပါသည်။ ယခုမူ ကိုတောက်ထွန်းတစ်ယောက် ဆန်မကုန်၊ ငွေမကုန်ပါဘဲ စိတ်ကသိကအောက်ဖြစ်ခဲ့ရသည်။ ထိုဟောချက်ကို ပစ်ပယ်ထားလျက် မြေပိုင်ဆိုင်ရေး ဦးစားပေး ဆောင်ရွက်လေတော့သည်။

အိမ်ငှားဘဝမှ လွတ်မြောက်၍ အိုးပိုင်အိမ်ပိုင်နှင့် နေနိုင်ရေးအတွက် လုံးပန်းရသည်မှာ လွယ်ကူသည့်အလုပ်တော့ မဟုတ်ပါပေ။ ရှိသည့်ငွေလေးဖြင့် မြေကွက်လေးဝယ်၊ နောက်မှ အိမ်ငယ်လေးဆောက်မည်။ မိသားစု (၃) ဦးအဖို့ အိမ်ကြီးကြီးကျယ်ကျယ်မလိုပါ။ လကုန်လျှင် ငွေအပြည့်ချေ။ ပြီးလျှင် မြေပိုင်ပြီပေါ့။ တွက်ရေးနှင့် စက်သူဌေးဖြစ်နေသည်။ မြေကွက်ချည်း (၄၀) ပေ x (၆၀) ပေကို (၅) သိန်းနှင့် အောင်ချမ်းသာတိုးချဲ့ရပ်ကွက်တွင်ဝယ်ဖို့ စိတ်ကူးပြီးဖြစ်နေသည်။ သန်လျင်သည် ရေခံမြေခံကောင်းသည်။ မီးမရသေးလျှင်နေပါစေ။ ရေကောင်းရန် အဓိကဖြစ်သည်။ ရေနှင့်ပတ်သက်လျှင် ဒလမြို့ကို ထည့်သွင်းစဉ်းစားရန် မလို။ ဒလမြို့တွင် ရေသောက်ရန်မဆိုထားနှင့် လျှော်ဖွပ်သုံးစွဲရန်ရေသည်ပင် အဆင်မပြေလှ။

ငွေချေရမည့်နေ့ရက်မှာ တဖြည်းဖြည်း နီးကပ်လာသည်။ မြေပိုင်မည့်ရက်သည်လည်း နီးကပ်လာချေပြီ။ ကံကြမ္မာအလှည့်အပြောင်းကို ခန့်မှန်း၍မရနိုင်ပေ။ ဘဝ ဟူသည် မမျှော်လင့်သောဖြစ်စဉ်များဖြင့် ဖန်တီးထားသည်။ ယခု ကိုတောက်ထွန်းတစ်ယောက် ဘဝထဲက လူသားတစ်ဦးဖြစ်သဖြင့် ကံကြမ္မာ၏ အလှည့်အပြောင်းကို ခံစားလိုက်ရပေသည်။

မျှော်လင့်မထားသောဖြစ်ရပ်သည် မိမိရှေ့တွင် ဘွားခနဲ ပေါ်ပေါက်လာသည်။ မိမိ၏တစ်ဦးတည်းသောသားက မိန်းမခိုးလာခြင်းပေတည်း။ မိကောင်းဖခင်သားသမီးပီပီ မင်္ဂလာကိစ္စကို အကျဉ်းရုံးဆောင်ရွက်ပေးရသည်။ မြေဖိုးပေးရန် ခြစ်ကုပ်စုဆောင်းထားသော သိန်းဂဏန်းပါးပါးလေးသည် လေထဲတွင် လွင့်ပါးပျောက်ကွယ်သွားပေတော့သည်။ မြေမဝယ်ဖြစ်ပေမယ့် ပေးထားသောစရန်ငွေမဆုံးပါ။ ဆွေမျိုးသားချင်းမို့ ငွေတစ်သိန်းပြန်ပေး၍ ကျေးဇူးတင်ရပါသေးသည်။ မင်္ဂလာကိစ္စပြီးသည်နှင့် သားတော်မောင်သည် ဆံထုံးခေါ်ရာ မြန်မာပြည်တောင်ဘက်ဖျားဆီသို့ လိုက်ပါသွားပေတော့သည်။

■

'မြေအိမ်ပိုင်ဆိုင်မှု အခုမပေါ်သေးဘူး'

ဗေဒင်ဟောချက်အား ကိုတောက်ထွန်း၏နားထဲတွင် ပြန်လည် ကြားယောင်လာသည်။ ဤတစ်ကြိမ်နှင့်ပါဆိုလျှင် ကိုတောက်ထွန်း အံ့ဩရသည်မှာ တတိယအကြိမ်မြောက် ဖြစ်ပေသည်။ ထိုဆရာကို ပြန်တွေ့ချင်မိသည်။ 'မြေမပိုင်သေး' အသိကြောင့် ထိုဆရာအပေါ် မကျေနပ် ဒေါသငယ်ထိပ်ရောက်ခဲ့သဖြင့် နောက်ဆက်တွဲပြောစကားကို အလေးမမူခဲ့၍ သေချာစွာ မမှတ်မိ။



အပိုင်တွက်ချက်ထားပါလျက်နှင့် သူ့ဆန္ဒနှင့်မကိုက်ညီသည့် ဟောချက်သည် နားထဲသို့ သံရည်ပူလောင်းချသည့်နှယ် ခံစားရသည်။ အခုတော့ 'မှန်လှပါပေ့ ဆရာရယ်' ဟုသာ စကြဝဠာတံတိုင်းပေါ် တတ်၍ ဟစ်လိုက်ချင်သည်။ လူ့သဘာဝသည် ဟောချက်တစ်ခုမှန်သည်ဆိုလျှင် နောက်တစ်ခုလည်း မှန်လိမ့်မည်ဟု တွေးထင်တတ်ကြသည်။ ထို့ကြောင့် ကိုတောက်ထွန်းလည်း ထိုဆရာနှင့်တွေ့ခဲ့သည့် ဆူးလေစေတီသို့သွားရောက်ခဲ့သည်မှာ အကြိမ်ရေမည်မျှရှိသည်ကို မမှတ်မိနိုင်သော်လည်း ပန်းသည် မဝေကမူ မည်သည့်အခါမျှ ဘုရားပန်းမဝယ်သော ကိုတောက်ထွန်းအား ကောင်းစွာ မှတ်မိနေပေသည်။

ဟောချက်မှန်သော ဗေဒင်ဆရာ၏ အမည်နှင့် နေရပ်ကို မမေးခဲ့ရကောင်းလားဟု မိမိကိုယ်ကို အပြစ်တင်ရင်း ရှာဖွေခြင်းအား လက်လျှော့လိုက်ရသည်။ လက်လျှော့ရသည့်အကြောင်းမှာ မိတ်ဆွေတစ်ဦး၏ စက်ရုံတစ်ခုတွင် မန်နေဂျာအဖြစ် လုပ်ကိုင်ပေးရန် မော်လမြိုင်သို့ ပြောင်းရွှေ့ခဲ့ရသည်။

မော်လမြိုင်စက်မှုဇုန်သို့ ရောက်ပြီး တစ်လခန့်အကြာတွင် ဖြစ်သည်။ ကိုတောက်ထွန်း ရုံးခန်းတွင်ရှိနေစဉ် မဇာဇာနှင့် အဖော်တစ်ဦး ရောက်လာသည်။

"သမီးတို့ဘာကိစ္စရှိလို့လဲ"

ဆရာ၊ ကိုသင်းလေ။ ကျိုက်ထီးရိုးကားမောင်းလိုက်သွားတာ။ အဲဒါ ကင်မွန်းစခန်းမှာပျောက်သွားတယ်လို့ ခေါ်သွားတဲ့သူက ဖုန်းဆက်လို့ ဆရာ။ အဲဒါလုပ်ပါဦးဆရာ"

ကိုတောက်ထွန်း နားထောင်ရင်း ခေါင်းကုတ်လိုက်သည်။ ပျောက်သွားသူ ကိုသင်းမှာ မဇာဇာ၏ခင်ပွန်း ဖြစ်သည်။ သူ့စက်ရုံက အလုပ်သမားများသည် ယခုကဲ့သို့ ကားမောင်းပေးပါဆိုလျှင် သာမည၊ ကျိုက်ထီးရိုး၊ ကျိုက္ကမီ၊ စက်စဲ မောင်းပို့ပေးမြဲဖြစ်သည်။ ကိုသင်းအကြောင်းကိုတော့ စက်ရုံလုပ်သားများထံမှ သိထားသည်။အရက်အလွန်အကျွံသောက်သူဖြစ်ပြီး 'အရက်ကြောင်ရောဂါ'ဖြစ်၍ ရန်ကုန်တွင် ဆေးကုသဖူးသည်။ ယခုလည်း ထိုရောဂါပြန်ထခြင်းဖြစ်နိုင်သည်။ သိထားသင့်သည်များကို ဆက်မေးရသည်။

"ကားကလိုက်ထရပ်နော်။ နံပါတ်



www.burmeseclassic.com

www.burmeseclassic.com

၁၀/×××။ -

ပိုင်ရှင်က ထပ်တေးရွာက ဦးတင်
ဝင်း။

ခရီးစဉ်က ကျိုက်ထီးရိုးနဲ့ရန်ကုန်။ ကြာချိန်က (၅) ရက်"

ကိုတောက်ထွန်းသည် ကျိုက်ထို ရဲခန်းသို့ ဖုန်းဆက်အကူအညီတောင်း လိုက်သည်။

"မဇာဇာရေ ဦးကို သူ့ဓာတ်ပုံပေး မနက်ဖြန် ရဲစခန်းပို့ပေးရမယ်"

"ဒါနဲ့ ပျောက်သွားတာ ဘယ်နှရက်ရှိပြီလဲ"

"သုံးရက်တောင်ရှိနေပြီ"

"ဟ- ဒါဆိုမဖြစ်တော့ဘူး။ မနက် ဖြန်မနက် ကျိုက်ထိုကို လူလွှတ်မှဖြစ် မယ်"

ကိုတောက်ထွန်းမှာ မိမိဝန်ထမ်း အတွက် စိုးရိမ်မိသည်။

"သမီးတို့ ဗေဒင်လေးဘာလေး မေးမကြည့်ဘူးလား"

ကိုတောက်ထွန်းသည် သူ့ဗေဒင် ဆရာကို အမှတ်ရမိသည်။ မဇာဇာနှင့် အဖော်ဖြစ်သူတို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်ပြီး မဇာဇာက -

"အခု သမီးတို့အဲဒါသွားမေးမလို့"

ဟု ပြောရာ ကိုတောက်ထွန်း သည်း စိတ်ဝင်စားသွားပြီး ကလေးမ များနှင့်အတူ ဗေဒင်ဆရာရှိရာ စက်ရုံ အနောက်ဘက် ကြာအင်းကုန်းရွာသို့ လိုက်သွားလေသည်။

ရှည်မျောမျောတိုက်အိမ်ကိုကြည့် ၍ အတော်ဝင်ငွေဖြောင့်တဲ့ဗေဒင်ဆရာ ဟု တွေးမိသည်။ ဆိုင်းဘုတ်ချိတ်ဆွဲ ထားခြင်းမရှိ။ နီးစပ်ရာရွာများမှလာမေး ကြခြင်းဖြစ်၍ ဆိုင်းဘုတ်တင်ဖို့ မလို။ အနီးရှင်းသပ်ရပ်သော ဘုရားကျောင်း ဆောင်ပေါ်တွင်ဘုရားပွဲထိုးထားသည်။ ဘုရားပွဲဟုပြောနိုင်ခြင်းမှာ ငှက်ပျောသီး (၁) ဖီးနှင့် အုန်းသီးတစ်လုံးကို တွေ့ရ သောကြောင့် ဖြစ်သည်။ မဇာဇာနှင့် အဖော်တို့သည် ဘုရားကျောင်းဆောင် အောက် အရှေ့တွင်ခင်းထားသော ခုံပု လေးတွင်ထိုင်နေသည်။ ကိုတောက်ထွန်း မှာ ဗေဒင်မေးသူမဟုတ်သဖြင့် ၎င်းတို့ ဦး၏ နောက်ပါးကထိုင်၍ အကဲခတ် နေသည်။ ဗေဒင်ဆရာ၏ အသက်ကို ခန့်မှန်းရလျှင် (၅၀) ကျော်သာသာရှိ လိမ့်မည်။ ဗေဒင်ဆရာတို့ထုံးစံအတိုင်း ဆေးသဏ္ဍာရာဇ်မေးမြန်းပြီး တွက်ချက်နေ လေသည်။ တွက်ချက်ပြီးသည်နှင့် -

"ဇာတာရှင်ဟာ ကျန်းမာရေး အလွန်ညံ့တယ်နော်"

ဟု ဆိုရုံရှိသေး မဇာဇာသည် ကိုသင်း၏ ကားမောင်းလိုက်ရာမှ ယခု အထိ ပြန်မလာသေးကြောင်းကို နတ်သံ နှော၍ ငိုသံပါကြီးနှင့် သံတော်ဦးတင် လေတော့သည်။ ဗေဒင်ဆရာလည်း ခေါင်းတညိတ်ညိတ်နှင့်နားထောင်ပြီး -

"အားမနာတမ်းပြောရရင်. . ."

စကားကိုရပ်လျက်နားထားလေ ရာ မဇာဇာက -

"ပြောပါ ဆရာ၊ အားမနာပါနဲ့။ သူ့ကိုပြန်မတွေ့ဘူးနိုင်တော့ဘူးမို့လား ဆရာ"

ဗေဒင်ဆရာ အကြိုက်တွေ့သွား သည်။

"အားမငယ်ပါနဲ့လေ၊ ဆရာ ယတြာလုပ်ပေးပါ့မယ်"

"မျှော်တော့မမျှော်လင့်နဲ့၊ တရား နဲ့ဖြေပေါ့ကွယ်။ ခြေနှစ်ချောင်းထွက်ဖို့ ရှိနေတယ်လေ"

ကိုတောက်ထွန်းလည်း ထိုဗေဒင် ဆရာဟောချက်လွဲပါစေဖယ်ပါစေဟု ဆုတောင်းလျက် မနက်ဖြန် ကျိုက်ထိုသို့ လူလွှတ်ရေးကိုစ္စစဉ်းစားနေသည်။

"မနက်ဖြန် ကိုသင်းကိစ္စ သေသေ ချာချာသိရမှာပါ"

ဟု ကိုတောက်ထွန်းက မဇာဇာ တို့အားပြောပြီး စက်ရုံသို့ပြန်ခဲ့လေ၏။

နောက်နေ့ မနက် (၈) နာရီခန့် တွင် လူ (၃) ဦး ဆိုင်ကယ် (၂) စီးဖြင့် ကျိုက်ထိုမြို့သို့ ကိုသင်းအား ရှာဖွေရေး လွှတ်လိုက်သည်။ ရဲစခန်းသို့ဝင်၍ ဓာတ်ပုံပေးရန်နှင့် လူပျောက်တိုင်ကြား ရန် မှာကြားရသည်။ ကိစ္စအထူးရှိပါက လည်း ရုံးသို့ဖုန်းဆက်ရန်ပြောရသည်။ ကိုတောက်ထွန်းသည် ကိုသင်းကို ပြန် တွေ့ပါစေ ဟူ၍သာ စိတ်မောစွာ ဆု တောင်းမိသည်။ ကိုတောက်ထွန်းသည် ရုံးခန်းအတွင်းထိုင်ကာ တယ်လီဖုန်းဆီ လှမ်းကြည့်ရသည်မှာ မကြာခဏပင်။ (၁၂) နာရီဝန်းကျင် ဖုန်းတစ်ချက်ဆက် ပေးပါဟုမှာထားသော်လည်း ယခု (၁၂) နာရီကျော်နေပြီ။ မဇာဇာသည် ညှိုးငယ် စွာ ရုံးခန်းထဲဝင်လာသည်။

"ဆရာဘာများထူးသေးလဲ"

"ထူးတော့ထူးမှာပါ။ ခုမှ (၁၂) နာရီလောက်ပဲရှိသေးတယ်။ သူတို့ ကိုသင်းကို မတွေ့တွေ့အောင်ရှာမှာပါ"

ဟု ပြောသာပြောရသည်၊ အားရ ကျေနပ်မှုတော့မရှိ။ မဇာဇာ သူ့အခန်း ပြန်သွားသည်။ အချိန်ကုန်မြန်သည်ဟု ထင်ရသည်။ ညနေ (၅) နာရီထိုးပြီ။ ကိုတောက်ထွန်းသည် အခန်းသို့ပြန်ရန် ပြင်နေခိုက် ဖုန်းမြည်သံထွက်ပေါ်လာ သည်။ ဖျတ်ခနဲကောက်ကိုင်လိုက်သည်"

"ဆရာလား"

"ကိုသင်းကိုတွေ့ပြီ။ ကျန်းမာရေး သိပ်မကောင်းဘူး။ အခုပြန်လို့မရလို့ တည်းခိုခန်းမှာအိပ်ပြီး မနက်မှပြန်လာ မယ် ဆရာ"

"အေး - ကောင်းသလိုလုပ်ကြ ကွာ"

"ဒါပဲနော်၊ ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ဟင်းခနဲသက်ပြင်းချလိုက်သည်။ တော်ပါသေးရဲ့၊ ဗေဒင်ဆရာဟောချက် မမှန်၊ ကိုသင်းက မသေ။ ဗေဒင်မေး သူ၏ အထောက်အထား၊ အခြေအနေ အကြောင်းကြောင်းတွေ ထောက်ရှုပြီး လုပ်စားနေသည့်၊ ဟောစားနေသည့် သည်လိုဗေဒင်ဆရာမျိုးနှင့် ကြုံတွေ့ရ ပြန်တော့ သူ့ကိုဟောခဲ့သည့် ဗေဒင် ဆရာကို အလွန်အမင်း တွေ့ချင်ပြန် သည်။ ရန်ကုန်ဆင်းဖို့ကိစ္စတလည်း မပေါ်သေး။ ယခု စက်မှုဇုန်မှာနေရ သည်မှာ အိမ်လခအတွက် မပူပင်ရ။ ရေ မီးအစုံအလင်။ တစ်ခုပြောစရာရှိသည် က မော်လမြိုင်မြို့ထဲသို့သွားရန်အလှမ်း ဝေးသည်။ စက်မှုဇုန်သည် မော်လမြိုင်- ဘားအံသွား ကားလမ်းမပေါ်တွင်ရှိ သည်။လင်မယားနှစ်ယောက် အေးဆေး စွာနေရသော်လည်း အိမ်ပိုင်မရှိသေး သည့်အတွက် တွေမိတိုင်း အပူလုံးက ရင်ဝကို တက်ဆောင့်စမြဲ။ ကျေးဇူးရှင် သားတော်မောင်ကို အပြစ်မဖို့ခဲ့။ ဘယ် လိုလုပ်ကိုင်စားသောက်နေသည်ကိုပင် မသိရ။ သို့ဖြင့်နေလာရာ (၁) နှစ်ကျော် ခန့်အချိန် နေ့လယ် (၂) နာရီခန့်တွင် ဖုန်းမြည်လာသည်။

"ဟလို - အမိန့်ရှိပါခင်ဗျာ"

"မော်တော်ယာဉ်ထုပ်လုပ်ရေးက ပါ။ ဦးတောက်ထွန်းနဲ့ပြောချင်လို့ပါ"

သည်အသံကို ကြားဖူးသလိုလိုရှိ သည်။

"ကျွန်တော်ပါပဲ ခင်ဗျ"

"ဟာ - အဖေ၊ သားပါ"

(၁) နှစ်ကျော် မကြားခဲ့ရသော သား၏အသံကို ကြားရသဖြင့် ဝမ်းနည်း၊ ဝမ်းသာဖြစ်သွားသဖြင့် ကိုတောက်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်စကား ခွန်းတုံ့ပြန်ရမှန်းမသိ ဖုန်းခွက်ကိုကိုင်၍ကြောင်စီစီဖြစ်ရသည်။

"အဖေနေကောင်းလား၊ အမေ ကော"

"ဪ - အေး၊ နေကောင်းကြပါ တယ်"

သည်လောက်မျှပင် ပြန်ပြောနိုင် သည်။ သား၏အသံကို ကြားရပြန် သည်။

"အဖေတောင့်ခံထားပါဦး။ အဖေ ဖြစ်ချင်တာတွေ သားလုပ်ပေးပါမယ်။ သားအခုခရီးထွက်ဖို့ရှိတယ်။ အဖေ့ ချွေးမလည်းလိုက်မယ်။ နောက်မှဖုန်း ဆက်မယ်။ ဘာပြောစရာရှိသေးလဲ အဖေ"

ကိုတောက်ထွန်း ဘာဆိုဘာမှ ပြန်မပြောနိုင်ပေ။ သို့သော် အတွေးစ ထဲမှာတော့ စကားလုံးများ မို့မောက်နေ သည်။

"အေး - ကျန်းမာရေးတော့ ဂရု စိုက်ကွာ"

"ဟုတ်ကဲ့ပါ"

ဖုန်းခွက်ကို ပုခက်ပေါ် ပြန်တင် လိုက်သည်။ သူနှင့်သူ့သားသည် အိမ်မှာ ရှိနေစဉ်ကတည်းက စကားလေးလုံးပြည့် အောင် ပြောသည်မဟုတ်။ ကတောက် ကဆပြဿနာလည်းမရှိ။ အဖေ မည် သည့်ကိစ္စအတွက် ကြိုးပမ်းနေသည်ကို တော့ သူသိထားသည်။ အဖေရည်မှန်း ချက် ပျက်ပြားအောင် အမှတ်မထင် သူပြုသွားခဲ့သည်။ သည်ကိစ္စအတွက် ကိုတောက်ထွန်းသည် သားဖြစ်သူအား မပြုံငြင်ခဲ့။ စိတ်ခုခြင်းမဖြစ်ခဲ့။ ပျက်စီးရ မည့် အကြောင်းတရားရှိ၍သာ ပျက် ပြားခဲ့ရသည်ဟု ဆင်ခြင်မိသည်။

■

၂၀၁၁ ခုနှစ်တွင် ခရီးထွက်ရန် ကိစ္စပေါ်လာသည်။ ကိုတောက်ထွန်း သွားချင်သည့် ရန်ကုန်မြို့ သို့မဟုတ် နေပြည်တော်သို့ဖြစ်ပေသည်။ စက်မှု ဝန်ကြီးဌာနမှ ခေါ်ယူသော အစည်းအ ဝေးဖြစ်သည်။ မိုးအကုန် ဆောင်းအကူး ကာလဖြစ်၍ ခရီးသွားရသည်မှာ လူကို သက်သာစေသည်။ ကိုတောက်ထွန်း သည် မော်လမြိုင်ဈေးကြီးဂိတ်မှ ညနေ (၆) နာရီတွင် နေပြည်တော်ကားဝင်း အတွင်း ရောက်လေသည်။ မြို့မဈေး ကြီးသို့ လိုင်းကားစီးသွားရသည်။ ထိုမှ စက်မှု (၁) ဝန်ကြီးဌာနသို့သွားရန် ဖြစ် သည်။ ဆိုင်ကယ်နှင့်သွားလျှင် မိနစ် (၂၀) ခန့်စီးရမည်ဖြစ်၍ အချိန်မီသည်။ အချိန်ရသဖြင့် ဈေးအနီးအနားတစ်ဝိုက် လှည့်ပတ်ကြည့်နေသည်။ ဆိုင်ကယ် ကယ်ရီများရှိသည့်နေရာသို့ရောက်လျှင် ကိုတောက်ထွန်း အံ့ဩဝမ်းသာသွား သည်။တွေ့လိုက်ရသည်ကား သူအလွန် အမင်းတွေ့ချင်လှသည့် ဗေဒင်ဆရာ ပင်တည်း။ ထိုသူမှာ ဆိုင်ကယ်ငှားနေ လေသည်။ ကိုတောက်ထွန်းလည်း မဆိုင်းမတွပင် ပြေးလွှား၍ ထိုသူထံ အရောက်သွားလေသည်။ ကိုတောက် ထွန်း ထိုဗေဒင်ဆရာနားအရောက်တွင် ဗေဒင်ဆရာသည် ဆိုင်ကယ်နောက်တွင် ခွစီးပြီးဖြစ်နေသည်။

"ဆရာ ဆရာ၊ ခဏနေပါဦး"

ကိုတောက်ထွန်းသည် ထိုလူ၏ ပခုံးအားပုတ်၍ပြောသည်။ အသံ၊ ပခုံး ပုတ်ခြင်းကြောင့် ထိုသူသည် လှည့် ကြည့်လေသည်။ ကိုတောက်ထွန်းအား မှတ်မိသွားသည့်အလား ပြုံးပြလေသည်။ ကိုတောက်ထွန်းသည် ထိုဆရာအား ဖိတ်မန္တကပြု၍ ကျွေးမွေးမည်ဟု စိတ် ဝယ်ရည်သန်၍ ပြောရန်ဟန်ပြင်လိုက် စဉ်မှာပင် ထိုလူက -

"ကျုပ်မှာ အချိန်မရှိဘူး မိတ်ဆွေ ကြီး။ ၂၀၁၃ အစပိုင်းဗျနော်၊ မှတ်ထား"

စကားအဆက်အစပ်မရှိပြောကာ ဆိုင်ကယ်လည်း မောင်းထွက်သွားတော့ သည်။

ကိုတောက်ထွန်းလည်း ခပ်ကြောင် ကြောင်ရပ်နေမိသည်။ သို့သော် ၂၀၁၃ ခုနှစ်တွင် သူဘာဖြစ်မည်ကို သူဘာသာ သူသိသည်။ သို့သော် ယနေ့အထိ ငွေ ပိုငွေလျှံမရှိ။ စားနိုင်သောက်နိုင်ရုံသာရှိ သည်။ စက်မှုဇုန်သို့ ပြောင်းရွှေ့ရသဖြင့် ပရိဘောဂများအားလုံး အောက်ဈေးဖြင့် ရောင်းချခဲ့ပြီး ဖြစ်လေသည်။ ကိုတောက် ထွန်းလည်း ဆိုင်ကယ်ကယ်ရီစီး၍ အစည်းအဝေးရှိရာသို့ ထွက်ခွာခဲ့ပေ တော့သည်။

■

၂၀၁၂ ခုတွင် ကိုတောက်ထွန်း၏ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း ရပ်ဆိုင်းသွားပေသည်။ ကားဟောင်းများ ဖျက်သိမ်းပြီး ပြည်ပမှ မော်တော်ကား များ တိုက်ရိုက်သွင်းနေပြီ ဖြစ်သည်။ ကိုတောက်ထွန်းတို့စက်ရုံမှာ ပိတ်ပစ်ရ မည့်အခြေအနေနှင့် ရင်ဆိုင်နေသည်။ ထိုအလုပ်ရပ်ဆိုင်းသွားလျှင် ကိုတောက် ထွန်း ရန်ကုန်ပြန်ရမည်။ နေစရာ အိမ် ပိုင်မရှိ။ အိမ်ငှားရမည်။ စိတ်ရှုပ်ထွေး စရာတွေကြောင့် ကိုတောက်ထွန်း ညည အိပ်မပျော်။

ဇနီးဖြစ်သူက အားပေးသည်။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ နေထိုင်ဖို့အဆင်ပြေသွားမှာပါ"

သို့သော် ကိုတောက်ထွန်းသည် အိမ်ထောင်ဦးစီးဖြစ်သည်။ ဗေဒင်ဟော သည့်အတိုင်းဖြစ်လာဖို့ အိပ်ပြီးစောင့်နေ ၍မဖြစ်။ ကိုင်း - လုပ်စမ်း၊ အလုပ်ကြီး အကိုင်ကြီးဆိုရအောင် အရင်းအနှီးငွေ ကြေးမရှိ။ တွေးမိတိုင်း ဇောချွေးပြန် သည်။ ဆောက်ဖြစ်မှ ကျောင်းဒကာ ဘဝမို့ ကိုတောက်ထွန်း စိတ်ပျက်အား ငယ်မိသည်။

သည်လိုနှင့် ၂၀၁၂ ခုနှစ်ကုန်ပိုင်း တွင် သားထံမှဖုန်းလာသည်။

"ဟလို - အမိန့်ရှိပါခင်ဗျာ"

"အဖေလား၊ သားပါ"

"မြေနဲ့အိမ် ရှာထားပြီး သားကို ပြောပါ။ ငွေပို့ပေးလိုက်မယ်။ အဖေ့ အကြိုက် နေရာရှာပါ။ အမေကော နေ ကောင်းလား"

မမျှော်လင့်ထားသည့်စကားကြောင့် ကိုတောက်ထွန်း အံ့အားသင့်သွားရ သည်။

"အေးပါ အေးပါ၊ မင်းအမေလည်း နေကောင်းပါတယ်"

ထိုမျှသာပြောပြီး ဖုန်းချလိုက် သည်။ နားဖြင့်ကြား၍သာ ယုံကြည် လိုက်ရသည်။ ဟုတ်မှဟုတ်ပါလေစ သံသယအတွေးဝင်သေး၏။ ဟုတ်သော် ရှိ မဟုတ်သော်ရှိ အိမ်ရှာဖွေရမည်မှာ မိမိတာဝန်ဟု ကိုတောက်ထွန်း ဆုံးဖြတ် ရသည်။ ဗေဒင်ဟောချက်များ မှန်လေ မည်လားဟုလည်း တွေးမိသည်။ ထို အတွေးနှင့်အတူ လျှပ်တစ်ပြက်တွေ့ခဲ့ ရသော ထိုဗေဒင်ဆရာအား လေးစားမိ သည်။ သတိတရဖြစ်နေသည်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပြည်ထောင်စုနေ့တွင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ခွာညိုလမ်းရှိ မြေနှင့် အိမ်အတွက် ငွေပေးချေ၍ ဝယ်ယူသူ ကိုတောက်ထွန်းသည် အိုးအိမ်မဲ့ဘဝမှ လွတ်မြောက်သွားပေတော့သည်။

*(ဝန်ခံချက်-အထက်ပါစာစုသည် စာရေးသူ၏ ဘဝတစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။)*

ဟိန်းဇေယျာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မြန်မာနိုင်ငံမှ ၁၉၄၈ ခု ဇန်နဝါရီလ ၂၁ ရက်နေ့ ထုတ်ဝေသော သံတော်ဆင့်သတင်းစာမျက်နှာဖုံးတွင် အောက်ပါ စိတ်လှုပ်ရှားဖွယ်ရာခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်တို့ဖတ်ရှုခဲ့ရသည်။

**ဧရာဝတီကုမ္ပဏီကို**
**တိုင်းပြည်ပိုင်လုပ်လိုက်ပြီ**

ဧပြီလ ၂၀ ရက်နေ့ (၁၁) နာရီအချိန် ယာယီပါလီမန်အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကူးသန်းရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဌာနဝန်ကြီးက ၁၉၄၈ ခုနှစ်၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးကို နိုင်ငံပိုင်ပြုလုပ်ခြင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း တင်ခွင့်တောင်းပြီးနောက် ဧရာဝတီကုမ္ပဏီအား မည်သည့်အတွက် တိုင်းပြည်ပိုင်အဖြစ် သိမ်းယူခြင်းအကြောင်းကို ပြောဆိုတင်သွင်းရာ ပါလီမန်က လက်ခံအတည်ပြုလိုက်ကြောင်း။

ယာယီပါလီမန်က လက်ခံအတည်ပြုသော ၁၉၄၈ ခုနှစ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း။

၁။ ဤအက်ဥပဒေသည် ချက်ချင်းအာဏာတည်စေရမည်။

၂။ ဤအက်ဥပဒေ၌ ပါရှိသည့် ကုမ္ပဏီဆိုသည်မှာ 'ဧရာဝတီကုမ္ပဏီလီမိတက်' ကို ဆိုလိုသည်။ အဖွဲ့ဆိုသည်မှာ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ကို ဆိုလိုသည်။ ကိုယ်စားလှယ်သဘောတူစာချုပ်ချုပ်ဆိုသည့် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံဘုရင်ခံမင်းကြီးနှင့် ဧရာဝတီကုမ္ပဏီလီမိတက်တို့ချုပ်ဆိုသောသဘောတူစာချုပ်ကိုဆိုလိုသည်။


၃။ ကိုယ်စားလှယ်သဘောတူစာချုပ် (သို့) တည်ဆဲဥပဒေ၌ မည်သို့ပင်ပါရှိစေကာမူ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို သမ္မတက ၎င်းကုမ္ပဏီမှ တရားဥပဒေအရ လက်ခံယူနိုင်မည်။ သမ္မတက အဆိုပါလုပ်ငန်းများကို လက်ခံရယူသည့်အခါ ကုမ္ပဏီပိုင်ပစ္စည်းအရပ်ရပ်နှင့် အဖွဲ့အောက်တွင် ကုမ္ပဏီကို ထားရှိသည်။ သို့တည်းမဟုတ် အခြားထားရှိသည့် ကြီးကြပ်အုပ်ချုပ်မှုနှင့် လုပ်ငန်းများဆောင်ရွက်မှုတို့တွင် အမှုထမ်းနေသူများအားလုံးကို သမ္မတ၏ကြီးကြပ်မှုအောက်သို့ ရောက်ရှိလာရမည်ဟူသော အချက်အလက်များသာမက ဤဥပဒေကို စတင် အတည်ပြုသည့်ရက်မှ ရက်သတ္တပတ်နှစ်ပတ်အတွင်း ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်နှစ်ဦးပါဝင်သော ကော်မရှင်အဖွဲ့တစ်ဖွဲ့ကို သမ္မတက ခန့်ထားရမည်ဖြစ်ပြီး ကုမ္ပဏီထံမှ အမြဲတမ်း သိမ်းယူမည့် ပစ္စည်းများ၏ အကြောင်းအရာများကို သတ်မှတ်ဆုံးဖြတ်ရမည် ဖြစ်သည်။

# သတင်းမီဒီယာများကပြောသော ဧရာဝတီသင်္ဘောကုမ္ပဏီ

လှမိုး(ပညာရေး)

အထက်ဖော်ပြပါ သံတော်ဆင့်သတင်းစာမှသတင်းကို ဖတ်ရှုရသောကျွန်တော်တို့မှာ ထူးထူးခြားခြား အံ့အားသင့်ခဲ့ရတော့သည်။ ထိုစဉ်ကာလက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးစ ရက်ပိုင်းသာ ဖြစ်သော်လည်း မုန်တိုင်းထန်စပြုနေလေပြီ။ ဂိုဏ်းဂဏဝါဒအစွဲများကြောင့် နိုင်ငံတော်မှာ ကွဲအက်ရေး၊ ခွဲထွက်ရေး ဂယက်ရိုက်ခတ်ခဲ့ပြီး ဖြစ်သည်။

ကျွန်တော်တို့သည် ဒုတိယကမ္ဘာစစ်အတွင်း ကြီးပြင်းလာခဲ့ရသူများဖြစ်ရာ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်






www.burmeseclassic.com


www.burmeseclassic.com

တွင်မှ တက္ကသိုလ်ဝင်သင်တန်းကျောင်းကြီးများ (ယခု အခြေခံပညာအထက်တန်း) ဖြစ်လာခဲ့ကြရာ စာစုံဖတ်ကြပြီး မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို လက်တစ်ဆုံးနှိုက် လေ့လာလျက်ရှိကြသည်။ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဘေးစစ်ဒဏ်ကြောင့် ပြာပုံဘဝရောက်ခဲ့ရသော နိုင်ငံတော်ပြန်လည်ထူထောင်ရေးကို စိတ်စောလျက်ရှိကြသည်။

ထိုစဉ်က ကျွန်တော်တို့တက္ကသိုလ်ဝင် သင်တန်းကျောင်းသားများသည် မြန်မာဘာသာမှလွဲ၍ ကျန်ဘာသာရပ်အသီးသီးကို အင်္ဂလိပ်ဘာသာဖြင့် သင်ယူခဲ့ကြရသည်။ မှတ်မှတ်ရရ ကျွန်တော်တို့ သင်ယူခဲ့ရသော ရာဇဝင်ဘာသာ (ယခုသမိုင်းဘာသာ) ကို သင်ပြသူမှာ ကျောင်းအုပ်ကြီး မစ္စတာပီစီဆင် ဖြစ်ပါသည်။ မစ္စတာပီစီဆင်သည် ကာလကတ္တားတက္ကသိုလ်မှ သမိုင်းဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူဖြစ်ရာ ရာဇဝင် (သမိုင်း) ဘာသာကို ကျောင်းသားများ နားလည်စိတ်ဝင်စားအောင် သင်ပြသူတစ်ဦးဖြစ်ရကား ကျွန်တော်တို့ ကျောင်းသားအများသည် ယင်းဘာသာရပ်ကို ထူးထူးခြားခြား စိတ်ဝင်စားကြသည်။

မြန်မာနိုင်ငံရာဇဝင်(သမိုင်း)သင်ပြရာတွင် မြန်မာနိုင်ငံရာဇဝင်အား မြန်မာအမျိုးသားများ ရေးသားပြုစုသည့် ရာဇဝင် (သမိုင်း) စာအုပ်များသာမက အနောက်တိုင်း သမိုင်းသုတေသီများ ရေးသားပြုစုသော မြန်မာနိုင်ငံရာဇဝင် (သမိုင်း) စာအုပ်များ၊ အခြားသုတေသီများ ရေးသားပြုစုသည့် စာအုပ်စာတမ်းများကိုပါ အကိုးအကားပြု၍ သင်ကြားပြသသဖြင့် ကျွန်တော်တို့က သမိုင်းဘာသာကို စိတ်ဝင်စားခဲ့သည်။ အထူးသဖြင့် ဆရာကြီးပီစီဆင်သည် သမိုင်းပါမောက္ခဟာဗေး၏ မြန်မာနိုင်ငံအခြေပြုသမိုင်း သင်ကြားရာတွင် ဧရာဝတီသင်္ဘောကုမ္ပဏီ၊ ဘုံဘေဘားမားသစ်ကုမ္ပဏီနှင့် ဘီအိုစီကုမ္ပဏီတို့၏ အတွင်းရေး အချက်အလက်များတို့ကိုပါ သုလေ့လာ ဖတ်ရှုထားသော စာအုပ်စာတမ်းများမှ ထုတ်နုတ် သင်ကြားခဲ့ရာ ကျွန်တော်တို့မှာ ရာဇဝင်ဘာသာ (သမိုင်း)ဘာသာကို အခြားဘာသာရပ်များထက် စိတ်ဝင်စားခဲ့ရသည်။





မှန်ပါသည်။ဗြိတိသျှနယ်ချဲ့သမားတို့သည် အထက်မြန်မာနိုင်ငံကိုသိမ်းပိုက်ခြင်းမပြုမီကပင် မြန်မာနိုင်ငံအား ကုန်သွယ်ရေးအရ အလွန်စိတ်ဝင်စားခဲ့သည်။ ဤကဲ့သို့ စိတ်ဝင်စားခြင်းမှာ မြန်မာနိုင်ငံ၏ သယံဇာတ အခြေအမြစ်များကြောင့် မဟုတ်ပါ။ ထိုစဉ်က ဗြိတိသျှနယ်ချဲ့သမားသည် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ သယံဇာတ အခြေအမြစ်များကို ပြည့်ပြည့်စုံစုံ မသိခဲ့ရသေး။ အဓိကအကြောင်းရင်းမှာ တရုတ်နိုင်ငံကို နောက်ဖေးပေါက်မှ ဝင်လို၍ဖြစ်သည်။ တရုတ်နိုင်ငံကို နောက်ဖေးပေါက်မှဝင်ရလျှင် အလွန်ကျယ်ပြန့်သည့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်နိုင်မည်ဟု ထင်မှတ်ခဲ့ကြသည်။ ထိုအထင်သည်ပင်လျှင် ဗြိတိသျှကုန်သည်ကြီးများအသင်း၏ စိတ်ကူးယဉ်အိပ်မက်ကြီးတစ်ခုဖြစ်သည်။ ထိုသတင်းသည်ပင်လျှင် နှစ်ပေါင်းများစွာကြာသည်အထိ ဗြိတိသျှတို့၏ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒလွှမ်းမိုးခဲ့သည်။ ၁၉ ရာစုနှစ်ဦးပိုင်းတွင် တရုတ်-မြန်မာကုန်သွယ်ရေးပမာဏမှာ အတော်အတန် ကြီးမားခဲ့သည်။ လားဝန်တင်လမ်းခရီးနှင့် မြစ်ကြောင်းခရီးတို့မှတစ်ဆင့် တရုတ်ပိုးထည်၊ ရွှေပြား၊ လက်ဖက်ခြောက်တို့ကို မြန်မာ့ဝါဂွမ်း၊ ဆားနှင့် ပတ္တမြားတို့နှင့် ဖလှယ်ခဲ့ကြသည်။ သို့ဖြစ်၍ ဗြိတိသျှကုန်သည်ကြီးများသည် မြန်မာနိုင်ငံအား စိတ်ဝင်စားလာခဲ့သည်။

၁၉ ရာစု နှောင်းပိုင်းကာလ၏ ဗြိတိသျှတို့၏ ကူးသန်းရောင်းဝယ်ရေးမူဝါဒမှာ မြန်မာနိုင်ငံနယ်စပ်တွင်ရှိသော ဗန်းမော်မြို့ကိုဖြတ်၍ ယူနန်သို့သွားသည့်လမ်းဖွင့်ကာ ကုန်ကူးသန်းရန်ဖြစ်၏။ တရုတ်နိုင်ငံသို့သွားလာရေးအတွက် ဧရာဝတီမြစ်ကို ပင်မလမ်းအဖြစ် အသုံးပြုရန်ပင် ဖြစ်၏။ ကုန်သည်များနှင့် ခရီးသည်များ တင်ဆောင်ရန် ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောအုပ်စု ဖွဲ့စည်းရန်တို့ကို စဉ်းစားလာခဲ့ကြ၏။

ဤတွင် အောက်မြန်မာနိုင်ငံအားသိမ်းပိုက်ထားသော ဗြိတိသျှအစိုးရသည် ပုဂ္ဂလိကမီးသင်္ဘောကုမ္ပဏီများနှင့် အစိုးရတို့ သဘောတူညီမှုရလျှင် စရိတ်သက်သာလာမည်သာမက ကုန်စည်ကူးသန်းရောင်းဝယ်ရေးတိုးတက်လာမည်ဟု ယူဆခဲ့ရာ ထိုစီမံချက်ကို အကောင်



www.burmeseclassic.com

www.burmeseclassic.com

…သည်ဖော်ရန် မော်လမြိုင်မြို့နှင့် …မြို့တို့တွင် ကုမ္ပဏီခွဲများဖွင့်ထား … Todd- Finlay ကုမ္ပဏီက တင်ဒါ …ခဲ့သည်။

ထို့ကြောင့် ခရစ်နှစ် ၁၈၆၃ ခုနှစ် … အစိုးရပိုင် မီးသင်္ဘောများကို လွှဲ …င်းလက်ခံရန် ကုမ္ပဏီတစ်ခုကို …ခဲ့သည်။ ထိုကုမ္ပဏီကို ခရစ်နှစ် … တွင် ဧရာဝတီသင်္ဘောကုမ္ပဏီ …ddy Flotlla Company) ဟူ …အမည်ဖြင့် ပြန်လည် ဖွဲ့စည်းခဲ့လေ …။

ဧရာဝတီဖလော်တီလာကုမ္ပဏီ … နောက်ဆုံးပေါ် ဒလက်တပ်ထား … သင်္ဘော (၁၁) စီးနှင့် တွဲသမ္ဗန် …ဘော (၃၂) နှစ်စီးတို့ဖြင့် စတင်၍ …တီမြစ်ဝကျွန်းပေါ်ကို ဖြတ်သန်း၍ …အထိ သင်္ဘောများကို ပြေးဆွဲခဲ့ …ဟု မှတ်တမ်းများအရ သိရ၏။ …ကာလကစ၍ ဧရာဝတီကုမ္ပဏီ …သင်္ဘောများ စတင်ပြေးဆွဲခဲ့၏။ …တမ်းအရ ထိုစဉ်က သင်္ဘောများ … အလျား (၃၂၆) ပေ၊ ဖြက် (၄၆) … အင်ဂျင်စက်များမှာလည်း အား …င်းသဖြင့် တွဲသမ္ဗန်နှစ်စီးဆွဲနိုင်ကြ … ခရီးသည် (၁၆) ဦးဆံ့ ပထမ …ခရီးသည်အခန်းများကို အပေါ် …သင်္ဘောဦးပိုင်း၌ လည်းကောင်း၊ ခရီး …(၂၄)ဆံ့ ဒုတိယတန်းစားခရီးသည် …အတွက် အခန်းများကိုမူ သင်္ဘော … ထပ်ပဲ့ပိုင်းတွင်ထားရှိပြီး ကျန် …သတန်း ခရီးသည်များအတွက်မူ …ဘောကုန်းပတ်ပေါ်တွင် စီးနင်းခွင့်ပြု … အထက်မြန်မာနိုင်ငံအား သိမ်း …ပြီးနောက် ဧရာဝတီမီးသင်္ဘော …ဏီသည် ဤသင်္ဘောကြီးများနှင့်ပင် …မြို့မှ မန္တလေးမြို့သို့ လည်းကောင်း …တ်ပန်းမော်မြို့အထိ တိုးချဲ့ပြေးဆွဲခဲ့ …သည်။

ထိုအချိန်သည် ဧရာဝတီဖလော် …ကုမ္ပဏီအတွက် စီးပွားရေးအမြတ် … အများဆုံးရခဲ့သည်ဟု သိရ၏။ …တီဖလော်တီလာကုမ္ပဏီပိုင်သော …ဘောများသည် ရန်ကုန်မြို့မှ မြစ်ဝ …ပေါ် ဒေသများသို့သာမက မိုင် … (၁၀၀၀) ကျော် ကွာဝေးသော …ာ်မြို့အထိ စုန်ဆန်သွားလာခဲ့ကြ … မှတ်တမ်းများအရ ဒုတိယကမ္ဘာ … ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ကူး …သောအခါ ဧရာဝတီဖလော်တီ …မ္ပဏီပိုင်သင်္ဘောအစင်းရေ(၆၅၀) …သည်ဟု သိရသည်။ (ယင်းသင်္ဘောများအနက် သင်္ဘောအစီးရေ ၅၅၀ ကို ဂျပန်တို့လက်သို့ ကျရောက်ခြင်းမရှိစေရန် ဖောက်ခွဲဖျက်ဆီးပစ်ခဲ့သည်ဟု သိရ၏။)

မှန်ပါသည်။ ထိုစဉ်ကာလက ဧရာဝတီကုမ္ပဏီပိုင် သင်္ဘောများသည် မြစ်မင်းဧရာအတွင်း စုန်ဆန်သွားလာခဲ့ကြသည်။ ထိုသင်္ဘောကြီးများ၏ လူစီးကုန်တင်သင်္ဘောကြီးများ၏ ရေယာဉ်မှူးကြီးများမှာ ဗြိတိသျှအမျိုးသားများနှင့် ဗြိတိသျှမြန်မာကပြားများ၊ အိန္ဒိယ၊ ဗြိတိသျှကပြားများသာ ဖြစ်ကြ၏။ သင်္ဘောသားအများမှာလည်း အိန္ဒိယနိုင်ငံသားများသာ ဖြစ်ကြသည်။

ကျွန်တော် မှတ်မိသလောက် ဧရာဝတီဖလော်တီလာကုမ္ပဏီ၏ ဌာနေသင်္ဘောကိုယ်စားလှယ်များမှာ အင်္ဂလိပ်မြန်မာကပြားများနှင့် အင်္ဂလိပ်အိန္ဒိယကပြားများသာ ဖြစ်ကြသည်။ ဧရာဝတီကုမ္ပဏီ၏ကိုယ်စားလှယ်တော်ကြီးများမှာ ဩဇာတိကမကြီးမားကြပြီး မြို့များ၏ မျက်နှာဖုံးပုဂ္ဂိုလ်များ ဖြစ်ကြ၏။

ကျွန်တော့် ဇာတိမြို့သည် ဧရာဝတီဆိပ်ကမ်းမြို့ဖြစ်သော မင်းဘူးမြို့မှ (၁၀) မိုင်ခန့် ကွာဝေးရာ ဧရာဝတီမြစ်ကြောင်းဖြင့် သွားလာလိုကြသော ကျွန်တော်တို့မြို့မှ ခရီးသွားများသည် မင်းဘူးမြို့သို့ သွားရောက်၍ ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင်သင်္ဘောများကို စောင့်၍စီးကြရသည်။

ကျွန်တော် မှတ်မိသလောက် ထိုစဉ်က ဈေးသင်္ဘောကြီးများလည်း မင်းဘူးဆိပ်ကမ်းတွင် အခါအားလျော်စွာ ဆိုက်ကပ်ကြရာ ကျွန်တော်တို့သည် မင်းဘူးသို့ သွားရောက်၍ ထိုဈေးသင်္ဘောကြီးများကို သွားရောက်ကြည့်ရှုခဲ့ကြရသည်။ ထိုစဉ်က ဗြိတိသျှအမျိုးသားပိုင်ကုန်တိုက်ကြီးများဖြစ်သော ဝှိုက်ဝေးကုန်တိုက်နှင့် ရိုးကုန်တိုက်ကြီးများက ထိုဈေးသင်္ဘောကြီးများပေါ်တွင် အပြိုင်အဆိုင် ရောင်းချခဲ့ကြသည်။ သို့ဖြစ်၍ မြစ်မင်းဧရာနှင့် ဧရာဝတီဖလော်တီလာသင်္ဘောကုမ္ပဏီသည် ကျွန်တော်တို့အပေါ် အတော်အသင့် လွှမ်းမိုးခဲ့သည်မှာ ဘာဆန်းသလဲဟုဆိုရမည်ဖြစ်၏။

လွတ်လပ်ရေးရပြီးစရက်ပိုင်းအတွင်း ဧရာဝတီဖလော်တီလာကုမ္ပဏီကို ပြည်သူပိုင်သိမ်းလိုက်ပြီဟူသော သံတော်ဆင့်သတင်းစာပါသတင်းသည် ကျွန်တော်တို့အား ထူးထူးခြားခြား ဂယက်ရိုက်ခဲ့သည်သာမက စိတ်အားတက်ကြွလာခဲ့ပြီး ယခင်က ဧရာဝတီဖလော်တီလာသင်္ဘောကုမ္ပဏီပိုင်သင်္ဘောများမှ မျက်နှာဖြူ ရေယာဉ်မှူးကြီးများနေရာတွင် ကျွန်တော်တို့ မြန်မာလူငယ်များ ဝင်ရောက် တာဝန်ယူကြရပေတော့မည်ဟု စိတ်ကူးယဉ်ခဲ့ကြသည်။

၁၉၄၈ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ ထုတ်ဝေသော သံတော်ဆင့်သတင်းစာ မျက်နှာဖုံးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသောသတင်းကို ဖတ်ရှုခဲ့ကြပြန်ရသောအခါ ကျွန်တော်တို့အဖို့ ရေးသားဖော်ပြခြင်းမပြုနိုင်လောက်အောင် ဝမ်းမြောက်ခဲ့ကြရသည်။

**ဧရာဝတီကုမ္ပဏီသိမ်းပွဲအခမ်းအနား**

(၂၈)နှစ်တိုင်တိုင် မြန်မာ့ကုပ်သွေးစုပ်ခဲ့သော အရင်းရှင်ကုမ္ပဏီကြီးတစ်ခု ပျောက်ကွယ်ခဲ့လေပြီ။

ဇွန်လ ၁ ရက်နေ့တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဧရာဝတီတည်ဆောက်ရာဌာနအထက်ထပ်တွင် ဧရာဝတီကုမ္ပဏီအား မြန်မာအစိုးရက သိမ်းပိုက်သည့် အခမ်းအနားကျင်းပရာ ကူးသန်းရောင်းဝယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးဝန်ကြီးဦးကိုကြီးနှင့် ဧရာဝတီကုမ္ပဏီ အာဏာပိုင်များတက်ရောက်ကြကြောင်း အခမ်းအနားကို ဝန်ကြီးဦးကိုကြီးက ဖွင့်လှစ်၍ မိန့်ခွန်းစကားပြောကြားပြီးနောက် ကုမ္ပဏီမန်နေဂျာဟောင်း မစ္စတာဒေါ်နယ်က မိတ်ဆက်စကားပြောကြားသေးကြောင်း၊ ထို့နောက် ဧရာဝတီကုမ္ပဏီကို ပြည်သူ့ အစိုးရပိုင်ပြုလုပ်ပြီးနောက် မန်နေဂျာအဖြစ် ဆက်လက်လုပ်ကိုင်သွားမည့် မစ္စတာလုပ်(စ်)က ဧရာဝတီကုမ္ပဏီသည် ပြည်သူ့အစိုးရပိုင်ဖြစ်လာ၍ ယခင်ကုမ္ပဏီဟောင်းတွင် လုပ်ခဲ့သလို မသန့်ရှင်းသော စိတ်ဓာတ်များဖျောက်ပြီး သန့်ရှင်းစင်ကြယ်သော စိတ်အားဖြင့်လုပ်ကိုင်သွားကြရန် ဩဝါဒစကားပြောကြားသွားကြောင်း။ ကျွန်တော် မှတ်မိသလောက် သတင်းမီဒီယာများ၏ ဖော်ပြချက်အရ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရက ဤကဲ့သို့ ပြည်သူပိုင်သိမ်းရာတွင် လျော်ကြေး ငွေသိန်းလေးဆယ်ကျော်ပေးရသည်ဟု သိရှိရပါကြောင်း။

လှမိုး (ပညာရေး)

ကျမ်းကိုး -


၁။ The Pagoda War.
By - A.T.R.Stewart.
၂။ သံတော်ဆင့်သတင်းစာများ




www.burmeseclassic.com

www.burmeseclassic.com



# သန့်ဇင်

## ဘသုံပြောပြသော စမတောင်အကြောင်းများ

ယခုနှစ်အတွင်း စမတောင်သို့ တစ်ခေါက်ရောက်ခဲ့သည်။ ၁၉၉၄ ခုနှစ် စမတောင်နှင့် ၂၀၁၂ ခုနှစ် စမတောင်သည် အသွင်သဏ္ဍာန်မှအစ တည်းခိုမှု၊ ဧည့်ခံကျွေးမွေးမှုတို့အားလုံး ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ နေပြည်တော်ဧရိယာအတွင်း ပါဝင်နေမှုနှင့်အတူ ဂေါပကအပြောင်းအလဲကြောင့် အရာရာသည် ယခင်ကနှင့် ဘာမှမဆိုင်တော့။ သာသနိကအဆောက်အအုံအနေဖြင့် ပြောင်းလဲမှုမရှိလှသော်လည်း တောင်တော်ကြီးခိုင်မှုအား အဘက်ဘက်မှကြိုးစားနေရာ သန့်ရှင်းသပ်ရပ်မှုနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းခွင်အချို့အား တွေ့ခဲ့ရ၏။ ဧည့်ခံကျွေးမွေးသည့် ဆွမ်းကျွေးဆောင်၌ နှစ်ပေါင်းများစွာ ပါရမီဖြည့်နေကြသော ဒေါ်တင်အောင်၊ ဒေါ်နန်းတို့အဖွဲ့အား ယခင်အတိုင်းပင် တက်ကြွစွာတွေ့ရသည်။ ယခင်ကကဲ့သို့ ဆန်ကြမ်းနှင့် ဟင်းဖြစ်ရုံ သက်သတ်လွတ်အသီးအရွက်ဟင်း မဟုတ်တော့။ ဆန်ဖြူချောနှင့် သက်သတ်လွတ်သီးစုံပဲငါးပိချက်တို့က အရသာရှိလာပြီး နံနက်အရုဏ်တက် ကျွေးမွေးသည်က ယခင်ကလိုဆန်ပြုတ်ကျဲကျဲမဟုတ်တော့။ ပဲပြုတ်ဆီဆမ်း၊ ထမင်းပူပူနှင့် စားချင့်စဖွယ်ဖြစ်နေသည်။ ကြိုးစားဆောင်ရွက်နေသော ဂေါပကအဖွဲ့နှင့် ဆွမ်းကျွေးဆောင် ပါရမီဖြည့်ဖက်များအား သာဓုအနုမောဒနာခေါ်ခဲ့ရပါ၏။

စမတောင်သို့ ရောက်သည်နှင့် ထုံးစံအတိုင်း မိတ်ဆွေကြီး ဘသုံအားတွေ့ရပါလေသည်။ တောင်ခြေ ရေတွင်းအနီး တောင်ကုန်းပေါ်ရှိ တဲနန်း



www.burmeseclassic.com

www.burmeseclassic.com

မှာ တစ်ဦးတည်းစံမြန်းနေသော ဘသုံသည် ကျန်းမာလျက်ပင်ရှိသေးသည်ကို တွေ့ရ၏။

သို့သော် သူသည် ယခင် အနှစ် (၂၀) နီးပါးခန့်က တွေ့ခဲ့ရသော ဘသုံမဟုတ်တော့ပြီ။ ပဲခူးရိုးမတစ်ခွင်အား ထောင်းထောင်းကြေအောင် ခြေဆန့်ခဲ့သော သူ၏ ခြေသလုံးကြွက်သားတို့သည် လျော့တိလျော့ရဲလျက်ရှိချေ၏။ ရိုးမတစ်ကြော ပေါက်ရောက်လျက်ရှိသော သစ်ကြီးဝါးကြီးများအား ပုဆိန်၊ ရဲတင်း၊ တောခုတ်ဓားတို့အားကိုးဖြင့် ခုတ်ထစ်ခဲ့သော သူ၏ လက်မောင်းကြွက်သားတို့သည် ပါးပျဉ်းကျလျက် အရေတွန့်ကုန်၏။ နေလောင်နေသော အသားအရေသည် လတ်သောအသားအရောင်မှ ညိုမှိုင်းမှိုင်းသို့ ကူးပြောင်းခဲ့ချေ၏။ အသက် (၇၅) နှစ်ခန့်ရှိပြီးဖြစ်သော ဘသုံသည် ဇရာ၏ ထိုးနှက်တိုက်ခိုက်မှုကိုခံရရှာချေပြီ။

ဒါပေမယ့် သူ၏မျက်လုံးအရောင်တို့သည် ယခင်ကကဲ့သို့ တောက်ပလျက် သူ၏မှတ်ဉာဏ်တို့သည် မမှေ့မလျော့ဘဲ ကောင်းတုန်းပင်ရှိသည်ကိုတွေ့ရပါသေးသည်။ ယခင်ကကဲ့သို့ သိုင်းနယ်တစ်ကြော ရေတံခွန်တောင်ရိုးတစ်လျှောက် ထိုထိုလျှောက်မသွားနိုင်ပေမယ့် စမတောင်ကြောအတွင်း တောခုတ်ဓားအား ခါးကြားထိုးလျက် လွယ်အိတ်တစ်လုံးလွယ်ပြီး တရွေ့ရွေ့သွားနေဆဲပင်တည်း။

❐

တောင်ခြေရှိ ကိုစိန်ဝင်း လက်ဖက်ရည်ဆိုင်မှာ ကော်ဖီသောက်ကြရင်း ဘသုံနှင့်စကားပြောဖြစ်ကြသည်။ မိတ်ဆွေကြီးဖြစ်သောကိုစိန်ဝင်း၊ ထမင်းချက် ဦးမောင်ကို၊ တပည့် ကိုစိုးပိုင်တို့ကား ကွယ်လွန်ခဲ့သည်မှာ ကြာပြီ။ စမတောင်ဆရာတော် ဦးလာသန၊ ဆရာတော် ဦးဝိမလတို့ပင် ပျံလွန်တော်မူခဲ့ကြလေပြီ ဖြစ်သည်။ ကျွန်တော်က သုရဇ္ဇမဂ္ဂဇင်းမှာဖော်ပြခဲ့သော ဝတ္ထုတို (၁၄) ပုဒ်အား စုစည်းထုတ်ဝေထားသည့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို ဘသုံအား လက်ဆောင်ပေးသည်။ ထိုဝတ္ထုတိုများ၌ ဘသုံ ပြောပြသော ထူးဆန်းသည့် ဇာတ်လမ်းတွေ အများကြီးပါ၏။ ဘသုံသည် သူ့ဘဝတစ်ဆစ်ချိုးအကွေ့၌ တွေ့ခဲ့ရသော အတွေ့အကြုံများအား မှတ်တမ်းသဖွယ်ရှိနေသည့် ကျွန်တော်၏ ဝတ္ထုစာအုပ်လေးအား အမြတ်တနိုးကြည့်နေသည်။ တောထဲတောင်ထဲမှာ နေသော အဘိုးအိုတစ်ယောက် ဆိုပေမယ့် ဘသုံသည် စာဖတ်သူတစ်ယောက်ဖြစ်နေပါသည်။ စာပေဗဟုသုတလိုက်စား၏။ အထူးသဖြင့် နွယ်မြက်သစ်ပင်များ၏ဆေးဖက်ဝင်မှုကို ဝါသနာပါသူတစ်ယောက်ဖြစ်သည်။ တော်တန်ရုံလူသည် ဆေးဖက်ဝင်အပင်များနှင့် ပတ်သက်ပြီး ဘသုံအား ဖြီးဖြန်း၍မရပါ။

"ဘသုံ၊ ကျွန်တော်တို့ အသက်တွေကြီးလာကြပြီနော်"

"ဟုတ်တယ် ကိုသန့်ဇင်၊ ကျုပ်ဆို (၇၅) နှစ်ထဲရောက်နေပြီ"

"အေးဗျာ၊ နှစ်ပေါင်းနှစ်ဆယ်ဆိုတာ ခဏလေးလိုပါပဲလား"

"ကိုသန့်ဇင်တို့က ငယ်ပါသေးတယ်။ ရှေ့ဆက်လုပ်စရာတွေ အများကြီးရှိပါသေးတယ်"

"ဘသုံလည်း ကျန်းမာပါသေးတယ်။ အများကြီးနေရဦးမှာပါ"

"ဘယ်ပြောလို့ရမလဲ။ (၇၅) နှစ်ဆိုတာ မရဏတံခါးဝကို ခြေလှမ်းနေပြီ။ အချိန်မရွေး ထွက်ခွာသွားရနိုင်တယ်။ နောက်နှစ် ကိုသန့်ဇင်လာရင် ကျုပ်ကို တွေ့ချင်လည်းတွေ့ရမယ်၊ မတွေ့ရတော့တဲ့အခြေအနေမျိုးလည်း ဖြစ်သွားနိုင်တယ်။ ကျုပ်ရှိနေတုန်း ကိုသန့်ဇင် မသိရသေးတဲ့ စမတောင်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ပြောပြချင်တယ်၊ မဂ္ဂဇင်းမှာရေးပေါ့"





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်စဉ်းစားနေမိပါသည်။ ဘသုံသည် သူသက်ရှိထင်ရှားရှိနေစဉ် အတွင်း သူသိသမျှတွေ ပြောပြချင်ခဲ့ ဟန်တူပါသည်။ လွယ်အိတ်ထဲမှ အသံဖမ်းစက်အားထုတ်၍ ခလုတ်ဖွင့်လိုက်သည်။

"ကဲ - ပြောစရာရှိတာတွေ အကုန်သာပြောပေတော့ ဘသုံ"


❐


နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္တိကျေးရွာ အနောက် (၃) မိုင်ခန့်၌ တည်ရှိသော စမတောင်သည် ပဲခူးရိုးမတောင်ဆွယ် ဖြစ်သည့်အပြင် ရိုးမတောနှင့်တစ်ဆက်တည်းဖြစ်၍ ယခင်က တောထူထပ်ခဲ့သည်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ သက်န်းပင်များနှင့် ကြို့ပင်၊ သစ်ပကန်ပင်ကြီးများ၊ ဝါးတောကြီးများဖြင့် နေပြောက်မထိုးခဲ့ပါ။ ယခု ကပ်ကျော်စေတီတော်ကြီးနှင့် စေတီရံလေးဆူ တည်ရှိသော စမတောင်သည် အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက်တို့၌ လျှိုမြောင်များ ဝန်းရံလျက်ရှိပြီး မြောက်ဘက်သုဓမ္မာဇရပ်၊ ဆွမ်းကျွေးဆောင်နှင့် ကမ္မဋ္ဌာန်းကျောင်းငယ်များတည်ရှိသော တောင်ကုန်းနှင့် ကုန်းလျှောငယ်ဖြင့် ဆက်စပ်လျက် ပတ်လည်၌ တောင်ငယ် (၅) လုံး ဝန်းရံလျက်ရှိသော ထူးခြားသည့်တောင်တစ်လုံး ဖြစ်ပါသည်။


**စမတောင်သာသနာအစ အဘပျော့က**

ရန်ကုန်-မန္တလေးမီးရထားလမ်း သာဝတ္တိဘူတာ၏ အနောက်ဘက်ရိုးမတောင်ခြေအနီးတွင် ကြံဖိုစုရွာ တည်ရှိပါသည်။ ထိုရွာတွင် ဦးဆော့၊ ဦးပျော့၊ ဦးဘိုးလူ (ဦးလူသာ) နှင့် ဦးဘိုးကြူ ဟူသော ညီအစ်ကို (၄) ဦးတို့ နေထိုင်ကြပြီး အိမ်ထောင်သည်များဖြစ်၍ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အစ်ကိုအကြီးဆုံး ဦးဆော့က တိုင်းရင်းဆေးဆရာကြီးဖြစ်ပြီး အနီးဝန်းကျင်ရွာများက အားထားရပါသည်။ ဦးဘိုးလူမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ရင်းဝါသနာအလျောက် ဆေးကုခြင်း၊ ဗေဒင်ဟောခြင်းပြု၏။

မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုကာလဖြစ်သော ထိုအချိန်က ဦးပျော့နှင့် ဦးဘိုးလူတို့မှာ တို့ဗမာအစည်းအရုံးဝင်သခင်များ ဖြစ်ကြသည်။










www.burmeseclassic.com

www.burmeseclassic.com









ဦးဘိုးလူမှာ သာဝတ္ထိတိုက်နယ် တို့ဗမာ အစည်းအရုံးဥက္ကဋ္ဌဖြစ်သည်။ သူတို့နှစ်ဦးသည် သာဝတ္ထိဂိုဏ်းထောက်ကျောင်း ဆရာတော်၏တပည့်များဖြစ်၍ ဘာသာ တရား အထူးလေးစား၏။ ဘာသာမဲ့ ကွန်မြူနစ်များ မဟုတ်ကြ။ သီတင်းသီလ စောင့်ထိန်းလေ့ရှိရာမှ တင်းတိမ်ရောင့် ရဲမှုမရှိဘဲ ဘာဝနာတရားပွားများအား ထုတ်လို၍ တောရဆောက်တည်နေ သော တောင်နီဆရာတော်ဘုရားကြီးထံ မှောက်သို့ ဝင်ရောက်ပြီး အားထုတ်ကြ သောအခါ ညီအစ်ကိုနှစ်ဦးစလုံး သမထ ဘက်၌ အတော်ပင် ခရီးရောက်ခဲ့ကြပါ သည်။ ဦးဘိုးလူထက် ဦးပျော့က သမထ အမြင် ပို၍ပေါက်သည်။ ဦးဘိုးလူသည် ဗေဒင်တွက်ရိုးမှာလည်း သမထတန်ခိုး နှင့် ပေါင်းစပ်မိသောအခါ နတ်ဗေဒင် ကဲ့သို့ အံ့ဩဖွယ်ရာ တိကျ မှန်ကန်လာ သည်ကို တွေ့မြင်ကြရသည်။ အဘပျော့ သည် သမာဓိစခန်းမှ ဝိပဿနာတရား အလုပ်သို့ ကူးပြောင်းပြီး ထူးကဲသော ဝီရိယဖြင့် အားထုတ်၏။

ထိုစဉ်က စမတောင်ကြောသည် တောအလွန်ထူထပ်၍ သားကောင်များ ခိုအောင်းရာနေရာ ဖြစ်သည်။ ညဘက် အချိန်များ၌ သစ်ကျုတ်များ၊ ကျားသစ် ကြီးများ ကျက်စားလျက်ရှိပြီး ညအချိန် များ၌ ကျားသစ်များ၏မာန်ဖိသံကို ကြံ ဖိုစုရွာမှပင် ကြားရ၏။ အဘပျော့သည် လူသူကင်းဝေးပြီး ရွာနှင့်လည်းမဝေးလှ သော စမတောင်ပေါ်မှာ တရားအား ထုတ်ရန် ဆုံးဖြတ်လိုက်ပါသည်။ ထို အခါက စမတောင်ဟုပင် အမည်မတွင် သေးပါ။ ဤကဲ့သို့ လူအများနှင့် ဝေးရာ သို့ ရွေးချယ်ရခြင်းမှာ ရွာသားများနှင့် စကားမပြောချင်တော့၍ ဖြစ်ပါသည်။ သမာဓိအားအလွန်ကောင်းနေပြီး တရား ပေါက်လာသော အဘပျော့သည် ရွာ သူရွာသားများ၏ အတိတ်၊ အနာဂတ် အား ကြိုတင်မြင်နေတော့သည်။ နှုတ်မှ ဖွင့်ပြောလိုက်လျှင် ဖြစ်နေသောကြောင့် ရွာသားများက အဘပျော့အား လန့်လာ ကြသည်။ အရူးဟုလည်း သမုတ်ကြ သည်။ ထိုအချိန်က ရွာသူရွာသားများ မှာ တရားဆိုတာ ဘာမှန်းမသိသော အန္ဓများဖြစ်ကြ၍ သူတော်ကောင်းအား စော်ကားမိကြခြင်း ဖြစ်သည်။

စမတောင်ထိပ်သည် မည်သည့် အပင်မျှမပေါက်သော မြေကွက်လပ် ပြောင်တလင်းဖြစ်သည်။ အနောက် ဘက်တောင်စောင်းအနီး၌ မျှင်ဝါးရုံ



www.burmeseclassic.com

www.burmeseclassic.com





ကြီးတစ်ပင်ရှိသည်။ အဘပျော့သည် နေ့ဘက်တွင် ထိုဝါးရုံကြီးအောက်မှာ တရားအားထုတ်ပြီး ညနေခင်းမှ အိမ်သို့ ပြန်သည်။ အဘိုးလူကတော့ လယ်လုပ်ခြင်း၊ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်းများ ပြုလုပ်ပြီး တရားအလုပ်အား ဆက်လက် အားထုတ်နေသည်။

❐

တစ်နေ့သောအခါ အဘပျော့နှင့် အဘိုးလူတို့သည် သာဝတ္ထိပြည် ရွှေကျင်ကျောင်းမှ ဦးကဝိန္ဒနှင့် ဦးပညာ ရဟန်းတော်နှစ်ပါးအားပင့်ပြီး စမတောင်ပေါ်မှာ သီတင်းသုံးဖို့လျှောက်၏။ အဘိုးလူ၏တပည့် ဘသုံ၏အဖေ ဦးမောင်ပုတို့က ဘုန်းကြီးများအတွက် တောင်ပေါ်မှာ ကမ္မဋ္ဌာန်းကျောင်းဆောက်ပေးမည်ပြုရာ ဘုန်းကြီးများက လက်မခံဘဲ ဝါးရုံပင်ကြီးအောက်၌ပင် သစ်တစ်ပင်ဝါးတစ်ပင်အား ကျောင်းသင်္ခမ်းအမှတ်အဖြစ် သီတင်းသုံးကြသည်။ အကျင့်မည်မျှပြင်းထန်သနည်းဆိုသော် တောင်ပေါ်မှာ မိုးမည်မျှရွာနေပါစေ ဘုန်းကြီးနှစ်ပါးအား မိုးမစိုပါ။ နောက်မှ ဦးမောင်ပုတို့က ဇွတ်အတင်း ကျောင်းဆောက်ပေးရသည်။ ကြံဖိုစုရွာထဲမှာ ဘုန်းကြီးများဆွမ်းခံသော် ခုနစ်အိမ်ထက်ပိုပြီး ဆွမ်းမခံပါ။ ရသမျှဆွမ်းအား သပိတ်နှင့်အလှူခံပြီး ဘသုံတို့အိမ်သို့ကြွရန် ခေတ္တနားသည်။ ဘသုံ၏ အဖေ ဦးမောင်ပုက မြေပဲဆန်ကြော်၊ ဆီပုလင်းနှင့် ဆွမ်းတစ်အိုးချက်ထားရသည်။ တဲသို့ရောက်သည်နှင့် ဘုန်းတော်ကြီးများက ဆွမ်းခံသပိတ်အား ဘုရားရှင်သို့ ကပ်လှူ၏။ ပြီးမှ ပြန်စွန့်ပြီး သပိတ်ထဲမှ ဟင်းမပေသော ဖြူနေသည့် ဆွမ်းထမင်းများအား ရွေးထုတ်ပြီး ပန်းကန်ထဲမှာထည့်၍ ချက်ထားသည့်ဆွမ်းနှင့်ရော၊ မြေပဲဆန်ကြော် ဖြူးကာ ဘုဉ်းပေး၏။ ဘုန်းကြီးများက သက်သတ်လွတ်သာ ဘုဉ်းပေးကြ၏။ ပြီးလျှင် ဘသုံအား -

"လာ - လူမိုက်၊ ထမင်းစား"

ဟု ပြောကာ သပိတ်ကို ဦးကဝိန္ဒက ကိုင်ထားပြီး နှိုက်စားခိုင်းသည်။ ဘသုံသည် ထိုစဉ်က အသက် (၁၃)နှစ် အရွယ်သာရှိသေးသည်။

ဘသုံ၏အစ်ကြီး ဘိုးထွန်းညိုက-

"ကိုယ်တော်ကလည်း၊ ကလေး စိမ်ရေသင့်နေပါဦးမယ်"

"ငါကိုင်ထားပါတယ်"

ဟု မိန့်ပါသည်။

ဘုန်းတော်ကြီးနှစ်ပါးသည် စမတောင်ပေါ်မှာ တရားကျင့်ကြသည်။ အဘပျော့ကလည်း နေ့ဘက်လာပြီး တရားကျင့်လိုက်၊ ရွာပြန်လိုက်နှင့်ရှိ၏။

"မောင်ပုရေ၊ ငါ့တောင်ပေါ်မှာ စမတွေပေါ်နေတယ်ဟ"

ဟု မိန့်ရာ မောင်ပုမှ -

"ကိုယ်တော်တွေ နာမည်ကြီးအောင် လုပ်နေပြန်ပြီ"

ဟု ပြောလိုက်သည်။

ဦးမောင်ပုတို့ ကြံဖိုစုရွာသားတွေ မယုံ၍ တောင်ပေါ်လိုက်သွားပြီး ကြည့်ကြရာ တောင်ထိပ်မြေပြောင်ပြောင်မှာ မြေပွေးကောင်များသွားထားသလို စုန့်စုန့်တက်ပြီး စ-မ-ဗ-ဝ စမလေးလုံး အထပ်လိုက်များ၊ ထောင့်လေးထောင့်၌ စ-မ-ဗ-ဝစမများ တစ်ပေပတ်လည်ခန့် ပေါ်နေသည်ကို တွေ့ရ၏။ ဦးမောင်ပုနှင့် ရွာသားများက မယုံကြည်ကြဘဲ ပေါက်တူးများနှင့် တူးဆွ၍ ဖျက်ပစ်ကြသည်။ ပျက်သွားပြီး မကြာမီ ပြန်ပေါ်လာပြန်သည်။ ဖျက်လိုက်၊ ပေါ်လိုက်နှင့် စ-မ-ဗ-ဝ အက္ခရာများသာမက 'က' အစ 'အ' အဆုံး စမအင်းများ ပေါ်လာ[...] ပြီး အနီးဝန်းကျင်သစ်ပင်များမှာပါ တ[...] စက်ကာ တစ်တောင်လုံးရှိ သစ်ပင်၊ ဝ[...] ပင်၊ သစ်ရွက်များ၌ စမအက္ခရာမျာ[...] ထင်ကုန်၏။ ဘုန်းကြီးဦးကဝိန္ဒ၏ ကိုယ်[...] ပေါ်မှာပင် စမအက္ခရာများ စွဲထင်လာ[...] ၏။ အဘပျော့က မဖျက်ကောင်းကြောင်[...] မင်းတို့တွေ ဒုက္ခရောက်လိမ့်မည်ဟု တာ[...] ပြီး စမပေါ်သည့် တောင်ထိပ်မြေကွက်[...] လပ်အား သဲဖြူခင်းကာ ရာဇမတ်ကာ[...] ထားလိုက်သည်။

❐

လွတ်လပ်ရေးရပြီးတော့ ပြည်[...] တွင်းသောင်းကျန်းမှုကြီး ဖြစ်ပေါ်သည်[...] ကေအင်ဒီအိုသူပုန်များ၊ ဗမာပြည်ကွ[...] မြူနစ်ပါတီ (အလံဖြူ)၊ ကွန်မြူနစ်ပါ[...] ဗမာပြည် (အလံနီ)၊ ရဲဘော်ဖြူ တော[...] တပ် စသည့် အင်အားစုများ မြန်မာပြ[...] မြို့ရွာအနှံ့အပြား သိမ်းကြတော့ ဘ[...] တို့ သာဝတ္ထိနယ်သည် ဗကပများလ[...] အောက်ဖြစ်ခဲ့သည်။ သာဝတ္ထိ၊ လ[...] ဝေး၊ ပျဉ်းမနားတစ်ကြောမှာ ယန္တရား[...] ဗိုလ်အောင်ကြီးအား လူတိုင်းသိကြ[...] သူသည် ကြံဖိုစုရွာသား ဖြစ်၏။ ထို[...] က သာဝတ္ထိတိုက်နယ်သူကြီးမှာ ဦးခ[...] ဖြစ်၏။ ယန္တရားအောင်ကြီးက သူကြီး[...] ဦးခန့်အား မကျေနပ်၍ မိန်းမနှင့် သ[...] ကို ဖမ်းခေါ်သွားပြီး သာဝတ္ထိအနော[...] ဘက် ကြို့ပင်ကြီး (စိတ်ရောဂါသည်[...] စံတင်နေ၍ စံတင့်နန်းတော်ဟု ခေ[...] သည်။) အောက်မှာ သတ်ပစ်လိုက်[...]

သူကြီးဦးခန့်က လက်စားချေ[...] သည့်အနေဖြင့် ကချင်စစ်တပ်ကို သွ[...] ပြောရာ ယန္တရားအောင်ကြီး၏သား[...] ဖိုစုရွာသို့လာလည်နေစဉ် ကချင်သား[...] တွေ ကြံဖိုစုရွာအား ဝိုင်းပြီး ရွာသူ[...]



www.burmeseclassic.com


www.burmeseclassic.com


သားများအားလုံးကို ဖမ်း၍။ မိန်းမ၊ ယောကျ်ား သတ်သတ်စီ ခွဲထား၍ ယောကျ်ားများထဲမှ ဗိုလ်ကေဆံပင်ရှိ သူများအား ခေါ်ထုတ်သည်။ ဘပျော့၊ အဘိုးလူတို့ညီအစ်ကိုတွေက ချောင်နှင့်ဖြစ်၍လွတ်သွားသည်။ ဦးမောင် နှင့် ဘသုံတို့သားအဖက ယာတဲမှာရှိ ၍ လွတ်သွားသည်။ ဗိုလ်ကေနှင့် ရွာ သားများ အကုန်အသတ်ခံရ၏။ အဘိုး လူ၏အစ်ကိုကြီး ဦးဆော့တစ်ယောက် အသတ်ခံရသည်။ အဘိုးလူကိုတော့ ကချင်စစ်ဗိုလ်က ဘာရယ်မသိ ဆွဲထုတ် ပြီး လွှတ်ပေးလိုက်၏။ ကချင်စစ်ဗိုလ် ခေါင်းဆိုင်းအား ဓမ္မဝိဇ္ဇာဖြစ်မည့် အဘိုး လူကို မသတ်မိစေရန် နတ်များက နှိုး ဆော်ကြသည် ထင်ရ၏။ ထိုအခါ ကြံ့ဖို ရွာပျက်လေသည်။


ရွာပြန်တည်ခါနီး၌ ကျွန်းကုန်းမှ အဖေနွဲ့ ရောက်လာပါသည်။ အဖေနွဲ့ က နေမြင်လမြင်အဖေရှင်၏ အမိန့်အရ ဆံတော်ဘုရား(၅)ဆူပြည့်အောင် တည်နေ ရ၍ ဘက်ဒေသ၏ ထူးခြားသော နေရာမှာ ဓာတ်ဘုရားတစ်ဆူတည်ရ မည့် အခါက လုပ်ဆောင်ရမည့်ပုဂ္ဂိုလ် မှာ ခြေပွား၊ လက်ပွားများ ပါသော နေသားဖြစ်ရမည်ဆို၍ နေရာနှင့် လူ အား လိုက်ရှာနေပါသည်။


ထိုအချိန်မှာ စမတောင်ခြေရှိ ကြံ့ ဖိုရွာမှာ ပျက်နေ၍ အဘိုးလူတို့က ဥသျှစ်ကုန်းရွာမှာနေကြပြီး ဦးမောင်ပု နှင့် ဘသုံတို့သားအဖက တည်ထောင် ရွာမှာ နေကြပါသည်။ အဖေနွဲ့ သည် ဘုရားတည်မည့်ပုဂ္ဂိုလ်အား လိုက် ရှာရင်း ဥသျှစ်ကုန်းရွာ ဘုန်းတော်ကြီး ကျောင်းသို့ ရောက်လာ၏။ အဘပျော့ နှင့် အဘိုးလူတို့ ညီအစ်ကိုနှစ်ယောက် သည် ကျောင်းထိုင်ဆရာတော်နှင့် ရင်း နှီးသူဖြစ်၍ ဝင်ရောက် ဖူးမြော်ရင်း ဆရာတော်မှ မိတ်ဆက်ပေးမှုကြောင့် အဖေနွဲ့နှင့် သိရလေသည်။ ညီအစ်ကို နှစ်ယောက်မှာ သမထအားခရီးအတော် ရောက်နေပြီဖြစ်၍ ဝိပဿနာတရားသို့ ကူးလိုသောကြောင့် ဆရာကြီးဦးသာ နှင့် ဆွေးနွေးကြရာမှ အဖေနွဲ့၏ ဝိပဿနာတရားအကြောင်းရှင်းပြချက် ကို သဘောကျ လက်ခံပြီး တရား ဆရာအဖြစ် ဦးခိုက်ကန်တော့ကြသည်။

အဖေနွဲ့သည် အဘိုးလူအား ပထမ တွေ့ကြည့်သောအခါ ခြေပွားလေး များ တွေ့၍ နာမည်နှင့် နေ့နံသားကို မေးရာ သူလိုက်ရှာသည့်လူနှင့် ထပ်တူ









www.burmeseclassic.com

www.burmeseclassic.com

ထပ်မျှဖြစ်နေ၍ လက်ပွားမပါသော ကြောင့် -

"လက်ပွားကော မပါဘူးလား"

ဟု မေးသည်။

အဘိုးလူက ညာလက်သန်းကို ထောင်ပြပြီး အသားပိုကျန်နေသော အမာရွတ်ကိုပြ၍ ငယ်စဉ်က ရှက်သဖြင့် ဖြတ်ပစ်လိုက်ကြောင်းပြောရာ အဖေနွဲ့က -

"ရှာလိုက်ရတာ ဇမ္ဗူတစ်လူရယ်"

ဟု ဝမ်းသာအားရဆိုပါသည်။

အထက်ပုဂ္ဂိုလ်ကြီးများ၏အမိန့်အရ ဤဒေသရိုးမတောင်ဆွယ်မှာ ဓာတ်ဘုရားတစ်ဆူတည်ရမည်၊ ထူးခြားသောတောင်ကုန်းဖြစ်ရမည်၊ မတူကွဲပြားသောသစ်ပင်တစ်ပင်တည်းပေါက်သော နေရာဖြစ်ရမည်ဆို၍ ဦးမောင်ပုတို့က ယခု ကပ်ကျော်စေတီတော်ကြီးတည်ရှိရာ တောင်ကုန်းအား လိုက်ပြသည်။ အဘပျော့သည်လည်း သူတရားအားထုတ်ရာ မျှင်ဝါးရုံကြီးတစ်ပင်တည်း ပေါက်နေသောနေရာ ဖြစ်နေသည်ကို တွေ့ရလေသည်။

### ထူးဆန်းစွာရောက်ရှိလာသော ဆရာကျင်ကြီး

၁၃၃၆ ခုနှစ်၊ ဝါခေါင်လတွင် ကြံဖိုစုရွာသို့ ဝတ်ဖြူစင်ကြယ်နှင့်ဆရာကြီး တစ်ယောက် ရောက်လာသည်။ ရွာသားများအား ဦးပြောင်းအိမ်ရှိရာ မေးနေပြီး ရွာသားများက ဦးပြောင်းမိန်းမ ဒေါ်အေးတင်တို့အိမ်လားဟုမေးလေရာ ဦးပြောင်းအိမ်ကိုသာ ပို့ပေးပါဟု ဇွတ်အတင်းပြော၍ လိုက်ပို့ကြရသည်။ ဂန္ဓာရီခရီးလမ်းမှပုဂ္ဂိုလ်ကြီးများ ထွက်ရပ်လမ်းသို့ဝင်မည်ဆိုလျှင် အထောက်အပံ့ပေးနိုင်မည့် လူပုဂ္ဂိုလ်ပညတ်အား အလွန် ဂရုစိုက်သည်ကို ထူးခြားစွာ တွေ့ရပါသည်။

အဘိုးလူက ဦးပြောင်းအိမ်မှာ ဧည့်သည်ရောက်နေသည်ဆို၍ သွားစုံစမ်းမေးမြန်းရာမှ ကျိုက်ထီးရိုးမှ လာသည်ကို သိရပြီး တောင်ပေါ်ကမ္မဋ္ဌာန်းကျောင်းမှာ ဘုန်းကြီး ဦးကဝိန္ဒနှင့်အတူ တရားအားထုတ်ရင်း ကပ္ပိယမလုပ်နိုင်ဘူးလားဟုမေးရာ ဆရာကြီးဦးကျင်က-

"ခဏတာတော့ နေပေးနိုင်ပါတယ်။ ကပ္ပိယလုပ်ရင် မင်းက ဘာအကူအညီပေးမှာလဲ"

"စားစရာသောက်စရာ ကျုပ်တို့က ပို့ပေးမှာပေါ့"

"ဒါဆိုရင် ငါ့ကို အပေါ်အင်္ကျီ တစ်ထည်ဖြစ်ဖြစ်၊ ငွေခြောက်ကျပ်တစ်မတ်ဖြစ်ဖြစ် ပေးမလား"

ဟု မေးပြန်သည်။

"ခင်ဗျားလိုတာပေးမယ်"

ဟု ကတိပေးလိုက်မှ ကပ္ပိယလုပ်ပြီး တောင်ပေါ်တွင်နေမည်ဟုဆိုသည်။

တောင်ပေါ်မှာ တရားအားထုတ်နေစဉ်အတွင်း ဆရာကျင်၏ထူးခြားချက်မှာ ရေကုန်လျှင် ရေအိုးကို မှောက်ထားလိုက်သည်။ ရေခပ်ပေးမည့်သူပေါ်လာပြီး ရေခပ်ပေးသွားသည်။ လက်ဖက်ခြောက်ကုန်လျှင် ပုံးကိုခါပြီးမှောက်ထားလိုက်သည်။ လှူမည့်သူပေါ်လာသည်။ ထူးခြားသည်ကို သတိထားမိကြသည်။

ဘုန်းကြီး ဦးကဝိန္ဒသည် စစ်တောင်းမြစ်အရှေ့ဘက် တောင်ဖီလာတောင်တွင် နာမည်ကြီးနေသော ကိုလူထူးဆိုသည့်ပုဂ္ဂိုလ်ရှိရာသို့ မကြာမကြာ သွားရောက်ပြီး စမများ ပေါ်နေသည့် ဤတောင်မှာ စေတီရံလေးဆူကို တည်ပြီး အလယ်မှ ဘုရားကြီးကို ကိုလူထူးအား တည်စေမည်ဟု စိတ်ကူးရှိသူ ဖြစ်သည်။ ထိုစိတ်ကူးကြောင့်ပင် အဖေနွဲ့တို့နှင့် ပြဿနာဖြစ်ရခြင်း ဖြစ်သည်။

တောင်ပေါ်မှာ စမအကွာရာများ ပေါ်ပြီးနောက် ဆရာကျင်ကြီးက အဘိုးလူနှင့် ဦးကဝိန္ဒတို့အား စမပေါ်သည့် နေရာတွင် ဘုရား (၅) ဆူ တည်ရမည်။ မတည်လျှင် မြန်မာ့သာသနာ့ ကွယ်ပျောက်ပြီး လူတွေပါကုန်၍ မြေကွက်ချည်းကျန်သည့်တိုင်အောင် ပျက်စီးလိမ့်မည်ဟု ပြောသည်။

*(မြန်မာပြည်တွင်းသူပုန်များ သောင်းကျန်းမှုနှင့် တရုတ်ဖြူအရေးအခင်းဖြစ်ပျက်ခဲ့သည်ကို သတိရပါ။)*

ဦးဘိုးလူက -

"ခင်ဗျားတည်မှာလား"

ဟု မေးသည်။

"ကျုပ်မတည်ပါဘူး။ဘုရားတည်မယ့်သူ တောင်အရပ်က လာလိမ့်မယ်။ ဒါပေမယ့် အဓိကလုပ်ရမှာက ခင်ဗျားပဲ။ ဦးကဝိန္ဒ၊ ဘုရားတည်ရာမှာ ကိုယ်တော်ဝင်မရှုပ်ရင် တန်ခိုးကြီးလိမ့်မယ်။ ဝင်ရှုပ်ရင် ကိုယ်တော် တောင်ပေါ်မှာ မနေနိုင်ဘဲ ပြေးရလိမ့်မယ်"

ဟု နိမိတ်ဖတ်ပါသည်။

မကြာမီ ဆရာကျင်သည် တောင်ပေါ်ကမ္မဋ္ဌာန်းကျောင်းမှ ကြံဖိုစုရွာသို့ ဆင်းလာပြီး သူသေလျှင် သင်္ဂြိုဟ်ရမည့် အစီအစဉ်များအား ဦးဘိုးလူသို့ပြော၏။

"အကောင်းကြီးကနေ ဘာဖြစ် သေရမှာလဲ"

ဟု ဦးဘိုးလူမှမေးရာ-

"မင်းစောင့်ကြည့်ပါ။ ဒီည တကယ်သေမှာ"

ဟု ပြောပြီး မြေမြှုပ်သင်္ဂြိုဟ် မည့်အစီအစဉ်ကို ဤသို့ပြော၏။ သူ အလောင်းအား ခေါင်းထဲထည့်၊ ကျ နက်နက်တူးပြီး ခေါင်းအောက်က အ တုံး (၃) တုံးခံပါ။ ခေါင်းကို မပိတ် အပေါ်က ဝါးကပ်ထူထူကို ခေါင်း မထိအောင် မြေဖို့သင်္ဂြိုဟ်ရမည်ဟု ပါသည်။ တကယ်လည်း ထိုညမှာ သေဆုံးသွားရာ သင်္ဂြိုဟ်စရိတ် ခြောက်ကျပ်၊ တစ်မတ်ပဲ ကုန်ကျပါ

နောက်(၃)လခန့်ကြာသောအ ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားသူများ ရောက်လာပြီး အဘိုးလူကို ကျိုက်ထီး ဘုရားသို့လာခဲ့ဖို့ ဆရာကျင်ကြီးက ခေ နေသည်၊ သူစောင့်နေမည်ဟုမှာသ သူကိုယ်တိုင် သင်္ဂြိုဟ်လိုက်ရသည့် ပြီးသည့်သူက ဘယ်လိုဖြစ်လို့ မှာ ရတာလဲဟု မေးရာ အမှန်တကယ် တွေ့ခဲ့ရကြောင်း အဘပျော့၏ ဒေါ်ငွေ တင်က ပြောပြပါသည်။

၁၃၃၇ ခုနှစ်၊ နယုန်လဆန်းတွင် သာဝတ္ထိရှိ ဆရာပြုံးနေအိမ်၌ အဖေ အဖေလူတို့ရှိနေစဉ် ရသေ့ကြီး ဘိုးသ ရောက်လာပြီး အလုပ်ကိစ္စ စကားများ ပြောနေရင်းက -

"ဆရာလူကို ဆရာကျင်ကြီး သူ့ကျေးဇူးရှိတယ်၊ ကျေးဇူးဆပ်ချင် ကျိုက်ထီးရိုးကိုလာခဲ့ပါ။ သူစောင့်နေ ပါတယ်"

ဟု မှာလိုက်ကြောင်းပြောပြရာ-

"ဘယ်ကဆရာကျင်လဲ"

ဟု မေးသော်-

"သေလို့ခင်ဗျားကိုယ်တိုင်သင်္ဂြိုဟ် ပေးလိုက်ရတဲ့ ဆရာကျင်ပဲ"

ဟု ပြောပါသည်။

အဘိုးလူ ကျိုက်ထီးရိုးသို့ မသွား ဖြစ်ခဲ့ပါ။

❐

### အဖေနွဲ့နှင့် ဘုန်းကြီး ဦးကဝိန္ဒ၏ ဇာတ်လမ်း

၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်း ပြည့်ကျော်တွင် အဖေနွဲ့ ဦးဆောင်၍ တောင်ပေါ်ရှိ စမများပေါ်နေသော ရာတွင် စေတီတည်ဖို့ အုတ်ပန္နက် ပြင်ဆင်သည်။ အုတ်များအား သိ



www.burmeseclassic.com

www.burmeseclassic.com

ကုန်း၊ ရသေ့ချောင်း၊ တည်ထောင်၊ ကြံ့ခိုစု အစရှိသောရွာများမှ အဖေနွဲ့နှင့် အဘိုးလူတို့၏ တပည့်များက တောင်ပေါ်သို့ ထမ်းရွက်၍ပို့ရ၏။ နောက်နေ့ မနက်ရောက်တော့ အုတ်များ တောင်အောက်သို့ ပြန်ရောက်နေသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဘုန်းကြီးတွေ အုတ်များအား တောင်အောက်သို့ ပစ်ချသည်ဟု စွပ်စွဲရာ ဘုန်းကြီးနှစ်ပါးကလည်း တောင်ပိုင်မကြိုက်သဖြင့် ရွှေ့ပစ်သည်ဟု အချေအတင်ဖြစ်ရင်း စကားများကြသည်။ စေတီရံလေးဆူတည်ဖို့ ပန္နက်တွင်းတူးနေစဉ် ဘုန်းကြီး ဦးကဝိန္ဒက အဖေနွဲ့အား -

"တောင်ပိုင်ကွ"

ဆိုပြီး တောင်ဝှေးနှင့် (၆) ချက်ခန့် ရိုက်သည်။

အဖေနွဲ့က -

"ကိုယ်တော်၊ မှားမယ်။ သည်းခံပါ"

ဟု ပြောသည်။

ဘုန်းကြီးဦးကဝိန္ဒလည်း ရိုက်ပြီးနောက် တောင်ပေါ်မှဆင်းသွားရာ ပြန်ပေါ်မလာတော့ပါ။လယ်ဝေးအနောက် အင်းရောင်းကြီးမှာ စမကိုယ်တော်ဆိုပြီး သီတင်းသုံးနေသည်ဟု သိရပါသည်။ နောက်တော့ ပြင်ဦးလွင်မှာ ပျံလွန်တော်မူသွားကြောင်း သိရသည်။

၁၃၁၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ စနေနေ့မှ လပြည့်ကျော် ၂ရက် ဗုဒ္ဓဟူးနေ့အထိ ကမ္ဘာကပ်ကျော်စေတီတော်ကြီးအားထီးတော်တင်လှူပါသည်။ ဤနေရာ၌ ကွဲလွဲချက်အချို့အား တင်ပြလိုပါသည်။

သာဝတ္ထိမှ ဆရာပြုံးသည် စမတောင်စေတီတော်သမိုင်းအား ရေးခဲ့၏။ တစ်နေ့ ဘသုံသည် ဆရာပြုံး၏အိမ်ရှိ မန်ကျည်းပင်အား သွားလှဲရင်း -

"စမတောင်သမိုင်းမှာ တချို့အချက်အလက်တွေ မပါဘဲ ကျန်နေသေးတယ်"

ဟု ပြောခဲ့သည်။

ကျွန်ုပ်အား ဘသုံ ပြောပြသည်မှာ စမတောင်စေတီတော်ကြီး ထီးတင်နေသည့်အချိန်မှာ အဖေနွဲ့သည် ကျွန်းကုန်းမှာရှိနေ၏။ ရသေ့ကြီး ဦးသိပ္ပနှင့် စကားပြောနေချိန် ဖြစ်၏။ ဘုရားထီးတင်ပြီးသည်နှင့် အဘိုးလူအား အရှင်ထွက်ခိုင်းရန် အထက်အမိန့်အရ ဘွဲ့ဖြူပုဆိုး ယူလာသည်။ ဘုရားထီးတော်အောက်ဆုံးအဆင့်ဘုံအား တာဝန်ယူတင်ရမည့်သူမှာ ဦးဘိုးလူ၏ တပည့် ဦးမောင်ပု ဖြစ်သည်။ အချိန်ကိုက်တင်ရမည့်အချိန်မှာမတင်ဘဲ ဦးမောင်ပုသည် ကွမ်းတစ်ယာညက်ခန့်အချိန်ဆွဲနေလိုက်သည်။ အချိန်ကိုက်တင်လိုက်လျှင် ထီးတင်ပြီးသည်နှင့် ဆရာဖြစ်သူ အဘိုးလူ အရှင်ထွက်ရမည်ဖြစ်သည်ကို သိသောကြောင့် ဖြစ်၏။

ဤသို့ အချိန်လွဲသွားသည်ကို ကျွန်းကုန်းမှာ အဖေနွဲ့နှင့် စကားပြောနေသော ရသေ့ကြီးဦးသိပ္ပသည် သိသွားပြီး ဒေါသတကြီးဖြင့် ဘွဲ့ဖြူပုဆိုးအား လွှင့်ပစ်လိုက်လေရာ မြေပေါ်မှာ မီးထတောက်သည်ဟု ပြောပါသည်။ ရသေ့ကြီး ဦးသိပ္ပ စိတ်ဆိုးပြီး စမတောင်စေတီသို့ ရောက်လာ၏။ ရောက်လာသောအခါ စေတီတော်မှာ ထီးတင်ပြီးလေပြီ။

ရသေ့ကြီး ဦးသိပ္ပနှင့် အဘိုးလူတို့ စမတောင်စေတီမှာ ပညာပြိုင်ဓာတ်ဆင်ရာ အဘိုးလူက ဇရပ်မှာ ထိုင်နေသည်။ ဦးသိပ္ပက စေတီတော်အားလက်ဝဲရစ်ရစ်ပြီး ရာဟုထောင့်မှာရပ်၍ ဘုရားရင်ပြင်တော်အား တောင်ဝှေးနှင့် ဆောင့်ချရာ ဘုရားထီးတော် ရာဟုထောင့်မှ ဆည်းလည်းဆန်ပြုတ်ကျသွားသည်။ (ထိုဆည်းလည်းအား ယခုအချိန်ထိ မည်သူမျှမတင်ရဲပါ။) ဇရပ်မှာ ထိုင်နေသော အဘိုးလူက ဆည်းလည်းပြုတ်ကျသွားသည်ကို သိသွားပြီး-

"ငါ့ဘုရားဆည်လည်းဆန်ပြုတ်ကျသွားသလို ရသေ့၊ မင်းလည်း လဆန်ပြုတ်ပေါ့ကွာ"

ဟု ပြောလိုက်ပါသည်။

ရသေ့ကြီးဦးသိပ္ပသည် သူဓာတ်ဆင်သည်မှာ မအောင်မြင်ကြောင်း သူဟာသူသိသွားပြီး ဘုရားပေါ်မှဆင်းလာ၍ ဇရပ်ပေါ်မှာ ရသေ့အဝတ်အစားများနှင့် အသုံးအဆောင် တောင်ဝှေးမှအစ အဘိုးလူအားလှူခဲ့ပြီး လူဝတ်နှင့်တောင်ပေါ်မှ ဆင်းသွားရပါတော့သည်။ ရသေ့ကြီးသည် သာဝတ္ထိမှာ တည်းခိုရင်း စမတောင် ဆရာတော် ဦးလာသန၏ အဒေါ်ဖြစ်သူ ဒေါ်သန်းတင်နှင့်ညားပြီး တပ်ကုန်းသို့ပြောင်းနေကြရင်း ကလေးတစ်ယောက်ရသော် -

'သုံးနှစ်ပြည့်လျှင် ငါပြန်လာမည်။ ကြေးဇွန်းတစ်ချောင်းပေးခဲ့မည်။ ချိုးပြီး ဒယ်အိုးနဲ့ကျိုလျှင် ရွှေဖြစ်မည်'

ဟု မှာခဲ့ပြီး ပျောက်သွားပါတော့သည်။

သုံးနှစ်ပြည့်ပြီးလို့ ရသေ့ကြီးပြန်မလာ၍ သာဝတ္ထိသို့ ပြန်ပြောင်းလာကြပြီး ကြေးဇွန်းအား ဖဲ့၍ကျိုပြန်ရာ ရွှေမဖြစ်တော့ပါ။

ရသေ့ကြီးသည် မိတ္ထီလာ ဆားတောင်မှာ ဘုရားတည်နေသည်ဟု သတင်းသဲ့သဲ့ကြားရသည်။ မကြာမီ စမတောင်မှာ တစ်ဝါဆိုသွားသေးသည်ဟု သိရ၏။ ဆရာတော် ဦးလာသနနှင့် ဖြစ်ပျက်ခဲ့သည့်ဇာတ်လမ်းများအားလည်း အသက်တွေကြီးကုန်ပြီဖြစ်၍ အမှတ်မထားပါရန် လျှောက်သွားသေးသည်။ ဘုရားပြီးသော် အဖေနွဲ့သည် စမတောင်သို့ လာရောက်ခြင်းမရှိတော့ဘဲ အဘပျော့နှင့် အဘိုးလူတို့သာ ကျန်ရစ်ခဲ့ပါသည်။

❐

**ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာနှင့် အဘိုးလူ**

ဗိုလ်တာရာသည် အဖေနွဲ့နှင့် အဘိုးလူတို့၏ တပည့်ရင်းကြီးတစ်ဦး ဖြစ်ခဲ့ပါသည်။ ဓမ္မဝိဇ္ဇာကြီးနှစ်ဦး ထွက်ရပ်လမ်းသို့မြန်းပြီးသည့်နောက် ဆရာပြုံး ဦးဆောင်သော ဂေါပကအဖွဲ့နှင့် မကျေမလည်ဖြစ်ရာမှ စမတောင် ဓမ္မဝိဇ္ဇာပါရမီစခန်းအား စွန့်ခွာခဲ့သူ ဖြစ်ပါသည်။ အဖေနွဲ့ ကျွန်းကုန်းမှ ထွက်ရပ်လမ်းသို့ မြန်းပြီးနောက် အဘိုးလူသည် စမတောင်အား ဦးဆောင်နေခဲ့ရသည်။ ဆရာတော် ဦးကဝိန္ဒသည်လည်း သာဝတ္ထိသို့ ပြန်ရောက်နေရာ တောင်ပေါ်သို့ အဘိုးလူ ပင့် ပြန်ပင့်ခေါ်ခဲ့ရသည်။ အသက်ကြီးနေပြီ ဖြစ်သောကြောင့် ဘယ်မှ မကြွတော့ရန် ပြောရသည်။

ထိုအချိန်မှာ ကပ်ကျော်စေတီတော်ကြီး၏ မြောက်ဘက်ရှိ မဟာရံတံတိုင်းအုတ်နစ်ချပ် ပြိုကျနေရာ ပြန်လည် ပြုပြင်ဖို့ တာဝန်ခံဗိုလ်တာရာအား စောင့်နေကြရသည်။ ဗိုလ်တာရာမှာ အမေရိကန်နိုင်ငံသို့ရောက်နေခိုက် ဖြစ်ပါသည်။

အဘိုးလူက -

"ဒီကောင်ကလည်းမလာနိုင်သေးဘူး"

ဟု ညည်းညူရာ ဦးကဝိန္ဒက-

"ဘာဖြစ်လို့ ညည်းညူနေရတာလဲ"

ဟု မေးသော် -

"ဗိုလ်တာရာ မလာသေးလို့"

ဟု ပြောသဖြင့် ငါခေါ်လိုက်မည်



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုပြီး အဘိုးလူနေတဲ့ဇရပ်မှ ဘုရားကျောင်းဆောင်ရှေ့ရှိ ကြေးစည်အား တောင်ဝှေးနှင့် (၇) ချက် ထိုးလိုက်ပါသည်။ (၇) ရက်ပြည့်သော် ဗိုလ်တာရာ စမတောင်ပေါ်သို့ ရောက်လာပါတော့သည်။ ရောက်ရောက်ချင်း-

"အဘ၊ ကျွန်တော့်ကို ဘာကိစ္စရှိလို့ ခေါ်တာပါလဲ"

ဟု မေးပါသည်။

အမေရိကန်မှာ ရောက်နေသည့် ဗိုလ်တာရာ မည်ကဲ့သို့ သိသွားသနည်း မပြောတတ်ပါ။

အဘိုးလူက ရေခြားမြေခြားမှာ နေလျှင် ဤသို့မလုပ်သင့်ကြောင်း ပြော၏။ ပြန်မလာနိုင်လျှင် သေတတ်သည်အထိ ဓာတ်ရိုက်ဓာတ်ဆင်က ပြင်းထန်လွန်း၍ ဖြစ်ပါသည်။

မဟာရံတံတိုင်းမြောက်ဘက်အား ပြင်ကြတော့ အဘပျော့က ဤသို့ စီစဉ်ပါသည်။ သုဓမ္မာဇရပ်လှေကားရင်းမှာ နှစ်ယောက်၊ ယခုရေနွေးအိုးတည်သောနေရာ စောင်းတန်းအနီးမှာ နှစ်ယောက်၊ ဘုရားအဝင်လှေကားထိပ်မှာ နှစ်ယောက်စီ စောင့်ခိုင်း ပြီး ထိုသူများအား ဆီးသီးလေးတွေ ငုံခိုင်းထားသည်။ မပြီးမချင်း ထွေးမထုတ်ရပါ။ ထိုအချိန်မှာ မည်သည့်အရပ်ကလာမှန်းမသိသော ကိုရင်ကြီးတစ်ပါးသည် သုဓမ္မာဇရပ်မှာ တည်းခိုနေပါသည်။ တံတိုင်းပြင်သောအချိန်ကျမှ ထိုကိုရင်ကြီးသည် ပြင်သည့်နေရာသို့ အတင်းဝင်မည်ပြုသည်။ အဘပျော့၏အမိန့်အရ မည်သူ့ကိုမျှ အဝင်မခံပါ။

ကပ်ကျော်စေတီတော်ကြီးသည် ဓမ္မဝိဇ္ဇာကြီးများ တည်ခဲ့သည့် ဓာတ်ဘုရား ဖြစ်၏။ ဆရာကြီးများက မြန်မာပြည်အတွက် ဓာတ်ဆင်ချင်လျှင် ကပ်ကျော်စေတီတော်ကြီးမှာ ဆင်သည်။ အောက်ပြည်အောက်ရွာမှာ ရောဂါဘယတွေ ထူပြောစဉ်က တောင်ဘက်တံတိုင်းအနီး၌ သက်ကယ်ပင်များစိုက်ပြီး ဆန်များကြဲပက်ကာ ဓာတ်ဆင်၍ထားခဲ့ရသည်။ လွတ်လပ်ရေးမရမီ သပိတ်စုံထနေသည့်အချိန်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ ဖဆပလလူကြီးများ ခေါင်းရှုပ်နေချိန်၌ ကပ်ကျော်စေတီတော်ကြီးအား သပိတ်လှန်ပုံသဏ္ဌာန်တည်ခြင်းဖြင့် သပိတ်များရပ်တန့်ရန် ဓာတ်ဆင်ခဲ့ပါသည်။ ယခုလည်း မြန်မာပြည်မြောက်ပိုင်းမှ ကျူးကျော်ရန်သူများအရေးကို မြင်နေရသဖြင့် ဆရာကြီးများက မြောက်ဘက် မဟာရံတံတိုင်းအား အမြန်ပြင်နေကြခြင်း ဖြစ်ပါသည်။ အနှောင့်အယှက်ကဝင်နေပြီ ဖြစ်သည်။ ကိုရင်ကြီးအား မဝင်နိုင်ရန် တားဆီးရသည်မှာ ထုပ်ဆီးတိုးသကဲ့သို့ ဖြစ်နေကြသည်။ တံတိုင်းပြင်ပြီးသွားသောအခါ အဘပျော့မှ -

"ငုံထားတဲ့ဆီးသီးတွေ ထွေးထုတ်လိုက်ကြ"

ဟု အမိန့်ပေးလိုက်ရာ စောင့်နေသူအားလုံးက ထွေးလိုက်သောအခါ စောစောက အတင်းဝင်မည်ပြုနေသော ကိုရင်ကြီးသည် ချာခနဲလှည့်၍ တောင်အောင်သို့ ပြေးဆင်းသွားပါတော့သည်။ သူ့ပစ္စည်းတွေ သုဓမ္မာဇရပ်ပေါ်မှာကျန်နေသည်ကိုပင် မယူနိုင်ခဲ့ပါ။

"ဩော်. . . သူများတွေကိုတော့ ဖျက်ချင်တယ်။ ကိုယ့်ကျတော့ ဆီးစေ့နဲ့ ပေါက်တာတောင် မခံနိုင်ပါလား"

ဟု အဘပျော့က ညည်းတွား၏။

**ဘသုံနှင့် ကျောက်ဘီလူး**

ကပ်ကျော်စေတီတော်ကြီး တည်ရှိရာ စမတောင်၏ အနောက်တောင်ယွန်းယွန်း၌ ကမ္ဘောဇကျောင်းတည်ရှိရာ တောင်ကုန်းရှိ၏။ စေတီတော်ကြီးနှင့် လျှိုခြားနေသည်။ လျှိုအောက်မှာ တောစိုးကျွန်းပင်ကြီးရှိ၏။ ကမ္ဘောဇကျောင်းမှာက ဆရာတော်ဦးဝိမလ သီတင်းသုံးသည်။ ထိုစဉ်က ဦးဂုဏိတ၊ ဦးဝိမလ၊ ဦးဝေပုလ္လတို့ မရောက်သေးပါ။ ကမ္ဘောဇတောင်ဘက်ချောက်ထဲမှာ ကျွန်းပင်ငုတ်ကြီးတစ်ခု ရှိသည်။ လူငယ်အရွယ်ဖြစ်သော ဘသုံသည် လေးခွတစ်လက်ဖြင့် တောထဲ ငှက်လိုက်ပစ်နေသူ ဖြစ်ပါသည်။

တစ်နေ့ -

နံနက်စောစော စမတောင်၏ တောင်ဘက် ကမ္ဘောဇကုန်းအခြေတောစပ်၌ နွားများအား စားကျက်လွှတ်ထားပြီး ငှက်ပစ်ရန် ဟိုဒီချောင်းနေစဉ် ကျွန်းပင်ငုတ်ကြီးအပေါ်မှာ ထူးဆန်းသည့် ပစ္စည်းတစ်ခုအား သွားတွေ့သည်။ မနီးမဝေးဖြစ်၍ ထိုအရာအား ထင်ထင်ရှားရှားမြင်ရ၏။ ဘီလူးရုပ်တစ်ရုပ် ဆောင့်ကြောင့်ထိုင်နေသည့်ပုံဖြစ်ပြီး ဘယ်လက်က တင်းပုတ်ထမ်းထား၍ ညာလက်က သန်လျက်ထမ်းထားသည်။ ဘသုံ ငယ်စဉ်က လေးခွပစ်ရာမှာ အလွန်တည့်သူ ဖြစ်သည်။ ထိုကျွန်းငုတ်ပေါ်မှ ဘီလူးအား လေးခွနှင့်ပစ်ထည့်လိုက်သည်။ ထိသွားသည်။ သို့သော် လဲကျမသွားပါ။ နောက်တစ်ချက် ထပ်ပစ်၏။ ထိပြန်ပါသည်။ ဘီလူးရုပ်က တုတ်တုတ်မလှုပ်။ စိတ်တိုလာပြီး အနီးရှိ ဝါးလုံးခြောက်တစ်လုံးယူပြီး ကျွန်းငုတ်နား သွား၍ ဘီလူးရုပ်အား ရိုက်ချလိုက်၏။

"မင်းက ဘာကောင်မို့လို့ အာခံနေတာလဲ"

နှုတ်မှလည်း မကျေမနပ်ဖြင့်ကြိမ်းဝါးလိုက်သေးသည်။ ပြုတ်ကျသွားသော ဘီလူးရုပ်အား လွယ်အိတ်ထဲထည့်ယူလာသည်။သဘာဝအတိုင်းဖြစ်နေသော သဲကျောက်ရုပ်ကလေး ဖြစ်သည်။ စမတောင်၏ အနောက်တောင်ယွန်းယွန်း ဇောက်ထိုးချောင်းအစပ် ရိုးမအခြေ၌ ထိုကဲ့သို့သော သဘာဝကျောက်အရုပ်လေးများ ရတတ်ပါသည်။ စမတောင်ပေါ်ရောက်လာတော့ သုဓမ္မာဇရပ်နားအဖေနွဲ့၊ အဘပျော့နှင့် အဘိုးလူတို့ ရှိနေကြသည်။ ဘုရားတည်ဖို့ လုပ်ကိုင်နေတုန်း ဖြစ်သည်။ ဦးကဝိန္ဒက အဖေနွဲ့ကို ခေါ်လိုက်သည်။

"ဘုရားနွဲ့၊ မင်းတို့တစ်တောင်လုံး ကိုန်တော့မလို့။ ဒီကောင်စားမလို့တက်လာတာ။ဟော့ကောင် လူမိုက်၊ မင်းလွယ်အိတ်ထဲကအရုပ် ငါ့ပေးစမ်း"

ဦးကဝိန္ဒက အဖေနွဲ့အား ဘုရားနွဲ့ဟုပင် ခေါ်ပါသည်။ ဘသုံလွယ်အိတ်ထဲကအရုပ်အား မည်ကဲ့သို့ သိနေသည် မသိ။ တောင်းနေပါသည်။

"ဘာအရုပ်မှမရှိပါဘူး"

ဘသုံက ခပ်တည်တည်ငြင်း၏။

"ငါသိတယ်။ မင်းလွယ်အိတ်ထဲက အရုပ်ကိုပေးစမ်း"

အဘ ဦးမောင်ပုက -

"ငါ့သား၊ ဘုန်းကြီးတောင်းနေတယ်။ ပေးလိုက်ပါ"

ဖခင်ဖြစ်သူ ပြောသဖြင့် ဘသုံ လွယ်အိတ်ထဲမှ ဘီလူးရုပ်အား ထုတ်ပေးလိုက်ရသည်။

အဘိုးလူက -

"ငသုံ့ကို ကြောက်လို့ ဒီကောင် လိုက်လာတာ။ ဒီပြင်လူဆို ပျောက်သွားပြီ"

ဟု ဆိုပါသည်။

ဤကဲ့သို့ အရုပ်မျိုး နောက်တစ်ရုပ် ထပ်တွေ့ပါသေးသည်။ အဘိုးလူ သိမ်းထားလိုက်ရသည်။

တစ်ခါကလည်း ဘသုံ ဇောက်ထိုးချောင်းအတိုင်း ရိုးမထဲ တိုးဝင်သွားပြီး ရေတံခွန်တောင်ကြောပေါ် တက်သည်။ တောင်ကြောပေါ်မှ စီးဆင်းနေ



www.burmeseclassic.com

www.burmeseclassic.com

သော ရေတံခွန်သည် တောင်ကြားအတိုင်းစီးလာပြီး တောင်ခြေရောက်တော့ ဇောက်ထိုးချောင်းဖြစ်သွားသည်။ ငှက်အလွန်ပေါသည်။ တောင်ကြားချောင်းစီးဆင်းရာတစ်လျှောက် ကျောက်ရေအိုင်များရှိသည်။ ကျောက်ဖား၊ ကျောက်ပုစွန်များရှိသည်။ ဘသုံ ဟင်းစားလိုချင်၍ ထိုတောင်ကြားသို့ဝင်သွားခြင်း ဖြစ်သည်။

*(ယခုတော့ ထိုတောင်ကြားသည် မီးသွေးဖုတ်သမား၊ ဝါးခုတ်သမားများ၏ တောင်တက်လမ်းဖြစ်နေပါပြီ။)*

ပထမ ရေတံခွန်အပေါ်ဘက်မှာ ဆရာတော် ဦးကဝိန္ဒ တရားထိုင်တဲ့ ကျောက်ဖျာကြီးနားရောက်တော့ လက်မလောက်ရှိတဲ့ မုဆိုးဒူးထောက်ထိုင်နေတန် ဘီလူးရုပ်လေးတစ်ရုပ် တွေ့ပြန်ပါသည်။ လက်တစ်ဖက်က တင်းပုတ်ကိုင်ထား၍ လက်တစ်ဖက်က ကြိမ်လုံးကိုင်ထားသည်။ ဘသုံက ခါးကြားထိုးထားသော ဝါးခုတ်ဓားအား ထုတ်၍ ဘီလူးရုပ်ကို ဓားနောင့်နှင့် ထုချလိုက်သည်။ မကျိုးမပဲ့ပါ။ အတော်မာသည့်ဘီလူးရုပ်ဖြစ်သည်။

"ဘီလူး၊ ငါနဲ့လိုက်ခဲ့။ ငါခိုင်းတဲ့လူကို စားကွာ"

ဟု ပြောပြီး လွယ်အိတ်ထဲ ထည့်ယူလာခဲ့သည်။

ငယ်စဉ် ကလေးဘဝ ဆိုတော့ ဘသုံသည် ကောင်း၊ ဆိုးကို မခွဲခြားတတ်သေးပါ။ ဇောက်ထိုးချောင်းအဝင် တောင်ခြေကမ်းပါးစောင်းရောက်တော့ လူတစ်ရပ်ခန့်အမြင့်၌ ကျောက်ရုပ်တစ်ရုပ် ထပ်တွေ့ပြန်၏။ ဤကျောက်ရုပ်ကတော့ အလွန် ထူးခြားပါသည်။ အံ့သြဖွယ်ရာ မိန်းမတန်ဆာပုံဖြစ်နေခြင်းပင်တည်း။

"ရွာက မိန်းကလေးတွေ ငါ့ဆီကို ခေါ်လာပေး"

ဟု ပြောပြီး ယူခဲ့ပြန်ပါသည်။ စမတောင်ပေါ်တက်လာပြီး တောင်ပိုင်ကြီးနန်းနားက မန်ကျည်းပင်ကြီးမှာ လွယ်အိတ်ကိုချိတ်ထားလိုက်သည်။ သုဓမ္မာဇရပ်ပေါ်မှာက အဘိုးလူ၊ ဗိုလ်တာရာနှင့် ဖခင်ဖြစ်သူ ဦးမောင်ပု၊ ဦးစံပေါ်နှင့် အပည့်ကြီးများရှိကြပြီး ရေနွေးကြမ်းသောက်နေကြသည်။ ဘသုံ ရောက်သွားတော့ ရေနွေးကြမ်းနှင့် မုန့်တွေချကျွေးပြီး -

"မောင်သုံ၊ မင်းအရုပ်တွေ ဘိုးလေးကို ပေးပါလား"

ဟု အဘိုးလူက ချော့တောင်းပါတော့သည်။

စမတောင်မှ ဓမ္မဝိဇ္ဇာကြီးများ၏ အမြင်ဓာတ်၊ အကြားဓာတ်၊ မနောပိုင်းသည် တန်ခိုးအင်အားက ကြီးမားအံ့သြဖွယ်ရာဖြစ်ပါသည်။ ဘသုံက မရှိပါဘူး ဟု လိမ်ပြောသည်။

"မင်းမှာ ပါလာပါတယ်ကွာ။ ဘိုးလေးကို ပေးနော်"

ဟု တောင်းပြန်ပါသည်။

ဘသုံ ဘာမှဆက်မပြောတော့ဘဲ တောင်ပေါ်မှ ဆင်းလာခဲ့သည်။

ညကျတော့ ကြံဖိုစုရွာရှိ ဦးမောင်ပုအိမ်သို့ အဘပျော့နှင့် အဘိုးလူတို့ ရောက်လာကြသည်။

အဘပျော့မှ -

"ကိုမောင်ပု၊ ခင်ဗျားသားဆီက အရုပ်တွေတောင်းဗျာ"

ဟု ခိုင်းပါသည်။

ဘသုံကား ခေါင်းမာသူဖြစ်သည်။ မပေးပါ။ ဇွတ်အတင်းလိမ်နေသည်။

နောက်နေ့ တောင်ပေါ်မှာ ငှက်လိုက်ပစ်နေတုန်း ဦးစံပေါ် ရောက်လာပြီး -

"ဟေ့- မောင်သုံ၊ ဆရာခေါ်နေတယ်"

"တွေ့ချင်တဲ့သူ ကျုပ်ဆီလာလိမ့်မယ်ဗျာ"

"မင်းလာမလား၊ မလာဘူးလား။ ငါ ဆရာ့ကိုပြောလိုက်မှာနော်"

နောက်ဆုံး ဘသုံ ဦးစံပေါ်နှင့် လိုက်သွားရသည်။

ဇရပ်ရောက်တော့ ဖခင်ဖြစ်သူ ဦးမောင်ပုက -

"လူလေးရယ်၊ ဘိုးလေး တောင်းနေတာ ပေးလိုက်ပါကွာ။ မင်းအန္တရာယ်ဖြစ်မှာရယ်၊ တခြား မိန်းကလေးတွေ ဒုက္ခရောက်ကုန်မှာစိုးလို့ အဘိုးလေးက တောင်းနေတာ ပေးလိုက်နော်"

"တောင်ပိုင်ကြီးနန်းဘေးက မန်ကျည်းပင်ကြီးမှာ ချိတ်ထားတယ်"

"စံပေါ်၊ မင်းသွားယူလိုက်"

ဦးစံပေါ် လွယ်အိတ်ကိုယူလာပြီး အဘိုးလူလက်ထဲထည့်၏။ အဘိုးလူ အရုပ်လေးနှစ်ရုပ်အား သေသေချာချာ ကြည့်ပြီး -

"စံပေါ်၊ အရုပ်တွေကို အနောက်ဘက်ချောက်ထဲသွားပစ်လိုက်"

ဦးစံပေါ် သွားပစ်ပြီး ပြန်လာသောအခါ အဘိုးလူက သူစားနေသော ထိုးမုန့်တစ်ဇွန်းအား ဦးစံပေါ်ကို ကျွေးပြီး ဆေးလိပ်နှစ်လိပ်ပေးသည်။

အဘပျော့က -

"ကိုမောင်ပု၊ ကျုပ်တို့ အသိမြန်လို့။ ဒီပြင်ဆို ဒီနားရွာတွေက မိန်းကလေးတွေ တစ်ယောက်မှကျန်မှာမဟုတ်ဘူး"

ဟု ပြောပါသည်။

နွေရာသီ တောမီးရှို့ပြီးတော့ ဦးစံပေါ်တစ်ယောက် ရှင်းလင်းနေသော ချောက်ထဲမှာ သွားရှာသောအခါ ထိုအရုပ်နှစ်ရုပ်အား မတွေ့ရတော့ပါ။ တစ်ခါကလည်း ဘသုံ တောထဲမှာ ငှက်ပစ်သွားတုန်း ချုံထဲမှာ မိန်းကလေးတွေ တီးတိုးစကားပြောနေသံကြား၍ ချောင်းကြည့်လိုက်တော့ အရွက်နှစ်ရွက်သာပါသည့် သစ်ပင်လေးတစ်ပင် တွေ့ရသည်။ မြေပေါ် (၆) လက်မအမြင့်သာသာရှိသော ဂမုန်းပင်လေး ဖြစ်သည်။ အရွက်လေးနှစ်ရွက်ပူးသွားတော့ တီးတိုးစကားပြောသံထွက်လာသည်။ မိန်းကလေးသံဖြစ်သည်။ ဘသုံ မြေကြီးတူး၍ နုတ်ယူလာခဲ့သည်။ တောင်ပေါ်ရောက်တော့ ဗိုလ်တာရာနှင့်တွေ့သည်။

"မောင်သုံ၊ ဘာပင်လဲကွ"

"မသိဘူး။ ဒီအပင်က အရွက်နှစ်ရွက်ပူးရင် မိန်းကလေးစကားပြောသံတွေထွက်လာလို့ ကျုပ် နုတ်ယူလာခဲ့တာ"

ဗိုလ်တာရာ အရမ်းစိတ်ဝင်စားသွားပြီး ဘသုံဆီမှာ တောင်းယူ၍ အဘိုးလူအား သွားပြသည်။ အဘိုးလူက သူယောင်ဂမုန်းဟုပြောတော့ ထိုအပင်ကို ဘသုံအား ပြန်မပေးတော့ပါ။ ရန်ကုန်ပြန်တော့ ယူသွားသည်။ ဘသုံကို ဗိုလ်တာရာက မုန့်ဖိုး ငွေ (၁၀၀) ပေးသွားသည်။

*(ယခုအသက်ကြီးလာသည်အထိ ဘသုံသည် တောထဲတောင်ထဲ လျှောက်သွားနေတုန်းပင်တည်း။ သူ၏အသက်သည် ၇၀ ကျော်၍ သေမင်းတံခါးဝသို့ ရောက်လာပါပြီ။ သူ့ဘဝကတော့ အေးအေးချမ်းချမ်း တောင်ခြေရေတွင်းအနီး တောင်ကုန်းလေးမှာ တဲနန်းဖြင့် စံမြန်းနေပါသည်။ လူထူးဆန်း စမတောင်ခြေမှ ရိုးမသားကြီးကို စမတောင်သို့ အဓိဋ္ဌာန်ဘုရားဖူးသွားသည့်သူများ ကိုစိန်ဝင်းလက်ဖက်ရည်ဆိုင်မှာ တွေ့ရတတ်ပါသည်။ စမတောင်ကတော့ ရိုးမအမွေ ကျွန်းပင်ကြီးများဖြင့် စိမ်းလန်းအေးမြနေတုန်းပါပေတည်း။)*

သနိုင်



www.burmeseclassic.com

www.burmeseclassic.com

△ ကြံ့ရတနာ-ဆရာဗေဒါလင်း

# သိကြားကျောက်စာတိုင်ဂါထာနှင့် ဂန္ဓာရိဝိဇ္ဇာမယပညာ



*'ဝေဆာ×××သခွတ်ဖြူပင်မင်း××× ငွေအဆင်းပွင့်ချိန်မှာ×××အသူရာဒေါသ ထွက်လို့×××မြင်းမိုရ်ထက်ကို×××တက် လို့×××စစ်ဖက်တဲ့အခါ×××အုံ့ကာလေ တဖွဲဖွဲ×××ရွာလေတသဲသဲ×××နှစ်တိုင်း ပင်×××သခွတ်ပွင့်ချိန်မှာ×××သိကြားနှင့် အသူရာ×××သမက်နှင့်ယောက္ခမ××× ဘောက်ကျလို့လည်း××× အားမရနိုင်ပါ ×××'*

ကွယ်လွန်သူ မန္တလေးမြို့မဆရာ ငြိမ်း၏ အထက်ပါသီချင်းလေးကိုကြား ရလျှင် သိကြားနှင့်အသူရာ၊ အသူရာနှင့် သိကြားမင်းတို့ စစ်ခင်းစစ်ပြိုင်ကြသည် မှာ သခွတ်ပွင့်ချိန်ရောက်တိုင်းပါပေ။ သခွတ်ပွင့်ချိန်ရောက်သည်နှင့် သခွတ် ပွင့်တွေကိုမြင်လေတိုင်း ဒေါသလှိုင်းတွေ အသူရာနတ်မင်းရင်ထဲ ဖြစ်ပေါ်လာရ သည်။ ရင်ထဲနာရသည့်အနာဟောင်း ပြန်ထလာသည်။ တကယ်တော့ အသူ ရာနတ်မင်းကြီးနှင့် သိကြားမင်းတို့၏ ကျောင်းတော်ကရန်စ အတိတ်ရာဇဝင် သမိုင်းကြောင်း အဖြစ်အပျက်များကို အခြေခံဖြစ်ပေါ်လာခဲ့သော ရန်ငြိုးရန်စ များကြောင့် သခွတ်ပွင့်ချိန်ရောက်တိုင်း ထိုနတ်မင်းနှစ်ပါး အချင်းများစစ်ဖြစ် လေ့ရှိတတ်သည့် နောက်ကြောင်းဇာတ် လမ်းလေးကို ဆရာမြို့မငြိမ်း၏ သီချင်း လေးက ပြောပြနေပါလေသည်။ ထို အဆိုပါ သိကြားမင်းနှင့် အသူရာနတ် မင်းတို့၏ ထိုအတိတ်နောက်ကြောင်း ဇာတ်လမ်းဟောင်းလေးကို ပြန်ပြောင်း ကြည့်လိုက်ပါလေလျှင် -

ရှေးအခါ ရာဇဂြိုဟ်ပြည်၌ မဂဓ မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်း သည် မဂဓတိုင်း မစလရွာငယ်၌ မာဃ အမည်ဖြင့် အမျိုးမြတ်သူတစ်ဦးဖြစ်ခဲ့ လေသည်။ ထိုမာဃလုလင်၌ တစ်စိတ် တစ်ဝမ်းတည်းညီညွတ်သောစိတ်ရှိသည့် လုလင်ငယ်အဖော်သုံးကျိပ်တို့ရှိကြလေ သည်။ မာဃလုလင် ဦးဆောင်သောလူ ငယ်စုတို့သည် ငါးပါးသီလ စောင့်ထိန်း ခြင်း၊ လမ်းပြင်ခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်းရေကန်များတူးဖော်ခြင်း အစရှိ သော ပရဟိတကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လေ့ရှိကြလေသည်။ အခြားသော ရွာသူရွာသားလူအများတို့ကိုလည်း သူ တို့နည်းတူ ကောင်းမှုပြုရန် တိုက်တွန်း အားပေးလေ့လည်း ရှိ၏။ ထို့ကြောင့် မစလရွာသားအများမှာလည်း သုစရိုက် လုပ်ငန်းများ၌ အလေ့အထုံများလာကြ လေသည်။

ထိုအခါတွင် မာဃလုလင်ငယ်ကို မလိုလားသူ မစလရွာသူကြီးက မင်းကြီး ကို ကုန်းချောကုန်းတိုက် ပြုလုပ်ခဲ့ရာ မင်းမျက်သင့်ပြီး မာဃလုလင်နှင့် အပေါင်းအပါတို့အားလုံး မင်း၏ဖမ်းဆီး ခြင်းကိုခံကြရလေသည်။နောက်ဆုံး မင်း က မာဃဖလုလင်တို့ကို ဆင်နှင့်နင်းသတ် စေခဲ့ရာ မာဃလုလင်တို့၏ ဒါန၊ သီလ ကုသိုလ်နှင့် မေတ္တာပွားခြင်းတို့ကြောင့် ဆင်တို့သည် နင်းရန်ဝေးစွ၊ သူတို့အနား သို့ပင် မသွားဝံ့ဘဲ ထွက်ပြေးကြလေ သည်။

ဤအခြင်းအရာကြောင့် မင်းက စုံစမ်းမေးမြန်းလေလျှင် အကျိုးကြောင်း စုံကိုသိရသဖြင့် မဂဓမင်းကြီးသည် မာဃ လုလင်နှင့်အဖွဲ့ကို လွှတ်ပေးလိုက်သည့် အပြင် မစလရွာကို အပိုင်စားပေးပြီး ဆင်များကိုပါပေးလိုက်လေသည်။သို့ဖြင့် မာဃလုလင်နှင့်အဖွဲ့သည် ကုသိုလ်အမှု တို့ကို အသက်ထက်ဆုံး ပြုလုပ်ကြလေ တော့သည်။ သို့နှင့် ထိုဘဝမှ စုတေကွယ် လွန်သည်ရှိသော် မာဃလုလင်နှင့် သုံး ကျိပ်သုံးယောက်သောအဖော်တို့သည် တာဝတိံသာနတ်ပြည်၌ဖြစ်ကြကာ မာဃ လုလင်မှာ သိကြားမင်း ဖြစ်လေသည်။

ထိုသို့ မာဃလုလင်နှင့် အပေါင်း အပါတို့ ကုသိုလ်ကောင်းမှုအကြောင်းပြု ၍ တာဝတိံသာ၌ နတ်ဖြစ်ကြသည့်ကာ လ၌ ဓာဒုဝတိံသာတွင် အသူရာနတ်တို့ စိုးမိုးနေချိန် ဖြစ်ပေသည်။ ထိုအသူရာ နတ်တို့ နတ်အဖျော်ယမကာယစ်ရွှေရည် များ သောက်စားပျော်ပါးပြီး မူးယစ်နေ ကြသောအချိန်ကာလတစ်ခု၌ သိကြား မင်းနှင့် အပေါင်းအပါတို့သည် အသူရာ နတ်တို့အား မြင်းမိုရ်တောင်ခြေရင်းသို့ ပစ်ချလိုက်ကြလေသည်။ သေရည်များ ယစ်မူးပြေ၍ သတိရလာသော အသူရာ နတ်မင်းကြီးနှင့် နတ်အပေါင်းတို့သည် တာဝတိံသာ၌ မဟုတ်တော့ဘဲ မိမိတို့ အားလုံး မြင်းမိုရ်တောင်အောက်သို့ ကျ ရောက်နေကြကြောင်းအဖြစ်ကို သိကြရ သောအခါ အလွန်ပြင်းစွာသောဒေါသ အမျက်တို့ထွက်ကြကုန်လေသည်။ ထို အခါကာလသည် သခွတ်ပန်းများပွင့်နေ ချိန်ဖြစ်ပြီး ထိုသခွတ်ပန်းပွင့်တိုင်း တာ ဝတိံသာနတ်ပြည်ရှိ ကာသစ်ပင်ရင်းမှ မိမိ တို့ပြုတ်ကျလာရသည်၏အဖြစ်ကို သတိ ရလေတိုင်း သိကြားမင်းကို အမျက်မပြေ နိုင်ဖြစ်ရလေသည်။

ထို့မျှမက သိကြားမင်းသည် တစ် ခုသောကာလ၌ ဝေပစိတ္တိအသူရာနတ် မင်းကြီး၏သမီးတော် ကြင်ရာတော်ရွေး ပွဲသို့ အဘိုးအိုအသွင် ဖန်ဆင်း၍ သွား ရောက်ခဲ့ပြီးနောက် ထိုအသူရာနတ်မင်း ကြီး၏သမီးတော် သုဇာတာနတ်သမီးကို တာဝတိံသာသို့ ဆောင်ယူခဲ့ပြန်လေ သည်။ ဤသို့ဖြင့် အသူရာနတ်မင်းကြီး ရင်ထဲ၌ သိကြားမင်းအပေါ် အမုန်းအား

www.burmeseclassic.com

www.burmeseclassic.com

အငြိုးအတေးများ ကြီးထွားကာ သခွတ်ပင်တွေပွင့်သည့်အခါရောက်တိုင်း မကျေချမ်းနိုင်ဖြစ်နေရသော အသူရာနတ်မင်းကြီးနှင့် အသူရာနတ်တို့သည် တာဝတိံသာမြင်းမိုရ်ထက်သို့တက်၍ စစ်တိုက်လေ့ရှိခဲ့ကြလေ၏။

ဤကား ငါးရာ့ငါးဆယ်နိပါတ်တော် ကုလာဝကဝဂ်၊ ကုလာဝကဇာတ်တော်လာ သိကြားမင်းနှင့် အသူရာနတ်မင်းကြီးတို့၏ နောက်ခံသမိုင်းကြောင်းဖြစ်လေသည်။ ထိုဇာတကဝတ္ထုတော်ကို မှီ၍ အထက်ပါအတိုင်း မန္တလေးမြို့မ ဆရာငြိမ်းက ခံစားတေးသီထားခဲ့ခြင်းဖြစ်ပေသည်။ ဤသို့သောအကြောင်းရင်းများကြောင့် အသူရာနတ်တို့နှင့် တာဝတိံသာနတ်တို့ မကြာခဏ စစ်ခင်းလေ့ရှိကြရာ ရံခါ တာဝတိံသာနတ်တို့က စစ်ရေးသာသကဲ့သို့ ရံခါ၌လည်း အသူရာနတ်တို့က စစ်ရေးသာလေသည်။

တစ်ခုသော အသူရာနတ်တို့နှင့် တာဝတိံသာနတ်တို့ စစ်ခင်းကြသောကာလ၌ အသူရာနတ်တို့ စစ်ရေးသာသဖြင့် အယုဇ္ဈပုရ အမည်တွင်သော တာဝတိံသာနတ်မြို့တွင်းအထိ တာဝတိံသာနတ်တို့နှင့် သိကြားမင်းတို့ ထွက်ပြေးဆုတ်ခွာခဲ့ကြရလေသည်။ ဤတွင် စစ်ရေးသာသဖြင့် အားတက်သရောဖြစ်ကာ အသူရာနတ်တို့သည် တာဝတိံသာနတ်တို့နောက်သို့ အတင်းလိုက်လာကြရာ နန်းမြို့တော်အနီးထိတိုင် ရောက်ကြလေသည်။

သို့ရာတွင် နန်းမြို့တော်လေးဖက်လေးတန်ရှိ မြသားကျောက်တိုင်ရေးထိုးထားသော သိကြားမင်း၏ ကျောက်စာတိုင်ဂါထာများကို မြင်ရသည်၌ဇက်၌ အသူရာနတ်တို့ ကြက်သီးမွေးညင်းများ ထလာသည်အထိ ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ကြကာ ဆုတ်ခွာထွက်ပြေးခဲ့ကြရလေတော့သည်။ အသူရာနတ်တို့သည် စစ်ရေးသာသဖြင့် တာဝတိံသာအထိ ချဉ်းကပ်ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည့်အခါတိုင်း ထိုသိကြားမင်း၏ မြသားကျောက်စာတိုင်ဂါထာများကိုမြင်တိုင်း ကြောက်ရွံ့ထိတ်လန့် ဆုတ်ခွာ ထွက်ပြေးသာကြရသည်ချည်းသာ ဖြစ်လေသည်ဟု ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရှိတော်ဝိဒ္ဓိသိဒ္ဓိရှင်ကြီးများအစဉ်အဆက် ဆိုမိန့်ခဲ့ကြပါလေသည်။ ထိုသို့ အသူရာနတ်တို့ကိုပင် ထိတ်လန့် ကြောက်ရွံ့စေခဲ့သော သိကြားကျောက်စာတိုင်ဂါထာကား အောက်ပါအတိုင်း ဖြစ်ပါလေသည်။

### သိကြားကျောက်စာတိုင်ဂါထာ

*ဝေဒါသာကု၊ ကုသာဒါဝေ၊*
*ဒါယသာတ၊ တသာယဒါ၊*
*သာသာဒိကု၊ ကုဒိသာသာ၊*
*ကုတကုဘ၊ ဘကုတကု။*

**ဝေဒါသာ-** ရန်အပေါင်းတို့သည်၊ **ကု-** ဝေးစွာအရပ်သို့ခွာ၍၊ **ဝေ-** စင်စစ်၊ **ကုဒါသာ-** ပျောက်ပျက်စေကုန်သတည်း။ **ဒါယသာ-** အခြံအရံ အကျော်အစောတို့သည်၊ **တ** - လျင်စွာဖြစ်စေသတည်း။ **တသာ** - ကောင်းသောဥစ္စာပရိက္ခရာတို့သည်၊ **ယဒါ** - အလိုအတိုင်း ပြည့်စုံစေသတည်း။ **သာသာ-** ကြီးသောဘုန်းတန်ခိုးအသရေတို့သည်၊ **ဒိကု-** လျင်စွာပြည့်စုံသည်ဖြစ်၍၊ **ကုဒိ-** ကောင်းသောအခြံအရံတို့သည်၊ **သာသာ-** ကောင်းစွာပြည့်စုံစေသတည်း။ **ကုတ** - ကြီးသောလာဘ်လာဘတို့သည်၊ **ကုဘ** - မပျောက်မပျက်ရောက်သည်ဖြစ်၍၊ **ဘကု** - ကောင်းသောအစီးအပွားတို့သည်၊ **တကု-** လျင်စွာရောက်စေသတည်း။

ဤဂါထာကို ဂမ္ဘီရဝိဇ္ဇာမယလောကီပညာရှင်တို့က အထက်ဖါအတိုင်း သိကြားကျောက်စာတိုင်ဂါထာဟုသာ အခေါ်များကြပါသည်။အချို့က ဂါထာပြန်ဟုလည်းကောင်း၊ ဂါထာပုံဟုလည်းကောင်း၊ အချို့သော ဂါထာမန္တန်စာအုပ်များ၌မူ ဝေဒါသာကုဂါထာဟု လည်းကောင်း ခေါ်ဆိုရေးသားလေ့ ရှိကြပါသည်။ သိကြားကျောက်စာတိုင်ဂါထာဟု ခေါ်ဆိုကြခြင်းကား အထက်တွင် ဖော်ပြခဲ့ပြီးသော သာဓကဇာတကဝတ္ထုဇာတ်လမ်းအကျဉ်းအရ အသူရာနှင့် တာဝတိံသာနတ်တို့ စစ်ပြုကြသောအခါ တာဝတိံတာနတ်မြို့လေးထောင့်တွင် သိကြားမင်း စိုက်ထားသော မြကျောက်တိုင်လေးတိုင်တွင် ရေးထွင်းထားသည့် ဂါထာဖြစ်ပြီး အသူရာနတ်တို့ ကြောက်ရွံ့ ထွက်ပြေးရသည့်ဂါထာ ဖြစ်သောကြောင့် ထိုသို့ ခေါ်ဆိုကြခြင်း ဖြစ်ပေသည်။ ထိုသို့ သိကြားကျောက်တိုင်စာဟု ယုံကြည်သည့်အားလျော်စွာ ဤဂါထာကို ရှေးဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင် ဆရာမြတ်တို့ လွန်စွာ အလေးထား ဆောင်ယူလေ့ရှိခဲ့ကြပေသည်။

ဂါထာပြန်ဟု ခေါ်ဆိုကြခြင်းမှာ ဤဂါထာ၏ဂါထာဖွဲ့စည်းပုံကို လေ့လာကြည့်သောအခါ ဂါထာ၏ဖွဲ့စည်းပုံတွင် အက္ခရာဝလိဂါထာစကားလုံးစာသားများကို ကက်ကင်းဓာတ်ပြန်မိအောင် အပြန်အလှန် စီရင်ရေးသွင်းထားခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရပေသည်။ ကက်ကင်းဆို သည်မှာ အင်္ဂဝိဇ္ဇာပညာ၏ အခေါ်အဝေါ် အသုံးအနှုန်းတစ်ခုဖြစ်ပါသည်။ အကျဉ်းအားဖြင့်ဆိုရသော် ကက်ကင်းဆိုသည်မှာ သက်ရှိ၊ သက်မဲ့အရာအားလုံးတို့ အမည်နာမနံစဉ်တို့ကို ရှေ့နောက်အစဉ်အတိုင်း ပြောင်းပြန်လှန်ပြုလုပ်ခြင်းသည် ကက်ကင်းပင် ဖြစ်ပါ သည်။

ဤကက်ကင်းနှင့် ပတ်သက်၍ မြန်မာ့အင်္ဂဝိဇ္ဇာပညာရပ်၌ 'ကက်ကင်းသေရှင်သူ၊ ထက်အောက်ပြန်လှန်ကူ၊ နံတူသတ်က၊ အသေရ' ဟု ဆိုထားပါသည်။ မြန်မာ့အင်္ဂဝိဇ္ဇာပညာတွင် ကက်ကင်းဓာတ်သည် ထက်မြက်လှသော သဘောရှိသဖြင့် ထိုကက်ကင်းဓာတ်ကို အခြေပြုလျက် ဓာတ်ယတြာအစီအရင်များ ပြုလုပ်လေ့ရှိကြပါသည်။ ကက်ကင်းကို ဥပမာအကျဉ်းဖြင့် ဖော်ပြရသော်-

ကသစ်(၂+၆) = သော်က(၆+၂)
မန်ကျည်း(၅+၂) = ကြောင်ပန်း(၂+၅)
ဆီးဖြူ(၃+၅) = ပင်စိမ်း(၅+၃)

ဤသို့ ထက်မြက်သောသဘောရှိသဖြင့် ထိုကက်ကင်းဓာတ်ပြန်သဘော ဂုဏ်သတ္တိစွမ်းအင်ကို ကောင်းစွာ နားလည်သဘောပေါက်ကြသည့်အားလျော်စွာ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှိကြီးများသည် ကက်ကင်းဓာတ်ပြန်ဂါထာမန္တန်တို့ကို စီရင်ထားခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ကက်ကင်းဓာတ်ပြန်စီရင်ထားသော ဂါထာမန္တန်များအနက် မူလဘူတ ကက်ကင်းဓာတ်ပြန်ဂါထာဖြစ်သည့်အတွက် ကက်ကင်းဓာတ်ပြန်ဂါထာများစွာရှိသည့်အနက် ဤဝေဒသာကု အစချီ ဂါထာကို ဂါထာပြန်ဟု ခေါ်ဆိုကြလေခြင်းပင် ဖြစ်ပါသည်။ စင်စစ် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာနယ်၌ ကက်ကင်းဓာတ်ပြန်ဂါထာမန္တန်များ များစွာ ရှိပါသည်။ မူလဘူတ အခြေခံဓာတ်ဖြစ်သော ထက်မြက်သည့် ကက်ကင်းဓာတ်ကို အခြေပြု ဖွဲ့စည်းစီရင်ထားသော ဂါထာမန္တန်များ ဖြစ်သည့်အားလျော်စွာ ထိုကက်ကင်းဓာတ်ပြန်ဂါထာမန္တန်တို့သည် အာနုဘော်ကြီးမားထက်မြက်လှသည့် ဂါထာမန္တန်များချည်းသာ ဖြစ်ကြပါသည်။

(ဤကက်ကင်းဓာတ်ပြန်ဂါထာမန္တန်များအကြောင်း ပိုမိုသိရှိလိုပါက



www.burmeseclassic.com

www.burmeseclassic.com

*၂၀၁၁ ခု၊ ဒီဇင်ဘာလ သူရဿမဂ္ဂဇင်း (၁၁) နှစ်ပြည့်အထူးထုတ်တွင် ကျွန်ုပ်ရေးသားထားသော 'မြန်မာ့ဂန္ဓာရီပိဋကမယကက်ကင်းဓာတ်ပြန်ဂါထာမန္တန်များနှင့် ဂုဏ်တော်ကျင့်စဉ်' ဆောင်းပါး၌ လေ့လာကြည့်ရှုနိုင်ပါသည်။)*

ဤသိကြားကျောက်စာတိုင်ဂါထာသည် ကက်ကင်းဓာတ်ပြန်ဂါထာပြန်ဖြစ်ကြောင်း အောက်တွင် လေ့လာကြည့်ပါက ကောင်းစွာ သိရှိနားလည်သဘောပေါက်လိမ့်မည်ဟု ထင်ပါသည်။

| | | | | |
|---|---|---|---|---|
| ဝေဒါသာကု | (၄+၀+၆+၂) | = | ကုသာဒါဝေ | (၂+၆+၀+၄) |
| ဒါယသာတ | (၀+၄+၆+၀) | = | တသာယဒါ | (၀+၆+၄+၀) |
| သာသာဒိကု | (၆+၆+၀+၂) | = | ကုဒိသာသာ | (၂+၀+၆+၆) |
| ကုတကုဘု | (၂+၀+၂+၅) | = | ဘုကုတကု | (၅+၂+၀+၂) |

BURMESE CLASSIC .com

အထက်ပါ နမူနာရှင်းလင်းချက်ကိုကြည့်၍ သိကြားကျောက်စာတိုင်ဂါထာတစ်ပုဒ်လုံး အပြန်အပြန်အလှန်လှန် ကက်ကင်းဓာတ်ပြန် စီရင်ထားကြောင်း တွေ့ရပါမည်။

ဤသိကြားကျောက်စာတိုင်ဂါထာ၏ အနက်ပြန်ဆိုချက်များကို လေ့လာကြည့်သောအခါ အများစုသည် အထက်တွင် ဖော်ပြခဲ့ပြီးသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်မျှကိုသာ တွေ့ရပါသည်။ အနက်ဖွင့်ဆိုပုံ အနည်းငယ်လွဲတတ်သည်မှလွဲ၍ ထိုနည်းနှင်နှင်ချည်းများသာဖြစ်ကြောင်း တွေ့ရပါသည်။ သို့သော် ဤသိကြားကျောက်စာတိုင်ဂါထာမန္တန်၏ အထက်ပါ အနက်ဖွင့်ဆိုချက်ထက် ပိုမိုကျယ်ပြန့်လေးနက် ဂမ္ဘီရဆန်သော အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်လည်းရှိသေးကြောင်း တွေ့ရပြန်ပါသည်။ ထိုအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မြန်မာနှစ် ၁၁၉၇ ခု၊ နယုန်လဆန်း ၆ ရက် တနင်္လာနေ့တွင် ပြန်ဆိုခဲ့သည်ဆိုထားရာ နှစ်ပေါင်း (၁၇၈) နှစ်ခန့်ကတည်းက ပြန်ဆိုချက် ဖြစ်ပါသည်။

## ၂။ သိကြားကျောက်စာတိုင်ဂါထာ၏ အနက်ဖွင့်ဆိုချက် (၂)

**ဒါသာကု** - အရိယမဂ် တည်းဟူသော အမြိုက်ဆေးကို တိုက်ပေးတော်မူသော မြတ်စွာဘုရား၊ ကိုယ်နှင့်မကွာ အရိပ်ပါသို့ အခါခပ်သိမ်းငြိမ်းစေတတ်သောတရား၊ အကုသိုလ်ကို ဖျက်ဆီးတတ်သော သံဃာရတနာသုံးပါးတို့၏ တန်ခိုးတေဇနုဘာဝကြောင့်၊ **ဝေ** - ခပ်သိမ်းဘေးဒဏ် ရန်မာန်အပေါင်း မကောင်းသမျှ အနိဋ္ဌမလထုပ် ဒုက္ခဝေဒနာ ကင်းကွာစင်ချုပ် ဝေးစွာကြဉ်ပစေကုန်သတည်း။ **ကုသာဒါ** - ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါး၊ ထိတ်လန့်ခြင်းကိုဖြစ်စေတတ်သော သံဝေဂဇနနီယတရှစ်ပါးတို့သည်၊ **ဝေ** - ခပ်သိမ်းဘေးဒဏ် ရန်မာန်အပေါင်း မကောင်းသမျှ အနိဋ္ဌမလထုပ် ဒုက္ခဝေဒနာ ကင်းကွာစင်ချုပ် ဝေးစွာကြဉ်ပစေကုန်သတည်း။ **ဒါယသာတ**- ဆင်းရဲကိုပေးတတ်သော၊ ဒုက္ခသစ္စာ၏ နှိပ်စက်တတ်သော ပီဠနအကြောင်းတရားတို့သည် ပေါင်း၍ပြုပြင်တတ်သောသင်္ခတ၊ ပူပန်စေတတ်သောသန္တာပ၊ အိုခြင်း၊ သေခြင်းဟု ဆိုအပ်သော နှစ်ပါးသော အခြင်းအရာသည် ဖောက်ပြန်စေတတ်သော ဝိပရိဏာမ ဟူသော အနက်လေးပါးကို မဖောက်မပြန် အမှန်ဟောတော်မူသော မြတ်စွာဘုရား၏ တန်ခိုးတေဇနုဘာဝကြောင့် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၏ အကြောင်းကောင်းမှုကို အားထုတ်နိုင်စေသတည်း။ **တသာယဒါ** - သူခိုးကဲ့သို့ ကောင်းမှုကို လုယက်ဖျက်ဆီးတတ်သော၊ သမုဒယသစ္စာ၏ဝဋ်ဆင်းရဲဖြစ်အောင် အားထုတ်တတ်သော အာယူဟန၊ ဝဋ်ဆင်းရဲ၏ အကြောင်းဖြစ်သော၊ နိဒါနဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော၊ သံယောဂမဂ်ရခြင်းကို ဖြစ်စေတတ်သော၊ ပလိဗောဓ ဟူသော အနက်လေးပါးကို မဖောက်မပြန် အမှန်ဟောတော်မူတတ်သော မြတ်စွာဘုရား၏ တန်ခိုးတေဇနုဘာဝကြောင့် သမုဒယသစ္စာကိုပယ်ခြင်း၏အကြောင်းကောင်းမှုကိုသာ အားထုတ်နိုင်စေသတည်း။ **သာသာဒိကု** - ငြိမ်းချမ်းလှသော နိရောဓသစ္စာ၏ ဝဋ်ဆင်းရဲမှလွတ်မြောက်ရာဖြစ်သော နိဿရဏ၊ ဆိတ်ငြိမ်သော ဝိဝေက၊ အကြောင်းတရားတို့သည် ပေါင်း၍ပြုပြင်အပ်သော သင်္ခတ၊ သေခြင်းမရှိသော အမတ ဟူသော အနက်လေးပါးကို မဖောက်မပြန် အမှန်သိတော်မူသော မြတ်စွာဘုရား၏တန်ခိုးတေဇနုဘာဝကြောင့် နိရောဓသစ္စာကို မျက်မှောက်ပြုရခြင်း၏ အကြောင်းကောင်းမှုကိုသာ အားထုတ်နိုင်စေသတည်း။ **ကုဒိသာသာ** - တစ်ထောင့်ငါးရာ ကိလေသာတို့ ပယ်ခွာနှိပ်စက်ဖျက်ဆီးတတ်သော မဂ္ဂသစ္စာ၏ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော နိယျာနိက၊ နိဗ္ဗာန်သို့ရောက်ခြင်းဖြစ်သော ဟေတု၊ နိဗ္ဗာန်ကိုမြင်တတ်သောဒဿန၊ သမ္ပယုတ္တတရားတို့၏ အကြီးအမှူးဖြစ်သော အဓိပတေယျဟူသောအနက်ကို မဖောက်မပြန် ဟောတော်မူတတ်သော မြတ်စွာဘုရား၏ တန်ခိုးတေဇနုဘာဝကြောင့် မဂ္ဂသစ္စာကိုပွားစေခြင်း၏ အကြောင်းကောင်းမှုကိုသာ အားထုတ်နိုင်စေသတည်း။ **ကုတကုဘု** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် တည်းဟူသော လောကုတ္တရာကိုးပါးကို ဝေနေယျသတ္တဝါတို့အားပေးတော်မူတတ်သော မြတ်စွာဘုရား၏ တန်ခိုးတေဇ နုဘာဝကြောင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းကောင်းမှုကိုသာ အားထုတ်နိုင်စေသတည်း။ **ဘုကုတကု** - လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီကိုဖြည့်တော်မူပြီးသော ပညာဓိကဘုရား၊ ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီကိုဖြည့်တော်မူပြီးသော သဒ္ဓါဓိကဘုရား၊ တစ်ဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတစ်သိန်းကို ပါရမီတော်ဖြည့်တော်မူပြီးသော ဝီရိယာဓိကဘုရား၊ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ကိုဖြည့်တော်မူပြီးသော ပစ္စေကဗုဒ္ဓါ၊ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကိုဖြည့်တော်မူပြီးသော အဂ္ဂသာဝက၊ ကမ္ဘာတစ်သိန်းပါရမီကိုဖြည့်တော်မူပြီးသော မဟာသာဝက၊ ကမ္ဘာအထောင်ကမ္ဘာအရာပါရမီကိုဖြည့်တော်မူပြီးသော ပကတိသာဝကတို့၏ တန်ခိုးတေဇ နုဘာဝကြောင့် ဗောဓိသုံးပါးတို့တွင် ကြိုက်နှစ်သက်အပ်သော ဗောဓိသို့ရောက်ကြောင်း ကောင်းသောအမှုကိုသာ အားထုတ်နိုင်စေသတည်း။

ဤကား ဝေဒါသာကု အစရှိသော သိကြားကျောက်စာတိုင်ဂါထာတော်၏ ဂမ္ဘီရလေးနက်ဆန်းကြယ်အသွယ်သွယ်သော ဘုရား၊ တရား၊ သံဃာ၊ ပစ္စေကဗုဒ္ဓါတို့၏ ဂုဏ်ထူးဝိသေသတို့အား ပူဇော်ခြင်း၊ သစ္စာလေးပါးတရားတို့ကို အာရုံပြုဆင်ခြင်ပွားများခြင်းမည်သော အဓိပ္ပာယ်တင်သည့် ပါဠိအနက်ပြန်ဆို



www.burmeseclassic.com

www.burmeseclassic.com

နက်အထူးကို သိမြင် ကြည်ညို အာရုံပြု ဆောင်ယူ ရွတ်ပွားစေနိုင်ရန်အလို့ငှာ ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း ဤဂါထာသည် တာဝတိံသာနတ်မြို့ ဖြစ်သော အယုဇ္ဈပူရမြို့၏ လေးဖက်၌ သိကြားမင်း စိုက်ထူထားသော မြသား ကျောက်စာတိုင်ပါဂါထာဖြစ်ပြီး အသူ ရာနတ်မင်းကြီးနှင့် နတ်စစ်သည်အ ပေါင်းပင်လျှင် ထိတ်လန့်ကြောက်ရွံ့ ထွက်ပြေးကြရလောက်အောင် တန်ခိုး အာနုဘော် ကြီးမားထက်မြက်လှသည့် ဂါထာဟု ယုံကြည်ကြသည့်အားလျော် စွာ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင် များ လက်စွဲပြု ဆောင်ယူလေ့ရှိကြသည့် ဂါထာတော်တစ်ပုဒ် ဖြစ်ပါသည်။ သို့ အားလျော်စွာ ဤသိကြားကျောက်စာ တိုင်ဂါထာကို ဂန္ဓာရီဝိဇ္ဇာမယလောကီ ပညာနယ်၌ အမျိုးမျိုး စီရင်အသုံးပြုကြ ပါသည်။

## ဂါထာမန္တန်အဖြစ်ဆောင်ယူရွတ်ပွားခြင်း

ဤသိကြားကျောက်စာတိုင်ဂါထာ မြတ်ကို ရွတ်ပွား ဆောင်ယူအပ်သော ဂါထာအဖြစ် ဂန္ဓာရီဝိဇ္ဇာမယလောကီ ပညာရှင်များသာမက ဂါထာမန္တန် လေ့လာလိုက်စားတတ်သော သာမန်လူ များလည်း ဆောင်ယူရွတ်ပွားလေ့ ရှိကြ ပါသည်။ ဤဂါထာမှာ သိကြားမင်း၏ တတ်စွဲဂါထာမျှမက ဂါထာ၏ ဖွဲ့စည်း ပုံမှာလည်း ကက်ကင်းဓာတ်ပြန်ပုံစံဖြင့် ဖွဲ့စည်းစီရင်ထားသောဂါထာ ဖြစ်သဖြင့် ထူးခြားစွာ သိဒ္ဓိတန်ခိုး အကျိုးကြီးမားစေ သောဂါထာ ဖြစ်သည်။

ဤဂါထာကို အမြဲရွတ်ဖတ်လျှင် ဘေးရန်ကင်းပါသည်။ တစ်လပြည့် အောင် မပြတ်ရွတ်ဖတ်ပွားများပါက ဘုန်းကျက်သရေတိုးစေ၏။ ပညာဉာဏ် ထက်သန်စေ၏။ ဤဂါထာကို ရွတ်နေစဉ် သူတစ်ထူးက မကောင်းကြံခဲ့ပါက သူ အကြံ ကိုယ့်မရောက်။ သူထံသူကိုပြန် ကျစေသဖြင့် တန်ပြန်၏။ သူပြုလူပြု ဂြိုဟ်တိုက်၊နတ်တိုက်တို့အတွက် အကွယ် အကာအလွန်ကောင်း၏။ အိပ်ရွတ်လျှင် တစ်ကိုယ်ကွက်၏။ ထိုင်ရွတ်လျှင် တစ် အိမ်ကွက်၏။ထရွတ်သော် တစ်ရပ်ကွက်၊ တစ်လမ်းလုံးကွက်၏။ ကျွဲ၊ နွား တိုးပွား စေလိုသော် သဲကိုမန်း၍ လယ်ထဲ၊ ခြံ ထဲသို့ပက်။ သီးနှံစိုက်ခင်းများ ပိုးမွှား အဖျက်များသော် သဲ၊ ရေတို့ကို မန်း၍ ပက်ပေးရ၏။ ကျောက်စရစ်လေးလုံးကို တစ်လုံးလျှင် ဤဂါထာဖြင့် (၈) အုပ်စီ မန်းပြီး ခြံလေးထောင့်၌မြှုပ်ပါက သူခိုး မဝင်နိုင်။ မြွေခဲလျှင် ရေကိုမန်းသောက်၊ အဆိပ်ကျ၏။ ဆီကို ဤဂါထာဖြင့်မန်း ၍လိမ်းသော် ကျက်သရေတိုး၏။ ယော ကျ်ားဖြစ်က မင်းသားအလား ထင်၏။ မိန်းမဖြစ်က မင်းသမီးအလား ထင်၏။ မင်းအစိုးရ၊ ကြီးသူအိမ်သို့တက်သော် သုံးကြိမ်ရွတ်၍တက်။ ပြောသမျှပြီး၏။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်သော် မျိုးစေ့၊ ပျိုးပင်များကိုမန်း၍ ကြဲပက် စိုက်ပျိုးခြင်းပြုပါက သီးနှံများ ပိုးမွှား အဖျက်ကင်းပြီး အပင်ဖြစ်ထွန်းစေ၏။ သီးနှံထွက်ကောင်းစေ၏။ ဘေးအန္တ ရာယ်ကြုံစဉ် ဂါထာကို မပြတ်ရွတ်ဖတ် က ဘေးရန်ကင်း၏။ အမြောက်၊ စိန် ပြောင်း၊ လက်နက်ဘေးရန်တို့မှလွတ်၏။

## သိကြားကျောက်စာတိုင်ဂါထာအား ဝိဇ္ဇာမယအင်းစမပညာဖြင့်စီရင်အသုံးပြုပုံများ

အထက်တွင် ဆွေးနွေးတင်ပြပြီး သမျှတို့ဖြင့် ချင့်ချိန် တွေးဆကြပါက ဤ သိကြားကျောက်စာတိုင်ဂါထာ၏ သိဒ္ဓိ တန်ခိုးအကျိုးဂုဏ်သတ္တိထက်မြက်ပုံကို ရိပ်စားမိလောက်ကြမည် ထင်ပါသည်။ ဤဂါထာ၏အကျိုးတန်ခိုး သိဒ္ဓိထက် မြက်ပုံကို ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ ရှင်ကြီးများကမူ ကောင်းစွာ ထိုးထွင်းသိ ရှိကြသည့်အားလျော်စွာ ဝိဇ္ဇာမယအင်း စမအတတ်ပညာကိုသုံးလျက် အင်းအစီ အရင်များအဖြစ် အမျိုးမျိုး စီရင်အသုံး ပြုခဲ့ကြပါသည်။ ထိုအစီအရင်မျိုးများထဲ မှ ဦးစွာ ဖော်ထုတ်တင်ပြလိုသော အစီ အရင်တစ်ခုမှာ အကျိုးပေး လျင်မြန် သော ဂါထာပြန်အင်းထပ်စီရင်နည်းပင် ဖြစ်ပါသည်။

## ၁။ အကျိုးပေးလျင်မြန်သော ဂါထာပြန်အင်းထပ်စီရင်နည်း

ဤအစီအရင်၏ အမည်ကိုက အင်းထပ်စီရင်နည်းဟု ဆိုထားလေရာ ဤအစီအရင်တွင် အင်းနှစ်ချပ်စီရင်ပြီး အင်းတစ်ချပ်က အပေါ်၊ အင်းတစ်ချက် က အောက်မှာထားလျက် မျက်နှာချင်း ဆိုင်ထပ်ပြီးလိပ်ကာ ပြုလုပ်စီရင် အသုံး ပြုရသောနည်း ဖြစ်ပါသည်။ ထိုအင်း နမူနာများမှာ အောက်ပါအတိုင်း ဖြစ် ကြပါသည်။

| | | | | | |
|---|---|---|---|---|---|
| | ဗျ | ဝါ | သု | ရေ | |
| ဒေ | ကာ | တိ | တ | ကာ | ဝါ |
| ကာ | သု | သု | နိ | တိ | တ |
| ဝါ | ဗျ | နိ | တ | ကာ | နိ |
| နိ | တိ | တိ | ဝါ | သု | သု |
| | ဒေ | တ | သု | ရေ | |

(၁) အပေါ်အင်းနမူနာပုံ

| | | | | | |
|---|---|---|---|---|---|
| | ကု | ဓာ | ယ | ဒိ | |
| ဝ | သာ | သာ | ဗု | သာ | ဓာ |
| သာ | ဓ | ယ | ကု | သာ | ကု |
| ဓာ | ဗု | ကူ | ကု | သာ | ကု |
| ကု | သာ | သာ | ဓာ | ဓ | ဒ |
| | ဝေ | ကု | ဒ | ဒိ | |

(၂) အောက်အင်းနမူနာပုံ

ဖော်ပြထားသော အင်းနမူနာတို့ တွင် အမှတ် (၁) အင်းသည် အပေါ်က ထားရမည့်အင်းဖြစ်ပြီး အင်းဆန်ဂါထာ များမှာ -

(၁) အပေါ်အင်းအတွက် -

ဒေဝါကာနိ၊ နိကာဝါဒေ၊ ဝါသုတိ သု၊ သုတိသုဝါ၊ ကာတိရေတ၊ တရေတိ ကာ၊ ဗျတသုနိ၊ နိသုတဗျ။

(၂) အောက်အင်းအတွက် -

ဝေဓာသာကု၊ ကုသာဓာဝေ၊ တယသာဒ၊ ဒသာယဓာ၊ သာသာဒိကု၊ ကုဒိသာသာ၊ ကုဗုဓကု၊ ကုဓဗုကု။

(ဤအောက်အင်းအတွက် အင်း ဆန်ဂါထာမှာ သိကြားကျောက်စာတိုင် ဂါထာပင်ဖြစ်ပြီး ဤအစီအရင်အတွက် မူရင်းကျမ်းစာပါ စာလုံးပေါင်းသတ်ပုံ အတိုင်းသာ ဖော်ပြထားခြင်း ဖြစ်ပါ သည်။)

အမှတ် (၁) အပေါ်အင်းအတွက် အင်းဆန်ဂါထာပါဠိအနက်မှာ အောက် ပါအတိုင်းဖြစ်သည်။

**ဒေဝါကာနိ-ဒေ-ဒေဝ-ဒေဝေန-** နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိ ဒေဝနတ်ဖြစ်တော်မူသောမြတ်စွာဘုရား သခင်သည်၊ **ဝါ-ဝါနသဒ္ဒါတာယ-** ဝါနဟု ဆိုအပ်သော၊ **ကာ-ကာမတဏှာယ-** ကာမတဏှာမှ၊ **နိ -** နိဗ္ဗာယိ ငြိမ်းအေး



www.burmeseclassic.com

www.burmeseclassic.com

တော်မူ၏။ (နိတာဝါဒေမှာလည်း ဤအနက်အတိုင်းသာ။)

**ဝါသုတိသုံ ။ သုဂတော** - ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်၊ ဝါ-ဝါနဟု ဆိုအပ်သော တဏှာမှ၊ **တိ-တိဏ္ဏေန အရဟတ္တမဂ္ဂဉာဏေန** - ထက်မြက်လှစွာသော အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ကောင်းစွာလွတ်တော်မူပြီး (သုတိသုဝါမှာလည်း အနက်ဤနည်းအတိုင်းပင်)။

**ကာတိရေတာ ။ ကာ-ကာမသဒိတံ** - ကာမဟု ဆိုအပ်သော၊ **ရေ** - အရေတစ်ထောင့်ငါးရာကိုလေသော တည်းဟူသောရန်သူတို့ကို၊ **တိ တိဏ္ဏေနအရဟတ္တမဂ္ဂေန**- ထက်မြက်လှစွာသောအရဟတ္တမဂ်ဖြင့်၊ **တ-တစ္ဆိ**- ဖြတ်တော်မူပြီး (တရေတိကာအနက်မှာလည်း ဤနည်းအတိုင်းပင်။)

**ဗျုတာသုနိ ။ ဗျု-ဗျုသနံ**- ဗျသနတရားငါးပါးကို၊ **တဆ္ဆေန** - ဖျက်တော်မူသဖြင့်၊ **သု-သုန္ဒရောဝ**- ကောင်းစွာသာလျှင်၊ **နိ-နိဗ္ဗာယိ** - ငြိမ်းအေးတော်မူပြီ။ (နိသုတဗျ- အနက်မှာလည်း ဤနည်းအတိုင်းပင်။)

အမှတ် (၂) အောက်အင်းဆန်ဂါထာဖြစ်သော သိကြားကျောက်စာတိုင်ဂါထာအနက်ကိုကား အထက်တွင် ဖွင့်ဆိုပြခဲ့ပြီးဖြစ်သဖြင့် ထပ်မံ မဖော်ပြတော့ပါ။

ဤဂါထာပြန်အင်းနှစ်ထပ် စီရင်နည်းကား -

နေ့ကောင်းရက်သာ အဝင်နက္ခတ်၊ သိဒ္ဓိ၊ လာဘ၊ အမြိတ္တစုတ်ကြိုက်သောနေ့အခါကောင်းတို့ကို ရွေးချယ်ပြီး ရေချမ်းအိုးအသစ်တို့တွင် ရေအပြည့်ထည့်။ ကြာပန်း၊ အောင်သပြေပန်း စသော ပန်းမျိုးစုံ၊ အမွှေးနံ့သာ၊ ဆွမ်းတို့ကို တန်ခိုးကြီးဘုရားရှေ့တော်တွင် တင်လှူ ဆက်လက်လျက် အထက်ပါ အင်း (၂) ခုကို ရွှေပြား၊ ငွေပြား၊ ကြေးပြား (ကြေးပြားတွင်ချပါက အင်းကို ရွှေချပေးလျှင် ပိုကောင်းပါသည်။) တို့တွင်ချပြီး အပေါ်အင်းကို အောက်အင်းပေါ်သို့ မျက်နှာချင်းဆိုင်အပ်လျက် ထိုအင်းနှစ်ထပ်ကို လိပ်၍ လက်ဖွဲ့ပြုရပါမည်။ ထို့နောက် အင်းလက်ဖွဲ့လိုဆောင်လျက် အင်းဆန်ဂါထာတို့ကို ပါဠိအနက်တွဲဖက်လျက် နေ့စဉ် သက်စေ့ သို့မဟုတ် တတ်စွမ်းသမျှရွတ်။(၇)ရက်တိတိ မြတ်စွာဘုရားကို ရှိခိုးပူဇော်ပြီး အလိုရှိသောဆုကို တောင်းရသည်။ အမှုအခင်း၊ တရားတဘောင် အပြိုင်အဆိုင်၊ စီးပွားပြိုင်၊ ပညာပြိုင်မှန်သမျှ အနိုင်ရကြောင်း၊ ဆုတောင်းပြည့်ကြောင်း၊ ဘုန်းတန်ခိုးကြီးစေကြောင်း၊ စီးပွား၊ အလုပ်အကိုင်များ တိုးတက်အောင်မြင်စေကြောင်း၊ အကြံအစည်များအောင်မြင်စေကြောင်းစသည်ဖြင့် လိုအပ်သည်ကို အဓိကထား၍ နေ့စဉ် ဆုတောင်းရမည်။ (၇) ရက်မပြည့်မီ မိမိအလိုဆန္ဒတို့ အောင်မြင်ပြည့်စုံစေပါသည်။ ထို့ကြောင့်လည်း ဤအင်းအစီအရင်ကို အကျိုးပေးလျင်မြန်သော ဂါထာပြန်အင်းထပ် (ဝါ) ဂါထာပြန်အင်းနှစ်ထပ်စီရင်နည်းဟု ခေါ်ခြင်း ဖြစ်ပါသည်။ အကြောင်းထူး၊ အရေးအရာအထူးကိစ္စများပေါ်လာပါက ဤအင်းလက်ဖွဲ့အစီအရင်ကို သန့်ရှင်းသောရေတွင်စိမ်ပြီးလျှင် ၎င်းရေကို နဖူး၊ ဆံစ၊ မျက်နှာ စသော ထွတ်မြတ်သောနေရာများတွင်သုတ်လိမ်း၊ ရေကိုလည်းအနည်းငယ်သောက်ပြီး အင်းဆန်ပါဠိအနက်ဂါထာကိုရွတ်၍ လိုသောဆုတောင်းပြီးဆောင်ထားပါလေ။ မကြာခင် အောင်မြင်ပြည့်စုံပါသည်။ အကျိုးပေးလျင်မြန်ထက်မြက်လှကြောင်း၊ ဉာဏ်ရှိသလိုသုံးနိုင်ကြောင်း ညွှန်းဆိုဖော်ပြထားပါသည်။ မယုံလျှင် ဤအင်းဖြင့် ဆုတောင်းပြီး စာရေးတံမဲချ၍စမ်းပါလေ။ (ယခုခေတ်အလိုမူ ကံစမ်းမဲနှိုက်ခြင်း၊ ထီထိုးခြင်းတို့၌ စမ်းသပ်သုံးသင့်ပါသည်။)

## ၂။ ဂါထာပြန်အင်းစကြာစီရင်နည်း

ယခု ဒုတိယမြောက်အနေဖြင့် သိကြားကျောက်စာတိုင်ဂါထာကိုသာ အဓိကမဏ္ဍိုင်ပြုစီရင်ရသော ဂါထာပြန်အင်းစကြာစီရင်နည်းကို ဖော်ထုတ် တင်ပြလိုပါသည်။ ဖော်ပြထားသော ဂါထာပြန်အင်းအင်းစကြာနမူနာများကိုကြည့်ပါက လက်ယာအင်းစကြာနှင့် လက်ဝဲအင်းစကြာ ဟူ၍ တွေ့ရပါမည်။ လက်ယာအင်းစကြာမှာ စကြာ၏ လားရာသည် နာရီလက်တံအတိုင်း လည်ပတ်ဟန်ဖြစ်၍ လက်ဝဲအင်းစကြာမှာ နာရီလက်တံအသွားနှင့် ဆန့်ကျင်ဘက်လက်ဝဲရစ်အသွားဖြစ်သဖြင့် ထိုအင်းကို လက်ဝဲအင်းစကြာဟုခေါ် ဆိုခြင်း ဖြစ်ပေ၏။

အထက်၌ တင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ဤသိကြားကျောက်စာတိုင်ဂါထာမှာ သာမန် ဆောင်ယူရွတ်ပွားရုံမျှနှင့်ပင် ဘေးအပေါင်း၊ ရန်အပေါင်း၊ မကောင်းသူပြု အကြံအစည် အတိုက်အခိုက်မှန်သမျှတို့ ဂါထာဆောင်ထားသူထံမရောက်၊ ပြုသူထံ တန်ပြန်ရောက်ရသည်။ သာမန်အဝရုဒ္ဓကနတ်ဆိုးနတ်မိစ္ဆာ၊ စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်၊ သင်းကွဲ၊ ကျတ်၊ ပြိတ္တာ၊ မှင်စာမျှလောက်သော နာနာဘာဝတို့ကို မဆိုထားဘိ၊ တန်ခိုးကြီးသော အသူရာနတ်တို့ပင် တာဝတိံသာ နတ်မြို့ရွာထိ ချဉ်းကပ်စစ်ခင်းခြင်းငှာ မစွမ်းနိုင်ရသော ဂါထာဖြစ်ရာ ဤသို့ ဂန္ဓာရီဝိဇ္ဇာမယအင်းစပညာအတတ်ဖြင့် စကြာအင်းများအဖြစ်ဆောင်ယူထားနိုင်လေလျှင်မူကား အထူးဆိုဖွယ်ရာမရှိတော့။

ဤအင်းစကြာ အစီအရင်မှာ လက်ယာအင်းစကြာနှင့် လက်ဝဲအင်းစကြာဟူ၍ကွဲလွဲသကဲ့သို့ အဓိကအကျိုးတန်ခိုးသိဒ္ဓိတို့လည်း ကွာခြားကြပါသည်။


ဂါထာပြန် လက်ယာအင်းစကြာကို ဆောင်ထားသူတို့အား ဘုန်းကျက်သရေတိုးစေသည်။ စီးပွားလာဘ်လာဘတို့ တိုးပွားစေသည်။ ထိုအင်းကို ရေစိမ်ပြီး သစ်ပင်သီးနှံများ၊ လယ်ယာ၊ ခြံမြေများတွင် ပက်ဖျန်းပေးက သီးနှံများဖြစ်ထွန်းအောင်မြင်စေသည်။ ကုန်ပစ္စည်းများ၊ ဈေးဆိုင်၊ စတိုးဆိုင်၊ ကုန်တိုက်စသည်တို့တွင် အင်းဆောင်ထားခြင်း၊ အင်းကို ရေစိမ်ပက်ဖျန်းပေးခြင်းပြုပါက အရောင်းအဝယ်သွက်လက်ကောင်းမွန်စေသည်။ အလုပ်ရုံ၊ စက်ရုံ၊ ကုမ္ပဏီရုံးခန်းများတွင် ဤလက်ယာအင်းစကြာကို ရွှေပြားတွင် စီရင်ဆောင်ယူထားစေက လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်ကြီးပွား တိုးတက်စေသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ (ဥပမာ အနီးအဝေးခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အဝေးပြေးယာဉ်ကားလုပ်ငန်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အငှားကားလုပ်ငန်းများ၊ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းများ စသည်) ၌ ဆောင်ထားလေက သွားလမ်းသာ၍ လာလမ်းဖြောင့်စေသည်။


ဂါထာပြန်လက်ဝဲအင်းစကြာသည် ဆောင်ထားသူတို့အား ကိုယ်လုံစေ၏။ အိမ်ခြံဝင်း၊ ရုံးအဆောက်အအုံများ၊ စက်ရုံ၊ သိုလှောင်ရုံများ၌ ဆောင်ထားက ခိုးသူရန်ဘေး ကင်းဝေးစေသည်။ စုန်း၊ ကဝေ၊ ဇော်ဂနီ၊ ဇော်ဂနက်၊ တစ္ဆေ၊ မြေဖုတ်၊ အဝရုဒ္ဓကနတ်ဆိုးနတ်မိစ္ဆာတို့ မနှောင့်ယှက်နိုင်။ မချဉ်းကပ်ရဲ၊ သူပြုလူပြု၊ စုန်းတိုက်၊ နတ်တိုက်၊ အမှောင့်ပယောဂအတိုက်အခိုက်များ ကိုယ့်ထံ



www.burmeseclassic.com

www.burmeseclassic.com





ရောက်။ ပြုသူထံသို့ ပြန်ရောက်စေသည်။ တန်ပြန်အကျိုးတန်ခိုးသိဒ္ဓိကိုဆောင်၏။ ဤဂါထာပြန် လက်ယာ၊ လက်ဝဲအင်းစကြာနှစ်ခုလုံးကို ဆောင်ထားလေက အင်းစကြာတို့၏ အကျိုးသွားနှစ်မျိုးလုံး ကို ရရှိခံစားစေနိုင်သည်။ အဓွကိစ္စ အလုံးစုံပြီးစေသည်။

**ဂါထာပြန်အင်းစကြာစီရင်နည်း**


၁။လက်ယာအင်းစကြာကို အဝင်နက္ခတ်၊ သိဒ္ဓိ၊ လာဘ၊ အမြိတ္တစုတ်တစ်မျိုးမျိုးကြိုက်သောအခါကိုရွေး၍ စီရင်ရပါမည်။ (နှစ်ဖက်မြင်သော် ပိုကောင်း၏။)

၂။ ဦးစွာ စကြာပုံကို မျဉ်းများဆွဲ၍ ရေးဆွဲရပါမည်။ ထက်-အောက်(အရှေ့-အနောက်)၊ တောင်-မြောက် ရေးဆွဲရပါမည်။ထက်-အောက်ရေးဆွဲသောအခါ 'ဉုံ ပရိဘာဂံ ပရိစ္ဆေဒံ' ဟု ဟိန်းရွတ်လျက် လည်းကောင်း၊ မြောက်မှ တောင်သို့ ကြက်ခြေရေးဆွဲသောအခါ 'ဉုံ ငှာနေ ငှာနေ ဒက္ခိနေ' ဟု ဟိန်းလျက် လည်းကောင်း ရေးဆွဲမျဉ်းသားရပါမည်။

၃။ စကြာပုံမျဉ်းများသားပြီးသောအခါ-လက်ယာအင်းစကြာတွင် ဂါထာတစ်ပါဒချင်းကို နာရီလက်တံအတိုင်း ရေးသွင်းပြီး လက်ဝဲအင်းစကြာတွင် ဂါထာတစ်ပါဒချင်းကို လက်ဝဲရစ်နာရီလက်တံပြောင်းပြန်အလှည့်အတိုင်းရေးသွင်းရပါမည်။

၄။ ဂါထာစာသားအက္ခရာဝလိများကို ရေးသွင်းရာ၌ ဂါထာတစ်ပါဒချင်း၏ အက္ခရာအသွား၊အပြန်အလိုက် အတိအကျ တည့်မတ်နေရန် သတိပြုပါ။

ဥပမာ-




အထက်ပါ နမူနာရေးသွင်းပုံကို ကြည့်လျှင် ဂါထာတစ်ပါဒချင်း၏အသွားအပြန်အက္ခရာဝလိတို့ အတိအကျထက်-အောက် တည့်မတ်စွာ ရေးသွင်းထားကြောင်း တွေ့ရပါမည်။

၅။ဂါထာပြန်အသားများကို စကြာပုံအတွင်း စနစ်တကျရေးသွင်းပြီးနောက် စဓဗဝအက္ခရာစမကြီးလေးလုံးနှင့် နဝင်းစမတို့ကို သက်ဆိုင်ရာ လက်ယာ၊ လက်ဝဲအင်းစကြာအသွားအတိုင်း ရေးသွင်းရပါမည်။

၆။ အင်းအဟိန်းဂါထာဖြင့် -

(၁) ဂါထာပြန် သိကြားကျောက်စာတိုင်ဂါထာနှင့် (၁၀၈) အုပ် (တတ်နိုင်က တစ်ထောင်စီ စုတ်ပါ။)

(၂) စက္ခုမာစရ၊ မာစိဏ္ဏော၊ ဓမ္မာညု ဓမ္မသာမိကော၊ ဗလူပေတော ဗလဓရော၊ ဝရဒေါ ဒေတု မေ ဝရံ ဟူသော စမကြီးလေးလုံးဂါထာဖြင့် (၁၀၈) အုပ်စုတ်ပါ။

၇။ ကျန်လုပ်ထုံးလုပ်နည်းများကို အင်းစီရင်နည်း နိဿရည်းများအတိုင်း ဆက်လုပ်ပါ။


**၃။ ဘောရန်ခပ်သိမ်း တားမြစ်ကာဆီး သရဖူအင်းကြီး**

တန်ခိုးအာနုဘော်အရှိန်အဟုန်ကြီးသော ဤသိကြားကျောက်စာတိုင်ဂါထာပြန်ကား ဂန္ဓာရီဝိဇ္ဇာမယအင်းစမအတတ်ပညာဖြင့် ရှေးဆရာမြတ်တို့ ဖန်



www.burmeseclassic.com

www.burmeseclassic.com




**ဘေားရန်ခပ်သိမ်း တားမြစ်ကာဆီး သရဖူအင်းကြီး**

တီးစီရင်ခဲ့သော အစီအရင်တစ်ခု ဖြစ်သည်။ ဤဘေးရန်ခပ်သိမ်းတားမြစ်ကာဆီး သရဖူအင်းတော်ကြီးတွင် သိကြားကျောက်စာတိုင် ဂါထာပြန်နှင့်အတူ အခြားသော ဂါထာပြန်တစ်ခုနှင့်ပါ တွဲဖက်လျက် စီရင်အသုံးပြုထားကြောင်း တွေ့ရပါသည်။ ဤအင်းအစီအရင်မှာ ရှေးဝိဇ္ဇာမယအင်းစမပညာရှင်ကြီးများ အလေးထား ညွှန်းဆိုလေ့ရှိသော အစီအရင်ထူးတစ်ခုဖြစ်သည့်အားလျော်စွာ ဖော်ထုတ်တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

အင်းဆန်ဂါထာ (၁) သိကြားကျောက်စာတိုင်ဂါထာ။

(၂) နမေနောမ၊ မနောဓမေန၊ မေတုဟေတံ၊ တံမောတုမေ၊ နောမောကောမ၊ မကောမောနော၊ မတံမဂ၊ ဂမတံမ။

အင်းအရံများ (၁) ဧဝမာဟ၊ ဧဝမာဟ။

(၂) >ʌ/7˂ʌ<6
(အန္တော-ဂဗ္ဘော-စရေ-ဝံသေ)

အင်းအဟိန်းဂါထာများ -

(၁) သိကြားကျောက်စာတိုင်ဂါထာနှင့် (၁၀၈) အုပ်။

(၂) အင်းဆန်ဂါထာအမှတ် (၂) နှင့် (၁၀၈) အုပ်အသီးသီးစုတ်ရပါမည်။

အင်း၏ အကျိုးကား ဘေးရန်အပေါင်းမှ ကင်းဝေးစေ၏။ ရန်အပေါင်းကို ပယ်နိုင်၏။ သူတစ်ထူး မကောင်းမကြံစည်နိုင်။ ဘုန်းကြီးစေ၏။ ဉာဏ်ရှိသလိုသုံးတု ဆိုပါသည်။

## ၄။ ကျန်စစ်သားကို သိကြားပေးသည့် ဂါထာလက်ဖွဲ့

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ဟိ | ဟိ | | | |
| | | မာ | တေ | တေ | မာ | | |
| | န | မာ | န | န | မာ | န | |
| တော | တေ | တာ | န | န | တာ | တေ | တော |
| ဝ၁ | ဥ | ငထ | ဃ် | ဃ် | ငထ | ဥ | ဝ၁ |
| | က | ငထ | ထ | ထ | ငထ | က | |
| | | ဠ | ဃ် | ဃ် | ဠ | | |
| | | | ငံ | ငံ | | | |

ဖော်ပြပါ သရဖူပုံအင်းအစီအရင်မှာ မူလကျမ်းရင်းတွင် ကျန်စစ်သားကို သိကြားမင်းပေးသည့်ဂါထာလက်ဖွဲ့အင်း ဟု ဆိုထားပါသည်။

အင်းဆန်ဂါထာများ (၁)သိကြားကျောက်စာတိုင်ဂါထာ။

(၂) တောတေတာန၊ နတာတေတော၊ တေနမာန၊ နမာနတေ၊ တာမာမာတေ၊ တေမာမာတာ၊ နနတေဟိ၊ ဟိတေနန။

အင်းအရံများ- ဧဝမာဟ၊ >ʌ/7˂ʌ<6 (အန္တော-ဂဗ္ဘော-စရေ-ဝံသေ)

အင်းအဟိန်းဂါထာများ -

(၁) သိကြားကျောက်စာတိုင်ဂါထာ (၁၀၈) အုပ်။

(၂) အင်းဆန်ဂါထာအမှတ်(၂) ဂါထာပြန် (၁၀၈) အုပ်အသီးသီးစုတ်ရမ်း

ဖော်ပြပါ ကျန်စစ်သားကို သိကြားမင်းပေးသည် ဆိုသော ဂါထာလက်ဖွဲ့အင်းကို လေ့လာကြည့်ပါက အမှတ်(၂) အင်းဆန်ဂါထာပြန်ကို အပေါ်တွင်လည်းကောင်း၊ သိကြားကျောက်စာတိုင်ဂါထာကို အင်း၏အောက်ပိုင်းခွဲထားပြီး အင်းဆန်ဂါထာပြန်(၂) ပုဒ်ကို မျက်နှာချင်းဆိုင် စီရင် ရေးသွင်းထားကြောင်း တွေ့ရပါမည်။ အင်းစီရင်ပုံနှင့် အင်းအသွားမှာ အထက်တွင် ဖော်ပြခဲ့ပြီးသော 'ဘေးရန်ခပ်သိမ်း တားမြစ်ကာဆီး သရဖူအင်းကြီး' အတိုင်းပင် ဖြစ်ပါသည်။ ထို့အပြင် အင်းအရံများရေးသွင်းပုံမှာလည်း ထိုနည်းလည်းကောင်းအတိုင်းပင်ဖြစ်သဖြင့် ထပ်မံ ရေးသွင်းမပြတော့ပါ။ အဆိုပါ အင်းအစီအရင်နှစ်ခုကွာခြားပုံမှာ သိကြားကျောက်စာတိုင်ဂါထာကို မဏ္ဍိုင်ပြုလျက် မတူညီကွဲပြားသော ဂါထာပြန်များဖြင့် တွဲဖက်ရေးစီရင်ရခြင်းပင် ဖြစ်ပါသည်။

ဤတွင် ကြုံကြိုက်တုန်း ပြောချင်သည်မှာ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတွင် ဤသို့သောသိကြားကျောက်စာတိုင်ဂါထာပြန် အပါအဝင် ဂါထာပြန်များစွာကို အသုံးပြုစီရင်လေ့ရှိကြောင်း မကြာခဏ တွေ့ရပါသည်။ စိတ်ဝင်စားသူများ ဂါထာပြန်အတန်စုံလင်စွာ ဖော်ပြထားသည့် အထက်တွင် ညွှန်းထားသည့်ဆောင်းပါးကိုရှာ၍ လေ့လာကြည့်ကြပါလေကုန်။ အကယ်၍ အလွန်စိတ်ဝင်စားပြီး ဂါထာပြန်များကို အမှန်လိုချင်ပါသော်လည်း ညွှန်းဆိုထားသောဆောင်းပါး ရှာ၍မရသော် ပညာလိုလားသူများရှိပါက ဤမဂ္ဂဇင်းကြီးမှတစ်ဆင့် ဆက်သွယ်တောင်းဆိုက ပညာဒါနပြု၍ကျွန်ုပ်ပို့ပေးပါမည်။

ဤအင်း၏အကျိုးကား ရွှေ ငွေ ခဲပြား၊ ကြေးပြား ရရာတွင် ရေးစီရင်ပြီး လက်ဖွဲ့ထိုး၍ဆောင်ရပါမည်။ ထိုလက်ဖွဲ့အောင်သော်ကား လက်ဖွဲ့ကို နှုတ်တွင်ငုံ၍သွားသော် နေ့ခင်းပင်ဖြစ်လင့်ကစား ရန်သူတို့အလယ်၌ ကိုယ်ပျောက်၏။ ရှားနှစ်သားအရှည်သုံးထွာထဲတွင် ဤအင်းကိုသွတ်သွင်းလျက် မြို့ရွာလေးထောင့်၌စိုက်သော် မြို့ရွာလုံ၏။ စည်ပင်ဖွံ့ဖြိုးသာယာ၏။ အကျိုးကား တစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com

တန်၏ဟု ဆိုပါသည်။

ဤအင်းကို အိုးထိန်းလက်စက် ဆီမီးခွက်တွင်ချပြီး ရန်ကို လိုသော် ခြေကြိုး၊ လက်မကြိုးနှင့် မီးစာလုပ်၍ ဆီ (၅) ကျပ်သားထည့်ပြီး ထွန်းပါလေ။ ရွာသူဖြစ်လျှင် ရွာသူလာရ၏။ နတ်တိုက် ဖြစ်လျှင် နတ်လာရ၏။ နတ်အမိက သစ်ပင်လဲပြို၏။ သစ်ကိုင်းကျိုးသည် အထိ ပြင်းထန်၏။ ပြုသောနတ်တိုက် ခံတ်မခံနိုင်။ သတ္တဝါတို့ ပျက်စီးသေကျေ ခြင်းကို မဖြစ်စေအောင် မေတ္တာထားပါ။ အကြောင်းသော်ကား ဆီအကုန်မီးထွန်း လျှင် ပြုသူတို့ ဆီခန်းသည်နှင့် အိမ်လုံး သေ၏။ ဘုန်းတန်ခိုးကြီးလိုသော်၊ တန်ခိုးအာဏာကြီးမြင့်လိုသော်၊ ရာထူး ဌာနန္တရတိုးတက်လိုသော် ဖောင်းထုပ် ပန်ဆာ၊ ခေါင်းပေါင်းချည်များကို မီးစာ ပြု၍ အထက်ပါအတိုင်း မီးစာခွက်၌ အင်းချ၍ထွန်းပါလေ။ အိမ်ရာမြေမသန့် သော် ထိုအတိုင်း မီးထွန်း။ ဤသိကြား ကျောက်စာတိုင်ဂါထာပြန်နှင့် ဤတော ဘောတာန အစချီ ဂါထာပြန် နှစ်ပုဒ်တွဲ ကို မပြတ်ရွတ်သော် အကျိုးကျေးဇူး ကြီးမားလှ၏ဟု ညွှန်းထား၏။

**ကြွဆိုတံ ခေါ် အလုံးစုံရသောအင်း**

ဤယခုထပ်မံဖော်ပြသော ကြွဆို တံခေါ် အလုံးစုံရသောအင်းဟု မူရင်း ကျမ်းအညွှန်းပါ အစီအရင်မှာလည်း အခြားမဟုတ်။ သိကြားကျောက်စာတိုင် ဂါထာပြန်ကိုပင် အင်းသွားတစ်မျိုးတစ် ဖုံ ပြောင်းလဲရေးသွင်းစီရင်အပ်သော အင်းအစီအရင်ပင်ဖြစ်ပြီး အင်းအသွား ကိုလိုက်၍ အဝင်အင်းနှင့် အထွက်အင်း ဟု ခွဲခြားစီရင်ထားကြောင်း တွေ့ရပါ သည်။ အင်းအစီအရင် နမူနာများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

| | | | | | |
|---|---|---|---|---|---|
| | ဝေ | ဝေ | ယ | ဘု | |
| တ | သာ | ကု | ဒါ | ဒါ | ဒါ |
| ကု | ဒါ | ကု | ဘု | သာ | သာ |
| တ | ကု | ကု | တ | သာ | ယ |
| သာ | ဒိ | တ | သာ | ကု | ကု |
| | ဒိ | ကု | သာ | သာ | |

**အဝင်အင်း**

| | | | | | |
|---|---|---|---|---|---|
| | ကု | ကု | သာ | ကု | |
| ဒါ | ဒိ | သာ | တ် | သာ | သာ |
| တ | တ | ဝေ | ကု | ဒါ | ကု |
| ကု | သာ | တ | ဒါ | ဒါ | သာ |
| ကု | သာ | ကု | ယ | ဘု | ဝေ |
| | သာ | ကု | ယ | ဒိ | |

**အထွက်အင်း**

| | | | |
|---|---|---|---|
| ဝေ | ဒါ | သာ | ကု |
| ဒါ | ယ | သာ | တ |
| သာ | သာ | ဒိ | ကု |
| ကု | တ | ကု | ဘု |

**အသွားအင်း**

ဤအစီအရင်၏ အင်းနမူနာပုံစံ များကို လေ့လာကြည့်သောအခါ အင်း (၃) ကွက်ပါဝင်ပြီး အဝင်အင်း၊ အထွက် အင်းနှင့် အသွားအင်း ဟူ၍ တွေ့ရပါ သည်။ အဝင်အင်း၊ အထွက်အင်းတို့မှာ သိသာထင်ရှားလှ၍ ပြောရန်မရှိပါ။ သို့သော် တတိယမြောက်အင်းကွက်ကို အသွားအင်းဟု ခေါ်ဆိုရခြင်းမှာ သိကြားကျောက်စာတိုင်ဂါထာ၏အသွား ဂါထာပါဒများကိုသာ ရေးသွင်းစီရင် ထားပြီး ကက်ကင်းအပြန်အလှန်ဂါထာ ပါဒများကို ချန်လှပ်ထားခြင်းကြောင့် ဖြစ် ပါသည်။ ဥပမာ- ဝေဒါသာကုကိုသာ ရေး ထားပြီး ကုသာဒါဝေ ဟူသော အပြန်အလှန်ဂါထာပါဒများကိုမူ ချန် လှပ်၍ ရေးသွင်းစီရင်ထားကြောင်း တွေ့ ရမည် ဖြစ်ပါသည်။ ဤအင်းများ၏ အကျိုးများမှာကား ဤအင်းများကို ရွှေ ပြားတွင် လက်ဖွဲ့ထိုး၍ဆောင်၊ သဗ္ဗ, ရာဇ, ဣတ္ထိ သျှိသုံးပါးပြီး၏။ ကိုယ် လုံ၏။ စုန်းကာ၊ နတ်ကာ၊ အမှောင့် ပယောဂကာ သဗ္ဗရဏံ အကျိုးများလှ ၏။ သေနတ်၊ အမြောက်၊ ဓား၊ လှံလက် နက်မျိုးတို့ပြီး၏။ အင်းများကို အင်းဆန် ဖြစ်သော သိကြားကျောက်စာတိုင် ဂါထာဖြင့် (၃၇) အုပ် စုတ်ပါလေ။ ဤ ကား သိကြားကျောက်စာတိုင်ဂါထာကို ဝိဇ္ဇာမယသိဒ္ဓိ အင်းအတတ်ပညာဖြင့် စီရင်အသုံးပြုပုံများကို ဖော်ပြခဲ့ခြင်း ဖြစ်ပြီး ယခုတစ်ဖန် ဝိဇ္ဇာမယသိဒ္ဓိဆေး အတတ်တွင်လည်း ဤသိကြားကျောက် စာတိုင်ဂါထာကို အင်းအဖြစ်ထည့်သွင်း စီရင်ထားပုံကို တင်ပြလိုပါသည်။

**သာသနာ့ငါးထောင်ဆေးတော်ကြီး**

သာသနာငါးထောင်ဆေးဆိုသည် မှာ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိဆေးပညာရပ် နယ်တွင် အလွန်အသုံးဝင်၍ အသုံးများ သော အဓိကရဆေးတော်ကြီးတစ်မျိုး ဖြစ်ပါသည်။ ဤဆေးတော်ကြီးကို ဖော် စပ်စီရင်သည့် နည်းမှုကွဲအမျိုးမျိုးရှိပါ သည်။ ထိုမှုကွဲဆေးစီရင်နည်းမျိုးများစွာ ထဲမှ သိကြားကျောက်စာတိုင်ဂါထာကို အင်းအဖြစ် ထည့်သွင်း စီရင်ထားသည့် သာသနာငါးထောင်ဆေးတော်ကြီးစီရင် နည်းကို ဖော်ပြပါမည်။ ဤဆေးတော် ကြီးအတွက် လိုအပ်သော ဆေးအမည် များမှာ အောက်ပါအတိုင်း ဖြစ်ကြပါ သည်။

နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့ ပွင့် တော်မူခဲ့သော ဗောဓိနွယ်အပင်ပေါင်း သုံးဆယ်၊ သိမ်, ကျောင်း, ဇရပ်, အိမ်, တံတား, ဘုရားပန္နက် စသော နေရာ များမှ သဲခြောက်ပါး၊ သိမ်ဝင်ဆန်, ပန်း၊ ပရိတ်ဆန်,ပန်း၊ ဘုရားဆန်,ပန်း၊ ကံ့ကူ ဆံနက်၊ ရှိုးတုံ၊ ချောင်းချား၊ လင်းလေ ပွင့်၊ မြတ်လေးပွင့်၊ နံ့သာမျိုးငါးပါး၊ ဒန့် စကူးနီ၊ သီလာစန္ဒန၊ ကတုံကနက်၊ ဇလပ်နီ၊ ကုဿရမူလီ၊ ပုဏ္ဏရိက်၊ ကျား လျှာ၊ ပိတောက်မှို၊ ပဥ္စင်းလောင်းပန် သည့်ပန်း၊ ရှင်လောင်းပန်သည့်ပန်း၊ မင်္ဂ လာဆောင်ပန်း၊ နတ်ကြီးငါးပါးပူဇော် သည့်ပန်း၊ မဟာပိန္နဲနတ်ပန်း၊ ဥတ္တိန္ဒနတ် ပန်း၊ ရှင်ဘုရင်ပန်း၊ မိဖုရားကွမ်းမြွာခုနစ် ရွက်၊ ကွမ်းသီးမြွာခုနစ်လုံး၊ ကြွေနက်၊ သန္တာနက်၊ ဂဲဂမံ၊ ကြာမျိုးငါးပါးဝတ်ဆံ၊ ပဒုမ္မာဝတ်ဆံ၊ ဆေးပေါင်းတစ်ရာ့ရှစ်ပါး ကို ခုနစ်ရွှေဖြစ်စေ၊ ခုနစ်ပဲ၊ ခုနစ်မူးဖြစ် စေ မှန်ကန်ညီညွတ်စွာ စုဆောင်းယူရ ပါမည်။ ပြီးလျှင် ထိုဆေးမျိုးများကို ဂမုန်းပေါင်းရည်နှင့်ကြိတ်။ ဆေးကြိတ် ဖတ်များကို ခြောက်သွေ့အောင်လှန်းပါ။ ၎င်းနောက် နံ့သာဆီနှင့်ထပ်၍ကြိတ်။ ထိုသို့ကြိတ်ပြီးနောက် ဆေးတောင့်(၃၇) တောင့်ရအောင်ပြုပါ။ ထိုဆေးတောင့် များကို အရိပ်တွင် ခြောက်သွေ့အောင် လုပ်ထားပါ။ ထို့နောက် ထိုဆေးတောင့် တို့ကို -

(၁) မှော်ကိုးဂါထာနှင့် ဘုရားရှေ့ တွင် (၁၀၀၀) စုတ်။

(၂) ခြေတော်ထွက်၊ ခြေတော်ဝင်



www.burmeseclassic.com

www.burmeseclassic.com

# ဆေးမင်းတော

ဇာတိပုံ–မောင်မောင်အေး

**ဆေးမင်းတော** ဟူသော ခေါင်းစီး စာလုံးအား ဖတ်လိုက်မိသည်နှင့်အတူ ယောနယ် ထီးလင်းမြို့နှင့် ဂန့်ဂေါမြို့သို့ ဆက်သွယ် ဖောက်လုပ်ထားသော အဝေးပြေးလမ်းမပေါ်ရှိ ဆေးမင်းတောမြို့လေးဟု ယောဒေသသို့ ရောက်ဖူးသူတိုင်း ထင်းခနဲ မြင်ယောင်လာပေမည်။ ဟုတ်ပါသည်၊ အဆိုပါ ဆေးမင်းတောမြို့လေးသည် ထီးလင်းမြို့၏ မြောက်ဘက်မိုင် (၂၀) ခန့်တွင်ရှိ၍ သဘာဝ ပေါက်ရောက်သော အစွမ်းထက်ဆေးပင်များ ပေါက်ရောက်မင်းမူရာဖြစ်သည့် ဆေးမင်းတောင်လည်းရှိသည်ကြောင့် ဆေးမင်းတော ဟူသောအမည်တွင်လေသလားဟု တွေးမိပါသည်။ အစွမ်းထက် ဆေးပင်များမင်းမူရာ ဆေးမင်းတောင်သာမက ထူးခြားဆန်းကြယ်သည့် ဂမ္ဘီရ ကျောက်နဂါးကြီးလည်း ဆေးမင်းတောတွင်ရှိနေပါသည်။

သို့သော် ယခု ကျွန်တော် တင်ပြရေးသားလိုသည်မှာ အထက်ကဖော်ပြခဲ့သော ယောနယ်မှ ချစ်စရာဆေးမင်းတောမြို့လေးအကြောင်း မဟုတ်ပါ။ ကျွန်တော်နေထိုင်ရာ ဒဂုံမြို့သစ်မြောက်ပိုင်းမှုခြံထဲတွင် တောထအောင် တစ်ပင်ထက်တစ်ပင် အလုအယက်မင်းမူပေါက်ရောက်နေသော ဆေးမင်းတောလေးအကြောင်း ဖြစ်ပါသည်။ တစ်ပင်ထက်တစ်ပင် မင်းမူအုပ်စိုးနိုင်ရေးအတွက် အလုအယက် တိုးဝှေ့ပေါက်ရောက်လျက်ရှိကြသော အစွမ်းထက်ဆေးပင်တို့မှာ ဒန္တသုခံပင်၊ တောင်ဆီးဖြူပင်၊ မြင်းခွာရွက်ပင်၊ စူလာနဖာပင်၊ ကြိတ်မှန်ပင်တို့ ဖြစ်ကြပါသည်။

ယခု ကျွန်တော် ဖော်ပြသော ဆေးမင်းတောလေးမှ အစွမ်းထက်သည့် ဆေးပင်ငါးမျိုးတို့၏ ဂုဏ်သတ္တိများကို လူတိုင်းလိုပင် သိရှိအကျွမ်းဝင်ပြီးသား ဖြစ်၍ ထပ်မံ မဖော်ပြလိုတော့ပါ။ ထို ဆေးပင်တို့၏ အစွမ်းထက်မှု ဂုဏ်သတ္တိကို တစ်ပင်ချင်းစီ မဖော်ပြသော်လည်း ငါးမျိုးစလုံး၏ အကျိုးသက်ရောက် အသုံးဝင်ပုံအား တင်ပြလိုပါသည်။

ကျွန်တော်သည် ယခု ဤစာ လေးအား ရေးသားနေချိန်၌ အသက် (၇၇) နှစ်ရှိပြီ ဖြစ်ပါသည်။ ထိုအသက် ရွယ်ပိုင်းသို့ရောက်ရှိနေကြသောကျား မ မဟူ အားလုံးသောသူတို့မှာ ဇာတိ၊ ဇရာ ဗျာဓိ စသော အခန်းကဏ္ဍအလိုက် တစ်ခုမှတစ်ခုသို့ မလွဲမသွေ ကူးပြောင်း ခံစားကြရပါသည်။ ထိုကိစ္စများကို မဖြစ် စေချင်၍မရပေ။ ဂေါတမဘုရားရှင်၏ သာသနာတော်တွင် ရောဂါဝေဒနာ၏ ဖိစီးနှိပ်စက်မှုမှ ကင်းဝေးသည်ဆိုသော ပုဂ္ဂိုလ်မှာ အရှင်ဗာကုလမထေရ်တစ်ပါး သာရှိသည်ဟု အဆိုရှိပါသည်။

ကျွန်တော်ဆိုလျှင် ဝန်ထမ်းဘဝ က တောတောင်အရပ်ဒေသပေါင်းများ စွာတွင် တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ် ခြင်းကြောင့် ရောဂါဘယတို့မျိုးစုံ ခံစား ခဲ့ရ၏။ ငှက်ဖျားရောဂါသည် ထိပ်ဆုံးက ပါ၏။ ယနေ့တိုင်လည်း အခြေအနေပေး လျှင် ပေါ်လာစမြဲ။ ရောဂါမျိုးစုံခံစားခဲ့ ရဖူးသောကြောင့် ဝေဒနာတို့လည်း

ဂါထာနှင့် သိမ်ထဲတွင် (၁၀၀၀) စုတ်။

(၃) အာဋာနာဋိယသုတ်တော်နှင့် လမ်းလေးခွတွင် (၁၀၀၀) စုတ်။

(၄) စေတီကိုးပါးဂါထာနှင့် မြေမှာ (၁၀၀၀) စုတ်။

(၅) သုံးဆယ့်ခုနစ်မင်းဂါထာနှင့် နတ်ပွဲမှာ (၁၀၀၀) စုတ်။

တစ်ဖန် ထိုဆေးတောင့်များကိုပင် မဟာမြိုင်ဆေး၊ အာဏာတည်ဆေး၊ ဒေဝဩသဓဆေး၊ မဟာထုံဆေး၊ သူရသတီဆေး၊ သုံးဆယ့်ခုနစ်မင်းဆေးတို့ လောင်းပြီး ဆေးကြိတ်ရမည်။

ထိုသို့ ဆေးကြိတ်ရာတွင် သိကြားကျောက်စာတိုင် အဝင်အင်း၊ အထွက်အင်းတို့ကို ဆေးကျောက်ဖျဉ်မှာချ။ ဆေးကြိတ်လုံးကျောက်သွားတွင် မခနောက်အင်းကိုချပြီးကြိတ်။ ဆေးကြိတ်သော ကာလ၌ သင်ဖြူးခင်း။ သင်ဖြူးပေါ်တွင် ဖျင်ဖြူ ဖျင်နီခင်း၊ ကန်တော့ပွဲလေးပွဲထိုး။ ဆီမီးလေးတိုင်ထွန်း။ ဝင်းခင်တိုင် ကာလလျက် ပိတ်ဖြူဝတ်ပြီးမှဆေးကြိတ်ရမည်။ ထို့နောက် ဆေးကြိတ်ပြီးသော အခါ ဟင်္သပဒါးနှင့်ဖျော်ပြီး ထိုသူအား

မှော်ကိုးဂါထာအင်းများကို တစ်အင်းစီ ထိုးချ။ ဆေးကိုလည်း သောက်ပါစေ။ သာသနာငါးထောင်သိဒ္ဓိမှော်ဝင်၏။ မှော်ဝင်က နတ်နိုင်၊ စုန်းနိုင်၊ အမှောင့်ပယောဂ ဟူသမျှ ငေါက်ငမ်းရုံမျှဖြင့် ကြောက်၏၊ ပျောက်၏။ နတ်မှန်သမျှ ဝင်စေဆို ဝင်ရ၏။ ထွက်ဆိုကထွက်ရ၏။ နတ်ဝင်ခိုင်းပြီး လိုရာမေးက နတ်က မေးသမျှ သိလိုက ပြော၏။ နတ်စုန်းများ ခေါင်းမာနေသော်၊ အာဏာဖီဆန်သော် ဆေးကို ဓားမှာသုတ်လိမ်း၍ ဓားမိုးပြီး အမိန့်ပေးက မည်သည့်နတ်၊ စုန်း၊ ကဝေ မျှ မခံနိုင်။ ပြောတိုင်း အာဏာတည်၏။ နာခံ၏။ ဓား၊ လှံ၊ အမြောက်၊ သေနတ် အပါးသုံးဆယ်ပြီး၏။ သည်မှတစ်ပါး အကြွင်းကိုမဆိုပြီ။ ကြံ၍ သုံးစွဲကြပါလေဟု ညွှန်းထား၏။

ဤကား သိကြားကျောက်စာတိုင် ဂါထာ ခေါ် ဝေဒါသာကု အစချီ ဂါထာပြန်၏အကြောင်းခြင်းရာများနှင့် ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များ၏ ဤဂါထာပြန်ကို ကြံဆစီရင် အသုံးပြုပုံအဖုံဖုံကို ခြုံငုံ၍ တင်ပြလိုက်ခြင်းပေတည်း။

ဤသိကြားကျောက်စာတိုင်ဂါထာ ကား ကက်ကင်းဓာတ်ပြန် ကြံဆစီရင် ထားသောဂါထာပြန်ဖြစ်ခြင်း၊ ရှေးမဟာ သိဒ္ဓိရှင်ဝိဇ္ဇာမယပညာရှင်ကြီးများအဆ အရ တာဝတိံသာ နတ်တို့ပြည်ရွာတွင် ပင်လျှင်ဆောင်ထားပြီး တန်ခိုးကြီးသော အသူရာနတ်တို့ပင် ကြောက်ရွံ့ရသော ဂါထာမြတ်ဖြစ်သည်ဟု ဆိုမိန့်ထားခြင်း ခံရသောဂါထာဖြစ်ခြင်း၊ ဂန္ဓာရီဝိဇ္ဇာမယ ပညာရပ်များတွင် အသုံးကျယ် အသုံး ကြွယ်သော ဂါထာမြတ်တစ်ခုဖြစ်ခြင်းတို့ ကြောင့် ယုံကြည်ကိုးစား အားထား ဆောင်ယူသင့်သော ဂါထာမြတ်တစ်ခု အဖြစ် သိသူများဖော်စားနိုင်ရန် မေတ္တာ ရှေ့ထား၍ ဖော်ထုတ် တင်ပြလိုက်ပါ သည်။

သိသူဖော်စား မသိသူကျော်သွား

အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့ ချမ်းသာကြပါစေ။

မေတ္တာများဖြင့်
တိရတနာ-ဆရာဇေယျာ



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်၏ခြံမှ ဆေးမင်းတော

အမျိုးမျိုးခံစားနေ၏။ ခေါင်းထဲမူးနောက်ခြင်းဝေဒနာသည် လည်းကောင်း၊ ခြေဝါး လက်ဖဝါးမှအစ လက်မောင်း၊ သက်ဖျံကိုက်ခဲခြင်း ဝေဒနာသည်လည်းကောင်း၊ ဇက်ကြောတက်ခြင်း စသောဝေဒနာသည်လည်းကောင်း တစ်ခုမဟုတ်တစ်ခု ခံစားနေရပါသည်။

ထိုဝေဒနာတို့ ပြင်းထန်လာလျှင် ခေတ္တခဏ သက်သာလျော့ပါးစေသည့် ဆေးပြားများသုံးစွဲခြင်း၊ တစ်ခါတစ်ရံ ဆရာဝန်ထံပြသ၊ ဆေးထိုး၊ ဆေးစားခြင်းဖြင့်ကျင်လည်ခဲ့ပါသည်။ ဘာရောဂါလဲဟု ရှာဖွေစစ်ဆေးခြင်းမလုပ်တော့ပါ။ ရောဂါဟူသည် ရှာဖွေလေတွေ့ရှိလေဆိုသော ဆောင်ပုဒ်ကဲ့သို့ဖြစ်တတ်သောကြောင့်ပါ။ အထိုင်အထလည်းပုံမှန်မရတော့ပါ။ ထိုင်နေရာမှထလိုလျှင် ကြမ်းပြင်၌ လက်နှစ်ဖက်ထောက်ပြီးမှ ကုန်းထရ၏။ အဆိုးဆုံးက ခေါင်းမူးခြင်းပင်ဖြစ်၏။ သွေးတိုး၍မူးသလား၊ လေတိုး၍မူးသလား။ သွေးချို၊ ဆီးချို၍မူးသလားရှာဖွေခြင်းလည်း မပြုသလို သိလည်း မသိလိုပါ။ အသက်ကြီး၍ဖြစ်သော နိယာမဟုသာ ခံယူထားပါသည်။

သို့သော် ထိုအသက်ကြီးနိယာမကို ကျွန်တော်က ခံယူသော်လည်း ကျွန်တော့်ဇနီး ဆေးပင်များ ဆောင်းပါးရေးသူ တင်တင်ခွဲ (ရန်ကုန်တက္ကသိုလ်) က အနာရှိရင်ဆေးရှိသည်၊ ရှိသောဆေးကို သိဖို့သာလိုသည်ဟုဆိုကာ ကျွန်တော်တို့ခြံတွင်းမှ သဘာဝအတိုင်း ပေါက်ပွားရှင်သန်နေသော 'ဆေးမင်းတော' လေးမှ ရှိသမျှ (ဓာတ်ပုံတွင်ဖော်ပြထားသော ဆေးပင်အားလုံး) ဆေးပင်ဒန္တသုခ (သိကြားမကိုင်၊ အချို့အရပ်တွင် မြက်ချို) တောင်ဆီးဖြူပင်၊ မြင်းခွာရွက်ပင်၊ စူလာနဖာပင်၊ ကြိတ်မှန်ပင်တို့ကို အမြစ်က ပါအောင် နုတ်ယူကာ ရေစင်စင်ဆေးပြီး နေပူတွင် သုံးရက်လှန်းပါသည်။ နေပူမလှန်းခင် အမြစ်ပါမကျန် တစ်ပင်လုံး ဓားမဖြင့် တောက်တောက်စဉ်းပါသည်။

နေပူသုံးရက်လှန်း၍ ခြောက်သွေ့လာသော ဆေးမင်းတောခြောက်ကို လေလုံသောဘူး၊ ပုလင်းတို့တွင် ထည့်ထားပါ။ ကျွန်တော်တို့ အသက်အရွယ် ဖော်ပြခဲ့သော ဝေဒနာတို့ ခံစားနေရပါက ကော်ဖီပန်းကန်တွင် ဆေးမင်းတောခြောက်သုံးပုံတစ်ပုံခန့်ထည့်၍ အပေါ်မှ ရေနွေးဆူဆူ လောင်းထည့်ပါ။ ပြီးလျှင် ရေနွေးကြမ်းကဲ့သို့ သောက်နိုင်ပါသည်။ ရေနွေးကုန်သွားပါက ဆေးထပ်မထည့်ဘဲ ရေနွေးတစ်ခွက်စာထပ်ထည့်ပါ။ အရသာခါးသက်သက်မျှသာရှိပါသည်။ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပါ။ ငါးရက်ပြည့်လျှင် မသောက်ခင်က အခြေအနေနှင့် သောက်ပြီးအခြေအနေ သတိပြုဆန်းစစ်ကြည့်ပါ။ ကောင်းကျိုး၊ ဆိုးကျိုး ဟူသည် နေရာတိုင်း ရှိစမြဲဖြစ်သော်လည်း ဤဆေးမင်းတောခြောက်သည် အများစုကို ကောင်းကျိုးပြုပါသည်။

ရန်ကုန်မြို့တွင်းနေသူများ လိုအပ်ပါက အဆိုပါ ဆေးမင်းတောပင်များ (၅) မျိုးကို ပန်းဆိုးတန်း ကြေးနန်းရုံးကြီးဝန်းကျင်၌ ဝယ်ယူရရှိနိုင်သလို မိမိနေထိုင်ရာအနီးမှလည်း ရှာဖွေနုတ်ယူရရှိနိုင်ပါသည်။

ကျွန်တော်သည် ဤဆေးမင်းတောခြောက်သောက်သုံးပြီး ငါးရက်ကျော်လွန်လာသည်မှစကာ ခေါင်းမူးခြင်း၊ မူးနောက်ထိုင်းမှိုင်းခြင်း၊ ဟိုနေရာသည်နေရာမှ နာကျင်ကိုက်ခဲခြင်းများ မဖြစ်ပေါ်တော့ဘဲ စိတ်ကြည်လင်လန်းဆန်းကာ နေထိုင်၍ကောင်းသလို၊ အထိုင်အထတွင် လက်နှစ်ဖက်ထောက်ပြီးမှ ကုန်း၍ထရခြင်းမလုပ်ရတော့ဘဲ အများသူငါလို ပုံမှန်ထိုင်ထလုပ်လာနိုင်ကြောင်း ကိုယ်တွေ့ကို ရေးသား တင်ပြခြင်းဖြစ်ပါသတည်း။

ကျွန်တော်နှင့် နီးစပ်သူများ နမူနာယူ လာရောက် သောက်သုံးနိုင်ပါသည် ခင်ဗျား။

ဓာတ်ပုံ-မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

# အထက်ဂြိုဟ်

([illegible])

ဆရာဦးမောင်မောင်သန်း

ထိုနေ့က မိုးလေးအုံ့နေ၏။

ကျွန်ုပ်သည် စီလုံတီးတွင် ထိုင်စကားပြောနေကြသူ (၃) ဦးအား တစ်လှည့်စီကြည့်ပြီး အားကျနေ၏။ ကျွန်ုပ်ဘေးတွင်ထိုင်နေသူမှာ ဖိုးဇော်။

ဆရာသည် မိုးကာဂျာကင် ဆန်ဆန် လှပသော ဂျာကင်နက်ပြာရောင်ကြီးကို ဝတ်ထား၏။ ဂျာကင်မှာ တင်ပါးထိဖုံးသောကြောင့် ဆရာလမ်းလျှောက်လျှင် တရွှမ်းရွှမ်းမြည်သံနှင့် ဆရာလက်လွှဲပုံမှာ အလွန်ပင် ကြည့်ကောင်းလှ၏။ ဆရာထိုဂျာကင်ကြီးကို ဝတ်တိုင်း ကျွန်ုပ်အလွန်သဘောကျ၏။ ယခု ထိုဂျာကင်ကြီးနှင့်။

"ဟေ့ကောင် သူငယ်ချင်း၊ မင်း ဘာမှမစားဘူးလား"

"ဟေ့အေး"

"ဘာဖြစ်လို့လဲ"

"ငါ့ဆရာက ငါ့ကို လေ့ကျင့်ပေးထားလို့ ဆာတယ်ဆိုတာကို ငါထိန်းချုပ်နိုင်နေပြီ သူငယ်ချင်း။ ပြီးတော့ သူများတွေစားနေကြတာကိုမြင်လို့ စားချင်ရင် အဲဒီအစားအစာကို မင်းမစားမိအောင် ကြိုးစားရမယ်တဲ့၊ ဆရာသင်ထားတာကွ"

"ဟေ - ငါမကြားဘူးပါလား"

"အေး- ငါ့ဆရာက မင်းတို့မကြားဘူးတာတွေ ငါ့ကိုသင်ပေးထားတာမို့ ငါလည်း စကားသိပ်မပြောတတ်တော့ဘူး"

"ဟာ - ဘာဖြစ်လို့"

"ဆရာက ငါ့ကို နားထောင်တတ်အောင်ကျင့်တဲ့၊ စကားများများပြောဖို့ သင်မပေးထားဘူး"

ဖိုးဇော် ခေါင်းကုတ်နေ၏။

အတော်စိတ်အိုက်သွားပုံလည်း ရ၏။ ထိုစဉ် ဆရာတို့စကားဝိုင်းဆီမှ ပညာစကားများ ပျံ့လွင့်လာသောကြောင့် ကျွန်ုပ်မှာ နားထောင်ရင်းနားထောင်ရင်း ဘာမှန်းပင်မသိတော့။

စီလုံတီးသည် နန္ဒဝန်ဈေးထောင့်နားတွင်ဖွင့်ထားသော လက်ဖက်ရည်ဆိုင် ဖြစ်၏။ အလွန်လည်း ရောင်းကောင်းလှပါသည်။ ထိုဆိုင်လေးမှာ ပညာစန်းကောင်းလှလေရော့လားမသိ ပညာရှင်များ စုဝေးတတ်ကြ၏။ တစ်ဦးမဟုတ်တစ်ဦးရှိ၏။ ပညာရှင်များ၊ ပညာသင်ယူလိုသူများနှင့် စည်ကားလှသောဆိုင်ကလေး ဖြစ်၏။

ကျွန်ုပ် ယခင်က မသိပါ။ ဆရာ့နောက် တကောက်ကောက်လျှောက်လိုက်၍ ပညာယူရာမှသည် စီလုံတီးတွင် ထိုင်တတ်လာခြင်း ဖြစ်ပါသည်။ ထိုင်တတ်သောအဆင့်သာရှိပြီး နားထောင်၍သာနေတတ်၏။ လက်ဖက်ရည်၊ ကော်ဖီမသောက်တတ်ပါ။ ကျွန်ုပ်ထိုင်နေလျှင် ဆိုင်ရှင်နှင့် ဆိုင်မှအလုပ်သမားများက သိနေသောကြောင့် ဘာမှလည်း လာမမေးပါ။

"မင်းဆရာနဲ့ သူ့မိတ်ဆွေ (၃) ယောက်စကားပြောနေကြတာ ငါတော့ ဘာမှနားမလည်ဘူး"

"ဒါက ပညာခန်းတွေလေကွာ။ အကြောင်းအရာတစ်ခုကို မြင်ပုံမတူတဲ့ ရှုထောင့်အမျိုးမျိုးကနေ သူတို့ (၃) ယောက် မြင်ပြနေကြတာကွ"

"ဩော် - အေး၊ မင်းကတော့သိမှာပေါ့"

"ဘယ် - ငါသာအဲသလောက်သိရင် လူတွေကိုဟောပြီပေါ့ကွာ"

ပြောနေရင်းနှင့် အသက်ခြောက်ဆယ်ခန့်လူတစ်ယောက် ဆိုင်ထဲရောက်



www.burmeseclassic.com

www.burmeseclassic.com

ဘာပြီး ဆိုင်ထောင့်ရှိစားပွဲတွင် ထိုင်ထိုက်၏။ လက်ဖက်ရည်မှာ၏။

ဆရာ့မိတ်ဆွေတစ်ဦးသည် ဆရာ့အားကြည့်လိုက်ရင်း -

"ကဲ - ကိုသန့်ဇင်ရေ၊ ဒီအဘိုးကြီး ဘာကိစ္စရှိနေလဲကြည့်လိုက်ကြရအောင်"

ဟု လှည့်ပြော၏။

"ကြည့်လေ၊ အင်္ဂါအခါပဲ။ သူ့မျက်မှန်ကိုသူချွတ်ပြီး ကိုင်းကို ဟာစီဟာစီ လုပ်ကြည့်နေတယ်။ ပြီးတော့ ဘေးချပြီး ပေါင်မုန့်စားနေတယ်"

"အေးဗျနော်၊ ဒါအမြင်မရှင်းတဲ့ ကိစ္စရှိပြီ"

ဆရာ့သူငယ်ချင်းက သူ့ထင်ကြေးကိုပြောရင်း ခေါင်းတညိတ်ညိတ်လုပ်၍ ထိုဘကြီးအားကြည့်နေ၏။

"ဒါ ကြာသပတေးနေ့၊ (၇) နာရီ (၅၀) ရှိပြီ ဆိုတော့ တစ်နာရီတိုင်နဲ့ ကြည့်ရင် ဂုရုအခါပဲ ရတယ်။ ဗုဒ္ဓဟူးက တော့ခိုက်ပြီ။ လူခိုက်ပြီ။ လူအထက်မှာ တနင်္ဂနွေစီးနေတယ်၊ အင်း၀။ ဒါဆို လူ





www.burmeseclassic.com

www.burmeseclassic.com

ထွက်တဲ့ကိစ္စတစ်ခုခုဖြစ်နေပြီ ဒီအဘိုးကြီးမှာ"

ထိုတစ်ယောက်စကားမှာ ပို၍စိတ်ဝင်စားစရာကောင်းပြီး ပို၍အသက်ဝင်လှသောကြောင့် ဆရာ့ဘေးမှ ထိုတစ်ယောက်ကို မျက်တောင်မခတ်ကြည့်နေလိုက်မိ၏။ ထိုဆရာ့သူငယ်ချင်းသည် သူ့စကားပြီးသည်နှင့် ရေနွေးအိုးထဲမှ ရေနွေးထပ်ငှဲ့လိုက်ပြီး ခေတ္တအအေးခံရင်း သူတို့နားမှ အဘိုးကြီးဆီသို့ ဝေ့ကြည့်နေ၏။

၂
၆
၇
ဂုရု ၅
၁
လူခိုက် ၄
၀

(ဆရာ့သူငယ်ချင်းပြောသော
အခါတိုင်နှင့်သူမြင်ပုံ)

"အေး- ဟုတ်တယ်၊ ခင်ဗျားပြောသလို လူထွက်တာပဲဖြစ်မယ်။ ထွက်တာက မိန်းမ၊ လျှို့ဝှက်တဲ့ကိစ္စနဲ့ထွက်တာ။ သူ့မျက်မှန်ကိုသူကိုင်ပြီး ကိုင်းကို ဟာစိဟာစိလုပ်နေတယ်လေ။ မျက်မှန်တပ်လို့ မကောင်းတဲ့သဘောရှိတယ်။ ကိုင်းကျဉ်းရင်းကျဉ်းမယ်၊ ကျယ်ရင်ကျယ်နေမယ်။ သူဒီလိုလုပ်ကြည့်နေတာကိုက တပ်လို့ အဆင်မပြေလို့။ မျက်မှန်တပ်လို့ အဆင်မပြေဘူးဆိုရင် အမြင်မကောင်းဘူးပေါ့ဗျာ။ အမြင်မကောင်းရင် မှောင်တာနဲ့ အတူတူပဲ။ မှောင်ရင် အဝိဇ္ဇာသဘောပဲ။ အမှောင်ကြိုက်တယ်ဆိုတာ မကောင်းဘူး။ မကောင်းတာကိုဖြစ်စေတာ။ ဒီတော့ သူ့အိမ်ကမိန်းကလေးတစ်ယောက်ယောက် လျှို့ဝှက်တဲ့ကိစ္စတစ်ခုခုနဲ့ထွက်သွားတာဖြစ်နိုင်တယ်"

၀
၄
၁
၇
၆
ခြေ (၂) ချောင်းခိုက် - ၂ - (ခြေ-သွား-ထိန်း-ရ-ဂြိုဟ်မိန်းမ)
၅ - မျက်မှန်/ပေါင်မုန့်နိမိတ်

*(ဆရာ၏ ဟောပေါက်မြင်ပြပုံကို ပညာယူနေကြသူများ ပညာရစေရန်နှင့် ဗဟုသုတယူလိုသူများ ဗဟုသုတရရန် အလို့ငှာ ပြသလိုက်ပါသည်။ ဆရာသတိထားလိုက်သော ကြာသပတေးကိစ္စများဖြစ်သည့် မျက်မှန်၊ ပေါင်မုန့်တို့၏ အထက်ကပ်လျက်ဂြိုဟ်မှာ တနင်္လာဖြစ်ပါသည်။ တနင်္လာသည် ခိုက်နေပြီး အင်္ဂါအခါမှာ အစားမှား၊ ခရီးမှားဖြစ်သောကြောင့် လျှို့ဝှက်သောကိစ္စတစ်ခုခုနှင့် ခရီးထွက်သွားကြောင်း၊ သွားသူမှာ အင်္ဂဝိဇ္ဇာလင်္ကာအရ 'ခြေ၊ သွား၊ ထိန်း၊ ရ၊ ဂြိုဟ်မိန်းမ' ဖြစ်သောကြောင့် အမျိုးသမီးဖြစ်နိုင်ကြောင်းဟောဆိုခဲ့ခြင်း ဖြစ်သည်။)*

ဆရာသည် ထုံးစံအတိုင်း ကျွန်ုပ်အားမျက်ရိပ်ပြလိုက်၏။ ကျွန်ုပ်ကလည်း အဆင်သင့် ထိုဘကြီးနားရှိ ခုံလွတ်တွင် ထိုင်လိုက်ရင်း -

"အဘ"

"ဟေ"

"အဘ ဟိုဘက်ရပ်ကွက်လာမို့လား"

"မဟုတ်ပါဘူး၊ ဘာလုပ်မလို့လဲ"

"ဟိုဘက် (၇) ရပ်ကွက်က ကျွန်တော့်အမေရဲ့မိတ်ဆွေ ဦးလေးတစ်ယောက်များလားလို့ပါခင်ဗျာ"

"မဟုတ်ဘူး ကလေးရဲ့၊ ဦးလေးကတာမွေဘက်က"

"သြော် - တူလို့ပါနော် အဘ။ မေးမိတာစိတ်မဆိုးပါနဲ့။ အဘလိုအပ်ရင် ခိုင်းချင်တာခိုင်းပါ"

ထိုဘကြီးသည် ကျွန်ုပ်အား ဆတ်ခနဲတစ်ချက်ကြည့်လိုက်ပြီး -

"မင်း ဒီနန္ဒဝန်ဈေးထဲမှာ အထည်ဟောင်းရောင်းတဲ့လူတွေသိလား"

"ဟုတ်ကဲ့၊ သိတဲ့သူတွေရှိပါတယ်ခင်ဗျ။ အဘဘာခိုင်းမလို့လဲ"

"အဲဒီမှာ မငြိမ်းဆိုတာရော သိလား"

"မငြိမ်း၊ မငြိမ်း အဲ - မငြိမ်းတော့ မသိဘူး အဘ။ လူနဲ့ နာမည်နဲ့ တွဲမသိတာဖြစ်ပါလိမ့်မယ်။ စုံစမ်းပေးရမလား အဘ"

"မသိလည်းနေပါစေကွာ။ အိမ်က ငါ့မြေးမလေးလင်နောက်လိုက်ပြေးလို့"

"သြော်"

"အေး - အဲဒီမငြိမ်းသားလေး[…] ပြောတယ်။ ဒါကြောင့် မင်းများသိမလား[…] လို့။ ခုတော့ လောလောဆယ်လာမအပ်[…] ကြသေးဘူး။ သူ့အဖေက ငါ့သားကွ[…] ပြဿနာတွေဘာတွေမဖြစ်အောင် တွေ့[…] စရာရှိတာ ငါကပဲ ကြိုတွေ့ဖို့ပေါ့ကွာ[…] ပြီးမှပဲ ငါသွားလိုက်ပါဦးမယ်။ သူတို့[…] လိပ်စာတော့ရထားပါတယ်။ ကေတု[…] မာလာဘက်မှာ"

အဘ၏မေးငေါ့ပြပုံမှာ စာတိုက်[…] ဘက်ဖြစ်နေသောကြောင့် -

"အဘ ကေတုမာလာက ဟိုဘက်[…] အဘ"

"အေးအေး - ပြီးမှပဲတန်းသွား[…] လိုက်တော့မယ်"

"အဘ ကျွန်တော့်ကို ခွင့်ပြုပါဦး[…] နော်။ အမေ့အစ်ကိုနဲ့တူလို့ သူငယ်ချင်း[…] ကို ခဏထားခဲ့ပြီး အဘကို လာမေး[…] ကြည့်တာမို့"

"ဧအေးအေး၊ သွားသွား"

ဆရာ့ဘေးနားမှ ခေါင်းငုံ့၍ ယို့ယို့[…] လေးပြန်လျှောက်လာပြီး ဖိုးဇော်ကြီးဘေး[…] တွင်ပြန်ထိုင်လိုက်ချိန်၌ ဆရာ၏အကြည့်[…] တို့ ကျွန်ုပ်ထံရောက်လာ၏။ ပြုံးနေ၏။ ဆရာ့သူငယ်ချင်းနှစ်ဦးကလည်း ကျွန်ုပ်[…] ကိုကြည့်ပြီး ပြုံးနေ၏။ ဒီကောင်လေး[…] တော်တော်အဖော်ရသားဟု အဓိပ္ပာယ်ဆောင်သော ပြုံးခြင်းမျိုးများ ဖြစ်သောကြောင့် ကျွန်ုပ်လည်း ဝမ်းသာနေရပါသည်။

"ငါ့သူငယ်ချင်း တကယ်ဖင်ပေါ့[…] တယ်ကွာ၊ ငါကြည့်နေတယ်"

"ငါကတောက်တိုမယ်ရလေကွာ။ ငါ့ဆရာက စကားပြောပြီဆိုတာနဲ့ ငါဘာလုပ်ရမယ်ဆိုတာ စဉ်းစားပြီးသား[…] ငါ့ဆရာ တစ်ချက်ကြည့်လိုက်တာနဲ့ ငါဘာလုပ်ရမယ်ဆိုတာ တွေးပြီးသား"

"မလွယ်ဘူးနော်၊ မင်းဆရာဆီမှာ ပညာယူရတာ"

ဖိုးဇော်က ခပ်တိုးတိုးပြောလိုက်သော်လည်း ဆရာကြားသွားဟန်ရှိ၏။ လက်ဖက်ရည်တစ်ကျိုက်ငုံသောက်လိုက်ရင်း ဖိုးဇော်ကိုလှမ်းကြည့်ပြုံးနေ၏။ ပြီးမှ[…] ဖိုးဇော်ကို မျက်ရိပ်ပြလှမ်းခေါ်လိုက်[…] သောကြောင့် ကျွန်ုပ်ပါ ရောယောင်ပြီး[…] ဆရာ့အနားသို့ရောက်သွား၏။

"ဟော့ကောင်ဖိုးဇော်၊ မင်းအိတ်ထဲ[…] မှာ ကျပ်တန်ပါတယ်မို့လား"

"ဟုတ်ကဲ့၊ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး - အဲဒီကျပ်တန်ကို ထုတ်လိုက်ပြီး မင်းဟာမင်းကိုင်ထားပြီးကြည့်"

ဖိုးဇော် ဘာမပြောညာမပြော အိတ်ကပ်ထဲမှ ကျပ်တန်ကိုထုတ်၍ ကြည့်နေလိုက်၏။

"အဲဒီမှာဂဏန်းတွေတွေ့လိမ့်မယ်။ (၉) က နှစ်လုံး၊ (၇) က နှစ်လုံးပါလိမ့်မယ် - ကြည့်ကြည့်လိုက်"

ဖိုးဇော် ကျပ်တန်ကို ကြည့်ရင်း 'ဟာ' ဟု လွှတ်ခနဲပါးစပ်အဟောင်းသားကြီးဖြစ်သွားပြီး ဆရာ့ကို သေချာကြည့်၏၊ ကျွန်ုပ်ကိုလည်းပြ၏။ ကျွန်ုပ်လည်း ခေါင်းနားပန်းများကြီးသွားသလိုဖြစ်သွားပြီး ဖိုးဇော်ကိုတစ်လှည့်၊ ဆရာ့ကိုတစ်လှည့်ကြည့်လိုက်၏။ ဆရာ့ဘေးနားမှ ဆရာ့သူငယ်ချင်းများမှာ ဖိုးဇော်လက်ထဲက ကျပ်တန်ကို သိချင်နေပုံရသောကြောင့် ဖိုးဇော်က ပြလိုက်ပြန်၏။

"ဟုတ်လား ဖိုးဇော်"

"ဟုတ်ပါတယ် ဆရာ"

"အေး - ဒီလိုပြောနိုင်တယ်ကွာ။ ပညာပဲ။ သန့်သန့်လေး၊ ရှုပ်မနေနဲ့။ ပညာ၊ ဘာမှမရောတဲ့ပညာ။ အဲဒီလိုပညာမျိုးကို ကြက်တူရွေးစာအံသလို လွယ်လွယ်သင်လို့ရပါ့မလားကွ - ဖိုးဇော်"

ဖိုးဇော်မျက်နှာ ရယ်ကျဲကျဲကြီးဖြစ်သွားပြီး ခေါင်းကုတ်နေရင်းမှ -

"ကျွန်တော်စကားပြောမှားသွားရင် ဆရာစိတ်. . ."

"အို - ဘယ်ကမှားရမှာလဲ၊ မင်းပြောတာမှန်တယ်လေ။ မင်းပြောတာကိုခံတယ်ဆိုတဲ့အကြောင်း ငါလက်တွေ့ကြုံလိုက်တာပါ။ ဟုတ်တယ်၊ ငါ့ဆီမှာသင်ယူရတာ မလွယ်ဘူး။ မင်းသူငယ်ချင်းက ဉာဏ်နှုံ့နည်းတာကိုးကွ ဘယ်တတ်ပါမလဲ။ နို့သက်ကလည်းခံစို့ချင်သေး၊ ဒီလိုကောင်မျိုး တတ်ပါ့မလား

ကျွန်ုပ်တို့နှစ်ဦးသား ရယ်ကျဲကျဲ ဆက်ရပ်နေရ၏။ ပြီးမှ ဆရာခေါင်းတစ်ချက်ညိတ်လိုက်မှ နှစ်ယောက်သား ဝိုင်းသောက်နေကြသောစားပွဲဆီ ပြန်လာထိုင်လိုက်ကြ၏။ ဖိုးဇော်ကြီးမှာ အံ့တသြနှင့်ပြောမဆုံး။

"ဟုတ်တယ်ကွ ဖိုးဇော်ရ၊ ဆရာကတော့ ငါ့ကို သင်ပေးတာပဲ၊ ငါကိုယ်က မှတ်ဉာဏ်နည်းတာ။ ဆရာက စာနဲ့မှတ်ရင် ကြိုက်ကိုမကြိုက်ဘူး။ ငါကလည်း မေ့တတ်တော့ ရေးသင့်ရင် ရေးရပြန်ရော၊ ဆရာက မကြိုက်"

"အေး - အဲဒါလည်း ခက်တာပဲနော်"

ကျွန်ုပ်တို့ စကားပြောနေချိန် ဆရာတို့ခပ်လှမ်းလှမ်းမှ ဘကြီးသည် လက်ဖက်ရည်ဖိုးငွေရှင်းလိုက်ပြီး နန္ဒဝန်ဈေးဘက်သို့ လျှောက်သွားပြီ ဖြစ်၏။ သူသည် ကေတုမာလာထိလျှောက်မည့်ပုံရှိ၏။

(ကျွန်ုပ်နှင့် ဖိုးဇော်ကြီးသည် နိမိတ်ကောက်ကြခြင်း၊ နိမိတ်များကိုလေ့လာရင်း လမ်းလျှောက်ကြခြင်းပြု တိုင်းပြုတိုင်း စီလုံတီးမှ ဤအဖြစ်အပျက်လေးကို နှစ်ယောက်သား ပြန်ပြောကြလေ့ရှိ၏။ ယနေ့ပြောလျှင် ယနေ့အသစ်ဖြစ်ရ၏။ပြောလိုက်ကြပြီဆိုသည်နှင့် စူးရှတောက်ပြောင်လှသော မျက်လုံးပိုင်ရှင်၊ အရယ်အပြုံး နည်းပါးလွန်းလှသော ကျွန်ရှင်၊ တည်ကြည်အောင်မြင်လှသောအသံရှင် ဆရာ့ကို မျက်စိထဲ မြင်ယောင်လာ၏။ ဂျာကင်နက်ပြာရောင်ကြီးတရွှမ်းရွှမ်းနှင့် လမ်းလျှောက်လေ့ရှိသောဆရာ့ကို မြင်ယောင်ရင်း ဂျာကင်နှင့် လက်လွှဲထိသည့် တရွှမ်းရွှမ်းအသံကိုပါ နားထဲချက်ချင်းကြားလာရသလို ခံစားရမိ၏။ ဤသို့ ဆရာ့အကြောင်းပြောလိုက်သည်နှင့် ဆရာ့ကို ချက်ချင်းလက်အုပ်ချီ၍ အာရုံပြုကန်တော့တတ်သော ကျွန်ုပ်အား ဖိုးဇော်ကြီး အမြဲချီးကျူး၏။ ကျွန်ုပ်မျက်ရည်လည်လာလျှင် သူပါ ဆရာ့ကို သတိရ၍ မျက်နှာမကောင်း။)

စီလုံတီးတွင် ဆရာပညာပြခဲ့သည့်နေ့မှစ၍ ကျွန်ုပ်၏ စိတ်အစဉ်ထဲဝယ် အင်ဂျင်နီယာပညာမှ အထက်ကပ်လျက်ဂြိုဟ်ကိုသာ အာရုံစူးစိုက်ထားပြီးဖြစ်၏။ အချိန်တိုင်းတွင် သတိထားကြည့်၏။ နေရာတိုင်း၌ မျက်ခြည်မပြတ် စောင့်ကြည့်၏။ ကြည့်ရင်းကြည့်ရင်းနှင့် ထင်မထားသော အကြောင်းအရာများကို တွေ့တွေ့လာရသောအခါ ဆရာ့ကိုပြန်ပြောပြ၏။ အယူအဆလွဲနေလျှင် ဆရာက တည့်မတ်ပြုပြင်ပေးလိုက်သည်နှင့် 'ငါကွ' ဟု စိတ်ထဲက ကိုယ့်ကိုယ်ကိုယ် ကြိမ်းဝါးရင်း ကလေးလေးများသဖွယ် မြောက်ကြွမြောက်ကြွနှင့် လက်ကိုကားထားပြီးလမ်းလျှောက်ရသည်မှာအမော။

ဆရာ့ထံ တင်ပြခွင့်ရပြီး ဆရာနားထောင်ပေးသည်ကိုပင် ကြီးမားသော စာမေးပွဲကြီးတစ်ခု အောင်မြင်သွားဘိသကဲ့သို့ ခံစားရပါသည်။

ဆရာ၏ အရေးတယူနားထောင်၊ အရေးတယူပြုပြင်ပေးခြင်းကိုခံရသည်နှင့်ပင် ကျွန်ုပ်မှာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူ၍ မဆုံးတော့။ ငါအတော်ဟုတ်လာပြီ။ ဒါလောက် မျက်နှာငယ်ရလွန်းတဲ့ကောင်၊ သူများနောက်ကချည်းနေရတဲ့ကောင်။ ခု ငါ့ဆရာ ငါ့ကို သင်ပေးလိုက်ပြန်ပြီ၊ ငါဟုတ်လာပြီ ဟူသော အခြောက်တိုက်စိတ်ကြီးဝင်ပြီး အခြောက်တိုက်ဘဝင်မြင့်နေမိတော့၏။

တစ်နေ့ -

ဆရာ့အနားတွင်ထိုင်၍ ဆရာ့ဆုံးမစကားများကို နာယူမှတ်သားနေစဉ် ဆရာ့အသိ ဒေါ်ပွား ဆိုသူ အိမ်ပေါ်တက်လာ၏။ ဒေါ်ပွားသည် လက်ထဲမှာကိုင်ထားသော ပိုက်ဆံအိတ်အနီလေးအား ပေါင်ပေါ်တင်ထိုင်လိုက်ပြီး ဆရာကတော်ကို လှည့်ကြည့်နှုတ်ဆက်နေ၏။

ကျွန်ုပ်သတိထားလိုက်မိသည်မှာ ယနေ့သည် စနေနေ့ဖြစ်ပြီး (၉) နာရီကျော်ရုံသာရှိသေးသည့်အတွက် ဘောမအခါ ဒေါ်ပွား ရောက်လာသည်။ ဟုတ်ပြီ၊ ကြာသပတေးသည် ယာယီမှာရှိ၏။ သူ့အထက်ကပ်လျက်ဂြိုဟ် တနင်္လာကို ဆရာ လက်တွေ့ဟောပြခဲ့ဖူးပြီ။ ယခု ငါ့အလှည့်ငါဟောတော့မည်။ ဒေါ်ပွားအိမ်က ခြေနှစ်ချောင်းထွက်သွားသည်။ မိန်းမဖြစ်မည်ဟု တွေးထားလိုက်၏။

ကျွန်ုပ်တွေးနေစဉ်မှာပင် ဒေါ်ပွားသည် ဆရာ့ဘက်သို့လှည့်ကြည့်၍ ပြုံးပြလိုက်ပြီး ဆရာနှင့်မျက်နှာချင်းဆိုင်လိုက်၏။

"ငွေကြေးကိစ္စက ပြီးမပြီးနိုင်သေးဘူးလား"

ဒေါ်ပွား ဆတ်ခနဲ ဆရာ့ကိုကြည့်လိုက်သလို ကျွန်ုပ်လည်း ဆတ်ခနဲကြည့်လိုက်မိ၏။

"ဆရာ့ကိုဘယ်သူလာပြောသွားလဲ"

"သူများပြောမှ သိရမှာလားဗျ ဒေါ်ပွားရဲ့။ ခင်ဗျားကိုမြင်တာနဲ့ ခင်ဗျားမှာ ငွေကိစ္စတွေရှိနေပြီဆိုတာ ကျုပ်သိပြီပဲ။ ခင်ဗျားရစရာရှိတာတွေမရတဲ့ပြဿနာဖြစ်နေတာပဲလေ။ တောင်းလေခက်လေဖြစ်နေပြီ၊ လိုက်လေဝေးလေဖြစ်နေပြီ။ အဲဒီငွေကြေးကိစ္စတွေ ပြီးမပြီးနိုင်ဘူး"

ဤတစ်ကြိမ်တွင်တော့ ဒေါ်ပွား ဆတ်ခနဲကြည့်လိုက်သည်မှာ ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ပင် ဖြစ်၏။ နှုတ်မှလည်း ခပ်တိုးတိုးနှင့် 'ဟယ်-သိလိုက်တာတော်' ဟု လွှတ်ခနဲ ထွက်သွား၏။ သူသည် ကျွန်ုပ်ကိုကြည့်ရင်း ခေါင်းတစ်ချက်ညိတ်ပြ၏။ သိလိုက်တာ ဟူသောသဘောဆောင်သည့် ခေါင်းညိတ်ခြင်းမျိုးပင် ဖြစ်၏။

ဆရာတို့မိသားစုသည် ရပ်ကွက်ထဲတွင် အေးချမ်းစွာသီးသန့်နေကြသော မိသားစု ဖြစ်၏။ နှုတ်ဆက်ကြသူများက နှုတ်ဆက်ကြသည့်အခါ ခင်ခင်မင်မင် ဖော်ဖော်ရွေရွေ ပြန်နှုတ်ဆက်ကြသော်လည်း သူများအကြောင်းကိုမပြောတတ်ကြ၊ မစပ်စုတတ်ကြ။

ထို့ကြောင့် ဒေါ်ပွားအကြောင်းကို ဆရာကတော်သိမည်မဟုတ်မှန်း ကျွန်ုပ်ယုံ၏။ ဆရာဆိုလျှင်ဝေးစွ။

ယခု ဒေါ်ပွားကို ဒက်ခနဲပြောထည့်လိုက်သည်မှာ ဆရာ ပညာနှင့်ပြောလိုက်ခြင်းပင် ဖြစ်ကြောင်း ကျွန်ုပ်လုံးဝယုံ၏။ ဒေါ်ပွားပင်လျှင် ပါးစပ်အဟောင်းသားဖြစ်နေချေပြီ။

"ဒါမခက်ပါဘူး၊ မိဘမဲ့ကလေးလေးတွေကို ခင်ဗျားအလှူတစ်ခုခုသွားလုပ်လိုက်။ အကျွေးအမွေးတစ်ခုခုပေါ့"

"ဩော် - လုပ်မယ်လေ ဆရာ"

"အဲဒီနောက်ပိုင်း ခင်ဗျားပိုက်ဆံဝင်လာလိမ့်မယ်။ ပထမဆုံးဝင်လာတဲ့ ပိုက်ဆံထဲက နိုင်သလောက်ဖယ်။ ဆွမ်းချက်၊ ဘုရားဆွမ်းတော်ကပ်။ မနက်အစောကြီး တန်းဆွမ်းကြွလာတဲ့ သံဃာတော်တွေကို ခင်ဗျားဆွမ်းလောင်း။ ဒီနောက်မှာထပ်ဝင်ပြီ"

"ဟာ - ဝမ်းသာလိုက်တာ ဆရာ၊ လုပ်ပါ့မယ်ဆရာ။ နောက်ပြီးတော့လေ ကျွန်မရဲ့သားက. . ."

"ခင်ဗျားရဲ့ လိုရင်းကိစ္စက ခင်ဗျား ငွေရေးကြေးရေး အဆင်ပြေချင်တာမို့လား။ ဒီပြင်ကိစ္စနောက်မှလာခဲ့"

ဒေါ်ပွားဘာမှမပြောတော့။ ပေါင်ပေါ်တွင်ရှိနေသော ပိုက်ဆံအိတ်အနီလေးကို ငုံ့ကြည့်လိုက်ပြီး ကျွန်ုပ်ဘက်သို့ လှည့်ကြည့်၏။ ပြီးမှ ဆရာ့ကို ပညာပူဇော်ခကန်တော့ပြီး ထပြန်သွားတော့၏။

"မောင်မောင်သန်း"

"ဗျာ - ဆရာ"

"မင်း ခုန ဒေါ်ပွားလာတော့ ဘာတွေးလဲ။ ငွေကြေးကိစ္စကိုဒါရိုက်တွေးလား၊ မြင်ရောမြင်လား"

"တွေးတာလွဲသွားတယ်ဆရာ"

"ဘယ်လိုလွဲလဲ"

"ကျွန်တော် တွေးလိုက်တာက ဟိုနေ့က ဟိုစီလုံတီးမှာ ဆရာနဲ့ ဟိုအစ်ကိုနှစ်ယောက်တို့ ထိုင်နေတုန်းက"

"မင်းဟာ က,တွေများနေပြီ။ လိုရင်းမရောက်ဘူး"

"ဟုတ်ကဲ့၊ အဲဒီနေ့တုန်းက ဟိုလူကြီးတစ်ယောက်ဝင်လာတော့ ဆရာ ဟောလိုက်တာ ကျွန်တော်မှတ်ထားပြီး အင်္ဂါအခါမှာ ကြာသပတေးနိမိတ်တွေ့ရင် ခြေနှစ်ချောင်းအထွက်ပဲလို့ မှတ်ထားလိုက်လို့ပါ ဆရာ"

"အင်း - မင်းဟာက ပုံသေကြီးပဲ"

ကျွန်ုပ်ကို ပြောနေရင်းမှ ဆရာ့မျက်လုံးတို့ ခပ်ဝေးဝေးကို လှမ်းကြည့်နေ၏။ ဘာကိုကြည့်နေမှန်းတော့မသိ။ ကျွန်ုပ်အားဘယ်လိုသင်ပေးရရင်ကောင်းမလဲဟုများ တွေးနေရောသလား။

"မင်း အဲဒီနေ့က သွားမေးတဲ့လူက မျက်မှန်ကိုင်တယ်လေ။ ပြီးတော့ ဘာစားလဲ"

"ပေါင်မုန့်"

"အေး - သူက ကြာသပတေး အမြင်တွေထင်ရှားတယ်။ ဒေါ်ပွားက ဘာထင်ရှားလဲ"

ကျွန်ုပ် မဖြေတတ်၍ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ဆရာ့အား ကြည့်နေမိပါသည်။ ဆရာဆူမည့်စကားသံကိုသာ မျှော်နေလိုက်တော့၏။

"သူ့ပေါင်ပေါ်မှာဘာတင်ထားလဲ"

"ဩော် - ပိုက်ဆံအိတ် ဆရာ။ အနီရောင်လေး"

"အေး - အဲဒါမထင်ရှားဘူးလား"

"ထင်ရှားသွားပါပြီ ဆရာ"

"ဘာတုံး၊ မင်းပြောတဲ့စကားက"

"ဟုတ်ကဲ့၊ ဆရာပြောလိုက်တော့ ထင်ရှားပါတယ်။ မြင်သွားပါပြီလို့ပြောတာပါဆရာ။ စကားနှစ်ခုရောသွားလို့ပါ"

ကျွန်ုပ် အကြောက်လွန်၍ စကားအယောင်ယောင်အမှားမှားဖြစ်သည့်အခါ ဆရာသည် တစ်ဖက်သို့လှည့်၍ ပြုံးစစ လုပ်နေတတ်၏။ ယခုလည်း ပြုံးစစနှင့် လမ်းဘက်သို့ လှည့်ကြည့်နေ၏။ ဘာမှတော့ မပြောတော့။

ထိုနေ့က ဆရာ့အိမ်မှအပြန် လမ်းလျှောက်ရသည်မှာ မြေကြီးနှင့် ခြေထောက်မထိသလိုခံစားရ၏။ ပျော်လိုက်သည့်ဖြစ်ခြင်း။ လမ်းမှာဆုံကြသည့် လူတိုင်းလိုလို၏မျက်လုံးတို့သည် ဒီကောင်ဘာဖြစ်နေတာလဲ ဟူသော အဓိပ္ပာယ်ရသည့်အကြည့်ဖြင့် ကြည့်သွားကြ၏။

ဂြိုဟ်တစ်လုံးကိုမြင်လျှင် ဘာမှန်းညာမှန်း မစဉ်းစားတော့ဘဲ ပုံသေယူတတ်သည့် တပည့်အား စကားလေးတစ်ခွန်း၊ နှစ်ခွန်းမျှနှင့် အမြင်ပြောင်းလဲပစ်နိုင်စွမ်းသော ဆရာအရှင်အား လမ်းတစ်လျှောက်လုံး သတိရလိုက်၊ လက်အုပ်ချီလိုက်နှင့် ပျော်နေမိ၏။

ထိုနေ့မှ လွန်မြောက်၍ (၁၀) ရက်သာသာခန့်အကြာ -

"ညီလေးဘယ်လဲ"

တော်တော်လေးခင်သောအစ်ကို ဖြစ်၏။ သူက (၁၅) လမ်းထဲတွင်နေပြီး ကျွန်ုပ်က (၁၅) လမ်းထိပ်တွင် နေသောကြောင့် နေ့စဉ်လိုလိုတွေ့နေရသူဖြစ်၏။ သူ ဘာအလုပ်လုပ်ကိုင်မှန်းတော့ ကျွန်ုပ်မသိ။

"လမ်းထိပ် အစ်ကို"

ပြောရင်းနှင့်ပင် နှစ်ယောက်သားဘေးချင်းယှဉ်လမ်းလျှောက်မိရက်သားဖြစ်သွား၏။ အခါမှာ စနေ္ဒြာအခါ။ ထိုအစ်ကို ဝတ်ထားသည်မှာ အနီရောင်ပိုများသောအင်္ကျီဖြစ်၍ အနီရောင်ထင်ရှား၏။ အခါအလိုအရလည်း နံတော်စဉ်နှင့်ကြည့်လျှင် ဘုရားရှင်တောထွက်တော်မူသောအခါ ဖြစ်သောကြောင့် လူထွက်ကိန်းဖြစ်နိုင်သောအခါ ဖြစ်၏။

သို့သော် သူ့ပုံမှာ တည်ငြိမ်နေပြီး ပြုံးနေသောကြောင့် ကျွန်ုပ်မှာ တွေဝေသွားရပြန်၏။

သူဝတ်ထားသောအင်္ကျီအရောင်မှာ တနင်္ဂနွေအရောင်ဖြစ်ပြီး အခိုက်မှာရှိ၏။ ထိုတနင်္ဂနွေဂြိုဟ်၏အထက်ကပ်ရက်မှာ ကြာသပတေးရှိနေ၏။

၆
၃
၀
စနေ္ဒြာအခါ - ၂
၅
၁ အခိုက်/အနီရောင်
၄

ကျိန်းသေပြီ။ ဒါလူထွက်လောက်ပြီ။ ထွက်လျှင် ထွက်သောသူသည် ကြာသပတေးဖြစ်ရမည်။ သို့မဟုတ် ကြာသပတေးနာမည်တစ်ခုခုပါရမည် ဟုတွေးရင်း လျှောက်နေလိုက်၏။

ပညာသင်စကာလများဖြစ်၍ပြောချင်လိုတ်သည်မှာ ပါးစပ်တပြင်ပြင်။

အတွေးက တစ်မျိုးပြောင်းသွားပြန်၏။

အင်း - သူ့ပုံက ခပ်အေးအေးပဲ



www.burmeseclassic.com

www.burmeseclassic.com

သူ့အိမ်ကလူထွက်လျှင် သူ့အမူအရာသည် ဟာလောင်ခတ်နေလောက်မည် ဖြစ်၏။ စိတ်ပူပန်များနှင့် ဂနာမငြိမ်ဖြစ်နေနိုင်သည်။ ယခု သူကအေးအေးဆေးဆေး။

ဒီတိုင်းဆို လူထွက်တာ မဖြစ်နိုင်၊ ဖြစ်နိုင် စဉ်းစားရပေမည်။ ကြာသပတေးသည် တနင်္ဂနွေ၏မိတ်ဂြိုဟ် ဖြစ်၏။ မိတ်ဂြိုဟ်က စတုရန်းရောက်နေပုံ ထောက်လျှင် မိတ်ပျက်သော ပြဿနာမျိုးဖြစ်ဖြစ် ရှိနိုင်သည်။ ငွေကြေးကြောင့် တစ်ဦးနှင့်တစ်ဦး မုန်းကြသောကိစ္စမျိုးသည်း ဖြစ်နိုင်သည်။

(၁၅) လမ်းသည် စာတိုက်လမ်းဆုံဘက်သို့ထွက်လျှင် (၁၀) မိနစ်မျှ အေးအေးဆေးဆေးလျှောက်ရုံနှင့်ရောက်၏။ ထို (၁၀) မိနစ်အတွင်းတွင် ကျွန်ုပ်မှာ တောင်စဉ်ရေမရအတွေးများနှင့် လုံးချာသည်နေပြီး ထိုအစ်ကိုအားလည်း မမေးရဲ ဆုံးဖြတ်ရန်မှာလည်း အတွေးကများနှင့် စာတိုက်လမ်းဆုံနားပင်ရောက်ပြီဖြစ်၏။ မနေနိုင်တော့ -

"အစ်ကို"

"ဟေ"

"အစ်ကိုအခုဘာကြံနေရလဲ"

"ဘာကိုလဲ"

"အခုဘာကိစ္စကြံနေရလဲလို့"

"ဘာမှမကြံပါဘူး။ ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး အစ်ကို"

"ဘာမှမကြံပါဘူးကွ၊ အမေ့သွားခေါ်မလို့။ အမေက မိုးကောင်းဘုရားကြီးမှာ မနက်ထဲက ဥပုသ်စောင့်သွားတယ်လေ။ အဲဒါသွားခေါ်မလို့"

"ဩော် - ဟုတ်ကဲ့"

သိလိုက်ပါသည်။ ကျွန်ုပ်ပြောလိုက်ပုံမှာ ခြောက်ကပ်ကပ်နိုင်မှန်း ကိုယ့်ကိုယ်ကိုယ် သိလိုက်ပါသည်။ ထိုအစ်ကို ကားဂိတ်ဘက် ဆက်လျှောက်သွားသည်နှင့် ကိုယ့်ကိုယ်ကိုယ် မကျေနပ်သောစိတ်ကြောင့်လားမသိ ခြေလှမ်းကျကျနှင့် လမ်းထဲပြန်ဝင်လာမိတော့၏။

လူထွက်တာဟုတ်သား။

သူ့အမေ အိမ်က ထွက်သွားပြီး ဥပုသ်သွားစောင့်သည်။ သူ့အမေနာမည် က ဒေါ်ပု ဖြစ်၏။

ခရီးတော့ ခရီးအခါ မှန်လှပါသည်။

ဂဏန်းလုံးများ၊ ဂြိုဟ်များသည် သူ့အတိုင်းသူလှုပ်ရှားနေကြပါသည်။

ကျွန်ုပ်သာလျှင် တောင်စဉ်ရေမရ ဂနာမငြိမ်အတွေးများလွန်းသောကြောင့် ယခုလို ဘာမှန်းညာမှန်းမသိဖြစ်ရ၏။

အမှန်က 'အစ်ကိုဘယ်လဲ၊ ဘယ်သူအိမ်ကထွက်သွားလို့လဲ' ဒါမှမဟုတ် 'ဘယ်သူ့ကိုသွားပြန်ခေါ်မလို့လဲ' ဟု မေးလိုက်လျှင် ထိုအစ်ကိုအံ့သြသွားပေမည် ဟုတွေးရင်း ကိုယ့်ကိုယ်ကိုယ်မကျေနပ်ဖြစ်နေမိ၏။

"လူလေး"

"ဗျာ"

"ဘယ်ထွက်သွားတာလဲ၊ အမေနောက်ကလှမ်းခေါ်တာတောင်မကြားဘူး"

"ဩော် - ဟိုလမ်းထဲက အစ်ကိုနဲ့ ကားဂိတ်ဘက်၊ ဘာဖြစ်လို့လဲ အမေ"

"ဒီမှာဧည့်သည်ရောက်နေတယ်။ မင်းတို့ငယ်ငယ်က သူပဲထိန်းလာတာလေ၊ မရင်စိန်လေ"

လှမ်းကြည့်လိုက်ရာ ငယ်ငယ်က ထိန်းလာသော ဒေါ်ရင်စိန် ဖြစ်၏။

ကျွန်ုပ်သည် ဒေါ်ရင်စိန်ဟု မမြင်တော့။ စန္ဒြောအခါတွင်ဟောရန် လူတစ်ယောက်ကိုတွေ့ပြီ ဟူသော အသိသာဝင်လာတော့၏။

၆
၃
၀
စန္ဒြော - ၂
၅
၁
၄ - ဒေါ်ရင်စိန်

ဒေါ်ရင်စိန်အား တွေ့ချိန်သည် လူထွက်ခြင်းကို ရှေ့ပြေးနိမိတ်အဖြစ် ကြားထားပြီးချိန်ဖြစ်၏။ သူ (ဒေါ်ရင်စိန်) ၏ အထက်ကပ်ရက်ဂြိုဟ်မှာ တနင်္ဂနွေဖြစ်ပြီးခိုက်နေ၏။ ဗုဒ္ဓဟူးနာမည်ရှင်နှင့်



ရန်လည်းဖြစ်၏။ အင်္ဂဝိဇ္ဇာအလိုအရ 'အောင်-ဆု-လည်း-ပွား' ဂြိုဟ်ယောကျ်ားဖြစ်သောကြောင့် လူထွက်လျှင်ယောကျ်ားဖြစ်နိုင်၏။ အကြီးအကဲတစ်ဦးဦးဖြစ်နိုင်၏။ 'အင် - တူ - လက် - မျှ' နဂိုရ်ပဟု ဆိုသောကြောင့် အမြဲထွက်သည်ကို ကျွန်ုပ်မစဉ်းစားတတ်ဖြစ်ရပြန်၏။ အိမ်မှထွက်ခြင်းဟူသည် ယာယီသာများ၏။

ယခု ယာယီဂြိုဟ် မတွေ့ပြန်။

ကျွန်ုပ်မှာ ချီတုံချတုံဖြစ်နေပြန်၏။

ထိုစဉ် အပေျာ်ငါးရှာနေကြသော (၁၀) နှစ်သာသာခန့် ကလေးနှစ်ဦး အိမ်ရှေ့မြောင်းနားဆီရောက်လာ၏။

"ဟာ - ခုနတွေ့တယ်နော်။ ခုနန်းတွေထဲရောက်နေလားမသိဘူး"

ဟုဆိုရင်း သူတို့လက်ထဲမှ ငါးများတံနှင့် မြောင်းထဲမှ ငါးကိုမျှားနေပြန်၏။ နှစ်ယောက်ဖြစ်သော်လည်း ငါးမျှားတံမှာ တစ်ချောင်းတည်းသာဖြစ်သောကြောင့် တစ်ယောက်ကသာထိုင်မျှားနေ၏။ ကျန်ကလေးက ဘေးမှ။

ဟုတ်ပြီ - ဘာပဲပြောပြော ငါးရှာခြင်းသည် ရှာခြင်းသာလျှင် ဖြစ်၏။ ရှာသည်ဆိုကတည်းက ထွက်သွားသူရှိ၍ ရှာခြင်း ဖြစ်၏။ ပျောက်နေ၍ရှာခြင်းဖြစ်၏။ ရှိနေလျှင် ရှာမည်မဟုတ်။ ရှာခြင်းဟူသည် ဖြစ်မလာနိုင်။ ယခု ရှာပြီ။

ဤတိုင်းဆိုလျှင် ဒေါ်ရင်စိန်သည် တစ်ယောက်ယောက်ထွက်သွားခြင်းနှင့် ဆုံလိမ့်မည်သေချာသည်။

"ဒေါ်ကြီးအိမ်က ဘယ်သူထွက်သွားလဲ"

"ဦးကောက်လေ သား၊ ဦးကောက်တော့ ထွက်သွားပြီ"

ဦးကောက် ဆိုသူမှာ ဒေါ်ရင်စိန့် အစ်ကိုဖြစ်၏။ ဒေါ်ရင်စိန်တို့တွင် (၃) ယောက်ရှိပြီး အကြီးဆုံးမှာ ဦးကောက်ဖြစ်၏။

"ဟာ - ဘကြီးကောက်ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး။ ရွာမှာ ခြံဝိုင်းလေးပြန်ရောင်းဖို့ဆိုပြီးအိမ်ကထွက်သွားတာ။ မကြာသေးဘူး၊ ပြီးခဲ့တဲ့ အဖိတ်နေ့က"

ကျွန်ုပ်သည် -

အမေ့ကိုရော ဒေါ်ရင်စိန်ကိုပါ ပြုံးကြည့်လိုက်၏။

ထုံးစံအတိုင်း သားလုပ်သူကို ကြုံဖန်ချီးမွမ်းတတ်သော အမေသည် -



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်- လူလေးကသိလိုက်တာ။ အဲဒါပဲ မရင်စိန်ရေ့ သူပြောချင်ရင် ဒိုးခနဲ ဒေါက်ခနဲပဲ။ ခုကြည့်လေ၊ နင်တောင် ထိုင်တုန်းရှိသေးတယ်။ ကိုကောက်ထွက်သွားတာ တို့များစကားမစပ်ကြသေးဘူးနော်"

"ဟုတ်တယ် မမသိန်း၊ ကျွန်မတောင်အံ့ဩနေတာ။ ဟယ် - ဒီကောင်လေး ကိုကြီးကောက်အိမ်ကထွက်သွားတာ ဘယ်လိုများသိနေပါလိမ့်လို့"

ထိုအသံတို့သည် ကျွန်ုပ်၏ ခြေထောက်များနှင့် ကြမ်းပြင် တဖြည်းဖြည်းကွာလာပြီး မြောက်ကြွမြောက်ကြွဖြစ်လာစေသောအသံများဖြစ်၏။ အခါတိုင်ကို ဆုံးဖြတ်သည့်အခါ ထင်ရှားခြင်းများကို သတိမူခိုင်းခဲ့သော ဆရာအရှင်နေထိုင်ရာ စိန်ပန်းမြိုင်ဘက်သို့လှည့်၍ လက်အုပ်ချီပြီး ကန်တော့နေလိုက်၏။ ဆရာ့အား ရည်မှန်းကန်တော့နေသည်ကို အမေနှင့် မရင်စိန်ကြည့်နေကြပါလိမ့်မည်။ သို့သော် ကျွန်ုပ်၏ စိတ်အစဉ်တို့သည်ကား ဆရာ့ထံတွင်သာ။

အမေက ကျွန်ုပ် ဤလို တစ်ခုခုပေါ်တိုင်း စကားတစ်ခွန်းအမြဲပြော၏။

"လူလေးမခေဘူး"

ဟူ၍ ဖြစ်၏။

နောက်နေ့ -

အလွန်သွက်လက်သောခြေလှမ်းများနှင့် ကျွန်ုပ်၏စိတ်အစဉ်တို့ ပေါ့ပါးနေပြီး ဆရာ့ထံသို့သာ ရောက်ချင်ဇောများနေတော့၏။

ဆရာသည် နက်ပြာရောင်ဂျာကင်ခါးရှည်ကိုဝတ်၍ သူ၏အိမ်ရှေ့နားတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေ၏။ ယခုလျှောက်နေသည်မှာ ဖြည်းဖြည်းချင်းဖြစ်နေသောကြောင့် ဂျာကင်သံ တရွမ်းရွမ်းမမြည်ပေ။ အခါသည် ဂုရုအခါ ဖြစ်၏။

"ဘယ်လိုဖြစ်လာတာလဲ၊ ဂနာမငြိမ်နဲ့"

ဆရာ့စကားကြောင့် တုံ့ခနဲရပ်လိုက်သော်လည်း ပြုံးနေသော ကျွန်ုပ်၏ မျက်နှာမှာ ဆက်ပြီးပြုံးနေ၏။

"အင်း- ဘာတွေကြားဦးမယ်မသိဘူး၊ လူရှာမတွေ့တဲ့အကြောင်းတွေ"

"ဟာ"

ပါးစပ်က လွှတ်ခနဲထွက်သွားပြီး ဆရာ့မျက်နှာကိုစိုက်ကြည့်နေမိ၏။ ပြီးမှ အိမ်ပေါ်တွင်ထိုင်နေသော ဆရာကတော်နှင့်ဆရာ့သားလေးများဘက်သို့ တဖြည်းဖြည်းချင်း လှည့်ကြည့်မိ၏။



'တန်းပြောလိုက်တာ မောင်မောင်သန်းတော့ လန့်သွားပြီနဲ့တူတယ်'

ဟူသော အဓိပ္ပာယ်ဆောင်သည့် ရယ်ခြင်းမျိုးနှင့် ကျွန်ုပ်ကိုကြည့်ရင်း ဆရာကတော်ရယ်နေ၏။ ကလေးနှစ်ယောက်လည်း ရယ်နေ၏။ သူတို့အမြင်တွင်-

'ဖေဖေပြောလိုက်တာ အစ်ကိုမောင်သန်းတော့ တွန့်ခနဲဖြစ်သွားတာပဲ'

ဟူသော ရယ်ပုံမျိုးဖြစ်ပြီး ကျွန်ုပ်ကို လူရွှင်တော်ကြီးတစ်ဦးကို ကြည့်နေဘိသကဲ့သို့ တဟားဟားနှင့်ဖြစ်နေကြ၏။

"ဂုရုအခါလေကွာ"

"ဟုတ်ကဲ့"

"မင်းကို ငါ အထက်ကပ်ရက်ဂြိုဟ်တွေအကြောင်းသင်နေတာပဲ"

"ဒါဆို ကျွန်တော့်အထက်မှာ အင်္ဂါရှိတယ်နော် ဆရာ"

၂
၆

ဂုရု - ၃ / ၅ / ၁ (၃ ← ၅)

၄
၀

(ကျွန်ုပ်၏ရိုးရိုးအမြင်)

"ခက်တာပဲ၊ မင်းမှာ ဆင်ခြင်တုံတရားမရှိဘူး။ ဒါကြောင့် အင်္ဂဝိဇ္ဇာတတ်မှာ မဟုတ်ဘူးလို့ ငါအမြဲပြောတာ လွန်လား"

"မလွန်ပါဘူး ဆရာ။ ဉာဏ်တကယ်မမီတာပါ"

"အေး - မင်းက ဂနာမငြိမ်ဘဲ လှုပ်ရှားခြင်းဟာ ဘာဂြိုဟ်လဲ"

"သောကြာပါ"

"အေးလေ၊ သောကြာအထက်မှာ ဘာရှိလဲ"

"တနင်္လာပါ"

"ဒါပဲလေ၊ မင်းကြွားတော့မယ်လေ။ မင်းကြွားရင်ဘာကြွားမလဲ တနင်္လာနဲ့ဘာဆက်သွယ်လဲ"

"ဗုဒ္ဓဟူးပါ၊ အခိုက်ပါ"

"အေးလေ - ဘယ်လူတွေဘယ်လိုဖြစ်နေတာကို ကျွန်တော်ဘယ်လိုဟောလိုက်တယ်တို့ဘာတို့၊ ဘယ်လိုလူထွက်သွားတာတွေကို ဟောပြလိုက်တာတို့ မင်းကြွားတော့မယ်မို့လား"

ကျွန်ုပ်၏ဒူးများအလိုလိုညွတ်တွသွားပြီး မြေကြီးပေါ်တွင် ဝပ်ချလိုက်ရင်း ဆရာအရှင်၏ခြေထောက်နှင့်ခေါင်းနှင့်ထိ၍ ဦး (၃) ကြိမ် ရှိခိုးလိုက်မိပါတော့သည်။

ပြီးမှ -

"ဆရာ၊ ကျွန်တော် ဆရာ့ရှေ့မှာတောင်မှနေရဲလောက်အောင် ကြောက်သွားမိပါတယ် ဆရာ"

ဟု ပြောလိုက်၏။

မြင်ရခဲလှသောပြုံးခြင်းများ ဆရာ့မျက်နှာပေါ်တွင်ပြည့်သွားပါသည်။

↗ ၂ -အကြွား
↖ ၆ -လှုပ်ရှား

၃
ဂုရု - ၅
၁
ခိုက် ၄ - လူ
၀

(ဆရာပြောပြလိုက်သောပညာခန်း)

"အေး၊ အေး - မင်းလည်း အတွေ့အကြုံတွေများလာရင် မြင်လာမှာပေါ့ကွာ။ ကြိုးစားပေါ့"

ကျွန်ုပ်သည် -

လမ်းလျှောက်နေသူဖြစ်၏။

ထို့ကြောင့် တစ်နေ့ ခရီးရောက်ကိုရောက်ရမည်ဟု စိတ်ထဲတွင် အင်အားများပြည့်လာပြီး -

တစ်နေ့ -

တပည့်များဝိုင်းဝိုင်းလည်နေသော ဆရာတစ်ဆူဖြစ်လာသည့်အခါ ဤအကြောင်းလေးကို ပြန်ပြောပြရဦးမည်ဟု တွေးလိုက်ရင်း -

ဆရာအရှင်၏ခြေရင်းဝယ် အားရပါးရ ပြုံးနေလိုက်မိပါတော့သတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



# မင်းဘူး–ဗိုလ်ညွှန့်ဘ

## ဆင်းရဲခြင်းပါမှုလအကြောင်းတရား

ဆင်းရဲခြင်းကို ပါဠိလို ဒုက္ခဟုခေါ်၍ ချမ်းသာခြင်းကို သုခဟု ခေါ်သည်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည် ဝေဒနာခေါ် ခံစားမှုဖြစ်သည်။ ပရိယတ္တိစာပေတွင် ဝေဒနာကို သုံးမျိုးပြသည်ရှိသည်။ ငါးမျိုးပြသည်ရှိသည်။ သုခ (ချမ်းသာခြင်း)၊ ဒုက္ခ (ဆင်းရဲခြင်း) နှင့် ဥပေက္ခာ (ချမ်းသာခြင်းမဟုတ်၊ဆင်းရဲခြင်းမဟုတ် အလယ်အလတ်ခံစားမှု) တို့ ဖြစ်သည်။ တစ်ဖန် သုခ၊ သောမနဿ၊ ဒုက္ခ၊ ဒေါမနဿနှင့် ဥပေက္ခာ ဟူ၍ ငါးမျိုးရှိ၏။ သုခနှင့် ဒုက္ခသည် ကိုယ်ခန္ဓာခံစားမှုဖြစ်ကာ သောမနဿနှင့် ဒေါသမနဿသည် စိတ်ခံစားမှုဖြစ်သည်ဟု ဆိုလေသည်။

၁၉၉၁ ခုနှစ်၊ ဇွန်လခန့်က ဖြစ်သည်။ မကာအိုမြို့ အကောက်မဲ့ဈေးဆိုင် (Duty Free) တွင် တာဝန်ကျနေစဉ်က ဖြစ်သည်။ လစ္စဘိုဝါဟိုတယ်ရှိ ယင်းပင်မဆိုင်တွင် မွန်းလွဲ (၁၂) နာရီခွဲမှ ည(၉)နာရီထိ တာဝန်ထမ်းရသည်။ ည (၉) နာရီ ဆိုင်ပိတ်သော် ရှိင်ရယ်ဟိုတယ်ရှိ ယင်းဆိုင်၏ ဆိုင်ခွဲတွင် ည (၁၁) နာရီထိ ဆက်၍တာဝန်ထမ်းရသည်။ ရှိင်ရယ်ဟိုတယ်ရှိ ဆိုင်ခွဲတွင် တာဝန်ထမ်းနေခိုက် ည(၁၀) နာရီခန့် ရှိပါပြီ။ ကျွန်တော်က ရေမွှေးပုလင်းတွေထည့်ထားသော မှန်ဗီရိုကောင်တာနောက်တွင်ရပ်နေသည်။ ထိုစဉ် လူတစ်ယောက်ဝင်လာပြီး ကျွန်တော့်အား ကြေးတံဆိပ်တစ်ခုပြသည်။ ယင်းကြေးတံဆိပ်သည် ကျွန်တော်တို့ လုံခြုံရေးဆောင်းသောဦးထုပ်၌တပ်သောတံဆိပ်ဖြစ်သည်။ထို့ကြောင့် ကျွန်တော်က ဆောင်းထားသော ဦးထုပ်ကို ချွတ်၍ ကျွန်တော့်ဦးထုပ်က တံဆိပ်များ ပြုတ်ကျလေသလားဟုစစ်တော့ မဟုတ်ပါ။ဦးထုပ်တွင် တံဆိပ်ရှိပါသည်။

ထိုစဉ်မှာပဲ ယင်းပုဂ္ဂိုလ်က အင်္ဂလိပ်လိုပြော၍ ကျွန်တော့်ကို ဟောက်သည်။ (မကာအိုရဲက ရဲသတ္တုတံဆိပ်ပြပြီးစစ်သကဲ့သို့ ဒီလူက ကြေးတံဆိပ်ကိုပြခြင်း ဖြစ်သည်။)

"ငါက မင်းတို့ မန်နေဂျာအသစ်ကွ"

"ဪ - ခင်ဗျားက မန်နေဂျာအသစ်လား၊ ကျွန်တော်မသိလို့ပါ"

"မင်းကဒီမှာဘာလုပ်နေတာလဲ"

"ဒါက ကျွန်တော်တာဝန်ကျရာနေရာပဲ"

"တကယ်"

"ခင်ဗျားက မန်နေဂျာဆိုရင် ကျွန်တော်တာဝန်ကျတဲ့နေရာကို မသိဘူးလား"

"ကောင်းပြီ၊ နက်ဖြန်မနက် မင်းရုံးကို သတင်းပို့ပါ"

"ကောင်းပါပြီ။ ကျွန်တော် လာခဲ့ပါတယ်"

ထိုလူမှာ ပေါ်တူဂီ-တရုတ်ကပြားဖြစ်သည်။ ခဏနေတော့ ထိုသူသည် ဟိုတယ်တွင်းရှိ ဈေးဆိုင်ရှေ့သို့ တစ်ခါ ပြန်လာကာ ဈေးဆိုင်နဖူးစီးဆိုင်းဘုတ်ကို မော့ကြည့်သွားသည်။ ရုံးက တာဝန်ကျစာရင်းတွင် အင်္ဂလိပ်လို အတိုကောက် (L.C) လို့ပဲ ရေးထားသည်။ (Le Classique Duty Freeshop) ကို အတိုရေးခြင်းဖြစ်သည်။ ဒါကို သည်လူမသိပေ။ (၁၁) နာရီထိုးရန် ငါးမိနစ်အလိုတွင် ကြီးကြပ်ရေးမှူးအမျိုးသမီး ထိုင်မန်က -

"အန်ကယ်ဝမ်း၊ ဆိုင်ပိတ်မယ်"

ဆို၍ ဆိုင်ပိတ်၊ တံခါးသော့ခတ်၊ သတိပေးစက်ဖွင့်ကာ ထွက်လာခဲ့သည်။ ဟိုတယ်အပြင်ဘက်ဖုန်းဘူ[illegible] စောင့်နေသည်။

"ဒီလာပါဦး"

ဟု ဆိုသဖြင့် သွားသည်။

"အခုဘယ်သွားမှာလဲ"

"အိမ်ပြန်မလို့"

"ဘယ်နှနာရီထိုးသေးလို့လဲ"

(၁) နာရီ မထိုးသေးပါ။

"ငါမသိဘူး။ ငါ့အလုပ်က ဆိုင်ပိတ်ရင် အိမ်ပြန်ဖို့ပဲရှိတယ်"

"အေးပါ။ မင်းမှာ ဘာအပြစ်မှမရှိပါဘူး။ ဒါပေမယ့် မနက်ကျရင်တော့ ရုံးကို လာခဲ့ပါဦး"

"ကောင်းပါပြီ၊ လာခဲ့ပါ့မယ်

နောက်နေ့မနက်ရုံးကိုသွားသည်။

ထိုအခါ မန်နေဂျာအသစ် ဆိုသူက လေပြေအေးနှင့် -

"မင်းမှာအပြစ်မရှိပါဘူးကွာ"

ဟု ပြောပြီး ပြန်လွှတ်လိုက်သည်။ ဂတ်(ဒ်)၌ တစ်ယောက်တွင် ဘာအပြစ်မှမရှိဘဲ အရေးယူသော် သူကွဲမည်။ ဒါကြောင့် သူက လောပြထိုးခြင်း ဖြစ်သည်။

ဤဇာတ်လမ်း ဘယ်ကစတာကို ကျွန်တော် သိသည်။ ဤဟိုတယ်တွင် ကျွန်တော်သည် ဈေးဆိုင်စောင့်သော လုံခြုံရေးဂတ်(ဒ်) ဖြစ်သည်။ တစ်ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com

တည်းက ဤဟိုတယ်စောင့်သောဂတ်(ဒ်) တွေရှိသေးသည်။ ဤဆိုင်၏ဘေးတွင် အမျိုးသားအိမ်သာရှိသည်။ ယင်းအိမ်သာသို့ဝင်သော ဒေသသခံ တရုတ်ဂတ်(ဒ်)က ကျွန် တော့်ကို ကြည့်မရဖြစ်ကာ မန်နေဂျာကို သွားခေါ်ခြင်း ဖြစ်သည်။ ထိုတရုတ် အိမ်သာလာတိုင်း ကျွန်တော်က 'ချို'ကြည့်ကြည့်သည်။ သူကလည်း ပြန်ကြည့် သည်။ တစ်ရက်တော့ သူ အိမ်သာဝင်သွားပြီးနောက် ကျွန်တော် လိုက်ဝင်သွားသည်။ သူဘေးမှာပဲ ရပ်၍ အပေါ့သွားသည်။ ထို့နောက် ခါးက လုံခြုံရေးကိုင်တုတ်ကိုဖြုတ်၍ လေထဲမှာ ဝှေ့ယမ်းကစားပြလိုက်သည်။ ကျွန်တော်က သူ့ကို ခြိမ်းခြောက်လိုက်ခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ဤအိမ်သာသို့ ထိုတရုတ်မလာတော့ချေ။

၁၉၉၃ ခုတွင် မကာအို စန်းတင် ဆေးရုံကြီး၌ တနင်္ဂနွေအချိန်ပိုင်းတာဝန် ကျသည်။ မူလအချိန်ပြည့်ဂျူတီသည် လူဝမ်ကျွန်းရှိ ဆီစီအမ်ဘဏ်တွင်ဖြစ်ကာ ဘဏ်လုံခြုံရေးအား လစာညှိသည့် သဘောဖြင့် တနင်္ဂနွေ အချိန်ပိုင်းပေးခြင်း ဖြစ်သည်။ ဤဆေးရုံကြီးတွင် မိတ်ဆွေကြီး ဦးလေးနောင်ကို တွေ့သည်။ ဆေးရုံ၏ စာသင်ဆောင် ကားရပ်နားရာနေရာတွင် သူက ဟိုဘက်စခန်း၊ ကျွန်တော် က ဒီဘက်စခန်း ဖြစ်သည်။ နေရာတိုင်းတွင် စောင့်ကြည့်မော်နီတာ ကင်မရာတွေတပ်ထားကာ အပေါ်ထပ်ရှိ လုံခြုံရေးထိန်းချုပ်အခန်းကနေ တီဗွီဖန်သားပြင်၌ ကြီးကြပ်ရေးမှူးကကြည့်နေတာ ဖြစ်သည်။ လုံခြုံရေးများသည် သူ့နေရာ၊ ကိုယ့်နေရာသွား၍ စကားမပြောရပါ။ ဦးလေးနောင်က ကင်မရာကို လွတ်အောင်ရှောင်၍ အုတ်တံတိုင်းဘေးကနေ စကားလာပြောလေ့ရှိသည်။ ဦးလေးနောင်သည် သည်းခံတတ်သည်။ စိတ်သဘောထား နူးညံ့သိမ်မွေ့သူဖြစ်သည်။ ကျွန်တော်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ဒါဆိုလျှင် ကျွန်တော်သည် မည်ကဲ့သို့သော လူစားဆိုသည်ကို စာဖတ်သူ ရိပ်စားမိလောက်ပါပြီ။

ဤဆေးရုံတွင် အိန္ဒိယလူမျိုး အင်ချပ်(ချ်)တစ်ယောက် ရှိသည်။ လက်ထောက်ကြီးကြပ်ရေးမှူးဆိုပါစို့။ ယင်းအင်ချပ်(ချ်)သည် တရုတ်စကားမတတ်ပါ။ အင်္ဂလိပ်စကားတော့တတ်သည်။ အင်္ဂလိပ်စကားတတ်တော့ ဤဆေးရုံရှိ ဖိလစ်ပိုင်ဂတ်(ဒ်)နှင့် မြန်မာဂတ်(ဒ်)တွေကို သူကရစ်လေ့ရှိသည်။ တရုတ်ဂတ်(ဒ်)ကိုမူ တရုတ်စကားမတတ်၍ သူက ဘာမှမပြောပါ။ပြောလျှင်လည်း တရုတ်ဂတ်(ဒ်)က နားမထောင်ပါ။

တစ်ရက် တော့ ဦးလေးနောင်ကို တာဝန်စဝင်ချိန် မနက် (၈) နာရီမှာပဲ ကျွန်တော်က ပြောလိုက်သည်။

"ဦးလေးနောင်၊ ဒီနေ့ ကျွန်တော့် ဘက်မလာခဲ့နဲ့။ ကုလားကို ကျွန်တော် ပညာပေးမလို့"

"လုပ်မနေပါနဲ့ဗျာ။ သူပြောလည်း မသိချင်ယောင်ဆောင်နေလိုက်ပါ"

သူက အဲဒီလိုလူမျိုးဖြစ်သည်။ မရပါ။ ကျွန်တော်က မရပါ။ ဦးလေးနောင် ဆုံးမသောစကားကို နားမထောင်ပါ။ ထိုနေ့ မနက် (၈) နာရီထိုးကတည်းက ကျွန်တော်ကမထိုင်။ ရပ်နေလိုက်သည်။ ထမင်းစားသော နေ့ခင်း (၁၂) နာရီ၌ (၁၀) မိနစ်ပဲ ကုလားထိုင်မှာ ထိုင်စားသည်။ ပြီးတော့ ပြန်ရပ်နေသည်။ မနက်ပိုင်း၊ နေ့ခင်းပိုင်း၊ ညနေပိုင်း ကုလားက စစ်ဆေးရေးလာသည်။ ကျွန်တော်ရပ်နေတာပဲ သူတွေ့သည်။ သူက ဒီဘက်လာမည်ပြုပြီးမလာ၊ ဟိုဘက်ကလာသည်။ ဟိုဘက်က သူလာနေတာကို ကျွန်တော်က ပြတင်းမှန်ကိုဖြတ်ပြီး မြင်နေရသည်။ ဟိုဘက်ကလာမည်ပြုပြီး ဒီဘက်လာသည်။ ကျွန်တော် မတ်တတ်ရပ်နေတာပဲ သူမြင်သည်။ ည (၇)နာရီခွဲခန့်မတော့ သူက ကျွန်တော့်ဆီ တန်းတန်းမတ်မတ်လာ၍ပြောသည်။

"ခင်ဗျားကို တရုတ်ဂတ်(ဒ်) ဆယ်ယောက်နဲ့ ကျွန်တော် မလဲနိုင်ပါဘူး"

ကျွန်တော်က သူ့ကို ပြန်မေးလိုက်သည်။

"ခင်ဗျားစစ်ထဲဝင်ဖူးပါသလား"

"မဝင်ခဲ့ဘူးပါ"

သူက ဖြေသည်။

"ကျွန်တော်ဟာ မြန်မာစစ်သားလူထွက်ပါ"

ဤစကားသည် မုသားစကားမဟုတ်ချေ။ အသက်(၂၀) တက္ကသိုလ်လေ့ကျင့်ရေးတပ် (မန္တလေး) (တက္ကသိုလ်အရန်တပ်ရင်းဟုလည်း ခေါ်၏။) တွင် 'တ-၁၃၀၅၁' ကိုယ်ပိုင်နံပါတ်ဖြင့် စစ်သင်တန်းဆင်းခဲ့သူ၊ အခြေခံစစ်ပညာကို ကျွန်တော်ပြီးခဲ့သည်။ မြန်မာ့တပ်မတော်(ကြည်း) ပွဲပွားတိုင်းဗဟိုလေ့ကျင့်ရေး အမှတ် (၂) လေ့ကျင့်ရေးတပ် (မေမြို့- ယနေ့ပြင်ဦးလွင်)၊ အမှတ် (၃) လေ့ကျင့်ရေးတပ် (မိတ္ထီလာ) တို့တွင် စစ်သင်တန်းဆင်းခဲ့သူ၊ တက္ကသိုလ်ကျောင်းသားဘဝနှင့်ပဲ တပ်ရိက္ခာစား၍ တပ်လစာစားခဲ့သူ၊ နွေရာသီစခန်း၊ အောက်တိုဘာ စခန်းပြီးသော် ရိက္ခာဖိုးနုတ်၍ကျန်လစာငွေ (၂၆) ကျပ်ခန့်ရခဲ့သည်။ (၂၆ ကျပ်ဆို၍ မရယ်စေလိုပါ။ ထိုအချိန်က ဆီချက်ခေါက်ဆွဲတစ်ပွဲ ပြား (၅၀) ခေတ်ဖြစ်ပါ၏။)

ဒီနောက်တော့ တနင်္ဂနွေအချိန်ပိုင်းကို မကာအိုဂီတသင်တန်းကျောင်းသို့ ပြောင်းရွှေ့တာဝန်ကျခဲ့ရာမှ ကုလားနှင့်ရော နောင်ကြီး ဦးလေးနောင်နှင့်ပါ ဝေးခဲ့ပါလေ၏။ မခံချင်စိတ်နှင့် ကုလားကို ပညာပေးခဲ့သည်။ တကယ် ပင်ပန်းဆင်းရဲခဲ့ရသည်မှာ မိမိပဲ ဖြစ်ပါ၏။ ထိုတနင်္ဂနွေနေ့တွင် ဒေါသစိတ်ကြောင့် မနက် (၈) နာရီမှ ည (၈) နာရီအထိ (၁၂) နာရီလုံးလုံး၌ ဆီးလည်းမသွား ဝမ်းလည်းမသွားခဲ့ပါပေ။

၁၉၉၉ ခုနှစ်ခန့်တွင် ဖြစ်သည်။ မကာအို လူဝမ်ဘီစီအမ်ဘဏ်တွင် မန်နေဂျာသည် ရေမွန်ချမ်းဖြစ်သည်။ သူသည် ဤဘဏ်၌ကျွန်တော်တွေ့ရသော တတိယမြောက် မန်နေဂျာပဲ ဖြစ်သည်။ သဘောကောင်းသည်။ စိတ်သဘောထား နူးညံ့ပျော့ပျောင်းသည်။ ဤဘဏ်၏ ငွေကိုင်စာရေးမလေးသည် မိန်းမလှလေး 'အဝိန်း' ဖြစ်သည်။ ဒေသတရုတ်လူငယ်တစ်ဦးသည် အဝိန်းကိုကြိုက်ကာ ဤဘက်သို့ မကြာခဏလာသည်။ ဤလူငယ်တရုတ်သည် မြန်မာပြည်ပေါက် တရုတ်လူငယ်ဖြစ်ကာ ၁၉၆၇ ခုနှစ်နောက်ပိုင်း မြန်မာပြည်ရှိ တရုတ်လူမျိုးအများအပြားတို့ မြန်မာပြည်က ထွက်ခွာလာစဉ် ပါလာခဲ့သူ ဖြစ်သည်။ မြန်မာစကားမတတ်တော့ပါ။ ဤလူငယ်သည် မကာအိုဆိပ်ကမ်းရဲလူထွက်ဖြစ်ကာ ကားတိုက်မှုတစ်ခုတွင် ခေါင်းကိုထိသွားပြီး ကြောင်စီစီဖြစ်သွားရာမှ ဆေးကုကာ ရာထူးက နုတ်ထွက်ခဲ့ရသူပါ။ ဘဏ်မှာ ငွေစာရင်းဖွင့်တော့ မွေးဖွားရာဇာတိနေရာတွင် 'မင်းကင်း' (မြန်မာပြည်) ဟု ပါသဖြင့် မြန်မာပြည်ပေါက်မှန်း သိလာရခြင်းပါ။

သွက်သွက်ခါရူးသလား ဆိုတော့လည်း မဟုတ်။ လူကောင်းတစ်ယောက်လို။ ကျပ်ပြည့်သလားဆိုတော့လည်း မဟုတ်။ ဤလူမျိုးတွေကို ဤအရပ်တွင် ချီးစီဟု ခေါ်သည်။ ဟောင်ကောင်၊ မကာအိုတွင် လမ်းပေါ်၌၊ ဘတ်(စ်)ကားပေါ်၌ တစ်ဦးတည်း စကားပြောနေသူတွေ တွေ့နိုင်၏။ ယင်းတို့ကို ဒေသသုံးဗန်းစကားအရ ချီးစီဟု ခေါ်၏။ ဟောင်ကောင်ဆရာဝန်တစ်ဦး၏ အဆိုအရ လူတစ်ရာလျှင် ငါးယောက်ရှိသည်ဟု ဆိုပါ

www.burmeseclassic.com

၏။ ယင်းသည် တရုတ်ပြည်တောင်ပိုင်း တရုတ်လူမျိုးတို့၏ရောဂါ ဖြစ်သည်။ မွန်ဂို(Mongol)ခေါ် မျောက်သွေးရောဂါသည်လည်း ယင်းတရုတ်-ကိုရီးယား-ဂျပန် စသော အသားဝါလူမျိုးများ၌ ဖြစ်လေ့ရှိသောရောဂါ ဖြစ်သည်။

ဤတရုတ်လူငယ်သည် ဤဘဏ်တွင် ငွေတစ်ရာလာသွင်းလိုက်၊ တိုင်ပါကျွန်းက ဘဏ်အေတီအမ်စက်တွင် ထုတ်နှင့်ထုတ်လိုက်လုပ်နေသည်။ ဘဏ်ကွန်ပျူတာတွင် ဒါတွေအားလုံးပေါ်သည်။ ယခုအခါ သူသည် လူဝမ်ရှိ ဆေးခင်မုန့်ဖိုတစ်ခုတွင် ယာဉ်မောင်းလုပ်နေသည်။သူ၏အပြုအမူသည် အဝိန်းကိုဘာမက ဘဏ်ကိုပါ နှောင့်ယှက်သလိုဖြစ်နေပြီး မန်နေဂျာ ရေမွန်လည်း စိတ်ညစ်လှပြီ။ ခက်တော့ဖြင့် ခက်နေပြီ။ ဘဏ်အမှုထမ်းတွေသည် အတိုင်ခံရလျှင် အလုပ်ထိခိုက်မှာမို့ မကြိုက်ကြသော်လည်း မပြောရဲကြပါ။ ဤကိစ္စကို ရှင်းမှဖြစ်တော့မည်။ ကျွန်တော်က လူမိုက်ဝင်လုပ်သည်။

တစ်ရက်နေ့ခင်း (၂) နာရီ ဘဏ်ပွင့်စဉ် ယင်းလူငယ်က ငွေလာသွင်းသည်။

ရေမွန်က-

"အန်ကယ်ဝမ်း၊ ရေးပေးလိုက်ပါ"

ဆိုသဖြင့် ငွေသွင်းပုံစံတွင် ရေးပေးသည်။ ပြီးတော့ သူ့ငွေစာရင်းနံပါတ်ပါ အေတီအမ်ကတ်ကို ကျွန်တော်က ကောင်တာပေါ်သို့ ပစ်ချပေးလိုက်သည်။ သူက စိတ်ဆိုးကာ ကျွန်တော်နှင့် စကားများသည်။ တိုင်မည်ဟုပြောသည်။ ကျွန်တော်က -

"မင်းလည်း မြန်မာပြည်ကလာတာ ငါလည်း မြန်မာပြည်ကလာတာ ဘာတာ ငါ့ကိုဒုက္ခပေးချင်လို့လား"

ဆိုတော့ သူက -

"မဆိုင်၊ ဒါ မကာအို"

ဟု ပြောသည်။ ဒါနှင့်-

"တိုင်ကွာ၊ ငါ မင်းကို ဂရုမစိုက်ဘူး"

လို့ ပြောလိုက်သည်။ သူနှင့် ကျွန်တော်တို့သည် ကွမ်တုန်တရုတ်လိုပြောကြခြင်း ဖြစ်သည်။ တခါးဝက ပြန်ကြည့်တော့ပါလားဝယ် ကန်တော့ပါရဲ့ စာဖတ်သူ။ ဒီလိုလို သူ့ကို ဆဲလွှတ်လိုက်သည်။ ပြောတော့ သူနားလည်သည်။ တချို့အပြီးတွေ၏ သားသမီးတွေသည် မြန်မာစကားကို ရေရေလည်လည်မပြောတတ်ကြသည့် ညစ်ပတ်စုတ်ပွဲသည့်စကားကို ပြောတတ်ကြပါ၏။ နားလည်ကြပါ၏။

ခဏအကြာ ကျွန်တော့်လုံခြုံရေးကုမ္ပဏီက အော်ပရေးရှင်းအရာရှိ ကိုအေးသိန်း (မြန်မာပြည်ပေါက် တရုတ်လူငယ်)ထံ ဖုန်းဆက်၍ သတင်းပို့ရာ -

"ခုပဲတယ်လီဖုန်းဆက်တိုင်သွားတယ်"

ဟု ပြောသည်။

သို့နှင့် -

"ခင်ဗျား မန်နေဂျာကို မေးဗျာ"

ဟု ပြောလိုက်သည်။

ကိုအေးသိန်းက ရေမွန့်ထံ ဖုန်းဆက်ရာ ရေမွန်က -

"ဘာမှပြဿနာမရှိ"

လို့ ပြောလိုက်သည်။

လုံခြုံရေးအား ဘဏ်ကလုံခြုံရေးကုမ္ပဏီထံကငှားထားခြင်း ဖြစ်သည်။ သက်ဆိုင်ရာလုံခြုံရေးကုမ္ပဏီက ဝင်စွက်ဖက်၍မရ။ ဘဏ်မန်နေဂျာက ကျွန်တော့်ကို လိုချင်နေသရွေ့ ဤဘဏ်တွင် ကျွန်တော်ရှိနေမည်။ နောက်တစ်ပတ်အကြာ၌ လုံခြုံရေးကုမ္ပဏီမန်နေဂျာ မစ္စတာထိုနှင့် လမ်း၌တွေ့ရာ သူက -

"ဘယ်လိုဖြစ်တာလဲ"

လို့ မေးသည်။

သူ့ကို 'အဲဒီကောင် ချီးစီ' လို့ ပြောလိုက်သည်။ ပြီးတော့ ဘဏ်တွင် တာဝန်ထမ်းနေခိုက် ကျွန်တော်သည် ဘဏ်မန်နေဂျာ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်၌ရှိပါသည်လို့ ပြောလိုက်ရာ မန်နေဂျာ မစ္စတာထိုက -

"မှန်ပါသည်"

ဟု ပြောသည်။

ကျွန်တော်က-

"ဘဏ်မှာ တာဝန်ကျနေခိုက် ခင်ဗျားတို့ဝင်မစွက်နဲ့။ ဝင်စွက်ခွင့်မရှိ"

လို့ ယဉ်ယဉ်ကျေးကျေး ပြောခြင်းဖြစ်သည်။ ကျွန်တော်သည် အမိမြန်မာပြည်မှာတုန်းက အမှုထမ်းသက်(၁၈)နှစ်ရှိခဲ့သူ။ အုပ်ချုပ်ရေးယန္တရားကို ကောင်းစွာ နားလည်သည်။ နေရာတကာတိုင်း၌ ကြောက်နေလိမ့်မည်မဟုတ်ပါ။ အဆိုပါ တရုတ်ချီးစီလူငယ်လည်း လူဝမ်ဘဏ်သို့ လာမရှုပ်တော့၊ မန်နေဂျာရေမွန်လည်း စိတ်သက်သာရာရသွားလေသည်။

ကျွန်တော်သည် ဘာကြောင့် ဤမျှရဲရသလဲ။

ဤလူဝမ်ဘဏ်တွင် ၁၉၉၂ ခုနှစ် တာဝန်စကျကတည်းက အောက်စည်းကနေဝင်ကာ လုပ်စရာမှန်သမျှ အကုန်လုပ်ပေးခဲ့သည်။ တကယ်တော့ ဘဏ်တွင် လုံခြုံရေးသည် အပြင်လူ။ ဘဏ်အတွက် အပေါက်စောင့်ရုံပဲ အသုံးကျသည့်သူ။ အဲဒီလို အသုံးမကျတာကို အသုံးကျအောင် ကျွန်တော်လုပ်ယူခဲ့သည်။ လုံခြုံရေးအလုပ်သာမက သန့်ရှင်းရေးပြန်သွားပြီး သန့်ရှင်းဖို့လိုက သန့်ရှင်းရေးအလုပ်၊ ဘဏ်တွင် ကောင်တာအပြင်ကနေ လုပ်လို့ရသမျှ အကုန်လုပ်ပေးသည်။ ချက်လက်မှတ်ငွေသွင်း၊ ငွေထုတ်ပုံစံတွေကူရေးပေးသည်။ ချက်လက်မှတ်ကို ကျွန်တော်ကိုင်သည်။ တချို့ လူဝမ်စားသောက်ဆိုင်၌ ကျွန်တော် မနက်လက်ဖက်ရည်သွားသောက်စဉ် ချက်လက်မှတ်တစ်စောင်ပေး၍ သူ့ငွေစာရင်းမှာသွင်းပေး၊ ဖြတ်ပိုင်းကို နေ့ခင်း ထမင်းလာဝယ်တော့မှယူလာခဲ့ပါလို့ခိုင်းသည်။ ကျွန်တော်ကလည်း လုပ်ပေးသည်။ သူ့ Carrent account နံပါတ်ကို ကျွန်တော်အလွတ်ရတာ သူသိသည်။ တချို့ Customer ၏ ငွေစာရင်းနံပါတ်ကို မန်နေဂျာက ကျွန်တော့်ကိုမေးရသည်။ ရေးနေကျမို့ အလွတ်ရတာ ဆရာကသိသည်။ ဒါ့အပြင် -

ဤဘဏ်တွင် အလုပ်လုပ်တာကြာပြီမို့ မိတ်ဆွေအပေါင်းအသင်းများစွာ ကျွန်တော့်မှာရှိသည်။ ဤဘဏ်တွင် အသက်အာမခံဖွင့်လျှင် လက်ဆောင်ပေးသည်။ အသိတစ်ယောက်ဝင်လာလျှင် -

"အသက်အာမခံ ဝယ်ပါလား။ လက်ဆောင်ကသိပ်ကောင်းတယ်။ အချိုပန်းကန်တစ်စုံရမယ်"

လို့ အပြီးစည်းရုံးလိုက်သည်။

သူက စိတ်ဝင်စားပြီး -

"ဟုတ်လား၊ ဘယ်လိုဝယ်ရမှာလဲ"

ဆိုလျှင် ဘဏ်စာရေး အဖိုက်ကို ခေါ်၍ ရှင်းပြလိုက်ပါဟု ပြောလိုက်သည်။ ဤသို့နှင့် ဤဘဏ်၏ အသက်အာမခံဝယ်သူ (၂၀) ရာခိုင်နှုန်း ကျွန်တော်စည်းရုံးပေးခဲ့သည်။ တီစီအမ်ဘဏ်ခွဲတွေတွင် ဤဘဏ်က အသက်အာမခံရောင်းနှုန်း ပထမဆုရသည်။ ရေမွန်က သိတတ်သည်။ ကျွန်တော့်လို ရွှေပြောင်းအလုပ်သမားတစ်ဦးရရန် ခက်ခဲသော အကြွေးဝယ်ခွင့် (Visa Credit) ကတ်လုပ်ပေးပါသည်။ ၂၀၀၃ ခု ကျွန်တော်အပြီးပြန်လာတော့ သစ္စာရှိစွာပဲပြန်အပ်ခဲ့ပါ၏။

၁၉၉၇ ခုနှစ်ခန့်က ဖြစ်သည်။ တစ်ရက်တော့ ညနေ (၅) နာရီ ဘဏ်အပိတ် ဘဏ်လုံခြုံရေးကုမ္ပဏီကြီးကြပ်ရေးမှူးက ကားနှင့်လာခေါ်ကာ မကာအိုမြို့ တိုင်ပါကျွန်းရှိ ဘောလုံးကွင်းသို့



www.burmeseclassic.com

www.burmeseclassic.com

ခေါ်သွားခဲ့သည်။ ထိုညနေက ထုံးစံအတိုင်း ဘဏ်ပြီးသော် လူဝမ်အော်စကာဥယျာဉ်၌ဆင်းရမည်ကို မဆင်းနှင့်တော့ဟုဆိုသည်။ ဘောလုံးကွင်းရောက်တော့ ကျွန်တော့်ကို ဗွီအိုင်ပီပေါက်မှာ နေရာချသည်။ ထိုနေ့သည် ပေါ်တူဂီနှင့် တရုတ်ပြည်တို့၏ ခြေစမ်းပွဲနေ့ဖြစ်၍လည်း ပရိသတ်များသည် ပေါ်တူဂီသည် ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းဖြစ်သည်။ ဗွီအိုင်ပီပေါက်ကနေ လူတွေဝင်လာနေစဉ် အနောက်တိုင်းဝတ်စုံ သပ်သပ်ရပ်ရပ်ဝတ်ထားသော ဒေသခံတရုတ်လူမျိုးတစ်ဦးက ကျွန်တော့်ကို အင်္ဂလိပ်လိုလာဟောက်သည်။

"မင်းဘာလို့လက်မှတ်မစစ်တာလဲ"

တကယ်တော့ ကောင်းကောင်းမွန်မွန်ပြောလည်း ရပါသည်။

"လုံခြုံရေး၊ မင်းလက်မှတ်စစ်ပါ"

ယခုတော့ ဤသို့ မဟုတ်ပါ။ သူက အသားလွတ်လာဟောက်တော့ ဒေါသကထောင်းခနဲထွက်ကာ -

"ဘယ်သူက ငါ့ကို အမိန့်ပေးသလဲ။ ဘယ်သူမှ အမိန့်မပေးဘူး။ ငါက ဘာလုပ်ရမှာလဲ"

လို့ ပြန်အော်ထည့်လိုက်သည်။

သည်တော့မှ ယင်းပုဂ္ဂိုလ်၏အသံပျော့သွားကာ -

"အိုကေ၊ လက်မှတ်စစ်ပါ"

လို့ ပြောပြီး ပြန်ထွက်သွားသည်။ ယင်းဒေါသအရှိန်သည် ဆက်ခဲ့လေပြီ။ သူတို့ကွင်းကလည်းကြည့်ပါဦး။ ဗွီအိုင်ပီပေါက်နှင့် (၈၀) ပါတာကပ်အတန်းကို အကာအရံမထားပါ။ သည့်တော့ (၈၀) တန်းက လူက ဗွီအိုင်ပီခုံမှာ ကျော်ဝင်ပြီးလာထိုင်သည်။ ရှေ့မှာ လက်မှတ်စစ်ရင်း နောက်ပြန်ကြည့်တားသည်။ ဘယ်အတန်းဘယ်နေရာမှာလဲ။ ခဏနေတော့ ဆင်းသွားပြီး ထိုလူကို လက်မှတ်တောင်းသည်။ (၈၀)တန်းကို ပြန်သွားခိုင်းသည်။ အပေါ်ပြန်တက် လက်မှတ်စစ်သည်။ နောက်ပြန်ကြည့်တားသည်။ ခဏနေတော့ ဆင်းသွားပြီး ဗွီအိုင်ပီတန်းကနေ မောင်းထုတ်သည်။ လူတစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်လို့နေပြီး ခဏအကြာဆင်းသွားပြီး မောင်းထုတ်ပြန်သည်။ တရုတ်လိုပြော၊ အင်္ဂလိပ်လိုပြော ပါးစပ်က အမြှုပ်ထွက်တော့မည်။

မောင်းထုတ်ခံရသော ပေါ်တူဂီတစ်ဦးက မကျေမနပ်နှင့် မေး၏။

"ဒီလူတွေအားလုံးဟာ ဗွီအိုင်ပီလား"

ကျွန်တော်က မခိုးမခန့်ရယ်လိုက်သည်။

"ဒီလူတွေအားလုံးဗွီအိုင်ပီလား။ ဟုတ်လား၊ ငါမသိဘူး။ သိဖို့မလိုဘူး။ ဗွီအိုင်ပီလက်မှတ်ပါရင် ဝင်ထိုင်။ မပါရင်ထွက်သွား"

ဒီတော့မှ ပေါ်တူဂီ လက်လျှော့သွားသည်။ အမှန်မတော့ စောစောကလာဟောက်သည့်လူကို ဒေါသဖြစ်ပြီး ဤသို့ ကျွန်တော်လုပ်နေခြင်းပါ။ ဒီလူကိုလည်း မျက်လုံးကရှာနေသည်။ ထပ်အော်ထည့်ဖို့ ကျွန်တော်ချောင်းနေသည်။ ထိုနေ့ညက ည (၁၁) နာရီမှ အိမ်ပြန်ရောက်သည်။ ပင်ပန်းလွန်း၍ ထမင်းအိုးပင်မတည်၊ ရေပင်မချိုးဘဲ အိပ်ပစ်လိုက်တော့သည်။

ထိုညနေက လုံခြုံရေးကုမ္ပဏီမန်နေဂျာက ထိုဆန်း(မစ္စတာထို)သည် အပေါက်ကနေဒါကိုကြည့်နေတာ ကျွန်တော် မသိပေ။ ဒေါသမွန်နေ၍ ဖြစ်သည်။ နောက်နေ့မနက်ကျတော့ လုံခြုံရေးကုမ္ပဏီရုံး၌ ထိုဆန်းက ပြော၏။

"မင်းတင်လိုကတော့ တကယ်ကြမ်းတယ်ဟေ့။ ထိုင်နေတဲ့လူဆွဲထုတ်တာ အံ့ရော"

မန်နေဂျာက ချီးကျူးတော့ ကျန်သော သူ့အောက်ရှိ ကြီးကြပ်ရေးမှူးတွေကပါ 'မင်းတင်လို၊ မင်းတင်လို' ဖြစ်ကုန်တော့သည်။ မင်းတင်လို ဟူသည် မြန်မာကြီး ဖြစ်ပါသည်။ ကိုအေးသိန်းကို ကျွန်တော့်အား ထိုဆန်းက ပြောခိုင်းသည်။

"သားတွေ၊ တူတွေရှိရင် မင်းတင်လိုကို ခေါ်လိုက်လို့ပြော။ အလုပ်ပေးမယ်"

၁၉၉၈ ခုနှစ်တွင် အသက် (၄၀) ကျော်ကာမှ အလုပ်ဖြုတ်ခံသဖြင့် ကျန်နိုင်ငံခြားရွှေ့ပြောင်းအလုပ်သမားဘဝထံသို့ မလွဲမရှောင်သာ ကျွန်တော်ဆင်းခဲ့သည်။ ကျွန်တော့်မှာ သားရှိပါသည်။ ဤဘဝဆိုးထဲသို့ သားအား မဆင်းစေလိုတော့ပါ။

ဒါတွေကို စာဖတ်သူအား ကျွန်တော်က ပြန်လှန်အစီရင်ခံနေသည်က ကျွန်တော့်စရိုက်ကိုသိစေလို၍ ဖြစ်သည်။ ကျွန်တော့်မှာ မဟုတ်မခံစိတ်ဓာတ် ရှိသည်။ ကျွန်တော့်ကိုသာမက မျက်စိရှေ့တွင် လူတစ်ဦးက တစ်ဦးကို မတော်မတရားပြုနေတာမြင်တွေ့ရလျှင် ကိုယ်နှင့်မဆိုင်ပေမယ့် ကျွန်တော်က ဝင်ပါတတ်သည်။ ဤစိတ်ကို ကောင်းသည်ဟု မပြောပါ။ ဤစိတ်သည် မကောင်းပါ။ စိတ်တိုတတ်သည်၊ စဉ်းစားတာကနောက် ဆုံးဖြတ်တာကအရင်ဖြစ်သည်။ သွေးကဲ့သို့ဖောက်ထုတ်ပစ်၍ရသော် ဖောက်ထုတ်ပစ်ချင်ပါသည်။ သို့သော် မရပါ။ မရနိုင်ပါ။ မွေးရာပါ ပဋိသန္ဓေစိတ် ဖြစ်သည်၊ ကျွန်တော့်ကို 'ဒေါသပဋိသန္ဓေစိတ်' ဖြင့်သာ မွေးခဲ့သည်။ ဒါကလည်း မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားစာအုပ်များ ဖတ်ရှုမိရာက ကိုယ့်ကိုယ်ကိုယ်ပြန်သုံးသပ်မိခြင်းပါ။ ဒေါသမှာ ကိလေသာဖြစ်သည်။ အနုသယကိန်းအောင်းနေသော ကိလေသာစိတ် ဖြစ်သည်၊ အကြောင်းသင့်သည်နှင့် ပေါ်လာသည်၊ ဒေါသသည်ဆင်းရဲဖြစ်သည်။ ကျွန်တော်သိပါသည်။ ဤဒေါသဆိုသော ဆင်းရဲသည် ဘဝပေါင်းများစွာ ပြုကျင့်ခဲ့သောကံ၏ဝိပါက်အကျိုးတစ်ခု ဖြစ်သည်။

ဒါဖြင့် လောဘကကော ဆင်းရဲမဟုတ်ဘူးလား။ လောဘသည် ဆင်းရဲပါပဲ။ သို့သော် ကျွန်တော်သည် ရောင်းဝယ်ဖောက်ကား၍ သူဌေးဖြစ်ပြီး ကိုယ်ပိုင်ကားစီးရန် မွေးကတည်းက ဘယ်တုန်းကမှ စိတ်မကူးခဲ့ပေ။ အရာရှိဖြစ်ရန်ကိုသာ တပ်မက်ခဲ့သည်။ ကြိုးစားခဲ့သည်၊ အဲဒီစိတ်ကကော လောဘမဟုတ်ဘူးလား။ လောဘပါပဲ။ သို့သော် လောဘဆိုသော ဆင်းရဲ၊ ဒေါသဆိုသော ဆင်းရဲနှင့် မောဟဆိုသော ဆင်းရဲသုံးခုရှိသည့်အနက် ကျွန်တော့်ခန္ဓာကိုယ်တွင် ဒေါသက 'အဓိပတိ' တက်လေသည်။

ပဋ္ဌာန်းတရားတော်လာ ဟေတုပစ္စယောတွင် ဟိတ် (၆) ပါး ရှိသည်၊ လောဘ၊ ဒေါသ၊ မောဟဆိုသည့် မကောင်းသောဟိတ်(၃)ပါး။ အလောဘ အဒေါသ၊ အမောဟ ဆိုသည့် ကုသိုလ်ဟိတ်(၃)ပါး။ လောဘသည် လိုချင်တပ်မက်ခြင်း၊ ဒေါသသည် စိတ်ဆိုးခြင်း မကျေနပ်ခြင်းနှင့် မောဟသည် တွေဝေခြင်း ဖြစ်သည်။ အလောဘသည် စွန့်ကြဲခြင်း၊ စွန့်လွှတ်ခြင်း၊ အဒေါသသည် မေတ္တာ-သူတစ်ပါးကို ကောင်းစားစေလိုခြင်းနှင့် အမောဟသည် ပညာဖြစ်သည်၊ ပုထုဇဉ်လူသားတို့တွင် အကြောင်းသင့်လျှင်သင့်သလို ယင်း (၆) ပါးအနက် တစ်ပါးပါး ပေါ်၍လာပါသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင် သဒ္ဓမ္မရံသီရိပ်သာဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ၏ 'ပဋ္ဌာန်းနှင့်ဝိပဿနာတရားတော်'တွင် အဒေါသနှင့် ဒေါသ၏ အကျိုးအပြစ်ကို အောက်ပါအတိုင်း ယှဉ်တွဲဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

❐ အဒေါသ။ ။ မေတ္တာက မိတ်ဆွေကောင်းနဲ့တွေ့ဆုံခြင်းရဲ့အကြောင်းဖြစ်တယ်။ အဒေါသက မိတ်ဆွေသင်္ဂဟနဲ့ပြည့်စုံခြင်းရဲ့အကြောင်းဆိုတော့ **ဒေါသ** က မိတ်ဆွေပျက်ကြောင်း ဖြစ်တယ်။ ဒေါသကြီးတဲ့ပုဂ္ဂိုလ်တွေ မကြာခဏ မိတ်ဆွေပျက်တတ်တယ်။ သည်းမှမခံတော့ဘဲကိုး။ ဆတ်ဆတ်လေးမှ အထိမခံဘူး။ ဒီတော့ မိတ်ဆွေတွေ မပျက်ကုန်ပါဘူးလား။ သည်းမခံနိုင်တာနဲ့ ဒေါသဟာ မိတ်ဖက်ဖြစ်တယ်။ ဘာမှမဟုတ်တဲ့အကြောင်းလေးနဲ့ စိတ်ဆိုးအမျက်ထွက်တယ်။ ဒီလိုဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို ဘယ်သူမှ မခင်ပေဘူး။ ဒေါသက မိတ်ပျက်ကြောင်းဖြစ်တယ်။

(ပဋ္ဌာန်းနှင့် ဝိပဿနာ ပ-တွဲ၊ စာ - ၂၃)

ဆရာတော်ကြီးက အဋ္ဌကထာ၏အဖွင့်ကိုပါ ထည့်သွင်း ဟောကြားခဲ့ပါ၏။ မြတ်ဗုဒ္ဓ၏ တရားဦး ဓမ္မစကြာတရားတော်တွင် လက်ယာစွန်းဖြစ်သော ကာမသုခလ္လိကာနုယောဂ နှင့် လက်ဝဲစွန်းဖြစ်သော 'အတ္တကိလမထာနုယောဂ' ကို ထည့်သွင်း ဟောတော်မူခဲ့သည်။ ကာမသုခလ္လိကာနုယောဂသည် ကာမဂုဏ်၌ ပျော်မွေ့ခြင်းဖြစ်၍ အတ္တကိလမထာနုယောဂသည် ခန္ဓာကိုယ်အား ညှင်းပန်းဆင်းရဲခံကျင့်သောတရား ဖြစ်သည်။ ယင်းအစွန်းနှစ်ပါးကို ရှောင်ရှားကာ အလယ်အလတ်ကျင်စဉ် မဇ္ဈိမပဋိပဒါကို ကျင့်ရန် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ အဒေါသသည် အတ္တကိလမထာနုယောဂကို ရှောင်ကြဉ်ခြင်း၏အကြောင်းဖြစ်သည်ဟုအဋ္ဌကထာက ဖွင့်ဆိုသည်။

ဝိသုဒ္ဓိမဂ် မြန်မာပြန်တွင် လူတို့၏ စရိုက်ကို ခွဲခြားပြဆိုထားကြောင်း တွေ့ရသည်။ လူတို့၏ စရိုက် ဟူသည် လောဘစရိုက်ရှိသူကမည်သို့၊ ဒေါသစရိုက်ရှိသူက မည်ပုံ၊ မောဟစရိုက်ရှိသူက မည့်နှယ် စသည် ပြဆိုထားခြင်း ဖြစ်ပါသည်။ ဤဆောင်းပါးသည် ဒေါသ၏ ဆောင်းခြင်းကို အထူးပြုသည်ဖြစ်၍ သည်း ဒေါသစရိုက်များကိုသာ ထုတ်နုတ် တင်ပြအပ်ပါသည်။

❐ *ဒေါသစရိုက်ရှိသူသည် ခြေဖျားတို့ဖြင့် မြေကိုတူးသကဲ့သို့သွား၏။ ခြေကို ကတိုက်ကရိုက်ချ၏။ ကတိုက်ကရိုက်ကြွ၏။ ထိုပုဂ္ဂိုလ်၏ ခြေရာသည် နောက်ဘက်သို့ ဆွဲငင်ထား၏။ ဒေါသစရိုက်ရှိသူ၏ ရပ်ခြင်း၊ တောင့်ခိုင်သော အခြင်းအရာရှိ၏။ ဒေါသစရိုက်ရှိသူသည် အိပ်ရာကို အလျင်စလိုဖြစ်ကတတ်ဆန်းခင်းပြီးလျှင် ကိုယ်ကိုပစ်ချလျက် မျက်မှောင်ကြုတ်၍ အိပ်တတ်၏။ ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်သည် ကြမ်းတမ်းသော ဘောဇဉ်၊ ချဉ်သော ဘောဇဉ်ကို ကြိုက်တတ်၏။ ခံတွင်းပြည့်အောင် အရသာမခံဘဲ အလျင်စလိုစားတတ်ခြင်း၊ အရသာမကောင်းသော စားဖွယ်တစ်စုံတစ်ခုကိုရလျှင် စိတ်မချမ်းမသာဖြစ်တတ်၏။ ဒေါသစရိုက်ရှိသောသူသည် အနည်းငယ်မျှသောစက်ဆုပ်ရွံရှာဖွယ်အဆင်းကို ကြာမြင့်စွာမကြည့်တတ်။ အပြစ်အနည်းငယ်မျှသော်လည်း အမျက်ထွက်တတ်၏။*

(ဝိသုဒ္ဓိ ပ-တွဲ၊ စာ- ၂၇၅)

ဒေါသတွင် ဆုတ်နစ်သောဒေါသနှင့် မဆုတ်မနစ်သောဒေါသ ဟူ၍ ရှိ၏။ ငိုကြွေးခြင်းသည် ဒေါသဖြစ်၏။ ဒေါသဟူသည် အနာဂါမ်မဂ်ဆိုက်သောအခါမှ ကုန်၏။ အနာဂါမ်ပုဂ္ဂိုလ်တို့တွင် ဒေါသအနုသယကိလေသာတို့ ခန်းခြောက်ခဲ့လေပြီ။ ဆုံးခန်းတိုင်ခဲ့လေပြီ။

ဆင်းရဲရခြင်း၏ မူလအကြောင်းတရားသည် မသိမှုအဝိဇ္ဇာပင် ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်တွင် အဝိဇ္ဇာ၊ အဘိဓမ္မာတွင် မောဟဟု သုံးပါ၏။ ဘဝဘဝအဆက်ဆက်ကမသိမှုသည် ကိလေသာအနုသယကို မျိုးစေ့ဖြစ်စေခဲ့ပြီး မျိုးစေ့ချခဲ့ပြီ။ ယင်းကိလေသာမျိုးစေ့သည် သံသရာတစ်လျှောက် ရုပ်နာမ်ခန္ဓာအာယတနများစွာ ဆင့်ကဲဆင့်ကဲဖြစ်စေခဲ့သည်။ စားရခြင်းသည် ဒုက္ခပါလားဟု မသိသောသူသည် အစားကိုတပ်မက်သည်။ ရာဂသည် ဆင်းရဲခြင်းပါလားဟု မသိသောသူသည် ကန်တော်ကြီး၊ ပန်းကန်လုံးကျွန်းသို့ ကောင်မလေးများကို ကားနှင့်ခေါ်တင်သွားကာ ပျော်မြူးသည်။ သူကမှ ဒါဟာ ဆင်းရဲခြင်းဆိုတာကိုမသိဘဲ။ သိနိုင်တဲ့ ပရိယတ္တိပညာသူမှာမှမရှိဘဲ။ ဒါကို အကောင်းထင်ပြီး အဖန်ဖန်တလဲလဲလုပ်နေတော့တာပေါ့။

အင်းဝခေတ်က စာဆိုတော် ရှင်မဟာရဋ္ဌသာရတို့များ ငယ်စဉ်ကာလတုန်းက 'ငါနှင့်ငါသာနိုင်းစရာ' ဟု ထင်ခဲ့သည်။ နောင်ကြီးလာတော့မှ အမှားကို အမှားမှန်းသိကာ -

'ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကြမ်းမာန်လျှော့၊ ငါကန်တော့၏'

ဟု ကိုးခန်းပျို့တွင် ဆိုခဲ့သည်။

ဘာကြောင့် မိမိကိုယ်မိမိချမ်းသာကြွယ်ဝလှသည်၊ မိမိကိုယ်မိမိ လှပလှသည်၊ မိမိကိုယ်မိမိ နာမည်ကျော်ကြားလူကြိုက်များသည်၊ မိမိ၏ရာထူးဂုဏ်သိန်မြင့်မားသည်ဟု၊ ငါနှင့်ငါသာ နှိုင်းစရာဟု မြင်နေရပါသလဲ၊ ဖြစ်နေရပါသလဲ။ မသိမှုဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော သဘာဝဓမ္မတရားကို မသိ၍ဖြစ်သည်။ သိနိုင်သောဆင်ခြင်တုံတရား မရှိ၍ဖြစ်သည်။

လောကတွင် သူတို့သူတို့ထက် ချမ်းသာကြွယ်ဝသောသူတွေရှိခဲ့သည်။ သူတို့သူတို့ထက် လှပသောသူတွေရှိခဲ့သည်။ သူတို့သူတို့ထက် နာမည်ကျော်ကြားသူတွေရှိခဲ့သည်။ သူတို့သူတို့ထက် မြင့်မားသောသူတွေရှိခဲ့သည်။ ကာလတစ်ခုမျှသာ ပြီးတော့လည်း ပျောက်ကွယ်သွားကြသည်။ ရှေ့လူတွေသည် မမြဲခြင်းသဘာဝတရားနှင့်အညီ ပျောက်ကွယ်သွားပါလျက် ဤတရားကို မမြင်နိုင်ဘဲ ငါနှင့်ငါသာ နှိုင်းစရာဟု ထင်မှတ်နေသူတို့သည် ဝါးလုံးခေါင်းထဲ၌ လသာနေကြသူများသာ ဖြစ်သည်။

မှားခဲ့ပါပကောလား ဆိုတဲ့ အသိကို ရတော့ ကျွန်တော့်အသက် (၆၀) နားသို့ ပြေးကပ်လို့လာခဲ့ပြီ။ ဒါတောင် မကာဒအိုတွင်ရှိနေစဉ်က မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားစာအုပ်များစွာကို ဖတ်မိခဲ့၍ဖြစ်သည်။ အကယ်၍များ ဆရာတော်ကြီး၏အဆုံးအမအောက်သို့ မရောက်ခဲ့သော် စဉ်းပင်မစဉ်းစားဝံ့စရာ။ မစင်တွင်းထဲက လောက်တစ်ကောင်ပဲ ဖြစ်၍နေပါမည်။ ကိလေသာမစင်တွင်းထဲက ဖြစ်ပျက်စကာ သခ်ီရကို မသိမြင်သော၊ အညစ်အကြေးကိုအညစ်အကြေးမှန်းမသိ ပျော်မွေ့နေသော လောက်ကောင်များစွာတို့၏ ဘဝသံသရာဆင်းရဲများ။

ယခုအခါမတော့ ဤဒေါသကိလေသာကို လုံးဝ ပပျောက်အောင် မပြုနိုင်သေးသော်လည်း ပါးအောင်ကြိုးစား၍ပြုပါသည်။ ဒေါသကို မနိုင်သည်ဖြစ်၍လည်း ဒေါသဖြစ်စရာများကို မတွေ့ရအောင် ရှောင်ရှားလို့နေသည်။ ဝေးစွာရှောင်ရှားလို့နေပါသည်။

မင်းဘူး-ဗိုလ်ဥတ္တမ



www.burmeseclassic.com

www.burmeseclassic.com

အဘွား ဒေါ်ငြိမ်းမယ် အသက်ရှစ်ဆယ်ကို နည်းနည်းတောင်ကျော်နေပြီဆိုတာ အစကတော့ ယုံတောင်မယုံချင်ဘူး။ ခန္ဓာကိုယ်သေးသေးဖျောက်ဖျောက်နဲ့ တောက်တောက်တောက်တောက် သွားနိုင်လာနိုင်၊ လုပ်နိုင်ကိုင်နိုင် သေးတားကိုး။ ပြီးတော့ မျက်မှန်ဘာညာလည်း တပ်တာပြုတာမတွေ့ရတော့ ခန့်မှန်းမိတာပေါ့နော်။ အလွန်ဆုံးရှိလှမှ ခုနစ်ဆယ်တန်းပဲလို့။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်က ရပ်ကွက်ထဲမှာ သက်ကြီးပူဇော်ပွဲအတွက် ခုနစ်ဆယ်နဲ့ အထက်လူကြီးစာရင်းတွေလိုက်ကောက်တော့မှ အဘွားဒေါ်ငြိမ်းမယ် ရှစ်ဆယ်ကို သီသီလေးကျော်နေပြီဆိုတာ ယုံလိုက်ရတယ်။

အဘွားဒေါ်ငြိမ်းမယ်က ရန်ကုန်ဇာတိမဟုတ်သလို ကျွန်တော်တို့ရပ်ကွက်ရဲ့ ရွာခံလူလည်း မဟုတ်ပါဘူး။ အဘွားဒေါ်ငြိမ်းမယ် ကျွန်တော်တို့လမ်းထဲကို ရောက်လာခဲ့တာ ရှိလှမှ လေးနှစ်ပေါ့။ မှတ်မှတ်ရရပြောရရင် နာဂစ်မုန်တိုင်းပြီးလို့ တစ်လလောက်မှ သူ့သမီးသွားခေါ်လာလို့ ကျွန်တော်တို့လမ်းထဲရောက်လာခဲ့တာ။

သူ့သမီး မမြင့်မြင့်သန်း ဆိုတာ... ကျွန်တော်တို့လမ်းထဲကို အဘွား... ဒေါ်ငြိမ်းမယ်ထက် (၅) နှစ်၊ (၆) နှ... လောက်စောပြီး ပြောင်းလာခဲ့သူ... အဘွားဒေါ်ငြိမ်းမယ်တို့ဇာတိက ဧ... ဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်... အောက်ပြွန်ဝကျေးရွာကပါ။ နာဂစ်... မုန်တိုင်းရဲ့ဒဏ်ကို အလူးအလဲခံရတဲ့မြို့... နယ်တွေထဲမှာ ငပုတောမြို့နယ်လည်း... ပါတယ်လေ။ ဒီမုန်တိုင်းဟာ ဒေါ်ငြိမ်း... မယ်ရဲ့ ခင်ပွန်းဖြစ်သူနဲ့ သားနှစ်ယောက်... ကို သူ့ရင်ခွင်ထဲက ဆွဲထုတ်သွားခဲ့တဲ့... မုန်တိုင်းဆိုလည်း မမှားဘူးပေါ့။

# မြောင်းမြ–မြင့်လှိုင်

## အကာလမရဏကိုအောင်နိုင်ခဲ့သောအဘွားအို



www.burmeseclassic.com

www.burmeseclassic.com

အဘွား ဒေါ်ငြိမ်းမယ်တောင် အင်မတန်ကံကောင်းလို့ အသက်ရှင်ခဲ့တာလို့ ပြောသံတော့ကြားမိတယ် ထားပါတော့။ ပြီးခဲ့တဲ့နှစ် ဇူလိုင်လက မိုးတော်တော်လေးကောင်းတယ်။ ကောင်းတာက မိုးချည်းပဲတော့ မဟုတ်ဘူး။ လေကလည်း တစ်ချက်တစ်ချက် ဘီလူးဆိုင်းတီးပြီး ပတ်ကြမ်းတိုက်လိုက်သေးတယ်။ မိုးဦးလေဦးကောင်းတယ်လို့ပြောရမယ်။ သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာလည်း မကြာခဏ ဖတ်ရပါတယ်။ ဟိုမြို့နယ်မှာ ရေကြီးလို့၊ ဒီမြို့နယ်မှာ လေပွေ့သွားလို့နဲ့ကြားကြားနေရတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုကြားနေရတဲ့သတင်းတွေထဲမှာ ထူးထူးခြားခြား အဘွားဒေါ်ငြိမ်းမယ်ရဲ့သတင်းကို ဇူလိုင်လကုန်ခါနီးတစ်ရက် ကျွန်တော်အလုပ်ကပြန်လာတော့ ကြားလိုက်ရတယ်။ ဒါနဲ့ အိမ်ကဇနီးသည်ကို မေးကြည့်တော့ သူလည်း သိပ်တော့ တိတိပပမသိဘူး။ အဘွားဒေါ်ငြိမ်းမယ် သစ်ပင်ပိလို့ ဆေးရုံကို ကားနဲ့သွားကြတယ်ဆိုတာလောက်ပဲ ပြောနိုင်တယ်။

အိုကြီးအိုမအရွယ်ကျမှ သစ်ပင်ပိရတယ်ဆိုတော့ ကျွန်တော်လည်း အဘွားဒေါ်ငြိမ်းမယ်အတွက် တော်တော်လေးစိတ်မကောင်းဖြစ်မိတယ်။ အကျိုးအကြောင်းသိရအောင်လည်း ညတွင်းချင်းဆေးရုံကိုလိုက်သွားလိုက်တယ်။ မသွားလို့လည်း မကောင်းဘူးလေ။ အဘွားဒေါ်ငြိမ်းမယ်သမက် ကိုဝင်းဇော် ဆိုတာ ကျွန်တော်နဲ့ တစ်လမ်းတည်းသားတွေဖြစ်သလို ညီအစ်ကိုလိုခင်နေတဲ့သူတွေဆိုတော့ ဘာပဲဖြစ်ဖြစ် လူမှုရေးဆိုတာရှိတယ်မဟုတ်လား။

ကျွန်တော်ဆေးရုံကိုရောက်သွားတော့ တော်တော်လေးအံ့ဩသွားတယ်။ ပတ်တီးအဖွေးသားနဲ့တွေ့ရမယ်လို့ ထင်ထားတဲ့ အဘွားဒေါ်ငြိမ်းမယ်ကို လက်မောင်းမှာ ဆေးပိုက်လေးတစ်ချောင်းတည်းနဲ့သာတွေ့ရပြီး လူကလည်း လန်းလန်းဆန်းဆန်းနဲ့ သစ်ပင်ပိတယ်ဆိုတာဟုတ်မှဟုတ်ရဲ့လားလို့ သံသယဝင်မိသေးတယ်။

ကျွန်တော် လာတာတွေ့တော့ အဘွားဒေါ်ငြိမ်းမယ်သမက် ကိုဝင်းဇော်က -

"ဟာ - အစ်ကို၊ လာ လာ ဒီမှာထိုင်"

ဆိုပြီး နေရာဖယ်ပေးရှာတယ်။

"ရပါတယ် ကိုဝင်းဇော်၊ ရတယ် ထိုင်ပါ။ ကျွန်တော်လည်း အလုပ်ကပြန်လာလာချင်း သတင်းကြားလို့လိုက်လာတာ။ အဘွားမျက်နှာကြည့်ရတာတော့ လန်းလန်းဆန်းဆန်းပဲ။ ဘာဖြစ်သွားသေးလဲ ကိုဝင်းဇော်"

လို့ ကျွန်တော် မေးလိုက်တော့ ကိုဝင်းဇော်က -

"အင်း - သူကိုယ်သူတော့ ဒီတစ်ခါလည်း ဘုရားဖက်လို့ အသက်ရှည်ရပြန်ပြီလို့တော့ပြောတာပဲ။ ကျောကုန်းနဲ့ လက်မောင်းမှာ နည်းနည်းပါးပါးပွန်းတာလောက်ပဲ။ တခြားကြီးကြီးမားမားတော့ ဘာမှမဖြစ်ပါဘူး။ ဆောက်လုပ်ရေးထိပ်က ဆိုက်ကားဆရာတွေ သယ်လာတုန်းက အမေက သတိလစ်နေတာဆိုတော့ ကျွန်တော်စိတ်ထဲ သွားပြီ၊ ဒီတစ်ခါတော့ ပစ်ရပြီလို့ မှတ်နေတာ။ ဆေးရုံရောက်မှ ဆရာဝန်ကြီးတွေရဲ့ စေတနာ၊ ပညာကြောင့်သာ ချက်ချင်း သတိပြန်လည်လာတာ။"

ဘုရားဖက်တော့ အသက်ရှည်ဆိုတာကို အမေသတိရရချင်းကောက်ကာငင်ကာထပြောတာ ကျွန်တော်တောင်ကြောင်အမ်းအမ်းဖြစ်သွားသေးတယ်။ အမေ့မျက်နှာကြည့်တော့ တည်တည်ငြိမ်ငြိမ်နဲ့ ဘာမှအထိတ်တလန့်ဖြစ်ပုံတော့ မပေါ်ဘူး အစ်ကို"

"ဟုတ်လိမ့်မယ် ကိုဝင်းဇော်ရေ။ အဘွားမျက်နှာကြည့်ရတာ အားကိုးရာအမှန်တွေ့ထားလို့ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရဲမယ့်ပုံပေါက်နေတာဖြစ်မယ်"

လို့ ကျွန်တော် ပြောလိုက်တော့ အဘွားဒေါ်ငြိမ်းမယ် ကျိုးတိုးကျဲတဲသွားလေးတွေပေါ် အောင်ပြုံးရင်း ဆေးရုံမျက်နှာကြက်က တဖျတ်ဖျတ်လည်နေတဲ့ ပန်ကာကို ကြည့်နေတယ်။ ပြီးတော့မှ -

"အဘွားတို့အသက်က သေမယ်ဆို ပျော်ပါပြီကွယ်၊ သေခြင်းတရားဆိုတာ ဘယ်သူမှလွန်ဆန်လို့ရနိုင်ကောင်းတဲ့အရာလည်း မဟုတ်ဘူး။ ဒါပေမယ့် ခမ္ဘတာအတိုင်းမဟုတ်တဲ့ အကာလမရဏလိုက်မျိုးတွေနဲ့မသေရလေအောင်တော့ လွန်ဆန်လို့ရနိုင်တဲ့နည်းတွေရှိမှာပေါ့ကွယ်။ ဥပမာပြောရရင် မြတ်စွာဘုရားပြောကြားတော်မူခဲ့တဲ့ ပရိတ်တွေ၊ ပဌာန်းတွေကို ရွတ်ဖတ်ပူဇော်တာတို့၊ ရသေ့ရှစ်သောင်းဆရာကောင်းတွေ ရေးစပ်သီကုံးခဲ့တဲ့ အန္တရာယ်ကင်းဂါထာတွေကို ရွတ်ဖတ်သရဇ္ဈာယ်ကြတဲ့သူတွေကတော့ အများအားဖြင့် ဘေးအန္တရာယ်အသွယ်သွယ် ကင်းရှင်းတယ်ဆိုတာ တခြားသူတွေအနေနဲ့တော့ မပြောတတ်ဘူး၊ အဘွားကတော့ ကိုယ်တွေ့မို့ အကြွင်းမဲ့ယုံတယ်။ အဘွားဘဝမှာ အသက်ရှင်ဖို့ မျှော်လင့်ချက်မရှိနိုင်တဲ့ ဘေးအန္တရာယ်ကြီးကလွတ်ခဲ့တာ အခုအကြိမ်နဲ့ဆို မှတ်မှတ်ရရ နှစ်ကြိမ်ရှိပြီလေ" တဲ့။

"ဒီအကြောင်းတွေကို ကျွန်တော်တို့လည်း သိရအောင် ပြောပြပါလား အဘွား"

လို့ ကျွန်တော် ပြောလိုက်တော့ အဘွားဒေါ်ငြိမ်းမယ်က -

"အင်း - နောက်တော့ အဘွားပြောပြပါမယ်။ အခု ညဉ့်လည်းနက်ပြီ၊ သားတို့လည်း ပြန်ဖို့ပြုဖို့ရှိသေးတယ်မဟုတ်လား။ အဘွားဆေးရုံကဆင်းတော့ အေးအေးဆေးဆေးပြောပြပါမယ်"

ဟုတ်တော့ဟုတ်ပါတယ်။ ကျွန်တော်ဆေးရုံလာပြီဆိုတာကို သိပေမယ့် အလုပ်မအားလို့ သွားမတွေ့ဖြစ်ဘူး။ ပြီးခဲ့တဲ့ ဝါဆိုလပြည့်နေ့ကတော့ ကျွန်တော့်အိမ်မှာ ဝါဆိုသင်္ကန်းကပ်ပြီး ပင့်သံဃာငါးပါးကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းဖြစ်ခဲ့တယ်။ အသိမိတ်ဆွေနဲ့ အိမ်နီးချင်းတချို့ကိုလည်း အကျွေးအမွေးနဲ့ဒါနပြုတယ်။ ကျွန်တော်ဖိတ်တဲ့လူတွေထဲမှာတော့ အဘွားဒေါ်ငြိမ်းမယ် ထိပ်ဆုံးကပါတယ်။ ဒါမှလည်း ကျွန်တော် သိချင်တာလေးတွေ မေးလို့ကောင်းမှာကိုး။

ဒါနဲ့ ဧည့်သည်နည်းနည်းရှင်းသွားတော့ ကျွန်တော့်အဘွား ဒေါ်ငြိမ်းမယ်နားသွားပြီး -

"အဘွား၊ အဘွား ဆေးရုံမှာတုန်းကပြောပြမယ်ဆိုတဲ့အကြောင်းတွေ အခုအချိန်ရရင် ကျွန်တော့်ကို ပြောပြပါလား"

လို့ ကျွန်တော် စကားလမ်းကြောင်းပေးလိုက်တယ်။

အဘွားဒေါ်ငြိမ်းမယ်က ဘာပါလိမ့်ဆိုတဲ့ အမူအရာနဲ့ ကျွန်တော့်စကားကို ဇဝေဇဝါဖြစ်နေတယ်။ ပြီးတော့မှ -

"ဪ - အင်း၊ အင်း မှတ်မိပြီ"

ဆိုပြီး တုန်လှုပ်ဖွယ်အန္တရာယ်ဆိုးကြီးက သူလွတ်မြောက်လာပုံကို ပြောပြရှာတယ်။

❐

သင်္ကန်းကုန်းဆရာတော်ဘုရားကျောင်းက တုံးမောင်းခေါက်ပြီးတာ တော်တော်လေး ကြာပြီဖြစ်ပေမယ့် အလင်းရောင်က တစ်ချက်မှသန်းမလာသေးဘူး။ မနေ့ကတည်းက တဖွဲဖွဲရွာနေတဲ့မိုးကလည်း တစ်ချက်မှမနားတဲ့အပြင် ပိုသည်းလာတယ်။

မိုးအေးအေးနဲ့ အများတကာလို ကွေးမနေနိုင်သူက ဒေါ်ငြိမ်းမယ်။ ရွာပြင်လယ်တဲမှာ မိုးစပါးအတွက် လုပ်ငန်းကြိုတင်ပြင်ဆင်နေတဲ့ သားနှစ်ယောက်ကို ထမင်းစောစောပို့နိုင်ဖို့အတွက် နောက်ဖေးမီးဖိုဆောင်မှာ တကုပ်ကုပ်နဲ့ ချက်ပြုတ်နေရှာတယ်။

သူမချက်လို့လည်းမဖြစ်ဘူးလေ။ တစ်အိမ်လုံးပြေးကြည့်မှ မိန်းမသားဆိုလို့

www.burmeseclassic.com

သူရဲ့ရှိတာကိုး။ ဟိုးအရင် သမီးအကြီးမ မွေးခဲ့ကတော့ သူသက်သောင့်သက်သာ ရှိနေသေးတယ်။ သမီးအကြီးမ ရန်ကုန် သားနဲ့ အိမ်ထောင်ကျတော့ သျှောင် နောက်ဆံထုံးပါစကားလို ရန်ကုန်လိုက် သွားနေတာ သုံးလေးနှစ်မကတော့ဘူး။ အိမ်က အဘိုးကြီးကလည်း အားကိုးရ သားမှတ်တယ်။ သူ့ထက်တောင်ချူချာ တဲ့ ဆေးနဲ့ ပါးစပ်ပြတ်တယ်လို့ရှိတာ မဟုတ်ဘူး။ အခုလည်း တရှောင်ရှောင် ဖြစ်နေတာ (၂) ရက်၊ (၃) ရက်ရှိနေပြီဆို တော့ သားတွေအတွက် ထမင်းလည်း သူကိုယ်တိုင်ရွာပြင်သွားပို့ရဦးမှာ။

အားလုံးချက်ပြုတ်ပြီးစီးသွားလို့ ဒေါ်ငြိမ်းမယ် ထမင်းတောင်းခေါင်းရွက် ထွက်လာချိန်မှာတော့ မိုးက အတော် သည်းလာတဲ့အပြင် လေကပါ တသုန် သုန်တိုက်နေတယ်။

“ဟာ-အမေကလည်း၊ ဒီလောက် မိုးကောင်းနေတာ ဘာလို့လာပို့တာလဲ။ သားနေ အငယ်ကောင်ကို လွှတ်ယူခိုင်း လိုက်မှာပေါ့။ တော်ကြာ အမေပါနေ မကောင်းဖြစ်နေဦးမယ်”

လယ်ထဲရောက်တော့ လေထဲမိုး ထဲ ထမင်းလာပို့တဲ့ ဒေါ်ငြိမ်းမယ်ကို သူ့ သားအကြီးကောင်က ကရုဏာဒေါသနဲ့ ပြောလိုက်တယ်။

ဒေါ်ငြိမ်းမယ် ထမင်းတောင်းကို ကယ်တဲ မိုးလွတ်ရာမှ တင်ထားလိုက် ပြီး -

“ဟဲ့ - သား၊ လယ်ထဲမှာ ရေဒီ လောက်တောင်များနေပြီလား”

“ဟုတ်တယ်အမေရေ့၊ ဒီလောက် ဆက်နေပုံထောက်ရင် နောက် (၂) ရက်၊ (၃) ရက်နဲ့ ဘာမှလုပ်လို့ရမှာမဟုတ်သေး ဘူး။ အငယ်ကောင်ခေါ်ပြီး အမေပြန် တော့၊ သားရေနည်းနည်းဖောက်ထုတ် ပြီး ညနေပြန်ခဲ့မယ်”

“အေး - သား၊ အေး. . အေး”

ဒေါ်ငြိမ်းမယ်နဲ့ သူ့သား အငယ် ကောင်ပြန်လာတော့ လေရောမိုးပါပိုပို ကြမ်းလာတယ်။ သစ်ပင်သစ်ယောက် တွေဆို တဖျတ်ဖျတ်ကိုခါလို့။ ဟိုရက်က တော့ မုန်တိုင်းအထူးသတင်းထုတ်ပြန် တာကြားပေမယ့် အရင်အရင်နှစ် တွေတုန်းကလို လေနည်းနည်းကောင်း၊ မိုး နည်းနည်းကောင်းနဲ့ ပြီးသွားမှာပဲလို့ အားလုံးကထင်ခဲ့ကြတယ်။ အသက်ခုနှစ် ဆယ်ကျော် ဒေါ်ငြိမ်းမယ် သက်တမ်း တစ်လျှောက်လုံးလည်း မုန်တိုင်းဆို ဒီလို ပဲနည်းနဲ့ပြီးခဲ့တာကိုး။ ဒါပေမယ့် အခု

လေတိုက်နေတဲ့ပုံစံက ခါတိုင်းနှစ်တွေနဲ့ မတူ ထူးထူးခြားခြားပိုကြမ်းနေတယ်လို့ ဒေါ်ငြိမ်းမယ်စိတ်ထဲထင်နေမိတယ်။

သူ့ထင်တာလည်း မမှားဘူးလေ။ လေကပိုကြမ်းလာသလို ပင်လယ်နဲ့နီး တာမို့ ဒီရေကလည်း တရိပ်ရိပ်နဲ့ ထိုး တက်လာတယ်။ အိမ်ကထွက်လာတုန်း က ခြေမျက်စိမြုပ်ရုံသာရှိတဲ့တာရိုးတစ် လျှောက်ကရေဟာ အခုလယ်ထဲကပြန် လာတော့ ဒူးခေါင်းတောင် မြုပ်လုနီးပါး ဖြစ်နေပြီ။ သားအမိနှစ်ယောက်ခပ်သွက် သွက်လှမ်းနေပေမယ့် ထင်သလောက် ခရီးမပေါက်နိုင်ဘူး။ ရွာလယ်လမ်းမထိပ် ရောက်တော့ ရွာထဲကလူတွေလည်း မထင်ထားဘဲ ဆိုးဆိုးဝါးဝါး ပြောင်းလဲ လာတဲ့ ရာသီဥတုကိုကြည့်ပြီး စိုးရိမ်စိတ် ကိုယ်စီနဲ့ ပုရွက်ဆိတ်အုံ ရေပက်သလို လှုပ် လှုပ်ရွရွဖြစ်နေကြတယ်။

လေကလည်း တစ်ချက်တစ်ချက် ပိုကြမ်းလာတယ်။ ဒေါ်ငြိမ်းမယ်ခမျာ လယ်ထဲမှာ တစ်ယောက်တည်းနေရစ် တဲ့ သားကြီးအတွက် စိတ်ပူနေမိတယ်။ ဒါနဲ့ -

“ဟဲ့ - သား၊ နင့်အစ်ကိုကို အမြန် သွားခေါ်ပြီး အိမ်ပြန်ခဲ့ကြ။ လုပ်စရာရှိ လည်း နောက်မှလုပ်တော့လို့ပြော။ အမေ အိမ်ကပဲစောင့်နေမယ်။ အိမ်မှာ နင့်တို့အဖေတစ်ယောက်တည်း၊ နေလည်း သိပ်ကောင်းတာမဟုတ်ဘူး။ သွားသွား မြန်မြန်သွားပြီးပြန်ခဲ့ကြ”

ဒေါ်ငြိမ်းမယ် သားအငယ် လယ် ထဲပြန်ထွက်သွားချိန်မှာ မိုးကသိသိသာ သာနည်းသွားပေမယ့် လေကတော့ တော်တော်ကြမ်းလာတယ်။ သစ်ပင်ငယ် တွေ ရေမှာတုံးလုံးလဲနေကုန်သလို သစ် ကြီးဝါးကြီးတွေလည်း သွက်သွက်ခါ အောင် ယိမ်းထိုးနေကြတယ်။ ဒါနဲ့ ဒေါ်ငြိမ်းမယ်အိမ်ပြန်ရောက်တော့ နေ ထိုင်မကောင်းဖြစ်နေတဲ့ ဒေါ်ငြိမ်းမယ် ယောကျ်ားတောင် ငုတ်တုတ်ထထိုင်နေ တယ်။ မျက်စိမျက်နှာတွေလည်းပျက်လို့ ပေါ့။

“ဟဲ့ - ငြိမ်းမယ်၊ နင့်သားတွေကို ဘာလို့တစ်ခါတည်းပြန်မခေါ်မလာတာ တုံး။ မိုးတွေလေတွေကောင်းပါဘိသနဲ့”

“အငယ်ကောင်ကို သွားခေါ်ခိုင်း လိုက်ပါတယ်တော်။ ခဏနေပြန်လာကြ လိမ့်မယ်”

ဒေါ်ငြိမ်းမယ်တို့လင်မယား မိုး တွေလေတွေကြားမှာ နောက်ထပ်ဘာ စကားမှမဆိုဖြစ်ကြပေမယ့် စိုးရိမ်စိတ်

ကိုယ်စီနဲ့ သားနှစ်ယောက်လာမယ့်လမ်း ကို လှမ်းမျှော်နေခဲ့ကြတယ်။ သစ်ကြီးဝါး ကြီးနဲ့ အခိုင်အမာဆောက်ထားတဲ့ သူတို့ အိမ်လေးတောင် သွက်သွက်ခါအောင် လေကကြမ်းလာတယ်။

တဖြည်းဖြည်းနဲ့ အချိန်ကလည်း အမှောင်ဘက်ကိုလုနေပြီ။ ခုချိန်အထိ သားနှစ်ယောက်က ပေါ်မလာဘူးဆို တော့ ဒေါ်ငြိမ်းမယ်တို့ရင်ထဲမှာအပူလုံး ကြွနေပြီ။ အိမ်တစ်ဆောင်လုံးမိုးထားတဲ့ သက်ငယ်တွေလည်း လေမှာပလူပျံနေ ကုန်ပြီ။

“ဟိုနှစ်ကောင် ခုထိမလာသေး ဘူး ငြိမ်းမယ်၊ ငါသွားလိုက်ခေါ်မယ်။ မင်းအိမ်ထဲမှာပဲနေ”

စိတ်မြန်လက်မြန်နဲ့ ဒေါ်ငြိမ်းမယ် မယ်ယောကျ်ား ဦးဘမောင်အိမ်အောက် လှမ်းဆင်းလိုက်တော့ ရေကရင်ညွန့်နား ရောက်နေပြီ။ သားတွေဖေနဲ့မိုသာဆင်း လိုက်သွားပေမယ့် သူကိုယ်တိုင်လည်း နေကောင်းတာမဟုတ်ဘူး။ ဒေါ်ငြိမ်း မယ်လည်း လှမ်းအော်တော့တားပါသေး တယ်။ ဒါပေမယ့် မိုးသံလေသံတွေ ကြားမှာ ဒေါ်ငြိမ်းမယ်အသံက နစ်ဝင် ပျောက်ကွယ်သွားတယ်။

လေကလည်း အသံပေးပြီး ဒလ ကြမ်းတိုက်နေတယ်။ တစ်ရွာလုံးလည်း ကယ်ပါယူပါ အသံတွေညံစီနေတယ်။ သစ်ပင်ကြီးတွေ ကျိုးကြလဲပြိုသံတွေ အတိုင်းသားကြားနေတယ်။ အိမ်ပေါ် က ဘုရားခန်းရှေ့မှာ မတ်တပ်ရပ်ရင်း ဘုရားဝတ်ပြုနေပေမယ့် ရေက ခါးလယ် ကို မြုပ်လုပြီ။ ဒေါ်ငြိမ်းမယ် သတိလက် လွတ်ဖြစ်မသွားပေမယ့် အဲတော့လေး တော့ တုန်လှုပ်ချောက်ချားစပြုလာ တယ်။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင် ကဖုံးလွှမ်းနေပြီ။ ယောကျ်ားနဲ့သားနှစ် ယောက် နာမည်တွေကို တကြော်ကြော်အော်ခေါ်နေရင်း ငယ်ငယ်က ရွာ ဦးကျောင်းဆရာတော်သင်ပေးတဲ့ အန္တ ရာယ်ကင်းဂါထာလေးကို မပြတ်ရွတ် ဖတ်သရဇ္ဈာယ်နေမိတယ်။ အခုလိုအချိန် မှာ ဘုရားမှတစ်ပါးကိုးကွယ်ရာမရှိနိုင် ဘူးလို့လည်း ယုံကြည်နေမိတယ်။ ခြံ နောက်မှာရှိနေတဲ့ အုန်းပင်တွေလဲပြိုမှု ကြောင့် အိမ်နောက်ဖေးတစ်ဆောင်လုံး လည်း ပြိုကျပျက်စီးနေပြီ။ အိမ်ရှေ့ခန်း လေးလည်း တဖြည်းဖြည်းယိုင်ပြီး လဲပြို ဖို့ တာစူနေတယ်။

ဒေါ်ငြိမ်းမယ်စိတ်ထဲ ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

တော့ လင်မသိလိုက်၊ သားမသိလိုက်ဘဲ သူ့ဘဝနိဂုံးချုပ်ရပြီလို့ ဝမ်းနည်းပူဆွေးမိတယ်။ ဘာမှသဲသဲကွဲကွဲမမြင်ရတဲ့ ရေပြင်ထဲ လက်ပစ်ကူးရင်း သူ့လာထိတဲ့ အရာအားလုံးကို အားကိုတကြီးလှမ်းဆွဲဆုပ်ကိုင်နေမိပေမယ့် ဖယ်တွယ်အားကိုးစရာ ဘာတစ်ခုမှမရှိခဲ့ရှာဘူး။

ဒေါ်ငြိမ်းမယ် အာခေါင်ခြောက်ပြီး မောသွားဟန်နဲ့ ပြောလက်စ စကားကို ခဏရပ်တယ်။ ကျွန်တော်လည်း အလိုက်တသိ ရေသန့်ဘူးထဲက ရေကို ဖန်ခွက်ထဲတစ်ခွက်ငှဲ့ပြီး အဘွားဒေါ်ငြိမ်းမယ်ကို လှမ်းပေးလိုက်တယ်။ အဘွားဒေါ်ငြိမ်းမယ် ရေကိုတစ်ကျိုက်၊နှစ်ကျိုက်သောက်ပြီး မိုးလေးတဖွဲဖွဲကျနေတဲ့ အိမ်အပြင်ငေးကြည့်ရင်က သူ့စိတ်အစဉ်ဟာ အတိတ်ကို ပြန်ကပ်ငြိသွားပြန်တယ်။ သေဘေးကိုကြောက်လို့သာ မြုပ်မသွားအောင်ကူးခပ်နေရပေမယ့် အသက်အရွယ်ကြောင့် ဒေါ်ငြိမ်းမယ်မျက်လုံးတွေ ပြာဝေမှုန်မိုက်နေတယ်။ သူ့အာရုံဆောင်ထားတဲ့ အန္တရာယ်ကင်းဂါထာလေးကိုလည်း ဘယ်နှခေါက်မှန်းမသိတော့အောင် ရွတ်ဖတ်ပူဇော်နေမိရင်း သူ့ခန္ဓာကိုယ်တစ်ခုလုံး တဖြည်းဖြည်းလေလံလာပြီဆိုတာကိုသိနေတယ်။

"လာ လာ လုံမလေး၊ အဘလက်ကိုဆွဲပြီး လှေပေါ်တက်လိုက်"

ဆိုတဲ့ ကြည်လင်ပြတ်သားတဲ့ အသံကိုကြားလိုက်ရတယ်။ ပြီးတော့ သူ့ခန္ဓာကိုယ်တစ်ခုလုံး သစ်ရွက်ခြောက်တစ်ခုလို ပေါ့ပါးလွင့်မျောသွားတယ်ဆိုတာ နောက်ဆုံးသိလိုက်တော့တယ်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်စွာနဲ့မှောင်အတိကျနေတယ်။

ဒေါ်ငြိမ်းမယ် သတိပြန်ရချိန်မှာ သက်နှိုးကုန်းယာယီကယ်ဆယ်ရေးစခန်းကိုရောက်နေပြီ။ တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေတာကလွဲပြီး ကြီးကြီးမားမားထိခိုက်ဒဏ်ရာမရှိခဲ့ဘူး။ ကံမျက်နှာပေးလို့ သူ့အသက်ရှင်ခဲ့ပေမယ့် ယောက်ျားဖြစ်သူ ဦးဘမောင်နဲ့ သားနှစ်ယောက်ကတော့ နာဂစ်မုန်တိုင်းရဲ့သားကောင်အဖြစ် စတေးခဲ့ရတယ်။

ဒါနဲ့ သူ့ကို လှေနဲ့ ကယ်တင်ပေးတဲ့ ကျေးဇူးရှင်ကိုစုံစမ်းတော့လည်း -

"ဘယ်သူမှ ဒေါ်လေးကို လှေနဲ့ကယ်တာမဟုတ်ပါဘူး ဒေါ်လေးရယ်။ ငါးဂါလန်ပလတ်စတစ်ပုံးကြီးကိုဖက်ပြီး သတိလစ်နေတာတွေ့လို့ ရွာထဲက ကိုတင်လှတို့သားအဖဆယ်ပြီး ဒီခေါ်လာတာပါ။ ဒီလောက် ကိုယ့်အသက်ကိုယ်လုနေရတဲ့အထဲ ဘယ်သူကလှေနဲ့လိုက်ကယ်နိုင်မှာတုံး"

ဆိုတော့ ဒေါ်ငြိမ်းမယ် တော်တော်လေးအံ့ဩပြီး ဘုရားပါတမိလျက်သားဖြစ်သွားတယ်။

ညက မှောင်နက်မည်းမည်းမှာ ကယ်တင်ရှင်ရဲ့အသံကို သူ့နားနဲ့ဆတ်ဆတ်ကြားခဲ့တာပဲ။ လှေပေါ်ရောက်ပြီး နောက်ပိုင်းသာ သူ့ဘာမှမသိတော့တာ။ လာကယ်တဲ့လူရဲ့လှေပေါ်တော့ သူတက်ခဲ့တယ်ဆိုတာကို ထင်ထင်ရှားရှားမှတ်မိနေတာပဲ။ သူ့မှတ်ဉာဏ်ဒီလောက်မနည်းပါဘူး။ အခုတော့ ဘယ်လိုဖြစ်လို့ ငါးဂါလန်ပုံးဖက်ပြီးမျောနေရတာလဲဆိုတာ ဒေါ်ငြိမ်းမယ် ဘယ်လိုမှ စဉ်းစားလို့မရဘူး။ ရန်ကုန်က သမီးကြီးလာခေါ်တဲ့ အထိ ဒီကိစ္စအဖြေရှာမရခဲ့ပါဘူး "

ဒေါ်ငြိမ်းမယ် ပြောလက်စ စကားကိုရပ်ပြီး ဖန်ခွက်ထဲက လက်ကျန်ရေကို ထပ်သောက်လိုက်ပြန်။ အိမ်အပြင်မှာ မိုးကခပ်သည်းသည်းရွာနေပေမယ့် အဘွားဒေါ်ငြိမ်းမယ်ရဲ့ မဟာနဖူးကျယ်ကျယ်ပေါ်မှာတော့ ချွေးစက်တို့ကတွဲခိုလျက်။ ဇရာရဲ့အထိမ်းအမှတ်ဖြစ်တဲ့ မျက်နှာက အရေးအကြောင်းအတွန့်တွေဆိုတာလည်း ကျီးခြေရာတွေ ထပ်နေသလားထင်ရလောက်တယ်။ မျက်ပေါက်ကျဉ်းကျဉ်းထဲက မျက်လုံးအိမ်မှာ သွားလေသူခင်ပွန်းနဲ့ သားနှစ်ယောက်ကို ပြန်လည်တမ်းတမိလို့လားတော့ မပြောတတ်ဘူး မျက်ရည်တွေကဝေ့သီလို့နေတယ်။

"အဘွား အခုပြောတာတွေက ပထမအကြိမ်အသက်ဘေးကလွတ်ခဲ့တဲ့ အကြောင်းပဲ။ ဒုတိယတစ်ခါက လူလေးတို့သိကြတဲ့အတိုင်း အိမ်ရာဝင်းထဲက အဘွားရဲ့ဓမ္မမိတ်ဆွေနဲ့ ဘုန်းကြီးကျောင်းမှာ သီလသွားယူတုန်းက မေ့ကျန်ခဲ့တဲ့ ပုတီးလေးသွားအပေးမှာ အမှတ်မထင် လေရောမိုးပါရွာချလာပြီး လမ်းဘေးက ယူကလစ်ပင်ကြီး အဘွားပေါ်တည့်တည့်လဲပြိုကျလာတယ်။ သစ်ပင်ကြီးလဲလာတာ ' မြင်လိုက်ပေမယ့် ရှောင်ဖို့တိမ်းဖို့တော့ ဘယ်လိုမှမစွမ်းဆောင်နိုင်ခဲ့ဘူး။

အဘွားလည်း အကြောက်လွန်ပြီး မျက်လုံးထဲပြာသွားတယ်။ ပြီးတော့ ရှေ့ကိုဝမ်းလျားထိုးလဲကျသွားတာပဲနောက်ဆုံးသိလိုက်တယ်။ အိမ်ရာဝင်းထဲကတွေ့တဲ့လူတွေပြောတာတော့ သစ်ပင်လဲကျတာတော့ အဘွားပေါ်ပိမလာတာ... ပြောတာပဲ။ အဘွားစိတ်ထဲတော့ ဒီတစ်ခါ... လည်း တစ်လမ်းလုံးရွတ်ဆိုပူဇော်လာခဲ့... တဲ့အန္တရာယ်ကင်းဂါထာလေးက ကယ်... ပြန်ပြီလို့ ယုံကြည်နေမိတယ်"

အဘွားဒေါ်ငြိမ်းမယ် ပြောတာ... ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ အဘွားဒေါ်ငြိမ်းမယ်ကို လမ်းမှာတွေ့တဲ့ အခါဖြစ်ဖြစ်၊ အိမ်ရှေ့မှာ တံမြက်စည်း... လှည်းနေတဲ့အခါပဲဖြစ်ဖြစ် နှုတ်... တလှုပ်လှုပ်တရွရွနဲ့ အသံတော့မထွက်... ဘူး။ ကျွန်တော်ထင်တယ်လေ၊ ဒါတရား... ဓမ္မတစ်ခုခုကို စိတ်ထဲက ရွတ်ဖတ်... သရဇ္ဈာယ်နေတာဖြစ်မယ်လို့။

"အဘွား၊ ဒီမှာပန်းသီးလေးစားဦး... နော်"

ကျွန်တော့်ဇနီးသည်က အလိုက်... သိစွာနဲ့ ပန်းသီးလေးစိတ်ပြီး အဘွား... ဒေါ်ငြိမ်းမယ်ကို လောကဝတ်ပြုရှာ... တယ်။ အဘွားဒေါ်ငြိမ်းမယ်ကလည်း... ပန်းသီးစိတ်လေးကိုင်ရင်း ဆုတွေတသီ... တတန်းကြီး ချီးမြှင့်တယ်။ ကျွန်တော်က... လည်း အဘွားဒေါ်ငြိမ်းမယ်ဆီက အန္တ... ရာယ်ကင်းဂါထာလေးကို ကူးယူထား... လိုက်တယ်။ ကိုယ်ကိုယ်တိုင်လည်း ရွတ်... ဖတ်သရဇ္ဈာယ်သလို အများလည်း ရွတ်... ဖတ်ပူဇော်လို့ရအောင် သူရဇ္ဇမဂ္ဂဇင်း... တိုက်ကိုပို့လိုက်မယ်လို့ စဉ်းစားထားခဲ့... တယ်။

သတ္တဝါအားလုံး အကာလမရဏ... က ကင်းလွတ်နိုင်အောင် အဘွား... ဒေါ်ငြိမ်းမယ်ဆီက ကူးယူထားတဲ့... အန္တရာယ်ကင်းဂါထာလေးကို ဖော်ပြ... ပေးလိုက်ပါတယ်။

**အာကာလမရဏမှလွတ်ကင်းစေသော**
**စိန္တာမဏိဂါထာတော်**

*ဇယန္တသ နာမ မဟန္တံ သဒ္ဓေ...*
*ပုကြေန ပရိပတ္တော၊ မဟိဒ္ဓိတော...*
*ဉာဏတေဇေန ဝိန္တာယ စိန္တသုံ...*
*စိန္တေသိ၊ ဝိလာသဉာဏံ သုဂတော...*
*ယေဝပုတြံ၊ မမပုတြံဝါ ပိယေ...*
*ပိယန္တောမောစတိ၊ မမပုတြံဝါ သ...*
*ကေ အာဂစ္ဆ၊ ဥဒကေ ရာဇေန္တော...*
*မောစတိ ရာဇဏောပုတ္တော စိန္တ...*
*အာဂမိ၊ ဗုဒ္ဓသမ္မဝိလာသဉာ...*
*အစိန္တေယျံပိ။*

မြေ...မြင့်လှိုင်

ဝါရီရူ၏ ငယ်နာမည်ကား မဂဒူး ဖြစ်၏။ လယ်သမားမိဘနှစ်ပါးမှ တ္ကံဝါနံ (တကော့ဝန်း)တွင် မွေးဖွား၏။ တကော့ ဝန်းကို ယခု ဒုံဝန်းဟု ခေါ်၏။

မဂဒူး ငယ်ရွယ်စဉ် တစ်နေ့သော အခါတွင် မိဘနှစ်ပါး လယ်ကွင်းထဲ ထောက်စိုက်ဆင်းကြ၏။ သားငယ် မဂဒူးကို ဂဒူး (ခမောက်ရှည်) တစ်ခုထဲ သိပ်ထားပြီးအပေါ်တွင် အခြားခမောက် ရှည်တစ်ခုဖြင့် အုပ်ထား၏။ ကျီးများက အစာအုပ်ထားသည်ထင်ပြီး ဂဒူးနားဝိုင်း အုံလာကြ၏။ ထိုအခါ ဂဒူးက ထူးထူး ခြားခြား ကျီးများကို ခြောက်လှန့်နှင် ထုတ်နေ၏။ ဤထူးခြားသော ဖြစ်ရပ်ကို မိဘနှစ်ပါးက တအံ့တသြနှင့် မှင်တက် ကြည့်နေကြ၏။ ထိုခမောက်ရှည် (ဂဒူး) ကိုအစွဲပြု မိမိတို့၏သားငယ်ကို မဂဒူးဟု အမည်မှည့်၏။ မဂဒူးတွင် မွေးချင်းသုံး ယောက်ရှိ၏။ မောင်ဖြစ်သူ မဂဒါနှင့် နှမ နှင်းဥရိုင်တို့ ဖြစ်ကြ၏။

မဂဒူး၏ဖခင်သည် လယ်သမား ဟုဆိုရသော်လည်း လယ်နားသည့်အခါ သောက္ကတဲမြို့ သွားရောက်၍ ကုန် ရောင်းအဝယ်လုပ်လေ့ ရှိ၏။ ထိုစဉ်က ကုန်ပစ္စည်းများကို သောက္ကတဲသို့အထမ်း သားဖြင့်သာ ထမ်းသွားရ၏။ ဒုံဝန်းတွင် အထမ်းသမား သုံးကျိပ်ရှိ၏။ မဂဒူးတို့ ဖခင်သည် အထမ်းသမားသုံးကျိပ်၏ အကြီးအမှူးဖြစ်၏။ မဂဒူးအသက် (၂၀) အရွယ် လူလားမြောက်လာသောအခါ ဖခင်မှာ အတော်ပင် အိုမင်းမစွမ်းရှိနေ ချေပြီ။ အထမ်းသမားများကို ကွပ်ကဲ၍ သောက္ကတဲသို့ ကူမ်းသွားရောင်းသည့် အလုပ်ကိုမလုပ်နိုင်တော့။ သောက္ကတဲသို့ သွားရာ ခရီးလမ်းက ကြမ်းလွန်းလှ၏။ တောင်အတက်အဆင်းကလည်း များလှ ၏။ သည့်ကြောင့် မဂဒူးက ဖခင်၏နေ ရာတွင် အစားဝင်ရ၏။

# နိုင်ခင်မောင်လေး

## မုတ္တမပြည့်ရှင် ဝါရီရူ ①



တစ်ခါသော် မဂဒူးကုန်ရောင်းရန် အတွက် ငယ်သားအထမ်းသမားများကို စုရုံးလိုက်၏။ သည့်နောက် ကွမ်းများကို ထမ်းပိုးနှင့်ထမ်းပြီး ခြေကျင်ဖြင့် သောက္က တဲသို့ ထွက်ခွာသွား၏။ ယင်းသို့အစဉ် အတိုင်းသွားရာ ပြာတောင်း (ပြာတံင်) တောင်ခြေရင်းသို့ ရောက်၏။ ထိုအခါ အထမ်းသမားတစ်ယောက် နာမကျန်း ဖြစ်၏။ ယင်းအထမ်းသမား၏ ဝန်ကို မဂဒူးကိုယ်တိုင် ထမ်းရ၏။ တောင်ထိပ် သို့ရောက်သောအခါ အခါမဟုတ် မိုးကြီးသည်းထန်စွာရွာသွန်း၏။ လေပြင်း တိုက်ပြီး လျှပ်စီးလည်းလက်၏။ မဂဒူး ပခုံးထက်ရှိ ထမ်းပိုးကို မိုးကြိုးပစ်သဖြင့် ထက်ပိုင်းကျိုးသွား၏။ ဝန်စည်စလယ် များလည်း ချောက်ထဲကျသွား၏။ မဂဒူး လည်း ရုတ်တရက် မေ့မြောသွား၏။

သတိရ၍ အရှေ့ဘက်သို့ လှမ်း ကြည့်လိုက်သောအခါ လျှပ်စီးလက် သည့် အလင်းရောင်များကို မြင်ရ၏။ မဂဒူး အနောက်ဘက်သို့ လှည့်ကြည့် လိုက်ပြန်၏။ လျှပ်စီးရောင်များကြား တောင်ထိပ်ထက်တွင် ရွှေပြာသာဒ်တစ် ဆောင်ကို မဂဒူး မြင်တွေ့ရ၏။ ထိုနိမိတ် ကိုမြင်လျှင် 'ငါသည် ဘုန်းကံရှင်တစ် ယောက်ပင်' ဟု နှလုံးပိုက်၏။

အခြားအထမ်းသမားများကား ဘာမှမဖြစ်။ ထိုစဉ် အနောက်ဘက် တောင်ဆွယ်တွင် နေလည်းကွယ်တော့ မည်။ သည့်ကြောင့် အထမ်းသမားများ စခန်းချရန် နေရာရှာရ၏။ နိဂုံးရွာကြီး တစ်ရွာသို့ရောက်သောအခါ စခန်းချရပ်



www.burmeseclassic.com

www.burmeseclassic.com

နားကြ၏။ ထိုရွာတွင် ရဟန်းရှင်လူ ပုဏ္ဏားပညာရှိများပေါများလှ၏။ နိမိတ်ဖတ်ဆရာ စောဇန်ဒွမ်းသည် နိမိတ်ဖတ်ရာတွင် အလွန်မှန်သည်ဟု ကြားရ၏။ မဂဒူးလည်း လက်ဆောင်ပစ္စည်းများယူ၍ စောဇန်ဒွမ်းထံထွက်သွား၏။

စောဇန်ဒွမ်းထံရောက်လျှင် မိမိမြင်သည့်နိမိတ်နှင့် အဖြစ်အပျက်အလုံးစုံကို ပြောပြ၏။

စောဇန်ဒွမ်းက -

"ဒီနိမိတ်ကြီးလှ၏။ မင်းအရပ်နှင့် ညီသောငွေကိုပုံ၍ ပူဇော်မှ နိမိတ်နှင့်တန်မည်"

ဆို၏။

ဒီအခါ မဂဒူးက အခက်ကြုံရ၏။ မဂဒူးမှာ ငွေကြေးများများစားစားမပါ။ ငွေကျပ် (၃၀) ကျပ်သာပါ၏။ မိမိအရပ်နှင့်ညီသောငွေကို ပုံပေးရမည် ဆိုသောအခါ မဂဒူးမတတ်နိုင်။ မဂဒူးသည် အနီးအနားပတ်ဝန်းကျင် ဘေးဘီဝဲယာသို့ လှမ်းကြည့်လိုက်၏။ မိမိအရပ်နှင့်ညီသောတောင်ပို့တစ်ခုကို တွေ့ရ၏။ မဂဒူးတောင်ပို့ဆီ လျှောက်သွားပြီး ငွေ (၃၀) ကျပ်ကို တောင်ပို့ပေါ် တင်လိုက်၏။

"ကျွန်ုပ်အရပ်နှင့်ညီသော ငွေကို ပူဇော်ပြီးပါပြီ။ နိမိတ်ဖတ်ပါ"

ဟု မဂဒူးက ဆို၏။

ဤသည်ကို မြင်တွေ့ရသောအခါ စောဇန်ဒွမ်းအလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏။ ဤပုဂ္ဂိုလ်သည် ပညာရှိ၏။ စိတ်ကူးဉာဏ်ဖြင့် လျင်မြန်စွာ ကြံဆတတ်၏။ သူ့နိမိတ်နှင့်သူ ဘုန်းကြီးလိမ့်မည်။ နိမိတ်အတိုင်းအမှန်ကို ငါဟောမည်ဟု စိတ်ထဲက ရေရွတ်နေမိ၏။ သည့်နောက် မဂဒူးအား ဤသို့ပြော၏။

"ယနေ့မှစပြီး ပခုံးဖြင့် ထမ်းပိုးရသော အလုပ်ကို မင်းမလုပ်ရတော့ပါ။ ရှေ့ဆက်ပြီး ကုန်သည်မလုပ်ပါနှင့်တော့။ အကြီးဆုံးသတ္တဝါကို ခစားပါလေ။ အရှေ့ဘက်ကအရုဏ်တက်လာသကဲ့သို့ မြင်ရသော အလင်းရောင်၏နိမိတ်မှာ အရှေ့အရပ်က မင်းဧကရာဇ်သည် မင်းကို ဘုန်းစည်းစိမ်စီစဉ်ပေးလိမ့်မည်။ အနောက်ဘက်ကမြင်ရသော ပြာသာဒ်နိမိတ်သည်ကား အရှေ့အရပ်မှ မင်းဧကရာဇ်ကို အမှီပြု၍ အနောက်အရပ်တွင် ဘုန်းတန်ခိုးကြီးသော မင်းတစ်ပါး ဧကန်အမှန်ဖြစ်ရလိမ့်မည်"

ယင်းနိမိတ်စကားကိုကြားရသောအခါ မဂဒူး အတိုင်းမသိ ဝမ်းသာသွား၏။ သည့်နောက် စောဇန်ဒွမ်းကို ဦးသုံးကြိမ်ခိုက်ပြီး ထွက်သွား၏။ ငယ်သား (၃၀)နှင့်အတူ သောက္ကတဲသို့ ခရီးဆက်ပြန်၏။ သောက္ကတဲသို့ရောက်သောအခါ ကုန်ပစ္စည်းများကို ရောင်းချပြီးနောက် ငယ်သားများကို တကော့ဝန်းသို့ ပြန်စေ၏။

မဂဒူမှာကား နိမိတ်အတိုင်းဖြစ်လာစေရန် သောက္ကတဲတွင်နေခဲ့၏။ ဘာဆက်လုပ်ရမည်ကို စဉ်းစားနေ၏။

"မင်းဧကရာဇ်၊ မှူးမတ်၊ သေနာပတိများကို ခစားရန် ငါ့မှာ သူနှင့်တူသော အဝတ်အစားမရှိသဖြင့် ခစား၍မဖြစ်သေး။ အကြီးဆုံးသတ္တဝါကို ခစားလေဟု နိမိတ်ဆရာဆိုခဲ့၏။ လူတွင်အကြီးဆုံး မင်းဧကရာဇ်ဖြစ်၏။ သတ္တဝါတွင် အကြီးဆုံးသည်ကား ဆင်ဖြစ်၏။ ထို့ကြောင့် သောက္ကတဲမင်း၏ ဆင်ကဲထံ ငါခစားမှတော်မည်"

ဟု ဆုံးဖြတ်ပြီး ဆင်ကဲထံ ဝင်ရောက်ခစား၏။ ဆင်ကဲနှင့်နေစဉ်အတွင်း မဂဒူးသည် တက်ကြွလုံ့လဝီရိယရှိ၏။ လျင်မြန်ဖျတ်လတ်ပေါ့ပါး၏။ နေ့ညမဟူ ဆင်ကို အစာကျွေး၏။ နံနက်အရုဏ်ကျင်းသည်နှင့် သူများမနိုးခင်စောစောထ၍ ဆင်ချေးကျုံး၏။ ဆင်တင်းကုပ်ကို အမြဲတစေ သန့်ရှင်းနေအောင် လှည်းကျင်းထား၏။ ဆင်ကဲမြင်လျှင် သနားချစ်ခင်၏။ သည့်ကြောင့် အစားအစာ၊ အဝတ်အစားနှင့် သုံးစွဲရန်ငွေကြေးများမပြတ်မလတ်ပေးလေ့ရှိ၏။

တစ်နေ့တွင် သောက္ကတဲမင်း ဆင်တော်ရှုရန် ထွက်လာ၏။ မဂဒူး၏ တက်ကြွလုံ့လကိုတွေ့သောအခါ သဘောကျနှစ်ခြိုက်တော်မူ၏။

"ဤသူငယ်ကားဘယ်သူနည်း"

ဆင်ကဲကိုမေး၏။

"အကျွန်ုပ်ထံပါး ခစားလာသော မွန်လုလင်ဖြစ်ပါသည် ဘုရား"

ဆင်ကဲက လျှောက်ထား၏။

"သူ့ကို အဝတ်အစားမညှိုးစေနှင့်၊ မပြတ်ပေးကမ်းပါ"

ဟု မင်းကြီးမိန့်၏။ သည့်နောက် မင်းကြီးသည် ငုံသည့်လက်ဖက်ကို ထုတ်၍ ခံတွင်းဆေးတော်မူ၏။ ခံတွင်းမှ ရေကို ထွေးလိုက်သောအခါ ကြွေစေ့တစ်လုံးပေါ်လာ၏။ မင်းကြီးက ကြွေစေ့ကို လက်ညှိုးထိုးညွှန်ပြပြီး မဂဒူးအား ကောက်ယူထားစေ၏။ မဂဒူးလည်း မင်းကြီးအား ရှိသေစွာဦးခိုက်ပြီး ကြွေစေ့ကို ကောက်ယူ၏။ သည့်နောက် ကြွေစေ့ကို လုံချည်စဖြင့် ချည်ထားလိုက်၏။

မင်းကြီး မင်္ဂလာနန်းတော်သို့ ပြန်လည်ထွက်ခွာသွားသောအခါ-

'ဤကြွေပေါက်ငယ်တစ်စေ့ကို ငါ့အားခေါ်၍ပေးတော်မူသည်မှာ ငါ့အစွမ်းအစကို စမ်းတော်မူခြင်းဖြစ်မည်'

ဟု တွေးမိ၏။

သည့်ကြောင့် မဂဒူး ဈေးသို့ အလျင်အမြန်ထွက်သွား၏။ ကြွေပေါက်တစ်လုံးဖြင့် ဟင်းနုနယ်များဝယ်ယူလို ကြောင်းပြော၏။ ဈေးသည်မိန်းမလည်း အားပါတရရယ်မော၏။

"ကြွေပေါက်တစ်လုံးဖြင့် ဟင်းနုနယ်စေ့မည်မျှဟူ၍ ငါမပေးတတ်ပါ။ မင်းလက်ညှိုးတစ်ချောင်းတည်းဖြင့် ဟင်းနုနယ်စေ့ကို နှိုက်၍တင်သမျှယူချေ"

ဟု ပြော၏။

မဂဒူးလည်း ယူမည်ဟု ဆို၏။ သည့်နောက် လက်ညှိုးတစ်ချောင်းစွတ်စိုသွားအောင် ခံတွင်းထဲငုံထားလိုက်၏။ သည့်နောက် ဟင်းနုနယ်စေ့ပုံထဲ လက်ညှိုးထိုးသွင်းလိုက်၏။ ဟင်းနုနယ်စေ့ အများအပြားပါလာ၏။

ဈေးသည်မိန်းမလည်း -

"မွန်လုလင်၊ ဉာဏ်ပညာထက်မြက်လှ၏။ နောင်ကို ကြီးပွားချမ်းသာမည့်သူဖြစ်မည်"

ဟု မဂဒူးအား ချီးမွမ်း၏။

မဂဒူးလည်း မိမိနေရာသို့ ပြန်လာ၏။ ထို့နောက် မြေကိုတူးဆွပြီး ဆင်ချေးဖြင့်ရောကာ မီးမြိုက်၏။ မြေသြဇာကောင်းမွန်အောင်ပြုပြင်၍ ရေလောင်း၏။ ဟင်းနုနယ်စေ့ကိုပျိုး၏။ မနက်၊ ညရေလောင်းသဖြင့် မကြာခင် အပင်ပေါက်လာ၏။ အနီတချို့၊ အဖြူတချို့နှင့် ဟင်းနုနယ်တို့မှာ အလွန်ပင်ဖွံ့ထွား၏။

နောက်တစ်ခါ ပြည်ရှင်မင်း ထွက်တော်မူသော မဂဒူးသည် ဖွံ့ဖွံ့ထွားထွားရှိလှသည့် ဟင်းနုနယ်များကို နုတ်ယူပြီး ရေဆေး၏။ သည့်နောက် မင်းကြီးအား ဆက်သ၏။

မင်းကြီးလည်း -

"ဤဟင်းနုနယ်ပင်များ ဘယ်က[illegible] သနည်း"

ဟု မေးတော်မူ၏။

"ယခင် အရှင်မင်းကြီး ကြွလာ[illegible] က ခံတွင်းဆေး၍ ပေါ်လာသော ကြွေပေါက်ကို ကျွန်တော်မျိုးအား ပေးသနားခဲ့၏။ ထိုကြွေပေါက်ဖြင့် ဟင်းနုနယ်စေ့ဝယ်ယူ၍ စိုက်ပျိုးပါသည်ဘုရား"

ဟု လျှောက်၏။

မင်းကြီးကြားသောအခါ ပွန်[illegible]

www.burmeseclassic.com

အားရတော်မူ၏။ မဂဒူးကိုလည်း များစွာချီးမွမ်းတော်မူ၏။ အတိဘဝကုသိုလ်ကံကြောင့်လည်း မဂဒူးအား များစွာချစ်ခင်ကြင်နာတော်မူ၏။သည့်ကြောင့်-

"ဤမွန်လုလင် လုံ့လဝီရိယနှင့် ပြည့်စုံပါပေသည်။ ငါ့အပါးတွင်ထားလိုသည်။ ငါ့အားပေးလော့"

ဟု ဆင်ကဲကို တောင်း၏။

ဆင်ကဲလည်း-

"အရှင်မင်းကြီး ခြေတော်ရင်းတွင် စားရန် ဤလုလင်ကို ဆက်သပါသည်ဘုရား"

ဟု မဂဒူးလက်ကိုဆွဲ၍ ဆက်သ၏။

မင်းကြီးလည်း နန်းတော်ဝင်မည်ပြု၏။

"မွန်လေး၊ မင်းဆက်သည့် ဟင်းရွက်ကိုယူ၍ ငါနှင့်အတူ ဝင်လာလှည့်"

ဟု မိန့်တော်မူ၏။

မဂဒူးလည်း ဟင်းရွက်ကိုထမ်း၍ နောက်ကလိုက်ဝင်၏။

"မင်းတို့မွန် ဟင်းချက်ကောင်းသည် ဆို၏။ မင်းဟင်းရွက်ကို ကောင်းအောင်ချက်လော့။ ငါစားတော်ခေါ်မည်"

မင်းကြီးအမိန့်ရှိ၏။

မဂဒူးကိုလည်း စားတော်ချက်နေရာတွင်ခန့်၍ချက်ပြုတ်ရ၏။ ဟင်းကျက်သောအခါ မဂဒူးမင်းကြီးအား ဆက်သ၏။ မဂဒူးချက်သောဟင်းဖြင့် စားတော်ခေါ် ရသည်မှာ မြိန်ရေရှက်ရေရှိလှ၏။ သည့်ကြောင့် မဂဒူးအား စားတော်ကဲခန့်၏။ မဂဒူးသည် မအိပ်မနေ ဆော်ဖန်၏၊ လျှင်မြန်ဖျတ်လတ်၏။ သွက်လက်ချက်ချာ၏။ ပြည့်ရှင်မင်း ကြိုက်နှစ်သက်၏၊ မကြာခင် နန်းတွင်းနန်းပြင်စီရင်ကွပ်ကဲရသော ဝင်းမှူးရာထူးကို ပေး၏။

ဝင်းမှူးရာထူးရသောအခါ နေ့မှု ညမှု မအိပ်မစက် စီစစ်ရ၏။ အလုပ်တာဝန်တစ်စမျှမလစ်ဟင်းရအောင် စီရင်ရ၏။ မဂဒူး၏ ထကြွလုံ့လကား သူမတူ။ သည့်ကြောင့် သောက္ကတဲမင်းက မဂဒူးအား 'စောဒိုနံ့ရည် (စဒိုန်ဍာံရေဝ်) ဟူသော ဘွဲ့ထူးကို ပေးသနားတော်မူ၏။ မင်းကြီးသည် မဂဒူးအား သားရင်းပမာချစ်ခင်၏။ မဂဒူးကလည်း မိမိ၏အရှင်သခင်၏ကျေးဇူးကိုသိတတ်၏။ မင်းကြီး၏ အမှုကိစ္စဟူသမျှကို မပျင်းမရိ မငိုက်မငြိုင်းစီစဉ်ဆောင်ရွက်၏။ သည့်ကြောင့် မင်းကြီး မဂဒူးအား လွန်စွာနှစ်သက်တော်မူ၏။

များမကြာမီ ကုလားဇဝါမင်းသည် အင်အားအလုံးအရင်းနှင့် သောက္ကတဲမင်း၏ နယ်စွန်နယ်ဖျားကို ထိပါးနှောင့်ယှက်လာ၏။ လုယက်ဖျက်ဆီးလာ၏။

"အရှင်မင်းကြီးအလျှင်အမြန်ချီပါမှ သူ့သံ့ပန်းအဖြစ်မှ အကျွန်တို့လွတ်မြောက်နိုင်မည်။ စစ်ကူအရောက်နောက်ကျသော် အကျွန်တို့အားလုံး သူ့လက်တွင်းကျရောက်ကုန်တော့မည်"

ဟု နယ်ခြားစောင့်တပ်မင်းထံ အရေးတကြီးစာတစ်စောင် ရောက်လာ၏။ သည့်ကြောင့် သောက္ကတဲမင်းသည် ရေကြောင်း၊ ကြည်းကြောင်း၊ ဆင်တပ်၊ မြင်းတပ် အလုံးအရင်းနှင့် အပြင်းချီတော်မူ၏။ မဂဒူးသည် မင်းကြီးယုံကြည်စိတ်ချရသောဝင်းမှူး ဖြစ်၏။ ထို့ကြောင့် နန်းတွင်းနန်းပြင် စောင့်ကြပ်ရန် တာဝန်ခံဗိုလ်အဖြစ် မဂဒူးကိုထားခဲ့၏။ မဂဒူးတာဝန်ကာ ကြီးလေးလှ၏။ နန်းတွင်း၊ နန်းပြင် အမှုကိစ္စဟူသမျှ မလစ်ဟင်းရအောင် စီမံဆောင်ရွက်ရ၏။

ဘုရင့်ထံမှ အခွင့်အာဏာအပြည့်အဝရရှိထားသော မဂဒူးသည် ရှမ်းတို့ကိုလည်း စီမံကွပ်ကဲရ၏။ နန်းတွင်းနန်းပြင်သို့လည်း တံခါးမရှိ ဝင်ထွက်သွားလာနိုင်၏။ ထိုသို့ ဝင်ထွက်သွားလာသဖြင့် ဘုရင့်သမီးတော် မေနှင်းသွယ်တာ (မေကာင်သောဲဍာ)နှင့် မကြာမကြာဆုံတွေ့ရ၏။ ထိုသို့ ဆုံတွေ့ဖန်များသဖြင့် နှစ်ဦးသားမေတ္တာသက်ဝင်ချစ်ခင်ရည်ငံမိကြ၏။ နောင်အခါ ယင်းကိစ္စသည် လူသိရှင်ကြားဖြစ်လာ၏။ နန်းတွင်းနန်းပြင်ပျံ့နှံ့သွား၏။ မဂဒူးနှင့်မေနှင်းသွယ်တာတို့၏သတင်းကို နားမဆံ့အောင် ကြားနေရသဖြင့် စောဒိုလောင်ဇာက မနေသာတော့။ မဂဒူးဆီ အပြေးအလွှားရောက်လာ၏။ စောဒိုလောင်ဇာသည် မဂဒူး၏ မိတ်ဆွေဖြစ်၏။ ယခုမဂဒူး၏အကျိုးကို လိုလား၍ သတိပေးစကားပြောလာ၏။

"မင်းသမီးနှင့် သည်သို့ ချစ်ခင်ရည်ငံကြသည့်သတင်းကို ငါတို့သခင်ကြားရသောတစ်နေ့တွင် နင့်အသက်ချမ်းသာတော့မည်မဟုတ်။ ယခုလိုမနေသင့်"

ထိုစကားကြားရသောအခါ မဂဒူးသည် အထူးတုန်လှုပ်ချောက်ချားသွား၏။ မင်းဘေးစိုးဒဏ်သင့်မည်ကို စိုးရိမ်ကြောက်ရွံ့လာ၏။ကြာလျှင် မိမိအတွက် အခက်ကြုံမည်ကိုလည်း ဆင်ခြင်မိ၏။ သည့်နောက် မင်းသမီး မေနှင်းသွယ်တာနှင့် သွားရောက်တွေ့၏။ မင်းသမီးအား အခြင်းအရာကိစ္စများကို အကျိုးသင့်အကြောင်းသင့် ချော့မော့၍ ပြောပြ၏။ မည်သို့ ဆက်လုပ်ရမည်ကို နှီးနှောတိုင်ပင်ကြ၏။ မဂဒူးနှင့် မင်းသမီးသည် တစ်စိတ်တစ်ဝမ်းတည်းဖြစ်၏။ သည့်ကြောင့် နောက်ဆုံးတွင် နှစ်ဦးသား သောက္ကတဲမှ ထွက်ပြေးရန် ဆုံးဖြတ်ကြ၏။ မင်းသမီးက သဘောတူသဖြင့် 'ဆင်မခြေလျှင် (လျင်မြန်စွာသွားနိုင်သောဆင်မ) နှင့် ငါ့ကိုတင်၍ လွတ်အောင် ပြေးပါတော့' ဟု ဆိုလာ၏။ မဂဒူး အတိုင်းမသိ ဝမ်းသာသွား၏။

ထို့နောက် ယူသင့်ယူထိုက်သော ရွှေငွေပစ္စည်းဥစ္စာများကို ဆင်ဖြင့်တင်၏။ မင်းသမီး မေနှင်းသွယ်တာကို ဆင်မခြေလျှင်ထက်တင်၏။ သည့်နောက် ယုံကြည်စိတ်ချရသည့် သူရဲသုံးကျိပ်၊ ရှမ်းတစ်ရာကျော်တို့နှင့်အတူ သောက္ကတဲမှ ထွက်ပြေးလေ၏။ မြန်မာပေမူတွင် ဒိုင်းကိုင် (၇)ကျိပ်နှင့်'ရှမ်း (၂၀၀)ကျော်ဟု ဆို၏။ ပိုက်ပါဆိုသည့် စိမ့်တောလွင်ပြင်သို့ ရောက်သောအခါ ကိုယ်ယောင်ဖျောက်၍ တကော့ဝန်းသို့ ပြေးလေ၏။

မဂဒူး မင်းသမီး မေနှင်းသော်တာအား ခိုးပြေးသည့်သတင်းကို မြို့စောင့်အကြီးအကဲများက သောက္ကတဲမင်းအား အသိပေး အကြောင်းကြား၏။ ထိုသတင်းကိုကြားရသည့် သောက္ကတဲမင်း ဗြရောင်သည် ဒေါသအမျက်ချောင်းချောင်းထွက်၏။ မဂဒူးကိုလည်း မိအောင်လိုက်ဖမ်းစေ၏။ သို့သော် လိုက်၍မမိနိုင်တော့။ မဂဒူးတို့ ရှမ်းပြည်နယ်အပြင်ဘက်တွင်ရောက်နေချေပြီ။ မဂဒူးသည် အခြံအရံများနှင့် အလောတကြီးထွက်ပြေးလာရာ လမ်းမှားသဖြင့် မုသမု (မုဟ်သု) ဆိပ်သို့ ရောက်သွား၏။ ထိုနေရာတွင် မဂဒူးတို့ နှစ်ရက်မျှ အနားယူပြီး မိမိနေရပ်တကော့ဝန်းသို့အရောက်ပြန်၏။ တကော့ဝန်းသို့ ရောက်သောအခါ ယခင် အထမ်းသမား သုံးကျိပ်တို့ မဂဒူးထံ ခိုဝင်လာကြ၏။ များမကြာမီ မဂဒူး တကော့ဝန်းတွင် မြို့တည်၍ မင်းအဖြစ် ခံယူ၏။ တကော့ဝန်းကို မြို့တည်လိုက်သဖြင့် ဒုန်ဝန်း (ဍုင်ဝါန်) ဟု ခေါ်၏။ ဒုံဝန်းသည် နောက်ပိုင်း မုတ္တမ (၃၂) မြို့တွင် တစ်မြို့အပါအဝင် ဖြစ်လာ၏။

နိုင်ခင်မောင်လေး

www.burmeseclassic.com

# (လွန်ဆေး) နေဝင်းဝင်း

## ဝေဒနာအကျိုးပေးလေသောအခါ

ထောက်ကြန့်ကုန်း ရွာကလေးသို့ ရွာသစ်ကုန်း-မျောက်ချောကုန်းလမ်းမကြီးမှ ပြည့်စင်ကွင်းရွာအနီး မြောက်ဘက်ခွဲထွက်နေသောလမ်းမအတိုင်းသွားကြရသည်။ မြို့နှင့် (၆) မိုင်မျှဝေးသည်။ ကျေးရွာတွင် အိမ်ခြေ (၇၀) ခန့်သည်တောင်၊ မြောက်ကျောခိုင်းအိမ်တန်းများဖြင့် ဖွဲ့စည်းတည်ရှိသည်။ ရွာဝန်းကျင်တစ်ဝိုက်တွင် လယ်ကွင်းပြင်များရှိသည်။ အနောက်မှအရှေ့သို့သွယ်တန်းနေသောကွန်ချောင်းဆည် ရေပေးမြောင်းမကြီးလည်းရှိသည်။

ထောက်ကြန့်ကုန်းရွာတွင် နေထိုင်သော ဦးတင်မြင့်သည် အသက် (၇၀) ကျော်နေပြီဖြစ်သော်လည်း ကျန်းမာရေးကောင်းတုန်း။ ရွာ၏ သာရေး၊ နာရေးမှန်သမျှရောက်သည်။ ရွာဦးအုန်းကုန်းဆုတောင်းပြည့်ဘုရားကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌလည်း ဖြစ်သည်။ ဘာသာသာသနာအတွက်ဆိုလျှင် နှမြောတွန့်ဆုတ်ခြင်းမရှိ။ အစစအရာရာရှေ့ဆောင်သူ ဖြစ်သည်။ ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာလည်း ဖြစ်သည်။ ဘာသာတရား ရှိသေကိုင်းရှိုင်းပြီး အကျင့်စရဏအားကောင်းသူလည်း ဖြစ်လေသည်။ အသက်အရွယ်ကြီးသည်ကတစ်ကြောင်း၊ ရိုသေချစ်ခင်ကြသည်ကလည်းတစ်ကြောင်းမို့ တစ်ရွာလုံးက ဘကြီးဦးတင်မြင့်ဟုသာ ခေါ်ဝေါ်ကြသည်။

ရွာတန်း၏အရှေ့ဘက်တစ်ကြောတွင် ဘကြီးဦးတင်မြင့်၏လယ်မြေဧက (၂၀) ကျော်ရှိသည်။ စပါးရိတ်သိမ်းပြီးလျှင် မတ်ပဲစိုက်သည်။ မတ်ပဲနုတ်သိမ်းပြီး ရာသီဥတုအခြေအနေပေးသေးလျှင် ပန်းစိုက်သည်။ ရေအတွက်က ပူပင်စရာမရှိ။ ရွာ၏မြောက်ဘက်တွင် ထွန်ချောင်းဆည်ရေပေးမြောင်းမကြီးရှိသည်။ နှစ်စဉ်ဒီဇင်ဘာလမှစတင်၍ နွေစပါးစိုက်ရေးအောင်ရေးအတွက် ရေမပြတ်လွှတ်ပေးနေသည်။ ဆည်ရေကြောင့် စိုက်ရေးအောင်ရေ အဆင်ပြေသည်။ ချိုးရေသုံးရေလည်း အဆင်ပြေသည်။

ဘကြီး ဦးတင်မြင့်က သဘောကောင်း၊ မနောကောင်း၊ မျှတစွာဆောင်ရွက်တတ်သူ။ ကိုယ်သာနာချင်နာပါစေ၊ အနစ်နာခံတတ်သူ။ သို့ပေမယ့် ပြီးခဲ့သည့်မိုးရာသီက ပြဿနာတစ်ရပ် ရှင်းလိုက်ရသေးသည်။ ရွာတန်း၏ အရှေ့ဘက်မှာရှိသော ဘကြီးဦးတင်မြင့်လယ်ကွက်ထဲသို့ လယ်ကွက်အနီးနေ ညိုမောင်၏သား ဖိုးနီအိမ်မှမွေးထားသော ဝက်သုံးကောင် ဝင်ရောက် မွှေနှောက်ခဲ့ကြသည်။ လယ်ကွက်တစ်ခုလုံး ရစရာမရှိ။ ဝက်များ ထိုးကော်ဖျက်ဆီးထား၍ စပါးပင်များ အလဲလဲအပြိုပြို။

ဒီအဖြစ်အပျက်များကို မြင်တွေ့ရသူ သမီးကြီး အေးစိန်မက မခံမရပ်နိုင်၍ ပြောဆိုရာမှ ညိုမောင်တို့သားအဖနှင့် စကားများကြရသည်။ သူတို့ကမတောင်းပန်သည့်အပြင် မချေမငံပြန်ပြောခဲ့၍ သား၊ သမက်တို့နှင့် အချေအတင်ဖြစ်ကြရတော့သည်။

"တိရစ္ဆာန် ဆိုတာ လူလိုအသိဘယ်ရှိမှာလဲ။ ကိုယ့်စိုက်ခင်းကိုယ်လုံခြုံအောင် ကာရံထားကြပေါ့ကွ"

"ခင်ဗျား စကားပြောတာကြည့်ပြော။ တစ်ရွာလုံးဘယ်စိုက်ခင်းမှာကာတာရံတာရှိလို့လဲ။ လူတိုင်းကိုယ့်အသိနဲ့ကိုယ်ထိန်းကြတာပဲ"

"မထိန်းနိုင်ဘူးကွာ၊ မင်းတို့က ဘာဖြစ်ချင်လဲထွက်ခဲ့ကွာ"

ဘကြီးဦးတင်မြင့်၏သား၊ သမက်နှင့် ညိုမောင်တို့သားအဖပြဿနာကြမ်းတွေ၊ တုတ်တွေကိုင်၍ ခုတ်ကြရိုက်ကြတော့မည့်အခြေအနေ။ ဘကြီးဦးတင်မြင့် အချိန်မီရောက်လာခဲ့သည်မို့ ဆိုးဝါးအကျည်းတန်ရမည့်အခြေအနေမှ လတ်မတင်ကလေးလွဲခဲ့ရချေသည်။

"ကဲကဲ - သားတို့၊ မင်းတို့ပြန်ကြကိုယ့်ရွာသားအချင်းချင်းဒီလိုမဖြစ်ရဘူးမောင်ညိုမောင်ကလည်း ပြီးတာတွေပြီးပါစေတော့။ အခန့်မသင့်လို့ဖြစ်ရတာပါ။ မင်းဘက်ကလည်း ထိန်းသိမ်းစောင့်ရှောက်ပေးပါ"

ဘကြီး ဦးတင်မြင့်က သားနှင့်သမက်ကို ဆွဲခေါ်ပြန်လာခဲ့ကြသည်။ ညိုမောင်တို့ သားအဖကတော့ ဆူဝေသော ဒေါသခိုးများနှင့် ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရပ်ကျန်ခဲ့ကြတော့သည်။

❐

ပူပြင်းခြောက်သွေ့သောနွေကာလသင်္ကြန်အပြီး နှစ်ဆန်းနှစ်ရက်နေ့ ညနေခင်းအချိန်။

ရွာတန်းရှည်၏ မြောက်ဘက်အစွန်နားမှာရှိသော သားဖြစ်သူ ဖိုးနီ၏နေအိမ်ခြံဝိုင်းထဲမှာဖြစ်သည်။ ဖိုးနီအိမ်နောက်ဘက်ခြံထောင့်ရှိ ကုက္ကိုပင်ကြီးမှာ ပင်လုံးကြီးမားပြီး တုတ်ခိုင်သောကိုင်းတက်များဖြင့် အုပ်ဆိုင်းဖြာဝေလျက်ရှိသည်။ ကြီးမားရှည်လျားသော ကိုင်းတက်ကြီးများက ဖိုးနီအိမ်အမိုးပေါ် တစ်ဝက်၊ အိမ်နောက်ဘက်လယ်ကွက်များပေါ် တစ်ဝက်အုပ်ဆိုင်းနေသည်။ မိုး ကာလတွင် လေပြင်းကျမိုးကြီးရွာတ သည်။ လေပြင်းကျ၍ သစ်ကိုင်းကျ လျှင်ပင် မသက်သာလှ။ သစ်ပ ကြီးသာ



www.burmeseclassic.com

www.burmeseclassic.com

သဲပြီကျပါမူ ဆိုဖွယ်ရာမရှိပြီ။ သို့အတွက် သားဖြစ်သူ နေအိမ်အမိုးပေါ် ဖြာဝေဖြန့်ထား အုပ်မိုးနေသည့် သစ်ကိုင်းများကို ညိုမောင်တို့သားအဖ ခုတ်ချိုင်နေကြ ချိန် ဖြစ်သည်။ သစ်ပင်ခုတ်ချိုင်နေရာသို့ ဘကြီးဦးတင်မြင့် ရောက်ရှိလာသည်။

"ညိုမောင်ရေ၊ ခုတ်လက်စနဲ့ ငါ့လယ်ကွက်ပေါ်ကအကိုင်းတွေပါ ခုတ်သိုက်ပါကွာ"

ဘကြီးဦးတင်မြင့် အော်ဟစ်ပြောဆိုသံကိုကြားသည်နှင့် ညိုမောင် မျက်နှာတင်းသွားသည်။ ဒေါသအခိုးတို့က ချုံ့ထွက်ကျလာသည်။

"မခုတ်နိုင်ဘူးဗျာ။ ကျုပ်သားအိမ်ပေါ် ကျိုးကျမှာစိုးရိမ်လို့ ခုတ်နေတာ။ ခင်ဗျားလယ်ကွက်က ဘာမှစိုးရိမ်ရာမရှိဘူး၊ လာပြောမနေနဲ့"

"မင့်သားအိမ်ပေါ် ကျိုးကျမှာစိုးရိမ်တာ ဟုတ်ပါတယ်။ ငါ့လယ်မှာလည်း အပင်ကြောင့်စပါးတွေကောင်းကောင်း မဖြစ်ဘူး။ နှစ်စဉ်ထိခိုက်နေလို့ပါကွ"

. . .

ညိုမောင့်ထံမှ စကားသံထွက်မလာ။ ဆူဝေမောက်တက်လာသော ဒေါသအားမာန်နှင့် ဓားကိုဆုပ်ကိုင်ကာ အားပါးတရ တအားလွှဲကာ ခုတ်နေတော့သည်။

ကုက္ကိုပင်အကိုင်းများက ဖိုးနီအိမ်နောက်ဘက်ရှိ ဘကြီးဦးတင်မြင့်လယ်ကွက်များပေါ် အုပ်ဆိုင်းကျရောက်နေသည်။ အခြားလယ်ကွက်များမှ စပါးအထွက်နှုန်းကောင်းသလောက် သည်လယ်ကွက်များက အထွက်ကိုနည်းလှသည်။ လူနေအိမ်ခြေနားနီးသော လယ်ကွက်များမို့ အကာအရံလုပ်လိုကလုပ်၊ မလုပ်နိုင်က လူတို့မွေးထားသော ကြက်၊ ဝက်များနှင့် ကြွက်များ၏ ဖျက်ဆီးစားသောက်မှုဒဏ် နှစ်စဉ်ခံစားရမြဲ။ ယခုတဲ့သို့ ကြုံတုန်းခုတ်လက်စနှင့်တစ်ဆက်တည်းခုတ်ပေးရန်ပြောသော်လည်း ခုတ်မပေးချင်ကြ။ ယခုနေ ခုတ်ချိုင်ပါက ဘာမှထိခိုက်စရာမရှိ။ စိုက်ပျိုးပြီးချိန်ကျမှ ခုတ်ချိုင်၍ ကျိုးကျလျှင် နစ်နာဆုံးရှုံးရပေဦးမည်။

"မခုတ်နိုင်ဘူးဗျာ။ မကျေနပ်ရင် ကြိုက်ရာသွားတိုင်၊ လိုက်ရှင်းမယ်"

ညိုမောင်က မချေမငံပြန်ပြောသည်မို့ ရေငုံနှုတ်ပိတ်ပြန်လှည့်လာခဲ့သည်။ ညိုမောင်လို စကားပြောမချေငံသူ၊ တစ်ကိုယ်ကောင်းဆန်သူ၊ သောက်





www.burmeseclassic.com

www.burmeseclassic.com

စားမှုးယစ်ရမ်းကားတတ်သူ၊ ထစ်ခနဲရှိ ခားဆွဲတုတ်ဆွဲလုပ်တတ်သူမျိုးနှင့် ယှဉ်ပြိုင်စကားပြောနေလျှင် ကိုယ်ပင်နစ်နာပေရော့မည်။ ဥပဒေအရ ဆိုင်ရာနှင့် စကားပြောရချေဦးတော့ အမှန်းပွားအငြိုးအတေးထားပေရော့မည်။ ကြီးသူနှင့် ငယ်သူ မိမိကသာ သည်းခံရပေမည်။

❒

တန်ခူးလပြည့်ကျော် ၁၂ ရက်နေ့က ထောက်ကြန့်ကုန်းရွာတွင် လေပြင်းကျမိုးကြီး သည်းထန်စွာရွာသည်။ ပြင်းထန်စွာတိုက်ခတ်သော လေပြင်းကြောင့် ရွာတွင်း၊ ရွာပြင်ရှိ သစ်ပင်ငယ်အချို့ လဲပြိုသည်။ သစ်ပင်ကြီးများက အကိုင်းများကျိုးကျသည်။ ရွာပြင်ကွင်းထဲက သစ်ပင်ကြီးနှစ်ပင် အမြစ်မှကျွတ်လဲသည်။ လေကြောင်းမိသည့် လူနေအိမ်ခြေအချို့ အမိုးများ၊ အကာထရံများ လန်ထွက်လွင့်စဉ်ကုန်သည်။

ရွာနေသောမိုး၊ တိုက်ခတ်နေသော လေထဲမှာပင် ရွာထဲမှလူငယ်များ ပြေးထွက်စုရုံးကြကာ လမ်းမပေါ် လဲကျသော အပင်ငယ်များ၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းဖယ်ရှားကြသည်။ အမိုးလန်နေသောအိမ်များကို အားချင်းပြန်မိုးပေးကြသည်။ ဝါးလုံးများဖိ၍ ချည်နှောင်ပေးကြသည်။ နီ၊ ပြာပလတ်စတစ်အစများဖြင့် အုပ်မိုးပေးကြသည်။ အိမ်ပေါ် ကျိုးကျနေသော သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းကြသည်။ မိုးစဲလေစဲအောင် စောင့်ဆိုင်းနေ၍မဖြစ်။ အခက်အခဲကြုံ ဒုက္ခတွေ့ကြုံနေရသူများကို ထိရောက်မြန်ဆန်စွာ ကူညီဆောင်ရွက်ပေးကြသည်။

"လာကြဦးဟေ့၊ ဖိုးနီအိမ်သစ်ကိုင်းကျိုးကျလို့တဲ့"

ရွာမြောက်ပိုင်းက တောက်ထိန်အပြေးရောက်လာခေါ်သဖြင့် လူငယ်များ ဖိုးနီအိမ်ဘက်ကို အပြေးအလွှားရောက်ခဲ့ကြသည်။ ဖိုးနီအိမ်ဝိုင်းထဲအရောက် မြင်ကွင်းက စိတ်မချမ်းမြေ့ဖွယ်၊ ချောက်ချားဖွယ် ဆီးကြိုလျက်။

တုတ်ခိုင်ကြီးမားသော ကုက္ကိုကိုင်းကြီးက ဖိုးနီအိမ်ကို မြေပြင်ပေါ် ပြားပြားဝပ် လဲပြိုစေခဲ့ပြီ။ ဖိုးနီပင်မလွတ်နိုင်ရှာ။ အိမ်ပေါက်ဝ သစ်ကိုင်းကြီးအောက်တွင် ဖိုးနီက ဝမ်းလျားမှောက်လဲကျနေသည်။ ခေါင်းတစ်ခြမ်းပိန်၍ ပါးစပ်၊ နှာခေါင်းမှ သွေးများက မြင်မကောင်း။ ရွာထဲက ဆေးထိုးဆရာ ကိုညဏ်စိုးလည်း ရောက်လာသည်။ ဖိုးနီကို သစ်ကိုင်းကြီးအောက်မှ ဝိုင်းဝန်း၍ဆွဲထုတ်သယ်မကြသည်။ ကိုညဏ်စိုးက စမ်းသပ်စစ်ဆေးပြီး လက်ခါခေါင်းခါလုပ်ပြသည်။

"အောင်မယ်လေး ကိုဖိုးနီရဲ့။ ကျုပ်တို့သားအမိကိုထားခဲ့ပြီလားတော့။ အဖြစ်ဆိုးလှချည်ရဲ့ ကိုဖိုးနီရဲ့ ဟီးဟီးဟီးဟီး"

ဖိုးနီ၏မိန်းမ ညိုပုက မချိတင်ကဲ အော်ကာဟစ်ကာလူးလိမ့်ငိုတော့သည်။ ရွာသူရွာသားအားလုံးတို့ကလည်း စိတ်မကောင်းကြ။ ရုတ်တရက်ကြီး အဖြစ်ဆိုးစွာ သေဆုံးခဲ့ရသည်မို့ တုန်လှုပ်ကြောက်ရွံ့နေမိကြသည်။ လေပြင်းတိုက်ခတ်မှုငြိမ်သွားသော်လည်း မိုးကဖြင့် တဖွဲဖွဲရွာနေဆဲ။ မကြာမတင်ပင် ရွာအနောက်ပိုင်းမှာနေသော ညိုမောင် အပြေးအလွှားရောက်လာကာ သားဖြစ်သူကို ပွေ့ထူသည်။ သားဖြစ်သူကိုကြည့်လိုက်၊ ကုက္ကိုပင်ကြီးကိုကြည့်လိုက်နှင့် မျက်ရည်လုံးကြီးများက ကြမ်းတမ်းလှသည့် ပါးပြင်ပေါ်မှာ တလိမ့်လိမ့်ကျဆင်းနေသည်။

"ဘကြီးဦးတင်မြင့်လယ်ကွက်ပေါ် အုပ်ဆိုင်းနေတဲ့ ကုက္ကိုကိုင်းကြီးဗျာ၊ ကျိုးမယ့်ကျိုးပါဦး လယ်ကွက်ထဲကျိုးကျရမှာပေါ့။ ခုတော့ နောက်ကိုလှန်ပြီး ခက်ခက်ခဲခဲကျိုးကျရတယ်လို့ဗျာ"

ဖိုးနီ၏အိမ်ခေါင်းရင်းဘက်မှာနေသည့် ဦးစံမောင်က မြင်တွေ့သမျှ ရှင်းပြနေသည်။အနားရောက်လာသော ဦးကြီးငွေကလည်း ဝင်ပြောပြသည်။

"တိုက်တဲ့လေကလည်းပြင်းတယ်။ လေတစ်ချက်ခပ်ပြင်းပြင်းတိုက်ပြီး သစ်ကိုင်းကို လှန်ချိုးလိုက်တာ။ ဖြစ်တာက မြန်လွန်းအားကြီးတယ်။ ဒါကြောင့် ဖိုးနီ အိမ်ထဲကပြေးထွက်တာတောင် မလွတ်လိုက်ဘူး"

ဘေးဘီကပြောနေသည်များက ညိုမောင့်နားထဲ မဝင်တစ်ချက်ဝင်တစ်ချက်။ သားအဖနှစ်ဦး ကုက္ကိုပင်ကြီးမှ အကိုင်းများခုတ်ချိုင်စဉ်က သားဖြစ်သူနေအိမ် အန္တရာယ်ကင်းပါစေ ဟူသော ရည်ရွယ်ချက်ဖြင့် ခုတ်ခဲ့ကြသည်။ ခြံနောက်ဘက် လယ်ကွင်းပေါ်ရှိ အကိုင်းများကိုမခုတ်။ ခုတ်လျှင် ထင်းပေါပေါများများရမည်ဖြစ်သော်လည်း ဦးတင်မြင့်မိသားစုကို မကျေနပ်၍ မခုတ်ချိုင့်ခဲ့။ သူ့ထိုက်နှင့်သူ့ကံဟု သဘောပိုက်ချန်လှပ်ခဲ့သည်။

ယခုတော့ဖြင့် မည်သို့မျှမျှော်မှန်းမထားသည့်အကြောင်းတရားတို့ကြောင့် မကောင်းသော အနိဋ္ဌာရုံတို့က ဆန်းကြယ်စွာ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာခဲ့ချေပြီ။ ဘကြီးဦးတင်မြင့်လယ်ကွက်ပေါ် အုပ်မိုးနေသော ကြီးမားလှသည့် ကုက္ကိုကိုင်းကြီးသည် အရှေ့ဘက်မှ ပြင်းထန်စွာ တိုက်ခတ်လိုက်သော လေပြင်းတစ်ချက်ကြောင့် အနောက်ဘက်သို့ လန်ကျပြီး ဖိုးနီအိမ်ပေါ် တည့်တည့်သို့ကျိုးကျခဲ့ရသည်ပင်။ဖိုးနီသည်လည်း ဇနီး၊ကလေးတို့ ဖခင်အိမ်ဘက်သွားနေခိုက်မို့ လေပြင်းတိုက်မိုးရွာစဉ်ကပင် အိမ်အတွင်း ပစ္စည်းများ ထည့်သိုသိမ်းဆည်းရသည်။ ထိုစဉ် ပြင်းထန်သောလေသံ၊ သစ်ကိုင်းကျိုးကျသံများ နီးနီးကပ်ကပ်ကြားလိုက်ရသဖြင့် ချက်ချင်းပင် အိမ်ပေါ်မှအပြေးဆင်းခဲ့ပါသေးသည်။ သို့သော်လည်း ကြမ္မာဆိုးက မလွတ်နိုင်ရှာ။ ကျိုးပဲ့ကျလာသော သစ်ကိုင်းကြီးက ပြေးထွက်လာသော ဖိုးနီးကိုရော အိမ်ကိုပါ အခိုင်းကိုက်ပင် ပြားပြားဝပ်အောင် ပိကျခဲ့သည်။ သစ်ကိုင်းကြီးအောက်တွင် ဖိုးနီတစ်ယောက် ဝမ်းလျားမှောက်လျက် အသက်ပျောက်ခဲ့ရချေပြီ။

"သားရယ်၊ မင်းသေရတာ ငါ့ကြောင့်။ မှားတာကို မှားမှန်းမသိ အတ္တကို ရှေ့တန်းတင်ခဲ့တဲ့လူမိုက်ကြီး။ သူတော်ကောင်းကို ပြစ်မှားခဲ့တဲ့ ငါ့ကြောင့် ငါ့သားခုလိုအဖြစ်ဆိုးကြုံရတာ"

ညိုမောင်တစ်ယောက် အသံတိတ် မြည်တမ်းနေမိဆဲ။ တစ်ဆက်တည်း သစ်ပင်ခုတ်ချိုင်စဉ်က ဘကြီးဦးတင်မြင့်နှင့် မိမိ အပြန်အလှန်ပြောခဲ့သည်များကို မြင်ယောင်ကြားယောင်နေဆဲ။

'ညိုမောင်ရေ၊ ခုတ်လက်စနဲ့ ငါ့လယ်ကွက်ပေါ်က အကိုင်းတွေပါ ခုတ်လိုက်ပါကွာ'

"မခုတ်နိုင်ဘူးဗျာ။ ကျုပ်သားအိမ်ပေါ်ကျိုးကျမှာစိုးရိမ်လို့ ခုတ်နေတာ။ ခင်ဗျားလယ်ကွက်က ဘာမှစိုးရိမ်စရာမရှိဘူး။ မကျေနပ်ရင် ကြိုက်တဲ့နေရာသွားတိုင်ချေ"

ထိုစဉ်တုန်းကသာ သဘောထားကြီး နားလည်သိတတ်စွာဖြင့် ဘကြီးဦးတင်မြင့်တောင်းဆိုသည့်အတိုင်း လယ်ကွက်ပေါ်ကအကိုင်းများကိုပါ တစ်လက်စတည်း ခုတ်ချိုင်ပေးခဲ့ပါသော်. . .။

နေဝင်းဝင်း (သဒ္ဒါဆေး)

www.burmeseclassic.com

ငွေလင်းရောင် (နတ်မောက်)

# နှမ်းဆီတစ်မည် ဆေးသုံးကွယ်



စားသုံးကြသော ဆီတို့တွင် ရှေးဘိုးဘွားတို့သည် မြန်မာ့ရိုးရာ နှမ်းဆီနှင့် မြေပဲဆီကိုသာလျှင် အဓိကစားသုံးခဲ့ပါသည်။

နှမ်းဆီကို ချက်ပြုတ်ရာတွင် အသုံးပြုပြီး ကြော်ရန်အတွက် ပဲဆီကို ကြော်ဆီအဖြစ်သုံးပါသည်။ ပဲဆီမရနိုင်သောအခြေအနေဆိုလျှင်သာ နှမ်းဆီကို ကြော်ဆီအဖြစ် အသုံးပြုကြပါသည်။ ကြော်ဆီအဖြစ်သုံးရာတွင် နှမ်းဆီသည် အမြှုပ်များတဖွားဖွားထတတ်ပြီး ကြော်အားသောပစ္စည်းကို အိုးကင်းအတွင်း မြင်ရဘဲရှိသည်ဖြစ်ပြီး မြေပဲဆီမှာ အမြှုပ်ထွက်မထသဖြင့် အိုးကင်းအတွင်း ပစ္စည်းကို အတိုင်းသား ရှင်းလင်းစွာ မြင်တွေ့ရနိုင်သဖြင့် ပဲဆီကိုသာလျှင် ကြော်ဆီအဖြစ် အသုံးပြုကြပါသည်။

တစ်ဖန် ဆေးဖက်ဝင်ဖက်အဖြစ် အသုံးပြုရာတွင် ပဲဆီသည် နှမ်းဆီလို အသုံးမဝင်ပါ။ နှမ်းဆီကသာလျှင် ဆေးဖက်ဝင်အဖြစ် အသုံးတည့်လှပါသည်။

အရိုးကျိုး၊ အရိုးအက်သည်ကိုပင် နှမ်းဆီသည် ဆက်နိုင်စေစွမ်းသည်ကို ကြားဖူး မှတ်ဖူး၊ ဖတ်ဖူးရပါသည်။ လက်တွေ့တော့ မသုံးဘူးသေးပါ။

ယခုလက်တွေ့အသုံးပြုခဲ့ဖူးသည့် နှမ်းဆီတစ်မည်ဆေးအခန်းကွယ်ပုံများ ကိုသား တင်ပြအပ်ပါသည်။ ယခုတင်ပြသော နှမ်းဆီ၏ ဆေးအသုံးများသည် ကျွန်ုပ် လက်တွေ့ အသုံးပြုခဲ့ဖူးသော ဆေးစနစ်အမှန်များဖြစ်၍ တိုက်ဆိုင်ကြုံတွေ့လျှင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ကြောင်း ထပ်ဆင့် တင်ပြအပ်ပါသည်။

မနုဿတ္တဘာဝဒုလ္လဘာ ဟူသည့် ရခဲလှသောလူ့ဘဝတွင် ဘုရားဆုပန်နိုင်သော ပုရိသယောကျ်ားသားဖြစ်ရခြင်းသည် အလွန်ပင်ကုသိုလ်ကံထူးသည်ဟု ဆိုရမည်။ ထိုရခဲလှစွာသော ယောကျ်ားဘဝတွင် လူစဉ်မမီ ယောကျ်ားမပီသဘဲ သားဆက်သစ်မပွားနိုင်သော အမျိုးသားများအဖို့ အလွန်ပင် ကုသိုလ်ကံဆိုးသည်ဟု ဆိုရပြန်ပါသည်။ ထိုသို့သော အမျိုးသားများအတွက် နှမ်းဆီသည် ယောကျ်ား အကြောအားသန်မာစေပါသည်။

နှမ်းဆီစစ်စစ်နှင့် နန်းလုံးကြိုင်မြစ်ကိုသွေးပြီး လိင်တံအကြောကို ပွတ်ဆွဲလိမ်းပေးပါ။ နန်းလုံးကြိုင်မြစ်ကို ပရဆေးဆိုင်များတွင် မေးဝယ်ပါ။

ထိုသို့ နန်းလုံးကြိုင်မြစ်နှင့် နှမ်းဆီလိမ်းဆေးကို အသုံးပြုပါက အောက်ပါဓာတ်စာဆေးကို ပြုလုပ်စားပေးပါ။

- ကြက်ဥတစ်လုံး၊
- တစောင်းလက်ပပ်အနှစ်ကြက်ဥခွံတစ်လုံး၊
- ကြက်သွန်ဖြူကြက်ဥအခွံတစ်လုံး၊
- နှမ်းဆီကြက်ဥခွံတစ်လုံး၊
- ဆားသင့်ရုံ၊ နန္ဒင်းသင့်ရုံရောခေါက်ကြော်စားပေးပါ။

သို့မှသာ ပိုမိုပြီး စိတ်သွားတိုင်း ကိုယ်ပါ လိုရာဆန္ဒပြီးမြောက်ပါမည်။

ဘောလုံးကန်ခြင်း၊ ပြေးလွှားခြင်း၊ မတော်တဆခြေခေါက်လဲခြင်းတို့ကြောင့် အကြောတင်၊ အကြောထုံး၊ အကြောရောင်၊ အကြောတို့ဆိုင်းနေပါလျှင် နှမ်းဆီတစ်ဆယ်သားနှင့် မီးတောက်အရက် တစ်ဆယ်သား ပုလင်းတစ်လုံးတွင်ထည့် နာနာလှုပ်ကာ တစ်နေ့သုံးကြိမ်ဖိဆွဲလိမ်းပေးပါ။သက်သာပျောက်ကင်းစေပါသည်။

ဆိုင်ကယ်အိတ်ဇောပူ၊ မီးခဲအပူ၊ ရေနွေးအပူ၊ ဆီပူလောင်ပါက နှမ်းဆီ ဟင်းသောက်ဇွန်းတစ်ဇွန်း၊ ကွမ်းစားထုံးလက်ဖက်စားတစ်ဇွန်းကို သမအောင်နာနာမွှေပြီးလိမ်းပေးပါ။ ချက်ချင်းလိမ်းပေးလျှင် အပူဖုပင်မထဘဲ သက်သာပျောက်ကင်းပါလိမ့်မည်။ တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ်မှ လိုအပ်သလို အကြိမ်ကြိမ်လိမ်းပေးနိုင်ပါသည်။ နှမ်းဆီမရနိုင်ပါက ပဲဆီ၊ ခေါင်းလိမ်းအုန်းဆီ၊ စားအုန်းဆီများ အစားထိုး အသုံးပြုနိုင်ပါသည်။ နှမ်းဆီလောက်တော့ ဆေးစွမ်းမထက်ပါ။ ပျောက်တော့ပျောက်ပါသည်။

အညောင်းထိုင်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ချဉ်သောအစာများ စားလွန်းခြင်းတို့ကြောင့် ဝမ်းသုံး၊ လေးရက်ချုပ်ပြီး စမြင်းဒေါသဖြစ်ခဲ့လျှင် နှမ်းဆီစစ်စစ်လျက်ပေးပါ။ တစ်ခါလျက်လျှင် ဟင်းသောက်ဇွန်းတစ်ဇွန်းကို တစ်နေ့သုံးကြိမ်လျက်ပေးပါ။ စမြင်းခဲများ ကြေပျက်ပြီး ဝမ်းမှန်ကာ အကြောအခြင်ပြေ ကျန်းမာသွားပါလိမ့်မည်။

နှမ်းဆီစစ်စစ်တွင် ပဲနံ့သာစေ့များ စိမ်ထားပါ။ တစ်လခန့်စိမ်ပြီးမှ ဦးခေါင်းတွင် လိမ်းပါ။ ဆံပင်ဖြူခြင်းကာကွယ်ပြီး ဦးရေအေးမြ၍ ပေါ့ပါးကြည်လင်စေပါသည်။

ဆောင်းအခါတွင် ခြေဖျား လက်ဖျားများအေးလွန်းလျှင် မြက်မုန်ညင်းစေ့မည်းမည်းများ ညက်စွာထောင်းပြီး နှမ်းဆီနှင့်ဖျော်ကာ လိမ်းပေးပါ။ နွေးထွေးပြီး သွေးကြော၊ လေကြောပွင့်စေပါသည်။

ဇယန်းလက်ဖက်ဟု ခေါ်သည့် လက်ဖက်သားနုနုလေးများကို ဆားသင့်ရုံနှင့်နယ်ပြီး နှမ်းဆီတွင် စိမ်စားပါက ရေဂတ်ပြေစေပြီး ထမင်းအဆာခံနိုင်စေပါသည်။

လေအတွက် အနေခက်နေပါက သဘော်ရွက် မနုမရင့်ကို နုပ်နုပ်လှီးပြီး ဆားသင့်ရုံနယ်ကာ နှမ်းဆီတွင်စိမ်ထားပြီး စားပေးပါ။ လေလည်ကာ ကျန်းမာစေပါသည်။

အာလူးကိုကျက်နပ်အောင်ပြုတ်ပြီး ဆားသင့်ရုံနှင့် ကြေအောင်နယ်ပါ။ နှမ်းဆီတွင် တစ်ညသိပ်စိမ်ထားပြီး နောက်နေ့တွင်စားပါ။ အသားဓာတ်ကို ဖြစ်စေပါသည်။

အလားတူပင် ကုလားပဲ၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းကို ကျက်နပ်အောင်ပြုတ်ပြီး နှမ်းဆီနှင့်စိမ်စားပါက အသားဓာတ်အထူးဖြစ်စေပြီး အဆီကင်းစွာ ဝဖြိုးစေပါသည်။

နှမ်းဆီ၏ လက်တွေ့ ဆေးအသုံးများစွာရှိပါသေးသည်။ စာမျက်နှာဝှင့်ကွက်၍ ခေတ္တနားပါမည်။ နောင်ဆက်လက်တင်ပြပါဦးမည်။

ငွေလင်းရောင် (နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com

၁၉၅၇ ခုနှစ်၊ မတ်လ ၃၁ ရက် နေ့ညတွင် ဆရာရန်အောင်သည် တပည့်တစ်ယောက်၏ မော်တော်ကားဖြင့် ရန်ကုန်မြို့အတွင်း လျှောက်၍လည်သတည်း။

ဆရာရန်အောင်သည် စာရေးဆရာပီသစွာ ရှုမဝတိုက်သို့ သွားကာ မဂ္ဂဇင်းတောင်းပြီး သွေးသောက်တိုက်သို့ သွားကာ မဂ္ဂဇင်းအလှူခံ၏။ ထို့နောက် ရန်အောင်သည် မိတ်ဆွေစာရေးဆရာ ငွေဥဒေါင်းနှင့် မတွေ့ရတာကြာပြီဖြစ်သောကြောင့် ငွေဥဒေါင်းနှင့် တွေ့လိုတွေ့ငြား စာရေးဆရာဇဝန၏အိမ်သို့ ရောက်၏။ တောင်ကြီးမှ ခေတ္တရောက်ရှိနေသော ငွေဥဒေါင်းသည် ဆရာဇဝနအိမ်တွင် တည်းနေ၍ဖြစ်သည်။ ဆရာဇဝနအိမ်တွင် ဇဝနကတော်နှင့်တွေ့ရာ ဇဝနနှင့် ငွေဥဒေါင်း လမ်းထွက်သွားသည်ဟု ပြော၏။ ငွေဥဒေါင်းနှင့် တွေ့လိုကြောင်း ရန်အောင်ကပြောရာ ငွေဥဒေါင်းသွားတတ်သည့်အိမ်ကို ဇဝနကတော်က ပြောပြ၏။ သို့သော် ရန်အောင် မသွားတော့ပါ။

ရန်ကုန်မြို့အတွင်း လျှောက်၍လည်ပတ်ပြီးနောက် ရန်ကင်းသို့ ပြန်ခဲ့ရာ (၉) နာရီခွဲခန့်တွင် နေအိမ်သို့ ပြန်လည်ရောက်ရှိပေသတည်း။

ဆရာရန်အောင်သည် စာရေးစာပွဲတွင်ထိုင်ကာ သွေးသောက်မဂ္ဂဇင်းကို ဖတ်နေ၏။ ထုံးစံအတိုင်းပင် ရန်အောင်သည် ကိုယ်ရေးသည့်စာကို အရင်ဖတ်ကြည့်၏။ ထို့နောက် မဂ္ဂဇင်းကို ဟိုလှန်ဒီလှန်ရင်းက ဆရာရန်အောင်သည် သူ့တပည့် ထွန်းရင်ရေးသော -

'ဆရာဦးရန်အောင်နှင့်ကျွန်တော်' ဟူသော ဆောင်းပါးကလေးကို ဖတ်ကြည့်၏။

ထို့နောက် ဆရာတက်တိုး ရေးသည့် 'သူတို့ဆီက တစ္ဆေဆောင်းပါး' ကို ဖတ်၏။ သူတို့ဆီက တစ္ဆေအကြောင်းမှာ စိတ်ဝင်စားဖွယ်ကောင်းပေသည်။ ဆရာတက်တိုးက သူ့ဆောင်းပါးအဆုံးတွင် တစ္ဆေကို တကယ်တမ်းတွေ့ဖူးသူတို့သည် အပိုအကြွားစကားမပါဘဲ ကိုယ်တွေ့တစ္ဆေဝတ္ထုများ ရေးသားကြပါမူ ဖတ်၍ ကောင်းလိမ့်မည် ထင်မိ[ပါ]သည်' ဟု ဖော်ပြထားလေသည်။

အချိန်ကား ည (၁၁) နာရီခန့်ရှိပေပြီ။ ခါတိုင်းဆိုလျှင် ဤအချိန်တွင် ရန်အောင် အိပ်စက်ပေပြီ။ သို့သော် ဆရာတက်တိုး၏ တစ္ဆေဆောင်းပါးကြောင့် ရန်အောင် ဒီညအိပ်၍မပျော်တော့ပါ။ အိပ်၍မပျော်ခြင်းမှာ တစ္ဆေကြောက်၍မဟုတ်၊ တစ္ဆေအကြောင်း စာရေးချင်စိတ်ပေါ်လာသောကြောင့်ဖြစ်ပေသတည်း။

စာရေးဆရာ ရန်အောင်သည်လည်း အခြားသူများနည်းတူဝင်လျှင် တစ္ဆေသရဲ နာနာဘာဝအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားသည်။ တစ္ဆေသရဲရှိသလော၊ သြဘာဥ်လောကရှိသလော၊ ဘယ်မှာတွေ့နိုင်သနည်းဟု တွေးကာ ကိုယ်တိုင်တွေ့မြင်စမ်းသပ်လိုစိတ်ပေါ် နေသည်မှာ ကြာပေပြီ။

တစ္ဆေသရဲ ခြောက်တတ်သည့်နေရာသို့ ရန်အောင်သည် ကိုယ်တိုင်ကိုယ်ကျသွားကာ လေ့လာ စူးစမ်းရန် ထင် ကြံမိလေသည်။ သို့သော် ထိုအခွင့်အရေးမျိုး မရသေးသည့်တိုင်အောင် ရန်အောင်သည် သူကိုယ်တွေ့ကြုံဖူးသည့် တစ္ဆေအကြောင်းကို ရေးသားရန် ချက်ချင်းစိတ်ကူးပေါက်လာလေသည်။ စိတ်ကူးပေါက်လာလျှင် လက်ငင်းထ၍ ရေးတတ်သော သူ၏ ဝါသနာအတိုင်း အလောင်းတံကို စာရေးစက္ကူပေါ်သို့ ချွတ်တင်လိုက်ပေတော့သည်။

□ ကိုယ်တွေ့တစ္ဆေ - ၁

ကျွန်တော် (၉) နှစ်သားခန့်က ဖြစ်၏။ သီတင်းကျွတ်လပြည့်နေ့တွင် ကျွန်တော်တို့ဆရာ ဘုန်းတော်ကြီးကျောင်းမှ မီးပုံးပျံ (အညာခေါ် မီးအိမ်ပျံ) လွှတ်၏။ မီးအိမ်ပျံ မှိုင်းခံနေစဉ်တွင် ကျွန်တော်နှင့်တကွ ကျောင်းသားများ၊ ကိုရင်များ၊ အရပ်ထဲက လူများသည် ဝိုင်းအုံကြည့်ရှုနေကြ၏။

မီးအိမ်ပျံ မှိုင်းဝ၍ လွှတ်လိုက်သောအခါတွင်ကား ပျံတက်သွားသော မီးအိမ်ပျံ၏နောက်သို့ တစုတဝေးတည်း လိုက်ကြလေသတည်း။

မီးအိမ်ပျံသည် လွှတ်သည့်နေရာမှ တစ်မိုင်ခန့်ဝေးသော ကွင်းတောကြီးထဲတွင်ကျ၏။ ကျွန်တော်မှာ ကလေးဖြစ်သည့်အတွက် နောက်ဆုံးက ပြေးလိုက်ရ၏။ ရှေ့ဆုံးကျသူများက မီးအိမ်ပျံကို ဖမ်းယူကာ ပြန်ခဲ့ကြသောအခါ၌ ကျွန်တော်လည်း ပြန်လှည့်ခဲ့ရတော့သည်။

အသွားတွင် နောက်ဆုံးက ဖြစ်နေသော ကျွန်တော်သည် အပြန်တွင် ရှေ့ဆုံးကဖြစ်နေ၏။ အသွားက လမ်းအတိုင်းပင် ပြန်ကြလိမ့်မည်ဟု ထင်ကာ ကျွန်တော် ပြန်လာခဲ့၏။

သို့သော် ကျွန်တော်ထင်သလို မဟုတ်ဘဲ အခြားလူများသည် အခြားလမ်းမှ ပြန်သွားကြသည့်အတွက် ကျွန်တော်တစ်ယောက်တည်း ယောင်လည်လည်ဖြစ်၍ကျန်နေတော့သည်။

# တိုးထက်

## စာရေးဆရာရန်အောင်၏ ကိုယ်တွေ့တစ္ဆေ





www.burmeseclassic.com

www.burmeseclassic.com

သီတင်းကျွတ်လပြည့်ဝန်းသည် ထိန်လင်းစွာသာ၍နေ၏။

ကျွန်တော်တို့ရွာတွင် ဘုတာကျောင်းဟူ၍ ရှိ၏။ ထိုကျောင်း၏အရှေ့ဘက်တွင် စေတီတော် လေး၊ ငါးဆူ စီတန်းလျက်ရှိ၏။ စေတီတစ်ဆူဆူကို လူတစ်ရပ်ခန့်မြင့်သောတံတိုင်းများ ကာရံထား၏။ တံတိုင်း၏ ဝင်ပေါက်မှာ တစ်ပေါက်သာရှိလျက် ထွက်ပေါက်မှာလည်း တစ်ပေါက်သာရှိ၏။ ထိုအပေါက်များမှာ လူတစ်ယောက်တစ်ကိုယ်စာဝင်သာရုံသာကျယ်၏။

အပေါက်တစ်ပေါက်မှ ဝင်လိုက်လျှင် တံတိုင်းတစ်ခုအတွင်းသို့ ရောက်၏။ အခြားတစ်ပေါက်မှ ထွက်လိုက်လျှင် အခြားတံတိုင်းတစ်ခုအတွင်းသို့ ရောက်၏။ ဤနည်းဖြင့် တံတိုင်း လေး၊ ငါးခု ဆက်၍နေ၏။

ကျွန်တော်သည် တစ်ယောက်တည်းဖြစ်သောကြောင့် ခပ်မြန်မြန်ကလေးပြေးလာခဲ့ရာ အပေါက်တစ်ခုမှ ဝင်လိုက်၍ တံတိုင်းအတွင်းသို့ ရောက်ရှိလာလျှင်ပင် ကျွန်တော့်အနီးမှာ လူတစ်ယောက်ပါ၍လာ၏။

ကျွန်တော် အတော်ကလေး အားတက်သွား၏။ အဖော်တစ်ယောက်ပါလာပါကလားဟူသောအသိဖြင့် ခပ်ပြေးပြေးအသော့နှင်လာခဲ့ရာ တစ်ပေါက်မှ ထွက်၍ အခြားတံတိုင်းတစ်ခုအတွင်းသို့ ရောက်ပြန်သောအခါတွင်လည်း အဖော်ပါသူမှာ ကျွန်တော့်ဘေး မနီးမဝေးတွင် ပါမြဲပါလျက်ရှိ၏။

ယင်းသို့ဖြင့် လူတစ်ယောက်ဝင်သာရုံအပေါက်မှ ဝင်လိုက်၊ ထွက်လိုက်၊ ဝင်လိုက်၊ ထွက်လိုက်ဖြင့် တံတိုင်းတစ်ခုပြီးတစ်ခုကို ဆက်ကာဆက်ကာလာခဲ့ရာ ကျွန်တော့်အပါးမှ အဖော်ပါလာမြဲပါလာလျက်ရှိ၏။

တံတိုင်းအားလုံးကို ကျော်မိသောအခါတွင်ကား ထိုလူကို မတွေ့ရတော့ချေ။ လှမ်း၍ကြည့်သောအခါတွင်လည်း ဘာအရိပ်အယောင်မှ မမြင်ရတော့။ ထိုအခါတွင်မှ ကျွန်တော် သေသေချာချာ တွေးမိတော့သည်။

ကျွန်တော်ဝင်ခဲ့၊ ထွက်ခဲ့သည့် တံတိုင်းပေါက်များမှာ လူတစ်ယောက်ဝင်သာ၊ ထွက်သာရုံသာလျှင် ရှိ၏။ ကျွန်တော်နှင့်အတူပါလာသူမှာ ကျွန်တော့်ကဲ့သို့ပင် တံတိုင်းပေါက်မှ ဝင်ပါ၊ ထွက်ပါက ကျွန်တော်၏ ရှေ့မှသော် လည်းကောင်း၊ နောက်မှသော် လည်းကောင်း ဝင်ရ၊ ထွက်ရပေလိမ့်မည်။ ယခု ဤသို့ကား မဟုတ်။ ထိုသူသည် ကျွန်တော်၏ နံဘေးမနီးမဝေးမှ အမြဲလိုက်ပါလာခြင်းကို ထောက်သော် ကျွန်တော်သာလျှင် တံတိုင်းပေါက်မှဝင်ခဲ့လျှင် ထိုသူက တံတိုင်းကို ကျော်၍ကျော်၍လာသောကြောင့်သာလျှင် ဖြစ်ရပေမည်။

လူတစ်ရပ်ခန့်မြင့်သော တံတိုင်းကို အဘယ်သူသည် ခုန်ကျော်၍ လာနိုင်ပါအံ့နည်း။ ယင်းသို့ ခုန်ကျော်လျှင်လည်း တဗုန်းဗုန်းချသံများကြားရမည်။ ယခုမူ ဤသို့လည်း မကြားရ။ စင်စစ် တစ္ဆေသရဲပင်ဖြစ်တန်ရာ၏ဟု ကျွန်တော် အတွေးပေါက်ကာ ကျောင်းသို့ ရောက်အောင် သေပြေးရှင်ပြေးပြေးခဲ့ရလေတော့သတည်း။

## ❐ ကိုယ်တွေ့တစ္ဆေ - ၂

ကျွန်တော် အသက် (၂၀) ခန့်အရွယ်က ဖြစ်၏။

သီတင်းဝါလကျွတ်၍ တောရွာများတွင် အလှူအတန်းလုပ်ချိန်၌ ကျွန်တော်သည် ကုန်သေးကုန်နုပ်များကို လှည်းဖြင့် လှည့်လည်ရောင်းချခဲ့၏။

လပြည့်နေ့ပင် ဖြစ်၏။ ည (၉) နာရီခန့်တွင် ကျောက်ဆောင်စမ်းရွာမှ ချောင်းစောက်ရွာသို့ လှည်းဖြင့်လာခဲ့၏။ အဖော်လှည်းတစ်စီးလည်း ပါ၏။

ကျောက်ဆောင်စမ်းနှင့် ချောင်းစောက်အကြား သဲချောင်းကြီးတစ်ခုသို့ ရောက်ခါနီးတွင် ရာဇဝင်ဟုခေါ်သော ရွာပျက်ကုန်းကြီးတစ်ခုရှိ၏။ ရာဇဝင်မှာ ရှေးက ရွာကြီးတစ်ရွာ ဖြစ်သော်လည်း ယခုအခါ ရွာမဟုတ်တော့ဘဲ ရွာနေရာသာရှိတော့၏။ သို့သော် ရေတွင်းကြီးတစ်တွင်းကား ကျန်ပေပေသေးသည်။

ရာဇဝင်သို့အရောက်တွင် လှည်း (၂) စီးပေါ်၌ ပါသူများသည် ထိုရေတွင်းကြီးမှ ရေကိုခပ်၍သောက်ကြ၏။ ယင်းသို့သောက်ကြရင်း 'အမယ် - ကြက်သီးထလိုက်တာ' ဆိုကြသံကြားရ၏။ ကျွန်တော်ကား ထိုရေကိုမသောက်။

ရာဇဝင်ရွာပျက်ကုန်းမှ လှည်းထွက်ခွာခဲ့လျက် အတန်ငယ်သွားမိလျှင် သဲချောင်းကြီးအတွင်းသို့ ဆင်းသက်ခဲ့ရ၏။

အဲ-သဲချောင်းထဲလည်းဆင်းရော လှည်း (၂) စီးလုံးမှ နွားများသည် လန့်ဖျပ်ကာ သဲချောင်းကြီးကို အတင်းဖြတ်၍ ပြေးကြလေတော့သတည်း။

လပြည့်ဝန်းကြီးမှာ ကောင်းကင်တည့်တည့်ဆီမှ ထိန်းလင်းစွာသာလျက်။

ချောင်းလယ်လောက်ရောက်သောအခါတွင်မှ နွားများအပြေးရပ်သွားလျက် သွားမြဲသွားလျက်ရှိ၏။

သို့သော် -

"ဟော၊ ဟော ဟိုမှာ ဟိုမှာ လိုက်လာတယ်။ ကုန်းကုန်းကုန်းကုန်းနဲ့ မည်းမည်းကြီး၊ မည်းမည်းကြီး"

လှည်း (၂) စီးပေါ်ရှိ လူများအားလုံး အနီး မည်းမည်းသတ္တဝါကောင်းကြီးကို မြင်ကြရဟန်တူ၏။ ကြွတီပိသောတွေ၊ သမ္ဗုဒ္ဓေတွေ ရွတ်သူရွတ်ကြ၏။ ဓားကိုထောင်ပြသူကပြကြ၏။ လှန်လှော၍ ပြသူကပြ၏။

ထိုကုန်းကုန်းမည်းမည်းသတ္တဝါသည် တောတိရစ္ဆာန်တစ်ကောင်ကောင်ဖြစ်တန်ကောင်းသည်ဟု တွေးနိုင်၏။

သို့သော် ထူးခြားပုံမှာကား ကျွန်တော်တစ်ယောက်ကဖြင့် ဘာကိုမှ မမြင်ရ။

လမင်းထိန်ထိန်သာနေသော သဲပြင်ကြီးပေါ်တွင် တိရစ္ဆာန်တစ်ကောင်ကောင်သာဖြစ်ပါဘိမူကား ကျွန်တော်လည်း ဧကန္တ မြင်နိုင်ကောင်းရာ၏။ လူအားလုံးမြင်ပါလျက် ကျွန်တော်တစ်ယောက်တည်း ကွက်၍မမြင်ရခြင်းမှာ တစ္ဆေသရဲပင် ဖြစ်တန်ရာ၏။

## ❐ ကိုယ်တွေ့တစ္ဆေ - ၃

ဒုတိယကမ္ဘာစစ်ဖြစ်စကဖြစ်၏။

ကျွန်တော်သည် စစ်ပြေးရင်း မြို့ကလေးတစ်မြို့သို့ ရောက်သွား၏။

ထိုမြို့ရှိ အသိအိမ်တစ်အိမ်တွင် တည်းခိုနေထိုင်ရာ ညအချိန် အိပ်မက်နေခိုက်တွင် အဖြစ်ထူးတစ်ခု ကြုံရလေတော့သည်

ကျွန်တော် အိပ်ပျော်နေစဉ် ဖျတ်ခနဲ လန့်၍နိုးလာ၏။ နိုးသည်ဟု ဆိုသော်လည်း ကြည်ကြည်လင်လင်နိုးလာခြင်းမဟုတ်။ အိပ်မက်မက်နေခြင်းလည်း မဟုတ်၊ 'နိုးခြင်းနှင့် အိပ်မက်မက်ခြင်း၏ ကြားကာလဟုပင် ခေါ်နိုင်ပါ၏။ မျောက်မျှင်းခေါ်တာများလားတော့မပြောတတ်။

ယင်းသို့ နိုးတစ်ဝက်၊ အိပ်တစ်ဝက်ဖြစ်နေစဉ်တွင် ကျွန်တော်၏အနီးသို့ မိန်းမပျိုကလေးတစ်ယောက် ရောက်လာ၏။ ကျွန်တော်၏စိတ်တွင် အိမ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

# ကုက္ကိုတစ်ပင်လုံးဆေးအသုံး

ဆရာအေးရွှေ(သုတေသီ)

စာရေးသူ လွန်ခဲ့သည့်နှစ် နွေရာသီက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်းရှိ မြစ်သာကျွန်းရွာသို့ အလုပ်ကိစ္စတစ်ခုနှင့် ရောက်သွားခဲ့ပါသည်။ ထိုသို့ရောက်စဉ် ထိုမြစ်သာကျွန်းရွာကြီး၌နေထိုင်ပြီး မြို့နှင့်အလှမ်းဝေးလျက်ရှိသော ရွာသူရွာသားတို့၏ ကျန်းမာရေးအတွက် ဗိတဒါနဆေးဝါးကုသပေးလျက်ရှိသည့် အသက် (၇၅) နှစ်အရွယ်ရှိ တိုင်းရင်းဆေးဆရာကြီး ဦးဖိုးအိုနှင့် တွေ့ခဲ့ပါသည်။

စာရေးသူသည် ရောက်ရှိလေရာ အရပ်ဒေသတိုင်း၌ ဝါသနာအလျောက် သက်ကြီးဝါကြီးတို့နှင့် ရဟန်းသံဃာတို့အား ချဉ်းကပ်၍ ဒေသအကြောင်း မေးမြန်းခြင်း၊ ဒေသသုံးဂါထာမန္တန်များ စုဆောင်းလေ့လာခြင်း၊ ဆေးဝါးများမေးမြန်းစုဆောင်းလေ့လာခြင်းတို့ကိုပြုလုပ်ပြီး မဂ္ဂဇင်း၊ ဂျာနယ်တို့၌ ပညာဒါနပြု ပြန်လည် ရေးသားလျက်ရှိသူဖြစ်သဖြင့် မြစ်သာကျွန်းရွာမှ ဆရာကြီးနှင့်တွေ့ခိုက် ဆရာကြီး၏ ပညာများကို တတ်အားသမျှ လေ့လာခဲ့ရာ ယခုရေးသားတင်ပြမည့် 'ကုက္ကိုပင်တစ်ပင်လုံး ဆေးအသုံး' ဆောင်းပါးမှာ ဆရာကြီးဦးဖိုးအိုထံမှရရှိခဲ့သော နည်းနာများဖြစ်ကြောင်း ဦးစွာ ရိုးရိုးသားသား တင်ပြလိုပါသည်။ ဆရာကြီးက -

"လောကမှာ ရှိသမျှ ပေါက်သမျှ သစ်ပင်မှန်သမျှဟာ သူ့အသုံးနဲ့သူ အသုံးဝင်ကြတာချည်းပါပဲ။ လူတွေမသိကြလို့ပါ။ တကယ်သိရင် ကုက္ကိုပင်တစ်ပင်တည်းနဲ့တင် ဆေးအသုံးမကုန်နိုင်ပါဘူး"

ဟု ပြောရင်း အောက်ပါတို့ကို ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

(ယခုတင်ပြမည့်ကုက္ကိုမှာ ကုလားကုက္ကိုခေါ် သဘောကုက္ကိုနှင့် အညာကုက္ကိုခေါ် ဗမာကုက္ကို နှစ်မျိုးအနက် အညာကုက္ကိုခေါ် ဗမာကုက္ကိုပင်အကြောင်း ဖြစ်ပါသည်။)

ကုက္ကိုဖော်ပြပါပါးသည် အရသာ ချို၏။ ခါး၏။ ဖန်၏။ အေးသောသတ္တိရှိ၏။

**ကုက္ကိုသီး**

သည်းခြေကိုနိုင်၏။ ချို၍ ဆိမ့်၏။ ဖန်၏။ ကြေလွယ်၏။ ချွေးထွက်စေ၏။ ယားနာ၊ ရေယုန်နာတို့နှင့် အနာပေါက်တို့ကို ပျောက်ကင်းစေ၏။

**အရွက်**

မျက်စိရောဂါကို ပျောက်ကင်းတတ်စေ၏။

**အပွင့်**

ပန်းနာရောဂါကို ပျောက်ကင်းစေတတ်၏။

**အမြစ်**

ခေါင်းတစ်ခြမ်းကိုက်ခြင်းရောဂါကို ပျောက်ကင်းစေတတ်၏။

**အခေါက်**

ခါးမူ၏။ အဆိပ်၊ ပိုး၊ သွေးရောဂါတို့နှင့် မြင်းသရိုက်၊ ဖောရောင်၊ ချောင်းဆိုးရောဂါတို့ကို ပျောက်ကင်း

၏သမီးတစ်ယောက်ယောက်သည် ကိစ္စရှိသဖြင့် အိပ်ခန်းထဲမှထွက်လာခြင်း ဖြစ်သည်ဟု ထင်မှတ်မိ၏။

ကျွန်တော်အိပ်နေသည်မှာကား အိပ်ခန်းတွင်မဟုတ်ဘဲ အိမ်ရှေ့ခန်းကျယ်ကြီးတွင် ဖြစ်၏။

မိန်းမပျိုကလေးသည် ကျွန်တော်အိပ်နေသည့်အနီးတွင် ထိုင်၏။ ထွန်းထားသော မီးရောင်ကြောင့် သူ့မျက်နှာကို ကောင်းစွာမြင်ရ၏။

မိန်းကလေးသည် ကျွန်တော့်အနီးတွင် ထိုင်ကာ ကျွန်တော့်ခေါင်းအောက်ကို လက်ထိုးလျက် မ, ချီလိုက်လေသည်။

သူမအပြုအမူကြောင့် ကျွန်တော်သည် ငုတ်တုတ်ထိုင်လျက်ဖြစ်သွားရ၏။ ထိုစဉ် ဖျတ်ခနဲ တကယ်နိုးလာ၏။ မိန်းကလေးကား မရှိတော့။ ကျွန်တော် အိပ်မက်မက်နေခြင်း မဟုတ်ကြောင်း ကောင်းစွာသိပါ၏။ အိပ်မက်မက်ရာက နိုးလာလျှင် အိပ်မက်ဖြစ်ကြောင်းလူတိုင်း သိနိုင်၏။ ယခုမှုကား အိပ်မက်မက်ခြင်းနှင့် တကယ်နိုးခြင်း၏ ကြားကာလ မှောက်မျှင်းချိန်တွင် ကလေးမသည် ကျွန်တော့်ကို ပွေ့ချီကာ ထိုင်စေခြင်း ဖြစ်နေ၏။ ဘေးပတ်ဝန်းကျင်းတွင်ကာ ဗလာနတ္ထိ။

မိုးလင်းသောအခါ၌ ကျွန်တော်နှင့် ရင်းနှီးသောသူတစ်ယောက်အား အကျိုးအကြောင်းပြောပြရာ ထိုသူက -

"ဒီအိမ်ရှင်ရဲ့ သမီးတစ်ယောက် မကြာခင်ကပဲ ပုလိပ်ရောဂါနဲ့ ဆုံးသွားတယ်"

ဟု ပြော၏။

ကျွန်တော်မြင်လိုက်ရသော မိန်းကလေး၏ ပုံပန်းသဏ္ဌာန်ကို ကျွန်တော်က ပြောပြရာ သေဆုံးသွားသော မိန်းကလေးနှင့် တစ်ပုံစံတည်းဖြစ်နေ၏။

အင်း . . . ဒါလည်း တစ္ဆေသရဲ နာနာဘာဝဖြစ်နေလေရော့သလား။

❐

ဆရာရန်အောင်သည် ကိုယ်တွေ့တစ္ဆေသုံးပုဒ်အကြောင်း ဆောင်းပါးရေးပြီးချိန်ကား သန်းခေါင်ယံ (၁၂) နာရီတိတိဖြစ်နေချေပြီ။ သူ ယခုကိုယ်တွေ့တစ္ဆေအကြောင်း ရေးဖြစ်သွားခြင်းအတွက် ဆရာတက်တိုးကို ကျေးဇူးတင်သွားမိ၏။ ဆရာတက်တိုးကြောင့် ယခုစာမူကို တထိုင်တည်းရေးဖြစ်သွားခြင်း မဟုတ်ပါလား။

ဆရာရန်အောင်သည် စာရေးစားပွဲအနီး ပြတင်းပေါက်မှ ညကာလ တိတ်ဆိတ်နေသော ပြင်ပရှုခင်းကိုကြည့်လိုက်ပြီး -

'အိမ်း . . . ဖိုးတက်တိုးရေ တစ္ဆေသရဲရှိရိုးမှန်ပါက သည်အချိန်မှာ သူတို့ လမ်းသလားလို့ကောင်းတုန်းပေါ့ကွာ။ ဘာပဲဖြစ်ဖြစ်ပေါ့ ဖိုးတက်တိုးရေ အင်္ဂလိပ်တစ္ဆေဝတ္ထုနဲ့ မြန်မာတစ္ဆေဝတ္ထု ယှဉ်ကြည့်တော့ ဘယ်လိုများနေသလဲဆိုတာ ငါ့ကိုယ်တွေ့တစ္ဆေကိုဖတ်ပြီးရင် ပြောပြစမ်းပါကွာ။ သူတို့ဆီက တစ္ဆေထက် ငါတို့ဆီက တစ္ဆေက ပိုတောင်စုံနေပါလားဆိုတာမင်းသိစေရမယ် ဟဲဟဲ"

ဟု နိဋ္ဌိတံလျက် ညအိပ်ရာဝင်လိုက်လေတော့သတည်း။

တိုးထက်

**ဝန်ခံချက် -**

၁၉၅၇ ခုနှစ်၊ မေလထုတ် သွေးသောက်မဂ္ဂဇင်းတွင် ဆရာရန်အောင်ရေးခဲ့သော 'ငါတို့ဆီကတစ္ဆေဆောင်းပါး' ကို ပြန်လည် ခံစားရေးဖွဲ့ပါသည်။

www.burmeseclassic.com

စေနိုင်၏။ လေကိုနိုင်၏။ အနာမီးလျှံနှာ၊ အရေပြားရောဂါတို့နှင့် အဆုတ်ပြွန်ရောင်နာတို့ကို ပျောက်ကင်းစေနိုင်၏။ သန်ကောင်ကိုကျစေနိုင်၏။

**ကျပ်ပတီးနာ**

လည်ပင်းတွင် အဖုအမာများ တွဲလျားကျပေါက်သော ကျပ်ပတီးနာအတွက် အစေ့ကိုအမှုန့်ပြုပြီး ပျားရည်အနည်းငယ်ရော၊ မြေအိုးမှာထည့် အဖုံးပိတ်၊ ဂျုံမှုန့်ဖြင့်ဇော်မံပြီး နေပူမှာ ခုနစ်ရက်လှန်း။ စေ့သော် နေ့စဉ် ငါးမူးသားမှ သုံးမတ်သားအထိစား။

**ကျပ်ဘီးနာ**

လည်ပင်းပတ်လည်၌ အဖုအလုံးလေးများစီပေါက်တတ်သည့် ကျပ်ဘီးနာကို ကုက္ကိုစေ့ကျိတ်၍လိမ်းပေးပါ။

**နားကိုက်နာ**

နားကိုက်နာအတွက် ကုက္ကိုစေ့ကို ထုထောင်းပြီး မုန်ညင်းဆီ (သို့) နှမ်းဆီတွင် ထည့်ချက်၍ နားကိုက်နေခိုက် ဖွန်းထဲထည့်။ ကြက်သီးနွေးဖြစ်အောင် မီးပူပေး။ တစ်စက်၊ နှစ်စက်ထည့်ပါ။

**နားပြည်ယို**

ကုက္ကိုစေ့ကို ဆီထုတ်၍ ကုက္ကိုဆီ၌ ဆီးဖြူပွင့်ကိုထည့်ကြော်ပြီး အအေးခံ။ အေးလျှင် ပိတ်ပါးနှင့် စင်ကြယ်စွာစစ်၍ ပုလင်းထဲထည့်။ ည၊ နံနက် နားထဲ အစက်ချပေး။

**ကုက္ကိုဆီထုတ်နည်း**

ကုက္ကိုပင်အရွက်၊အပွင့်၊အခေါက်၊ အမြစ်၊ အစေ့ ဤငါးပါးတို့ကို ဆတူယူ၍ ရေ (၈) ဆနှင့် (၂၄) နာရီစိမ်၊ အချိန်စေ့ပါက အားလုံး ထုထောင်းပြီး အိုးသစ်မှာ ထည့်၍ မီးမျှဉ်းမျှဉ်းနှင့်ချက်ပါ။ လေးပုံတစ်ပုံကျန်လျှင် ဖိုမှချ။ ပိတ်ပါးဖြင့် အရည်စစ်ယူကာ ၎င်းအရည်တွင် မုန်ညင်းဆီ (သို့) နှမ်းဆီဆတူထည့်ချက်ပါ။ ရေအားလုံးခန်းပြီး ဆီကျန်လျှင်ချပါ။ ကုက္ကိုဆီရပါပြီ။

မှတ်ချက် - ၎င်းကုက္ကိုအဆီဖြင့် ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ပုစွန်တို့ကိုလည်း ကြော်ချက်စားနိုင်ပါသည်။ လက်သုပ်များတွင်လည်း ဆမ်းစားနိုင်ပါသည်။ တစ်လတစ်ကြိမ် အနည်းဆုံးထားစားသွားလျှင် လေနာရောဂါများကို ကာကွယ် ပျောက်ကင်းစေပါ၏။

**သွားကိုက်နာ**

သွားကိုက်နာကို ကုက္ကိုစေ့သုံးမတ်သား၊ ငရုတ်ကောင်းစေ့သုံးမူးသားရောပြီး အမှုန့်ကြိတ်။ သွားမှာသိပ်ပေးပါက ချက်ချင်းသက်သာနိုင်ပါသည်။

**သွားခိုင်ဆေး**

ကုက္ကိုမြစ်နှင့် အခေါက်ကို အရိပ်မှာ သွေ့အောင်လှန်း၊ ခြောက်လျှင် ကျောက်ပျဉ်မှာကြိတ်၊ လေလုံအောင်ထား။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်သွားတိုက်ပေး၊ နုံ့သည့်သွားများပြန်ခိုင်စေပါသည်။

**မျက်စိနာ**

ကုက္ကိုစေ့ သုံးမတ်သားကို ယူ၍ ပေါင်ဒါသားကျအောင်ကြိတ်၊ ၎င်းအမှုန့်တွင် ကုက္ကိုရွက်သတ္တုရည်ထည့်နယ်။ ဤနည်းနှင့် သုံးရက်နယ်ပြီး အတောင့်ပြုလုပ်ထား။ ၎င်းအတောင့်ကို မျက်စိရောဂါမှန်သမျှ လူနို့ရည်နှင့် ညအခါ ခတ်။ မျက်စိအမြင်အလွန်ကြည်လင်၏။

**တိမ်သလ္လာဆေး**

ကုက္ကိုစေ့ဆန် သုံးမတ်ကို ယမ်းစိမ်းနှင့် ဆတူရော၊ ကျောက်ဆုံမှာထောင်း၊ ပိတ်ပါးဖြင့်ချ၊ ၎င်းအမှုန့်ကို ကုက္ကိုရွက်သတ္တုရည်နှင့် (၂) ရက်၊ (၃) ရက်ဆက်ကြိတ်၊ ၎င်းကိုအတောင့်လုပ်။ တိမ်ရောဂါမှန်သမျှ ကျောက်ပျဉ်မှာသွေး၊ ကွမ်းရိုးနှင့် မျက်စဉ်းခတ်ပေး။ ရက်မကြာမီပျောက်သည်။

**ခေါင်းကိုက်နှာဆေး**

ကုက္ကိုသီးနှစ်ဖြစ်စေ၊ အစေ့ဖြစ်စေ ရရာတစ်ခုခုကို ညက်အောင်ကြိတ်။ ခေါင်းကိုက်ရောဂါကို နှာဆေးကဲ့သို့ရှူပါ။ မိနစ်အနည်းငယ်အတွင်း ချေဆတ်၍ ခေါင်းကိုက်ပျောက်သွားမည်။

**ခေါင်းကိုက်ပျောက်လိမ်းဆေး**

ကုက္ကိုပွင့်ကို ကျောက်ပျဉ်တွင် ရေနှင့်ရောကြိတ်၊ ခေါင်းကိုက်သောနေရာများကို လိမ်းပေးပါ။

**ခေါင်းတစ်ခြမ်းကိုက်ပျောက်ဆေး**

ကုက္ကိုပွင့်လတ်လတ်ဆတ်ဆတ်ကို ခေါင်းမကိုက်ကမီ ရှူပေးပါ။

**လေငန်းရောဂါ**

ကုက္ကိုဆီနှင့်လိမ်းပြီး ဆေးဝင်အောင်နှိပ်၊ အဲဝတ်ပတ်ပေးပါ။ စောင်းရွဲ့လေငန်းအတွက် မစောင်းသောဘက်ကို ကုက္ကိုဆီလိမ်းဆွဲပေးပါ။

ကုက္ကိုခေါက်ကို အရိပ်မှာလှန်း၊ အခြောက်ဖြစ်က အမှုန့်ထောင်း၊ လျက်ပေးပါ။

**ချောင်းဆိုးပျောက်ဆေး**

ကုက္ကိုစေ့ (၂) ကျပ်၊ (၁) မတ်သားကို ရေ (၂၇) ကျပ်ခွဲသားမှာထည့်ပြုတ်။ တစ်ဝက်ကျန်လျှင် ပျားရည် (၂) ကျပ်၊ (၁) မတ်သားထည့်ပြီး ရေကုန်အောင်ချက်။ ၎င်းဆေးကို တစ်ခါစားတစ်မူးသား တစ်နေ့ (၂) ကြိမ်၊ (၃) ကြိမ်စား။

**ဝမ်းချုပ်ပျောက်ဆေး**

ဝမ်းလုံးဝမသွားလျှင် ကုက္ကိုစေ့ကို တစ်နေ့ တစ်ပဲမှစ ဝမ်းသွားသည်အထိ တစ်နေ့ချင်းတိုးစားသွားပါ။

**ဝမ်းတွင်းပိုးရောဂါ**

ကုက္ကိုပွင့်သုံးမတ်သားကို (သို့) အခေါက်ပြုတ်ရည်ကို နေ့စဉ် သောက်ပေးပါ။

**ဆီးအောင့်ရောဂါ**

ကုက္ကိုပွင့်သုံးမူးသားကို သကြားထည့်၊ ရေစိမ်ပြီးသောက်ပါ။

**အစာအိမ်ရောင်ပျောက်ဆေး**

ကုက္ကိုမြစ် (၉) ပဲသားကို ဘိန်းစေ့နှင့်လေးတူရော၊ ရေ (၄၀) ကျပ်သားနှင့် (၂၀) သားကျန်အောင်ပြုတ်။ ၎င်းအရည်တွင် သကြားသင့်ရုံထည့်သောက်။

**အသည်းရောင်ပျောက်ဆေး**

ကုက္ကိုရွက်၊ ကုက္ကိုခေါက်ကို ပြာချ၊ ၎င်းပြာကို ရေတစ်ဆထည့်ပြီး ရေစိမ်မွှေမွှေပေး၊ သုံးရက်ကြာလျှင် အပေါ်ရေကြည်ယူ ဆားချက်၊ ၎င်းဆား(၁)ပဲ၊ သကြား အနည်းငယ်ထည့်၊ စမုန်စပါးပေါင်းတိုက်ရသည့်အရည်ဖြင့် ရောသောက်။

**မြင်းသရိုက်သွေးပိတ်ဆေး**

ကုက္ကိုစေ့ကို ညက်အောင်အမှုန့်ထောင်း။ တစ်နေ့ နံနက်၊ ည နှစ်ကြိမ် (၂) ရွေးသားခန့် ရေနှင့် သောက်။ ပျောက်၏။

မှတ်ချက် - မြင်းသရိုက်ရောဂါ၌ ဝစ္စမဂ်မှ သွေးနှင့်အဝါရောင်အရည်ကျသည့် သွေးမြင်းသရိုက်နှင့် သွေးမကျဘဲ ယားယံခြင်းမျှသာရှိသော လေမြင်းသရိုက်ဟူ၍ (၂) မျိုးရှိသည်။

**မြင်းသရိုက်လိမ်းဆေး**

လိပ်ခေါင်းကို ရေနှင့်ဆေးကြော



www.burmeseclassic.com

www.burmeseclassic.com

ပြီး ကုက္ကိုစေ့ဆီနှင့် နယ်ပေးပါ။

**ကိုယ်ဖောကိုယ်ရောင်ဆေး**

ကုက္ကိုခေါက် (၉) ပဲသားကို ရေ (၁၀) ကျပ်သားထည့်။ တစ်ဝက်ကျန်အောင်ပြုတ်၊ သကြားသင့်ရုံထည့်သောက်။

**နို့ရောဂါ**

ဆိတ်နို့ဒိန်ချဉ်၌ ကုက္ကိုစေ့ဆီ (၃) တော်မှ (၇) စက်အထိထည့်။ တစ်နေ့ (၁) ကြိမ်သောက်။

**ဆီးနိုက်ဒဏ်ရာအတွက်ဆေး**

ကုက္ကိုမြစ်အခေါက်ကို အမှုန့်ထောင်း၊ အနာမှာထည့်ပေး။

**နှာရောဂါအတွက်**

ကုက္ကိုခေါက်မှုန့် သုံးမတ်သား၊ ချတ်ကောင်းမှုန့် (၁) မူးသား သမအောင်ရောမွှေ၍ ရေနှင့်သောက်ပါ။ ရက် (၄၀) အထိ တစ်ဆက်တည်းသောက်ပါက နူနာပျောက်ကင်းသည်။

**သမင်ဖြူ**

ကုက္ကိုခေါက်ကို ညက်စွာကြိတ်၊ ကုက္ကိုဆီနှင့် ရောဖျော်၊ သမင်ဖြူကို သိမ်း။

**ရေဖျဉ်းရောဂါ**

ကုက္ကိုခေါက်ကို နေ့စဉ်ပြုတ်သောက်ပါ။

**ရေယုန်ရောဂါ**

ကုက္ကိုခေါက်အမှုန့်ကို ထောပတ်နှင့် ရောလိမ်းပါ။

**အဆိပ်သင့်နာ**

ကုက္ကိုအမြစ်ခေါက်အတွင်းခေါက်ကို အစေ့၊ အပွင့်နှင့်ရောပြီး နွားကျင်ငယ်ရေနှင့်သောက်။

**တက်ရူးရောဂါ**

ကုက္ကိုစေ့နှင့် သင်းဝင်စေ့ကိုကြိတ်ပြီး မျက်စဉ်းခတ်ပေးပါ။

**နာပိတ်ရောဂါ**

ကုက္ကိုစေ့ကို ညက်ညက်ကြိတ်၍ နှာပေးပါ။

**သည်းခြေရောင်အပူဖုများ**

အပူကြောင့်ဖြစ်သော အဖုနာနှင့် သည်းခြေရောင်ရောဂါကို ကုက္ကိုပွင့်ကို ကြိတ်၍လိမ်းကျံပေးပါ။

**ဆီးဥရောင်နာ**

ကုက္ကိုခေါက်ကိုကြိတ်ပြီး လိမ်းကျံပါ။

**ဖျားနာရောဂါ**

အဖျားအနာကို ကုက္ကိုရွက်သတ္တုရည်ညှစ်တိုက်ပါ။

ဤသည်တို့မှာ မြစ်သာကျွန်းရွာမှ ဆရာကြီး ဦးဖိုးအို ပြောပြခဲ့သော ကုက္ကိုပင်၏အသုံးဝင်အဖိုးတန်ဆေးနည်းများ ဖြစ်ပါသည်။

ထို့အပြင် ထိုကုက္ကိုရွက်ကိုပြုတ်ပြီး လက်သုပ်လုပ်၍လည်းကောင်း၊ ကြော်ချက်၍လည်းကောင်း စားနိုင်ကြောင်းနှင့် ကုက္ကိုရွက်ကို အာဟာရအဖြစ် စားသုံးခြင်းအားဖြင့် သွေးသားကို စင်ကြယ်စေနိုင်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။

ကုက္ကိုပင်နှင့် ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်း စာ (၃၄၉) နှင့် (၃၅၀) တို့၌လည်း ကုက္ကိုပင်သည် ဗုဒ္ဓဘာသာကျမ်းဂန်တို့အရ ကမ္ဘာတည်သစ်ပင်ကြီး (၇) ပင်တွင် ပါဝင်သည်။ ကမ္ဘာတည်သစ်ပင်ကြီး (၇) ပင်မှာ အရှေ့ကျွန်း၌ ကုက္ကိုပင်၊ တောင်ကျွန်း၌ သပြေပင်၊ အနောက်ကျွန်း၌ထိမ်ပင်၊ မြောက်ကျွန်း၌ စွယ်ဒေသာပင်၊ တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်၊ အသူရာပြည်၌ သခွတ်ပင်၊ ဂဠုန်ပြည်၌ လက်ပံပင်တို့ ဖြစ်ကြ၏။ ကကုသန်မြတ်စွာဘုရားသည် ကုက္ကိုပင်၌ပွင့်တော်မူသည်ဟု ဗုဒ္ဓဝင်တွင် ဆိုသည်။

ကုက္ကိုပင်သည် ထနောင်းမျိုးတွင် ပါဝင်လျက် မြန်မာကုက္ကိုနှင့် သဘော်ကုက္ကိုဟူ၍ (၂) မျိုးရှိသည်။ ကုက္ကို (၂) မျိုးစလုံးပင် အကိုင်းအခက်ဝေဝေဆာဆာဖြင့် အရိပ်ကောင်းသောသစ်ပင်ကြီးများဖြစ်ကြ၍ ယင်းတို့ကို မြန်မာနိုင်ငံအရပ်ရပ်မှာပင် တွေ့နိုင်သည်။ အထူးသဖြင့် ခရီးသည်များအရိပ်နားနေရန် သဘော်ကုက္ကိုများကို အမြို့မြို့အရွာရွာရှိ လမ်းဘေးတစ်လျှောက်တွင် အစီအရီစိုက်လေ့ရှိကြသည်။ ကုက္ကိုပင်ကို အစေ့မှဖြစ်စေ၊ အရွယ်တော်အကိုင်းဖြတ်ကိုဖြစ်စေ စိုက်ပျိုးနိုင်၍ တစ်ပင်နှင့်တစ်ပင်ကို ပေသုံး၊ လေးဆယ်ကွာကာ စိုက်ပျိုးသင့်သည်။ အကိုင်းအခက်များ မြေသို့ညွတ်ကျနေတတ်သဖြင့် အသက်နုစဉ်ကပင် အကိုင်းအခက်များကိုချိုင်ပေးရသည်။

ကုက္ကိုပင်တို့သည် နွေရာသီတွင် အရွက်များချသောအပင်မျိုး ဖြစ်သည်။ အရွက်များသည် နေ့အခါ၌ အစွမ်းကုန်ကားပြန့်နေကြသော်လည်း ညအခါ၌ဖြစ်စေ၊ မိုးရွာသောအခါ၌ဖြစ်စေ ထူးဆန်းစွာ ခေါက်၍အိပ်တတ်ကြသည်။ ပိုးပန်းပွားကဲ့သို့ အမွေးစုတ်ဖွားရှိသော အပွင့်လေးများမှာ အလွန်သေးငယ်၍ အဆုပ်လိုက်ပွင့်ကြသည်။ အသီးများမှာ ပဲသီးတောင့်သဏ္ဍာန် ရှည်လျားလျားအသီးများ ဖြစ်ကြ၏။ သို့သော် မြန်မာကုက္ကိုသီးများမှာ ပြား၍ဝါပြီးလျှင် သဘော်ကုက္ကိုသီးမှာ လုံးယောင်ယောင်ဖြစ်၍ အညိုရင့်ရောင်ရှိသည်။ တစ်ဖန် သဘော်ကုက္ကိုသီးမှာ အသားပြည့်ကာ မှည့်လျှင်ချို၍ ယင်းတို့ကို ကျွဲ၊ နွားများနှစ်သက်ကြသည်။

မြန်မာကုက္ကိုနှင့် သဘော်ကုက္ကိုတို့၏ ကွဲလွဲချက်ကား မြန်မာကုက္ကိုက သဘော်ကုက္ကိုထက် ပိုမိုအသုံးဝင်ခြင်းပင် ဖြစ်၏။ မြန်မာကုက္ကိုသည် ဆေးဖက်ဝင်၍ အရွက်နှင့် အစေ့ကို မျက်စိနာအတွက် လည်းကောင်း၊ အခေါက်ကို သွေးစုနာအတွက် လည်းကောင်း အသုံးချနိုင်သည်။ အရွက်နုများကို တစ်ခါတစ်ရံ သုပ်စားကြ၍ အခေါက်ကို ပိုက်ကွန်များ ဆိုးရန်အတွက်လည်း အသုံးပြုကြသည်။

မြန်မာကုက္ကို၏ အကာသားမှာ ဖြူ၍ကြမ်းသော်လည်း အညိုရင့်ရောင်ရှိသော အနှစ်သားမှာ အသားညက်ကာ လှပခိုင်ခံ့သဖြင့် အိမ်ဆောက်ရန် အိမ်ထောင်ပရိဘောဂနှင့်တကွ လှေ၊ လှည်း၊ ထယ်၊ ထွန်များလုပ်ရန်အပြင် အိုးစည်ထွင်းရန် အသုံးကျသည်။ ထိုအသားသည် မြန်မာဘုရင်များလက်ထက်က မည်မျှအဖိုးတန်သနည်းဟူမူ မြန်မာကုက္ကိုပင်များကို လှဲလိုသော် ကျွန်းနှင့်အခြားသစ်ပင်တို့ထက် အခွန်တော်ပို၍ဆောင်ရသေးကြောင်း၊ နန်းတော်ပလ္လင်ပြုလုပ်သည့် သစ်သားများတွင် မြန်မာကုက္ကိုသားလည်း ပါဝင်ကြောင်း သိရသည်။

သဘော်ကုက္ကိုမှာမူ အရိပ်ကောင်းခြင်း၊ အသီးများကို ကျွဲနွားကျွေးရခြင်းမှလွဲလျှင် အသားမှာပွသဖြင့် ထင်းဆိုက်ရန်နှင့် မီးသွေးဖုတ်ရန်မှတစ်ပါး အသုံးမကျချေ ဟူ၍ တွေ့ရှိရပေသည်။

(ဤဆောင်းပါးဖြင့် မြစ်သာကျွန်းရွာမှ ဆရာကြီးဦးဖိုးအိုအား မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။)

ဆရာအေးရွှေ (သုတေသီ)

ဇီးကုန်း



www.burmeseclassic.com

www.burmeseclassic.com

စနေထွန်း(မြင်သား)

# နားကိုက်ဝေဒနာဖြစ်ရင်

## ဟင်းဂလာပင်ကိုသတိရပါ



စာရေးသူရဲ့မြေးမ ဖြစ်တဲ့ ဖြူဖြူကျော်တစ်ယောက် ကျောင်းမသွားနိုင်တာ သုံးရက်ရှိသွားပါပြီ။ အိပ်ရာထဲမှာ တငိုငို တရီရီဖြစ်နေတာဆိုတော့ သူ့ဘွားအေဖြစ်တဲ့ စာရေးသူရဲ့ မဟေသီခမျာ သူ့မြေးမအတွက် ခြေမကိုင်မိလက်မကိုင်မိဖြစ်နေတာကိုကြည့်ပြီး တော်တော်ကိုပိုလွန်းတဲ့ မြေးအဘွားတွေပါလားလို့ စာရေးသူစိတ်ထဲကနေ အပြစ်တင်နေမိပါတယ်။

ဖြစ်ပုံက ဒီလိုပါ။ ဖြူဖြူကျော်တစ်ယောက် ကျောင်းက ပြန်လာကတည်းက မျက်ရည်လည်ရွှဲနဲ့ ဖြစ်နေတာဆိုတော့ သူ့ဘွားအေက သူ့မြေး ဘာများဖြစ်လာပါလိမ့်ဆိုတဲ့ အထိတ်တလန့်စိတ်နဲ့ မေးကြည့်တဲ့အခါမှာ မြေးမဖြစ်သူက 'နားထဲကကိုက်လို့' လို့ ပြောပြီး ပြောလည်းပြော၊ ငိုလည်းငို ဖြစ်နေပါရောလား။

ဘွားအေကတော့ ထုံးစံအတိုင်း သူ့မြေးမ နားကိုက်ရောဂါအတွက် သက်သာမယ့် ဆေးမှန်သမျှ ဗမာဆေး၊ အင်္ဂလိပ်ဆေးရယ်လို့ သိပ်ရွေးမနေဘူး။ ရသမျှ ဆေးကို တိုက်စရာရှိတိုက်၊ လိမ်းစရာရှိ လိမ်းပေါ့။ ဒါပေမယ့် အနာနဲ့ဆေးက တည့်ဖို့က ဝေးနေသေးတော့ ဘွားအေကြီး တိုက်သမျှ၊ လိမ်းသမျှ ဆေးချက်က သူ့မြေးမရဲ့ နားကိုက်တဲ့ ဝေဒနာကို သက်သာအောင် မကုစားနိုင်ခဲ့ဘူး ဖြစ်နေတာပေါ့။

မှတ်မှတ်ရရပဲပေါ့။ စာရေးသူရဲ့ အိမ်ကို စာရေးကြီးဦးတင်ဝင်းရောက်လာတဲ့အချိန်မှာ ထုံးစံအတိုင်း မြေးမဖြစ်သူက နားကိုက်လို့ ငိုနေတဲ့အချိန်ပါပဲ။ ဦးတင်ဝင်းက မြေးမကိုကြည့်ပြီး ဘာလို့ငိုနေတာတုံးမေးတော့ ဘွားအေဖြစ်သူက သူ့မြေးမ နားကိုက်နေတာကြာပြီဖြစ်တဲ့အကြောင်း ခရားရေလွှတ်တတွတ်တွတ်နဲ့ ပြောပြပါလေရော့လား။

စာရေးကြီးဦးတင်ဝင်းက ဘွားအေကြီးစကားဆုံးတော့ "ဒါလေးများ အနာသိမှတော့ ဆေးရှိရမှာပေါ့ဗျာ' ဆိုပြီး စာရေးသူကို 'ဟင်းဂလာပင်ဘယ်မှာရနိုင်မလဲ သွားရှာဗျာ။ ရရင်ကိုင်းချိုးလာခဲ့'လို့ပြောတော့ စာရေးသူလည်း မနေသာတော့တာမို့ ဟင်းဂလာပင် အရှာထွက်ရတော့တာပေါ့။

ဟင်းဂလာပင် ဆိုတာက စာရေးသူတို့အညာမှာ အချဉ်တည်ပြီး သုပ်စားရတဲ့ အပင်မျိုးပါ။ အပင်ကသန်ရင် (၂) တောင်လောက်တော့မြင့်ပြီး အပွင့်တွေကတော့ တစ်ပင်လုံးဝေတဲ့အထိ အဖြူရောင်အပွင့်တွေပွင့်တာမျိုးပါ။ ရာသီကမိုးရာသီမို့ ဟင်းဂလာပင်တွေရှင်သန်ဖြစ်ထွန်းတဲ့အချိန်ဆိုတော့ သိပ်ဝေးဝေး မသွားလိုက်ရပါဘူး။ အိမ်ရှေ့နတ်စင်ကုန်းထက်မှာ အဖြူပွင့်တွေ ဖွေးဖွေးလှုပ်အောင်ပွင့်နေတဲ့ ဟင်းဂလာပင်တွေက ပေါမှပေါပဲလေ။

စာရေးသူအနေနဲ့ စိမ်းစိမ်းစိုစိုနဲ့ အပွင့်တွေဝေနေတဲ့ အပင်ငယ်တစ်ပင်ကို နုတ်ယူလာပြီး စာရေးကြီးလက်ထဲကို ထည့်ပေးလိုက်တော့ စာရေးကြီးက အပင်ကအရွက်တွေကို လက်တစ်ဆုပ်စာလောက်ရအောင် ခြွေယူလိုက်ပါတယ်။ ပြီးတာနဲ့ အရွက်တွေကိုရေစင်အောင်ဆေးပြီး ကျောက်ပျဉ်ထက်မှာတင်လိုက်တယ်။ ပြီးတော့ ကျောက်တုံးငယ်နဲ့ ထုခြေလိုက်တယ်။

အရွက်တွေ နွမ်းဖတ်ကြေမွသွားတဲ့အခါမှာ အားလုံးကိုယူလိုက်ပြီး လက်ဖက်ရည်သောက်ပန်းကန်ထဲကို အရည်တွေထွက်လာအောင် ညှစ်ချလိုက်တာများ ပန်းကန်လုံးတစ်ဝက်လောက်ကိုကျလာပါရောလား။ ပြီးတာနဲ့ ဂွမ်းစကို အရည်ထဲစိမ်လိုက်ပြီး ဂွမ်းစမှာရှိနေတဲ့အရည်တွေ မြေးမရဲ့နားထဲ ညှစ်ထည့်ပေးတာမြင်ရပါတယ်။

ဒီဆေးအရည်ကို ကလေးအိပ်ရာဝင်တဲ့အခါမှာတစ်ခါ နားထဲကိုညှစ်ထည့်ပေးဖို့ စာရေးကြီးကမှာခဲ့ပြီး ပြန်သွားပါတယ်။ 'အနာနဲ့ဆေး တည့်အောင်ပေးပျောက်ရေးမခက်ပါ' ဆိုတဲ့စကားက တယ်မှန်ပါလားလို့ စာရေးသူစိတ်ထဲမှာ တွေးလိုက်မိပါတယ်။

ဘာလို့လဲဆိုတော့ သုံးရက်လုံးလုံး နားကိုက်လို့ဆိုပြီး တငိုငိုတရီရီဖြစ်နေတဲ့ မြေးမတစ်ယောက် မိုးလင်းတာနဲ့ ပြုံးဖြူးရွှင်ရွှင်ဖြစ်ပြီး အိပ်ရာထလာတာကိုမြင်နေရလို့ပါ။ နားကိုက်လို့ ကျောင်းမသွားနိုင်တဲ့ မြေးမလေး၊ ခုတော့ ကျောင်းသွားဖို့ ကျောင်းလွယ်အိတ်ကိုပြင်နေပါပြီ။ မြေးမလေးကိုကြည့်ပြီး ဘွားအေကြီးရဲ့ မျက်နှာကလည်း ပြုံးလို့ရွှင်လို့ဖြစ်နေတာ မြင်ရတော့ စာရေးကြီး ဦးတင်ဝင်းကို အထူးပဲကျေးဇူးတင်လိုက်မိပါတယ်။

ဘာပဲပြောပြော ဟင်းဂလာရွက်အစွမ်းထက်ပုံကတော့ စာရေးသူရဲ့မျက်မြင်ကိုယ်တွေ့မို့ နားကိုက်ဝေဒနာဖြစ်သူရှိခဲ့ရင်တော့ ဒီဆေးနည်းကို ယုံယုံကြည်ကြည်နဲ့ အသုံးချကြည့်ဖို့ မျှဝေတိုက်တွန်းလိုက်ရကြောင်းပါ။

စနေထွန်း (မြင်သား)



www.burmeseclassic.com

www.burmeseclassic.com

ကျိုလိုဒ်ဒေဝက်ပြုရှစ်ကြီးဆဒ်ဗွိုးခုတ်ဆစ်း

# အနောက်တံခါးမှူးမောင်မှူး

## စလင်းမှရှစ်ခုံကျောင်းဆရာ သူကောင်းစမယ်ပုအကြောင်း



ဝက်သိုက်ရွာသည် စလင်းမြို့၏ အနောက်တောင်ဘက်တွင် ရှိသည်။ ဝက်သိုက်ရွာသည် လူညီသည်။ မြန်မာမျိုးကောင်းနွားလှတို့သည် ဝက်သိုက်ရွာတွင် တွေ့ရသည်။ မြန်မာခိုင်းနွားတို့တွင် နွားရွှေနီသည် ဈေးရသည်။ ဝက်သိုက်သည် နွားမွေး၍ကောင်းသော ရေမြေအနေအထားရှိသည်။ အစာရေစာပေါသည်။ ကုန်းမြေဖြစ်၍ နွားများအတွက်လည်း ကောင်းသည်။ ကျွန်ုပ်၏အလိုက်နွားကျောက်နီသည် ဝက်သိုက်ရွာမှဖြစ်သည်။ ကျွန်ုပ်၏မိတ်ဆွေ ဝက်သိုက်ရွာမှ ဖိုးပွားကြီး၏နွားခြံမှ ရခဲ့ပါ၏။

ကျွန်ုပ်တို့၏ အိုးသူကြီးမယ်မှင်မှာ ဝက်သိုက်ရွာနှင့် မနီးမဝေး မောင်ဝက်ကန်ရွာသူဖြစ်လေသည်။ ကျွန်ုပ်၏လယ်လုပ်သားများလည်းရှိသဖြင့် မကြာခဏရောက်ရသည်။ ဖိုးပွားကြီး၏ သားမောင်ဩကြ သူသားရှင်ပြုအလှူကို ဖိတ်ကြားသဖြင့် ကျွန်ုပ်နှင့် ဖိုးထွန်းအင်တို့သည် ပြိုင်လှည်းကလေးဖြင့် ဝက်သိုက်ရွာသို့ သွားရောက်ခဲ့ခြင်း ဖြစ်၏။ အလှူ့ကျေးရွာဓလေ့အရ နံနက်စာကို သုံးဆောင်ကြပြီးသည့်နောက် ဆောင်းနေကလည်းဖြစ်ပြန်၊ လမ်းတွင်ဝင်ရန်ကလည်းရှိသမို့ လမ်းထိုးကလေးမောင်းကာ အသော့နှင်လျက်ရှိပြန်လာကြ၏။အပြန်လမ်းတွင် အရာတော်ဘုရားဝင်ရောက်ဘုရားဖူးကြသည်။ မြန်မာမြို့ပြဖွဲ့စည်းမှုတွင် အတုယူစရာအများရှိသည်။စလင်းမှာ ကျောက်ဆည်ဒေသပြီးလျှင် ဆည်



www.burmeseclassic.com

www.burmeseclassic.com

မြောင်းစနစ်နှင့်လယ်ယာလုပ်ကိုင်သော အရပ်ဖြစ်သည်။ ပုဂံခေတ်ကပင် စတင်၍ မဇ္ဈာဂီရိအရပ်သို့ချိတက်ရာလမ်း ဖြစ်သည်။ ဘိုးတော်ဘုရားလက်ထက်တော်တွင် ကောက်ယူခဲ့သော စလင်းစစ်တမ်းအရ ဓညဝတီသွားရာလမ်းဖြစ်၍ ကင်း (၂)ပွဲ ထားတော်မူသည်။ ဓညဝတီစစ်ကဲ ထောက်လှမ်းအစီရင်ခံရသည်။

လတ္တနက်လူသူစုဆောင်းမှုနှင့် ပတ်သက်သော အခြင်းအရာအဖြစ် ယမ်းဖိုကုန်းရွာ၊ ဗိုလ်ဝင်ရွာ၊ ပန်းဘဲစုရွာ စသည်ဖြင့်ရှိသည်။စလင်းအခြေပြုလျက် ဆင်ကျုံးလည်းရှိခဲ့သည်။ ယင်းခေတ်က ပန်းဘဲစုသည် စိုက်ပျိုးရေး၊ လူမှုသုံးကုန်၊ စစ်မှုလက်နက် ပစ္စည်းတို့ကိုထုတ်လုပ်ပေလိမ့်မည်။ပန်းဘဲစုရွာမှာ ယခုတိုင် ပန်းပဲအတတ်ပညာဖြင့် အလုပ်လုပ်ကိုင်နေသူများ ရှိသည်။ ဒေါက်လှည်းဖိုဟု အမည်တွင်သော တောင်သူလယ်သမားများ မရှိလျှင်မဖြစ်သည့် လှည်းတွင် အရေးပါသော လှည်းဘီးများကို ထုတ်လုပ်ရာတွင် ပန်းဘဲစုရွာမှထုတ်လုပ်သောဘီးများမှာ ကောင်းလှသည်။

ကျွန်ုပ်လှည်းယဉ်၏ လှည်းအိမ်မှာ ဆရှားလက်ရိုက်ရွာမှ ပြုလုပ်သည်။ ပိတောက်သားဖြင့်လုပ်ရာ ရေနံစိမ်းဝအောင်လိမ်းထားသဖြင့် ချိပ်ရောင်သန်းနေသည်။ မောင်ကြာခိုင်၊ မောင်ကြာဆိုင်ဟု အားကစားအရာတွင် နာမည်ကျော်သလို လှည်းဘီးလုပ်ရာတွင်လည်း အလွန်ကောင်းလှလေသည်။ သူတို့ညီအစ်ကိုလုပ်ပေးသောဘီးကို တပ်ဆင်သည်။ ဝင်ရိုးကို သံဖြင့်လုပ်ကာထည့်လိုက်ရာ လှည်ဝင်ရိုးကြံ့ခိုင်မှုမှာ အထူးပြောစရာမရှိပြီ။ နွားများလည်း အပန်းဖြေရင်း သူတို့ဒေါက်လှည်းဖိုသို့ဝင်၍နားကြသည်။ သူတို့ညီနောင်ဒေါက်လှည်းဖို၌ ရပ်နားစဉ် ညီမောင်ဖြစ်သူ ဖိုးထွန်းအင်က စကားဆက်လေသည်။ စကားပြောစဉ် ပန်းပဲဖိုအတွင်း မုန့်လက်ဆောင်းသည် မနန်းစိန်သည် ဝင်လာသဖြင့် မုန့်လက်ဆောင်းကို သုံးဆောင်ရသည်။ အညာဒေသနှင့် မုန့်လက်ဆောင်းမှာ အလွန်သင့်သောအာဟာရ ဖြစ်သည်။ နေ့လယ်နေပူချိန်တွင် လုပ်ငန်းခွင်တွင် ချွေးထွက်သည်။ ချွေးနှင့်အတူ လူ၏ခန္ဓာမှ ဆားဓာတ်၊ သကြားဓာတ်တို့လည်း ပါသွားသည်။ မုန့်လက်ဆောင်းတွင် ထန်းလျက်တွင် သကြားဓာတ်၊ ဆားဓာတ်တို့ပါဝင်ရာ အလွန်သင့်မြတ်သော အာဟာရများ ဖြစ်လေသည်။

မနန်းစိန်၏ မုန့်လက်ဆောင်းမှာ စလင်းတွင် ကောင်းလှပါပေသည်ဟု စလင်းမြို့တွင် ကျော်ကြားလှပေသည်။ ရှမ်းစု၊ ရှမ်းရွာကုန်း၊ ပန်းဘဲစုရွာများတွင် ယွန်း၊ ဂျွန်းစစ်သုံ့ပန်းများကို နေရာချထားခဲ့သည်။ သူတို့နှင့်အတူ ပန်းပဲပညာရှင်၊ ရိုးရာအစားအသောက်တို့ ပါလာလေသည်။ ကျွန်ုပ်တို့မနန်းစိန်ရောင်းသော မုန့်လက်ဆောင်းမှာ စစ်နိုင်သူ မြန်မာများက အပြန်တွင် နည်းနာယူ၍ အိမ်သူသက်ထားတို့အား လက်ဆောင်အဖြစ် မုန့်လက်ဆောင်းအဖြစ် ယူဆောင်လာခဲ့သည်ဟု ယူဆရန် အကြောင်းရှိသည်။ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့တွင် မုန့်လက်ဆောင်း၊ မုန့်စိမ်းပေါင်းတို့ရှိပါသည်။ ထိုအကြောင်းတို့ကို ဖိုးထွန်းအင်အပါအဝင် လူငယ်များကို ပြောပြရသည်။

ယခင်အပတ်က ဆေးသားတင်ရန် အပ်နှံထားသော နွားစာစဉ်းခါးကို ရွေးယူပြီးသည့်နောက် ဒေါက်လှည်းဖိုမှ ထွက်ခဲ့ကြသည်။ နွားများကလည်း အိမ်ပြန်မို့ ခြေသွက်သည်။ ကျွန်ုပ်တို့ ရှမ်းရွာကုန်းရွာအနီး အနောက်ကန်ဆွယ်တိုက် ရုပ်စုံကျောင်းရှေ့ ရောက်သောအခါ စကားပြောကောင်းသော ဖိုးထွန်းအင်က -

"ကျောင်းအမ၊ သူကောင်းမ မယ်ပုလို့ ကြားဖူးပါတယ်။ စလင်းမြို့မှာ ဂုဏ်ယူစရာ ရုပ်စုံကျောင်းကြီးမျိုးတွေကိုတွေ့ရခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ဒီလိုကျောင်းမျိုးကြီးက ဒီနားတစ်ဝိုက်မှာ ရှိခဲ့တာမှာ ဂျပန်တပ်များနားခိုရာ စခန်းဖြစ်ခဲ့လို့ ဗြိတိသျှလေယာဉ်တွေက ဗုံးကြဲဖျက်ဆီးခံရတာပေါ့။ ခုတော့ ဒါပဲ မြို့အနောက်ပိုင်းမှာ ကျန်ပါတော့တယ်"

ဟု ဆိုလေသည်။

ကျွန်ုပ်က -

ဖိုးထွန်းအင်၊ ခင်ဗျားပြော[...] သူကောင်းမ မယ်ပုဆိုတာကိုကော သိ[...] လား"

ဟု မေးရသည်။

သူလည်း မသိချေ။ လက်ရှိဆ[...] တော်က သိချင်မှ သိပါမည်။ သူကော[...] မယ်ပု၏ အဆက်အနွယ်တို့၏ ကော[...] ကြောင့် ဆည်မြောင်းဌာနတွင် အလု[...] လုပ်နေသူ နယ်ပိုင်ဝန်ထောက်အရေးပိုင် ဖြစ်သူများရှိသည်။

ထို့ကြောင့် -

"ဖိုးထွန်းအင်၊ သူကောင်းမ မယ်[...] ရှင်းတမ်းတော့လုပ်ရလိမ့်မယ်။ နော[...] ဒီကျောင်းကြီးအကြောင်းရေးမယ်ဆိုရ[...] မှတ်တမ်းမှတ်ရာမရှိတဲ့အတွက် ပ[...] ဖက်ဆာ အယ်တီဝိုင်တီတို့က လိုရာ[...] တော့မယ်။ အဲဒီတော့ မနက်ဖြန်မန[...] မှာ ကျွန်ုပ်တို့မှတ်တမ်းမှတ်ထားစို့"

ဟု ဆော်ဩရပါသည်။ အဘယ်[...] ကြောင့်ဆိုသော် တစ်နေ့သောအခါ[...] မင်းဘူးမင်းသော်ဟု အမည်ရှိသော[...] သုတေသီသည် ကျွန်ုပ်တူအရင်းတ[...] ခင်မင်လှသည်ဖြစ်၍ မကြာခဏလာ[...] ရောက်သောသူတစ်ဦးက လယ်ကိုင်း[...] ဘုန်းကြီးကျောင်းများကို လေ့လာရာ[...] ဦးအန်ထော်နီဆောက်ခဲ့သည်ဟုပြောရာ[...] တွင် ဦးအန်ထော်နီသည် ဘိုးဘွားမျာ[...] တည်ဆောက်ခဲ့သော ကျောင်းကန်[...] ဘုရားများကို ပြုပြင်ကြောင်း၊ တောင်ဦး[...] ကျောင်းကို ဆောက်လုပ်လှူသည်မှာ မှန်ကန်သည်ဟု ရှင်းပြရပါသည်။ သို့အတွက် နောင်လူငယ်တို့ကို ဗဟုသုတဖြန့်ဖြူးမည့် တူသားလို ခင်မင်သော ကျွန်ုပ်က စတိုမောင်သော်ဟု ချစ်မြတ်နိုး[...] ၍ ခေါ်သည့် မင်းဘူးမောင်သော်ကိုပ[...] ရှင်းပြလိုသောကြောင့် ဖိုးထွန်းအင်တို[...] ချိန်းဆိုခြင်း ဖြစ်၏။

**အင်းဝခေတ်**

| | | | | |
|---|---|---|---|---|
| ၁ | မဟာသမန်း | ဦးရည်မှန် | | စလင်းမြို့သူကြီး |
| ၂ | မဟာသမန်း | ဘိုးဘုံ | (ဦးရည်မှန်၏သား) | စလင်းမြို့သူကြီး |
| ၃ | မဟာသမန်း | ဘိုးပေါ | (ဦးဘုံ၏သား) | စလင်းမြို့သူကြီး |
| ၄ | မဟာသမန်း | ဘိုးစံအောင် | (ဦးပေါ၏သား) | စလင်းမြို့သူကြီး |

**ကုန်းဘောင်ခေတ်**

| | | | | |
|---|---|---|---|---|
| ၅ | မဟာသမန်း | ဘိုးဒွန်း | (ဦးစံအောင်၏ ညီ) | စလင်းမြို့သူကြီး |
| ၆ | မဟာသမန်း | ဘိုးအေး | (ဦးစံအောင်၏ သား) | စလင်းမြို့သူကြီး |
| ၇ | မဟာသမန်း | ဘိုးကော်ဇံ | (ဦးအေး၏ သား) | စလင်းမြို့သူကြီး |
| ၈ | မဟာသမန်း | ဘိုးစံဝင်း | (ဦးကော်ဇံ၏ သား) | စလင်းမြို့သူကြီး |
| ၉ | မဟာသမန်း | ဦးညို | (ဦးတိုး၏ သား) | စလင်းမြို့သူကြီး |



www.burmeseclassic.com

www.burmeseclassic.com

ဘိုးစံအောင် — မယ်မိ

ဦးအေး (စလင်းစစ်တမ်းပြုစုသူ)

ဦးအေး — မယ်ဘန်ဒါ (ဒုတိယအိမ်ထောင်)

၁။ ဘိုးကော်ဇံ၊ ၂။ မယ်ရှင်၊ ၃။ မယ်နှင်း၊ ၄။ ဘိုးချင်း၊ ၆။ ဘိုးစံဝင်း၊ ၆။ မောင်ရန် ကင်း၊ ၇။ မမင်းပျို

ဘိုးစံဝင်း — ဇနီး မယ်ပုံ

၁။ မောင်ခိုင် ခေါ် ဦးစံခိုင်၊ ၂။ မောင်စုံ ခေါ် ဦးကျော်ဇလှ၊ ၃။ မယ်မင်းပျို

ဘိုးစံခိုင် — ဇနီး မရေး (ကိုးဆောင်တိုက်အုပ် ကျောင်းဒါယကာများ)

၁ ဘိုးရွှေဥ — ဇနီး မယ်ပြုံ (မိတ္ထီလာမိဖုရားတူမ)
၂ ဘိုးငွေဥ — ပထမအိမ်ထောင် မယ်အုဘော်
ဒုတိယအိမ်ထောင် မယ်မိတ်တိန်

ဘိုးကျော်ဇလှ — ဇနီး မယ်ကေး

၁ မောင်ကျောက်ခဲ — ဇနီး မယ်ခဲ (သားသမီးမရှိ)
၂ မယ်မိတ်တိန် — လင် ဘိုးငွေဥ (ကိုးဆောင်ပထမရွှေကျောင်းဒါယကာ)
၃ ဦးတိုး
၄ မယ်နှိုင်
၅ ဘိုးနှောင်း
၆ မောင်ကျောက်ခဲ

မယ်မိတ်တိန် — ဘိုးငွေဥ (ကိုးဆောင်ရွှေကျောင်းဒါယကာ/ဒါယိကာမများ)

၁ မယ်ပု (အနောက်ကံဆွယ်တိုက်ရုပ်စုံကျောင်းဒါယိကာမ) ၂ မယ်တု (စလင်းမြို့သူကြီးဦးညိုဇနီး)

မယ်ပု — ပထမအိမ်ထောင် ဦးဆိုင် သားသမီးမရှိ
မယ်ပု — ဒုတိယအိမ်ထောင် ဦးပိုက်

ဦးချင်း (ကိုးဆောင်ငါးစင်တိုက်နှင့် သိမ်ဘုရားဒါယကာ) မယားမယ်အို (သားသမီးမရှိ)

နောက်တစ်နေ့မနက်ပိုင်း နေထန်း ...စ်များခန့်တွင် ရွှေကျင်ခတ်ပဝါခေါင်း ...င်းနှင့် ကျောင်းဒကာရွှေ၊ မေမန်းရိုး ...ည်၍သက္ကလပ်အပေါ် အင်္ကျီနက်ပြာ၊ ...ဖောင်တိန်နှင့် မှတ်တမ်းရေးပေးသူ ...တရင်းအင်စပိတ်တော်ကြီး ဦးသာ ... မေးမြန်းစူးစမ်းသည့် ဖိုးထွန်းအင် ...သည် ကျွန်ုပ် သီလခံယူပြီး အမိဋ္ဌာန် ...စိပ်အပြီးတွင် စကားဝိုင်းကြတော့ ...ည်။ ကျွန်ုပ်၏ ဇနီးသူကောင်းမကြီး ...သည်း စားဖွယ်စုံလင်တို့ကို အိုးသူကြီး ...မှင်နှင့်တိုင်ပင်၍တည်ခင်းလေသည်။

ကျွန်ုပ်ကပင် စကားစရသည်။

"စလင်းမြို့အနောက်ပိုင်း ရှမ်းရွာ ကုန်းရွာထိပ်ရှိ ရုပ်စုံကျောင်းဒါယကာ များကို လေ့လာရှာဖွေရာမှာ သူကောင်း ဦးလူကြီးစာစု၊ သူကောင်းဦးထွားကြီးစာ စုတို့အပြင် ကျွန်ုပ်ရဲ့ ဆွေစဉ်မျိုးဆက် ဇယားတို့ကို အခြေပြုပြီး ပြုစုကြမှာ ဖြစ် ပါတယ်"

ဟု ပြောရပါသည်။

"အနောက်ကန်ဆွယ်တိုက်က ရုပ် စုံကျောင်းကြီးဟာ လက်ရာကောင်းပါ တယ်။ တစ်ဆက်တည်း လေ့လာရင် ကိုးဆောင်တိုက်အတွင်းက ကျောင်း သစ်ကြီးလို့အခုခေါ် နေတဲ့ ကိုးဆောင်ရွှေ ကျောင်းဒါယကာ မဟာသမန်းဆက်ထဲ က ဘိုးငွေဥ၊ မယ်မိတ်တိန်တို့ကောင်းမှု ပြုခဲ့ကြတဲ့ ကျောင်းသစ်ကြီးက လက်ရာ များနဲ့ အတော်တူပါတယ်"

ဟု ဖိုးထွန်းအင်က ပြောပြလေ သည်။

ဖိုးထွန်းအင်၏ မိခင် အမေစော မှာ ဆွေစဉ်မျိုးဆက် မှတ်သားချက်များ ကို သူ့သားများကို ပြန်လည်ပြောပြလေ့ ရှိရာ ဖိုးထွန်းအင်ပြောလျှင် အမှန်များပါ



www.burmeseclassic.com

www.burmeseclassic.com

သမီး-စောဒေါ

# သဘောစေ့လေး ခုနစ်စေ့

မသန့်ရှင်းသောအစာကိုစားမိလို့ပဲဖြစ်ဖြစ်၊ မသန့်ရှင်းသောလက်ဖြင့်အစာစားမိလို့ပဲဖြစ်ဖြစ် သန်ကောင်ကတော့ နည်းမျိုးစုံနဲ့ ခန္ဓာကိုယ်ထဲကို ဝင်ရောက်ဒုက္ခပေးနေတာအမှန်ပါပဲ။ ယခုအခါမှာ ခေတ်မီသန်ကျဆေးမျိုးစုံ ပေါ်ထွက်လို့နေပါပြီ။ သို့ပေမယ့် ဗမာ့ဆေးနည်းကောင်းများကိုမှ ကြိုက်နှစ်သက်ကြသူ များစွာရှိလို့နေပါသည်။ သန်ကျစေသော ဗမာ့ဆေးနည်းများ အများအပြားရှိပါသည်။ စာရေးသူမှ အသုံးပြုရလွယ်ကူသော သန်ကျဆေးနည်းတစ်မျိုးကို ဖော်ပြလိုပါသည်။ စာရေးသူ၏ဘွားလေးတော်စပ်သူ ဘွားလေးတင်မှ ပြောပြပေးသောဆေးနည်း ဖြစ်ပါသည်။

တစ်ရက်တွင် အဒေါ်တို့အိမ်မှာ အလှူလုပ်တော့ စာရေးသူတို့ သွားရောက် လုပ်ကိုင်ကူပေးကြပါသည်။ ဘုန်းကြီးငါးပါး ဆွမ်းကပ်ရန်အတွက် ဆွမ်းပွဲများပြင်ဆင်ပြီးနောက် အချိုပွဲအတွက်ပြင်ဆင်ရာတွင် ပန်းသီး၊ လိမ္မော်သီးနှင့် ပန်းသစ်တော်သီးအပြင် သဘောသီးလည်း ပါဝင်ပါသည်။ စာရေးသူမှ သဘောသီးကို အခွံသင်ပြီး အလယ်မှ ထက်ခြမ်းခြမ်းကာ အစေ့များဖယ်ထုတ်နေတာကို ဘွားလေးတင် မြင်တော့-

"ငါ့သမီးသဘောစေ့ထုတ်နေတာမြင်တော့ သဘောစေ့အသုံးဝင်ပုံကိုပြောပြရဦးမယ်။ အဘွားတို့ငယ်ငယ်က ဗိုက်ထဲမှာ သန်ရှိရင် သဘောစေ့စားရတယ်။ အခုထိလည်း သန်ရှိတဲ့ကလေးတွေ့ရင် ဒီနည်းကိုပေးတုန်းပဲ။ ဗိုက်ထဲမှာ သန်ရှိနေလို့ကတော့ အထွေးလိုက်ကျတာပါပဲကွယ်"

ဟု ပြောပြတော့ စာရေးသူလည်း စိတ်ဝင်စားသွားပြီး -

"သဘောစေ့စားတာတော့ ဟုတ်ပါပြီ။ ဘယ်နှစေ့လောက် စားရမှာလဲ ဘွားလေးရဲ့"

ဟု မေးတော့ ဘွားလေးမှ-

"အများကြီးစားစရာမလိုဘူး။ ခု[...]
စေ့ပဲစားရမှာ။ သဘောစေ့ချည်းသ[...]
သက်ကျွေးလို့ ကလေးတွေ မစားမှ[...]
ရင် သဘောသီးစိတ်ထဲကို အစေ့ေ[...]
တွေမြှုပ်ပြီးကျွေး။ ခုနစ်စေ့ပြည့်ရင်[...]
သဘောစေ့ ဆိုတာ အစေ့အောင်[...]
အမည်းလေးတွေကို ပြောတာနော်။ [...]
ဖြူလေးတွေကို ပြောတာ မဟုတ်ဘူ[...]
တစ်ယောက်နဲ့ တစ်ယောက်ကတေ[...]
သန်ကျချိန်ချင်း မတူဘူးပေါ့ကွယ်၊ [...]
တစ်ယောက်က ဒီနေ့စားပြီး နောက်[...]
ကျပေမယ့် နောက်တစ်ယောက်က ထ[...]
ရက်၊ နှစ်ရက်နေမှကျတာလည်းရှိတယ်"

ဟု စားပုံစားနည်းကို သေ[...]
ပြောပြပေးပါသည်။

ကဲ - အခုတော့ အမိုက်ထဲက[...]
ဆိုသလိုပါပဲ။ လွှင့်ပစ်တတ်ကြတာ[...]
တဲ့ ဒီသဘောစေ့ဟာ ကလေးတွေဗိုက်[...]
ထဲကသန်ကောင်ကို ကျစေနိုင်တယ်[...]
တော့ လိုအပ်သူ မိဘများ အသုံးပြု[...]
အောင် ရေးသား တင်ပြအပ်ပါသည်[...]

စိတ်ရှည်စွာဖြင့်ပြောပြပေးပါသော[...]
ဘွားလေးတင်အား ဤစာမူဖြင့် ဂါရဝ[...]
ပါသည်။

သမီး-စောဒ[...]

---

သည်။

ဖိုးထွန်းအင်ပြောသော ဘိုးငွေဥနှင့် မယ်မိတ်တိန်တို့မှာ -

စလင်းတောင်လက် မြို့သူကြီး မဟာသမန်းဘွဲ့ခံ ဦးစံခိုင်၊ ဇနီးမယ်ရေးတို့သား ဖြစ်ပါသည်။ မြို့သူကြီးဦးစံခိုင်သည် ယခု လူအများက ခံတပ်ကျောင်းဟု ပြောကြသော ကိုးဆောင်တိုက်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းကြသူများ ဖြစ်ကြပါသည်။ ဦးစံခိုင်နှင့်ပတ်သက်၍ ပြောရသည်။ တစ်ဆက်တည်း မဟာသမန်းဘွဲ့ရ စလင်းတောင်အာက်လက်ရိုးမြို့သူကြီးများကိုပါ နောင်လာနောက်သား လူငယ်များသိစေလိုသဖြင့် -

ဖိုးထွန်းအင်ကို မဟာသမန်းဘွဲ့ခံ စလင်းမြို့သူကြီးများကို မှတ်သားရန် ပြောပြရသည်။ အင်စပိတ်တော် ဦးသာဒွန်းဦးသည် မှတ်တမ်းတင်လျက်ရှိရာမှ-

"ဝန်ထောက်မင်းခင်ဗျား၊ ခုလိုမှတ်တမ်းပြုစုရတာကို ဝမ်းမြောက်ပါတယ်။ ဆွေစဉ်မျိုးဆက်ဇယားများကိုဘယ်လိုရပါသလဲခင်ဗျာ"

ဟု ဆိုလေသည်။

"သူကောင်းဦးထွားကြီးစာစုထဲမှာ မဟာသမန်းရိုးနဲ့ မြေတိုင်သူကြီးရိုး မဟာဘတ္တရာဇာတို့ စလင်းမြို့သူကြီးအရာကို လုကြတော့ နေပြည်တော်ကို တင်ပြရတဲ့ မှတ်တမ်းတွေထဲမှ ရတာပါ"

ဟု ဖြေရပါသည်။

"ဦးပေါက ကိုးဆောင်တိုက်ကို စတင် တည်ဆောက်လှူပါတယ်။ ဦးပေါ်ရဲ့သား ဦးစံအောင်က ဟံသာဝတီဖါမင်းလက်ထက် အရေးတော်မှာ ဘုရင့်ထံပါးမှာ အနီးကပ်ခစားရတော့ ဟံသာဝတီကို မင်းမိဖုရားများနှင့်အတူ လိုက်ပါသွားရပါတယ်။ မင်းမိဖုရားများကို ဖျောက်တော့ ဦးစံအောင်လည်း သူ့အရှင်သခင်များနဲ့အတူ အသက်ဆုံးရတာပေါ့"

ဟု ရှင်းပြရသည်။

စလင်းမြို့သူကြီး၊ လယ်ကိုင်းမြို့သူကြီး၊ လောင်ရှည်မြို့သူကြီး၊ ကူနီရွာသူကြီးများတွင် အချို့မှာမြို့သူကြီးအရာကို ထမ်းဆောင်စေကာမူ မိမိခန့်ထားသော မြို့ရွာတို့ နေထိုင်ရခြင်းများ မပြုရ။ နေပြည်တော်တွင် နန်းတွင်း၌ ဘုရင့်ထံပါးတွင် လူယုံတော်အဖြစ် ခစားကြရသည်။

မိမိနယ်မြေကို အစီရင်ခံကြီးက [...]
သူကြီးကိုယ်စား တာဝန်ယူဆောင်ရွ[...]
ပေးရသည်။မယ်ပုရဲ့ မိဘဘိုးဘွားမျာ[...]
ဖော်ထုတ်ကြရလျှင် -

"ကျောင်းအမ မယ်ပုက ချမ်းသာ[...]
ပါတယ်။ သားတစ်ဦးသာ ထွန်းကား[...]
တယ်။ သားဦးချင်းကလည်း အသုံးအ[...]
ဖြုန်းမရှိပါဘူး။ သူ့ဇနီး သူကောင်း[...]
မယ်အိုတို့မှာ သားသမီးမရှိပါဘူးလို့ သိ[...]
ပါတယ်။ ကုသိုလ်ကောင်းမှုလုပ်တဲ့အ[...]
မှာ သူများသားသမီးကို မိမိသားချ[...]
သမီးရင်းပမာထား၍ ပညာသင်ကြာ[...]
ပေးသည်။ သူကောင်းမမယ်အိုက သာ[...]
သမီးများအဖြစ် ပြုစုခဲ့တဲ့သူများဟာ[...]
ဆည်ဘက်နယ်ဘက်တွေမှာ အောင်မြ[...]
စွာ ဝန်ထောက်အရေးပိုင်အထိ တာဝ[...]
ထမ်းဆောင်နိုင်ခဲ့ပါတယ်"

ဟု ပြောပြီး သူကောင်းမယ်[...]
အကြောင်းကို အဆုံးသတ်လိုက်ရ[...]
သည်။

၁ - ဘိုးစံအောင်မှာ ဟံသာဝတီ[...]
ဖါမင်းလက်ထက် မွန်အရေးတော်ပုံတ[...]
တိုက်ပွဲ၌ကျဆုံးသည်။ စလင်းသူကော[...]
ဘိုးထွားကြီး စာစု

အနေဘက်တံခါး[...]



www.burmeseclassic.com

www.burmeseclassic.com

# ကြွက်နို့ပျောက်ကြောင်း နည်းလမ်းကောင်း

မကြာသေးမီ ရက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သက်ခုပ်ကုန်းကျေးရွာမှာ နေထိုင်သော ကျွန်တော်၏ အစ်မကြီး ဒေါ်မြင့်မြင့်သန်းတစ်ယောက် မြန်အောင်မြို့ရှိ မိခင်ကြီးကို ဝါကျွတ်ကာလ ကန်တော့ရန် ရောက်ရှိလာခဲ့ပါသည်။

ရောက်ရှိစဉ်ကာလအတွင်း မိခင်ကြီးနှင့် မောင်၊ ညီမများ စကားလက်ဆုံပြောဖြစ်ကြပါသည်။ ကျွန်တော်တို့၏ မိခင်ကြီး ဒေါ်အုန်းမြင့်က အသက်(၈၁) နှစ်၊ အစ်မကြီးက အသက် (၆၂) နှစ်ရှိပါပြီ။ အစ်မကြီးက သူငယ်ဘဝအကြောင်း ပြန်ပြောင်းပြောဆိုရင်း အစ်မကြီးပြောပြသည်များမှ သူရဇ္ဇ၏ စာဖတ်ပရိသတ်များ အကျိုးဖြစ်စေမည့် အကြောင်းထူးတစ်ရပ် ပါရှိလာသဖြင့် ယခုကဲ့သို့ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

အစ်မကြီးဒေါ်မြင့်မြင့်သန်း တက္ကသိုလ်ဝင်တန်းကျောင်းသူဘဝ အသက် (၁၇) နှစ်အရွယ်ခန့်က သူ၏ လက်နှစ်ဖက်စလုံးတွင် ကြွက်နို့များ မြင်မကောင်းအောင်ပေါက်ခဲ့ပါသည်။ လှချင်ပချင်သည့်အရွယ်၊ ကျောင်းတက်နေသည့်ကာလဖြစ်သည်မို့ လူရှေ့သူရှေ့တွင် လက်နှစ်ဖက်ကို အများမြင်သာထင်သာအောင်မထုတ်ရဲ။ အင်္ကျီလက်ရှည်ရှည်ကို အမြဲဝတ်ဆင်နေရသည်။ မိဘများကလည်း ဆေးဝါးမျိုးစုံ၊ ဆရာပေါင်းစုံနှင့် ကုသပေးသော်လည်း ပျောက်ကင်းသက်သာခြင်း မရှိခဲ့။

အစ်မကြီး ကြွက်နို့ပေါက်သည့်အကြောင်းပြောတော့ သူရဇ္ဇမဂ္ဂဇင်းတွင် ကျွန်တော်တစ်ခါက ရေးခဲ့သည့် 'ပိန်းရိုးသုတ်ကြွက်နို့ပြုတ်' ဆေးမြီးတိုနည်းကို သတိရမိလိုက်သေးသည်။ ယခု အစ်မကြီး ပြောပြသည့် ကိုယ်တွေ့နည်းက ခံစားနေရသည့်ဝေဒနာပျောက်ကင်းသည့်အပြင် တရားသံဝေဂရစရာအကြောင်းလည်း ပါဝင်ပါသည်။

❐

တစ်နေ့ အစ်မကြီး ကျောင်းမှအပြန် တာလမ်းမကြီးတစ်လျှောက် ငိုရင်းပြန်လာပါသည်။ မြန်အောင်အထကနှင့် အစ်မကြီး နေထိုင်သည့် အမှတ်(၁)ရပ်ကွက် ဇရာသီတာလမ်းက တစ်မိုင်ခန့် ဝေးသည်။ အတန်းထဲမှ ကျောင်းသားအချို့က လက်မှာပေါက်နေသော ကြွက်နို့များကို အကြောင်းပြု စနောက်လိုက်၍ ရှက်ရှက်နှင့် လမ်းတစ်လျှောက် တရှုပ်ရှုပ်နှင့်ငိုရင်းပြန်လာခြင်း ဖြစ်ပါသည်။

တာလမ်းမကြီး၏ ရင်ကွဲဇရပ်အရောက်တွင် ဇရပ်ပေါ်ထိုင်နေသော အဘိုးတစ်ဦးက လှမ်းခေါ်သဖြင့် ခေတ္တဝင်ထိုင်လိုက်ပါသည်။ အဘိုးက အစ်မကြီးငိုရသည့်အကြောင်း မေးမြန်းသည့်အခါ အစ်မကြီးက ဖြစ်ကြောင်းကုန်စင်ပြောပြရင်း ငိုနေပါသည်။

အစ်မကြီး၏ ဖြစ်အင်ကို သိရသည့်အခါ အဘိုးက ကြွက်နို့ပျောက်မည့် နည်းလမ်းကောင်းတစ်ရပ်ကို အစ်မကြီးအား သေသေချာချာပြောပြပြီးလုပ်ဖြစ်အောင်လုပ်ရန် တိုက်တွန်းပါသည်။ အဘိုးပြောပြသောနည်းကို သေချာမှတ်သားပြီးနောက် အစ်မကြီးမျက်နှာတွင် မျှော်လင့်ချက်ရောင်ခြည်များသန်းလျက် အငိုတိတ်ခဲ့ရတော့သည်။ နေအိမ်သို့ရောက်သည့်အခါ မိခင်ကြီးကို ဝမ်းသာအားရစွာ ပြန်ပြောပြခဲ့ပါသည်။

ထိုမှ ဆယ်ရက်ခန့်အကြာတွင် ရပ်ကွက်ထဲမှ ဒေါ်ပုစိန်နာရေးကို အမေနှင့်အတူ အစ်မကြီးပါ လိုက်ပါပို့ဆောင်ပါသည်။ ဒေါ်ပုစိန်၏ ရုပ်အလောင်းကို သုသာန်တွင် မြေမြှုပ်သင်္ဂြိုဟ်ပါသည်။ ထိုအချိန်ကာလတုန်းက လူသေလျှင် မြေမြှုပ်သင်္ဂြိုဟ်ကြသည်က အများစုဖြစ်သည်။ ထင်းတုံး၊ နံ့သာတုံးများနှင့် မီးသင်္ဂြိုဟ်သည်က အနည်းစုမျှသာ။ ယနေ့ခေတ်ကာလကဲ့သို့ မီးသင်္ဂြိုဟ်စက်များ မရှိသေးသည့် ကာလဖြစ်ပါသည်။

ဒေါ်ပုစိန်၏ ရုပ်အလောင်းအား မြေမြှုပ်သင်္ဂြိုဟ်ချိန်တွင် အမေနှင့် အစ်မကြီးက ကျင်းနှုတ်ခမ်းဘေးတွင် ဒူးထောက်ထိုင်လိုက်ကြသည်။ ထို့နောက် အစ်မကြီးက အင်္ကျီလက်ကို မ,တင်၍ လက်နှစ်ဖက်တွင်ပေါက်နေသောကြွက်နို့များကို တစ်ဖက်ပြီးတစ်ဖက်လက်နှင့် သပ်ချသည်။ လက်နှင့်သပ်ချရင်းမှ-

"ဒေါ်လေး ဒေါ်ပုစိန်၊ သမီးလက်မှာ ပေါက်နေတဲ့ ကြွက်နို့များကို တစ်ခါတည်းယူသွားပေးပါ၊ သမီးခါချလိုက်ပါပြီ။ ဒေါ်လေးယူသွားပေးပါ'

ဟု သုံးကြိမ်သုံးခါပြောသည်။ ပြီးလျှင် ဘေးနားရှိ မြေကြီးခဲနှစ်ခဲ၊ သုံးခဲကို ကျင်းထဲသို့ ပစ်ထည့်လိုက်ပါသည်။ ထို့နောက် သားအမိနှစ်ဦး သင်္ချိုင်းကို လုံးဝလှည့်မကြည့်တော့ဘဲ နေအိမ်သို့ တန်းပြန်လာခဲ့ကြတော့သည်။

နောက်လေးရက်ခန့်အကြာတွင် အစ်မကြီးလက်နှစ်ဖက်မှာ ပေါက်နေသော ကြွက်နို့များ လုံးဝ ပျောက်ကင်းသွားပါသည်။ ထူးခြားဆန်းကြယ်စွာ ကြွက်နို့များ ပျောက်ကင်းသွားသည့်အတွက် လှချင်သော အစ်မကြီးက သူ၏ ထိုနေ့က ရရှိခံစားခဲ့ရသော ဝမ်းသာပျော်ရွှင်မှုကို ယနေ့ထက်တိုင် မမေ့နိုင်သေးကြောင်း ပြောပြပါသည်။

နည်းလမ်းကား ဤမျှသာ ဖြစ်ပါသည်။

ကြွက်နို့ပေါက်နေပါက သောကရောက်စရာမလို။ ငွေကြေးကုန်ကျခံရန်မလိုပါ။ မြေမြှုပ်သင်္ဂြိုဟ်မည့် ကျင်းနှုတ်ခမ်းဘေးတွင်ထိုင်ပါ။ ကြွက်နို့ပေါက်နေသည့်နေရာကို လက်နှင့်သပ်ချပါ။ ကျွန်တော်/ကျွန်မမှာ ပေါက်နေသည့် ကြွက်နို့များကို တစ်ပါတည်း ယူသွားပေးပါ။ ခါချလိုက်ပါပြီ။ ယူသွားပေးပါဟု သုံးကြိမ်အနည်းဆုံးအသံထွက်ပြောပါ။ ပြီးလျှင် နောက်ပြန်လှည့်မကြည့်ဘဲ နေအိမ်သို့ တန်းတန်းမတ်မတ်ပြန်လာခဲ့ပါ။

ကျွန်တော်၏ အစ်မကြီး ဒေါ်မြင့်မြင့်သန်း၏ ပျောက်ကင်းခဲ့သော နည်းလမ်းကောင်းတစ်ရပ် ဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါ သည်။

နေဝင်းဝင်း (လွန်ဆေး)



www.burmeseclassic.com

www.burmeseclassic.com

**သတ္တဝါများ** သေခြင်းတွင် သေခြင်းအကြောင်းတရား လေးပါး ရှိသည်။ ထိုသေခြင်းအကြောင်းတရား လေးပါးတို့မှာ -

၁။ **သက်တမ်းကုန်၍သေခြင်း၊**
၂။ **ကံအစွမ်းကုန်၍သေခြင်း၊**
၃။ **အသက်၊ ကံ နှစ်ပါးစုံကုန်၍ သေခြင်း။**
၄။ **ကံဖြစ်ပါးက ဖြတ်သတ်၍ သေခြင်း၊**

**လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သေ တော့မည်ဟုဆိုလျှင်** သေခါနီး နာရီဝက် လောက်အလိုမှာပင် နောက်ဘဝသစ်၌ မည်သည့်ဘဝမျိုး ရရှိမည့်အကြောင်း ကြိုတင်၍ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဟူသော အာရုံသုံးမျိုးတွင် တစ်မျိုးမျိုး ထင်လာတတ်ပါသည်။

ကံ ဆိုသည်မှာ ပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ် (စေတနာ) ဖြစ်သည်။

ကမ္မနိမိတ်ဆိုသည်မှာ ထိုကုသိုလ်၊ အကုသိုလ်ပြုလုပ်စဉ်က တွေ့ကြုံသုံးစွဲ ပြုလုပ်ခဲ့သောအာရုံများ ဖြစ်သည်။

ဂတိနိမိတ် ဆိုသည်မှာ သေပြီး နောက် ရောက်မည့်ဘဝ၌ တွေ့ကြုံခံစား ရမည့်အာရုံများ ဖြစ်သည်။

ထိုသေခြင်းလေးမျိုးရှိသည့်အနက် နံပါတ်တစ်၊ နှစ်၊ သုံးတွင် ဖော်ပြခဲ့သော သေခြင်းများဖြင့် သေဆုံးကြရလျှင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ အာရုံတွင်ထင် လာတတ်ကြသော်လည်း နံပါတ်လေး သေခြင်းဖြစ်သော ကံတစ်ပါးက ဖြတ် သတ်၍သေခြင်းဆိုသော ဥပစ္ဆေဒကကံ ဖြင့်သေသော ရေနစ်၍ သေဆုံးခြင်း၊ ကား-ရထား-ဆိုင်ကယ်တိုက်မိ၍ လည်း ကောင်း, မှောက်၍ လည်းကောင်း သေ ဆုံးခြင်း၊ တုတ်, ဓား, လှံ, သေနတ်ထိ မှန်၍သေဆုံးခြင်း၊ အမြင့်မှလိမ့်ကျ၍ သေဆုံးခြင်း၊အိမ်ပြိုအိမ်ပိ၍သေဆုံးခြင်း၊ အဆိပ်ပြင်းသောသတ္တဝါကိုက်ခဲခြင်းခံ ရ၍ သေဆုံးခြင်း၊ ကြိုးဆွဲချ, အဆိပ် သောက်၍သေဆုံးခြင်း စသည့် ရုတ်တ ရက် သေဆုံးကြရသူတို့မှာ ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် စသည့် နိမိတ်များ အာရုံတွင် ထင်လာနိုင်ရန် အချိန်မရကြ ၍ အာရုံတွင်မထင်နိုင်ကြပေ။ သို့သော် ဥပစ္ဆေဒကကံဖြင့် ရုတ်တရက် သေဆုံး ကြရသူတို့သည် မသေမီအချိန်တွင် သူ တို့စိတ်အစဉ်၌ စွဲလမ်းနေသော စိတ် ဇောအရှိန် (အသန္တဇော) ဖြင့် စွဲလမ်း နေသည့် အလုပ်အကိုင်၊ သားမယား၊ အိမ်ရာ၊ နေရာဒေသ၊ကျောင်းကန်ဘုရား စသည့်နေရာများသို့ ချက်ချင်း၊ရောက် သွားတတ်ကြလေသည်။ ရောက်သွား ကြသည့်ပုံသဏ္ဌာန်များမှာ အသက်ထင် ရှားရှိသည့် လူသဏ္ဌာန်အတိုင်း ရော ရှိသွားကြခြင်း ဖြစ်သည်။ အဝေးတစ်နေ ရာတွင် ရုတ်တရက် သေဆုံးသွား သည် သူစိတ်စွဲလမ်းရာနေရာသို့ ရော ရှိသွားကြချိန်တွင် သေဆုံးသွားသ ပုဂ္ဂိုလ်အား မြင်တွေ့ကြရသူများမှာ ပုဂ္ဂိုလ်သေဆုံးသည်ကို မသိရှိကြရသေ ၍ ထိုသေဆုံးသူ သက်ရှိထင်ရှား သဏ္ဌာန်အတိုင်း မြင်တွေ့ကြရခြင်း ဖြ လေသည်။

ထိုသေဆုံးသွားသူ၏ဝိညာဉ်ခေါ် ရမည်လား၊ လိပ်ပြာဟုခေါ်ရမည်လာ သေဆုံးသူ၏သက်ရှိလူသားအသွင် မြ တွေ့ကြရသော အဖြစ်အပျက်များမှာ မြန်မာနိုင်ငံရှိ အရပ်ဒေသအသီးသီးတွင် အများအပြားရှိလေသည်။ထိုကဲ့သို့သော အဖြစ်အပျက်များစွာထဲမှ အံ့ဩဖွယ်ဖြစ် ပျက်ခဲ့သော ဖြစ်ရပ်မှန်အဖြစ်အပျက် အား ရေးသားလိုက်ရပါသည်။

❐

ရခိုင်ပြည်နယ်၏မြို့တော် ဖြစ် သော စစ်တွေမြို့မှာ ရေလမ်း၊ ကုန်းလမ်း လေကြောင်းဆုံရာ အချက်အချာကျ သော ပြည်နယ်၏ မြို့တော် ဖြစ်သည်။ ရခိုင်ပြည်နယ်သည် ရေလမ်းခရီးအများ

(ဘူးသီးတောင်)

# မင်းမြင့်နိုင်

## အသန္တဇော






www.burmeseclassic.com

www.burmeseclassic.com

ဆိုးပြည်နယ် ဖြစ်၏။ ရခိုင်ပြည်နယ်အတွင်းရှိကြသောမြို့များဖြစ်သည့် ရသေ့တောင်မြို့၊ ဘူးသီးတောင်မြို့များသို့သွားသော ရေကြောင်းလမ်း၊ ပုဏ္ဏားကျွန်းမြို့၊ မြောက်ဦးမြို့သို့သွားသော ရေကြောင်းလမ်း၊ စစ်တွေမြို့မှ ပေါက်တောမြို့၊ မြေပုံမြို့၊ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့၊ တာန်အောင်မြို့နှင့် တောင်ကုတ်မြို့များသို့ နေ့စဉ်သော် လည်းကောင်း၊ အပတ်စဉ်သော်လည်းကောင်း ပြေးဆွဲနေသော မြန်မာနိုင်ငံ ရေကြောင်းပို့ဆောင်ရေးတော်ပိုရေးရှင်းပိုင်သင်္ဘောများဖြစ်သော ညေဝတီတစ်၊ နှစ်၊ သုံးအမည်ရှိသင်္ဘောများနှင့် အောင်တံခွန် တစ်၊ နှစ်၊ သုံး၊ လေး၊ ငါးသင်္ဘောများဖြင့် ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေးသည်။ ထိုသင်္ဘောများမှာ နှစ်ထပ်သင်္ဘောများဖြစ်သည်။ ပုဂ္ဂလိကပိုင်သင်္ဘောမော်တော်၊ ပဲ့ထောင်စက်လှေနှင့် ရှပ်ပြေးရေယာဉ်များဖြင့်လည်း ပြေးဆွဲ ပို့ဆောင်ပေးလေသည်။

စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက်တွင် နေထိုင်သော ထွန်းထွန်း ဆိုသူသည် အသက် (၂၁) နှစ်ခန့်ရှိပြီး ဘွဲ့ရလူငယ်တစ်ယောက် ဖြစ်၏။ ထွန်းထွန်းမှာ ဇနီး ခင်ဇာသော်နှင့် လေးလအရွယ် သမီးငယ်လေးရှိပြီး ဇနီး၏မိခင်ဖြစ်သူ ဒေါ်လှလှနွယ်တို့အိမ်တွင် ယောက္ခမများနှင့်အတူ နေထိုင်ကြလေသည်။ ထွန်းထွန်းသည် ခေတ်လူငယ်တစ်ဦးဖြစ်သော်လည်း အသောက်အစား၊လောင်းကစားကင်းရှင်းပြီး အပျော်အပါး မလိုက်စားသူ၊ အေးဆေးရိုးသား၍ လူတိုင်းနှင့် သင့်တင့်အောင် ဖပေါင်းသင်းနေထိုင်သောကြောင့် လူချစ်လူခင်ပေါများလှသူတစ်ယောက် ဖြစ်လေသည်။ ဇနီးနှင့် သမီးအား အလွန်ပင် ချစ်ခင်သံယောဇဉ်ကြီးသူဖြစ်၏။ အလုပ်ကိစ္စများ လုပ်ကိုင်ပြီးသည်နှင့် မည်သည့်အချိန်တွင်မဆို အိမ်သို့ ချက်ချင်း ပြန်လာတတ်သူ ဖြစ်သည်။ တခြားနေရာများတွင် အချိန်မဖြုန်းတတ်ပါချေ။

ထွန်းထွန်းသည် စစ်တွေမြို့မှ ရသေ့တောင်မြို့နှင့် ဘူးသီးတောင်မြို့များသို့ ပြေးဆွဲနေသော သင်္ဘောများဖြင့် ပို့ဆောင်ပေးသော ကုန်ပစ္စည်းများအား ကုန်ပို့ခကောက်ခံရသည့်အလုပ်ကို လုပ်ကိုင်နေသော ကုန်ပို့ကိုယ်စားလှယ်စာရေးတစ်ယောက်ဖြစ်လေသည်။ ပို့ကုန်များမှာ အမျိုးစုံလှလေသည်။ လူသုံးကုန်၊ စားသောက်ကုန်၊ အလှကုန်နှင့် အိမ်ဆောက်ပစ္စည်းများ စသည့် ပစ္စည်းမျိုးစုံဖြစ်သည်။ ထိုပို့ကုန်ပစ္စည်းများအား ကုန်ပို့ခအဖြစ် ပစ္စည်းစာရင်းရေးမှတ်၍ ကုန်ပို့ခငွေကို ကောက်ခံရသည့် ကုန်ပို့





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စားလှယ်စာရေး ဖြစ်သည်။

*(ထိုခေတ်ထိုအချိန်က လုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကိုယ်စားလှယ်လုပ်ပိုင်ခွင့်ချပေးသော အချိန် ဖြစ်သည် - စာရေးသူ)*

စစ်တွေမြို့မှ ရသေ့တောင်မြို့နှင့် ဘူးသီးတောင်မြို့သို့ ထွက်ခွာသည့် သင်္ဘောမှာ နံနက် (၇း၃၀) အချိန် စစ်တွေမြို့မှ ထွက်ခွာလာပြီး ရသေ့တောင်မြို့သို့ နေ့လယ် (၁) နာရီအချိန်ရောက်ရှိပြီး ရသေ့တောင်မြို့တွင်ချရမည့်ကုန်ပစ္စည်းများအားချပြီး ရသေ့တောင်မြို့မှ ဘူးသီးတောင်မြို့သို့ ပို့ဆောင်မည့် ကုန်ပစ္စည်းများအား တင်ဆောင်နေသည်ကို ကုန်ပို့စာရေး ထွန်းထွန်းက စာရင်းများရေးမှတ်၍ ကုန်ပို့ခကျသင့်ငွေကို ကောက်ခံလေသည်။ နေ့လယ် (၂) နာရီအချိန် ရသေ့တောင်မြို့မှ သင်္ဘောထွက်ခွာလာရာ ညနေ (၆) နာရီအချိန်တွင် ဘူးသီးတောင်မြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလေသည်။ သင်္ဘောပေါ်တွင် တင်ဆောင်လာသည့် ကုန်ပစ္စည်းများအားချနေသည်ကို စာရင်းမှတ်၍ ကျသင့်ငွေကို ကောက်ခံပြီးမှ သင်္ဘောဆိပ်အနီးရှိ 'သိန်း' ထမင်းဆိုင်တွင် ထမင်းစားပြီး ထွန်းထွန်းမှာ ဘူးသီးတောင်မြို့ရှိ တည်းခိုခန်းတွင် ညအိပ်လေ၏။

နံနက် (၇) နာရီအချိန် ဘူးသီးတောင်မှ သင်္ဘောထွက်လာခဲ့သည်။ ထွန်းထွန်းမှာ မိမိလုပ်ကိုင်ရမည့်အလုပ်များအား တာဝန်ကျေစွာ လုပ်ကိုင်ပြီး သင်္ဘောပေါ်ရှိ သင်္ဘောသားများအခန်းတွင် အနားယူရင်း လိုက်ပါလာလေ၏။ ရသေ့တောင်မြို့သို့ နေ့လယ် (၁၂)နာရီအချိန်ရောက်ရှိပြီး ကုန်တင်ကုန်ချပြုလုပ်ပြီးချိန် (၁၂း၃၀) အချိန်တွင် ရသေ့တောင်မြို့မှ ထွက်ခွာလာလေသည်။ စစ်တွေမြို့ဆိပ်ကမ်းသို့ ညနေ (၅း၃၀)နာရီတွင် ရောက်ရှိခဲ့ပြီး ဆိပ်ကမ်း၌ သင်္ဘောကပ်ရာတွင် ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော သင်္ဘောတစ်စီး၏ဘေးတွင် သင်္ဘောချင်းယှဉ်၍ ဆိုက်ကပ်ရသည်။ သင်္ဘောစီးခရီးသည်များသည် မိမိတို့သင်္ဘောထက်မှ ရှေ့မှာရှိသည့် သင်္ဘောပေါ်သို့ အရင်တက်ပြီးမှ ဆိပ်ခံတံတားပေါ်သို့ ကုန်းပေါင်ပျဉ်ချပ်နှစ်ချပ်ခင်းထားသည့်လမ်းမှ တက်၍သွားရလေ၏။ သင်္ဘောနှင့် တံတားမှာ ရှစ်တောင်ခန့် ကွာသည်။ ခရီးသည်များမှာ ကုန်းပေါင်ပျဉ်ချပ်ပေါ်တွင် ဟန်ချက်ထိန်း၍ ဖြည်းဖြည်းသာသွားရသည်။ ဟန်ချက်မထိန်းနိုင်ပါက ရေထဲသို့ပြုတ်ကျသွားမည် ဖြစ်လေသည်။

စစ်တွေဆိပ်ကမ်းသို့ သင်္ဘောကပ်မိသည်နှင့် ဆိပ်ကမ်းတွင် ရှိကြသော ဆိုက်ကားသမားများ၊ သုံးဘီးဆိုင်ကယ်သမားများနှင့် ပျံ့ကျကုန်ထမ်းအလုပ်သမားများ သူထက်ငါ အလုအယက်တိုးဝှေ့တက်လာကြသည်မှာ သင်္ဘောပေါ်တွင် စီးနင်းလာသည့် ခရီးသည်အရေအတွက်နီးပါးဖြစ်၍ သင်္ဘောတစ်စင်းလုံး လူပြည့်သွားပြီး ရှုပ်ယှက်ခတ်နေလေတော့သည်။

ထိုအချိန်တွင် သင်္ဘောပေါ်၌တင်လာသော ဆိုင်ကယ်တစ်စီးအား ပျံ့ကျအလုပ်သမားလူငယ်တစ်ဦးမှ သင်္ဘောပေါ်မှချရန် ဆိုင်ကယ်အားထောက်ထားသော ဒေါက်အား ဖြုတ်လိုက်သည်ကို မြင်လိုက်ရသော ထွန်းထွန်းက ပျံ့ကျအလုပ်သမားလူငယ်အား သတိပေးစကားပြောလိုက်လေသည်။

"ဟေ့ကောင်၊ ခရီးသည်တွေ ဒီလောက်ရှုပ်နေတဲ့အချိန်မှာ ဆိုင်ကယ်ကို သင်္ဘောပေါ်ကချရင် ရေထဲကိုကျသွားမှာပေ့ါ။ ဆိုင်ကယ်တစ်ခုခုဖြစ်ရင် မင်းတို့ အလျော်ပေးရလိမ့်မယ်။ ခရီးသည်တွေရှင်းမှချပါလား"

ထွန်းထွန်းမှာ တာဝန်ရှိသူဖြစ်၍ ပျံ့ကျလူငယ်အား သတိပေးစကားပြောလိုက်ခြင်းဖြစ်သော်လည်း ပျံ့ကျအလုပ်သမားလူငယ်က -

"ကျုပ်ချချင်တဲ့အချိန် ချတာ ခင်ဗျားနဲ့ဘာဆိုင်လို့ လာပြောနေရတာလဲ။ ဒီမှာ လူတတ်ကြီးလုပ်ပြီးလာအမိန့်ပေးမနေနဲ့။ ကိုယ်နဲ့မဆိုင်ရင် ဝေးဝေးမှာ ဖယ်နေ နားလည်လား"

ပျံ့ကျအလုပ်သမားလူငယ်မှ ထွန်းထွန်းအား သူ့အလုပ်တွင် ဆရာကြီးလာလုပ်သည်ဟုအထင်ဖြင့် ဘုဆတ်ဆတ်မာကျောကျောဖြင့် လူမိုက်ကြည့်ကြည့်၍ ပြောလိုက်သည်။

ထိုအခါ ထွန်းထွန်းက-

"ငါမှာ တာဝန်ရှိလို့ လာပြီးသတိပေးတာပါကွ။ ပစ္စည်းအတင်အချမှာ ပျက်စီးဆုံးရှုံးသွားခဲ့ရင် ပစ္စည်းအတင်အချလုပ်တဲ့အလုပ်သမားက လျော်ရမှာဖြစ်လို့ ငါက စေတနာနဲ့သတိပေးစကားပြောတာပါ။ ခုတော့ မင်းက ငါ့ကို မကျေမနပ်နဲ့ လူမိုက်စကားပြန်ပြောတယ်။ မင်းတော်တော်ရိုင်းတဲ့ကောင်ပဲ"

ထွန်းထွန်းမှ ပျံ့ကျလူငယ် နားလည်စေရန် ပြောပြသည်ကို အကောင်းမမြင်။

"သွားစမ်းပါ။ ဘာစေတနာလဲ ဘာတာဝန်ရှိတာလဲ။ ဒီသင်္ဘောဆိပ်မှာ လူလည်လူတတ်ကြီးလူစွာကြီးလာလုပ်ရင် ဘာဖြစ်သွားမယ်ထင်လဲ သိရဲ့လား၊ နာချင်လို့လား ဟင်း"

ပျံ့ကျအလုပ်သမားလူငယ်မှာ သူ့အပေါ် စေတနာဖြင့်ပြောသည်ကို စေတနာဟုမမြင်ဘဲ လူတတ်၊ လူစွာလာလုပ်သည်ဟုမြင်ပြီး မကျေမနပ်ဖြစ်ကာ မိုက်စကားကိုသာပြောလာသောကြောင့် ထွန်းထွန်းက-

"ငါ့ညီ၊ မင်းအသက်ငယ်ငယ်လေးရှိပါသေးတယ်ကွာ။ လူမိုက်စကားပြောပြီး မမိုက်ရိုင်းပါနဲ့။ ကုန်ပစ္စည်းကိစ္စနဲ့ ပတ်သက်တဲ့ပြဿနာဖြစ်လာရင် ငါပဲ ဖြေရှင်းရမှာဖြစ်လို့ မင်းကိုပြောပြနေရတာ။ မဟုတ်ရင် ငါမပြောဘူး သိလား"

"ခင်ဗျားကို ကျုပ်ပြောပြီးပြီ မဟုတ်လား။ ကျုပ်အလုပ်ကိစ္စမှာ ဘာမှ လာပြီးအမိန့်မပေးနဲ့ဆိုတာ ခင်ဗျားနားမလည်ဘူးလား။ သွားဗျာ၊ ထွက်သွားစမ်း။ ခင်ဗျားကြောင့် ကျုပ်အလုပ်ချိန်တွေ ပုပ်ကုန်ပြီ"

ထွန်းထွန်း၏ပြောသမျှစကားများအား မကောင်းမြင်နေသော ပျံ့ကျလူငယ်က ထွန်းထွန်းအား သူ့အနီးမှထွက်သွားရန် အသံခပ်မာမာဖြင့် ပြောလိုက်ပြီး ဆိုင်ကယ်အား လက်ဖြင့်ကိုင်လိုက်လေသည်။

ထိုအခါ ထွန်းထွန်းက-

"ဟာ-ဒီကောင် ပြောလေဆိုးလေပါလား။ အခုမချနဲ့ဦးလို့ပြောနေတာ နားမလည်ဘူးလား"

"ဟာဗျာ- ခင်ဗျားတော်တော်ရှုပ်တာပဲ။ ခင်ဗျား သတိနဲ့နေပေတော့"

ပျံ့ကျအလုပ်သမား လူငယ်က ကိုင်ထားသော ဆိုင်ကယ်အား လွှတ်လိုက်ပြီး ထွန်းထွန်းအား လက်ညှိုးထိုး၍ ပြောလိုက်ပြီး ခရီးသည်များကြားသို့ဝင်ရောက်သွားလေသည်။ ထွန်းထွန်းမှာလည်း သင်္ဘောပေါ်မှ ဆိပ်ခံတံတားပေါ်သို့ ထမ်းချနေသော အခြားနေရာသို့သွားပြီး ကုန်ပစ္စည်းစာရင်းအား ရေးမှတ်နေလေသည်။

ပျံ့ကျအလုပ်သမားလူငယ် ထွန်းထွန်းအနီးမှထွက်သွား၍ (၅) မိနစ်ခန့်အကြာတွင် ထွန်းထွန်းအနီးသို့ရောက်

www.burmeseclassic.com

ဘက်မှ ကပ်လာပြီး ထွန်းထွန်း၏ ဝမ်းဗိုက်အား သူ၏လက်ထဲတွင် ကိုင်လာသောအရာဖြင့် ထိုးလိုက်လေသည်။ ချွန်ထက်သောအရာဖြင့် အထိုးခံလိုက်ရသော ထွန်းထွန်းမှာ နာကျင်သောဒဏ်ရာကြောင့် အော်လိုက်လေသည်။

"အား. . . အမလေး- သေပါပြီဗျာ"

ဒဏ်ရာကြောင့် အော်ဟစ်ရင်း ထိမ်းယိုင်သွားသော ထွန်းထွန်းအား ပုံကျလူငယ်က သူ့လက်ထဲမှလက်နက်ဖြင့် ဆင့်ကာဆင့်ကာထိုးလိုက်လေရာ ထွန်းထွန်းမှာ သင်္ဘောကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

အနီးရှိလူများမှာ ကြောက်လန့်လွန်း၍ မှင်တက်ကာ ကြောင်သွားကြပြီးမှ သတိဝင်လာကြပြီး ပုံကျလူငယ်အား ဝိုင်း၍ချုပ်ကိုင်ဖမ်းဆီးလိုက်ကြလေသည်။ ဆိပ်ကမ်းတွင် တာဝန်ကျနေသော ရဲနှင့် တပ်ထိန်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိလာကြပြီး ဒဏ်ရာများဖြင့် သင်္ဘောကြမ်းပြင်တွင် လဲကျနေသော သွေးအိုင်ထဲမှ ထွန်းထွန်းအား ပွေ့ချီလိုက်ကြပြီး ဆိပ်ကမ်းပေါ်တွင်ရပ်ထားသော ကားတစ်စီးပေါ်တွင်တင်၍ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးသို့ ခေါ်ဆောင်သွားကြလေသည်။

❒

ဒီနေ့ ညနေ ဘူးသီးတောင်မှပြန်ဝင်လာမည့် သင်္ဘောနှင့် ပြန်လာပြီး သင်္ဘောပေါ်မှ ကုန်ပစ္စည်းများချပြီးလျှင် အိမ်သို့ပြန်လာမည့် ထွန်းထွန်းအား ဇနီးဖြစ်သူ မခင်ဇာသော်သည် သမီးငယ်အား ရင်ခွင်ထဲတွင် နို့တိုက်ကျွေးရင်း မိခင်ဖြစ်သူ ဒေါ်လှလှနွယ်နှင့်အတူ အိမ်ပေါ်တွင်ထိုင်၍ ထွန်းထွန်းလာမည့်လမ်းအား လှမ်းမျှော်ကြည့်နေကြလေသည်။ မခင်ဇာသော်တို့အိမ်မှာ လမ်း၏ထောင့်နားတွင်ရှိပြီး လမ်း၏တည့်တည့်တွင်ရှိ၍ လမ်းမကြီးမှ ချိုးကွေ့ဝင်လာရာ လမ်းသွယ်အား အဝေးမှပင် မြင်ရသည်။

သင်္ဘောဆိုက်ကပ်ရန် ဥညြဆွဲသံကြားရသည်မှာ နာရီဝက်ခန့်အချိန်ကြာ ဖြစ်သည်။ သင်္ဘောဆိုက်ပြီး ကုန်ပစ္စည်းများချရသည်မှာ (၂) နာရီခန့် အချိန်ကြာလေသည်။ သင်္ဘောပေါ်မှ ကုန် ပစ္စည်းများချပြီးချိန်မှ ထွန်းထွန်း အိမ် ပြန်လာမြဲ ဖြစ်လေသည်။ ယခုမှ သင်္ဘောရောက်သည်မှာ နာရီဝက်ရှိပြီမို့ နောက်ထပ် တစ်နာရီခွဲကျော်ကြာမှ ထွန်းထွန်း ပြန်လာမည် ဖြစ်သည်။ ညနေခင်း (၆) နာရီထိုးပြီဖြစ်သော်လည်း အလင်းရောင် မပျောက်သေးပေ။ လမ်းတစ်လျှောက် လင်းလင်းချင်းချင်း မြင်နေရလေသည်။

မခင်ဇာသော် ကြည့်နေရာ လမ်းသွယ်အဝင်ဝဆီမှ လူတစ်ယောက်ဝင်လာသည်ကို လှမ်းမြင်လိုက်ရလေသည်။ သေချာစွာကြည့်လိုက်ရာ ခရီးဆောင်ဘေးလွယ်အိတ်ကိုလွယ်၍ဝင်လာသော ခင်ပွန်းဖြစ်သူ ထွန်းထွန်းဖြစ်နေသည်ကို မြင်လိုက်ရ၍ အနီးရှိ မိခင်အား -

"မေမေ၊ ဟိုမှာ အစ်ကိုထွန်းထွန်း ပြန်လာပြီ မေမေ"

မိခင်ဖြစ်သူ ဒေါ်လှလှနွယ်က သမက်ဖြစ်သူလာရာလမ်းသို့ ကြည့်နေလျက်မှ -

"ငါမြင်ပါတယ်အေ။ ညည်းယောကျ်ား ဒီနေ့ပြန်လာတာ မြန်လှချေလား။ ခါတိုင်း သင်္ဘောရောက်လို့ ကုန်ချပြီးမှဆိုရင် (၂) နာရီလောက်ကြာမှ ပြန်လာတာ။ ဒီနေ့ သင်္ဘောမှာ ကုန်မပါဘူးထင်တယ်"

"ဟုတ်တယ် မေမေ၊ ဒီနေ့ပြန်လာတာ မြန်တယ်နော်"

မခင်ဇာသော်တို့ သားအမိနှစ်ဦး စကားပြောနေစဉ် ထွန်းထွန်း၏မိခင်ဖြစ်သူသည် လမ်းသွယ်မှ မခင်ဇာသော်တို့ အိမ်အတွင်းသို့ လှမ်းဝင်လာပြီး ပြောလိုက်လေသည်။

"ဟဲ့-သော်သော်၊ နင့်ယောကျ်ား ဒီနေ့ပြန်လာတာ စောလှချေလားဟဲ့။ ဟိုးလမ်းထိပ်မှာငါမြင်လိုက်ရတယ်"

"ဟုတ်တယ် ဒေါ်ဒေါ်၊ ဒီနေ့ အစ်ကိုပြန်လာတာ မြန်တယ်နော်"

ထွန်းထွန်းမိခင်ကြီးမှ ပြောရင်း အိမ်ပေါ်သို့လှမ်းတက်လာပြီး မခင်ဇာသော်တို့သားအမိအနီးတွင် ဝင်ထိုင်ကာ သားဖြစ်သူ ထွန်းထွန်း လျှောက်လှမ်းလာရာလမ်းဆီသို့ မျှော်ကြည့်လိုက်လေသည်။

လမ်းသွယ်လေးအတိုင်းလျှောက်ဝင်လာသော ထွန်းထွန်းသည် သူတို့ထိုင်နေရာအိမ်နှင့် နှစ်အိမ်အကွာအဝေးသို့ အရောက်တွင် သူတို့ထိုင်ကြည့်နေရာ အိမ်သို့ လှမ်းကြည့်လိုက်ပြီး ဆက်၍ လျှောက်လာရင်း ဝါးတစ်ပြန်ခန့်အကွာအဝေးသို့အရောက် တဖြည်းဖြည်းမှုန်၍ မြင်ကွင်းအတွင်းမှ ပျောက်ကွယ်၍သွားလေ၏။

ထိုအချိန် မခင်ဇာသော်မှ -

"မေမေ၊ အစ်ကိုထွန်းထွန်း လမ်းလျှောက်လာနေရင်း လမ်းပေါ်မှာ ပျောက်သွားတယ်။ ဘယ်ကိုရောက်သွားလဲ။ မေမေ မြင်လိုက်လားဟင်"

"ဟုတ်တယ်ဟဲ့၊ ငါလည်း ကြည့်နေတာ။ လာနေရင်း လမ်းပေါ်မှာ ပျောက်သွားတာဟဲ့။ ဘယ်လိုဖြစ်တာလဲ မသိဘူး"

သမီးခင်ဇာသော်အား ဒေါ်လှလှနွယ်က ပြောလိုက်ရာ ထွန်းထွန်းမိခင်ကလည်း-

"နင်တို့သားအမိပြောသလိုပဲ ငါလည်း ကြည့်နေရင်းက ငါ့သားပျောက်သွားတာ မြင်လိုက်ရတယ်။ ထူးဆန်းလိုက်တာ။ ငါ့သားလေး ဘာတွေဖြစ်နေပြီလဲ မသိဘူး"

လူသုံးယောက်ကြည့်နေကြသည့် မြင်ကွင်းအတွင်းမှ ကြည့်နေကြရင်း ရုတ်တရက် ပျောက်ကွယ်သွားသော ထွန်းထွန်းအား မြင်ရလေမည်လား သို့မဟုတ် အနီးရှိ အိမ်တစ်အိမ်အိမ်သို့ ဝင်သွားလေသည်လားဟု ကြည့်နေကြလေ၏။

ထိုအချိန်တွင် လမ်းသွယ်အတွင်းသို့ ဝင်လာကြသော လူနှစ်ယောက်အား မြင်လိုက်ရသောကြောင့် ကြည့်လိုက်ကြရာ သင်္ဘောဝန်ထမ်းနှစ်ယောက်ဖြစ်နေသည်ကို မြင်ကြရလေသည်။ ထိုလူနှစ်ယောက်သည် လမ်းအတိုင်း လျှောက်လာကြပြီး မခင်ဇာသော်တို့အိမ်ခြံတွင်းသို့ ဝင်လာကြရာ မခင်ဇာသော်မှ-

"ကိုကျော်လှစိန်တို့ပါလား။ ဘာကိစ္စရှိလို့လဲ။ လာကြပါ၊ အိမ်ပေါ်တက်ကြပါဦး"

မခင်ဇာသော်၏ဖိတ်ခေါ်မှုကြောင့် ကျော်လှစိန်တို့နှစ်ယောက် အိမ်ပေါ် သို့ တက်လာကြပြီး ထိုင်လိုက်ရာ ကျော်လှစိန် ဆိုသူက-

"မခင်ဇာသော်၊ ကျွန်တော်စကား တစ်ခွန်းလောက် ပြောပါရစေ။ မခင်ဇာသော်နဲ့ ဒေါ်ဒေါ်တို့နှစ်ယောက်ပါ စိတ်ခိုင်ခိုင်ထားပြီး နားထောင်ကြပါနော်"

ကျော်လှစိန်၏စကားကိုကြားလိုက်ရသော မခင်ဇာသော်က စိုးရိမ်စွာဖြင့်-

"ဘာစကားဖြစ်လို့လဲ ကိုကျော်လှစိန်။ ဘာပြောမှာလဲဟင်၊ ပြောပါရှင်"

"ဟိုလေ. . . ဟို. . ကိုထွန်းထွန်း သင်္ဘောဆိုက်တဲ့အချိန်မှာ အလုပ်သမားတစ်ယောက်က ဆန်ထိုးတဲ့ ဘုံဘိုင်



www.burmeseclassic.com

www.burmeseclassic.com

### သုခုစုံ

# စမမှန်နှင့်ကျောင့်စဉ်



ရွှေပေါ်ကျွန်းဆရာတော်ကြီး၏စမမှန်နှင့် ဆရာကြီး ဦးလှစိန်

ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ကျွန်ုပ်တို့ ကျိုက်လတ်မြို့နယ်သူမြို့နယ်သား ဝေနေယျများကို အလွန်ပင် သဘောကျနှစ်ခြိုက်တော်မူပါသည်။ မျက်နှာသာပေး ဦးစားပေး၍ လက်ခံဆက်ဆံလေ့ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ကျိုက်လတ်မြို့နယ်သည် ရွှေပေါ်ကျွန်းသာသနာပြုစခန်းကြီးသို့ နှစ်စဉ် ဆန်အိတ်ပေါင်းများစွာ (အိတ် ၄၀၀ ကျော်၊ ၅၀၀ ကျော်) သွားရောက်လှူဒါန်းရာတွင် သင်္ဘောတစ်တန်၊ ကားတစ်တန်၊ ရထားတစ်တန်၊ ခရီးအတန်တန် ဖြတ်ကျော်၍လာပို့ရာ၌ အကျိုးတော်ဆောင်တို့သည် စားစရိတ်၊ ခရီးစရိတ် အစရှိသည်တို့ကို ဆန်အလှူငွေများထဲမှလည်း မဖြတ်တောက် ရွှေပေါ်ကျွန်းသာသနာပြုစခန်းကြီးထံမှလည်း မတောင်းခံဘဲ မိမိတို့၏ကိုယ်ပိုင်ငွေများကို စိုက်ထုတ်ပြီး စရိတ်စကအဖြစ်အသုံးပြုကာ နှစ်စဉ် လာပို့လှူဒါန်းနေသောကြောင့် ဆရာတော်ကြီးသည် တခြားမြို့များနှင့် လုပ်ထုံးလုပ်နည်းမတူသော ကျွန်ုပ်တို့မြို့ကို အထူး သဘောကျနှစ်ခြိုက်တော်မူခြင်း ဖြစ်ပါသည်။ ထိုအခြင်းအရာကို ဆရာတော်ကြီးသည် နှုတ်တော်မှ ထုတ်ဖော်ကာ မိန့်ကြားတော်မူခဲ့၍ ကျွန်ုပ်တို့ သိရှိရခြင်း ဖြစ်ပါသည်။

ထုံးစံအတိုင်းပင် ၁၃၄၆ ခုနှစ်၊ နယုန်လတွင် မြို့နယ်သူမြို့နယ်သားများကိုယ်စား ကျိုက်လတ်မြို့နယ် ရွှေပေါ်ကျွန်းသာသနာပြု အကျိုးတော်ဆောင် (၅) ဦးသည် ရွှေပေါ်ကျွန်းသာသနာပြုစခန်းသို့ ဆန်အိတ် (၄၀၀) ကျော် သွားရောက်လှူဒါန်းခဲ့ပါသည်။ ကျောင်းတော်ကြီးသို့ရောက်သည်နှင့် ဆရာတော်ကြီးကို ဝင်ရောက်ဖူးမြော် ဆန်အိတ်များကို သက်ဆိုင်ရာသို့ အပ်နှံကာ (၅) ဦးသည် နားခိုဆောင်၌ အေးအေးလူလူနားလျက် ရှိပါသည်။

မကြာမီတွင် ဆရာတော်ကြီး၏ တပည့်တစ်ဦး ရောက်ရှိလာကာ ကျိုက်လတ်မြို့မှ အကျိုးတော်ဆောင် (၅) ဦးသည် ကြည့်မှန်တစ်ချပ်စီ ယူလာပြီး

(ကလောင်) နဲ့ ထိုးလို့ ဆေးရုံကို ပို့လိုက်ရတယ်။ ဆေးရုံရောက်ပြီး မကြာခင် ကွယ်လွန်သွားခဲ့တယ်။ အဲဒါ လာပြီးအကြောင်းကြားတာပါ”

ကျော်လှစိန်၏ပြောစကားအဆုံးတွင် မခင်ဇာသော်သည် သက်မဲ့ရုပ်တုတစ်ခုအလား ငြိမ်သက်၍သွားပြီးလျှင် လမ်းသွယ်လေးအား ငေးကြည့်နေလေသည်။

ထွန်းထွန်း၏မိခင်ကြီးက -

“ဘာပြောတယ်၊ ထွန်းထွန်းသေပြီ ဟုတ်လား။ ငါ့သားလေးသေပြီ ဟုတ်လား။ ပြောကြစမ်းပါ”

“ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကိုထွန်းထွန်း ဆန်ထိုးတဲ့ဘုံဘိုင် (ကလောင်) နဲ့ ခုနစ်ချက်အထိုးခံရပြီး ဆေးရုံမှာ ကွယ်လွန်သွားပါတယ်။ အဲဒါ လာအကြောင်းကြားတာပါ။ ဆေးရုံကို လိုက်ခဲ့ကြပါခင်ဗျာ”

“အဖြစ်ဆိုးလှချေလား သားလေးရယ်၊ ဟီးဟီးဟီး- အမေ ဘယ်လိုဖြေရမှာလဲကွယ့် အီးဟီးဟီးဟီး. . .”

ထွန်းထွန်း၏မိခင်ကြီးမှာ ကျော်လှစိန်၏ ပြောစကားဆုံးသည်နှင့် အော်ဟစ်ငိုလေသည်။

မခင်ဇာသော်မှာ ကျောက်ရုပ်အလား ငြိမ်သက်လျက် မျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီးများ တသွင်သွင်စီးကျလျက်ရှိလေရာ မိခင်ဖြစ်သူ ဒေါ်လှလှနွယ်က မခင်ဇာသော်၏လက်မောင်းအား ကိုင်လှုပ်ပြီးပြောလိုက်သည်။

“သမီး. . . သမီး၊ ငိုချလိုက်၊ ငိုချလိုက်။ စိတ်ကိုတင်းမထားနဲ့။ သမီးလေးရယ်၊ သမီးတို့အဖြစ်က ဆိုးလိုက်တာကွယ်။ ဟီးဟီးဟီး. . .”

ဒေါ်လှလှနွယ်က သမီးအားပြောရင်း ငိုလိုက်လေသည်။ မိခင်ကြီးပြောပြီး ငိုလိုက်သည်ကို မြင်ရလေမှ ခိုင်ဇာသော်သည် ရှိုက်၍ရှိုက်၍နေရင်းမှ တိုးညင်းစွာပြောရင်း ငိုလိုက်လေသည်။

“အဖြစ်ဆိုးလိုက်တာ အစ်ကိုရယ်၊ ခိုင်ဘယ်လိုဖြေရမှာလဲ အစ်ကိုရယ်။ ဟီးဟီးဟီး- ခိုင်တို့ကို ထားသွားခဲ့ပြီပေါ့နော် အင့်- ဟီးဟီးဟီး. . . ခိုင်တို့သားအမိ နှစ်ယောက် ဘယ်သူ့ကိုအားကိုးပြီးနေရမှာလဲ အစ်ကိုရယ် ဟင့်ဟင့်ဟီးဟီးဟီး. . .”

တစ်ခဏအတွင်းမှာ မခိုင်ဇာသော်တို့အိမ်တွင် ငိုသံများ ဆူညံစွာ ဖုံးလွှမ်းသွားလေတော့သည်။

ဤဖြစ်ရပ်မှန်အဖြစ်အပျက်တွင် နေ၏ အလင်းရောင်ရှိနေချိန်တွင် လူသုံးယောက်တို့မှ ထင်ထင်ရှားရှား မြင်လိုက်ရသော ထွန်းထွန်းမှာ ဆေးရုံ၌ သေဆုံးသွားပြီး (၁၅) မိနစ်အချိန်အတွင်း ဇနီးနှင့် သမီးတို့ရှိရာအိမ်သို့ လိပ်ပြာ (သို့) ဝိညာဉ်ဘဝဖြင့် သက်ရှိလူသားအသွင်သဏ္ဍာန်ဖြင့် ရောက်ရှိလာသည့်အဖြစ်အပျက်မှာ အသက်ထင်ရှားရှိစဉ် စိတ်အစဉ်တွင် စွဲလမ်းနေသော စိတ်ဇောအဟုန် (အသန္နဇော) ကြောင့်ဖြစ်သည် ဆိုသည်မှာ အမှန်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

*(ဖြစ်ရပ်မှန်ဖြစ်ပါ၍ အမည်များ လွှဲပြောင်း ရေးသားလိုက်ပါသည်။)*

မင်းမြင့်နိုင် (ဘူးသီးတောင်)



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးဆီသို့ လာအပ်ပေးရန် ပြောဆိုသဖြင့် မြို့နယ်အကျိုးတော်ဆောင် (၅) ဦးသည် ဈေးတန်းမှ ကြည့်မှန် တစ်ယောက်တစ်ချပ်ဝယ်ကာ ဆရာတော်ကြီးဆီ သွားရောက်၍ အပ်နှံကြပါသည်။ ဆရာတော်ကြီးက မှန် (၅) ချပ်ကို ထားခဲ့ကြရန်နှင့် ပြန်မည့်နေ့ကျမှ လာရောက်ယူကြရန် မိန့်ဆိုပါသည်။

အကျိုးတော်ဆောင် (၅) ဦးသည် ကျောင်းတော်ကြီးတွင် (၅)ရက်ခန့်နေပြီး ပြန်မည့်နေ့ နံနက်စောစောတွင် ဆရာတော်ကြီးကို သွားရောက် ဖူးမြော်ကာ ပြန်ကြတော့မည့်အကြောင်းလျှောက်တင်ရာ ဆရာတော်ကြီးမှ ပြန်ခွင့်ပြုပြီး ဆရာတော်ကြီးကိုယ်တိုင် စီမံထားသော စမမှန် (၅) ချပ်ကို ပြန်လည် ချီးမြှင့်တော်မူပါသည်။ မှန် (၅) ချပ်နှင့်အတူ ပူဇော်ဆောင်ရွက်ရမည့် ကျင့်စဉ်စာရွက်ကိုပါ ချီးမြှင့်ပါသည်။

ဆရာတော်ကြီးထံမှ ရတောင့်ရခဲ ချီးမြှင့်ခြင်းခံရသော မှန်စမနှင့် ကျင့်စဉ်ကို ကျွန်ုပ်သည် ကျိုက်လတ်မြို့နယ် ရွှေပေါ်ကျွန်းသာသနာပြု အကျိုးတော်ဆောင်တစ်ဦးဖြစ်သည့် အငြိမ်းစားကျောင်းဆရာကြီး ဆရာဦးလှစိန်ထံမှ အပ်ရရှိ၊ သိရှိခဲ့ရာ ကျွန်ုပ်သိရှိထားသည့်အတိုင်း စာဖတ်ပရိသတ်ကြီးပါ သိရှိအသုံးပြု လက်တွေ့ ကျင့်ကြံနိုင်ရန် ရေးသား ဖော်ပြပေးလိုက်ပါသည်။


နေ့ကောင်းရက်မြတ်တစ်ရက်၌ သန့်ပြန့်သော ကြည့်မှန်ပေါ်တွင် စမများကို သဘော်ဆေးနှင့် သော်လည်းကောင်း၊ MARKER PEN နှင့် သော်လည်းကောင်း ရေးဆွဲပြီး ထိုမှန်ကို နှုတ်ခမ်းဝတေ့ကာ ဘုရားဂုဏ်တော်ကိုးပါး (၃၇) ခေါက် ရွတ်ဆိုကာ သိဒ္ဓိတင်ရပါမည်။ ပြီးလျှင် သန့်ပြန့်သောနေရာ သို့မဟုတ် ဘုရားကျောင်းဆောင်ပေါ် (မှန်ကို ဘုရားဝတ်ပြုသူဘက်ကို မျက်နှာမူကာ) အတည့်ထောင်တင်ထားပါ။

### ဘုရားငါးဆူဂါထာ

- ကကုသန္ဓော ကောဏာဂမနော၊
  ကဿပေါ ဂေါတမော မုနိ၊
  မေတ္တေယျော ပဉ္စ ဗုဒ္ဓါတော၊
  သီသေ မေ သေန္တု သဗ္ဗဒါ။
- ဧတေသံ အာနုဘာဝေန၊
  ယက္ခာ ဒေဝါ မဟိဒ္ဓိကာ၊
  မမ မိတ္တာ သဟာယကာ။

### ဇေယျသိဒ္ဓိ မွေ့ညာဏ်ကြီးက ဆရာတော်ဘုရား ချီးမြှင့်သော စရဏကျင့်စဉ်

စီစဉ်ထားသော စမမှန်ကို သန့်ပြန့်သောနေရာတွင် ထောင်ထားပါ။




ကြည့်မှန်တွင် ရေးဆွဲရန် စမ

### လိုအပ်သော ကောင်းကျိုးများ ပြီးစီးစေရန်အတွက်

စိတ်ဓာတ် ထိုင်းမှိုင်းလေးလံခြင်း ဖြစ်နေသောအခါတို့၌ လည်းကောင်း၊ ပြဿနာအမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုးတို့နှင့် တွေ့ကြုံနေရသောအခါတို့၌ လည်းကောင်း၊ စကားအခက်အခဲ ပြောစရာရှိသောအခါတို့၌ လည်းကောင်း၊ မကျန်းမမာရှိသောအခါတို့၌ လည်းကောင်း၊ မိမိတို့နေအိမ်နှင့်တကွ နေအိမ်တည်နေရာ၊ ခြံဝိုင်းအတွင်း မသန့်ရှင်းသော အဟန့်အတား၊ အနှောင့်အယှက်များရှိနေသည်ဟု ထင်မြင်ယူဆချက်ရှိသောအခါတို့၌ လည်းကောင်း မှန်၏ ရှေ့တည့်တည့်၌ ကြွေလင်ပန်းပေါ်တွင် ဖယောင်းတိုင်စိုက်၍ ရေအနည်းငယ်ထည့်ပြီး ညှိထွန်းပူဇော်ထားပါ။

ပူဇော်၍ပြီးမှါက -

၁။ ဗုဒ္ဓေါ တိလောက ဒီပေါစ ဗုဒ္ဓေါ
သူရော တမောနုဒေါ အစ္စန္တံ
သရဏံ ဗုဒ္ဓံ နတ္ထိ မယှံ ဘယံ
သဒါ။
၂။ ဓမ္မော တိလောက ဒီပေါစ ဓမ္မော
သူရော တမောနုဒေါ အစ္စန္တံ
သရဏံ ဓမ္မံ နတ္ထိ မယှံ ဘယံ
သဒါ။
၃။ သံဃော တိလောက ဒီပေါစ
သံဃော သူရော တမော နုဒေါ
အစ္စန္တံ သရဏံ သံဃံ နတ္ထိ မယှံ
ဘယံ သဒါ။

ဤသုံးဂါထာကို အာရုံရှိသလောက် ရွတ်ဖတ်သရဇ္ဈာယ်ပေးပါ။ ကောင်းကျိုးမင်္ဂလာပွင့်လင်းဖြာအံ့။

ဆရာတော်
စေတော်ဝင်ကျောင်း
ရွှေပေါ်ကျွန်း၊ မလှိုင်မြို့နယ်။

ရွှေပေါ်ကျွန်း ဆရာတော်ကြီး၏ မှန်စမအစီအရင်ကျင့်စဉ်ဖြင့် ဘေးကင်း ရန်ကင်း အန္တရာယ်ကင်းကာ ကောင်းကျိုးမင်္ဂလာအဖြာဖြာ လိုရာဆန္ဒဟူသမျှ ပြည့်စုံပြည့်ဝကြပါစေသတည်း။

*ကောင်းမှုအကြောင်းပြု*
*တောင်းဆုပြည့်ပါစေ*

သုခစစ်




www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# ဆရာကြီးဦးဂိုအင်ကာ အာမှတ်တရ



ဂုရုကြီး ဦးဂိုအင်ကာ

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၊ နံနက် (၉) နာရီ။

ကျွန်တော်သည် သတင်းစာအလာကို မျှော်နေမိသည်။ နံနက် (၁၁) နာရီတွင် သတင်းစာများ ရောက်လာကြသည်။ သတင်းစာနာရေးကြော်ငြာကို ဦးစွာကြည့်မိသည်။ ကျွန်တော်၏ စိတ်အစဉ်သည် လှုပ်ရှားသွားသည်။ ကျွန်တော် လေးစားကြည်ညိုသော ကမ္ဘာကျော် ကမ္မဋ္ဌာန်းဆရာကြီး ဦးဂိုအင်ကာ ကွယ်လွန်အနိစ္စရောက်သည့်သတင်းပါလာသည်။ ဆရာကြီးသည် စက်တင်ဘာလ ၁၉ ရက်နေ့ နံနက် (၁၁) နာရီတွင် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ (ယခင် ဘုံဘေမြို့) ၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ၁၉၂၄ ခုနှစ်၊ ဇူလိုင်လတွင် ဖွားမြင်ရာ ကွယ်လွန်ချိန်တွင် အသက် (၉၀) ရှိပြီဖြစ်ပါသည်။ ဦးဂိုအင်ကာ၏ နာမည်အရင်းမှာ မစ္စတာဆတ္တာယန် နာရာယန် ဂိုအင်ကာ။ သူ၏လက်မှတ်ရေးထိုးလျှင် အက်(စ်)အင်(န်)ဂိုအင်ကာဟု ရေးထိုးသည်။ မန္တလေးမြို့ နယူးစီဗီလိုင်းတွင် မွေးဖွားခဲ့သည်။ သူ၏ဘိုးဘွားများသည် ကုန်သည်များ ဖြစ်ကြသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်ကတည်းကပင် အိန္ဒိယပြည်မှ မန္တလေးမြို့သို့ ပြောင်းရွှေ့ အခြေချနေထိုင်သူများ ဖြစ်ကြသည်။ မန္တလေးမြို့ ဒီအေဗီအထက်တန်းကျောင်းတွင်ပညာဆည်းပူးခဲ့သည်။ (၁၆) နှစ်သားအရွယ် ၁၉၄၀ ပြည့်နှစ်တွင် ကျောင်းထွက်၍ မိသားစုစီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မြန်မာပြည်တွင် စက်မှုလုပ်ငန်းများကို စတင်တည်ထောင်ခဲ့သည်။ စီးပွားလုပ်ငန်းတွင် ထူးချွန်သဖြင့် ဗန္ဓုလစောင်စက်၊ ဆန်စက်၊ ဆီစက်၊ ပလတ်စတစ်စက်ရုံ စသည်တို့ကို အောင်မြင်စွာ ထူထောင်နိုင်ကာ ကြွယ်ဝချမ်းသာသူဖြစ်သည်။ မြန်မာနိုင်ငံရှိ မာရဝါရီလူမျိုးတို့၏ ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ဘာသာရေးနယ်ပယ်တွင် ဟိန္ဒူဘာသာဝင်အပေါင်း၏ ဦးစီးရှေ့ဆောင်ပုဂ္ဂိုလ်ဖြစ်သည်။ မြန်မာပြည်ရှိ ဟင်ဒီစာပေအသင်းကြီး၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ ထိုစဉ်က အဘက်ဘက်တွင် ပြည့်စုံအောင်မြင်သူ ဖြစ်ခဲ့သည်။ သို့သော် သူ့မှာ မိုင်းဂရိန်းခေါ် သော အပြင်းအထန် ခေါင်းကိုက်ရောဂါစွဲကပ်လာသည်။ ထိုရောဂါမှာ (၁၂) ရက် (၁) ကြိမ် ခံစားရသည်။ မြန်မာပြည်တွင်းမှ ဆရာဝန်အမျိုးမျိုး၊ နိုင်ငံခြားအနှံ့ရှိ ဆရာဝန်ကြီးများနှင့် ကုသသည်။ မရ။ နောက်ဆုံးတွင် ခေါင်းကိုက်ရောဂါပေါ် လာတိုင်း မော်ဖီးယားဆေးထိုး၍ သက်သာမှုကို ရှာနေခဲ့ရသည်။ ရောဂါကား ပျောက်ကင်းသည် ဟူ၍ မရှိ။

ဤသို့ရှိစဉ် တရားသူကြီး ဦးချန်ထွန်းက ဦးဂိုအင်ကာအား -

"ကမ္မဋ္ဌာန်းဆရာကြီး ဦးဘခင်ထံမှာ ဝိပဿနာတရားသွားရောက်ထိုင်ရင် ကောင်းမယ်။ ခေါင်းကိုက်ရောဂါ ပျောက်ကင်းနိုင်တယ်"

ဟု အကြံပေးသည်။

ဦးဂိုအင်ကာ၏ မိဘများသည် ဟိန္ဒူဝါဒကို သဲသဲမဲမဲ ယုံကြည်ကိုးကွယ်



www.burmeseclassic.com

www.burmeseclassic.com



**ကမ္မဋ္ဌာန်းဆရာကြီး ဦးဘခင်ထံတွင် ဝိပဿနာတရား စတင်အားထုတ်စဉ်က တွေ့မြင်ရသော ဦးဂိုအင်ကာ (၁၉၅၅)**

ကြသည်။ ဦးချန်ထွန်းက ပြောသော် ည်း ဦးဂိုအင်ကာ၏ ဟိန္ဒူနောက်ခံ အကြောင်းကြောင့် တရားအားထုတ်ဖို့ တုံ့ဆိုင်းနေခဲ့ပါသည်။ စိတ်လည်း ပါခဲ့ချေ။ ဦးချန်ထွန်းက အနည်းဆုံး တော့ ဆရာကြီးဦးဘခင်နှင့် တွေ့ဆုံ ကြည့်ရန် တိုက်တွန်းခဲ့ပြန်ပါသည်။ ဦးဂို အင်ကာ ပထမဆုံးသွားသောနေရာမှာ သာမဟုတ်ဘဲ ဆရာကြီး ဦးဘခင် နေအိမ် ဖြစ်ပါသည်။

ဆရာကြီး ဦးဘခင်မှာ ငွေစာရင်း ကြီးဟောင်း ဖြစ်သည်။ အနာဂါမ် ဆရာသက်ကြီး၏တပည့်ရင်း ဖြစ်သည်။ ယ်တီဆရာတော်ဘုရားကြီး၏ဝိပဿ နည်းအတိုင်း တပည့်ဖြစ်သူ ဆရာ တ်ကြီးက ကမ္မဋ္ဌာန်းတရား ကျင့်ကြံ ထုတ်သည်။ တစ်ဖန် ဆရာသက်ကြီး နည်းစနစ်အတိုင်း ဦးဘခင်က ကျင့်ကြံအားထုတ်သည်။ အထူးအောင် သောကြောင့် ရန်ကုန်မြို့ အင်းယား လမ်းတွင် အပြည်ပြည်ဆိုင်ရာ ဿနာလုပ်ငန်းဌာနကို ဖွင့်လှစ်ကာ ရားပြနေသည်။

ဦးဂိုအင်ကာသည် ဆရာကြီး ခင်အား တွေ့သောအခါ ဆရာကြီး မိမိ၏ခေါင်းကိုက်ရောဂါပျောက် င်းရန် တရားထိုင်လိုကြောင်း ရှင်း ပြောပြသည်။ သည်တွင် ဆရာ ကြီးက -

"ကျုပ်တို့ရဲ့ ဝိပဿနာတရားလုပ် ဌာနဟာ ရောဂါအမျိုးမျိုး ကုသပေး တဲ့ ဆေးကုဌာနမဟုတ်ဘူး။ ဗုဒ္ဓမြတ် ရားရဲ့ ဒေသနာတော်အတိုင်း ကျင့် တွေကို လိုက်နာဆောင်ရွက်နေတဲ့ ဿနာတရားလုပ်ငန်းဌာနသာ ဖြစ် တယ်။ ရောဂါပျောက်လိုတဲ့ စိတ်ဆန္ဒ တစ်ခုတည်းနဲ့သာ တရားထိုင်ရင် ရောဂါ ပျောက်နိုင်မယ်မထင်ဘူး။ ဗုဒ္ဓလမ်းစဉ် အတိုင်း ယုံကြည်သဒ္ဓါစိတ်နဲ့ တရားအား ထုတ်ရင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ စိတ်အညစ်အကြေးများ ကင်းစင်လာပြီး ရောဂါလည်း ပျောက်ကင်းနိုင်တယ်။ အဓိကလုပ်ငန်းက စိတ်အညစ်အကြေး များ ကြေးချွတ်ပစ်ရန်ဖြစ်တယ်။ အညစ် အကြေးတွေ ကင်းစင်သွားတာနဲ့အမျှ ရောဂါဝေဒနာကလည်း ကင်းစင်ဖို့ အကြောင်းရှိပါတယ်"

ဟူ၍ ရှင်းလင်း ပြောပြသည်။

ဆရာကြီးကထပ်ပြီးရှင်းပြတာက-

"မင်းဟာ လူ့ဘောင်လောကမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးအဖြစ်နဲ့ အလုပ် တွေ ဖိစီးနှိပ်စက်နေတဲ့ဒဏ်ကိုခံနေရ တာ။ အဲဒီ စိတ်ဖိစီးနှိပ်စက်မှုဒဏ်တွေ လျှော့ချနိုင်တာနဲ့အမျှ ဒီခေါင်းကိုက်မှု ဝေဒနာကြီးဟာ ပြေပျောက်သွားမယ်။ အဲဒီဟာကို လက်ခံနိုင်မယ်ဆိုရင်တော့ တရားအလုပ်ကိုလုပ်ပါ"

ဦးဂိုအင်ကာကိုယ်တိုင်လည်း သိ ပါသည်။ စီးပွားရေးမှာ အလွန်ကျော် ကြားသည့် စီးပွားရေးလုပ်ငန်းရှင်ကြီး၊ အဖွဲ့အစည်းများမှာလည်း ထင်ရှား ကျော်ကြားသည့် ပုဂ္ဂိုလ်တစ်ယောက် အနေနှင့် ဒေါသအလွန်ပြင်းထန်သည်။ ခေါင်းအလွန်မာသည်။ ဦးဂိုအင်ကာ တရားစခန်းမှာ ဘယ်လိုထိုင်ရမလဲ၊ ဘယ်လိုနေရမလဲ၊ အစားအသောက် အနေနှင့် ဘယ်လိုအစီအစဉ်ရှိသလဲဟု အင်းယားမြိုင်လမ်းရှိ ရိပ်သာကို အရင် သွားကြည့်ခဲ့ပါသည်။

ရိပ်သာထဲ ဝင်လိုက်သည်နှင့် အလွန်အေးချမ်းသာယာသည့် နေရာ ဌာနတစ်ခု ဖြစ်ပါသည်။ စိတ်တော်တော် လေး တည်ငြိမ်သွားတာကို ခံစားလိုက်ရ ပါသည်။ အစားအသောက်အတွက် ရိပ်သာမှာ ဆရာကြီး၏တပည့်ဖြစ်သော ဆရာမဒေါ်မြသွင်က ရိပ်သာမှာ သတ် သတ်လွတ်ချက်သော ထမင်း၊ ဟင်းကို စားကြည့်ခိုင်းပါသည်။ ရိပ်သာမှာ တရား ထိုင်ပြီး တရားလုပ်ငန်းမှာလည်း ကူညီ စောင့်ရှောက်နေသောဆရာမနှင့် တခြား ယောဂီများကို ကြည့်ခြင်းအားဖြင့် သူတို့ လည်း ဒီမှာ တရားထိုင်ဖို့ မေတ္တာအပြည့် အဝရှိသောပုဂ္ဂိုလ်များ ဖြစ်နေကြလျှင် ဦးဂိုအင်ကာလည်း ဒီလိုတရားထိုင်လျှင် မေတ္တာနှင့် အေးချမ်းသော ပုဂ္ဂိုလ်တစ် ယောက်ဖြစ်လာမှာပဲဟု ယူဆမိ၏။ ထို့ ကြောင့် အရင်တုန်းက တုံ့ဆိုင်းတုံ့ဆိုင်း နှင့် စိတ်မပါ့တပါရှိမှုသည် ပျောက်ကွယ် ကာ ယခု ကျေကျေနပ်နပ် လက်ခံပြီး သန္နိဋ္ဌာန်ချကာ တရားထိုင်တော့မည်ဆို ပြီး ဦးဂိုအင်ကာ ဆုံးဖြတ်လိုက်ပါသည်။

ဒီတရားတော်သည် အိန္ဒိယပြည် က ပေါ်ပေါက်လာပြီးနောက် အိန္ဒိယ ပြည်မှာဖြစ်ထွန်းခဲ့သောတရားကို အိန္ဒိယ ပြည်က လက်မခံဘဲ ကွယ်ပျောက်သွားမှု သည် တစ်ခုခုချို့ယွင်းချက်ရှိသလားဆို ပြီး ဦးဂိုအင်ကာစိတ်ထဲတွင် မရှင်းမလင်း ဖြစ်ခဲ့ပါသည်။ ဒါဟာ တရားထိုင်ကြည့် တော့မှ စဉ်းစားဆုံးဖြတ်ရမည့်ကိစ္စပဲဆို ပြီး သဘောထားလိုက်ပါသည်။ (၁၀) ရက် တရားစခန်းသည် ဦးဂိုအင်ကာ ဘဝတွင် အဖိုးတန်ဆုံးအချိန်အခါပင် ဖြစ်သည်။ ဆရာကြီးဦးဘခင်ပြပေးသော တရားလုပ်ငန်းခွင်မှာ ဘာလေးမှ ချို့ ယွင်းချက်မတွေ့ရချေ။ (၁၀) ရက်တရား စခန်းဝင်ရာတွင် ငွေကြေးတောင်းခံခြင်း မပြုဘဲ ဆရာကြီးက အဖိုးအခပေးချင် လျှင် မနက်နှင့် ည တရားထိုင်ခြင်းအား ဖြင့်အဖိုးအခပေးတာပဲဟု ပြောပါသည်။ ဆရာကြီးကို ငွေကြေးမပူဇော်ဘဲနှင့် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် တရားထိုင် ပြီး ဆရာကြီးကို ပူဇော်ခဲ့ပါသည်။

၁၉၅၅ ခု၊ စက်တင်ဘာ ၁ ရက် နေ့ (အသက် ၃၁နှစ်) တွင် စတင်တရား ထိုင်သည်။ တရားထိုင်သည့်နေ့မှစ၍ ခေါင်းကိုက်ရောဂါမှာ အံ့ဖွယ်ပျောက် ကင်းသွားသည်။ (၁၀) ရက်အတွင်းမှာ တစ်ဖက်ကလည်း တရားထူးရသွား သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော တရားများကို ပိုင်နိုင်ရှင်းလင်းစွာ ကိုယ် တွေ့ခံစားသိရှိသွားသည်။ ထိုအချိန်မှ



www.burmeseclassic.com

www.burmeseclassic.com

စ၍ ဗုဒ္ဓမြတ်စွာဘုရားနှင့် ဗုဒ္ဓတရားတော်ကို သဒ္ဓါယုံကြည်မှုဖြစ်ပွားသွားသည်။ သရဏဂုံသုံးပါးကိုဆောက်တည်ကာ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလိုက်သည်။ ထိုအချိန်မှစ၍ ဦးဂိုအင်ကာသည် ဆရာကြီးဦးဘခင်၏ တပည့်ရင်းတစ်ဦးဖြစ်လာသည်။ ဝိပဿနာတရားကို နေ့စဉ်ပင် ဆက်လက်ကျင့်ကြံအားထုတ်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးအစိုးရက လုပ်ငန်းကြီးများကို ပြည်သူပိုင်ပြုလုပ်လိုက်ရာ ဦးဂိုအင်ကာ၏ လုပ်ငန်းများလည်း ပါဝင်သွားသည်။ တရားတွေ့နေပြီဖြစ်သော ဦးဂိုအင်ကာသည် ထိုအတွက် ပူပင်သောကမရောက်။ တော်လှန်ရေးအစိုးရအပေါ် လုံးဝငြိုငြင်မှုမရှိ။ တန်ဖိုးမဖြတ်နိုင်သော ဝိပဿနာတရားလုပ်ငန်းကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန် ရှုပ်ထွေးသော စီးပွားရေးလောကထဲမှ မိမိကိုဆွဲထုတ်ပို့ဆောင်ပေးသည်ဟုပင် ခံယူသည်။ ထို့နောက် ရက်ရှည်တရားစခန်းဝင်သည်။ ဆရာကြီးဦးဘခင်၏ လက်အောက်တွင် (၁၀) နှစ်ကြာမျှ ဟင်ဒီစကားပြောယောဂီများအတွက် စကားပြန်အဖြစ် ဆောင်ရွက်ပေးသည်။ ဗုဒ္ဓကျမ်းစာအချို့ကို ဟင်ဒီဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ ၁၉၆၇ ခုတွင် ဆရာကြီးဦးဘခင် နယ်လှည့်၍ တရားပြရာ၌ ဦးဂိုအင်ကာသည် အတူလိုက်ပါခဲ့သည်။ လက်ထောက်တရားပြဆရာ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ဦးဂိုအင်ကာသည် အိန္ဒိယပြည်သို့ ခေတ္တသွားရောက်သည်။ ဖခင်ကြီးမှာလည်း အိုမင်းရင့်ရော်နေပြီ။ ဦးဂိုအင်ကာ၏မိဘနေထိုင်ရာ ရပ်ကွက်မှာ မွန်ဘိုင်းမြို့ (ဘုံဘေမြို့)မှ ဟိုလီဝုဒ်ဟု အမည်တွင်ပါသည်။ ရုပ်ရှင်ဒါရိုက်တာများ၊ နာမည်ကြီးမင်းသား၊ မင်းသမီးတို့ စုပေါင်းတည်ထောင်သော သီးသန့်ရပ်ကွက် ဖြစ်ပါသည်။ ဦးဂိုအင်ကာသည် ကျေးဇူးဆပ်သောအနေဖြင့် ဝိပဿနာတရားကို မိဘများအားထုတ်ရန် တိုက်တွန်းဆောင်ရွက်ဖို့သွားရောက်ခြင်း ဖြစ်သည်။ စစ်မှန်သောတရားကို ရင်ဝယ်ပိုက်လျက် မိဘနှစ်ပါးအားတရားရသွားစေလိုသောဆန္ဒပြင်းပြနေသည်။

သို့ဖြင့် သူသည် အိန္ဒိယပြည်တွင် ကြိုးပမ်း၍ ဝိပဿနာတရားပြရာ မိဘနှစ်ပါးကိုသာမက ဆွေမျိုးသားချင်းများနှင့်ခင်မင်သော်မိတ်ဆွေများကိုပါ အောင်မြင်စွာ တရားပြနိုင်ခဲ့သည်။ ဆရာကြီးဦးဘခင်ကိုယ်တိုင်ကလည်း ဒီတရားကို အိန္ဒိယပြည် မဇ္ဈိမဒေသကနေ တရားပြပြီးတော့ သာသနာပြုမည်ဆိုသော ရည်ရွယ်ချက်ကြီးရှိနေခဲ့ပါသည်။ အဲဒီရည်ရွယ်ချက်ကြီးအတိုင်း သွားဖို့အစီအစဉ်လုပ်ဇနသောအချိန်မှာ ဆရာကြီးကို နိုင်ငံခြားထွက်ခွင့်ပတ်စပို့ မပေးခဲ့ချေ။ ထို့အပြင် ဆရာကြီးမှာ ဆီးရောဂါဖြစ်ပြီး မကျန်းမာသော အခြေအနေရောက်ခဲ့သည်။ ထို့ကြောင့် ဆရာကြီး အိန္ဒိယပြည်ကို မသွားနိုင်တော့ဘဲ 'ငါကိုယ်စားမင်းသာသနာပြုပေတော့' လို့ ပြောပြီး ဦးဂိုအင်ကာကို စေလွှတ်လိုက်ပါသည်။

သူ၏ တရားပြလုပ်ငန်းမှာ မမျှော်လင့်ဘဲ အထူးအောင်မြင်မှုရရှိနေသည်။ သို့ဖြင့် သူသည် မြန်မာပြည်သို့ မပြန်ဖြစ်တော့ချေ။ အိန္ဒိယပြည်မှာပင် အခြေချနေထိုင်လိုက်သည်။ တရားပြလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သည်။ မြန်မာပြည်ရှိ ဇနီးနှင့် သားများလည်း သူရှိရာ အိန္ဒိယပြည်သို့ လိုက်လာသည်။ သားများက စီးပွားရေးလုပ်ငန်းကို အိန္ဒိယပြည်၌ လုပ်ကိုင်ကြသည်။ အထူးတိုးတက်ကြီးပွားအောင်မြင်သည်။ သန်းကြွယ်ချမ်းသာနေကြသည်။ ဦးဂိုအင်ကာမှာ စီးပွားရေးလုပ်ငန်းကို လုံးဝမလုပ်ကိုင်တော့။ တရားပြလုပ်ငန်းကိုသာ ဆောင်ရွက်သည်။ သူသည် အိန္ဒိယပြည်ရှိ ဗလီများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ အကျဉ်းထောင်များတွင် တရားစခန်းများဖွင့်ကာ တရားပြသည်။ ဟင်ဒီဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်ပါ ရှင်းလင်းပြတ်သားထိမိစွာတရားပြနိုင်ရာ အိန္ဒိယလူမျိုးများသာမက နိုင်ငံခြားသားများပါ ဝင်ရောက် တရားအားထုတ်ကြသည်။ အထူးအောင်မြင်သည်။ ဦးဂိုအင်ကာထံတွင် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ တရုတ်၊ ဂျပန်အစရှိသည့် လူမျိုးပေါင်းစုံတို့ တစ်လလျှင် (၃၀၀) ကျော်လစဉ်ဝင်ရောက်တရားအားထုတ်ကြသည်။ ထိုလူမျိုးတို့အား မိမိတို့၏ မိရိုးဖလာ ကိုးကွယ်သည့် ဘာသာကို မစွန့်လွှတ်စေဘဲ တရားအားထုတ်ခွင့်ပြုရာ တရားစခန်းယောဂီများ အလွန်နှစ်သက်ကြသည်။ များသောအားဖြင့် တရားတွေ့၍ တရားအားထုတ်ခြင်း၏ အကျိုးကျေးဇူးကို ခံစားကြရသည်။

ဦးဂိုအင်ကာသည် သူ၏ဆရာဖြစ်သူ ဆရာကြီးဦးဘခင်ကို ပင့်ဖိတ်ကာ အိန္ဒိယပြည်တွင် တရားပြနိုင်ရန် စီစဉ် ထားသော်လည်း ၁၉ - ၁ - ၇၁ နေ့တွင် ဆရာကြီး ဦးဘခင် ကွယ်လွန်ရှာသည်။ ဆရာကြီးစျာပနကို အဖေ ဦးရန်အောင်နှင့် ကျွန်တော် လိုက်ပို့ရာ အဖေက ဦးဘခင်နှင့် အဖေသည် ဒလ/အုံကြီး ရပ်ရှိ ဆရာသက်ကြီးထံတွင် ၁၉၃၄ ခု နှစ်က အတူတူတရားဝင်ခဲ့ဖူးကြောင်း ၁၉၂၄ ခုနှစ်က အဖေ အိန္ဒိယပြည်သို့ ဘုရားဖူးသွားစဉ်က ဦးဂိုအင်ကာ၏ ဆွေမျိုးများသည် အစစအရာရာ ကူညီခဲ့ကြောင်းတို့ကို ပြောပြသည်။ ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဝန်ကြီးချုပ်ဦးနု မှ ဆဋ္ဌသင်္ဂါယနာတင်ရာ နိုင်ငံခြားသား ဧည့်သည်များ တရားထိုင်ရန် နေရာမရှိ ရာမှစ၍ ဦးဘခင်တရားရိပ်သာပေါ်လာ ပြီး နိုင်ငံခြားသားများ တရားထိုင်နိုင် တော့သည်။

ဦးဂိုအင်ကာသည် တရားပြရာ တွင် အထူးအောင်မြင်သောကြောင့် အိန္ဒိယပြည်သာမက အင်္ဂလန်၊ အမေရိ ကန်၊ ပြင်သစ်၊ ဂျပန်၊ နီပေါ၊ ဩစတြေး လျ၊ နယူးဇီလန်၊ ထိုင်း၊ သီရိလင်္ကာ စသည့် နိုင်ငံများတွင်ပါ ရိပ်သာခွဲများ တည်ထောင် ဖွင့်လှစ်နိုင်ခဲ့သည်။ လက် ထောက်တမ္မဋ္ဌာနာစရိယ (၉၀၀)ခန့်ထား ၍ တရားကို ညွှန်ပြစေခဲ့သည်။ မကြာ ခဏပင် ဦးဂိုအင်ကာကိုယ်တိုင် ထိုနိုင်ငံ များသို့ လှည့်လည်တရားပြခဲ့သည်။ ယခု အခါ ဦးဂိုအင်ကာ တရားပြပြီး ယော ဂီ များမှ (၉) သိန်းခန့်ရှိနေပြီး ကမ္ဘာအနှံ့ ရပ် တရားရိပ်သာများဖွင့်လှစ်ခဲ့ရာတွင် ဦးဂိုအင်ကာ အသုံးပြုခဲ့သော ရိပ်သာ အမည်များကို လက်လှမ်းမီသရွေ့တင်ပြ လိုက်ပါသည်။

**အိန္ဒိယနိုင်ငံ**

(၁) မွန်ဘိုင်းမြို့မှ မိုင် (၉၀) အကွာ အီဂတ်ပူရီ၌ ဖွင့်လှစ်သော ဓမ္မ ဂီရိရိပ်သာ (ယင်းတွင် အပြည် ပြည်ဆိုင်ရာ အကယ်ဒမီတရား ကျောင်းကို တည်ထောင် ဖွင့်လှစ် ထားသည်။)

(၂) အိန္ဒိယတောင်ပိုင်း ဟိုက်ဒရာဘတ် ရှိ 'ဓမ္မခေတ္တရိပ်သာ' (ကမ္မဋ္ဌာန်း ဌာန ဖွင့်လှစ်ထားသည်။)

(၃) အိန္ဒိယမြောက်ပိုင်း ရောပူရှိ 'ဓမ္မ တာလီရိပ်သာ' (အကျဉ်းထောင် ၌ ဖွင့်လှစ်ထားသည်။)



www.burmeseclassic.com

www.burmeseclassic.com

(၄) ကာလကတ္တား 'ဓမ္မဂင်္ဂါရိပ်သာ'
(၅) ကွတ်(ချ်)မြို့ ဂူဂျရတ်နယ် 'ဓမ္မသိန္ဓုရိပ်သာ'
(၆) ကောလာပူမြို့ မဟာရဋ္ဌနယ် 'ဓမ္မလယရိပ်သာ'

**အမေရိကန်နိုင်ငံ**

(၁) ရှဲ(လဲ)ဘုံမြို့ မက်ဆာချူးဆက်နယ် 'ဓမ္မဓရာရိပ်သာ'
(၂) နောသ့်ဖို့မြို့ ကာလီဖိုးနီးယားနယ် 'ဓမ္မမဟာဝနရိပ်သာ'
(၃) ကော်ဖန်မြို့ တက်ဆက်နယ် 'ဓမ္မသိရိရိပ်သာ'
(၄) အွန်နလစကာ ဝါရှင်တန် 'ဓမ္မကုဉ္စရိပ်သာ'

**ဥရောပ တြေးလျနိုင်ငံ**

(၁) ဘလက်ဟိသ်မြို့ နယူဆောက်သ်ဝေးနယ် 'ဓမ္မဘူမိရိပ်သာ'
(၂) ပိုမိုနာမြို့ ကွင်းစလန်နယ် 'ဓမ္မရသမိရိပ်သာ'

နီပေါနိုင်ငံ ခတ္တမန္ဒုမြို့ 'ဓမ္မသိင်္ဂီရိပ်သာ'

အင်္ဂလန်နိုင်ငံ ဟဲရာဖို့ဒ်မြို့ 'ဓမ္မဒီပရိပ်သာ'

ပြင်သစ်နိုင်ငံ လူဝီဆုံမြို့ 'ဓမ္မမဟီရိပ်သာ'

နယူးဇီလန်နိုင်ငံ ကောက်ကပမြို့ 'ဓမ္မမေဒနီရိပ်သာ'

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ 'ဓမ္မကမလရိပ်သာ'

ဂျပန်နိုင်ငံ တိုကျိုမြို့ 'ဓမ္မဘာနုရိပ်သာ'

စသည်တို့ ဖြစ်ကြသည်။

၂၂ - ၃ - ၉၂ နေ့တွင် ဦးဂိုအင်ကာသည် မြန်မာပြည်သို့ ဒုတိယအကြိမ် ရောက်ခိုက် ဗိုလ်အောင်ကျော်လမ်း ...ခန်းမ၌ တရားဟောပွဲကျင်းပရာ ...တော်ရောက်သွားသည်။ ဦးဂိုအင်ကာက အင်္ဂလိပ်လို ဟောပြောပြီး ဆရာ... ဦးကိုလေး (ဇေယျာမောင်) က ...ပြန်ဆိုပေးသည်။ တရားပွဲအစ ... ဒေါက်တာတဂိုး၏ကဗျာနှင့်စ၏။ ...တ အိန္ဒိယတွင် နတ်ဘုရားလှည့်...အပူဇော်ခံပုံအကြောင်းပင်။

အိန္ဒိယပြည် အထူးသဖြင့် အရှေ့...နှင့် တောင်ပိုင်းတွင် နှစ်စဉ် နတ်...ရားလှည့်လည်ပူဇော်ကြသည်။ ပူဇော်...ပုံမှာ ဘုရားကျောင်းလူကြီးများက ...ဘုရားရုပ်တုကြီးကို ယာဉ်ကြီးပေါ် ...၍ လှည့်လည်သွားနေကျ ခရီးကြောင်းအတိုင်း ပင့်ဆောင်ကြပါသည်။ နတ်ဘုရားရုပ်တုကြီးကို အမွှေးနံ့သာ၊ ပန်းကုံး၊ ဆီမီးများဖြင့် ပူဇော်လျက်၊ ယာဉ်ကြီးကိုလည်း မွမ်းမံခြယ်လှယ် ပြင်ဆင်လျက် ရှေ့၊ နောက်၊ ဝဲ၊ ယာ ပရိသတ်များဖြင့် သယ်ဆောင်လာကြသည်။ လမ်းတစ်လျှောက်တွင် သတ်မှတ်ထားသောနေရာများ၌ ယာဉ်ကြီးကိုရပ်၍ အပူဇော်ခံယူသောအခါ ပရိသတ်အားလုံး မြေကြီး၌ ပြားပြားဝပ် အလျားမှောက်၍ ယာဉ်ရထားပေါ်မှနတ်ဘုရားရုပ်တုကြီးကို ရှိခိုးပူဇော် ကန်တော့ကြပါသည်။

အဲဒီမြင်ကွင်းကို ကဗျာဆရာကြီးက ဖော်ပြပြီး မြေထုကြီးက 'ငါ့ကို လူအပေါင်းက ရိုသေမြတ်နိုးရှိခိုးကြပေတယ်' ဟု ကျေနပ်နေလိမ့်မည်။ ယာဉ်ကြီးကလည်း 'ငါ့ရဲ့ အသွင်သဏ္ဌာန်ဟာ ခံ့ညားထည်ဝါလို့ ငါ့ကို ပူဇော်ကန်တော့ကြတာပဲ' ဟု ယုံကြည်ပြီးပီတိဖြစ်လိမ့်မည်။ ယာဉ်ပေါ်က နတ်ဘုရားကြီးကလည်း 'လူတွေက ငါ့ကို ရိုသေမြတ်နိုးကြတယ်။ ကြည်ညိုလေးစားကြတယ်။ ဒါ့ကြောင့် ရှိခိုးပူဇော်ကြတာပဲ' ဟု ယူဆပြီး သဘောကျနေပေလိမ့်မည်။ ဒီလို ကိုယ့်အတွေးနှင့်ကိုယ် ဘဝင်မြင့်နေကြသော်လည်း အမှန်ပူဇော်ခံထိုက်သည့် 'ဓမ္မ' ကတော့ သူတို့ကို ကြည့်ပြီး ရယ်သွမ်းသွေးနေတော့တာပဲ။

'ကဗျာဆရာကြီး တဂိုးရဲ့ ကဗျာလေးကို သတိရပြီး အခု ကျွန်တော်ကို ခရီးရောက်မဆိုက် ကြိုဆိုဂုဏ်ပြု ချီးကျူးထောပနာပြုကြတာကို ဒီရုပ်၊ နာမ်ခန္ဓာကိုယ်မျှသာဖြစ်တဲ့ ဂိုအင်ကာက သာယာ နှစ်သက်လိုက်လျှင်ဖြင့် ဂုဏ်ကျေးဇူးတော်အပေါင်းနှင့်ပြည့်စုံသည့် ဓမ္မက အပြုံးကြီးပြုံးနေလိမ့်မည်ဟု သတိသမ္ပဇဉ်ဉာဏ်နှင့်ယှဉ်ပြီးတွေးလိုက်မိပါတယ်။ အမှန်စင်စစ် ကျွန်တော် ဟောပြောပြသနေတဲ့ တရားစစ်တရားမှန် ဓမ္မကသာလျှင် လူအပေါင်းတို့၏ ပူဇော်ခြင်းကို ခံယူထိုက်ပါတယ်'

ဟူ၍အစချီကာ တရားအားထုတ်၍ လက်တွေ့ငြိမ်းချမ်းမှုရနိုင်ကြောင်းတို့ကို တစ်နာရီခွဲခန့် ဟောပြော ပြသသွား၏။

ကျွန်တော်သည် ၂၀၁၂ ခုနှစ်တွင် အိန္ဒိယပြည်ရောက်ခိုက် ဦးဂိုအင်ကာကို ဂါရဝပြုရန် ဆရာကြီးရှိရာ မွန်ဘိုင်းမြို့မှ မိုင်(၉၀)ဝေးသော ဓမ္မဂိရိရိပ်သာရှိရာ အီဂတ်ပူရီမြို့သို့ ရထားဖြင့်သွားရသည်။ အီဂတ်ပူရီမြို့သည် အနောက်ဘက်ဂတ်တောင်တန်းကြီး၏အခြေတွင်တည်ရှိသည်။ မွန်ဘိုင်းမြို့အနီးမှ သူဌေးများနွေရာသီတွင် အပန်းဖြေသောမြို့ ဖြစ်သည်။ ဓမ္မဂိရိရိပ်သာသည် ဦးဂိုအင်ကာ၏ ကမ္ဘာ့သာသနာပြုဗဟိုဓမ္မဗိမာန် ဖြစ်သည်။ တရားရိပ်သာကို ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့၏။

ဆရာကြီး ဦးဂိုအင်ကာကို ကျွန်တော်တွေ့သောအခါ ရိပ်သာဝေယျာဝစ္စလုပ်ရန် ဒေါ်လာသုံးရာ လှူခဲ့ပါသည်။ ကျွန်တော့်ကို ဦးရန်အောင် သားမှန်းသိသွားသောအခါ အဖေနှင့် ဆရာကြီးဦးဘခင်သည် အလွန်ခင်ကြောင်း၊ ဆရာကြီးဦးဘခင်က အဖေ့ထက် လေးနှစ်ကြီးကြောင်း၊ အဖေ့ထံတွင်ရှိ မဟိန္ဒရာသူတော်စင်ကြီးမှာ သမထပညာတွင် အလွန်မြင့်ကြောင်းတို့ကို ဦးဂိုအင်ကာက ပြောလေသည်။

ဦးဂိုအင်ကာက -

'အဖေ ဦးရန်အောင် မည်သည့်အသက်တွင် ကွယ်လွန်သွားသလဲ'

"(၉၁) နှစ်မှာ ကွယ်လွန်သွားပါတယ်"

သူလည်း (၉၁) နှစ်ခန့်နေရမည်ထင်ကြောင်း မိန့်ကြားသွားပါသည်။

ဆရာကြီးထံမှအပြန်တွင် မွန်ဘိုင်းမြို့အနီး ဂိုရေးဒေသ ဗုဒ္ဓဒီပကျွန်းတော်မြတ်၌ တည်ထားသော 'ဝိပဿနာဓမ္မဒီပသဗ္ဗညုတစေတီတော်'ကြီးကို ဝင်ဖူးမြော်ခဲ့သည်။ စေတီတော်ကြီးကို ၁၃၅၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ရက် (၂၆ - ၁၀ - ၉၇) နေ့က စတင်ဆောက်လုပ်ခဲ့ပြီး ၂၇-၁၁-၂၀၀၈ရက်နေ့တွင် အောင်မြင်ပြီးစီးခဲ့သည်။ စေတီတော်ကြီး၏ ဖွင့်ပွဲအခမ်းအနားကို အိန္ဒိယနိုင်ငံ သမ္မတကြီးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာနိုင်ငံ နိုင်ငံတော် သံဃာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် တက်ရောက်ခဲ့သည်။

ထိုစေတီတော်ကြီးကို ဆရာကြီး ဦးဂိုအင်ကာ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်ရှိ ယောဂီပေါင်းများစွာက အလှူငွေများ ထည့်ဝင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စေတီတော်အတွက် မြေနေရာကို ယောဂီတစ်ဦးက လှူဒါန်းသည်။ မြေဧရိယာကိုးဧကကျယ်ဝန်းသည်။ မြေတန်ဖိုးမပါ



www.burmeseclassic.com

www.burmeseclassic.com




စေတီတော်တည်ဆောက်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၃၆) သန်းရှိသည်။ စေတီတော်ကြီးမှာ ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံစံတူဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီးကို ဦးထိပ်ပန်သောအနေဖြင့် ရွှေတိဂုံစေတီတော်ကြီးအောက် ဉာဏ်တော် (၁) ပေနိမ့်၍ ဉာဏ်တော်အမြင့် (၃၂၅) ပေထားရှိသည်။ စေတီတော်ကြီးအောက်ခြေတွင် အမြင့် (၉) ပေရှိ လိုဏ်ဂူကြီး တည်ဆောက်ထားသည်။ ထိုလိုဏ်ဂူကြီး၏ အချင်းမှာ ပေ (၂၇၀) ပေထားရှိသည်။ လူပေါင်း (၉၀၀၀) ခန့် တစ်ပြိုင်တည်း တရားထိုင်နိုင်အောင် အံ့ဖွယ်စီစဉ်ထားသည်။ စေတီတော်ကြီးနှင့်ဆက်လျက် ပြခန်းဆောင်ကြီးတွင် ဗုဒ္ဓဖြစ်စဉ်၊ ဗုဒ္ဓဇာတ်တော်ဇာတ်ကွက်များပြသထားပြီး အိန္ဒိယပြည်မှ ထင်ရှားသော ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ပညာရှင်များ၏ လက်ရာများဖြင့် ယင်းဇာတ်တော်များကို သရုပ်ဖော်ထားလေသည်။ ယင်းသရုပ်ဖော်ပြကွက်များကို အိန္ဒိယနိုင်ငံတွင် သုံးသော အဓိကဘာသာစကား (၃) မျိုးဖြင့် ရုပ်မြင်သံကြားစက်များမှ ရှင်းလင်းပြသလေသည်။ ၂၇-၁-၂၀၀၉ နေ့တွင် ဆရာကြီးဦးဂိုအင်ကာ ဦးဆောင်ကာ ဓမ္မဂီရိအဖွဲ့၏ ဖိတ်ကြားချက်အရ မြန်မာဆရာတော်ကြီးအချို့ အပါအဝင် မြန်မာစာရေးဆရာအချို့သည် ဆရာကြီး၏ ဓမ္မဂီရိရိပ်သာသို့ သွားရောက်၍ (၁၀) ရက် တရားစခန်းဝင်ခဲ့ကြသည်။

ဦးဂိုအင်ကာ၏ဆောင်ရွက်မှုများမှာ လွန်စွာ ထိရောက်လှသည်။ ထို့ကြောင့် ၁၉၇၂ ခုတွင် ဗုဒ္ဓဂယာရှိ သံဃရာဇာမထေရ်ကြီးက ဦးဂိုအင်ကာအား အိန္ဒိယတွင် ဗုဒ္ဓတရားများ ပြန်လည်ထွန်းကားလာအောင် ဆောင်ရွက်နိုင်ခဲ့သောကြောင့် 'ဓမ္မမူရတိ' ဘွဲ့ကို ချီးမြှင့်တော်မူခဲ့သည်။

ထို့ပြင် ၁၉၇၇ ခုတွင် အိန္ဒိယပြည် နာလန္ဒာတက္ကသိုလ်ကလည်း ဦးဂိုအင်ကာကို ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ နှင်းအပ်ခဲ့သည်။ ၁၆-၃-၁၉၉၂ တွင် မြန်မာနိုင်ငံက ချီးမြှင့်ပေးအပ်သည့် မဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်ကို ရရှိခဲ့သည်။ ၂၇ - ၁ - ၂၀၀၀ ပြည့်နှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဒေးဗိုး(စ်)မြို့တွင် ကျင်းပသော ကမ္ဘာ့စီးပွားရေးညီလာခံ... ဦးဂိုအင်ကာ တက်ရောက်ကာ ဗုဒ္ဓတရား... တော်များကို ဟောပြောခဲ့သည်။

'ဤမြေမှာမွေးလျှင် ဤမြေ... ချစ်ရမည်'

ဟူသော စကားကို စွဲမြဲထား... သော ဦးဂိုအင်ကာသည် ၂၉-၉-၂၀၁... တွင် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ ကွယ်... လွန်အနိစ္စရောက်ခဲ့သည်။ ကွယ်လွန်... သောအခါ သူ၏ အရိုးပြာကို မြန်မာ... ပြည်သို့ ယူဆောင်စေ၍ ဧရာဝတီမြစ်... အတွင်းသို့ မျှောချစေခဲ့သည်။ ဆရာ... ကြီးကွယ်လွန်ခြင်းသည် ကမ္ဘာအရပ်ရပ်... နှင့် မြန်မာပြည်ရှိ ယောဂီများအတွက်... အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ရပ်... ဖြစ်ပေတော့သည်။

*(ဤဆောင်းပါးဖြင့် ဖခင်... ဦးရန်အောင်နှင့် ဆရာကြီး ဦးဂိုအင်ကာ... အား ဦးညွှတ်လျက်)*

တင်အောင် (စက်မှုတက္ကသိုလ်...



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင်းမြင့်

အကောင်းဆုံးယကြာ



"ဟား - ကိုဝင်းမြင့်ကြီးပါလား၊ ခင်ဗျားတော်တော်ကြာကြာကြီးပျောက်နေလိုက်တာဗျာ။ ကျွန်တော်တို့အုပ်စုက ခင်ဗျားကို သေပြီလို့တောင် ထင်နေကြတာ"

ကျွန်တော် အသက်ငယ်စဉ်ကပင် တွေ့ကြုံ သိကျွမ်းခဲ့ရသော မိတ်ဆွေ သက်တမ်းအရှည်ဆုံး ဦးကျော်ဆန်းက နှစ်ပေါင်းများစွာ ကွဲကွာခဲ့ရာမှ ပြန်လည်ဆုံတွေ့ခိုက်တွင် ဝမ်းသာအားရ နှုတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

"ဟုတ်တာပေါ့ဗျာ၊ ထင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ထင်စရာပါပဲ။ ကျွန်တော်ကလည်း အဆက်အသွယ်မှ မလုပ်ခဲ့တာကိုး။ ခုတော့ ပင်စင်ယူပြီးမို့လို့ ငယ်သူငယ်ချင်းရင်းချာဖြစ်တဲ့ ခင်ဗျားဆီ ရောက်အောင်လာတွေ့တာပါပဲ"

အတိုချုပ်ရှင်းပြရလျှင် ကျွန်တော်ဘွဲ့ရပြီး အလုပ်ရှာဖွေလျှောက်ထားသော အခါ ပြည်တွင်းအခွန်များဦးစီးဌာနအောင်ဘာလေသိန်းဆုဌာနခွဲ၌ စာရေးအလုပ်ကို ရရှိခဲ့ပါသည်။ ထိုအခါ ကိုကျော်ဆန်းနှင့် ဆုံတွေ့ရပါသည်။ သူကလည်း စမ်းချောင်းမှာနေ၊ ကျွန်တော်ကလည်း ကြည့်မြင်တိုင်မှာနေ၊ ရန်ကုန်မြို့ကြီးမှာက ထိုနေရာနှင့် ထိုနေရာဝေးသည်ဟုမဆိုနိုင်။ သို့နှင့် တစ်ယောက်အိမ်တစ်ယောက်သွားလာလည်ပတ်ကြပါသည်။ သူကမိသားစုရှိသည်။ ကျွန်တော်က. လူပျိုကိုယ်လွတ်၊ သို့ဖြစ်၍ ကျွန်တော်က သူတို့ထံသို့ အရောက်များပါသည်။ ရုံးပိတ်ရက်တိုင်း သူတို့အိမ်သို့ ကျွန်တော် ရောက်သည်။ တစ်ခါတစ်ရံ ညအိပ်သည်။

သူတို့မိသားစုက အမြဲတမ်းထမင်းကျွေးသည်။ သူတို့အိမ်သည် ကျွန်တော့်အတွက် စားအိမ်သောက်အိမ်ပင် ဖြစ်ပါတော့သည်။

ကိုကျော်ဆန်းနှင့် ကျွန်တော်တို့ ဝါသနာတူစိတ်တူဖြစ်ရသည့်အချက်မှာ သူရောကျွန်တော်ပါ ဘာသာရေးသမားများ ဖြစ်ကြသည်။ လူငယ်ပိုင်းဖြစ်၍ ဘာသာရေးအပြင် လောကီဗေဒင်နက္ခတ်ဓာတ် စသည်ကိုပါ စိတ်ဝင်စားကြပါသည်။ ရန်ကုန်မြို့ရှိ ဘုရားစေတီများကို အတူတူသွားဖြစ်ကြပါသည်။

အသက်လည်းငယ်၊ အရွယ်လည်းနုပျို၊ လူပျိုလူလွတ်လည်းဖြစ်သော ကျွန်တော်သည် ဘဝတိုးတက်ရေးအတွက် အရာရှိဖြစ်နိုင်မည့် အခွင့်ကောင်းကို ရှာကြံဆဲတွင် သတင်းစာမှ တစ်ဆင့် ခေါ်ယူသော အရာရှိရာထူးအလုပ်အကိုင်များကို ဌာနအတွင်းမှ တစ်ဆင့်လျှောက်ထားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ လက်ထောက်မြို့ပိုင်ရာထူးကို ရရှိခဲ့ပါသည်။

ထို့နောက်တွင်ကား ကိုကျော်ဆန်းနှင့်တကွ ရန်ကုန်က မိတ်ဆွေများနှင့် ကွဲကွာသွားပါတော့သည်။ တာဝန်ကျရာဒေသများမှာ မြန်မာနိုင်ငံအထက်ပိုင်းရှိဒေသများသာဖြစ်ပြီး အလုပ်ထဲတွင် စိတ်ရောကိုယ်ပါ မြှုပ်နှံထားခဲ့ခြင်းကြောင့် ရန်ကုန်ရှိ မိတ်ဆွေသင်္ဂဟများနှင့်လည်း အဆက်အသွယ်ပြတ်တောက်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် လောက်အထိရှိခဲ့ပါသည်။

"ကိုဝင်းမြင့်ကြီးလည်း တော်တော်ဝလာတာပဲနော်"

ဦးကျော်ဆန်း၏ဇနီးဒေါ်မြင့်မြင့်ရီကလည်း အားရဝမ်းသာ နှုတ်ဆက်ပါသည်။ သူတို့မိသားစုတစ်စုလုံးက ယခင်လိုပင် ရင်းနှီးနွေးထွေးစွာ ပြောဆို၍ ဧည့်ဝတ်ပြုကြပါသည်။

"ခင်ဗျား အရင်ကလိုပဲ တရားထိုင်သေးလား။ ဗေဒင်နက္ခတ်တွေကော လုပ်တုန်းပဲလား"

ဦးကျော်ဆန်းကမေးပါသည်။

"အဲ - ခုတော့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်ပီပီ နိဗ္ဗာန်ရောက်ကြောင်း ရည်မှန်းပြီး ဝိပဿနာအလုပ်ကိုပဲလုပ်ပါတော့တယ်။ ဗေဒင်နက္ခတ်ဓာတ်စတဲ့ ဂန္ဓာရီပညာတွေကိုတော့ ယုံကြည်တယ်ဆိုပေမယ့် ဆက်မလုပ်ဖြစ်တော့ပါဘူး။ ခင်ဗျားကော အခုဘာတွေလုပ်နေလဲ"

ဦးကျော်ဆန်း၏ မေးခွန်းကို ကျွန်တော်ကဖြေရင်း သူ့ကိုလည်း ပြန်မေးလိုက်ပါသည်။

"ကျွန်တော်လည်း ခုတော့ တရားထိုင်တာပဲလုပ်နေပါတယ်။ အခု ခင်ဗျားပြန်ရောက်လာတော့ ရှေ့လျှောက် တရားစကားတွေ ဆွေးနွေးရတာပေါ့ဗျာ"

"ကောင်းတာပေါ့ဗျာ၊ သူတော်ချင်းချင်း သီတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ပေါ့ ဟုတ်ဘူးလား"

"ဒါနဲ့ ကိုဝင်းမြင့်၊ စောစောက ဗေဒင်နက္ခတ်ဓာတ်ဆိုတဲ့ ဂန္ဓာရီပညာတွေကို ယုံကြည်ပေမယ့် ဆက်မလုပ်ဖြစ်ဘူးဆိုတော့ ခုထိယုံကြည်တုန်းပဲပေါ့။ ဘာလို့ဆက်မလုပ်တာလဲ"

ဒေါ်မြင့်မြင့်ရီကပါ မေးခွန်းမေးလိုက်ပြီး ကျွန်တော့်ရှေ့သို့ လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကို ချထားလိုက်ပါသည်။

"ကျွန်တော် အဘိဓမ္မာသင်တန်းတက်ပြီး နိဗ္ဗာန်တစ်ခုတည်းကိုသာ ရည်မှန်းချက်ထားရှိတာမို့ တခြားပညာရပ်တွေကို ဆက်မလုပ်တော့တာပါ။ ဒါပေမယ့် အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့မန္တရား ဆေးဝါး၊ ဓာတ်၊ နက္ခတ်ဗေဒင် ဆိုတဲ့ ပညာရပ်တွေဟာလည်း လောကုတ္တရာ နိဗ္ဗာန်ကလွဲရင် လောကီအကျိုးစီးပွားတွေကို ပေးစွမ်းနိုင်တဲ့ပညာတွေဖြစ်လို့ ယုံကြည်မြတ်နိုးရတာပါပဲ။ နိဗ္ဗာန်လိုချင်ရင်တော့ ဒါတွေမလိုအပ်ဘူးပေါ့။ သူ့ကဏ္ဍနဲ့သူ ခွဲခြားနားလည်ထားရမှာပေါ့လေ"

ကျွန်တော်က ရှင်းပြလိုက်ပါသည်။

"ခင်ဗျားဟိုတစ်ချိန်တုန်းကတော့ ဗေဒင်ပညာတွေကို အတော်ဝါသနာပါခဲ့တာပဲနော်"

"ဟာ - ဟုတ်တာပေါ့၊ ဝါသနာပါခဲ့တာမှ ကိုယ့်စိတ်ကူးနဲ့ကိုယ့်အဆန်းတွေ လျှောက်လုပ်ကြည့်ခဲ့သေးတယ်"

ကျွန်တော်က ကိုယ့်အကြောင်းကိုယ်တွေးမိပြီး ပြုံးလိုက်မိပါသည်။ လက်ဖက်သုပ်ကိုလည်း လှမ်း၍နှိုက်လိုက်ပါသည်။

"ပြောစမ်းပါဦးဗျာ၊ ဗဟုသုတရတာပေါ့"

ဦးကျော်ဆန်းက မေးလိုက်ပါသည်။

"ကိုဝင်းမြင့်ပြောတဲ့ စကားတွေမှ ကြားရတာကြာပြီ။ ကိုဝင်းမြင့်နဲ့ စကားပြောရင် အဆန်းတွေပဲကြားရတယ်၊ ဗဟုသုတလည်းရတယ်။ ကိုဝင်းမြင့်တွေ့ခဲ့၊ ကြုံခဲ့တာတွေကိုလည်း ပြောပြစမ်းပါဦး"

ဒေါ်မြင့်မြင့်ရီကပါ ထောက်ခံပြီး ကျွန်တော့်အတွေ့အကြုံများကို ပြန်လည်ပြောပြရန် မေးမြန်းပါတော့သည်။

"ဒီလိုဗျ၊ ကျွန်တော်က ဗေဒင်ပညာကိုဝါသနာပါပေမယ့် သိပ်အတတ်ကြီးတော့ မဟုတ်ပါဘူး။ မဟာဘုတ်လောက်သာတတ်တာပါ။တကယ်တော့ ဗေဒင်ပညာဟာ သင်ယူလို့မကုန်နိုင်အောင်ဘဲ ကျယ်ဝန်းနက်ရှိုင်းလှပါတယ်။ မဟာဘုတ်ဆိုတာက အစပထမအခြေခံမူလတန်းလေးလောက်ပဲ ရှိသေးတာလေ"

"ဒါတော့ဒါပေါ့ဗျာ၊ ဒါပေမယ့်လည်း မတတ်တာနဲ့စာရင်တော့လည်း တတ်တဲ့သူက သာတာပဲ မဟုတ်လား"

ဦးကျော်ဆန်းက သူ့အမြင်ကို ပြောလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်က -

"မတတ်တာနဲ့စာရင် တတ်တဲ့သူက သာတော့သာတာပေါ့။ သို့သော်လည်းပဲ ဘယ်ပညာမဆို ဆုံးခန်းတိုင်ရောက်အောင်သင်ယူရမှာဗျ။ ဆုံးခန်းတိုင်ရောက်မထားတဲ့ပညာဟာ တစ်ခါတစ်ရံ အလွဲအမှားတွေ၊ အခက်အခဲတွေ တွေ့တတ်တယ်ဗျ။ Little Know-



www.burmeseclassic.com

www.burmeseclassic.com

ledge is Dangerous ဆိုတဲ့အနောက်တိုင်း စကားပုံလည်းရှိတယ်မဟုတ်လား"

"ကဲပါဗျာ၊ ခင်ဗျားအတွေ့အကြုံကိုသာ ပြောပါဦး"

"ဒီလိုဗျ၊ ကျွန်တော် အောင်ဘာလေမှာ ခင်ဗျားတို့နဲ့ရုံးစာရေးလေးဘဝနဲ့နေတုန်းက တစ်ညမှာ ကျွန်တော့်ကိုယ်ကျွန်တော် မဟာဘုတ်နဲ့ ဗေဒင်တွက်ကြည့်သဗျ။ အဲဒီတုန်းက ရန်ကုန်မြို့ကြီးမှာနေရတဲ့ စာရေးလေးတစ်ယောက်ဟာ စားရေးသောက်ရေး အတော်ကျပ်တည်းတာပေါ့ဗျာ။ စိတ်ညစ်စရာတွေနဲ့ကြုံ၊ လောကဓံတွေနဲ့တွေ့ ဆိုတော့ ကိုယ်တတ်ထားတဲ့ မဟာဘုတ်လေးလောက်ကိုပဲအားကိုးမိတော့တာပေါ့"

"ဟုတ်တာပေါ့"

"ကျွန်တော့် မွေးသက္ကရာဇ်ကို (၇) နဲ့စားတော့ (၄) ကြွင်းသဗျ၊ ဒါကို မဟာဘုတ်တိုင်ထူတော့တာပေါ့ဗျာ"

"အောင်လံထူစစ်သူကြီးပွဲလုပ်တာပေါ့လေ"

ဦးကျော်ဆန်းက ထောက်လိုက်ပါသည်။

"ကျွန်တော်က အောင်လံထူနဲ့ တွက်ဘူးဗျ။ ကိုယ့်တွက်နည်းနဲ့ကိုယ်ပေါ့ဗျာ"

"ဆိုပါဦး၊ အဲဒီတွက်နည်းပေး"

"**ဘင် ပု သိုက် မ ဓိ ဇ ထွန်း** ဆိုတာကိုတော့ မမေ့အောင်ကျက်ထားရတယ်။ (၄) ကြွင်းရင် (၄) ဂဏန်းကစ အစဉ်အတိုင်း အပေါ်ကအောက် တိုင်ထောင်ရေးချပေါ့။ (၄)၊ (၅)၊ (၆)၊ (၀)၊ (၁)၊ (၂)၊ (၃) ပေါ့လေ။ အဲဒီတိုင်လေးရဲ့ဘေးမှာ အပေါ်က အောက်ကို **ဘင် ပု သိုက် မ ဓိ ဇ ထွန်း**လို့ ရေးလိုက်ရတာပေါ့။ အဲဒီတော့ (၄) သည် ဘင်၊ (၅) သည် ပု၊ (၆) သည် သိုက် စသည်ပေါ့လေ။ ...တယ်လို့ (၁) ကြွင်းရင်တော့ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၀) လို့ အစဉ်အတိုင်း အပေါ်က အောက်ကို ရေးသွား၊ **ဘင် ပု သိုက် မ ဓိ ဇ ထွန်း**လို့ ဘေးကယှဉ်တွဲရေး။ (၁) သည် ဘင်၊ (၂) သည် ပု ...ပေါ့ဗျာ။ ယှဉ်တွဲကောက်ယူလို့ရတာပေါ့"

"တယ်ဟုတ်ပါလား"

"ဘင် ဆိုတာ ဘင်္ဂ၊ ပု ဆိုတာ ပု..., သိုက်ဆိုတာ သိုက်၊ မ ဆိုတာ မရဏ၊ ဓိဆိုတာက အဓိပတိ၊ ဇ ဆိုတာ ရာဇ၊ ထွန်း ဆိုတာတော့ အထွန်းပေါ့။ အဲဒီတော့ မဟာဘုတ်အရ ကိုယ့်အသက်...လောကမှာ ဘယ်လိုအတော်တွေ အတိုင်းဖြစ်မယ်ဆိုတာ တွက်လို့ရသွားတာပေါ့ဗျာ"

"ဟုတ်တာပေါ့ဗျာ။ ဗုဒ္ဓဟူးဂြိုဟ်သက် (၁၇) နှစ်၊ စနေဂြိုဟ်သက် (၁၀) နှစ်ဆိုတာတွေဖြစ်မှာပေါ့နော်"

ဦးကျော်ဆန်းကလည်း ခေသူမဟုတ်။ ဒီလိုဆိုတော့ သူလည်း သိထားပြီး ဖြစ်ပါသည်။

"သိပ်ဟုတ်တာပေါ့ဗျာ၊ တွေ့ကြုံရမယ့် ဂြိုဟ်ခွင်အစဉ်ကတော့ ဘုရားစေတီတွေမှာထားရှိတဲ့ ဂြိုဟ်ခွင်အစဉ်အတိုင်း လက်ယာရစ်ပေါ့။ ကိုယ့်မွေးနံဂြိုဟ်ရှိရာကနေ လက်ယာရစ်တွက်သွားရတာပေါ့"

"ဗုဒ္ဓဟူးပြီးရင် စနေ၊ စနေပြီး ကြာသပတေး၊ ကြာသပတေးပြီးရင် ရာဟု။ ဒီလိုမဟုတ်လား"

ဦးကျော်ဆန်းက မေးလိုက်ပြန်သည်။

"ဟုတ်တာပေါ့"

"ရာဟုကျတော့ ဘယ်လိုယူရမှာလဲဗျာ၊ မဟာဘုတ်က ခုနစ်နေ့ခုနစ်နံပဲရှိတာဆိုတော့လေ"

"တခြားတွက်ကိန်းတွေမှာတော့ ရာဟုအပါအဝင် ဓာတ် (၈) ပါးနဲ့ တွက်ယူပေမယ့် မဟာဘုတ်ကတော့ ဂြိုဟ် (၇) ခုနဲ့ပဲ တွက်တာဆိုတော့ ရာဟုကို ဗုဒ္ဓဟူးအဟောနဲ့ပဲယူရမှာပေါ့ဗျာ"

"မဟာဘုတ်အဟောတွေလည်း ပြောပြပါဦး"

"မဟာဘုတ်ပညာကလည်း ဟောပြောရမယ်ဆိုရင် ကျယ်ဝန်းလှသဗျ။ လိုရင်းလောက်သာပြောရမယ်ဆိုရင်တော့ ဘင်္ဂဆိုတာ ပျက်စီးခြင်းသဘောပဲ။ ပုတိက အပြောင်းအလဲပေါ့။ မမြဲတဲ့သဘောဘဲ။ သိုက်ကတော့ ကြွယ်ဝချမ်းသာခြင်းသဘောပဲဗျ။ မရဏ ဆိုတာကတော့ ကောင်းရင်လည်း အလွန်ကောင်း၊ ဆိုးရင်လည်း အလွန်ဆိုးတတ်တယ်။ အဓိပတိက အရာရာထိပ်ဆုံးရောက်တတ်တဲ့ သဘောပဲ။ ရာဇ ဆိုတာက အစိုးရခြင်းပေါ့။ ဥစ္စာကိုအစိုးရမယ်။ စည်းစိမ်ချမ်းသာကို အစိုးရမယ်။ ရာထူးအာဏာ အစိုးရမယ် စသည်ဖြင့်ပေါ့။ အထွန်းဆိုတာက ထွန်းကားတာပဲပေါ့။ ဥစ္စာပစ္စည်းထွန်းကားမယ်။ ပညာအရာထွန်းကားမယ်။ သားသမီးရတနာထွန်းကားမယ်ပေါ့ဗျာ"

"ဟုတ်ပါပြီ၊ ခင်ဗျားကိုယ်ခင်ဗျား မဟာဘုတ်ဗေဒင် တွက်ကြည့်တာလေးလည်း ဆက်ပြောပါဦး"

"ဪ-ဟုတ်သားပဲ။ တစ်ညမှာ ကျွန်တော်မဟာဘုတ်ဗေဒင်တွက်ကြည့်တော့ ကျွန်တော့်ဇာတာက ငယ်တဲ့အရွယ်မှာ သိပ်မကောင်းဘဲ အသက်ကြီးမှ ကောင်းတဲ့ဇာတာဖြစ်နေတယ်။ ဘင်္ဂဖွားဖြစ်နေလို့လေ။ အသက် (၁၇) နှစ်ထိ ဗုဒ္ဓဟူးဂြိုဟ် ဘင်္ဂထဲမှာရှိတယ်။ (၁၈) နှစ်က (၂၇) နှစ်ထိကလည်း စနေဂြိုဟ် မရဏအိမ်ထဲမှာရှိတယ်။ (၂၈) နှစ်က (၄၆) နှစ်အထိ ကြာသပတေးဂြိုဟ် ပုတိအိမ်ရောက်ပြန်တယ်။ (၄၇) နှစ်က (၅၈) နှစ်ထိ ရာဟုဂြိုဟ် ဘင်္ဂထဲပြန်ဝင်၊ ရာဟုဂြိုဟ်နဲ့တွေ့ ဒီတော့ ကျွန်တော်အတော်ကို စိတ်ပျက်သွားတယ်။ (၅၉) နှစ်ကျော်မှ သိုက်တွေ၊ အဓိပတိတွေ၊ ရာဇတွေ၊ အထွန်းတွေကိုတွေ့ရမှာကိုး။ ဒါတောင် အသက်ရှည်မှတွေ့ရမှာ။ ဘဝရဲ့အစပိုင်းမှာ ဇာတာကောင်းမှ ဘဝတိုးတက်ဖို့ရှိတာမဟုတ်လား"

"ဆက်ပါဦး"

"အဲဒါနဲ့ စိတ်ညစ်ညစ်ရှိတာနဲ့ရော မဟာဘုတ်တတ်ခါစမို့ အပျင်းပြေလျှောက်တွက်ကြည့်ချင်တာနဲ့ပါ ကျွန်တော် သက္ကရာဇ်တစ်ခုကို လျှောက်တွက်ကြည့်မိသဗျ"

"ဘာသက္ကရာဇ်လဲ"

"ကျွန်တော့်မွေးသက္ကရာဇ်ဆိုတာက တကယ်မွေးတဲ့အခါတုန်းက အဖေ၊ အမေတို့က မှတ်ထားတဲ့ မွေးသက္ကရာဇ်၊ ဇာတာဖွဲ့ထားတဲ့သက္ကရာဇ်ပေါ့ဗျာ။ အဲဒီအပြင် ကျောင်းနေတုန်းက မှတ်တမ်းတင်ခဲ့တဲ့ မွေးသက္ကရာဇ်က တစ်ခုဖြစ်နေတယ်"

"အသက်လိမ်ထားတာလား"

ဦးကျော်ဆန်းက ပြုံးစေ့စေ့နှင့် မေးလိုက်ပါသည်။

"အသက်လိမ်တာတော့ မဟုတ်ဘူးဗျ၊ မှားရေးမိတာ။ တကယ်မွေးနေ့မွေးရက်အမှန်နဲ့ ကျောင်းဝင်မွေးနေ့မွေးရက်က (၉) လတိတိပဲ ကွာခြားတာ။ မတော်တဆမှားသွားတာ။ နောက်တော့ မှတ်ပုံတင်လုပ်တော့လည်း ကျောင်းဝင်စာရင်းအတိုင်းလုပ်တာမို့ ဇာတာပါ မွေးနေ့သက္ကရာဇ်ကတစ်ခု၊ ကျောင်းမှတ်တမ်းနဲ့ မှတ်ပုံတင်မှတ်တမ်းတို့မှာရှိတဲ့ မွေးနေ့သက္ကရာဇ်ကတစ်ခု ဖြစ်နေတာပေါ့ဗျာ"

"အဲဒီတော့"

"ကျွန်တော် မှတ်ပုံတင်ထဲက မွေး



www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ်ကိုလည်း မြန်မာခုနှစ်၊ လ၊ ရက်ကို ပြန်တွက်ကြည့်ပြီး မဟာဘုတ်ထူကြည့်ပြန်တယ်။ စိတ်ကူးယဉ်တာပေါ့ဗျာ"

"ဆက်ပါဦး"

"ဟား - ကျွန်တော်သဘောကျသွားသဗျ။ အဲဒီသက္ကရာဇ်အတိုင်းကို (၇) နဲ့စားတော့ (၅) ကြွင်းသဗျ။ ဒါပေမယ့် အဲဒီအတိုင်းဆိုရင် ကျွန်တော်က ဗုဒ္ဓဟူးသား မဟုတ်တော့ဘူး။ သောကြာသားဖြစ်နေတယ်"

"ကျောင်းဝင်စာရင်းအရ၊ မှတ်ပုံတင်အရဆိုရင် ခင်ဗျားဟာ သောကြာသား ဖြစ်နေတာပေါ့"

ဦးကျော်ဆန်းက ရှင်းအောင် မေးလိုက်ပါသည်။

"ဟုတ်တာပေါ့ဗျာ၊ ကဲ-သောကြာပဲထားပါတော့။ (၅) ကြွင်းတဲ့ သောကြာသားဆိုရင် (၂၁) အထိ သောကြာဂြိုဟ်ပုတိအိမ်မှာ၊ ပြီးတော့ (၂၂) နှစ်က (၂၇) နှစ်အထိ တနင်္ဂနွေဂြိုဟ် မရဏမှာ၊ (၂၈) နှစ်က (၄၂) နှစ်အထိ တနင်္လာဂြိုဟ် အဓိပတိထဲမှာ၊ အဲဒီတုန်းက ကျွန်တော့်အသက်က (၂၈) နှစ်ထဲရောက်နေတော့ မရဏလွတ်သွားပြီ။ အဓိပတိထဲမှာပေါ့။သိပ်ကောင်းပေါ့ဗျာ။ ဆက်တွက်ကြည့်တော့လည်း (၄၃) နှစ်က (၅၀) အထိ အင်္ဂါဂြိုဟ် ရာဇအိမ်မှာ (၅၁) နှစ်က (၆၇) နှစ်အထိ ဗုဒ္ဓဟူးဂြိုဟ် အထွန်း၊ (၆၈) နှစ်က (၇၇) နှစ်အထိ စနေဂြိုဟ်သိုက်၊ ဟား - တကယ်ကောင်းပဲဗျ"

"တကယ်ကောင်း ဆိုပေမယ့် တကယ်မှ မဟုတ်ဘဲဗျ"

"တကယ်မဟုတ်တာကို တကယ်ဟုတ်အောင်လုပ်ကြည့်တာပေါ့ဗျာ"

"ဘယ်လိုဘယ်လို"

ဦးကျော်ဆန်းက အံ့သြစွာ မေးလိုက်ပါသည်။

ကျွန်တော်က ရှင်းပြရပါသည်။

"ကျွန်တော်တို့ဟာ နေ့စဉ်နဲ့အမျှ ပညတ်တွေကြားမှာ ကျင်လည်နေကြရတာပဲ မဟုတ်လား၊ ပညတ်ခိုက်ရာ မာတ်သက်ပါဆိုတာလည်း ရှိတာပဲ မဟုတ်လား။ အဖေကပေး၊ ကျောင်းကရေး၊ အတွေးမချော်ဘဲ ဆေးဖော်လိုက်တာပေါ့ဗျာ။ ကျောင်းဝင်စာရင်းတွေထဲမှာ အကြိမ်ကြိမ်အခါခါ ဖော်ပြပြီး တစိုက်မတ်မတ်ပါရှိနေတဲ့ မွေးသက္ကရာဇ်၊ မှတ်ပုံတင်မှာ အမြဲတမ်းပါရှိနေတဲ့ မွေးသက္ကရာဇ်၊ ရုံးဌာနတွေက မှတ်တမ်းတင်ထားတဲ့ မွေးသက္ကရာဇ်ဟာ တရားဝင်အတည်ပဲလေ။ ပညတ်သွားရာ မာတ်သက်ပါနိုင်တော့မှာပေါ့။ ဒီလိုလည်း အတွေးပေါက်ရော ကျွန်တော်လည်း ပျော်သွားတော့တာပဲဗျာ"

"အင်းဗျ၊ ခင်ဗျားတွေးတာ မဆိုးဘူး။ ဆက်ပြောပါဦး"

"ဒီလိုနဲ့ နောက်ရက်တွေရောက်တော့ ဘယ်သူမှ မသိအောင် ရွှေပြားစက္ကူပေါ်မှာ မှတ်ပုံတင်မှာပါတဲ့ မွေးသက္ကရာဇ်ကိုရေး၊ မြန်မာလိုလည်းရေး၊ သောကြာနေ့ဖွား မောင်သက်ဆွေ အသက် (၁၂၀) ကျော် ရှည်စေသောဝ် ပေါ့ဗျာ"

"ဟား ဟား ဟား ဟား"

ဦးကျော်ဆန်းရော ဒေါ်မြင့်မြင့်ရီတို့ပါ ကျွန်တော်နှင့်အတူ ပြုံးရယ်လိုက်ကြပါတော့သည်။

ကျွန်တော့်စကားကိုဆက်လိုက်ပါသည်။

"ဘုရားရှိခိုး အဲဒီရွှေစက္ကူလေးကိုကိုင်၊ လိုရာဆုတောင်း၊ ဘုရားကျောင်းဆောင်အောက်မှာထား၊ တန်ခိုးကြီးဘုရားတွေမှာလည်း သွားရောက် ဆုတောင်း၊ အဓိဋ္ဌာန်ဓာတ်ဝင် ဆုတောင်းစသည်ဖြင့်ပေါ့ဗျာ။ အဲ - ဇာတာကိုထားရင် ဘုရားကျောင်းဆောင်ရဲ့ညာဘက်အောက်မှာ(ဘုရားကျောင်းဆောင်ကို ကြည့်မြင်သူရဲ့ လက်ယာဘက်ကို ပြောတာဖြစ်သည်။) ဇာတာထည့်တဲ့ ခြင်းကလေးနဲ့ ချိတ်ဆွဲထားရတယ်ဗျ။ ဇာတာမှာပါတဲ့ (၁၂) ရာသီဂြိုဟ်ခွင် ရေးထားတဲ့ဘက်ကို အောက်မှာထား၊ စာတွေရေးထားတဲ့ဘက်ကို အထက်မှာ



ထားပြီး တခြားပစ္စည်းတွေနဲ့မရောအောင် လွတ်လွတ်လပ်လပ်ချိတ်ဆွဲထားရတယ်ဗျ"

"မှတ်သားစရာတွေပါပဲဗျာ"

"ဒါနဲ့ ကျွန်တော်လည်း အရင်က ဇာတာကို မသုံးတော့ဘူး ဆိုတော့ ဘုရားကျောင်းဆောင်အောက်မှာမထားတော့ဘဲ အမှတ်တရစာအုပ်စာတမ်းတွေထားတဲ့နေရာမှာပဲသိမ်းထားလိုက်တော့တယ်"

"ဆက်ပါဦး"

"မကြာခင် ကျွန်တော်ပြည်ထဲရေးကခေါ်တဲ့ အရာရှိရာထူးဝင်ဖြေ၊ အောင်သွားပြီး ခင်ဗျားတို့နဲ့ခွဲခွာ၊ ရာထူးတွေတက်၊ အစစအရာရာ အဆင်ပြေချောမောပေါ့ဗျာ"

"ကောင်းလိုက်တဲ့ ယတြာပဲဗျာ။ အဲဒီတုန်းက ခင်ဗျားအိပ်မပျော်တိုင်း တောင်တောင်မြောက်မြောက်လျှောက်စဉ်းစားရင်း အကြံကောင်းတစ်ချက်ရသွားတာထင်ပါရဲ့။ ဒါမှမဟုတ် ခင်ဗျားရဲ့တရားကျင့်စဉ်တွေကပဲ ရှေ့ဆောင်လမ်းပြလုပ်သွားခဲ့တာထင်ပါရဲ့"

ဦးကျော်ဆန်းက ရွှင်လန်းဝမ်းမြောက်စွာဖြင့် အားပါးတရပြောလိုက်ပါသည်။

"အထင်မကြီးနဲ့ ဦးကျော်ဆန်းရေ နောက်ပိုင်း ကျွန်တော်ပြောမှာကို ဆက်ပြီး နားထောင်ဦးဗျ"

"ဆိုဗျာ၊ ထပ်ပြီး ဗဟုသုတရတာပေါ့"

"ကျွန်တော်ပြည်တွင်းအခွန်ကနေ ပြည်ထဲရေးကို မပြောင်းခင် ကြားရက်ပိုင်းလေးထဲမှာ သန်လျင်ကျိုက်ခေါက်စေတီကိုရောက်သွားသေးတယ်။ အဲဒီမှာ အမှတ်မထင် ရသေ့ကြီးတစ်ပါးနဲ့ဆုံတွေ့ရတယ်ဗျ"

"ဟာ - စိတ်ဝင်စားစရာပေါ်လာပြန်ပြီဗျာ"

"ဟုတ်ပ၊ ဦးကျော်ဆန်းရေ၊ ကျွန်တော်လည်း အရာရှိဖြစ်တော့မှာမို့ ဝမ်းသာအားရဖြစ်နေစဉ်မှာ ရသေ့ရဟန်းများလည်း တွေ့ရဆုံရပြန်တော့ လျှချင်တဲ့စိတ်တွေဖြစ်ပေါ်ပြီး ကျိုက်ခေါက်စေတီခြေရင်းက ထမင်းဆိုင်လေးတစ်ခုမှာ ရသေ့ကြီးကိုနေ့ဆွမ်းကပ်ပြီးကုသိုလ်ပြုတာပေါ့"

"သာဓုပါဗျာ"

"ရသေ့ကြီးက အသက် (၆၀) လောက်ရှိပါပြီ။ ရင့်ကျက်တည်ငြိမ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကုန်ခြွေလည်းရတယ်။ ခင်မင်ချင်ဖွယ် ကောင်းတယ်။ ကြည်ညိုစရာလည်း ကောင်းတယ်ဗျ။ ဘွဲ့တော်က အဘ ရာဇိန္ဒတဲ့ဗျ"

"ဆက်ပါဦးဗျာ"

"သူကအကြားအမြင်ရနေသလို ပါပဲ၊ ဒါပေမယ့် ထူးဆန်းတာကတော့ ဘာမှလဲမဟောဘူး။ အားလုံးကိုသိနေ သလိုထင်ရပေမယ့် သူကသိဟန်မပြဘူး။ တရားစကားကိုပဲပြောတယ်။ ကျွန်တော့် စိတ်ထဲကပိုပြီးလေးစားသွားမိတယ်ဗျာ"

"ဟုတ်လား၊ ရသေ့ဆိုတာ ဗေဒင် ဟောရင်ဟော၊ အကြားအမြင်ပြောရင် ပြော၊ ခုတ်ရိုက်ခုတ်ဆင်ပေးရင်ပေး၊ အဆောင်လက်ဖွဲ့ပေးရင်ပေး၊ ဒီလို မဟုတ်ဘူးလား"

ဦးကျော်ဆန်းက မေးလိုက်ပါသည်။

"အဲဒီလိုမဟုတ်ဘူးဗျ။ တရား စကားကလွဲရင် တခြားထူးထူးထွေထွေ မပြောဘူး။ ဒါပေမယ့် သူ့ကိုကြည့်ရတာ တော့ ဂန္ဓာရီပညာတွေအတော်တတ် ကျွမ်းတဲ့ပုံပဲဗျ။ ကျွန်တော်လည်း ရသေ့ ကြီးရဲ့အသွင်အပြင် အနေအထိုင်၊ အပြောအဆိုကို စိတ်ထဲက အတော် ကြည်ညိုသွားမိပြီး နောက်လည်း ထပ် တွေ့ရရင်ကောင်းမှာပဲလို့ စိတ်ထဲက တောင့်တမိတယ်။ ကျွန်တော် ပြန်ခါနီး တော့ ရသေ့ကြီးက -

'မောင်ဝင်းမြင့်၊ နောက်လည်း မျှော်လင့်တဲ့နေရာမှာ မင်းနဲ့ အဘ ပြန် တွေ့ဦးမှာပါကွာ'

လို့ ပြောလိုက်သဗျာ။ ကျွန်တော့် စိတ်ထဲမှာ အံ့ဩလိုက်တာဗျာ။ ကိုယ် တွေးနေတာနဲ့ သူပြောလိုက်တာနဲ့ တစ် ထပ်တည်း တူနေတာကိုး။ ဒါနဲ့ -

'တပည့်တော်ကိုဘာများမှာကြား ဦးမလဲ အဘ'

လို့ လျှောက်တင်လိုက်ပါတယ်။ အဘက -

'အေးအေး - ဗေဒင်ယတြာဆိုတဲ့ လောကီပညာတွေက အများကြီးသင် ယူလို့လည်း မဆုံးနိုင်ဘူး၊ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းပေါ့ ကွာ။ ခုလိုဘုရားသာသနာတော်နဲ့ကြုံရ တုန်းမှာ သီလ၊ သမာဓိကို ဆောက်တည် ပါကွာ။ ဗုဒ္ဓအဘိဓမ္မာကိုသင်ယူပါ။ အဲဒီ ထဲက နည်းတွေအတိုင်း ကျင့်သုံးပါး ဝိပဿနာကျင့်စဉ်ဟာ လောကဓံကို ရင်ဆိုင်နိုင်စွမ်းရှိပါတယ်။ ကံကိုလည်း ကောင်းလာစေပါတယ်။ ဒါပါပဲကွာ' တဲ့ဗျာ"

"ဆရာကောင်းဆရာမြတ်ကိုတွေ့ တာပဲပေါ့"

"ဟုတ်တာပေါ့ဗျာ၊ ကျွန်တော် လည်း ရောက်လေရာဒေသတွေမှာ အချိန် အားရတိုင်း ဘုန်းကြီးကျောင်းတွေသွား၊ စာချဆရာတော်ကြီးများထံက အဘိဓမ္မာ ကိုသင်ယူ၊ အဘိဓမ္မာစာအုပ်တွေဝယ် ဖတ်ပေါ့ဗျာ။ ဒါနဲ့ စစ်မှန်တဲ့တရား၊ အားကိုးဖွယ်တရား၊ ငြိမ်းအေးတဲ့တရား၊ လူဖြစ်ကျိုးနပ်တဲ့တရားကိုတွေ့ရပြီဆိုပြီး ဝမ်းသာစွာနဲ့ ကျေနပ်နေမိတော့တာ ပေါ့"

"ရသေ့ကြီးနဲ့ ပြန်ဆုံတွေ့သေး လား"

"တွေ့တာပေါ့ဗျာ။ ရသေ့ကြီးက မမျှော်လင့်တဲ့နေရာမှာ မင်းနဲ့အဘပြန် တွေ့ဦးမှာလို့ ပြောသွားတဲ့အတိုင်းဗျာ၊ တကယ်မမျှော်လင့်တဲ့နေရာမှာ ပြန်ဆုံ တွေ့တာပါပဲ"

"ဘယ်မှာလဲဗျာ"

"ကားပေါ်မှာလေ။ ကျွန်တော် အလုပ်တာဝန်နဲ့ မန္တလေးက ရန်ကုန်ကို လာရတုန်းက အဝေးပြေးကားစီးတော့ ခုံချင်းကပ်လျက် အဘရသေ့ကြီးနဲ့ဆိုက် ဆိုက်မြိုက်မြိုက်ဆုံတွေ့ရတာဗျာ။ ကျွန် တော်ဖြင့် ဝမ်းသာလိုက်တာမှ"

"သိပ်ကောင်းဗျာ"

"ဟုတ်ပ။ ကားစီးရတဲ့ (၁၀) နာရီ ကြာကာလပတ်လုံး အဘနဲ့တရားစကား တွေ ဆွေးနွေးလိုက်ရတာ တကယ်ကို တန်ဖိုးရှိလိုက်တာဗျာ"

"ဘာတွေဆွေးနွေးရသလဲ"

"ဟာ - ဒါတော့ အရှည်ကြီးမို့ မပြောတော့ပါဘူး။ အတိုချုံးလိုရင်းက သတ္တဝါတိုင်းဟာ မိမိပြုသမျှအကုသိုလ်၊ ကုသိုလ်ကံတွေက ဘဝမှာ အဆိုး၊ အကောင်းတွေဖြစ်ပြီး ခံစားစံစားကြရ တယ်။ ယတြာတွေခုတ်ရိုက်ခုတ်ဆင် တွေဆိုတာက ပညာတစ်ရပ်စီအားဖြင့် အစွမ်းထက်မြက်တာ မှန်သော်လည်း အဓိကမဟုတ်ဘူး။ အဓိကကတော့ အကုသိုလ်တွေကို ခုချိန်ကစပြီးရပ်လိုက် ကြဖို့၊ ဆက်မလုပ်ဖို့၊ ကုသိုလ်ကိုပြုနိုင် သမျှ များများပြုဖို့၊ ဗောဓိပက္ခိယတရား ပါတဲ့အတိုင်း စိတ်ကိုဖြူစင်အောင်ထား ဖို့ ဒါကအရေးကြီးဆုံးပဲ။ ယတြာခုတ် ရိုက်ခုတ်ဆင် ဆိုတာက အစွမ်းထက် မြက်တာတော့ မှန်တယ်။ အတိတ်က ကိုယ်ပြုခဲ့တဲ့ကောင်းမှုကုသိုလ်ကံတွေက သူ့အချိန်နဲ့သူ အကျိုးပေးဖို့ရှိတာမှာ ချက်ခြင်းအမြန်အကျိုးပေးဖို့ ယတြာ ခုတ်ဆင်မလုပ်ရင်လည်း သူ့အချိန်နဲ့သူ အလှည့်ကျချိန်မှာ အကျိုးပေးမှာပါပဲ။ အဓိကက ကုသိုလ်ကောင်းမှုတွေလုပ်ဖို့ ပါပဲ။ အဲ - အတိတ်က အကုသိုလ်ကံ တွေ၊ မကောင်းမှုတွေလုပ်ခဲ့လို့ရှိရင်လည်း မကောင်းတဲ့ကံတွေက မကောင်းတဲ့ အကျိုးပေးမှာပါပဲ။ အဲဒီမကောင်းမှုတွေ လုပ်ခဲ့လို့ ဖြစ်လာမယ့် မကောင်းတဲ့ကံ တွေကို ပျောက်ပျက်သွားအောင် ယတြာ ချေ၊ ခုတ်ရိုက်ခုတ်ဆင်လုပ်လို့တော့ မပျောက်သွားပါဘူး။ ခံရမှာတော့ ခံရမှာပါပဲ။ သို့သော်လည်း လောလော ဆယ်မခံရအောင်၊ မကောင်းမှုတွေ အကျိုးပေးမယ့်အချိန်ကို နောက်ကိုရွှေ့ လျှားသွားအောင် ယတြာချေခုတ်ရိုက် ခုတ်ဆင်လုပ်လို့ရတယ်။ ဒါပေမယ့် ယတြာကောင်းလို့ အခုကြုံရမယ့် ကံဆိုး မိုးမှောင်တွေ အခုမကြုံမတွေ့တော့ဘဲ ပျောက်သွားတယ်ဆိုပေမယ့် ကိုယ်လုပ် ခဲ့တဲ့ အကုသိုလ်ကံအကြွေးကတော့ ဆက်ပြီးရှိနေဦးမှာပါပဲ။ တစ်ချိန်ချိန်မှာ တော့ ပြန်လည်ပေးဆပ်ရဦးမှာပါပဲ။ တစ် ခုတော့ရှိတာပေါ့၊ ယတြာလုပ်ခုတ်ဆင် မကောင်းတာတွေ နောက်ကိုရွှေ့သွား၊ ပြီးတော့ ကောင်းတဲ့ကုသိုလ် ထင်ရှား အားကြီးတဲ့ ကုသိုလ်တွေများများလုပ်၊ ကုသိုလ်အားတွေ များလာတဲ့အခါ ကုသိုလ် တစ်စတစ်စလျော့ပါးပျောက် ကွယ်သွားနိုင်တာပေါ့လေ။ အဲဒါ အကောင်းဆုံးယတြာပဲပေါ့ဗျာ"

"ဟာ - ဒါလည်းဟုတ်တာပဲဗျ"

"ရသေ့ကြီးပြောလိုက်မှ ကျွန် တော်အားလုံးကို ဘက်စုံထောင့်စုံ သဘောပေါက်နားလည်သွားပြီး ဘဝမှာ နေတတ်သွားတော့တယ်ဗျာ"

"မကောင်းမှုရှောင်၊ ကောင်းမှု ဆောင်၊ ဖြူအောင်စိတ်ကိုမွေး၊ အဲဒါ ဘဝနေရေးပေါ့ဗျာ။ ဟုတ်ဖူးလား"

ဦးကျော်ဆန်းက ဆောင်ပုဒ်လေး ကိုရွတ်ရင်း ပြောလိုက်ပါသည်။

"ဟုတ်တာပေါ့နော်"

ဒေါ်မြင့်မြင့်ရီကလည်း ဝင်၍ ထောက်ခံလိုက်ပါသည်။

"ဟုတ်တာပေါ့ဗျာ"

ကျွန်တော်လည်း စကားဝိုင်းကို အဆုံးသတ်လိုက်ပါတော့သတည်း။

တက္ကသိုလ်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းထောင်ထဲသို့ရောက်လာသော အချုပ်သား၊ အကျဉ်းသားများ အနေဖြင့် သူတို့၏မှုခင်းဖြစ်စဉ်နှင့် ပတ်သက်၍သိရှိနားလည်ကြပြီးဖြစ်ပေသည်။ သို့ဖြစ်ရာ သူတို့၏အမည်၊ အဖအမည်စသော ကိုယ်ရေးရာဇဝင်နှင့် အမှုဖြစ်အကြောင်းအရာများအပေါ် အမှားအယွင်းမရှိ ကောင်းစွာဖြေဆိုနိုင်ကြသည်သာ ဖြစ်၏။ ယင်းတို့အနက် အချို့ထောင်သို့ မရောက်ဘူး၍ အကြောက်လွန်နေသူများမှာသာ ကြောင်တိကြောင်အဖြင့် အယောင်ယောင်အမှားမှားဖြေဆိုတတ်ကြတာကို တွေ့ရ၏။ သို့တိုင်အောင် အတူပါလာသူ အမှုတွဲ စသူတို့က ဝိုင်းဝန်းကူညီဖြေဆိုပေးခြင်းဖြင့် လမ်းကြောင်းမှန်ပေါ် သို့ရောက်ရှိသွားတတ်ကြသည်သာများလေသည်။

သို့တစေ -

ကျွန်ုပ်တာဝန်ကျခဲ့သော ဗဟိုအကျဉ်းထောင်တစ်ခုမှ အချုပ်သားတစ်ဦးကမူ သူ၏မှုခင်းဖြစ်စဉ်ကို ပြောပြဖို့နေနေသာသာ သူ၏အမည်၊ အဖအမည်၊ နေရပ်လိပ်စာ စသော ကိုယ်ရေးရာဇဝင်ကိုပင် မှန်ကန်အောင်ဖြေဆိုနိုင်ခြင်းမရှိသည်မျိုး ကြုံတွေ့ခဲ့ဖူး၏။ ၎င်းတွင် အမှုတွဲမရှိသည်သာမက သူ့ကိုကောင်းစွာ သိကျွမ်းသူပင်မရှိလေရာ ထောင်လုပ်ငန်းအတွက် အခက်တွေ့နေခဲ့၏။

သူ၏သွင်ပြင်လက္ခဏာအရ သတိတရားရှိသူအဖြစ် ယူဆရသော်လည်း သူ၏အပြောအဆိုအမူအရာမှာမူ အသိတရားကင်းမဲ့သူပမာ ထင်မှတ်ရသ[...]သည်။

အမှန်တကယ်ဆိုလျှင် အမှုစ[...] ၍ သက်ဆိုင်ရာရဲစခန်းတွင် F.I.R ဖွင့်[...] ကတည်းက အဆိုပါကိုယ်ရေးရာဇဝ[...] နှင့် အမှုဖြစ်စဉ်အကျဉ်းတို့ မှန်ကန်[...] ဖြည့်စွက်ပါဝင်ပြီး ဖြစ်ရပေမည်။ ဆိုင်[...] တရားရုံးတော်မှလည်း ယင်းဖော်ပြချ[...] များအပေါ် မူတည်၍ ရုံးချိန်ရီမန်ထု[...] ကာ အချုပ်သားကို အကျဉ်းထောင်[...] (ထောင်ကြီးချုပ်) သို့ ထပ်ဆင့်ပေးပို့ခြ[...] သာ ဖြစ်၏။



www.burmeseclassic.com

အကျဉ်းထောင်မှုလည်း လက်စွဲဥပဒေပါပြဋ္ဌာန်းချက်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လက်ခံခဲ့ပါလျက် အချုပ်လူသစ်များမှတ်ပုံတင်သောအခါမှ မိမိကိုယ်ကို ဘယ်သူဘယ်ဝါမှန်းလဲမသိ၊ ဘာအမှုဖြစ်၍ အကျဉ်းထောင်သို့ ရောက်လာမှန်းလည်း မသိသော အသိမဲ့အချုပ်သားတစ်ယောက်မှန်း သိရှိခဲ့ရခြင်း ဖြစ်၏။

တစ်နည်းအားဖြင့် ဤကိစ္စမှာ အကျဉ်းထောင်လက်စွဲဥပဒေနှင့် ရဲလက်စွဲဥပဒေပါပြဋ္ဌာန်းချက်တို့ ဥပဒေချင်း ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းဟုလည်း ဆိုနိုင်လေသည်။

ယင်းသို့ထူးခြားဆန်းကြယ်ပြီးဂမ္ဘီရဆန်လှသော အချုပ်သားတစ်ဦး၏ရှားရှားပါးပါး ဖြစ်ရပ်ဆန်း၏ အစနိဒါန်းသည်ကား -

❒

"ကျို့. . . ကျို့"


တစ်ခုသောနေ့လယ်ခင်းတွင်ဖြစ်၏။ အကျဉ်းထောင်ဘူးဝရှိ ကျွန်ုပ်၏ရုံးခန်းဆင်နားရွက်တံခါးတွန်းဖွင့်သံကြား၍ မော့ကြည့်လိုက်ရာ ထောင်မှူးကြီးဦးစိုးလှိုင်ဖြစ်နေသည်ကိုတွေ့လိုက်ရ၏။

"လာ - ကိုစိုးလှိုင် ထိုင်။ ဘာအကြောင်းထူးရှိလဲ"

ကိုစိုးလှိုင်က ကျွန်ုပ်စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးတွင်ဝင်ထိုင်ရင်း -

"ထူးဆို အချုပ်သားတစ်ယောက်ရဲ့ ဆန်းကြယ်တဲ့အဖြစ်လေး သတင်းပို့ချင်လို့ပါ ဆရာ"

"ဟုတ်လား၊ ဘယ်လိုဆန်းကြယ်တာများလဲဗျ"



အကျဉ်းထောင်လောကမှဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ

# ပိတောက်မြိုင်ဦး

## စိတ်၏မာယာ

"ဒီအချုပ်သားက သူ့နာမည်၊ အဖေနာမည်ကအစ သူ့ကိုယ်ရေးရာဇဝင်မေးသမျှကို တလွဲတချော်ဖြေနေလို့ ဆရာ"

"နေပါဦး၊ ခင်ဗျားတို့တရားရုံးက ပေးပို့တဲ့ အချုပ်ရီမန်နဲ့သေချာတိုက်ဆိုင်စစ်ဆေးကြတာ မဟုတ်လား"

"သေချာတိုက်ဆိုင်စစ်ဆေးတာပေါ့ဆရာ။ အချုပ်ရုံးတာဝန်ခံထောင်မှူးက အဲဒီတရားရုံးရီမန်နဲ့တိုက်စစ်ပြီးမှတ်ပုံတင်စာရင်းသွင်းမှ သူကရီမန့်မှာမပါတာတွေ လျှောက်ဖြေနေလို့ပါ"

"ဒါနဲ့ ရီမန့်မှာကဘယ်လိုရေးထားလို့လဲ"

"မောင်သီဟ၊ (အဘ) ဦးတင်မြင့်တဲ့"

"အမှုအကြောင်းအရာကကော"

"ပုဒ်မ (၃၈၀)၊ ပုဇွန်တောင်မြို့နယ်တရားရုံးတဲ့ ဆရာ"

"ဒါဖြင့် သူကဘယ်လိုပြန်ဖြေနေလို့လဲ"

"သူ့နာမည်ကို တစ်ခါတလေ မောင်ကျော်ထင်တဲ့၊ နောက်တစ်ခါ ထပ်

www.burmeseclassic.com

မေးတော့ မောင်စိုးမြင့်တဲ့ ဆရာ"

"အဖေနာမည်ကိုကော"

"ပထမတစ်ခါ ဦးမျိုးအောင်တဲ့ ဖြေတယ်။ နောက်ထပ်မေးတော့ မသိဘူးတဲ့ ဆရာ"

"မှုဖြစ်အကြောင်းအရာကျတော့ ကော"

"ဒါလည်း တောင်ပြောမြောက်ပြောပါ။ မသိဘူး၊ မပြောတတ်ဘူးဖြေတာကများတယ်ဆရာ"

"သူ့မှာအမှုတွဲရှိလား"

"သူက တစ်ကိုယ်တော်သမားနဲ့ တူတယ်ဆရာ"

"နို့ အချုပ်ထဲမှာ သူ့ကိုသိတဲ့လူတွေ ပါမလာဘူးလား"

"ပါတော့ပါလာတယ်။ ဒါပေမယ့် သူတို့ကလည်း တစ်ယောက်မေးရင် တစ်မျိုးဖြစ်နေတယ်လေ"

ကျွန်ုပ်က ခဏမျှ စဉ်းစားလိုက်ပြီးနောက် -

"တကယ်တော့ တရားရုံးရီမန်ဆိုတာ သက်ဆိုင်ရာ ရဲစခန်းက တင်ပြတဲ့ (F. I. R) အချက်အလက်တွေအပေါ် အခြေခံသွားပြီး ထပ်ဆင့်ရေးသွင်းခဲ့တာပဲ။ ဒါကြောင့် ဒီကိစ္စကို အပိုင်ရဲစခန်းက ဖွင့်ထားတဲ့ (F. I. R) ကို ကိုစိုးလှိုင်ကိုယ်တိုင် သွားလေ့လာဖို့လိုလိမ့်မယ်ဗျ"

"ကောင်းပါပြီ ဆရာ။ ကျွန်တော်ခုပဲသွားလိုက်ပါ့မယ်"

ဦးစိုးလှိုင်ထွက်သွားနေခိုက် ကျွန်ုပ်ကိုယ်တိုင် အချုပ်ရုံးသို့ ဝင်ရောက်ကာ အချုပ်တရားခံအား စစ်ဆေးကြည့်ရှုခဲ့သည်။

အချုပ်ရုံးတာဝန်ခံထောင်မှူးက ဦးဆောင်ကာ တရားရုံးရီမန်အတိုင်း ရေးသွင်းထားသော အချုပ်မှတ်ပုံတင်ဖြင့် တိုက်ဆိုင်မေးမြန်းသည်။

"နာမည်"

"ကျော်ထင်"

"အဖေနာမည်"

"ဦးမျိုးအောင်"

"ဘာမှုဖြစ်လဲ"

"မပြောတတ်ဘူး"

"နေရပ်လိပ်စာ"

"မရှိပါ"

ကျွန်ုပ်က မေးခွန်းများကို ဖြေဆိုနေသော အချုပ်သားအား စူးစိုက်အကဲခတ်ကြည့်သည်။ သူ၏အမှုအရာ၊ သူကိုယ်တိုင် ဘာမှမသိသော အကြောင်းအရာများကို မေးသူရှိ၍လည်း ဝတ်ကျေတန်းကျေ ဖြေဆိုနေရသည့်ပုံပေါ်နေသည်။

ကျွန်ုပ်က -

"မောင်ရင့်မှာအမေရှိလား"

"ဟုတ်ကဲ့ - ရှိပါတယ်"

"နာမည် ဘယ်သူတဲ့လဲ"

"နာမည်ကတော့ မမှတ်မိဘူး။ အမေကတော့ အမေပဲလေ"

"မင်းမှာ ညီအစ်ကိုမောင်နှမ ဘယ်နှယောက်ရှိလဲ"

သူက ကောင်းကင်သို့ မော့ကြည့်ကာ -

"ရှိတော့ရှိမယ်ထင်တယ်။ ဘယ်နှယောက်တော့ မမှတ်မိဘူး"

ကျွန်ုပ်စိတ်ထဲ အိုင်ကျူနိမ့်သော ဉာဏ်ရည်မမီသူတစ်ဦးနှင့် လာတွေ့သလို ခံစားရ၏။ ထို့ကြောင့် သူ့အား ပုစ္ဆာတစ်ပုဒ်မေးစမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"ဆရာ မောင်ရင့်ကိုပုစ္ဆာတစ်ပုဒ်မေးမယ်။ သေချာစဉ်းစားပြီးဖြေကြည့်ပါ"

"ဟုတ်ကဲ့ ဆရာ"

"မောင်ရင့်မှာ မျက်လုံးနှစ်ဖက်မရှိဘူးဆိုရင် ဘယ်လိုတွေဖြစ်လာမလဲ"

"ဘာဝဆုံးပြီပေါ့ ဆရာ"

"အင်း - ဒါဆိုနားရွက်နှစ်ဖက်လုံးမရှိရင်ကောကွယ့်"

"ကျွန်တော်ကောင်းကောင်းမြင်ရတော့မှာမဟုတ်ဘူးဆရာ"

"ဟေ - ဘယ်လို၊ ဆရာမေးတာနားရွက်လေကွယ်။ မျက်လုံးမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ နားရွက်နှစ်ဖက်မရှိရင် ကျွန်တော်ကောင်းကောင်းမြင်ရတော့မှာမဟုတ်ဘူး ဆရာ"

သူဖြေဆိုနေပုံမှာ ယုံကြည်မှုအပြည့်ဖြင့် အခိုင်အမာပုံစံဖြစ်နေလေသည်။

ထို့ကြောင့် ကျွန်ုပ်က -

"နေပါဦး၊ နားရွက်မရှိတာနဲ့ ဘာလို့ ကောင်းကောင်းမမြင်ရတော့တာလဲကွယ့်"

"ဆရာကလည်း၊ နားရွက်မရှိရင် မျက်မှန်ချိတ်စရာနေရာမှမရှိတော့တာပဲဟာ"

"ဟေ"

ကျွန်ုပ် ဤအချုပ်သားကို အထင်မသေးရဲတော့။ သူဖြေလိုက်ပုံက အိုင်ကျူမြင့်လွန်းနေ၍ဖြစ်၏။ သို့ဖြစ်လျှင်-

ထိုနေ့ ညနေပိုင်းတွင် ထောင်မှူးကြီး ဦးစိုးလှိုင် ပြန်ရောက်လာသည်။

"ဘယ့်နှယ် ကိုစိုးလှိုင် အဆင်ပြေခဲ့ရဲ့ မဟုတ်လား"

"ဟုတ်ကဲ့ ဆရာ၊ အမှုစစ်အရာရှိက အချုပ်သား ပထမဆုံးဖြေတဲ့နာမည်နဲ့ အဖေနာမည်အတိုင်း F. I. R ဖွင့်လိုက်တာတဲ့။ ကျွန်တော့် ပုဒ်မစတဲ့ အမှုဖြစ်စဉ်ကတော့ အမှန်ပဲတဲ့။ သူ့ကို စတိုးဆိုင်တစ်ခုက ထီးတစ်ချောင်းခိုးပြီးထွက်အလာမှာဖမ်းမိတာတဲ့ ဆရာ"

"ထီးတစ်ချောင်းတဲ့လား"

ကျွန်ုပ်အမြင်၌ သည်အချုပ်သားသည် ဉပမိရုပ်ကောင်း၍ လူရည်သန့်တစ်ဦးဖြစ်ပုံပေါ်သည်။ သည်လိုခိုးမှုမျိုး ကျူးလွန်တတ်မည်မထင်။ ဧကန္တ အချုပ်သားမှာ ဉာဏ်ရည်နိမ့်သူမဟုတ်လျှင် -

"ကိုစိုးလှိုင်"

"ဟုတ်ကဲ့ ဆရာ"

"ဒီအချုပ်သားကို မနက်ဖြန် ထောင်ဆရာဝန်ကြီးနဲ့ပြကြည့်ဖို့ စီစဉ်ဗျာ။ ကျွန်တော့်စိတ်ထင် ဒီလူအတိတ်မေ့နေတာများလားလို့ သံသယဝင်နေမိလို့ပါ"

"ကောင်းပါပြီ၊ ကျွန်တော် စီစဉ်လိုက်ပါ့မယ် ဆရာ"

ဆရာဝန်ကြီးက ပထမရက်တွင် အချုပ်သားကို သူကိုယ်တိုင် စစ်ဆေးခဲ့သော်လည်း နောက်ပိုင်းရက်များတွင် ပြင်ပမှ အထူးကုပါရဂူကြီးများကိုပါ ပင့်ဖိတ်၍ စစ်ဆေးကြည့်ရှုခဲ့ကြသည်။

"ဟုတ်တယ်ဗျ။ ဒီအချုပ်သားက ထောင်ပိုင်ကြီးသံသယရှိသလို အတိတ်မေ့ရောဂါရနေတာတော့ အမှန်ပဲဗျ။ ကျွန်တော်တို့ ဆေးပညာဝေါဟာရအရတော့ Amnesia ခေါ်တာပေါ့။ အလွန်ထူးခြားတဲ့ အကြောင်းတိုက်ဆိုင်မှုတစ်ခုကြောင့် မူလလူနေမှုဘဝကို ရုတ်တရက်မှတ်ဉာဏ်ကွယ်ပျောက်ပြီး မေ့သွားတဲ့သဘောပါ။ ဒီရောဂါမျိုးက အများအားဖြင့် ခေတ္တယာယီဖြစ်တတ်တာမျိုးပါ။ သူ့ကို အတိတ်မေ့စေတဲ့ မူလကအကြောင်းတိုက်ဆိုင်မှုနဲ့ ထူးထူးခြားခြား ပြန်ကြုံတွေ့ရင် ချက်ချင်းပြန်သတိရလာတတ်တာမျိုးဗျ"

အထူးကုပါရဂူများနှင့်စစ်ဆေးပြီးနောက် ထောင်ဆရာဝန်ကြီးက မှတ်ချက်ပြုသည်။

"ဟုတ်ကဲ့၊ ဆရာဝန်ကြီး ရှင်းပြလို့ ကျွန်တော် သဘောပေါက်ပါပြီ။ ကျွန်တော်တို့ ထောင်ဥပဒေအရတော့ အတိတ်မေ့နေတဲ့အချုပ်သားတစ်ယောက်ကို ထောင်ထဲမှာဆက်ပြီးလက်ခံထားလို့ မဖြစ်ပါဘူး။ စိတ်ရောဂါအထူးကုဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com

ကို လွှဲပြောင်းပေးဖို့ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဆရာဝန်ကြီးရဲ့ ထောက်ခံချက်လိုပါတယ်"

"ရပါတယ်။ ကျွန်တော်ထောက်ခံချက်ထုတ်ပေးပါ့မယ်"

ထောင်ဆရာဝန်ကြီးထံမှတရားရုံးချိန်းအရ အချုပ်သား မောင်သီဟ (ဘ) ဦးတင်မြင့်မှာ အတိတ်မေ့ရောဂါရနေသူဖြစ်ကြောင်း ထောင်မှူးချုပ်ထံ တင်ပြလိုက်သည်။ ထိုကိစ္စကို ညွှန်ချုပ်ထံမှ ပြည်ထဲရေးဝန်ကြီးဌာနထံ တင်ပြအစီရင်ခံခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာနသို့ ဆက်လက်အကြောင်းကြားထားကြောင်းနှင့် လာမည့်အပတ်အတွင်း အကျိုးအကြောင်းသိရမည်ဖြစ်ကြောင်း ရုံးချုပ်မှသတင်းရရှိသည်။

"ကဲ - ကိုစိုးလှိုင်၊ အချုပ်သား မောင်သီဟကိစ္စ လာမယ့်အပတ်ထဲမှာ ခွင့်ပြုမိန့်ကျမယ်ထင်ပါရဲ့။ အဲဒါမောင်သီဟကို ခင်ဗျားကိုယ်တိုင် ဆေးရုံပို့ရလိမ့်မယ်။ လိုအပ်တဲ့ရဲလုံခြုံရေးအစောင့်အရှောက်တို့ဘာတို့ ကြိုတင်စီစဉ်ထားပေါ့ဗျာ"

"ကောင်းပါပြီ၊ စိတ်ချပါ ဆရာ"

ကျွန်ုပ်မှာလည်း တစ်သက်နှင့်တစ်ကိုယ် ရှားရှားပါးပါး အတိတ်မေ့နေသူ အချုပ်သားတစ်ဦးအား လက်ခံမိလျက်သားဖြစ်နေ၍ စိတ်လေးနေမိသည်။ မောင်သီဟနှင့် ပတ်သက်၍ တခြားမလိုလားအပ်သော ပြဿနာတစ်ခုခု မပေါ်ခင် စိတ်ရောဂါဆေးရုံသို့ အမြန်လွှဲပြောင်းခွင့်ရရှိရေးကိုသာ စိတ်စောနေမိသည်။

သို့တစေ -

စိတ်တစ်ခုယုတ်ကိုးဆယ်၊ အကျယ်တစ်ရာ့နှစ်ဆယ်တစ်' ဟု ဆိုအပ်သော လူ့စိတ်အလျဉ်၏အလွန်ဆန်းကြယ်သော အောက်ပြန်ပြောင်းလဲတတ်ပုံမှာ မည်သည့်အရာနှင့်မျှ တိုင်းတာ၍မရအောင် ဂမ္ဘီရဆန်လှ၏။

မောင်သီဟအား စိတ်ရောဂါအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းရန် ခွင့်ပြုမိန့်ရသည့်နေ့မှာပင် ထူးခြားဖြစ်ရပ်တစ်ခု တိုက်တိုက်ဆိုင်ဆိုင်ပေါ်ပေါက်လာ၏။

"ဆရာ၊ ဒေါ်ခင်နွေဦးဆိုတဲ့ရှေ့နေတစ်ယောက်က ဆရာနဲ့တွေ့ခွင့်တောင်းနေတယ်"

တစ်နေ့ နေ့လယ်ပိုင်းတွင် တံခါးကြီးတာဝန်ခံ ထောင်မှူးက ကျွန်ုပ်အား သတင်းပို့လာခြင်း ဖြစ်၏။

"ဒေါ်ခင်နွေဦးတဲ့လားကွယ့်၊ ဆရာလည်းမသိပါလား။ ဘာကိစ္စတဲ့လဲကွယ့်"

"အချုပ်သား မောင်သီဟ (ဘ) ဦးတင်မြင့်နဲ့ တွေ့ဖို့လာတာလို့ ပြောတယ်"

"ဟေ - ဘယ်လို၊ မောင်သီဟတဲ့လား"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်မှာ အလွန်အမင်းအံ့အားသင့်သွားမိသည်။ အတိတ်မေ့၍ ဘယ်သူဘယ်ဝါ၊ဘယ်ကမှန်းမသိသော အချုပ်သား မောင်သီဟဆိုသူအား တွေ့ချင်သည့်သူ မမျှော်လင့်ဘဲ ပေါ်လာ၍ ဖြစ်၏။

"သြော်- ကြည့်ရတာ မောင်သီဟရဲ့ ရှေ့နေထင်ပါရဲ့"

"မဟုတ်ဘူး ဆရာ။ သူပြောတာတော့ သူဟာ မောင်သီဟရဲ့အစ်မအရင်းတဲ့ ခင်ဗျ"

"ဟေ. . ."

ကျွန်ုပ်မှာ အံ့သြပြီးရင်း အံ့သြမိနေမိသည်။ ခဏနေမှ-

"ကဲ - ဒါဆိုရင် ထောင်မှူးကြီး ဦးစိုးလှိုင်ကို ဆရာ့ဆီအမြန်လာဖို့ အရင်ခေါ်လိုက်။ သူရောက်လာမှ အဲဒီရှေ့နေအမျိုးသမီးကို ဝင်ခွင့်ပေးလိုက်"

"ကောင်းပါပြီ ဆရာ"

ခဏအကြာတွင် ဦးစိုးလှိုင်ရောက်လာ၏။ ကျွန်ုပ်က အကျိုးအကြောင်းရှင်းပြနေစဉ် ရုံးခန်းဆင်နားရွက်တံခါးတွန်းသံကြားရကာ အပေါ်အင်္ကျီအနက်ရောင်ဖြင့် အသက်လေးဆယ်ခန့် ဖြူဖြူသွယ်သွယ်အမျိုးသမီးတစ်ဦးဝင်လာသည်ကို တွေ့လိုက်ရ၏။

"ထိုင်ပါ ဒေါ်ခင်နွေဦး"

ကျွန်ုပ်က ခရီးဦးကြိုပြု၍ စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးဆီ လက်ညွှန်ပြလိုက်သည်။

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာ"

ဒေါ်ခင်နွေဦးဆိုသူက ရှေ့နေပီပီ ယဉ်ကျေးပျူငှာစွာ ခွန်တုံ့ပြန်၍ ဣန္ဒြေရစွာ ဝင်ထိုင်လိုက်၏။

"ကဲဆို-ဒေါ်ခင်နွေဦး၊ ကျွန်တော့်ကို တွေ့ချင်တာ ဘာအကြောင်းထူးများရှိလို့လဲ"

ကျွန်ုပ်အမေးကြောင့် သူမက မျက်တောင်ကော့ကြီးများကို သုံးလေးချက်ခန့် ပုတ်ခတ်လိုက်ကာ -

"အဓိကကတော့ ကျွန်မမောင်လေး မောင်အေးထွန်းနဲ့ တွေ့ချင်လို့ပါ ထောင်ပိုင်ကြီး"

"ဒါနဲ့ မောင်အေးထွန်း ဆိုတာက"

"အခု ပုဒ်မ (၃၈၀) နဲ့ အချုပ်ထဲရောက်နေတဲ့ မောင်သီဟ (ဘ) ဦးတင်မြင့်ကို ပြောတာပါရှင့်"

"သြော်- သူ့နာမည်ကမောင်အေးထွန်းတဲ့လား"

"မှန်ပါတယ် ထောင်ပိုင်ကြီး။ ကျွန်မလည်း မောင်လေး ပုသိမ်ကနေ ရုတ်တရက် ပျောက်သွားပြီးကတည်းက အသည်းအသန်စုံစမ်းနေခဲ့တာ။ မကြာသေးခင်လေးကမှ ကျွန်မအမှုသည်တစ်ယောက်က မောင်လေးကို ပုဇွန်တောင်မြို့နယ်တရားရုံးမှာ တွေ့မိသလိုလို သတင်းပေးတာနဲ့ သွားစုံစမ်းကြည့်တော့မှ မောင်သီဟနာမည်နဲ့ အင်းစိန်ထောင်ရောက်မှန်းသိလိုက်ရတာရှင့်"

"ဒါနဲ့ အဖေနာမည် ဦးတင်မြင့်ဆိုတာကျတော့ အမှန်ပဲလားကွယ့်"

"ဟုတ်ကဲ့ရှင့်၊ မောင်လေးက သူ့နာမည်ကိုသာ မေ့သွားပေမယ့် ဖေဖေ့နာမည်ကိုတော့ သူ့မှတ်ဉာဏ်ထဲရှိနေပုံပဲ။ ကြည့်ရတာ မောင်လေးအတိတ်မေ့နေပုံက အားလုံးကိုမသိတော့တာမဟုတ်ဘဲ တချို့တစ်ဝက်ကို သတိရနေသလိုမျိုး ထင်ပါရဲ့"

"နေပါဦးကွယ်၊ မောင်သီဟ အဲလေ မောင်အေးထွန်းက ဘယ်တုံးက ဘာဖြစ်လို့ အတိတ်မေ့ရောဂါဖြစ်နေရတာလဲ"

"ကျွန်မ ထောင်ပိုင်ကြီးကို တွေ့ချင်ရတာက မောင်လေးနဲ့တွေ့ရဖို့ သက်သက်မဟုတ်ပါဘူး။ တစ်လက်စတည်း မောင်လေးရဲ့ ကံခေပုံလေးကိုပါ ပြောပြချင်တာလည်းပါပါတယ်"

"အင်း - ဆိုပါဦး"

"တကယ်တော့ ကျွန်မတို့ မောင်နှမမှာ ပုသိမ်က မြန်မာ့ရိုးရာ ပုသိမ်ထီးလုပ်ငန်းရုံရှိပါတယ်။ မိဘလက်ငုတ်လုပ်ငန်းဆိုပါတော့။ ကျွန်မကငယ်ငယ်တည်းက အတန်းထဲမှာ စာတော်တော့ မိဘတွေက ပညာတတ်ဖြစ်စေချင်တယ်။ ဆယ်တန်းမှာလည်း ဂုဏ်ထူးနှစ်ဘာသာနဲ့အောင်လို့ တက္ကသိုလ်ပို့ကြလို့ ဥပဒေဘွဲ့ရပြီး ရှေ့နေဖြစ်လာတာပါ။ မောင်လေးကတော့ ကျောင်းစာထက် ထီးလုပ်ငန်းမှာပဲ အားသန်နေတာနဲ့ ဖေဖေနဲ့ မေမေက သူ့ကိုပဲ ဦးစီးပြီး လုပ်ခိုင်းတာပေါ့လေ။

လွန်ခဲ့တဲ့ သုံးလလောက်ကပေါ့



www.burmeseclassic.com

www.burmeseclassic.com

ရှင်။ ပုသိမ် ငပုတောအက်က ကျွန်မတို့လိုပဲ ရိုးရာထီးလုပ်ငန်းလုပ်တဲ့ မောင်လေးရဲ့ ငယ်ရည်းစား မိန်းကလေးနဲ့ လူကြီးချင်းသဘောတူပေးစားဖို့ စီစဉ်ခဲ့ကြတယ်။ မင်္ဂလာဆည်ခံပွဲကိုတော့ ကျွန်မတို့အိမ်မှာလုပ်တာပါ။ အိမ်ရှေ့မှာ မင်္ဂလာမဏ္ဍပ်ကြီး ဟည်းနေအောင်ဆောက်ပြီး သတို့သားမောင်လေးက သတို့သမီး သူ့မိန်းကလေးအလာကို စောင့်မျှော်နေတုန်းမှာ အင်မတန်ကြေကွဲစရာကောင်းတဲ့ သတင်းဆိုးတစ်ခုရောက်လာခဲ့တယ်။ သတို့သမီး လမ်းခုလတ်မှာ ကားအက်ဆီးဒင့်ဖြစ်လို့ ပွဲချင်းပြီးသေဆုံးသွားပြီဆိုတဲ့ သတင်းပါပဲ ထောင်ပိုင်ကြီးရယ်။ ကျွန်မတို့လည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင် အရူးမီးဝိုင်းဖြစ်သွားကြတယ်။ အဲဒီအချိန်မှာ မောင်လေး ရုတ်တရက် မူးလဲပြီး သတိမေ့သွားလို့ ဆေးရုံကြီးပို့လိုက်ရတယ်။ ပြန်သတိရလာတဲ့အချိန်မှာတော့ ဖေဖေ၊ မေမေနဲ့ ကျွန်မကိုသာမက သူ့ရည်းစား မိန်းကလေးကိုရော ဆွေမျိုးတွေကိုပါ တစ်ယောက်မှမမှတ်မိနိုင်အောင် မှတ်ဉာဏ်ပျောက်ဆုံးသွားခဲ့တာပါပဲ။ နောက်တစ်နေ့မနက်စောစော ဘယ်သူမှ သတိမထားလိုက်မိတဲ့အချိန်မှာ မောင်လေး ဆေးရုံက ပျောက်သွားတာ ဒီနေ့အထိပဲဆိုပါတော့ရှင်"

"အင်း - သူ့ရင်မှာ အတော်ပြင်းပြင်းထန်ထန်ခံစားသွားရတယ်ထင်ပါရဲ့။ ဒါနဲ့ ခု မောင်အေးထွန်းနဲ့ ဘယ်လိုတွေ့ချင်တာလဲ။ ရိုးရိုးထောင်ဝင်စာလိုတွေ့ချင်တာလား ဒါမှမဟုတ် ရှေ့နေနဲ့ အင်တာဗျူးသလို နှစ်ယောက်တည်းတွေ့နိုင်အောင် စီစဉ်ပေးရမလားကွယ့်"

ဒေါ်ခင်နွေဦးက ထောင်မှူးကြီး ဦးစိုးလှိုင်ကို တစ်ချက်စောင်းငဲ့ကြည့်ပြီးမှ နေရာပြင်ထိုင်လိုက်ကာ -

"မောင်လေးအတိတ်စ,မေ့တုန်းက ကျွန်မကိုပါ မမှတ်မိတော့တာဆိုတော့ အခုလည်း ကျွန်မကို မှတ်မှတ်မိပါ့မလားမသိဘူး။ အဲဒါကြောင့် သူနဲ့ နှစ်ယောက်တည်းတွေ့တာထက် ဖြစ်နိုင်ရင် ထောင်ပိုင်ကြီးရှေ့မှာပဲ တွေ့ဆုံမေးမြန်းကြည့်ပါရစေလား ထောင်ပိုင်ကြီးရှင့်"

အချုပ်တရားခံ မောင်သီဟ (ခ) မောင်အေးထွန်းကိစ္စမှာ ကျွန်ုပ်နှင့်ဦးစိုးလှိုင်တို့ကိုယ်တိုင် စိတ်ဝင်စားနေသည်ဖြစ်ရာ ဒေါ်ခင်နွေဦးဆန္ဒအတိုင်း ခွင့်ပြုရန် ဆုံးဖြတ်လိုက်မိသည်။

ကျွန်ုပ်က ကိုစိုးလှိုင်ဘက်လှည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ဦးစိုးလှိုင် ရုံးခန်းထဲမှ အလေးပြုထွက်သွားသည်။ ခဏအကြာတွင် ဦးစိုးလှိုင် အချုပ်သား မောင်အေးထွန်းနှင့်အတူ ပြန်ဝင်လာကြသည်။ ကျွန်ုပ်က မောင်အေးထွန်းအား ဒေါ်ခင်နွေဦးနှင့်အနီးဆုံးခုံတွင် နေရာချပေးထားလိုက်သည်။

"မောင်လေး မောင်အေးထွန်း နေကောင်းတယ်မဟုတ်လားဟင်"

ဒေါ်ခင်နွေဦးက လေသံအေးလေးဖြင့် နှုတ်ဆက်ပြောပြောသည်။ အချုပ်သားက မျက်လုံးဝိုင်းကြီးဖြင့် -

"ကျွန်တော့်နာမည် သီဟပါ။ အေးထွန်း မဟုတ်ပါဘူး။ ဒီကအစ်မက ဘယ်သူလဲ"

"ဒေါ်ခင်နွေဦး ကြောင်အအဖြစ်သွားကာ -

"အစ်မက မောင်လေးချစ်တဲ့ မမဦးလေကွယ်"

"ဗျာ - ဘယ်ကမမဦးလဲ။ ကျွန်တော်မသိပါလားဗျ"

သူ၏ ခက်ထန်မာကြောသော လေသံက ဒေါ်ခင်နွေဦး၏ အရှိက်ကို ထိရကာ အတော်လေးဝမ်းနည်းပက်လက်ဖြစ်သွားစေသည်။ မျက်ဝန်းအတွင်း လျှံတက်လာသော မျက်ရည်ဥများကို လက်ဖမိုးဖြင့်ဖိသုတ်ရင်းက လက်ပွေ့အိတ်ထဲမှ ဖိတ်စာကတ်ပြားတစ်ခုကို အသာဆွဲထုတ်လိုက်သည်။

"ဒါဆို မောင်လေး ခင်သစ္စာကိုတော့ သိမှာပေါ့နော်"

"ဗျာ - ဘယ်လို၊ ခင်သစ္စာ ဟုတ်လား"

ဒေါ်ခင်နွေဦးစကားကြောင့် သူ့မျက်လုံးများ အရောင်တလက်လက် ထွက်သွားသည်။

"အင်းလေ၊ မောင်လေးချစ်သူ ခင်သစ္စာလေကွယ်"

"ဗျာ၊ ကျွန်တော့်ချစ်သူ ခင်သစ္စာ"

သူက အိပ်မက်မက်နေသူတစ်ဦးလို ကြောင်တက်တက် ရွတ်ဆိုနေပြန်သည်။

ဒေါ်ခင်နွေဦးမျက်နှာ ငိုမဲ့မဲ့ဖြစ်လာပြီး -

"ဒါဆို မောင်လေး ဒါလေးကို ဖတ်ကြည့်ပါဦး။ ဒါမောင်လေးနဲ့ခင်သစ္စာတို့ရဲ့ မင်္ဂလာဆောင်ဖိတ်စာလေကွယ်"

"ဘာ"

ဖိတ်စာကို လှမ်းယူလိုက်စဉ် သူ၏တစ်ကိုယ်လုံး ဓာတ်လိုက်သလို ဆတ်ခနဲ တွန့်သွားသည်။ ဖိတ်စာကိုကိုင်၍ ငုံ့ဖတ်နေခိုက် သူ၏လက်ချောင်းများ တဆတ်ဆတ်တုန်ယင်နေသည်။ ဖတ် နေရင်း မျက်လုံးများ အဆမတန်ပြူး ကျယ်လာကာ နားထင်နှစ်ဖက်ကို လက် ဖနောင့်များဖြင့် ခပ်တင်းတင်းဖိလျက် မျက်နှာရှုံ့မဲ့၍ စားပွဲပေါ်သို့ ဝုန်းခနဲပြို ကျသွားပါလေတော့၏။

"အို - မောင်လေး"

ဒေါ်ခင်နွေဦးက အလန့်တကြား အော်လိုက်သည်။

ဦးစိုးလှိုင်က နေရာမှ ထတ ဆေးမှူးပြေးခေါ်မည့်ဟန်ပြုသည်။အချု သားမှာ မျက်လုံးများစုံမှိတ်လျက် သတ မေ့နေပုံထင်ရ၏။

"မောင်လေး၊ မောင်လေး"

ဒေါ်ခင်နွေဦးက သူ့ပခုံးနှစ်ဖက် ကိုဆုပ်ကိုင်ကာ လှုပ်နှိုးကြည့်သည်။ သူ ၏အိတ်ထဲ အသင့်ပါလာသော ရှူဆေး တောင့်ကိုယူကာ သူ့နှာဝဝယ်တေ့ထား ပေးသည်။

"မောင်လေး မောင်အေးထွန်း"

သူ့နာမည်ကို ခေါ်၍ လှုပ်နှိုးပြ သည်။

ထိုစဉ် နှုတ်မှ အင်းခနဲ သံရှည် တစ်ချက်ထွက်ပေါ်ကာ မျက်လုံးများ တဖြည်းဖြည်းပြန်ပွင့်လာသည်။

ဦးစိုးလှိုင်နေရာတွင်ပြန်ထိုင်သည်။

"ဟင် - မ. . မ. . ဦး"

"ဟုတ်တယ် မောင်အေးထွန်း မမဦးလေ"

"မ. . မ. . ဦးက ဒီကို ဘယ် လုပ်ပြီး ပြီးတော့ ဒါက ဘယ်နေရာ"

သူက မေးပြောပြောရင်း ခေါင်း ထောင်လာကာ ကျွန်ုပ်နှင့် ဦးစိုးလှိုင်တ ကို လှည့်ကြည့်သည်။ ပြီးမှ ကျွန်ုပ်တ အား လက်အုပ်ချီကန်တော့ကာ ပြုံး လိုက်လေသည်။

ဒေါ်ခင်နွေဦးက -

"ဟင်- ဒါ. . . ဒါဖြင့် မောင်လေး မမဦးကို မှတ်မိပြီလားဟင်"

သူကခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ မမဦး၊ မမဦးကိုရော ခင်သစ္စာကားအက်ဆီးဒင့်ဖြစ်တာရော ကျွန်တော်ခိုးမှုဖြစ်ပြီး မောင်သီဟနာမည် နဲ့ အချုပ်ခံနေရတာကိုပါ အားလုံးကိုပြ မှတ်မိသွားပါပြီ"

"အမလေး - ဝမ်းသာလိုက်တာ ငါ့မောင်ရယ်"

ဒေါ်ခင်နွေဦးက ဝမ်းသာအား



www.burmeseclassic.com

www.burmeseclassic.com

ချက်ရည်စမ်းစမ်းဖြင့် ပွေ့ထားရင်း ပြောလိုက်သည်။

"ဒါတွေအားလုံး မမဦးနဲ့ ဟောဒီထောင်ပိုင်ကြီးတို့ရဲ့ ကျေးဇူးတွေကြောင့်ပါပဲ။ ကျွန်တော်ကန်တော့ပါတယ်"

မောင်အေးထွန်းက ကျွန်ုပ်အား လက်အုပ်ချီ၍ ကန်တော့နေပြန်သည်။

ဒေါ်ခင်နွဲ့ဦးကလည်း -

"ဟုတ်ကဲ့ - ကျွန်မလည်း မောင်လေးကိုယ်စား ကျေးဇူးတင်ပါတယ်။ ပြော်- ထောင်ပိုင်ကြီးတို့ကို အသိပေးဖို့ တစ်ခုကျန်သေးတယ်ရှင့်"

"ဘာများလဲ ဒေါ်ခင်နွဲ့ဦး"

"မောင်လေးကို စွဲထားတဲ့ ပုဒ်မ (၁၈၀) က စတိုးဆိုင်က ထီးတစ်ချောင်းခိုးမှုမဟုတ်လား။ အဲဒါတိုက်တိုက်ဆိုင်ဆိုင် သက်သေခံထီးက ပုသိမ်ထီးဖြစ်နေတယ်ရှင့်။ ဒါကြောင့် ကျွန်မက ဒါဟာ အတိတ်မေ့နေသူရဲ့ မသိစိတ်ထဲမှာ သူ့အလုပ်ရုံက ထီးမှတ်ပြီး ယူလာမိတာပါ။ ဒါ ခိုးမှုမမြောက်လို့ အချုပ်လွတ်ထုချေခွင့်လျှောက်ထားခဲ့တယ်။ အဲဒါ ဒီညနေ အာမခံရနိုင်တယ်ရှင့်"

ဒေါ်ခင်နွဲ့ဦး တွက်ကိန်းမှန်လှပါသည်။ မောင်အေးထွန်းမှာ ထိုနေ့ညနေ၌ အမှန်ပင် အာမခံရရှိသွားပါသည်။ မောင်နှမနှစ်ယောက် ကျွန်ုပ်တို့အား ကျေးဇူးတင်စကား တဖွဖွပြောကာ ဝမ်းနည်းဝမ်းသာနှုတ်ဆက်ထွက်ခွာသွားကြပါလေသည်။

တကယ်တော့ မောင်အေးထွန်းမှာ ချစ်သူသတို့သမီးလောင်း၏ ကားအက်ဆီးဒင့်ကြောင့် နှလုံးကြေကွဲကာ အတိတ်မေ့ခဲ့ပြီး ခုတော့ သူမဂ်လာဒိတ်စာတပင် ထိုအဖြစ်ဆိုးကို ပြန်သတိရတော့ လူကောင်းပကတိပြန်ဖြစ်သွားပါလေပြီ။ စိတ်၏မာယာကား အံ့ဖွယ်ကောင်းလှပါဘိ။

အတိတ်မေ့ဝေဒနာဖြင့် အချုပ်သားအဖြစ် ရောက်ရှိလာသော မောင်အေးထွန်းအား အကျဉ်းထောင်လက်စွဲဥပဒေနှင့်မညီညွတ်ဆိုကာ စိတ်ရောဂါအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ရန် ကြံစည်ခဲ့သည့် ကျွန်ုပ်မှာ ယခုတစ်ဖန် အဆိုပါ ဝေဒနာရှင်မှာ အတိတ်မေ့ရောဂါပျောက်ကင်းကာ အာမခံရသွားပြီဖြစ်ကြောင်း အထက်ရုံးဌာနများသို့ ထပ်မံ၍ တင်ပြအစီရင်ခံရဦးမည်ဖြစ်တော့ပါလား။

ပီတာမြင့်

# ဓာတ်မီးသြဇာပညာ

ဦးမင်းဇင်(ရွှေဝါး)



ဓာတ်မီးသြဇာဟူသော ဝေါဟာရစကားရပ်သည် အချို့သော ဆေးပညာ၊ ဓာတ်သိမှုပညာ နှုနယ်သောသူများအတွက် သဘောပေါက် နားလည်ရန် ခဲယဉ်းပေလိမ့်မည်။

ထိုစကားစုအဓိပ္ပာယ်ကို သဘောပေါက်အောင် ရှင်းပြရလျှင် 'ဓာတ်' ဆိုသည်မှာ ဓာတ်ကြီး (၅) ပါး အစုအဝေးဖြစ်ပြီး- ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသ တည်းဟူသော ဓာတ် (၅) ပါးကို ကိုယ်စားပြုပါသည်။

'မီးသြဇာ' ဆိုသည်ကား ထိုဓာတ်ကြီး (၅) ပါးတို့ သမဘာဂမျှတညီညွတ်စွာ ပေါင်းစည်း၍ ဖြစ်ပေါ်လာသော 'စွမ်းအင်အစွမ်းသတ္တိ' (သိဒ္ဓိပြီးပြည့်စုံမှု) ကို ခေါ်ဆိုပါသည်။

တစ်နည်းဆိုရသော် 'စွမ်းအင်အနှစ် အမတေဓာတ်' မျိုး ဖြစ်ပါသည်။ ထို 'ဓာတ်မီးသြဇာဓာတ်' တွင် အဆင့်အတန်း (၃) မျိုး ခွဲခြားနိုင်ပါသည်။

၁။ အစွမ်းသိဒ္ဓိအပေါင်းတို့ ပြီးပြည့်စုံစေသည့်အမတေဓာတ် မီးသြဇာဓာတ်။

၂။ အလယ်အလတ် အစွမ်းသတ္တိနှင့်ပြည့်စုံစေသည့်ဓာတ်မီးသြဇာဓာတ်။

၃။ သာမန်အခြေအနေတွင် ရှိသော ဓာတ်မီးသြဇာဓာတ် ဟူ၍ (၃) မျိုး ခွဲခြားနိုင်ပါသည်။

**၁။ အစွမ်းသိဒ္ဓိအပေါင်းတို့နှင့် ပြီးပြည့်စုံစေသည့် အမတေဓာတ် မီးသြဇာဓာတ်ဆိုသည်မှာ**

ဥပမာဆိုရသော် ယခုကမ္ဘာပေါ်တွင် တိုးတက်ဖြစ်တည် အသုံးပြုနေသော နျူကလီးယားစွမ်းအင်ကို ဖြစ်ပေါ်စေသော ယူရေနီယမ်ဓာတ်ကို အဆင့်မြင့်သန့်စင်ထားသည့် ပလူတိုနီယမ်ခေါ် စွမ်းအင်ကိုပေးစေသည့် လောင်စာခဲ၊ နျူကလီးယားလောင်စာတောင့်နှင့် အလားသဏ္ဌာန်တူသည်ဟု ဆိုနိုင်ပါသည်။

ထိုပလူတိုနီယမ်အဆင့်ရောက်နေသော လောင်စာတောင့်ကို နျူကလီးယားဓာတ်ပေါင်းဖိုထဲသို့ တစ်ခါထည့်ထားလိုက်လျှင် နှစ်ပေါင်း (၄၀)၊ (၅၀) ခန့် အဆက်မပြတ် လိုအပ်သော စွမ်းအင်ဓာတ်တို့ကိုထုတ်လုပ်ပေးနေသကဲ့သို့ အလားတူစွာ အဆင့်မြင့်သော အစွမ်းသိဒ္ဓိအပေါင်းတို့နှင့် ပြီးပြည့်စုံစေသော 'အမတေဓာတ်မီးသြဇာဓာတ်' သည်လည်း လိုအပ်သော စွမ်းအင်သိဒ္ဓိဓာတ်တို့ကို စဉ်ဆက်မပြတ် ထုတ်လုပ်ပေးနေပါသည်။

သိသာမြင်သာစေရန် ဥပမာပြုရသော် ဓာတ် (၅) ပါးစလုံး စုစည်းပေါင်းစပ်၍ အဂ္ဂိရတ်အတတ်ပညာဖြင့် စီမံပြု



www.burmeseclassic.com

www.burmeseclassic.com

လုပ်ထားသော 'သိဒ္ဓိဝင်ဓာတ်လုံး၊ ဓာတ်ပြား၊ ဓာတ်ဆေးများ'။

ပင်ကိုသဘာဝအတိုင်း အစွမ်းသိဒ္ဓိနှင့် ပြီးပြည့်စုံနေသော သိုက်ဝင်ဆေးပင်နှင့် ဆေးပစ္စည်းများ။

ဥပမာ ကန့်ချုပ်နက်ပင်၊ နန္ဒင်းနက်ပင်၊ ကင်ပလင်းအနက်၊ သဇင်နီဥစသည့် သဘာဝအတိုင်း ဖြစ်တည်နေသော 'ခြုံး၊ အမတေသံလုံး' စသည်တို့သည် အစွမ်းသိဒ္ဓိအပေါင်းတို့နှင့် ပြီးပြည့်စုံစေသော အမတေဓာတ်မီးသြဇာဓာတ်များပင် ဖြစ်ကြပါသည်။

ထိုအဆင့်မြင့်အမတေဓာတ်မီးသြဇာဓာတ်တို့သည် အသုံးပြုသူ၏ ခန္ဓာကိုယ်ရုပ်ဓာတ်ကြီးကို ဓာတ်ကြီး (၅) ပါးတို့ ညီညွတ်မျှတ၍ ပြီးပြည့်စုံစေသော အစွမ်းသိဒ္ဓိဓာတ်တို့ကို စဉ်ဆက်မပြတ်ပေးစွမ်း၍ ကျန်းမာပြီး အရွယ်တင်နုပျိုကာ စိတ်တရားစိတ်ဓာတ်ကိုလည်း ဒေးငြိမ်းသာယာမှုကိုပေးစွမ်း၍ အကျိုးကျေးဇူးကို အထူးပြုစေပါသည်။

ထိုသို့ အသုံးပြုသူ၏ ကိုယ်၊ စိတ် (၂)ပါးကို ကျေးဇူးအထူးပြုပုံကို သာဓကတစ်ခုတင်ပြရသော် -

တစ်ခါက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပိုင် ရွာကြီးတစ်ရွာတွင် 'မောင်ဆေးမှင်' ဆိုသည့် လူငယ်လေးတစ်ဦးရှိခဲ့ပါသည်။ သူသည် ကျေးတောသားတို့၏ ထုံးစံအတိုင်း တောတက်၍ သစ်ခုတ်၊ ဝါးခုတ်ပြီး ရောင်းချ၍ အမေအိုကြီးကို လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်ပါသည်။

သည်လိုနှင့် တစ်နေ့မှာ ရွာမှ တောတက်အဖော်တစ်စုနှင့် တောထဲသို့ သစ်ခုတ်၊ ဝါးခုတ်ရန် လိုက်ပါသွားပါသည်။ တောထဲသို့ရောက်၍ စခန်းချရာ တဲကုန်းနေရာသို့အရောက်တွင် ပစ္စည်းဝန်ချီ စသည်များကို နေရာချပြီး သစ်ခုတ်၊ ဝါးခုတ်ရန် စီမံကြလေသည်။

ထိုအခါ သစ်ခုတ်၊ ဝါးခုတ်တစ်ဖွဲ့လုံး၏ စားရေး၊ သောက်ရေးနှင့် စခန်းတဲစောင့်ရန်အတွက် အဖွဲ့ထဲမှ အငယ်ဆုံး မောင်ဆေးမှင်ကလေးကို ထမင်းချက်တဲစောင့်ထားခဲ့ပြီး တစ်ဖွဲ့လုံး တောထဲသို့ သစ်ဝါးရှာထွက်သွားကြလေသည်။

သည်တော့ မောင်ဆေးမှင်ကလေးကလည်း တစ်ဖွဲ့လုံးစာအတွက် မီးမွေး၍ ထမင်းတစ်အိုးတည်ပြီး ဟင်းရန်အတွက် အနီးအနားမှာရှိသော အသီးအရွက်တောထွက်အစာလေးများ လိုက်လံရှာဖွေရလေသည်။

ထမင်းအိုးကလည်း တည်ထားရင်းတန်းလန်းနှင့်ဆိုတော့ သိပ်ဝေးဝေးလံလံကို သွားပြီးမရှာဖွေနိုင်ပါ။ နီးရာအသီးအရွက်များခူးပြီး ပြန်ရောက်လာကာ တည်ထားသည့် ထမင်းအိုးက ဆူပွက်နေ၍ ထမင်းရည်ငှဲပြီး ထမင်းနှပ်ရန်တဲနားက နီးရာအရွက်ခပ်ကြီးကြီးမည်းနက်နက် သုံး၊ လေးရွက် အမြန်ခူး၍ ထမင်းအိုးပေါ် စလောင်းဖုံးအနေဖြင့် အုပ်၍ ထမင်းနှပ်လိုက်လေသည်။

ပြီးတော့ ဟင်းအတွက်ဆက်၍ စီမံချက်ပြုတ်နေရလေသည်။ နေမွန်းတည့်ချိန်လောက်တွင် သစ်ရှာ၊ ဝါးရှာထွက်သွားသောအဖွဲ့မှ တဲသို့ပြန်ရောက်လာပြီး အာလုံးမှာ ဆာလောင်နေကြသဖြင့် တဲသို့ရောက်ရောက်ချင်း ထမင်းစားရန် ပြင်ဆင်၍ ထမင်းဟင်းများခူးခပ်ကြလေသည်။

ထိုအခါမှ ထူးခြားဖြစ်စဉ်ပေါ်ပေါက်လာလေသည်။

ဖြစ်ပုံက ဆာဆာနှင့် အဖွဲ့သားအားလုံး ထမင်းစားရန် ထမင်းအိုးကို ဖွင့်လိုက်သောအခါ ထမင်းတစ်အိုးလုံး မည်းနက်နေသည်ကို ထူးခြားစွာ တွေ့မြင်လိုက်ရပေသည်။

ဗိုက်ဆာနေကြသော အဖွဲ့သားအားလုံးက 'မောင်ဆေးမှင်လေး' ကိုလည်း ဝိုင်း၍ဆူပူပြောဆိုကြလေသည်။ မောင်ဆေးမှင်လေးကလည်း မိမိဘာကိုမှ ထူး၍လုပ်ကိုင်ခဲ့ခြင်းမရှိကြောင်း၊ ခါတိုင်း တောတက်စဉ်အခါများကလိုပင် အားလုံးလုပ်ကိုင်ချက်ပြုတ်ခဲ့ကြောင်း ရှင်းပြလေသည်။

သို့သော် အဖွဲ့သားများက မည်းနက်နေသော ထမင်းကို မစားရဲမစားနိုင်ဟု အားလုံး းတညီတညွတ်တည်း ဆိုကြလေသည်။

"ဒါဆို ကျွန်တော် ထမင်းအိုးအသစ်တစ်လုံး အမြန်ပြန်ချက်ပေးပါ့မယ်။ ခဏလေးစောင့်ပေးပါ။ ဒါပေမယ့် ခင်ဗျားတို့ ကျွန်တော့်အပေါ် သံသယရှင်းသွားအောင် အခုချက်ထားပြီးတဲ့ မည်းနက်နေတဲ့ထမင်းကို ကျွန်တော် စားပြပါ့မယ်"

ဟု ဆိုပြီး မောင်ဆေးမှင်လေးက သူချက်ထားသည့် မည်းနက်နေသော ထမင်းကို တစ်လုတ်၊ နှစ်လုတ်ယူစားပြလေသည်။

စားရင်းစားရင်း သူ၏ခံတွင်းတွင် ထိုထမင်းသည် လွန်စွာ ချိုမြိန်ပြီး အရသာတွေ့လှသဖြင့် ဟင်းမပါဘဲ ထမင်းအနက်ကြီးသက်သက်ကို တဝကြီးစားပစ်လိုက်လေသည်။

သည်လိုနှင့် ထမင်းအိုးအသ[စ်]ကျက်ပြီးဖြစ်၍ ကျန်အဖွဲ့သားအားလုံးကလည်း ဆာဆာနှင့်ထမင်းစားသော[က်]လိုက်ပြီး အနားယူနေကြလေတော့သည်။

နောက်တစ်နေ့နံနက်တွင် အဖွဲ့သားအားလုံးက ထုံးစံအတိုင်း တောထဲဝင်၍ သစ်ဝါးသွားခုတ်ကြသည်။ မောင်ဆေးမှင်လေးကတော့ ထမင်းဟင်းချက်တာဝန်ကို ကျေပွန်စွာ လုပ်ဆောင်နေလေသည်။

ဒါပေမယ့် တစ်ခုထူးခြားတာက မနေ့က ထမင်းအနက်များ တဝကြီးစားပြီးကတည်းက လူမှာ နေရထိုင်ရတာပေါ့ပါးသွက်လက်ပြီး အားအင်ပြည့်ဖြိုးလာသလို ခံစားနေရပြီး မည်သည့် အစာရေစာကိုမျှ စားသောက်ချင်စိတ် လုံးဝမရှိသည်က သူ့အဖို့ ထူးခြားနေသည်ဟု တွေးနေမိပါသည်။

သူတို့တောတက်အဖွဲ့သားတစ်[စု]မိမိတို့လိုရာ သစ်ဝါးများ ပြည့်စုံစွာရရှိ၍ ရွာသို့ပြန်လာခဲ့ကြလေပြီ။ မောင်ဆေးမှင်ကလေးကတော့ ယခင်ထမင်းနက်များစားပြီးကတည်းက ပေါ့ပါးသွက်လက် အားရှိပြီး ရွာကို ပြန်ရောက်ပြီး[သည့်]တိုင် သုံး၊ လေးပတ်ခန့်ကြာသည့်တိုင်အောင် မည်သည့်အစာအာဟာရကိုမျှ စားသောက်ခြင်းမပြုသည့်အတွက် အတူနေထိုင်သည့် အမေအိုကြီးက လွန်စွာစိုးရိမ်ပူပန်လာမိလေသည်။

သူ၏ တစ်ဦးတည်းသောသားကလေး တောထဲတောင်ထဲမှ 'အပမှီ' လာပြီး ယခုလိုထူးဆန်းတဲ့ အမူအကျင့်တွေများ ရလာတာလား။ သို့လောသို့လော တွေးတောစိုးရိမ်ပြီး ပယောဂကုသသော ဆရာများကို အိမ်သို့ပင့်၍ အမျိုးမျိုးကုသလေသည်။

သို့သော် မောင်ဆေးမှင်ကတော့ ယခင်ပုံစံအတိုင်း ဘာကိုမှစားသောက်ခြင်းမပြု နေမြဲနေလေသည်။ မောင်ဆေးမှင်၏ အဖြစ်ထူးကို ထိုနယ်တစ်ဝိုက်တွင် လူတိုင်း၏ပါးစပ်ဖျား၌ ရေပန်းစား ပြောစမှတ်ဖြစ်နေသည်။

သည်သတင်းကို ဂမ္ဘီရပညာများ လေ့လာလိုက်စား ကျင့်ကြံနေသည့် ရသေ့ကြီးတစ်ပါးက ကြားသိပြီး မောင်ဆေးမှင်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာရလေသည်။

အိမ်သို့ရောက်သည်နှင့် တစ်[ခါ]နက် မောင်ဆေးမှင်၏ အမေအိုကြီးကို နှုတ်ဆက်စကားပြောကြားပြီး ယခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွေ့ကြုံနေသည့် မောင်ဆေးမှင်ကလေး၏ရောဂါကို ပျောက်ကင်းစေချင်သလားဟု မေးလေသော် အမေအိုကြီးက -

"ဆရာရသေ့ကြီးရယ်၊ ကျွန်မသားလေးရဲ့ ဒီထူးဆန်းတဲ့ရောဂါကို ဆရာစုံအောင်ကုပါသော်လည်း ဘယ်လိုမှအကြောင်းထူးလာခြင်း မရှိပါ။ ယခု ဆရာရသေ့ကြီးက ပျောက်ကင်းအောင် ကုသပေးမယ်ဆိုရင်တော့ လွန်စွာပဲ ဝမ်းသာလှပါပြီ။ အမြန်သာ ကုသပေးပါ"

ဟု ဆိုလေသည်။

"ကောင်းပါပြီ။ ဒါဆိုရင် ကျုပ်ကခင်ဗျားတို့ကို ကတိတစ်ခုတောင်းမယ်။ ဒီကလေးကို ရောဂါကုသခငွေကြေးတစ်ပြားတစ်ချပ်မှ ကျုပ်မယူပါ။ သို့သော် ဒီကလေးဝမ်းတွင်းမှ ပြန်ထွက်လာသော မည်သည့်အရာဖြစ်ပါစေ ထိုအရာဝတ္ထုဝစ္စည်းကိုတော့ ကျုပ်ကိုလှူပါ"

ဟု ရသေ့ကြီးက ဆိုလေသည်။

အမေအိုကြီးကလည်း သဘောတူကြောင်း ပြန်ပြောပြီးသည့်အခါ -

ဆရာရသေ့ကြီးက ငှက်ပျောရွက်သန့်သန့်တစ်ရွက်လောက်ပေးပါဟုပြော၍ ငှက်ပျောရွက်ကိုအကြောခွာ၍ ငှက်ပျောရွက်ကတော့ခပ်ကြီးကြီးတစ်ခုပြုလုပ်၍ မောင်ဆေးမှင်ကလေးကို ဆေးအိတ်ထဲမှ ဆေးလုံးလေးတစ်လုံးကို လျှာပေါ်တင်၍ငုံခိုင်းထားသည်။

သိပ်မကြာခင်မှာပဲ မောင်ဆေးမှင်ကလေး ကြို့ (၂) ကြိမ်၊ (၃) ကြိမ် ထိုးလာပြီးအန်လေသည်။ ပြန်အန်လာသည်များကို ဆရာရသေ့ကြီးမှ စောစောက ပြုလုပ်ထားသော ငှက်ပျောရွက်ခွက်တော့ကြီးဖြင့် ခံယူလိုက်သည်။

ဘေးမှ ဝိုင်းကြည့်နေသောသူများက ဆရာရသေ့ကြီးကတော့ ရွံစရာအန်ဖတ်တွေကို မရွံမရှာ ခံယူနေသည်ဟု တွေးနေကြသည်။

သို့သော် မောင်ဆေးမှင်ကလေး ပြန်ပြီးအန်ထုတ်လိုက်သော အရာများကို သေချာစွာ ကြည့်လိုက်သောအခါ အငွေ့တထောင်းထောင်းထွက်နေသော ထမင်းနက်နက်များ ချက်ပြီးခါစလို ပူပူနွေးနွေး သန့်သန့်ရှင်းရှင်းဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့မြင်ကြရလေသည်။

ရသေ့ကြီးမှ မောင်ဆေးမှင်ကလေး ပြန်အန်ထုတ်လိုက်သော ထမင်းနက်များကို မရွံမရှာအားပါးတရစားနေသည်ကို တွေ့မြင်နေရသူများက ပျို့အန်ချင်သလိုတောင်ဖြစ်နေကြလေသည်။

အားလုံးပြီးသွားသောအခါ ဆရာရသေ့ကြီးက အမေအိုကြီးနှင့် မောင်ဆေးမှင်ကလေးကို -

"ကဲ - မောင်ရင်လေးကလည်း ရောဂါပျောက်ကင်းသွားပြီဆိုတော့ မင်းစားချင်တာကို အရင်လိုပဲ ပြန်လည် စားသောက်နိုင်လာပါလိမ့်မယ်။

အဘကလည်း အဘအနှစ်နှစ်အလလလိုက်ရှာနေတာတို့ကို ဒီနေ့ပြည့်စုံစွာ ရလိုက်ပြီဖြစ်လို့ နှစ်ဦးနှစ်ဖက်ချမ်းသာခြင်းနဲ့ပြည့်စုံပြီလို့ ဆိုရပါတော့မယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ"

ဟု ဆုမွန်တောင်း၍ ဆရာရသေ့ကြီး ပြန်သွားလေတော့သည်။

အထက်ဖော်ပြပါ မောင်ဆေးမှင်ကလေး၏ ထူးခြားဖြစ်စဉ်ကို ပြန်လည်သုံးသပ်ပြရလျှင် -

မောင်ဆေးမှင်လေးသည် မမျှော်လင့်ဘဲ ကံကောင်းထောက်မစွာနှင့် 'အမတေဓာတ်မီးသြဇာဓာတ်' ဟု ဆိုအပ်သောအာဟာရသိဒ္ဓိပြီးစီးနေသည့် သိုက်ဝင်ဆေးအနက်ပင်တစ်မျိုးကို ထမင်းအိုးအုပ်နှပ်ခဲ့၍ ထမင်းတစ်အိုးလုံး မည်းနက်သွားသည်မှာ ထူးခြားချက်ပင် ဖြစ်ပါသည်။

တစ်ဖန် ထိုအမတေဓာတ်မီးသြဇာအာဟာရသိဒ္ဓိဓာတ်ပြီးစီးနေသည့် ထမင်းနက်ကို စားသုံးပြီးချိန်မှစ၍ ၎င်းအမတေဓာတ်မီးသြဇာဓာတ်၏ စွမ်းအင်ထုတ်လွှတ်လည်ပတ်နေမှုကြောင့် ဆာလောင်ခြင်းကင်း၍ ကိုယ်၊စိတ်နှစ်ပါးကိုကောင်းမွန် ထူးခြားစွာ အကျိုးပြုနေသည်ကို လက်တွေ့ပင်တွေ့နေရပေသည်။

တစ်ခါစည်းတစ်ကြိမ်တည်းသာ အသုံးပြုစားသောက်ထားသော်လည်း ၎င်းဓာတ်မီးသြဇာအမတေဓာတ်၏စွမ်းအင်သည် အစဉ်မပြတ် လည်ပတ်နေသည့်အတွက် ရုပ်ခန္ဓာကိုယ်ကြီးအတွက် နောက်ထပ်အစာအာဟာရထပ်၍မလိုအပ်တော့သည်ကို တွေ့မြင်ရပေမည်။

ဤသို့ ဓာတ်မီးသြဇာ အမတေဓာတ်၏အစွမ်းသတ္တိတို့၏အကြောင်းကို ပြည့်စုံစွာ သိရှိနားလည်သဘောပေါက်ထားသော ဆရာရသေ့ကြီးသည် မောင်ဆေးမှင်လေးထံမှ အမတေစွမ်းအင်ဓာတ်ကို လိမ္မာပါးနပ်စွာဖြင့် ပြန်လည်တောင်းခံထုတ်ယူပြီး မိမိခန္ဓာကိုယ်အတွင်းသို့ ပြန်လည်အသုံးပြုလိုက်သောအခါတွင်တော့ ဆရာရသေ့ကြီးသည် သူ၏လိုရာသိဒ္ဓိစခန်းကိုရရှိရန် ကောင်းစွာ အထောက်အပံ့ဖြစ်သွားလေတော့သည်။

အထက်ဖော်ပြပါအကြောင်းအရာတို့သည် 'အစွမ်းသိဒ္ဓိအပေါင်းတို့နှင့် ပြီးပြည့်စုံစေသော အမတေဓာတ်မီးသြဇာဓာတ်' ကြီး၏ အကြောင်းကို စာဖတ်သူများထင်ရှားသိမြင်စေရန် တင်ပြပေးလိုက်သည့် သာဓကတစ်ခုပင် ဖြစ်ပါသည်။

ဤနေရာတွင် စာဖတ်သူများ သတိပြုနိုင်ရန် အထူးမှတ်ချက်တစ်ခုကို ဖော်ပြရလျှင် အမတေဓာတ်မီးသြဇာဓာတ်တို့သည် စွမ်းအင်သိဒ္ဓိတို့ကို အဆင့်အမြင့်ဆုံး ပေးစွမ်းနိုင်သည့် အနှစ်အမတေဓာတ်မျိုးဖြစ်သောကြောင့် ၎င်းဓာတ်ကို အဖိုးတန်ရတနာဓာတ်တစ်မျိုးဟု ခေါ်ဆိုနိုင်ပါသည်။

ထိုရတနာထိုက်သည့် အဖိုးတန်သိဒ္ဓိစွမ်းအင်ဓာတ်မျိုးကို အသုံးပြုသည့် ပုဂ္ဂိုလ်မှာလည်း ထူးခြားကောင်းမွန်နေသည့် အကျင့်စရဏအရည်အချင်းများနှင့် ပြည့်စုံနေရပေမည်။

တစ်နည်းဆိုရသော် 'ခြင်္သေ့ဆီသည် သီဟိုဠ်ရွှေခွက်၌သာ ထိုက်တန်သကဲ့သို့' ထိုအစွမ်းသိဒ္ဓိအပေါင်းတို့နှင့် ပြီးပြည့်စုံစေသော အမတေသြဇာဓာတ်ကို ပိုင်ဆိုင် အသုံးပြုသောပုဂ္ဂိုလ်သည် သီလ၊ သမာဓိ၊ ပညာတို့နှင့်ပြည့်စုံ၍ အကျင့်စရဏစွမ်းအားများ ပြည့်ဝနေသော သူတော်စင်၊ သူတော်ကောင်းများမှသာ ထိုစွမ်းအင်သိဒ္ဓိအမတေသြဇာဓာတ်များ ကိန်းအောင်း လည်ပတ်တည်မြဲနေနိုင်မည်ဖြစ်သည်ကို စာဖတ်သူများ အထူးသဘောပေါက် သိရှိနားလည်ရန် လိုအပ်ပါသည်။

ထို့ကြောင့် သာမန်ပုဂ္ဂိုလ်မျိုးဖြစ်သော 'မောင်ဆေးမှင်' လေး၏ထံတွင် ထိုအမတေဓာတ်မီးသြဇာသိဒ္ဓိဓာတ်သည် အရှည်သဖြင့် မတည်မြဲသည်ကို သိမြင်နိုင်ပေသည်။

(ပြည်တန်ပတ္တမြားတို့မည်သည် ဖိုခုံလောက်လုပ်သုံးရုံသာအသိဉာဏ်ရှိသောသူတို့ထံတွင် ဘယ်သောအခါမှ မတည်မြဲကြသည်မှာ လောကနိယာမတရားပင် ဖြစ်ပါသည်။)

*(ရှေ့လတွင် ဒုတိယပိုင်းကို ဆက်လက် တင်ပြပေးပါမည်။)*

ဦးမင်းဇင် (ရွှေနဝင်း)

www.burmeseclassic.com

# မင်းရှိန်အောင်

## နတ်တော်လ၏ထူးထွေထူးခြားဂုဏ်ရည်များ

ရခြင်းအကြောင်းရင်းခံကို အနည်းငယ် စောကြောကြည့်ကြပါမည်။ ဆိုခဲ့သလို ပင် မနုရာသီ (နတ်တော်လ) ၏ ရာသီ ရုပ်ပုံမှာ လေးမြားစွဲ လူတစ်ပိုင်း၊ မြင်း တစ်ပိုင်းသရုပ်ပုံပင် ဖြစ်သည်။ မနု ဆိုသော ပါဠိဝေါဟာရ၏ အနက်အ ဓိပ္ပာယ်မှာ လေးသည်တော် (သို့) လေး မြားလက်နက်ကိုင်စွဲသူ ဟူ၍ ဖြစ်သည်။ ရာဇမတ္တဏ်ကျမ်းထဲတွင် မနုရာသီကို သတ္တော၊ မနု၊ ကောဒဏ္ဍော၊ စာဖော၊ တောက္ခိတော ဟူသာ ပရိယာယ် (၅) မျိုးဖြင့် ပြဆိုထားသည်ကို တွေ့ရသည်။ အဓိပ္ပာယ်မှာ လေး (လက်နက်) ဖြစ် သည်။ ပြီး- ဇောတိတတ္တဗေဒင်ကျမ်းမှာ

နတ်တော်လ (မနုရာသီ) ကား တခြားမဟုတ်၊ တန်ခူးလ (မိဿရာသီ) အစ တပေါင်းလ (မိန်ရာသီ) အဆုံး ဆယ့်နှစ်လ ဆယ့်နှစ်ရာသီထဲတွင် နဝမ မြောက်လ၊ နဝမမြောက်ရာသီကို ဆိုလို ခြင်းပင် ဖြစ်၏။ ဤနတ်တော်လ (မနု ရာသီ) ၏ သီသာပေါ်လွင်သော ကြန် အင်လက္ခဏာ တချို့မှာ ရာသီရုပ်သည် ရှေ့ပိုင်းက လေးလက်နက်စွဲလူ၊ နောက် ပိုင်းက မြင်း။ ရာသီပန်းက ဂမုန်း၊ သဇင် ပန်း။ ရာသီပွဲက နတ်ကနားပွဲ၊ ဆင်ဖမ်း ပွဲ။ စန်းယှဉ်နက္ခတ်က မိဂသီနက္ခတ်။ စန်းယှဉ်တာရာက ဟသ်ာတာရာ။ အ ရုဏ်တက်ချိန် (၅း၂၀)နာရီ၊ နေထွက် ချိန် နံနက် (၆း၂၀) နာရီ၊ နေဝင်ချိန် ညနေ (၅း၄၀) နာရီ၊ မွန်းတည့်ဖဝါး (၅) ဖဝါး၊ လဆန်းပက္ခရက် (၁၅)ရက်၊ လ ဆုတ်ပက္ခရက် (၁၄) ရက်၊ နဂါးဦးခေါင်း က တောင်ဘက်၊ အမြီးက မြောက် ဘက်၊ ဝမ်းက အနောက်ဘက်၊ ကျောက အရှေ့ဘက်ကိုလှည့်၍ ဓာတ်ကြီးလေး ပါးတွင် တေဇောဓာတ်ရာသီ၊ ဒွေးဒဟ ရာသီ စသဖြင့် ဖြစ်ကြသည်။ ပြီး- ဤ နတ်တော်လ (မနုရာသီ) သည် ဟေမန္တ ဥတု (ဆောင်းဥတုတို့တွင် လုံးလုံးသက် ရောက်နေပြီး ဟေမရတု- ဟေမန္တရတု) တွင် လုံး၀ ကျရောက်နေသည်။

ဤနေရာမှာ မနုရာသီဟု ခေါ်ဆို လည်း 'မနု- မနုရာသီသည်၊ စာပနရော- ရှေ့ထက်ဝက်သည်ကား လေးစွဲသော ယောကျာ်းသဏ္ဌာန်ရှိ၏။ အဂ္ဂဇယ်နား- နောက်ထက်ဝက်ကား မြင်းခြေသဏ္ဌာန် ရှိသည်' ဟု ဖော်ညွှန်းထားပြီး ဗြို့ဟတ်ဇ ကျမ်းတွင်လည်း လေးမြားစွဲ လူတစ်ပိုင်း မြင်းတစ်ပိုင်းရာသီ၊ ဒွေးဒဟရာသီဟု ပြ ဆိုထားသည်ကို တွေ့ရှိရသည်။ သို့တ စေ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်းတို့တွင် ဤလ၊ ဤရာသီ၌ မိဂသီနက္ခတ်နှင့်စန်း ယှဉ်၍ လပြည့်ဝန်းတတ်သည့်အတွက် မိဂသီရရာသီ (လ) ဟု ခေါ်ဆိုကြောင်း ထူးထူးခြားခြားဖော်ပြထားသည်ကိုတွေ့ ရသေးသည်။

တစ်ဆက်တည်း ဖော်ပြရန် သင့် သည်က ဤမနုရာသီကို မြန်မာတို့က နတ်တော်လဟု အဘယ်ကြောင့်ခေါ်ရ သည် ဆိုခြင်းကိုပင် ဖြစ်၏။ ဤအ ကြောင်းကိစ္စကို မရှင်းလင်းမီမှာ ဤမနု ရာသီ(နတ်တော်လ)၏ စန်းယှဉ်နက္ခတ် ဖြစ်သော မိဂသီနက္ခတ်နှင့် စန်းယှဉ်တာ ရာဖြစ်သော ဟသ်ာတာရာတို့အကြောင်း ကို ဖော်ပြမည် ဆိုပါက ပိုမိုပြည့်စုံသွား မည်ထင်သည်။

မိဂသီနက္ခတ်သည် အသဝနီ နက္ခတ် အစ၊ ရေဝတီနက္ခတ် အဆုံး နက္ခတ် (၂၇) လုံးတွင် ပဉ္စမမြောက် နက္ခတ်ဖြစ်ပြီး ပြိဿရာသီနှင့်မေထုန် ရာသီစပ်ကြားတွင် ခွလျက် တည်ရှိပါ သည်။ ရှေးမြန်မာနက္ခတ်ကျမ်းအချို့ တွင်-

'မိဂသီမှာ၊ သုံးလုံးသာ၊ ပမာလိပ် ခေါင်းဆို။ ဟံသာဝတီ၊ ညာဒေဝီ၊ ဓာတ် မည်ကာသဆို'

'မိဂသီပင်၊ သုံးလုံးလျှင်၊ သမင် ခေါင်းဟုဆို။ ဟံသာဝတီ၊ မိဂသီ၊ အငြိ ထားဝယ်ပဲ'

ဟု ဖော်ပြထားပေသည်။

သေနင်္ဂဗျူဟာကျမ်းထဲတွင် မိဂ သီနက္ခတ်ကို လိပ်ခေါင်းအသွင်ရှိသည် ဆိုထားသကဲ့သို့ အဘိဓာန်ဋီကာ၊ ဂြဟ သ္တတ္တိ၊ လဃုသဂြိဟ၊ အာကာသသျှတ္တရ ကပ္ပဝဏ္ဏနာ၊ သိယ်မေဓာ၊ ရွှေမင်းရေ ပုရပိုက်ဖြူတို့တွင် သမင်ဦးခေါင်းနှင့် တူသည်ဟု ဖော်ညွှန်းထားသည်။

စိတ်ဝင်စားစရာတစ်ခုမှာ ဆရာ ဆန်းထွန်း (မန်းတက္ကသိုလ်)က ရှေးဟိန္ဒူ နက္ခတ်ဗေဒင်ကျမ်းတစ်ခုဖြစ်သော ဝါရာ ဟီသံဟိတကျမ်းကို ကိုးကားလျက် သူ ၏မိဂသီနှင့် ဝေဒဗ္ဗ ဆောင်းပါးထဲဝယ် မိဂသီနက္ခတ်သည် ရတနာတို့နှင့်သက် ဆိုင်လျက် ရတနာမိုး ရွာသွန်းစေတတ် သောနက္ခတ်ဖြစ်သည်ဟု ယူ၍ရနိုင် ကောင်းသဖြင့် ဝေဒဗ္ဗဇာတ် (ဧကနိပါတ် ၄၈) လာ နက္ခတ်နှင့် အယှဉ်အကြိုက် တွင် နက္ခတ် ဟူသည် အဘယ်နက္ခတ် ပါနည်းဟု ပုဂ္ဂိုလ်တစ်ဦး အမေးရှိဖူး သောကြောင့် မည်သည့် ဂန္ထန္တရမှာမှ မပါ၊ ဆရာစဉ် သမားစဉ် ပြောရိုးဆိုရိုး





www.burmeseclassic.com

www.burmeseclassic.com

ရှိမည်မထင်သောအကြောင်းကို လက်လှမ်းမီသမျှ (ဝါ) ဇောတိသဝေဒကျမ်းများနှင့်ညှိ၍ မိဂသီနက္ခတ်ဟု အမှတ်တရဖြစ်အောင် စွန့်စား ဖြေဆိုလိုက်သည်ဟု တင်ပြထားချက်က ဝေဖန်ဖို့ သုတေသနပြုဖို့ အလွန်ကောင်းလှပေသည်။

တစ်ခါ-

'ဟံသာစ- ဟင်္သာတာရာသည်တား၊ ဟံသသဏ္ဌာန် - ဟင်္သာငှက်သဏ္ဌာန်သို့ ရှိ၏၊ နဝက- ကိုးလုံးတို့တည်း။ မြမ္မတိတ္ထံဝ- မြန်မာပြည်၏ တိတ်လျှင်တည်း၊ ရောဟဏီ မိဂသီ ရေတိ- ရောဟဏီ မိဂသီ နက္ခတ်တို့နှင့် လည်းကောင်း၊ အဒ္ဒရေန စ- အဒြနက္ခတ်နှင့် လည်းကောင်း၊ တီဟိ- သုံးလုံးသောနက္ခတ်တို့နှင့်၊ အာကာသေ- ကောင်းကင်ခရီး၌၊ နိယန္တိ- သွားကြကုန်၏'

ဟု မြန်မာ့နက္ခတ်ကျမ်း တချို့၌ ဖော်ပြထားချက်အရ မနုရာသီခေါ် နတ်တော်လ၏ စန်းယှဉ်တာရာဖြစ်သော ဟင်္သာတာရာသည် ဟင်္သာငှက်အသွင်ရှိလျက် မြန်မာပြည်၏ တိတ်စွဲဖြစ်ကာ ရောဟဏီနက္ခတ်၊ မိဂသီနက္ခတ်၊ အဒြနက္ခတ်တို့နှင့်ယှဉ်တွဲသွားလာတတ်သည်ဟု ဆိုထားသည်ကို တွေ့ရှိရသည်။ သိမှတ်စရာကောင်းသည်က ဟင်္သာတာရာနှင့် ယှဉ်တွဲသွားလာသော နက္ခတ်သုံးလုံးထဲက မိဂသီနက္ခတ်သည် မနုရာသီ (နတ်တော်လ) ၏ စန်းယှဉ်နက္ခတ်ပင်ဖြစ်ပါလော။

နောက်. . .

'သုံးလုံးယှဉ်လာ၊ ရွှေဟင်္သာ၊ သင်္ချာ ၉/၁၀ ဆို။ မြန်မာပြည်မှာ ရွှေဟင်္သာ၊ တာရာရောင်ဝန်းဆို'

ဟု ဖွဲ့ချီသော ဟင်္သာတာရာမှပြသော အတိတ်နိမိတ်များကို ရှေးပညာရှိတို့က ဤသို့ ဖွင့်ဟ ဟောချက်ထုတ်ခဲ့ကြပေသည်။ ယင်းမှာ-

'ရွှေဟင်္သာတာရာလှ၊ ဦးခေါင်းပပျောက်ကွယ်၊
နရိန္ဒဘုန်းကြွယ်၊ ဆုံးရှုံးမယ်မတိမ်း၊
နတ်သီးပ မင်းသားယူ၊ စလုတ်မူစာရှုံးကိန်း၊
စစ်သူကြီး လက်ဝဲတောင်၊ ဤလူ့ဘောင်မှတ်ကိန်း။
များဗိုလ်လူခပ်သိမ်းတို့၊ တာရာကိန်းမှတ်ဟန်၊
လက်ယာတောင်ပုဏ္ဏားနှင့်၊
ရဟန်းတော်များ ကိန်းဆိုက်အမှန်။
သူရဲတို့ အသိဉာဏ်၊ ခြေပါဒလက်ယာပြ၊
ဒလိဒ္ဒလက်ဝဲခြေ၊ များသိကြစေ။
ယာမျက်စိမင်းကြီးသေ၊ လက်ဝဲပေမိဖုရားတဲ့လေး'

ဆိုခဲ့သည်တို့ကို ပြန်ကောက်ပြောရလျှင် ရတနာမိုးကို ရှာသွန်းစေနိုင်သည် ဆိုသော မိဂသီနက္ခတ်၊ မြန်မာပြည်၏ အနာဂတ်ကို ဖော်ညွှန်းနိုင်သည်ဆိုသော ဟင်္သာတာရာတို့နှင့် ယှဉ်တွဲလျက် လပြည့်ဝန်း မွန်းတည့်တတ်သောမနုရာသီကို ရှေးမြန်မာကြီးတို့က နတ်တော် (လ) ဟု ဘယ့်အတွက်ကြောင့် အမည်သညာ ချည်နှောင်ပေးခဲ့ကြသနည်း ဟူခြင်းပင် ဖြစ်၏။

တကယ့်တကယ် ဆန်းစစ်ကြည့်လျှင် ရှေးမြန်မာကြီးတို့က နတ်တော်လဟု ကင်ပွန်းတပ် အမည်ပေးထားသောမနုရာသီသည် နတ်ကိုးကွယ်ယုံကြည်မှုမလေ့နှင့် ပတ်သက်နီးနွယ်မှုရှိနေသည်ကို ထူးထူးခြားခြား တွေ့ရှိရခြင်းပင် ဖြစ်သည်။ မြန်မာပြည်သို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် မရောက်ရှိမီ ရှေးအထက်ကျော်ကာရီ အစုအစဉ်ကပင် နတ်ကိုးကွယ်မှုမလေ့ တည်ဖြစ်ရှင်သန်နေခဲ့သည်ကတော့ အမှန်ပင်။ ထေရဝါဒဗုဒ္ဓသာသနာတော်သည် မြန်မာပြည်သို့ ရောက်ရှိ စည်ပင် ထွန်းကားလာပြီးနောက်ပိုင်းတွင် နတ်ကိုးကွယ်မှုဆိုင်ရာများ သေးသိမ် မှေးမှိန်သွားသည့်တိုင် တစ်မျိုးတစ်ဖုံ ဆက်လက်ရှင်သန်လျက် ရှိနေသည်ကို တွေ့နေရဆဲ ဖြစ်သည်။ ထိုသို့ နတ်ကိုးကွယ်မှုသည် အဘယ်ကြောင့် ဆက်လက်ရှင်သန်နေရသနည်း ဟု မေးခွန်းထုတ်ဖွယ်ရာရှိ၏။ ဤမေးခွန်းအတွက် အဖြေကို ယခုဖော်ပြမည့် ဥဒါဟရုဏ်က ညွှန်းဆိုပေးနိုင်မည် ထင်သည်။

ယင်းမှာ ဤသို့ ဖြစ်သည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၊ ဂန္ဓာလရာဇ် တရုတ်ပြည့်ရှင် ဥတည်ဘွားမင်းကို စစ်ထိုးသွားစဉ်က အနော်ရထာမင်းကြီးသည် ဥတည်ဘွားမင်း၏ ဆရာရသေ့ကြီးကို-

"ဥတည်ဘွားမင်းသည် သံသရာပစ္စုပ္ပန်အလို့ငှာ အဘယ်ကိုကိုးကွယ်ပါသနည်း"

ဟု အမေးတော်ရှိခဲ့ရာ ရသေ့ကြီးက-

"ဥတည်ဘွားမင်းသည် သံသရာအလို့ငှာ ဘုရားရှင်စွယ်တော်မြတ်ကို ကိုးကွယ်လျက် ပစ္စုပ္ပန်အလို့ငှာ စန္ဒီနတ်ကို ကိုးကွယ်ပါသည်"

ဟု ဖြေကြားတော်မူခဲ့လေသည်။

ပသို့ပင်ဆိုစေ ရှေးမြန်မာမင်းများလက်ထက်တွင် နတ်ကိုးကွယ်မှု၊ နတ်ကနားပေးပူဇော်မှုများကို တစ်စုံတစ်ရာအတိုင်းအတာအထိ နေရာပေး ဖော်ဆောင်ခဲ့ကြသည်ကတော့ အသေအချာဖြစ်သည်။ မြန်မာစာအဘိဓာန်ထဲ၌ နတ်ဆိုသော ဝေါဟာရကို တန်ခိုးရှိသည်ဟု ယူဆ၍ လူအချို့တို့က ကိုးကွယ်ကြသော အခြားဘုံသားတစ်မျိုး (သမ္မုတိနတ် စသော နတ်သုံးမျိုးတွင် ဥပပတ္တိနတ်မျိုး ဖြစ်သည်) ဟု အနက်ပေးထားပြီး နတ်စိမ်းနှင့် အဓိပ္ပာယ်တူသည်ဟု ဆိုထားသည်။ ထိုနတ်ဆိုသော ဝေါဟာရသည် နာထ ဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ ကိုးကွယ်ဆည်းကပ်ရာဟူ၍ ဖြစ်၏။

ရှေးမြန်မာတို့သည် မင်းမဟာဂီရိနတ်မောင်နှမနှင့် မဟာပိန္နဲနတ်တို့ကို အထိကရထား ကိုးကွယ်ခဲ့ပုံပေါ်သည်။ ပုဂံပြည့်ရှင် သေဉ်လည်ကြောင်မင်း လက်ထက် အထက်အညာ တကောင်းပြည်မှ မျှောချလိုက်သောစံကားပင်ကို ဆယ်ယူပြီး မင်းမဟာဂီရိနတ်မောင်နှမရုပ်တုများ ထုလုပ်ကာ ပုပ္ပားတောင်က နတ်ကွန်းတွင်ထားလျက် မင်းနှင့်ပြည်သူတို့ ကိုးကွယ် ပူဇော်ခဲ့လေသည်။ ထို မင်းမဟာဂီရိနတ်မောင်နှမကို ကွဲဖြူ နွားဖြူ ဆိတ်ဖြူ ကြက်ဖြူ သေရည်သေရက်များဖြင့် နတ်ကနားပွဲကြီးပြုကာ ကြီးကျယ်ခမ်းနားစွာ ပူဇော်ပသခြင်းကို တစ်နှစ်တစ်ကြိမ် ပြုလုပ်လေ့ရှိသည်။ ထိုသို့သော မဟာဂီရိနတ်မောင်နှမပူဇော်ပွဲကို ပုဂံခေတ်၊ ပင်းယ အင်းဝခေတ်၊ ဟံသာဝတီ တောင်ငူခေတ်တိုင် ရောက်ရှိခဲ့ရာ ဟံသာဝတီ ဆင်ဖြူရှင် ဘုရင့်နောင်မင်းလက်ထက်ရောက်မှ သွေးထွက်သံယိုပူဇော်ပ,သမှုပါသော မင်းမဟာဂီရိနတ်မောင်နှမ နတ်ကနားပေးပွဲ သဘင်ကို ပိတ်ပင်တားမြစ်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် မင်းမဟာဂီရိနတ်ပူဇော်ပွဲသည် သက်သတ်လွတ် ပူဇော်ပွဲအသွင်သို့ ပြောင်းလဲသွားသည်။

မင်းမဟာဂီရိ နတ်ကနားပွဲပေးမှုများသည် နောက်တန်းသို့ ခပ်ယို့ယို့ ရောက်ရှိသွားသလောက် မဟာပိန္နဲနတ်ပူဇော်ပွဲများသည် ရှေ့တန်းသို့ထွက်ပြူပေါ်လွင် ထင်ရှားလာခဲ့သည်။ စင်စစ် ဤမဟာပိန္နဲနတ်သည် ဟိန္ဒူ ဗြာဟ္မဏ အယူဝါဒီတို့ ကိုးကွယ်သော နတ်ဘုရားများထဲမှတစ်ပါးသာ ဖြစ်ပါသည်။ ဟိန္ဒူ



www.burmeseclassic.com

www.burmeseclassic.com

ဗြာဟ္မဏတို့သည် မြန်မာပြည်သို့ ပုဂံခေတ်၊ သရေခေတ္တရာခေတ်မတိုင်မီကပင် နည်းအမျိုးမျိုးဖြင့် ရောက်ရှိလာခဲ့ပုံပေါ်သည်။ သူတို့နှင့်အတူ သူတို့၏ ကိုးကွယ်မှုဆိုင်ရာ ဟိန္ဒူ ဗြာဟ္မဏအယူဝါဒများ ပါရှိလာခဲ့ဟန်တူသည်။ သူတို့အထဲမှ ဝေဒပညာရှင် ပုရောဟိတ်များသည် မြန်မာမင်းတို့ထံ မင်းတိုင်ပင် အကြံပေးများအဖြစ် မင်းမှုထမ်းခဲ့ကြ၏။ ဤသို့နှင့် သူတို့ကိုးကွယ်မှုဆိုင်ရာ နတ်ဘုရား (၁၅) ပါး (မဟာပိန္နဲနတ်ဘုရားအပါအဝင်) တို့သည် မြန်မာမှုပြုလိုက်သောအခါတွင် တိုင်းစောင့် ပြည်စောင့်နတ်မင်းကြီး (၁၅) ပါးအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

ထိုအထဲမှ မဟာပိန္နဲ နတ်မင်းကို ရှေးမြန်မာတို့က အထူးအလေးဂရုပြု ရွေးချယ် ကိုးကွယ်ပူဇော်ခဲ့ကြသည်မှာ အလွန့်အလွန် စိတ်ဝင်စားစရာပင်။ အကြောင်းအရင်းမှာ အဘယ်သို့နည်းဟု မေးခွန်းထုတ်စရာ ဖြစ်နေသည်။ အဖြေကို ရှာဖွေ စောကြောကြည့်ကြပါမည်။

မဟာပိန္နဲနတ်မင်းသည် အစွယ်တစ်ချောင်းပါ ဆင်ဦးခေါင်း၊ ဗြဟ္မာခန္ဓာကိုယ်ရှိသော နတ်ကြီးတစ်ပါးဟုဆို၏။ အလွန်တန်ခိုးကြီးမားပြီး စပါးသီးနှံကို ပေါကြွယ်ဝစေကာ တိုင်းပြည်သာယာဝပြောစေနိုင်သည်ဟု ဆို၏။ နောက် အသိပညာ၊ အတတ်ပညာနှင့် ဝေဒပညာကို စောင့်ရှောက်သည်ဟု ယုံကြည်ကြ၏။ စီးတော်ယာဉ်မှာကြွက်ဖြစ်ပြီး ဗြဟ္မစရိယအကျင့်ကိုကျင့်သူဟု ယူကြသည်။ ဤမဟာပိန္နဲနတ်ကို ဟိန္ဒူ ဗြာဟ္မဏဝါဒီတို့က သိဝနတ်မင်းကြီးနှင့် ပါရဝတီနတ်မိဖုရားကြီးတို့၏သားတော်ဟု ဆို၏။ ရှေးမြန်မာကြီးတို့ကမူ မဟာပိန္နဲနတ်ကို မြန်မာသင်္ကြန်ပွဲတော်အား ဖြစ်ပေါ်စေခဲ့သော အာသီဗြဟ္မာမင်းက ဖြစ်လာသည်ဟု ယုံကြည်ကြသည်။ ထိုအာသီဗြဟ္မာမင်းသည် ပါရမီသွာနတ်မင်းကြီး၏သားတော်ဟု ဆို၏။ တစ်ခါသော် သိကြားမင်းနှင့် ထိုအာသီဗြဟ္မာတို့သည် ဝေဒပညာဆိုင်ရာကိစ္စတစ်ခုကို ငြင်းခုံကြရာတွင် နောက်ဆုံး၌ရှုံးနိမ့်သူ ခေါင်းဖြတ်ခံစတမ်းဆိုပြီး လူ့ပြည်က ကာဝိလမိုင်းပညာရှိထံ အဆုံးအဖြတ်ယူရာတွင် အာသီဗြဟ္မာမင်းက ရှုံးနိမ့်သဖြင့် ဦးခေါင်းဖြတ်ခံခဲ့ရလေသည်။ သို့တစေ သိကြားမင်းက ထိုဗြဟ္မာ၏ဦးခေါင်းကို နတ်သမီးခုနစ်ပါးအား အလှည့်ကျကိုင်ဆောင်စေပြီး ကြွင်းကျန်သော ကိုယ်ခန္ဓာကိုမူ ပိဂ်္ဂလဆင်မင်း၏ဦးခေါင်းနှင့် ဆက်စပ်ပေးကာ နတ်ရေစင်သွန်း အသက်သွင်းပေးလိုက်လေသည်။ ဤသို့ဖြင့် ဆင်ဦးခေါင်းတပ် အာသီဗြဟ္မာကြီးသည် မဟာပိန္နဲနတ်အဖြစ် တစ်ဖြစ်လဲ ရောက်ရှိသွားခဲ့သည်။ ဆိုလိုချင်သည်က ရှေးမြန်မာကြီးတို့သည် မဟာပိန္နဲနတ်အား မဟာသင်္ကြန်ပွဲကိုဖြစ်စေသော အာသီဗြဟ္မာမင်းက ဖြစ်လာသူဟု မှတ်ယူကြသည် ဟူခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ၎င်းကိုးကွယ်မှုသည် ချောမွေ့နေဟန်တူ၏။

မည်သို့ပင်ဆိုစေ ရှေးမြန်မာကြီးတို့သည် ဤမဟာပိန္နဲနတ်ကို တရိုတကျိုးတလေးတနက်ကို ကိုးကွယ် ပူဇော်ခဲ့ကြသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးဟုဆိုရင် ရနိုင်မည်ထင်သည်။ ဟံသာဝတီ တောင်ငူခေတ် နှောင်းပိုင်းမှသည် ညောင်ရမ်း အင်းဝခေတ်၊ ကုန်းဘောင်ခေတ် တစ်သန္တာန်လုံး၌ မင်းနှင့်ပြည်သူအလုံးတို့ မဟာပိန္နဲနတ်မင်း ကိုးကွယ်မှုသည် ပိုမို ကြည်လင်တောက်ပလာခဲ့ဟန်တူသည်။

ထင်ရှားအောင်ပြရလျှင် ရှေးမြန်မာမင်းတို့ လက်ထက်တွင် နန်းမြို့ထဲမှာ မဏ္ဍပ်ကနားများ ကြီးစွာဆောက်လုပ်၍ မဟာပိန္နဲနတ်ပူဇော်ပွဲကို ကြီးကျယ်ခမ်းနားစွာ ဝှဲချီး ကျင်းပပြီးနောက် ထိုမဟာပိန္နဲနတ်ရုပ်တုကို ဥဒေါင်းပျံယာဉ်ရထားပေါ် တင်ကာ လူ၊ မြင်း၊ ဆင်တို့ကို ဆွဲစေလျက် မြို့လုံးလှည့် အပူဇော်ခံကာ မင်းမျိုးမင်းနွယ် မှူးမတ်ဗိုလ် သူဌေးသူကြွယ်အိမ်များတွင် လှည့်လည်ဦးတိုက်လျက် အပူဇော်ခံယူခြင်းကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပလေ့ရှိသည် ဟူခြင်းပင် ဖြစ်၏။

စိတ်ဝင်စားစရာတစ်ခုက ရှေးမြန်မာကြီးတို့ တနက်ရှိုင်းရှိုင်း၊ တရိုကျိုးကျိုးနှင့် တစ်နှစ်တစ်ကြိမ် စည်ကားသိုက်မြိုက်စွာ တခမ်းတနား ပြုလုပ်ကျင်းပသော မင်းမဟာဂီရိနတ်မောင်နှမပူဇော်ပွဲ၊ မဟာပိန္နဲနတ်ပူဇော်ပွဲတို့ကို ဆောင်းလေအေးအေး၊ ဆီးနှင်းဖွေးဖွေးနှင့် စူးရှအေးစိမ့်ချမ်းမြစွာသော၊ မိဂသီနက္ခတ်နှင့် ဟာသ်ာတာရာတို့ ထွန်းလင်းတောက်ပသော၊ ဂမုန်းနှင့် သဇင်ပန်းတို့ ရာသီပန်းအဖြစ် ပွင့်လန်းကြသော ဤမနုရာသီတွင် တကူးတကနဲ့ ရွေးချယ်ကျင်းပကြသည်မှာ သာမန်မဟုတ်သော ထူးခြားမှုတစ်ခုပင်။ ရှေးမြန်မာကြီးတို့ ဤမနုရာသီတွင် နတ်ပူဇော်ပွဲများ၊ နတ်ကနားပွဲများ၊ နတ်ပွဲသဘင်များကို အလေးဂရုပြု ကျင်းပလေ့ရှိသောကြောင့် ဤမနုရာသီကို နတ်လဟု အနွတ္တာသညာ ချည်နှောင် ခေါ်ဝေါ်ကြသည် ဖြစ်၏။ နောင်တွင် ထိုပူဇော် ပ,သသော နတ်များကို အထွတ်အထိပ်၊ အမြင့်အမြတ်ထားသည့်သဘောဖြင့် ထိုနတ်လကို 'တော်' တပ်ကာ 'နတ်တော်လ' ဟူ၍ ခေါ်ဆိုသမုတ်လာကြသည်။

ဤတွင် မနုရာသီကို ရှေးမြန်မာကြီးတို့က နတ်တော်လဟု ခေါ်ရခြင်း အကြောင်းရင်းကို သိရှိလောက်ပြီ ထင်သည်။

နောက် စိတ်ဝင်စားစရာတစ်ခုက မဟာဇေယသင်္ခယာ၏ ရာဇမတ္တကကျမ်းထဲတွင် တနင်္ဂနွေဂြိုဟ် ဗြိစ္ဆာရာသီတွင်ရပ်တည်စဉ် ကြတ္တိကာ၊ ရောဟဏီနက္ခတ်တစ်လုံးလုံးနှင့် စန်းယှဉ်သော နတ်တော်လပြည့်နေ့တွင် မဟာပိန္နဲနတ်ပွဲသဘင်ပူဇော်ကြောင်း ထူးထူးခြားခြားဖော်ပြထားသည်ကို တွေ့ရသေးသည်။

တစ်ခါ ဟိန္ဒူ ဗြာဟ္မဏဝါဒီတို့က မဟာပိန္နဲနတ်မင်း အပါအဝင် နတ်မင်းကြီး (၁၅) ပါးတို့သည် ဝါဆိုလဆန်း (၁) ရက်နေ့မှ ဝါဆိုလဆန်း (၁၅) နေ့အထိ အစဉ်အတိုင်း တစ်ရက် တစ်ပါးကျ [illegible] အိပ်စက်ကြ၏။ တော်သလင်းလဆန်း (၁) ရက်နေ့မှ လဆန်း (၁၅)ရက်ထိတွင် ထိုအိပ်စက်နေသော နတ်မင်းတို့သည် အစဉ်အတိုင်း တစ်ရက်တစ်ပါးကျစီ လူးလွန့်ကြသည်။ တန်ဆောင်မုန်းလဆန်း (၁) ရက်နေ့မှ (၁၅) ရက်ထိတွင် ထိုနတ်မင်းကြီး (၁၅)ပါးတို့သည် အစဉ်အတိုင်း တစ်ရက် တစ်ပါးကျစီ နိုးထကြသည် [illegible] စသဖြင့် ယုံစွဲကြသည်။ ထို့ကြောင့် ဝါဆိုလကို နတ်အိပ်လ၊ တော်သလင်းလကို နတ်လူးလွန့်လ၊ တန်ဆောင်မုန်းလကို နတ်နိုးလဟု ခေါ်ဆိုကြသည်။ သို့လိုဝင် နတ်တော်လကို 'နတ်ပျော်လ' ဟူ၍ သမုတ်ကြသည်။ အဘယ်ကြောင့်နည်းဆိုသော် ထိုနတ်တော်လတွင် ရှေးမြန်မာကြီးတို့သည် နတ်ပူဇော်ပွဲများ၊ နတ်ကနားပွဲများ၊ နတ်ပွဲသဘင်များကို တစည်သဲသဲ တခမ်းနားနား ကျင်းပလေ့ရှိသည့်အတွက်ကြောင့် 'နတ်ပျော်လ' ဟု [illegible] မည်ပေး ခေါ်တွင်စေခဲ့သည်ဟု [illegible] ညွှန်းကြပါသည်။ ဤကား နတ်တော်လနှင့် နတ်ကိုးကွယ်မှုဆိုင်ရာတို့ နီးနွယ်[illegible]မှုကို ပြဆိုနေခြင်းပင် ဖြစ်သည်။

ဤ မနုရာသီခေါ် နတ်ပျော်လတွင် ရှေးမြန်မာမင်းများ လက်ထက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မနေကျင်းပသောပွဲတစ်ခုမှာ ဆင်ဖမ်းပွဲ ဖြစ်၏။ ရှေးမြန်မာမင်းတို့သည် ဆင်များကို ရာဇဂုဏ်, ဘုန်းသမ္ဘာ၏ သင်္ကေတ နိမိတ်ပုံအဖြစ်၊ စစ်အင်္ဂါလေးပါး၌ တစ်ပါးအပါအဝင်အဖြစ် လိုလားတောင့်တခဲ့ကြသည်။ ရှေးခေတ်တုန်းက စစ်ရေးစစ်ရာ၌ ဆင်များသည် ယခုခေတ် တင့်ကားများလို အသုံးဝင်ပြီး ဆင်တပ်အား တင့်ကားတပ်များအဖြစ် အသုံးပြုခဲ့ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ရှေးမြန်မာမင်းများ၊ မင်းညီမင်းသားများ၊ မြို့စားနယ်စားများ၊ မှူးမတ်ဗိုလ်ပါများသည် တောနက်ကြီးထဲမှ ဆင်ရိုင်းဆင်ပျိုများကို ပွဲလမ်းသဘင်မှာ တခမ်းတနားပြု၍ လူစုလူဝေးဖြင့် ဖမ်းဆီးပွဲပြုလုပ်ကြသည်မှာ ဆောင်းနှင်းဆော်လေတွေဖြင့် အေးစိမ့်ချမ်းမြေ့နေသော ဤနတ်တော်လ (မနုရာသီ) ၌ ဖြစ်သည်။ ဤဆင်ဖမ်းပွဲကို စစ်ရေးလေ့ကျင့်မှုတစ်ရပ်အဖြစ် သုံးသပ်မည်ဆိုပါကလည်း သုံးသပ်၍ ရသည်။ နောက် ဤဆင်ဖမ်းပွဲနှင့် ဆင်ဦးခေါင်းပါ မဟာဝိနည်းနတ်တို့ ဆက်နွယ်မှုရှိသလားဆိုသည်ကလည်း မေးစရာ တွေးစရာပင်။ ထိုတောဆင်ရိုင်း ဆင်ပျိုများအား ဆင်အောင်းမ (ဆင်အောက်မ) ခေါ် ဆင်ထိန်းညင်ခေါ် လေ့ကျင့် သင်ပေးထားသော ဆင်မပျိုတို့ဖြင့် တည်ယူကာ (အောက်ယူကာ) (ဝါ) သွေးဆောင်ဖြားယောင်း၍ လူစုလူဝေးများဖြင့် ကျုံးသွင်းဖမ်းဆီးရသော ဆင်ဖမ်းပွဲပင် ဖြစ်သည်။ ထိုသို့ ဖမ်းဆီးရမိသော ဆင်ရိုင်းဆင်ပျိုများကို ဆင်ယဉ်များဖြစ်အောင်၊ တိုက်ပွဲဝင်ဆင်များဖြစ်အောင် လေ့ကျင့်ပေးမှုကို တစ်ဆက်တစ်စပ်တည်းပြုလုပ်ပေးရသည်။ တိုက်ပွဲဝင်ဆင်များအဖြစ် လေ့ကျင့်ပုံတစ်မျိုးမှာ ဥပမာ- ဆင်အကောင် (၁၀၀) ခန့်ကို စုဝေးပြီး တောထဲလွှတ်ကျောင်းနေတုန်း အလစ်ချောင်း၍ စည်သံ၊ ဗုံသံ၊ လက်နက်သံ စသည်တို့ ဆူဆူညံညံပေးခြင်း၊ ကျားအနံ့ရအောင် ဖန်တီး၍ ခြောက်လှန့်ခြင်း၊ ချုံခိုတိုက်ခိုက်ခြင်းများပြုလုပ်သော်လည်း ထွက်မပြေးဘဲ ရန်ခံတိုက်ခိုက်ဟန်ပြုသော ဆင်များကို ရွေးချယ်ပြီး အထူးတလည် လေ့ကျင့်ပေးကာ ထိုဆင်များကို ဓား၊ လှံဖြင့် စစ်သည်သဖြင့် ဆင်ခန္ဓာတွင် လက်နက်များ ကုတ်ကိုသီးပမာ တွဲလျားကျနေသော်လည်း ထွက်မပြေးဘဲ ထိုလက်နက်များကို သုန္ဒာမောင်းဖြင့် ဆွဲနုတ်ယူပြီး ရန်သူများကို ပြန်လည်ပစ်ခတ်တိုက်ခိုက်တတ်အောင် သင်ကြားပေးကြသည်။

ထိုဆင်များ လုံချက် (၁၀၀) မှသည် လုံချက် (၁၀၀၀) ကျော်ထိ ခံနိုင်ရည်ရှိသည်ဆို၏။ ထိုသို့သော ဆင်ကို 'ယကြာဆင်' ဟု ခေါ် ဆိုကြသည်။ မှတ်သားစရာတစ်ခုက ရှေးရခိုင်ဒေသတွင် နတ်တော်လ၌ ဆင်ခင်းသဘင်များကို ကျင်းပလေ့ရှိပြီး ပြာသိုလတွင် မြင်းခင်းသဘင် ကျင်းပလေ့ရှိသည် ဆို၏။

တစ်ဖန် ရှေးမြန်မာမင်းလက်ထက်တွင် ဤနတ်တော်လသို့ ရောက်လျှင် ထူးထူးခြားခြားလုပ်ဆောင်သော ပွဲလမ်းသဘင်တစ်ခုမှာ အုပ်ချုပ်ရေးဘက်၊ စစ်ဘက်၊ စာပေအနုပညာဘက်တွင် ထက်မြက်ထူးချွန်သော မင်းညီမင်းသား၊ မှူးမတ်ဗိုလ်ပါများကို စိစစ်ရွေးချယ်စေပြီး ဘွဲ့ထူး ဂုဏ်ထူး တံဆိပ်တော်များကို ပြည့်ရှင်မင်းကြီးက ချီးမြှင့်ပေးသနားလေ့ရှိသည်ဆိုသော ပွဲအခမ်းအနားပင် ဖြစ်သည်။ ဥဒါဟရုဏ် ဆိုရသော် အုပ်ချုပ်ရေးဘက်တွင်ထူးချွန်သူများကို သတိုးသုဓမ္မ မဟာသက်တော်ရှည်ဘွဲ့၊ မင်းကြီးဇေယျဂါမဏိဘွဲ့၊ မဟာမင်းထင်ရာဇာကျော်ဘွဲ့၊ မင်းမဟာမင်းခေါင်မင်းဘွဲ့ စသည်တို့ လည်းကောင်း။ စစ်ဘက်၌ ထူးချွန်သူများကို နေမျိုးသူရဘွဲ့၊ မဟာသီဟဇေယျဘွဲ့၊ စည်သူနော်ရထာဘွဲ့၊ လက်ဝဲနော်ရထာဘွဲ့၊ လက်ဝဲသုန္ဒြဘွဲ့၊ စသည်တို့ကို လည်းကောင်း။ စာပေအနုပညာဘက်၌ ထူးချွန်သူများကို အနန္တသူရိယဘွဲ့၊ ပဒေသရာဇာဘွဲ့၊ စတုရင်ဗလဘွဲ့၊ နဝဒေးဘွဲ့၊ ရွှေတော်နန္ဒသူဘွဲ့၊ စိန္တကျော်သူဘွဲ့ စသည်တို့ကို ပြည့်ရှင်မင်းကြီးက ရွေးချယ်ချီးမြှင့်လေ့ရှိသည် ဟုခြင်းပင် ဖြစ်သည်။ ၎င်းနောက်ပိုင်းတွင် ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် စသော နောက်ပိုင်းခေတ်များ၌လည်း ဤ နတ်တော်လလောက်တွင် ဘွဲ့ထူး ဂုဏ်ထူး တံဆိပ်တော်ပေးနှင်းသော ပွဲသဘင်များ ရှိနှင့်နေသည်သာ ဖြစ်၏။

နောက်စိတ်ဝင်စားစရာတစ်ခုက ရှေးမြန်မာမင်းတို့၏ ရွှေနန်းတော်ထဲတွင် ဤမနုရာသီ နတ်တော်လရောက်တိုင်း ပြည့်ရှင်မင်းနှင့်တကွ မိဖုရား၊ မင်းသားမင်းသမီး၊ မင်းညီမင်းသား၊ မင်းမျိုးမင်းနွယ်တို့၏ ဘုန်းတန်ခိုးကြီးမားပုံ၊ လက်ရုံးရည်၊ နှလုံးရည်ထူးချွန်ပုံ၊ ရာသီဘွဲ့၊ အလွမ်းဘွဲ့၊ အချစ်ဘွဲ့၊ ပြဇာတ်၊ ဇာတ်တော်များကို ရေးသား စီကုံးစေလျက် (ဝါ) စာဆိုပြိုင်ပွဲ ပြုလုပ်စေလျက် ဆုတော်လာဘ်တော်၊ ဘွဲ့တံဆိပ်တော်ပေးနှင်းခြင်း ပြုခဲ့ကြသည်မှာ အစဉ်အလာမလေ့တစ်ရပ်လို ဖြစ်နေခဲ့သည်။

နောင်တွင်၊ အထူးသဖြင့် လွတ်လပ်ရေးခေတ်နောက်ပိုင်းတွင် ဤနတ်တော်လရောက်လျှင် စာဆိုတော်ပွဲဟု သမုတ်ပြီး စာပေဟောပြောပွဲများ၊ စာပေဆုနှင်းပွဲများ၊ သက်ကြီးစာဆို ကန်တော့ပွဲများကို စဉ်ဆက်မပြတ် ကျင်းပဂုဏ်ပြုလေ့ရှိသည်ကို တွေ့ရှိရသည်။ နောက်အရေးကြီးသော အချက်တစ်ခုက နတ်တော်လပြည့်နေ့ကို ဓမ္မစာဆိုတော်နေ့ဟု သတ်မှတ်ပြီး ပုဂံခေတ်မှ ယခုခေတ်ထိ ဗုဒ္ဓစာပေကျမ်းပြုအကျော်အမော်များကို ထုတ်ဖော်ဂုဏ်ပြုပွဲများ ပြုလုပ်လေ့ရှိသည် ဟူ၏။

အထက်က တင်ပြခဲ့သမျှကို အနှစ်ချုပ်၍ လိုရင်းကို ကောက်ချက်ချရလျှင် ရွှေမိုး၊ ငွေမိုး၊ ရတနာမိုး ရွာသွန်းစေနိုင်သည် ဟူသော မိဂသီနက္ခတ်၊ မြန်မာပြည်၏ အတိတ်နိမိတ်တို့ကို ဖော်ပြနိုင်သည်ဆိုသော ဟံသာတာရာတို့ စန်းနှင့်ယှဉ်၍ ထွန်းပသော ဤတူရာသီခေါ် နတ်တော်လသည် မည်ကာမတ္တမျှ ဟုတ်ပါ့မလား။ ယခုခေတ်မှာ ပျောက်ကွယ်သွားပြီဖြစ်သော်လည်း ရှေးရှေးတုန်းက ဤတူရာသီ နတ်တော်လရောက်လျှင် နတ်သဘင်ပွဲများကို တကူးတက ခြိမ့်ခြိမ့်သဲ ကျင်းပခြင်းသည် အကြောင်းမဲ့ အကျိုးမဲ့ ဟုတ်ပါ့မလား။ အဆိုပါ နတ်ပွဲသဘင်များထဲက မဟာပိန္နဲနတ်ပွဲ၊ ဥတေနနတ်ပွဲတို့သည် ယခုပျောက်ကွယ်သွားပြီဖြစ်သောဆင်ဖမ်းပွဲနှင့် ဆက်နွယ်မှုရှိနေခဲ့သလား။ နောက်ပြီး မနုရာသီခေါ် ဤနတ်တော်လ၏ ရာသီပန်းဖြစ်သော ဂမုန်းနှင့် သဇင်ပန်း၊ အထူးသဖြင့် သဇင်ပန်းကို ထီးသုံးနန်းသုံး တော်ဝင်သုံးအဖြစ် သတ်မှတ်ထားကြသည်မှာ သာမန်တိုက်ဆိုင်မှုသက်သက် ဟုတ်ပါ့မလား။

ပသို့ပင်ဆိုစေ ဤတူရာသီ နတ်တော်လကို စာဆိုတော်လ၊ နတ်တော်လပြည့်နေ့ကို ဓမ္မစာဆိုတော်နေ့ ဟူ၍ သတ်မှတ် ကျင်းပနေရသည်ကတော့ နန်းစဉ်ပတ္တမြားကို ဆက်လက် အမွေခံရသလို ဖြစ်နေသည်မှာ အသေအချာဖြစ်သည်။ လောကုတ္တရာထက် လောကီဘက်ကို ပိုမိုအားသန်နေသော ဤမနုရာသီခေါ် နတ်တော်လသည် ဖုံးကွယ်နေသော ရတနာသိုက် လျှို့ဝှက်တံခါး၏သော့ချက်တစ်ခုဖြစ်နေသလား။

မင်းနိုင်နိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# မင်းဖြည့်

## မြင်ခြင်း၏နောက်မှ မမြင်နိုင်သော

တစ်ခါတစ်ခါ သွားရင်းလာရင်း တွေ့ရမြင်ရတာလေးတွေနဲ့ ပတ်သက်ပြီး တစ်ခုခုလိုနေသလိုမျိုး စဉ်းစားခဲ့ရတာလေးတွေရှိပါတယ်။ ဒါပေမယ့် ဘယ်သူ့ကိုမှတော့ မပြောဖြစ်ခဲ့ပါဘူး။

တစ်ယောက်ယောက်ကို ပြောပြလိုက်လို့ပဲဖြစ်ဖြစ်၊ စကားကြုံလို့ပြောတာပဲဖြစ်ဖြစ် တစ်ဖက်က အမြင်တစ်မျိုး၊ အတွေးတစ်မျိုးဖြစ်သွားမလားဆိုပြီးပြောဖို့ကို မဝံ့မရဲဖြစ်ခဲ့ရပါတယ်။

အဲဒါတွေကတော့ ဆိုင်းဘုတ်နဲ့ လုပ်ငန်းနဲ့ မတူညီဘူးလို့ဘဲ ပြောရမလား။

ဥပမာ ဖိနပ်ချုပ်ဆိုင်တစ်ဆိုင်ကို တွေ့ခဲ့ဖူးပါတယ်။ အရိပ်ကောင်းတဲ့ သစ်ပင်ကြီးတစ်ပင်ရဲ့အောက်မှာ ထိုင်ချုပ်နေတာပါ။ သူဖိနပ်ချုပ်နေတဲ့ဘေးက အဲဒီသစ်ပင်မှာ တစ်ထောင့်ထွာပတ်လည်လောက် သုံးထပ်သားပြားလေးနဲ့ 'ကောင်းကင်ပြာ' ဆိုပြီး ရေးထားပါတယ်။ မြေဖြူခဲလေးနဲ့ လှလှပပရေးထားတာပါ။

အမှတ်တမဲ့ကြည့်လိုက်တာကနေ အတွေးတစ်ခုဝင်လာပါတယ်။ အဲဒါကတော့ 'ကောင်းကင်ပြာ' နဲ့ 'ဖိနပ်' နဲ့ ဘာဆိုင်လဲ၊ ဟိုးအဝေးကြီး။ တစ်ခုက အမြင့်ဆုံး၊ တစ်ခုက အနိမ့်ဆုံး၊ ဘယ်လိုများ ပေါင်းစပ်လိုက်တာပါလိမ့်။ လူတွေအသုံးများတဲ့၊ မရှိမဖြစ်လိုအပ်တဲ့ ဖိနပ်နဲ့ လူအရောက်အပေါက်နည်းတဲ့၊ ဘယ်လိုမှ လက်လှမ်းမမီနိုင်တဲ့ မိုးကောင်းကင် ဘယ်လိုများဆက်စပ်လို့ရပါလိမ့်မလဲ။

တွေးနေခဲ့ပေမယ့် မေးမကြည့်ဖြစ်ခဲ့ပါဘူး။ သတိထားမိတာကတော့ အဲဒီဦးလေးကြီး ဖိနပ်ချုပ်တဲ့ဆိုင်နောက်ကအိမ်ကပဲပြောလို့လား၊ ဒီနေရာမှာပဲ လုပ်ခွင့်မရှိတော့လို့လားမသိပါဘူး။ တစ်နှစ်လောက်ပဲ တွေ့လိုက်ရပါတယ်။

သူ ဘယ်အချိန်တုန်းက ဒီနေရာလေးမှာ အလုပ်လုပ်နေခဲ့တယ်ဆိုတာကို ခန့်မှန်းလို့မရခဲ့ပေမယ့် ကျွန်တော်တွေ့တဲ့အချိန်နောက်ပိုင်း သုံး၊ လေးလအတွင်းမှာတော့ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပါတော့တယ်။

ကျွန်တော်တွေးတဲ့အတိုင်း သူ့အလုပ်နဲ့ သူ့လုပ်ငန်းနာမည်နဲ့ တခြားစီဖြစ်နေလို့ပဲလား။

ဒီလိုမျိုး တစ်ခါသတိထားမိတာလေးတွေထဲက လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးဆိုင်လေးတစ်ခုကို တွေ့ခဲ့ဖူးပါသေးတယ်။ ဆိုင်နာမည်လေးက 'ငြိမ်း' လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး။ ရေးထားတဲ့စာလုံးလေးကလည်းတော်တော်လှပါရဲ့။

စဉ်းစားကြည့်တယ်။ ငြိမ်း ဆိုတာ မှောင်တာပဲလေ။ မီးငြိမ်းတယ်ဆိုတာ မလင်းတော့တာကိုပြောတာ။ ဒီလိုဆိုဆိုင်နာမည်က မှောင်နေပြီး ရောင်းတဲ့ပစ္စည်းတွေက လင်းဖို့တွေဖြစ်နေတာ မဟုတ်ဘူးလား။

ကျွန်တော့်အမြင်မှာတော့ တခြားစီဖြစ်နေသလိုပဲ။ ဆိုင်လေးက ချောင်ကျတဲ့နေရာမဟုတ်ပေမယ့် လူကတော့ ရှင်းလို့။

ဒါပေမယ့် ဒီဆိုင်လေးကတော့ 'ကောင်းကင်ပြာ'ဖိနပ်ချုပ်ဆိုင်လိုမဟုတ်ဘူး။ တစ်နှစ်ကျော်ကျော်လောက်တော့ တွေ့ရတယ်။

နောက်ပိုင်းတော့ အဲ့ဒီနေရာလေးမှာ ကားပစ္စည်းဆိုင်ဖြစ်သွားပြန်ပါတယ်။ ဆိုင်အပြင်အဆင်လည်း ပြောင်းလဲလှပသွားတဲ့အတွက် နောက်လုပ်ငန်းရှင်က ဖွင့်တဲ့ ကားပစ္စည်းဆိုင်နဲ့ တူပါရဲ့။

'ငြိမ်း' ကတော့ ဆက်မလင်းနိုင်တော့ပါဘူး။ အလင်းနဲ့ အမှောင်နဲ့ ဆန့်ကျင်ဘက်နှစ်ခု အားပြိုင်သွားပုံရပါတယ်။ အဲဒီလမ်းလေးက ဖြတ်သွားရင် ဘာရယ်လို့တော့ မဟုတ်ပါဘူး။ ငြိမ်း လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးဖွင့်ခဲ့ နေရာလေးကို လှည့်လှည့်ကြည့်မိရ အမော။ သူကတော့ မရှိတော့ပါဘူး။

သူငယ်ချင်းတစ်ယောက်ရဲ့အ 'ဆည်းဆာ' ဆိုတဲ့ အုတ်၊ သဲ၊ ကျောက် ဘိလပ်မြေရောင်းဝယ်ရေးလုပ်ငန်း ထားတာတော့ ပြောခဲ့ဖူးပါတယ်။ 'မ ဥစ္စာကလည်းကွာ၊ ငါသိရသလော တော့ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ ဆိုတဲ့ အိမ်ဆောက်ပစ္စည်းတွေ သစ်လွင်လှတဲ့ အဆောက်အအုံအသ ကြီးတွေ ခံ့ခံ့ညားညား ထည်ထည်ဝါ ဖြစ်လာဖို့ မဟုတ်ဘူးလား။

ဆိုင်းဘုတ်နာမည်ကျတော့ 'ဆည်းဆာ' ဆိုပြီး ပေးထားတာ မဟုတ်သေ ဘူးနဲ့တူတယ်' လို့ ပြောခဲ့ဖူးပါတယ်။

သူငယ်ချင်းက သူ့အဖေကို သူ ပြောရဲပုံမရဘူး။ သူ့အဖေကြည့်ရတာ လည်း တစ်ဖွတ်ထိုးပုံကြီး။ သူငယ်ချင်းက ပြောတော့လည်း သူက ဂရုစိုက်ပုံမပေ ဘူး။ သိပ်အလေးမထားဘူး။ ဆက်ပြော လည်းအပိုပဲဆိုပြီး မသိချင်ယောင်ဘ ဆောင်နေလိုက်ပါတယ်။

ကြိုတင်ပြီးထင်ခဲ့တဲ့အတိုင်းပါပဲ သူတို့အခြေအနေမကောင်းဘူး။ 'ဆည်းဆာ' ဆိုတဲ့ နာမည်ကပဲ ထိခိုက်သွားတာလားမသိပါဘူး။ သူ့အဖေ ကျန်းမာရေး တော်တော်ချို့တဲ့သွားလို့ ကုသရတာနဲ့ တင် သူတို့လုပ်ငန်းဟာ မတွင်ကျယ် တော့ဘဲ လုံးပါးပါးသွားပါတော့တယ်။

'ဆည်းဆာ' ဆိုတဲ့ နေဝင်ချိန်က အင်အားများသွားပုံရပါတယ်။ ကြိုတင် ပြောခဲ့ပေမယ့် သူငယ်ချင်းကိုယ်တိုင်က သူ့အဖေကို မပြောရဲခဲ့တာတော့ 'ဆည်းဆာ' ရဲ့ လွှမ်းမိုးမှုတွေက ပိုကြီးသွားပုံရ ပါတယ်။

အခိုင်အမာဖြစ်တဲ့ အဆောက် အအုံတွေကို ဖန်တီးရတဲ့ ပစ္စည်းတွေနဲ့ တဖြည်းဖြည်း အလင်းရောင်လျော့



www.burmeseclassic.com

www.burmeseclassic.com

ာတဲ့နေဝင်ချိန် အားပြိုင်သွားပုံရပါတယ်။

မိုးနဲ့မြေကွာတဲ့ 'တောင်းတင်ပြာ' ဆိုင်လေးက လူကိုထိခိုက်တဲ့အထိမဖြစ်နိုင်ပေမယ့် 'ဆည်းဆာ' ကတော့ ချမ်းသာပေးပါဘူး။

ဒီလိုမျိုး ဆန့်ကျင်ဘက်တွေ ပေါင်းစပ်မရတာတွေ မထင်မှတ်ဘဲ တွေ့တဲ့အခါတိုင်း သတိထားပြီးကြည့်မိပါတယ်။ ပုံစံတစ်မျိုးမျိုးနဲ့ လုပ်ငန်းပြောင်းသွားတာတွေ၊ လုပ်ငန်းရပ်သွားတာတွေတွေ့နေရတယ်။

အထက်တန်းကျောင်းသားဘဝတုန်းက တိုက်တစ်တိုက်ရဲ့ မြေရင်းနားလေးမှာ 'တစ်ကိုယ်တော်' ဆိုပြီး ဆိုင်းဘုတ်ရေးထားတဲ့ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင် တွေ့ခဲ့ဖူးပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ရောင်းတဲ့လူက သူ့ဆိုင်ရှင်၊ သူ့အလုပ်သမား၊ သူပဲဖျော်တယ်၊ သူပဲစားပွဲထိုးတယ်။ သူတစ်ယောက်တည်း အားမာန်အပြည့်နဲ့ ရောင်းနေတဲ့သဘောဆိုပြီး 'တစ်ကိုယ်တော်' လို့ ဆိုင်းဘုတ်လေးချိတ်ထားပုံရပါတယ်။ မြင်ရတဲ့ မြင်ကွင်းကတော့ တစ်ကိုယ်တော်မှန်ပါတယ်။

တစ်ယောက်တည်း လုပ်နေရတာကိုး။ တိုက်ဘေးဆိုတော့ စားပွဲလေးကလည်းတစ်လုံး၊ သစ်သားခွေးခြေပုလေးကလည်း သုံးလုံးလား၊ လေးလုံးလားပဲရှိတယ်။ သူ့ဆိုင်းဘုတ်လေးက သူနဲ့တော့ ကွက်တိပါပဲ။ ဒါပေမယ့် လက်ဖက်ရည်ဆိုင်ဆိုတာ လူစည်ကားရမှာမဟုတ်ဘူးလား။

လူတသောသောနဲ့ ဖြစ်နေရမယ်လေ။'တစ်ကိုယ်တော်လက်ဖက်ရည်ဆိုင်' ဆိုတော့ သူ့နားကဖြတ်သွားတိုင်း လူများများစားစားကို မတွေ့ဖူးပါဘူး။ တစ်ယောက်စနှစ်ယောက်စပဲ တွေ့တွေ့နေရတယ်။

တစ်ကိုယ်တော်လည်း နောက်ဆုံးကျတော့ 'ကောင်းကင်ပြာ' လိုပဲ ဘယ်ရောက်လို့ဘယ်ပေါက်သွားမှန်းတောင် မသိပါဘူး။ ဒါတွေဟာ မတူညီခြင်းတွေ ပေါင်းစပ်ထားလို့ဆိုပြီး ခဏခဏ (ခနခန) အဖြေရှာနေမိပါတယ်။

ဆိုင်းဘုတ်နာမည်လေးတွေကတော့ လှမှလှ။ စဉ်းစားပြီးမှည့်ကြပုံတွေ တော်တော်လေးကောင်းပါတယ်၊ ဒါပေမယ့် ဆိုင်းဘုတ်နာမည်နဲ့လုပ်နေတဲ့ စီးပွားပေါင်းစပ်လို့မရတဲ့ သဘောတွေ သတိထားမိလာတဲ့အခါမှာ ထပ်တွေ့လာပြန်ပါတယ်။

ဒီတစ်ခါတွေ့တာကတော့ အမှတ်မထင်နေရာလေးက အမှတ်မထင်နာမည်လေးတွေပါပဲ။

လှေကလေးတစ်စင်းမှာရေးထားတယ် 'ဒိုးပုံ' တဲ့။

အဲဒီ 'ဒိုးပုံ' ကို စိတ်ဝင်စားမိလို့ သူတို့မြို့လေးမှာနေတဲ့ သူငယ်ချင်းတစ်ယောက်ကို စကားမစပ်ဘဲ မေးကြည့်မိခဲ့ပါတယ်။

'ဒိုးပုံ' ရဲ့ပိုင်ရှင်ဟာ အဲဒီလှေထိုးသားဆရာကြီးကိုယ်တိုင်ဖြစ်ပြီး တော်တော်လေးချို့တဲ့ရှာပါတယ်။

သူငယ်ချင်းပြောစကားအရ ဒီပြင်အလုပ်တွေကိုတောင် ကျပန်းလိုက်လုပ်နေသူလို့ သိခဲ့ရပါတယ်။

ဒိုးပုံက ဟိုးအမြင့်ကြီး . . .။

လှေက ရေပေါ်မှာ . . .။

ဘယ်လိုမှဆက်စပ်လို့မရတဲ့အရာနှစ်ခုဆိုတာ မပြောဘဲသိနေမိပါတယ်။ 'ဒိုးပုံ'အစား 'မြစ်မင်းသား'ဆိုရင်တောင် ဆီလျော်မလားဆိုပြီး ဘာမဆိုင်ညာမဆိုင် တွေးနေမိပါသေးတယ်။

စိတ်ကူးယဉ်ပြီး သူ့လှေလေးကို အတွေးနဲ့ နာမည်ပေးနေမိပါသေးတယ်။

အဲဒီမှာပဲ ထပ်တွေ့တာက ငှက်သမွန်တစ်စီး။

သမွန်ကတော့ လက်ခတ်သမွန်ပါ။ သမွန်ဘေးမှာ စာလုံးအနီနဲ့ရေးထားတာက 'မူဝံ' တဲ့။ သူတို့နေတဲ့နေရာလေးမှာ လှေတွေ၊ သမွန်တွေကို ကောင်းကင်နာမည်တွေချည်း ပေးထားသလားလို့ တအံ့တဩနဲ့စဉ်းစားရင်း ဒီပြင် ကုန်တင်သမွန်တွေရဲ့နာမည်တွေကို ဆက်ဖတ်ကြည့်ခဲ့မိပါတယ်။

မမှည့်ကြပါဘူး၊ သူတို့နှစ်ဦးသာ ရှားရှားပါးပါးတွေ့ရတာပါ။

သူငယ်ချင်းရဲ့ ပြောစကားအရ 'မူဝံ' သမွန်ဟာ ပိုင်ရှင်နှစ်ဦးလောက်ပြောင်းသွားပါပြီ။ အဆင်ပြေပြေသိပ်မရှိကြဘူးလို့ ပြောပါတယ်။ သမွန်ခတ်နေသူကိုကြည့်ပြန်တော့လည်း ဘာမှလောဘမရှိသလို ခပ်အေးအေးပါပဲ။

သူငယ်ချင်းပြောတာကို စဉ်းစားလိုက်တဲ့အခါ မဆီမဆိုင် 'မိုးကောင်းကင်' နဲ့ 'ရေပြင်' ပေါင်းစပ်ထားတာတွေကနေ ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေသာ များနေသလိုပါပဲ။

စွမ်းအားချင်း တူတာ၊ မတူတာတွေကိုတော့ သုတေသနပြုကြည့်နေတာမို့ ကျွန်တော် မသိပါဘူး။ ကျွန်တော်သိတဲ့အသိ၊ ကျွန်တော်မြင်တဲ့အမြင်ကတော့ ပေါင်းစပ်မရတာနှစ်ခုကို ဇွတ်အတင်းပေါင်းစပ်လိုက်တဲ့အခါ ကြိုတင်မှန်းဆထားလို့မရတဲ့ အခက်အခဲတွေဖြစ်လာတတ်ကြတဲ့သဘောပါပဲ။

ကျွန်တော်ငယ်ငယ်က အဖေခေါ်သွားသွားလုပ်ရင် လိုက်လိုက်သွားရတဲ့ ပန်းပဲဖိုတစ်ခု ရှိပါတယ်။ ပန်းပဲဖိုထိပ်မှာ သွပ်ပြားနဲ့ ဆေးအမည်းသုတ်ပြီးရေးထားတဲ့နာမည်က 'ရွှေငါး'။

အဲဒီတုန်းက အဖေ့နောက်တကောက်ကောက် လျှောက်လိုက်နေပေမယ့် ခုနစ်နှစ်သား၊ ရှစ်နှစ်သားသာသာလောက်ပဲရှိတာမို့ သတိမထားမိခဲ့ပါဘူး။ လေးတန်းလောက်ရောက်မှ သတိထားမိခဲ့ပါတယ်။

အခုတော့ သတိတရနဲ့ ပြန်စဉ်းစားကြည့်လိုက်တဲ့အခါမှာ အဲဒီပန်းပဲဖိုက ဦးလေးကြီးတွေဟာ အလုပ်လုပ်ကြ
တာ သိပ်မတွေ့ရပါဘူး။

ငုတ်တုတ်ထိုင်ပြီး ကျားထိုးနေကြ
တာပဲ တွေ့ရပါတယ်။ ခုတော့ မရှိကြ
တော့ပါဘူး။ သူတို့ဘယ်ပြောင်းသွားပြီး
ဘာအလုပ်တွေဆက်လုပ်နေကြတယ်ဆို
တာတွေးမိတိုင်း 'ရွှေငါး' ကို သတိရမိ
ပါတယ်။

ခုမှပြန်စဉ်းစားကြည့်မိတယ်။

'ရွှေငါး' ဆိုတာ ရေမှာနေတဲ့
ရေပျော်ငါး။

ပန်းပဲက မီးနဲ့ထုရတာ၊ ဘာမှ
မဆိုင်ဘူး။

မဆိုင်တာနှစ်ခုကို အတင်းပေါင်း
စပ်ထားလို့များ အဲဒီဦးလေးကြီးတွေ
အလုပ်မရှိ ငုတ်တုတ်ထိုင်ထိုင်နေရတာ
လား မသိပါဘူး။

ရေများရေနိုင်၊ မီးများမီးနိုင်
ဆိုတာ ကြားဖူးပါတယ်။

ရေကများနိုင်သွားလားမသိပါဘူး
မီးအားကောင်းကောင်းလုပ်ရတဲ့ ပန်းပဲ
ဖိုကတော့ ပျောက်ခြင်းမလှပျောက်သွား
ပါပြီ။

'ကောင်းကင်ပြာ' တို့ 'ဆည်းဆာ'
တို့ပျောက်ပုံမျိုးကတစ်မျိုး၊ 'တစ်ကိုယ်
တော်' ပျောက်ပုံက တစ်မျိုး၊ 'ရွှေငါး'
ပျောက်ပုံကတစ်မျိုး မတူညီကြပါဘူး။
ဒါပေမယ့် အဲဒီလုပ်ငန်းတွေ ရပ်ဆိုင်း
သွားကြတာကတော့ တူနေပါတယ်။

ဘာပဲဖြစ်ဖြစ် မတူညီတဲ့အကြောင်း
များကို ပေါင်းစပ်လိုက်ရင် ထွက်လာ
အဖြေဟာ အတော်လေး သတိထားရ
လားဆိုတဲ့ အသိတော့ ရခဲ့ပါတယ်။

အဲဒီလိုမြင်ခဲ့ရတဲ့အမြင်လေး
ကနေ ရခဲ့တဲ့အသိနဲ့ ဆက်ပြီးလေ့လာ
နေမိတုန်းပါပဲ။

လေ့လာရင်း၊ သုတေသနပြု
က နီးစပ်ရာ အဖြစ်အပျက်လေးတွေ
စာဖတ်ပရိသတ်ကြီးအတွက် ဗဟုသုတ
မျှဝေလိုက်ရတာ ဖြစ်ပါတယ်။

တချို့နေရာတွေမှာ ခုလိုပဲ မ
ညီခြင်းတွေပေါင်းစပ်ထားတဲ့ လုပ်
တွေရှိနေဦးမှာပါ။ အခါအခွင့်သင့်
ဆက်ပြီး တင်ပြသွားပါဦးမယ်။

တင်ပြနိုင်အောင်လည်း ဆက်
ကြိုးစားသွားပါဦးမယ်။

မင်း



www.burmeseclassic.com

www.burmeseclassic.com

မိုးသက်အဏ္ဏဝါ(ရောဝတီ)

ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏ကျေးဇူးတော်နှင့်

# ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ ကထိန်ညှာတာမင်္ဂလာ

**ထူးဆန်းသော်လည်း ထူးဆန်းသည့် ကထိန်ပွဲတော်**

မြတ်စွာဘုရားရှင်သည် ဝါတွင်းကာလ၌ ဝါဆိုဝါကပ်တော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်တို့အား ဝါလကင်းလွတ် သီတင်းကျွတ်ကာလဖြစ်သော သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ စတင်ကာ တန်ဆောင်မုန်းလပြည့်နေ့အထိ (၁) လတိတိ ကထိန်ခင်းခွင့်ကို ခွင့်ပြုတော်မူခဲ့လေသည်။ ထို (၁) လတာကာလအတွင်း၌ ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းပွဲများကို ဘုန်းတော်ကြီးကျောင်းများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ နှစ်စဉ်နှစ်တိုင်းပင် ဖြစ်ပေသည်။



ဝင်းစိန်တောရဆရာတော်ဘုရားကြီးမှ ဩဝါဒစကားမိန့်ကြားနေစဉ်



ဆရာတော်ဘုရားကြီး ကထိန်သင်္ကန်းလဲလှယ်ပြီးနောက် ထိုင်းဘုရင်မင်းမြတ်ပုံတော်၊ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူတွေ့ရစဉ်

မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရကျောင်းကြီး၌လည်း သာသနာတော်နှစ် ၂၅၅၇ ခုနှစ်၊ ကောဇာနှစ် ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၁၆-၁၁-၂၀၁၃) စနေနေ့တွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကြီးအား ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့လေသည်။ ကထိန်ရာသီကာလမို့ ကထိန်ပွဲကျင်းပသည်မှာ မထူးဆန်းသော်လည်း ကထိန်ဒါယကာအလှူရှင်မှာ အခြားသူမဟုတ်ဘဲ ထိုင်းနိုင်ငံ၏ နိုင်ငံဦးသျှောင်ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်(ချ်) ဖြစ်သောကြောင့် ထူးဆန်းသည့် ကထိန်ပွဲတော်ဟု ဆိုရခြင်းပင် ဖြစ်ပေသည်။ ယခုကဲ့သို့ ထိုင်းဘုရင်မင်းမြတ်သည် ကထိန်ဒါယကာအဖြစ် ခံယူလှူဒါန်းဖြစ်ခဲ့ခြင်း၏နောက်ခံအကြောင်းအရာ ဆက်နွှယ်မှုများမှာလည်း ပိုမိုစိတ်ဝင်စားဖွယ်ကောင်းပေ၏။

ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်(ချ်)သည် ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏ ယခုနှစ်တွင် ကျင်းပခဲ့သော ကထိန်ပွဲတော်တွင် အလှူဒါယကာဖြစ်လာရခြင်းကို မတင်ပြမီ ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်နှင့် သာသနာပြုလုပ်ငန်းများကို ရှေးဦးစွာ လေ့လာတင်ပြမှသာ ပို၍ပြည့်စုံပေလိမ့်မည်။

**ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်နှင့်သာသနာပြုလုပ်ငန်းများ**

ဝင်းစိန်တောရဆရာတော်ဘုရားကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရလောင်းလျာအား မွန်ပြည်နယ် မုဒုံမြို့နယ်ထောင်ဘက် (၇) မိုင်အကွာရှိ လက်တက်ကျေးရွာအလယ်ပိုင်းနေ အဖဦးနိုင်ဖေ၊ အမိဒေါ်တာရုတ်မတို့မှ မြန်မာနှစ် ၁၂၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် တနင်္လာနေ့ ည(၉)နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်ခဲ့လေသည်။ မွေးချင်းမောင်နှမ (၈) ယောက်ရှိသည့်အနက် တတိယမြောက် သားရတနာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းဘုရင်မင်းမြတ် ပေးပို့သော သင်္ကန်းတော်အား သယ်ဆောင်လာစဉ်
(အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒေသခံ ကျောင်းသားပြည်သူများ ကြိုဆိုစဉ်)




ထိုင်းယဉ်ကျေးမှုထုံးစံအရ ကလပ်ပေါ်မှသင်္ကန်းတော်ကို
ထိုင်းဘုရင်မင်းမြတ်အား ရည်မှန်း၍ ခွင့်တောင်းယူနေစဉ်



ထိုင်းနန်းတွင်းအဆင့်မြင့်ကိုယ်စားလှယ်တော်များ ဝင်းစိန်တောရဆရာတော်ကြီး၏
ဩဝါဒစကားနာကြားရင်း ကြည်ညိုဖူးမြော်နေစဉ်



ထိုင်းဘုရင်မင်းမြတ် ပေးပို့သော သဝဏ်လွှာကို ကိုယ်စားလှယ်အဖွဲ့မှ ဖတ်ကြားနေစဉ်



ထိုင်းကိုယ်စားလှယ်အဖွဲ့များမှ ယူဆောင်
ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား
(ဝင်းစိန်တောရဆရာတော်ကြီးနှင့်
ထိုင်းဘုရင်မင်းမြတ်ပုံပါသော ကထိန်

ဆရာတော်အလောင်းလျာသည်
အသက် (၅၀) အရွယ်တွင် သာသ
ဘောင်သို့ ဝင်ရောက်ခဲ့ပြီး တောထွ
တော်မူကာ ဓုတင် (၁၃) ပါးကို မ
သော ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကျ
အားထုတ်ခဲ့ဖူးလေသည်။ မြန်မာပြည်
အထက်သရက်မြို့မှ အောက်တနင်္သ
ကော့သောင်းမြို့အထိ သုသာန်ပေါ
(၁၃၃) ခုတွင် သုသာန်ဓုတင်ဆော
တည်ရင်း မရဏာနုဿတိဘာ
ကမ္မဋ္ဌာန်းကို နေပူခြင်း၊ မိုးရွာခြင်
ပမာနမထားဘဲ ပြင်းပြင်းထန်
အားထုတ်တော်မူခဲ့ပါသည်။

ဆရာတော်သည် သုသာန်ဓု
ကို ကျင့်ရာတွင် သင်္ကန်း (၃) ထ
သပိတ် (၁) လုံး၊ တောင်ဝှေး(၁)ချော
နှင့်တိစီဝရိတ်ဓုတင်ကို ယနေ့တိုင် အ
မြဲ ဆောင်တော်မူခဲ့ပါသည်။ ဆရာ
ကြီးသည် ထူထပ်နက်နဲသော
ကျောင်းများတွင် ခက်ခဲကြမ်းတမ်းသော
အန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်
ဓုတင် (၁၃) ပါးအား ဖြည့်ကျင့်
မူခဲ့လေသည်။

ယခုအခါ ဆရာတော်ကြီးသ
သာသနာ့မြေ (၄၉၉. ၆၂) ဧက
ဝန်းသော ဝင်းစိန်တောရသာသနာ
စခန်းတွင် စေတီပုထိုးပေါင်း (
ကျော်၊ သာသနိကအဆောက်အ
ပေါင်း (၃၀)၊ ဆွမ်းခံကြွဟန်ရုပ
တုတော်ပေါင်း (၅၀၀) တို့ကို
တော်မူခဲ့ပြီး ယခုလည်း

www.burmeseclassic.com

နေဆဲ ဖြစ်ပါသည်။ ထိုအထဲတွင် အထူးခြားဆုံးမှာ ကမ္ဘာ့အကြီးဆုံး အတောင် (၁၀၀) ပြည့် လျှောင်းတော်မူ ဇိနသုခမ်အောင်ချမ်းသာဘုရားကြီးအား တည်ထားတော်မူခဲ့ရာ (၉၀) ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သလို ယခုအခါ အတောင် (၆၀၀) ပြည့် လျှောင်းတော်မူဘုရားကြီးအားလည်း ဆက်လက် တည်ဆောက်လျက် ရှိ၏။

ဆရာတော်ကြီးသည် ဝင်းစိန်တောရသာသနာပြုစခန်းအပြင် ပြင်ပသာသနာပြုစခန်းများဖြစ်သော ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်တွင် လယ်ယာမြေ (၃၃၄) ဧက၊ လယ်ယာမြေဖွံ့ဖြိုးတက်ဖွံ့ဖြိုးရေးကျောင်းနှင့် စေတီ (၆) ဆူ ကျောင်း (၂) ကျောင်း၊ ဆရာတော်၏ ဇာတိဖြစ်သော မုဒုံမြို့နယ် လက်ဘတ်ကျေးရွာ ခပ်ရခပ်ယူသာသနာပြုစခန်းတွင် ပေ(၁၈၀)အမြင့် ထိုင်တော်မူရုပ်ပွားတော်(၁)ဆူ၊ ကမာဝတ်ကျေးရွာ၊ ကမာချိုင့်၊ ကမာတာ၊ ခရဲ့ကွင်း၊ မုဒုံမြို့နယ်၊ ကော့ဟဘင်ကွင်း၊ တွေ့ဝမ်း၊ နိုင်းမြိုင်၊ မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာတို့တွင် စေတီ(၁)ဆူနှင့် ကျောင်း (၁)ဆောင်စီကိုတည်ဆောက်ပြီး တပည့်သံဃာတော်များကို ကျောင်းထိုင်စေလျက် သာသနာပြုစေခဲ့ပါသည်။


(မှတ်ချက်- ဆရာတော်ဘုရားကြီး၏ ထူးခြားသော ဘဝဖြစ်စဉ်များနှင့် သာသနာပြုလုပ်ငန်းများအကြောင်းကို အကျဉ်းသင့်သောအခါ အခန်းဆက်ဆောင်းပါးအဖြစ် ရေးသား တင်ပြပါဦးမည်။) ဤသည်တို့သည် ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်နှင့် သာသနာပြုလုပ်ငန်းများအကြောင်း အကျဉ်းမျှဖြစ်ပေ၏။

**ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ အကြောင်း အစေ့တစောင်း**

ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင် နယ်နိမိတ်ချင်း ထည်လျားစွာ ထိစပ်နေသောနိုင်ငံ ဖြစ်သည်သာမက ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတွင်လည်း တစ်ခုအပါအဝင်ဖြစ်လေသည်။ ထိုင်းနိုင်ငံတွင် ရှိသော ကမ္ဘာပေါ်၌ သက်တမ်းအရှည်ဆုံးသော စိုးမိုးသျှောင်ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ချ်သည် ထိုင်းနိုင်ငံအတွင်း သာမက ကမ္ဘာပေါ်၌ ထင်ရှားကျော်ကြားသော ဘုရင်မင်းမြတ်တစ်ပါး ဖြစ်...



ဝင်းစိန်တောရဆရာတော်ဘုရားကြီးအား ထိုင်းနန်းတွင်းကိုယ်စားလှယ်အဖွဲ့မှ ရှေးဟောင်းနန်းတွင်းပစ္စည်းများနှင့် ဓာတ်တော်များ လှူဒါန်းနေစဉ်



ထိုင်းနန်းတွင်းရှိရာပစ္စည်းများနှင့် ဓာတ်တော်များအား ထိုင်းနိုင်ငံဘုရင်မင်းမြတ်ကြီးကိုယ်စား ကိုယ်စားလှယ်အဖွဲ့များမှ ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းစဉ်



နန်းတွင်းရှေးဟောင်းအသုံးအဆောင်ပစ္စည်းများနှင့် ဓာတ်တော်များအား ခင်းကျင်း ပြသထားစဉ်



www.burmeseclassic.com


www.burmeseclassic.com



သာသနာပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် နဝကမ္မအလှူငွေများ လှူဒါန်းစဉ်



ထိုင်းဘုရင်မင်းမြတ် ပေးပို့သော ကထိန်သင်္ကန်းတော်နှင့် လှူဖွယ်ပစ္စည်းများ



ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒုလျာဒက်(ချ်)မှ ဝင်းစိန်တောရဆရာတော်ကြီးအား
ပေးပို့လှူဒါန်းသော သဝဏ်လွှာနှင့် ကထိန်သင်္ကန်းတော်



ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ အဆောင်မြင့်ကိုယ်စားလှယ်တော်အဖွဲ့များ
ဝင်းစိန်တောရဆရာတော်ဘုရားကြီးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းစဉ်

ဒုတိယကမ္ဘာစစ်အပြီးနောက်ပိုင်း ကာလဖြစ်သော ၁၉၄၆ ခုတွင် ထီးနန်းအရိုက်အရာကို ဆက်ခံခဲ့သည်။ ထိုင်းဘုရင်မင်းမြတ်သည် ထိုင်းနိုင်ငံသူနိုင်ငံသားတို့၏လေးစားကြည်ညိုချစ်ခင်မှုကို ပိုင်ဆိုင်ထားသော ဘုရင်တစ်ပါး ဖြစ်၏။ ထိုင်းဘုရင်မင်းမြတ်သည် နယ်ပယ်စုံကို ခေတ်မီအောင်ဖန်တီးခဲ့သူ၊ ပညာရေး အဆင့်အတန်းကိုမြှင့်တင်ပေးခဲ့သူ၊ နည်းပညာသစ်များကိုတင်သွင်းသူ၊ သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသူအဖြစ် တက်တက်ကြွကြွ ဆောင်ရွက်ပေးတော်မူခဲ့သဖြင့် (၆၇) သန်းသော ထိုင်းပြည်သူလူထု၏ နတ်တစ်ပါးအလားကိုးကွယ်အားထားခံရသူလည်း ဖြစ်၏။ ထိုင်းပြည်သူတို့သည် ထိုကဲ့သို့သော မင်းကောင်းမင်းမြတ်တစ်ပါးကို ပိုင်ဆိုင်ခွင့်ရသည့် ဂုဏ်ယူမဆုံးဖြစ်ကြရလေသည်။ နန်းသက် (၆၇) နှစ်ရှိပြီဖြစ်သော ဘုရင်မင်းမြတ် ဘူမိဘောအဒုလျာဒက်ချ်သည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် သက်တော် (၈၆) နှစ်ပင် ပြည့်မြောက်ပေမည်။

## အိပ်မက်ရှာပုံတော်

ထိုင်းဘုရင်မင်းမြတ်သည် ယခင်နှစ်ပိုင်းများအတွင်း ကျန်းမာရေးမကောင်းသဖြင့် ဆေးကုသမှုခံယူနေသည်ကို တစ်ကမ္ဘာလုံးအသိပင် ဖြစ်၏။ ထိုင်းဘုရင်မင်းမြတ်သည် တစ်ခုသော... တွင် ထူးဆန်းသော အိပ်မက်တစ်ခု... မြင်မက်ခဲ့လေသည်။ အိပ်မက်ထဲတွင် ရဟန်းတော်တစ်ပါးသည် မိမိအား ဆေး... တစ်ခွက် တိုက်ကျွေးပြီးနောက် မြင်ကွင်း... မှ ကွယ်ပျောက်သွားလေသည်။ ရဟန်း... တော် ကွယ်ပျောက်သွားပြီးနောက် ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား... ကြီးအား ဖူးတွေ့ခဲ့ရသည်ဟု မြင်မက်ခဲ့၏။

ထိုအိပ်မက် မြင်မက်ပြီးနောက် မကြာမီ ထိုင်းဘုရင်မင်းမြတ်၏ ကျန်းမာ... ရေး သိသိသာသာ တိုးတက် ကောင်းမွန်... လာပြီးနောက် အိပ်မက်ထဲတွင် မိမိအား ဆေးတိုက်ကျွေးတော်မူခဲ့သော ရဟန်း... တော်အား ရှာဖွေချင်ပေမယ့်လည်း... အိပ်မက်ထဲတွင် ခဏတာဆုံတွေ့ခဲ့... မမှတ်မိတော့ပေ။ သို့သော်လည်း... အိပ်မက်ထဲမှ ကမ္ဘာ့အကြီးဆုံး လျောင်း... တော်မူ ရုပ်ပွားတော်မြတ်ကြီးကို... မှတ်မိနေ၏။ ထိုသို့ သဲလွန်စကို... ကောက်ရာမှတစ်ဆင့် ထိုရုပ်ပွားတော်...



www.burmeseclassic.com

www.burmeseclassic.com

မြတ်ကြီးကို တည်ထားတော်မူသော အိမ်နီးချင်း မြန်မာနိုင်ငံ မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရ ဆရာတော်ဘုရားကြီးသည် မိမိအား အိပ်မက်ထဲတွင် ဆေးလာရောက်တိုက်ကျွေးခဲ့သော ဆရာတော်ကြီးဖြစ်မှန်း သိခဲ့ရ၏။

**ကတညုတမင်္ဂလာနှင့် ပြည့်စုံသည့် ထိုင်းဘုရင်မင်းမြတ်ဂုဏ်ရည်**

'သူ့ကျေးဇူးကို သိတတ်ခြင်းသည် ကောင်းမြတ်သောမင်္ဂလာ ဖြစ်၏။ လောကုတ်၊ လောကီ နှစ်လီသော ကောင်းကျိုးချမ်းသာတို့ တိုးပွားကြောင်း ဖြစ်သည်' ဟု မြတ်စွာဘုရားရှင်သည် မင်္ဂလသုတ်တော်၌ ဟောကြားတော်မူခဲ့လေသည်။ ထိုင်းနိုင်ငံဘုရင်မင်းမြတ်သည် သူ့ကျေးဇူးကို သိတတ်သော ကတညုတမင်္ဂလာနှင့်ပြည့်စုံသောပုဂ္ဂိုလ်မြတ် ဖြစ်ပေ၏။ အိပ်မက်ပါအကြောင်းအရာများကို တိုက်ဆိုင်မှုတစ်ခုဟု သဘောမထားဘဲ အိပ်မက်အတွင်း သောက်သုံးခဲ့ရသော ဆေးတစ်ခွက်စာအတွက် မိမိ၏အသက်သခင်ကျေးဇူးရှင်ဟုဆိုလျှင် မှားမည်မဟုတ်သော ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို အစဉ်အမြဲ သတိရလျက် ကျေးဇူးဆပ်ခွင့် အခွင့်အရေးကိုလည်း စောင့်မျှော်နေခဲ့၏။

အိပ်မက်မက်ပြီး (၃) လအကြာ၌ ထိုင်းနန်းတွင်းအရာရှိများကို မြန်မာနိုင်ငံသို့ စေလွှတ်၍ ဝင်းစိန်တောရကျောင်းတော်ကြီး၌ ကထိန်ပွဲကျင်းပလှူဒါန်းစေရန် သူ့ကိုယ်စား တာဝန်ပေးခဲ့လေ၏။ ဤကထိန်ပွဲတော်ကြီးသည် မွန်ပြည်နယ်တွင် ထိုင်းဘုရင်မင်းမြတ်၏ ပထမဆုံး ကထိန်ဒါယကာအဖြစ် ခံယူပွဲ (သို့) ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကို ပြန်လည်ပေးဆပ်သည့်ပွဲ ဖြစ်ပေ၏။ ဤကဲ့သို့ ကတညုတမင်္ဂလာနှင့်ပြည့်စုံခြင်း အစရှိသောဂုဏ်တို့ကြောင့် တော်လည်းတော်သော၊ ကျော်လည်းကျော်သော၊ ဘုန်းသမ္ဘာလက်ရုံးအာဏာထွန်းတောက်တော်မူသော ဘုရင်မင်းမြတ်တစ်ပါးဟုဆိုလျှင် မှားမည်မဟုတ်ပါ။

**ဆေးပို့လှူဒါန်းအဲ့မခန်း**

ထိုင်းဘုရင်မင်းမြတ် စေလွှတ်တော်မူသော နန်းတွင်းအရာရှိ ကိုယ်စားလှယ်တော်အဖွဲ့သည် ၁၄-၁၁-၂၀၁၃ နေ့တွင် ရှေ့တော်ပြေးအဖြစ် အဖွဲ့ဝင် (၃) ယောက်၊ ၁၅-၁၁-၂၀၁၃ ရက်နေ့တွင် လှူဒါန်းဖွယ်ရာပစ္စည်းများကို သယ်ဆောင်လာသောအဖွဲ့ဝင် (၂၃)ယောက်၊ ၁၆-၁၁-၂၀၁၃ ရက်နေ့တွင် နန်းတွင်းဆံရာဝန်များနှင့် ဆေးပညာရှင်များအဖွဲ့ဝင် (၂၅) ယောက် စုစုပေါင်း အဖွဲ့ဝင် (၅၁) ယောက်တို့သည် ရှေ့ဆင့်နောက်ဆင့် ဝင်းစိန်တောရကျောင်းတော်ကြီးသို့ လေယာဉ်ခရီးစဉ်ဖြင့် ရောက်ရှိလာခဲ့၏။ အခြားအစီအစဉ်ဖြင့် လာရောက်ကြသော ထိုင်းလူမျိုးများသည်လည်း (၈၀) ခန့် ရှိပေသည်။

နန်းတွင်းကိုယ်စားလှယ်တော်များအဖွဲ့သည် ၁၆-၁၁-၂၀၁၃၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို စတင်ခဲ့ပါသည်။ အခမ်းအနားအစီအစဉ်အားဖြင့် နံနက် (၇) နာရီတွင် မဏ္ဍပ်အတွင်း၌ သင်္ကန်းတော်နှင့်လှူဖွယ်ပစ္စည်းများကို ခင်းကျင်းပြသခဲ့၏။ (၈) နာရီအချိန်တွင် ဝင်းစိန်တောရဆရာတော်ကြီးအား အရုဏ်ဆွမ်းများ ဆက်ကပ် လှူဒါန်းကြ၏။ (၉) နာရီခွဲအချိန်တွင် သံဃာ၊ သီလရှင်နှင့် ယောဂီ(၁၀၀၀)ကျော်တို့အား ဆွမ်းများ ဆက်ကပ်လှူဒါန်းကြ၏။ (၁၁)နာရီအချိန်တွင် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအား ထမင်းကျွေးမွေးဧည့်ခံခဲ့၏။ ထို့ပြင် ထောင်ပေါင်းများစွာသော ဧည့်ပရိသတ်များကိုလည်း စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ပါသည်။

နေ့လယ် (၁၂) နာရီအချိန်တွင်




**ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရားကြီးအား နောက်ခံထားလျက် အရှင်မာလိန္ဒ (အစင်စံပြ) နှင့် စာရေးသူ (ဝဲဘက်)**



www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိန်တောရဆရာတော်ကြီးနှင့် ထိုင်းကိုယ်စားလှယ်တော်အဖွဲ့များ အမှတ်တရ



အခမ်းအနားကို ပြန်လည် စတင်ကျင်းပခဲ့ပါသည်။ ပထမဦးစွာ ဝင်းစိန်တောရ ဆရာတော်ဘုရားကြီး၏ ဩဝါဒစကားကို နာယူမှတ်သားကြ၏။ ၎င်းနောက် ကျိုက်မရောဘုရားကြီး ကျောင်းထိုင်ဆရာတော်မှ သီလပေးရေစက်ချပြီးနောက် ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းခဲ့လေ၏။ ကထိန်ပင့်ကျောင်း (၁၆၀) အား (၁) ကျောင်းလျှင် သင်္ကန်း (၁) စုံ၊ ဓာတ်တော် (၁) ဆူ၊ ဘတ်ငွေ (၅၀၀) စီအား လှူဒါန်းခဲ့၏။ ဝင်းစိန်တောရဆရာတော်ဘုရားကြီးအား ထိုင်းဘုရင်မင်းမြတ်ပေးပို့ လှူဒါန်းသော ကထိန်သင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းပြီး နန်းတွင်းရှေးဟောင်းပစ္စည်းများ၊ ဓာတ်တော်များကိုလည်း ထိုင်းဘုရင်မင်းမြတ်ကိုယ်စား ဆက်ကပ် လှူဒါန်းခဲ့၏။

ဆက်လက်ပြီး ဆရာတော်ဘုရားကြီးအား သာသနာပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် နဝကမ္မအဖြစ် ထိုင်းဘတ်ငွေ တစ်ဆယ့်သုံးသိန်းလေးသောင်းတစ်ထောင့်ရှစ်ရာ၊ အမေရိကန်ဒေါ်လာနှစ်ရာ၊ မြန်မာငွေ တစ်ဆယ့်သုံးသိန်းသုံးသောင်းသုံးထောင့်ငါးရာကျပ်တို့ကို လှူဒါန်းခဲ့ကြပါသည်။ ထိုင်းအဆင့်မြင့်နန်းတွင်းကိုယ်စားလှယ်အဖွဲ့ဝင်များတို့သည် ကထိန်အလှူပွဲတော် ကျင်းပပြီးဆုံးပြီးနောက် မော်လမြိုင်မြို့ ကျိုက်သလ္လန်စေတီတော်၊ ကျိုက္ခမီရေလယ်ဆံတော်ရှင်နှင့် ကျိုက်ထီးရိုးဆံတော်ရှင်တို့အား သွားရောက်ဖူးမြော်ပြီးနောက် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြလေသည်။

**ဝမ်းမြောက်နှမော်သာမုခေါ်**

ထိုင်းဘုရင်မင်းမြတ်၏ ကုသိုလ်တော်အစုစုကို မုဒိတာနှလုံးသားအပြည့်ရှိကြသည့် ရွှေမြန်မာတို့ကလည်း သာဓုအကြိမ်ကြိမ်ခေါ် ဆိုခဲ့ကြ၏။ ထိုင်းဘုရင်မင်းမြတ်၏ကျေးဇူးတရားသိတတ်သောဂုဏ်ကိုလည်း လေးစားအားကျခဲ့ကြရလေသည်။ ဝင်းစိန်တောရဆရာတော်ကြီးအတွက်ရော သာသနာအတွက်ပါ ဝမ်းမြောက်ပီတိအပြည့်နှင့် ဂုဏ်ယူမဆုံးဖြစ်ခဲ့ရ၏။

ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်(ချ်)နှင့် မိဖုရားကြီး သီရိခေတ်တို့ ဇနီးမောင်နှံသည်လည်း ကိုယ်တိုင် လာရောက် ကျေးဇူးဆပ်လှူဒါန်းခွင့် မရပေမယ့် နန်းတော်အတွင်းမှ ရည်မှန်းကာ ပီတိလွှမ်းသောအပြုံးတို့ဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနေမည်ဆိုတာကတော့ မလွဲဧကန်အမှန်ပင် ဖြစ်ပေတော့သည်။

စာဖတ်သူ ပါရမီရှင် သူတော်ကောင်းတို့အနေဖြင့် ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရားကြီးအား ဖူးမြော်ရင်း ဝင်းစိန်တောရသာသနာပြုစခန်းသို့ တစ်ခါတစ်ခေါက် အရောက်လာမည်ဆိုပါလျှင် မော်လမြိုင်မြို့မှတစ်ဆင့် မုဒုံသို့ အသွားလမ်းခရီးအကြား ကားလမ်းမဘေး၌ ဝင်းစိန်တောရသာသနာပြုမုခ်ဦးဝကို ထင်ရှားစွာ မြင်တွေ့ရပါမည်။ ထိုမှတစ်ဆင့် အတွင်းသို့ ဆက်လက်ဝင်ရောက်သွားခဲ့လျှင် သာသနာပြုစခန်းကို ရောက်ရှိဖူးမြော်ခွင့်ရမည်ဖြစ်ပါကြောင်းနှင့် ကုသိုလ်ရှင်တို့အနေဖြင့် ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏သာသနာပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းလိုပါလျှင် -

**ဦးညာဏ်ထွန်း (အတွင်းရေးမှူး)** ဖုန်း ၀၉-၄၃၀၀၄၂၂၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတော့သည်။

*(ဤဆောင်းပါးဖြင့် ဝင်းစိန်တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တကေသရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ခြေတော်အစုံကို ဦးခိုက်ပူဇော်ရင်း ဆောင်းပါး ဖြစ်မြောက်ရေးအတွက် သတင်းအချက်အလက်များ၊ ဓာတ်ပုံများ အစရှိသဖြင့် လိုအပ်သမျှ ကူညီဆောင်ရွက်ပေးခဲ့သော မွန်ပြည်နယ် မုဒုံမြို့မှ ဒေါက်တာမြင့်ဦးအား လည်းကောင်း၊ စာရေးသူအား အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့သော မွန်ပြည်နယ်၊ ရေးမြို့နယ် အစင်စံပြကျေးရွာ စွန်းလွန်းဂူ ဓမ္မယောသကျောင်းမှ အရှင်မာဃိန္ဒအား လည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။)*

မိုးစက်အဏ္ဏဝါ(ရွှေဝတီ)



www.burmeseclassic.com

www.burmeseclassic.com

မြေကြမ်းသည် ဟူသော ရွာတစ်ရွာသို့ ရောက်ဖူး၏။ ထိုရွာမှာ မြန်အောင်မြို့ အပိုင်တွင်ရှိသောရိုက်ရွာဖြစ်သည်။ ရိုက်ဆိုသော ပညတ်ကြောင့် ပေလောမသိ ရိုက်မှုအလွန်ပေါ၏။ ခိုးရာပါနွားကို သတ်ဖြတ်ထုခွဲရောင်းချလေ့ရှိသောစရိုက်ကြောင့် လူကိုပင်သတ်ရမှာဖြတ်ရမှာ ဝန်မလေးဟု အများကပြောကြ၏။ မည်မျှယုတ္တိတန်သည်ကို ကျွန်တော် လေ့လာ စုံစမ်းခြင်းမပြုမိပါ။ သို့သော် နွားခိုးတို့နွားသတ်ရာသချိုင်းကို သန်းခေါင်ကျော်အချိန် မှောင်နှင့်မည်းမည်းတွင် လှည်းဖြင့် ဖြတ်ကျော်မောင်းနှင်ခဲ့ဖူးသည်။


လှည်းဆရာသည် လှည်းပေါ်မှ ဆင်း၍ နွားများကို ပွတ်သတ်ချော့မော့၍ အားပေးရသည်။ လှည်းဆရာကမူ နွားများကို နွားသရဲခြောက်သည်ဟု ပြောသည်။ ကျွန်တော်သည် ရုပ်တရားကိုမနိုင်ပါ။ နာမ်တရားကို ပိုင်ဆိုင်ဖို့ရာလည်း ဝေးပါသေးသည်။ ထို့ကြောင့် တစ္ဆေ၊ သရဲရှိ၊ မရှိကို အဆုံးအဖြတ်မပေးတတ်ပါ။ နွားများ ထူးထူးခြားခြား လန့်နေသည့် နွားသချိုင်းကိုကျော်မှ နွားများသည် ပုံမှန်ရုန်းကြပါသည်။ ကျွန်တော်ကား နွားသရဲသည် လူသရဲလောက် ကြောက်စရာမကောင်း ဟူ၍ တွက်ဆမိပါသည်။ လူ၌ ပရိယာယ်များသည် နွားတို့ကား လူကဲ့သို့ လိမ်လည်လှည့်ဖြားပရိယာယ်ရှိလိမ့်မည် မဟုတ်။ ဤသို့ ဆင်ခြင်မိသောကြောင့်ပေလောမသိ၊ နည်းနည်းကလေးမှ ကြောက်စိတ်မပေါ်ခဲ့မိပါ။ ဤရွာပတ်ဝန်းကျင်၌ စိုက်ခင်းပျိုးခင်းများ မကောင်းသောကြောင့် ရွာသားများ ဆင်းရဲပင်ပန်းကြသည့်အတွက်ကိုမူ စိတ်လေမိ၏။

❐

အထက်ဖော်ပြပါ စာပိုဒ်သည် နာမည်ကျော် စာရေးဆရာကြီး မောင်ထင် ရေးသား၍ စာပေဗိမာန် ထုတ် ပြည်သူ့လက်စွဲစာစဉ် 'မြင်ဝါတောင်' စာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို ကောက်နုတ် ဖော်ပြထားခြင်း ဖြစ်ပါသည်။ ကွယ်လွန်သူ စာရေးဆရာကြီး မောင်ထင်မှာ စာရေးကောင်းသူ၊ နိုင်ငံအပေါ် လေးစားမြတ်နိုးသူ ကျွန်တော်တို့ ယုံကြည်စိတ်ချရသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါသည်။ မဟုတ်မမှန် လုပ်ကြံရေးသားမည့်သူမဟုတ်ပါ။ တိရစ္ဆာန်များ၏ ထူးထွေဆန်းပြားသော သိမှုအာရုံကို

# တစ္ဆေသူတောသနှင့် တိရစ္ဆာန်များ၏သိမှုအာရုံ

လျှမ်းထက်



www.burmeseclassic.com

ရှုထောင့်တစ်ခုမှ တစေ့တစောင်း ရေးသား တင်ပြထားသဖြင့် ကျွန်တော်တို့ စဉ်းစားသင့်သောအချက်တစ်ချက် ဖြစ်ပါသည်။


မှန်ပါသည်၊ ကျွန်တော်တို့သည် အစဉ်အလာအတိုင်း ခွေး၊ နွား၊ မြင်း၊ ကြောင်၊ ကျေးငှက်တို့တွင် ကျွန်တော်တို့ နားမလည်နိုင်သော သိမှုအာရုံများရှိသည်။ သူတို့သည် နာနာဘာဝများကို မြင်ကြရသည်ဟု ယုံကြည်ကြပါသည်။ ခွေးများအူလျှင်၊ ကျီးငှက်များ ထူးထူးခြားခြားပြုလျှင် ထူးခြားဆန်းကြယ်သော ဘေးအန္တရာယ်ဆိုးများ [illegible]ကြရသည်ဟု လည်းကောင်း၊ ကပ်ရောဂါဝေဒနာဆိုးများကျရောက်တတ်သည်ဟု လည်း အစဉ်အလာအားဖြင့် ယုံကြည်ထားကြသည်။

ဤဆောင်းပါးအစတွင် နာမည်ကျော် စာရေးဆရာကြီး မောင်ထင် ရေးသားခဲ့သည့်ဖြစ်ရပ်နှင့်ဆင်တူသောဖြစ်စဉ်တစ်ခုကို ကျွန်တော်တို့ တွေ့ကြုံခဲ့ရဖူး၏။ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ယှက်သန်းနေသည့်အချိန်တွင် ကျွန်တော်သည် ပဉ္စမတန်းကျောင်းသားတစ်ဦးဖြစ်နေသဖြင့် ထိုစဉ်က အဖြစ်အပျက်အချို့ကို ကောင်းစွာ မှတ်မိနေပါသည်။

ထိုစဉ်က ကျွန်တော့်ဇာတိ မြို့လေးမှ သားသတ်ရုံသည် မြို့မှ တစ်မိုင်ခန့်ကွာဝေးသောနေရာတွင်ရှိ၏။ သားသတ်ခွင့်လိုင်စင်ရထားသောသူများသည် နံနက်စောစောတွင် နွား၊ ဝက် စသည်တို့ကိုသတ်ခဲ့ကြပြီး အသားများကို မြို့အလယ်ရှိ ဈေးရုံကြီးသို့ လှည်းများဖြင့် နေ့စဉ်သယ်ယူလေ့ရှိပါသည်။ ထိုအသားတင်လှည်းများ ဖြတ်သန်းမောင်းနှင်လာသည့် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ နေအိမ်များမှ ခွေးများသည် အူကြဟောင်ကြသည်။ အခြားထင်းလှည်းများ၊ စပါးလှည်းများ ဖြတ်သန်းမောင်းနှင်လာလျှင် အူခြင်း၊ စူးစူးဝါးဝါးဟောင်ခြင်းများ မပြုလုပ်ကြ။ အဘယ်ကြောင့် အသားတင်လှည်းများဖြတ်သန်းလာလျှင် အူကြဟောင်ကြသနည်း။ စဉ်းစားစရာဖြစ်ပါသည်။

အလျဉ်းသင့်သဖြင့် အခြားခိုင်မာသော သာဓကတစ်ခုကို တင်ပြမည်ဖြစ်ပါသည်။ ထိုထူးခြားဖြစ်စဉ်ကို တစေ့တစောင်းတင်ပြသူမှာ ဗြိတိသျှကိုလိုနီခေတ်က မြန်မာနိုင်ငံတွင် မြို့ပိုင်နယ်ပိုင် စသော အုပ်ချုပ်ရေးတာဝန်များကိုယူခဲ့ရပြီး ကျွန်တော်တို့မြန်မာနိုင်ငံလွတ်လပ်ရေးရသောအခါ အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူးအဖြစ်)တာဝန်ယူခဲ့ရသော ဦးစံတင်၏ကိုယ်ရေးအတ္ထုပ္ပတ္တိမှ ထုတ်နုတ် ဖော်ပြခြင်း ဖြစ်ပါသည်။

အရေးပိုင် ဦးစံတင်မှာ ညောင်လေးပင်မြို့ အမျိုးသားအထက်တန်းကျောင်း၌ ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းခဲ့ရာမှ ဗြိတိသျှအစိုးရအုပ်ချုပ်ရေးဌာနသို့ ဝင်ရောက်အမှုထမ်းခဲ့သူ ဖြစ်၏။ စစ်ကြိုခေတ်က ဦးစံတင်သည် မြင်းခြံခရိုင်တွင် မြို့ပိုင်အဖြစ် အမှုထမ်းခဲ့စဉ် ကြုံတွေ့ရသော ဖြစ်စဉ်မှာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဆရာမောင်ထင် ရေးသားခဲ့သော ဖြစ်စဉ်နှင့် ထပ်တူဖြစ်နေ၏။ မြို့အုပ် ဦးစံတင် တာဝန်အရ မြင်းခြံခရိုင်ရှိ ကျေးရွာတစ်ရွာသို့ လှည်းဖြင့်သွားစဉ် ရွာတစ်ရွာ၏ သုသာန်အတွင်း လှည်းကိုဖြတ်မောင်းခဲ့ရာ နွားများမှာ တခွီးခွီးအော်၍ ထိတ်လန့်လျက်ရှိသည်ကိုတွေ့ရ၏။ သုသာန်ကျော်မှသာ နွားများ ပုံမှန်အတိုင်း ပြန်ရောက်သွားသည်ဟု ဆိုပါသည်။




ကျွန်တော်သည် တိရစ္ဆာန်များတွင် ထူးခြားဆန်းကြယ်သည့် ပရစိတ်စွမ်းအင် (E.P.S) သို့မဟုတ် ထူးခြားသော အပိုအာရုံရှိကြောင်း ဆောင်းပါးအချို့ကို အလျဉ်းသင့်သလို မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် ရေးသား ဖော်ပြခဲ့ပါသည်။ ဤဆောင်းပါးများကို ဖတ်ရှုကြရသော ပြည်ပရောက် ကျွန်တော့်မိတ်ဆွေများနှင့် ကျောင်းသားဟောင်းများသည် တိရစ္ဆာန်များနှင့် ပတ်သက်၍ ထူးထွေ ဆန်းပြားသော သိမှုအာရုံအကြောင်းရေးသားဖော်ပြသည့် ရှားပါးစာအုပ်စာတမ်းအချို့ကို ကျွန်တော်ထံ ပေးပို့ခဲ့ကြပါသည်။

မှန်သည်။ အမေရိကန်ပြည်ထောင်စု ကာရိုလိုင်းနားပြည်နယ် ဒါဟန်မြို့ ဂျူတက္ကသိုလ် ပရစိတ်ပညာဌာနသည် ပရစိတ်ပညာဓာတ်ခွဲခန်းကြီးတစ်ခုကို တည်ထောင်ကာ ၁၉၃၀ ပြည့်နှစ်ခန့်က စတင်၍ လူနှင့်တိရစ္ဆာန်တို့တွင် ထူးခြားအာရုံရှိသည်ကို စနစ်တကျ အထောက်အထား ခိုင်ခိုင်မာမာနှင့် သက်သေပြခဲ့နိုင်သည်။ ယင်းဌာနကို တည်ထောင်သော ပါမောက္ခ ဂျေဘီရိုင်းနှင့် ဇနီးလူဝီဇာရိုင်းတို့ဇနီးမောင်နှံသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မိမိတို့ဘဝကို မြှုပ်နှံ၍ လူတို့၏အသိရခက်သည့် နာမ်ခန္ဓာနယ်ကို လေ့လာခဲ့ကြသည်။ လူတိုင်းလူတိုင်းတွင်ရှိကြသည့် မနောစွမ်းအင်ကို သိပ္ပံနည်းကျကျ ဓာတ်ခွဲခန်းတွင် အထပ်ထပ်စမ်းသပ်ခဲ့ကြသည်။ ဆဋ္ဌမအာရုံ (သို့) အပိုအာရုံ ဆိုသည်မှာ လူတစ်ဦး (သို့) တိရစ္ဆာန်၏ နာမ်ခန္ဓာက သာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

များ ရရှိနိုင်စွမ်းခြင်းမရှိသော သတင်းအချက်အလက် ရရှိခြင်းဖြစ်သည်ဟု မနောသုတေသီများက ဆိုကြ၏။ ထိုအာရုံသည် အာရုံငါးပါးထက် ပို၍အသိရခက်သည်။ ပိုမို၍ လေးနက်သည်၊ အလွန်သိမ်မွေ့သည်ဟူ၍ ဆိုကြသည်။

ဒေါက်တာဂျေဘီရိုင်း၊ ဇနီးလူဝီဇာရိုင်းတို့နှင့် ဒေါက်တာပရက်တို့သည် လူပုဂ္ဂိုလ်များသာမက တိရစ္ဆာန်တို့၏ ထူးခြားသော အပိုအာရုံကိုပါ စနစ်တကျ သိပ္ပံနည်းကျ သုတေသနပြုခဲ့ကြသည်။ ခွေးများအပါဝင် ငှက်အမျိုးမျိုးနှင့် ခွေး၊ ယုန်စသော အခြားတိရစ္ဆာန်များတွင်ရှိသော ထူးခြားသော အပိုအာရုံကိုပါ သုတေသနပြုခဲ့ကြသည်။

ထို့အတူ ယခင် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယနေ့ ရုရှား) တွင် နိုင်ငံရေးအာဏာရရှိသူများသည် ရုပ်ဝါဒီများ ဖြစ်ကြသည်။ သို့သော် ထိုစဉ်ကာလကပင် လီနင်ဂရက်တက္ကသိုလ်ဒီဆိုဖြလိုဂျီဌာနမှ ပါမောက္ခ လီအိုနတ်သည်။ လူနှင့်တိရစ္ဆာန်များတွင်ရှိသော ထူးခြားသော အပိုအာရုံကို နှစ်ပေါင်းများစွာ တစိုက်မတ်မတ် လေ့လာခဲ့ကြသည်။ သို့သော် တွေ့ရှိချက်များကိုမူ အမှောင်ချထားခဲ့ကြပြီး ၁၉၆၇ နှစ်ကျမှပင် လူသိရှင်ကြားထုတ်ဖော်ကြေညာခဲ့သည်သာမက မော်စကိုမြို့တော်တွင် အပိုအာရုံ (E.S.P) ညီလာခံကြီးတစ်ခု ကျင်းပခဲ့သည်။ နိုင်ငံတကာမှ ပရစိတ်ပညာရှင်များကို ဖိတ်ခေါ်ခဲ့ကြပြီး ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ(ရုရှား)တွင် လူနှင့် တိရစ္ဆာန်တို့၏ ထူးဆန်းသော အပိုအာရုံ သုတေသနပြုမှုကို တင်ပြခဲ့သည်။

ဤသို့ ရှည်လျားစွာ စကားပလ္လင်ခံနေရခြင်းမှာ အကြောင်းရှိပါသည်။ တိရစ္ဆာန်များသည် နာနာဘာဝတို့ရှိသည်ကို သိရှိကြသည် ဆိုသော အချက်ကို သိစေလိုသောကြောင့် ဖြစ်ပါသည်။ ယခု ရေးသား ဖော်ပြမည့် ထူးခြားဖြစ်စဉ်မှာ အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်တွင် ကြုံတွေ့ခဲ့ရသော အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ သုတေသနမှူးကြီး ဟဲရီ(ဒ်)ဟယ်ရီတန်နှင့် သူ့ဇနီးအပါအဝင် တစ္ဆေသုတေသီငါးဦးတို့၏ ဖြစ်ရပ်ဆန်း ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းကြီးမှာ ၁၈၈၅ ခုနှစ်ကပင် စတင်တည်ထောင်ခဲ့ပြီး ဗြိတိသျှ မနောသုတေသနအသင်းကဲ့သို့ စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများ၊ တစ္ဆေသုတေသနကိစ္စရပ်များကို တစိုက်မတ်မတ် သုတေသနပြုလုပ်ခဲ့ကြပြီး အထောက်အထားခိုင်မာသောဖြစ်ရပ်များကိုမူ အမှတ်တွဲများကို အသင်းတော်ကြီးမှ ထုတ်ဝေသော မနောသုတေသနမဂ္ဂဇင်းတွင်ထည့်သွင်း ဖော်ပြလေ့ရှိ၏။

မနောသုတေသီ ကယ်ရင်တန်နှင့် ဇနီးဖြစ်သူတို့မှာ အမေရိကန်ပြည်ထောင်စု တန်တလျှား တစ္ဆေခြောက်သည်၊ ပုဏ္ဏကတိုက်သည်ဟု နာမည်ကျော်နေသော ယာတောအိမ်များ၊ ဘုရားရှိခိုးကျောင်းများသို့ သွားရောက်၍ ပိုင်ရှင်များ၏ ခွင့်ပြုချက်ဖြင့် တစ္ဆေသုတေသနကို သိပ္ပံနည်းကျပြုလုပ်ခဲ့သူများ ဖြစ်သည်။

ယခုထူးခြားဖြစ်စဉ်တွင် ကယ်ရင်တန်နှင့် ဇနီး ခေါင်းဆောင်သော မနောသုတေသီငါးဦးတို့သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်မှ မိုင်(၅၀) ကွာဝေးသော ထင်းရှူးမြိုင်ရိပ်သာ ယာတောစံအိမ်တွင် တစ္ဆေကိုယ်ထင်ပြသည်၊ တစ္ဆေခြောက်သည်ဟု နာမည်ကြီးနေရာ ထိုအိမ်ကြီးတွင် ပိုင်ရှင်များ၏ဆန္ဒအရ ညအိပ်ညနေနေထိုင်ပြီး သုတေသနပြုခွင့်ရခဲ့၏။

ကယ်ရင်တန်သည် သူတို့အဖွဲ့ သုတေသနပြုရန် တာဝန်ယူသည့်ညက အတွေ့အကြုံများကို အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းဂျာနယ်တွင် အပြည့်အစုံ ရေးသားဖော်ပြခဲ့သည်သာမက နောင်အခါတွင် ဝမ္ဘီရဖြစ်ရပ်ဆန်းများ (Essays in Occult) တွင်လည်း အသေးစိတ် ဖော်ပြခဲ့ပါသည်။ ကယ်ရင်တန်တို့အဖွဲ့သည် အထက်ဖော်ပြပါ ထင်းရှူးမြိုင်အိမ်ကြီး၏ ကြိုတင်စုံစမ်းမှုမပြုခဲ့ကြ။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့ ကြိုတင်စုံစမ်းထောက်လှမ်းမှုသည် သူတို့ပြုလုပ်မည့် သုတေသနလုပ်ငန်းကို ကိုင်းညွတ်မည်ဟု စိုးရိမ်သောကြောင့် ဖြစ်သည်။ အိမ်ပိုင်ရှင်များကမူ တစ်ညတာ သုတေသနပြုလုပ်ရန်အတွက် လိုလေသေးမရှိ အကူအညီပေးခဲ့သည်။ အိမ်ကြီးမှာ ပိုင်ရှင်အဆက်ဆက်၊ အိမ်ငှားအဆက်ဆက် တစ်ရက်၊ နှစ်ရက်နှင့် ပြောင်းရွှေ့ပြေးခဲ့ကြသည်ဟု သတင်းကြီးခဲ့၏။

ကယ်ရင်တန်သည် သူ့အချစ်တော်ခွေးကလေး ဘော်ဘီကို ထိုနေ့ကငှခါ ယူလာခဲ့သည်။ သူတို့အဖွဲ့ အိမ်ကြီး၏ဆင်ဝင်အောက်သို့ ရောက်ရှိသည်နှင့် ကယ်ရင်တန် ပွေ့ချီလာသော အချစ်တော်ဘော်ဘီသည် အိမ်ကြီးဧည့်ခန်းအတွင်း မဝင်လိုဘဲ ပေကတ်ရုန်းကန်ကာ တအီအီအော်၍ မမြင်ရသော တစ်စုံတစ်ရာကို ထိတ်လန့်ချောက်ချားသည့် လက္ခဏာဖြစ်နေသည်။

အိမ်ကြီးတစ်အိမ်လုံး မီးများထိန်ထိန်လင်းအောင် ဖွင့်ထားပြီး ကယ်ရင်တန်တို့အဖွဲ့သည် တစ္ဆေသုတေသနကို စတင်တော့၏။ အိမ်ကြီး၏အလယ်ထပ် အိပ်ခန်းတွင် တစ်စုံတစ်ရာ ထူးဆန်းသည်ဟု ကယ်ရင်တန်တို့အဖွဲ့က ကောက် ချက်ချမိသည်။ ဘော်ဘီသည် ကယ်ရန်တန်ပွေ့ချီထားသည်မှ အခန်းအတွင်း ထူးထူးခြားခြား အေးစိမ့်လာသည်ကို တွေ့ရပြီး ဘောဘီမှ အခန်းအတွင်း ခေါ်မရအောင် ဖြစ်ခဲ့ရသည်။

ကယ်ရင်တန်ဦးဆောင်သောအဖွဲ့သည် အိမ်ကြီးအပေါ်ထပ်သို့တက်သည်။ နောက်ဖေးလှေကားမှတက်ရန် ပြင်ဆင်နေစဉ် ဘော်ဘီမှာ ပွေ့ချီမရအောင် ရုန်းကန်နေသဖြင့် ကယ်ရင်တန်၏ဇနီးဖြစ်သူက ပွေ့ထားရ၏။ ကယ်ရင်တန်သည် ရှေ့ဆုံးမှတက်ခဲ့ရာ ဒုတိယလှေကားတက်ရောက်သည်နှင့် သူ့အရှိက်ကို မမြင်ရသော တစ်စုံတစ်ယောက်က တို့လိုက်သလို ခံစားလာရသည်။ သူ့အဖို့ လှေကားတက်[illegible]ချော်မကျအောင် အခြားသုတေ[illegible]က်ကို မှီထားလိုက်ရသည်။ ဘော်ဘီကလည်း စူးစူးဝါးဝါးထိုးဟောင်လိုက်တော့၏။ တစ္ဆေသုတေသီအားလုံး ကျောစိမ့်အောင် ကြောက်လန့် တုန်လှုပ်သွားခဲ့ကြသည်။ အဖွဲ့ဝင်အားလုံး ကြောက်ရွံ့သဖြင့် ဇောချွေးများပြန်နေကြတော့၏။

ဘော်ဘီမှာလည်း ဆက်တိုက်အူ‌ဟောင်နေလေတော့သည်။ မည်သို့ပင်ချော့ခြောက်ခေါ်ခေါ် လှေကားပေါ်သို့မတက်ဘဲ ပေကတ်နေတော့သည်။ တစ္ဆေသုတေသီများအဖို့ လက်လျှော့ရတော့၏။ ဘော်ဘီ၏ အမွေးများမှာ ထောင်ထလာပြီး ဟိန်း၍သာနေခဲ့သဖြင့် အဖွဲ့ဝင်များအဖို့ တအံ့တဩဖြစ်ကြရသည်ဟု ဆိုခဲ့ပါကြောင်း။

လျှမ်းထက်

ကျမ်းကိုး -

၁။ *Houses of Horror.*
*By H. Hdzer.*

၂။ *The world's greatest ghosts.*

www.burmeseclassic.com



ပူပြင်းလှသောနေ့က ကျွန်တော်တို့၏ ဦးခေါင်းပေါ် တည့်တည့်မှာ။ အာဖရိကတိုက်၏ တည်နေရာသည် အီကွေတာမျဉ်းပေါ်တွင် ရှိနေသည်ပဲလေ။ ဘူတာရုံငယ်ကလေးတစ်ခုမှထွက်မည့် မီးရထားပေါ်သို့ ကျွန်တော်နှင့်တိုင်းရင်းသားတပည့်လေး ဆက်စီတာတို့နှစ်ယောက်တက်ခဲ့ကြပြီး လမ်းခုလတ်တွင်



www.burmeseclassic.com

www.burmeseclassic.com

(မုဋ္ဌလေး)

# ခင်မောင်အေး

## မုဆိုးတစ်ဦး၏ဒိုင်ယာရီ(၃)

ဆင်းနေခဲ့ကြပါသည်။ကျွန်တော်တို့ဆင်းနေခဲ့သောနေရာတစ်ဝိုက်မှာ ချုံနွယ်ပိတ်ပေါင်း ထူထပ်လှသည်။ အချို့ချုံကြီးများဆိုလျှင် လူတစ်ရပ်မျှပင်မက ဆယ်ပေထက်ပင် ကျော်လွန်နေသေး၏။ အပြောကျယ်သော ကန္တာရလွင်ပြင်လိုဒေသမှာ သည်ကဲ့သို့သော ချုံနွယ်ကြီးတွေသည် တောကောင်များအတွက် အလွန်တရာ နားနေခိုလှုံစရာကောင်းသော သားရဲတွင်းများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ခြင်္သေ့တွေပေါများနေခြင်း ဖြစ်သည်။

ကျွန်တော့်တွင် အမဲပစ်ရိုင်ဖယ်တစ်လက်၊ ကျည်ဆန်ငါးဆယ်၊ အမဲလိုက်ဓားမြှောင်တစ်ချောင်းနှင့် ရေခဲရေထည့်ထားသည့် သာမိုဓာတ်ဘူးတစ်ဘူးသာ ယူဆောင်လာခဲ့သည်။ အက်စီတာက တိုင်းရင်းသားတို့၏ ဓလေ့အတိုင်း ခြင်္သေ့သတ်သော လှံတစ်ချောင်း၊ အမဲလိုက်ဓားမြှောင်တစ်လက် ပါသည်။ ကျယ်ပြောပြန့်ပြူးသောလွင်တစ်လျှောက် ကျွန်တော်တို့နှစ်ဦး တောကောင်တို့၏ ခြေရာခြေကြောင်းခံလျက် သားကောင်ကို ရှာဖွေလာကြ၏။ တစ်စတစ်စနှင့် ခပ်တိမ်တိမ်လျှိုတစ်ခုအဝသို့ ရောက်ရှိလာကြ၏။ လျှိုအတွင်းဘက်တွင် ပေါင်းပင်တွေ၊ မြက်ရိုင်းပင်တွေ ထူထပ်စွာ ပေါက်ရောက်နေသည်။ သည်ချုံရိုင်းတွေကပင် တောတိရစ္ဆာန်များအား အကာအကွယ်ကောင်းစွာပေးထား၏။ လျှို၏တစ်ဖက်တစ်ချက်စီမှ ကျွန်တော်နှင့် ဆက်စီတာ ဝင်လာခဲ့ကြ၏။ဆက်စီတာက ကျောက်ခဲဖြင့် ချုံအတွင်း ပစ်သွင်းလာလေသည်။ တစ်ချုံပြီးတော့ နောက်တစ်ချုံ။ သည်လိုနှင့် ခြင်္သေ့တစ်ကောင်၏ ဒေါသတကြီး မာန်ဖီဟိန်းဟောက်လိုက်သည့်အသံကိုကြားလိုက်ရလေ၏။ ဆက်စီတာက ကျောက်ခဲများကို တစ်လုံးပြီးတစ်လုံး အဆက်မပြတ်ချုံအတွင်းပစ်သွင်းနေဖြစ်၍ ခြင်္သေ့ကို ခြောက်ထုတ်လိုက်သည်နှင့်မခြားဖြစ်သွားခဲ့၏။ တောကောင်သည် ချုံအတွင်းမှ ခုန်ထွက်လာသည်နှင့် တစ်ပြိုင်နက် သေနတ်ကိုချိန်လျက်အသင့်ရှိနေသော ကျွန်တော်ကလည်း တစ်စက်ကလေးမှ လက်မနှေး ပစ်မှတ်ကို သေသေချာချာ ပစ်ခတ်လိုက်နိုင်သည်။

ခြင်္သေ့ကို အရိပ်ကောင်းကောင်းတစ်နေရာတွင် နောက်ခြေနှစ်ချောင်းကို ကျကျနန စုစည်းလျက် သစ်ပင်တစ်ပင်၏ ခွဆုံတွင် ချိတ်ဆွဲထားခဲ့ကြ၏။ သည့်နောက် သားကောင်နောက်တစ်ကောင်ထပ်မံရှာဖွေပြန်လေသည်။ ကျွန်တော်က ခြင်္သေ့တွေကောင်ရေမည်မျှများသည်ဖြစ်ပေစေ လေးကောင်ထက်ပိုမပစ်ပေ။ ခြင်္သေ့သားရေတစ်ချပ်ခွာလိုက်လျှင် ပေါင်လေးဆယ်ခန့်ရှိသည်ဖြစ်ရကား ကျွန်တော်နှင့်ဆက်စီတာတို့တစ်ယောက်ကို ပေါင်ရှစ်ဆယ်မျှ ထမ်းပိုးသယ်ဆောင်ရမည်ဖြစ်၍ ကောင်ရေကို ကန့်သတ်ထားခြင်း ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အတွက် ကြီးမားသော အခက်အခဲတစ်ခုကား ဆက်စီတာက ကျောက်ခဲတစ်လုံးကို ချုံအတွင်းပစ်သွင်းလိုက်သည့်အခါ ခြသေ့်ဘယ်နှကောင် ထွက်လာပါမည်လဲဟု မခန့်မှန်းနိုင်ခြင်းပင်။ တစ်ကြိမ်က တပည့်လေး ကျောက်ခဲတစ်လုံးကို ချုံတစ်ချုံအတွင်း ပစ်သွင်းလိုက်ရာ ချုံအတွင်းမှ ခြသေ့်နှစ်ကောင် ရင်ပေါင်တန်းလျက် ပြေးထွက်လာသည်နှင့် ရင်တုန်ပန်းတုန်ကြုံလိုက်ရလေသည်။ စဉ်းစားနေချိန်မရ တွေဝေနေ၍ မဖြစ်။ တစ်ကောင်ကို ရုတ်ခြည်း ပြောင်းထိုးချိန်လျက်ပစ်လိုက်ရ၏။ သားကောင် မြေပြင်ထက်သို့ ဗုန်းခနဲကျသွား၏။ စက္ကန့်မျှပင်မဆိုင်းဘဲ ကျည်ထိုးမောင်းတင်လျက် နောက်တစ်ချက် အမြန်ဆုံး ပစ်ခတ်လိုက်ရသည်။ သည်တစ်ကောင်ကျတော့ ကျွန်တော်၏ ဦးခေါင်းပေါ်မှ အရှိန်အဟုန်ကြီးစွာ ကျော်ဖြတ်သွားသည်။ ဆောင်းထားသည့် ဦးထုပ်ကိုပင် တိုက်ချသွားလေသည်။ ပြီးနောက် အဝေးသို့ ပြေးထွက်ပျောက်ကွယ်သွား၏။

စင်စစ် ခြသေ့်များသည် ကျွန်တော်တို့အား တိုက်ခိုက်ရန် ပြေးထွက်လာခြင်းမဟုတ်ပေ။ ချုံအတွင်းသို့ကျောက်ခဲပစ်သွင်းလိုက်သဖြင့် ကြောက်အားလန့်အားပြေးထွက်လာခြင်းသာ ဖြစ်ပါသည်။ သည်နည်းဗျူဟာကို ကျွန်တော် အသုံးပြုပြီး သားကောင်ပစ်ခတ်လာခဲ့သည်မှာ ကြာလာသောအချိန်တွင် ကျွန်တော်က မိမိကိုယ်မိမိ အထင်ကြီးပြီး သွေးနားထင်ရောက်လာတော့၏။ များစွာသောမုဆိုးများဖြစ်တတ်လေ့ရှိသည့် အတိုင်း ငါမှငါသာ နိုင်းစရာမရှိ။ ငါ အတော်ဆုံးပဲဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်လာလေသည်။ သားကောင်လိုက်ရာတွင်လည်း မိမိကိုယ်မိမိ ယုံကြည်ချက် ပြင်းထန်ကာ သားကောင်၏တုံ့ပြန်တတ်ခြင်းကို လျှော့လျှော့ပေါ့ပေါ့တွက်မိတော့၏။ တစ်ကြိမ်က ဆာပိုဒေသတစ်ဝိုက် ကျွန်တော်နှင့်ဆက်စီတာတို့ သားကောင်ရှာဖွေဖို့ထွက်လာခဲ့ကြ၏။ ဆာပိုမှ ခုနစ်မိုင်အကွာမှာ ကျူလူတောင်ကြောရှိသည်။ ယခင်တစ်ချိန်က ယင်းတောင်ကြောတွင် မီးရထားလမ်းခင်းရန် ကျောက်များ တူးယူရှာဖွေခဲ့ဖူးသည်။ ဆာပိုနှင့် ကျူလူတောင်ကြောအကြား ချုံနွယ်ပိတ်ပေါင်း အလွန်ထူထပ်လှ၏။ မီးရထားလမ်းခင်းဖို့ တောင်ကြောကို မိုင်းဖောက်ခွဲပြီး ကျောက်များကို ရထားလမ်းခင်းမည့်နေရာသို့ သယ်ဆောင်ကြသည့်အခါ လမ်းလုပ်သားများက စခန်းတည်ဆောက်လျက် ညအိပ်ညနေလုပ်ကိုင်ခဲ့ကြရ၏။ လုပ်ငန်းခွင်ပိတ်သိမ်းသွားသည့်နောက် ယင်းဒေသတစ်ဝိုက် လူသူအသွားအလာမရှိ တိတ်ဆိတ်ခြောက်သွေ့လျက်ကျန်ရစ်သည်။ ယခုအချိန်မှာမူ ခြသေ့်တို့ ကျက်စားပျော်မြူးရာနေရာဖြစ်နေချေပြီ။

ခုနစ်မိုင်မျှသောခရီးသည် စင်စစ်များစွာ ကွာလှမ်းလှသည် မဟုတ်ပါ။ သို့ဖြစ်၍ ကျွန်တော်သည် နံနက်စောစောပင် ဆာပိုဒေသသို့ ထွက်လာခဲ့ပေသည်။ ဆက်စီတာက ကျွန်တော်နှင့်အတူလိုက်ပါရင်း သူ၏မိဘများနေထိုင်ရာ တိုင်းရင်းသားကျေးရွာအနီးသို့ ရောက်သည့်အခါ လမ်းခွဲထွက်ခွာသွားလေသည်။ ကျွန်တော်သည် ခုနစ်မိုင်ခရီးသာဖြစ်သောကြောင့် အမဲပစ်ရိုင်ဖယ်တစ်လက်၊ ကျည်တောင့် အနည်းငယ်မျှသာ ယူဆောင်လာခဲ့၏။ သောက်ရန်ရေဘူးမပါ။ သံလိုက်အိမ်မြှောင်လည်း မပါခဲ့ပေ။ ညနေစောစောပြန်နိုင်လိမ့်မည်ဟုယူဆလျက် ယုတ်စွအဆုံး မီးခြစ်တစ်ဘူးပင်ပါမလာ။

သို့နှင့် တစ်ကိုယ်တော်ခရီးကို စတင်ခဲ့လေသည်။ သုံး၊ လေးမိုင်ခရီးကား ချောချောမောမောဖြစ်ပါချေသည်။ ထီးမိုးထားသည်နှင့် အလားတူစွာ ထူထပ်သော တောနှင်းဆီချုံကြီးများကား နေပြောက်ပင်မဝင်နိုင်အောင် ပိတ်ဆီးလျက်ရှိ၏။ ထို့ကြောင့်ပင် လှုပ်ရှားသွားလာရသည်က ပူအိုက်မနေဘဲ အေးအေးလူလူသက်သောင့်သက်သာရှိနေလေ၏။ လမ်းကြောင်းတစ်လျှောက် ခြေရာစွပ်ကြောင်းများကို ကြည့်ရှုသွားရင်းက ခြသေ့်ခြေရာများ၊ ကြံ့ခြေရာများကို တွေ့မြင်ရ၏။

ယင်းကဲ့သို့ ခြေရာများကို ငုံ့ကြည့်၍သွားနေရာမှ တစ်နေရာသို့အရောက် လေတစ်ချက်ချွန်လိုက်မိသည်။ အကြောင်းအရင်းက ခြေရာတစ်ခုကို တွေ့လိုက်ရခြင်းကြောင့်ပင်။ ခြေရာသည် လူတစ်ယောက်၏ခြေရာ ဖြစ်သည်။ ဘယ်လိုပါလိမ့်ဟူ၍လည်း မိမိကိုယ်မိမိ မေးခွန်းထုတ်လိုက်မိပါသည်။

ကျွန်တော်က နေရာတွင် ရပ်တန့်ပြီး ခြေရာကို သေသေချာချာ စစ်ဆေးကြည့်လိုက်၏။ ဟိုက်ခနဲပင် ကျွန်တော်ဖြစ်သွားရပါသည်။ ခြေရာသည် ကျွန်တော်၏ဖိနပ်ခြေရာ ဖြစ်နေသည်။ ကျွန်တော် တောတွင်းမှာ မျက်စိလည်နေပါပြီကော။ သည်ကဲ့သို့ ကိုယ့်ဖိနပ်ခြေရာ ကိုယ်မြင်လိုက်ရသည့်အခါ မိမိကိုယ်မိမိ ယုံကြည်မှုကင်းသွားရတော့၏။ တောတွင်းမှာ မျက်စိလည်ခြင်းသည် သာမန်အသေးအဖွဲ့ဖြစ်ရပ်တစ်ခုသာ ဖြစ်စေကာမူ တစ်ကိုယ်တည်းလည်းဖြစ်ပြန်၊ မိမိကိုယ်ကလွဲပြီး မည်သူ့ကိုမျှ အားကိုးစရာမရှိသည့် သည်ကဲ့သို့သော အခြေအနေမျိုးမှာ ထိန်းမရလောက်အောင် တုန်လှုပ်ချောက်ချားဖြစ်မိရ၏။ သည်အခါတွင်မူ ကျွန်တော်၏ ဌာနေတိုင်းရင်းသား တပည့်လေးဆက်စီတာ၏အရည်အချင်းကို အသိအမှတ်မပြုဘဲနေ၍မရတော့ပါ။ တိုင်းရင်းသားဌာနေဖွားတို့ကား ဘယ်သောအခါမှ လမ်းမှားသည်ဟူ၍ မရှိပါချေ။ သူတို့၏ ဦးနှောက်ထဲတွင် သံလိုက်အိမ်မြှောင်တစ်ခုပါရှိလေရော့သလား ဟူ၍ ထင်မှတ်ရပါသည်။

ကျွန်တော်သည် နေရာတွင်ပင် စိတ်တုံးတုံးချထိုင်ချလိုက်၏။ ပြီးနောက် စဉ်းစားလို့ရသမျှလုပ်ကြည့်လေသည်။ ဦးစွာ သစ်ပင်ပေါ်သို့ တက်ကာ ထိပ်ဖျားသို့ ရောက်နိုင်သမျှရောက်အောင် တက်၍ ဝန်းကျင်ပတ်ချာကို ကြည့်ရှုကာ မိမိ မည်သည့်နေရာသို့ ရောက်နေသနည်းဟု လေ့လာသည်။ တစ်ကြိမ်မျှနှင့်မတော့နပ်သေး၊ ထပ်မံတက်လျက် ကြည့်ရှုရှာဖွေပြန်သည်။ သို့တစေ အချည်းအနှီးပင်။ နောက်ကြောင်းပြန်လျက် လာရာလမ်းကိုရှာဖို့ စိတ်ကူးကြည့်မိပါသည်။ ဒါကလည်း ဖြစ်နိုင်ခြေမရှိပြန်။ အချိန်များစွာ နာရီပေါင်းအတော်ကြာလိမ့်မည်မုချ။ ကျွန်တော်က တစ်ညဉ့်ယံပတ်လုံး ချုံနွယ်ပိတ်ပေါင်းတွေအောက်တွင် အချိန်ကုန်မခံနိုင်ပါ။ ကျူလူသို့ မည်သို့မည်ပုံ ရောက်အောင်သွားရပါမည်နည်းဟူ၍သာ တွေးတော စဉ်းစားနေမိ၏။ နေဝင်မိုးချုပ်လာသည်အထိ တောချုံတွေထဲမှာ ကျွန်တော် တဝဲလည်လည် ဖြစ်နေဆဲပါ။ ကျွန်တော် ရပ်နားနေဖို့ စိတ်မကူးဝံ့ပါ။ ကူကယ်ရာမဲ့ သောက်စရာရေမရှိ။ စားစရာမရှိ။ နောက်တစ်ရက် ဆက်လက်ရှင်သန်ဖို့ မလွယ်ကူချေ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်က သည်အခက်အခဲမှ လွတ်မြောက်ရန် အားထုတ်မည်။ ကြိုးစားရုန်းကန်မည်။ သည်သန္နိဋ္ဌာန်ဖြင့် ခြေတစ်လှမ်းမျှ လှမ်းလိုက်၏။

ရုတ်တရက် ကြံ့ကြီးတစ်ကောင် အိပ်စက်အနားယူနေရာမှ ချုံပုတ်တစ်ခု



www.burmeseclassic.com

အတွင်းမှ ဝုန်းခနဲ ခုန်ထွက်လာလေသည်။ မီးရထားခေါင်းတွဲတစ်ခုနှယ် ကျွန်တော်၏အနီးမှ ဖြတ်ကျော်ကာ အဟုန်ပြင်းပြင်း ပြေးထွက်သွားသည်။ လေဟုန်ရှပ်၍ဟပ်သွားသေး၏။ နံနက် အရုဏ်တက်လုဖြီ။ မြေကုန်လက်ပန်းကျ လုမတတ်ဖြစ်နေသည်။ တောချုံတွေအတွင်းမှ ကျွန်တော်က ထွက်လို့မရနိုင်သေး။ နာရီအနည်းငယ်ကုန်ဆုံးသွားပြန်သည်။

ခဏအကြာတွင် ကျွန်တော် ကနဦးတွေ့ခဲ့ရသော ကျွန်တော်၏ခြေရာကို ပြန်တွေ့ရ၏။ ဟုတ်ကဲ့ - ကျွန်တော် လမ်းစလုံးဝပျောက်နေပြီလေ။ ခြေရာမှ ဆန့်ကျင်ဘက်တစ်နေရာသို့ ကျွန်တော် ဆက်လက် လျှောက်လှမ်းပြန်သည်။ မမျှော်လင့် မထင်မှတ်ဘဲနှင့် ခပ်စောစောကမှ ကျွန်တော့်နံဘေးမှ ဖြတ်ပြေးသွားသောကျွဲကြီးကို ဆူးချုံကြီးတစ်ချုံနံဘေးတွင်ရပ်နေခိုက် ဘွားခနဲတွေ့မြင်လိုက်ရလေသည်။

အကယ်၍ တောကောင်ကြီးက ရန်မပြုဘဲ ထွက်ပြေးသွားက မထောင်းတာသော်လည်း ကျွန်တော့်အား ရန်မူတိုက်ခိုက်လာလျှင်မူ အသက်ဘေးအတွက် မလွှဲမရှောင်သာ ပစ်ခတ်ရတော့မည် ဖြစ်၏။ ထွက်ပြေးရန်လည်း အင်အားမရှိတော့။ ကျွဲတစ်ကောင်ရရှိသည့်တိုင် ကျွန်တော်ကမည်သို့မျှမတတ်နိုင်ပါ။ ကျွဲဦးချိုကိုလည်း ဖြုတ်ယူသွား၍မရ။ သားရေကိုခွာရန်လည်း တစ်ဦးတည်းနှင့် အလုပ်မဖြစ်။ အသေကောင်အား ပစ်ထားခဲ့ရုံသာ ဖြစ်ချိမ့်မည်။ သည်အရပ်ဒေသတွင် ကျွဲချိုတစ်ချောင်း၏ တန်ဖိုးက တစ်ပေါင်လျှင် ပေါင်တစ်ပေါင်သာ တန်ကြေးရှိပေသည်။ ညဥ့်က တစ်စထက်တစ်စရင့်လာသည့်တိုင် ကျွန်တော်သည် ကယောင်ကတမ်းဖြင့် ဟိုမှသည် သည်မှဟိုသို့ ဦးတည်ရာလျှောက်လှမ်းနေမိသည်။ စိတ်အာရုံများထွေပြားကာ ထင်ရာမြင်ရာ သေနတ်ဖြင့် ပစ်ခတ်နေမိသည်။ အမှောင်က ကျွန်တော့်အား ချောက်ချားအောင် လုပ်ဆောင်နေသည်လား မပြောတတ်နိုင်။

နေထွက်ပေါ်လာသောအချိန်တွင် ကျွန်တော်သည် တောချုံတွေအကြားမှာ ဟိုတိုးဒီတိုးလုပ်နေတုန်း။ သည်ကနေ့မှာမှ ရေမသောက်ရ၊ အစာမစားရပါက အစာငတ်ရေပြတ်လျက် သေသွားနိုင်ပါသည်။ ကံကောင်းထောက်မသည်လို့မှုချဆိုနိုင်ပါသည်။ ချုံတောထဲတိုးရင်း ရေအိုင်တစ်ခုအတွင်း ခလုတ်တိုက်မိပြီး ချော်လဲသွားသည်။ တောကောင်တွေ ရေသောက်သည့်ရေအိုင်တစ်ခုပင်။ ကျွဲကြီးများ၊ ခြသေ့်များ လှုပ်ရှားထားသည် ဖြစ်၍ ရေက နောက်ကျိပြီး နွံ့နှစ်သော့တင်းကျမ်းပြည့်နေသည်။ ဝမ်းသာလိုက်သည်က ပြောဖွယ်ရာမရှိ။ ရေအိုင်အတွင်း ဝမ်းလျားထိုးဆင်းလျက် ရေကိုအငမ်းမရ နောက်ထပ်မံ၍မသောက်နိုင်တော့သည်အထိ သောက်ပစ်လိုက်၏။ ရေအိုင်အတွင်း၌ ကျွန်တော် အချိန်အတော်ကြာကြာ စိမ်နေမိပါသည်။ ရေကို ဝအောင် သောက်လိုက်ရသဖြင့် နေသာထိုင်သာရှိသွားသည်ဖြစ်ရကား ထိုနေ့ညနေစောင်းသည့်တိုင် ကျွန်တော် ရေအိုင်နားကမခွာခဲ့။

ထိုညသည်လည်း ကျွန်တော့်အတွက် ငရဲတမျှပင်။ ဆာလောင်မွတ်သိပ်ခြင်းဝေဒနာကို ကျွန်တော်မခံမရပ်နိုင်အောင် ခံစားရ၏။ နံနက်မိုးသောက်အလင်းရောက်သည့်အချိန်တွင် ကျွန်တော်သည် ယမန်နေ့ကကဲ့သို့ တောချုံတွေအကြား လှည့်လည်သွားလာ လမ်းရှာနေရပြန်သည်။ အစာမရှိသောအူများပြားချပ်နေသည်။ အစာအိမ်အတွင်းမှ အသံမျိုးစုံပေါ်ထွက်နေသည်။ ခြေတစ်လှမ်းလှမ်းဖို့အနိုင်နိုင်။ ချုံတွေတစ်ချုံပြီးတစ်ချုံ ဆက်၍များပေါက်နေသည်လားမသိ။ ရုတ်တရက် ချုံမြင့်မြင့်ကြီးတစ်ခု၏အထက်မှာ ငွေရောင်လက်လက်တစ်ခုတွေ့မြင်လိုက်ရ၏။ ပထမတွေ့မြင်ရစက မည်သည့်အရာဖြစ်မှန်း သဲသဲကွဲကွဲ မသိသေးပါ။ အသေအချာ စူးစိုက်ကြည့်လိုက်သောအခါမှာ ကျွန်တော် ပြောမပြနိုင်လောက်အောင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ ငွေရောင်လက်နေသောအရာသည် ကျူလူသို့ သွယ်တန်းထားသော ကြေးနန်းကြိုးများ ဖြစ်နေလေသည်။ ယင်းနေရာသို့ ကျွန်တော် လျှောက်သွားချိန်မှာပင် တထိတ်ထိတ်ဖြစ်နေပါသေး၏။ ဝမ်းသာခြင်းကြောင့် ရင်တွေခုန်နေသည်။ ဒူးတွေတဆတ်ဆတ်တုန်နေသည်။ ကြေးနန်းကြိုးအတိုင်း လိုက်သွားပါက ကျူလူသို့ မလွဲမသွေရောက်သွားမည်က သေချာပေသည်။ ဘယ်နည်းနှင့်မျှ မလွဲနိုင်တော့ပါ။ ကျွန်တော်၏ သည်းထိတ်ရင်ဖိုခရီးတစ်ခု ပြီးဆုံးခဲ့ပြီးနောက် ကျွန်တော့်ကိုနိုင်ရိုဘီရှိ လူကုံထံများ၏အိမ်ဂေဟာအသီးသီးက ညစာစားပွဲများ ပြုလုပ်ကျင်းပလျက် ဖိတ်မန္တကပြုကြလေသည်။ လူဖြူမုဆိုးတစ်ဦး၏ အောင်မြင်ကျော်ကြားမှုကို ဂုဏ်ပြုကြခြင်းပင်။

တစ်ခုသော ညစာစားပွဲတွင် တောဂီတကလပ်တစ်ခုကိုပိုင်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦး၏ တစ်ဦးတည်းသောသမီးနှင့် ကျွန်တော် တွေ့ဆုံရင်းနှီးခဲ့သည်။ အမျိုးသမီးကား ကျွန်တော် တွေ့ဆုံဖူးသိကျွမ်းဖူးသော မိန်းကလေးများအနက် အလှပဆုံး၊ အသိမ်မွေ့ဆုံး၊ မိန်းကလေးအပီသဆုံးဟု ဆိုရမလား မပြောတတ်နိုင်။ ဟေလ်ဒါဘဲန်ဘူရီကို မျက်စိအောက်မှ အပျောက်အခံနိုင်အောင် ကျွန်တော် စွဲလမ်းမိသွားသည်။ သူမ၏ မေတ္တာကို ကျွန်တော် တောင်းခံကြည့်ပါသည်။ လက်ထပ်ခွင့်တောင်းခံရာတွင် ခေါင်းညိတ် အဖြေပေးသည်။

ကျွန်တော်နှင့် ဟေ(လ်)ဒါတို့နှစ်ဦး မိဘတို့၏ ခွင့်ပြုချက်ဖြင့် လက်ထပ်လိုက်ကြသည်။ ကနဦးမှာ ကျွန်တော်က စကော့တလန်ရှိ မိဘများကွယ်လွန်သွားသဖြင့် အနည်းအကျဉ်းမျှ ချန်ရစ်ခဲ့သော ငွေကြေးရရှိသည်။ ကျွန်တော်စုဆောင်းထားရှိသမျှ ငွေအချို့ဖြင့် ပေါင်းကာ မြည်းနှင့် မြင်းများဝယ်ယူလျက် နိုင်ရိုဘီတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခု ဖွင့်လှစ်ခဲ့သည်။ သည်မှာပဲ အခြေချနေထိုင်တော့မည်ဟုလည်း ဆုံးဖြတ်ထား၏။ သို့သော် ကျွန်တော်က ငွေကြေးအင်အားနောက်ခံမရှိသဖြင့် လုပ်ငန်းများ မအောင်မြင်။ အရင်းအနှီးပင်ပြုတ်သွားရပေသည်။ ခြူးတစ်ပြားမျှပင် မကျန်ရစ်တော့ပါ။

ကျွန်တော်၏ ဇနီးသည်အား ထိုအကြောင်းကို တစ်လုံးမကျန် ပြောပြလိုက်ပါသည်။ ရှေ့သို့ဆက်လက်လျှောက်လှမ်းရတော့မည့် ခရီးလမ်းက ခက်ခဲကြမ်းတမ်းချိမ့်မည်မဟုတ်ပါလား။ ဇနီးသည်က ကျွန်တော်၏ စကားများကို အေးဆေးတည်ငြိမ်စွာနားထောင်သည်။ တစ်စက်ကလေးမျှ မျက်နှာအမူအရာ ပြောင်းမသွားခဲ့။

"ကောင်းပါပြီ ဂျွန်။ ဒီစကားတွေ ရှင်တစ်နေ့ပြောလာလိမ့်မယ်ထင်လို့ စောင့်နေခဲ့ပါတယ်။ တကယ်တော့ ရှင်နဲ့ ဒီစီးပွားရေးလုပ်ငန်းနဲ့က ဘယ်လိုမှ မအပ်စပ်ဘူးလေ။ ကိုင်း - အခု ရှင်နဲ့ အလိုက်ဖက်ဆုံးအလုပ်ကိုသာ ရှင်စပြီး လုပ်ပါတော့။ လူဖြူမုဆိုးအလုပ်သာ ရှင်နဲ့ အလိုက်ဖက်ဆုံး မဟုတ်လား။ ရှင် ရှေ့သွားရင် ကျွန်မနောက်ကလိုက်မှာ စိတ်ချ။ (အာဖရိကတိုက်တွင် ထိုစဉ်

www.burmeseclassic.com

လွန်ခဲ့သော ငါးနှစ်ခန့်က စာရေးသူသည် ထိုင်းသမိုင်းပညာရှင်တစ်ဦးအား ဟံသာဝတီ ကမ္ဘောဇသာဒီနန်းတော်သို့ လေ့လာရေးခရီးပို့ဆောင်ခဲ့ဖူးသည်။ ယင်းထိုင်းပညာရှင်သည် မြန်မာ့သမိုင်းကို အလွန်စိတ်ဝင်စားသည်။ မြန်မာ့နန်းဓလေ့များကို စေ့စေ့ပေါက်ပေါက် မေးမြန်းသည်။ စာရေးသူအား မေးခွန်းတစ်ခုမေးခဲ့သည်။ ယင်းမေးခွန်းမှာ အခြားမဟုတ်။ မြန်မာမင်းများ၏ နန်းတော်များတွင် အိမ်သာရှိ၊ မရှိ ဟူသော မေးခွန်းပင် ဖြစ်သည်။ ထိုင်းပညာရှင်က သူတွေ့ဖူးခဲ့သမျှသော နန်းတော်များတွင် အိမ်သာမတွေ့ခဲ့ဘူးသဖြင့် အိမ်သာမည်သည့်နေရာတွင်ရှိသည်ကို သိလိုကြောင်း ပြောပြသည်။

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

# မြန်မာမင်းများလက်ထက် နန်းတော်အိမ်သာများ



ကာလမှာ ဌာနေတိုင်းရင်းသားမုဆိုးများ အမြောက်အမြားရှိနေစေကာမူ လောက်လောက်လားလား အောင်အောင်မြင်မြင် မည်သူမျှမရှိကြ။ လူဖြူတို့သာလျှင် နာမည်ထင်ရှားကျော်ကြား အောင်မြင်ပါသည်။)

ဟုတ်ကဲ့ - ကျွန်တော်၏ကံကြမ္မာက သည်သို့သည်ပုံဖန်လာလေသည်ပဲမို့။

တစ်နေ့ ကျွန်တော် မိတ်ဆွေတစ်ဦးထံ သွားရောက်ခဲ့၏။ သူ့နာမည်က လက်စလီစင်ဆန် ဖြစ်၏။ အမေရိကန်မုဆိုးတစ်ယောက် ဖြစ်ပါသည်။ ထိုအချိန်က ခြင်္သေ့မုဆိုးတစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားနေခဲ့ပါသည်။ တစ်နှစ်တာကာလအတွင်း ခြင်္သေ့ကောင်ရေ သုံးရာခြောက်ဆယ့်ငါးကောင် ပစ်ခတ်သုတ်သင်ခဲ့သူ ဖြစ်၏။ လက်စလီက ကျွန်တော်လည်း ခြင်္သေ့မုဆိုးအလုပ်ကို စိတ်ပါဝင်စားကြောင်း သိရှိသွားသည့်အခါ လိုလိုလားလား လှိုက်လှဲစွာ ဖက်လဲတကင်း လက်ခံခဲ့ပါသည်။

"နိုင်ရိုဘီကို အမေရိကန်မုဆိုးနှစ်ယောက်ရောက်နေတယ်လို့ကြားတယ်။ ဆာဖ်ရီကနေ ဆာရဲ(န်)ဂေတီလွင်ပြင်ကို သွားမယ်လို့ စီစဉ်နေကြတယ်။ အဲဒီဒေသကိုသွားရင် နိုဂိုရွတ်ဂိုရို ဆိုတဲ့ မီးတောင်တစ်ခုကို ကျော်ဖြတ်ဖို့လိုတယ်။ ခက်ခဲကြမ်းတမ်းလွန်းတဲ့ခရီးမို့ ကနေ့အထိတော့ မရောက်ဖူးသေးဘူး။ ဆင်မုဆိုးတစ်ဦးတလေတော့ အဲဒီနေရာအနီးအနားအထိ ချဉ်းကပ်သွားခဲ့ဖူးတယ်လို့ ကြားမိတယ်။ သူတို့က ရဲဝံ့စွန့်စားပြီး သူတို့ကို လမ်းပြခေါ်ဆောင်သွားပေးနိုင်တဲ့ လူဖြူမုဆိုးတစ်ယောက် အသည်းအသန်ရှာနေလေရဲ့။ ကဲ - ဂျွန်၊ မင်း ဒီအလုပ်ကို စိတ်ဝင်စားခဲ့ရင်ဖြင့် မင်းအလုပ်ရပြီပေါ့"

ရှေ့ခရီးက မည်မျှပင်ခက်ခဲကြမ်းတမ်းပါစေ။ မီးတောင်ကိုလည်း ကျော်မည်။ မီးပင်လယ်ကိုလည်းဆင်းမည်။ ကျွန်တော်၏ စိတ်အတွင်း ကျွန်တော်လေးစားအားထားသော မုဆိုးလက်စလီလို လူဖြူမုဆိုးတစ်ဦးလိုလူစားမျိုး ကျွန်တော်တစ်နေ့ဖြစ်နိုင်ရမည်ဟူသည့် သန္နိဋ္ဌာန်ဖြင့်။

ခင်မောင်အေး (မန္တလေး)

*(J.A. Hunter ၏ Hunter ကို ဆီလျော်အောင် ပြန်ဆိုပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူက မြန်မာ့နန်းတော်များတွင် အိမ်သာရှိခဲ့ကြောင့် ယေဘုယျအားဖြင့် ဖြေဆိုခဲ့သည်။ ဤဆောင်းပါးတွင်မူ ရှေးဟောင်းစာပေများတွင် ဖော်ပြထားသော အချက်အလက်များကို အခြေခံ၍ နန်းတော်အိမ်သာများအကြောင်းကို တင်ပြလိုပါသည်။

အိမ်သာဆိုသည်မှာ အိမ်အတွက် သန့်ရှင်းသာယာမှုရှိအောင်တည်ဆောက် ပြုလုပ်ထားသော အဆောက်အအုံငယ် တစ်ခုဖြစ်၍ အိမ်သာ ဟူသောအမည် ခေါ်ဝေါ်ဟန်ရှိသည်။ မြန်မာ့အဘိဓာန်တွင် 'အိမ်သာ' ကို ကျင်ကြီး၊ ကျင်ငယ် စွန့်ရာ အဆောက်အအုံ ဟူ၍ ဖော်ပြထားသည်။ သို့ရာတွင် ရှေးအခါက မြန်မာလူမျိုးတို့ အစဉ်အဆက် တောရွာများတွင် အိမ်သာ ဟူ၍ ဆောက်လုပ်ရိုးမရှိခဲ့ပေ။ ပတ်ဝန်းကျင်မှ တောချုံများကိုသာ အသုံးပြုလေ့ရှိသည်။ မျက်မှောက်ကာလတွင်သာ တောရွာမြို့ပါ ခေတ်မီ အိမ်သာများကို ဆောက်လုပ်အသုံးပြုကြသည်။

မြို့ကြီးပြကြီးများတွင် အိမ်သာများကို တွင်းနက်အိမ်သာ ပြုလုပ်သုံးစွဲကြသည်။ သာမန်အရပ်သားတို့၏ အိမ်သာမှာ လေးတိုင်စင်တွင် အမိုးစောင်းမိုး၍ လေးဖက်ကာရံသည်။ ပြီးလျှင် တံခါးတပ်၍ ကြမ်းအောက်မှ ဒူးပိတ်ပြီး သုံးစွဲကြသည်။ ချမ်းသာကြွယ်ဝသူများမှာ အိမ်ဖြစ်စေ၊ တိုက်ဖြစ်စေ အဆောက်အအုံနှင့် အိမ်သာကို တစ်ဆက်တည်းထားပြီးလျှင် မြေကိုတွင်းနက်နက်တူးပြီးလျှင် အုတ်စီသည်။ အုတ်စီတွင်းကို အသေဖုံးပိတ်ပြီးလျှင် ယင်းနှင့်ယှဉ်၍ အိမ်သာငယ်တစ်ခုလုပ်ပြီးလျှင် အုတ်စီသည်။ ယင်းအိမ်သာငယ်မှတစ်ဆင့် လမ်းပေး၍ အိမ်သာကျင်းကြီးထဲသို့ ဆင်းစေသောနည်း ဖြစ်သည်။ အလွန်သန့်ရှင်းသည်။ တစ်ခါပြုလုပ်ပြီးလျှင် နှစ်ပေါင်းများစွာခံကြောင်း သိရှိရသည်။

မှူးမတ်တို့၏ အိမ်သာများမှာ တွင်းနက်အိမ်သာကို အုတ်စီပြီးလျှင် မြေ၌ အထက်ပိုင်းကို ပျဉ်ကာသည်။ အိမ်နှင့်လည်း တစ်ဆက်တည်းပြုလုပ်သည်။ အရာရှိကြီးတို့၏ အိမ်သာများသာ ခေါင်မိုးတင်ရသည်။ သာမန်အရာရှိတို့၏အိမ်သာများမှာ အမိုးဆောင်မတင်ရချေ။ သာမန်တစ်ဖက်လျှောအမိုးပြုလုပ်သည်။

နန်းတော်အိမ်သာများမှာ ပုံစံတစ်မျိုးဖြစ်သည်။ မြန်မာနှစ် ၉၉၁ ခုနှစ်တွင် နန်းတက်သော သာလွန်မင်းတရားကြီး၏ အင်းဝနန်းတော်မှာ တိုင်ပေါင်း (၂၇)၊ ကွန်းတိုင် (၂၃၈)၊ လက်ခံတိုင် (၅၈၆)၊ ကြမ်းပြင်သစ် (၁၁၈)၊ ထောက်သစ်တိုင်ပေါင်း (၉၅၃)၊ အိမ်သာပေါင်း (၅)၊ လှေကား (၁၂) စင်း ရှိသည်ဟု သိရှိရသည်။ နန်းတော်အိမ်သာ ဆိုသည်မှာ နန်းတော်မြေပေါ်တွင်တူး၍ အိမ်သာလုပ်လေ့မရှိပေ။ စဉ့်အင်တုံများထား၍ သူငယ်တော်အမှုထမ်းတို့က မပြတ်သိမ်းရသည်။ မပြတ်ဆိုသည်မှာ အိမ်သာကို အသုံးပြုပြီးလျှင် အခင်းကြီးဖြစ်စေ၊ အခင်းငယ်ဖြစ်စေသိမ်းရခြင်းကို ဆိုလိုသည်။ ကောင်းစွာ သန့်ရှင်းပြီးနောက် အင်တုံများကို နေရာတွင်ပြန်၍ အသစ်လဲလှယ်ထားရသည်။ ယင်းသူငယ်တော်အမှုထမ်းများမှာ နန်းတော်အနီး၌ ပင်မအဆောက်အအုံတဲတန်းနေရာပေး၍ နေ့ညဉ့် စောင့်ကြပ်သိမ်းဆည်းရသည်ဟု သိရှိရသည်။ ယနေ့ထက်တိုင် မြန်မာနိုင်ငံအထက်ပိုင်း အမရပူရနှင့် အင်းဝတွင် သူငယ်တော်ရွာ ဟူ၍ ရှိသည်ဟု သိရှိရသည်။

တတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး၏ ရွှေဘိုနန်းတော်ကို မြန်မာနှစ် ၁၁၁၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ရွှေဘိုနန်းတော်တွင် အဆောင်ပေါင်း (၂၀)၊ လှေကား (၅) စင်း၊ အိမ်သာ (၃) လုံး ရှိကြောင်း သိရှိရသည်။

ကုန်းဘောင်ခေတ် အင်းဝနန်းတော်ကို မြန်မာနှစ် ၁၁၂၅ ခုနှစ်တွင် ကုန်းဘောင်ဆင်ဖြူရှင်က တည်ဆောက်ခဲ့သည်။ ယင်းနန်းတော်တွင် အဆောင်ရေ (၄၀)၊ ကွန်းသစ် (၃၃၈)၊ လက်ခံသစ် (၉၃၈)၊ ကြမ်းပြင်သစ် (၄၇၄)၊ ထောက်သစ် (၅၂)၊ ပေါင်းသစ်လုံးရေ (၂၁၀၂)၊ အိမ်သာ (၅)၊ လှေကား (၁၀) စင်းရှိသည်ဟု ဆိုသည်။

ရှေးမှတ်တမ်းများတွင် အမရပူရနန်းတော်အကြောင်းကိုလည်း တွေ့ရှိရသည်။ အမရပူရနန်းတော် ဆိုသည်မှာ ဗဒုံမင်း (ဘိုးတော်ဘုရား) တည်ခဲ့သော ပထမနန်းတော်၊ ယင်းနန်းတော် မီးလောင်၍ ပြန်ဆောက်ရသော နန်းတော်နှင့် ထို့နောက် ရွှေဘိုမင်းလက်ထက် ဆောက်လုပ်သော နန်းတော် ဟူ၍ရှိခဲ့သည်။ အမရပူရနန်းတော်တွင် အိမ်သာအရေအတွက် (၃၀) ကျော်ရှိသည်။ အဆောင်ဆောင်အခန်းခန်း ဌာနများလည်း များသည်။ နန်းတော်ပန္နက်ပုံမှာ ရှင်းသော်လည်း အင်းဝနန်းတော်များထက် ကျယ်ပြန့်ပြီး မြင့်မားသည်ဟု မှတ်သားရပါသည်။

စစ်ကိုင်းမင်း (ဘကြီးတော်) လက်ထက်တည်ခဲ့သော အင်းဝနန်းတော်အကြောင်းကိုလည်း မှတ်တမ်းများတွင် တွေ့ရှိရသည်။ ယင်းအင်းဝနန်းတော်မှာ အရှေ့ပိုင်းတွင်ရှင်းသော်လည်း အနောက်ပိုင်းခင်းထားပုံနှင့် လမ်းများမှာ ရှုပ်ထွေးကွေ့ကောက်ပြီး အဆောင်များစွာ ထားရှိသည်။ မြို့ရိုးငယ်ထားရှိပုံမှာ လုံခြုံရေးကို အထူးဂရုစိုက်ပုံရသည်။ အုတ်မြို့ရိုးအထပ်ထပ်နှင့် အိမ်သာ(၂၀) ကျော် (၃၀) ခန့်ရှိသည် ဟု သိရှိရသည်။

မြန်မာမင်းများ၏ နောက်ဆုံးနန်းစံရာ မန္တလေးနန်းတော်နှင့် ပတ်သက်၍ ဖော်ပြထားသော မှတ်တမ်းများအရ မန္တလေးနန်းတော်တွင် (၂၀) ကျော်ခန့် ရှိသည်ဟု သိရှိရသည်။ နန်းတော်အုတ်ခုံအောက်တွင်လည်း အိမ်သာတော်များ ချထားသည်။ သူငယ်တော်စခန်းသည် နန်းတော်၏တောင်ဘက်တွင် (၃)နေရာ၊ မြောက်ဘက်တွင် (၃) နေရာ ထားရှိသည်။ ယင်းတို့မှာ နန်းတော်၏ အနောက်ဂိုင်းဘက် နန်းတော်အုတ်ခုံ၏ အောက်တွင်ရှိသည်။ နန်းတော်၏အရှေ့ပိုင်းတွင် ဘုရင်အသုံးပြုရန် အိမ်သာတစ်လုံးသာရှိသည်။ မှန်နန်းတော်မြောက်၊ ရွှေနန်းတော်ဆောင်အနီး မော်ယော်ဆောင်မှာ ထားရှိခြင်းဖြစ်သည်။ သီးခြားအိမ်သာ မဟုတ်ပေ။ အဆောင်ကြီးတွင် တစ်နေရာကို အခန်းတွဲ၍ အိမ်သာတော်ထားခြင်း ဖြစ်သည်။ ဆယ်ပေပတ်လည်ခန့် ကျယ်ဝန်းသည်ဟု သိရှိရသည်။ ဆပ်ပြာများ၊ ရေအိုးများ သုံးသပ်ရန် အဝတ်အထည်များနှင့် အပြည့်အစုံထားရသည်။ အပေါ်တွင် မျက်နှာကြက်ရှိသည်။

မင်းသုံးအိမ်သာကို ပုဂံခေတ်ကတည်းက 'ရေအိမ်တော်' ဟု ခေါ်သည်။ ပုဂံမင်းယဉ်နရသိင်္ခကို ငအောင်စွာ လုပ်ကြံစဉ်က ရေအိမ်တော်မှာ လုပ်ကြံသည်ဟု ပုဂံရာဇဝင်တွင် ဖော်ပြပါရှိသည်။

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

၁။ ရွှေပြည်ဦးဘတင်စာစု



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သည် -

ကျွန်ုပ်သည် နံနက်လမ်းလျှောက် အပြန်တွင် ငယ်သူငယ်ချင်းတို့နှင့်ဆုံဖြစ်ခဲ့ကြပါသည်။ ကျွန်ုပ်လမ်းလျှောက်သည်မှာ နွေ၊ မိုး၊ ဆောင်းသုံးရာသီစလုံး လမ်းလျှောက်သူ ဖြစ်ပါသည်။ တစ်ခါတစ်ရံတော့ ပျက်တတ်ပါသည်။ ထိုသို့ ပျက်ကွက်သည့်ရက်များမှာ ကျန်းမာရေး မကောင်းသည့်ရက်များနှင့် မိုးရွာသောရက်တို့တွင် လမ်းလျှောက်ပျက်ပါသည်။ ရာသီဥတုကောင်းပါက နှစ်ကျွတ်လမ်းလျှောက်ခြင်း ဖြစ်ပါသည်။

အမြဲတမ်း လမ်းလျှောက်ကြသူများဖြစ်သော်လည်း လမ်းလျှောက်ထွက်ချိန်မတူညီကြသည့်အတွက် တစ်ယောက်နှင့် တစ်ယောက် ဆုံဖြစ်ခဲ့ကြပါသည်။ ယနေ့တော့ သူငယ်ချင်းတစ်ဖွဲ့လုံး ညှိနှိုင်းချိန်းဆိုထားကြသလို မမျှော်လင့်ဘဲ ဆုံစည်းဖြစ်ကြပါတော့သည်။

ကျွန်ုပ်တို့မှာ အသက်အရွယ်(၇၀) ဝန်းကျင်ရောက်ရှိနေသူများဖြစ်သည့်အတွက် အငြိမ်းစားလစာထုတ်ရက်တူညီနေပါက မြန်မာ့စီးပွားရေးဘဏ်တွင် တစ်ခါတစ်ရံဆုံဖြစ်ကြပါသည်။ တခုတ်တရ ချိန်းဆိုမထားလျှင် စုစုစည်းစည်း ဆုံဖြစ်ရန် ခဲယဉ်းလှပါသည်။

ကျောင်းနေဖက်များ ဖြစ်သော ကျွန်ုပ်အပါအဝင် သူငယ်ချင်းများဆုံဖြစ်တော့ လမ်းလျှောက်ရာမှ အိမ်အပြန်တွင် တန်းမပြန်ကြတော့ဘဲ လက်ဖက်ရည်ဆိုင်မှာထိုင်ကြပြီး အစောစာစားကြရင်း ကျန်းမာရေးအကြောင်း၊ မိသားစုအကြောင်းနှင့် ဘာသာရေးစသည်တို့ကို ပွင့်လင်းစွာ ပြောဖြစ်ကြပါတော့သည်။ တစ်ယောက်နှင့်တစ်ယောက် အားမနာကြရသော တစ်ယောက်နှင့်တစ်ယောက် အသေးစိတ် သိထားကြသူများဖြစ်၍ စကားဝိုင်းမှာ အတော်ကို စီးစီးပိုင်ပိုင်ရှိလှပါသည်။

မိမိတို့သည် နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း မြန်မာပြည်အတွင်းတစ်နံတစ်လျားသွားလာနေထိုင်ခဲ့ကြသူများဖြစ်သည့်အတိုင်း မိမိတို့ကြုံခဲ့တွေ့ခဲ့ရဖူးသော ဖူးပေါင်းများစွာပြောဖြစ်ခဲ့ကြပါတော့သည်။ ဘာသာရေးနယ်အကြောင်း ဆွေးနွေးဖြစ်ကြတော့လည်း ထိုခေါင်းစဉ်အရောက်တွင် ကျွန်ုပ်ပါ ဝင်ရောက်ဆွေးနွေးဖြစ်ခဲ့ပါတော့သည်။

ကျွန်ုပ်မှ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏မူလအစ သရဏဂုံကဟု ဖွင့်ဆိုပါသည်။ ထိုသရဏဂုံ၏တန်ခိုးလို့ပြောပြော၊ သိဒ္ဓိမဟိဒ္ဓိလို့ပြောပြော သရဏဂုံသုံးပါးကို အမှန်တကယ် သက်ဝင်ယုံကြည်ပါတယ်ဆိုလျှင် ယခုပစ္စုပ္ပန်ဘဝမှာပင် အထူးတလည်အကျိုးပေးတာ မှန်ကန်ကြောင်း. ကျွန်ုပ်၏ မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ပြောပြလိုက်ရပါတော့သည်။

အခုပြောမယ့်ကိစ္စဟာ တစ်ဆင့်ကြားစကားမဟုတ်ဘူး သူငယ်ချင်းတို့။ နောက်ပြီး သူစိမ်းတစ်ရံဆံလည်းမဟုတ်ဘူးကွ။ ကိုယ့်ရဲ့ဖခင်ကြီးနဲ့ မောင်နှမဝမ်းကွဲတော်သူ အရီးတစ်ယောက် (ကျွန်ုပ်တို့၏ဒေသအခေါ် အဝေါ်တို့မှာ ဖခင်၏နှမများကို အရီးဟု ခေါ်ကြပါသည်။ မိခင်၏ အစ်မများကို မိကြီး၊ ဒွေးကြီးခေါ်ပြီး အငယ်ညီမများကို ဒွေးလေးဟု ခေါ်ဆိုသော ဓလေ့ထုံးစံရှိပါသည်) ဖြစ်နေလို့ သေသေချာချာ အခိုင်အမာ ပြောပြနိုင်တာ"

ဟု နိဒါန်းပျိုးပြီး အောက်ပါအတိုင်း ဆက်လက်ပြောပြလိုက်ပါတော့သည်။

# ဘုန်းခေါင်

## သရဏဂုံသုံးရပ်အများမြတ်၏ သိဒ္ဓိအစွမ်းအံ့မခန်း



အရီးတို့ဇနီးမောင်နှံမှာ စာမတတ်ကြပါ။ စာမတတ်သော်လည်း ဘုရား တရား၊ သံဃာနှင့် အမိ၊ အဖတို့အပေါ်၊ ဆရာများတို့အပေါ်တွင် လွန်စွာမှရိုသေကိုင်းရှိုင်းကြသူများကြလေသည်။

သရဏဂုံကို မြတ်မြတ်နိုးနိုး ရွတ်ဆိုခဲ့ကြပုံမှာ -

အရီးတို့ ဇနီးမောင်နှံသည် အိမ်ထောင်သက် (၇) နှစ်ရှိလာသော်လည်း သွေးသားသံယောဇဉ်အနေဖြင့် သူတို့၏ မျိုးဆက်အဖြစ် သားရောသမီးပါ တစ်ဦးတစ်ယောက်မျှပင် မထွန်းကားခဲ့ကြပါ။

ငယ်စဉ်အခါကတည်းက မိဘဆွေမျိုးများ ကိုးကွယ်ခဲ့ကြသော ဆရာတော် ဦးကေလာသအား လစဉ်ဆွမ်းအုပ်လှူဒါန်းခြင်းနှင့် ကြုံလျှင်ကြုံသလိုပျားရည်၊ သကာရည် . စသည်တို့ကို မပြတ်တမ်း လှူဒါန်းမြဲဖြစ်လေတော့ -

တစ်ညနေတွင်-

ကျောင်းမှ ကိုရင်ငယ် (သာမဏေတစ်ပါး) အရီးတို့အိမ်ကို ကြွလာခဲ့ပါတော့သည်။ အကြောင်းကိစ္စကတော့ ဆရာတော်ကြီးမှ ညနေတွင် ဇနီးမောင်နှံ ကျောင်းသို့လာရောက်ကြရန် မိန့်ဆိုကြောင်း ဆရာတော်၏အမိန့်မှာတမ်းကို ခုအိမ်တိုင်ရာရောက် လာရောက်ပြီး ဖိတ်ခေါ်၊ ဆင့်ခေါ်ခြင်း ဖြစ်လေတော့သည်။

ညနေချမ်းရောက်သည်နှင့် ဇနီးမောင်နှံတို့နှစ်ယောက် ဆရာတော်၏ ရှေ့မှောက်အရောက်သွားခဲ့ပြီး ခြေစုံဦးတိုက် ရှိခိုးပူဇော်လိုက်ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးက -

"မင်းတို့နှစ်ယောက်ကို မှာရတာက အခြားအကြောင်းကိစ္စတွေ ဘာမှမရှိဘူးကွ။ တို့များ မနေ့ညက ဘုရားဝတ်ဘက်ပြီးတဲ့နောက်ပိုင်း ကမ္မဋ္ဌာန်းရှုမှတ်လို့လည်း အဆင်ကမချောလှ။ ကျိန်းပါတော့မယ်ဆိုပြီး ညောင်စောင်းပေါ် လှဲနေတော့လည်း လုံးဝအိပ်မရဖြစ်ပြီး မင်းတို့အကြောင်း စဉ်းစားမိတော့တာပါပဲကွ။

ငှါတပည့်များက စာလည်းမတတ်၊ ရိုးသားကြတဲ့ ဇနီးမောင်နှံဖြစ်ကြသလို ဒါနမှုနဲ့ကျတော့ သဒ္ဓါအားကြီးအားကောင်းကြတာမို့ မင်းတို့ဇနီးမောင်နှံအတွက် အလွယ်ဆုံးမှတ်နိုင်ပြီး နေ့ ညမရွေး အခါမလပ် ရွတ်ဖတ်ပူဇော်ခြင်း၊ စိတ်ထဲမှ စိတ်အမှတ်ဖြင့် နှုတ်သွင်းနိုင်တဲ့ သရဏဂုံသုံးပါးကို ပေးမှာပါ။

အခုပေးတဲ့ သရဏဂုံသုံးရပ်အများမြတ်ကို အချို့ဆရာတို့ကကျတော့ သဝေမပါကိုးဂါထာလို့ အထူးပြုကြပြန်တယ်ကွ။ တို့ရဲ့ သုံးလောကထွတ်တင် ရွှေဘုန်းတော်သခင်နှင့်တကွ ရှင်တော်မြတ် ဘုရားဟောကြားတော်မူသော သစ္စာလေးပါးမြတ်တရားနှင့် ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင် (သုတ်၊ ဝိနည်း၊ အဘိဓမ္မာ အစရှိသော သာသနာတော်သုံးရပ်) ဖြစ်သော ဓမ္မနှင့်တကွ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏တပည့်သားသံဃာတော် (သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သာသနာသုံးရပ်ဖြစ်သော ပိဋကတ်သုံးပုံကို စောင့်ရှောက်တော်မူကြကုန်သော အရိယာသံဃာတော်များနှင့် သမုတိသံဃာတော်) သံဃာတော်တို့အားပူဇော်ရာတွင် ဘုရား၊ တရား၊ သံဃာတော်မှ တစ်ပါး အခြားကိုးကွယ် ဆည်းကပ်အားထားရာမရှိပါဘုရားလို့ ပူဇော်ရတာဖြစ်တယ်ကွ။

ပါဠိတော်နဲ့ ပူဇော်ကြတာပဲ။

- ❒ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  သံဃံ သရဏံ ဂစ္ဆာမိ။
- ❒ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
- ❒ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

လို့ သုံးကြိမ်တိုင်အောင် ပီပီသသ ရွတ်ဖတ်ပူဇော်ကြမယ် (နှုတ်တိုက်ချပေးလိုက်ပါသည်)"

ဟု ပြောပြီး ချီးမြှင့်လိုက်ပါတော့သည်။

ငှါတပည့်တို့ သေချာမှတ်ပြီး ရွတ်ပွားကြပါလို့ မိန့်မြွက်တော်မူပါသည်။ ထိုဇနီးမောင်နှံတို့သည် နေ့ရောညပါ အခါမလပ်ရွတ်ဆိုခြင်း၊ စိတ်ထဲမှာလည်း မပြတ်မလပ်ရှိနေခဲ့ကြပါတော့သည်။

ဆရာတော် ဆုံးမခဲ့သော စကားများတွင် ဘေးရန်ခပ်သိမ်းအေးငြိမ်းခြင်း၊ ရောဂါဘယကင်း၍ ကျန်းမာခြင်း၊ စည်းစိမ်ဉစ္စာတို့နှင့်ပြည့်စုံစွာနေထိုင်နိုင်ခြင်း စတဲ့ ကောင်းကျိုးဝေဆာအဖြာဖြာတို့ကို တောင့်တမက်မောခြင်းမရှိခဲ့ကြ။ ဆရာတော်ခိုင်းသည့်အတွက် အထူးအလေးထား ဂရုစိုက်ပြီး လိုက်နာနေကြခြင်းဖြစ်ပါသည်။

တစ်နေ့သောအခါတွင် -

ကျွန်ုပ်၏အရီးသည် သူတို့မွေးမြူထားသော နွားမကြီးနှင့် သားပေါက်ကလေးတို့သားအမိတစ်တွဲအတွက် နွားစာကို နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးလုံး ဝယ်ကျွေးလေ့မရှိခဲ့ပါ။ ဥတုသုံးလီစလုံးမှာပင် အရီးက တောထဲထွက်ပြီး နွားစာရှာမြဲ ဖြစ်လေသည်။

ဒီတစ်ခါ နွားစာရှာရတာ မပင်ပန်းပါ။ လေးခွ၊ နှံကားနှင့် ကျိုးစခေါက်တို့မှာ ပေါမှပေါမို့ ခေါင်းတစ်ရွက်စာ မြက်တစ်ထုံးကို ကြာလိုက်သည်ပင်မထင်မိပါ။ မြက်တစ်ထုံး (ခေါင်းရွက်တစ်ရွက်စာ) စာကို စည်းနှောင်ပြီးပါပြီ။ မျက်နှာမှချွေးများကို ခေါင်းခုလုပ်သောပုဆိုးဖြင့် ချွေးများသုတ်လိုက်ပါသည်။

မြက်ထုံးကို ဦးခေါင်းပေါ် ပင့်တင်ရန် မြက်ထုံးကို လက်နှင့်ကိုင်ပြီး မ,မည်အပြုတွင် ခြေချထားသည့်အနီး မြက်ပုတ်ထဲမှာခွေနေသော မြွေပွေးက အရီး၏ဝဲဘက်ခြေထောက်ကို ပေါက်လိုက်ပါတော့သည်။

ပူခနဲဖြစ်သွားသည်။

အရီးက ကြည့်လိုက်တော့ မြွေပွေးပါ။ တစ်လက်မအလုံးလောက်ရှိပြီး ကတ္တီပါသွေးကဲ့သို့ လွန်စွာ လှပသောအကွက်များကို မြင်တွေ့ရပါတော့သည်။ အရီးက မေတ္တာမပျက် 'ငါ့ကို ဘာလို့ကိုက်တာလဲ။ နင် ရန်သူနဲ့ ဝေးတဲ့နေရာကို သွားနေပါ' ဟု နှုတ်မှပြောလိုက်ပြီး မြေကြီးပေါ် ဖင်ချထိုင်လိုက်လေသည်။

နောက် အရီးဆက်လုပ်တာကတော့ ညာဘက်လက်ဖဝါးကို ဖြန့်ထားပြီး ဆရာတော်ကြီး သင်ပြပေးခဲ့သော သရဏဂုံသုံးပါးကိုသာ ရွတ်ဖတ်လိုက်ပါတော့သည်။ သရဏဂုံ (၃) ပါးလုံး ရွတ်ဖတ်ပြီးသည်နှင့် ခြေထောက်တွင် မြွေကိုက်ခံရသော နေရာအထက်နားကနေပြီး လက်ဖဝါးနှင့် သပ်ချလိုက်လုပ်နေခဲ့ပါတော့သည်။

အကြိမ်ကိုပင် မှတ်မထားဘဲ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး နုတ်ထားပြီဖြစ်သော မြက်ထုံး၊ မြက်စည်းကို ခေါင်းပေါ်ပင့်ရွက်ပြီးပြန်လာခဲ့ပါတော့သည်။

ကျွန်ုပ်သည် ရုံးအသွားတွင် မနက်တိုင်းဝင်လေ့ရှိပါသည်။ ရုံးအသွား မဝင်ဖြစ်ပါက ရုံးအပြန်ကိုဝင်ပါသည်။ ကျွန်ုပ်မှာ အရီးမြွေကိုက်ခံရတာ မသိပါ။ မရောက်တာပင် (၃) ရက်ရှိပြီဖြစ်သဖြင့် မနက် ရုံးအသွား ဝင်ခဲ့ပါသည်။

ထိုအခါကျမှ အရီးက သူဖြစ်ခဲ့သည့် ဖြစ်စဉ်များကို ခရေစေ့တွင်းကျစီကာပတ်ကုံး ပြောပြပါတော့သည်။ ကျွန်ုပ်မှ မြွေကိုက်ခံရသော ခြေထောက်ကို သေချာစွာကြည့်ရာတွင် မပြောပလောက်စွာ ရောင်ရမ်းနေသည်မှအပ ဆိုးဆိုးဝါးဝါးအဆိပ်တက်သည့်လက္ခဏာ မတွေ့ရပါ။

ကျွန်ုပ်မှာ စိုးရိမ်၍ ဆေးရုံ၊ ဆေးခန်းသွားရန် ပြောသော်လည်း အရီးက လက်မခံပါ။ မတတ်သာ၍ အရီးဆန္ဒအတိုင်း နေလိုက်ရပါတော့သည်။ ထိုရက်များက နေ့တိုင်း အရီးတို့အိမ်ကို မပျက်မကွက်သွားခဲ့ရပါတော့သည်။

အံ့သြဖွယ်ဖြစ်ပြီ။

အရီး၏ ခြေထောက်မှာ အဆိပ်တက်ခြင်း၊ ရောင်ခြင်းမရှိ၍ နာကျင်ကိုက်ခဲမှုရှိ၊ မရှိမေးသော်လည်း ဘာမှမဖြစ်ကြောင်းပြောပါသည်။ ကျွန်ုပ်သည် စိတ်ထဲတွင် အရီးအနေနှင့် သရဏဂုံသုံးပါးကို စိတ်၊ ဆန္ဒ၊ ဝီရိယသုံးပါးဖြင့် မမှိတ်မသုန် ယုံကြည်အားထားပြီး ရွတ်ဖတ်ခြင်းကြောင့် သာမန်အားဖြင့် မယုံနိုင်စရာအဖြစ် သဘာဝလွန်ဖြစ်ရပ်ကို မျက်မြင်ကိုယ်တွေ့ ကြုံတွေ့လိုက်ခြင်းပါကလားဟု လွန်စွာအံ့သြဝမ်းသာရပါတော့သည်ဟု ကျွန်ုပ်၏ သူငယ်ချင်းများကို ပြောပြလိုက်ပါတော့သည်။

စာချစ်သူ မိတ်ဆွေများအနေဖြင့် သရဏဂုံကို ပို၍ပို၍ အခါမလပ် ရွတ်ပွားနိုင်ကြစေရန် တင်ပြလိုက်ရပါတော့သည်။

*ပညာတိုးပွား၍အကျိုးများကြပါစေ*

ဘုန်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

ဦးဖိုးထော်ရဲ့ဒေါသ

"တောက်- ဘုန်းကြီးကျောင်းသားတွေ မိမဆုံးမ၊ ဘမဆုံးမ၊ ဆရာမဆုံးမတဲ့ကောင်တွေ။ ဒီအထိလာပြီးမွှေနှောက်သွားရတယ်လို့ကွာ။ ဟင်း- မင်းတို့တော့ ဖိုးထော်နဲ့ တွေ့ကြသေးတာပေါ့ကွာ"

တစ်ဦးတည်း ကြိမ်းမောင်းကာ စိတ်တိုနေတဲ့ ဦးဖိုးထော်ကို လူတွေမြင်ရင် ရယ်စရာကြီးဖြစ်နေမှာပါ။ သူ့မှာတော့ မရယ်နိုင်အားဘဲ သူ့ဥယျာဉ်ကိုဖွသွားတဲ့ ကလေးအုပ်စုကို အမနာပစိတ်နဲ့ ကြိမ်းမောင်း ဆဲဆိုနေခြင်းပါ။

ဦးဖိုးထော်ဆဲမည်ဆိုပါကလည်း ဆဲဆိုစရာပါ။ ဦးဖိုးထော် ရွာထဲသွားပြီး



ရွှေပြည်စိုး(မိုးကုတ်)

မျောက်စိတ်ပေါက်သွားသောမွှေးများ



www.burmeseclassic.com

ရိက္ခာသယ်နေခိုက် ဦးဖိုးထော်မရှိချိန်မှာ ဥယျာဉ်ကို စိတ်တိုင်းကျ အုပ်စုနဲ့မွှေနှောက်သွားခြင်းပါ။

တောလည်ဝါသနာပါတဲ့ ဘုရားကြီးကျောင်းသားတိုင်း လေးခွကိုယ်စီပါတတ်တယ်။ သစ်ပင်တက်ကျွမ်းကျင်ကြတယ်။ မျောက်နဲ့ နင်လားငါလားအထင်မှားအောင် ဆော့နိုင်စွမ်းရှိကြတယ်။ မျောက်ထက်သာသူတော့ ရှိကောင်းရှိနိုင်ပါတယ်။

ဥယျာဉ်တစ်ခုလုံး လှည့်ပတ်ပြီးဆော့သွားလိုက်တာ ရစရာမရှိဘူး။ သရက်သီးတွေကို ဝါးလုံးနဲ့ရိုက်ချသွားတယ်။ စားဖို့လောက်ခူးရင် တော်သေးရဲ့။ ခုတော့ သက်သက်ကို အလစ်ဝင်လုပ်သွားတာ။

ဦးဖိုးထော်ရဲ့ ဥယျာဉ် ဆိုတာကလည်း နာမည်ကြီးတယ်။ သရက်ပင်တွေ ပိန္နဲပင်တွေ၊ မရန်းပင်တွေ၊ မာလကာပင်တွေ၊ ရှောက်ပင်၊ သံပရာပင် စသည်ဖြင့် ဥယျာဉ်တစ်ခုလုံး သီးပင်စားပင်တွေနဲ့ ပြည့်နေပြီး အရိပ်အာဝါသကလည်း ကောင်းတော့ မြန်ကပြေးရွာနဲ့ အတော်လှမ်းပေမယ့် ကလေးတွေ အုပ်စုလိုက် အရောက်သွားလေ့ရှိတယ်။ မြန်ကပြေးက မှန်ကျောင်းကျောင်းသား ဆိုတာ နာမည်ကြီးပါ။

ဒါပေမယ့် သူတို့ဦးဖိုးထော်ရှိမရှိ စမ်းသပ်ပြီးမှ ဝင်ကြတာ။ မှန်ကျောင်း ဘုန်းတော်ကြီး ဦးနန္ဒောဘာသရဲ့တပည့်တွေဆိုတော့ မည့်လှဘူး။ ဉာဏ်ကောင်းကြတယ်။

အချိန်ကတော့ ဒုတိယကမ္ဘာစစ်ကြီးစစ်မီးပျိုးချိန်ပါ။ ဒါပေမယ့် မြန်မာနိုင်ငံနဲ့တော့ အဲဒီအချိန်မှာ အကျုံးမဝင်သေးပါဘူး။ ဆိုရရင်တော့ အင်္ဂလိပ်ခေတ်နှောင်းပိုင်းပါ။ ဘုန်းတော်ကြီး ဦးနန္ဒောဘာသတောင် အိုးမင်းရင့်ရော်တဲ့အရွယ်ရောက်နေပါပြီ။ ပညာအသင်အပြကောင်းတော့ သူ့ကျောင်းမှာကျောင်းသားတွေ အများကြီးပါပဲ။

ဦးဖိုးထော်ဥယျာဉ်က အဲဒီတုန်းက ဘုရား(၃)ဆူ ထန်းတောရဲ့ တောင်ဘက်တဲကြီးကုန်းကျေးရွာရဲ့အနောက်မြောက်ထောင့်လောက်မှာရှိတယ်။ ဥယျာဉ်က အတော်ကြီးတယ်။ ဦးဖိုးထော်ဟာ ဥယျာဉ်အလယ်မှာ ခြေတံရှည်အိမ်မြင့်လေးနဲ့နေတာပါ။

ဘုန်းကြီးကျောင်းသားတွေဟာ နေ့စဉ်လာဆော့နေကြတာ မဟုတ်ဘူး။ ဘုန်းတော်ကြီး ဦးနန္ဒောဘာသ မြို့ကိုကြွရင် ဒါမှမဟုတ် အခြားရွာတွေကို အလှူကြွရင် ကျောင်းမှာ ဘုန်းကြီးမရှိခိုက် လစ်ရင်လစ်သလို ရောက်လာခြင်းပါပဲ။

ဦးဖိုးထော် ဆိုတာကလည်း မျက်



www.burmeseclassic.com

နှာက နှာမည်နဲ့လိုက်အောင် ထော်လန်လန်ပါ။ အသက်က (၆၀) လောက်ရှိပြီ။ အသားညိုညို၊ ဂင်တိုတိုနဲ့ လူကိုကြည့်ရင် မျက်နှာကို အောက်စိုက်ပြီး မျက်လုံးကို လှန်ကြည့်လေ့ရှိတယ်။ အောက်နှုတ်ခမ်းတွဲတွဲမည်းမည်းကြီးနဲ့ မလှမပပါဘဲ။ ရှေးလူဆိုတော့ ကတုံးကြီးနဲ့ပါ။ အမြဲလိုလို အပေါ်အင်္ကျီချွတ်ထားလေ့ရှိတယ်။

အလွန်ဆော့တဲ့ကျောင်းသားတွေ လာရင် သူတို့ရဲ့အသံကို အဝေးကကြားရတယ်။ ဒါဆို ဦးဖိုးထော် လူယောင်ပြနေတာပါပဲ။ ဘယ်သူ့မှဥယျာဉ်ထဲအဝင်မခံဘူး။ ဘုန်းကြီးကျောင်းသားဆိုတော့ ရိုက်လွှတ်လို့လည်း မရဘူးလေ။ ဒီနေ့ကိုပဲကြည့်၊ လုပ်သွားလိုက်တာ သရက်သီးနုတွေ အတော်ကြွေကျကျန်ရစ်တယ်။ ဦးဖိုးထော်ကတော့ ကြိတ်မနိုင်ခဲမရ။

"တောက် - မျောက်နဲ့စပ်ကျထားတဲ့အကောင်တွေ၊ နင်တို့တော့လားဟင်း. . ."

## မျောက်လောင်းတို့လာချေပြီ

ဘုရားသုံးဆူထန်းတောဘက်မှာ စီညံစီညံကြားကတည်းက မှန်ကျောင်းက မျောက်လောင်းအုပ်စုလာပြီဆိုတာ ဦးဖိုးထော် အတပ်သိလိုက်တယ်။

ဒီနေ့တော့ ဒီကောင်တွေထဲက တစ်ယောက်လောက် အမိဖမ်းပြီး မှတ်လောက်သားလောက်အောင် ဝါးခြမ်းပြားနဲ့ တင်ပါးကိုသုတ်ထည့်လိုက်မယ်ဆိုပြီး လူယောင်မပြဘဲ သံပရိုချုံတစ်ခုမှာ ကွယ်ပြီးစောင့်နေပါတယ်။ လက်ထဲမှာလည်း ဝါးခြမ်းပြားကိုင်ကာ အံတကြိတ်ကြိတ်ရှိနေပါတယ်။

သံပရိုချုံဘေးက အသာချောင်းကြည့်လိုက်တော့ မျှော့ရေခွကိုယ်စီ၊ လောက်စာလုံးလွယ်အိတ်ကိုယ်စီနဲ့ စုစုပေါင်း ကျောင်းသားငါးယောက်လောက် ရှိတယ်။ သူတို့ဟာ ဥယျာဉ်စပ်ကနေ တိတ်ဆိတ်နေတဲ့ ဥယျာဉ်ထဲကို စူးစမ်းနေကြပါတယ်။

အဲဒီမှာကျောင်းသားတွေဘာစိတ်ကူးပေါက်သွားတယ်မသိပါဘူး။ တစ်ဦးနဲ့တစ်ဦး တိုးတိုးပြောပြီး ဦးဖိုးထော်ရဲ့ အိမ်လေးကို မျှော့ရေခွနဲ့ ဝိုင်းပစ်ကြတော့တာပါပဲ။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း ဖြောင်း. . . ဖြောင်း. . ."

ဆက်တိုက်လာမှန်[illegible] လောက်စာလုံးသံကြောင့် အိမ်ကဘေးနံရံဆီက တဖြောင်းဖြောင်းအသံတွေထွက်လာပါတယ်။ အိမ့်ထရံကိုထိမှန်ခြင်းပါ။

အမှန်တော့ အထဲမှာ လူရှိ၊ မရှိ သိလိုလို့ လေးခွနဲ့ပစ်ပြီး စမ်းသပ်ကြည့်ခြင်းပါပဲ။ အဲဒီမှာ ဦးဖိုးထော် သဘောပေါက်သွားပါတယ်။

ကျောင်းသားတွေ ဆိုတာက သူငယ်နှပ်စားတွေမှ မဟုတ်တာ၊ ဆယ့်လေး၊ငါး၊ခြောက်နှစ် လူပျိုပေါက်အရွယ်တွေပါ။ ဒီတော့ ဒီအုပ်စုကို အကြမ်းကိုင်လို့မရမှန်း သိလိုက်ရတာကြောင့် သံပရိုချုံအကွယ်ကထွက်ပြီး -

"ဟေ့ - ဘယ်ကောင်တွေလဲကွ၊ အိမ်ကို လေးခွနဲ့ပစ်တာ။ ငါမင်းတို့ဘုန်းကြီးကို လာလျှောက်မှာနော့"

လို့လည်းအော်ရော ကျောင်းသားတွေ အကုန်လုံးနောက်ကြောင်းပြန်ပြေးကုန်ကြတော့တာပါပဲ။ ဘုန်းကြီးကျောင်းသားဆိုတဲ့အမျိုးဟာ ဘုန်းကြီးကလွဲပြီး ဘယ်သူ့မှကြောက်တတ်တဲ့ အကောင်တွေ မဟုတ်ပါဘူး။

ဘုန်းကြီးကို လာလျှောက်မှာတော့ အတော်ကြောက်ကြပါတယ်။ ဘုန်းတော်ကြီးတွေဆိုတာက သိမ်မွေ့သူကို မေတ္တာနဲ့အုပ်ချုပ်ပြီး ဆိုးသွမ်းသူကို ကြိမ်နဲ့ အုပ်ချုပ်လေ့ရှိပါတယ်။

ဒါတောင်မှ ကံမကောင်းရင် အပြစ်ကင်းအောင်နေပေမယ့် ဆိုးသွမ်းသူတစ်ယောက်ကြောင့် ကစ်ကျောင်းလုံး အရိုက်ခံရတာတွေ အမ[illegible]ကြီးရှိခဲ့ပါတယ်။

## အကြံရပြီ

"ဝုတ်. . . ဝုတ်. . . ဝုတ်"

"ဟဲ့ - မိဘုတ်လုပ်ပါဦးဟဲ့ နင့်ခွေးတွေ"

"ဩော် - ဘကြီးထော်လာ၊ လာ"

ဟု ပြောပြီး ခွေးသားအုပ်မကို ဟန့်တားလိုက်၏။

"နင့်ခွေးမကလည်းဟာ လူကိုစားမတတ်ဝါးမတတ်ပါလားဟ"

"ခွေးမက နဂိုကကိုက်ပါတယ်ဆို အခု သားမွေးနေတော့ ပိုဆိုးတာပေါ့ ဘကြီးရဲ့။ ဒီခွေးမက အိမ်တွင်းလူစိမ်းဝင်လို့ မရဘူး။ အပြင်က အသံပြုပြီးဝင်မှရတာ"

"အေးကွာ၊ အတော်ကောင်းတဲ့ခွေးမပဲ။ ခွေးက ဘယ်နှကောင်ပေါက်သလဲ"

"ခြောက်ကောင်ပေါက်တယ်"

"မိဘုတ်ရေ၊ နို့ခွဲချိန်ကျရင် ငါ့ကို သုံး၊လေးကောင်ပေးဟာ။ ခွေးထီး၊ ခွေးမ နှစ်စုံပေါ့"

"ဘကြီးရေ၊ ခွေးမက ထူးထူးဆန်းဆန်း ခွေးထီးလေးတွေချည်း ခြောက်ကောင်ပေါက်တာ"

"ဒါဆို ငါ့ကိုသုံးကောင်ပေးဟာ။ ငါ့ဥယျာဉ်ထဲကို မျောက်တွေလာလာမွှေလွှန်းလို့ဟ"

"မျောက်တွေလာရအောင် ဘကြီးဥယျာဉ်က လယ်ပြင်ကြီးထဲမှာပဲ၊ တောမှမရှိတာ"

"ဒီမျောက်တွေက တောထဲကလာတဲ့မျောက်တွေ မဟုတ်ဘူးဟဲ့။ မှန်ကျောင်းကလာတဲ့ မျောက်တွေ"

"မှန်ကျောင်းမှာ မျောက်တွေမွေးထားသလား။ ကျွန်မဖြင့် မမြင်မိပါဘူး ဘကြီးကလည်း"

"နင်ဘယ်မြင်မလဲဟ၊ ဒီမျောက်တွေက ဒီပြန်ကပြေးက မွေးထားတဲ့ မျောက်တွေလေ"

"ပြန်ကပြေးက"

"ငဲအေး - ဟုတ်တယ်။ မိမဆုံးမဘမဆုံးမသားတွေလေ။ ဒီမှန်ကျောင်းသားမျောက်တွေလာရင် ငါ့ဥယျာဉ်ကိုစိတ်တိုင်းကျမွှေမွှေသွားတာဟ"

"ဩော် - မှန်ကျောင်းကဘုန်းကြီးကျောင်းသားတွေကို ပြောနေတာကိုး။ ဒါများဘကြီးရယ်၊ ဘုန်းကြီးသွားလျှောက်လိုက်ရင် ပြီးတာပဲ။ ဘကြီးတစောင့်မနေဘူးလား"

"သွားလျှောက်ဖူးတယ်။ သွားလျှောက်လို့ စစ်ဆေးပြီး အပြစ်ပေးတော့လည်း အဲဒီကောင်တွေက နောက်တစ်ခါ[illegible] ငါမရှိခိုက်ကြုံရင် အဲဒီတစ်ခါထက် ပိုပြီးဖျက်ဆီးသွားတယ်ဟ။ ဒါနဲ့ငါလည်းသွားမလျှောက်ရဲတော့ဘူး။ ကိုယ့်ဥယျာဉ်ကိုယ် အတတ်နိုင်ဆုံး စောင့်ရှောက်[illegible]တာပေါ့။ ခုလို ကိစ္စဝိစ္စရှိလို့ ရွာထဲသွားနေတဲ့အခိုက်နဲ့ကြုံရင် ဒီကောင်တွေလည်း ကျောင်းမှာ ဘုန်းကြီးမရှိခိုက်[illegible]ကြုံရင် မသက်သာဘူးဟ။ ဒီကောင်တွေက အနည်းဆုံး လေး၊ငါးယောက်အုပ်[illegible] ချီတက်လာကြတာ။ အဲဒါကြောင့်[illegible]ကောင်တွေကို ဆုံးမဖို့ ခွေးကော[illegible]ကောင်းမွေးပြီး လွှတ်ထားပေးမှရမှာ"

"ဒါထက် ဘကြီးထော်လာ[illegible] ကိစ္စက"

"ဥယျာဉ်ထဲက ရှောက်[illegible] သံပရာပင်တွေ အသီးတွေများနေ[illegible] အဲဒါ ရွာဈေးမှာ ယူရောင်းပေးပါဦး[illegible] ငါလာပြောတာ"

"ရပါတယ် ဘကြီးရယ်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘက်ခါဈေးနေ့လေ။ ကျွန်မနဲ့ ကိုထွန်းခင်တို့ လာသယ်ပါ့မယ်"

"အေးအေး၊ ငါ နင့်ခွေးမကိုမြင်တော့ ခွေးမွေးမှုဖြစ်တော့မယ်ဆိုပြီး အတွဲရလို့လေ။ အဲဒါ ငါ့ကို သုံးကောင်လေး ဖြစ်အောင်ပေးနော်"

"စိတ်ချပါ ဘကြီးထော်ရယ်"

ဆိုတော့ ဘကြီးထော် ပီတိပြုံးတွေနဲ့ ဝေနေလေရဲ့။

"ဒီခွေးတွေအရွယ်ရောက်ရင်တွေ့ကြသေးတာပေါ့ကွာ"

လို့ စိတ်ထဲမှာလည်း ကြိမ်းဝါးနေမိပါတော့တယ်။ ဦးဖိုးထော်မှာ တူတွေ၊ တူမတွေ ရှိနေပေမယ့်လည်း သူတို့ကဆွေးသည်တွေ မဟုတ်ကြ။ လယ်အလုပ်ကိုသာ မားမဦးချလုပ်ကိုင်ကြသူတွေဆိုတော့ ဥယျာဉ်ခြံထွက်သီးနှံတွေအတွက် အားမကိုးရပါဘူး။ ဈေးနေ့ရော ဈေးကြားရက်တွေမှာပါ ဈေးအမြဲရောင်းတဲ့ တူနှစ်မိမ်းသည် ကိုထွန်းခင်နဲ့ မဘုတ်တို့ကို အားကိုးရခြင်းပါ။ သရက်သီးချိန်၊ မရန်းသီးချိန်တွေကျတော့ အပင်အားလုံးပုတ်ပြတ်စနစ်နဲ့ ကြိုတင်ရောင်းလေ့ရှိတာကြောင့် အခက်အခဲမရှိပါဘူး။

## ဘိုဖြူ၊ ဖိုးနက်၊ တိုးပွား

ဦးဖိုးထော်ဟာ စေးကုပ်တာတစ်ကြောင်း၊ ခွေးတွေ ကြောင်တွေ မချစ်တတ်တာတစ်ကြောင်းကြောင့် ခွေးတွေ၊ ကြောင်တွေကို မွေးလေ့မရှိပါဘူး။

ခုတော့ ဟိုမျောက်လောင်းအုပ်စုတွေကို အမြင်ကတ်လွန်းတာကြောင့်သာ ခွေးတွေကို မွေးရခြင်းပါပဲ။ ခွေးဖြူလေးကို ဘိုဖြူ၊ ခွေးနက်လေးကို ဖိုးနက်၊ ခြေမှာအပွားလေးတွေပါတဲ့ခွေးကျတော့ တိုးပွားဆိုပြီး မှည့်ထားပါတယ်။ တိုးပွားက ခွေးမိလေးပါ။

ပထမ ခွေးလေးတွေ ခြေငြိမ်အောင် ကြိုးနဲ့ချည်ပြီးမွေးပါတယ်။ ယဉ်သွားမှ လွှတ်ပေးပါတယ်။ ခွေးလေးတွေထွားကျိုင်းလွယ်အောင်ဆိုပြီး ဈေးအလွန်ပေါတဲ့ အမဲရိုးတွေ၊ အမဲခြေထောက်ရိုးတွေဝယ်ပြီး ဆန်နဲ့ပြုတ်ကျွေးပါတယ်။

ဒီသုံးကောင် အမြန်ကြီးမှ တော်ရုံကျမှာလေ။ ဒီခွေးလေးတွေရဲ့ အမေဟာကိုက်တဲ့နေရာမှာ နာမည်ကြီးဆိုတော့ ဦးဖိုးထော် ဒီခွေးသုံးကောင်ကို အတော်မျှော်လင့်ချက်ထားတယ်။

"လာခဲ့ကြစမ်းကွာ၊ မှန်ကျောင်းကမျောက်လောင်းတွေ။ မင်းတို့ကို နှိပ်ကွပ်မယ့်ကောင်တွေရောက်နေပြီလေ"

လို့ ခွေးလေးတွေကိုကြည့်ပြီး အားရကျေနပ်နေပါတယ်။

မကြာဘူးဆိုရမှာပါ။ ခွေးလေးတွေရောက်ပြီး တစ်လလောက်အကြာမှာ မှန်ကျောင်းအဖွဲ့တွေ ဦးဖိုးထော်ရဲ့ ဥယျာဉ်ဆီ ချဉ်းကပ်လာပြီး ချောင်းကြပါတယ်။

အဲဒီမှာ ခွေးငယ်သုံးကောင်က ဟောင်လိုက်တာ ပွတ်လောညံသွားတာပါပဲ။ ဦးဖိုးထော် အိမ်ထရံပေါက်က ချောင်းကြည့်တော့ မှန်ကျောင်းကမျောက်လောင်းဘုန်းကြီးကျောင်းသားတွေ ပြန်ပြေးကုန်တာ မြင်လိုက်ရပါတယ်။ အဲဒီမှာ ဦးဖိုးထော် ဝမ်းအသာကြီးသာသွားရပါတယ်။

"ဟင်း - မျောက်လောင်းတွေ၊ ငါ့ကောင်တွေကြီးလို့ကတော့ မင်းတို့တွေ ငါ့ခြံနားကပ်လို့တောင်မရတော့ဘူးကွ။ ကပ်ရဲရင် ကပ်ကြည့်ကြ။ မင်းတို့တွေ အရိုးတခြားအသားတခြားဖြစ်သွားစေရမယ်"

လို့ ကျိတ်တွေးပြီး ကြည်နူးနေရပါတယ်။

## ဦးဖိုးထော်မရှိခိုက်

ဦးဖိုးထော်ရဲ့ ဥယျာဉ်ခြံဟာ အရင်လို တိတ်ဆိတ်မနေဘဲ ခြံနားကပ်လိုက်တာနဲ့ ခွေးဟောင်သံတညံညံဖြစ်လို့နေပါပြီ။ ခွေးတွေကိုကြီးစေချင်လွန်းလို့ အမဲရိုးတွေ အပင်ပန်းခံပြီး ပြုတ်ကျွေးတာကြောင့် ခွေးတွေဟာကြီးထွားနှုန်းမြန်လှပါတယ်။

ဒါပေမယ့် ခွေးတွေနဲ့ လက်ပွန်းတတီးမနေတတ်တဲ့ ဦးဖိုးထော်ဟာ ခွေးတွေကို ကိုင်တွယ်ရြင်း၊ ယုယခြင်းလုံးဝမရှိပါဘူး။ ကျွေးချိန်တန်ရင် ကျွေးလိုက်တာပါပဲ။

မှန်ကျောင်းက ကျောင်းသားတွေကလည်း အလွယ်နဲ့အလျှော့ပေးတဲ့ကောင်စားတွေ မဟုတ်ပါဘူး။ သူတို့လုပ်ချင်ရာကို မဖြစ်မနေရအောင် လုပ်တတ်တဲ့ အကောင်တွေပါ။

ကျောင်းမှာ ဘုန်းကြီးမရှိခိုက်ဆိုရင် သိပ်ပြီးမဝေးလှတဲ့ ဦးဖိုးထော်ဥယျာဉ်ဆီ ရောက်အောင်လာပြီး ဦးဖိုးထော် ရှိ၊ မရှိလေ့လာပါတယ်။

လူမရှိဘဲ ခွေးတွေချည်းရှိတဲ့အခါဆိုရင် ခွေးတွေကို စုတ်သပ်ခေါ်ပြီး ထန်းလျက်နဲ့ ချဉ်းကပ်ကြပါတယ်။ 'ထန်းလျက်ကျွေး ခွေးချစ်' ဆိုတဲ့ ရှေးအဆိုစကားကို ဒီကောင်တွေက အလွတ်ရထားတာကိုး။

"ထွီ - ဖတ် ငါ့ကိုသခင်မှတ်၊ ထွီ-ဖတ် ငါ့ကို သခင်မှတ်၊ ထွီ - ဖတ် ငါ့ကိုသခင်မှတ်' ဆိုပြီး ထန်းလျက်လုံးကိုတံတွေးသုံးခါထွေးပြီးပစ်ကျွေးတဲ့အခါ ဟောင်ရမယ့်တာဝန်ကိုမေ့ပြီး အမြီးတနန့်နန့်နဲ့ ထန်းလျက်တွေ ကောက်စားတော့တာပါပဲ။နောက်တော့ ရင်းနှီးခင်မင်သွားကြပါတော့တယ်။

ဒီလိုနဲ့ ဒီကောင်တွေဟာ ခွေးတွေကို မေတ္တာနဲ့ စည်းရုံးတဲ့အခါ ခွေးတွေဟာ သူတို့အုပ်စုကိုမြင်ရင် အမြီးတနန့်နန့်နဲ့ ကြိုဆိုခုန်တက်ပြီး ဖက်လိုဖက် လျက်လိုလျက်နဲ့ ကစားကြတော့တာပါပဲ။

ခဲလေသမျှသဲရေကျဖြစ်နေတာကို ဦးဖိုးထော်ခမျာ မသိရှာပါဘူး။ အဲဒါကြောင့် သူလစ်တာနဲ့ သူ့ဥယျာဉ်ဟာ တစ်ခါဟစ်ရံ မျောက်လောင်းအုပ်စုရဲ့ မွှေနှောက်ခြင်းကိုခံနေရမြဲ ဖြစ်ပါတယ်။

ရှစ်လလောက်အကြာမှာ ခွေးတွေဟာ တကယ့်ခွေးကြီးတွေဖြစ်ခဲ့ရပါပြီ။ ထွားထွားကျိုင်းကျိုင်း လှလှပပကြီးတွေပါပဲ။ လာသမျှလူတွေကိုလည်း ဟောင်တတ်နေပါပြီ။ ဘယ်လိုကဘယ်လို သူ့ခြံထဲဝင်ဝင်မွှေမှန်း ဦးဖိုးထော်တွေးမရအောင်ရှိနေပါတယ်။

## ခွေးပေါ်ကြီးများ

"ပွတ်. . . ပွတ်. . . ပွတ်. . . ပွတ်. . ."

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

စုတ်သပ်သံနဲ့အတူ ခွေးဟောင်သံပါ ကြားလိုက်ရတာကြောင့် ဦးဖိုးထော်ဟာ အသံမပြုဘဲ ထရံပေါက်ကနေချောင်းကြည့်လိုက်ပါတယ်။

"အီ. . . အီ. . . အီ. . . အီ . . . အီ"

"ဝု. . . ဝု. . . ဝု. . . ဝေါက်. . . ဝေါက်. . . ဝေါက်"

အဲဒီမှာ ဦးဖိုးထော် မျက်လုံးပြူးသွားပါတယ်။ သူ့ခွေးကြီးသုံးကောင်က ဘုန်းကြီးကျောင်းသား မျောက်လောင်းတွေကို ကြိုဆိုပြီး ပျော်ပျော်ပါးပါး ခုန်ပေါက်ကစားနေကြတာကလား။

"အဲ - ဒီကောင်တွေ ငါမရှိခိုက်မှာ ခွေးတွေကို ခင်မင်ရင်းနှီးအောင် စည်းရုံးထားပါပေါ့လား"

လို့ သိလိုက်ပါတယ်။

အဲဒီမှာ ဦးဖိုးထော် စိတ်ဆိုးလွန်းလို့ ကျောင်းသားတွေကို အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

ပြတင်းဝကနေပြီး ဆဲလွှတ်ပါတယ်။ ခွေးတွေကိုတော့ စိတ်ရှိရှိနဲ့ တုတ်နဲ့လိုက်ရိုက်နေမိပါတယ်။

"အလကားကောင်တွေ၊ ခွေးပေါ်တွေ။ နင်တို့ကိုကျွေးရတာ ထမင်းကုန်တယ်။ ထွီ - တောက်"

လိုက်ရိုက်တော့လည်း ခွေးတွေ ပုန်းရှောင်ကုန်ကြပြီလေ။ ဦးဖိုးထော်လည်း ခွေးနဲ့တူပြီးရန်ဖြစ်ရတာ ဖတ်ဖတ်မောသွားပါတယ်။ အိမ်ရှေ့ ပိန္နဲပင်အောက်မှာ အမောဖြေနေပါတယ်။

ဘုန်းကြီးကျောင်းဆိုတာက ခွေးအကောင်နှစ်ဆယ်၊ သုံးဆယ်ရှိနေတာလေ။ ဘုန်းကြီးကျောင်းသားနဲ့ ခွေး၊ ခွေးနဲ့ ဘုန်းကြီးကျောင်းသားဆိုတာက လုံးထွေးပြီးနေကြတာ။ ဒီတော့ ခွေးအထာကို ဘုန်းကြီးကျောင်းသားတွေက နပ်ပြီးသားတွေပဲလေ။

ဦးဖိုးထောင်ဟာ ကြံတိုင်းမအောင် ဆောင်တိုင်းမမြောက်တဲ့အတွက် တစ်မျိုးတစ်မည်စိတ်ကူးရပြန်ပါတယ်။ ဒီခွေးတွေ ခွေးစင်စစ်ကနေ ကျားစိတ်ပေါက်သွားဖို့လိုတယ်။

"ဟုတ်ပြီ၊ ဒါဆို ဒီခွေးတွေကို ကျားရိုးသွေးတိုက်မှ တော်ရုံကျမယ်။ ကျားရိုးဆိုတာ နှယ်နှယ်ရရ မဟုတ်ဘူး။ ခပ်နုံနုံနဲ့ ကြောက်တတ်တဲ့ ကလေးကို ကျားရိုးသာသွေးတိုက်လိုက်။ အဲဒီကလေးဟာ တွေ့သမျှ ကလေးတွေကို လိုက်ကိုက်တော့တာပဲ။ ကြီးလာရင်လည်း လုပ်ရဲကိုင်ရဲ၊ သတ်ရဲဖြတ်ရဲတဲ့ သတ္တိရှိလာတယ်။ ဟုတ်ပြီ၊ ကျားရိုးသွေးတိုက်မယ်။ အင်း-ကျားရိုး၊ ကျားရိုး၊ ကျားရိုးကို ငါဘယ်မှာရှာရပါ့မလဲ။ ဈေးနေ့ကျရင် တောကလာတဲ့လူတွေဆီမှာဆိုရင် ရနိုင်တာပဲ။ ဟုတ်ပြီ၊ ဟုတ်ပြီ။ ငါ့ခွေးတွေ ခွေးပေါ်ကြီးတွေကနေ ကျားစိတ်ပြောင်းပစ်မှဖြစ်တော့မယ်"

လို့ ဦးဖိုးထော် အကြံထုတ်နေပါတယ်။

**ကျားရိုး**

ဒီနေ့ဟာ ဆိတ်နံ့တုန်းဈေးလို့ အမည်တွင်တဲ့ ပြန်ကပြေးဈေးနေ့ပါ။ ပြန်ကပြေးဈေးနေ့ဆိုရင် ဟိုးအနောက်တစ်ကြောက တောရွာတွေ ဈေးလိုက်လာကြတယ်။ဘယ်ကအထိလာသလဲဆိုရင် ရိုးမတောထဲမှာ တည်ထားတဲ့ ကျောက်ခဲအင်း၊ ရွှေခဲအင်း၊ ကျွဲတဲဆိုတဲ့ ရွာလေးတွေအထိလာကြတယ်။

အဲဒီတောနက်ထဲက ရွာလေးတွေဆီသွားချင်ရင် (၁၅) မိုင်လောက်ဝေးတဲ့ ဘူးကွဲအရင်သွားရတယ်။ ပျဉ်းမနား တောင်ညိုသစ်ထုတ်လုပ်လမ်းဟာ (၂၄) မိုင် ဝေးတယ်။ ဘူးကွဲရောက်ရင် တောထဲလှည်းလမ်းအတိုင်း တောင်ဘက်ကိုဝင်သွားရင် (၂) မိုင်လောက်မှာ ကိုင်းရွာရှိတယ်။ အိမ်ခြေလေးငါးခုနှစ်ဆယ်ရှိမှာပေါ့။ ကိုင်းရွာကနေ အနောက်တည့်တည့်ရိုးမကြီးထဲကို လှည်းလမ်းအတိုင်းသွားပါမှ (၇) မိုင်လောက် အဝေးမှာ ကျောက်ခဲအင်းရွာကို တွေ့ပါတယ်။ ကျောက်ခဲအင်းရဲ့တောင်ဘက် တစ်ခေါ်လောက်အဝေးမှာ ရွှေခဲအင်းရွာ၊ အဲဒီရွာရဲ့ အနောက်ဘက် တစ်ခေါ်လောက်မှာ ကျွဲတဲရွာဆိုပြီး ရွာ(၃)ရွာဖို့ခုံလောက်ဆိုင် ရှိနေပါတယ်။ အိမ်ခြေ (၅၀) စီလောက်ရှိတယ်။

သူတို့ရဲ့ ဝန်းကျင်မှာ လယ်တွေတည်ထားတဲ့ လျှိုမြောင်တွေရှိတယ်၊ အင်းတွေရှိတယ်၊ ရိုးမတောနက်ကြီးရှိတယ်။ အဲဒီရိုးမကြီးဟာ သူတို့ရဲ့သဘာဝထမင်းအိုးဟင်းအိုးကြီးပါပဲ။ သူတို့ ဒီရိုးမကြီးထဲမှာပဲ သစ်ရှာ၊ ဝါးရှာ၊ မှိုရှာ၊ မျှစ်ရှာ၊ သားကောင်ရှာပြီး စားသောက်ကြတာပါ။

ဦးဖိုးထော် မျှော်လင့်နေတာက ရွှေခဲအင်းရွာက သူနဲ့ရင်းနှီးတဲ့ မုဆိုးကျော် မှုန်တေ ဆိုတဲ့ အကောင်ကိုပါ။ ဒီကောင်က ဈေးနေ့တွေမှာ သူတို့ဒေသထွက် ဆတ်သား၊ ချေသား (ဂျီ)၊ ပြောင်သား စတာတွေ လာလာရောင်းတတ်တယ်။ တစ်ခါတစ်ရံ လတ်လတ်ဆတ်ဆတ်ပါ။ ပြောင်ဆိုရင်လည်း ကျွဲသားလို့ မထင်အောင် ပြောင်ရဲ့ဦးခေါင်း၊ ခြေထောက်၊ အမြီး အဲဒီ (၃) ခုကို ပကတိအတိုင်းပြပြီးမှ ရောင်းတာ။ ဆတ်တို့၊ ချေတို့ဆိုရင်လည်း အတူတူပဲ။ သူက သက်သေပြပြီးမှ ရောင်းတော့ လူတွေသဘောကျကြတယ်။ အသားခြောက်တွေ ပါတဲ့အခါလည်း ပါတယ်။

ဒါကလည်း ဈေးနေ့တိုင်း မလာနိုင်ရှာပါဘူး။ ခများများ သားကောင်ရမှ လာနိုင်တာပါ။ ဈေးနေ့မကြုံရင် အသားတွေကို ကျပ်တိုက်ပြီးမှ ယူလာပါတယ်။

တောဝက်ရလို့ကတော့ ဈေးနေ့တောင်မစောင့်ဘဲ ဈေးကြားရက်တွေတောင် လာလာရောင်းတတ်တယ်။ တောဝက်ကျတော့ တောဝက်စစ်ကြောင်းပြချင်တာကြောင့် ဝက်ကို ရေနွေးမဖျောဘူး၊ အမွေးမနုတ်ဘူး၊ အခွံမခြစ်ဘူး၊ ဒီအတိုင်းလှီးပြီးချိန်ရောင်းတာ။ အမွေးထောင်ထောင်ကြမ်းကြမ်းကြီးတွေနဲ့ပေ့ါ။ ဝယ်သူဟာ အိမ်ရောက်မှ ရေနွေးဖြော ပြီး အမွေးနုတ် အခွံခြစ်ရတယ်။ တော ဝက်ဆိုတာ အခေါက်နဲ့ အသားကြားမှာ အဆီဆိုတာ ပါးပါးလေးခံထားပြီ အသားတွေချည်းဘဲ စားလို့အရမ်း ကောင်းတာ။ တောဝက်ဆိုလို့ကတော့ ဘယ်နှကောင်ပါပါ ပြုတ်ခနဲကုန်တာပဲ။ ဈေးနေ့မျှားကြုံရင် လုတောင်ဝယ်ကြရ တာ။ အလေးကလည်းမှန်တာကိုး။

ဦးဖိုးထော်ဟာ မှန်ကျောင်းရှေ့ လမ်းမကြီးဘေးမှာ စခန်းချထားတဲ့ လှည်းတန်းကြီးကို ရွှေခဲအင်းက မုဆိုး မှုန်တေတို့ လှည်းပါ၊ မပါ လိုက်မေးပါ တယ်။ အဲဒီမှာ ကျောက်ခဲအင်းသားတစ် ယောက်က မှုန်တေ ဈေးထဲမှာ ဆတ် သားခြောက်ရောင်းနေကြောင်း ပြော တာနဲ့ ဈေးဘက်ကို ခြေဦးလှည့်ခဲ့ပါ တယ်။

မှန်ကျောင်းအရှေ့ဘက်မှာ လေ သာကျောင်းပါ။ လေသာကျောင်းရှေ့ လမ်းမကြီးရဲ့ မြောက်ဘက်မှာ ပြန်က ပြေးဈေးရှိနေတာပါ။ မဝေးတာမို့ ခဏနဲ့ ဈေးရောက်တဲ့အခါ လမ်းဘေးပျံကျတန်း မှာ မှုန်တေကို ထင်ထင်ရှားရှား တွေ့ရ ပါတယ်။

ထင်ရှားမှာပေ့ါ။ အသားက သူများထက်မည်းသလို ရုပ်ကလည်း တစ်စက်ကလေးမှမလှရှာဘူးကိုး။ ဦးဖိုး ထော်ကတော့ သူတွေ့ချင်သူကို တွေ့ရ လို့ ကျေနပ်သွားတယ်။

"ဟေ့ - မှုန်တေ"

"ဗျာ့ - ဘကြီးထော်၊ လာဗျာ ဆတ်သားခြောက် ဈေးပေါနဲ့ရောင်းနေ တာဗျ"

"ငါ ဆတ်သားခြောက်ရချင်တာ မဟုတ်ဘူးကွ။ ကျားရိုးလိုချင်လို့ မင်းဆီ ကျားရိုးများရှိမလားလို့"

"ကျွန်တော့်ဆီတော့ မရှိဘူးဗျ။ ကိုသင်းမောင်တို့၊ ကိုဘငြိမ်းတို့ဆီမှာရှိ မလား မသိဘူး။ ကျားက ရတောင့်ရခဲ ဘကြီးထော်ရဲ့။ ကျွန်တော်မုဆိုးလုပ်လာ တာကြာပြီ၊ ခုထိ ကျားတစ်ကောင်မှမရ ဖူးသေးဘူး"

"သိပ်ကြွားမနေနဲ့ ဟေ့ကောင်။ မင်းက အခြားအကောင်ကိုသာနိုင်တာ ကျားတော့ မနိုင်ဘူးပေါ့ ဟုတ်လား"

"ဒါကတော့ မုဆိုးဆိုတာ အခြေ အနေအရပဲလေ ဘကြီးထော်ရဲ့။ တစ် နေ့မှာ ရချင်လည်း ရမှာပေါ့။ ကျား ကျတော့ အလကားမရဘူး ဘကြီး



www.burmeseclassic.com

www.burmeseclassic.com

ထော်။ သူ့ရဲ့တန်ရာတန်ဖိုးပေးရတယ်"

"ငါ နားလည်ပါတယ် မှုန်တေရ။ သူ့ရဲ့ တန်ရာတန်ဖိုးပေးမှာပေါ့"

"ကျားရိုးကဆေးဖော်ဖို့လား"

"ဘယ်ကလာ ဆေးဖော်ရမှာလဲ ခွေးတွေကို သွေးတိုက်မလို့ကွ"

"ခွေးတွေက ဘာဖြစ်နေလို့လဲ ဘကြီးထော်။ ကျားရိုးသွေးတိုက်ပြီးရင် အရမ်းကိုက်တော့မှာ။ တော်ကြာ ခွေးကိုက်လို့ လျော်ကြေးပေးနေရတာနဲ့ ဘကြီးထော် ဒုက္ခရောက်နေပါဦးမယ်"

"ဒီလိုဟေ့ - ငါ့ဥယျာဉ်မှာ ဘုန်းကြီးကျောင်းသားတွေ ငါ့အလစ်မှာ အုပ်စုနဲ့လာပြီး သောင်းကျန်းလွန်းလို့ ခွေး (၃) ကောင် မွေးထားပါတယ်။ အဲဒီခွေးတွေကပါ ဘုန်းကြီးကျောင်းသားတွေနဲ့ ဆော့ဖော်ဆော့ဖက်ဖြစ်သွားလို့ကွ။ အဲဒါ ခွေးတွေ ကျားစိတ်ဝင်ပြီး ဘုန်းကြီးကျောင်းသားတွေကို ကိုက်စေချင်လို့ပဲ ဟေ့။ ဘုန်းကြီးကျောင်းသားတွေ မလာရဲအောင်ပေါ့ကွာ"

"ဪ - ဒီလိုလား ရပါတယ် ဘကြီးထော်။ နောက်ဈေးကျရင်လာခဲ့ပါ။ ကျွန်တော် ရအောင်ရှာခဲ့ပါ့မယ်"

"အေးကွာ၊ တောနက်ထဲနေတဲ့ မင်းတို့လိုမုဆိုးတွေဆီ အားကိုးမှရမှာမို့ မင်းဆီလာခဲ့တာကွ"

"စိတ်ချပါ ဘကြီးထော် စိတ်ချပါ။ နောက်ဈေး၊ နောက်ဈေး ဟုတ်လား အဟား. . . ဟား"

လို့ ရယ်သွမ်းသွေးပြီး မှုန်တေက အာမခံလိုက်ပါတော့တယ်။ ဦးဖိုးထော်ကတော့ အကျေနပ်ကြီး ကျေနပ်ကာ ဈေးထဲဝင်သွားပါတော့တယ်။

**ကျားရိုးသွေးတိုက်ပြီ**

ငါးရက်တစ်ပတ် နောက်ဈေးမှာ ဘကြီးထော် ဈေးထဲမှာ မှုန်တေကိုရှာပါတယ်။ မလာပါဘူး။ နောက်တစ်ဈေးမှာလည်း မလာပြန်ပါဘူး။ ဘကြီးထော်ကတော့ ကျားရိုးရချင်သူမို့ စိတ်ရှည်လက်ရှည်ဈေးနေ့ကို မျှော်ရတာအမောပါပဲ။

'မှုန်တေဆိုတဲ့ကောင် ကျားရိုးမရလို့လား၊ သားကောင်မရလို့လား၊ ဒါမှမဟုတ် နေမကောင်းထိုင်မသာများ ဖြစ်လို့လား မသိပါဘူး။ နောက်ဈေးဆိုပြီး ပေါ်ကိုမလာတော့ဘူး။ တတ်နိုင်ရင် ပြေးတောင်သွားလိုက်ချင်ပါရဲ့။ ဒါပေမယ့် ခရီးက နီးနီးနားနားမဟုတ်ပေဘူး။ အရေးကြီးပါတယ်ဆိုမှ ဒီကောင်ကပေါ်မလာဘူး'

လို့ တွေးပြီး ကျားရိုးကိစ္စကို ဖြေသိမ့်နေရပါတယ်။ ဟုတ်တယ်လေ - ချေလေး၊ ဆတ်လေး ဆိုတာ တစ်ခါတစ်ရံ ရွာထဲတင်ရောင်းကုန်တဲ့အမျိုးပါ။ ကြီးမားတဲ့ ပြောင်လိုအကောင်ကြီးတွေ၊ ဆတ်ဖားကြီးတွေရမှ ဒီလို လူစည်ကားတဲ့ဈေးကြီးမှာ ဈေးကောင်းရအောင် တက်ရောင်းရတာ။ တောထဲသွားတိုင်း သားကောင်က ရတာ မဟုတ်ပါဘူး။

ဟင်းစားဖြစ်တဲ့ အကောင်ငယ်လေးတွေနဲ့ ရောင့်ရဲတင်းတိမ်ရတာကလည်း မုဆိုးဘဝမှာ အဆန်းမဟုတ်တော့ပါဘူး။ မုဆိုးအလုပ်လည်း 'လာဘော, အလာဘော' ဆိုတာရှိတာပါပဲ။

ဒီလိုနဲ့ ငါးရက်ဈေးမြောက်တဲ့နေ့မှာ တောဝက်သားရောင်းနေတဲ့ မှုန်တေကို တွေ့ရတာကြောင့် ဦးဖိုးထော် ထီပေါက်သလို ဝမ်းသာသွားခဲ့ရပါတယ်။

"မှုန်တေရာ၊ ငါ့မှာ မျှော်လိုက်ရတာ လည်ပင်းကိုးတောင်ပြည့်လုပါပေါ့ ဆိုတာလိုဖြစ်နေပြီကွ။ ပါရဲ့လား ကျားရိုး"

"ဟာ - ပါတာပေါ့ ဘကြီးထော်ရာ။ ကျွန်တော် ရောင်းကုန်မရတာနဲ့ ဈေးမလာဖြစ်တာ ဘကြီးထော်ရဲ့။ ခုလည်း တောဝက်ထီးကြီးတစ်ကောင်ရလာလို့ လာရောင်းတာ ကဲ-ရော့ရော့"

ဆိုပြီး အဝတ်စုတ်လေးနဲ့ ရစ်ပတ်ထားတဲ့ အရိုးလေးကိုထုတ်ပေးပါတယ်။ အရိုးက လက်သန်းလောက်ရှိပြီး ဖြူညစ်ညစ်လေးရယ်ပါ။

"ဘယ်လောက်ပေးရမလဲ မှုန်တေ"

"ပေးမနေပါနဲ့တော့ ဘကြီးထော်ရာ။ နောက်ဈေးဆိုပြီး ကတိပျက်တာနဲ့ကို အားနာလှပါပြီ"

"အေး အေး - ကျေးဇူးတင်ပါတယ် မှုန်တေရာ"

ဆိုပြီး ဦးဖိုးထော် နောက်ကြောင်းပြန်လှည့်ပါတယ်။

ခွေးတွေအစာကျွေးချိန်မှာတော့ ဆေးသွေးတဲ့ ကျောက်ပျဉ်သေးသေးလေးမှာ ကျားရိုးကို ရေနဲ့အကျအနသွေးပြီး လက်ဖက်ရည်ပန်းကန်လေးထဲထည့်ပါတယ်။ ပြီးမှ အစာနဲ့နယ်ပြီး ခွေး (၃) ကောင်ကို ကျွေးပါတော့တယ်။

"ကဲ - မင်းတို့တွေ ကျားရိုးစားပြီး ကျားစိတ်ပေါက်ကြတော့ကွာ။ လာသမျှဘုန်းကြီးကျောင်းသားတွေ ကိုက်လွှတ်ကြကွာ ဟုတ်လား"

ဆိုပြီး ခွေးတွေကို အစာကျွေးရင်း ပြောနေပါတယ်။ ခွေးတွေကတော့ တပျော်တပါးစားကြတာပါပဲ။ စားပြီးတော့ ထူးလာမလား ဆိုတာသိချင်လို့ ခွေးတွေကို အကဲခတ်ကြည့်ပါတယ်။ ဘာမှထူးမလာသေးပါဘူး။ စားပြီးတာနဲ့ သူတို့အိပ်တဲ့နေရာမှာသွားခွေနေကြတာပါပဲ။

'အင်း - တစ်ခါနဲ့မရဘူး။ ကျားရိုးမကုန်မချင်းကျွေးရမယ်။ ဒါမှ တကယ့်ကျားစိတ်ပေါက်မှာ'

လို့ ဦးဖိုးထော် တွေးမိပါတယ်။

**ဆေးတန်ခိုးပြပြီ**

သိပ်မကြာလိုက်ပါဘူး။ ခွေးတွေ ဆေးတန်ခိုးပြဟန်တူပါတယ်။ အငြိမ်မနေဘဲ ခုန်ပေါက်မြူးထူးနေကြတော့တာပါပဲ။ အငြိမ်နေတယ်ဆိုတာ မရှိသလောက်တွေ့ရပါတယ်။

ဦးဖိုးထော်ဟာ ကျားရိုးကို ရက်ပိုင်းအတွင်း အကုန်သွေးပြီး ဘိုက်လိုက်ပါတယ်။ ကျားစိတ်မြန်မြန်ပေါက်လေ သူ့အတွက်ကောင်းလေကိုး။

ခွေးတွေဟာ မနားမနေ ဆော့ကစားနေကြရာက သူ့အိမ်ပေါ်အထိတက်ဆော့လာတာတွေ့ရတယ်။နောက်ပိုင်းမှာတော့ ပြတင်းပေါက်ကနေအောက်ကိုခုန်ချပြီး ဆော့ကစားလာတာကို အံ့သြဖွယ် တွေ့ရပါတယ်။

သူ့အိမ်ဆိုတာက သေးပေမယ့် ခြေတံရှည်အိမ်မြင့်ပါ။ လူတို့ ခွေးတို့ခုန်ချရင် ကျိုးသွားနိုင်တဲ့အခြေအနေပါ။ ဒါပေမယ့် ခွေးတွေဟာ ခွေးကျမကျဘဲ အလိုက်သင့်ကျပြီး အဆော့မပျက်ကြပါဘူး။ အဲဒီလို အိမ်ပေါ်က ခုန်ခုန်ချကြတာအကြိမ်ကြိမ်ဆိုတော့ ဦးဖိုးထော်ဟာ ကျားခုန်ခုန်တာလို့ပဲထင်မှတ်ပြီး ကျေနပ်နေတာပါ။ ကျားမို့ ခုန်ချနိုင်တာလို့ ထင်မှတ်ရာကနေ အံ့သြဖွယ်ကို ထပ်တွေ့ရပြန်ပါတယ်။ အဲဒါက သစ်ပင်တွေပေါ် ကို ခုန်ခုန်တက်တာပါ။ ခွေးဆိုတော့ တက်လို့ဘယ်ရမှာလဲ။ ပြန်ပြီးလန်လန်ကျတာပေါ့။ ဒီအထိလည်း ကျားမို့ သစ်ပင်တက်တာလို့ထင်မှတ်နေပြန်ပါတယ်။

အမူရာတွေကတော့ လုံးဝပြောင်းလဲသွားပါပြီ။ အရင်လို ခွေးပေါကြီးတွေ မဟုတ်တာ သေချာနေပါပြီ။

"လာခဲ့ကြစမ်း၊ မျောက်လောင်းတွေ"

လို့ စိတ်ထဲက စိန်ခေါ်နေမိပါတော့တယ်။

**ကိုလူချောတို့လာချေပြီ**



www.burmeseclassic.com

www.burmeseclassic.com

ဖော်ရွှယ်သန်း

# ပြည်မြန်မာမြောက်ဖျား ပူတာအိုဒေသမှ ထူးဆန်းရှားပါးဆေးဖက်ဝင်အပင်များ

မြန်မာနိုင်ငံ မြောက်ဖျား ကချင်ပြည်နယ် ပူတာအိုဒေသသည် ဒေသန္တရသဘာဝအနေအထား၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ မနုဿဗေဒရှုထောင့်တို့မှ လေ့လာဖွယ်၊ စိတ်ဝင်စားဖွယ်များ ကြွယ်ဝလှသည်ကို ပူတာအိုမြို့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ကာလအတွင်း၌ ပိုမိုသိရှိလာခဲ့ပါသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် လက်လှမ်းမီသရွေ့ မေးမြန်းလေ့လာ မှတ်သားခဲ့ပါသည်။ ပူတာအိုဒေသတွင် ထင်ရှားကျော်ကြားပြီးတန်ဖိုးကြီးမားသော၊ အစွမ်းထက်သော ဆေးဖက်ဝင်အပင်များရှိသည်ကိုမူ ပူတာအိုမြို့သို့ မရောက်မီကပင် သိရှိခဲ့ပါသည်။ သို့သော်လည်း ကျယ်ကျယ်ပြန့်ပြန့် မသိနိုင်ခဲ့ပါ။ တစ်ဆင့်ပြောစကားနှင့် တွေ့ဖူးသူ၊ ရောက်ဖူးသူများ ရေးသားကြသော ဆောင်းပါး၊ မှတ်တမ်းများဖတ်၍သာ သိရှိခဲ့ရသည်။ အရင်က ခန်းတောက်မြစ်၊ မရှော့ရွက်နှင့် မချစ်ဥလောက်သာ သိခဲ့ရသည်။ ပူတာအိုမြို့သို့ ရောက်မှ ရှီးပတီး၊ ခုရှားစု၊ ဂျင်စင်းမြစ်များအကြောင်း အစွမ်းထက်ပုံများကို သိရှိခဲ့ရပါသည်။ စုံစုံလင်လင်မှတ်တမ်းတင်လိုသဖြင့် နှိုက်နှိုက်ချွတ်ချွတ် လေ့လာမှတ်သားခဲ့ပါသည်။

**မရှော့စီ (ခေါ်) အဆိပ်ဖြေဆေးရွက်**

ပူဟာအိုဒေသ၌ အလွန်ထင်ရှားသော ဆေးရွက်တစ်မျိုး ဖြစ်ပါသည်။ ကချင်ဘာသာဖြင့် မရှော့စီ (Mashous Tis) ဟု ခေါ်ပါသည်။ ပထမဆုံး ဆေးရွက်အစွမ်းကိုတွေ့ရှိခဲ့သူ မရှော့ဒူဝါကို အစွဲပြု၍ မရှော့စီဟု ခေါ်ကြောင်း ပြောဆိုကြပါသည်။ ဤဆေးရွက်၏ အစွမ်းသတ္တိကို စတင်တွေ့ရှိသည့် ဇာတ်လမ်းကိုလည်း ယနေ့တိုင် ပြောဆိုနေကြပါသည်။

**မရှော့ရွက်၏အစွမ်းကို တွေ့ရှိပုံဇာတ်လမ်း**

မြစ်ကြီးနားခရိုင် မြောက်ပိုင်းဒေသ နယ်မြေအသီးသီးကို အုပ်ချုပ်နေထိုင်လျက်ရှိသော ဒူဝါများအနက် အင်ဒွန်အမျိုးအနွယ် မရှော့ဒူဝါအမည်ရှိ ဒူဝါကြီးတစ်ဦး ရှိခဲ့လေသည်။ တစ်နေ့တွင် ဒူဝါကြီးနှင့် ဒူဝါကတော်တို့သည် တောနက်ထဲသွား၍ တောင်ဖက်များကို ရှာကြသည်၊ ခူးကြသည်။ တောနက်ကြီးအတွင်းတစ်ခုသော ချုံနွယ်များအကြား

---

ဦးဖိုးထော်ဥယျာဉ်ကို ဘုန်းကြီးကျောင်းသားတွေ လာတယ်ဆိုတာ စားဖို့ထက် ဆော့ဖို့အဓိကထားပြီး လာကြတာပါ။ ဦးဖိုးထော်နဲ့တိုးလို့ အဆဲခံရပြီး ပြေးကြရတာကလည်း အရသာတစ်မျိုးပဲလေ။ ဦးဖိုးထော် အပြင်သွားနေခိုက်ကြုံရင်လည်း ဥယျာဉ်ထဲ မျောက်ရှုံးအောင်ဆော့ကြရတာ အလွန်ပျော်စရာကောင်းတာပါ။

ဘုန်းကြီး မြို့သွားတဲ့တစ်နေ့မှာ ကျောင်းသားလေး၊ ငါးဦး သဘောတူရာလူစုပြီး ဦးဖိုးထော်ဥယျာဉ်ဆီ ချီတက်ခဲ့ကြပါတယ်။ အသံတိတ်လာပြီး ဥယျာဉ်ထဲကြည့်လိုက်တော့ ဆော့ကစားနေတဲ့ ခွေးတွေကို မြင်ရတာကြောင့် ထုံးစံအတိုင်း အပြင်ကစုတ်သပ်ပြီးအခေါ်မှာ အားလုံးပြေးထွက်သွားပြီး ကျောင်းသားတွေအပေါ် ခုန်တက်နေတာကို ဦးဖိုးထော်မြင်လိုက်ရတော့တာပါပဲ။

"တောက်-ဘာကျားရိုးလဲ။ ကျားဆိုတာ ကိုက်ရမှာပေါ့ ။ ခုဟာ အရင်ထက်တောင်ပိုပြီးရင်းနှီးသွားသေးတယ်။ အင်း- ခွေးတွေအမူအရာပြောင်းပေမယ့် ကျားအမူအရာမဟုတ်ဘူး။ ခုန်ပေါက်ဆော့ကစားတာတွေဟာ ခွေးနဲ့မတူဘဲ မျောက်နဲ့တူနေတယ်။ တန်တော့ ဧကန္တ မုဆိုးမှုန်တေ ငါ့ကိုပေးတာမျောက်ရိုးဖြစ်ရမယ်။ ငါ့ခွေးတွေ မျောက်စိတ်ပေါက်ကုန်တာ၊ ဟုတ်တယ်-မျောက်စိတ်ပေါက်ကုန်တာ။ တောက် - တွေ့ကြသေးတာပေါ့ မှုန်တေရာ။ ဖိုးထော် ဒီလောက်မအပါဘူးကွ"

**မျောက်ရိုးအစားထိုး**

"ဟေ့ကောင် မှုန်တေ"

"ဗျာ - ဘကြီးထော်၊ ဘာတုံး"

"မင်း ငါ့ကိုပေးတာ မျောက်ရိုးမဟုတ်လား"

"ဟဲဟဲ - ဘကြီးထော်ကလည်း တော်သားပဲ။ ဘယ်လိုလုပ်ပြီး သိတာတုံး"

"သိတာပေါ့ဟ။ ခွေးတွေက ကျားစိတ်မပေါက်ဘဲ မျောက်စိတ်ပေါက်ပြီး အိမ်အမြင့်ကနေ ခုန်ချလိုချ၊ သစ်ပင်တက်လိုတက်နဲ့ ခွေးစိတ်ပျောက်ပြီး မျောက်စိတ်ပေါက်ကုန်ပြီကွ။ ခွေးနဲ့တောင် မတူတော့ဘူး။ ကျားစိတ်ပေါက်အောင် မင်းဆီအကူအညီတောင်းမိပါတယ်။ ခုမှပိုဆိုးကုန်တော့တယ်။ ကျားရိုးမရှိရင်လည်း မရှိဘူးဆို ပြီးတာပါပဲကွာ"

"ကျွန်တော်လည်း ပေးပြီးတဲ့ကတိရှိတော့ကာ ကြံရာမရတာနဲ့ မျောက်ရိုးယူလာခဲ့တာပဲ ဘကြီးထော်ရေ့။ အဲဒီမျောက်က အလွန်ဆော့တဲ့ မျောက်ထီးကြီးဗျ"

"ငါကွာ. . . မင်းဆိုတဲ့ကောင်ဟာ ကောင်းကျိုးမပေးတဲ့ကောင်ဘဲကွ။ မင်းကွာ ငါ့ကိုသက်သက်စော်ကားတာ"

လို့ ပြောပြီး ဒေါ်နဲ့မောနဲ့ ထွက်သွားပါတယ်။ မုဆိုးမှုန်တေကတော့ ပြုံးပြုံးကြီးကျန်ရစ်လေရဲ့။ ဈေးကလူတွေ စည်နေတုန်းပါပဲ။

**ခေတ်အဆက်ဆက်**

အထက်ပါ အကြောင်းအရာကို ရှေးခေတ်လူတွေက ပုံပြင်သဖွယ် ရယ်မောဖွယ်ပြောပြလေ့ရှိတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဦးဖိုးထော်မရှိတော့ချိန်မှာ အဲဒီဥယျာဉ်ကို လယ်တွေပြန်ဖော်ပါတယ်။ ဥယျာဉ်ပျောက်သွားခဲ့ရပါတယ်။

နောက်ပိုင်း ဘုရားသုံးဆူနားမှာ ဒေါ်သိန်းတင်ဥယျာဉ်ဆိုတာ ပေါ်လာပြန်ပါတယ်။ ခုတော့ အဲဒီနေရာတွေမှာ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးပေါ်ပေါက်နေပါပြီ။ ခေတ်အဆက်ဆက် ပြောင်းလဲသလို အရာရာဟာလည်း ပြောင်းလဲတတ်တာ ဓမ္မတာပဲ မဟုတ်ပါလား။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး(မိုးကောင်း)



www.burmeseclassic.com

www.burmeseclassic.com

အလွန်လှပစွာ ပေါက်ရောက်နေသော တောင်ဖက်များကို ခူးနေစဉ် ဇနီးဆီက မမျှော်လင့်သောအသံတစ်ခုကို ကြားရသည်။ ဇနီးသည်မှာ တစ်ချက်သာလျှင် ငယ်သံပါအောင် အလွန်စူးရှစွာအော်ပြီး ထိတ်သွားသဖြင့်ပြေးကြည့်ရာ မြေကြီးပေါ်တွင် ပက်လက်လဲသေဆုံးနေသော ဇနီးသည်ကို တွေ့မြင်ရသည်။ တစ်စုံတစ်ခုသောအန္တရာယ်ရှိပြီဟု ဇနီးသည်အားသို့ ဂရုတစိုက်ကြည့်မိရာတွင် ဝပ်နေသော မြွေငန်းမကြီးတစ်ကောင်သည် မာန်ထောင်လျက်ရှိနေသည်ကို တွေ့လိုက်ရပါသည်။ ဧကန္တ မြွေငန်းမကြီး ပေါက်၍သေပြီဟု ဒေါသကြီးစွာဖြင့် ချုံကွယ်ရာဘက်အကာအကွယ်ယူပြီးလျှင် ငန်းမြွေမကြီးကို ဓားဖြင့် ခုတ်သတ်၍ အစိတ်အပိုင်းများ ခုတ်ထစ်လိုက်ပြီး ဥများကိုပင် ဖျက်ဆီးလိုက်သည်။

ဒူဝါသည် မြွေကိုသတ်ပြီး ဇနီးသည်အလောင်းကို ထမ်းကာပြန်လာရာတွင် ကိုက် (၁၀၀) ခန့်အကွာသို့ ရောက်သောအခါ တစ်စုံတစ်ခုသော အသံသည် ထိုမြွေသိုက်ရှိရာသို့ ရှေးရှုရာသို့ လာနေသလိုလို ကြားရသဖြင့် ဇနီးသည်အလောင်းကို ချုံတစ်ခု၏ အောက်သို့ ချပြီးလျှင် သစ်ပင်တစ်ပင်သို့ အလျင်အမြန်တက်ကာကြည့်နေတော့၏။ မကြာမီအတွင်း၌ လူ၏ ပေါင်လောက်ရှိသော ကြီးမားရှည်လျားသော ငန်းမြွေကြီးတစ်ကောင်သည် ရောက်လာ၍ မြွေမ သေနေသည်ကို တွေ့ရသော် ဒေါသအမျက်ပြင်းစွာထွက်ကာ ဘေးပတ်ပတ်လည် ရန်သူကိုရှာသော်လည်း မတွေ့ရသဖြင့် အစိတ်စိတ်အပိုင်းပိုင်းဖြစ်နေသောမြွေမကို ပါးစပ်နှင့်ကိုက်ယူပြီး တစ်ပိုင်းနှင့် တစ်ပိုင်း နဂိုမြွေအတိုင်း ခေါင်းမှ အမြီးသို့ ဆက်လိုက်သည်။ ထို့နောက် အနီးရှိ သစ်ပုပင်ကလေးတစ်ပင်မှ အရွက်များကို ပါးစပ်ဖြင့်ကိုက်၍ ဒူးလာပြီး ဦးခေါင်းမှ အမြီးအထိအဆက်တိုင်း သစ်ရွက်တစ်ရွက်စီ သေနေသော မြွေအလောင်းပေါ်သို့ တင်လိုက်သည်။ ထိုသို့ ပြုလုပ်ပြီးသည်နှင့် မကြာမီ မြွေသည် ပကတိအတိုင်းပြန်၍ ရှင်သန်လာပြီး ဥများကို ကြည့်လိုက်၊ မြွေထီးကိုကြည့်လိုက်နှင့် ငိုဆွေးနေတော့၏။ ဥများပျက်စီးနေပြီဖြစ်၍ မိမိတို့မှာလည်း ဘေးအန္တရာယ်ကင်းမဲ့ကြောင်း သိတတ်သော မြွေထီးက မြွေမကိုခေါ်၍ အခြားအရပ်သို့ ထွက်ပြေးသွားကြသည်။

ထိုအခြင်းအရာများကို သစ်ပင်ပေါ်မှမြင်ရသော မရှော့ဒူဝါသည် ဆင်းလာပြီး မြွေချထားခဲ့သော သစ်ရွက်များကိုယူကာ မြွေအသေပင်ရှင်နိုင်လျှင် လူလည်းရှင်နိုင်သည်ဟု ယုံကြည်သည့်အတွက် သစ်ရွက်တချို့ကို မြွေပေါက်ထားသော ဇနီးသည်၏ဒဏ်ရာများပေါ်၌တင်ပြီး အရွက်ကိုးရွက်ကို ရေအနည်းငယ်နှင့်ခြေကာ ဇနီးသည်၏ ပါးစပ်မှလောင်းချလိုက်သည်။ ခဏကြာလျှင် ဆေး၏ တန်ခိုးသည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားပြီး သေပြီးသောဇနီးသည်မှာ လှုပ်ရှားလာပြီး အတန်ကြာသောအခါ အသက်ရှင်၍ ထလာသည်။ ဝမ်းသာအားရဖြင့် ဒူဝါတို့ဇနီးမောင်နှံသည် ၎င်းတို့ ကောက်ရသော ဆေးရွက်များနှင့် ဆေးပင်ကိုပါ တူးဖော်၍ အိမ်သို့ပြန်လာခဲ့ ကြသည်။ ရွာနှင့်မနီးမဝေး လူမသိနိုင်သော နေရာတစ်ခုတွင် လျှို့ဝှက်စွာ စိုက်ထားပြီး အဆိပ်အတောက်ဟူသမျှကို ပိုင်နိုင်စွာ ကုသလေတော့သည်။

မြွေဆိပ်များကို လည်းကောင်း၊ အခြားအဆိပ်အတောက်များကို လည်းကောင်း မရှော့ရွက်တစ်ရွက်စားလိုက်ရုံဖြင့် ပြေသွားနိုင်သည်ဟု ဆိုကြပါသည်။

လီဆူတိုင်းရင်းသားတို့ အမဲလိုက်ရာတွင် အဆိပ်ဆီများ သုတ်လိမ်းထားသည့် အဆိပ်လူးမြားဖြင့် သားကောင်ကို ပစ်ခတ်ကြသည်။ ထိုအဆိပ်မှာ သားကောင်တိုင်း တစ်ချက်တည်းဖြင့် ချက်ချင်း သေသည်အထိ အလွန်ပြင်းထန်လှပါသည်။ တစ်နေ့တွင် မရှော့ဒူဝါသည် သူ၏ဆေးကို စမ်းသပ်လိုသဖြင့် မိမိ မွေးထားသောခွေးအား အစာနှင့်ရော၍ ၎င်းအဆိပ်ကို ကျွေးရာ သေခါနီးလူးလိမ့်နေစဉ် မရှော့ရွက်ဆေးတစ်ခွက်ကို ရေနှင့်ဖျော်၍ တိုက်လိုက်ရာ ပြန်ရှင်လာသည်ဟု ဆိုပါသည်။ နောက်တစ်ကြိမ်တွင်မူ ၎င်းအဆိပ်ကို တိုင်းရင်းသားမုဆိုးတစ်ဦးထံမှ တောင်း၍ စားပြမည်ဟု ပြောရာ လီဆူးတိုင်းရင်းသားမုဆိုးက မစားပါနှင့် သေလိမ့်မည်ဟု ပြောသော်လည်း အဆိုပါ အဆိပ်ကို စားပြပြီး အဆင်သင့်ဆောင်ထားသော မရှော့ရွက် နှစ်ရွက်ကိုလည်း ဝါးမျိုချလိုက်ရာ မူးဝေအော့အန်ခြင်းပင် မဖြစ်ကြောင်း တွေ့ရသဖြင့် လီဆူးတိုင်းရင်းသားမုဆိုးက လူမဟုတ် နတ်ဖြစ်သည်ဟု အလွန်အံ့ဩသည် ဟူ၏။

### အသုံးဝင်အစွမ်းထက်ပုံ

ထိခိုက်ဒဏ်ရာရသည့်အခါတိုင်း မရှော့ရွက်ကို ထုထောင်းပြီး အုံပေးလျှင် အပျောက်မြန်သည်။ မြွေ၊ ကင်း အစရှိသည့် အဆိပ်ရှိသောအကောင်များကိုက်လျှင်လည်း မရှော့ရွက်ကိုထုထောင်းပြီး အုံပေးရသည်။ မည်မျှပင် အဆိပ်ပြင်းပါစေ နှစ်ကြိမ်၊ သုံးကြိမ်အုံပေးလိုက်လျှင် အဆိပ်များ ပြေပျောက်သွားသည်ဟု ဆိုပါသည်။

### အဖိုပင်နှင့်အမပင်

မရှော့ပင်တွင် အဖိုပင်နှင့်အမပင် ဟူ၍ နှစ်မျိုးရှိကြောင်းသိရပါသည်။ အမပင်က ပိုမိုအစွမ်းထက်ကြောင်း ပြောကြပါသည်။ အဖိုပင်ကိုလည်း သုံးကြပါသည်။ တစ်နှစ်လုံးမှာ အရွက်လေးရွက်သာထွက်သည့်အတွက် ရှားပါးအဖိုးတန်လှပါသည်။

မရှော့ပင်တွင် အမျိုးပေါင်းများစွာရှိသည်ဟု သိရပါသည်။ အစွမ်းထက်မှုအရ အတန်းအစားသုံးမျိုးခွဲခြားထားပါသည်။ ပထမတန်းစားမှာ အရွက်သေးပြီး အဖျားချွန်သည်။ ဒုတိယတန်းစားမှာ အနည်းငယ်ရှည်သည်။ တတိယတန်းစားမှာ အရွက်ကြီးသည်၊ရှည်လည်းရှည်သည်။

### ထွက်ရာဒေသများ

ပူတာအိုခရိုင်အတွင်း နောင်မွန်မြို့နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်နှင့် ပန်နန်းဒင်မြို့နယ်များ၌ ထွက်ရှိပါသည်။ ပူတာအိုဒေသ၏ အဖိုးတန်သယံဇာတအရင်းအမြစ်တစ်မျိုးပင် ဖြစ်သည်။

### မသေဆေးခေါ် မချစ်ဥ

ပူတာအိုခရိုင်အတွင်း ရေခဲတောင်တန်းများပေါ်၌ ပေါက်ရောက်ရှင်သန်ပါသည်။ အလွန်အဖိုးတန်သော နာမည်ကြီး ဆေးဖက်ဝင်ဥတစ်မျိုး ဖြစ်ပါသည်။ ရဝမ်တိုင်းရင်းသားများက မချစ်ဥဟုခေါ်သကဲ့သို့ ထိုဒေသနေဂျိန်းဖော (ကချင်)၊ ခန္တီးရှမ်းတိုင်းရင်းသားများကပါ မချစ်ဥဟု ခေါ်တွင်ကြသည်။ တိဗက်လူမျိုးများကမူ ယော်တော့(Yaw Taw) ဟု ခေါ်ပြီး ယူနန်နယ်သား တရုတ်လူမျိုးများကမူ ပိုက်မူ (Pai mu) ဟူ၍ ခေါ်ဝေါ်ပါသည်။ ရုက္ခဗေဒဝေါဟာရအားဖြင့် Fritillana Rcylei ဟု ခေါ်ကြောင်း သိရှိရပါသည်။ မချစ်ဥအစွမ်းအာနိသင်ကို စတင်သိရှိသူများမှာ ယူနန်မှ တရုတ်ကုန်သည်ကြီးများ ဖြစ်ကြသည်။ တရုတ်လူမျိုးက မချစ်ဥကို ပျား



www.burmeseclassic.com

www.burmeseclassic.com

ရည်နှင့် စိမ်ကာ နေ့စဉ် နံနက် သို့မဟုတ် ညတိုင်းမှန်မှန်စားပေးခြင်းဖြင့် မည်သည့် ရောဂါမျှမဖြစ်နိုင်။ အသက်ရှည်၍ နုပျို သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် မချစ်ဥကို မသေဆေးဟု တင်စားခေါ်ဝေါ်ကြသည်။ မချစ်ဥထွက်သောနေရာများကို စတင်သိရှိသူများမှာ တိဗက်လူမျိုးများ ဖြစ်ကြသည်။

**ပေါက်ရောက်ဒေသနှင့်တူးဖော်ချိန်**

မချစ်ဥများသည် အမြင့်ပေ (၁၂၀၀၀) နှင့်အထက် သာမန် သစ်ပင်များ ကောင်းစွာ မပေါက်နိုင်သည့် ရေခဲဖုံးဒေသများတွင် ပေါက်ရောက်ကြပါသည်။ အဆိုပါဒေသများမှာ ခေါင်လန်ဖူးမြို့နယ်၊ နောင်မွန်မြို့နယ်နှင့် ပန်နန်းဒင်မြို့နယ်များအတွင်း တရုတ်-မြန်မာ နယ်စပ်တောင်တန်းများဖြစ်ကြပါသည်။ မချစ်ဥကို နှစ်စဉ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင်သာ ရှာဖွေ တူးဖော်နိုင်သည်။

**အပင်၊ အပွင့်နှင့်ပုံသဏ္ဌာန် အရောင်အဆင်း**

မချစ်ဥများမှာ အကောင်း၊ အဆိုး အမျိုးမျိုးရှိပါသည်။ အပင်အမြင့်မှာ နှစ်ပေခွဲခန့်မြင့်သည်။ အကောင်းဆုံးအပင်များမှာ သုံးပေကျော်မြင့်ကြောင်း သိရှိရပါသည်။ ပင်စည်မှာ အမျိုးသမီးလက်သန်းအရွယ်မျှသာကြီးသည်။ မြက်၊ စပါးကဲ့သို့ သေးသွယ်သောအရွက်များရှိကြသည်။ အပွင့်မှာ အထူးလှပပြီး အရောင်မျိုးစုံပွင့်သည်။ အဖြူ၊ အနီ၊ အပြာ၊ ခရမ်းနှင့် အဝါရောင်များ ဖြစ်ကြသည်။ ပွင့်စတွင် အရောင်တစ်မျိုး၊ ကြွေခါနီးတွင် အရောင်တစ်မျိုး ဖြစ်သည်။ အပွင့်များကြွေသောအချိန်တွင် ဥများကို တူးဖော်ရသည်။

**တူးဖော်ခြင်း၊ အခြောက်လှန်းခြင်း**

မချစ်ဥပင်တစ်ပင်လျှင် တစ်ဥသာပါသည်။ ကြက်သွန်ဖြူဥကလေးများနှင့် သဏ္ဌာန်တူသည်။ ထို့ကြောင့် ကြက်သွန်ဂမုန်းဟုလည်း ခေါ်ခြင်း ဖြစ်သည်။ မြေကြီးအတွင်း ခြောက်လက်မမှ တစ်ပေခွဲခန့်အထိ တူးယူကြရသည်။ ထိုသို့ တူးဖော်ရရှိလာသော မချစ်ဥအစိုများကို အခြောက်လှန်းကြရပါသည်။ ဇွန်၊ ဇူလိုင်လများသည် မိုးတွင်းကာလဖြစ်၍ မီးဖိုပြီး မီးနှင့်ပင် အနေတော်ခြောက်ရန် ဂရုတစိုက် လှန်းကြရသည်။ အခြောက်မလှန်းဘဲ ရက်ကြာကြာထားလျှင် ပုပ်သွားတတ်သည်။ ထို့ကြောင့် နေ့ဘက်တွင် တူးဖော်ရရှိသမျှ မချစ်ဥများကို ညတွင် မီးလှုံရင်း အခြောက်လှန်းကြရသည်။

**အမျိုးအစားများ**

အကြမ်းအားဖြင့် သုံးမျိုးခန့်ရှိသည်ဟု သိရှိရပါသည်။ ဒေသအခေါ် အားဖြင့် အန်လပ်မချစ် (Anlap) မှာ အရည်အသွေးအကောင်းဆုံး၊ ဈေးအကြီးဆုံး မချစ်ဥ ဖြစ်ပါသည်။ ပင်စည်မှာ လက်လေးလုံးခန့်သာမြင့်ပြီး အရွက်နှစ်ရွက်သာ ထွက်လေ့ရှိသည်။ ဤမျိုးကို နားလည်သည့် လူများလောက်သာ ရှာဖွေတွေ့ရှိနိုင်သည့် အကောင်းဆုံး မချစ်ဥပင်မျိုးဖြစ်ပါသည်။

ဒုတိယအမျိုးအစားမှာ အန်ကောင်းမချစ်ဥ (Ankung) ဖြစ်သည်။ အပင်အမြင့်မှာ နှစ်ပေ၊ သုံးပေခန့်ရှိသည်။ အပင်တစ်ပင်လျှင် ပန်းသုံး၊ လေးပွင့် ပွင့်လေ့ရှိသည်။ ပန်းအရောင်မှာ သုံးကြိမ်ခန့် ပြောင်းသည်။ အဖြူရောင်၊ နောက်ကြွေခါနီးတွင် အနီ သို့မဟုတ် အဝါရောင်သို့ ထူးဆန်းစွာ ပြောင်းလဲသွားသည်။ ဒုတိယအကောင်းဆုံးအမျိုးအစား ဖြစ်ပါသည်။

တတိယအမျိုးအစားမှာ အူခွားသို့မဟုတ် ကူရှား (Ku Sha) ဖြစ်ပါသည်။ အထက်ဖော်ပြပါ အမျိုးအစားများ၏ ထက်ဝက်ခန့်သာ အာနိသင်ရှိကြောင်း သိရပါသည်။ အညံ့ဆုံးအမျိုးအစား ဖြစ်သည်။ သို့သော် တရုတ်လူမျိုးများကမူ လူဝဆေးအဖြစ် အသုံးပြုကြပါသည်။

**ပေါက်ဈေး**

စာရေးသူ ပူတာအိုမြို့သို့ ပြောင်းရွှေ့ပြီးနောက် ပူတာအိုဈေးအတွင်း၌ ရောင်းချနေသော မချစ်ဥအခြောက်ထုပ်ကလေးများကို ဈေးနှုန်းမေးကြည့်ရာ ငါးကျပ်သားခန့်အထုပ်ကလေးတစ်ထုပ်ကို (၁၅၀၀) ကျပ်ဖြင့် ရောင်းချကြောင်း တွေ့ရပါသည်။ ရောင်းချသူဆိုင်ရှင်က -

"အရင်ကတော့ များများစားစားဆိုမှာ တင်ထားနိုင်ပါတယ်။ အခုချိန်မှာတော့ ဈေးကောင်းရတဲ့ တရုတ်ပြည်ဘက်ကို ခြေကျင်လမ်းကပို့နေကြတော့ ဒီဘက်ကို များများစားစားမရောက်တော့ဘူး"

ဟု ပြောပါသည်။

**အစွမ်းသတ္တိ**

ဒေသခံများ၏ ပြောပြချက်အရ ဗိုက်နာ၊ ဝမ်းလျှော၊ ဝမ်းကိုက်သည့်အခါ ဆေးဥတစ်လုံး၊ နှစ်လုံးကိုဝါး၍ ရေနှင့် မျှောချခြင်းဖြင့် ပျောက်ကင်းသည်။ ချောင်ဆိုး၊ ရင်ကျပ်၊ အအေးမိ နမိုးနီး ယားကဲ့သို့သောရောဂါမျိုးကို ပျားရည်နှင့်ရော၍ သောက်ကြသည်။ ထိခိုက် ဒဏ်ရသည့်အခါတွင်လည်း အမှုန့်ကြိတ်၍ အနာတွင်ထည့်ပြီး အဝတ်ဖြင့်ပတ် စည်းထားခြင်းအားဖြင့် ပျောက်ကင်း သည်ဟု ဆိုပါသည်။

တရုတ်နိုင်ငံ ယူနန်းပြည်နယ် မြောက်ပိုင်းနေ တရုတ်သူဌေးကြီးများ သည် စဉ့်အိုးကြီးများတွင် ဤမချစ်ဥကို ပျားရည်နှင့်အတူရော၍ နံနက်သို့မဟုတ် ညတိုင်းမှန်မှန်သောက်ပါက မည်သည့် ရောဂါမျှမဖြစ်သည့်အပြင် အသက်ရှည် သည်ဟု ဆိုပါသည်။ ဆံပင်မဖြူ ရုပ်ရည် မကျဆေးများ ဖော်စပ်ရာတွင် လည်း ကောင်း၊ ကာမအားတိုးဆေး ဖော်စပ်ရာ တွင် လည်းကောင်း တရုတ်လူမျိုးတို့ အသုံးပြုကြသည်ဟု သိရှိရပါသည်။

မည်သို့ပင်ဖြစ်စေ မချစ်ဥသည် မြန်မာတို့၏အဖိုးတန်သယံဇာတပစ္စည်း တစ်မျိုးဖြစ်၍ ထိုက်တန်သော ဈေး ကွက်တစ်ခုရရှိရေး အရေးကြီးပါသည်။

**အဖိုးတန်ခန်းတောက်မြစ်**

ပူတာအိုဒေသအတွင်း ခေါင်လန် ဖူး၊ ပန်နန်းဒင်နှင့် နောင်မွန်မြို့နယ်များ အတွင်း၌ အခြားသော တန်ဖိုးရှိ မချစ်ဥ မရှော့ရွက်၊ ဂျင်စင်းနှင့် ရှီးပတီး စသည့် ဆေးဖက်ဝင် ဆေးမြစ်၊ ဆေးဥများနှင့် အတူ ခန်းတောက်မြစ်လည်း ထွက်ရှိပါ သည်။ နာမည်ကြီး အဖိုးတန်ဆေးမြစ် တစ်မျိုးဖြစ်ပါသည်။

ခန်းတောက်ပင်သည် ခွာညိုမျိုး ရင်းတွင် ပါဝင်ပြီး Romunculacese ဟု ခေါ်ပါသည်။ ရုက္ခဗေဒအမည်အားဖြင့် Coptis Teeta Wall ဟု ခေါ်တွင်ကာ အင်္ဂလိပ်အမည်အားဖြင့် Gold Thread ဖြစ်ပါသည်။

အမြစ်သည် မြေတွင်တွားသွားပြီး သားတက်ပွားနုများ ပါရှိသည်။ သား တက်များသည် ရွှေဝါရောင်အဆင်းရှိ အသားထူသည်။ အရသာမှာ အလွန်ခါး သည်။

ခန်းတောက်မြစ်နှင့် ငရုတ်ကောင်း ဆတူသမအောင်ရောနှယ်ကြိတ်ပြီး စားတော်ပဲစေ့အရွယ်အလုံးကလေးများ လုံးကာ နံနက်တစ်လုံး၊ ညတစ်လုံး ရေ နွေးနှင့်သောက်လျှင် သလိပ်ထ၊ ချော



www.burmeseclassic.com

www.burmeseclassic.com

ဆီး၊ ပန်းနာကျပ် ပျောက်ကင်းပါသည်။

**ပေါက်ရောက်ရာဒေသနှင့် အခေါ်အဝေါ်များ**

အဆိုပါ ခန်းတောက်ပင်များကို ပေရှစ်ထောင်ကျော်မြင့်သော တောင်တန်းများတွင် တွေ့နိုင်သည်။ ရေခဲဆီးနှင်းများ ထူထပ်သော တောင်ခြေရင်းများ၌ စိုက်ပျိုးကြပါသည်။ ဂိုန်းဖေ (တချင်) တိုင်းရင်းသားများ၊ ကနူးမရင်း (Num-Rim) ဟု ခေါ်ကြပါသည်။ တရုတ်တို့အသုံးပြုသောဆေးဖက်ဝင်ဘယဆေးဖြစ်သည့်အတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ ဝုမ်လျှင် ဟု ခေါ်ပါသည်။ ရုက္ခဗေဒအားဖြင့် Coptisheeta ဟု ခေါ်ဝေါ်ကြောင်း သိရှိရပါသည်။

**စိုက်ပျိုးခြင်း**

ပေ (၇၀၀၀) နှင့် (၈၀၀၀) ခန့်မြင့်သောနေရာများတွင် ခုတ်ထွင်ရှင်းလင်း၍စိုက်ပျိုးကြပါသည်။ အရိပ်ကြိုက်သောအပင်မျိုးဖြစ်ပါသည်။ ခန်းတောက်ပင်စိုက်ပျိုးခြင်းကို ရဝမ်၊ လီဆူး၊ မရူတိုင်းရင်းသားများ ကျွမ်းကျင်ကြပါသည်။

**အစွမ်းသတ္တိ**

ဆေးမြစ်ကို ငှက်ဖျားကဲ့သို့ ချမ်း၍ဖျားသောရောဂါများဖြစ်ပါက ကျိုချက်၍သောက်လျှင် ပျောက်ကင်းကြောင်း သိရပါသည်။ အဖေးဓာတ်ရှိပြီး အပူနိုင်သောဆေးမြစ်ဖြစ်၍ ဆေးမြစ်အနည်းငယ်ကို ရေတွင်စိမ်သည့်အခါ ဝါလာပြီး သန့်ရှင်းသောပိတ်စဖြင့်စစ်၍မျက်စိကျိန်း၍ နာခြင်း၊ နီ၍နာခြင်းများအတွက် ညအိပ်ခါနီး၍ ၎င်းဆေးရည်ကိုခတ်အိပ်ပါက တစ်ချက်ခတ်ရုံဖြင့် စမ်းသပ်ကြည့်သည့်အခါ အပူနိုင်သောဆေးဖြစ်ကြောင်း တွေ့ရသည်ဟု ဆိုပါသည်။

**ရှီးပတီး**

နွေဦးရာသီတွင် နွယ်မြက်ရှင်အဖြစ်တည်ပြီး ဆောင်းရာသီကာလများတွင် ပိုးကောင်အဖြစ်သို့ ပြောင်းလဲသည့် သစ်တောထွက် သယံဇာတတစ်မျိုး ဖြစ်ပါသည်။ တရုတ်တိုင်းရင်းဆေးသုတေသီများက အစွမ်းထက်သည့်တိုင်းရင်းဆေးအဖြစ် ဝယ်ယူမှုများရှိသည်။

ရှီးပတီး ဟူသော အခေါ်အဝေါ်မှာ လီဆူးတိုင်းရင်းသားများ၏ ဒေသအခေါ်အဝေါ်ဖြစ်ပြီး ၎င်းသည် ရေခဲဖုံးလွှမ်းသော မြက်ပင်ထူထပ်စွာပေါက်ရောက်သည့်နေရာများတွင် ပေါက်ရောက်ရှင်သန်ကြောင်း သိရှိရသည်။ အပင်ဘဝတွင် ယင်း၏ ပုံသဏ္ဌာန်မှာ အပူပိုင်းဒေသတွင်ပေါက်သည့် စွန်ပလွံပင်မျိုးနှင့် တူညီမှုရှိပြီး ဆေးဖက်ဝင်ကြောင်းလည်း တရုတ်တိုင်းရင်းဆေးသုတေသနစာတမ်းများတွင် ဖော်ပြထားသည်။

ရှီးပတီးနှင့်ပတ်သက်၍ ရုက္ခဗေဒပညာရှင်တစ်ဦးက ရှီပတီးသည် ပိုးဖလံနှင့် အမျိုးတူတွင် ပါဝင်ပြီး အပင်တွင်တွယ်ကပ်နေသော ပိုးကောင်အဖြစ်မှ အပင်အဖြစ်သို့ ကူးပြောင်းသွားကြောင်း၊ ပိုးကောင်ဘဝတွင် ဆေးဖက်မဝင်သေးဘဲ ယင်းကို ပလတ်စတစ်အိတ်ထဲတွင် ထည့်ထားပါက ခြောက်လခန့်အကြာ ခန္ဓာကိုယ်အထက်ပိုင်းမှာ ဖုန်မှုန့်အဖြစ် ပြောင်းလဲသွားကြောင်း ရှင်းပြခဲ့သည်။ ရှီးပတီး၏ ပိုးကောင်တစ်ပိုင်းအပင်တစ်ပိုင်းအခြေအနေသည် ဆေးဖက်ဝင်သည့် တရုတ်တိုင်းရင်းဆေး သုတေသီတစ်ဦးက ရှင်းပြသည်။ တရုတ်တိုင်းရင်းဆေးသုတေသီတို့၏အဆိုအရ ထိုပိုးကောင်တစ်ပိုင်းအပင်တစ်ပိုင်းအခြေအနေတွင် သို့မဟုတ် ပျားရည်တွင်စိမ်ပြီး ကြက်သားနှင့်ရော၍ ချက်ပြုတ်စားသောက်ပါက သွေးသားသန့်ရှင်းမှုကို ဖြစ်စေသည်ဟု သိရပါသည်။ ၎င်းသည် ချိုသောအရသာရှိပြီး ကျောက်ကပ်နှင့်အဆုတ်ကို အားကောင်းစေကြောင်းလည်း သိရပါသည်။ ဓာတုဗေဒစမ်းသပ်မှုများအရ ရှီးပတီးထဲတွင် ပရိုတင်းနှင့် အဆီ၊ ဗီတာမင်ဘီ12 များ ပါဝင်ကြောင်း ဒေသခံ ဆေးသိပ္ပံပညာရှင်တစ်ဦးက ပြောခဲ့သည်။

ရှီးပတီးကို တရုတ်တိုင်းရင်းဆေးအတွက် ၂၀၀၀ ပြည့်နှစ်မှစ၍ ဈေးကွက်ရလာသည်။ အရွယ်အစားပေါ်မူတည်၍ တစ်ကောင်လျှင် (၃၀၀၀) ကျပ်မှ (၄၀၀၀) ကျပ်အတွင်းတွင်ရှိပါသည်။ အကောင်တစ်ပိုင်း၊ အပင်တစ်ပိုင်းသည် ဆေးဖက်အဝင်ဆုံးဖြစ်ပါသည်။

**ဂမ္ဘီရဆန်သောရှီးပတီး**

ရှီးပတီး (Shipadi) တွင် တိဗက်ဘာသာစကားဖြစ်ပြီး မြန်မာစကားဖြင့် ပိုးမှ နွယ်ရှင်ဖြစ်လာသည်ဟု ဆိုလိုပါသည်။ တုံတိုင်ရူ (TaungTairu) သည် ကချင်ဘာသာစကား ဖြစ်ပါသည်။ မြန်မာစကားနှင့်ဆိုလျှင် တုံး-ပိုး၊ တိုင်-ဖြစ်ခြင်း၊ ရူ-နွယ်ရှင် ပိုးဆေးနွယ်ရှင်ဟု ဆိုလိုပါသည်။

မြန်မာနိုင်ငံ တောတောင်လွင်မြောင်စိမ့်စမ်းလွင်ပြင်အရပ်ရပ်တို့တွင် မြန်မာတိုင်းရင်းဆေးဖက်ဝင် နွယ်မြက်သစ်ပင်သယံဇာတများ၊ ဂမ္ဘီရအဆင့်ဆင့် ဂမုန်းသူယောင်နှင့် ပိုးနွယ်ရှင်တို့လို ထူးခြားထက်မြက်သည့် ရှီးပတီးသည် အလွန် အဖိုးတန် အသုံးဝင်လျက်ရှိပါသည်။ ရေခဲဖုံးလွှမ်းသည့် ဇန်နဝါရီလမှ ဖွန်လအထိ ရေခဲဆီးနှင်းအောက်မြေကြီးများအကြားတွင် ပိုးကောင်များအဖြစ် ရှင်သန်သွားလာတတ်ပြီး မချစ်ဥကို စားသုံးကာ ဖွန်လဆန်းမှ နိုဝင်ဘာလကုန်အထိ ရေခဲဆီးနှင်းများ အရည်ပျော်ချိန်နှင့် မိုးရွာချချိန်တွင် ပိုးကောင်များသည် ငြိမ်သက်စွာနေတတ်ပြီး ဦးခေါင်းရှိ မျက်စိနှစ်လုံးကြားမှ သဘာဝအပင်ပေါက်ပြီး နွယ်ရှင်ဘဝသို့ ကူးပြောင်းသွားကာ ရှင်သန်လှုပ်ရှားနေတတ်ကြောင်း ဒေသခံတိုင်းရင်းသားများထံမှ သိရှိရပါသည်။

ပိုးကောင်နွယ်ရှင်အသွင်သဏ္ဌာန်သည် တစ်လက်မမှ နှစ်လက်မခန့်ရှည်ကာ မြေကြီးအတွင်း အမြစ်သဏ္ဌာန် တွယ်ကပ်လျက်ရှိပါသည်။ ပိုးဆေးနွယ်ရှင်၏အနံ့သည် ခန်းတောက်မြစ်ကဲ့သို့ရှိပြီး အရသာမှာ ဆိမ့်ဖန်ခါးခြင်း ဖြစ်ပါသည်။ ပိုးဆေးနွယ်ရှင်၏ အာနိသင်မှာ အာရုံကြောရောဂါ၊ ကျောက်ကပ်၊ ဆီးချို၊ ပန်းနာ၊ ကင်ဆာရောဂါ၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ဟော်မုန်းဓာတ်အားကောင်းခြင်းများအတွက် များစွာ အထောက်အကူပေးနိုင်စွမ်းရှိကြောင်း သိရှိရပါသည်။ အသုံးပြုပုံမှာ ပျားရည်၊ အရက်မျိုးစုံတို့မှာစိမ်ခြင်း၊ အခြားဆေးမြစ်များနှင့်လည်း ရော၍စိမ်သောက်နိုင်ပါသည်။ ကြိုက်နှစ်သက်ရာ အသားနှင့်လည်း ပေါင်း၍သုံးဆောင်နိုင်ပါသည်။ တရုတ်၊ ဂျပန်၊ ကိုရီးယား စသည့် နိုင်ငံများက ဝယ်ယူကြောင်း သိရှိရပါသည်။

**ဂျင်ဆင်း**

စာရေးသူ ပူတာအိုမြို့တွင် တာဝန်ထမ်းဆောင်နေစဉ်က မသေဆေးခေါ် မချစ်ဥ၊ ခန်းတောက်မြစ်၊ မရှောခေါ် အဆိပ်ဖြေဆေး၊ ရှီးပတီး၊ ခုရှားစစသော အဖိုးတန် ဆေးမြစ်၊ ဆေးရွက်များထွက်ရှိသည်ကိုတွေ့ရသလို ဂျင်ဆင်းမြစ်များလည်း ထွက်ရှိသည်ကို တွေ့ရပါသည်။ တရုတ်နယ်စပ်တောင်တန်းများတွင် သဘာဝအလျောက် ပေါက်ရောက်နေသည်ကို ရှာဖွေစုဆောင်း ရောင်းချပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပူတာအိုဈေးအတွင်း၌ အဆိုပါ ဆေးမြစ်၊ ဆေးဥ၊ ဆေးရွက်များ ရောင်းချသည်ကို တွေ့ရသလို ပျားရည်ပုလင်းတွင် မချစ်ဥ၊ ခန်းတောက်၊ မရှော့၊ ရှီးပတီး၊ ခုရှားစု၊ ဂျင်ဆင်းမြစ်ပါ အစုံစိမ်ထားသော ပျားရည်များလည်း ပူတာအိုလေဆိပ်၊ မြစ်ကြီးနားလေဆိပ်တို့တွင် ရောင်းချနေသည်ကို တွေ့ရပါသည်။ ဆေး မြစ်စုံစိမ်ထားသော ပျားရည်တစ်ပုလင်းသည် သောင်းချီတန်ပါသည်။

ယနေ့ မြန်မာ့ဆေးလောကတွင် ကိုရီးယားဂျင်ဆင်းသည် လူသိများသည်။ ကိုရီးယားဂျင်ဆင်းသည် မြန်မာပြည်တွင်သာမက ကမ္ဘာတွင်လည်း လူသိများ ထင်ရှားလှပါသည်။

## ဂျင်ဆင်းဟူသည်

ကိုရီးယားဂျင်ဆင်းကို အင်္ဂလိပ်ဘာသာအားဖြင့် Ginsing ဟု ခေါ်ပါသည်။ ရှေးဟောင်းကိုရီးယားရိုးရာ ဆေးပင်တစ်မျိုးဖြစ်ပြီး အမြစ်မှာ လက်ရိုက်တင်းပုတ်နှင့် ခပ်ဆင်ဆင်တူကာ အရွယ်မှာ အစိမ်းရောင်စပ်ကြား ဖြစ်ပါသည်။ ရုက္ခဗေဒအခေါ် အားဖြင့် Aroliaceae ဟု ခေါ်ပါသည်။ တရုတ်တို့က ဂျစ်ရှင်း (Jen Shen) ဟု ခေါ်ကြသည်။ Jen က လူနှင့်တူသောဟု အဓိပ္ပာယ်ရှိပြီး Shen မှာ Constellation orion ခေါ် မောင်ရင်ဆိုင်းထမ်းကြယ်စုသင်္ကေတန်ရှိသည်ဟု ဆိုပါသည်။ အကြောင်းမှာ ဂျင်ဆင်းမြစ်သည် ကောင်းကင်တွင် တွေ့ရသည့် မောင်ရင်ဆိုင်းထမ်းကြယ်စုကဲ့သို့ ခပ်စောင်းစောင်း ခပ်ခွေခွေလဲလျောင်းနေသည့်ပုံစံဖြစ်နေခြင်း ဖြစ်သည်။ ကိုရီးယားကမူ အင်ဆန်း (N san)ဟု ခေါ်ကြသည်။ နတ်ဆေးမြစ်ဟု တင်စားခေါ်ကြသည်။

## ဂျင်ဆင်း၏အစွမ်းသတ္တိ

ဂျင်းဆင်းသည် ကိုယ်ခန္ဓာကြံ့ခိုင်မှုကို အားပေးသည်။ အသည်းရောဂါများကို သက်သာပျောက်ကင်းစေသည်။ အဆုတ်အားကောင်းသည်။ အရွယ်တင်နုပျိုစေသည်။ သွေးလှည့်ပတ်မှုကောင်းသည်။ သွေးတိုးပျောက်ကင်းသည်။ အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ဝမ်းဖော၊ ဝမ်းရောင်ခြင်းတို့ကို ပျောက်ကင်းစေသည်။ နောက်ဆုံးစမ်းသပ်ချက်အရ ကိုယ်ခံအားကျဆင်းရောဂါ(AIDS) ရောဂါကိုဖြစ်စေ၊ (HIV) ပိုင်းရပ်စ်ကိုဖြစ်စေ၊ သေနိုင်သည်ဟု ဖော်ပြထားသည်။ အထူးသဖြင့် ဂျင်ဆင်းသည် စိတ်ဖိစီးမှုနှင့် မောပန်းနွမ်းနယ်မှုများကို ရေရှည်နှင့်သောက်ပါက ချက်ချင်း ပျောက်ကင်းစေနိုင်သည့် သံသတ္တုဓာတ်များစွာ ပါဝင်သည်။

ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဂျင်ဆင်းပေါက်ရန် အကောင်းဆုံးရာသီဥတုရှိသည်။ ကိုရီးယားတို့သည် ထောင်စုနှစ်အတန်ကြာကတည်းက ဂျင်ဆင်းကို နတ်ဆေးတစ်ပါးပမာရှိရာ သက်စောင့်ဆေးအဖြစ် အသုံးပြုခဲ့ကြသည်။ ရှေးခေတ် ကိုရီးယားသမားတော်ကြီးများက နန်းတွင်းသူနန်းတွင်းသားများ၊ ဘုရင်၊ မိဖုရားများအတွက် အထူးဆေးတော်ကြီးတစ်ရပ်အဖြစ် ကန့်သတ်အသုံးပြုခဲ့ကြသည်။ ရွှေနန်းသုံးသမားတော်တစ်ဦးပမာ အစွမ်းထက်သည့်ဆေးတစ်ပါးအဖြစ် သတ်မှတ်ယုံကြည်ကြသည်။

## သဘာဝပေါက်ပင်မှစိုက်ပျိုးပင်သို့

ဂျင်ဆင်းသည် မူလက ကိုရီးယားတောင်တန်းများတွင် အလိုအလျောက်ပေါက်ရောက်သည့် သဘာဝဆေးဖက်ဝင်အပင်ဖြစ်သည်။ သို့သော် ကိုရီးယားတောင်သူများသည် လွန်ခဲ့သော နှစ်ပေါင်း (၁၆၀၀) ခန့်မှစ၍ အစေ့စိုက်ပျိုးကြသည်။ အစိုးရက အရည်အသွေးကို ကွပ်ကဲထိန်းချုပ်ကာ ဂျင်ဆင်းအရည်အသွေးပြည့်မီရေးအစဉ်စမ်းသပ်သုတေသနပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ကချင်ပြည်နယ် ပူတာအိုဒေသ၌ သဘာဝအလျောက်ပေါက်ရောက်သော ဂျင်ဆင်းပင်များရှိနေသည်မှာ စီးပွားဖြစ်စိုက်ပျိုးရေးအတွက် အခြေအနေပေးနေပါသည်။

## ဂျင်ဆင်းစိုက်ပျိုးခြင်း

ဂျင်ဆင်းသည် ရေဝပ်ခြင်း၊ စွတ်စိုခြင်း၊ ထိုင်းမှိုင်းခြင်းကို မကြိုက်။ နေ့အပူရှိန်၊ ညအပူရှိန်ကွာခြားသည့် ရာသီဥတုမျိုး၌ မဖြစ်ထွန်း။ ပူပြင်းလွန်းသောရာသီဥတုကိုလည်း မနှစ်ခြိုက်ချေ။ ဂျင်ဆင်းစေ့ကို စိုက်ပျိုး၍ တစ်နှစ်ခန့်အကြာတွင် လေဝင်လေထွက်ကောင်းပြီး စနစ်တကျပြုပြင်ထားသည့်စိုက်ကွင်းသို့ ပြောင်းရွှေ့စိုက်ပျိုးရသည်။ လေးနှစ်မှ ငါးနှစ်သက်တမ်းရှိ ဂျင်ဆင်းပင်များကို ဆေးဝါးထုတ်လုပ်နိုင်သည်။ ခြောက်နှစ်သားဂျင်ဆင်းမှာ အကောင်းဆုံးဖြစ်သည်။ ဂျင်ဆင်း၏ အလေးချိန်မှာ (၃) အောင်စခန့်ရှိသည်။

## မြန်မာနိုင်ငံ၌ စိုက်ပျိုးအောင်မြင်နေပြီ

ယခုအခါ တရုတ်ပြည်က
ဆောင်လာသော ဂျင်ဆင်းမျိုးစေ့ (၂၀
အား ပျိုးထောင်ပြီး အပင်ပေါင်း (၂၀
ကို သီပေါမြို့နယ် မြန်မာ့စိုက်ပျိုးရေး
လုပ်ငန်းရုံးဝင်းအတွင်းတွင် စိုက်ပျိုး
ထွန်အောင်မြင်လျက်ရှိသည်ဟု သိရှိ
ပါသည်။ နွေရာသီအပူချိန် (၃၅) ဒီဂရီ
စင်တီဂရိတ်အောက်ရှိပြီး အေးသော
ကုန်းမြင့်များ၏ရာသီဥတုကို ပိုမိုကြိုက်
နှစ်သက်ပြီး ဓာတ်မြေဩဇာသုံးစွဲမှု
သောမြေများတွင် ပိုမိုအာနိသင်ကောင်း
မွန်ကြောင်းသိရှိရပါသည်။ ယခုစိုက်ပျိုး
သော ဂျင်ဆင်းသည် ကိုရီးယား၊ တရုတ်
မှ ရှာဖွေစုဆောင်းထားသောမျိုးဖြစ်ပြီး
အပင်သဏ္ဌာန်၊ အရွက်၊ အပွင့်၊ အသီး
ပုံသဏ္ဌာန်ကွဲပြားမှုရှိသည်ဟု ဆိုသည်။
ဆေးဖက်ဝင် ဂျင်ဆင်းများကို စိတ်ဝင်
စားသောတောင်သူများကို မျိုးများဖြန့်
ဝေသွားမည်ဖြစ်ပြီး သီပေါမြို့နယ် မြန်မာ
စိုက်ပျိုးရေးလုပ်ငန်းက ကျယ်ပြန့်စွာ
ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်
ပျိုးသူများဝင်ငွေရရှိရေး ဆောင်ရွက်
သွားမည်ဟု သိရှိရပါသည်။ သဘာဝ
အလျောက် ပေါက်ရောက်လျက်ရှိသော
ကချင်ပြည်နယ် ပူတာအိုဒေသတွင်
လည်း စနစ်တကျ စိုက်ပျိုးသွားမည် ဆို
ပါလျှင်များစွာ အကျိုးဖြစ်ထွန်းမည် ဖြစ်
ပါသည်။

## ခုရှားစု

အားတိုးဆေးတစ်မျိုးဖြစ်ပါသည်။
လူဝဆေးဟုလည်း ခေါ်သည်။ မချစ်ဥ
အကြီးစားမျိုး ဖြစ်ပါသည်။ မချစ်ဥထက်
ခုရှားစုက ပို၍ကြီးပါသည်။ မချစ်ဥနှင့်
မျိုးနွယ်စုအတူတူပင် ဖြစ်ပါသည်။

ထို့ပြင် ပူတာအိုဒေသ၌ သစ်ကြ
ပိုး၊ ပရုပ်ဆီပင်၊ တောငရုပ်ကောင်း၊ ဆေး
ဆေးပင်၊ အဆိပ်ဥများ၊ နွယ်ခါး စသည့်
ဆေးဖက်ဝင်အပင်မျိုးစုံ ပေါက်ရောက်
သည်ကို လေ့လာတွေ့ရှိရပါသည်။ ပြည်
မြန်မာမြောက်ဖျား ပူတာအိုဒေသတွင်
ထူးဆန်းရှားပါးသောဆေးဖက်ဝင်အပင်
များဖြစ်ကြသည့် မရှော့ခေါ် အဆိပ်ဖြေ
ဆေးရွက်၊ မသေဆေးခေါ် မချစ်ဥ၊ အဖိုး
တန် ခန်းတောက်မြစ်၊ ဂမ္ဘီရဆန်သော
ရှီးပတီး၊ နတ်ဆေးမြစ်ဟု တင်စားခံရ
သော ဂျင်ဆင်းမြစ်၊ ခုရှားစုများအပြင်
အခြားသောအဖိုးတန်ဆေးဖက်ဝင်အပင်
များ ကြွယ်ဝလျက်ရှိကြောင်း တင်ပြ
လိုက်ရပေသည်။

မောင်နွေသ...



www.burmeseclassic.com

www.burmeseclassic.com



# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်အောင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခါးပါဒ်နက္ခတ်ဇယားကို မြှုစ ဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | တပေါင်း ၁လဆန်း | စနေ | ၂၄<br>၂၅ | ၁၂း၂၀း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၂ | ၂ | ၁နွေ | ၂၅<br>၂၆ | ၂၀း၁၁း၂၆ | * အမြိတ္တ<br>* လာဘ |
| ၃ | ၃ | ၂လာ | ၂၆<br>၂၇ | ၁၉း၂၁း၁၇ | △ ဥပါဒ်<br>△ မိတ္တ |
| ၄ | ၄ | ၃ဂါ | ၂၇<br>၁ | ၁၉း၁၂း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၅ | ၅ | ၄ဟူး | ၁<br>၂ | ၁၉း၁၂း၀၀ | △ မိတ္တ<br>△ ကာဏ |
| ၆ | ၆ | ၅တေး | ၂<br>၃ | ၁၉း၅၁း၄၃ | * သိဒ္ဓိ<br>□ ဝရ |
| ၇ | ၇ | ၆ကြာ | ၃<br>၄ | ၂၀း၄၁း၂၃ | △ ကာဏ<br>* အမြိတ္တ |
| ၈ | ၈ | စနေ | ၄<br>၅ | ၂၂း၁၇း၀၉ | □ ဝရ<br>△ ဥပါဒ် |
| ၉ | ၉ | ၁နွေ | ၅ | မပြောင်း | * အမြိတ္တ |
| ၁၀ | ၁၀ | ၂လာ | ၅<br>၆ | ၀း၂၆း၁၁ | △ ဝရ<br>△ ဥပါဒ် |
| ၁၁ | ၁၁ | ၃ဂါ | ၆<br>၇ | ၂း၄၀း၀၀ | * အမြိတ္တ<br>* လာဘ |
| ၁၂ | ၁၂ | ၄ဟူး | ၇<br>၈ | ၅း၁၄း၁၁ | △ ဥပါဒ်<br>△ မိတ္တ |
| ၁၃ | ၁၃ | ၅တေး | ၈<br>၉ | ၇း၃၃း၂၀ | * လာဘ<br>သိဒ္ဓိ |
| ၁၄ | ၁၄ | ၆ကြာ | ၉<br>၁၀ | ၁၀း၁၃း၂၀ | △ မိတ္တ<br>△ ကာဏ |
| ၁၅ | ○ | စနေ | ၁၀<br>၁၁ | ၁၂း၂၅း၄၃ | * သိဒ္ဓိ<br>□ ဝရ |
| ၁၆ | တပေါင်း ၁လဆုတ် | ၁နွေ | ၁၁<br>၁၂ | ၁၄း၀၈း၃၄ | △ ကာဏ<br>* အမြိတ္တ |
| ၁၇ | ၂ | ၂လာ | ၁၂<br>၁၃ | ၁၅း၅၁း၂၆ | □ ဝရ<br>△ ဥပါဒ် |
| ၁၈ | ၃ | ၃ဂါ | ၁၃<br>၁၄ | ၁၆း၄၀း၄၁ | * အမြိတ္တ<br>* လာဘ |
| ၁၉ | ၄ | ၄ဟူး | ၁၄<br>၁၅ | ၁၇း၀၅း၀၅ | △ ဥပါဒ်<br>△ မိတ္တ |
| ၂၀ | ၅ | ၅တေး | ၁၅<br>၁၆ | ၁၇း၁၂း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၂၁ | ၆ | ၆ကြာ | ၁၆<br>၁၇ | ၁၆း၃၈း၄၃ | △ မိတ္တ<br>△ ကာဏ |
| ၂၂ | ၇ | စနေ | ၁၇<br>၁၈ | ၁၅း၃၇း၀၉ | * သိဒ္ဓိ<br>□ ဝရ |
| ၂၃ | ၈ | ၁နွေ | ၁၈<br>၁၉ | ၁၄း၂၈း၃၄ | △ ကာဏ<br>* အမြိတ္တ |
| ၂၄ | ၉ | ၂လာ | ၁၉<br>၂၀ | ၁၃း၁၇း၃၀ | □ ဝရ<br>△ ဥပါဒ် |
| ၂၅ | ၁၀ | ၃ဂါ | ၂၀<br>×<br>၂၁ | ၆း၀၀း၀၀<br>၁၇း၁၅း၀၀ | * အမြိတ္တ<br>* လာဘ<br>* သိဒ္ဓိ |
| ၂၆ | ၁၁ | ၄ဟူး | ၂၁<br>၂၂ | ၉း၅၈း၁၀ | △ မိတ္တ<br>△ ကာဏ |
| ၂၇ | ၁၂ | ၅တေး | ၂၂<br>၂၃ | ၈း၁၅း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂၈ | ၁၃ | ၆ကြာ | ၂၃<br>၂၄ | ၆း၄၅း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၂၉ | ၁၄ | စနေ | ၂၄<br>၂၅ | ၅း၂၀း၀၀ | ဝရ<br>ဥပါဒ် |
| ၃၀ | ● | ၁နွေ | ၂၅<br>၂၆ | ၄း၁၅း၂၉ | * အမြိတ္တ<br>* လာဘ |
| ၃၁ | တန်ခူး ၁ဆန်း | ၂လာ | ၂၆<br>၂၇ | ၃း၃၂း၂၈ | △ ဥပါဒ်<br>မိတ္တ |

၂၀-နက္ခတ် = ၄၅ ယဋ္ဌိ —<br>
×- နက္ခတ် = ၃၀ ယဋ္ဌိ ဖြင့် တွက်သည်<br>
၂၁ -နက္ခတ် = ၄၅ ယဋ္ဌိ

* = အဝင်နက္ခတ် ○ = လပြည့်နေ့<br>
□ = ခပါဒ်နက္ခတ် ● = လကွယ်နေ့<br>
△ = အထွက်နက္ခတ်

၁၇-၃-၂၀၁၄ နံနက် ၀း၂၄း၅၀ နာရီ၌ လပြည့်သည်။


အသုံးတည့်နိုင်ကြပါစေ

ဦးအောင်စောလှိုင် (ပညာမိ)



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ဆိုင်

## သုသာန်လမ်းမှာ စ,ခဲ့တဲ့ဇာတ်လမ်း

ကျွန်ုပ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော တပ်ရင်းသည် တပ်ရင်းတိုက်ပွဲဝင် မွမ်းမံသင်တန်းအား ကလေးမြို့မှ တမူးသို့သွားသော ကားလမ်းကြောင်း၏ဘေးဘယ်၊ ညာတစ်လျှောက်တွင် လေ့ကျင့်ခဲ့ရပါသည်။ ထိုကဲ့သို့ လေ့ကျင့်ခဲ့ရစဉ်ကာလအတွင်း တွေ့ကြုံခဲ့ရသောအတွေ့အကြုံလေးတစ်ခုကို စာဖတ်ပရိသတ်များအား တင်ပြလိုက်ပါသည်။

သင်တန်းကာလမှာ ရက်သတ္တပတ် (၈) ပတ် ကြာမြင့်ကာ စာတွေ့ရောလက်တွေ့ပါ သင်ကြားလေ့ကျင့်ကြရသည်။ တိုက်ပွဲဝင်မွမ်းမံသင်တန်းတွင် စစ်ကဏ္ဍကြီးလေးရပ်ပါအတိုင်း ချီစစ်၊ တိုက်စစ်၊ ခံစစ်၊ ခွာစစ် ဟူ၍ အပိုင်းလိုက် လေ့ကျင့်ရသည်။ ကျွန်ုပ်တို့တပ်ရင်းအနေဖြင့် ချီစစ်ကဏ္ဍနှင့် တိုက်စစ်ကဏ္ဍများ ပြီးဆုံးခဲ့၍ ယခုအခါ ရွာတစ်ရွာ၏အနီး ကားလမ်းကြောင်း၏ဘေးဘယ်၊ ညာနှစ်ဖက်ကိုခွပြီး ခံစစ်ကဏ္ဍကို လက်တွေ့အားဖြင့် ဆက်ပြီး လေ့ကျင့်နေရသည်။ ခံစစ်ကဏ္ဍကြီးများကဲ့သို့ပင် အလေးထားပြီးလုပ်ဆောင်ကြရသည်။ တော်ရိရော်ရိခံစစ်လေးတည်ဆောက်ပြရုံနှင့်မရပါ။

နည်းဗျူဟာမှူးနှင့် လေ့ကျင့်ရေးနည်းပြဆရာများက စစ်မြေပြင်အင်ဂျင်နီယာလက်စွဲစာစောင်ကြီးကိုင်ပြီး စာအုပ်ထဲကအတိုင်း တစ်သဝေမတိမ်း တိုက်ဆိုင်စစ်ဆေးကြသည်။ ဆက်သွယ်ရေးမြောင်းဆိုလျှင် အကျယ်မည်မျှ၊ အနက်မည်မျှရှိရမည် စသည်ဖြင့် တိုက်ဆိုင်စစ်ဆေးကြသလို လက်နက်ကြီးပစ်ကျင်းများ၊ လက်နက်ငယ်ဖြင့် ပစ်ခတ်ရသောတစ်ယောက်ပစ်ကျင်း၊ နှစ်ယောက်ပစ်ကျင်းများ အပါအဝင် အမိုးပါ ခေါင်းကတုတ်များအထိ တိကျစွာတည်ဆောက်ပြကြရသည်။ ခြံစည်းရိုးကာခြင်းများ[…] လည်း လက်တွေ့အား ဖြင့် ကျွဲ၊ နွားမျ[…] ပင် တိုး၍မပေါက်နိုင်အောင် ခိုင်ခံ့စ[…] ကာရံပြီးမှ အစစ်ဆေးခံကြရသည[…] သဘာဝအတားအဆီးနှင့်လူလုပ်အတာ[…] အဆီးများကိုလည်း ထိုနည်းနှင်နှင်ပင်[…]

ထို့ပြင် ခံစစ်ဥပဒေသပါအတိုင်[…] စီမံချက်စာအုပ်များကိုလည်း တစ်အု[…] ချင်းရေးဆွဲပြီး တင်ပြကြရသည်။ ခံစ[…] တည်ဆောက်ရာတွင် အချိန်ကာလအာ[…] ဖြင့် ကန့်သတ်ချက်ရှိသဖြင့် သတ်မှတ်[…] ထားသော ရက်ပိုင်းအတွင်း အပြီးတည်[…] ဆောက်ကြရလေရာ စစ်သည်များအနေ[…] ဖြင့် တစ်ခါတစ်ရံ ညနေ (၅) နာရီ[…] (၆) နာရီကျော်မှသာ တန်းဖြုတ်ခွင့်ရ[…]



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။လေ့ကျင့်ရေးတွင် ချွေးထွက်များမှ စစ်မြေပြင်တွင် သွေးထွက်နည်းသည်ဆိုသည့်အတိုင်း လက်တွေ့လေ့ကျင့်ရသည်မှာ များစွာမှ ပင်ပန်းခြင်းဖြစ်ရသည်ကတော့ အမှန်ပါ။

တန်းဖြုတ်ခွင့်ရသောအခါကျမှပင် တစ်နေကုန် ချွေးတလုံးလုံးသံတလုံးလုံးဖြင့် အလုပ်လုပ်ခဲ့ကြရလေရာ လူတစ်ကိုယ်လုံးမှာလည်း ညစ်ပတ်ပေရေပြီး နံစော်နေပါတော့သည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုအခါကျမှသာ ကျွန်ုပ်တို့စစ်သည်များက ရွာထဲသို့သွားပြီး ရေမိုးချိုး၊



www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားများကို လျှော်ဖွပ်ကြရတော့သည်။ ရေမိုးချိုးပြီးသောအခါ ဝယ်စရာရှိသည်များကို ဝယ်ခြမ်းကြပြီး ရွာအပြင်ဘက် မိမိတို့အား သတ်မှတ်ထားသည့် တပ်အခင်းအကျင်းရှိရာဆီသို့ ပြန်ခဲ့ကြရသည်။ ထိုနေရာတစ်လျှောက်တွင် ကျွန်ုပ်တို့က တပ်စုအလိုက်၊ တပ်စိတ်လိုက်ဖြန့်ခွဲပြီး တဲထိုးကာနေကြရသည်။

တစ်နေ့သောညနေတွင် ကျွန်ုပ်က ရွာထဲသို့ရေသွားချိုးရာ ရွာထဲတွင် ဗိုလ်ကျော်မြင့်နှင့် ဗိုလ်မင်းဒင်တို့ကို တွေ့ဆုံကြပြီး ရေချိုးပြီးသောအခါ အရက်ဆိုင်သို့ အတူတကွရောက်ဖြစ်ခဲ့ကြရပါတော့သည်။ ထိုနေ့က ကျွန်ုပ်တို့သုံးယောက်မှာ အရက်ကို မဆုံမပြဲသောက်မိကြသည်။ ဒီနေရာမှာမှ အတူတူဆုံပြီး သောက်ခွင့်ရသည်။ မိမိတို့နေရာအသီးသီးသို့ ပြန်သွားလျှင်ကား တစ်ဖွဲ့နှင့်တစ်ဖွဲ့က အလှမ်းကွာနေသဖြင့် အတူတူဝိုင်းဖွဲ့ပြီး သောက်စားကြဖို့က မဖြစ်နိုင်ပါ။

တပ်စွဲထားသော နေရာဆီသို့ အပြန်ခရီးတွင် မူလကလည်း ထိန်ထိန်သာ၍ ဓာတ်မီးထိုးပြီး ပြန်စရာပင် မလိုပါ။ ရွာမှထွက်ပြီး ကားလမ်းအတိုင်း တောင်ဘက်သို့ ကိုက်တစ်ထောင်ကျော်ကျော်လောက်လျှောက်ကာ ညာဘက်သို့ ချိုးကွေ့သွားသော လှည်းလမ်းကြောင်းအတိုင်း ချိုးဝင်လိုက်လျှင် ကျွန်ုပ်၏ တပ်ဦးရှိရာဆီသို့ ရောက်မည်ဖြစ်သည်။ အဆိုပါ လှည်းလမ်းကြောင်းသည် ရွာသားများအနေဖြင့် ယာထဲအခင်းထဲသွားသည့်လမ်းဖြစ်သလို သင်္ချိုင်းကုန်းသို့ အသုဘပို့ရာတွင်လည်း အသုံးပြုနေရသည့်လမ်းပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့ ခံစစ်စီမံချက်များ ရေးဆွဲကြရသောအခါ တောင်ကုန်းအမည်၊ လမ်းအမည်၊ လမ်းအမည်များကို နာမည်ပေးပြီး ရေးဆွဲကြရသည်။ နဂိုမူလနာမည်ရှိပြီးသောအရာများကို ထပ်ပြီးပေးရန်မလိုဘဲ နာမည်မရှိသေးသောလမ်းများ၊ တောတောင်များကို မိမိတို့၏အစီအစဉ်အတိုင်း နာမည်များပေးကာ ရေးဆွဲကြရသည်။ ထိုအခါ ယခုတင်ပြခဲ့သော လှည်းလမ်းကို သုသာန်လမ်းဟု အမည်ပေးခဲ့ကြသည်။

ပြီးလျှင် အပြန်ခရီးအတွက် အဖော်အဖြစ် ကျွန်ုပ်၏ရုံးအကူတပ်သား လှရွှေနှင့် ဆရာကြီးရွှေမြ၏ဂေါ်စမ္မ တပ်သားလောင်ခွဲတို့နှစ်ဦးကို ဆွဲခေါ်ထားလိုက်သည်။ သို့ဖြစ်၍ အပြန်ခရီးအတွက် မပူရတော့ပါ။ သောက်ချင်သလောက်သောက်၍ရနေသည့်သဘောပါ။

ကျွန်ုပ်တို့သုံးဦးမှာလည်း အရက်ကို စိတ်လွတ်ကိုယ်လွတ်သောက်ကြသည်။ မစားရသည်မှာကြာပြီဖြစ်သော လယ်ကြွက်ကင်နှင့် ကြက်ပေါင်ကြော်တို့မှာလည်း အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဗိုက်ထဲဝင်သွားအောင် ကူညီပံ့ပိုးပေးနေသလိုဖြစ်နေတော့သည်။ အမြည်းက စား၍ကောင်းနေသလို အရက်ကလည်း သောက်၍ကောင်းလှပါသည်။ သောက်စားကြပြီးသောအခါ ကျွန်ုပ်တို့ အရာရှိသုံးဦးနှင့်အတူ အဖော်အဖြစ်ခေါ်ထားသော စစ်သည်များကိုပါ ခေါ်ပြီး ပြန်ခဲ့ကြပါတော့သည်။

ရွာအပြင်သို့ ရောက်သောအခါ လရောင်ဆမ်းထားသော ကတ္တရာကားလမ်းအတိုင်း ဆက်ပြီးလျှောက်လာခဲ့ကြတော့သည်။ လမ်းတစ်လျှောက်တွင် ဗိုလ်မင်းဒင်တို့နှစ်ယောက်မှာ တောင်စဉ်ရေမရစကားတွေကို အာလေးလျှာလေးဖြင့် ပြောချင်ရာပြောပြီး လိုက်ပါလာကြသည်။ ကျွန်ုပ်ကတော့ အရက်ဆိုင်တွင် စား၍မကုန်ခဲ့သော ကြက်ပေါင်ကြော်အချို့ကို ယူချလာပြီး လမ်းတစ်လျှောက် ကိုက်ဖွဲ့စားသောက်ကာ ပြန်လာခဲ့သည်။

ခံစစ်တည်ဆောက်ထားသောနေရာသို့ ပြန်ရောက်လာကြသောအခါ ဗိုလ်မင်းဒင်တို့နှစ်ယောက်ကတော့ သူတို့တပ်စုထားသည့် ဘယ်ဘက်အခြမ်းသို့ ဝင်သွားကြပြီး ကျွန်ုပ်နှင့်စစ်သည်နှစ်ဦးကတော့ ကားလမ်း၏ ညာဘက်အခြမ်းက သုသာန်လမ်းအတိုင်းဝင်ခဲ့ကြပါတော့သည်။ အဆိုပါ သုသာန်လမ်းဟု နာမည်ပေးထားသော လှည်းလမ်းကြောင်းကြီးမှာ ကျွန်ုပ်တို့တပ်ခြံစည်းရိုးကာရံထားသောအတွင်းဘက်တွင် တစ်ဝက်တစ်ပျက်စင်နေပါသည်။ ခြံစည်းရိုး၏အပြင်ဘက် ခြံစည်းရိုးနှင့်ကပ်ပြီးရှိနေတာကတော့ဖြင့် သင်္ချိုင်းကုန်းကြီးပင် ဖြစ်တော့သည်။

ကျွန်ုပ်သည် သုသာန်လမ်းအတိုင်း ဆက်လျှောက်လာခဲ့ပြီး သင်္ချိုင်းကုန်းအနီးသို့ရောက်ရှိလာသောအခါ သင်္ချိုင်းကုန်းဘက်ကို မျက်နှာမူပြီး တစ်ခုခုကို အော်ဟစ် ပြောဆိုလိုက်ကြောင်းကိုမူ မှတ်မိပါသေးသည်။ သို့သော် ဘာတွေအော်ခဲ့ပြောခဲ့သည်ကိုမူ မမှတ်မိတော့ပါ။ ပါလာသော စစ်သည်နှစ်ယောက်က ဝိုင်းပြီးတားကြပါသေးသည်။ သို့ပေမယ့် ကျွန်ုပ်ကတော့ စိတ်ထဲရှိရာကို ပြောခဲ့မိသည်သာ ဖြစ်တော့သည်။

ကျွန်ုပ်သည် နေရာသို့ရောက်သောအခါ ညစာထမင်းပင်မစားနိုင်တော့ဘဲ အိပ်ရာထဲတိုးဝင်ပြီး အိပ်ပျော်ခဲ့ရပါတော့သည်။

❐

နောက်တစ်နေ့ မိုးလင်းလာသောအခါ လုပ်စရာရှိသော ခံစစ်တည်ဆောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေစဉ် ကျွန်ုပ်အား စစ်ကြောင်း (၂) မှူး ဗိုလ်မှူးခင်မောင်က ခေါ်သည်ဆို၍ သွားရောက် သတင်းပို့ရလေတော့သည်။ စစ်ကြောင်းမှူးရှိရာဆီသို့ ရောက်သွားသောအခါ ကျွန်ုပ် မနေ့ညက ခေါ်ထားသော ဆရာကြီးရွှေမြ၏ တပ်စုမှ တပ်သားလောင်ခွဲကိုလည်း တွေ့ရလိုက်ရပါသည်။

စစ်ကြောင်းမှူးက ကျွန်ုပ်ကို တွေ့သည်နှင့် -

"ခင်ဗျားဗျာ မကြီးမငယ်နဲ့ မနေ့ညက ရွာထဲကိုသွားပြီး ပြန်လာတာ အေးအေးဆေးဆေး ပြန်မလာဘူး။ သုသာန်လမ်းထဲကို ဖြတ်ပြီးဝင်သွားတဲ့အခါ သင်္ချိုင်းကိုလည်းရောက်ရော အဲမှာ ခင်ဗျားဘာတွေများလျှောက်လုပ်ခဲ့တာပဲဗျ"

ဟု ပြောလိုက်လျှင် စစ်ကြောင်းမှူးက -

"ဘယ်မှတ်မိတော့မှာလဲဗျာ၊ အမူးလွန်နေတာကိုး။ ကဲ- လောင်ခွဲ၊ မင်းရဲ့ဗိုလ်ကြီး သုသာန်လမ်းကနေပြီး သင်္ချိုင်းကုန်းဘက်ကိုလှည့်ပြီး ဘာတွေလုပ်ခဲ့သလဲ၊ဘာတွေပြောခဲ့သလဲဆိုတာ မှတ်မိသွားအောင် ပြောပြလိုက်ပါဦး"

ဟု ပြောလိုက်သောအခါ တပ်သားလောင်ခွဲက -

"ကျွန်တော်တို့ညက ရွာထဲကနေ ပြန်လာတော့ ဗိုလ်ကြီးမင်းဒင်တို့ကလည်း သူတို့လမ်းခွဲရမယ့်နေရာရောက်တော့ ကားလမ်းရဲ့တစ်ဖက်ခြမ်းတည်းက ဝင်ရောက်သွားကြတယ်။ ဗိုလ်ကြီးနဲ့ ကျွန်တော်အဖွဲ့ကတော့ ကားလမ်းရဲ့ ညာဘက်ခြမ်းထဲကို ချိုးဝင်သွားတာ သုသာန်လမ်းထဲကအတိုင်း ဆက်ပြီး လျှောက်လာကြပါတယ်။ အဲဒီလို လျှောက်လာရင်း သင်္ချိုင်းကုန်းနားကလည်း ရောက်လာရော ဗိုလ်ကြီးက စားပြီးကျန်နေတဲ့ ကြက်အရိုးကြီးတွေ သင်္ချိုင်းကုန်းထဲ ပစ်ထည့်ရင်း ပါးစပ်ကလည်း 'ဟေ့-ဒီမှာရှိနေကြတဲ့နာနာဘာ



www.burmeseclassic.com

www.burmeseclassic.com

ဝိနာဘာဝတွေ - ဒီမှာကြက်ကြော်အရိုးတို လာပြီးစားကြ။ မဝသေးရင်တော့ တပ်စု(၁)က ဆရာကြီး ရွှေမြရဲ့တပ်စုရုံးမှာ ဒီည ကြက်သားချက်မယ်။ အဲဒီမှာ ဆက်ပြီး သွားစားကြ။ စားပြီးရင် သူ့ကို ဝင်ပူးပြီး ငါဘယ်တော့ထိပေါက်ပြီးချမ်းသာမလဲဆိုတာကိုပြောခဲ့ကြ"

ဆိုပြီး အော်ပြောခဲ့ပါတယ်။

ကျွန်တော်တို့နှစ်ယောက်လည်း ဝင်ပြီးတားကြပါသေးတယ်။ ဒါပေမယ့် မရခဲ့ပါဘူး။ အဲဒီလိုကိုယ်ပြောချင်ရာကို အော်ပြောပြီးတဲ့အခါမှာတော့ ကိုယ်မဟုတ်တဲ့အတိုင်း ဆက်ပြီးပြန်ခဲ့ကြပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကတော့ ဗိုလ်ကြီးရဲ့တဲအထိ လိုက်ပို့ခဲ့ပါတယ်။ ပြီးမှ ကျွန်တော် တစ်ယောက်တည်း တပ်စုရုံးရှိရာဆီကို ပြန်ခဲ့ပါတယ်"

ဟု ရှည်လျားစွာဖြင့် ရှင်းပြလေတော့သည်။

ထိုအခါကျမှ ကျွန်ုပ်ကလည်း မနေ့ညက အဖြစ်အပျက်များကို မှတ်မိတန်သလောက် ပြန်လည်၍ အမှတ်ရလာပါတော့သည်။ ကျွန်ုပ်အနေဖြင့် မနေ့ညက ညနေတွင် ရွာထဲသို့ ရေချိုးရန်အသွား ရွာထဲမှ ဈေးဝယ်ပြီး ပြန်ထွက်လာသော ဆရာကြီးရွှေမြနှင့်အတူ ရွာအဝင်ဝမှာ တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ ဆရာကြီးရွှေမြ၏ လက်ထဲတွင် ကြက်တစ်ကောင်ပါလာသည်ဖြစ်၍ ကျွန်ုပ်က နူးမူးရှူးရှူးဖြင့် သချိုင်းကုန်းဘက်သို့ မျက်နှာမူပြီး ဆရာကြီး ရွှေမြဆီမှာ ကြက်သားသွားစားဖို့ ပြောမိပြောရာ ပြောဆိုခဲ့ခြင်းသာ ဖြစ်တော့သည်။

မည့်သို့ပင်ဖြစ်ခဲ့သည်ဆိုစေကာမူ အော်ပြောခဲ့သည်ဆိုရုံလောက်နှင့် စစ်ကြောင်းမှူးတစ်ယောက်က တပ်ခွဲမှူးဖြစ်သူ ကျွန်ုပ်အား ယခုကဲ့သို့ ရေကြီးခွင့်ကျယ်လုပ်ကာ ပြောစရာအကြောင်းမရှိဟု ထင်ပါသည်။ ကျွန်ုပ်အနေဖြင့်လည်း မည်သူ့ကိုမျှထိခိုက်နစ်နာအောင် ဆဲရေးတိုင်းထွာခဲ့ခြင်းလည်း မဟုတ်ပါဘဲနှင့် ဤမျှအထိ ကျွန်ုပ်အား ပြောနေသည့်အတွက် စိတ်ခုမိပါတော့သည်။ ကျွန်ုပ်အော်ပြောခဲ့စဉ်အခါက ကြားခဲ့ကြရသူများမှာ တပ်သားလောင်ချွဲနှင့် တပ်သားလှရွှေတို့နှစ်ဦးသာ ဖြစ်သည်။

သူတို့နှစ်ယောက်ကိုလည်း ကျွန်ုပ်က ဆူဆဲထိုးကြိတ်ရိုက်နှက်ခဲ့ခြင်းမရှိပါဘဲနှင့် ကျွန်ုပ်၏အထက်အရာရှိဖြစ်သော တပ်ရင်းမှူးထံ လာရောက်ပြီး ချောက်တွန်းကြလေသလားဟုတွေးရပြန်သည်။

ကျွန်ုပ်၏တပည့်များကလည်း ထိုမျှအထိ ဖြစ်လာနိုင်စရာမရှိဟု ကျွန်ုပ်အကြွင်းမဲ့ယုံကြည်ပါသည်။ ကျွန်ုပ်နှင့် ပေါင်းသင်းလာခဲ့ကြသည်မှာ ကြာပြီဖြစ်၍ သူတို့နှစ်ယောက်၏အကြောင်းကို ကျွန်ုပ်ကောင်းစွာသိပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်က ယခုကိစ္စသည် စစ်ကြောင်းမှူးမှ ကျွန်ုပ်အား တမင်သက်သက် ရန်ရှာလို၍ အခြားသော စစ်သည်များထံမှ သတင်းအရ ကျွန်ုပ်ကို ဆီလိုအပေါက်ရှာပြီး ပြောစရာမရှိလျှောက်ပြောနေသည်ဟု သုံးသပ်မိပါတော့သည်။ မကျေမနပ်ဖြစ်ရသော်လည်း ကျွန်ုပ်၏အထက်အကြီးအကဲမို့ ပြန်မပြောရပါ။ ထိုအခါ ကြွက်မနိုင် ကျီမီးနဲ့ရှို့ဆိုသည့်အတိုင်း ကျွန်ုပ်က တပ်သားလောင်ချွဲအား -

"ဒီမှာ လောင်ချွဲ၊ အဲဒီသချိုင်းကုန်းထဲက နာနာဘာဝတွေထဲမှာ မင်းအမျိုးတွေပါနေလို့ မခံမရပ်နိုင်အောင်ဖြစ်ပြီး မကျေမနပ်နဲ့ စစ်ကြောင်းမှူးဆီ လာတိုင်တာလား"

ဟု ဒေါနှင့်မောနှင့်ပြောလိုက်ရာ စစ်ကြောင်းမှူးက -

"မှားနေပြီ။ အဲဒီလောင်ချွဲရော၊ မင်းဆီက လှရွှေတို့ပါ ဘယ်သူမှလာပြီးတိုင်ကြတာ မဟုတ်ဘူး။ မနေ့ညက တစ်ညလုံး ဆရာကြီးရွှေမြဘာဖြစ်နေသလဲဆိုတာ ခင်ဗျား သိရဲ့လား"

ဟု ပြောပြီး မေးပါလေတော့သည်။

ဆရာကြီးရွှေမြမှာ ကျွန်ုပ်၏တပ်မှ မဟုတ်သလို သူနေသောကုန်းနှင့် ကျွန်ုပ်နေရသောနေရာမှာ အနည်းငယ်မျှ အလှမ်းဝေးပါသည်။ သို့ဖြစ်၍ ကျွန်ုပ်က မသိပါဟု ပြန်ဖြေလိုက်သောအခါ စစ်ကြောင်းမှူးနှင့် စစ်သည်များက ဆရာကြီးရွှေမြ၏ ညကဖြစ်စဉ်များကို ပြောပြကြပါသည်။

ကျွန်ုပ်အနေဖြင့် အဆင်ပြေအောင် ခံစားရေးဖွဲ့တင်ပြရသော် -

❐

တပ်သား လောင်ချွဲမှာ အခြားတပ်ခွဲမှ ဖြစ်ပြီး တပ်စုတပ်ကြီး ရွှေမြ၏ တပ်စုရုံးမှ စစ်သည်တော်တစ်ဦး ဖြစ်ပါသည်။ ညက ရွာထဲတွင်တွေ့ရပြီး ကျွန်ုပ်ကခေါ်ထား၍ အပြန်ခရီးတွင် ကျွန်ုပ်တို့နှင့် ပြန်လည်လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ (ထိုကဲ့သို့ ပြန်လာစဉ် သွားသန်လမ်းတွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို တင်ပြခဲ့ပြီးဖြစ်၍ ဆက်ပြီးမရေးတော့ပါ။)

သူတို့နှစ်ယောက်က ကျွန်ုပ်အား အိပ်ရာထဲအထိ လိုက်ပါပို့ဆောင်ပေးပြီးသောအခါ တပ်သားလောင်ချွဲက သူ၏ တပ်စုရုံးရှိရာဆီသို့ ပြန်သွားပါသည်။ တပ်သားလောင်ချွဲ တပ်စုရုံးသို့ ပြန်ရောက်သောအခါ ည (၉) နာရီခန့်လောက်ရှိနေပြီ ဖြစ်သည်။ ထိုအချိန်ထိ သူတို့တပ်စုရုံးမှာ မည်သူမျှ ထမင်းမစားကြရသေးပါ။ ဆရာကြီး ရွှေမြ ယူလာသောကြက်မှာ ယခုမှ ခုတ်ထစ်၍ပြီးရုံရှိသည်။

နွေအလယ်၏ နေပူကျဲတဲကြားတွင် ခံစစ်တည်ဆောက်နေကြရသည် ဖြစ်၍ တစ်နေကုန် ရေတွေချည်း လိမ့်သောက်နေရသဖြင့် တော်တော်နှင့် ထမင်းမစားနိုင်အောင်ဖြစ်ကြရသည်။ တပ်သားလောင်ချွဲမှာ ခုတ်ထစ်ပြီးသောကြက်သားများကို လိုအပ်သလို ပြင်ဆင်ပြီး ချက်ပြုတ်ရလေတော့သည်။ တစ်အောင့်လောက်ကြာသောအခါ ဆရာကြီး ဦးရွှေမြက အိမ်သာသွားတက်ဦးမည်ဟုဆိုကာ ထွက်သွားသည်။ တော်တော်နှင့် ပြန်ပေါ်မလာပါ။ ပြန်ရောက်လာသောအခါကျတော့မှ ဘာမပြောညာမပြောနှင့် ကြက်သားဟင်းအိုးကြီးကို မီးဖိုပေါ်မှချကာ တစ်တုံးပြီးတစ်တုံး နှိုက်စားနေလေတော့သည်။

ထိုအခါ တပ်စုရုံးတွင် အတူနေသော တပ်သားချစ်ထူးမှ -

"ဆရာကြီး၊ ကြက်သားဟင်းအိုးက ခုမှတစ်ပွက်၊ နှစ်ပွက်ဆူခါစရှိသေးတယ်လေ ဘယ်ကျက်ဦးမှာလဲ"

ဟု ပြောသော်လည်း ဆရာကြီး ဦးရွှေမြက ဂရုမစိုက်။ ဟင်းအိုးထဲက ကြက်သားများကိုသာ တစ်တုံးပြီးတစ်တုံး နှိုက်စားနေသည်။ တပ်သားလောင်ချွဲနှင့် တပ်သားချစ်ထူးတို့နှစ်ယောက်မှာလည်း မိမိတို့ဆရာကြီးဖြစ်နေလေရာ အတင်းအဓမ္မမပြောရဲကြ။ အလိုက်အထိုက် ကြည့်ပြီးနေလိုက်ကြသေးသည်။ သို့သော် ဆရာကြီးရွှေမြစားနေသည်မှာ အသံများပင် တပျပ်ပျပ်နှင့်ထွက်နေသည်။ အရိုးများကို ကိုက်ဝါးရာတွင်လည်း လူတစ်ယောက်ကိုက်ဝါးနေသည်နှင့်မတူတော့။ ဂျိုးဂျိုးဂျွတ်ဂျွတ်ဖြင့် အသံတွေထွက်နေသည်။

ကြည့်ရသည်မှာ လူတစ်ယောက်စားနေပုံမျိုးနှင့် မတူတော့ပါ။ မနိုင်းကောင်းနှိုင်းပြရသော် ဝက်များ အစာကို



www.burmeseclassic.com

www.burmeseclassic.com

လုယက်ပြီး စားသောက်နေသည်နှင့်သာ တူတော့သည်။ ထမင်းအလွတ်စားနေပုံပင်တည်း။ ဆရာကြီး ရွှေမြဆိုသူမှာ စစ်သည်များအပေါ် တာဝန်အရ စေခိုင်းရသည့်အခါ အားမနာတမ်းစေခိုင်းတတ်သော်လည်း အစားအသောက်နှင့်ပတ်သက်လာလျှင် ငယ်သားများအပေါ် အမြဲအနစ်နာခံပြီး စားသောက်တတ်သော ဆရာကြီးတစ်ဦးပင် ဖြစ်ပါသည်။

အစားအသောက်နှင့် ပတ်သက်လာလျှင် တပည့်များအပေါ် အမြဲတမ်း အနစ်နာခံပြီး စားသောက်တတ်သော ဆရာကြီးမှာ ယခုအခါ တပည့်များအပေါ် ချန်ထားလိုဟန်မရှိ၊ တပည့်များအား ဖုတ်လေသည့်ငါးပိရှိသည်ဟု အထင်မှရှိသေးရဲ့လားမသိ။ တစ်လကိုးသီတင်း အစာငတ်ရေငတ်ဖြစ်ခဲ့သူတစ်ယောက်က အခုမှအငမ်းမရစားနေသကဲ့သို့ဖြစ်နေသည်။ သာမန်လူတစ်ယောက်က အစာတစ်ခုခုကို စားသောအခါ လက်တစ်ဖက်တည်းကိုသား အားပြုပြီး စားသောက်လေ့ရှိပါသည်။ ယခု ဆရာကြီးမှာ ထိုကဲ့သို့ မဟုတ်တော့။ ဘယ်လက်ရော ညာလက်ပါမကျန် တွေ့ကရာလက်နဲ့ နှိုက်ပြီး စားသောက်နေလေတော့သည်။

စားမကုန်၍ကျန်ခဲ့သော ဟင်းတုံးများကို သူတို့က ဆက်ပြီးစားသောက်ကြရန်ပင် စိတ်ထဲက မသထီစရာ၊ ရွံစရာအတိ ဖြစ်နေရပါတော့သည်။ ပါးစပ်ဝန်းကျင်တစ်လျှောက်တွင်လည်း အသားတုံးမှထွက်လာသော သွေးစသွေးနများဖြင့် ပေပွနေပါတော့သည်။ ဒီကြားထဲ မျက်ထောက်နီကြီးများဖြင့် ဟိုကြည့်ဒီကြည့်လုပ်နေသေးသည်။ စစ်သည်များက ဒီတစ်ခါသွားပြီးပြောလျှင်ပင် ထရိုက်လေမည်လား မဆိုနိုင်ပါ။ သို့ပေမယ့် ထရိုက်ချင်လည်း ရိုက်ပါစေတော့။ ဟင်းအိုးမှာလည်း ထက်ဝက်လောက်ကျိုးနေပြီဖြစ်၍ မတားလျှင် သူတို့စားဖို့ပင် ကျန်တော့မည် မဟုတ်တော့ပါ။ သို့ဖြစ်၍ တပ်သားလောင်ချွဲက-

"ဆရာကြီး၊ တပည့်တို့စားဖို့အတွက်လည်း ချန်ထားဦးလေ။ ကုန်ပဲကုန်တော့မယ်"

ဟု ပြောလိုက်သောအခါ ဆရာကြီးရွှေမြက -

"ဘယ်ကတပည့်လဲကွ၊ ငါ့မှာ တပည့်မရှိဘူး။ အားလုံးဟာ ငါ့ဆရာတွေချည်းပဲ။ ငါကနောက်မှရောက်လာတာ တပည့်အဆင့်ပဲရှိသေးတယ်။ တစ်လောကလုံးက ငါ့ဆရာတွေစားပြီးတဲ့ အကြွင်းအကျန်တွေကိုပဲ စားနေရတာ။ ခုမှပဲ အမိန့်အရ စားရတုန်း စားရမှာပဲကွ"

ဟု မျက်ထောက်နီ၊ အသံအောကြီးနှင့် ပြန်ကြည့်၍ပြောလေသည်။

ထိုအခါကျမှ သူတို့နှစ်ယောက်မှာ ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘူး။ စစ်ကြောင်းရုံးကိုသွားပြီး ဆေးတပ်သားသွားခေါ်မှဆိုပြီး တပ်သား ချစ်ထူးကို အစောင့်ထားခဲ့ကာ တပ်သားလောင်ချွဲတစ်ယောက်တည်း အပြေးထွက်ခဲ့သည်။ စစ်ကြောင်းရုံးကို ရောက်သောအခါ ဆေးတပ်သား ဆရာမြင့်ဖေကို အကျိုးအကြောင်းပြောပြီး ခေါ်ခဲ့လေသည်။ ဆေးတပ်သား ဆရာမြင့်ဖေ ရောက်လာသောအခါ ဆရာကြီး ရွှေမြက ဟင်းအိုးဘေးမှာထိုင်ပြီး ဆရာမြင့်ဖေကို စေ့စေ့ကြည့်ကာ -

"ဘာလဲ၊ မင်းက ဆေးဆရာပေါ့ ဟုတ်စ။ ဆေးဆရာဆိုတာက လူတွေကို မသေအောင်ကုသရတဲ့ကိစ္စပါ။ အဲ့-ငါ့ကို လာကုလို့ ဘာထူးမှာလဲ။ ငါကသေရမှာကို မကြောက်ဘူးကွ။ ဘာကြောင့်လဲဆိုတော့ ငါက သေခဲ့ပြီးပြီလေ။ ဒီတော့ ဆေးဆရာရေ ကိုယ့်ဟာကိုသာ မသေအောင်ကုသပေတော့။ ငါ့ကိုလာမကုပါနဲ့တော့။ ပြီးတော့ မင်းတို့ဗိုလ်ကြီးကိုလည်း ပြောလိုက်ပါဦး၊ ခုလို ကြက်သားဟင်းစားဖို့ အမိန့်ပေးပြီး လမ်းညွှန်ပေးတာ ကျေးဇူးအထူးတင်ပါတယ်လို့။ ပြီးတော့ ထီပေါက်ချင်ရင် နိုင်ငံတော်အစိုးရက ထုတ်သမျှ ထီစာရွက်တွေအားလုံးကို ဝယ်ပြီးထိုးလိုက်ပါလို့၊ သေချာပေါက် ထီပေါက်မှာပါလို့ပြောလိုက်ပါ ဟား ဟား ဟား"

ထိုအခါ တပ်သားလောင်ချွဲသည် အဆိုပါ ဝင်ပူးနေသော ပရလောကသားကြီးမှာ ကျွန်ုပ်က သုသာန်လမ်းတွင် ဟိုပြောဒီပြောလျှောက်ပြောခဲ့၍ ယခုကဲ့သို့ ဖြစ်လာရကြောင်း အတပ်သိလိုက်ရပါတော့သည်။

ထိုအခါ ဆရာမြင့်ဖေက -

"ကဲပါဗျာ၊ ဒီမှာစားနေတဲ့ ကြက်သားကိုတော့ ဒီအတိုင်းထားခဲ့ပါတော့။ ကျွန်တော်တို့ဆီမှာ ဒီထက်ကောင်းတဲ့ ကြက်သားဟင်းတွေရှိတယ်။ အဲဒီကို သွားပြီးစားကြမယ် စေတနာရှိလို့ လာခေါ်တာပါ"

ဟု ချော့မော့ပြီးပြောလိုက်သောအခါ ဆရာကြီးရွှေမြ တစ်ဖြစ်လဲ ဝင်ပူးနေသော အစိမ်းသရဲက -

"ကောင်းပြီဗျာ၊ အခုလို စေတနာ ... ဗရပွနဲ့ တကူးတကလာပြီး ဖိတ်ခေါ် ... လည်း လိုက်ခဲ့ရမှာပေါ့"

ဟု ပြောကာ ဆေးဆရာခေါ် ... နောက်သို့ လိုက်သွားလေတော့သည် ... တပ်သားလောင်ချွဲကပါ လိုက်ပြီးပို့ ... သည်။ စစ်ကြောင်းရုံးကို ရောက်သော ... အခါ မည်သူကမျှ ကြက်သားဟင်းမ ... ကြ။ စစ်သည်သုံးလေးယောက်တို့ ... ဝိုင်းဝန်းဖမ်းချုပ်ပြီး ကြိုးဖြင့်တုပ်ထား ... လေတော့သည်။ ထိုအခါ သရဲဝင် ... ထားသော ဆရာကြီးက ရှန်းရင်းကန် ... ဖြင့် ပြောချင်ရာပြော၊ အော်ချင်ရာ ... လျှောက်ပြီး အော်နေလေတော့သည်။

"ငါ့ကို ကြက်သားကျွေးမယ်ဆို ... ခေါ်ခဲ့ကြတယ်။ ခုတော့ ကြိုးနဲ့တုပ်ထား ... ကြတယ်။ ဘယ်မှာလဲ ကြက်သား။ ငါ့ ... ကြိုးဖြေပေးပြီးကျွေးကြပါ။ လာကျွေး ... လေ ကြက်သား၊ ကြက်သား"

စသဖြင့် အသံသေးအသံကြော ... ဖြင့် အော်ဟစ်နေလေရာ စစ်ကြော ... မှူးက ကြားသိသွားရလေတော့သည် ... ထို့အပြင် စစ်ကြောင်းမှူးမှာလည်း အ ... ကောင်းခြင်းမအိပ်ရဖြစ်သွားရတော့ ... စစ်ကြောင်းမှူးကိုယ်တိုင် နားမခံ ... အောင်ဖြစ်ရပြီး ဆေးတပ်သားကိုလည်း ... လိုအပ်သောဆေးများထိုးပေးရန် ... ကြားခဲ့ရလေသည်။

နံနက်မိုးလင်းသောအခါ လိုက် ... ပို့ဆောင်ပေးခဲ့သော တပ်သား လော ... အား ခေါ်ယူပြီး အကျိုးအကြောင်း ... မြန်းစုံစမ်းကြည့်ရာ ရိုးသားလှသော ... တိုင်းရင်းသား တပ်သား လောင်ချွဲ ... ကျွန်ုပ်တို့ ရွာထဲမှာ အရက်သောက်ခဲ့ ... အစ သုသာန်လမ်းတွင် ဖြစ်ပျက်ခဲ့ ... အလယ်၊ ဆရာကြီးရွှေမြ သရဲဝင်ပူး ... ခံရပုံကိုအဆုံး ဖြစ်ကြောင်းရယ်တဲ့ ... စဉ်ကို မခြွင်းမချန် တင်ပြလိုက်သ ... ဟူ၏။

❐

"ကဲ - ဖြစ်စဉ်ကတော့ အဲဒါပါ ... လောင်ချွဲတို့က ငါ့ဆီကို တကူးတ ... လာပြီး ပြောပြကြတာ မဟုတ်ပါ ... ငါကသိချင်လို့ခေါ်ပြီးမေးလိုက်ရာ ... သိခဲ့ရတာပါ။ သူတို့ကလည်း မခြွင်း ... တင်ပြကြတယ်။ အဲဒီလို အဖြစ် ... သိလိုက်ရတော့ နောင်ကို ငါတို့တ ... ဘာကိုဆောင်လို့ ဘာတွေကိုရှော ... သလဲဆိုတာကို သိသွားစေရ ...



www.burmeseclassic.com

www.burmeseclassic.com


ဝင်းဆေးတိုက် မှ ဆေးစွမ်းကောင်းသုံးလက် ထုတ်လုပ်ဖြန့်ချိလျက်ရှိပါပြီ

အစာမကြေ၊ လေမသက်၍ အနေခက်သူများအတွက်



အင်ကြင်းပန်း
အမှတ်တံဆိပ်
လေသက်ဆေး

အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာမစားချင်ဖြစ်ခြင်း၊ နှုတ်မမြိန်ခြင်း၊ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်၊ အသံဝင်ခြင်း၊ အသက်ရှူမဝဖြစ်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ လေအန်၊ ဝမ်းဗိုက်နာခြင်း၊ အောင့်ခြင်း၊ လေချုပ်ခြင်းများ ပျောက်ကင်းစေပြီး အစာကြေလေသက်၊ အပူငြိမ်း၍ စားဝင်အိပ်ပျော်စေပါသည်။

မှတ်ပုံတင်-1911 YR 006354 ၊ လိုင်စင်- ၂/ ၂၀၀၃၊ တဆထလ/ဖိုး(၁၀၇၈)

ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်သူများအတွက်
မှတ်ပုံတင်-0613 Y 010361



အင်ကြင်းပန်း
အမှတ်တံဆိပ်
ချောင်းဆိုးပျောက်ဆေး

ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ခြင်း၊ ... ခြင်း၊ မောပန်းခြင်းတို့ကို သုံးစွဲနိုင်ပါသည်။

ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ အနာစိမ်းမှအစ အရေပြားရောဂါ အမျိုးမျိုးအတွက်
မှတ်ပုံတင်-0813 Y 010535



အင်ကြင်းပန်း
အမှတ်တံဆိပ်
အနာကျက်ဆေးမှုန့်

အနာစိမ်း၊ ရေသဲဝဲ၊ ထိခိုက်ရှနာ၊ ခြေကွဲနာ၊ မီးလောင်နာ၊ နှင်းခူအစို အခြောက်၊ ပိတ်ထွက်ခြင်း၊ အသားအရေယားယံခြင်း၊ ပွေး၊ အင်၊ ဂျွတ် ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - **ဝင်းဆေးတိုက်** ဦးစိုးလင်း + ဒေါ်ဝင်းဝင်းဇော်
အမှတ် - ၂၆၁၆/ခ ၊ လှော်ကားလမ်း ၊ (၇၁) ရပ်ကွက် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၉၀၅၇၈ ၊ ၀၉ ၇၃၁၃၃၄၀၀


သင်ခန်းစာယူနိုင်သွားတာပေါ့။

တကယ်တော့ ကျွန်တော်တို့သာမန်လူသားတွေအနေနဲ့ မမြင်တွေ့ရနိုင်တဲ့ နာနာဘာဝဝိနာဘာဝ၊ တစ္ဆေသရဲ၊ နတ်ဆိုး၊ နတ်ကြမ်း၊ နတ်ပြိတ္တာ၊ မြေဖုတ် အစရှိတဲ့ လောကသားတွေဆိုတာရှိကြတယ်ဗျ။ ရှိခဲ့လို့လည်း မြတ်စွာဘုရားက ပေတဝတ္ထုတွေနဲ့ ဟောကြားခဲ့တာပဲမဟုတ်လား။ ဒီခေတ်ကြီးမှာတောင်အချို့ လူသတ်မှုတွေက တရားခံတွေကိုတော်တော်နဲ့ မဖော်ထုတ်နိုင်ဘဲရှိနေစဉ်မှာ အသတ်ခံရပြီး သေဆုံးသွားရတဲ့သူက ပရလောကသားအဖြစ်နဲ့ ဝင်ပူးပြီးအမှုဖော်ထုတ်လို့အမှုမှန်တွေပေါ်ပေါက်ခဲ့ရတာတွေ ရှိနေတာပဲလေ။ ဒီတော့ဒါဟာ ပရလောကသားရှိကြောင်းခိုင်မာတဲ့ သက်သေသာဓကတွေပဲပေါ့။

အဲဒီလို မမြင်ရနိုင်တဲ့ပရလောကသားတွေကို သွားပြီး စသလိုနောက်ပြောင်သလိုမျိုး မလုပ်ရဘူးဗျ။ အထူးသဖြင့် အခုလိုအချိန်မတော်ကြီးမှာသွားလုပ်သင့်ဘူး။ ခင်ဗျားအနေနဲ့ နောင်ကိုထပ်ပြီးလုပ်ချင်သပဆိုရင် ကျွန်တော့်ဆီမှာရှိတဲ့ဟင်းကို လိုက်ပြီးလာစားလှည့်ပါ။ ပြီးတော့ ကျွန်တော့်ဆီကို ဝင်ပူးပြီးထိပေါက်မယ့်အချိန်တွေပါ ပြောခဲ့ပါဆိုပြီးလုပ်ပေါ့။ ခုဟာက သူများဟင်းကိုသွားစားခိုင်းပြီး သူများကို ဝင်ပူးခိုင်းတယ်ဆိုတာတော့ မကောင်းပါဘူး။

ပြီးတော့ ဆရာကြီးရွှေမြကို ဝင်ပူးနေတာ တစ်ယောက်တည်းမဟုတ်ဘူးဗျ။ တစ်ယောက်ဝင်ပူးပြီးထွက်သွားတာနဲ့ နောက်တစ်ယောက်က ထပ်ပြီး ဝင်ပူးပြန်သေးတယ်။ နှစ်ယောက်၊သုံးယောက်ဖြစ်နေတာ ကျုပ်လည်းနားမခံသာတော့တာနဲ့ အရေးပေါ် သုံးစွဲဖို့ ထုတ်လာတဲ့မော်ဘိန်းဆေးကို ထိုးခိုင်းလိုက်မှပဲ ရပ်သွားရတော့တယ်။

ကျုပ်တစ်ယောက်တည်းသာအိပ်မရပြုမ်ရနဲ့ ဒုက္ခရောက်ခဲ့ရတာမဟုတ်ပါဘူး။ ဒီမှာရှိနေကြတဲ့ ခုနစ်ရက်သားသမီးများ အားလုံးကလည်း ဒုက္ခရောက်ကုန်ကြရတယ်။ အဲဒီလိုဒုက္ခရောက်ရတဲ့ပြဿနာရဲ့မူရင်းဇာစ်မြစ်ကတော့ ခင်ဗျားစခဲ့တဲ့ ဇာတ်လမ်းကြောင့်ပဲ။ တစ်နည်းအားဖြင့် ခင်ဗျားရဲ့ သုသာန်လမ်းမှာစခဲ့တဲ့ ဇာတ်လမ်းကြောင့်ပဲ။

ဒါကြောင့် ကျုပ်က ခင်ဗျားကိုခေါ်ပြီးပြောရတဲ့ အကြောင်းရင်းကခင်ဗျားအနေနဲ့ နောင်လို အဲဒီလိုမျိုးဖြစ်အောင် ထပ်မလုပ်ပါနဲ့။ လုပ်မယ်ဆိုရင်လည်း ခုနကပြောခဲ့တဲ့အတိုင်းလုပ်ပါ။ ခင်ဗျားတစ်ယောက်တည်း ဆင်ခြင်ဖို့မဟုတ်ဘူး။ ခင်ဗျားရဲ့တပ်ခွဲတစ်ခုလုံးကိုပါ ဒါမျိုးမလုပ်ကြဖို့ပြောထားပါ အဲဒါပဲ"

ဟု ပြောပြီး စစ်ကြောင်းမှူးက သူ၏စကားကို အဆုံးသတ်လိုက်သည်။

ကျွန်ုပ်ကလည်း တစ်ခွန်းမခံ 'ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ' ဟု ခွန်းတုံ့ပြန်ခဲ့ရကြောင်းပါ ခင်ဗျား။

စာဖတ်ခဲ့သူများအားလုံး
ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



# မငနောသူတော်

## စိတ်စွမ်းအင်စုံထောက်ကြီးကရာရက်ဝေါ

## ရဲတင်းကိုင်ဓားပြကိုဖော်ထုတ်ပုံ

အသက် (၂၀) အရွယ် တောင့်တောင့်ဖြောင့်ဖြောင့် ရွှေရောင်ဆံပင်နဲ့ မိန်းကလေးတစ်ဦးဟာ ဝီယာဒင်မြို့ နေဝင်ရီတရောအချိန်မှာ စက်ဘီးကို ခပ်သုတ်သုတ်စီးလာတယ်။

ဒီဇင်ဘာလ ၅ ရက်နေ့ဟာ ဟော်လန်ပြည်မှာ ခရစ္စမတ်အကြိုနေ့ ဖြစ်တယ်။ ဒီနေ့မှာ ဆွေမျိုးမိတ်ဆွေတွေကို ခရစ္စမတ်လက်ဆောင်တွေ ဝယ်ပေးတဲ့ ဘိုးဘိုးဆန်တာကလော့ ပေါ်လာတတ်တယ်။ သူတော်စင် စိန့်နီကိုလပ် လက်ထက်ကတည်းက ရိုးရာမှုစခဲ့တယ်။ ဒီရိုးရာနေ့မှာ ဆန်တာကလော့ကို မုန့်တွေကို ကျွေးမွေးပေးကမ်းဖို့ ကိတ်မုန့်တွေကို မြို့ထဲကဝယ်လာပြီး မြို့စွန်အိမ်ပြန်ခရီးပေါ့။

လက်တစ်ဖက်က မုန့်ပုံးကြီးကို ကိုင်၊ တစ်ဖက်က စက်ဘီးလက်ကိုင်ကို ကိုင်ရင်း စက်ဘီးနင်းလာတာ လူပြတ်တဲ့ နေရာလည်းရောက်ရော ဖြုန်းဆို လမ်းဘေးက လူတစ်ယောက်ထွက်လာပြီး မိန်းကလေးကို ဖမ်းဆွဲတော့တာပဲ။

ဖြုန်းခနဲလန့်သွားတဲ့ မိန်းကလေးဟာ စက်ဘီးပေါ်က ကပျာကယာခုန်ဆင်းပြီး ဓားပြနဲ့ နပန်းလုံးတော့တာပဲ။ ဓားပြက ရဲတင်းကြီးကိုင်ပြီးခုတ်တော့ မလို့တကဲကဲလုပ်နေတော့ မိန်းကလေးက ရဲတင်းကို လုရာက ဓားပြနဲ့ သူတစ်ပြန်ကိုယ်တစ်ပြန် နပန်းလုံးကြတာပေါ့။

အာဂသတ္တိခဲမလေးက ရဲတင်းကို လုနေတုန်းမှာ ခပ်လှမ်းလှမ်းကလာနေတဲ့ စက်ဘီးမီးရောင်ကို လှမ်းမြင်လိုက်ရတော့ ဓားပြဟာ ရဲတင်းကို ဆက်မလုတော့ဘဲ ရဲတင်းကိုလွှတ်ပြီး တစ်ချိုးတည်းလစ်တော့တာပဲ။ တစ်ဖက်ကလာတဲ့ စက်ဘီးမီးရောင်ကလည်း တဖြည်းဖြည်းနီးလာတော့ လန့်ပြီးထွက်ပြေးသွားတာပါ။ မိန်းကလေးက ရဲတင်းကိုယူပြီး သူ့အိမ်ဆီကို မုန့်ပုံးသယ်လို့ စက်ဘီးကို တအားနင်းတော့တာပါ။

အိမ်ရောက်တော့ လမ်းမှာတွေ့ခဲ့ရတဲ့ဓားပြအကြောင်း မိဘကိုပြောပြတဲ့အခါ မိဘတွေက စိတ်ပူပြီး အခုဘာမှ မဖြစ်သေးပေမယ့် နောင်ရေးစိတ်အေးရအောင် ရဲစခန်းသွားပြီး တိုင်ချက်ဖွင့်

လိုက်တယ်။ ရဲတင်းကိုင်ဓားပြတိုက်တာပဲ။ ရဲတင်းကိုင်ဓားပြဟာ လူမိသွား... တာပေါ့။ အပြင်လူသာ မလာဘူးဆိုရင် ရဲတင်းလုရင်းနဲ့ မိန်းကလေးကိုပါ သတ်... ပစ်မှာ။ ဒီတော့မှ လူသတ်ဓားပြမှုဖြစ်... နိုင်တယ်လေ။

ရဲတွေက အမှုဖွင့်ပြီး ထောက်... လှမ်းရတယ်။ ရဲတင်းပြပြီးတော့ ဘယ်သူ့... ရဲတင်းလဲဆိုတာ စုံစမ်းတယ်။ တစ်မြို့... လုံး စုံစမ်းပေမယ့် ရဲတင်းပိုင်ရှင်ကိုတော့ မသိကြဘူး။ ဒီတော့ ရဲတွေက ရဲတင်း... မြို့လယ်က ကုန်စုံဆိုင်မှာ ချိတ်ဆွဲထား... တယ်။

လမ်းသွားလမ်းလာတွေကမြင်... ဘယ်သူ့ရဲ့ ရဲတင်းဆိုတာ သိနိုင်အောင်... ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ဒီလိုသာ ရဲတင်းတို့ ချိတ်ဆွဲထားပေမယ့် တစ်လလောက်ကြာတဲ့အထိ ရဲတင်းပိုင်ရှင်ကို မဖော်ထုတ်နိုင်ဘူး။ သဲလွန်စပျောက်နေတယ်။ နောက်ဆုံးကြံရာမရဖြစ်ပြီး စိတ်စွမ်းအင်ပိုင်ရှင် ကရာဇက်ဆီ ရောက်လာတာဖြစ်တယ်။ ရဲတွေက ရဲတင်းယူလာပြီး ကရာဇက်ဆီလာပြပြီးတော့ ဒီရဲတင်းပိုင်ရှင်ကို ကရာဇက်က အာရုံခံကြည့်ပေးဖို့ အကူအညီတောင်းတာပါ။

ကရာဇက်က ရဲတင်းကိုကိုင်ကြည့်ပြီး အာရုံခံကြည့်တဲ့အခါမှာ အာရုံအမြင်တွေ ရှုပ်ထွေးနေတယ်။ လူတွေတော်တော်များများကို အာရုံမှာမြင်ရပေမယ့် မပီပြင်ဘူး၊ မပြတ်သားဘူး၊ ရှုပ်ထွေးနေတယ်။ ဒီတော့ ကရာဇက်က ဒီရဲတင်းဟာ ကုန်စုံဆိုင်မှာ အကြာကြီးချိတ်ထားတော့ လူတွေကမြင်မယ်။ ကိုင်ကြည့်ကြမယ်။ ဒီလိုကိုင်ကြည့်ကြတဲ့ လူပေါင်းစုံရဲ့ ရုပ်လွှာတွေကို မြင်ရတာ ဖြစ်တယ်။ ဒါကြောင့် လူတွေများပြီး မပီမပြင်အာရုံတွေရှုပ်ထွေးနေတာဖြစ်တယ်လို့ ကရာဇက်က ပြောတယ်။

ရဲတွေက ကရာဇက်ဆီအကူအညီတောင်းပြီး ရဲတင်းကိုပြစဉ်က အမှုအကြောင်းကို ဘာမှမပြောဘဲ ရဲတင်းကိုသာပြပြီး ပိုင်ရှင်ကိုမေးတာ ဖြစ်တယ်။ ဓားပြမှုမှာ အသုံးပြုတဲ့လက်နက်လို့ပြောမထားဘူး။ ပြောလိုက်ရင် ကရာဇက်ကို ရေလာမြောင်းပေးသလိုဖြစ်ပြီး ကရာဇက်ရဲ့စိတ်အထင်နဲ့ အာရုံခံတာတွေ ရောထွေးမှာစိုးလို့ပါ။ ပိုင်ရှင်ဟာ ဓားပြဖြစ်နိုင်လို့ ရဲတင်းပိုင်ရှင်ကို မနောအာရုံခံကြည့်ပေးဖို့ ရဲတွေက ကရာဇက်ကို အပြည့်အစုံပြောပြရတယ်။

ကရာဇက်က ရဲတင်းကို အသာစမ်းပြီး သူ့အာရုံအမြင်ကို ပြောလိုက်တယ်။

“အသက် (၃၀) လောက်ရှိတဲ့ လူငယ်တစ်ယောက်ကို တွေ့မြင်ရတယ်။ သူဟာ အရပ်မြင့်မြင့်၊ အသားညိုညိုပဲ။ ဒါပေမယ့် ရဲတင်းဟာ သူ့ရဲတင်းမဟုတ်ဘူး။ သူဟာ သုံးလုံးတန်းအိမ်ထဲကိုဝင်သွားတယ်။ အဲဒီ သူဝင်သွားတဲ့အိမ်ထဲမှာနေတဲ့ အသက်(၅၀)ကျော်ရှိတဲ့ သူ့ရဲ့ရဲတင်းပါ”

ကရာဇက်က ဆက်ပြီး အမြင်အာရုံထူးနဲ့ကြည့်တဲ့အခါ ရဲတင်းချိတ်ထားတဲ့ ကုန်စုံဆိုင်ကို မြင်ရတယ်။ ဒီကုန်စုံဆိုင်ပိုင်ရှင်ကိုလည်း သူတွေ့ရတယ်။ ဒါပေမယ့် ဒီဆိုင်ရှင်ဟာ အမှုနဲ့ မဆိုင်ဘူးဆိုတာကို သူမသိဘူး။ သူကတော့ သူ့အာရုံထဲမှာ ပေါ်လာတဲ့အရာတွေ၊ လူတွေကိုသာ သူမြင်တွေ့ရတဲ့အတိုင်း ပြောပြတာ ဖြစ်တယ်။ ရဲတင်းပိုင်ရှင်နေတဲ့ အိမ် (၃) လုံးတန်းကိုလည်း အသေးစိတ်ပြောပြတယ်။ ရဲတွေကရှာဖွေနိုင်အောင် တည်နေရာကို ပြောပြနိုင်တယ်။ ဒါပေမယ့် သက်သေမခိုင်လုံဘူး။ ပိုင်ရှင်ဆီက ရဲတင်းကို ဓားပြငှားသွားတယ်ဆိုတာရယ်၊ ဒီရဲတင်းက ဓားပြတိုက်ရာမှာ အသုံးပြုတဲ့ရဲတင်းပါပဲလို့လည်း တရားခွင်မှာ သက်သေမထူနိုင်ဘူး။ ဒီတော့ ဒီအမှုဟာ တန်းလန်းကြီးဖြစ်သွားတယ်။ ဒါပေမယ့် ရဲတွေကတော့ အမှုကိုမပိတ်ဘူး။ အသာစောင့်ပြီး အခြေအနေကိုစောင့်ကြည့်နေတယ်။

မကြာလိုက်ဘူး။ နောက် (၆) လလောက်ရှိတဲ့အခါ ကရာဇက်ရဲ့အမြင်အာရုံမှာ ပေါ်လာတဲ့ဓားပြဟာ အနီးအနားကမြို့မှာ ရာဇဝတ်မှုကျူးလွန်ခဲ့လို့ ရဲတွေက ဖမ်းဆီးလိုက်တယ်။ ဒီလူငယ်ဟာ အသက် (၂၈) နှစ်လောက်ရှိပြီး ကရာဇက်ပြောခဲ့တဲ့ အိမ် (၃) လုံးတန်းမှာနေတဲ့ အသက် (၅၀) ကျော် လူဆီက ရဲတင်းကို ငှားခဲ့တာ ဖြစ်တယ်။

အဲဒီနောက်တစ်မှု တရားရုံးက စစ်ဆေးနေစဉ်မှာ ဓားပြလူငယ်က ဝီယာဒင်မြို့က စက်ဘီးစီးလာတဲ့ မိန်းကလေးကို ရဲတင်းပြပြီး ဓားပြတိုက်ခဲ့တာ သူပါပဲလို့ ဖြောင့်ချက်ပေးသွားတယ်။

ဒီအမှုကိစ္စနဲ့ ပတ်သက်ပြီးတော့ ဝီယာဒင်မြို့ဝန်က ပါမောက္ခတင်ဟက်ရဲ့ ပရစိတ်ပညာဌာနကို ရေးလိုက်တဲ့စာထဲမှာ ‘ရဲတွေအတွက် အဖိုးတန် သတင်းအချက်အလက်တွေကို မစ္စတာကရာဇက်ကပေးပြီး ကူညီခဲ့ပါကြောင်း’ လို့ ရေးခဲ့တယ်။

ဟော်လန်မှာ ရဲဌာနဟာ မြို့ဝန်ရဲ့ အုပ်ချုပ်မှုအောက်မှာရှိတယ်။ မြို့ဝန်ရဲ့ ထောက်ခံစာဟာ ရဲတွေရဲ့ထောက်ခံစာလို့ ယူဆနိုင်တယ်။ ဟော်လန်ပြည်ဟာ ကမ္ဘာပေါ်မှာ စိတ်စွမ်းအင်၊ စိတ်တန်ခိုးတွေကို ရဲဘက်က အသုံးပြုတာ ပထမဆုံးလည်းဖြစ်၊ အများဆုံးလည်း ဖြစ်တယ်။ တရားရေးဌာနနဲ့ ရဲဌာနဟာ စိတ်စွမ်းအင်ကို ယုံကြည်ကြတယ်။ ယုံကြည်တဲ့လူများတယ်။

အမေရိကန်မှာတော့ ဒီလိုမဟုတ်ဘူး။ အမေရိကန်ရဲတွေဟာ စိတ်တန်ခိုး၊ စိတ်စွမ်းအင်တွေကို မယုံကြည်ကြဘူး။ ဒါတွေဟာ အလိမ်ပညာတွေလို့ထင်ကြတယ်။ တချို့အမြင်အာရုံထူးရှိတယ်ဆိုတဲ့လူတွေကလည်း လိမ်ညာကြ၊ ကြွားဝါကြတော့ မယုံတဲ့လူကိုလည်း အပြစ်ပြောလို့မရဘူး။ ဒီအာရုံထူးပိုင်ရှင်တွေဟာ ဘယ်အမှုမှာဟောလိုက်တာ ရာနှုန်းပြည့်မှန်တယ်လို့ ကြွားလုံးတောင်ထုတ်ကြတယ်။

ဟော်လန်မှာတော့ ဒီလိုမဟုတ်ဘူး။ ပါမောက္ခတင်ဟက်ဟာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကတည်းက စိတ်တန်ခိုး၊ စိတ်စွမ်းအင်တွေကို လေ့လာခဲ့တယ်၊ သုတေသနပြုခဲ့တယ်၊ ရေးသားခဲ့တယ်။ တောက်လျှောက် တစ်ဆက်တည်း လေ့လာခဲ့တာ ၁၉၄၇ ခုနှစ် စစ်ကြီးပြီးတော့ စိတ်တန်ခိုးရှိတယ်၊ အမြင်အာရုံရှိတယ်ဆိုတဲ့ လူတွေကို လက်တွေ့စမ်းသပ်လေ့လာခဲ့တယ်။ မနောနဲ့အမြင်တွေမြင်နိုင်တဲ့သူ (၃၀)၊ (၄၀) လောက်ရှိမယ်။ ဒီအထဲမှာ စမ်းသပ်ခံနိုင်သူ ဆယ့်လေးငါးဦးရှိတယ်။ ဒီလိုအကြိမ်ကြိမ် အစမ်းခံပြီး ‘မလိမ်မညာစီးပွားရှာတဲ့ အတော်ဆုံး စိတ်တန်ခိုးရှင်ဟာ ကရာဇက်ပဲဆိုတာ နောက်ဆုံးတွေ့ရတယ်။

ရဲတွေက ကရာဇက်ရဲ့အမြင်အာရုံထူးအကူအညီကို လိုအပ်တိုင်း ပါမောက္ခတင်ဟက်ဆီကတစ်ဆင့် ကရာဇက်နဲ့ဆက်သွယ်ရတယ်။ ကရာဇက်က သူ့ရဲ့အမြင်အာရုံထူးနဲ့ ရာဇဝတ်မှုခင်းတွေကို စုံစမ်းထောက်လှမ်းရမှာ သူဟောပြောချက်တွေကို ကက်ဆက်နဲ့အသံသွင်းထားတယ်။ သက်သေခံအထောက်အထား၊ ထောက်ခံစာတွေရေးထားတာကို သိမ်းဆည်းထားတယ်။ ဒီလိုမှတ်တမ်းတွေကို သုတေသနလုပ်ငန်းအဖြစ် တန်ဖိုးထားတယ်။

ဟာလင်မြို့က ရဲမှူးကြီး ဗီလင်ဂေါ်တာ ပြောတာကတော့ -

“ကျုပ်ဟာ မနောသုတေသနအဖွဲ့ဝင်တစ်ဦးဆိုတော့ ၁၉၄၈ ခုနှစ်ကတည်းက ပါမောက္ခဒေါက်တာတင်ဟက်နဲ့ သိကျွမ်းရင်းနှီးခဲ့တာပါ။ ပါမောက္ခဒေါက်တာတင်ဟက်က ဆက်သွယ်ပေးလို့ ကရာဇက်နဲ့ သိကျွမ်းပြီး သူ့အကူအညီရခဲ့တာပါ။ ပရစိတ်ပညာဌာန ပါမောက္ခတင်ဟက် စမ်းသပ်ခဲ့တဲ့ စိတ်စွမ်းအင်ပိုင်ရှင်တွေထဲမှာ မစ္စတာကရာဇက်ကတော့ အတော်ဆုံးပါပဲ”

ဟု ဖွင့်ဟ ပြောကြားခဲ့သည်။

မနောသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

ငပုတောမြို့ ကြက်လယ်ဆစ် ကျေးရွာမှာ ကျွန်မတို့မိသားစုနေထိုင်ပါတယ်။ မိသားစုဆိုလို့ ကျွန်မအမေရယ်၊ ကျွန်မယောကျ်ားကိုဝင်းရယ်၊ သမီးလေးဖြစ်သူ လင်းလင်းမော်ရယ်၊ ကျွန်မရယ် လေးယောက်ပဲရှိပါတယ်။

ကျွန်မယောကျ်ား ကိုဝင်းက ရပ်ကွက်ထဲမှာ ရပ်ကွက်လူကြီးတစ်ဦးပါ။ စီးပွားရေးက တံငါအလုပ်ပါ။ ဂေါ်ထိုး၊ ပိုက်တား၊ ကြွက်ထောင်တဲ့ အလုပ်ပေါ့။

ကျွန်မက ဈေးကြီးထဲမှာ ပုစွန်ရောင်း၊ ငါးရောင်း၊ ကြွက်သားခြောက်ရောင်းပါတယ်။ ငါးခူ၊ ငါးရံ့တွေခေါင်းကို အံလေးနဲ့ထုတန်ထု၊ ဓားနဲ့မွှန်းတန်မွှန်း၊ ပိုက်ဆံကိုချိုင့်ထဲထည့်လိုက် ပါးစပ်ကလည်း အော်ဟစ်ရောင်းလိုက်နဲ့ မိန်းမကြမ်းကြီးပေါ့။ ကျွန်မက လူလည်းဆတ်၊ ဒေါသလည်းကြီး၊ ဈေးရောင်းလို့ ဈေးဝယ်သူတွေနဲ့ မတည့်တဲ့အခါ အလေးနဲ့ ကောက်ပေါက်လို့ ဈေးရုံးခန်းထဲလည်း ရောက်ဖူးပါရဲ့။

အိမ်မှာ အမေက ထမင်းချက်ထားပါတယ်။ ဈေးရောင်းပြီးလို့ အိမ်ရောက်ရင် ကျွန်မက သမီးကို ကျောင်းလိုက်ပို့ရပါတယ်။ သမီးက တတိယတန်းကျောင်းသူပါ။ သမီးက ငယ်ငယ်ကတည်းက ခပ်အေးအေးပဲ တစ်ယောက်တည်းနေတတ်ပါတယ်။ ကျောင်းထဲမှာ အမြဲပထမရပါတယ်။

ကျွန်မက သမီးကို ညတိုင်း စာပြပေးပါတယ်။ သမီးက ဉာဏ်ရည်ထက်မြက်ပါတယ်။ ကျွန်မက ဆယ်တန်းမှာ တစ်နှစ်တည်းမအောင်လို့ကျောင်းထွက်ခဲ့ရပါတယ်။ ကိုဝင်းက သုံးတန်းလောက်ပဲ စာသင်ရပါတယ်။ ကိုဝင်းနဲ့ကျွန်မက သမီးကိုဘွဲ့ရသည်အထိ ပညာတတ်ကြီးဖြစ်အောင်ထားမယ်။ ဆရာမကြီးဖြစ်အောင်အထိ ရည်မှန်းထားပါတယ်။

ကျွန်မက ပုစွန်တွေ၊ ငါးတွေရောင်းနေရရင် သိပ်ပြီးပျော်ပါတယ်။ ကိုဝင်းက အိပ်ရေးပျက်လို့ အိပ်ပျော်နေရင် ကျွန်မက -

"ကိုဝင်း၊ ထတော့လေ။ ရေချိန်နောက်ကျရင် ပုစွန်မရဘဲနေဦးမယ်။ သူများထက်ဦးအောင်သွားမှပေါ့"

လို့ အတင်းနှိုးပြီးလွှတ်ပါတယ်။

"အေးပါကွာ - ငါသိပါတယ်။ တစ်ခါတလေတော့လည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတာပေါ့။ အိပ်ရေးပျက်ရင် ခေါင်းတွေကမူးမူးလာတယ်"

"အလိုတော်၊ ဒီလိုမှ မကြိုးစားရင် ရှင့်သမီးက တစ်နှစ်တစ်တန်းတက်လာပြီ။ ခုကတည်းက ငွေကိုစုထားရမှာရှာနိုင်မှ တော်ကာကျမယ်"

"အေး အေး၊ ထမင်းကြမ်းစားပြီးရင် ငါသွားမယ် မိန်းမရေ"

ပြောသာပြောရတယ်။ ကိုဝင်းတစ်ခါမှ မအားရပါ။ နေ့ဘက် ရပ်ကွက်ထဲမှာ အလုပ်ရှုပ်သလို ညဘက်မှာ မိသားစုတာဝန်လည်း ထမ်းဆောင်ရပါတယ်။

တံငါအလုပ်က အိပ်ရေးပျက်တာတွေများလာတော့ အာရုံကြောတွေထိခိုက်လာပါတယ်။ လေငန်းလိုလို ပါးစပ်





www.burmeseclassic.com

www.burmeseclassic.com

တွေလည်း ခပ်ရွှဲရွှဲဖြစ်လာပါတယ်။ ကျွန်မမှာ စုထားတဲ့ငွေတွေနဲ့ ကိုဝင်းကို ဆေးကုလိုက်တာ ကုန်ပါလေရော။ နွားတွေလည်း မွေးထားမယ်၊ ဝက်တွေလည်း မွေးထားမယ်လို့ ကိုဝင်းနဲ့တိုင်ပင်ပြီး တံငါလည်းပြန်လုပ်။ နွားတွေ၊ ဝက်တွေလည်း မွေးပြန်တာပေါ့။ နားကပ်၊ လက်စွပ်၊ ဆွဲကြိုးတစ်ကုံး စုရင်းဆောင်းရင်းရလာပြန်ရော။ ကျွန်မလည်း ကောက်စိုက်၊ ကောက်ရိတ်၊ ဈေးရောင်းနဲ့ ကျွန်မလည်း မောမောနဲ့ အိပ်ပျော်သွားပါတယ်။

အိပ်မက်ထဲမှာလေ ကျွန်မ ဈေးရောင်းကပြန်လာပြီး အိမ်ပေါ်ကို လှမ်းအတက်မှာ အဘိုးကြီးတစ်ယောက်ကို အိမ်ပေါ်မှာ မြင်ပါတယ်။ ကိုဝင်းနဲ့ရပ်ပြီး စကားပြောနေရင်း ကျွန်မကို မြင်တော့ -

"ဟော - သမီးလေး ပြန်လာပြီ။ လာသမီး၊ သမီး ခဏနားပါဦး"

လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောပါတယ်။

(ဖူဇော)

# လေးဖြာဖြာ

## အဘပြောတဲ့စကား

ကျွန်မလည်း ဈေးဇန်းကို အသာချပြီး အဲဒီအဘကို ကြည့်မိပါတယ်။

"သမီးလေး၊ ပင်ပန်းနေပြီလား"

အဘက ထပ်မေးပါတယ်။ အဘက အင်္ကျီအဖြူလက်ရှည်၊ ပုဆိုးကွက်တုံးနဲ့ပေါ့။ ကျွန်မက ဘာမှပြန်မပြောမိဘဲ အဘကိုသာ ကြည့်နေမိပါတယ်။

"သမီးလေး၊ အမောအပန်းပြေတော့။ အဘနောက်ဖေးမီးဖိုချောင်ထဲမှာ ဆီ၊ ငရုတ်သီးအစုံ အဘထည့်ထားတယ်။ မီးဖိုနှစ်ဖိုနဲ့ ကြိုက်တဲ့မီးဖိုနဲ့ ချက်စားပေတော့ သွားကြည့်ချေ သမီး"

ကျွန်မလည်း နောက်ဖေးဘက်ကို ဝင်ပြီး ကြည့်လိုက်တဲ့အခါ ဟုတ်ပါရဲ့။ မီးဖိုက နှစ်ဖို။ ဆီ၊ ဆား၊ ငရုတ်အပြည့်အစုံပါပဲ။ ကျွန်မလည်း အံ့သြလွန်းလို့ ဘာပြောရမှန်းမသိပါ။

"ကဲ - လာဦး သမီး၊ အိမ်ခန်းထဲမှာ ကြည့်ပါဦး"

အိမ်ခန်းထဲမှာ ပုတ်ကြီးတစ်လုံး အကြီးကြီးပါပဲ။ ပေါ်ဆန်းဆန်တွေ အပြည့် ဖြိုးမောက်နေပါတယ်။

အဘကပြောပါတယ်။

"သမီး၊ အဲဒီပုတ်ကြီးထဲက ဆန်တွေကို အကုန်စားပစ်။ ကုန်ရင် အဘ ထပ်ပေးဦးမယ်။ ဒါပမယ့် အဘမှာတာ မမေ့နဲ့။ သမီးက တစ်ဖွတ်ထိုး ထင်ရာလျှောက်မလုပ်နဲ့၊ ဒေါသမကြီးနဲ့။ ဘယ့်ကိစ္စပဲလုပ်လုပ် ကိုဝင်းနဲ့တိုင်ပင်ပါ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ အနန္တငါးပါးကို မမေ့ပါနဲ့"

"ဟုတ်ကဲ့အဘ။ သမီးမှတ်ထားပါမယ်"

ကျွန်မ အိပ်ရာက နိုးလာတော့ အိပ်မက်အကြောင်း ကိုဝင်းကို ပြောပြပါတယ်။ အနားက သမီးလင်းလင်းမော်ကလည်း-

"အမေ၊ သမီးကိုလေ အဘကြီးတစ်ယောက်ကပြောတယ်။ ချဲတစ်ကွက်ထိုးရမယ်တဲ့အမေ"

ကျွန်မနဲ့ ကိုဝင်းလည်း ပျော်သွားတာပေါ့။ ချဲသွားထိုးလိုက်တာ အဲဒီနှစ်က ချဲပေါက်ပါလေရော။ သမီးလေးကို နားကွင်း၊ ဆွဲကြိုး၊ လက်စွပ်လုပ်ပေးလိုက်ပါတယ်။ ကျွန်မလည်း အဲဒီအိပ်မက်ကို အမြဲတွေးပြီး ဘယ်ပုဂ္ဂိုလ်ပေးတာလဲဆိုတာ သိချင်လာပါတယ်။ သမီးကို ဘယ်အဘက မ,ပါသလဲဆိုတာ သမီးကို အိပ်မက်ထပ်ပေးပါဦး။ သမီးရဲ့မိဘနှစ်ပါးကို သမီးတတ်နိုင်သရွေ့ ရှာဖွေကျွေးမွေးတာ မှန်ပါတယ်။ အဖေ၊ အမေရဲ့အညစ်အကြေးကိုလည်း တတ်နိုင်သမျှ လျှော်ဖွပ်ပေးပါတယ်။ ဘုရားရှင်ကိုလည်း မနက်၊ ည ပူဇော်ပါတယ်။ အဲဒီသစ္စာစကားမှန်ကန်ပါက ဒီည အိပ်မက်ထဲမှာ တွေ့ပါရစေ။ အဘက ဘယ်သူဖြစ်မလဲဆိုတာပြောပါ။ သမီးသိပါရစေဆိုပြီး ဘုရားရှိခိုးပြီး အိပ်ပါတယ်။ အိပ်မက်ထဲမှာ အဘဆီကို ကျွန်မရောက်သွားပါတယ်။ အဘက ကန့်လန့်ကာ (၇)ထပ်ထဲမှာ ထိုင်နေပါတယ်။ ရှေ့မှာက ဘုရားတစ်ဆူ ရှိပါတယ်။ အဘက သျှောင်ထုံးကြီးနဲ့သက်နိုးဆီးရက်ထိုင်နေပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

# ဇဝက်သာလိမ်းဆေးဆီ

ဇဝက်သာအခဲကို အဆီမည်သို့ ပြုလုပ်ရမည်ကို စာရေးသူ မသိခဲ့ပါ။ စာရေးသူ၏ မိခင်ကြီး ခြေ၊ လက်များ ပြင်းစွာထုံကျဉ်ပြီး အဆစ်အမြစ်များ မခံမရပ်နိုင်အောင် ကိုက်ခဲသည့်ရောဂါဖြစ်ခဲ့ပါသည်။ ခြေ၊ လက်များ ထုံကျဉ်သည်မှာ ပူမှန်းမသိ၊ အေးမှန်းမသိဖြစ်ရသည်ဟုပင် မိခင်ကြီးမှ ပြောပါသည်။

စာရေးသူ သိသမျှတတ်သမျှ နွားနို့အစိမ်းလတ်လတ်ဆတ်ဆတ်များ နွားမကြီးနို့တိုင်မှညှစ်ပြီး လိမ်းပေးရာ သက်သာပါသည်။ အမြစ်ပြတ် မပျောက်ပါ။ တစ်ပတ်ခန့် နွားနို့စိမ်းလိမ်းပြီးမပျောက်သဖြင့် စာရေးသူ၏ဆရာသခင် တိုင်းရင်းမြန်မာဆေးဆရာကြီး ဦးညွန့်ဟန်ထံသို့ သွားရောက်ပြောပြ အကြံဉာဏ်ယူ ဆေးတောင်းရပါသည်။

ဆရာကြီးမှ ဆေးရည်ဟင်းသောက်ဇွန်းနှစ်ဇွန်းခန့် ပုလင်းလေးနှင့်ထည့်ပေးပြီး မိခင်ကြီးကို လိမ်းစေရာ နောက်နေ့တွင် သိသိသာသာ သက်သာနေကောင်းကြောင်း ပြောပါသည်။ ဆေးရည်ကုန်သွားသဖြင့် ဆရာကြီးထံ ထပ်မံသွားရောက်ပြီး သိသာထင်ရှားစွာ သက်သာကြောင်း၊ ဆေးကောင်းကြောင်း၊ ဆေးစွမ်းကြောင်းပြော၍ ဆရာကြီးထံ ဆေးထပ်တောင်းပါသည်။ ဆရာကြီးမှ ဆေးရည်နှစ်ဇွန်းခန့် ထပ်ပေးလိုက်ပြီး-

"ဒီလိုရှိတယ် မောင်ချစ်ရဲ့ ဒီဆေးရည်က ခုလိုလို့ ခုချက်ချင်း တစ်ပတ်၊ ဆယ်ရက်နဲ့ ဖော်လို့ရတဲ့ဆေး မဟုတ်ဘူး။ တစ်လကနေ (၄၅) ရက်အထိကြာအောင် စိတ်ရှည်လက်ရှည်နဲ့ ဖော်ရတဲ့ဆေးရည်၊ ဆေးအဆီကွယ့်။ ဒီဆေးကို ဇဝက်သာဆီလို့ခေါ်တယ်။ မီးထိုးရတာလည်းမဟုတ်ဘူး၊ ပေါင်းခံရည်ယူရတာလည်းမဟုတ်ဘူး၊ နေနဲ့ချက်ရတာလည်းမဟုတ်ဘူး။ သဘာဝကို လူကလှုပ်ရှားပြုပြင်လုပ်ပေးရတာ"

ဟုဆိုကာ ဇဝက်သာအဆီပြုလုပ်နည်းပြောပြသဖြင့် ယခုကဲ့သို့ ရေးသားတင်ပြအပ်ပါသည်။

ဆေးအချိုးမှာ (၁း၂) ဖြစ်ပါသည်။

အဝကျယ်ပုလင်းထဲတွင် ဇဝက်သာအခဲ (၅) ကျပ်သားနှင့် သံလွင်ဆီအစစ်(၁၀)ကျပ်သား ရောထည့်ထားပြီး ပုလင်းကိုပိတ်ကာ နေ့စဉ်လှုပ်ပေးရပါသည်။ ထိုသို့ လှုပ်ပေးသည့်အခါ အောက်ပါဂါထာကို ရွတ်ပွားရင်း လှုပ်ရပါသည်။

ဝရဗုဒ္ဓေါ၊ ဝရဓမ္မော၊ ဝရသံဃော၊

ဝရသရော၊ ဝရစေတော၊ ဝရံဒေတုံ၊

ဝရေဟိမေ၊ ဝရာဝရံ။

အထက်ပါဂါထာကို (၉) ခေါက်ရွတ်ရင်းလှုပ်ပေးပါ။ တစ်နေ့ (၃) ကြိမ်ဖြစ်ရပါမည်။

ရက်ပေါင်း (၃၀) မှ (၄၅) ရက်အတွင်း ဇဝက်သာခဲသည် သံလွင်ဆီနှင့်အရည်ပျော်ဝင်ကာ ဇဝက်သာဆီဆေးရည် ရရှိပါသည်။

အထက်ပါဆေးရည်ကို အဆစ်အမြစ် မခံမရပ်နိုင်အောင် ကိုက်ခဲခြင်း၊ ထုံနာကျဉ်နာ၊ ရင်ကျပ်ပန်းနာ၊ ကိုယ်လက်လေငန်းဖမ်းခြင်းများကိုပါ တစ်နေ့တစ်ကြိမ် မိမိရရလိမ်းပေးပါက ရက်ပိုင်းနှင့်သက်သာပျောက်ကင်းပါသည်။ ဆေးရည်ခပ်ပျော့ပျော့သုံးလိုလျှင် သံလွင်ဆီသုံးဆထည့်သုံးနိုင်ပါသည်။ ဆေးလိမ်းသောလက်ကို သေချာဆေးပါ။ မျက်စိထဲ ၎င်းဆေးရည်ဝင်လျှင် မျက်စိထိခိုက်ပျက်စီးတတ်ပါသည်။

စာရေးသူမှ-

"ဇဝက်သာကို မြန်မြန် ဆေးရည်ဖြစ်စေဖို့ ထုခြေအမှုန့်ပြုပြီး ထည့်ဖော်ရင်ကော မရဘူးလား"

ဟု အတွန့်တက် မေးမိရာ ဆရာကြီးမှ -

"မရဘူးကွ၊ သူ့သမားစဉ်ခိုင်းတဲ့အတိုင်းလုပ်ပါကွာ"

ဟု ရယ်မော ရှင်းပြပါသည်။

နတ်မောက်မင်းချစ်နော်

ကျွန်မက ဘုရားရှင်ကို ဦးသုံးကြိမ်ရှိခိုးပြီး အဘကို ကြည့်လိုက်ပါတယ်။

"သမီးလာမယ်ဆိုလို့ အဘစောင့်နေပါတယ်။ သမီးနဲ့ အဘက မြေးအဘိုးတော်တယ်လေ သမီး"

"ဟင်- ဘယ်ဘဝကတော်တာလဲ အဘ"

"ဒီမှာ သမီး၊ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း၊ အသားဖြူဖြူ မှတ်ထားနော်"

ကျွန်မပြန်နိုးလာတော့ စဉ်းစားလို့မရလို့ အမေ့ကိုမေးတော့ အမေက ပြောပါတယ်။

"ဘာမှတွေးမနေနဲ့။ အဘလို့သာမှတ်ထားလိုက်သမီး။ ဘယ်အဘပဲဖြစ်ဖြစ်ပေါ့။ သမီးကိုကောင်းတဲ့စကားပြောတာပဲ သမီးရယ်"

အဲဒီအချိန်ကစပြီး ကျွန်မလည်း ဘုရား၊ တရားကိုမြဲပြီး တံငါအလုပ်ကို လုပ်မစားချင်တော့ပါဘူး။ ဖြူစင်တဲ့အလုပ်ပဲ အသက်မွေးမြူချင်ပါတယ်။ ဒီပြင်အလုပ်ကလည်း မရှိပြန်။ ကိုဝင်းက ပြောပါတယ်။

"ဟုတ်တယ် မိန်းမရေ၊ တို့တောင်ပေါ်မှာ သချိုင်းမြေကွက်တွေ ရှိတယ်။ ဦးဒစ်းက လုပ်မယ့်သူရှိရင် ရှင်းလင်းပြီး စိုက်ပျိုးနေထိုင်ဖို့ပေးမယ်တဲ့။ တို့သွားပြောကြ မယ်"

ကျွန်မတို့ မိသားစုတွေ သချိုင်းဖုန်းဆိုးကြီးကို ဦးစီးဆီမှာ တောင်းပြီး ရှင်းကြပါတယ်။ ဂူပျက်ကြီးတွေ၊ ခရာဆူးချုံကြီးတွေ၊ လူတွေမြှုပ်တဲ့ တွင်းနက်ကြီးကို ပင်ပန်းကြီးစွာ ရှင်းလင်းပြီး အပင်ပေါင်းစုံ စိုက်ပျိုးလုပ်ကိုင်ရောင်းချပြီ စားဝတ်နေရေးကို ဖြေရှင်းခဲ့ပါတယ်။ အခုတော့ သချိုင်းမြေတောနက်ကြီးဟာ ရှင်းလင်းပြီး မြို့ရွာတည်နေပါပြီ။ ကျွန်မမှာ မွေးထားတဲ့ နွား၊ ဝက်၊ ရွှေတွေ ရောင်းချပြီး အပြီးပြောင်းလာခဲ့ပါတယ်။ ခြံကလည်း အကျယ်ကြီးပါ။ သစ်ဝါးရောင်းချပြီး အပင်စိုက်ပျိုးခြင်း၊ နွားအငှားကျောင်းခြင်း စသဖြင့် ဖြူစင်တဲ့အလုပ်နဲ့ပဲ ကျွန်မတို့မိသားစု ပျော်ရွှင်စွာ ဘဝကိုရပ်တည်နေပါပြီ။

ကျွန်မတို့မိသားစုအားလုံး ဘာသာရေးကို လိုက်စားပြီး ရပ်ရေးရွာရေးကိစ္စတွေမှာလည်း ပါဝင်ဆောင်ရွက်နေပါတယ်။ ကျွန်မရဲ့ မှောင်မိုက်နေတဲ့ စိတ်တွေကိုလည်း ပြုပြင်ပြီး ကိုဝင်းနဲ့နှစ်ယောက်သား ဘုရားသွားကျောင်းတက် အတူတူလက်တွဲညီညီ လျှောက်လှမ်းနေပါပြီ။ အဘကိုလည်း ထာဝရမမေ့ပါ။ ဒီစာနဲ့ အဘကိုကန်တော့လိုက်ပါတယ်။ အဘစကားကို သမီးဘယ်တော့မှမမေ့ပါ။ အဘစကားကို နားထောင်ပါ့မယ်။ အဘ သာသနာ့အကျိုးကို ဆဘက်ထမ်းပိုး သယ်ပိုးနိုင်ပါစေ။

အဘရဲ့သမီး

လေးဖြူ (ပေးဘာ)



www.burmeseclassic.com

www.burmeseclassic.com



# သုခုမိ

## အောင်ပါစေကြောင်း အောင်စေကြောင်း

တန်ဖိုးကြီး၍ ရခဲလှသော လူ့ဘဝကြီးသို့ သံသရာခရီးတစ်ထောက်ရောက်ရှိနေသော ကျွန်ုပ်သည် ကုသိုလ်၊ ပညာ၊ ဥစ္စာတို့ကို မျှမျှတတအချိန်ပေးခဲ့ဝေကာ (အချိန်ပြည့်လိုလို) ကြိုးစားရှာဖွေနေခြင်းနှင့်အတူ ထင်းခွဲ၊ ရေခပ် အစရှိသည့် လုပ်သင့်လုပ်ထိုက်သော အိမ်အလုပ်များကိုလည်း တွဲဖက်ပူးတွဲလုပ်ကိုင်၍နေသူဖြစ်ရာ မြို့၏အရှေ့ပိုင်းရှိ ဆရာ့ဆီသို့ တစ်လလျှင် တစ်ခေါက်၊ နှစ်ခေါက်ထက်ပို၍ မရောက်နိုင်တော့ပေ။ သို့သော်လည်း ကျွန်ုပ်သည် ဆရာကျိုတ်လတ်တွင် ရှိ၊ မရှိ ခရီးသွား၊ မသွားနေထိုင်ကောင်း၊ မကောင်းသတင်းကို အစဉ်မပြတ် မကြာမကြာ ကင်းထောက်နားစွင့်သောအလုပ်ကိုမူ အမြဲတမ်း မပျက်မကွက် လုပ်ဆောင်လျက်ရှိ၏။

ဆရာ့ကိုလည်း အသေအချာမှာထားပါသည်။

'ဆရာ-ကျန်းမာရေးနဲ့ပတ်သက်လို့ဖြစ်ဖြစ်၊ ဘာကိစ္စတစ်ခုခုဖြစ်ဖြစ်၊ အရေးကြီးရင်တော့ အချိန်မရွေး လှမ်းသာမှာလိုက်ပါ။ ဖုန်းသာလှမ်းဆက်လိုက်ပါ ဆရာ'

ဟု ဆရာ့ဆီရောက်တိုင်း အံလေးဂရုပြုကာ မှာမှာထားပါသည်။ သို့ပါသော်လည်း ဆရာသည် အလွန် အရေးတကြီး မဖြစ်မနေကိစ္စရှိမှသာ ကျွန်ုပ်ကိုလူကြုံနှင့်သော်လည်းကောင်း၊ ဖုန်းဆက်၍သော် လည်းကောင်း မှာကြားတတ်ပါသည်။ ဆရာသည် တပည့်များ၏ အရိပ်အခြည်ကို အလွန်သိပြီး တပည့်များအပေါ် စေတနာကြီးမားကာ အလွန်ညာတာတတ်သူတစ်ဦးပင် ဖြစ်ပါသည်။

လွန်ခဲ့သောတစ်လ၏ ဥပုသ်နေ့တစ်နေ့တွင် ကျွန်ုပ်သည် မြို့၏အရှေ့ပိုင်းတွင်ဖွင့်ထားသော ထူးရှယ်လက်ဖက်ရည်ဆိုင်အနီးရှိ ဆရာ၏အိမ်သို့ စီးတော်မြစက်ဘီးလေးကိုစီးကာ အရောက်သွားခဲ့ပါသည်။ ဆရာသည် အိမ်၏အရှေ့အပြင်ဘက် ယာဉ်သွားလမ်းဘေးရှိ လက်ဖက်ရည်ဝိုင်းတွင် တပည့်များ၊ မိတ်ဆွေများနှင့်အတူထိုင်နေသည်ကို တွေ့ရပါသည်။ မြို့မိမြို့ဖတစ်ဦးဖြစ်၍ အသက် (၈၀) ကျော်လာပြီဖြစ်သော ဆရာသည် ဆန်စက်ပိုင်ရှင်သူဌေးနှစ်ဦး၊ ဌာနဆိုင်ရာအရာရှိနှစ်ဦး၊ ရှေ့နေကြီးတစ်ဦးနှင့် အတူ ဝိုင်းဖွဲ့ထိုင်လျက်ရှိနေ၍ ဧည့်သည်များရှိနေသောကြောင့် ကျွန်ုပ်သည် အလိုက်တသိဖြင့် ဝိုင်းထဲသို့ ဝင်မထိုင်တော့ဘဲ ပါလာသော အားဆေးတစ်ကတ်နှင့် Sprite တစ်ဘူးကို ဆရာ့အား တရိုတသေပေးအပ်ကာ -

"ဆရာ၊ ကျွန်တော်မထိုင်တော့ဘူး။ ဆရာ့ကို Sprite နဲ့ အားဆေးလာပို့တာပါ။ ဘာမှအထွေအထူးကိစ္စမရှိပါဘူး"

ဟု မိုးတိုးမတ်တတ်ဖြင့် ခါးကိုအနည်းငယ်ကိုင်းညွတ်၍ပြောလိုက်ရာတွင် ရှေ့နေကြီးက -

"ဟာ-မင်းကလည်း၊ ထိုင်စမ်းပါဦးကွ"

ဟု ဆိုပြီး စားပွဲထိုးလေးအား ခုံတစ်လုံးကို လှမ်းမှာလိုက်၍ ထိုင်ခုံရောက်လာသောအခါ ကျွန်ုပ်သည် အားနာပါးနာနှင့်ပင် ဆရာ၏ခုံအနီးသို့ ကပ်၍ထိုင်လိုက်၏။ ဆရာသည် ကျွန်ုပ်ဘက်သို့လှည့်ကာ စကားစမြည်ပြောဆိုနေ၏။ သိပ်မကြာမီတွင်ပင် ဆရာ၏မိတ်ဆွေများနှင့် တပည့်များသည် (သောက်ပြီးစားပြီး ထိုင်နေသည်မှာ ကြာပြီဖြစ်သောကြောင့်) ဆရာ့အား နှုတ်ဆက်ကာ ဆိုင်ကယ်ကိုယ်စီဖြင့်လည်းကောင်း၊ ကိုယ်ပိုင်ကားဖြင့် လည်းကောင်း အသီးသီး ထပြန်သွားကြ၏။ ဆရာနှင့်ကျွန်ုပ်နှစ်ဦးသာ လက်ဖက်ရည်ဝိုင်းတွင် ကျန်ရစ်ခဲ့၏။

ဆရာက-

"ကဲ - လာကွာ၊ အိမ်ထဲဝင်ကြရအောင်"

ဆိုပြီး ကျွန်ုပ်တို့နှစ်ဦးသည် ဆရာ၏အိမ်အတွင်းသို့ သော့ဖွင့်ကာဝင်သွားကြ၏။ အိမ်တွင်းသို့ ရောက်သောအခါ ဆရာသည် ခေါင်းရင်းဘက်တွင် ဝင်ထိုက်လိုက်ရင်း-

"မင်းသမီးတော့ အိုကေနေပြီမလား။ အလုပ်ဝင်ဝင်ချင်း ထောက်ပံ့ကြေးငွေက (၃) သောင်းတိုးတယ်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com

တော့ အခုလခက (၂) သောင်းထပ်တိုးတော့ ရှယ်ပဲပေါ့၊ အခု မင်းသမီး လခ ဘယ်လောက်ရသွားပြီလဲ"

"အခု သမီးရဲ့လခက (၉)သောင်း (၇) ထောင်ရပါတယ် ဆရာ"

"အေးပေါ့ကွ၊ မင်းသမီးလမ်းကြောင်းရွေးတာ မှန်သွားတယ်။ အခုကြည့်စမ်း၊ နေ့စားလရှင်း ဆရာ၊ ဆရာမတွေခန့်တာ လာလျှောက်လိုက်ကြတာဘွဲ့ရတွေနည်းနည်းနောနောမဟုတ်ဘူး။ ပြီးတော့ မြန်မာ၊ အင်္ဂလိပ်စာနဲ့ အထွေထွေဗဟုသုတစာမေးပွဲလည်း ဖြေရဦးမယ်။ အောင်မှအလုပ်ကရမှာ။ အလုပ်တစ်ခုရဖို့ဆိုတာ မလွယ်တော့ဘူးနော်"

"ဟုတ်ပါတယ် ဆရာ၊ သမီးက ဒါတောင် ကျောင်းဆရာမအလုပ်ကို ဝါသနာပါတာ မဟုတ်ဘူး။ မိဘတွေက လမ်းကြောင်းသွင်းပေးရတာ၊ အခုတော့ သူ့မိတ်ဆွေအပေါင်းအသင်းတွေကြားထဲမှာ စောစောစီးစီး လခရနေတာဆိုတာဆိုတော့ သူလည်း သဘောခွေ့နေပါပြီ"

"အေးပေါ့ကွ၊ လုပ်ချင်တာထက် လုပ်သင့်တာကို လုပ်ရတယ်။ ဒါမှ လမ်းကြောင်းမှန်မှာ၊ အဆင်ချောမှာပေါ့ကွာ"

"ဩော် - ခုနက စကားဆက်လို့ ဆရာ။ အခု ဆရာ၊ ဆရာမအလုပ်ကို ဝင်ဖြေကြမယ့်ဘွဲ့ရတွေ ကျွန်တော့်ဆီ ဗေဒင်လာလာမေးကြတယ် ဆရာ။ စာမေးပွဲအဖြေသွားရင် ဘာဆောင်သွားရမယ်၊ ဘာယတြာလုပ်သွားရမယ်ပေါ့ ဆရာရယ်။ တော်တော်များတယ်ဆရာ၊ ကျောင်းစာရေးလုပ်မယ့်သူတွေရော ကျောင်းလုပ်သားလုပ်မယ့်သူတွေပါလာလာမေးကြတယ်"

"အဲဒီတော့ မင်းက ဘယ်နည်းနဲ့ အဆောင်တွေ၊ ယတြာတွေပေးလိုက်လဲ"

"ကျွန်တော်က ဆန်းအားသန်တဲ့ လူဆိုတော့ တိုင်ထိပ်အပင်အောက်မှာ ထိုင်၊ တန်းစီးအစာကိုစားတဲ့ယတြာကိုပဲ ပေးဖြစ်တာများပါတယ် ဆရာ"

"အေး - ကောင်းပါတယ်၊ ဒါပေမယ့်ကွာ အဲဒီမှာ ဘာအခက်အခဲတွေ့ရတတ်လဲဆိုတော့ ကိုယ်ထိုင်စားရမယ့် အပင်က တစ်ခါတလေ ရှာရခက်တယ်ကွ။ ဥပမာ-သိဟိုဠ်ပင်အောက်မှာ ထိုင်ရမယ်၊ ဩဇာပင်အောက်မှာ ထိုင်ရမယ်၊ ကံ့ကော်ပင်အောက်မှာ ထိုင်ရမယ်ဆိုပါတော့။ မြို့ပေါ်မှာ အဲဒီအပင်တွေက တစ်ခါတလေ ရှာရခက်တယ်ကွ။ အခုလာဖြေကြတဲ့လူတွေကလည်း တခြား တစ်မြို့တစ်ရွာကျေးရွာတွေဘက်ကလူတွေက ပိုများတော့ သူများမြို့ပေါ်မှာ အပင်ရှာရတာဆိုတော့ ပိုဆိုးတာပေါ့၊ အခက်အခဲရှိတာပေါ့။ နည်းစနစ်ကတော့ တကယ်ကောင်းပါတယ်။ အပင်ရှာရတာက တစ်ခါတစ်ရံ ခက်တယ်။ အပင်တွေ့တာတောင် ပိုင်ရှင်ဆီခွင့်တောင်းပြီး အစားတစ်ခုခုသွားထိုင်စားရမှာကလည်း ရှိုးတိုးရှန့်တန့်တွေဖြစ်ကြနဲ့ တချို့ဆိုရင် ရှက်လို့မလုပ်ကြဘူး။ အပင်ပိုင်ရှင်ကလည်း ကျေကျေနပ်နပ်ခွင့်ပြုဦးမှကွ။ အဲဒီတော့ တခြားနည်းလေးဘာလေးလည်း လှည့်ပြီးပေးပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ဆရာကရော အဲဒီလို အင်တာဗျူးသွားဖြေတာတို့၊ စာမေးပွဲသွားဖြေတာတို့ကို ဘယ်နည်းနဲ့ အစီအရင်ပေးလဲ ဆရာ"

"မင်းကလည်းကွာ၊ နည်းတွေက အများကြီးရှိတာပဲဥစ္စာ။ 'အုန်းဆူသက်၊ ကောင်းဘက်ဇိ၊ ဇော်ဝိသေ'ဆိုတဲ့ လင်္ကာ မင်းရတယ်မလား"

"ရပါတယ်ဆရာ"

"ရရင်ဆိုပြစမ်းပါဦး"

"အုန်းဆူသက်၊ ကောင်းဘက်ဇိ၊ ဇော်ဝိသေ့၊ လှဆိဒ်၊ ပန်းမြတ်ပြင်၊ သဲစင်မာရ်၊ ထောင်တန်းသူပါ ဆရာ"

"အေး - ဟုတ်တယ်၊ အဓိပ္ပာယ်ရှင်းပြစမ်းပါဦး"

"အုန်းဆူသက် - အုန်း - တနင်္ဂနွေနေ့၌၊ ဆူ- သုံးဖဝါးရှိမူ၊ သက်- သိကြားမင်းစောင့်၏။ ကောင်းဘက်ဇိ-ကောင်း-တနင်္လာနေ့၌၊ ဘက်-ငါးဖဝါးရှိမူ၊ ဇိ-ဇိသနိုးနတ်စောင့်၏။ ဇော်ဝိသေ့-ဇော်-အင်္ဂါနေ့၌၊ ဝိ - လေးဖဝါးရှိမူ၊ သေ့ - ခြသေ့်မင်းစောင့်၏"

"ရပြီ၊ တော်ပြီ။ အဲဒီနည်းကိုသုံးလေကွာ။ ဒါက အခါကောင်းရွေးတဲ့နည်းပဲဥစ္စာ။ အခါကောင်းရွေးပြီး အိမ်ကစထွက်ပေါ့။ ဘယ်လောက်အစွမ်းထက်လိုက်လဲလို့"

"ဟုတ်ကဲ့ဆရာ၊ ဒီအခါကောင်းလေးရွေးပြီးသွားတာလေးနဲ့ အဆင်ပြေပါ့မလား ဆရာ။ ပိုပြီးကျိန်းသေအောင် ဘာထပ်ပြီးလုပ်သင့်သေးလဲဆရာ"

"သူ့နည်းနဲ့သူကတော့ စွမ်းပြီးသားပါကွာ။ ဒီထက်ပိုပြီးကျိန်းသေချင်ရင်တော့ သိကြားစမရေးနည်းနဲ့ရေးပြီးမှ စထွက်ပေါ့ကွ မင်းသိမလား။

တနင်္ဂနွေနေ့မှာဆိုရင် ဦးခေါင်းထိပ်မှာ 'အ' အက္ခရာကို ရေးရတယ်။ တနင်္လာနေ့မှာဆိုရင် နဖူးမှာ 'က' အက္ခရာကို ရေးသွားရတယ်ဆိုတာလေ"

"ဟုတ်ကဲ့၊ သိပါတယ်ဆရာ"

"အဲ - အဲဒီလိုရေးပြီး အိမ်က စထွက်သွားပြီဆိုတာနဲ့ စာမေးပွဲ အင်တာဗျူးမဖြေမချင်း သဗ္ဗဇယမင်္ဂလာ ဆိုတဲ့ ဒိဝါတပတိအစချီဂါထာကို အကြိမ်များစွာ တတွတ်တွတ်ရွတ်ပြီးသွား၊ ရွတ်ပြီးနေပေါ့ကွာ။ ဒါဆိုရင်တော့ အောင်မြင်ခြင်းပန်းတိုင်ဟာ ပြေးမလွတ်ပါဘူး"

"ဟုတ်ကဲ့ပါ ဆရာ၊ တော်တော်တော့ လုံလောက်သွားပါပြီ။ ဒါပေမယ့် ဆရာရယ် ဘုရားရှင်ကို လှူရတန်းရတာက မပါသေးဘူး။ ဗုဒ္ဓယတြာထည့်ပေးမှ ရာနှုန်းပြည့်စိတ်ချရမှာ ဆရာရဲ့၊ အဲဒါ ဘုရားရှင်ကို ဘာတွေလှူဒါန်းသွားသင့်သေးလဲ ဆရာ"

"ဒါကတော့ကွာ၊ အဲဒီနေ့ရဲ့ နံနက် (၆) နာရီကနေ (၇) နာရီခွဲအတွင်းမှာ အိမ်ဘုရား ဒါမှမဟုတ် တန်ခိုးကြီးဘုရားဆုစ်ဆူဆူကို အဲဒီနေ့ အင်္ဂဝိဇ္ဇာတိုင်ရဲ့ အထက်ဆောင်ပန်း (၃) မျိုး ဘုရားကပ် လှူပြီး ဤနေ့ဤရက်တွင် ဖြေဆိုရမည့် စာမေးပွဲ၊ အင်တာဗျူးပေါ့ကွာ အောင်မြင်စွာ ဖြေဆိုနိုင်ရပါလို၏ ဆိုပြီး ကိုယ် အလိုရှိသလို (၃) ခါဆုတောင်းသွားပေါ့ ဒီဗုဒ္ဓယတြာပါထည့်လုပ်လိုက်လို့ကတော့ ပစ်မလွဲပေါ့ကွာ။ ကဲ - မင်းကျေနပ်ပြီလား"

"ဟုတ်ကဲ့ - ကျေနပ်ပါပြီ ဆရာ ကျေးဇူးတင်ပါတယ်ဆရာ၊ ဒါဆို ဆရာရယ်၊ ဒီနည်းတွေနဲ့သာ အကုန်လုံးလုပ်သွားကြမယ်ဆိုရင် ဖြေသမျှလူတွေအားလုံးအဆင်ပြေအောင်မြင်နေကြမှာပေါ့ နော်"

"ဒါကတော့ကွာ လူတိုင်းကတော ဒီနည်းတွေကို သိကြမှာတဲ့လား၊ သိကြတော့ကော လူတိုင်းလူတိုင်း ဒီပညာရပ်တွေကို ယုံကောယုံကြည်ကြပါ့မလား၊ ယုံကြည်တော့ယုံကြည်ပါတယ်၊ လက်တွေ့ကော လုပ်ဖြစ်ကြပါ့မလား။ လက်တွေ့တော့လုပ်ဖြစ်ကြပါတယ်။ နည်းစနစ်တွေက တိတိကျကျမှန်ပါ့မလား၊ တစ်ခုခုလွဲချော်သွားရင်လည်းမဖြစ်ဘူးကွ။ အဲဒီတော့ကွာ သိသူတွေသာ ဖော် စားနိုင်ကြတော့မှာပေါ့၊ သေသေချာချာ ယုံယုံကြည်ကြည်နဲ့ လေးလေးနက်နက် လုပ်တဲ့သူတွေသာ အောင်မြင်ကြတော့မှာပေါ့။ လူတိုင်းဘယ်သိနိုင်ပါ့မလဲ၊ တိုင်း ဘယ်လုပ်နိုင်ကြမလဲ၊ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

| စီရင်လိုသောနေ့ | ပန်းကပ်ရမည့်အချိန် | ကပ်လှူရမည့်ပန်းများ | ဖဝါးအရေအတွက် | ရေးရမည့်နေရာ | ရေးရမည့်အက္ခရာ |
|---|---|---|---|---|---|
| တနင်္ဂနွေနေ့ | နံနက် (၆)နာရီမှ (၇)နာရီခွဲအတွင်း | မေမြို့ (၁၉) ပွင့် ကံ့ကော်(၁၅) ညွန့် သီဟိုဠ် (၂၁) ညွန့် | ၃-ဖဝါး | ဦးခေါင်းထိပ် | အ |
| တနင်္လာနေ့ | နံနက်(၆)နာရီမှ (၇) နာရီခွဲအတွင်း | သီဟိုဠ် (၂၁) ညွန့် ဆီး (၈) ညွန့် နှင်းဆီ (၁၀) ပွင့် | ၅-ဖဝါး | နဖူး | က |
| အင်္ဂါနေ့ | နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း | နှင်းဆီ (၁၀) ပွင့် ရွက်လှ (၁၇) ညွန့် အုန်း (၆) ညွန့် | ၄-ဖဝါး | နှာခေါင်း | စ |
| ဗုဒ္ဓဟူးနေ့ | နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း | အုန်း (၆) ညွန့် မေမြို့ (၁၉) ပွင့် ကံ့ကော် (၁၅) ညွန့် | ၃-ဖဝါး | လျှာ | ယ |
| ကြာသပတေးနေ့ | နံနက် (၆)နာရီမှ (၇) နာရီခွဲအတွင်း | ကံ့ကော် (၁၅) ညွန့် သီဟိုဠ် (၂၁) ညွန့် ဆီး (၈) ညွန့် | ၅-ဖဝါး | ညှပ်ရိုး | ပ |
| သောကြာနေ့ | နံနက် (၆) နာရီမှ (၇)နာရီခွဲအတွင်း | ဆီး (၈) ညွန့် နှင်းဆီ (၁၀) ပွင့် ရွက်လှ (၁၇) ညွန့် | ၃-ဖဝါး | ရင်ညွန့် | သ |
| စနေနေ့ | နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း | ရွက်လှ (၁၇) ညွန့် အုန်း (၆) ညွန့် မေမြို့ (၁၉) ပွင့် | ၇-ဖဝါး | ချက် | တ |

□ သီဟိုဠ်ညွန့် အခက်အခဲရှိလျှင် သပြေညွန့်ကို အသုံးပြုနိုင်ပါသည်။

အကျိုးတွေရှိတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် သဘောပေါက်ပါပြီ"

ဆရာပြောပေးသော အစီအရင် အပြည့်အစုံကို ဇယားဖြင့် ဖော်ပြပေးလိုက်ပါသည်။ စာမေးပွဲ၊ အင်တာဗျူးကိစ္စများတွင်သာမက တစ်စုံတစ်ဦးထံ အကူအညီသွားရောက် တောင်းခံခြင်း၊ အရာရှိအကြီးအကဲတို့နှင့် တွေ့ဆုံခြင်း၊ ရုံးချိန်းသွားခြင်း၊ ငွေသွားချေးခြင်း၊ အကြွေးသွားတောင်းခြင်း အစရှိသော မည်သည့်အရေးတကြီးကိစ္စများတွင်မဆို အသုံးပြုနိုင်ပါသည်။

ဖဝါးအစီအရင်ပြုလုပ်ပုံမှာ နေမင်းရှိရာဘက်ကို ကျောပေး၍ ရပ်ပါ။ မိမိ၏ဦးခေါင်းထိပ် အရိပ်နေရာအဆုံးကို မှတ်သားပြီး မိမိရပ်သောနေရာမှ အရိပ်ဆုံးသောနေရာဆီသို့ တစ်ဖဝါး၊ နှစ်ဖဝါးဆိုပြီး မိမိ၏ခြေထောက်နှင့်တိုင်းထွာပြုလုပ်ရမည် ဖြစ်ပါသည်။

ဥပမာ တနင်္ဂနွေနေ့တွင် ဆောင်ရွက်မည်ဆိုပါစို့။ တနင်္ဂနွေနေ့နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်းတွင် ဘုရားရှင်အား မေမြို့ပန်း (၁၉) ပွင့်၊ ကံ့ကော် (၁၅) ညွန့်၊ သီဟိုဠ် (၂၁) ညွန့်တို့ကို ဆက်ကပ်လှူဒါန်းပါ။ ပြီးလျှင် ဒိဝါတပတီအစချီဂါထာကို သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ (တခြားနေ့များတွင်လည်း ပန်းကန်လှူပြီးတိုင်း ဒိဝါတပတီအစချီဂါထာကို သက်စေ့ရွတ်ဖတ်ပူဇော်ပါ)။ ထို့နောက် သက်ဆိုင်ရာ ဖဝါးအရေအတွက် သုံးဖဝါးတိတိရသည့်အချိန်တွင် မတ်တတ်ရပ်ကာ ဦးခေါင်းထိပ်၌ 'အ' အက္ခရာကို လက်ညှိုးဖြင့် ပီပီသသ စတိရေးပါ။ ပြီးလျှင် 'အကြံအစည်အောင်မြင်ပါစေ၊ ပြောဆိုသမျှ အောင်မြင်ပါစေ၊ လုပ်ကိုင်သမျှ ကိစ္စအဝဝချောမွေ့ အဆင်ပြေပါစေ' ဟု လေးလေးနက်နက် စိတ်ထဲတွင် စူးစူးစိုက်စိုက်ဖြင့် ဆုတောင်းပါ။ ပြီးလျှင် ဒိဝါတပတိဂါထာကိုစိတ်ထဲမှ တတွတ်တွတ်ရွတ်ဆိုပြီး မိမိသွားလိုရာသို့ စတင်ထွက်ပါ။ တစ်ခါတစ်ရံ မိမိသွားရမည့်အချိန်နှင့် ဖဝါးအရေအတွက်တိုင်းထွာရမည့်အချိန်သည် အဆင်မပြေအကြောင်းမညီညွတ်ပါက မိမိတို့၏ခြေထောက်နှင့်သက်ဆိုင်ရာ ဖဝါးအရေအတွက်အတိုင်း စတိသဘော တိုင်းထွာကာ ဖဝါးသွားကြရမည်ဖြစ်ပါသည်။

ကိုယ်စီကိုယ်င ကြံစည်သမျှ ပြောဆိုသမျှ လုပ်ကိုင်သမျှ ပြီးစီးအောင်မြင်ကြပါစေသတည်း။

*တောင်းမှုအကြောင်းပြု*
*တောင်းဆုပြည့်ပါစေ*

သုခစုစံ



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးတွင် လူတို့လက်လှမ်း မမီလောက်သည့်ဖြစ်ရပ်များ၊ ဆန်းကြယ်မှုများ၊ တိုက်ဆိုင်မှုများရှိနေသည်ကို စာတွေ့၊ ကိုယ်တွေ့ အတွေ့အကြုံများအရ သိရှိနားလည်ခံစားမိသူများရှိမည် ထင်ပါသည်။ အကြောင်းဆက်နှင့် ပဋ္ဌာန်းဆက် ဆိုသည်မှာလည်း ထို့အတူပင် အံ့ဩလောက်အောင် တိုက်ဆိုင်ဆက်နွယ်နေသည်ကို ကျွန်မ တွေးတောစဉ်းစားမိသည်မှာ ကြာပါပြီ ဖြစ်ပါသည်။

အထူးသဖြင့် ကျွန်မတို့မိသားစုအတွင်း နောက်ဆုံးနိုးပါးမှဝင်လာသူ၊ လောကကြီးနှင့် မိသားစုမှ အစောဆုံးထွက်ခွာသွားခဲ့သည့် 'မောင်လေး' တစ်ယောက်အကြောင်းကို စဉ်းစားမိတိုင်း ဆန်းကြယ်သော အကြောင်းတရားတို့သည် သူနေရာနှင့်သူ အဓိပ္ပာယ်ရှိရှိ ဆက်နွယ်နေမှုကိုလည်း သိခဲ့ရပါသည်။

ဖြစ်ရပ်မှန် ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်လောက်တွင် ဖေဖေနှင့် မေမေတို့၏ သားထွေးလေး၊ ကျွန်မ၏ မောင်လေးကို မိခင်မှ မွေးဖွားခဲ့ပါသည်။ ကလေးတစ်ယောက် မွေးဖွားသည်မှာ လောကဓမ္မတာအရ မဆန်းလှသော်လည်း သူလာခဲ့ပုံနှင့် ပြန်သွားခဲ့ပုံမှာ ဆန်းကြယ်လှပါသည်။

သာယာအေးချမ်းလှသည့်လပြည့်နေ့ညတစ်ညတွင် မေမေ့တွင် ထူးခြားဆန်းကြယ်သော အိပ်မက်တစ်ခုကို မြင်မက်ခဲ့ပါသည်။

ကမ္ဘာမြေပြင်မှ ဟိုးအဝေးရှိ မိုးတိမ်များဆီသို့ တရွေ့ရွေ့မြင့်တက်နေသည်ကို တအံ့တဩတွေ့ရသည်။ တဖြည်းဖြည်း အပေါ်သို့တက်သွားရာ အပေါ်ပိုင်းတွင် ဖြူဖွေးလှပသည့် တိမ်လွှာတိမ်တိုက်များ၊ အောက်မြေပြင့်ကို ငုံ့ကြည့်ရာတွင် ဖြူဖွေးလှပသည့် တိမ်လွှာတိမ်စိုင်များကို မြင်တွေ့ရပါသည်။

အံ့ဩလှစွာဖြင့် အနီးတစ်ဝိုက်ကို ကြည့်ရှုရာတွင် လှပမွှေးကြိုင်သည့် ပန်းပွင့်ကလေးများက လေပုန်စီးပြီး ဝဲပျံနေသည်ကို တွေ့လိုက်ရပါသည်။

ထိုအခိုက်အတန့်ကလေးမှာပင် မေမေ့မျက်စိရှေ့တွင် ဝင်းခနဲဖြစ်သွားပြီး ပုဂ္ဂိုလ်ကြီးသုံးပါးကို ဖူးမြင်လိုက်ရပါသည်။

မိခင်က-

ဘယ်သူတွေများပါလိမ့်၊ ငါဘယ်ကိုရောက်နေပါလိမ့်နှင့် ဝေခွဲမရစွာဖြင့် ထိုပုဂ္ဂိုလ်ကြီးများကို ဖူးမြော်လိုက်ရာ အလယ်တွင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ပုဂ္ဂိုလ်ကြီးတစ်ပါး။ ထိုပုဂ္ဂိုလ်ကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် အဘဘိုးမင်းခေါင်နှင့် အဘဘိုးဘိုးအောင်တို့ကို ဖူးတွေ့လိုက်ရပါသည်။

"သမီး၊ သမီးကို အဘတို့က သာသနာပြုမယ့်သူကိုပို့ပေးမလို့"

ထိုစကားကို အလယ်မှ ပုဂ္ဂိုလ်ကြီးက အသံမထွက်ဘဲ စိတ်ဖြင့်ပြောသည်ကို မေမေက စိတ်ဖြင့် နားလည်လိုက်ပါသည်။

ယခုမှ သတိထားမိသည်မှာ ထိုဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးသည် သုံးနှစ်အရွယ်ယောကျ်ားလေးတစ်ယောက်ကို ချီထားပြီး ခုနစ်နှစ်အရွယ် ယောကျ်ားလေးကို လက်တစ်ဖက်ဖြင့်ဆွဲထားသည်ကို တွေ့လိုက်ပါသည်။

မေမေက ချီထားသည့် ကလေးနှင့် လက်ကဆွဲထားသော ကလေးကိုကြည့်လိုက်ရာ ချီထားသည့်ကလေးငယ်ကို ချစ်ခင်သွား၍ -

"အဘချီထားတဲ့ကလေးကို သမီးလိုချင်ပါတယ် အဘ"

"သမီး ဒီကလေးက လူ့လောကမှာ ကြာကြာမနေဘူး။ သူ့မှာ တခြားတာဝန်တွေရှိသေးတယ်"

ချီထားသောကလေးကို ပြန်ကြည့်လိုက်သည်။ ချစ်စရာကောင်းလိုက်တဲ့ မျက်နှာလေး။

"အဘ၊ သမီးအဲဒီကလေးပဲလိုချင်ပါတယ်အဘ။ သမီးကိုပေးပါနော်"

"တဲ - ဒီလိုဆိုရင် ယူလိုက်သမီး"

ဟု ပြောပြောဆိုဆိုဖြင့် လှမ်းပေးလိုက်ပါသည်။

မေမေက လှမ်းယူလိုက်ပါသည်။

ထိုစကားအားလုံးသည် မပြောဘဲနှင့် စိတ်စိတ်ချင်းသာပြောခြင်းဖြစ်





www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

နံဘေးမှာရပ်နေသောအဘတို့က မည်သို့မျှမပြောဆိုဘဲ တည်ငြိမ်စွာကြည့်နေကြပါသည်။

ဝတ်ဖြူဆင်ကြယ်နှင့်အဘက သူငယ်လေးကို လှမ်းပေးရင်း -

"ဒီကလေးက ယောကျ်ားလေးဖြစ်မယ်၊ တနင်္လာသားဖြစ်မယ်"

ဟု ပြောလိုက်ပါသည်။

သို့နှင့် မောင်လေးကို မွေးဖွားရာတွင် တနင်္လာသားဖြစ်ပြီး သူ့ကို မောင်ရဲထွဋ်ဟု အမည်ပေးလိုက်ပါသည်။

မွေးကတည်းက ဖြူစင်ကြည်လင်သောအသားအရေ၊ ချစ်စရာကောင်းသည့် ရုပ်ရည်လေးကြောင့် တစ်အိမ်သားလုံးက သူ့ကို 'သားလေး ကိုထွဋ်' ဟုသာ ခေါ်ကြပါသည်။

(၂). ကျော်အရွယ် ရောက်လာသည်နှင့်အမျှ အရွယ်နှင့်မလိုက်အောင် သိတတ်လိမ္မာခြင်း၊ ဘုရားကျောင်းဆောင်ရှေ့တွင် ကျုံ့ကျုံ့လေးထိုင်ပြီး ဘုရားရှိခိုးခြင်းကြောင့် အလွန်ချစ်စရာကောင်းလှပါသည်။

❐

တစ်နေ့သော နေ့လယ်အချိန်တွင် အောက်ထပ်မှ ဆိုက်ကားသမားများက ကိုထွဋ်ကိုချီပြီး တိုက်ပေါ်သို့ တက်လာကြပါသည်။ ကျွန်မတို့နေထိုင်ရာ ခရစ်လမ်း (ယခုဗိုလ်မြတ်ထွန်း) ရှိ နှစ်ထပ်တိုက်သည် အပေါ်ထပ်လေးခန်း၊ အောက်ထပ်လေးခန်း ပါရှိသောတိုက်ဖြစ်ပြီး အပေါ်လေးခန်းကို မိသားစုများ နေထိုင်လျက် အောက်ထပ်လေးခန်းအား အငှားချထားသဖြင့် လူစုံပါသည်။ ဆိုက်ကားဂိတ်သည် အနီးတွင်ရှိသဖြင့် ဆိုက်ကားသမားများလည်း စုံပါသည်။ အားလုံးနှင့် ခင်မင်ရင်းနှီးသဖြင့် ဆွေမျိုးများသဖွယ်ဖြစ်နေပါသည်။

"ဒေါ်လေးဒေါ်လေး၊ အပေါ်ထပ်က ကိုထွဋ်ပြုတ်ကျလာလို့ ကျွန်တော်တို့ လာပို့တာပါ"

ထိုအသံကို ကြားလိုက်ရသော မေမေ၊ ဖေဖေနှင့် မိသားစုတို့မှာ အလွန်စိုးရိမ်သွားကြသည်။

တိုက်ပေါ်က ပြုတ်ကျသွားရခြင်းကို ဆန်းစစ်လိုက်သော် ကလေးထိန်းအနားမှာ မရှိသည့်အချိန်၌ ဝရန်တာပေါ်ကို တက်ရင်းနှင့် လိမ့်ကျကြောင်း သိရပါသည်။

"အမလေး - သားလေး သေပြီလား၊ ကျိုးပြီလား ပြစမ်းပါဦး"

မိသားစုများက ပျာလောင်ခတ်နေချိန်တွင် ကျွန်မမောင်လေးအနားသို့ ကပ်သွားပြီးအကဲခတ်ရာ ကျိုးပဲ့သောဒဏ်ရာ၊ ပေါက်ပြဲသောနေရာ မတွေ့ရပါ။ ပြုံးရွှင်သော မျက်နှာလေးကိုသာ တွေ့လိုက်ရပါသည်။

ကျွန်မငယ်စဉ်က ကိုယ့်ကိုယ်ကိုယ်လေ့လာရာတွင် မိသားစုအတွက် သိပ် စိတ်ပူရမှန်း မသိခဲ့ပါ။ အလွန်စိတ်ကောက်တတ်သော၊ ငိုကြာရှည်သောကလေးအဖြစ် နာမည်ဆိုးဖြင့် ဆွေမျိုးများအလယ်တွင် ကျော်ကြားခဲ့ဖူးသူ ဖြစ်ခဲ့ပါသည်။ (ယခုတော့ ထိုအကျင့်ဆိုးများမရှိတော့ပါ။) အမြဲမှုန်ကုပ်နေသောကြောင့် မေမေက 'ပြုံးလိုက်စမ်းပါ သမီးရယ်' ဟုဆိုပြီး 'ပြုံး' ဟု အိမ်ခေါ်အမည်ပေးခဲ့ပါသည်။

ယခုလည်း မောင်လေးကို သွားကြည့်ပြီး ဘာမှမဖြစ်ကြောင်း တွေ့ရသည်ကိုလည်း ကိုယ့်ကစားစရာတွေနှင့် ကိုယ်ပြန်ဆော့နေလိုက်ပါသည်။

ထို့နောက် မိသားစုဆရာဝန် စမ်းချောင်းမှ ဒေါက်တာဦးသောင်းရှိန်ကို ပင့်ခေါ်ပြသရာ ဦးသောင်းရှိန်က ကိုထွဋ်ကို သေချာစွာ စစ်ဆေးပြီး -

"ဘာမှမဖြစ်ပါဘူး ဦးဘဦးရယ်။ တိုက်ပေါ်က ပြုတ်ကျတာမှ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဒေါက်တာ။ အောက်ထပ်က အုတ်ကျိုးအုတ်ပဲ့တွေကြား ခွေခွေလေးတွေ့တာတဲ့။ နေရာနည်းနည်းရွှေ့လိုက်ရင် မတွေးရဲစရာ"

ကလေး၏ကံဟုပင် ပြောရမလားမသိ။ ကျိုးပဲ့မှုမရှိဘဲ သေဘေးမှ လွတ်ကင်းခဲ့ပါသည်။

သို့နှင့် တစ်နှစ်သော နွေရာသီတွင် ကျွန်မတို့မိသားစု မန္တလေးသို့ မီးရထားဖြင့် အလည်သွားကြရာ မီးရထားတွဲအနီး ရောက်နေသည့် အစ်မအကြီးဆုံးဖြစ်သူ ဒေါ်ညွန့်ညွန့်ဦးခေါ် ဒေါ်အတာက ကိုထွဋ်ကို အထိန်းလက်မှ လှမ်းချီလိုက်ပါသည်။ ထူးခြားမှုက စလာပြီ ဖြစ်ပါသည်။ ထိုခရီးသည် (၃)နှစ်ကျော် ကလေးငယ်၏ နောက်ဆုံးခရီး ဖြစ်သည်။ မိသားစုတစ်ခုလုံး ဝမ်းနည်းကြေကွဲရမည့်ခရီးဟု ကနဦးက မည်သူမျှမထင်မိကြပါ။

မောင်လေးက အစ်မကြီးဆီ မလိုက်ဘဲ အထိန်းကိုသာ ဖက်ထားသည်။ မရမကချော့မော့ပြီး ရထားပေါ်သို့ ခေါ်လာရာ ထူးဆန်းသော သီချင်းကို ဆိုပါတော့သည်။

"ကမ္ဘာမကြေ ဗမာတွေ၊ တို့ဘိုးဘွားအမွေစစ်မို့ချစ်မြတ်နိုးပေ"

ထိုအပိုဒ်ကိုသာ နှစ်ခါလောက် ဆိုနေသည်။

မန္တလေးသို့ရောက်လျှင် ဖေဖေ့အစ်ကိုဝမ်းကွဲတော်စပ်သူ ဥတ္တရတိုင်း

(ပေါင်းတည်)

# တင်တင်ဦး

## အထက်ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများမှပေးသော ကလေးငယ်





www.burmeseclassic.com

www.burmeseclassic.com

သစ်တောမင်းကြီး(ငြိမ်း) ဦးစောလင်း (သီဟဗလ)နှင့် ဆွေမျိုးများ လာကြိုကြပါသည်။

ဆွေမျိုးများက ၎င်းတို့အိမ်တွင် တည်းပြီး ဘုရားဖူးရန် ပြောသော်လည်း ကျွန်မတို့မိသားစု အုပ်စုက များသဖြင့် ဗိုလ်တဲတစ်ခုမှာ တည်းခိုကြပါသည်။

ထူးခြားချက်မှာ ဗိုလ်တဲအမည်သည် 'ပြည်တော်ဝင်ဗိုလ်တဲ' ဖြစ်နေပါသည်။

(၂) ရက်၊ (၃) ရက်ခန့် တည်းခိုပြီးနောက် ကိုထွဋ်မှ နေမကောင်းဖြစ်ပါတော့သည်။ထိုခေတ်က အလွန်ကူးစက်သောရောဂါဖြစ်သည့် ဆုံဆို့နာ ဖြစ်နေပါသည်။

အဘဘိုးမင်းခေါင်၏ တပည့်ဖြစ်သူ 'အဘပွား' လည်း ဗိုလ်တဲမှာ လာရောက် နေထိုင်ပါသည်။

မန္တလေးမှ ဆရာဝန်ကိုပြရာ ရန်ကုန်သို့ခေါ် သွားပြီး ကုသရန် အကြံပြုသဖြင့် လေယာဉ်ပျံလက်မှတ်ဝယ်ရန် စီစဉ်ရပါတော့သည်။

ကံအားလျော်စွာ လေယာဉ်လက်မှတ်ကုန်သော်လည်း ခရီးသွားနှစ်ဦးက နေရာဖယ်ပေးပြီး နောက်ရက်မှလိုက်ရန် သဘောတူသဖြင့် လက်မှတ်နှစ်စောင်ရလာပါသည်။

နောက်တစ်နေ့မနက်တွင် ဖေဖေနှင့် အဖော်တစ်ယောက် လိုက်ပါပြီး မောင်လေးကို ရန်ကုန်သို့ ဆေးကုရန် သွားဖို့သာလိုတော့သည်။

သို့သော် ကံကြမ္မာက အလှည့် မပေးတော့ပါ။

မောင်လေးကို ထမ်းပိုးပြီး လမ်းလျှောက်နေသည့် ဖေဖေ့ကို ဦးပွား (အဘပွား) က -

"မောင်ဘဦး၊ မောင်ဘဦး"

ဟု ခေါ်လိုက်သည်။

"အဘဘာလဲ"

"ဘာမှမဟုတ်ပါဘူးကွာ"

နောက်တစ်နေ့ မနက်မိုးလင်းသောအခါ မောင်လေး ကိုထွဋ်သည် လူ့လောကမှ အေးချမ်းစွာထွက်ခွာသွားပါတော့သည်။

"မောင်ဘဦး၊ ညက မင်း ကလေးကိုထမ်းပြီး လမ်းလျှောက်နေတာ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်တစ်ပါး ခေါင်းမိုးကဖောက်ဝင်လာပြီး ကလေးကိုခေါ်ထွက်သွားတာ မြင်လိုက်လို့ မင်းနာမည်ကို ခေါ်လိုက်တာ"

မေမေနှင့် မိသားစုအားလုံး ဝမ်းနည်းကြေကွဲရပါပြီ။

ဆွေမျိုးများ၏ ကျေးဇူးကြောင့် ကိုထွဋ်ကို ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ပါသည်။

ထူးခြားချက်မှာ သုသာန်၏ အမည်မှာ ထီးဆောင်းသုသာန် ဖြစ်သည်။ ယခုခေတ်ကာလတွင် ထိုသင်္ချိုင်း ရှိ၊ မရှိ မသိတော့ပါ။

ဖေဖေမှာ သူ့သားကို မြေပုံမို့မို့လေးဖြင့် ထားခဲ့ရမှာ မချိတင်ကဲဖြစ်လှသဖြင့် ဦးလေးကိုကျော်သိန်းကို မန္တလေး ကျောက်ဆစ်တန်းသို့ အုတ်ဂူလုပ်ရန် စေလွှတ်လိုက်ပါသည်။

အခက်အခဲမှာ ဦးလေးသည် ရန်ကုန်ဇာတိဖြစ်ပြီး တူမတွေနှင့်အလည်လိုက်လာခြင်း ဖြစ်ပါသည်။ မေမေ့မောင် တစ်ဝမ်းကွဲတော်စပ်ပါသည်။

"အစ်မရယ်၊ ဘုရားထူတဲ့နေရာမှာ ဒီလိုသွားလုပ်ခိုင်းရင် ကျွန်တော့်ကို ရိုက်လွှတ်မှာပေါ့ဗျာ"

နောက်ဆုံး မေမေ့တို့ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် ကျောက်ဆစ်တန်းကို သွားရပါတော့သည်။

မမေးရဲမေးရဲနှင့် စုံစမ်းရန် လျှောက်ထားရာ အဘိုးကြီးတစ်ယောက် အလုပ်လုပ်နေသည်ကို တွေ့ရပါသည်။

အရဲစွန့်ပြီး -

"အဘ"

ဟု ခေါ်ရာ အဘိုးကြီးက -

"ဘာလဲ ငါ့တူ"

ဦးလေးလည်း ပြောမယ့်သာပြောရသည်။ ရိုက်လျှင်ပြေးနိုင်အောင် သတိထားနေရသည်။

"ကျွန်တော် ကလေးတစ်ယောက်ရဲ့ အုတ်ဂူကို အပ်ချင်လို့ပါ အဘ"

အဘိုးကြီးက စူးစိုက်ပြီးကြည့်လိုက်သည်။

"မင်းတို့ကလေးက ဘယ်မှာမြှုပ်နှံထားတာလဲ"

"ထီးဆောင်းသုသာန်မှာပါ အဘ"

အဘိုးကြီးက သျှောင်ထုံးသေးသေးလေး ထုံးထားသော သူ့ခေါင်းကို ပွတ်ကာ -

"အင်း - ညတုန်းက ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်တစ်ပါး ငါ့အိပ်ရာခေါင်းရင်းမှာ လာရပ်ပြီး ငါ့ခေါင်းကို တောင်ဝှေးနဲ့ ဖြည်းဖြည်းခေါက်တယ်။ 'ဟေ့ ကောင်ထစမ်း။ မနက်ကျရင် ဝိဇ္ဇာလေး တစ်ယောက်တွက်အလုပ်လာအပ်လိမ့်မယ်။ မင်းလုပ်ပေးလိုက်' ဆိုပြီး ပျောက်သွားတယ်။ လက်စသတ်တော့ ဒီလိုကိုး။ ငါအကုန်လုံး လုပ်ပေးမယ်။ မင်း ရှေ့က ဆိုက်ကားနဲ့သွားနှင့်။ လိုအပ်တာတွေ ယူပြီး နောက်ကလိုက်ခဲ့မယ်"

ဆိုက်ကားကို ထီးဆောင်းသုသာန်ကို နင်းခိုင်းရင်း ဦးလေး စဉ်းစားမိသည်မှာ အဲဒီအဘကို ကလေးနေရာ မပြောပြမိဘူး။ သူသိပါ့မလား။

သို့နှင့် သုသာန်ထဲသို့ ဝင်လာရာ ကိုထွဋ်မြေပုံလေးထိပ်မှာ ဖယောင်းတိုင်ထွန်းပြီး စောင့်နေသည့် အဘိုးကြီးကို တွေ့လိုက်ရပါသည်။

"ဟော - အဘ ဘယ်လိုတွေ့တာလဲ။ ကျွန်တော့်အရင်လည်းရောက်သေးတယ်"

"ငါက ဖြတ်လမ်းကလာတာလေ။ ဒီကျတော့ မရှာတတ်တော့ဘူး။ အဲဒါနဲ့ ညကကြွလာတဲ့ သူတော်ကောင်းကြီး ခင်ဗျား၊ နေရာပြပေးတော်မူပါလို့ စိတ်ကပြောနေတုန်း ဝင်းခနဲ အလင်းတန်းတစ်ခုက ဒီမြေပုံလေးမှာ ထိုးစိုက်လိုက်တယ်။ ငါလာကြည့်တော့ 'ကိုရဲထွဋ် (၃) နှစ်၊ (၃) လ' လို့ ရေးထားတာတွေ့တာ။ ငါလည်း လူထူးလေးပဲဆိုပြီး ဖယောင်းတိုင်နဲ့ ပူဇော်တာပဲ မောင်ရေ့"

သည်လိုနှင့် သပ်ရပ်လှပသော အုတ်ဂူတစ်ခု သံလက်ရန်းကာထားသောအုတ်ဂူလေးဖြစ်သွားပါပြီ။

ထူးခြားသော အကြောင်းတရားများနှင့် လူ့လောကကို ဝင်လာသူလေးမှာ ထူးခြားစွာပင် လူ့လောကမှ ပြန်ထွက်သွားပါသည်။

အသက် (၈၀) နှစ် အရွယ်ရှိ ကျေးဇူးရှင် ဖေဖေသည် ၁၉၈၀ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် နှလုံးရောဂါဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့ပါသည်။

"သားတို့၊ သမီးတို့ - ဖေဖေသေပြီထင်လို့ မငိုကြနဲ့နော်။ ဖေဖေ မသေဘူး။ အဘဘိုးမင်းခေါင်နဲ့ အဘဘိုးဘိုးအောင်တို့က ဖေဖေ့ကို ကျိုက်ထီးဘုတာက စောင့်နေမယ်။ လာခဲ့တော့လို့ ခေါ်နေပြီ။ ဖေဖေဒီလမ်းစဉ်ကိုကြိုက်လို့ သွားပြီကွယ်။ 'ထို' တော့မယ်နော်"

ဟု အေးဆေး တည်ငြိမ်စွာ မှာကြားပြီး ငြိမ်သက်သွားပါသည်။

လာခြင်းကောင်းသောကလေးနှင့် လာခြင်းကောင်းသော ဖခင်တို့မှာ အနိစ္စအမြဲမရှိ ဟူသည့် တရားတော်ကို လက်တွေ့ပြသသွားသလို ထင်မှတ်နေမိပါသည်။

ကျေးဇူးတင်လျက်

တင်တင်ဦး (ပေါင်းတည်)



www.burmeseclassic.com

www.burmeseclassic.com

□ သေမင်းနှင့်အဆက်ပါသူ
□ ပရိတ်မြို့မှလူဆန်းတစ်ဦး

□ သေမင်းနှင့်အဆက်ပါသူ

ဤဖြစ်ရပ်ကိုမှတ်တမ်းတင်သူမှာ ဝင်နီအီးလီဆက် ဆိုသူ အမျိုးသမီးတစ်ဦးဖြစ်ပြီး သူ့အစ်ကိုအကြီးဆုံးဖြစ်သူ ဒန်၏အတွေ့အကြုံများ ဖြစ်လေသည်။ ဒန်သည် ရှေ့ဖြစ်များကို အခြားဘာမှ မသိသော်လည်း သေခြင်းနှင့် စပ်ဆိုင်သရွေ့ကိုကား ကြိုတင်သိရှိလေ့ရှိသည်ဟု ဆိုပေ၏။ ဤသို့သော မနောမယ တန်ခိုးများသည် ရိုးရာအရည်အချင်းတစ်ရပ်ဖြစ်ကောင်းဖြစ်မည်လားဟု ဝင်နီထင်မှတ်မိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ အဖေဘက်မှ အဘွားတစ်ယောက်၌လည်း မနောမယတန်ခိုး ရှိခဲ့ဖူးလေသည်။ သို့သော် သူ့အဘွားမှာ ဖြစ်ရပ်မျိုးစုံကို ကြိုတင်သိရှိနိုင်လေ့ရှိသော်လည်း ဒန်၏ ကြိုတင်အသိမှာမူ သေခြင်းတရား တစ်ခုတည်းနှင့်သာ စပ်ဆိုင်နေချေ၏။

ဒန်၏ထူးခြားသော တန်ခိုးသတ္တိကို ၁၉၇၀ ပြည့်နှစ် ဒန်ခုနစ်နှစ်သား အရွယ်ကစတင်၍ သူတို့သိရှိကြရပေသည်။ တစ်နေ့သ၌ စာသင်ကျောင်းက အပြန်တွင် ဒန်က သူ့အမေကို ပြောပြသည်မှာ သူတို့ကျောင်းအုပ်ကြီးသည် သေတ္တာရှည်ရှည်ကြီးထဲတွင် အိပ်နေသည်ကို မြင်မြင်နေကြောင်း ပြောပြ၏။ နောက်နှစ်ရက်ခန့်ကြာသောအခါ ဒန်၏ ကျောင်းအုပ်ဆရာကြီးသည် နှလုံးရောဂါဖြင့် ရုတ်တရက် သေဆုံးသွားလေတော့သည်။

ဒန်အရွယ်ကြီးပြင်းလာသောအခါ ဤထူးခြားသောအရည်အချင်းကို စက်ဆုပ်ပြီးလိုလားခြင်း မရှိတော့ပေ။ အထူးသဖြင့် ဆွေမျိုးသားချင်းတစ်ဦးဦးထံသို့ 'သေမင်း' ချဉ်းကပ်လာသည်ကို တွေ့ရခြင်းကား များစွာစိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ကြောင်းနှင့်ပြန်ပြောပြခဲ့ဖူးလေသည်။ သူ၏ ပြန်ပြောပြချက်အရ 'သေမင်း' ကို သူမြင်ရပုံမှာ တစ်မျိုးတစ်ပုံစံတည်း မဟုတ်ပါချေ။ တစ်ခါတစ်ရံ အရိုးစုဖြစ်၍ တစ်ခါတစ်ရံ အဝတ်ခြုံထားသော လူသဏ္ဌာန်ဖြစ်၏။ တစ်ခါတစ်ရံ ပွင့်နေသောဂူဝဖြစ်ပြီး တစ်ခါတစ်ရံ ခေါင်း(တလား) ဖြစ်တတ်လေသည်။ ရံဖန်ရံခါ၌မူ 'အရိပ်'အဖြစ်ကိုသာ တွေ့ရခြင်းလည်းရှိပေ၏။

သူ့အပြောအရ အဆိုးရွားဆုံးကား 'သေမင်း၏အနံ့'ရခြင်းပင် ဖြစ်သည်ဆို၏။ ထိုအနံ့ကို သူ့အလွန်အမင်း ရွံမုန်းကြောင်းမှအပ ထိုအနံ့ကို အခြားသူတို့နားလည်နိုင်စေရန် မည်သို့မျှသူပြန်မပြောပြနိုင်ပေ။ ၁၉၃၀ ပြည့်နှစ်ဆီက ဝင်နီသည် ဒန်နှင့်အတူ လမ်းလျှောက်လာရာက ရုတ်တရက်ရပ်လိုက်၏။ သူ့မျက်နှာမှာ နေရိုးနေစဉ်တွင်ပင် ညှိုးငယ်လျက်ရှိတတ်သော်လည်း ယခုအခါတွင်မူ ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကို ဝင်နီမြင်တွေ့ရ၏။ သူ့မျက်လုံးများကား ကြောင်တောင်ကြီး ငေးစိုက်လျက်ရှိနေတော့သည်။

"ဒီကနေပြီးရှေ့ကိုငါဆက်မသွားနိုင်ဘူး"

ဝင်နီတို့ မောင်နှမနှစ်ယောက်သည် ဤနေရာမှ ပြန်ကွေ့၍ အခြား



# သက်လုံ ၄

## ကမ္ဘာ့လူ့ဖြစ်ရပ်ထူးဆန်းကြယ် မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

စာစ်လမ်းမှသွားကြရလေသည်။ ငါးမိနစ်ခန့် ကြာသောအခါ ဒန်က -

"အဲဟိုနေရာမှာ တစ်ယောက်ယောက်ဟာ ခုနလေးတင်ကပဲ သေဆုံးသွားရမယ်"

ဟု ပြော၏။

ဝင်နီက မည်သည့်အရာကိုမြင်၍ ဤသို့ပြောကြားရကြောင်း မေးမြန်းရာ ဒန်ကဘာမှမမြင်ရသော်လည်း သူအရွံမုန်းဆုံးဖြစ်သော သေမင်းအနံ့ကိုရလိုက်ခြင်းကြောင့်ပြောသည်ဟု ဖြေကြားလေသည်။ ဝင်နီသည် ဒန်၏ စကားများကို ယုံကြည်စွာနှင့်ပင် ထိုအချိန်အခါက ထုတ်ဝေသည့် ညနေသတင်းစာကို ဖတ်ရှုရာဖွေရန် ဒန်ပြောပြသောနေရာ၌ လူတစ်ယောက် ကားတိုက်ခံရပြီး သေဆုံးသွားရကြောင်းကို အသေးစိတ်တွေ့မြင်ဖတ်ရှုရလေတော့သည်။ သူတို့ရောက်သောအချိန်တွင် သေပြီးခါစဖြစ်ဟန်ရှိသော်လည်း လူသာမန်တို့အဖို့ ဤသို့သော ကားတိုက်သွားခြင်းမျိုးကို ရိပ်မိနိုင်လောက်သော လက်ရာခြေရာများ မကျန်ရစ်ခဲ့ပါချေ။

၁၉၂၉ ခုနှစ်၊ အောက်တိုဘာလ တုန်းကလည်း သူတို့၏ ဖခင်ကြီးသည် ထိုအချိန်က အသက် (၄၈) နှစ်ခန့်ရှိမည်ဖြစ်သည်။ စက်တင်ဘာလတွင် ကိစ္စတစ်ခုရှိ၍ မြို့တော်ခန်းမသို့သွားရာတွင် ဒန်သည် သူ့ဖခင်ကြီးနှင့်အတူ လိုက်ပါသွားရ၏။ ဒန်သည် စကြိုတစ်လျှောက် သူ့အဖေနောက်မှ လိုက်သွား၏။ ထိုစဉ်တွင်ပင် ဖြုန်းခနဲဆိုသလို ဒန်၏ မျက်စိထဲတွင် သူ့ရှေ့ကသွားနေသူမှာ သူ့အဖေဖြစ်ရမည့်အစား အရိုးစုကြီးဖြစ်နေသည်ကို တွေ့ရပြီးလျှင် သုံးစက္ကန့်မျှအကြာ၌ သူ့အဖေပြန်ဖြစ်နေသည်ကိုတွေ့လိုက်ရသည်ဆို၏။

ဒန်မှာ စိတ်ချောက်ချားလွန်းသဖြင့် မူးမေ့လုလုပင်ဖြစ်ခဲ့ရပေသည်။ ဒန်မှာ အိမ်သို့ပြန်ရောက်သောအခါတွင် စိတ်ထိခိုက်၍ဖျားနာသေးသည်။ ဤအတွေ့အကြုံကို မအောင့်အည်းနိုင်၍ သူ့ညီငယ်ကို ဖွင့်ပြောပြခဲ့သဖြင့်သာ ဝင်နီ ပြန်လည်သိရှိရခြင်း ဖြစ်၏။ အောက်တိုဘာလလယ်ခန့်အရောက်တွင် ဖခင်ကြီးသည် မမျှော်လင့်ဘဲ ကင်ဆာရောဂါဖြင့်တိမ်းပါးသွားလေတော့သည်။

ဘော့အေဗရီ ဆိုသူမှာ အသက် (၂၀) ခန့်ရှိ၍ ကျန်းမာသန်စွမ်းသူ ဖြစ်၏။ ဒန်နှင့် အရင်းနှီးသော သူငယ်ချင်းတစ်ယောက်ဖြစ်၍ ဒန်၏ ထူးခြားချက်ကို သိရှိသူတစ်ယောက်ဖြစ်ပေရာ ဘော့က ဤသို့သော သေမင်းချဉ်းကပ်ခြင်းများကိုတွေ့လျှင် ပြန်ပြောပြပါရန် ဒန်အား မှာကြားထား၏။ သို့သော် ဒန်သည် ပြန်လည်မပြောပြနိုင်ခဲ့ပေ။

၁၉၃၁ ခုနှစ်က ဖြစ်သည်။ သူတို့နှစ်ယောက်သည် လုပ်ငန်းခွင်မှ အတူပြန်လာကြရာ ဘော့သည် လမ်းခွဲသို့ရောက်သည့်အခါ၌ အိမ်ပြန်ရန် လူချင်းခွဲလိုက်၏။ ဒန်က ထွက်ခွာသွားသောဘော့ကို လှည့်ကြည့်လိုက်ရာ ဘော့၏ဘေးနားတွင် နက်မှောင်သောအဝတ်ကိုခြုံထားသည့်သဏ္ဍာန်တစ်ခုသည် ဘော့နှင့် ခြေလှမ်းချင်းအညီ လိုက်ပါသွားကြောင်း တွေ့လိုက်ရသည် ဆို၏။

အိမ်ပြန်ရောက်သောအခါ ဒန်သည် တုန်လှုပ်စွာဖြင့် ဝင်နီတို့အား ပြန်ပြောပြ၏။ သေမင်းသည် ဘော့နှင့်အလွန်နီးကပ်နေကြောင်းလည်း ပြောသေးသည်။ ဒန်သည် စိတ်ထိခိုက်တုန်လှုပ်ခြင်း ပြေပျောက်သွားသောအခါ ဘော့၏အိမ်သို့ သွားရောက်ပါသော်လည်း ဘော့မှာ အပြင်သို့ထွက်သွားလေပြီ။ ထို့နောက်တွင်ကား သူသည် ဘော့ကို အသက်ရှင်လျက် မတွေ့ရတော့ပေ။ ဘော့သည် လည်မျိုအသက်ရှူကြောတွင်ဖြစ်သောအနာရောဂါကြောင့် လမ်းတွင်ပင် သေဆုံးသွားတော့သည်။

ဒန်သည် သေခြင်းနှင့်ပတ်သက်၍ အသိတစ်မျိုးလည်းရှိသေး၏။ ယင်းကားတစ်စုံတစ်ဦး၏အနီးတွင် သေမင်းမချဉ်းကပ်ခြင်းပင်ဖြစ်၏။ ပို၍ရှင်းလင်းအောင်ဖော်ပြရမည်ဆိုလျှင် တစ်စုံတစ်ဦးသည် ရုတ်တရက်အားဖြင့် မသေနိုင်သေးခြင်းကို သူသိတတ်ခြင်း ဖြစ်ပေသည်။ ၁၉၃၅ ခုနှစ်က ဆွေမျိုးတစ်ဦး၏ ရင်သွေးငယ်သည် ပြင်းထန်စွာဖျားနာလေရာ ကုသပေးသောဆရာဝန်မှ အသက်ရှင်မည်ကို တာဝန်မခံနိုင်တော့သော အခြေအနေမျိုးသို့ ရောက်နေပြီဟု ပြောခဲ့၏။ ဒန်ကတော့ သွားရောက်ကြည့်ရှုပြီး မပူပင်နှင့် ကလေးငယ်မှာ မသေနိုင်သေးဟု ဆိုခဲ့ရာ မကြာမြင့်မီပင် ဒန်ပြောခဲ့သည့်အတိုင်း ကလေးကား ပြန်၍ကျန်းမာလာတော့သည်။ ဒန်သည် ကိစ္စအတော်များများကို ဝင်နီကို မပြောဘဲ သူ့ညီကိုသာပြောပြသည့်အခါ ပြောပြခဲ့ဖူးလေသည်။ ဆွေမျိုးတစ်ယောက်၊နှစ်ယောက် သေဆုံးခဲ့စဉ်က ဝင်နီဘာမှကြိုတင်၍ မသိခဲ့သော်လည်း သူ့အစ်ကို ဒန်၏ ညီငယ်ကိုကား ဒန်က ကြိုတင်ပြောကြားခဲ့၏။

အချို့ကိစ္စရပ်များတွင် သူစိမ်းပြင်ပြင်များနှင့် သေမင်းတို့ ရေစက်ဆုံသော အဖြစ်အပျက်များကို ဒန်က ကြိုတင်၍ ဝင်နီတို့ကို ပြောထားသော်လည်း သူစိမ်းများဖြစ်၍ တကယ်သေ၊ မသေကို ဝင်နီတို့ မသိခဲ့ရချေ။ သို့သော် ဒန်သည် ဘယ်တော့မှ မှားယွင်းမည်မဟုတ်ကြောင်း ဝင်နီကမူ ပြင်းထန်စွာယုံကြည်ပေသည်။ ဝင်နီခရီးထွက်နေခိုက်ဖြစ်သော ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလတွင် ဒန်သည် သေဆုံးခဲ့လေတော့သည်။ ထိုအချိန်တွင်ကား ဒန်၏ အသက်သည် (၄၄) နှစ်ရှိခဲ့ပြီ ရပ်ဝေးတယ်လီဖုန်းအဆက်အသွယ်ဖြင့် ဝင်နီသည် ဒန်၏ အနိစ္စရောက်ခြင်းကို ကြားသိခဲ့ရပေသည်။ အိမ်သို့အပြန် လမ်းခရီးတွင် တစ်လမ်းလုံး ဝင်နီသည် အထပ်ထပ်တွေးတောစူးစမ်းမိခဲ့သည် ဆို၏။

'သူသေမှာသူကြိုသိရဲ့လားမသိ သေမင်းကိုကော သူတွေ့သွားခဲ့သေ သလား'

အိမ်ရောက်၍ သူ့အစ်ကို (ဒန်၏ ညီငယ်) ကို မေးကြည့်မှ သူပြဿနာမှာ ရှင်းလင်းသွားတော့သည်။ ဒန်သည် သေမင်းကို မြင်သွားခဲ့သည်။ ဤအကြောင်းကို သူ့ညီ လက်စလီကိုသာ ပြောခဲ့ပေသည်။ မသေဆုံးမီ တနင်္လာနေ့က အလုပ်တက်ရာတွင် ခုံတံတားက လေးသို့အရောက်၌ အဝတ်ခြုံထားသော သဏ္ဍာန်တစ်ခုသည် ခုံတံတားပေါ်သို့ ခုန်တက်လာ၍ သူနှင့် ယှဉ်တွဲလမ်း လျှောက်လာသည် ဆို၏။ စက်ရုံအဝင် ဂိတ်ပေါက်ရောက်သောအခါမှသာ ထို သဏ္ဍာန်မှာ ပျောက်ကွယ်သွားတော့ သည်။ ညနေ စက်ရုံလွှတ်၍ထွက်လာ သောအခါတွင်လည်း ထိုသဏ္ဍာန်သည် ဂိတ်ပေါက်ဝ၌ ရပ်စောင့်နေသည် အခြားသူများ မြင်ဟန်မရှိသော်လည်း ဒန်တစ်ယောက်သာ တွေ့ရသည်ဆို၏ သူဂိတ်ဝရောက်သောအခါ ထိုသဏ္ဍာန် သည် သူနှင့်ယှဉ်တွဲ၍လျှောက်လာပြီ ခုံတံတားရောက်သော် ကျော်လွှား ခုန်ဆင်းသွားသည် ဆို၏။

အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့ နှစ်ရက် စလုံး ဤနည်းနှင်နှင် ဆက်တိုက်တွေ့ သည်ဟု ဆိုပေသည်။ ကြာသပတေးနေ့ တွင်ကား ဒန်သည် တုပ်ကွေးမိတော့ သည်။ ရောဂါမှာ ပြင်းထန်ရကား နောက်တစ်နေ့တွင် ဒန်သည် မျက် တမ်းမိနေသော သေမင်းနောက်သို့



www.burmeseclassic.com

www.burmeseclassic.com

ကောက်ကောက်ပါသွားရာတော့သည်။

ဤမှတ်တမ်းမျိုးကို ကျွန်ုပ်တို့မြန်မာပြည်တွင် မကြားမိသေးချေ။ စိမိတ်ဟုဆိုရအောင်လည်း တံတားပေါ်ခန်တက်ခုန်ဆင်းနိမိတ်မျိုးကို မကြားဘူးသေးပေ။ တစ်ချက်ကားရှိပေသည်။ ကိုယ်စောင့်နတ် တစ်ကိုယ်နှစ်ပါးတွင် အမှောင်ပိုင်းက ကိုယ်စောင့်နတ် (ဝါ) ဘေဘိမိစ္ဆာ (ဝါ) အနိဋ္ဌာရုံကိုသာပြသခြင်းကို ဝါသနာပါသော ကိုယ်စောင့်နတ်တစ်ပါးပါးက ဒန်အား တင်ကြို၍ အသိပေးနေခြင်း ဖြစ်သည်ဟု ယူဆရတော့သည် ဖြစ်ပေသတည်း။

❑ ပရိတ်မြို့မှလူဆန်းတစ်ဦး

အောက်ပါအဖြစ်အပျက်၏ မူရင်းမှတ်တမ်းသည် နယ်သာလင်ပြည် ဟိတ်မြို့မှ အီစပရန်တိုဘာသာဖြင့် ထုတ်ဝေသော 'လာပရတ်တီကို' စာစောင်၌ ပါရှိလေသည်။ ထိုအကြောင်းကို အိတ်(ချ်)အာရ်ဒရေးယားက ၁၉၆၀ ပြည့်နှစ်တွင် ပြန်ဆိုဖော်ပြလိုက်ခြင်းကို ကျွန်ုပ်က မြန်မာဘာသာဖြင့် တစ်ဆင့်မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။

ချက်ကိုစလိုဗေးကီးယားပြည်၏ မြို့တော်ဖြစ်သော ပရိတ်မြို့တွင် စိတ်ရောဂါကုသသော ဆေးရုံတစ်ရုံရှိလေသည်။ ထိုဆေးရုံတွင် ဆေးရုံမှတ်တမ်းများအရ ဗလာဒီမီးအိတ်စ် ဆိုသူတစ်ဦးရှိ၏။ သူသည် 'ဗလာဒီမီး' ဟူသော ပထမအမည်ကိုသာ ပြောနိုင်သဖြင့် မျိုးနွယ်အမည်အဖြစ် 'အိတ်စ်' (X)ကိုသာ ဆေးရုံမှမှတ်တမ်းတင်ထားရခြင်း ဖြစ်ပေ၏။ သူသည် (၂၈) နှစ်လုံးလုံး ဆေးရုံတွင်ရောက်ရှိနေသော်လည်း မည်သူမျှ သူ့အကြောင်းဘဝဖြစ်စဉ်ကို မသိနိုင်ခဲ့ကြချေ။

ဆေးရုံ၏ဒါရိုက်တာလူကြီးအဆိုအရ ဗလာဒီမီးသည် အစဉ်အမြဲလိုလိုပင် အလုပ်ရှုပ်နေသည် ဆို၏။ သူသည် မနေမနားပင် ဘာသာစကားအသစ်များတီထွင်နေပေသည်။ ယခုအချိန်တွင်လည်း (၁၁)ကြိမ်မြောက် ဘာသာစကားကြီးတစ်ခုကို ပြုစုလျက်ရှိ၏။ သူသည် စာလုံးများကိုရေးမှတ်ရာတွင် အဘိဓာန်တစ်ခုခုမှ ကူးယူနေသကဲ့သို့ ရေးမှတ်လျက်ရှိပြီး တစ်ဖန် ထိုစကားလုံးသစ်မှ ချက်ကိုစလိုဗေးကီးယားဘာသာနှင့်အင်္ဂလိပ်ဘာသာစကားများ ပြန်ဆိုနေလေသည်။

ဤနည်းဖြင့် သူသည် ဘာသာစကားကြီးပေါင်း (၁၀) ခုမျှ ပြုစုပြီးဖြစ်၍ ထိုဘာသာစကားကြီးများတွင် သဒ္ဒါများ၊ စကားလုံးမှတ်စုများဖြင့် ပြီးပြည့်စုံလှပေသည်။ ဘာသာစကားတစ်ခုတွင် အနည်းဆုံး စကားလုံးတစ်သောင်းခန့်ရှိသည်ဆို၏။ သူ၏ ဘာသာစကားကြီးများတွင် ထူးခြားသော ကြိယာတို့နှင့်တကွ စကားလုံးများ ဆင်းသက်ပြောင်းလဲလာပုံများပင် ပါရှိသည် ဆို၏။ ဗလာဒီမီးသည် သူ၏ အလုပ်ခန်းထဲတွင် ငြိမ်သက်စွာထိုင်၍ အလုပ်လုပ်လေ့ရှိ၏။ သူ့ပုံပန်းသဏ္ဌာန်မှာ လောကဓာတ်ဆရာကြီးတစ်ဦးနှင့် တူလှသည်။ သူ့မျက်လုံးများမှာ လောကခံများကို တုန်လှုပ်မှုမရှိသကဲ့သို့ ငြိမ်သက်လှပြီး ထူထဲသော မျက်မှန်ကြီးကို တပ်ဆင်ထားသည်။ အလုပ်ကို အလွန်ကြိုးစားစွာလုပ်လေ့ရှိပြီး သူပြုစုနေသော ဘာသာစကားကြီးမှာ တစ်ညအတွင်းတွင်ပင် ပြီးစီးရမည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်တတ်လေသည်။

သူသည် သိမ်မွေ့ညင်သာ၍ ဖော်ရွေသူတစ်ဦးဖြစ်ပြီး အခြားသူများက သူ့ကိုမေးလာလျှင် ဂျာမန်စကားဖြင့် ရေရေလည်လည် ပြန်လည် ဖြေကြားလေ့ရှိပေသည်။ သူပြောသမျှထဲတွင် အောက်ပါစကားရပ်များလည်း ပါဝင်ပေ၏။

"စနေဂြိုဟ်ကစကားတော့ ကျုပ်တတ်တာပေါ့။ အဲဒီဂြိုဟ်မှာ ဂြိုဟ်တစ်ခုလုံးမှာရှိတဲ့ ဂြိုဟ်သားအားလုံးအတွက် ဘုံစကား (လူမျိုးအားလုံးပြောနိုင်သော စကား) တစ်ခု တီထွင်ထားပြီးပြီလေ။ ဒီလိုဆိုတော့ ကျုပ်တို့ကမ္ဘာထက် အဲဒီနေရာမှာပိုပြီး သူတို့က တိုးတက်တယ် ဆိုရမှာပဲ။ မကြာခင်အတွင်းမှာ ကျုပ်ဟာ သမ္မာကျမ်းစာကို စနေဂြိုဟ်က ဘာသာနဲ့ပြန်ဆိုဖို့ စိတ်ကူးထားတယ်"

သူသည် သူ့အလုပ်နှင့်သော်လည်းကောင်း၊ သူကိုယ်တိုင်နှင့်သော်လည်းကောင်း ပတ်သက်လာလျှင် သဲသဲမဲမဲမပြောသော်လည်း လေးလေးနက်နက်နှင့်ဟုတ်တိပတ်တိပြောဆိုတတ်လေသည်။ သူ့ထံတွင် 'ဟီးစပါရီဒိုး' (ယခုအချိန်အထိ မပေါ်ပေါက်မတွေ့ရှိသေးသော ဂြိုဟ်တစ်ခုအမည်) ဂြိုဟ်မှ မီးရထားအချိန်စာရင်းရှိပြီး ထိုဂြိုဟ်ပေါ်ရှိ သတင်းစာများအတွက် ဆောင်းပါးပေါင်းများစွာကို ရေးသားခဲ့ပြီး ဖြစ်လေသည်။ သူကား ထူးခြားသူတစ်ယောက်တော့ အမှန်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုရသော် သူ၏မရေရာလှသော စကားများကို ကြားရသူတစ်ဦးတစ်ယောက်မှာ နားထောင်နေစဉ်၌ ယုံကြည်မိလောက်အောင်ပင် သေချာရေရာစွာ ပြောပြတတ်ပေ၏။ ဆေးရုံ၏ ဒါရိုက်တာ ဒေါက်တာဂျာဂီဆလပ်စတုလစ်က အောက်ပါအတိုင်း ပြောလေသည်။

"ကျုပ်တို့ဆေးရုံကို လာသမျှစည့်သည်တွေရဲ့ တိုင်းရင်းစကားကို ဗလာဒီမီးဟာ ပြောတတ်တာချည်းပဲ။ သူမတတ်ကျွမ်းတဲ့ ဘာသာစကားမျိုး ပြောတတ်တဲ့သူမျိုး ဒီဆေးရုံကို လာသမျှအထဲမှာ တစ်ဦးမှမတွေ့ရသေးဘူး။ မကြာခင်က ဂျပန်လူမျိုး ဝိတ္တတိကိစ္စ (စိတ်ရောဂါကု) ဆရာဝန်တစ်ယောက် ရောက်လာတယ်။ ဗလာဒီမီးဟာ တစ်ချက်ချောင်းရှင်းလိုက်ပြီး ခဏအကြာမှာ ပီပီသသဂျပန်လိုပြောတော့တာပဲ။ ဂျပန်ဆရာဝန်ရဲ့ အဆိုအရကတော့ သူပြောတဲ့ဂျပန်စကားဟာ ပီသမှန်ကန်လှတယ် ဆိုပဲ"

ဤလူထူးလူဆန်းသည် မည်သူဖြစ်၍ မည်သည့်အရပ်ဒေသမှလာသည်ကို ဖော်ထုတ်နိုင်သူ ပေါ်ပေါက်မှုပေါ်ပေါက်ပါဦးမည်လောဟု မသိနိုင်ချေ။ သို့သော်လည်း ဤဖော်ထုတ်မှုသည် အကျိုးထူးမည်တော့ မဟုတ်ပါချေ။ အဘယ်ကြောင့်ဆိုသော် သူသည် ဤဆေးရုံမှခွာ၍ ဖြစ်တော့မည်မဟုတ်။ ပြင်ပလူ့လောကအဖွဲ့အစည်းတွင် ဝင်ဆံ့နိုင်မည်မဟုတ်ဘဲ သူ့လောကနှင့်သူသာ နေထိုင်နိုင်မည် ဖြစ်လေသည်။ အခြားသောဂြိုဟ်များနှင့် သူသည် အစဉ်သဖြင့် အဆက်အသွယ်ရရှိထားသည်ဟု သူ့ကိုယ်သူ ခိုင်မာစွာယုံကြည်လျက်ရှိသည်။ လက်ရှိဘာသာစကား (၂၃) မျိုးကို အံ့သြဖွယ်ကောင်းလောက်အောင်ပင် နားလည်တတ်ကျွမ်းသည်ဆို၏။ လူသာမန်တစ်ဦးသည် ဌာန်၊ကရိုဏ်းကျကျ ရေး၊ ပြောရမည်ဆိုလျှင် ဘာသာစကားနှစ်ခု၊ သုံးခုကိုသာ ကျွမ်းကျင်နိုင်နင်းလောက်ပေသည်။

ဗလာဒီမီးအိတ်စ်သည် (၁၁) ခုမြောက် ဘာသာစကားကြီးကို ပြုစုလျက်ရှိ၏။ ထိုစကားများသည် အခြားသော ဂြိုဟ်နက္ခတ်များမှလာသည်ဟု ပြင်းပြစွာ ယုံကြည်လျက်ရှိနေပေတော့သည်။

သက်သုံ



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ နာမ်လောကဖြစ်ရပ်ဆန်းကြယ်တွေကို လေ့လာ ဖတ်ရှုမိတဲ့အခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တဲ့ ပေတပြိတ္တာတွေအကြောင်းကို ပြန်ပြောင်းစဉ်းစားနေမိပါသည်။ အဲဒီအချိန်မှာပဲ မိမိစိတ်ဟာ ဟိုးယခင်ကာလများဆီက အဖြစ်အပျက်တွေကို ကြားနာမှတ်သားမိသမျှ ပဋ္ဌာန်းဒေသနာတော် ၂၄-ပစ္စည်းကို ရွတ်ဆိုရင်း တွေးတောနေမိပါသည်။

ရွှေဘိုမှာ ဝန်ထမ်းဘဝနှင့် စာရေးသူဖခင် တာဝန်ထမ်းဆောင်စဉ်က စာရေးသူ လုပ်ငန်းတစ်ခုရဲ့ တာဝန်အရ ရောက်ရှိခဲ့ဖူးတဲ့ ကန့်ဘလူမြို့နယ်အပိုင် လွဲဆိပ်ကျေးရွာနဲ့ ဘောကျေးရွာကြားမှာရှိတဲ့ နာမ်လောကဖြစ်ရပ်ဆန်းကြယ်ကြောင့် ရွာပျက်သွားတာကို ရေးသားဖို့ စိတ်ကူးထဲ ပေါက်ပေါက်လာသလို ဂမ္ဘီရဆန်တဲ့ ဘောကျေးရွာ၊ ဇင်းကျေးရွာအကြောင်းတွေ စိတ်ကူးထဲပေါ်လာပါသည်။ စာရေးသူ ကြားဖူးတာတော့ ရွာတည်လျှင် ကျောင်း၊ကန်၊စေတီ၊ဘုရားရှိတဲ့ရွာဟာ မကောင်းဆိုးဝါးနာမ်လောကသားတွေ ဒုက္ခမပေးနိုင်ဘူးလို့ ကြားဖူးနားဝသိရပါသည်။ အညာဒေသရှိ ကျေး



(ပြည်-ဆည်မြောင်း)

# ရသဂမ္ဘီရ-ကျော်ဝင်းအောင်

## ရွှေဘို-မြစ်ကြီးနားကားလမ်းဘေးက ဂမ္ဘီရဆန်သောရွာကလေး



ရွာတိုင်းဟာ ရွာထိပ်ရွာပတ်ဝန်းကျင်မှာ ဘုန်းတော်ကြီးကျောင်း၊ ရေတွင်း၊ ရေကန်နဲ့ ထုံးဖြူဖြူဖွေးနေတဲ့ စေတီတော်ကို အမြဲတမ်း မြင်တွေ့ရပါသည်။ ဒါတွေကို တွေ့မြင်လိုက်ရသည်နှင့် နေချင့်စဖွယ်ကောင်းပြီး စိတ်မှာ အပန်းပြေရွှင်လန်းသွားသည်မှာ တွေ့မြင်သူတိုင်း ကိုယ်တွေ့ဖြစ်ကြသည်။ ယခုဇာတ်လမ်းဖြစ်ပေါ်လာပုံမှာ -



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလသည် ၈၈ အရေးအခင်းကာလအပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ တာဝန်ယူထားသောအချိန်ကာလ ဖြစ်၏။ ထိုအချိန်တွင် နိုင်ငံတော်၌ မီးရထားလမ်းအများအပြားကို ပြန်လည်ပြုပြင်နေသောအချိန် ဖြစ်သည့်အလျောက် သင့်တော်ရာ စစ်ဒေသတိုင်းများရှိ သစ်တောများတွင် သစ်မာသားများကို ဇလီဖားတုံး (မီးရထားသံလမ်းအောက်တွင် ခင်းသည့်ပစ္စည်း) ကို ကန့်ဘလူမြို့နယ် ဘောကျေးရွာ၊ ဇင်းကျေးရွာ၊ လွဲဆိပ်ကျေးရွာတစ်ဝိုက်တွင် နိုင်ငံတော်အစိုးရကို ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဇလီဖားတုံး သတ်မှတ်အရွယ်အစားအရ ပေးသွင်းရသောအချိန် ဖြစ်သည်။ စာရေးသူသည် တောကျေးရွာနှင့် လွဲဆိပ်ကျေးရွာကြားရှိသော သဘက်လုံးရွာ (ဒေသအခေါ်) ပတ်ဝန်းကျင်ရှိ မင်းဝံတောင်တန်းတောင်စွယ်သစ်တောကြိုးဝိုင်းသို့ ဇလီဖားထုတ်ရန်အတွက် လိုအပ်သောသတ်မှတ်အတိုင်းအတာ သစ်မာပင်များကို သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဘောကျေးရွာဒေသခံများနှင့်အတူ ရောက်ရှိခဲ့စဉ် ဖြစ်သည်။

ထိုသို့ ပင်ထောင်နံပါတ်ရိုက်မှတ်သားရန် တောထဲလျှောက်ပြီး သစ်ပင်များကို လေ့လာနေစဉ် ရွှေဘို-မြစ်ကြီးနားကားလမ်းဘေးရှိ ထန်းပင်၊ မန်ကျည်းပင်၊ သရက်ပင်နှင့် လယ်ကန်သင်းပေါင်ဟောင်းများတွေ့ရှိရာ စာရေးသူမှ ဘောကျေးရွာဒေသခံကို မေးမြန်းစပ်စုမိ၏။ ထိုအခါ ဒေသခံမှ သဘက်ကြီးဝင်၍ ပျက်သွားသော ရွာဟောင်းတစ်ခု ဖြစ်ကြောင်းကို ပြောပြပါသည်။ ထိုနေရာသည် လွန်စွာ အခြောက်အလှန့်များကြောင်းပြောပြ၍ နေ့ခင်းဘက် လူအများအပြားရှိသော်လည်း စာရေးသူ၏ကျောထဲစိမ့်သွား၏။ စိတ်ထဲမှာလည်း တော်တော်စိတ်ဝင်စားမိ၏။ အဲဒါကို စာရေးသူမှ သိသလောက်ပြန်ပြောပြရန် တောင်းဆိုသောအခါ အောက်ပါအတိုင်း ဘောကျေးရွာဒေသခံမှ ပြောပြပါသည်။

"ဒီရွာဟောင်းတည်ခါစက ကျွန်တော်တို့ အဘိုးတွေရဲ့အဖေလက်ထက်ဆိုတော့ အဘေးလို့ခေါ်ရမှာပေ့ါညယ်။ ဒီဒေသက သစ်ခုတ်၊ ဝါးခုတ်၊ မျှစ်ချိုး၊ ဆင်ပဲ့ချိတ်လိုက်ဆိုတော့ညယ်။ အိမ်အားလုံး အမြင့်တွေဆောက်တာ ဓလေ့ထုံးစံလိုပဲ ဆရာလေး။ အိမ်ရှေ့ကပြင်ကနေ ဆင်ပေါ်ကိုလှမ်းတက်ရုံပါပဲညယ်"


"သဘက်ကြီးဝင်လို့ ရွာပျက်တဲ့အကြောင်းအရာက ဘယ်လိုစတာလဲဗျ"

"အဲဒါကညယ်၊ ကျွန်တော်တို့ အဘေးကတစ်ဆင့်ပြောပြလို့ လက်ဆင့်ကမ်းသိလာရတာပါညယ်။ အဖေတို့လက်ထက်တိုင်ပေ့ါမောင်။ အဲဒီရွာက အိမ်ခြေသုံးဆယ်ကျော်၊ ငါးဆယ်ပတ်လည်လောက်ရှိမယ်ညယ်။ ဒါနဲ့ ရွာတည်ပြီး သုံး၊ လေးနှစ်ရှိတာတောင် ရွာမှာ ဘုန်းကြီးကျောင်းမရှိသေးဘူးညယ်။ အဲဒီတုန်းကခေါင်တော့ ကျောင်းထိုင်မယ့်သူရှားတာပေ့ါညယ်။ သာရေးနာရေးကို လွဲဆိပ်ကျေးရွာ၊ ဘောကျေးရွာတွေဆီ ဘုန်းကြီးသွားပင့်ရတာပေ့ါညယ်"

"ဒါကြောင့်များ ရွာဖျက်သွားတာလား ဦးကြီးရာ"

"အဲဒီလိုတော့ ခေါင်းထဲရောက်အောင် မတွေးမိဘူးညယ်"

"ဒီလိုနဲ့ တစ်နေ့မှာပေ့ါညယ်။ ရွာထဲက အောင်စိန်စိန် ဆိုတဲ့ လူတစ်ယောက်ဟာ (ဋဧ) ပါးရောဂါနဲ့ ဆုံးသွားပါရောညယ်။ အဲဒီမှာ အလောင်းကို အိမ်ရှေ့ကပြင်မှာ ထားတာပေ့ါညယ်။ ည (၁၂) နာရီ အချိန်လောက်မှာညယ်။ တစ်ရွာလုံး ခွေးတွေအူကြတယ်ညယ်။ ဒါကို အသုဘစောင့်နေကြတဲ့ လူငယ်လူကြီးတွေက သတိမထားမိကြဘူးညယ်။ တစ်အောင့်လောက်ကြာတော့ အိမ်ရှေ့ကပြင်ထက်မြင့်တဲ့အရပ်ကြီးနဲ့ သဘက်ကြီးရောက်လာပြီး 'အောင်စိန်စိန်' လို့ခေါ်လိုက်ရောညယ်။ အဲဒီမှာ အသေ


www.burmeseclassic.com

www.burmeseclassic.com

ကောင်ကြီးဟာ သဘက်ကြီးကို အောင်စောက်စောက်လို့ခေါ်ပြီးထကာ ကုန်းပိုးလိုက်သွားတာညယ်။ ဖဲကစားနေတဲ့သူအားလုံး နိုးရာပြတင်းပေါက်ကနေ ကြောက်လန့်တကြား ခုန်ချထွက်ပြေးကြတယ်ညယ်။ အားလုံးခါးနာကျိုးမပဲ့သွားတာဘဲ ကျေးဇူးတင်ရမလိုဘဲမောင်"

(မှတ်ချက် - ထိုဒေသသည် ကဒူးကနန်းများပေါ်ပြီး စကားပြောရာတွင် ညယ်နှင့် မိန်းကလေးဖြစ်စေ၊ ယောကျ်ားလေးဖြစ်စေ 'ဘယ်လိုဖြစ်တာလဲမောင်၊ ဘယ်သွားမလို့လဲမောင်' ဟု ပြောဆိုသုံးနှုန်းကြသည်။)

"ဦးကြီးတို့ အရပ်ဒေသက နတ်ကြီးတယ်နော်၊ ပြီးတော့ ဂမ္ဘီရဆန်တဲ့ အဖြစ်အပျက်တွေလည်း အများကြီးပဲ"

"ဒါတော့ ဒီကိုရောက်ဖူးတဲ့သူတိုင်းသိကြတာပါညယ်။ မောင်လည်း သိပြီးသားပါညယ်"

စာရေးသူတို့အဖွဲ့ဟာ သစ်ပင်ရိပ်အောက်တွင် အမောဖြေရင်း စကားဝိုင်းကို လက်စသိမ်းလိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် နေမြင့်လာပြီဖြစ်၍ ထမင်းစားပြန်ရန်အတွက်ကြောင့် ဖြစ်သည်။ ရွှေဘို - မြစ်ကြီးနားကားလမ်းကြမ်းအတိုင်းပြန်ခဲ့ရာ ဘောကျေးရွာမရောက်ခင် ကားလမ်းဘေးရှိ ဘောကျေးရွာနှင့်မနီးမဝေးတွင် တည်ဆောက်ထားသော အင်တိုင်းတောထဲရှိ ဘောဘိုးဘိုးကြီးရဲ့ နတ်နန်းခွဲတစ်ခုကို သွားရင်းတွေ့မြင်ခဲ့ရပါတယ်။ အခါကြီးရက်ကြီးတွေဖြစ်စေ၊ တောထဲအလုပ်ဝင်သွားရင်ဖြစ်စေ လက်ဖက်တစ်ပွဲ၊ ကွမ်းတစ်ယာနဲ့ ရှိသေသမှုပြုကြပါတယ်။ ဒါမှလည်း ဘေးအန္တရာယ်ကင်းပြီး လုပ်ငန်းဆောင်တာများ ချောမွေ့အောင်မြင်တယ်လို့ ဒေသခံများက စွဲမှတ်ထားပါတယ်။

ဘောဘိုးဘိုးကြီး ပင်မနတ်နန်းဟာ နာရီဝက်ခရီးပြင်းပြင်းလျှောက်ရသလောက်နီးပါးဝေးပါတယ်။ အဲဒီဘောဘိုးဘိုးကြီးပင်မနတ်နန်းကို စာရေးသူ ဒေသခံတစ်ဦးနဲ့လေ့လာရန်ရောက်သွားတဲ့အခါမှာ ကြက်သီးတွေတောင်ထပြီး အနည်းအငယ် ကြောက်ရွံ့မိပါတယ်။ နတ်နန်းတောင်ကုန်းမို့သဏ္ဌာန်အထက်မှာ ဆောက်ထားပြီး ဘေးပတ်လည် အနိမ့်ပိုင်းမှာ အရွယ်တူဆိုက်စုံသစ်ပင်မျိုးစုံ အုပ်ဆိုင်းနေတာကြောင့် လူသာမန်တစ်ယောက်တည်းလာဖို့ အတော်ကြီးစားရပါလိမ့်မယ်။ အဲဒီမှာ ထူးခြားမှုတွေတွေ့လို့ ဒေသခံကို စပ်စုမိပါတယ်။

"ဦးကြီး၊ နတ်စင်တော်အောက်ခြေမှာ ချိတ်ထားတဲ့ကြိုးတွေ အများကြီးပါလား။ လိုရမည်ရယူသွားကြမလား"

"အမလေး - မလုပ်ပါနဲ့မောင်ရာ။ အဲဒါရွာက ကျွဲတွေ၊ နွားတွေမပျောက်ရှအောင် လယ်တွေယာတွေနားချိန်မှာ ကျွဲတွေ၊ နွားတွေရဲ့ နဖားကြိုးကို ဖြုတ်ပြီး ဘိုးဘိုးကြီးကိုပြထားတာပညယ်"

"ဒါဆိုရင် ဦးကြီးတို့ရွာကလူတွေ လယ်တွေယာတွေနားချိန်မှာ ကျွဲတွေ၊ နွားတွေကို တောထဲမောင်းထည့်ပြီး ဘိုးဘိုးကြီးကို ကျွဲ၊ နွားကျောင်းခိုင်းတာလားဗျာ"

"ဖွဟဲ့ - လွဲပါစေဖယ်ပါစေမောင်။ အဲဒီလိုမျိုး ဘိုးဘိုးကြီးကို မပြောကောင်းဘူးညယ်။ စောင့်ရှောက်ခိုင်းတာလို့ပြောရတယ်ညယ်။ မိုးကျလို့ ကျွဲတွေ၊ နွားတွေကို ဘိုးဘိုးကြီးကို ပြောပြီးပြန်ခေါ်ရင် အားလုံးမပျောက်မရှတဲ့အပြင် ဖီးနဲ့ ကျွဲ၊ နွားတွေဆို သားပေါက်ပြီး ကျန်းကျန်းမာမာနဲ့ ပြန်ပါလာတာချည်းပဲညယ်"

စာရေးသူ အတန်ကြာမျှ အံ့သြမှင်တက်ပြီး စဉ်းစားနေမိ၏။ ဘိုးဘိုးကြီးနတ်နန်း ဆိုသော်လည်း ရုပ်ပုံကားချပ်၊ ရုပ်တုတစ်စုံတစ်ရာမရှိဘဲ တောပန်းကလေးများ လှူဒါန်းထားသော ပန်းအိုးလေးများ လေး၊ ငါးလုံးခန့်နှင့် လှူဒါန်းထားသော ငါးပြားစေ့၊ ဆယ်ပြားစေ့၊ မတ်စေ့၊ ငါးမူးစေ့၊ ကျပ်စေ့လေးများမှာ နတ်နန်း၏ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလျက်ရှိသည်။ စာရေးသူသည် ထိုအကြွေစေ့များကို မိမိ၏ငွေစက္ကူဖြင့်လဲလှယ်ယူခဲ့ပါသည်။ စိတ်ကူးမှာ ဈေးခေါ်ရာတွင် အသုံးပြုရန်အတွက် ဖြစ်သည်။

"ထူးတော့ တော်တော်ထူးတယ်နော်"

"ဒါတင်ဘယ်ဦးမလဲညယ်။ ဘိုးဘိုးကြီးရဲ့ အိုက် (သဘာဝကျောက်ခွက်ရေကန်) ဆိုရင် ဝါးတစ်ပြန်တောင်အနက်ကို မမီချင်ဘူးညယ်။ ငါးတွေကိုလည်း ဟင်းစားတောင်းပြီး မျှားလို့ရတယ်မောင်။ ပြီးတော့ ထူးဆန်းတာတွေလည်း အများကြီးရှိတယ်ညယ်"

"ဒါတော့ ရေရှိရင် ငါးရှိမှာပေါ့၊ ဦးကြီးရာ၊ ဘာထူးဆန်းလို့လဲ"

"မဟုတ်သေးဘူး မောင်။ အိုက်ထဲကငါးကို (၅၀) သားလောက် ဟင်းစားပေးတာပါ၊ တစ်ပိဿာလောက်ဟင်းစားပေးပါဆိုပြီး ဘိုးဘိုးကြီးကို တောင်းမျှားရရင် ဟင်းစားပေးတာပေါ့ညယ်။ အဲ - ဒါပေမယ့် လောဘတက်ပြီး မျှားလို့ကတော့ ပလတ်စတစ်အရုပ်လောက်ကလေး နီတာရဲလေးဟာ အော်ငိုပြီး ငါးမျှားချိတ်မှာ ပါလာတော့တာပဲညယ်။ အဲဒီလူလည်းလန့်ပြီးဖျားရောပဲ၊ မသေတာကံကောင်းပညယ်"

"ဩော် - ဒီလိုကိုး။ နောက်ပြီး ဘာတွေထူးဆန်းသေးလဲ ဦးကြီးရာ"

"ဟိုတစ်လောက ဆရာလေးတို့နဲ့ ကားလမ်းမကြီးအတိုင်း ပြန်ခဲ့တာတွေ့မှာပေါ့ညယ်။ ဘိုးဘိုးကြီးရဲ့ နတ်နန်းခွဲကလေးလေ။ အဲဒီမှာ ဘိုးဘိုးကြီးမွေးထားတဲ့ ထိပ်မှာ ကြာဖြူကွက်ကလေးနဲ့ ခွေးတစ်ကော ရှိတာပညယ်။ ဘယ်သူမှ ပစ်ခတ်ဖမ်းဆီးလို့မရဘူးညယ်"

"ခွေးဆိုတာ တောနက်နဲ့နီးလို့လာတာ မဟုတ်ဘူးလားဟင်"

"မဟုတ်ပါဘူးညယ်၊ အဲဒါမယ်လို့ တစ်ခါက စစ်ကြောင်းလှည့်ရင်းနဲ့ ဗိုလ်လေးတို့အဖွဲ့တွေ ဂျီသရီးနဲ့ ဝိုင်းပစ်တာ ချေကလေးက အစားတောင်မပျက်ဘူးညယ်။ ဒါပေမယ့် သေနတ်သံတွေ၊ လူသံတွေ ဆူညံသံကြားမှ ထွက်ပြေးသွားတာပညယ်။ ရွာသားအားလုံး အသိပါညယ်"

"ဩော်၊ ဩော်"

"ဒါတင်ဘယ်ကဦးမလဲ။ ဇင်းတောင်ပိုင် ဘိုးဘိုးကြီးမောင်နှမလည်း အစွမ်းထက်ပညယ်"

"ဇင်းကျေးရွာထဲကနေ အနောက်ဘက်ကိုလှမ်းကြည့်ရင် မြင်ရတဲ့တောင်အမြင့်ကြီးက တောင်ပိုင်ကြီးကို ပြောတာလား"

ဦးကြီးသည် ကွမ်းစားထားသောကြောင့် နီညိုရောင်ရှိသော သွားများပေါ်အောင် ပြုံးရယ်ပြီး ခေါင်းညိတ်ပြကာ ဆက်ပြီးပြောပြပါသေးသည်။

"အဲဒီ ဇင်းဘိုးဘိုးကြီးမောင်နှမနတ်နန်းလည်း ဘောကျေးရွာလိုပဲ ရွာနဲ့မနီးမဝေး အင်တိုင်းတောထဲမှာ ဆောက်ထားတာပညယ်။ ဒီက ဘောဘိုးဘိုးကြီးနန်းလိုပဲ တစ်နှစ်တစ်ခါ အသစ်ပြုပြင်ပေးရတယ်။ အသစ်ဆိုတာလည်းညယ်၊ အမိုးအကာတွေပြုပြင်ပေးရတာညယ်၊ သူက ပိုပြီးအစွမ်းထက်တာပညယ်"

"ဒါဆို ဒီကဘောဘိုးဘိုးကြီးမဆိုင်ဘူးလား ဦးကြီး"

"ဆိုင်တော့မဆိုင်ဘူး။ ဇင်းဘိုးဘိုးကြီးမောင်နှမက တစ်နယ်လုံးပိုင်တယ်လို့ ပြောကြတာပညယ်"

"ဒါဆိုဦးကြီးရာ။ ဇင်းဘိုးဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com

မောင်နှမက ပ-ဥက္ကဋ္ဌနဲ့ ဒု-ဥက္ကဋ္ဌဖြစ်ပြီး ဘောဘိုးဘိုးကြီးက အတွင်းရေးမှူးဖြစ်မှာပေါ့နော်”

အဲဒီလို ဦးကြီးကို ပြောပြလိုက်တဲ့အခါ ကဒူးကနန်းအနွယ်ဝင် ဦးကြီးဟာ နားဝေတိမ်တောင်ဖြစ်သွားပြီး -

“အဲဒါတော့ တို့လည်းမပြောတတ်ပါဘဲမောင်”

“ကဲ - စကားကောင်းနေတာနဲ့ နေလည်းကျတော့မယ်၊ ပြန်ကြစို့လား ဦးကြီးရေ”

“အေးအေး - သွားတာပညယ်”

စာရေးသူသည် တောဘိုးဘိုးနတ်နန်းအား သမင်လည်ပြန်လှည့်ကြည့်ရင်း ဘိုးဘိုးကြီးအား ပြောမှားဆိုမှားရှိခဲ့ပါက ခွင့်လွှတ်ပါရန် တောင်းပန်ဝန်ချကန်တော့ရင်း မေတ္တာသုတ်တော်ကို ရွတ်ပွားကာ သူတော်ကောင်းဘိုးဘိုးကြီးနှင့်တကွ ဆိုင်ရာပိုင်ရာများကို မေတ္တာပို့ကာ အမျှဝေလိုက်မိတော့သည်။

❐

စစ်ကိုင်းတိုင်းဒေသကြီးအထက်ဖျားဒေသတွင်ပါဝင်သော ဤရပ်ရွာဒေသကလေးများသည် နေ့လယ်မွန်းလွဲပိုင်းကျော်သည်နှင့် တောင်ခိုးများရစ်ဝိုင်းပြီး မြူများဖုံးလွှမ်းသောဒေသ ဖြစ်သည်။ ထို့အပြင် နွေ၊ မိုး၊ ဆောင်း စသော ဥတုသုံးပါးလုံး အလွန်အအေးပိုသောဒေသဖြစ်သည်။ ညဘက်တွင် မီးဖိုများအမြဲဖိုထားသောဓလေ့ရှိခြင်းဖြင့် ညအချိန်တွင် အတော်အအေးဓာတ်ပိုသည်ကို သိရှိရသည်။ ထိုညတွင် စာရေးသူတို့အဖွဲ့သားများသည် မီးဖိုဘေးတွင် ရေနွေးကြမ်းသောက်ရင်း နေ့လယ်ကထူးဆန်းဖြစ်ရပ်များကို ပြန်လည်အစဖော်ရန်အတွက် စကားစပျိုးရန် အကြံထုတ်နေမိသည်။ ထိုသို့ အကြံထုတ်နေခိုက် နေ့လယ်က ဇင်းဘိုးဘိုးကြီးအကြောင်း ပြောပြသော ဦးကြီးမှ စကားသံစတင်ပေါ်ထွက်လာသောကြောင့် စာရေးသူ ရေငတ်တုန်းရေတွင်းကျဆိုသလို မရည်ရွယ်ဘဲ စော်ကဲမင်းဖြစ်ကိန်းဆိုက်သွားသည်။

“ဆရာလေး၊ ဘာတွေစဉ်းစားနေတာလဲ။ ငြိမ်လှချေလားမောင်”

“ဘာရယ်လို့တော့မဟုတ်ပါဘူး။ နေ့လယ်ခင်းတုန်းက ဦးကြီးပြောပြတဲ့ ဇင်းတောင်ပိုင်ဘိုးဘိုးကြီးမောင်နှမတို့အကြောင်းစဉ်းစားနေတာပါ”

“ဦးကြီး၊ အဲဒီအကြောင်းအရာတွေကို သိသလောက် ပြောပြပါလားခင်ဗျာ”

ဤစကားကို သစ်တောဦးစီးဌာနမှ ဝန်ထမ်းငယ်တစ်ဦးမှပြောလိုက်ခြင်းဖြစ်ပေသည်။ ဘောကျေးရွာဒေသခံ ဦးကြီးသည် ရေနွေးကြမ်းတစ်ပန်းကန်ကို မှုတ်သောက်လိုက်ပြီး စကားစပြောပါသည်။

“ဆရာလေးတို့က တစ်နယ်တစ်ကျေးကဆိုတော့ ထူးဆန်းတဲ့အကြောင်းအရာတွေကို ရွေးပြောပြမယ်ညယ်။ ဒါမှလည်း ဗဟုသုတရမှာပေါ့ညယ်။

အဲဒီဇင်းကျေးရွာတစ်ရွာလုံးဟာ ဇင်းတောင်တော်ကို ဦးတိုက်အိပ်ရတဲ့ မလေ့ရှိတယ်ညယ်။ ဇင်းတောင်တော် ဦးတိုက်သလို ဘိုးဘိုးကြီးမောင်နှမနတ်နန်းပါ။ ဦးတိုက်ပြီးသားဖြစ်သွားတာပညယ်”

“ဒါဆိုရင် နေဝင်တဲ့ဘက် ခေါင်းပြုအိပ်သလိုကြီးနော်”

“ဆရာလေးတို့ မယုံမရှိနဲ့ညယ်။ ဇင်းတောင်တော်နားက သစ်ကွက်တွေကိုသွားရင် လက်တွေ့စမ်းကြည့်နိုင်ပါတယ် မောင်”

“မလုပ်ပါနဲ့ ဦးကြီးရာ။ မိန်းမရပြီးမှ စမ်းသပ်ပါရစေ။ အခုလို လူပျိုဘဝနဲ့တော့ အသေမခံနိုင်သေးဘူးဗျာ”

“ဟား. . . ဟား. . . ဟား. . . ”

“အေး-မိန်းမများ မရမှာ မပူပါနဲ့ညယ်။ တို့ဆီမှာ ကာလသားတွေဆိုတဲ့ စကားပုံရှိတယ်ပညယ်။ ဘာတဲ့၊ ခြော်-သိပြီသိပြီ။ မိန်းမလိုချင် ဇင်းကိုဝင်တဲ့၊ မရ မရတဲ့အလျောက် ဘောကိုလျှောက်၊ ရလိုရငြား ကတ္တာသွား၊ မရတဲ့အဆုံး ဘောလက်ခုပ်ကုန်းတဲ့ညယ်။ တကယ်လား၊ ယုံတမ်းစကားလားဆိုတာ ငါလည်း နှံ့နှံ့စပ်စပ်မသိလှညယ်”

“ဦးကြီး၊ ဒါဆိုရင် ဘောကျေးရွာရောက်နေပြီပဲ။ဘောဘိုးဘိုးကြီးနတ်နန်းကျော်သွားရင် လက်ခုပ်ကုန်းရောက်ပြီပဲ။ မနက်ဖြန် ဦးဆောင်ပြီး မိန်းမတောင်းပေးပေတော့။ ပြီးတော့. ဒီမှာပါလာတဲ့ လူငယ်တွေ၊ လူပျိုတွေပါ။ မင်းတို့ဆီက မုဆိုးမ၊ တစ်ခုလပ်၊ အပျိုပါမကျန် ကံစမ်းမဲဖောက်မယ်လို့ပြောပြ ဦးကြီး။ ဘောဘိုးဘိုးကြီးနတ်နန်းမှာလည်း ဇည့်စာရင်းတိုင်ပြီးသားလို့။ မယားမှတ်မှတ်သားမှတ်မှတ်နဲ့ တစ်ရွာကိုတစ်ယောက်နှုန်း အနည်းဆုံးယူမယ့်လူရှိုးလူအေးလေးတွေလို့ပြောပြီး မိန်းမတောင်းပေတော့ ဦးကြီးရေ”

“ဟား ဟား ဟား - တော်တယ်ကွာ။ ငါ့လူတွေတော်တော်နစ်နာကုန်ပါ့မယ်။ သေသေချာချာစဉ်းစားပြီးမှပြောပါကွာ”

ယခုစကားကို အဖွဲ့ခေါင်းဆောင်ဖြစ်သော တောအုပ်ကြီးမှ ဝင်ရောက်ပြောဆိုခြင်းပင် ဖြစ်သည်။ လူငယ်တွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေရသော လူကြီးများမှာ ပိုမိုနုပျိုသယောင်ပြုံးပြုံးကြီးဖြစ်နေပါတော့သည်။ စာရေးသူတို့ အဖွဲ့ဟာ လူပျော်လူနောက်တွေဖြစ်သည်။ ဤနယ်သည် နတ်ကြီး၍ ဆင်ခြင်နေခြင်းဖြစ်သည်။ နို့မို့ဆို မလွယ်ရေးချမလွယ်ပါ။ ဒီကြားထဲ ဘောဘိုးဘိုးကြီးက ကြက်တိုက်တာ ဝါသနာပါတယ်ဆိုလို့ ဘိုးဘိုးကြီး ကြက်ရှိလျှင် သွားတိုက်မယ့်ကောင်က အဖွဲ့ထဲမှာရှိပြီးသား မနည်းပင် ကိုယ်ရှိန်သတ်ထားရသောအဖွဲ့ဖြစ်သည်။

“အေး - တို့ဆီက တောသူဆိုပေမယ့် ယဉ်ယဉ်လေးနဲ့ ချောတာပညယ်။ မုဆိုးမ၊ တစ်ခုလပ်တောင် အပျိုလေးအတိုင်းပဲညယ်”

“တို့ဦးကြီးကတော့ မဝယ်သေးဘူး ချိန်မယ်၊ ရောင်းမယ် ဈေးခေါ်နေပြီ”

“ဟာ - နေပါဦးကွာ။ ဒါနဲ့ ဇင်းဘိုးဘိုးကြီးမောင်နှမအကြောင်း ဆက်ပြောပါဦး”

“အဲ - တို့အဖွဲ့တွေ ဇင်းတောင်တော်ကြီးအပိုင် တောကွက်ထဲရောက်လို့ ညအိပ်ရင် ဇင်းတောင်တော်ကြီးကို ခေါင်းထားအိပ်ရတယ်မောင်။ မဖွယ်မရာ တောင်ပိုင်ကြီးမကြိုက်တဲ့ စကားတွေလည်း မပြောရဘူး။ အပေါ့အလေးသွားရင်တောင် ဇင်းတောင်မကြီးဘက် လှည့်မသွားရဘူးညယ်။ နတ်ကိုင်လို့ သေသွားမယ်ပမောင်။ ဓလေ့ထုံးစံမသိတဲ့ လူစိမ်းတွေဆို အလွန်သတိထားရတယ်ညယ်”

“ဇင်းတောင်မကြီးဘက် ခေါင်းလှည့်မအိပ်ရင်ဘာဖြစ်တတ်လဲ ဦးကြီး”

“ခေါင်းလှည့်မအိပ်တဲ့သူတွေကို ဇင်းတောင်ပိုင်ဘိုးဘိုးကြီးက သူ့တောင်တော်ဘက်ကို ခေါင်းဆွဲလှည့်တာပညယ်။ အိပ်တုန်းက ခေါင်းမလှည့်ပေမယ့် မနက်မိုးလင်းလို့နိုးလာရင် ခေါင်းက တောင်တော်ကို ခေါင်းတိုက်ပြီးသားဖြစ်နေတယ်ညယ်။ မယုံတဲ့ရွာသားတွေကိုယ်တွေ့ကြုံဘူးလို့ ဇင်းတောင်ပိုင်ဘိုးဘိုးကြီးကို အားကြီးကြောက်တာပညယ်”



www.burmeseclassic.com

www.burmeseclassic.com





နှလုံးရောဂါ ကင်းဝေးအောင်

မုံရွာဆရာမိုး

အမှတ်တံဆိပ်

အမောလုံ

နှလုံးအားဆေးကိုဆောင်

မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂)

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမ၀ခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဈ-၃၅၆၊ မေတာဝီလမ်းမကြီး၊ ဈ-ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဥက္ကလာ

ဖုန်း - ၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၁-၆၉၁၅၉၁


"ရွာထဲကလူတွေပြောတာ။ ဇင်းရွာဖျားမှာ သိုက်လာတူးတာ မြွေကြီးတွေ့လို့ဆို ဦးကြီး"

"အဲဒါက အများကြားသွားပြီညယ်။ ဇင်းရွာမြောက်ဘက် ကားလမ်းဘေး ပေကုန်းသွားတဲ့လူသွားလမ်းဘေးက ရေကန်ဟာ သိုက်တူးလို့ ကန်ဖြစ်သွားတာညယ်။ သိုက်ဆရာတွေ သိုက်တူးတာ လေးငါးတောင်အနက်လောက်ရောက်တော့ ဝါးတစ်ပြန်ပတ်လည်မရှိတရှိ ငွေမောင်းပေါ်လာတွေ့လို့ညယ်။ လူလေး၊ ငါးခြောက်ယောက် ဝိုင်း,မတာမရတာနဲ့ တစ်ခေါ်လောက်ရှိတဲ့ ဇင်းရွာထဲသွားပြီး ကျွဲနဲ့ဆွဲဖို့ ကျွဲဆွဲပြီးပြန်လာတာ ဒီကိုရောက်တော့ ငွေမောင်းကြီးမဟုတ်တော့ဘဲ ဧရာမမြွေကြီးခွေနေတာတွေ့လိုက်ရလို့ ကျွဲတွေရောလူတွေပါ ဇင်းရွာဘက်ကို ခွေးပြေးဝက်ပြေးပြန်ပြေးလာကြတာ၊ မနည်းကို နှာနှပ်ယူရတယ်ပြောကြတယ် မောင်။ အခုတော့ ကျွဲတွေနွားတွေသောက်တဲ့ရေကန်ငယ်လေးပေါ့ညယ်"

"ထူးဆန်းအံ့ဩစရာတွေအများကြီးပဲနော်"

"ဒါတင်ဘယ်ကမှာလဲညယ်။ မင်းသားမင်းသမီးလို ဝတ်စားထားပြီး၊ လယ်တောသွားတဲ့လူတွေကို ထွက်နှုတ်ဆက်တဲ့လျှိုတွေလည်းရှိတယ်။ ပြီးတော့လည်း ဇင်းရွာမြောက်ဘက်ပိုင်းက မစိန်ဝင်းမြင့်တို့ ယာလုပ်တဲ့ အင်တိုင်းကုန်းမှာ စုန်းအိုက်ဆိုတာရှိတယ်ညယ်။ ရှေးဘုရင်လက်ထက်က မကောင်းတဲ့ပညာသည်တွေကို သုတ်သင်တဲ့နေရာလို့ပြောကြတာပဲညယ်"

"ဒါထက် ဦးကြီး၊ ကျွန်တော်တို့ ရေခပ်သွားတာ ရေကြောင် (ချောင်) ရှိတယ် တွေ့လားလို့ပြောတယ်"

"ဟား. . . ဟား အဲဒါဆရာလေးတို့ခေါ်နေတဲ့ ရေပုံးရှိတယ်လို့ ပြောတာညယ်"

"မသိပါဘူး ဦးကြီးရာ"

"ကဲကဲ - ညဉ့်နက်ပြီ။ အိပ်ကြရအောင်ဟေ့။ မနက်စောစောလည်းထရဦးမယ်"

တောအုပ်ကြီး၏ သတိပေးသံကြောင့် အားလုံးအိပ်ရာထဲဝင်ခဲ့ကြသည်။ မီးဖိုနားမှ ခွာလာ၍လားမသိ။ အလွန်ချမ်းအေးလှ၏။ တော်တော်နှင့် အိပ်မပျော်ဘဲ ရွာနောက်ဘက်တောထဲမှ တောကြက်တွန်သံများ၊ ချေဟောက်သံများသည် အေးချမ်းတိတ်ဆိတ်နေသော ဘောကျေးရွာလေးကို သာယာစွာ ဖုံးလွှမ်းသွားသည်။ နွေရာသီမှာ ဆီးနှင်းကျသံများကလည်း တဖြောက်ဖြောက် မြည်သံပေးနေသည်။ မနက်ဖြန် ကတ္တာရွာဘေးမှဖြတ်ကာ ဇင်းတောင်ခြေသစ်ကွက်ထဲ သွားရောက် ပင်ထောင်ရိုက်ရမည်ကို စဉ်းစားတွေးတောရင်း အိပ်ပျော်သွားပါတော့သည်။ လောကကြီးတွင် မယုံကြည်စရာတွေအများကြီးရှိပေမယ့် ကာလဒေသအလိုက် မယုံကြည်လို့မရပါ။ လက်တွေ့မှယုံမည်ဆိုလျှင် လက်နှင့်တွေ့မှ တမလွန်ဘဝရောက်သွားသော် အကျိုးမဲ့ရုံမှတစ်ပါး ဘာမှအမြတ်အစွန်းမရပါ။ ဒါကြောင့် မြန်မာနိုင်ငံတွင် ဂမ္ဘီရဆန်သော နေရာပေါင်းမြောက်မြားစွာရှိသည့်အနက် မိမိတွေ့ကြုံခဲ့ရာဒေသလေးကို ရေးသားတင်ဆက်ရခြင်း ဖြစ်ပါကြောင်း။

(သေသည်၊ ရှင်သည် မသိရသော်လည်း ဇင်းကျေးရွာ၊ ဘောကျေးရွာ၊ ကတ္တာကျေးရွာ၊ လက်ခုပ်ကျေးရွာများမှ မိတ်ဆွေများသို့ အမှတ်တရ)

ရေသဂမ္ဘီရ-ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်လှိုင်(သုဝဏ္ဏ)


# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေမျူးဟာ(၁၆၈)

**၈၁။ အစွမ်းထက်မြက်သောအိပ်စက်ခြင်း၏ လျှို့ဝှက်ချက်များ**

ခန္ဓာကိုယ်အတွင်း ကောင်းသောချီဓာတ်များ အကောင်းဆုံးအနေအထားဖြင့် ဝင်ရောက်လာနိုင်ရန် အစွမ်းထက်မြက်သောအိပ်စက်ခြင်းမျိုးဖြင့်အိပ်တတ်အောင် လေ့ကျင့်ထားရန် လိုဝါသည်။ ယင်းမှာ ယောဂကျင့်စဉ်၌ အကျုံးဝင်သောအိပ်စက်နည်းပင် ဖြစ်သည်။

အစွမ်းထက်သော အိပ်စက်နည်းအရ နေ့စဉ် (ညတိုင်း) (၁၁) နာရီပတ်ဝန်းကျင်၌ အိပ်ရာဝင်ရပါမည်။ အိပ်ရာဝင်သည်နှင့် မီးပိတ်၍ ပတ်ဝန်းကျင်အသံဗလံများမကြားရပါက ပိုမိုကောင်းမွန်ပါသည်။ ထိုအချိန်သည် (၁၂) နာရီစက်ဝိုင်း၏ပထမနာရီပိုင်း (ည ၁၁ နာရီနှင့် နောက်နေ့နံနက်အတွင်း အကျုံးဝင်သော နံနက် ၁ နာရီ)အတွင်းကျရောက်ကာ ကြွက်နှင့်ပတ်သက်သောအချိန်ပိုင်းဖြစ်သည်။ တစ်ဖန် ထိုနာရီပိုင်းသည် ခန္ဓာကိုယ်ရှိ ဆဲ(လ်)များ ပြန်လည် သစ်လွင် နိုးကြားသည့်အချိန်လည်း ဖြစ်သည်။ အကယ်၍ ထိုအချိန်ပိုင်းအတွင်း နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းမရှိပါက ခန္ဓာကိုယ်ရှိ ဆဲ(လ်)များလည်း နုပျိုလန်းဆန်းနိုင်ခြင်း မရှိနိုင်ပါ။ ခန္ဓာကိုယ်ရှိဆဲ(လ်)များ နုပျိုစွာ ရှင်သန်နိုင်ခြင်းမရှိသောကြောင့် ပြင်ပမှ ကောင်းသောချီဓာတ်များ ဝင်ရောက်ရန် အခွင့်အလမ်းလည်း နည်းပါးနေပါမည်။

အနေအထား ကောင်းမွန်သော၊ အစွမ်းထက်မြက်သောအိပ်စက်ခြင်းပုံစံဖြစ်ရန် အိမ်၏ ဝန်းကျင်အနေအထားလည်း ကောင်းမွန်ရန် လိုအပ်ပါသည်။ အနောက်တိုင်းဆေးသိပ္ပံပညာရှင်များ၏အလိုအရ ည(၁၁)နာရီ အိပ်ရာဝင်၍ နှစ်ခြိုက်စွာ အိပ်စက်နိုင်ခြင်းက ဆဲ(လ်)များ ပြန်လည်ရှင်သန်နိုးကြားရန် အချိန်လုံလောက်ပါသည်။ အထက်ပါ အခြေအနေအရပ်ရပ်အတွက် ကောင်းစွာအထောက်အပံ့ဖြစ်ရန် အိပ်စက်ချိန်၌



မိမိအား ကောင်းကျိုးပြုမည့် အရပ်သို့ ခေါင်းရင်းပေး၍ အိပ်ရမည်ကို သတိပြုပါ။

အိပ်ရေးမဝ၍ (အိပ်ချိန်မမှန်၍)ဆဲလ်များလန်းဆန်းခြင်းမရှိလျှင် ကောင်းသော ချီဓာတ်များလည်း အစွမ်းထက် အားကောင်းနိုင်ခြင်း မရှိနိုင်ပါ။



**၈၂။ ယောဂကျင့်စဉ်နည်းဖြင့် အိပ်မက်များကိုအမှန်တကယ်ဖြစ်လာစေခြင်း**

ယောဂကျင့်စဉ်နည်းဖြင့် အိပ်စက်၍ မြင်မက်သော အိပ်မက်များသည် လက်တွေ့ အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေများကို ပေးနိုင်ပါသည်။ အိပ်မက်များ အမှန်တကယ် အကောင်အထည်ဖော်ရာ၌ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်၍ စိတ်ကြည်လင်လန်းဆန်းမှုရှိရန် လိုပါသည်။ ထိုသို့ ကျန်းမာရွှင်လန်းနေစေရန် သတ်မှတ်ထားသည့် 'အိပ်စက်ပုံနည်းစနစ်' ကျနရန် အရေးကြီးသည်။ မိမိ၏ကိုယ်၊ စိတ် (၂)ပါးသာမက ပတ်ဝန်းကျင်နှင့်ပါ နေသားတကျသဟဇာတဖြစ်မှသာ ကောင်းသောချီဓာတ်များ၏အရှိန်အဝါကြောင့် အတိတ်နိမိတ်ကောင်းသော အိပ်မက်များ မြင်မက်နိုင်ပါမည်။

ယောဂကျင့်စဉ်ဖြင့် အိပ်မက်မြင်ရန် သိစိတ်ထားအိပ်ပျော်နေစေပြီး မသိစိတ်အား နိုးကြားနေစေရန် လေ့ကျင့်ပေးရပါမည်။ အိပ်မက်မြင်မည့် 'မသိစိတ်' အား နှိုးဆွနိုင်ရန်။ မိမိအိပ်ရာခေါင်းအုံးအောက်၌ (kushi) မြက်ကို ထားရှိပေးပါ။ ထိုအခါ မသိစိတ်က အိပ်မက်အဖြစ်ဖန်တီးပေးနိုင်မည့်အာရုံများကို စုစည်းပေးကာ တစ်နေ့ထက်တစ်နေ့ ကြာလာသည်နှင့် မြင်မက်သော အိပ်မက်လည်း ပီပြင်ထင်ရှားလာပါမည်။ မြင်မက်သော အိပ်မက်သည်လည်း အတိတ်နိမိတ်ကောင်း၍ မင်္ဂလာရှိသောအိပ်မက်အဖြစ် လက်တွေ့ အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပေးပါမည်။

**အတိတ်နိမိတ်ကောင်းသော အိပ်မက်များကိုဖန်တီးယူခြင်း**

တရုတ်ဖုန်းရွှေပညာရပ်အရ ထင်



www.burmeseclassic.com

www.burmeseclassic.com



ရှားသော 'ထာဝရအသက်ပိုင်ရှင်' တရုတ်နတ်မင်း(၈)ဦး၏ ရုပ်တုများအား မိမိအိပ်ရာဘေးတွင် ထားရှိပေးပါ။ (kushi) မြက်ကို ခေါင်းအုံးအောက်တွင် ထားပေးပါ။ တရုတ်နတ်မင်းရုပ်တု (၈) ခုက မိမိရည်မှန်းချက်များအား အကောင်အထည်ဖော်ရန်၊ ကျန်းမာရေးကောင်းစေရန်၊ ပျော်ရွှင်မှုရစေရန်နှင့် ကံကောင်းခြင်းများ ဆက်တိုက်ရရှိရန်အတွက် များစွာ အကူအညီပေးသွားပါမည်။

အထက်ပါ နတ်မင်း (၈) ဦးနှင့် (kushi) မြက်တို့၏ အာနိသင်ကြောင့် ကောင်းသောအိပ်မက်များကို မြင်မက်စေပါသည်။

**၇၃။ ဖန်တီးခြင်း အသစ်တစ်ဖန်အစားထိုးခြင်းဖြင့် စိတ်ဓာတ်ခွန်အားကို မြှင့်တင်ခြင်း**

သလင်းကျောက်များသည် စိတ်ဓာတ်ခွန်အားမြှင့်တက်စေရန်၊ စိတ်အာရုံနိုးကြားတက်ကြွလာစေရန် စွမ်းဆောင်နိုင်ကြသည်။ ထို့ကြောင့် သလင်းကျောက်တုံးကလေးများအား အိပ်ရာအောက်တွင် ထားရှိအိပ်စက်ခြင်းဖြင့် မသိစိတ်အား ပြန်လည်ဆန်းသစ်စေပြီး ဘဝတစ်သက်တာ အကျိုးရှိမည့် အတွေးစိတ်ကူးများ ပေါ်လာစေပါသည်။

**'ယန်' စွမ်းအင်ရရှိရန် သလင်းကျောက်ကို အသုံးပြုခြင်း**

ပုံတွင်ပြထားသည့်အတိုင်း ထိပ်ချွန်ပါသည့် သလင်းကျောက်တုံးကလေး



များကို ရွေးချယ်ပါ။ အရွယ်အစားအားဖြင့် အလွန်မကြီးစေရ၊ အများအားဖြင့် သလင်းကျောက်များသည် ပင်လယ်ဆားဓာတ်နှင့် ကျောက်သားစိုင်များကြောင့် သန့်စင်ကြည်လင်ပြီးသား၊ ဆေးကြောပြီးသား ဖြစ်သည်။ ၎င်းသလင်းကျောက်များကို အိပ်ရာအောက်၌ မြားပုံစံပုံဖော်ထားရှိပြီး သင့်ဦးခေါင်းအား အောက်တည့်တည့်မှ ချိန်ရွယ်ထားဟန် ထားရှိပေးပါ။ ထိုအခါ မိမိအတွက် လုံလောက်သော ယန်စွမ်းအင်ကို ရရှိပါမည်။ ယန်စွမ်းစွင်ရရှိခြင်းဖြင့် စိတ်ဓာတ်ခွန်အားမြင့်တက်လာပြီး စိတ်ကူးအကြံစည်များ အသစ်တစ်ဖန် အစားထိုးပေါ်လာပါမည်။

**၇၄။ အိမ်အတွင်းမှ မကောင်းသော ချီဓာတ်များကို ဖယ်ထုတ်ခြင်း**

တစ်ဖက်သားအပေါ် မနာလိုခြင်း၊ ဒေါသဖြင့် မလိုမုန်းထားတုံ့ပြန်ခြင်းတို့သည် မကောင်းသော ချီဓာတ်များ မြင့်တက်စီးဆင်းစေသည့်အခြေခံအကြောင်းရင်းများဖြစ်သည်။ ထိုမကောင်းသော ချီဓာတ်များအိမ်အတွင်း တာရှည်မနေစေဘဲ အလျင်အမြန် ဖယ်ရှားပစ်ရန်လိုပါသည်။



အိမ်အတွင်း စိတ်ရောကိုယ်ပါ ညစ်နွမ်းစေသည့် မကောင်းသောချီဓာတ်များ အစားထိုး ဝင်ရောက်လာရန် မကောင်းကြံစည်စိတ်ရှိခြင်း၊ မသင့်တော်သည့် စိတ်ကူးဝင်ခြင်း၊ ပူပင်သောကများခြင်း၊ ရန်လိုစိတ်ကြီးခြင်းကြောင့် ပြဿနာမီးမွေးမိခြင်းများမဖြစ်အောင် မိမိစိတ်အား အတတ်နိုင်ဆုံး သန့်ရှင်းစွာထားရပါမည်။ ပြဿနာအသေးအဖွဲ့များက အစ မလိုလားအပ်ဘဲ စိတ်လှုပ်ရှားလွယ်တတ်ခြင်းဖြင့် မကောင်းသောချီဓာတ်များတာရှည်တည်တံ့ရန် အားပေးသလိုဖြစ်နေတတ်သည်။ ကောင်းသောချီဓာတ်များ ဝင်ရောက်ရာ၌ အထောက်အကူပေးနိုင်ရန် နေ့စဉ်မိုးလင်းမှ မိုးချုပ်အထိ မိမိ၏ကိုယ်၊ နှုတ်၊ မှုရာနှင့် စိတ်သဘောထား၊ အနေအထားအပေါ် (ဆင်ခြင်နိုင်ရန်) သတိထား ဆန်းစစ်သင့်သည်။

**၇၅။ စိတ်ကြည်နူးဖွယ်အရာများကို စိတ်ကူးဖြင့် ဖန်တီးပုံဖော်ခြင်း**



စိတ်၏သဘာဝအရ အတွေးစိတ်ကူးများအား လက်တွေ့အကောင်အထည်ဖော်နိုင်အောင် အမြဲတစေ တိုက်တွန်းနှိုးဆော်နေတတ်သည်။ စိတ်ကူးများအား လက်တွေ့ပုံဖော်ဆောင်ရွက်နိုင်ရန် နေ့စဉ် စိတ်ရောကိုယ်ပါ လေ့ကျင့်ခန်းလုပ်ပေးရပါမည်။ ခန္ဓာကိုယ်၏ ကျန်းမာကြံ့ခိုင်ခြင်းနှင့် စိတ်၏အာရုံစူးစိုက်မှုအားကောင်းခြင်းတို့ ပေါင်းစပ်လျှက် မိမိကိုယ်မိမိယုံကြည်ချက်ကြီးစွာ လက်တွေ့ဆောင်ရွက်နိုင်လာပါမည်။ အရေးကြီးသည်မှာ မိမိလိုချင်ဖြစ်ချင်သောအရာ တစ်ခုအတွက် နေ့စဉ် (သဘောထားမပြောင်းလဲဘဲ) သို့မဟုတ် (အခြားစိတ်ကူးသစ်များ မဝင်ရောက်ဘဲ) မူလဖြစ်ချင်သောဆန္ဒကိုသာ ဦးစွာဖန်တီးပုံဖော်ပေးရပါမည်။

**၇၆။ အစွမ်းထက်မြက်သော အမှတ်သင်္ကေတများဖြင့် ကောင်းကျိုးချမ်းသာရရှိခြင်း**

စကြဝဠာသည် ၎င်း၏ လျှို့ဝှက်နက်နဲသော စွမ်းအင်များအား ကိန်းဂဏန်းများ၊ အရောင်အဆင်းများ ပုံသဏ္ဍာန်အရွယ်အစားအမျိုးမျိုးတို့ဖြင့် ဖုံးကွယ်သိုသိပ်ထားတတ်သည်။ စကြဝဠာကိုယ်စားပြုစွမ်းအင်များက ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ အမှတ်သင်္ကေတအမျိုးမျိုးဖြင့်ရှိနေကြသည်။ ဖုန်းရွှေပညာ လိုက်စားသူများမှအပ လူတိုင်းမသိရှိနိုင်သည့်အရာများပင်ဖြစ်ပါသည်။ စကြဝဠာကိုယ်စားပြု အရောင်အဆင်း ပုံသဏ္ဍာန်နှင့် ကိန်းဂဏန်းများကို နား လည်ထားပါက ဖုန်းရွှေပညာ၏ အ သော့ချက်များအား အလွယ်တကူ သိ



www.burmeseclassic.com

www.burmeseclassic.com

နားလည်လာနိုင်ပါသည်။ စကြဝဠာ၏ သို့ဝှက်နက်နဲသောအဓိပ္ပာယ် (အတိတ် နိမိတ်) များအား ဖုန်းရွှေပညာ၌ 'ပါ့ကွာ' (Pa Kua)၊ 'လိုရှူး' (Lo Shu) တို့ဖြင့် အဓိကဖော်ပြထားသည်။ အမှတ်သင်္ကေတများစွာရှိသည့်အနက် 'တစ်ဖြောင့်တည်းမျဉ်း' နှင့် 'ခါးပြတ်နေသောမျဉ်း' များ ပါဝင်ဖွဲ့စည်းထားသည့် "တြိရေခါ" (trigram) တို့က ဖုန်းရွှေပညာဆိုင်ရာ ဗေဟုသုတများအား အဓိကဖော်ထုတ် ပေးနိုင်ကြသည်။



အများ (ဂ) ဘက်ပါ (ထောင့် ဂ ထောင့်ပါ) ပါကွာအတွင်းမှ 'တြိရေခါ' များ

အိမ် (သို့) ရုံခန်းအတွင်း ကောင်းကျိုးပြုမည့် ချီဓာတ်များ ဝင်ရောက်လာစေရန် ကံကောင်းခြင်းနိမိတ်ဆောင် ဝတ္ထုပစ္စည်းများအား ဖုန်းရွှေပညာအလိုအရ အရောင်အဆင်း၊ အရွယ်အစားနှင့် ထားရှိရမည့် အရပ်ထောင့်များအား တိကျမှန်ကန်မှုရှိစေရပါမည်။


**၁၇။ ကံကောင်းခြင်း အရှိန်မြှင့်တင်ရန် နေ့စဉ်လေ့ကျင့်ပေးခြင်း**

မိမိကံကောင်းခြင်းအရှိန်ကို မြှင့်တင်လိုပါက ဖုန်းရွှေနှင့်အညီ 'စိတ်' လေ့ကျင့်ခန်းလုပ်ပေးရန်လိုပါသည်။ နေ့စဉ် မိမိအိမ်အတွင်း နေရာအနှံ့လမ်းလျှောက်၍ လည်းကောင်း၊ ဝင်းခြံ (ပန်းခြံ) အတွင်းလမ်းလျှောက်၍လည်းကောင်း မိမိစိတ်အတွင်းမှ အိမ်နှင့်ပတ်သက်၍ မည်သည့်ကိစ္စများကို အပြောင်းအလဲလုပ်ရမည် (သို့) အစားထိုးလဲလှယ်ရမည်။ မည်သည့်နေရာအား ပိုမိုကောင်းမွန်အောင်လုပ်ရမည်ဆိုသည်တို့ကိုစဉ်းစားပေးပါ။ ဤသို့ နေ့စဉ်လေ့ကျင့်ပေးခြင်းအားဖြင့် စိတ်ကူးအတွေးအခေါ်သစ်များဝင်လာပြီး မိမိအိမ်အတွက် စွမ်းအင်ကောင်းများမြှင့်တင်ရန် စတင်အကောင်အထည်ဖော်နိုင်ပါမည်။ မိမိအိမ်အတွင်း ကောင်းသောစွမ်းအင်များ ဝင်ရောက်စီးဆင်းနိုင်မှသာ နေထိုင်သူမိသားစုဝင်အားလုံးအတွက် ကောင်းကျိုးချမ်းသာရနိုင်ပါသည်။ ဖုန်းရွှေပညာအလိုနှင့်ကိုက်ညီသော စိတ်ကူးသစ်များကြောင့် လအနည်းငယ်အတွင်း မိမိအိမ်အားပြုပြင်ပြောင်းလဲမှုများ လက်တွေ့လုပ်နိုင်ပါမည်။

**၁၈။ ဖုန်းရွှေရှုထောင့်နှင့် ကိုက်ညီသည့် ကောင်းသောမျှော်လင့်ခြင်း**

မိမိဘဝတစ်လျှောက်လုံး မျှော်လင့်ခြင်းကောင်းများဖြင့် ရှင်သန်နိုင်ရန် မျှော်လင့်ထားသည့်အတိုင်းလည်း လက်တွေ့ အမှန်တကယ်ဖြစ်လာနိုင်ရန် အမြဲတစေ ပျော်ရွှင်လန်းဆန်းသည့်ပုံစံဖြင့် အပြုံးပန်းဆင်ထားရန် လိုအပ်ပါသည်။ နေ့စဉ် ထိုသို့အပြုံးပန်းဆင်လျက် စိတ်အာရုံအတွင်းမှလည်း အောင်အတိတ်အောင်နိမိတ်ဆောင်သောအရာများကိုသာအာရုံပြုထားနိုင်ခြင်းဖြင့် မင်္ဂလာရှိသော သတင်းစကားများကိုသာ အစ... ကြားနေရပါမည်။






နံနက်စောစော အိပ်ရာထသည်နှင့် ပျော်ရွှင်ဝမ်းမြောက်စရာကိစ္စများကို ရည်မှန်းပုံဖော်၍ နေ့သစ်ကို စတင်ပါ။ စိတ်အာရုံ ညစ်နွမ်းစေမည့် မကောင်းသောသတင်းအဖြစ်အပျက်များကို လုံးဝနားမထောင်ဘဲ အောင်နိမိတ်ဆောင်သည့် စိတ်ခံစားမှုများကိုသာ ဖိတ်ခေါ်၍ ရင်တွင်း၌ သိုမှီးထားပေးပါက နေ့စဉ်နှင့်အမျှ ကံကောင်းခြင်းအဟုန်မြှင့်တက်၍မျှော်လင့်ထားသမျှလည်း အကောင်းချည်းသာဖြစ်နေပါမည်။

**၁၉။ အဖြူရောင် အလင်းဓာတ်ဖြင့် မိမိအိမ်အား လွှမ်းခြုံရစ်ပတ်ခြင်း**

မိမိ အပါအဝင် မိသားစုဝင်အားလုံး မတော်တဆထိခိုက်မှု၊ ကံဆိုးမိုးမှောင်ကျမှု၊ ကြေကွဲဝမ်းနည်းစရာများနှင့်ကြုံရမှုများမရှိစေရန် စိတ်စွမ်းအင်အားဖြင့် ယန်ဓာတ်ကိုယ်စားပြုသည့် အဖြူရောင်အလင်းဓာတ်ကို ရယူပေးရပါမည်။ ညပိုင်းအချိန်များ၌ 'ယင်' ဓာတ်လွှမ်းကဲခြင်းမှကာကွယ်ရန် အိပ်ရာမဝင်မီ အဖြူရောင်အလင်းဓာတ်ရရှိရေးအတွက် တရားထိုင်အာရုံပြုခြင်းလုပ်ပေးရပါမည်။ ထိုအခါ အိမ်သားအားလုံး အိပ်နေစဉ်အတွင်း 'ယင်' ဓာတ်၏ လွှမ်းမိုးချုပ်ကိုင်ခြင်း လွှမ်းကဲစွာမခံရစေရန် 'ယန်' ဓာတ်က စောင့်ရှောက်ပေးပါမည်။

ဦးအောင်လှိုင် (သုဝဏ္ဏ)





www.burmeseclassic.com

www.burmeseclassic.com

နေဝိဇ္ဇာ

## ကျွန်မဘဝ ဘယ်သို့လဲ

□ အမေးစကား

ပြစ်မျိုးမဲ့မထင် ဆင်းရုပ်သွင်တဲ့ လားကွယ်။

ရှုမိသမျှ ပုရိသတွေရဲ့ မျက်လုံးမှာ တစ်သက်မမုန်းအောင် ရမ္မက်ထုံးနှောင် အဆုံးတောင် စူးနစ်နေစေတဲ့ ပျိုမျစ်ထွတ်ထွတ် မွတ်မွတ်အံရေး အလှသွေးကြွကြွနဲ့ ဘဝအေးအေး မနစုံစုံ လင်လင် ခုံခုံမင်မင် သဘောကြည်မယ့် လောကီရဲ့ခလေ့ကို ဘယ်လိုအကြောင်းကြောင့် ဥပေက္ခာပြုခဲ့သလဲ ဟုတ်လား။

ကျွန်မ ဣသိဒါသီ။ ဟုတ်ပါတယ်လေ၊ သမုတ်ထားတဲ့နာမည်ကို လင်ချစ်အတွက် အစဉ်မပျက် တာဝန်ကျေကျေ စေလိုရာစေလို့ ကမ္ပည်းတင်အခေါ်ခံရသူ ကျွန်မကို အများအမြင်ကတော့ ရုပ်သနာချောတယ်၊ ဥစ္စာပေါကြွယ်၊ နှုတ်ဝစာမနော်ရယ် အသွေးမကြီးတဲ့ သူဌေးသမီးလို့ ချီးကျူးအမွှမ်းတင် ဂုဏ်ယူအားကျနေကြပါရဲ့။ သည်လိုအနေသည်သို့ဘဝ ဘာကြောင့် ငယ်ငယ်နုနုနှင့် -

*□ ဒါသီရှင် ကညာစစ်မှာဖြင့်၊*
*ဘာမခင် တဏှာညစ်ကိုလှ၊*
*ခွဲပစ်ပါလို့ ရှောင်ခဲ့တယ်။*
*မီးရှိန်ငွေ့သည်သို့၊*
*စည်းစိမ်တွေကိုလှ မမွေ့လို့ဆွေ*
*အရှင်ရဲ့ ကေမြှင်ကို ငွေသင်ဖြတ်ပါလို့၊*
*မနေချင် ပွေအင်ထပ်မည်ကြောင့်*
*တမေခင် ဝနေရုပ်ဆီသို့ ဇောကပ်မိကွယ်။*
*တကျည်ကျည် ရမ္မက်ကဲလျှင်ဖြင့်*
*တလည်လည် ဂယက်ဝဲငယ်က*
*ထွက်လွဲဘို့ မရှိဘွယ်။ သတိခြယ်ပါလို့ သံဝေပွား။*
*ပင်ရိပ်ကို*
*ဆင်ပိတ်ညိုဝတ်တင်လွှမ်းပါလို့*
*ဘွင်ထိပ်ကိုကျွတ်ခွင်လမ်းကိုရှယ်*
*ရဟန်းထေရီဘဝ*
*လှမ်းပေသည်သွား။ ။*

ပြောပြပါ့မယ်ရှင်။ ကျွန်မဘဝ၊ ကျွန်မအကြောင်း အကောင်းလား၊ အဆိုးလား၊ အငြိုးလား ကွဲကွဲပြားပြား သိသွားကြတဲ့အခါ ရှင်တို့ ကျွန်မကို အပြစ်ဆိုဆို၊ အချစ်ပိုပို ကိုယ့်အလိုကိုယ့် ဆန္ဒအတိုင်း သတ်မှတ်ကြပေါ့။ ဒါပေမယ့် လူသားတစ်ဦးအတွက် ကျွန်မအဖြစ်သနစ်ကတော့ နာကြည်းသံဝေ ဘဝအမိုက်မှောင်ကို အံ့ဩထိတ်လန့်သွားစေပြီး ရင်တုန်နှလုံးလှုပ်လို့ ကျောက်ရုပ်ဖြစ်ချင် ဖြစ်သွားနိုင်ပါရဲ့ရှင်။

□ ပထမအချစ်

'ရွှေလင်ပန်းနှင့် အချင်းဆေး မင်း



မွေးတဲ့သမီး'တဲ့။ ကျွန်မက မင်းသမီးလောက် ဘုန်းမတောက်သော်လည်း မင်းသမီးနီးပါးစည်းစိမ်စံမြန်းရသူပါရှင်။ ဟောသည် နတ်ဘုံတမျှ အမြတ်စုံလှတဲ့ ဥဇ္ဇေနီနေပြည်တော်ကြီးမှာ ဘုရင်မြှောက်စားဘွဲ့ခံ နိုင်းမတန်တဲ့ သူဌေးကြီးရဲ့ တစ်ဦးတည်းသောသမီးပါပဲ။ ငွေဒင်္ဂါးကို ထွေခင်းမကစားဘူးလေ။ ပတ္တမြားကိုဇယ်ခုတ်၊ နီလာအရုပ်လုပ်ဆော့ကစားရင်း ကြီးပြင်းလာခဲ့ရသူပါရှင့်။

ပါပါ (အဖေ) ကလည်း မြို့တော်ရဲ့ ဂုဏ်သရေရှိ သီလပြည့် လူမှန်မှုမှန်မို့ အားလုံးက လေးစားကြသလို မာမာ (အမေ) က ဟိုအရင် ကျွန်မ ကြားသိဖူးတဲ့ ဝိသာခါကျောင်းအမကြီးလို သဘောချို မနောမတို ပေးလိုလှူလိုတတ်ပြီး မြို့တော်ကြီးရဲ့ ပွဲတော်တိုင်းမှာ မပါမပြီးတဲ့ ရှေ့ဆောင်မင်းသမီးကြီးပေါ့ရှင်။ သည်လို မိဘနှစ်ပါးက မွေးဖွားလာသူ ကျွန်မဘဝ ဘာမဆို လိုတရနတ်သမီးလေးအဖြစ်ပါပဲ။ ဖြစ်ချင်တာမှန်သမျှဖြစ်လာပြန်ရပြီး စိတ်ညစ်စရာဆိုတာလည်း မကြားဘူးတဲ့ ဘာသာရပ်တစ်ခုပေါ့။

ဟင့်အင်း၊ ကျွန်မက မိဘတို့သွေး သားစမှ မီးထတောက်လာမယ့် သွေး... ခေါ် သမီး မဟုတ်ပါဘူးရှင်။ သည်... ဆိုးဆိုးရမ်းရမ်း ပိုးမကြမ်းစေရအောင် ကျွန်မသိတတ်စအရွယ်ကတည်းမှ... ပါပါက ကိုယ်ကျင့်သိက္ခာ၊ နှုတ်... လိမ္မာယဉ်ကျေးအောင် သင်ပေး၊ မာ... ကလည်း မိန်းကလေးတစ်ဦးရဲ့ နား... သင့်နားလည်ထိုက်တဲ့ အိမ်တွင်းမှု...




www.burmeseclassic.com

www.burmeseclassic.com

ရပ်တွေ၊ ထိန်းသိမ်းရမယ့်အရာတွေ အို- စုံလို့စုံလို့ရှင်။ ဗိုင်းကောင်းကျောက်ဖိဆိုတာထက် ဗိုင်းကောင်းကုတ်ဖိ၊ ပိရိ ကြွေမြဖြစ်စေဖို့ နေ့စဉ်သွန်သင်ပြတတ်ပါတယ်။ ပြီးတော့ ပါပါရဲ့ မိတ်ဆွေရင်း ပညာရှင်တွေရဲ့ အဆိုအမိန့်တွေပါ စံအိမ်တော်ကြီးထဲမှာ ကျွန်မတို့သင်ပေးခဲ့ကြပါသေးတယ်။

အဲသည်လို သင်လာသိလာရင်းနဲ့ ကြီးပြင်းခဲ့ရတဲ့ ကျွန်မဟာ လောကရဲ့ အဆိုး၊ အကောင်း၊ အကျိုးအကြောင်းကို ဝေခွဲဆင်ခြင်ဉာဏ်အမြင်ရှိသင့် သလောက်တော့ ရှိပါတယ်ရှင်။ အိမ်ရှိ ကျေးကျွန်တွေအပေါ်မှာလည်း ကျွန်မရဲ့အဖော်မွန်တော်လို ဆက်ဆံဆော့ကစားရင်းနဲ့ပဲ သည်လိုနဲ့ ကျွန်မရဲ့ကလေး အရွယ်ကနေ အလှသွေး







www.burmeseclassic.com

www.burmeseclassic.com

ကြွဝေ နုရရှိစိတဲ့ယုဝတီတစ်ဆင့် ပြောင်းလဲခဲ့စဉ်မှာပဲ ဥဒ္ဒေနီမြို့တော်ကြီးရဲ့ ကွမ်းတောင်ကိုင် လှုခေါင်တင်အဖြစ် ကျွန်မကို ရွေးချယ်ကြသပေါ့ရှင်။ ကောင်းခြောက်ဆယ့် လေးရပ်၊ သွေးထပ်ထပ်ရှပ်ညီ၊ ကိုယ်ခါးသေး တင်ကျယ်၊ ငယ်သော ဝမ်းလျှ၊ သွယ်စွပေါင်တံ၊ ဆင်စွယ်ဟန်တို့ ကျွန်မအလှ၊ ကျွန်မရှုပကာကို ကဗျာတွေ၊ စာတွေနဲ့ အမွှမ်းတင်ကြပါရော့လား။ ဆန့်ကျင်ဘက် အကြည့်စူးစူးတွေကလည်း မေ့မူးမတတ်စိုက်ဝင်ခံနေရတာတွေက ကျွန်မသွားရာနောက်မှာကြုံရတာ သိပ် မဆန်းတော့ပါဘူး။ ယင်ဖို့အသန်းမခံတဲ့ ခင်ပျိုဖျန်းမာန်နဲ့ ဟန်ခွဲ့နွဲ့ကြွနွေ့ဆင်မြန်းလို့ ခြေတစ်လှမ်းဟန် ကုဋေတစ်သန်း တန်လောက်အောင် ကျွန်မနေခဲ့ပါတယ်။

ယုဝါတွေအထဲ သမုဒါမေအသည်းကို အစွဲပိုရသူတော့ မရှိသေးဘူးရှင့်။

ကျွန်မတကယ့်အချစ်ရောက်တော့ ဆယ့်ရှစ်နှစ်မြောက်ပါ။ မိဘတို့ကလည်း ကျွန်မကို ပွင့်ချိန်စုံမြောက်သီးချိန်ရောက်ပြီလို့ ထင်ကြပုံပါပဲ။

တစ်နေ့တော့ ကျွန်မကို ခေါ်ပြီး-

"သမီး ဒါဒါ၊ မာမာတို့ မိဘနှစ်ပါးမှာ အမွေခံဆိုလို့ သမီးလေးတစ်ဦးပဲ ရှိတာ သိပါတယ်နော်။ သမီးလည်း အရွယ်ရောက်ပြီမို့ မင်္ဂလာသင့်ပြီမဟုတ်လား။ မာမာတို့ ရွေးချယ်ထားတဲ့ သတို့သားကိုလည်း သမီးလက်ခံနိုင်မှာပါ။ သူကလည်း သမီးကို စုံမက်တယ်ကွယ့်"

ကောဇောခင်းပေါ် ကျုံ့ကျုံ့လေး ထိုင်ရင်း လိုက်ခုံလာတဲ့ ရွှေရင်စုံကို မလုံမလဲ ဖုံးဝှက်လို့ ကျွန်မ ခေါင်းကိုကိုင်းညွတ်ပြီး -

"သူကဘယ်သူများလဲဆိုတာ သမီးသိခွင့်ရှိမလား မာမာ"

"ဟား ဟား - သမီးကို ပါပါတို့က အသွင်မတူ အမြင်အယူကွဲတဲ့သူမျိုးနဲ့ မနှီးစပ်စေရဘူး စိတ်ချ။ သမီးသိမှာပါ။ ပါပါတို့ရဲ့မိတ်ရင်း သာကေတမြို့က သူဌေးကြီးရဲ့သား မောင်ပုညလေ"

"ဟုတ် - ပါပါနဲ့၊ မာမာတို့ ဆန္ဒအတိုင်း သမီးနာခံပါ့မယ်။ ခွင့်ပြုပါ ပါပါ"

ကျွန်မလေ ပါပါရဲ့စကားမဆုံးခင် အာမဘန္တေခြေပြီး ကြောင်ရိုင်းမလေး နှယ် အပေါ်ထပ်ရှိ ကျွန်မရဲ့ ခန်းဆောင်ဆီ ပြေးတက်ခဲ့ပါတော့တယ်။ မာမာတို့က ရယ်သံသော့သော့နဲ့ ကျွန်မကိုကြည့်နေကြပါရဲ့။ သဉ္ဇာလီထက်မှာ မှောက်လျက်ပစ်လှဲချလို့ စိတ်သေတ္တာအထဲက ပုံရိပ်ကို ဆွဲခါချမိပါတော့တယ်။

သိပ်ပါ့ရှင်။ ရှင့်အကြည့်ရှင့်အသွင်က ကျွန်မရင်နှလုံးထက်မယ် ဆေးစက်မှ မပြယ်သေးတာ။ အဲသည်နေ့ ပြီးခဲ့တဲ့ရက် ငါးဆယ်ကျော် နွေလယ်ခင်းကာလကလေ။ ခြံထဲက နှင်းဆီ၊ ဒေါနု၊ သော်ကာ၊ စံပယ် အမယ်စုံပန်းတွေဒူးလို့ အပေါ်ထက်ရဲ့ စမုတ်ဆောင်မှာ ကျွန်မတစ်ဦးတည်း ပန်းတွေသီရင်း သံသာသာအေးအေးနဲ့ ထံတျာတျာတေးလေးညည်းနေခိုက် ဟော - ခြံဝမှာ ရထားနှစ်စီးတအိအိနဲ့ ဝင်ရောက်လာတယ်။ ကုန်သည်တွေပဲဟာ။ ဒါမဆန်းပါဘူး။ ပါပါရဲ့ စီးပွားရေးမြင်ကွင်းဟောင်းတွေ။

ဒါပေမယ့် အဟောင်းချည်းမဟုတ်ဘူး။ အ သစ်က နောက်ချန်ပြီး ခြံဝင်းထဲကို မြင်းဖြူကြီးစီးလို့ ကြွားဝါတက်ကြွဟန်နဲ့ ကိုလူပျိုညိုခ့ံခံ့ကြီးက ဝင်လာပါရောလား။ သာကေတက ကုန်သည်တွေမှန်းတော့ သိတယ်။ သူ့ကိုတော့ ကျွန်မ မမြင်ဘူးသေးပါ။ ဟောတော့ - လူကြီးက ကျွန်မကို စူးစူးရဲရဲနဲ့ ကြည့်ကာ မြက်ခင်းပြင်ဖြတ်လို့ ရှေးရှုလာနေပါလား။ မြင်းဇောင်းဘက်ဆီ လည်းမသွားနဲ့ အညို့ခံရသူပမာ ကျွန်မကိုသာ ငေးလို့။

ပန်းကုံးတွေ ့လက်တစ်ဖက်က ဆုပ်ကိုင်၊ တစ်ဖက်လက်က ကနုတ်တိုင်မှီနွဲ့ရင်း ကျွန်မလည်း သတိလက်လွတ် တန်ပြန်ကြည့်နေမိတယ်။ ခဏနေတော့ အိမ်ထဲက အလုပ်သမားတစ်ဦးထွက်လာပြီး မြင်းဇက်ကို ဆွဲလို့ခေါ်မှ လူကြီးက ရှက်ပြုံးကလေးနဲ့ သူ့အဖြစ် ဝှက်ဖုံးခဲ့သေးတော့ ကျွန်မရယ်ရက်ပေမယ့် မရယ်ရက်။

သည်မှစပြီး သူ့အမည်ကို ကိုပုညဆိုတာ ကျွန်မ သိလာရပါတော့တယ်။ အရင်က ကိုပုညအဖေပဲ ကျွန်မတို့အိမ်နဲ့ ကုန်အရောင်းအဝယ်စကားပြောကြ၊ ဖလှယ်ကြတာပါ။ မိဘတွေမခေါ်ဘဲနဲ့ ဧည့်သည်လာရင် ဝင်လို့မှမရတာလေ။ အပေါ်ထပ်မှာနေချင်နေ၊ ပန်းခြံထဲ မိန်းမဖော်တွေနဲ့ ရှိရင်ရှိ သူစိမ်းဆို စကားပြောခွင့်မရှိတာ ပါပါတို့ရဲ့ စည်းမျဉ်းတစ်ခုပေါ့။

ခုတော့ ကျွန်မလက်ထပ်ရမယ့်သူက ကိုပုညတဲ့။ ကျေးဇူးအနန္တပါ သတ္တဘာဂဒေဝါရယ်။ နှစ်ကိုယ်တူ အချစ်တူချင်းမို့ ကျွန်မကံကောင်းတာပေါ့နော်။ ပြီးတော့ ကျွန်မထက် ငါးနှစ်ခန့်ကြီးသူမို့ အစ်ကိုလိုတစ်မျိုး၊ လင်လိုတစ်သွယ် အားကိုးဖွယ်တို့ ချစ်စရာမဟုတ်လား။

မကြာလိုက်ပါဘူး။ နောက်နှစ်လ

အကြာမှာပဲ ကျွန်မတို့ရွှေလက်တွဲ...
ပါတယ်။ အခမ်းနားဆုံးနဲ့ အဆန်း...
ဆုံး အာဝါဟမင်္ဂလာပွဲကြီးပေါ့။ ကျွန်...
အပျော်တွေဟာ စကြဝဠာအထိ ပံ့...
ထပ်သွားစေသည့်တိုင်အောင် ပျော်...
မိခဲ့ပါတယ်။ သျှောင်နောက်ဆံထုံး...
ဆိုတဲ့အတိုင်း ကျွန်မရဲ့ မိဘနှ...
အတွက် ပူပင်ကင်းစွာ ကိုကိုခေါ်...
ရထားလုံးလေးစီးလို့ ရွှင်ပျပျဘဝင်...
လိုက်ခဲ့ပါတော့တယ်။

"ဒါဒါလေး၊ ကိုကိုနဲ့ ခုလို လ...
ထပ်ရတာ ပျော်ရဲ့လားဟင်"

"မပျော်ဘဲရှိမလား ကိုကိုရယ်...
တစ်သက်တာမဟုတ်ပါဘူး၊ သံသ...
အဆုံးတိုင်အထိ ကိုကို့ရင်ခွင်ထဲမှာ ဒါ...
ပျော်ပါတယ်"

"ကိုကိုကတော့ ဒါဒါ့ကို မြင်...
နေ့ကစပြီး ပဒိုင်းသီးစားမိသူလို အ...
အမူး စွဲလမ်းခဲ့ရတာပါ။ တစ်ချိန်ချိန်...
ဒါဒါပစ်ခဲ့ရင်တော့ ကိုကိုတကယ်ရူးသွား...
နိုင်တယ်"

"အဲသည်စကားက ဒါဒါပြော...
ပါ ကိုကိုရယ်။ ကိုကိုခေါ်ရာနောက် ...
သီ ဖဝါးခြေထပ်ကပ်ပါလာပြီလေ"

"ကိုကိုက ဒါဒါ့အနားပိုကပ်ချင်...
သေးတယ် သိလား။ သားသမီးတွေ ...
မင်းလာတဲ့အထိ ခုလို၊ ခုလို"

"အို..."

ကျွန်မခန္ဓာကိုယ်တစ်ခုလုံး ကို...
ရင်ခွင်ကျယ်ကြီးထဲ အရည်ပျော်သွား...
မတတ် နစ်ဆင်းသွားပါတော့တယ်...
ကြည်ဆွတ်နှစ်မက်ဖွယ် အိမ်ထောင်...
နံ့ဒါန်းက ကျွန်မအတွက် သောက်...
ချိုလေ မက်မပြေတဲ့ အချစ်ရေသီ...
တွေပါပဲရှင်။

လင်သားမိဘအိမ်ကိုရောက်ပြီ...
တာနဲ့ ကျွန်မဟာ အရင်က ကွ...
လို နေမရတော့ပါလား ဆိုတဲ့အသိ...
လူကြီးစိတ်မွေးလို့ အစစစီမံခဲ့ပါတယ်...
ယောက္ခမပေါ်မှာထားရှိရမယ့်ဝတ်...
လင်သားအပေါ် ကျေပွန်ရမယ့် ...
တွေ မာမာသင်ပေးတာထက်ကို ကွ...
စိတ်က တကယ့်စေတနာအမှန်နဲ့ နေ...
ဆောင်ရွက်ခဲ့ပါတယ်။ မှန်တာပြော...
ကျွန်မလေ ကိုကို့မိသားစုအသိုင်းအ...
ကိုလည်း သံယောဇဉ် ပိုတွယ်မိလို့...
အိမ်မှာဆို ကျွန်မက တစ်ဦးတည်း...
သည်မှာက ကိုကိုရဲ့ ညီ၊ ညီမတွေ...
တော့ ကျွန်မရဲ့ မောင်လေး၊ ညီမ...
တွေနှယ် ချစ်ခင်ယုယ ပြုစုစောင့်ရှော...
ရတာ သိပ်ပီတိဖြစ်ရပါတယ်။

လင်သားနဲ့ ပတ်သက်လ...



www.burmeseclassic.com

www.burmeseclassic.com

တော့ ကျွန်မရဲ့ မာမာ သင်ပေးခဲ့တဲ့ -

ဤ အကြင်မိန်းမသည် စားသောက်ဖွယ်စီမံပြီး စားတဲ့အခါ၊ လင်အတွက် အဝတ်တန်ဆာ၊ ရူပကာတို့ ပြုပြင်ဆင်ယင်သောအခါ မိခင်ကဲ့သို့ နှစ်သက်ဖွယ်ပြုပေးတတ်၊ လျှို့ဝှက်ဖုံးကွယ်မတင့်တယ် မကျစ်မလျစ်သောအရာတို့ကို နှမကဲ့သို့ ရှက်တတ်၊ အိမ်မှုကိစ္စ၊ လင်၏တာဝန်ကိစ္စတို့နှင့်အတူ အနီးသို့ ချဉ်းကပ်သောအခါ ကျွန်မအစေခံကဲ့သို့ ရိုသေစွာပြုတတ်၊ ဘေးရန်ရှိ၍ တိုင်ပင်သောအခါ အမှား၊ အမှန်ဝေဖန်သုံးသပ်ပြီး တိုင်ပင်ဖက်ရ၊ အိပ်စက်အတူ ပြုမူသောအခါ မွေ့လျော်စေတတ်၊ လင်သားအမျက်ထွက်သောအခါ သည်းခံတတ်မှသာ မိန်းမမြတ်ဖြစ်ကြောင်းဆိုတဲ့ စကားနီတိအလိုအတိုင်း ကျွန်မ လိုက်နာပါတယ်။

ရောက်စမှာပဲ ကျွန်မကို အမှတ်တွေဝိုင်းပေးကြပါတော့တယ်။ မေမေတလည်း သမီးချွေးမချောလေးကြောင့် မေမေ့အတွက် ချွေးတောင်မထွက်စေရဘဲ အားလုံးစိတ်ချမ်းသာအောင် စီမံတတ်တာမြင်ရလို့ ဝမ်းသာတယ်တဲ့လေ။ မိသားစုကလည်း ကျွန်မကို ချစ်ကြတယ်ရှင့်။ ချစ်ကြသူတွေအထဲမှာဖြင့် ကိုကိုရဲ့ အချစ်ကြင်နာမှုတို့က ဘယ်လိုနားလည်ရမှန်း ဝေခွဲခက်ခက်ကြီးရှင့်၊ အင်း. . .

မကြာခင် ရတနာဝင်မည့်အတွေးကြောင့် အရေးထားပြီး စီးပွားရေးဘက်နစ်ထာသလား။ စိတ်ရှုပ်စရာများတိုးလို့လား။ ကျွန်မ သိပ်စဉ်းရခက်ပါဘိ။ လင့်မျက်နှာကို ကြေးမုံလို အစဉ်ကြည့်နေသူဆိုတော့ သိပါတယ်လေ။ တချို့မဟူရာချိန်တွေဆို ပိုပြီး ရင်မောရရင်း -

"ကိုကို လွတ်လွတ်လပ်လပ် တစ်ယောက်တည်း အနားယူချင်တယ် ဒါဒါရယ် ခွင့်လွှတ်နော်"

ခွင့်လွှတ်ပါ ဆိုတဲ့ ဝေါဟာရကို ကျွန်မနဲ့ ကိုကိုအကြား သုံးဖို့မထိုက်ပါဘူး။ ဇနီးပဲလေ တစ်ညစ နှစ်ည၊ သုံးညဝဏ်နချချူးရေ ပုစ္ဆာတွေ တိုးတိုးလာခဲ့လေတော့ ကျွန်မ ကိုယ့်ကိုယ်ကိုယ် အဖြေရှာကြည့်တယ်။ လစ်ဟင်းတဲ့အရာ၊ ကျွန်မအားနည်းချက် ဆန်ခါချစ်ယူရှာကြည့်တယ်။ မတွေ့သိရတိုင်း အမှောင်ထဲမယ် အသံတိတ်ရှိုက်ငိုရင်းမိုးလင်းရတဲ့နေ့တွေများခဲ့ပါပြီရှင်။ နေ့ခင်းတော့လည်း မောင်နှမတွေနဲ့ ရယ်မောဖွဲ့စကားဆိုတတ်တဲ့ကိုကိုဟာ ကျွန်မဝင်ရောပြီး ဝိုင်းဖွဲ့ပြန်တော့လည်း မူမပျက် ခဲဆွဲထားတဲ့ အပြုံးတို့နဲ့ ကျွန်မအပေါ် ချိုသာသလိုလို။ နှစ်ကိုယ်ကြားခိုနားရင်း ချိုပျားအသံလေးတောင် ပြောကြားခွင့်မကြုံရတော့တဲ့ ကျွန်မတို့ လင်မယားဘဝ။

ဒါတွေ မေမေတို့က သိပုံမပေါ်ပါဘူး။ ကျွန်မကလည်း ပြောမထွက်ပါ။ အပူရုပ်ကို အအေးသုတ်ပြီး ကိုကိုဟာ ကျွန်မသိပ်ချစ်မှန်းသိလို့ ဟန်ဆောင်ပြီး စ,နောက်နေတာပါလို့ ဖွတ်ယုံစားမိခဲ့ပါရဲ့။ တကယ်ပဲ ချစ်လို့စတာဖြစ်ပါစေလို့ ဆုတောင်းရပါတယ်။ ဒါပေသည့် တစ်နေ့ထွက် တစ်ညဝင်လာခဲ့သော်လည်း ရသမပီပြင်တဲ့ အစိမ်းရင်ရင့်အခါးတွေပဲ မွှမ်းမံကျပ်ပိတ်လာခဲ့ပါတယ်။ ကျွန်မဘာလုပ်ရမလဲ။ ဘယ်လိုရှေ့ဆက်သင့်သလဲ။ စဉ်းစားရင်း၊ ဗျာများရင်းနဲ့ အလင်းတစ်ခုမြင်လိုက်ရတယ်။

ဖွားအုတ် (ဥတ္တရာ)။

ငယ်စဉ်ကတည်းက ကျွန်မတို့အိမ်မှာနေပြီး ကျွန်မကို ထိန်းကျောင်းမွေးလာခဲ့သူ ဖွားအုတ်။ ဥဇ္ဇေနီကနေ သည်သာကေတအထိ ကျွန်မနဲ့လိုက်ခဲ့ပြီး သူ့သမီးကြီးရှိရာအိမ်ကို ခဏသွားအနားယူတာ။ ကျွန်မလည်း အချိန်မဆိုင်းတော့ဘဲ အစေခံတစ်ဦးကို စေခိုင်းကာ ကျွန်မစောင့်နေမိပါတယ်။ နေစောင်းချိန်မှာ အထိန်းတော်ကြီး ဖွားအုတ်ရောက်လာပါတယ်။

"သမီးလေး မတွေ့တာ နှစ်ပတ်လောက်နဲ့ နည်းနည်းပိန်သွားသလိုပဲကွယ်။ ဖွားအုတ်ကို ပြောစမ်းပါဦး"

ကျွန်မလေ ဖွားအုတ်ရဲ့ခါးကို ဆီးကြိုဖက်ရင်း အခန်းဆောင်က သလွန်ပေါ်ထိုင်ကာ ဖွဲ့နွဲ့မသိတုန်ယင်နှောပြီး သနစ်စုံအဖြစ်ပုံ တိုးညင်းစွာ ပြောပြမိပါတယ်။

ဖွားအုတ်က ကျွန်မဆံနွယ်စတွေ ပွတ်သပ်နေရင်းနဲ့ သက်ပြင်းချလို့ -

"ဟင်း - သမီးအဖြစ်က အတော်ဆန်းပါလား။ ဟိုသူငယ်လေးမှာလည်း ဘာဘာညာညာကိစ္စမျိုးမကြားမိပါဘူး။ သမီးကိုတော့ ဖွားအုတ်နားလည်ပြီးသားပါကွယ်။ လင်နဲ့မယားလျှာနဲ့သွား ဆိုရအောင် ခုကိစ္စမျိုးကမသင့်ပါဘူး။ သမီးနဲ့ သူ. . . သူ"

ကျွန်မ ရှက်ရွံ့စိတ်နဲ့ ဖွားအုတ်ရင်ခွင်ထဲ ဦးခေါင်းတိုးဝင်ပြီးညိတ်ပြလိုက်မိတယ်။

"ဟင်းဟင်း - နပန်းသက မဟုတ်ရင် သမီးရူပကာနဲ့သမီးအပြုအစုကြားသည်သူငယ်အမူမပိုစေရဘူး။ စိတ်အေးတော့ သမီးရေ။ ဖွားအုတ်လည်း ဒီစံအိမ်မှာနေပြီး သမီးကို စောင့်ရှောက်မယ် ဟုတ်လား"

ကျွန်မအနား ဖွားအုတ်ရှိလို့ အားရဖွယ်၊ တိုင်ပင်ဖွယ်ရောက်ပြီမို့ အရင်ကထက် စိုးထိတ်မှုနည်းလာပါတယ်။ ဟုတ်တယ်လေ။ နှစ်ဆယ်မရောက် အရွယ်မြောက်စ ကျွန်မကို အိမ်ထောင်ရေးပရိယာယ်၊ မာယာတွေ မကျွမ်းကျင်တဲ့ မိန်းမသားအဖို့တော့ လင်သားရဲ့ ဗျူဟာအခင်းအကျင်းကို ဘယ်လိုဖြေရှင်းသိမ်းသွင်းနိုင်ပါ့မလဲရှင်။ ပြီးတော့ ပျင်းရိဝတ်ပျက် မကောင်းဖက်သည့် ဆိုးဖက်နွတ်လုံ့ အာခံတတ်တဲ့ စရိုက်မျိုးနဲ့ မိန်းမဆိုးဆို ခံသာမှုရှိပါတယ်။ ခုတော့ ထားရာနေ စေရာသွား စကားခံမှန်ရာပြုတတ်တဲ့ ကျွန်မလို မိန်းမသားတွေဘဝ ဘယ်လောက်ခံခက်နာကြည်းရက်စရာကောင်းလိုက်ပါသလဲရှင်။

ဒါပေမယ့် ကျွန်မချစ်လင်ကို အပြစ်မဆိုပါဘူး။ သူ့ဘက်ကကြည့်ရင်လည်း ကျွန်မရဲ့အဖွဲ့တွေမှာ အစက်အပြောက်တချို့ကြောင့် ရှောင်ဖယ်ကောင်းရှောင်ဖယ်တာ ဖြစ်ပါလိမ့်မယ်။ တော်မဝင်စံမထိုက်ပေမယ့် ပျော်သခင်အမှန်ကြိုက်စေတဲ့ မိန်းမကောင်းမိန်းမမြတ်အဆင့်တော့ ကျွန်မ မလျှော့ပါဘူးလေ။ ဖွားအုတ်ရောက်လာပြီး တိုးတက်မှုလေးတွေရှိလာတယ်။ ကျွန်မကိုယ်တိုင်ချုပ်သီပေးတဲ့ အင်္ကျီ၊ ရွှေခြည်ထိုးအပေါက်ပဝါတို့ကို လင်တော်မောင် လက်ခံဆင်မြန်းတာတို့၊ သဉ္ဇာလီခန်းဇွဲထက် လှမ်းနေစက်တာတို့ရှိလာခဲ့ပါရဲ့။ ကျွန်မသည်းမခံနိုင်တော့။

"ကိုကိုရယ်၊ ကျွန်မအပြစ်ရှိရင်လည်း သိပါရစေ။ ကြင်စဦးနေ့သစ်ပြီးကတည်းက ကျွန်မအပေါ် ရှောင်ဖယ်နေသလိုပဲနော်။ မကြိုက်တာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါ ကိုကိုရယ်။ ကျွန်မပြင်ပါ့မယ်"

သလွန်အစွန်းတစ်ဖက်စီထိုင်ရင်းနဲ့ ကျွန်မမျက်နှာကိုပင်မကြည့်ဝံ့သလို ငူငူငေးငေးကြီး။

"အပြစ်ရှိသူက ငါပါ။ အားလုံးဟာ ငါ့အမှားတွေပဲ။ မင်းလည်း အဲဒီဘက် အနားယူပေတော့"

နောက်ထပ်နောက်ရင်ထဲပြည့်ကျပ်နေတဲ့ပုစ္ဆာတွေထုတ်ကာခွေချင်ပေမယ့် မနာခံသူဆိုတဲ့အမြင်အထင်မခံရအောင် စိတ်ကူးကိုထူးခတ်ထားလိုက်ပြီး စက္ကောမခန္ဓာနှယ်လဲလျောင်းခဲ့ပါတယ်။ တစ်အိပ်



www.burmeseclassic.com

www.burmeseclassic.com

ရာထဲအတူလဲ့နေပေမယ့် ယှဉ်တွဲထွေးယှက် မှေးစက်ခွင့်မရှိအောင် ကျွန်မတို့နှစ်ဦးကြားဘာများပိတ်ထားနေပါလိမ့်။

တစ်ကိုယ်တည်းငိုပွဲဆင်ရလွန်းလို့ မျက်လုံးပင် ကြာတော့ မျက်ရည်မထွက်ဘဲ , အသည်းမှာ သနွေတည်စုနေပြီ ထင်ပါတယ်။ ရွှေပုံချင်းထပ် ပြည့်စုံခြင်း မြတ်ကြသူ ကျွန်မတို့လို ဂုဏ်မြင့်စံအိမ်ထောင်ရှင်ဘဝရဲ့ လျှာနဲ့သွားက သာမန်လူတန်းစား လင်မယားလို ရန်ဖြစ်လိုက်၊ ပြန်ချစ်ကြိုက်တာလောက်ပင် ဖြေလျှော့လို့ မရပါလား။ မိုးလင်းလို့ နံနက်စာပြီးချိန်မှာ ဖွားအုတ်လာပြီး မေမေတို့က အခေါ်လွှတ်ကြောင်းပြောတယ်။ ကျွန်မလည်း ဖွားအုတ်နဲ့အတူသွားခဲ့ပါတယ်။

ရောက်တော့ မိဘနှစ်ပါးမျက်နှာက ကျွန်မသောကကူးစက်နေသလို သိတော့သိပါတယ်။ ဒါပေမယ့် ဘာကစသိမှန်းမရေရာ -

"သမီး ဒါဒါ၊ မေမေတို့ မပြောရက်သော်လည်း သားသမီးတို့ရဲ့ရှေ့ရေးကို ငဲ့ပြီး ပြောပါရစေတော့ကွယ်"

သည်ကစတဲ့ အသံလှိုင်းတွေ နားဝင်စူးခံစားရရင်း ကျွန်မ မကြားတစ်ခွန်းကြားတစ်ခွန်းတွေက အဝေးတို လွင့်တိုက်ပို့ပစ်တဲ့မုန်တိုင်းဗဟိုချက်အတွင်း ကျွန်မရောက်သွားပြီဆိုတာ နည်းလည်မိပါတယ်။ အဖြေသိပြီဆိုမှဖြင့် ကျွန်မတစ်ပဟိုရ်ပင် သည်အိမ်မှာ မနေချင်တော့။ နှင်ပြီဆိုကတည်းက ခုမသွားလည်း နောင်သွားရမှာပဲဟာ။ သူတို့တားပေမယ့်မနေလို့။ ဖွားအုပ်ကို ဥဒ္ဒေနီထွက်ဖို့ အိမ်ပါကျေးကျွန်တွေ အသိပေးပြီး ယခုသွားရန် ပြောလိုကပ်တယ်။

မိဘထံပြန်ခရီးက တစ်လသာသာလေးရယ်။ လင်မပါ၊ မြေးမပါနဲ့ သမီးကလင်ပစ်မဂုဏ်ထူးကြီးရသူဆိုရင် ပါပါနဲ့မာမာ ဘယ်လောက်စိတ်ပူပန်မယ်ဆိုတာ ကျွန်မကြိုမြင်လို့ အကောင်းဆုံးမြင်းနဲ့ အထောက်တော်လွှတ်ခဲ့ပါပြီ။ ဩဘ်-စုလျားပွဲက ခြေချောင်းတွေဆိုးထားတဲ့ ချိပ်ရွှေရည်ပင် အတုန်မကွာသေးခင် ကျွန်မကို ချစ်ပါသည်၊ မြတ်နိုးပါသည် ဆိုတဲ့ ကိုပုညချစ်လင်ကြီးက ကွာပစ်ခဲ့ပြီကိုး။ ချစ်မှုမှန်းမှန်းသိပါရဲ့ရှင်။ ခုတော့ ကျွန်မနဲ့ချစ်ပြီးမှ မုန်းကြရင် ဘာပြောစရာလိုလို့လဲ။ 'သားသူကိုဘီလူးမတစ်ဦး ကြောက်သလိုမျိုး ခံစားလာရသတဲ့။ ချစ်စ တစ်ရက်၊ နှစ်ရက်လွန်တာနဲ့ သားသူအနားပင် မကပ်ချင်တော့ဘူး။ မြင်တာနဲ့ သားစိတ်ဆင်းရဲရပါသတဲ့။ မေမေတို့ အားနာလို့သာ သည်လောက်ထိ သည်းခံနေတာ သည့်ထက်ကြာရင် သားသတ်သေပစ်ချင်လာပြီတဲ့။ နောက်အသစ်ရှာချင်လို့မဟုတ်ပါဘူး' တဲ့လား ရှင်ရယ်။

ပလီပလာအတုများတတ်ထား၊ မုသားပါးစပ်ဖျားကဖြစ်လာ၊ မေတ္တာစကားတွေကြူး၊ သစ္စာပျားရည်လူးပြီး ပစ်ခွာသွားလေဖူးသူတွေရဲ့အထဲမှာတော့ ကျွန်မက ရှင်ရဲ့ဇကသချာ ဘီလူးမတဲ့။ ကျွန်မရုပ်အဆင်း၊ ဖော့ဌဗ္ဗ။ ကြင်နာပြုစုသမျှ ဒါတွေက ရှင့်အတွက်ကြောက်ရွံ့စရာတဲ့လား။ အင်းလေ- တချို့မနုဿတွေက ဒုက္ခကို သုခထင်၊ အဆိုးကျ အကောင်းမြင်တဲ့ အဖျက်ပြု စက္ခုဝါဒီလည်းရှိတတ်တာပဲလား။

ညရီရီမှာ ဥဒ္ဒေနီက မိဘရင်ခွင်ထံ ကျွန်မ ပြန်ရောက်ခဲ့ပါပြီ။ မိဒါသီရဲ့ ဘဝပုံရိပ်အနည်းငယ်ပဲ သာကေတမှာ ကျန်ခဲ့ပါတယ်။ ရခဲ့တဲ့ သင်ခန်းစာတွေက အများကြီးပါ။ သမီးစိတ်ကိုသိကြပြီးသားမို့ ထွေထွေထူးထူးမပြောကြပါဘူး။ ပါပါကတော့ အကြောင်းစုံကို သိရတဲ့အခါ တောက်တစ်ချက်ခေါက်သံနဲ့အတူ အပြင်ဘက် မျှော်ကြည့်နေပါတယ်။ ကျွန်မကဖြင့် ကျွန်မရဲ့အနာဂတ်မျှော်ဖို့ မလိုအပ်ချင်တော့။

□ ဒုတိယအချစ်

အတွင်းကြေမွလျက် ရှအက်ဒဏ်ရာက ပျောက်ကင်းပါပြီ။ အမာရွတ်တော့ ကျန်နေသေးပါရဲ့။ တစ်ခုတော့ ဖြေသာပါတယ်။ သစ်စိမ်းချိုးသူရဲ့ သွေးစိမ်းတွေ မျိုးဆက်အဖြစ် ကျွန်မ မလွယ်ခဲ့ရတာကိုပေါ့။ မိဘထံ ခြေတစ်လှမ်းက ကုဋေတစ်သန်း တန်ဖိုးအတိုင်းရှိဆဲပါ။ အိမ်မှုကိစ္စတွေနဲ့ မိဘကို ခ,ယပြုစုရင်း ဖြစ်ပြီးခဲ့သမျှ အိပ်မက်လို့သာထားနိုင်ပါပြီရှင်။

ထားလည်းထားနိုင်စေတာက ရှေ့မှာ သွားရမယ့် ကျွန်မဘဝခရီးဟာ ခုမှအစရှိသေးတာပဲ။ ဟုတ်တယ်လေ၊ အသက်တွက်စစ်ကြည့်မှ ဆယ့်ရှစ်နှစ်ရသေးတာမို့ လူငယ်ပျိုမျစ်တက်သစ်ရွှန်းဝေဆဲ မဟုတ်လား။ ကျွန်မရဲ့ ပြည့်စုံမှုတွေက ပွန်းခင်းလမ်းပဲ ဖြစ်ရမပေါ့။ အရင်လိုအပျိုစင်အလှနဲ့ပဲ ကျွန်မသူငယ်ချင်းတွေဆုံကြ၊ အိမ်မှာ ပျော်ကြနေတတ်ခဲ့ပါပြီ။ နေလို့မှာသ ဆယ်လလောက်လည်းရောက်ရော မိသားစုသုံးဦး သီးသန့်စားပွဲသုံးဆောင်စဉ် -

"ကဲ - သခင်ကြီး ဘယ်လိုလဲ။ ကျွန်မတို့ သမီးအလိမ္မာမလေးကတော့ တစ်နေ့မငြီး တိုးတိုးလှုနေပနေတာကို ရှင်တစ်ခုခုမစဉ်းစားသေးဘူးလား"

ကျွန်မ မာမာရဲ့ စကားမြားခိုးမှတ်ကို ရိပ်မိလိုက်ပါတယ်။ ပါပါက အတန်ကြာစဉ်းစားပြီးမှ ဒေါသစွက်အသံနဲ့-

"တော်ရိုင်းအမွေးမပျောက်တဲ့လူက မနုဥစ္စာအနည်းအကျဉ်းရှိတာလေးနဲ့ မထိမဲ့မြင်ပြုလိုက်တဲ့ သာကေတအကြောင်း ငါမမေ့ပါဘူး ရှင်မရယ်။ သည်တစ်ခါတော့ သမီးလေးကို တို့မျက်စိအောက်မှာ အပျောက်မခံတော့ဘူး။ တို့မှာ ဆယ်သက်စားမကုန်နိုင်လောက်အောင် ဥစ္စာရှိပြီးသား"

"အဲသည်တော့ ရှင်က. . ."

"ဟော့ဟော့ရမ်းရမ်းမရှိဘဲ စီးပွားရေးအချက်အချာနားလည်အတန်သင့်ဥစ္စာရှိပြီး လူလွတ်အရွယ်ကောင်းမျိုးနဲ့သူဆို အိမ်မှာခေါ်ထားပြီး ဦးဆောင်ခိုင်းရတာပေါ့"

"ရှင့်စံနဲ့ညီသူ သတို့သားကို လိုက်ရှာဖို့က ကျွန်မတာဝန်ဆိုပါတော့"

"ဒါပေါ့ ရှင်မရယ်။ သမီးကော ဘာပြောစရာရှိသေးလဲ"

မရှိပါဘူး ပါပါ။ သမီးအတွက် ပါပါနဲ့ မာမာစိတ်ဆင်းရဲခဲ့တာကိုပဲ သမီးဝမ်းနည်းမိတာပါ"

"အဲဒါ သမီးအပြစ်မှ မဟုတ်ဘဲကွယ်။ မာမာတို့အတွက် အပယိကလေးပါ သမီးရယ်"

'တစ်ပင်လဲမှုတစ်ပင်ထူ၊ တစ်လင်ကွဲသူ တစ်လင်ယူ' စီမံကိန်းက သည်လောက်နဲ့အတည်ပြုလိုက်ပါတယ်။ မိဘက လက်နဲ့ရေးတာကို ခြေနဲ့ဖျက်တတ်တဲ့သားသမီးမျိုး ကျွန်မတို့ရဲ့ ခေတ်တာလမယ် မရှိသလောက် ရှားတယ်ရှင်။ နောက်ပြီး သားသမီးတို့ကလည်း မိဘတဖြူဆိုရင် ဖွေးဖွေးဖြူပြီးသား။ အမည်းဆိုမဟုရာထက် မည်းလိုက်ကြပါတယ်။ တကယ်တော့ ဘယ်မိဘကများ သားသမီးအတွက် မငဲ့ကွက်ဘဲ ရွံ့ချက်လွှဲစောင်းပြီး မကောင်းရာညွှန်ပြတတ်တာရှိလို့လား။ မိဘကို အကောင်းဆုံးကျေးဇူးဆပ်ခြင်းဟာ မိဘစကားမပယ်ရှားဘဲ လိုက်နာရွက်ဆောင် ဝတ်ကျေအောင်ပြုစုမှုပါပဲလေ။ မာမာတော့ သူမိတ်ဆွေတွေနဲ့အတူ ကျွန်မအတွက် ဒုတိယကံစမ်းရှင်ကို ရှာကြပါလိမ့်မယ်။ ကျွန်မတော့ သည်ရက်တွေအကြား ဘုရားမှာ အတန်တန်အဖန်ဖန် ကောင်းမှုတွေနဲ့ တောင်းဆုခြွေရပါပြီ။ အရင်လိုဘဝမျိုး သခင်ငြိုးမဆိုးပါစေနဲ့ ဘုရားလို့။



www.burmeseclassic.com

ပြီးတော့လည်း ပြီးသွားတာပဲရှင်။ သိုရင်းတိုကျဉ်းနဲ့ ကိုသောမဒတ္တဟာ ကျွန်မခင်ပွန်းဖြစ်ခဲ့ပါပြီ။ လက်ခံချင် လက်ခံပေါင်းသင်းနိုင်မယ့် သဏ္ဌာန်ရှင် တစ်ယောက်လို့တော့ ကျွန်မစိတ်ဝင်စား မိပါတယ်။ လောကနိယာမအရ ဂေဟာ ဦးနတ် သေချာပူးကပ်လျက် အိမ်တွင်း မှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ် ရှောင်၊ လျှော်အောင်ဖြန့်ချို၊ မျှင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။ လင်ကို ဘုရား မှတ်လေးစား၍၊ စကားနာယူ၊ အိပ်မူနောက်ကျ၊ ထကစောစီး၊ တွင်းမီး လျှို့ဝှက်၊ ပြင်ဘက်အပူ၊ အိမ်မယူနှင့်စတဲ့ ထုံးတမ်းတွေကို ကျွန်မလုံးပန်းနေပါ တော့တယ်။

ခဲမှန်ဖူးတဲ့စာသူငယ်မို့ ကိုသောမ အလိုမကျ ဒေါသလေးမတင်နိုင်ဖို့ လေး တိုင်းပျော့ပျော့ လေးညှို့လျှော့လျှော့ ချော့ချော့ကြူကြူနဲ့ ကျွန်မ ကားလိပ် ဖွင့် အသုံးတော်ခံခဲ့ပါတယ်။ သမက် ယောက္ခမအိမ်လိုက်နေရတဲ့အရေး အနေ ခက်သိက္ခာမညှိုးအောင် မာမာတို့ကပါ ဖော်ရွေအပြုံးနဲ့ဖေးမဆက်ဆံကြသရှင့်။ ကျွန်မတို့ရဲ့ စည်းစိမ်ဥစ္စာတွေအားလုံး လင့်ခြေလင်လက် ဝ,ကွက်စီမံအပ်နှံထား တာပဲဟာ။ မယားချောလေး ကျွန်မက ပါ လင့်အကြိုက်လိုက်လျှောထားခံရတဲ့ ယောကျ်ားသားမျိုး ဘယ်လောက် ထံကောင်းလိုက်ပါသလဲ။

ဟင်း - နောက်ဆုံးတော့ ကျွန်မ ကြောက်တဲ့အရာက ရောက်လာတာပါ ပဲ။ ဒုတိယလင်လည်း တစ်လပင်မကြာ ဘူး။ ခွဲပြီးပြေးတော့တာပဲရှင်။အကြောင်း ပြချက်ကိုလည်း နားထောင်ပါဦး။ ဣသိ ဒါသီကို ဇနီးအဖြစ် ပေါင်းသင်းရတာ မီးပုံထဲ ခုန်ဆင်းနေရသလို ကျွန်တော် အတိဒုက္ခခံစားခဲ့ရပါသတဲ့။ ပါပါတို့ သိပ် အံ့ဩကုန်တာပေါ့ရှင်။ မိန်းသားချင်း မာမာနဲ့ ဖွားအုတ်တို့ဆိုရင် ပိုလို့ဓဝခွဲရ ခက်သွားတာပေါ့။ နန်းတွင်းသမားတော် ကြီးနဲ့ပါ အရာခပ်သိမ်းဆန်းစစ် အကြံယူ စင်းလုံးဖြူ ဣတ္ထိယဧကန်မှန်ကြောင်း သက်သေထူးပြီးသားကိုးရှင့်။

တစ်လင်၊ နှစ်လင်ခွာပစ်ခံရတဲ့ အခါမှ ကျွန်မရဲ့မမြင်နိုင်တဲ့ ကံဆိုတာ ကြီးကို လက်ခံ စဉ်းစားမိလာပါတော့ တယ်။ ဘာတဲ့၊ ကံဆိုးမသွားလေရာ မိုး လိုက်လို့ရွာ ကျွန်မတကယ်ပဲလင်ကံဆိုး နေပြီလား။ ကျွန်မရုပ်ရည်၊ ကျွန်မတို့ရဲ့ စည်းစိမ် လင်က မခံစားတတ်ဘူးတဲ့ လား။ သေချာတာတစ်ခုတော့ ကျွန်မ သိပါတယ်။ အဲဒါက ကျွန်မကိုယ်၌က အိမ်ထောင်ရေးကံဆိုးတာ ဖြစ်ချင်ဖြစ်၊ နောက်တစ်ချက်က ကျွန်မနဲ့ရခဲ့သူ လင် ယောကျ်ားကပင် ဘုန်းစကံနည်း ကုသိုလ်မဲ့လွန်းလို့သာ စည်းစိမ်ကို မီးရှိန် ထင် ကျွန်မအရည်အချင်းကို မသတီ အတင်းအနိုင်ဒွာရှံမှတ်တာဖြစ်ကြပါလိမ့် မယ်။

ပါပါက

"သည်လူ့ကို စီးပွားကူးသန်း ရောင်းဝယ်ရေးပညာပါ အိတ်သွန်ဖာ မှောက် လက်ပွန်းတတီးသင်ပေးပြီး ဖောက်သည်တွေနဲ့ ဆက်သွယ်ပေးလိုက် တာကို အတ္တမာနနဲ့ တစ်စင်ထောင်ချင် လို့ပါ။ သမီးနဲ့ ယူရင် ပါပါရဲ့သြဇာခံရမှာ ကြောက်လို့ သက်သက်မဲ့အပြစ်ရှာတာ ပဲ။ သွားပါစေ၊ မြုပ်မှသူနောင်တရလိမ့် မယ်" တဲ့။

ကျွန်မဘာမှမဝေဖန်လိုပါ။ ကိုယ့် လိပ်ပြာ၊ ကိုယ့်သိက္ခာယုံကြည်ပြီးသားပဲ။ သွားပေါ့။ တားတော့ရော ကျွန်မ သည့် ထက်ပိုပြီး ဇနီးဝတ္တရာကျေပွန်ဖို့မရှိနိုင်။

## ❒ တတိယအချစ်

'တစ်လင်၊ နှစ်လင် သုံးလေးလင်စ ငါးလင်စော၊ ဆယ်လင်တိုင်ထိ'ဆိုသော လင်္ကာက ကျွန်မလို မိန်းမသားကိုများ စောင်းချိတ်ဖွဲ့ရှော့လေသလား မသိ။ တစ်လင်မကောင်း တစ်လင်ပြောင်းတာ မှ မဟုတ်ဘဲရှင်။ ကံကိုပုံဖက် မစုံမက်ဖို့ ကလည်း သုံးဆယ်ကျော်အကျပိုင်း သွေး ထိုင်းချိန်လည်း မရောက်သေး။ ကျွန်မ အချစ်ဆိုတဲ့ အိမ်ထောင်ထဲမကျဆင်းဝံ့ တော့ပါဘူး။ သည်လိုသာ လွတ်လပ် အေးချမ်းစွာ ဘဝကိုနေချင်ပါတော့ တယ်။

ပါပါတို့ကတော့ ကျွန်မကို တစ် နည်းတစ်ဖုံ စီစဉ်ကြမှာမလွဲပါဘူး။ မျိုး ဆက်အမွေခံ ဆိုတဲ့ လူ့ထုံးတမ်းကြီးနဲ့ လောကတာဝန် မလွဲမသွေထမ်းဆောင် ခိုင်းဦးမှာပဲ။ ထီးမရှိသောဘုရား၊ တံခွန် မရှိသောရထား၊ လင်မရှိသော မိန်းမ သားဘဝဟာ မတင့်တယ်ဘူးလို့ နားချ ချင်ကြပါလိမ့်မယ်။

အိမ်မှာ အေးချမ်းစွာနားနေရင်း နောက်ခြောက်လကျော်ကျော်မှာပဲ ပါပါ ခရီးကအပြန် ဧည့်သည်လုလင်ပျိုတစ်ဦး ပါလာသရှင့်။ တတိယမို့ ကျွန်မလင် အဖြစ် မိဘနဲ့ ဉာတိသဘောတူ ယူဖြစ် ကြပြန်ပါပြီ။ ပုံစံက မွန်မွန်ရည်ရည် ရှက် ရွံ့စိတ်ရှိတဲ့အသွင်ပါ။ မိဘစိတ်ချမ်းသာ မယ်ဆိုရင် ကျွန်မဘာမဆိုခေါင်းညိတ် တတ်ခဲ့ရပါတယ်။ သည်အိမ်ဦးနတ်အ သစ်ကိုလည်း လိမ္မာရိုကျိုး မြတ်နိုးစွာ အေးအတူ၊ ပူအမျှ ထူထောင်ခဲ့ရသပေါ့ ရှင်။ အမည်ကိုက ကိုသုခဆိုသည်မို့ နိမိတ်ကောင်းအဖြစ် စိတ်ထဲက ဝမ်းသာ မိပါသေးတယ်။ ယောကျ်ားဆိုတာ သူ တို့ကို ဇနီးက အထင်သေး ကဲ့ရဲ့ရှုတ်ချ အမနာပပြောခံရမှာ သိပ်ကြောက်ကြ တာ မဟုတ်လား။ ချော့ပြောမြှောက်ပင့် ဂုဏ်တင်စကားဆို နားချိုတတ်ကြတယ်။ ကျွန်မလည်း သိပ်ပြီး အရင်ကလို စကား မနည်းလိုတော့။

ကျွန်မတို့ လင်မယားအတွက် အလုပ်က နည်းပါတယ်။ ပါပါနဲ့အိမ်ရှိ ကျေးကျွန်တွေပဲ အားလုံး သူ့ကဏ္ဍ အလိုက် အသားကျပြီးသားပါ။ အိမ်မှု ဝေယျာဝစ္စဘက်ပဲ ကျွန်မစီမံရပါတယ်။ နှစ်ခါ၊ သုံးခါ မိလာကျော့ကွင်း၊ လွတ် ကင်းရုန်းထွက် ကျေးငှက်တိရစ္ဆာန် ပေါင်းပြန်နှစ်လင် သုံးလင်ကွာရှင်း မိန်းမ သင်းလည်း လှည့်ခြင်းမာယာဆိုဝါစာတို့ ပြုကာများတတ် မိခက်ကပ်၏ ဆိုသလို ကိုယ့်ဘက်ပါ ရိုးမြေကျဖို့ ချော့သင့်က ချော့ ခြောက်သင့်ရင်ခြောက်ပြီး နောက် ပြန်မလှည့်ချင်အောင် ဆွယ်မြူတာကို မာယာပဲပြောပြော ဝက်ဍ္ဍသမုတ်ချင် သမုတ်ကြပေါ့လေ။ အရင်နှစ်ယောက်ရဲ့ ကျွန်မအပေါ် ရှုမြင်မှုက တိကျသေချာ ရေရာမရှိဘဲ အသိစွဲမှောက်မှားကာ ထောက်ထားမညှာ စွန့်ခွာသွားတာဆို တော့ သည်တစ်ယောက်ကိုဖြင့် ကျွန်မ အစွမ်းရှိသရွေ့ တည်ခိုင်အောင် ကြိုးစား မှ ဖြစ်လိမ့်မယ်။

သိမ်းသွင်းလို့လွယ်သားရှင့်။ ဒါက လည်း ကျွန်မရဲ့ အတ္တရောင်လိမ်းခြယ် တာမှ မဟုတ်ဘဲ အချိန်အခါလိုက် စား ချိန်စား၊ နားချိန်နားလို့ ကျွန်မစီစဉ်ပေး တဲ့ စတ်လဲထည်ဆင်မြန်း၊ အလုပ်ကိစ္စ သင်ပြတာတွေနဲ့အတူ ပါပါတို့မရှိတော့ ရင် ရှင်ပဲ ဦးစီးရမှာ။ ဒီစည်းစိမ်ရဲ့အရှင် ဟာ ရှင်ဖြစ်လာမယ်ဆိုတာတွေရော ကျွန်မကိုသဘောမတွေ့တာရှိက ပွင့်ပွင့် လင်းလင်းသာပြောပါ၊ ပြင်ပါ့မယ်ဆိုတဲ့ နှစ်ကိုယ်စကားလည်း ပါတာပေါ့ရှင်။ ဟုတ်ကဲ့၊ အင်း၊ အဲ ပြောရုံကလွဲလို့ ပြန် လှန်ခွန်းကျူတာ အင်မတန်နည်းတဲ့ ရေခဲတုံး ခင်ပွန်းပါ။ အေးဝါစေ၊ ပါပါက ကျွန်မနဲ့ ခုလို အေးအေးကုပ်ကုပ်ရိုးဂုဏ် ရုပ်ရှိသူ ယောကျ်ားမျိုးသာလျှင် ရေရှည် တည်မြဲမယ်ထင်လို့ ရှာပေးစားတာဖြစ် ပါလိမ့်မယ်။ အိမ်ထောင်ရေး ရာသီဥတု က အလွန်သာယာနေမြဲပါပဲ။

ထို့အတူ ခုတစ်လော ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကျင်ကပါ နွေးထွေးနေတဲ့သမယတွေမှီ ကျွန်မအပေါ် ထပ်က ခန်းဆီးဟောင်းတွေဖြုတ်ပြီး အသစ်လဲတပ်ဆင်နေပါတယ်။ အိမ်ရှိမိန်းမဖော်တွေကိုလည်း အပေါ်ထပ် သန့်ရှင်းရေးခိုင်းရင်း ကျွန်မလည်း စမုတ်ဆောင်မှာ အဝတ်တွေ လှမ်းနေခိုက် ငြိုငြင်ဖွယ်မြင်ကွင်းက တိုးဝင်လာပါတယ်။

ဘယ့်နှယ်ရှင်။ ကာရံတံတိုင်း စည်းဝိုင်းလုံခြုံလှတဲ့ ကျွန်မတို့ စံအိမ်ထဲကနေလူတစ်ယောက်ထွက်သွားပါလား။ လူက ဒွန်းစဏ္ဍား။ နံ့ချာစုတ်ပြတ်လွန်းတဲ့ ကိုယ်ဝတ်၊ အိုးကွဲကိုလက်ကိုင်ပြီး တစ်ကိုယ်လုံးအသားအရေကလည်း ညစ်ထေးမွဲတဲ့ လူမည်ကာမတ္တ လူအနိဋ္ဌတစ်ဦး အောက်ထပ်မှာ ပါပါတို့မရှိလို့ဖြစ်မှာပေါ့။ ပြီး- အိမ်ရှိကျေးကျွန်တွေ သတိပေါ့လျော့ပြီး ယောင်ချာချာဝင်လာတာလည်း ဖြစ်နိုင်တယ်။ စိတ်ထဲ မုန်တိုင်းက ဝင်လာပါတော့တယ်။ ကျွန်မ အောက်ထပ်ကနေတက်လာတဲ့ ရူစာကို -

"ဟဲ့ - ရူစာ၊ လာစမ်းပါဦး"

"ဟုတ်ကဲ့ပါ သခင်မလေးရှင့်"

"စောစောက အိမ်ထဲကနေ ဒွန်းစဏ္ဍားတစ်ဦးထွက်သွားတယ်။ ဘယ်သူမှ မသိကြဘူးလား"

"သိသိကြပါတယ်။ သခင်မလေး"

"သိရင် ဘာလို့မဟန့်တားဘဲအဝင်ခံရသလဲ။ မာမာတို့ကော"

"သခင်မလေးရှင့်။ အဲဒီလူနဲ့ သခင်မကြီး တွေ့ဆုံကြတာလောက်ပဲ ကျွန်တော်မ မြင်လိုက်မိပါတယ်ရှင့်"

ကျွန်မအောက်ထပ်ဆင်းခဲ့တယ်။ ကိုသုခတော့ စားပြီး ထမင်းလုံးစီနေပါပြီ။ အားကိုးမဲ့သူတွေကို ပေးကမ်းစွန့်ကြဲရန်အတွက် မုခ်ဦးဘေးမှာ ဇရပ်တစ်ခု ဆောက်ထားတာ ဇရပ်နားခိုရင်းနဲ့ ထွက်ပြီး ပေးဝေလှူရှိတာ ကျွန်မတို့အိမ်ရဲ့ စနစ်၊ စိတ်ဝင်စားစရာမှ သိလိုတာသက်သက်ပါပဲ။ မာမာ ကျွန်မကိုမြင်တာနဲ့-

"ဩော် - သမီး မာမာ့အနားထိုင်စမ်းပါဦးကွယ်"

"ဒွန်းစဏ္ဍားတစ်ယောက်ကို မာမာအိမ်ထဲခေါ် တွေ့တယ်ဆိုလို့ အဲဒါ"

"သမီးမြင်လိုက်သလား"

မာမာ့အသံတွေက ပုံမှန်မဟုတ်။ တိုးညင်းတုန်ယင်မောသံမျိုး ကျွန်မကို ကြည့်ရင်းကနေ -

"အေးလေ၊ သမီးသိသင့်တဲ့ အရေးဆိုတော့လည်း မာမာတို့ ထိမ်ချန်လို့မရဘူး။ မဖြစ်ချင်တာတွေက ဆက်ဆက်ဖြစ်လာရပြန်ပြီမို့ မာမာတို့ဝမ်းနည်းရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပါလားကွယ်"

"မာမာ့စကားတွေ သမီးဘာမှနားမလည်တော့ပါလား။ အကြောင်းစုံသိပါရစေလား မာမာရယ်"

ကျွန်မရင်လှိုင်းက ပုတ်ခတ်လာစေပြီး ကိုသုခရဲ့ဉာတိနောက်ကြောင်းများလား။ မိသားစုအရေး။ ကိုသုခရှိနေတယ်။ ကန်နဘေးက အိမ်ကလေးထဲ နားနေတာ ကျွန်မအသိ လိုက်ပို့ခဲ့သေးတာပဲ။ ကျွန်မပါ နားနေကျနေရာ။ ဒါက ဘာလဲ။

"သမီးခင်ပွန်း သူ့နေရာဟောင်းကို အပြီးထွက်သွားပြီ"

"အို မဟုတ်တာ၊ နားနေဆောင်မှာ ကိုသုခရှိနေတာပဲ။ မာမာ့စကားက"

"ကဲပါလေ။ သမီးစိတ်ခိုင်ခိုင်ထားပြီး နားထောင်။ မာမာရှင်းပြမယ်။ သမီးကို မာမာတို့သိပ်ချစ်ကြတာ သိပါတယ်နော်။ သမီးရဲ့အိမ်ထောင်ရေး ကံညံ့တာသိရလို့ ပါပါဆိုရင် မအိပ်နိုင်မစားနိုင်ရတဲ့အထိ သောကပိုခဲ့ရရှာတယ်။ မိဘဝတ္တရားအရ ပြည့်ဝအောင်ရယ်၊ မျိုးဆက်အမွေ ဆက်ခံစည်ပင်အောင် စီမံခဲ့ပေမယ့် အကြောင်းမညီတာဘဲ ကြုံခဲ့ရလွန်းတော့ သမီးပါပါကိုယ်တိုင် စီစဉ်ခဲ့တာပဲ။ တစ်နေ့ မြို့အပြင်ဇနပုဒ်ဘက် လုပ်ငန်းကိစ္စနဲ့သွားစဉ် တောထဲက ဇရပ်တစ်ဆောင်မှာ လူတစ်ယောက် မကျန်းမာလဲနေတာတွေ့လို့ ကူညီဆေးကုပေးခဲ့သတဲ့။ ကျန်းမာလာတော့ ပြောတာက အဲဒီသူငယ်ဟာ ဒွန်းစဏ္ဍားမိဘတွေက ကောက်ယူမွေးစားထားတဲ့မျိုးရိုးမသိရသူ တစ်ဦးပေါ့။ အေးလေ၊ မွေးစားမိဘက ဒွန်းစဏ္ဍားရွာနေကြတော့ သူလည်း သည်အမျိုးလို ကြီးပြင်းရရှာမပေါ့။ အဲသည်အနေကစပြီးနောက်မှာ သမီးရဲ့ပါပါက တိတ်တဆိတ်စီမံပြီး ပြီးတော့. . ."

"ရှင်"

နေခုနစ်စင်းတမျှ ပူလောင်ခြင်းက ရင်တွင်း တောက်ကျွမ်းသွားပါပကောလား။ နားဝင်စူးတဲ့လေအသံဖြေမဟန် သေတမာန်မိစ္ဆာခြောက်ခံရပြီမို့ ကျွန်မစိတ်မှာ အကြောက်ပိုလာလေပြီ။ ဘုရားဘုရား မိဒါသိရေ၊ နင့်ဘဝနင့်ကံကြမ္မာက လူတန်းစားပြင်ညီက အလွှာမဲ့ အောက်တန်းစားအဆင့်ကိုပင် ပူးကပ်ကာ မောင်တဘုန်းကိုလ နူးနပ်ကာ နှောင်မရှုန်းရအောင် နှောင်ထုံးမည် နှောင်ပါသော်လည်း ရှောင်ခဲ့ပြီဆိုမှဖြင့် နင်ဟာ လင်ကံခေဇာတဒက်ချိတ်ပါပေါ့လား။သူတောင်းစားမယား၊ သူဌေးသမီး ရှုမငြီးရုပ်သွင် ကျွန်မဘဝ ဘာများလှခဲ့တာရှိပါလိမ့်။ တစ်ဏကာမယ်က ကျွန်မထက် အပုံကြီးသာနေပါပေါ့။ စက်ဆုပ်ခြင်း၊ ရွံမုန်းခြင်း၊ ထိတ်လန့်ခြင်း ရှက်ကြောက်ခြင်းတရားတွေက ကျွန်မ ခန္ဓာ၊ ကျွန်မလက်ရှိဘဝ၊ ကျွန်မစိတ်ကို ဖုံးအုပ်ပြက်ရယ်ပြုနေကြလေပြီ။ အားလုံးကို ဥပေက္ခာပြုလျက် စကြဝဠာအပြင်ဘက် ထွက်ပြေးချင်မိပါတော့တယ်။ အဆုံးစွန်စွန့်လိုက်ရင်တော့ ကျွန်မ . . . မလွတ်ပါဘူးရှင်။ ကျွန်မနောက်၊ ကျွန်မ ရှေ့အရိပ်က လိုက်အန္တရာယ်ပြုနေဦးမှာပဲ။ ကျွန်မဘဝရဲ့ သာယာမှု၊ လုံခြုံမှု၊ အေးချမ်းမှုတို့ ဘယ်မှာရှိမလဲ။ နံ့ညီ ပုပ်သိုးနေတဲ့ အရိုးကိုက်မျက်လုံးနဲ့ ထေး ရာ. . .။

**တရားခံ**

နောက်နေ့မိုးလင်းတော့ ကျွန်မ ဒီဘဝရောက်ခဲ့ပါတယ်။ လွယ်လွယ်နဲ့ ဘယ်ရပ်မလဲ။ မိဘတွေက ဒီအတိုင်းနဲ့ ကုသိုလ်ဒါနပြု သီလဆောက်တည်ပြီး ပါရမီဖြည့်ဆည်းဖို့ပြောပြီးတားကြရှာတယ်။ တစ်ရက်ပင်မဟုတ် ပင့်သက်တစ်စုံလေးလောက်ပင် ကာမဘောဂ နယ် မခင်တွယ်လိုတော့၊ အမွေခံအဖြစ် မာမာရဲ့ ဉာတိတွေဆီက သားမြေး ကိတ္တိမအဖြစ် မွေးမြူက ကျွန်မထက် အမွေမြတ်ပါတယ်လို့ ငိုယိုရင်းက ခွင့်တောင်းမှ ကျွန်မတို့အိမ်ဆွမ်းခံကြွတတ်တဲ့ အရှင်မဘိက္ခုနီထေရီ ဖိနဒတ္တာ အဆောင်အယောင်ပွဲခင်းလို့ ပို့စေတယ်။

ရဟန်းမဖြစ်တာနဲ့ တစ်ပြိုင်နက် ဖြစ်ခဲ့သမျှ သံဝေဂထင်ခဲ့သူမို့ ဥပဇ္ဈာယ် ထေရီရဲ့ ဩဝါဒအညီ ပဋိပတ်ဘာဝနာ တရားကို နေ့ညမပြတ် အရိုးကြေကြေ အရေခန်းခန်း မဆုတ်မတွန့် စွန့်စွန့်စားစား ကြိုးစားလို့ အားထုတ်ခဲ့ပါတယ်။ မကြာပါဘူး။ ခုနစ်ရက်အတွင်းမှာပင် အာသဝေါကုန်ကာ ရဟန္တာဖြစ်တော်မူခဲ့ပါပြီ။ နောက် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ဆိုတဲ့ ဝိဇ္ဇာဉာဏ်ထူးကိုပါ ပြည့်စုံရရှိခဲ့ပါတယ်။

ပုဗ္ဗေနိဝါသဉာဏ်အထူး များစွာသံသရာအထဲက ဘဝဘဝ ကို ပြန်ပြောင်းတွေးထင် သိမြင်တော်မူ နိုင်သော သည်ဉာဏ်နဲ့ ကျွန်မဘဝ သံသ ရာမြစ်နဒီကို ဆန်တက်ပြီး နောက် ကြောင်း၊ နောက်ဘဝတွေ တစ်ဘဝ တစ်ဘဝချင်းရှာကြည့်စဉ် ခုနစ်ခုမြောက် ဘဝ အဲသည်ဘဝမှာ -



www.burmeseclassic.com

www.burmeseclassic.com

**ပထမဘဝနိဒါန်း** - ၎ကစ္ဆမြို့ကြီးမှာ အဆင့်မြင့် ရွှေပန်းထိမ်ပညာရှင်သူငယ်၊ ကျော်ကြားထင်ရှား မော်ကြွားအသွင်သားနားပြီး အားလုံးရဲ့ပါးစပ်ဖျားမှာ သိပ်ထောပနာပြုခံရသူ ယောကျ်ားဘဝ၊ မနမာန်၊ အလှမာန်၊ ဝယမာန်မာန်မျိုးစုံစုံနဲ့ ရူပါရုံဆန့်ကျင်ဘက်တိုင်းအပျော်တွဲခုတ်လို့ ကြတ္တိဓုတ္တာဘက်အားသန်ခဲ့နေရဲ့။ တစစနဲ့ ရည်းစားဖြတ်လုတာရော အဟောင်း အသစ် ပျိုအိုဖြစ်ပါစေ အချစ်ရမ္မက် ဆူပွက်လျှံတိတ် စိတ်ရှိသရွေ့ မွေ့လျော်နေခဲ့မိသည့်ဒီပါကကြောင့် **ဒုတိယဘဝ**မှာ ငရဲဘုံမှာ ဒီလှုံ့နှစ်မွန်းခံခဲ့ရပါတယ်။

**တတိယဘဝ** ငရဲမှ လွတ်တော့အဟိတ်တိရစ္ဆာန် မျောက်ထီးကလေးဖြစ်။ ဒါပေသည့် ခေါင်းဆောင်မျောက်ကြီးက နောင်တစ်ချိန် ဘက်ပြုမှာစိုးကာလိင်စေ့ကို သွားနဲ့ကိုက်ဖြတ်ပစ် သင်းကွပ်ခံခဲ့ရ။

**စတုတ္ထဘဝ** ဆိတ်ဖြစ် သင်းကွပ်ခံထူးမခြားအဖြစ်။

**ပဥ္စမဘဝ** တိရစ္ဆာန်ပဲ ဖြစ်ခဲ့ပါတယ်။ ပိုဆိုးလာစေတဲ့ သည်သူတစ်ပါးမယားမှောက်မှား လွန်ကျူးခြင်း အကုသိုလ်ကံ ဝဋ်ကြွေးက နွားအဖြစ် တည်ခဲ့ပေ့။ သင်းကွပ်ခံ သခင့်အလိုကျ နေ့ညမရှောင် တုပ်နှောင်နှိပ်စက် ရုန်းလျက်ဝန်တာ အစာမဝ အိုက သားသတ်သမားအထံ ရောင်းနှံခံခဲ့ရလေပြီ။

**ဆဋ္ဌမဘဝ** ကတော့ ရခဲလှတဲ့ မနုဿဘုံ လူ့ဇာတ်ခုံမှာရခဲ့ရောက်ခဲ့ပါရဲ့။ အကြွေးကို ရက်စက်စွာ ပေးဆပ်ခဲ့ရပါပြီကော။ အစေခံကျွန်မတစ်ဦးရဲ့ ဝမ်းတိုက်ဖွား ကျွန်ဇာတ်လူဘာခေါ်ရမလဲ သတ်မှတ်လို့မရသူပေ့ါရှင်။ မိန်းမလည်း မဟုတ်၊ ယောကျ်ားလို့လည်း မမည်တဲ့ အထီးလိင်၊ အမလိင်အင်္ဂါမပါသူ နပုန်းပဏ္ဍုက်ကြီးလေ။ ရှက်စရာဘဝမျက်နှာမလှတဲ့အဖြစ်ပါ။ ကာမေသုအကျိုးဆက်ကြောင့် အမျိုးဖျက်ခံရမှုပါပဲ။

နောက်ဆုံး **: သတ္တမဘဝ** လူကတော့ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဆင်းရဲမွဲတေရာ ကျေးတောရွာရှိ လှည်းစာရင်းငှားမိဘထံ တွန်းပို့ခံခဲ့ရပါတယ်။ တစ်ခုတော့ကောင်းပါရဲ့။ အသွင်သဏ္ဌာန်မိန်းမဟန်ညီမျှပီသသူ သတို့သမီးဘဝရခဲ့လို့ပါ။ အရွယ်မရောက်တရောက်မှာဘဲ ဖခင်ရဲ့ ပေးစရာအသပြာအကြွေးတွေ ပြန်မဆပ်နိုင်တဲ့အခါ စေလိုရာစေ၊ သေဆိုသေရ ကိုယ့်ဘဝကိုယ်မဆိုင်မပိုင်ရတဲ့ ကြွေးသိမ်းကျွန်။

အဲ - ရုပ်ရည်ကတော့ ကျွန်မ ရှိခဲ့သရှင့်။ မကြာမီ လှည်းမျူးသူဌေးကြီးရဲ့သားက မယားအဖြစ်ခြေတော်တင်ခံခဲ့ရရှာပါတယ်။ တရားဝင်မယားကရှိပါတယ်။ ကျွန်မ မယားငယ်နေရာနဲ့ အိမ်ရဲ့အောက်ခြေသိမ်းမှစပြီး ပင်ပန်းစွာနေ့စဉ်လုပ်ပေးရရတဲ့ ကျွန်တာဝန်ပါပူးတွဲယူရသူဘဝပါ။

မယားကြီးက ရိုးအေးပုံပါပဲ။ စကားနည်းပြီး ပုတီးတစ်ကုံးနဲ့ အလုပ်ရှုပ်တတ်သူမျိုး။ တစ်ခါတလေ ကျွန်မကိုအထည်တွေ၊ လက်ဝတ်တန်ဆာတွေ ပေးတတ်ပါတယ်။ အလှအပပဲဟာ ငယ်ရွယ်သူ ကျွန်မ မက်မောတတ်ပါတယ်။ မိဘဆီမှာတော့ အရှက်လုံအောင်သာဆင်ခဲ့ရတဲ့ကျွန်မ သည်မှာ ပင်ပန်းတဲ့ကြားထဲက ကိုယ်ရည်သွေးပြ ဆင်ယင်လိမ်းခြယ်သလို့ ငယ်ဂုဏ်ယူလေ့ရှိလာတယ်။သည်လိုအလှလေးနဲ့ လင်တစ်ဖြစ်လဲပုဂ္ဂိုလ်နားကပ်ခွင့်ရတဲ့အခါ စကားချိုချိုလေးတွေ အပြောခံရာမှစပြီး -

ကျွန်မဘဝရဲ့ အရိပ်မည်းကြီး ထိုးခံခဲ့ရရှာပါတော့တယ်။ အသိခေါက်ခက်အဝင်နက်နက်နဲ့ ကျွန်မနေရာလုပွဲဝင်နွှဲပါတော့တယ်။ ကျွန်မကတက်လှူ၊ မယားကြီးက သက်လူ၊ ကျွန်မရဲ့လက်နက် မယားကြီးအတွက်၊ မွေးရာပါလျှာတည်းဟူသော နှုတ်စကားလက်နက်ကို နည်းနည်းချင်းထိုးသွင်းပါတော့တယ်။ ပိသုဏဝါစာဆိုတဲ့ ချစ်ခင်သင့်မြတ်နေသူနှစ်ဦးကို တသီးတခြား အမုန်းပွားပြီး ကွဲပြားအောင် လီဆယ်ဝေဝုစ် မာယာလုပ်ပြောဆိုခြင်းပါပဲ။ ထိရောက်ပါပေ့။ အပြင်၊ အတွင်း သတင်းမှသားကုန်းချောများလာလေတော့ -

လင်သား အလိုမကျ ဒေါသခက်ထန်ကာ မယားကြီးကို အပြစ်မြင်လာခဲ့ပါတယ်။ နောက်တော့လည်း ကျွန်မမျှော်တဲ့ နေရာထူးကို ပိုင်ဆိုင်ခဲ့ပြီပဲ။ မယားကြီးခမျာ စိပ်ပုတီးနဲ့ ရိပ်ကြီးခိုသလိုလို၊ ယောဂီဘဝနဲ့ တောဆိတ်ဝင်သလိုလိုကြားရင်း နိဗ္ဗုတ်သွားပါလေရော။ ဘယ်သူပြောင်းသွားပြောင်းသွား ကျွန်မကောင်းစားဖို့ အဓိက။

ကျွန်မ မိုးလွန်မှထွန်ချ ဆိုသလိုအတန်ကြာတော့မှ ငါအမှားကြီးမှားခဲ့ရှာပါကောလားအသိနဲ့ မယားကြီးထံဝန်ချတောင်းပန်ချင်ပေမယ့် သတင်းစုံစမ်းမရခဲ့ပါဘူး။ အပြစ်ကို အပြစ်လို့ ရှုမှတ်ရင်း တတ်စွမ်းသရွေ့ ကုသိုလ်တွေပြုပြီး ဝဋ်ကြွေးကင်းရန် ဆုတောင်းခဲ့ပါတယ်။ တရားခံက ကျွန်မ ဃခု ကြသိဒါသီမျက်မှောက်ဘဝရဲ့ ဖြစ်ခဲ့ရာတရားခံကတော့ -

(၁) သူတစ်ပါးမယားကိုစော်ကားလွန်မှားခဲ့တဲ့ မိန်းမသားဖြစ်ခဲ့ရ။

(၂) သီလ၊ သမာဓိရှိတဲ့ မယားကြီးအပေါ် ကုန်းတိုက်ကွဲပြားအောင် ပြုခဲ့တဲ့အတွက် လက်ရှိဘဝယူခဲ့သမျှလင်တစ်လပင်မကျော်ဘဲ အမြဲကွဲခဲ့ရခြင်းပါပဲလေ။ ပြုခဲ့ရာကုသိုလ်တွေကြောင့် ရဟန္တာထေရီဖြစ်ခဲ့ရတာပါ။

ဥဒါန်းစကား

လမင်းက ညခင်းအလှ၌ ဝင်းပပနှင့် နဒီပြင်ပေါ်ပြေးဟပ်နေဆဲ။ ဘော်သာခွာအသွေးတို့က တငြိမ့်ငြိမ့်ရှပ်တိုက်စီးနေကြ၏။ ရေသံသဲ့သဲ့ကြားနေ၏။ လေဟာန်ခွဲ့ခွဲ့အေးကလည်း ကမ်းစပ်တွင်ပျံ့နေကြ၏။ အေးချမ်းခြင်း၊ တိတ်ဆိတ်ခြင်းတို့၏ အလယ်တွင် ပုဂ္ဂိုလ်နှစ်ဦးကထိုင်နေကြသည်။ ည. . . ည။

ပါဋလိပုတ်မြို့၏အနီးက ဂင်္ဂါမြစ်သဲသောင်ပြင်ထက်မှည။ ကိလေသာမြူတစ်မှုန်မျှပင်မတင်ကျန်ကြသော ရဟန္တာထေရီမနှစ်ပါးတို့၏ ဓမ္မရသခံစားရာဌင်းည၌ ဗောဓိထေရီ ရဟန္တာမ၏အမေးစကားကြောင့် ကြသိဒါသီထေရီရဟန္တာမက သူ၏ အတ္တုပ္ပတ်အား နှုတ်မရပ်မနားဘဲ ပြန်လည်ဖြေကြားပြတော်မူနေသောည။ လောကီကာမဂုဏ်တို့၏အပြစ်ဘေးတို့အား ထိတ်လန့်ကြကုန်၏။ ထေရီမ၏ စကားသည် မဆုံးသေး။ မြစ်ပြင်ကိုကြည့်ရင်း အောက်ပါဥဒါန်းကို ကျူးရင့်လိုက်တော်မူပြန်သည်။

"ကြသိဒါသီထေရီမည်ရ ကျွန်မရဲ့ယခုဘဝသည် နောက်ဆုံးဖြစ်လေပြီ။

နောက်ထပ်တစ်ဖန် တည်ပြန်ပဋိသန္ဓေလာလေရိုး မရှိ။

ဆရာသခင် ဘုရားရှင်၏သာသနာတော်မှာ ကျင့်ဆောင်ပဋိပတ်လုပ်ငန်းရပ်ဟူသမျှတို့ကို တာဝန်ကျေစွာအောင်မြင် ပြီးမြောက်ခဲ့လေပြီ။

ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန်မြတ်နိဗ္ဗာန်ကို ဝင်စံမျက်မှောက် ရောက်ရလေပြီ"

နေဝီ ဘွာ

ကျမ်းကိုး -

ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နှစ်တစ်ရာအတွင်း၌ဖြစ်ခဲ့သည့် ကြသိဒါသီထေရီဝတ္ထုကို ဖွဲ့သီကုံးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လူသားတို့သည် ဘုရားသာသနာတော်ကြီးနှင့် ကြုံတွေ့နေပါလျက် သေလွန်သောအခါ သရဏဂုံမမြဲသော ပြိတ္တာဘဝသို့ ရောက်ရှိသွားကြကုန်၏။ ထိုအပါယ်ဘုံသား ပြိတ္တာတို့သည် လူ့ဘဝရှိ ကျန်ရစ်သူမိသားစုအမျိုး သာဓုခေါ်နိုင်ရန်ခက်ခဲပင်ပန်းလှသည့်အတွက် အကြိမ်ကြိမ် ပြုလုပ်ပေးကြရပါမည်။ ဆွေမျိုးသားချင်းတို့၏ ရည်စူးပြုလုပ်သည့် ကောင်းမှုအဖို့ဘာဂကို အမျှရ၍ ပြိတ္တာဘဝမှ ကျွတ်လွတ်သွားသည့်သာဓကအများအပြားရှိပါသည်။

ဘုရားရှင်လက်ထက်တော်အခါက ဗိမ္ဗိသာရမင်းကြီးသည် နန်းတော်သို့ ဗုဒ္ဓဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆွမ်းအလုပ်အကျွေးပြု၍ ကြီးစွာသောအလှူကြီးကို ပေးလှူလေသည်။

ရဲရဲထွန်း (ဟသ်ာတ)

ပြိတ္တာများကို ကောင်းမှုပြု၍ အမျှပေးဝေပါ



www.burmeseclassic.com

www.burmeseclassic.com

ထိုညတွင် နန်းတော်အနီးဝန်းကျင်နေရာအနှံ့အပြား၌ အကောင်အထည်မမြင်ရဘဲ ထူးဆန်းမှုများဖြစ်ပေါ်ခဲ့၏။ ထိုအသံဗလံများကြောင့် ဗိမ္ဗိသာရမင်းကြီးသည် တစ်ညလုံး စက်တော်ခေါ်မရဘဲရှိလေသည်။

နံနက်လင်းသော် ထိုထူးဆန်းမှုများကို ဘုရားရှင်ထံ သွားရောက်လျှောက်ထားရာ ဘုရားရှင်က -

"ရှေးဘဝများစွာက အသင်မင်းကြီးနှင့် အမျိုးအဆွေတော်စပ်ခဲ့ဖူးသူများသည် ပြိတ္တာဘဝရောက်ရှိနေကြပြီး ၎င်းတို့ဘဝမှ ကျွတ်လွတ်ချိန်တန်ပါလျက် အသင်မင်းကြီးပြုလုပ်သည့် ကုသိုလ်အမျှကိုမရကြ၍ဆန္ဒပြကြခြင်းဖြစ်သည်။ သူတို့အတွက် ရည်စူးလျက် ကုသိုလ်ပြုအမျှဝေလိုက်ပါ"

ဟု မိန့်ကြားသည်။

မင်းကြီးလည်း ဘုရားရှင်မိန့်ကြားသည့်အတိုင်း ကုသိုလ်ပြု အမျှပေးဝေရာ ကုသိုလ်အဖို့ဘာဂကို သာဓုခေါ်နိုင်ကြပြီး မင်းကြီး၏ ဆွေမျိုးပြိတ္တာများ ထိုဘဝမှ ကျွတ်လွတ်ခဲ့ကြဖူးလေ၏။

နောက်တစ်ဇာတ်ကား တစ်ခါက ဝိသုဒ္ဓါရုံကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းအမကြီး ကွယ်လွန်အနိစ္စရောက်ချိန်တွင် အကုသိုလ်အာသန္နကံဝင်နှောင့်သဖြင့် ပြိတ္တာဘဝရောက်ရှိသွားခဲ့သည်။ထုံးစံအတိုင်း သားသမီးများက ကွယ်လွန်သူအတွက်ရည်စူး၍ ဆွမ်းသွတ်အမျှအတန်းဝေပါသော်လည်း ကျွတ်လွတ်ခြင်းမရှိဘဲ ဖြစ်နေသည်။ နောက်ဆုံးအကြိမ် ဆွမ်းသွတ်အမျှဝေသောအခါမှ အမျှရ၍ကျွတ်လွတ်သွားခဲ့ကြောင်း ကျောင်းအမကြီးက ကိုယ်ထင်ပြလျှောက်ထားခဲ့ဖူးသည်။

ဖြစ်ပျက်ပုံမှာ -

ဝိသုဒ္ဓါရုံဆရာတော်သည် ကျောင်းအမကြီးအတွက် ရည်စူးပြုလုပ်သည့် ဆွမ်းသွတ်မှ ကျောင်းသို့အပြန် လမ်းတွင် -

"ဝိသုဒ္ဓါရုံဆရာတော်ဘုရား"

ဟု အကောင်မမြင်ဘဲ ခေါ်သံကြားသဖြင့် ဆရာတော်က -

"ကျောင်းအမကြီးမှတ်တယ်"

ဟု ပြန်လည်အသံပြုလိုက်သည်။ ထိုအခါ -

"မှန်ပါ့ဘုရား"

ဟု ပြန်လည် အသံပြုရာ ဆရာတော်က -

"ဒကာမကြီးရဲ့အသံကိုသာကြားရပေသည်။ အကောင်အထည်မပြဘူးလား"

ဟု မေးရာ -

"မှန်ပါ၊ တပည့်တော်မရဲ့ အကောင်အထည်သည် စက်ဆုပ်ရွံရှာဖွယ်ကြောက်လန့်ဖွယ်ကောင်းပါသည်ဘုရား"

ဟု လျှောက်ထားသဖြင့် ဆရာတော်က -

"ပြသာပြပါ ဒကာမကြီး၊ ဘုန်းကြီးသတိနဲ့ကြည့်ပါမည်"

ဟု မိန့်ကြားသဖြင့် -

"အရှင်ဘုရားယုံအောင် တပည့်တော်မရဲ့လက်ညှိုးတစ်ချောင်းပဲပြမယ်ဘုရား"

ဟူသော အသံနှင့်အတူ ဆရာတော်၏ မနီးမဝေး၌ လက်ညှိုးကြီးတစ်ချောင်းပေါ်လာသည်။ ထိုလက်ညှိုးကြီးမှာ ထွန်တုံးတမျှ ကြီးမားပြီး အမွေးအမှင်များဖြင့် လွန်စွာ စက်ဆုပ်ရွံရှာဖွယ်ကောင်းလေ၏။

ဆရာတော်က -

"အိမ်း - ဟုတ်ပေတယ်။ ဒကာမကြီး အမျှမရပေဘူးလား၊ လာရင်းကိစ္စပြောပါဦး"

ဟု ဆရာတော်က မေးမြန်းရာ-

"မှန်ပါ၊ တပည့်တော်မ သေပြီးရက်လည်ဆွမ်းသွတ်အထိ အဖော်တွေနဲ့ ဟိုအဝေးကြီးအထိပါသွားလို့ အမျှမရလိုက်ပါ။ ဒီနေ့မှ ဆရာတော်ရဲ့တရားနာကြားလာပြီး ရေစက်ချအမျှရတဲ့အတွက် တပည့်တော်မ သုဂတိဘုံဘဝသို့ ပြောင်းရတော့မှာဖြစ်တဲ့အတွက် လာရောက်လျှောက်တင်ရခြင်း ဖြစ်ပါသည်။ တပည့်တော်မကို ခွင့်ပြုတော်မူပါဘုရား"

ဟု ပြောပြောဆိုဆို အသံနှင့်အတူ လက်ညှိုးကြီးလည်း ပျောက်ကွယ်သွားတော့သည်။

နောက်တစ်ဇာတ်မှာ မြန်မာပြည်တွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ဆင်ဖြူရှင်မင်းလက်ထက် ချောင်းဦးရွာသား ချိုးတည်၊ ခါထောင်လက်ဝှေ့သမားလည်းဖြစ်သူ ငအောင်ထွန်းသည် နွယ်ခွေတောင်ကြော၌ ချိုးတည်ထွက်လာခဲ့သည်။ ညနေပြန်ချိန် မိုးကြီးသည်းထန်စွာရွာသွန်းသဖြင့် မပြန်နိုင်ဘဲ တောထဲ၌တွေ့ရှိသည့်ကျောင်းပျက်တစ်ခုတွင် ဝင်ခိုလျက် တစ်ညအိပ်သည်။ ညဥ့်နက်သော် ကျောင်းလှေကားအောက်၌ မြှုပ်ထားသော ငွေသုံးပိဿာကို စွဲလမ်းမှုဖြင့် တစ္ဆေဖြစ်နေသော ထိုကျောင်းပျက်ပိုင်ရှင် ဘုန်းကြီးတစ္ဆေ (ပြိတ္တာ) က ငအောင်ထွန်းအား လာခြောက်သဖြင့် နှစ်ဦးသား လက်ဝှေ့သတ်နပန်းလုံးကြသည်။ တစ်ကြိမ်တွင် ဘုန်းကြီးတစ္ဆေ၏ ဦးခေါင်းတွင် ဆောင်းထားသောဦးထုပ်ကို ငအောင်ထွန်းက လုံးထွေးချွတ်လိုက်နိုင်သည်။ ဤတွင် ဘုန်းကြီးတစ္ဆေမှာ ခွန်အားယုတ်သွားသဖြင့် ငအောင်ထွန်း အနိုင်ရလေသည်။ ဘုန်းကြီးတစ္ဆေမှာ ငအောင်ထွန်းကို သူ၏ဇာတ်ကြောင်းစုံကို ပြောပြလေသည်။

သူသည် ကျောင်းထိုင်ဘုန်းကြီးဘဝက သူခိုးစားပြရန်ကို ကြောက်၍ ငွေသုံးသားပိဿာကို ကျောင်းလှေကားအောက်တွင် မြှုပ်နှံထားကြောင်း၊ ထိုငွေကို အစွဲပြု၍ မကျွတ်လွတ်နိုင်ဘဲရှိကြောင်း၊ ၎င်းသည် ရည်စူးပြုလုပ်သည့် ကုသိုလ်အမျှရယူလိုသဖြင့် ကိုယ်ထင်ပြသော်လည်း တစ္ဆေခြောက်သည်ဟု ကြောက်လန့်ထွက်ပြေးသွားကြကြောင်း ရှင်းပြသည်။

ထိုနှင့်ဘုန်းကြီးတစ္ဆေနှင့် ငအောင်ထွန်းတို့ အပေးအယူမျှကြပြီး ဘုန်းကြီးတစ္ဆေက လှေကားအောက်မှ ငွေသုံးပိဿာကို ပြသပေးသဖြင့် ငအောင်ထွန်းလည်း ထုတ်ယူပြီး ချောင်းဦးရွာသို့ ပြန်လာခဲ့သည်။ ထို့နောက် ကတိစကားအတိုင်း ထိုကျောင်းပျက်ကြီးသို့ပြန်လာပြီး ဆွမ်းသွတ်ရေစက်ချဒါနပြုလုပ်ကာ အမျှဝေပေးလေသည်။ ထိုနေ့မှစ၍ ထိုကျောင်းပျက်ကြီးတွင် ဘုန်းကြီးတစ္ဆေကို မတွေ့ရတော့ဘဲ ကျွတ်လွတ်သွားခဲ့လေတော့သည်။

ထို့ဖြစ်၍ ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မည်သည့်အလှူဒါနကောင်းမှုပြုလုပ်ကြသည်ဖြစ်စေ မိမိတို့၏ တော်စပ်ခဲ့ဖူးသော ဆွေတော်မျိုးတော်တို့နှင့် အခြားသောမကျွတ်မလွတ်သောပုဂ္ဂိုလ်များကို ရည်စူး၍မမေ့မလျော့ဘဲ အမျှပေးဝေမျှနိုင်ပါစေသတည်း။

ရဲရဲထွန်း (ဟင်္သာတ)

မှီငြမ်း -

*တင်အောင်ထွန်း(သုတေသန)၏ ဘဝကူးလမ်းညွှန်*



www.burmeseclassic.com

www.burmeseclassic.com

# (Male Menopasue)
# အမျိုးသားသွေးဆုံးရောဂါ

အမျိုးသမီးများသာ သွေးဆုံးဝေဒနာခံစားရသည် မဟုတ်ပေ။ အမျိုးသားများလည်း သွေးဆုံးဝေဒနာကို ခံစားကြပါသည်။ အမျိုးသားသွေးဆုံးခြင်းအကြောင်းကို ယခင်က မတွေ့ရှိခဲ့ကြပါ။ ယခုကဲ့သို့ ဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆေးသိပ္ပံသုတေသီများကရှာဖွေခဲ့ရာ အမျိုးသမီးများသာမက အမျိုးသားများလည်း သွေးဆုံးရောဂါ ဖြစ်တတ်ကြောင်းကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ဆေးသုတေသီအဖွဲ့မှ အမျိုးသားသွေးဆုံးရောဂါ (Male Menopasue) အကြောင်းကို ထုတ်ဖော်တင်ပြလိုက်သောအခါ အမျိုးသားအများစုမှာ စိတ်ဝင်စားမှု ပိုမိုများပြားလာခဲ့ပါသည်။ ရှေးယခင်က အမျိုးသားများသည် သွေးဆုံးလက္ခဏာများကိုခံစားကြရသော်လည်း သွေးဆုံးခြင်းကြောင့်ဟု မထင်ဘဲ အမှတ်တမဲ့နေခဲ့ကြသည်။ ယခုအခါ အမျိုးသားများသည် သွေးဆုံးခြင်းဝေဒနာအကြောင်းသိလာသည့်အတွက် မည်သို့ကုစားရမည်ကို လေ့လာခဲ့ကြပါသည်။

**အမျိုးသားများ၏သွေးဆုံးချိန်**

အမျိုးသားများ၏ သွေးဆုံးချိန်သည် အမျိုးသမီးများကဲ့သို့ အသက် (၄၅)နှစ်မှ (၅၅)နှစ်အတွင်း ဖြစ်တတ်ပါသည်။ သွေးဆုံးချိန်ကို ပျမ်းမျှ (၅၁)နှစ်ဟု သတ်မှတ်ကြပါသည်။ အမျိုးသားများသည် အရွယ်ရောက်ပြီး အိမ်ထောင်စကျသည့်အချိန်မှ လူလတ်နှောင်းပိုင်းအချိန်အထိ လိင်ကိစ္စအသုံးချမှုများရှိပါသည်။ အချို့အမျိုးသားများသည် ထိုကိစ္စအတွက် သာမန်ဖြစ်သော်လည်း အချို့အမျိုးသားများသည် အလွန်အမင်းလိုက်စားကြပါသည်။ အချို့မှာ မိမိအိမ်မှ ဇနီးသည်နှင့်သာမက အပျော်ရှာသည့် အပိုင်းပိုများသည့်အတွက် ယောကျ်ားအင်အားကုန်ခန်းမှု ပိုများသည်။ ယောကျ်ားဟော်မုန်းဖြစ်သည့် တက်တိုစတီရုန်း (Testosterone) သည် ငယ်ရွယ်စဉ်၌ ပုံမှန်ထွက်သော်လည်း အသက်ကြီးလာသည်နှင့်အမျှ တဖြည်းဖြည်း ဟော်မုန်းဓာတ် လျော့နည်းလာပါသည်။ ဤကဲ့သို့ ဟော်မုန်းဓာတ်လျော့နည်းလာသည့်အတွက် ပုံမှန်ဆောင်ရွက်မှုလုပ်ငန်းများကို ကောင်းစွာ မလည်ပတ်နိုင်တော့ပေ။

ထိုအခါ ယောကျ်ားသွေးဆုံးခြင်းလက္ခဏာများပြလာပါသည်။အမျိုးသမီးများ၏ သွေးဆုံးချိန်တွင် လစဉ်ဓမ္မတာလာခြင်း ရပ်ဆိုင်းသွားပါသည်။ အမျိုးသားများတွင် ဓမ္မတာလာခြင်းမရှိ၍ သွေးဆုံးချိန်ကို သတိမထားမိကြပေ။ အမျိုးသားဟော်မုန်းထုတ်လုပ်မှုသည် အမျိုးသမီးများကဲ့သို့ ရပ်ဆိုင်းသွားခြင်းမဟုတ်ဘဲ တဖြည်းဖြည်းလျော့နည်းသွားခြင်း ဖြစ်ပါသည်။ အမျိုးသားများသည် သွေးဆုံးဝေဒနာများကို စတင်ခံစားရမှသာလျှင် သတိထားမိလာပါသည်။

ထိုအကြောင်းနှင့် ပတ်သက်ပြီး သုတေသီအဖွဲ့၏ ကျန်းမာရေးအစီရင်ခံစာ၌ ဖော်ထားချက်အရ-

အမျိုးသားဟော်မုန်း ထွက်နှုန်းသည် တစ်နှစ်လျှင် (၁) ရာခိုင်နှုန်းခန့် လျော့နည်းတတ်ပြီး အချို့ အမျိုးသားများတွင် (၁)ရာခိုင်နှုန်းထက် ပိုမိုလျော့နည်းကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အမျိုးသားတစ်ယောက်နှင့်တစ်ယောက် သွေးဆုံးချိန်ချင်း မတူညီကြပေ။ အမျိုးသားဟော်မုန်းလျော့နည်းနှုန်း နည်းပါးသူများသည် အသက်(၆၀)မှ(၇၀)ကျော်သည့်တိုင် ယောကျ်ားစွမ်းရည်မကျပေ။ ဟော်မုန်းလျော့နည်းနှုန်းများသူများသည် ယောကျ်ားသွေးဆုံးရောဂါဖြစ်နိုင်ခြေများကြောင်း တွေ့ရှိရပါသည်။ အမျိုးသားသွေးဆုံးခြင်းမှာ တဖြည်းဖြည်းချင်းခံစားရသည့်အတွက် ထိုရောဂါကို ချက်ချင်းမတွေ့ရှိခြင်း ဖြစ်ပါသည်။

ဤသို့ ကျန်းမာရေးအစီရင်ခံစာတွင် ရေးသား ဖော်ပြထားပါသည်။

**အိုမင်းခြင်းနှင့်ဆက်နွယ်နေသော အမျိုးသားသွေးဆုံးဝေဒနာ**

အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အမျိုးသားတစ်ယောက်၏စွမ်းဆောင်နိုင်မှုများသည် ငယ်ရွယ်စဉ်တုန်းကကဲ့သို့မဟုတ်ဘဲ စွမ်းဆောင်နိုင်မှုစွမ်းအားများ လျော့နည်းကျဆင်းလာပါသည်။ ဥပမာတင်ပြရလျှင် ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှု၊ ခွန်အားကြီးမှု၊ လိင်ကိစ္စတွင် စိတ်ဝင်စားမှု စသည်ဖြင့် အထက်ပါကိစ္စရပ်များတွင် စိတ်ဝင်စားမှုလျော့နည်းလာပါသည်။ ထို့အပြင် သွေးဆုံးခြင်းလက္ခဏာဖြစ်သည် -

ရုပ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း၊
စိတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်းများ
ဖြစ်လာပါသည်။

**ရုပ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း**

အမျိုးသားသွေးဆုံးချိန်ကိုရင်ဆိုင်ရသော အမျိုးသားများသည် -

- ❒ သွားလာလုပ်ကိုင်မှုနှေးကွေးခြင်း
- ❒ ခေါင်းမူး၊ ခေါင်းကိုက်ဖြစ်ခြင်း၊
- ❒ ကိုယ်လက်မအီမသာဖြစ်ကာ ခြေဖျား၊ လက်ဖျားအေးစက်နေခြင်း
- ❒ လိင်ပိုင်းဆိုင်ရာဆန္ဒလျော့နည်းလာခြင်း၊
- ❒ လိင်ကိစ္စပြီးဆုံးအောင်မဆောင်ရွက်နိုင်ခြင်း၊
- ❒ ပန်းသေ၊ ပန်းညှိုးရောဂါဖြစ်ခြင်း
- ❒ အားမရှိသကဲ့သို့ခံစားရခြင်း၊
- ❒ မောပန်းလွယ်ခြင်း။

**စိတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း**

- ❒ စိတ်ကယောက်ကယက် ဖြစ်ခြင်း
- ❒ မေ့လွယ်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း
- ❒ မိမိအိုမင်းလာသည့်အတွက် အိမ်ထောင်ဖက်မှ စိတ်ဝင်စားမှုလျော့နည်းမည်ကိုစိုးရိမ်ပြီး အိမ်ထောင်ဖက်ကို စိတ်မချခြင်း၊
- ❒ အခြားယောကျ်ားများနှင့် ပေါင်းသင်းပြောဆိုမှုကို မကျေနပ်ခြင်း
- ❒ မိမိသည် စွမ်းဆောင်ရည် မရှိတော့ဟုထင်ပြီး စိတ်ဓာတ်ကျခြင်း၊
- ❒ အလွန်အမင်း ဒေါသထွက်ကာ စိတ်လိုက်မာန်ပါပြုလုပ်တတ်ခြင်း
- ❒ မကျေနပ်မှုများ၊ သဝန်တိုစိတ်များ များလာခြင်း။

ထိုအချိန်မျိုးတွင် မိသားစုအသိုင်းအဝိုင်းက နားလည်စွာဖြင့် ဝန်းဝိုင်းကူညီကာ ဖေးမစောင့်ရှောက်ရန် လိုအပ်ပါသည်။ စိတ်ပိုင်းဆိုင်ရာဆိုးဝါးလာပါက ဆရာဝန်နှင့်အမြန်ဆုံးပြသကာ ကုသမှုခံယူသင့်ပါသည်။ အချို့သော အမျိုးသားများသည် ရောဂါနုစဉ်တွင် လိုအပ်သောကုသမှုကို မခံယူသည့်အတွက် နောက်ဆုံးတွင် ပန်းသေခြင်း၊ ပန်းညှိုးခြင်းဝေဒနာကို ခံစားကြပါသည်။ ထိုဝေဒနာရှင်များသည် အထူးသဖြင့် ငယ်ပိုင်းနှင့် လူလတ်ပိုင်းအချိန်တွင် လိင်ကိစ္စ၊ အပျော်ကိစ္စကို အလွန်အကြူး သူများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အထူးသဖြင့် ပန်းသေ၊ ပန်းညှိုးရောဂါနှင့် ပတ်သက်ရင်-



www.burmeseclassic.com

www.burmeseclassic.com

❒ ဗိုင်ယာဂရာ (Viagra)
❒ ဆိုင်ယားလစ်(စ်) (Cialis)
❒ လီဗစ်တြာ (Levitra)

ဤဆေးများသည် နိုင်ငံတကာတွင် လူသုံးများသည့်ဆေးများ ဖြစ်ပါသည်။ ထိုဆေးများကို သုံးစွဲမည်ဆိုပါက ဆရာဝန်နှင့်ပြသပြီး ဆရာဝန်ညွှန်ကြားချက်ပါမှ သောက်သုံးရမှာ ဖြစ်ပါသည်။ ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးကို အချိန်မှန်မှန်တိုက်ရပါမည်။ ဆရာဝန်ချိန်းဆိုသည့်အတိုင်း (Follow up) ကို မပျက်မကွက် ပြန်လည် ပြသရပါမည်။ ဆေးသောက်ပြီး တစ်မျိုးမျိုးခံစားရပါက ဆရာဝန်ကို ပြန်ပြောပြီး ဆေးအတိုးအလျှော့ ပြုလုပ်ပေးရပါမည်။ မိမိဆန္ဒအတိုင်း ချက်ချင်း ဆေးဖြတ်ခြင်း မပြုသင့်ပါ။ ဆေးဖြတ်ရန် အကြောင်းပေါ်လာပါက ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ဆေးကိုတဖြည်းဖြည်းလျှော့ချပြီးမှ ဖြတ်သင့်ပါသည်။

အမျိုးသား သွေးဆုံးဝေဒနာရှင်များသည် ဆေးဝါးသောက်သုံးသည်သာမက ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခု ယူသင့်ပါသည်။ သို့မှသာလျှင် သွေးလည်ပတ်မှုအားကောင်းပြီး ကျန်းမာရေးကို အထောက်အကူပြုပါလိမ့်မည်။ ထိုရောဂါသည် အသက်အရွယ်ကြီးရင့်မှ ဖြစ်သည့်ရောဂါဖြစ်သဖြင့် ၎င်းနှင့်သင့်လျော်သော လေ့ကျင့်ခန်းမှာ 'ယောဂကျင့်စဉ်' ဖြစ်ပါသည်။ ထို့အပြင် လေကောင်းလေသန့်ရှူရှိုက်ခြင်း၊ လမ်းလျှောက်ခြင်းလေ့ကျင့်ခန်းများနှင့်လည်း သင့်တော်ပါသည်။

**ယောဂကျင့်စဉ်**

ယောဂကျင့်စဉ်သည် သွေးဆုံးဝေဒနာရှင် အမျိုးသားများနှင့် အမျိုးသမီးများအတွက် သင့်လျော်သည့်လေ့ကျင့်ခန်း ဖြစ်ပါသည်။ ၎င်းကျင့်စဉ်သည် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ လန်းဆန်းရွှင်လန်းမှုကိုပါ ပေးစွမ်းနိုင်ပါသည်။ ယောဂကျင့်စဉ်တွင် အသက်ရှူလေ့ကျင့်ခန်း၊ အကြောအခြင်များလျှော့စေမည့် လေ့ကျင့်ခန်း ဖြစ်သည်။ တင်ပျဉ်ထိုင်လေ့ကျင့်ခန်းများ ပါဝင်ပါသည်။ အစာအိမ်အတွက် လေ့ကျင့်ခန်းမှာ အုန်းပင်စိုက်လေ့ကျင့်ခန်း ဖြစ်ပါသည်။

ယောဂကျင့်စဉ်တွင် အဓိကအားဖြင့် (၄) မျိုး ခွဲခြားထားပါသည်။

❒ ဟလဝန (Plough Pose) လယ်ထွန်သည့် အနေအထား ကျင့်စဉ်၊
❒ သုခသန (Easy Pose Simple Cross-Legged) တရားထိုင်ခြင်းကျင့်စဉ်၊
❒ ဆာဟာသန (Head Stand) အုန်းပင်စိုက်ကျင့်စဉ်၊
❒ ဆဗစန (Savasana) အနားယူလေ့ကျင့်ခန်းကျင့်စဉ်

ယောဂကျင့်စဉ်လေ့ကျင့်ခန်း ယူမည်ဆိုလျှင် ပထမဦးစွာ သွေးတိုးရောဂါရှိမရှိ စမ်းသပ်ရပါမည်။ သွေးတိုးရောဂါရှိသူများဟာ 'ဆဗစန' ဟု ခေါ်သော အနားယူကျင့်စဉ်နှင့် အသက်ရှူလေ့ကျင့်ခန်းကျင့်စဉ်တို့ကိုသာ လေ့ကျင့်ရမည် ဖြစ်ပါသည်။ အခြားကျင့်စဉ်များနှင့် မသင့်လျော်ပါ။

**ဟလစနခေါ် လယ်ထွန်သည့် အနေအထားကျင့်စဉ်**

ဤကျင့်စဉ်ကိုကျင့်ခြင်းဖြင့် ကျောရိုးများ သန်မာစေပြီး ဝမ်းချုပ်ခြင်းနှင့် အစာမကြေခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။ အသည်းကြီးရောဂါနှင့် ဗိုက်သားအဆီစုခြင်းများကို လျှော့ကျစေပါသည်။ အထက်ပါလေ့ကျင့်ခန်းအဖြစ် တရားထိုင်ကျင့်စဉ်၊ အုန်းပင်စိုက်ကျင့်စဉ်၊အနားယူကျင့်စဉ်များကို ယောဂဆရာနှင့်လေ့ကျင့်မှသာလျှင် အကောင်းဆုံး အထိရောက်ဆုံး ဖြစ်ပေမည်။ ထို့ကြောင့် သွေးဆုံးရောဂါရှင်များသည် ယောဂကျင့်စဉ် ခန်းမ၌ သွားရောက်လေ့ကျင့်ခန်းယူသင့်ပါသည်။ ယောဂနည်းဖြင့် လေ့ကျင့်ခန်းယူခြင်းသည် သွေးဆုံးရောဂါကို အံ့သြလောက်အောင် ပျောက်ကင်းသွားကြောင်း တွေ့ရှိရပါသည်။

**သုခသန (တရားထိုင်ခြင်းကျင့်စဉ်)**

ထိုကျင့်စဉ်ကို လေ့ကျင့်ခြင်းဖြင့် စိတ်ကယောက်ကယက်ဖြစ်ခြင်း၊ ခေါင်းမူးခြင်း၊ နှလုံးတုန်ကာ ပင်ပန်းနွမ်းနယ်ခြင်း၊ အိပ်မပျော်ခြင်း၊ အပြင်စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားခြင်းကို သက်သာပျောက်ကင်းစေပါသည်။ အထူးသတိထားရမည့်အချက်မှာ လေ့ကျင့်ခန်းယူနေသည့်ရက်အတောအတွင်း အရက်သောက်ခြင်း၊ စီးကရက်သောက်ခြင်း မပြုမိရန် သတိထားရပေမည်။

**ဆာဟာသနခေါ် အုန်းပင်စိုက်ကျင့်စဉ်**

ဤကျင့်စဉ်မှာ သွေးတိုးရောဂါရှိသူများ၊ အသက်ကြီးရင့်သူများ၊ မောပန်းလွယ်သူများနှင့် မသင့်လျော်ပေ။ ဤကျင့်စဉ်မှာ အစာရောဂါရှိသူများနှင့် အထူးသင့်တော်သည့် လေ့ကျင့်ခန်း ဖြစ်ပါသည်။ ဤကျင့်စဉ်တွင် ဆရာနှင့်သာ လေ့ကျင့်ရမည် ဖြစ်ပါသည်။ လေ့ကျင့်နည်းမမှန်ပါက ထိရောက်မှုရှိမည်မဟုတ်သဖြင့် စနစ်တကျ လေ့ကျင့်ရပေမည်။

**ဆဗစနခေါ် အနားယူလေ့ကျင့်ခန်းကျင့်စဉ်**

သွေးတိုးရောဂါများသည် အနားယူလေ့ကျင့်ခန်းကျင့်စဉ်နှင့် သင့်လျော်ပါသည်။ ထိုကျင့်စဉ်ကို ယောဂဆရာဖြင့် လေ့ကျင့်ရမည်။ ကျင့်စဉ်မှန်ကန်မှသာလျှင် ထိရောက်မှုရှိပေသည်။ အိမ်မပျော်သည့်ရောဂါရှိသူများ၊ ရင်တုန်ခြင်း၊ မောပန်းလွယ်ခြင်း၊ အာရုံကြောဆိုင်ရာရောဂါရှိသူများ၊ သွေးဆုံးဝေဒနာများကို သက်သာပျောက်ကင်းစေပါသည်။

ထို့အပြင် လမ်းလျှောက်ခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ စက်ဘီးစီးခြင်းအပြင် ကိုယ်လက်လှုပ်ရှားခြင်း လေ့ကျင့်ခန်းအပျော့စားဖြစ်သော လေ့ကားထစ်တက်ခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ အိမ်တွင်းသန့်ရှင်းရေးလုပ်ခြင်း၊ ပန်းပင်စိုက်ပျိုးခြင်းများကိုလည်း ပြုလုပ်နိုင်ပါသည်။ ယောဂကျင့်စဉ် ကျင့်နေစဉ်အတွင်း အခြားသော ကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်လျှင် ယောကျ်ားသွေးဆုံးဝေဒနာများ အံ့သြလောက်အောင် သက်သာပျောက်ကင်းသွားပေမည်။

အထူးသဖြင့် အမျိုးသားသွေးဆုံးရောဂါသည် ဖြစ်မှန်းမသိဖြစ်တတ်သည့် ရောဂါဖြစ်၍ သွေးဆုံးချိန် ဖောက်ပြန်မှုကြောင့် မိသားစုနှင့် မသင့်မတင့်ဖြစ်တတ်ပါသည်။ အကယ်၍ မိမိအမျိုးသားတွင် ယောကျ်ားသွေးဆုံးခြင်းလက္ခဏာများတွေ့ရှိရပါက ဆရာဝန်နှင့်ပြသပြီး ကုသမှုခံယူသင့်ပါသည်။ မိသားစုကလည်း ဝေဒနာရှင်အပေါ် နားလည်ခွင့်လွှတ်သည်းခံကာ ရောဂါကုသပေးပြီး နွေးထွေးစွာ ဆက်ဆံခြင်းဖြင့် ဝေဒနာရှင်ကို စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုပေးသင့်ပါသည်။ မိသားစုဝင်တိုင်း ကျန်းမာရေးအသိပညာဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ထိုဝေဒနာကို ကုသနိုင်မည် ဖြစ်ပေသည်။

ခိုခိုဌေး


Ref:

'Male Menopasue'
From Internet (Medical update)



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ် ဆိုတာ လူတိုင်းမှာ ရှိကြသည်။ မိသားစုသံယောဇဉ်၊ အိမ်သံယောဇဉ်၊ အလုပ်သံယောဇဉ် ဆိုပြီး သံယောဇဉ်နယ်ပယ်က ပြောမကုန်အောင် ကျယ်ဝန်းလှပါသည်။ သံယောဇဉ်သည် လူနှင့် သတ္တဝါများ သာမက ပရလောကသားများတွင်လည်း ရှိသည်။ သူနေရာသူ့ဒေသကို စွဲလမ်းသည်။ တပ်မက်သည်။ အခြားအရပ်သို့ မပြောင်းချင်။ ထိုသဘောကိုမသိဘဲ သတိလက်လွတ် မပြောဆိုမပြုမူသင့်။ ပြောဆိုပြုမူသူတိုင်း ကျိန်းသေဆိုးကျိုး ဖြစ်မည်ဟု မပြောနိုင်သော်လည်း ကံနိမ့်သူအဖို့မှာတော့ စုပုံ၍ခံရတတ်ကြောင်း အောက်ပါအဖြစ်အပျက်က သက်သေတည်နေပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



(---) မြို့နယ် မြို့အပြင်ဘက် ကားလမ်းဘေးတွင် ရှေးဘိုးဘေးအစဉ်အဆက် အသုံးပြုလာခဲ့သော သုသာန်တစ်ခုရှိသည်။ သုသာန်အကွင်းဝယ် အုတ်ဂူကြီး၊ ငယ်တို့လည်း လက်ညှိုးထိုး မလွဲအောင် ပေါများစွာတည်ရှိနေသည်။ ညဉ့်နက်ချိန်၌ သုသာန်အနီး လမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်သော မော်တော်ကားအချို့ သုသာန်ရှေ့အရောက် ရုတ်တရက် ကားစက်ချို့ယွင်းကာ ရပ်သွားလေ့ရှိသည်။ ပရလောကသားများ ကားစောင့်ကြိုစီး, မစီးမသိရသော်လည်း ကားဆရာက 'ငါတို့ကို အန္တရာယ်ဒုက္ခမပေးနဲ့၊ စီးလိုရာစီးလိုက်

# ညွန့်ဝင်း (နှတ်တလင်း)

## ပရလောကသားကို မဆင်မခြင်ပြောဆိုပြုမူမိသူ



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်' ဟု ပြောဆိုမှ စက်နိုးရသွားတတ်သည်။

တစ်နေ့တွင် အဆိုပါ သုသာန်ကို ဌာနဆိုင်ရာအမိန့်ဖြင့် ဖျက်သိမ်းပြီး အဆောက်အအုံ ဆောက်လုပ်ခဲ့သည်။ သုသာန်ရှင်းလင်းစဉ်က ဤနေရာဒေသတွင်နေထိုင်သော မြင်အပ်၊ မမြင်အပ်သောပုဂ္ဂိုလ်သတ္တဝါအပေါင်းကို အခြားနေရာသို့ ပြောင်းရွှေ့ပေးခဲ့ခြင်းရှိ မရှိကိုကား မသိရပါ။

သုသာန်နေရာ တစ်ဖြစ်လဲ အဆောက်အအုံဝင်းအတွင်း သရက်၊ မာလကာ၊ သီးပင်စားပင်ကလေးများရှိ၏။ တစ်နေ့ သန့်ရှင်းရေးသမားက မြက်ရှင်းစဉ် မြွေကြီးတစ်ကောင်ခွေနေသည်ကို တွေ့သဖြင့် ကြောက်လန့်တကြား ပြေးလာပြောပြရာ လူများသွားကြည့်သောအခါ မည်သည့်မြွေအရိပ်အယောင်မှ မတွေ့ရတော့ပေ။ ခြံဝင်းအတွင်း၌ မြက်ပင်များရှိသော်လည်း အလွန်ကြီးမားသည့် မြွေကြီးတစ်ကောင် ပျောက်မသွားနိုင်လောက်အောင် မရှုပ်ပေ။

သည့်နောက်ပိုင်းတွင် အဆောက်အအုံဝင်းအတွင်း သွားလာလှုပ်ရှားကြသူများမှာ သတိနှင့်သွားလာရသည်။ သို့သော် သန့်ရှင်းရေးသမားတွေ့ခဲ့သော မြွေကြီးမှာ နောက်ထပ်မည်သူမျှမတွေ့တော့ပေ။ ထိုအကြောင်းကို ကြားသိသော ကိုအောင်ကြီးဆိုသူက -

"ဒီမြွေကြီးငါနဲ့တွေ့စမ်းချင်တယ်။ ဘယ်သူ့မှခေါ် မနေဘူး။ ငါ့လက်ချက်နဲ့ ကိစ္စချောသွားစေရမယ်"

ဟု အခြောက်တိုက် ကြုံးဝါးလိုက်၏။

❐

ကိုအောင်ကြီးအကြောင်း ပြောရဦးမည်။ သူက လူတစ်မျိုး။ မည်သည့်ကိစ္စမဆို သူတစ်ပါးကပြောဆိုသတိပေးခြင်းကို လက်မခံတတ်။ သူပြောတာမှ အဟုတ်၊ သူလုပ်တာမှ အမှန်၊ တစ်ယူသန်အစွန်းရောက်သမား ဖြစ်သည်။ တမလွန်ဘဝတို့ ပရလောကတို့ သူစိတ်မဝင်စား။ ယုံလည်းမယုံကြည်။ ယခုလက်တွေ့ဘဝသာ အဓိကဟု သူကဆိုသည်။

ဤသို့ အစွန်းရောက် တစ်ယူသန် ဆန်လွန်းသူကို မည်သူကမျှ အပင်ပန်းခံ မပြောချင်တော့။ ဗုဒ္ဓဘာသာဝင်မှန်လျှင် ကံ၊ကံ၏အကျိုးကို ယုံကြည်သက်ဝင်၏။ ကိုအောင်ကြီးကတော့ ဗုဒ္ဓဘာသာဝင်ဆိုသော်လည်း အမည်ခံရုံသက်သက် အဆင့်သာရှိမည်။ အကြောင်းမူကား ကိုအောင်ကြီးတွင် ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာမရှိ။ ကိုယ့်ဆန္ဒအတိုင်း ကိုယ်ဖြစ်ချင်တာကိုယ်လုပ်မည်။ အယူမသီးပါဟူသည့်စိတ်က အမြဲလွှမ်းမိုးထားသည်။

မြန်မာစကားတွင် ရေတိမ်နစ်သည် ဟူသော စကားရှိ၏။ ရေနက်ရာ၌ နစ်မြုပ်တတ်သော်လည်း ရေတိမ်ပါလျက် နစ်မြုပ်သေဆုံးရသည်များလည်း ရှိတတ်၏။ အဓိပ္ပာယ်ကား ဘာမှမဖြစ်လောက်ဟု ထင်ရသောအရေးကိစ္စလေး ကြောင့်ပင် ဒုက္ခအကြီးအကျယ်ရောက်ရသည်ဟု ဆိုရမည် ဖြစ်သည်။

ယခုလည်း တစ်ယူသန်တဇောက်ကန်းသမား ကိုအောင်ကြီးတစ်ယောက် ရေတိမ်နစ်ခဲ့ရပြီဟု ဆိုရပေတော့မည်။

သုသာန်ဟောင်း ခြံဝင်းအတွင်းတွင် သရက်ပင်လေးတစ်ပင်၌ အသီးများသီးလျက်ရှိ၏။ အပင်မှာသိပ်မမြင့်လှ။ သီးနေသောအသီးများမှာ မြေကြီးမှပင် လက်နှင့်လှမ်းခူးနိုင်၏။ ထိပ်ဖျားရှိ အလုံးများသာဆွတ်ခြင်း၊ တံချူဖြင့် ချူရန်လိုသည်။ ထိုအပင်သို့ ကိုအောင်ကြီး ရောက်လာပြီး မည်သို့စိတ်ကူးပေါက်သည်မသိ။ အများက ဝိုင်းတားသည့်ကြားမှ လူနှစ်ရပ်သာသာမြင့်သော သရက်ပင်ပေါ်သို့ အသီးတက်ခူးသည်။ သိပ်မကြာလိုက်ပါ။ အပင်ပေါ်မှ မည်သို့ကျလာသည်ပင် မသိလိုက်။ ကိုအောင်ကြီးတစ်ယောက် မြေကြီးပေါ်တွင် ခြေထောက်ကို လက်ဖြင့်နှိပ်လျက်အော်ဟစ်ညည်းညူနေသည်ကို တွေ့ရလေသည်။

အားလုံးက ကိုအောင်ကြီးကို ဆေးရုံလိုက်ပို့ကြရာ ခြေထောက်ကျိုးသွားကြောင်း ဆရာဝန်ထံမှ သိရသည်။ ကလေးများပင်တက်နိုင်သော အင်မတန်နိမ့်သည့်အပင်မှကျပြီး ခြေကျိုးရသည့် အဖြစ်သည် ထူးဆန်းသလိုဖြစ်နေသော်လည်းဖြစ်တတ်သည်ဟုပဲ တွေးကြရတော့သည်။

သို့သော် နောက်ပိုင်းတွင် ကြားသိရသည့်သတင်းက စုတ်မသပ်ဘဲမနေနိုင်လောက်အောင်ပင်။ တဖြည်းဖြည်းသက်သာလာသည်ထင်သော ကိုအောင်ကြီးခြေထောက်က အခြေအနေမကောင်းဘဲ စတီးရိုး အစားထိုးဆက်၍ ကုသရသည်အထိ ဖြစ်ခဲ့သည်။

ကိုအောင်ကြီး၏အဖြစ်ကို ကြားရသူတိုင်း အံ့သြတုန်လှုပ်ရ၏။ မဖြစ်စလောက် အပင်နိမ့်နိမ့်လေးမှကျပြီး တစ်သက်လုံး ဒုက္ခိတဘဝရောက်သည် အထိ ကံဆိုးခဲ့သည်မှာ ရေတိမ်နစ်ဖို့ လာသည့် ကိုအောင်ကြီး၏ ကံကြမ္မာ ပဲလား။ အသက်အန္တရာယ်မရှိခဲ့သည် ပင် ကံကောင်းသည်ဟု ပြောရမလို နေ၏။ မည်သို့ပင်ဖြစ်စေ အစားပြန် နိုင်သော ခြေတစ်ဖက်ဆုံးရှုံးခြင်း အတူ ကိုအောင်ကြီးတစ်ယောက်ဘဝ မာန်တင်းလျှောက်လှမ်းရပေဦးတော့

*ဘေးအပေါင်းမှကင်းဝေးကြ*

ညွန့်ဝင်း (နတ်တ

# ကလေးသူငယ် ကြက်ညှာချောင်းဆိုးလျှင်

## နတ်မောက်မင်းချစ်နော်

ခြောက်လသားအရွယ်မှ သုံးနှစ် လေးနှစ်အရွယ်အထိ ကလေးသူငယ် များတွင် ကြက်ညှာချောင်းဆိုးရောဂါ ဖြစ်တတ်ပါသည်။

ကလေးများ၏ကြက်ညှာချောင်းဆိုး ရောဂါကို မကုဘဲပစ်ထားပါက ရင်ဘတ် ကြီး မို့မောက်တက်လာကာ ထိုကလေး သည် နောင်အခါတွင် ခန္ဓာကိုယ်တည် ဆောက်ပုံမမှန်တော့ဘဲ နငယ်လိုဖြစ်နေ တတ်ပါသည်။ သက်တမ်းစေ့လည်း မနေရတတ်ပါ။

ကြက်ညှာချောင်းဆိုးပျောက်ကင်း စေသော မြန်မာ့ရိုးရာဆေးနည်း တင်ပြ ရလျှင်-

| | |
|---|---|
| မီးဖိုချောင်ဆုံးရိုးရိုးဆား | ၅ မူးသား |
| ကြက်သွန်ဖြူအခွံသင်ပြီး | ၅ မူးသား |
| စမုန်နက်စေ့ | ၅ မူးသား |
| ပိတ်ချင်း | ၅ မူးသား |
| ချင်း | ၅ မူးသား |
| ကြောင်ပန်းရွက် | ၂ကျပ်ခွဲသား |

အားလုံးကိုကြိတ်ပြီး ကလေး၏ အသက်အရွယ်ကိုချင့်၍ တစ်ရွေး၊ သုံး ရွေး စသည်ဖြင့် တိုက်ကျွေးပေး အချွဲအကျိများကျသွားပြီး သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။

နတ်မောက်မင်းချစ်နော်



www.burmeseclassic.com

www.burmeseclassic.com

# (ဝိဇ္ဇာဓရဂျာ) ဝင်(ငြိမ်း) သူရနှထွန်း

## သူသေငါသေရင်းသေဖျားနှောဓာတ်သဘော



အတိတ်ကပြုခဲ့သောအကြောင်းအရာများမှာ ပဋိသန္ဓေစိတ်မှစ၍ ဘဝင်စိတ်အဖြစ် ပစ္စုပ္ပန်တွင်ပါရှိသော်လည်း နေရာဒေသ၊ ပတ်ဝန်းကျင်အထောက်အကူမရှိခဲ့လျှင် အကျိုးမပြုနိုင်ပါ။ ထိုထိုသော အကြောင်းတရားများကိုပင် ပါရမီဟု ခေါ်ဆိုပညတ်ကြခြင်း ဖြစ်ပါသည်။ အောင်မြင်ပြည့်ဝသော မျိုးစေ့ကဲ့သို့ပင် ရေ၊ မြေ၊ နေ၊ လေဟူသော အကြောင်းတရားမှ လွတ်ကင်း၍ အပင်မဖြစ်နိုင်ပါ။ ပဋ္ဌာန်းပစ္စည်းများပြည့်စုံမှသာ အောင်မြင်မှုကို ရရှိနိုင်ပါသည်။ ဝိဇ္ဇာဖြစ်ဆေးမရှိပါ။ အကြောင်းဆက်အတိတ်မှရှိခဲ့၍ အောင်မြင်ပြီးမြောက်သောပုဂ္ဂိုလ်မှ ရွှေများပေးလျှင် ယခုဘဝတွင် ချမ်းသာပါမည်။ အသက်ရှည်ဆေးပေးလျှင်လည်း အသက်ရှည်ကြာနေရပါမည်။ သိဒ္ဓိဆယ်ပါးဖြင့်ထွက်ရပ်သွားနိုင်သော ဝိဇ္ဇာပညာမှာ ပေး၍မရနိုင်ပါ။ အတ္တာဟိအတ္တနော ဆိုသည့် ဗုဒ္ဓဒေသနာတော်နှင့်အညီ သိမြင်တတ်မြောက်မှသာ ဝိဇ္ဇာဖြစ်ပါမည်။ မှန်ရာကိုမသိရှိသေးသမျှ အဝိဇ္ဇာပင် ဖြစ်သည်။ အကြောင်းရင်းကို မသိရှိဘဲ အကျိုးတရားများကို ပြောဆိုရေးသားနေကြသည်မှာ ဂန္ထာရီ မဟုတ်ပါ။ ဒဏ္ဍာရီများ ဖြစ်ပါသည်။

စာရေးသူ လျှောက်လှမ်းခဲ့သော သုံးဆယ့်ငါးနှစ်ဆိုသော ကာလအတွင်းတွင် အင်္ဂါရတ်ဝါရင့်ဆရာသမားကြီးများ၊ ဆရာတော်များ ပြောဆိုဆုံးမခဲ့သော ဒဏ္ဍာရီများစွာရှိခဲ့ပါသည်။ စာရေးသူ လက်မခံခဲ့ပါ။ ဓာတ်ဝိဇ္ဇာဖြစ်လိုလျှင် မူလဘူတဖြစ်သော ဓာတ်လေးပါးကို ကွဲကွဲပြားပြားသိရပါမည်။ 'မီးနှင့်ကားရေ၊ လေနှင့်မြေ မိတ်ဆွေတော်ကြသဟာယ' ဆိုသည့် ပုဂ္ဂလပညတ်ဓာတ်သစ္စာကို ပြစ်ပယ်၍ မအောင်မြင်နိုင်ပါ။ လောကတွင် တန်ဖိုးအမြင့်ဆုံး သတ္တုတစ်မျိုးဖြစ်သည့် ရွှေဆိုသည့် သတ္တုဖြစ်ရန် ကြိုးစားကြရာတွင် ပါပ၊ သူရဇ္ဇ၊ အမြိတ္တာ၊ ကောလီ မညီသောအခါ မအောင်ရာဟု ဓာတ်ကျမ်းအစောင်စောင်တွင် ညွှန်ကြားသည်နှင့်အညီ ဥပမာအားဖြင့် အာဟာရဖြစ်သော ထမင်းဖြစ်ရန် ချက်ပြုတ်ရာတွင် ပထဝီဖြစ်သော ဆန်အား အာပေါ ရေနှင့်တွဲဖက်၍ မီးဖိုတွင်တင်ပြီး ကျွမ်းကျင်လိမ္မာစွာ ချက်ပြုတ်ပါက စားသုံးရန် အာဟာရထမင်းကို ရရှိပါသည်။ ရရှိလာသောထမင်းမှာ မီးမှဖြစ်ခြင်း၊ ရေမှဖြစ်ခြင်း၊ လေမှဖြစ်ခြင်း မဟုတ်ပါ။ ပထဝီဖြစ်သောဆန်မှဖြစ်ခြင်းပင် ဖြစ်ပါသည်။ သို့သော် မီး၊ လေ၊ ရေမပါရှိဘဲ ထမင်းမဖြစ်နိုင်ပါ။ ရွှေဖြစ်လိုလျှင် ရွှေကဲ့သို့ ပထဝီဓာတ်တစ်မျိုးကိုတည်၍ တေဇော၊ ဝါယော၊ အာပေါ ဟူသော ဓာတ်များဖြင့် ပြုပြင်ရပါမည်။ ရွှေနှင့်တူရုံမျှ ပြုပြင်တတ်လျှင် စပ်တူရွှေဖြစ်ပါသည်။ ဓာတ်များကို ပိုင်နိုင်စွာ ပြုပြင်ပါလျှင် ရွှေအစစ်ပကတိဖြစ်ပါသည်။ လူအများ ယူဆထားသလို ပြုလုပ်၍မရနိုင်သောသတ္တု မဟုတ်ပါ။ ဓာတ်များပြုလုပ်၍ အချိန်တိုအတွင်းဖြစ်ရသော အခေါက်ရွှေသည် သယံဇာတနှစ်ပေါင်းရာထောင်မျှဖြစ်တည်ရသော အခေါက်ရွှေထက် သိပ်သည်းဆ၊ အရောင်အဆင်း၊ အပျော့အပြင်း သာလွန်ပါသည်။ ရွှေအကြောင်း ကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်များမပြောဘဲနှင့်သိကြပါသည်။ မမြင်နိုင်သောစွမ်းအင်များ ပါရှိပါသည်။ တေဇောဓာတ်ဖြစ်သော ပြဒါးမင်းလေးပါးဟု ခေါ်ဆိုပညတ်သော စိန်၊ ဆေးဒန်း၊ ကန့်၊ ဟင်းရိုင်းတို့မှ ထွက်ရှိသော ပြဒါးတို့ကို အခိုင်အမာ ရွှေဖြစ်ရန် ကြံစည်အားထုတ်နေပါလျှင် သက်တမ်းတစ်ခု အကျိုးမဲ့ကုန်ဆုံးရမည် ဖြစ်ပါသည်။

စာရေးသူ၏ဇာတိမှာ ပြည်မြို့၏ မြောက်ဘက် မိုင် (၅၀) ခန့် ကွာသော အောင်လံမြို့နယ် အရှေ့တောင် ကျောက်ပန်းတောင်တိုက်နယ်တွင်းမှ စမြကျေးရွာဖြစ်ပါသည်။ အိမ်ခြေ (၂၀၀) ကျော်ရှိသော ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ အင်္ဂါရတ်ထိုးသည်ကို မမြင်ဘူးပါ။ ရွာတွင်လည်း မရှိပါ။ ပတ်ဝန်းကျင်ကျေးရွာများတွင်လည်းမရှိပါ။ မျိုးရိုးထဲတွင်လည်း မရှိခဲ့ပါ။ အချိန်တန် အရွယ်ရောက်၍ ပြည်မြို့သူနှင့် အိမ်ထောင်ကျပြီးမှသာ ညီအစ်ကိုကဲ့သို့ အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦး၏ အကူအညီတောင်းမှုကြောင့် အင်္ဂါရိတ်လောကသို့ စတင်ဝင်ရောက်ခဲ့ပါသည်။ ထိုအချိန်က ရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် (၁၈၀၀) ကျပ်ဖြစ်ကြောင်း စွဲစွဲထင်ထင် မှတ်မိနေပါသည်။ အဘယ်ကြောင့်ဆိုသော် အခေါက်ရွှေ တစ်ကျပ်ခွဲသားသုံးလခန့် မီးတွင် နည်းအမျိုးမျိုးထိုး၍ လေလွင့်ပျက်စီးကာ နောက်ဆုံးမှုက်ထုတ်၍ ရွှေတစ်မူးသာ ပြန်လည်ထုတ်ယူရရှိသည့်အတွက် မှတ်မိနေခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ရွှေများထည့်၍ ဖိုထိုးနေစဉ်အတွင်း အင်္ဂါရတ်ဆရာပေါင်းစုံနှင့် တွေ့ကြုံခင်မင်ခဲ့ရပါသည်။ ထိုဆရာကြီးများ ရွတ်ဆိုပြသောအင်္ဂါရတ်ကျမ်းပေါင်းများစွာကို သင်ကြားပို့ချပေးနိုင်သော မင်းပေါင်းစုတည်ဘုရားဝင်းထဲမှ ထန်းလုံးကျောင်းဆရာတော် ဦးဥက္ကံသဗောဓိထံသို့ ဝင်ရောက်ဖူးမြော်လျှောက်ထားပြီး (၆) လခန့် ဓာတ်ထိုးခြင်းကို ရပ်နား၍ အင်္ဂါရတ်ကျမ်း(၁၂)ကျမ်း အာဂုံဆောင်နိုင်အောင် သင်ကြားခဲ့ပါသည်။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

တော်လည်း ဓာတ်ထိုးပါသည်။ စာရေးသူ သင်ကြားလိုသော အင်္ဂလိပ်ကျမ်းပေါင်းစုံကိုလည်း သင်ကြားပေးပါသည်။

ဆရာတော်မှာ အင်းစွမ်းပါသည်။ ဓာတ်နှင့်ပတ်သက်၍ ပျံလွန်တော်မူသည့် (၂၀၀၃) ခုနှစ်တိုင်အောင် ထူးထူးခြားခြား စွမ်းဆောင်မှု မရှိခဲ့ပါ။ ဆရာတော် ပျံလွန်တော်မူပြီးနောက်တွင်မှ မည်သူက ဒဏ္ဍာရီအဖြစ် စတင်လိုက်သည်မသိ။ ပြည်မြို့မှ ထန်းလုံးကျောင်း ဆရာတော် ဓာတ်အောင်၍ အသေထွက်ထွက်သည်ဟု ဆိုကာ ဆရာတော်၏ တပည့်ရင်းဖြစ်သော ဦးထွန်းဝင်းမှာ ဆရာတော်၏ ပညာများ ရရှိလိုက်သည်ဟူ၍ အနယ်နယ်မှ လာရောက်၍ မေးမြန်းခြင်းကို စာရေးသူ ဖြေရှင်းနေရပါသည်။ စာရေးသူ၏ ကျမ်းဆရာ မှန်ပါသည်။ သို့သော် ဓာတ်လေးပါးပင် မကျွဲပါ။ အင်းတွင်တော့ အတော်ခရီးရောက်ပါသည်။ ထိုကဲ့သို့သော ဒဏ္ဍာရီများသာ ဖြစ်ကြပါသည်။ ထိုထိုသော လွန်လေပြီးသော အကြောင်းတရားများထဲ ဆင်ခြင်ထိုက်၊ မှတ်သားထိုက်သော အကြောင်းအကျိုးများကို ဓာတ်လမ်းကိုကြံစည်ကြိုးစားနေသောဆရာများ သိရှိဆင်ခြင်နိုင်ပါရန် စေတနာထား၍ တင်ပြပါရစေ။

❒

စာရေးသူမှာ ၁၉၇၆ ခုနှစ်တွင် အိမ်ထောင်ကျ၍ ပြည်မြို့မှနေပြီး ၁၉၈ ၁ ခုနှစ်တွင် ရန်ကုန်မြို့နယ် တောင်ဥက္ကလာပမြို့ (၁၁) ရပ်ကွက်သို့ ပြောင်းရွှေ့ကာ (၁၀) ရက်ကွက်ဈေးတွင် အထည်ဆိုင်ဖွင့်၍ နေထိုင်ခဲ့ပါသည်။ ရန်ကုန်မြို့တွင် အင်္ဂလိပ်နှင့်ပတ်သက်၍ အနယ်နယ်မှ ဆရာပေါင်းစုံနှင့် သိရှိကျွမ်းဝင်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များထဲတွင် မအူပင်မြို့မှ ပြောင်းရွှေ့ ရောက်ရှိနေသော ဉာဏစာဂီ ကမ္မဋ္ဌာန်းတိုက်မှ တရားပြဆရာဦးငွေခိုင်နှင့် ရင်းနှီးခဲ့ပါသည်။ ဦးငွေခိုင်တွင် မိသားစုမရှိပါ။ ငယ်စဉ်ကပင် ဉာဏစာဂီဆရာတော်ကြီးတပည့်ရင်းဖြစ်၍ တရားပေါက်ကာ သံယောဇဉ်အမျှင်မရှည်လို၍ အိမ်ထောင်မပြုခဲ့ကြောင်း ပြောပါသည်။ စာရေးသူနှင့်တွေ့ချိန်တွင် ဦးငွေခိုင်၏ အသက်မှာ (၇၂) နှစ် ဖြစ်ပါသည်။ အင်္ဂလိပ်ဝါသနာပါပါသည်။ လူပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း တောင်ဥက္ကလာပမြို့တွင် အထင်ကရရှိသည့် ဇာလီကျောင်းတိုက်အနီး ဉာဏစာဂီကမ္မဋ္ဌာန်းတိုက်ဝင်းတွင် တိုက်တစ်လုံးနှင့် တစ်ကိုယ်တည်းနေပါသည်။ အခြားအခြား ကျောင်းတိုက်များတွင် ကျောင်းထိုင်သံဃာများရှိပါသည်။ ထိုအချိန်က ဉာဏစာဂီဆရာတော်ကြီးမှာ မော်လမြိုင်မြို့တွင် သီတင်းသုံးနေသည်ဟုသာ သိရပါသည်။ တစ်ခါမှ မဖူးတွေ့ဘူးပါ။ ဦးငွေခိုင်နှင့်စာရေးသူမှာ ဦးလေးသားချင်းအရင်းကဲ့သို့ အလွန်ရင်းနှီးပါသည်။ မဟုတ်မမှန် မည်သည့်အခါမျှ မပြောခဲ့ဘူးပါ။ ဓာတ်အတူထိုးရင်း သူအင်္ဂလိပ်ဝါသနာပါလာပုံကို ခရေစေ့တွင်းကျပြောပြပါသည်။

ဦးငွေခိုင် အသက် (၃၀) ဝန်းကျင်အရွယ်တွင် မအူပင်မြို့၌နေ၍ ဆန်ပွဲရုံတစ်ခုနှင့် ရာလေးစက်ဘီးကုမ္ပဏီနှင့် တိုက်ရိုက် ဆက်သွယ်ပြီး စက်ဘီးအရောင်းဆိုင်ထောင်ထားသောကြောင့် ဝင်ငွေအလွန်ကောင်းပါသည်။ ၁၉၄၀ ပြည့်နှစ်ဟု ခန့်မှန်းရပါသည်။ ထိုအချိန်တွင် ဦးငွေ[illegible]၏အစ်မနှင့် ယောက်ဖဖြစ်သူတို့အိမ်[illegible]ည်သည်တစ်ဦးရောက်ရှိနေပါသည်။ အသက်အားဖြင့် (၆၀) ခန့်ရှိပါသည်။ လာရောက် တည်းခိုသွားသော တစ်လလောက်အချိန်အတွင်း တစ်ခါမှ ရေမချိုးပါ။ ယခင်ကလည်း ချိုးဟန် မတူပါ။ အဝတ်အစားများကို လျှော်ဖွပ်ခြင်းမရှိ၍ ကြေးအထပ်ထပ်ဖြစ်နေပါသည်။ ဦးငွေခိုင်၏ အစ်မများမှာ မည်သည့်အကြောင်းကြောင့်မသိ ဝိဇ္ဇာဖြစ်ကြောင်းပြောပါသည်။ အလွန်ရိုသေစွာ ဧည့်ခံ၍ထားပါသည်။ ဦးငွေခိုင်မှ လုံးဝမယုံကြည်လက်မခံခဲ့ပါ။ မိမိထက်အကြီးများဖြစ်နေ၍ မပြောသာ၍ ရှောင်နေခဲ့ရပါသည်။ သို့သော် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ဝိဇ္ဇာမဖြစ်နိုင်ကြောင်း၊ အလိမ်အညာ ဘိုးတော်တစ်ဦးသာဖြစ်မည့်အကြောင်း အစ်မအိမ်ရောက်တိုင်း ဝေဖန်ပြောဆိုခဲ့သည်။ ထိုကဲ့သို့ ပြောဆိုနေသည်ကို ဘိုးတော်ကလည်း ကြားပါသည်။ ကြားအောင်လည်း တမင်ပြောခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ အကြိမ်ကြိမ်ပြောဆိုနေသည့်တစ်နေ့တွင် ဘိုးတော်မှ -

"မောင်ငွေခိုင်၊ ငွေစင်ဖြစ်သော ဘော်ကို သိသလား"

ဟု မေးပါသည်။ သူငယ်ချင်း အပေါင်းအသင်းများထဲတွင် ရွှေဆိုင်ရှိသဖြင့် ကောင်းစွာ သိရှိကြောင်း။ ထိုအခါ လုံ၊ လက်ချားနှင့် ဘော်(၅၀)သား ဝယ်ခဲ့ရန် ပြောပါသည်။ အစ်မက ငွေပေးပါသည်။ ဈေးသို့သွားကာ ရွှေဆိုင်တွင် ဘော်ဝယ်သောအခါ ရန်ကုန်သို့သွားရောက် ရောင်းချပြီးစဖြစ်၍ လိုသလောက် မရခဲ့ပါ။ (၃၀) သားသာ ရခဲ့ပါသည်။ ဈေးမှပြန်ပြီး အစ်မတို့ အိမ်ရောက်သည့်အခါ အစ်မနှင့် ယောက်ဖငှားရမ်းလာသော ဖားဖိုတစ်လုံးနှင့် မီးသွေးများ ရောက်ရှိနေပါသည်။ ထိုအခါ ဆရာက မီးဖိုခန်းတွင်ဖိုဆင်၍ လက်ချားကို ချော်ချက်ခိုင်းပါသည်။ လုံဇောက်နံပါတ်လေးနှင့် ဖြစ်ပါသည်။ ချော်လုံပြည့်ရလျှင် ပြောပါဟု ဆို၍ အိမ်ရှေ့ဘုရားခန်း ရေနွေးဝိုင်းတွင် ထိုင်နေပါသည်။ လက်ချားချော်ကို ချက်ရာတွင် ဦးငွေခိုင်အစ်မက ညှပ်ကိုင်လုံထားပို၍ ကျွမ်းပါသည်။ လက်ချားချော်လုံပြည့်ရသောအခါ အစ်မမှ သွားပြောသဖြင့် ဆရာ ဖိုနားသို့ရောက်ရှိလာပြီး ဖားဖိုတိုရပ်ဂှာ လုံထဲသို့ ဓာတ်လုံးတစ်လုံးထည့်ပါသည်။ ထို့နောက် လုံငှားဖုံးကာ (၁)နာရီ ဖိုဆွဲခိုင်းပါသည်။ (၁) နာရီပြည့်လျှင် ဆရာတစ်ခါလာ၍ လုံကို ဖိုထဲမှ ဆယ်ယူပြီး သဲခွက်တွင်ချကာ ချော်မခဲခင် ဓာတ်လုံးအား ညှပ်ဖြင့်နှိုက်ယူပြီး ရေနံမြောင်းတွင် ခံရေသုံးကြိမ်လောင်းပါဟု ပြောဆိုကာ ရေနွေးဝိုင်းသို့ ပြန်သွားပါသည်။ (၁) နာရီဖိုဆွဲပြီးသောအခါ ရေနံမြောင်းထဲသို့ ခံရေ(၃)ကြိမ်လောင်းပါသည်။ ပထမနှစ်ကြိမ်တွင် အဖြူရောင်ဖြစ်သော်လည်း သုံးကြိမ်မြောက်လောင်းပြီးသောအခါ ရွှေအခေါက်ဖြစ်သွားပါသည်။ အလေးချိန်အလျော့ပါ။ ပမာဏမှာ သာမန်ရွှေများထက် သုံးပုံနှစ်ပုံခန့် သေးငယ်သွားပါသည်။

ဆရာက -

"မင်းတို့မောင်နှမခွဲယူကြ"

ဟု ပြောသဖြင့် တစ်ဦးတစ်ကျပ်[illegible] သားရပါသည်။ ထိုအချိန်မှစ၍ ကြေး[illegible] အထပ်ထပ်ဖြစ်သော်လည်း ဆရာ[illegible] မနှစ်မြို့ခြင်းမဖြစ်တော့ပါ။ အနံ့အသ[illegible] လည်း ဆရာ့ကိုယ်မှာမရှိပါ။ အဝတ်အ[illegible] စားများ ဖွပ်လျှော်ရန် တောင်းသော်[illegible] လည်း ချွတ်မပေး၍ မလျှော်ရပါ။ ဝတ်[illegible] ထားသောတိုက်ပုံနှင့် ရှပ်အကျႌမှလွဲ၍ အပိုမပါပါ။ လွယ်အိတ်ထဲတွင် တဘ[illegible] တစ်ထည်သာ ပါရှိသည်။ ဤအကြော[illegible] ကို မည်သူမျှမပြောရန် မှာထားသ[illegible] အတွက် ဦးငွေခိုင်လည်း မည်သူ[illegible] မပြောခဲ့ပါ။ သို့သော် ဓာတ်ကြောင်း[illegible] ကို လေ့လာ၍ ဆေးဒန်းဓာတ်လုံးလို[illegible] ကြောင်း ဆရာ့အားပြောရာ ဆေး[illegible] (၅၀) သား ဝယ်ခိုင်းပြီး ဘော်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com

စဉ်က လုံတွင်ပင် ချော်ထပ်ဖြည့်၍ ဆေးဒန်းခဲများကို ညှပ်ဖြင့် ထိုးထည့်ခိုင်းပါသည်။ ဆေးဒန်းအခိုးများ တစ်ခန်းလုံး မှောင်သွားအောင်ထွက်သဖြင့် ဦးငွေခိုင် စိတ်တွင် ကုန်ပြီဟု ထင်မိပါသည်။ နေ့တစ်ဝက်ခန့် မီးထိုးပြီး လုံခွဲသောအခါ ခြောက်မူးသားခန့် ဆေးဒန်းပြဒါးလုံးရရှိပါသည်။ လက်ချားဖြင့်ပင်လေဖိုတင်ခိုင်းပါသည်။ ဆရာနှင့် လက်ပွန်းတတီး တစ်လခန့် အတူနေရသောအချိန်များတွင် သိသင့်သိထိုက်သောဓာတ်ကြောင်းများကို ဆရာ့ထံမှ ကြားနာခဲ့ရပါသည်။ အပြည့်အဝ နားမလည်ခဲ့ပါ။

တစ်လခန့်ရှိသောအခါ ဆရာခရီးဆက်ထွက်သွားပါသည်။ ပုသိမ်ဘက်သွားရမည်ဟု ဆိုပါသည်။ ဆရာနှင့် ယခုအချိန်ထိ နောက်ထပ်မတွေ့ရတော့ပါ။ ဦးငွေခိုင်သည် စာရေးသူကို အလွန်ခင်ပါသည်။ အားလည်းကိုးပါသည်။ စာရေးသူပြောသော ဓာတ်ကြောင်းများမှာ သူ့ဆရာပြောခဲ့သောစကားများနှင့် အယူအဆတူနေ၍ ဆရာပြောခဲ့သော စကားများကို ပြန်လည် အမှတ်ရလာပါသည်ဟု ဆိုပါသည်။ စာရေးသူကို ပေါက်မြောက် အောင်မြင်နိုင်သည် ကြိုးစားပါဟု အမြဲတိုက်တွန်းပါသည်။

ထိုကဲ့သို့ ဆရာထွက်ခွာသွားပြီးနောက်တွင် ဆေးဒန်းလုံးအား လေဖိုတင်ပါသည်။ မီးမပြတ်ဝီရိယစိုက်၍ တင်ခြင်းမဟုတ်ပါ။ အလုပ်အားရက်များတွင် စိတ်ကူးရလျှင် မီးတင်ပါသည်။ မီးမတင်မိဘဲ သုံး၊ လေးလလည်းရှိခဲ့ပါသည်။ ထိုကဲ့သို့ မီးတင်လာ၍ (၂) ခန့်ရှိသောအခါ ဓာတ်လုံးမှာလည်း ပုလုံးကဲ့သို့အရောင်ဖြစ်၍ (၃) ပဲသားသာကျန်ရှိပါသည်။ ဝင်ငွေကောင်းသည့်ပွဲရုံနှင့် စက်ဘီးဆိုင်ရှိသဖြင့် ဓနသိဒ္ဓိအောင်သည်၊ မအောင်သည်ကိုလည်း သတိမထားမိပါ။ ပီယသိဒ္ဓိနှင့် ပတ်သက်၍တော့ ဦးငွေခိုင် တစ်ခါမှမပြောဘူးပါ။ ဦးငွေခိုင်တို့မိသားစု အဘိုးအဘွားလက်ထက်မှစ၍ ကိုးကွယ်ဆည်းကပ်လာသော မအူပင်ကျောင်း (အမည်မသိပါ) ဆရာတော်ကြီးမှာလည်း အင်္ဂရုတ်ထိုးသည့်အတွက် ဓာတ်လုံးကိုပြကာ အကြံဉာဏ်တောင်းခံမိပါသည်။

ထိုအခါ ဆရာတော်ကြီးက ဓာတ်လုံးကို သေသေချာချာကြည့်ရှုပြီး ပြာရိုက်ခိုင်းပါသည်။ ပြာချပုံပြာချနည်းကို ဆရာတော်ကြီး ညွှန်ကြားသည့်အတိုင်း အိမ်တွင် ဖွဲမီးစိုက်ပါသည်။ လေးရက်ကြာသော်လည်း ဓာတ်လုံးမှာ ပြာမဖြစ်ပါ။ ဆရာတော်ကြီးအား ဓာတ်လုံးကို ပြသလျှောက်ထားသောအခါ မင်းလေးပါးကို သံပရာရည်ဖြင့်သွေး၍ လုံအတွင်းကို အထပ်ထပ်သုတ်ခိုင်းပါသည်။ အကြိမ်များစွာသုတ်လိမ်းပြီးမှ လုံတွင် ဓာတ်လုံးထည့်ကာ မီးစိုက်ခိုင်းပါသည်။ တစ်နေ့တစ်ည မီးစိုက်လိုက်သည်နှင့် ဓာတ်လုံးမှာ အလေးချိန်မလျော့။ ပြာဖြစ်သွားပါသည်။ ပြာချဆေး (စတုဗလ) ဆေးခေါ်ကြောင်း မိန့်ကြားပါသည်။ ၎င်းပြာနှင့်လေးတူ ပြဒါးထည့်၍ နောက်တစ်ရက် မီးစိုက်လိုက်သောအခါ ပြဒါးအလေးချိန်အလျော့ပြာကျသွားပါသည်။ ထိုကဲ့သို့ တစ်နေ့လျှင် တစ်ကြိမ် ပြဒါးထည့်၍ မီးစိုက်ကာ (၇) ဆင့်ရှိသောအခါ ကြေးနီ (၅၀) ကျပ်သားကို အရည်ကျိုကာ ပြာလေးပဲသားထည့်ပါသည်။ ကြေးနီမှာ မွဲခြောက်သွားသည်မှလွဲ၍ ထူးခြားမှုမရှိခဲ့ပါ။ တစ်ဆင့်တိုးတိုင်း တစ်ခါစမ်းပါသည်။ (၁၂) ဆင့် ရောက်သောအခါ ကြေးနီသည် အသံမြည်၍ လုံအပေါ် လက်လေးသစ်ခန့် အညောက်များပေါက်ကာတက်လာပြီး နောက်ပြန်လည်ကျဆင်းကာ ဆိတ်မျက်စိကဲ့သို့ ကြည်လင်သွားပါသည်။ ရေနံ့မြောင်းလောင်းပြီးသောအခါ (၄၀)ကျပ်၊ (၈)ပဲ အလွန်ကောင်းသည့် ဘော်ဖြစ်သွားပါသည်။ ထိုစဉ် ကဘော်ဈေးမှာ တစ်ကျပ်သားလျှင် (၅၀)ကျပ်သာရှိသည့်အတွက် စီးပွားရေးအတွက် ပြုလုပ်ခြင်းမဟုတ်ပါ။ အလွန်ဆန်းကြယ်၍ အံ့သြဖွယ်ရာဖြစ်နေ၍ ပြုလုပ်နေခြင်းသာ ဖြစ်ပါသည်။

ကိုးကွယ်သည့် ဆရာတော်ကြီးကလည်း လိုချင်သဖြင့် လေးကျပ်ခွဲသား ဘော် (၃) ချောင်း လှူထားပါသည်။ ရွှေပင်လို ရွှေပင်စိုက်ရသည် ဆိုသည့်အတွက် ၎င်းပြာတစ်ပဲတွင် ရွှေအခေါက်တစ်ပဲထည့်ပြီး မီးစိုက်သောအခါ ရွှေပါပြာဖြစ်ပါသည်။ ၎င်းပြာဖြင့် ကြေးနီကို ပြစ်သောအခါ ငွေပင်မဖြစ်တော့ဘဲ ကြေးနီမှာ မည်းနက်သွားသောကြောင့် ဆက်လက်မလုပ်ဖြစ်တော့ပါ။ စိတ်ကူးရတိုင်း ကြေးနီကို ဘော်လုပ်နေပါသည်။ မည်သူ့ကိုမျှမပြောပါ။ ပြာနည်းသွားလျှင် ပြဒါးဆတူထည့်ပြီး ပြာပြန်ပွားပါသည်။

ထိုကဲ့သို့ ပြာစိုက်လိုက်၊ ဘော်လုပ်လိုက်ဖြင့်နေလာခဲ့၍ ၁၉၅၇ ခုနှစ်ခန့်တွင် တိုင်းပြည်မငြိမ်မသက်ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးတစ်လျှောက်တွင် ပြည်တွင်း စစ်များဖြစ်ရာ ကေအင်ဒီအိုခေါ် ကရင်သောင်းကျန်းသူများက အရေးသာသဖြင့် မြန်မာအိမ်ထောင်စုများ အများအပြားပင် မြို့ရွာကိုစွန့်ခွာလျက် ထွက်ပြေးပြောင်းရွှေ့ရပါသည်။ ထိုကဲ့သို့ တိမ်းရှောင်ကြသည့်အထဲတွင် ဦးငွေခိုင်လည်းပါဝင်၍ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပါသည်။ မအူပင်မြို့မှ ထွက်ခွာခါနီးတွင် ပန်းပဲပညာဖြင့် အသက်မွေးရသော တူသားချင်းတစ်ဦးကို ဆင်းရဲပင်ပန်းလှသဖြင့် ပြာပုလင်းပေး၍ ကြေးကို ဘော်လုပ်သည်ကို သင်ကြားပြသခဲ့ပါသည်။ ရန်ကုန်မြို့တွင် အခြေချမိလျှင် ကြေးနီမှဖြစ်သော ဘော်ချောင်းများကို ရွှေဘုံသာလမ်းတွင်သွားရောက်ရောင်းချခဲ့ပါသည်။ (၄) ပိဿာနှင့် (၇၀) ဆယ်သား ဖြစ်ပါသည်။

ဦးငွေခိုင် ရန်ကုန်ရောက်စတွင် မိတ်ဆွေတစ်ဦး တွဲစပ်၍ (ကိုလေးဓာတ်ပုံတိုက်) စတင် တည်ထောင်ခဲ့ပါသည်။ (၃) နှစ်ခန့်ကြာသောအခါ ပန်းပဲလုပ်သောတူဖြစ်သူ ရန်ကုန်မြို့သို့ရောက်ရှိလာပြီး သူ့မှာအိုးပိုင်ဒ် မပိုင်နှင့် အိမ်ဆိုင်ဖွင့်ထားကာ တစ်ဖက်မှလည်း ဆိုက်ကားဆယ်စီးခန့် ထောင်ထားကြောင်း၊ စီးပွားဖြစ်ကြောင်းနှင့် ပြာအနည်းငယ်ပေးနိုင်လျှင် ပေးပါဟု တောင်းပါသည်။ ထိုအခါမှ ပြာကို ဆက်လက်မီးစိုက်လျှင် လိုသလောက် ရနိုင်သည်ကို မပြောခဲ့မိကြောင်း နောင်တရပါသည်။ ပြာကလည်း ဦးလေးထံတွင်ရှိသေးသည်ထင်၍ တရွှေမကျန်သုံးလိုက်ပြီ ဖြစ်သဖြင့် တစ်သက်တာ ဆက်လက်ပွားသွားနိုင်သည့် ဓာတ်ပြာနိဂုံးချုပ်သွားပါတော့သည်။ နောက်ပိုင်းတွင် စီးပွားရေးအဆင်မပြေသည့်အတွက် ယခင်ဓာတ်ကဲ့သို့ ပြန်လည် ရောက်ရှိရန် နှစ်ပေါင်းများစွာ နည်းမျိုးစုံဖြင့် ကြိုးစားခဲ့သည်မှာ စာရေးသူနှင့် တွေ့ဆုံသည့် ၁၉၈၁ ခုနှစ်အထိပင် ဖြစ်ပါသည်။ စာရေးသူနှင့် တစ်နှစ်ခန့်အတူတွဲ၍ ဓာတ်လမ်းများကို ကြိုးစား လုပ်ဆောင်ခဲ့ပါသည်။ သူတတ်မြောက်သည့် ဓာတ်ပညာများ စာရေးသူအား သင်ကြားပေးပါသည်။ ၁၉၈၃ခုနှစ်တွင် လူကြီးရောဂါဖြင့် သူနေသည့် ဉာဏစာဂီကျောင်းတိုက်တွင်ပင် ကွယ်လွန်အနိစ္စရောက်ပါသည်။ မှတ်သားထိုက်သော ဓာတ်၏ ဆန်းကြယ်မှုဖြစ်သောကြောင့် ပညာရှင်များဆင်ခြင်နိုင်ပါရန် ဤဆောင်းပါးကို စေတနာထား၍ တင်ပြလိုက်ပါသည်။

*ဝိဇ္ဇာပညာထွန်းကားပါစေ*

သုရိန်ထွန်း (ဝိဇ္ဇာစရဏ၊ ပြည်)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မတ်လ

# မနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ မနသိဒ္ဓိနက္ခတ် လဂ်ဖြတ်ချိန်၊ မနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန် ရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဒပွမန္တန်ကြီး အပါအဝင် မန်လာဘ်ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ ဧကန်ဖြစ်သည်။

ဤကာလ၌ ၂၇ - ၃ - ၂၀၁၄ နေ့ နံနက် (၈း၀၇) နာရီမှ ၂၈ - ၃ - ၂၀၁၄ နေ့ (၁၀း၃၀) နာရီအတွင်း မနသိဒ္ဓိနက္ခတ်သည် စန်းနှင့်ယှဉ်နေမည် ဖြစ်သည်။ ၂၈ - ၃ - ၂၀၁၄ နေ့ နံနက် (၃း၂၈း ၄၅) နာရီမှ နံနက် (၄း ၀၇း ၅၀) နာရီအတွင်း မနသိဒ္ဓိနက္ခတ်သည် လဂ်ဖြတ်ကျော်မည်ဖြစ်ပြီး ၂၈ - ၃ - ၂၀၁၄ နေ့ နံနက် (၉း ၀၀း ၀၀) နာရီမှ နံနက် (၉း ၅၀း ၅၉) နာရီအတွင်း မနသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လဂ်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၅း ၁၆း ၅၃ | ၅း ၅၅း ၀၂ | ၁ | ၁၀း ၄၆း ၁၉ | ၁၁း ၃၈း ၀၉ |
| ၂ | ၅း ၁၂း ၅၇ | ၅း ၅၁း ၇၆ | ၂ | ၁၀း ၄၂း ၂၃ | ၁၁း ၃၄း ၁၃ |
| ၃ | ၅း ၀၈း ၀၁ | ၅း ၄၇း ၁၀ | ၃ | ၁၈း ၃၈း ၂၈ | ၁၁း ၃၀း ၁၇ |
| ၄ | ၅း ၀၄း ၀၅ | ၅း ၄၃း ၁၄ | ၄ | ၁၀း ၃၄း ၃၁ | ၁၁း ၂၆း ၂၁ |
| ၅ | ၅း ၀၀း ၀၉ | ၅း ၃၉း ၁၈ | ၅ | ၁၀း ၃၀း ၃၅ | ၁၁း ၂၂း ၂၅ |
| ၆ | ၄း ၅၆း ၁၃ | ၅း ၃၅း ၂၂ | ၆ | ၁၀း ၂၆း ၃၉ | ၁၁း ၁၈း ၂၉ |
| ၇ | ၄း ၅၂း ၁၅ | ၅း ၃၁း ၂၆ | ၇ | ၁၀း ၂၂း ၄၃ | ၁၁း ၁၄း ၃၃ |
| ၈ | ၄း ၄၈း ၂၁ | ၅း ၂၇း ၃၀ | ၈ | ၁၀း ၁၈း ၄၇ | ၁၁း ၁၀း ၃၇ |
| ၉ | ၄း ၄၄း ၂၅ | ၅း ၂၃း ၃၄ | ၉ | ၁၀း ၁၄း ၅၁ | ၁၁း ၀၆း ၄၁ |
| ၁၀ | ၄း ၄၀း ၂၉ | ၅း ၁၉း ၃၈ | ၁၀ | ၁၀း ၁၀း ၅၅ | ၁၁း ၀၂း ၄၅ |
| ၁၁ | ၄း ၃၆း ၃၃ | ၅း ၁၅း ၄၂ | ၁၁ | ၁၀း ၀၆း ၅၉ | ၁၀း ၅၈း ၅၂ |
| ၁၂ | ၄း ၃၂း ၃၇ | ၅း ၁၁း ၄၆ | ၁၂ | ၁၀း ၀၃း ၀၃ | ၁၀း ၅၄း ၅၅ |
| ၁၃ | ၄း ၂၈း ၄၁ | ၅း ၀၇း ၅၉ | ၁၃ | ၉း ၅၉း ၀၇ | ၁၀း ၅၀း ၅၉ |
| ၁၄ | ၄း ၂၄း ၄၅ | ၅း ၀၃း ၅၄ | ၁၄ | ၉း ၅၅း ၁၁ | ၁၀း ၄၆း ၀၃ |
| ၁၅ | ၄း ၂၀း ၄၉ | ၄း ၅၉း ၅၈ | ၁၅ | ၉း ၅၀း ၁၅ | ၁၀း ၄၂း ၀၇ |
| ၁၆ | ၄း ၁၆း ၅၃ | ၄း ၅၅း ၀၂ | ၁၆ | ၉း ၄၇း ၁၉ | ၁၀း ၃၈း ၁၁ |
| ၁၇ | ၄း ၁၂း ၅၇ | ၄း ၅၁း ၀၆ | ၁၇ | ၉း ၄၃း ၂၃ | ၁၀း ၃၄း ၁၅ |
| ၁၈ | ၄း ၀၈း ၀၁ | ၄း ၄၇း ၁၀ | ၁၈ | ၉း ၃၉း ၂၇ | ၁၀း ၃၀း ၁၉ |
| ၁၉ | ၄း ၀၄း ၀၅ | ၄း ၄၃း ၁၄ | ၁၉ | ၉း ၃၅း ၃၁ | ၁၀း ၂၆း ၂၃ |
| ၂၀ | ၄း ၀၀း ၀၉ | ၄း ၃၉း ၁၈ | ၂၀ | ၉း ၃၁း ၃၅ | ၁၀း ၂၂း ၂၇ |
| ၂၁ | ၃း ၅၆း ၁၃ | ၄း ၃၅း ၂၂ | ၂၁ | ၉း ၂၇း ၃၉ | ၁၀း ၁၈း ၃၁ |
| ၂၂ | ၃း ၅၂း ၁၇ | ၄း ၃၁း ၂၆ | ၂၂ | ၉း ၂၃း ၄၃ | ၁၀း ၁၄း ၃၅ |
| ၂၃ | ၃း ၄၈း ၂၁ | ၄း ၂၇း ၃၀ | ၂၃ | ၉း ၁၉း ၄၇ | ၁၀း ၁၀း ၃၉ |
| ၂၄ | ၃း ၄၄း ၂၅ | ၄း ၂၃း ၃၄ | ၂၄ | ၉း ၁၅း ၅၁ | ၁၀း ၀၆း ၄၃ |
| ၂၅ | ၃း ၄၀း ၃၁ | ၄း ၁၉း ၃၈ | ၂၅ | ၉း ၁၁း ၅၅ | ၁၀း ၀၂း ၄၇ |
| ၂၆ | ၃း ၃၆း ၃၅ | ၄း ၁၅း ၄၂ | ၂၆ | ၉း ၀၇း ၅၉ | ၉း ၅၈း ၅၁ |
| ၂၇ | ၃း ၃၂း ၄၁ | ၄း ၁၁း ၄၆ | ၂၇ | ၉း ၀၄း ၀၃ | ၉း ၅၄း ၅၅ |
| ၂၈ | ၃း ၂၈း ၄၅ | ၄း ၀၇း ၅၀ | ၂၈ | ၉း ၀၀း ၀၇ | ၉း ၅၀း ၅၉ |
| ၂၉ | ၃း ၂၄း ၄၉ | ၄း ၀၃း ၅၄ | ၂၉ | ၈း ၅၂း ၁၅ | ၉း ၄၇း ၀၃ |
| ၃၀ | ၃း ၂၀း ၅၃ | ၃း ၅၉း ၅၈ | ၃၀ | ၈း ၄၈း ၁၉ | ၉း ၄၃း ၀၇ |
| ၃၁ | ၃း ၁၆း ၅၇ | ၃း ၅၆း ၀၂ | ၃၁ | ၈း ၄၄း ၂၄ | ၉း ၃၉း ၁၁ |



www.burmeseclassic.com

www.burmeseclassic.com



## တတိယသာဝကာ ပထမသင်္ဂါယနာတင်

# မဟာကဿပအရှင်၏ခြေတော်ရာ

အောင်သာကျော်

မြတ်ဗုဒ္ဓသာသနာ ပွင့်ထွန်းရေး အတွက် သာသနာပြုလုပ်ငန်းများဆောင် ရွက်တော်မူနေသည့် ဆရာတော် ဦးဝိမလနှင့် ဆုံတွေ့ခွင့်ရခဲ့ပါသည်။ ဆရာတော်နှင့် ဆုံတွေ့ခွင့်ရခဲ့သည်က လည်း အံ့ဖွယ်ကောင်းလွန်းလှသည်။ စာရေးသူ၏ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးအေးဆောင် မုံရွာမြို့သို့ အလည် အပတ် သွားရောက်စဉ် ဦးတင်မောင် ဆိုသူက 'တိမ်မြုပ်နေသော အစစ်အမှန် တစ်ခု' အမည်ဖြင့် ရိုက်နှိပ်ထားသည့် လက်ကမ်းစာစောင်တစ်စောင် ရရှိလာ ခဲ့ရာ ဘုရားများနှင့် ပတ်သက်သည့် သမိုင်းကြောင်းများ အောင်မြေမှန်ရာ အောင်ဌာနများအကြောင်းရေးသားလေ့ ရှိသည့် စာရေးသူထံ ပေးခဲ့သည်။

စာစောင်လေးမှာ တတိယသာ ဝက ပထမသင်္ဂါယနာတင် ကဿပရှင် ၏ လက်ဝဲခြေတော်ရာနှင့် စပ်လျဉ်း သည့်အကြောင်းအရာများ တင်ပြထား သော စာစောင်လေးပင် ဖြစ်ပါသည်။ စိတ်ဝင်တစားဖြစ်မိသဖြင့် စာစောင်လေး တွင် ဖော်ပြထားသည့် ဆရာတော် ဦးဝိမလထံသို့ ဖုန်းဆက်ဖြစ်သည်။ ဆရာ တော် ရန်ကုန်တွင်ရောက်နေကြောင်း၊ ခြေတော်ရာနှင့်ပတ်သက်သည့်ပုံရိပ်များ ဖော်ကျူးတင်ပြနိုင်ရေးအတွက် MRTV-4 နှင့် တွေ့ဆုံခန်းအစီအစဉ်အတွက်လာ ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း သိခွင့်ရသည့် အပြင် ဆရာတော်က သူ၏ အောင်မြေ မှန်ရာနေရာဖြစ်သည့် ရန်ကုန်တိုင်းဒေသ ကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ ပေါ် တော်မူစေတီတော်မြတ်ကို လာတွေ့ မည်ဆိုပါကတွေ့နိုင်ကြောင်းတို့ပါ အခွင့် သင့်ခဲ့ရသည်။

ဤသို့ဖြင့် ရေးဖော်ရေးဖက်တစ်ဦး ဖြစ်သူ ကိုမိုး (ရွှေပြည်သာ) ကို အဖော် ခေါ်ကာ ပေါ်တော်မူစေတီတော်မြတ် ထံပါး ရောက်သွားဖြစ်ခဲ့သည်။ ပေါ် တော်မူစေတီတော်၏ တောင်ဘက်တွင် ကပ်လျက်ရှိသည့် တန်ဆောင်းတော် အတွင်း ဆရာတော် ဦးဝိမလထံတွင် မိမိ သိလိုသည့် အကြောင်းအရာများကို လျှောက်ထား မေးမြန်းဖြစ်သည်။ ဆရာ တော် ဦးဝိမလက စာရေးသူတို့ကို မြင် လျှင်မြင်ချင်း ကိုမိုး (ရွှေပြည်သာ) ကို စူးစိုက်ကြည့်နေတော့သည်။ နောက်မှ ဝန်ထမ်းဘဝက လှိုင်တက္ကသိုလ်နယ်မြေ တွင် ဆုံဖြစ်ခဲ့ဖူးသူများအဖြစ် အပြန် အလှန် ရင်းနှီးမှုစကားများ ထွက်ပေါ်





www.burmeseclassic.com

www.burmeseclassic.com

လာခဲ့သည်။ ပြီးမှ ဆရာတော် ဦးဝိမလက ယခုလက်ရှိသာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေရသည်အထိ အတိတ်ဇာတ်ကြောင်းများကို ပြောပြတော့သည်။

ဆရာတော် လူဝတ်ကြောင်ဘဝတွင် ဦးဝင်းမောင်အမည်ဖြင့် ရပ်တည်ခဲ့သည်။ ဦးဝင်းမောင်သည် ရန်ကုန်စက်မှုတက္ကသိုလ်မှ ဘွဲ့ရတစ်ယောက်ဖြစ်ပြီး အနောက်ပိုင်းတက္ကသိုလ်တွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ လွန်ခဲ့သော (၂၈) နှစ် ၁၉၈၆ ခုနှစ် အမျိုးသားနေ့ မှတ်မှတ်ရရ ပေါ်တော်မူဘုရားပွဲကျင်းပနေသည့် ပွဲတော်ရက်တွင်းမှနေ့တစ်နေ့ ဦးဝင်းမောင်က အကြားအမြင်ရရှိနိုင်ရေးအတွက် ကျင့်ကြံပွားများအားထုတ်နေလေရာ ဘုရားသို့ သူ့အား အကြားအမြင်ရရေးအလေ့အကျင့်များ ညွှန်ပြပေးနေသည့် ကိုသာထူးနှင့်အတူလာခဲ့ခြင်းဖြစ်သည်။ ကိုသာထူးနှင့် ဦးဝင်းမောင်တို့ စေတီတော်မြတ်စနေထောင့်၌ ကျင့်စဉ်များအကြောင်း အပြန်အလှန်ပြောဆိုနေမိကြစဉ် ကိုသာထူး မည်သည့်စကားကိုမျှ ဆက်လက်မပြောတော့ဘဲ စေတီတော်ထီးတော်ကြီးဆီသို့သာ ငေးမောကြည့်နေရင်း ငြိမ်သက်နေတော့သည်။

အတန်ကြာမှ ကိုသာထူးက -

"အစ်ကိုဝင်းမောင်နဲ့ပတ်သက်ပြီး ဝိဇ္ဇာတစ်ပါးကပြောသွားတယ်။ သူက ကောင်းကင်ခရီးကိုပျံနေရင်းက ကိုဝင်းမောင်ဟာ နောင်တစ်ချိန်မှာ ထင်ရှားကျော်ကြားတဲ့ သာသနာပြုပုဂ္ဂိုလ်တစ်ဦးဖြစ်လိမ့်မယ်"

ဆိုသည့်စကားများ ပွင့်အန်ထွက်လာသည်။


ထိုသို့ ဖြစ်ခဲ့ပြီးသည့်နောက်ပိုင်း ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ ညနေ (၆) နာရီ၊ (၃၀) မိနစ် ရွှေတိဂုံရှင်အရဟံတန်ဆောင်းတော်အတွင်းရှိ ရွှေပေါင်း ရုပ်ပွားတော်ကြီး၏ ညာဘက်ဒူးတော်ရှေ့ဝယ် ကျင့်ကြံအားထုတ်နေဆဲမှာပင် အကြားအမြင်ရခဲ့သည်။

၁၉၈၉ ခုနှစ်ထဲရောက်လာသည်တွင် ထူးခြားဆန်းပြားမှုနှင့် ကြုံရပြန်သည်။ ညတစ်ည နှစ်နှစ်ကာကာအိပ်ပျော်နေစဉ် တစ်စုံတစ်ဦးက မိမိအားစိုက်ကြည့်နေသည့်သိစိတ်က လှုပ်ရှားလာသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်မိရာ ခုတင်ခြေရင်းတွင် ဆံပင်ဖားလျားချကာ











www.burmeseclassic.com

www.burmeseclassic.com




ထိုင်နေသည့် အမျိုးသမီးတစ်ဦးကို မြင်တွေ့ရ၍ လှမ်းဖမ်းလိုက်ရာ ရုတ်ခြည်း ပျောက်ကွယ်သွားသည်။ သုံး၊ လေးလ လောက်ကြာတော့လည်း ထိုပုံရိပ်ကပေါ် လာပြန်ရာ လှမ်းဖမ်းသော်လည်းမရဘဲ ပျောက်ပျောက်သွားသည်။

၂၀၁၁ ခုနှစ်တွင် ဒေးစွန်ပါရှိ ဆင်ဖြူရတနာကျောင်းတိုက်တွင် ဒုလ္လဘ ရဟန်းဝတ်ခဲ့သည်။ သင်္ကြန်ရုံးပိတ်ရက် ကုန်သဖြင့် လူထွက်သည့်ညတွင် -

"ဘာဖြစ်လို့လူထွက်ရတာလဲ"

ဆိုသည့် ဩဇာသံပါပါပြောလိုက် သည့်အသံကြောင့် လန့်နိုးခဲ့ရသည်။

နောက်ပိုင်းတွင် 'ဘုန်းကြီးပြန် ဝတ်'၊ 'ဘုန်းကြီးမဝတ်သေးဘူးလား' 'ဘုန်းကြီးက ဘယ်တော့ဝတ်မှာလဲ' စသည့်အသံများ ကြားနေမိဖြစ်ရသည်။ နောက်ပိုင်း အလုပ်က အငြိမ်းစားယူပြီး သည်နှင့် (၁၅) ရက်ခန့် ဒုလ္လဘဝတ်မည် ကြံရွယ်ကာ သင်္ကန်းဆီးဖြစ်ပြန်သည်။ သင်္ကန်းဝတ်နေစဉ် ကျောက်ဖြူရေနက် ဆိပ်ကမ်းလုပ်ငန်းက တစ်လ သိန်း (၂၀) နှင့် လာလုပ်ရန် ကမ်းလှမ်းထားသည်။

ထိုဖြစ်စဉ်များဖြစ်နေစဉ်မှာပင် ရဟန်းဝတ်လျက် တိုးသည်ထက်တိုးလာ အောင် တွန်းပို့တောင်းဆိုသံများ တစ်ည၊ နှစ်ညဆိုသလိုပင် ကြားနေရသည်။ ထို့ ထက် ပိုထူးခြားလာသည်က 'အလောင်း တော်ကဿပကို သွားဖူးပါ' ဆိုသည့် အသံ ထွက်ပေါ်တောင်းဆိုလာနေခြင်း ပင်။

ဤသို့ဖြင့် ဦးဝိမလသည် အသက် (၆၀) ပြည့်နှစ်မှာပင် ချင်းတွင်းမြစ် အနောက်ဘက် မုံရွာနှင့် ကိုးမိုင်ကွာဝေး သည့် မုံရွာရွှေတောင်ဦးလယ်တီဝိပဿ နာစခန်းတွင် ဦးဝိမလအဖြစ် ခံယူလိုက် တော့၏။ ပြီးသည်နှင့် အလောင်းတော် ကဿပရုပ်အလောင်းတော် လျောင်း စက်ရာဂူကို အရောက်သွားဖြစ်ခဲ့သည်။ ပိတ်ထားသည့် ကျောက်တံခါးကိုသာ ဖူးတွေ့ခွင့်ရခဲ့သည်။ အတွင်းတွင် ကဿပ၏ရုပ်အလောင်းတော် လျောင်း စက်နေပါသည်ဆိုသည့် အာရုံထားကာ ပူဇော်ခဲ့ရသည်။ 'ခြေတော်ရာသွားဖူးပါ' ဆိုသည့်စကားသံကြောင့် အားမလိုအား မရရှိလှသည်။ တကယ့်အစစ်အမှန် ဘယ်ဆီမှာလဲဆိုသည့် ဆန္ဒဝင်နေမိစဉ် မှာပင် ဘုန်းတော်ကြီးတစ်ပါးက တကယ် အစစ်အမှန်ရှိသည့်နေရာကို ပြောပြကာ လမ်းညွှန်ပေးခဲ့သည်။ အလောင်းတော် ကဿပဂူမှ ပြန်လာပြီး နောက်တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တောင်းတိုင်းဆုပြည့် သက်စေ့စဉ်ဌာန် ကောင်းအောင်မြင်။







တွင် နံနက် (၃) နာရီထကာ မုံရွာကူးတို့ဆိပ်သို့ဆင်းခဲ့သည်။ ရွှေနဒီအမြန်စက်လှေဖြင့် ချင်းတွင်းမြစ်အထက်ပိုင်းဆီသို့ ဆန်တက်သွားသည်။ မောက်ကတော်ရွာသို့ရောက်သည်နှင့် မင်းကင်းမြို့နယ် အင်ပင်လှကျေးရွာဆီသို့ အရောက်သွားနိုင်မည့်လမ်းကို ညွှန်ပြပေးရန် ရွာသားများထံ ချည်းကပ်မေးမြန်းခဲ့သည်။ ထိုသို့မေးမြန်းမှ သိခွင့်ရလိုက်သည်မှာ ခြေတော်ရာအစစ်ဆီသို့ သွားရာလမ်းသုံးလမ်းရှိသည်ဟုပင်။

ပထမလမ်းမှာ မောက်ကတော်ရွာ အထက်နားမှာတည်ရှိသည့် နှင်းကြီးရွာမှ




တည်းခိုရာ ဓုလင်ရွာ



www.burmeseclassic.com

www.burmeseclassic.com



အညာလယ်ရွာသို့၊ ဒုတိယလမ်းမှာ မောက်ကလယ်ရွာအထက်နားရှိ လက်ချိတ်ရွာမှ အညာလယ်ရွာသို့၊ တတိယလမ်းကတော့ မောက်ကလယ်ရွာမှ အညာလယ်ရွာသို့ အသီးသီးရောက်ရှိနိုင်သည့် လမ်းသုံးလမ်းရှိနေပါသည်။ တတိယလမ်းကို ရွေးချယ်သွားမည်ဆိုပါက မောက်ကတော်ရွာက အငှားဆိုင်ကယ်သုံးကာ မဟာမြိုင်တောကိုအနည်းအပါးဖြတ်သန်းသွားရုံမျှဖြင့် ရောက်ရှိနိုင်ပါသည်။

တည်ရှိနေသည့် ခြေတော်ရာမှာ တတိယသာဝကပထမသင်္ဂါယနာတင် မဟာကဿပအရှင်၏ ဘယ်ဘက်ခြေဖဝါးတော်ရာ ဖြစ်သည်။ ခြေဖနောင့်တော်အကျယ် (၈) လက်မရှိပြီး ခြေချောင်းတော်များနေရာအကျယ် (၁၆) လက်မ၊ ခြေတော်ရာအလျား(၂၉)လက်မရှိပါသည်။ ခြေတော်ရာတင်နေသည်မှာ လေဆာရောင်ခြည် ထွင်းဖောက်ထားသကဲ့သို့ရှိနေသည်။ ခြေတော်ရာကို ဖူးတွေ့ခွင့်ရလိုက်မိသည်နှင့် ခြေတော်ရာစံပယ်ရာ ဂန္ဓကုဋိတိုက်၊ သိမ်နှင့် အာရုံခံတန်ဆောင်းတို့ကို ပြန်လည်ပြုပြင်မည်။ ခံ့ညားထည်ဝါစွာ ပြုပြင်ကာ အရှည်တည်တံ့ခိုင်မြဲစွာရှိနေစေရန် ထိန်းသိမ်း စောင့်ရှောက်သွားမည်ဆိုသည့် ဆန္ဒများ ရင်ထဲဝယ်လှုပ်ခတ်လျက်ရှိနေမိခဲ့တော့သည်။

ခြေတော်ရာ ထင်ကျန်ရစ်ခဲ့ရသည်မှာ မဟာကဿပအရှင် ပရိနိဗ္ဗာန်စံဝင်တော်မူရန်အတွက် ယနေ့လူသိများနေသော အလောင်းတော် ကဿပ လိုဏ်ဂူတော်သို့ကြွအလာ ယခုခြေတော်ရာထင်ကျန်ရစ်ရာနေရာသို့ အရောက်တွင် လယ်သူကြီး ဦးကောင်းဆင်က ဆွမ်းကပ်လှူပူဇော်သည်။ ဆွမ်းကပ်လှူပူဇော်ပြီးသည်နှင့် အလေးဂရုထားအပ်ရာ တစ်စုံတစ်ရာ ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထားသည်။ ထိုသို့လျှောက်ထားသဖြင့် မဟာကဿပအရှင်မဟာထေရ်မြတ်ကြီးက ယခုဖူးတွေ့နေကြရသည့် ခြေတော်ရာတစ်ဖက်ကို ချထားပေးသနားတော်မူခဲ့ခြင်းပင် ဖြစ်သည်။ ခြေတော်ရာပုံတော်ကို တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ၇ ရက်၊ ၈ ရက်နေ့များတွင် ကျင်းပလေ့ရှိသည်။ ထိုနေ့များတွင် ခြေတော်ရာမှ ရေများထွက်လာလေ့ရှိသည်။

ခြေတော်ရာ အလှူခံခဲ့သည့် ဦးကောင်းဆင်မှာ နတ်သားကြီးအဖြစ်ကို ရရှိခဲ့လေရာ ယခုအခါ ခြေတော်ရာတည်ရာတောင်တွင် ဦးကောင်းဆင်အတွက် နတ်နန်းတည်ပေးထားသည်။ နတ်နန်းမှာ ခြေတော်ရာထက် မြင့်ရာတွင် မတည်ရန် မကြာခဏအသိပေးနေသဖြင့် နတ်နန်းကို ပြင်ဆင်တည်ထားကြရန် ကြိုးပမ်းလျက်ရှိသည်။ ယခုခြေတော်ရာတည်ရာ တောင်တော်နှင့် မဟာမြိုင်တော ပိုင်နက်တစ်ခွင်သည် ပန်ထွာဘုရင်မအပိုင်အစားရာ နယ်မြေပင် ဖြစ်သည်။

ယခုခြေတော်ရာနှင့် မိုင်(၄၀)ခန့်အကွာတွင် လေးကျွန်းဒီပါရန်အောင်စေတီတော် စတင်တည်ထားလျက်ရှိနေပြီ ဖြစ်သည်။ ဆရာတော်အရှင်ဦးပညာဇောတ ဦးဆောင်ကာ တည်ထားခြင်းဖြစ်သည်။ တောင်တော်သခင်မ ပန်ထွာဘုရင်မ၏ လျှောက်ထားတောင်းဆိုမှုကို အကောင်အထည်ဖော်ဆောင်နေခြင်း ဖြစ်သည်။

တစ်နေ့တွင် တောင်ပိုင်ဘုရင်မကြီး ပန်ထွာမိဖုရား ရောက်လာကာ စေတီတော်တည်ရန် လျှောက်ထားသည့်အကြောင်း သဲဖြူဆရာတော်က မဟာဗောဓိမြိုင်ဆရာတော်ကြီးအား လျှောက်ထားသည်တွင် မဟာဗောဓိမြိုင်ဆရာတော်ကြီးက -

"ကိုသဲဖြူနောက်က မိပန် လိုက်နေတယ်။ မိပန်ကို အမိန့်ရှိတဲ့ တောင်ဝှေးထည့်ပေးလိုက်မယ်"

တစ်ဆက်တည်းမှာပင် ဦးဝိမလအား -

"ဘုရင်မကြီးနဲ့ ပဋ္ဌာန်းဆက်ရှိတယ် ဦးဝိမလ"

လို့ မိန့်သဖြင့် သိလိုသမျှ မေးမြန်းလျှောက်ထားဖြစ်သည်။ သိခွင့်ရသည်မှာ ဦးဝိမလသည် ပန်ထွာမိဖုရားကြီးနှင့် ပဋ္ဌာန်းဆက်ရှိနေသည်။ ဘဝတစ်ခုတွင် မောင်နှမတော်စပ်ဖူးခဲ့ရာ ဦးဝိမလထိုစဉ်ကအမည်မှာ မောင်မဲညိုဟုပင်။

နောက်ပိုင်းကျမှ တဖြည်းဖြည်းနားလည်လာခဲ့သည်။ ပဋ္ဌာန်းဆက်ကတိုက်တွန်းလှုံ့ဆော်မှုအားများကြောင့် သာသနာပြုပုဂ္ဂိုလ်တစ်ဦးဘဝသို့ ရောက်မှန်းမသိ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်ဆိုခြင်းကိုပင်။

မည်သို့ပင်ဆိုစေ ထူးခြားဆန်းကြယ်သောဖြစ်စဉ်များကို ကျော်လွှားကာ တောတွင်းတစ်နေရာတွင် တိမ်မြုပ်နေသော အရှင်မဟာကဿပ၏ ခြေတော်ရာအစစ်အမှန်၏ တည်နေရာကို အများဖူးတွေ့နိုင်ခွင့်ရကြစေရန် ဖော်ထုတ်နိုင်ခဲ့သည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

သွားရောက် ဖူးမြော်လိုသူများ ဆရာတော်ဦးဝိမလထံ ဖုန်း ၀၉-၅၀၆၄၂၆၅၊ ၀၉-၈၆၂၃၇၁၁၊ ၀၉-၇၃၀၂၁၁၀၄ တို့ဖြင့် ဆက်သွယ် စုံစမ်း လျှောက်ထားခြင်းဖြင့် အစစအရာရာ လွယ်ကူအဆင်ပြေနိုင်ကြမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**စာကြွင်း -**

*ခြေတော်ရာအား ဦးခေါင်းဖြင့်ထိကာ ဆုပန်မိသူတိုင်း လောကီအကျိုးစီးပွား ဒီရေအလားတိုးပွားမှုမြန်လှကြောင်းနှင့် ခြေတော်ရာ ခြေသန်းတွင် ထင်နေသည့် ဇော်ဂျီရုပ်တို့မှာ ထူးခြားလှကြောင်းများရှိနေပါသည်။*

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနှစ် ၁၃၆၇ ခုနှစ်၊ နယုန်း တန်ခူးလပြည့်နေ့ (၁၁-၃-၉၉) နေ့က စာရေးသူသည် အမှတ် (၁၂) စကားဝါလမ်းရှိ တိပိဋကနိကာယကျောင်းတော်သို့ နေ့လယ် (၁) နာရီကျော်တွင်ရောက်သွားသည်။

ရောက်သွားရခြင်းအကြောင်းမှာ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း၏စာလျှောက်မေးပွဲ၌ စာအောင်ဘွဲ့ရ သံဃာတော်များကို ပင့်လျှောက်စာပို့ရန် ဖြစ်သည်။

အနုနာယကဆရာတော် ဘဒ္ဒန္တ မမ္မပီယ ကျိန်းစက်နေသည်ထင်သဖြင့် အနုနာယကဆရာတော်ဆီ အလျှင်မဝင်ခဲ့ပဲ ပိဋကတ်နှစ်ပုံခွဲ (ယခု တိပိဋကာ ကောဝိဒ) အောင် အရှင်ကုန္ဒပါလဆရာတော်ရှိရာအခန်းကို အဖွဲ့အမြော်သင်သွားသည်။

ဦးကုန္ဒပါလ၏ အခန်းထဲတွင် အာဂန္တုဆရာတော်တစ်ပါးကို တွေ့





www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာတော်မှာ ဦးက္ကန္ဒပါလထက် သက်တော်ဝါတော် ကြီးရင့်သည်ကို ဖူးရသဖြင့် အာဂန္တုဆရာတော်ကို အလျှင်ဦးချရသည်။

ယခင်က တိပိဋကနိကာယကျောင်းတော်တွင် မမြင်ဘူး၊ မတွေ့ဘူးသဖြင့် -

"အရှင်ဘုရား၊ ဘယ်အရပ်ကတုံးဘုရား"

ဟု ဦးချကန်တော့ပြီး လျှောက်လိုက်ရာ -

"ဦးက္ကန္ဒတို့အရပ်ကပဲ"

ဟု အမိန့်ရှိ၏။

"ဒါဆို မန်ကျည်းကျွန်းကပေါ့ဘုရား"

"ဦးက္ကန္ဒတို့ အရပ်ကပါလို့ စောစောက ဘုန်းကြီးပြောတာ ဒကာကြီးကလည်း ဘယ်အရပ်ကတုံးလို့ မေးလို့ပါ။ အရပ်ကတော့ ဦးက္ကန္ဒတို့အရပ်ကပဲ၊ ကျွန်းကတော့ စကုကျွန်းကပါ"

စကုကျွန်းကဲဟု ဘုန်းကြီး မိန့်လိုက်သည့်နှင့် စာရေးသူသည် ငယ်စဉ်က စကုကျွန်း၌ ဟိုးလေးတကျော်ဖြစ်ခဲ့ကြသော ပရလောကအကြောင်းအရာတစ်ခုကို ချက်ချင်းသတိရမိလိုက်သဖြင့်-

# ဝေယံလင်းဒေါင်

## ရေမျောကမ်းတင်သစ်

## အပြစ်က လွန့်ဆန့်ကြယ်



www.burmeseclassic.com

www.burmeseclassic.com

"အရှင်ဘုရားကို တပည့်တော်ဖူးခွင့်ရတာ တပည့်တော်အတွက် ကြုံတောင့်ကြုံခဲအချိန်ကာလ နေ့တစ်နေ့ဖြစ်ပါတယ်ဘုရား"

"ဟင် - ဘယ်လိုဖြစ်လို့လဲ ဒကာ"

ဆရာတော်က မိမိကို စိုက်ကြည့်နေပြီး အံ့သြသွားပုံရသည်။

"တပည့်တော်တို့ ငယ်ငယ်တုန်းက အရှင်ဘုရားတို့စကုကျွန်းမှာ အလွန်ထူးဆန်းတဲ့ ဖြစ်ရပ်တစ်ခုကို ကြားဖူးခဲ့ရပါတယ်ဘုရား။ အဲဒါ တကယ်အမှန်ပဲလားဆိုတာသိချင်လို့ လျှောက်ခွင့်ပြုပါဘုရား"

မိမိက ဤမျှလျှောက်လိုက်သည်နှင့် ဆရာတော်ကလည်း ဆိုလိုရင်းကို ချက်ချင်း သိလိုက်၊ သဘောပေါက်လိုက်ပုံရသည်။

ထိုအဖြစ်အပျက်မှာ လွန်ခဲ့သော အနှစ် လေး၊ ငါးဆယ်ခန့်က ရခိုင်ပြည်နယ်တောင်ပိုင်းတစ်ခုလုံးတွင် ဟိုးလေးတကျော် လနှင့်ချီ၍ ဖြစ်ခဲ့သော အဖြစ်အပျက်မို့ ဆရာတော်က -

"ဒကာကြီးပြောတာ ဘုန်းကြီးသိပါပြီ"

ဟု မိန့်လိုက်၏။

"မှန်ပါ့ဘုရား၊ အဲဒါ တပည့်တော်သိချင်လို့ပါ"

"အဲဒီတုန်းက ဘုန်းကြီးဆယ့်ခုနစ်သား ကိုရင်နဲ့ပေါ့"

ထိုစဉ် ဦးကုန္ဒပါလက ဝင်၍-

"ဘုန်းကြီး၊ ဒီဒကာက စာရေးဆရာလေ။ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက စကုကျွန်းမှာ တကယ်ဖြစ်ခဲ့တဲ့ အဲဒီအကြောင်းကို စာရေးဆရာကို မိန့်ကြားပေးလိုက်ပါဦး"

ဟု ဘုန်းကြီးကို လျှောက်လိုက်ပြီး စာရေးသူအား အချိုရည်တစ်ဘူးချပေးထားခဲ့ပြီး ဦးကုန္ဒပါလက ကိစ္စရှိ၍ အပြင်သို့ ထွက်ကြွသွားသည်။

"အဲဒီအကြောင်းက နောက်ဆုံးဘယ်လိုဖြစ်သွားပါလဲဘုရား"

"အိမ်း . . . လေ၊ ဒကာကြီးက စာရေးဆရာ ဆိုတော့ ဘုန်းကြီး စုံစုံစေ့စေ့ ပြောပြပါ့မယ်"

ဟုမိန့်ကြားကာ အောက်ပါအဖြစ်အပျက်များကို ပြောပြလေသည်။

❑

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ထဲတွင် စကုကျွန်း၊ မန်ကျည်းကျွန်း၊ ရဲကျွန်း၊ တိုက်ကျွန်း၊ ပန်းတင်ကျွန်း၊ ဗောင်းကျွန်းစသည်ဖြင့် ကျွန်းအမြောက်အမြားရှိသည်။ ထိုကျွန်းများအားလုံးမှာ ရေပတ်လည် ဝိုင်းထားသော ဘင်္ဂလားပင်လယ်အော်ကြီးထဲကကျွန်းများ ဖြစ်သည်။

ပင်လယ်ကျွန်းများ ဆိုသည်မှာ နတ်ကြီးသောအရပ်ဟုတော့ ရခိုင်သူရခိုင်သား ကမ်းရိုးတန်းပျော်သူများက သမုတ်ထားလေ့ထားထရှိကြသည်။ ထိုကျွန်းတိုင်းလိုလိုတွင် သုံးရွာ၊ နှစ်ရွာ၊ တစ်ရွာစသည်ဖြင့် လူနေရွာများရှိသည်။

တစ်နေ့တွင် စကုကျွန်း ဝံလက်မော်ရွာဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်သည် ကုဋီ (ရေအိမ်/အိမ်သာ) တက်ရန် ကျောင်းပေါ်မှ ဆင်းလာသည်။ ကုဋီနှင့် ကျောင်းမှာ ခြေလှမ်းသုံး၊ လေးဆယ်ခန့်သာ ဝေး၏။ ကုဋီမှာ အခိုင်အခံ့ ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးဖြစ်သည်။

ဘုန်းကြီးကုဋီတက်ပြီးပြန်အထွက်တွင် ထွက်မရတော့။ အတွင်းမင်းတုပ်ကိုဆွဲလှဲပြီး အပြင်ကို တွန်းကြည့်သည်။ ဘယ်လိုမှ တွန်းဖွင့်၍မရ။ ကုဋီ၏အပြင်၌မူ အပိတ်မင်းတုပ်လည်းမရှိပေ။ အထဲတွင် တစ်ဦးတစ်ယောက်မရှိလျှင် ကုဋီတံခါးပွင့်နေသည်ကို မြင်သာထင်သာရှိအောင် တမင်ဖွင့်ထားခြင်း ဖြစ်သည်။ မင်းတုပ်အပြင်မရှိသဖြင့် စေ့ရုံစေ့ထားလေ့ရှိသည်။

ယခု ဘုန်းကြီး ကိစ္စဝိစ္စပြီး၍ အတွင်းမင်းတုပ်ကို ဆွဲဖြုတ်ကာ အပြင်ကိုတွန်းကြည့်ရာ ခါတိုင်းနေ့တွေလို တွန်းမရ၊ တံခါးက ပွင့်မလာ။ အပြင်မှ တစ်စုံတစ်ယောက်က တွန်းပိတ်ထားသည်။ အကြိမ်ကြိမ်တွန်းဖွင့်နေရသဖြင့် ဘုန်းကြီးမှာ ချွေးပြန်လာသည်။ အပြင်တွင်လည်း မင်းတုပ်အပိတ်မရှိသဖြင့် မည်သူများ ပြောင်နောက်လို၍လာတွန်းထားသည်ဟု ဆိုရအောင်ကလည်း ကျောင်းထိုင်ဆရာတော်တစ်ပါးကို မည်သူက လာပြီးနောက်ပြောင်ရဲကြမည်နည်း။

သို့သော် အကြိမ်ကြိမ်တွန်းဖွင့်ပါသော်လည်း အပြင်မှ တစ်စုံတစ်ယောက်တအားကြီးလာတွန်းထားသလို ဘယ်လိုမှ ကုဋီတံခါးကို ဖွင့်မရ။ ဘုန်းကြီးမှာ လက်အံသေမတတ်ကြိုးစားသော်လည်း အချည်းအနှီးသာ။ ဘယ်လိုကြိုးစားဖွင့်ဖွင့် ဖွင့်လို့ကိုမရ။

နောက်ဆုံး ကျောင်းသားများကို အော်ခေါ်ရသည်။

ဘုန်းကြီး ကုဋီထဲက အော်ခေါ်နေသံကိုကြားတော့ ကျောင်းသားများ ကုဋီရှိရာဘက် ပြေးလိုက်လာကြသည်။ ကျောင်းသားငယ်များ ကုဋီနားအရောက်တွင် ကုဋီတံခါးက မတွန်းဘဲ အလိုလိုပင်ပွင့်သွားလေသည်။

"ဟ - ဘယ်လိုဖြစ်တာလဲ၊ တံခါးမှာ အပြင်က မင်းတုပ်ကန့်လန့်လည်း မရှိဘဲနဲ့ ငါဆွဲဖွင့်နေတာကြာပြီ။ ဖွင့်လို့ကိုမရဘူး။ အပြင်က တစ်ယောက်ယောက်လာတွန်းထားသလို ဖြစ်နေတာနဲ့ မင်းတို့ကို ငါအော်ခေါ်ရတာ"

"တပည့်တော်တို့လည်းမလျှောက်တတ်ပါဘုရား။ စောစောက ကုဋီနားလည်း ဘယ်သူမှမရှိကြပါလား ဘုရား"

ကျောင်းသားများက ဆရာတော်ကို လျှောက်ကြသည်။

"အေးဟ - အဆန်းပါလား။ လေတိုက်နေတာမို့ တွန်းဖွင့်မရဆိုလည်း ဟုတ်သေး။ ခု လေလည်းမတိုက်ဘဲနဲ့ ဘယ်လိုဖြစ်တာလဲ"

ဘုန်းကြီးက ပတ်ဝန်းဘယ်ညာကို မသင်္ကာသလိုကြည့်ပြီးဆို၏။

ဘုန်းကြီးနေရသော စကုကျွန်းဆိုသည်မှာ ဘင်္ဂလားအော်ပင်လယ်ထဲက ကျွန်းတစ်ကျွန်း ဖြစ်သဖြင့် မိုးတွင်းဆိုလျှင် လေကြမ်းသည်။ ထိုသို့ လေကြမ်းလာပြီးဆိုလျှင်တော့ လေနှင့် ဆန့်ကျင်ဘက်အရပ်ကို တံခါးတစ်ချပ် မဆိုထား နှင့် လူတွေမှာပင် မိမိလိုရာခရီးကို လေဖက်ကုန်းသွားကြရသော အခြေအနေလည်း တစ်ခါတစ်ခါရှိတတ်ရာ ယခုအခါမှာ လေကလည်း ငြိမ်နေသဖြင့် ဘုန်းကြီးမှာ မည်သို့မျှ စဉ်းစားမရ လောက်အောင်ဖြစ်ပြီး ကျောင်းပေါ် တက်လာလေသည်။

ဆရာတော် ကျောင်းပေါ်ရောက်လာသည်နှင့် ဘုံဆင့်(ဇေတဝန်)ပေါ်က ဘုန်းကြီးခြေရင်းကို ခဲတစ်လုံးကျလာသည်။

ဘုန်းကြီးက အံ့သြတကြီးနှင့် ဘုံဆင့်ပေါ် မော့ကြည့်လိုက်သည်။

ဘုံဆင့်ပေါ်မှာ ဘာမှမမြင်ရ၊ သို့သော် ဘုန်းကြီး မော့ကြည့်နေစဉ်မှာပင် နောက်ထပ် ဘုံဆင့်ပေါ်က ခဲတစ်လုံးကျလာပြန်၏။ သို့သော် ဘုန်းကြီးကိုတော့ မထိ။

"ဟ- ဘယ်လိုဖြစ်တာလဲ၊ ဇေတဝန်ပေါ်က ခဲတွေချည်းကျနေပါလား"

ဆရာတော်က စိတ်ထဲ သံသယ တစ်စုံတစ်ခု ဖြစ်လာသဖြင့် အကျယ် အော်မိန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် အော်ပြောနေသံကို ကြားရသဖြင့် ကျောင်းသားများ ကျောင်းပေါ် ပြေးတက်လာကြသည်။

"ဒီမှာ ဒီမှာ၊ တွေ့ကြလားဟေ့။ ကြမ်းခင်းပေါ်မှာခဲတွေလေကွာ၊ အပေါ် ဘုံဆင့်က ပစ်ပစ်ချနေတာ။ ဘုံဆင့်ပေါ်မှာ ဘယ်သူရှိနေပါလိမ့်"

ဆရာတော်ပြသောကျောင်းကြမ်းခင်းပေါ်က ခဲလုံးတွေကို တစ်ယောက်တစ်လုံးစီ လှမ်းကောက်ကြည့်လိုက်ကြပြီး ကျောင်းသားများမှာလည်း တအံ့တဩနှင့် ဘုံဆင့်ပေါ် မော့ကြည့်ကြသည်။ ဘုံဆင့်ပေါ်မှာ ဘာမှမမြင်ကြရ။

ကျောင်းသားတွေ ရောက်လာ၍လားမသိ။ ကျောင်းကြမ်းခင်းပေါ် နောက်ထပ်ခဲလုံးတွေလည်း မကျတော့။ ထို့ကြောင့် ဘုန်းကြီး အမိန့်ရှိလိုက်သည်ကိုပင် ကျောင်းသားများမှာ မယုံမကြည်ချင်သလိုဖြစ်သွားကြသည်။

သည်လိုနှင့် ညနေစောင်းတွင် ဆရာတော်က အပေါ့အပါးသွားရန် ကုဋီသွားဝင်ပြန်ရာ ပြန်အထွက်တွင် အပြင်က တစ်စုံတစ်ယောက် တွန်းပိတ်ထားပြန်၍ ဖွင့်မရဖြစ်ကာ ကျောင်းသားများကို လှမ်းအော်ခေါ်ရပြန်သည်။

"ဟေး . . . ဟေး . . . မောင်ကျောင်းသားတို့၊ မောင်ကျောင်းသားတို့။ လာကြပါဦးဟ၊ နေ့လယ်ကလို ကုဋီတံခါးဖွင့်မရပြန်ဘူးဟ"

ကျောင်းပေါ်က ကျောင်းသားများ ပြေးဆင်းလာကြပြီး ကုဋီအနားကို ရောက်လာကြသောအခါ ကုဋီတံခါးက အလိုလိုပွင့်သွားပြန်သည်။

အပြင်တွင် သစ်သားချက်(ဂျက်)၊ မင်းတုပ်၊ ကန့်လန့်လည်း မရှိသဖြင့် ဆရာတော်က -

"ဟ - ဘယ်လိုဖြစ်တာလဲ။ ဒီနေ့ အဆန်းပါလား"

ဟု မိန့်ကြားကာ ကျောင်းပေါ်ပြန်တက်လာသည်။

ဆရာတော် ကျောင်းပေါ်ရောက်သည်နှင့် ကျောင်းဘုံဆင့် (ဇေတဝန်) ပေါ်က စောစောကတစ်ခါလို ခဲလုံးတွေ ကျလာပြန်သည်။

ဤတစ်ခါတော့ ကျလာသော ခဲလုံးများကို ကျောင်းသားများပင် ရိုးတိုးရိပ်တိပ် မြင်လိုက်ကြရသည်။

မကြောက်တတ်သော ကျောင်းသားကြီးသုံးယောက်တို့က ချက်ချင်း ကျောင်းဘုံဆင့်ပေါ် တွယ်တက်သွားကြပြီး -

"ဘယ်သူလဲကွ။ ဇေတဝန်ပေါ်က ကျောင်းထဲကိုခဲပစ်ချနေတာ"

ဟု ဆဲဆိုကာ ဘုံဆင့်ပေါ် တက်သွားကြ၏။

သို့သော် ဘုံဆင့်ပေါ် ကျောင်းသားကြီးသုံးယောက် လှည့်ပတ်ရှာကြည့်ကြရာ ကျောင်းဘုံဆင့်ပေါ်မှာ ဘယ်သူမှမရှိ။

အစက ကျောင်းသားကြီးများ ထင်လိုက်ကြသည်မှာ ကျောင်းထိုင်ဆရာတော်အား ရွာက မကြည်ညိုသူ တစ်စုံတစ်ဖွဲ့၊ တစ်စုံတစ်ယောက်က သူတို့ဆရာတော်ကို ဤကျောင်းက အရပ်တစ်ပါးသို့ကြွသွားအောင် တမင်အနှောင့်အယှက်ပေးသည်ဟု ထင်သဖြင့် ဒေါသဖြစ်ဖြစ်နှင့် ဇေတဝန်ပေါ် ချက်ချင်းပြေးတက်သွားကြခြင်း ဖြစ်သည်။

အမှန်က သူတို့၏ ဤဆရာတော်မှာ ဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်သည်ကို ကျောင်းသားများနှင့် ရွာသူရွာသားများလည်း အားလုံးအသိပင်ဖြစ်သည်။ ဆရာတော်ကို မကြည်ညို မလေးစားသူ ဟူ၍လည်း တစ်စုံတစ်ယောက်ကမှ နှုတ်ထွက်ပြောဆိုသံ မကြားကြရ။ ထို့ကြောင့်လည်း ကျောင်းသားကြီးများက ပိုဒေါသထွက်ပြီး ချက်ချင်း ဘုံဆင့်ပေါ် တွယ်တက်ပြီး ရှာဖွေကြခြင်း ဖြစ်သည်။ သို့သော် ဘုံဆင့်ပေါ်၌မူ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ကြရပေ။ မသင်္ကာစရာဆို၍လည်း ဘာမှမတွေ့ကြရ။ ထို့ကြောင့် ကျောင်းသားကြီးများက ဘုန်းတော်ကြီးကို ဘုံဆင့်ပေါ်က လှမ်းအော်လျှောက်ကြသည်။

"ဇေတဝန်ပေါ်မှာရော ကျောင်းခေါင်မိုးပေါ်မှာပါ ဘယ်သူမှမရှိပါဘုရား"

"အေးအေး- ဒါဆိုဆင်းကြတော့။ ဂောင်းဂောင်းဆင်းကြ၊ ခြေချော်လက်ချော်ဖြစ်မယ်။ သတိထားဆင်းကြကွယ့်"

ဆရာတော်က ကျောင်းဘုံဆင့်ပေါ် တွေတွေဝေဝေနှင့် လှမ်းကြည့်ပြီး ဘုံဆင့်ပေါ်က တွယ်ဆင်းနေကြသော ကျောင်းသားများကို သတိပေးစကားမိန့်ကြားသည်။

ကျောင်းသားများက အောက်သို့ ဆင်းလာကြ၏။ ကျောင်းသားကြီးများ ဘုံဆင့်ပေါ် ရောက်သွားကြကတည်းက နောက်ထပ်တော့ ခဲတွေကျမလာတော့ပေ။

သည်လိုနှင့် ညနေ လေးနာရီကျော်မှာ ကျောင်းသားများကို ထမင်းစား စောစောလွှတ်လိုက်သည်။ ခါတိုင်းနေ့တွေဆိုလျှင် ညနေငါးနာရီမှ ရွာဆင်းပြီး ထမင်းစားကြရသည်။ ခြောက်နာရီ မထိုးမီ ဘုရားဝတ်တက်အမီ ကျောင်းအိပ်ကျောင်းစားကျောင်းသားများအားလုံး ဘုန်းကြီးကျောင်းကို အရောက်ပြန်လာကြရ၏။

ဤနေ့အဖြစ်အပျက်ကို ရွာလူကြီးများအား ပြောပြ၍ ညနေရွာလူကြီး သုံး၊ လေးယောက်ကို ကျောင်းသို့လာကြရန်လည်း ဆရာတော်က ကျောင်းသားများနှင့် မှာလိုက်သည်။

ဘုန်းကြီး မှာလိုက်သည့်အတိုင်း လူကြီးသုံး၊ လေးယောက်နှင့် ကျောင်းသားကြီးများသည် ထမင်းစားပြီးကြသည်နှင့် ညနေမိုးမချုပ်မီ ကျောင်းသို့ ရောက်လာကြသည်။

ဆရာတော်က နေ့လယ်၌ကျောင်းတွင် ကြုံတွေ့ခဲ့ကြရသော အဖြစ်အပျက်များကို ရွာလူကြီးများကို ပြောပြရာ ရွာလူကြီးသုံး၊ လေးယောက်မှာ ရွာသို့မပြန်ကြတော့ဘဲ ကျောင်း၌ပင် ညအိပ်စောင့်နေကြသည်။

ဆရာတော်လည်း ကုဋီကို တစ်ပါးတည်း မသွားရဲတော့သဖြင့် အပေါ့အပါးသွားရာ၌ပင် ရွာလူကြီးတစ်ယောက်ယောက်ကို အစောင့်ခေါ်သွားရသည်။ ဆရာတော်က တစ်ယောက်ကိုသာ ခေါ်သော်လည်း ထူးဆန်းသောအဖြစ်ကြောင့် ရွာလူကြီးလေးယောက်စလုံးကပင် ဆရာတော်ကို အစောင့်အရှောက်အဖြစ်ဆင်းလိုက်လာကြသည်။

ရွာလူကြီးလေးယောက် ပါလာကြ၍လားမသိ။ နေ့လယ်ကလို အပြင်က တံခါးကို တစ်စုံတစ်ယောက် တွန်းပိတ်ထားတာလည်း မရှိတော့။ ည၌လည်း တစ်ညလုံး ဘာအသံဗလံမှ မကြားကြ ရဘဲ ဘုန်းကြီး၊ ကျောင်းသား၊ အရပ်လူကြီးများ ကောင်းစွာအိပ်နိုင်ကြသည်။

သို့သော် မနက်မိုးလင်းသောအခါ ကျောင်းထပ်ခိုးပေါ်ရှိ ဘုရားကျောင်းက ကျောက်စလင်းဖြူ (စကျင်ကျောက်) ဘုရားဆင်းတုတော်နှစ်ဆူမှာ ကျောင်းလှေကားထိပ်နားရှိ ဘုန်းကြီးသောက်ရေအိုးစင်ပေါ် ရောက်နေသည်။ ပို၍ ထူးဆန်းနေပြန်သည်မှာ လင်ပန်းကြီးနှစ်ချပ်ကို ဘုရားတစ်ဆူစီရှေ့၌ ယပ်ကဲ့သို့ ထောင်ထားသည်ကို အံ့ဩဖွယ်ရာတွေ့ကြရပြန်သည်။

www.burmeseclassic.com

ကျောက်စလင်းဖြူ (စကျင်ကျောက်) ကျောက်ဆင်းတုရုပ်ပွားတော်နှစ်ဆူမှာ သေးသေးမဟုတ်။ အားကောင်းမောင်းသန် လူကြီးတစ်ယောက်ပင် ကိုင်ပင့်မ,မနိုင်သော ဉာဏ်တော်ထုထည်ရှိ၏။ ထိုရုပ်ပွားတော်နှစ်ဆူကို လူကြီးနှစ်ယောက်စီ မ,ပင့်၍ ဘုရားကျောင်းဆောင်ပေါ် ပြန်ပင့်ပို့ထားကြရသည်။ ဘုရားရှေ့တွင် ယပ်လုပ်ထောင်ထားသော လင်ပန်းကြီးနှစ်ချပ်ကိုလည်း မူလထားရာ လင်ပန်းနေရာ၌ ပြန်ထားကြရ၏။

လူကြီးလေး၊ ငါးယောက်မှာ ရွာကို မပြန်နိုင်ကြသေးဘဲ ကျောင်း၌ပင် အရုဏ်ဆွမ်းစားပြီးစောင့်ကြည့်နေကြရသည်။ စကုကျွန်းရှိ သူတို့ ဝလက်မော်ရွာမှာ အိမ်ခြေငါးဆယ်ခန့်သာ ရှိ၏။ အရုဏ်ဆွမ်း၊ နေ့ဆွမ်းကို ခွဲတမ်းနှင့် အလှည့်ကျ သုံးအိမ်တစ်လှည့်၊ နှစ်အိမ်တစ်လှည့် ဆင်းရဲ၊ ချမ်းသာကိုလိုက်၍ ကျောင်းဆွမ်းပို့ကြရသော အလေ့အထ ဂါမပညတ်ရှိသည်။

အထွတ်အမြတ်ဖြစ်သောခြံထွက်သီးနှံ၊ အခါအားလျော်စွာလုပ်ကြလေ့ရှိသော မုန့်ဖက်ထုပ်၊ မုန့်ကြာစေ့၊ မုန့်ဆီကြော် စသည်များကိုလည်း သဒ္ဓါတရားပေါက်သလို ကျောင်းကိုလာလှူလေ့ရှိကြ၏။

သို့နှင့် မစိန်လှမည်သော ဒကာမတစ်ယောက်သည် ဘုန်းကြီးနေ့ဆွမ်းဘုဉ်းပေးအမီ သူ၏ ခြံထွက်ဖြစ်သောသီးမွှေးငှက်ပျောလက်ရင်းဖီး အလုံးကောင်းကောင်းလှလှတစ်ဖီးကို ဘုန်းကြီးလှူရန် ကျောင်းသို့လာ၏။ ကျောင်းဝင်းထဲ ဝင်လိုက်သည်နှင့် -

"အ. . . အမယ်လေး၊ လုပ်. . . လုပ်ကြပါဦး။ ဘယ့်နှယ်၊ ဘယ့်နှယ် ငှက်ပျောသီးဖီး မိုးပေါ် ပျံတက်သွားပါလိမ့်"

ဟု အထိတ်တလန့်အော်လိုက်သံကို ရုတ်တရက်ကြားလိုက်ကြ၍ လူကြီးများ ကျောင်းပေါ်က ပြေးဆင်းကြည့်ကြရာ ဘာမှမမြင်လိုက်ကြရတော့ပေ။ ကြွေပန်းကန်ပြားပေါ်တင်၍ သူ့ခြံထွက်ငှက်ပျောသီးဖီးလှူရန်လာသော ဒကာမခမျာမှာလည်း သူ့ခေါင်းပေါ်ရွက်လာသောပန်းကန်ပြားကိုကြည့်လိုက်၊ မိုးပေါ်မော့ကြည့်လိုက်နှင့် ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

"ဟင်-ခင်ဗျားဟာဘယ်လိုဖြစ်လို့လဲ"

လူကြီးတွေက ဝိုင်းမေးကြ၏။

"ခေါင်းပေါ်တင်ရွက်လာတဲ့ ငှက်ပျောသီးဖီးကို ကျောင်းဝင်းတပ်ထဲဝင်တာနဲ့ အပေါ်ကလာပြီးဆွဲသုတ်သွားတာ။ အစက ကျီးကန်းများလာထိုးတာလားလို့ လှမ်းကြည့်လိုက်တော့ အမယ်လေး. . . ဘာကျီးကန်းကိုမှမမြင်ရဘဲ ငှက်ပျောသီးဖီးချည်းပဲ တစ်ဖီးလုံး ဇေတဝန်ပေါ် ပျံတက်သွားတာ အံ့ဖွယ်သရဲပါလား တော်တို့ရယ်"

မနေ့ နေ့လယ်ကပင် ဘုန်းကြီးကုဋီပြန်ဖွင့်မရတာ၊ ဇေတဝန်ဘုံဆင့်ပေါ်က ကျောက်ခဲတွေကျကျလာတာ၊ ဤမနက်မှာလည်း ကျောက်စလင်းဆင်းတုတော်နှစ်ပါး ဘုရားကျောင်းဆောင်ပေါ်က ဘုန်းကြီးသောက်ရေအိုးစင်ပေါ် လင်ပန်းကြီးနှစ်ချပ်နှင့် ရောက်နေတာတွေကြောင့် စိတ်ထဲမသိုးမသန့်ဖြစ်နေကြသော လူကြီးတွေမှာ ယခု ဒေါ်မစိန်လှ၏စကားကို ကြားလိုက်ကြရသောအခါ ချက်ချင်း ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ ပြီးမှ ရွာလူကြီးက-

"နင့်ဒီပန်းကန်ပြားထဲက ငှက်ပျောသီးကို ဆွဲယူသွားတဲ့ အကောင်ကိုတော မြင်လိုက်ရလားဟင်. မစိန်လှ"

"ကျွန်မ ခေါင်းပေါ်တင်ရွက်လာတဲ့ ငှက်ပျောသီးဖီးကြီးကို တစ်ယောက်ယောက်. လှမ်းဆွဲကာ သိလိုက်ရတော့ ကျွန်မလှမ်းကြည့်ပါတယ်။ ဘာကောင်မှ မမြင်လိုက်ရဘဲ ငှက်ပျောသီးဖီးချည်း သက်သက် ဇေတဝန်ပေါ် ပျံတက်သွားတာပဲ မြင်လိုက်ရပါတယ်။ အဲဒါ ဘယ်လိုဖြစ်တာတုံးဟင်"

ကာယကံရှင်ကပင် သူတို့ကိုထပ်မေးနေရာ အရပ်လူကြီးများမှာလည်း ဘာပြောရမှန်းမသိဖြစ်သွားပြန်၏။

ဒေါ်မစိန်လှကလည်း ရွာပြန်သွားပြီး ထိုအကြောင်းကို ရွာတွင် ဖောက်သည်ချလိုက်ရာ တစ်ရွာလုံး အုတ်အော်သောင်းတင်းဖြစ်ကာ ရွာထဲက မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များပါမကျန် ကျောင်းကို ပြေးရောက်လာကြပြီး မေးကြမြန်းကြနှင့် ချက်ချင်း ကျောင်းပေါ်တွင် လူပြည့်သွားသည်။

ကျောင်းကိုပြေးရောက်လာကြသူများက မနေ့ကအဖြစ်ကိုပါ အားလုံးသိသွားကြရာ ပုဏ္ဏကတိုက်တာ၊ တစ္ဆေခြောက်တာ၊ သရဲခြောက်တာနှင့် တီးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး စုထိုင်ဝိုင်းပြောနေကြရာ နေ့ဆွမ်းအလှည့်ကျနေသော ဆွမ်းဒကာမနှစ်ယောက်ကလည်း ကျောင်းကို ဆွမ်းလာပို့ကြသည်။

သူတို့လာပို့ကြသော ဆွမ်းဟင်းများနှင့် ပတ်သက်၍တော့ ထူးထူးထွေထွေ ဘာပြဿနာမှမရှိ။ ထို့ကြောင့် ဆယ်နာရီခွဲသောအခါ ကျောင်းသားကြီးများနှင့် ရွာကလူကြီးတွေပါ ဆွမ်းဝိုင်းပြင်ပြီး ဘုန်းကြီးနှင့် ကိုရင်နှစ်ပါးကို ဆွမ်းကပ်ကြသည်။

ဒကာတွေကပ်သော နေ့ဆွမ်းကို ဘုဉ်းပေးနေစဉ် ဘုန်းကြီး၏ တင်ပျဉ်ခွေထဲ ငှက်ပျောသီးခွံများ ကျလာတော့သည်။ ဤသည်ကို အနားတွင် ယပ်ခတ်ပေးနေသော အရပ်လူကြီးတို့က မြင်လိုက်၍လှမ်းကြည့်ကြရာ ဘုံဆင့်ပေါ်က နောက်ထပ် ငှက်ပျောသီးခွံများကျလာပြန်သည်။ သို့သော် ဘုံဆင့်ဇေတဝန်ပေါ်၌မူ မည်သူတစ်ဦးတစ်ယောက်မည်သည့်အရာဝတ္ထုကိုမျှ ထူးထူးထွေထွေ မမြင်ကြရပေ။

အမှန်က ထိုငှက်ပျောသီးခွံများမှာ စောစောကမှ ဒေါ်မစိန်လှလှူရန်လာပြီး ဒေါ်မစိန်လှ ပန်းကန်ပြားပေါ်က ဘုံဆင့်ပေါ် ပျံတက်သွားသော သီးမွှေးငှက်ပျောသီးခွံများပင် ဖြစ်သည်။

ဘုန်းကြီးမှာလည်း မကြုံစဖူး ထူးဆန်းလှသောအဖြစ်ကြောင့် ဆွမ်းပင်ဆက်၍မဘုဉ်းပေးနိုင်တော့။ ဘုန်းကြီးက တော်ပြီဟု ကျောင်းသားကြီးတွေကို လက်ပြလိုက်သောအခါ ကျောင်းသားတွေက ဆွမ်းပွဲသိမ်းလိုက်ကြသည်။ တစ်ညလုံးစောင့်အိပ်နေကြသောလူကြီး ငါးယောက်အတွက် ထမင်းပွဲပြင်ကြသည်။

ငယ်သေး၍ ဆွမ်းပွဲမသိမ်းရ မပြင်ရသော ရှစ်နှစ်၊ ကိုးနှစ်ရွယ် ကျောင်းသားငယ်များကမူ ကျောင်းတိုင်ကိုမှီပြီး တိုင်တစ်လုံး ကျောင်းသားတစ်ယောက်စီ ထုံးစံအတိုင်း ထိုင်နေကြသည်။

ထိုသို့ ကျောင်းသားငယ်များ ထိုင်နေကြစဉ် ကျောင်းသားငယ်နှစ်ယောက် ရင်ခွင်ထဲကို ငှက်ပျောသီးတစ်ယောက် တစ်လုံးစီ ဘုံဆင့်ပေါ်က ပစ်ကျလာသည်။

(ထိုကျောင်းသားငယ်နှစ်ယောက်၏ အမည်များကို စာရေးသူက မေး နှစ်ကြာတော့ ဘုန်းကြီးလည်း မမှတ် တော့ဘူး ဒကာကြီး။ ရွာပြန်ရောက် မေးကြည့်မှ သိတော့မည်ဟု စကူဆ တော်ကမိန့်သည်။ ဤကား စကား တည်း။)

ထိုကျောင်းသားငယ်နှစ်ယော



www.burmeseclassic.com

www.burmeseclassic.com

၏ ရင်ခွင်ထဲကျလာသော ငှက်ပျောသီးနှစ်လုံးမှာလည်း အမှန်က စောစောကမှ ဘုန်းကြီးလှူရန်လာသော ဒေါ်မစိန်လှ၏ ငှက်ပျောသီးပင်။

ကျောင်းသားငယ်နှစ်ယောက်မှာ အထိတ်တလန့်နှင့် ဘုံဆင့်ပေါ်မော့ကြည့်လိုက်ကြရာ -

"ဟာ - ဘုံဆင့်ပေါ်မှာ လူတွေလူတွေအများကြီး"

ဟု ကြောက်လန့်တကြား လက်ညှိုးထိုးပြီး ခုန်ထအော်ဟစ်လိုက်ကြသည်။

"ဟင် - ဘယ်မှာလဲ။ ဘယ်ဇေတဝန်ပေါ်မှာလဲ"

"ဘယ်အဆင့်မှာလဲ"

"ဘယ်နေရာမှာလဲ"

ဘုန်းကြီးနှင့် လူကြီးတွေက ကျောင်းသားငယ်နှစ်ယောက်နား ပြေးချလာကြပြီး ကမန်းကတန်း မေးလိုက်ကြ၏။

"ဟိုမှာ ဟိုဘုံဆင့်ပေါ်မှာ ခြေထောက်တွဲလောင်းချပြီး ငှက်ပျောသီးစားနေကြတယ်။ မိန်းမလည်း တစ်ယောက်ပါတယ်"

ဟု ကျောင်းသားငယ်နှစ်ယောက်က လက်ညှိုးပြိုင်တူထိုးပြပြီး မတ်တတ်ရပ်အော်ပြောနေကြသည်။

ထိုကျောင်းသားငယ်နှစ်ယောက် မတ်တတ်ရပ် လက်ညှိုးထိုးအော်ပြောပြနေသဖြင့် တစ်ကျောင်းလုံးရှိ လူတွေမှာ အကုန်လန့်ဖျပ်ကုန်ကြသည်။ သို့သော် ထိုကျောင်းသားငယ်နှစ်ယောက် လက်ညှိုးထိုးပြနေရာကို ဘုန်းကြီးနှင့် အားလုံး မော့ကြည့်ကြရာ ဘာဆိုဘာမှမမြင်ကြရပေ။

ထိုအခါ ကြောက်တတ်သောမိန်းမများနှင့် ကလေး၊ လူကြီးအချို့ ကျောင်းပေါ်က ဆင်းပြေးသွားကြ၏။ တချို့ကလေးများကမူ လူကြီးတွေဖြစ်ကြသော သူတို့မိဘများဆင်းပြေးသွားကြသောအခါ ဘာမှန်းညာမှန်းမသိဘဲ ငိုယို၍ပင် ပြေးဆင်းလိုက်ပါသွားကြသည်။ ဘုန်းကြီးနှင့် လူကြီးလေး၊ ငါးယောက်ကမူ ကျောင်းပေါ်ကို ခေါင်းတမော့မော့ကြည့်လျက် ကျောင်းသားငယ်နှစ်ယောက်ပြောသောလူတွေကို လိုက်ရှာကြည့်နေကြသည်။ သို့သော် ကျောင်းသားငယ်နှစ်ယောက်ပြောသော လူတွေဆိုသည်ကိုကား အရိပ်အယောင်မျှပင် မမြင်ကြရပေ။

ထို့ကြောင့် -

"ဒကာကြီးမြင်လား"

"ဆရာတော် မြင်ပါလားဘုရား"

နှင့်သာ ခေါင်းတမော့မော့ဖြစ်ကုန်ကြသည်။

ကျောင်းသားငယ်နှစ်ယောက်ကလွဲပြီး မည်သူမျှ မမြင်ကြရရာ ဘုန်းကြီးနှင့် လူကြီးတွေမှာလည်း မည်သို့မည်ပုံ ယူဆကြရမှန်းမသိကြရတော့ဘဲ ဘုံဆင့်ပေါ်မှာလူတွေမြင်နေရပါသည်ဆိုသော ကျောင်းသားငယ်နှစ်ယောက်တို့ကိုသာ မလွတ်တမ်းလက်ဆွဲထားကြပြီးအကြိမ်ကြိမ်အခါခါမေးလိုက်၊ ကျောင်းဘုံဆင့်ပေါ် မော့ကြည့်လိုက်၊ ဘာမှမမြင်ရလိုက်နှင့် ကယောင်ချောက်ချားဖြစ်ကုန်ကြသည်။

ထိုအခါ ကျောင်းသားငယ်နှစ်ယောက်ကို ထပ်မေးကြရပြန်၏။

"ဘုံဆင့်ပေါ်မှာ မင်းတို့မြင်တဲ့ လူတွေက ဘယ်လိုလူတွေလဲ"

"လူကြီးတွေအများကြီးပဲ"

ဆရာတော်က သက်မချသည်။

လူကြီးတစ်ယောက်က စိတ်ပေါက်ပေါက် ဖြစ်လာသလိုနှင့် -

"ဘယ်နှယောက်လဲ ရေကြည့်စမ်းကွာ"

အရပ်လူကြီးတစ်ယောက်က ရေကြည့်ဆိုသဖြင့် ကျောင်းသားငယ်နှစ်ယောက်က ဘုံဆင့်ပေါ် ခေါင်းမော့ကြည့် လက်ညှိုးထိုးကာ တစ်၊ နှစ်၊ သုံး၊ လေး ရေကြည့်ကြသည်။

သူတို့နှစ်ယောက်က သံပြိုင်ရေကြည့်ကြပြီး -

"ယောက်ျား ဆယ့်နှစ်ယောက်နဲ့ မိန်းမတစ်ယောက်"

ဟု သံပြိုင်ပြောလာကြ၏။

"ဟိုမှာ ဟိုမှာ၊ ကျွန်တော်တို့ကို ရယ်ပြနေကြတယ်"

ဟုလည်း တစ်၊ နှစ်၊ သုံး၊ လေး ရေတွက်ပြပြီးသည်နှင့် ဆိုလာကြပြန်၏။

"ဘယ်လိုလူတွေလဲ၊ မင်းတို့ကို ရယ်ပြနေတာ။ အဘတို့လိုလူတွေလား"

"မဟုတ်ဘူးဗျ၊ အားလုံးဘောင်းဘီဝတ်ထားကြတဲ့လူကြီးကြီးတွေ"

ဘာမှလဲသူမမြင်ရဘဲနှင့် ကလေးနှစ်ယောက်ကိုသာ မေးခွန်းထုတ်နေရသော အရပ်လူကြီးမှာ ကလေးတွေအပြောကြောင့် စိတ်ထဲက ဘုရားတလိုက်မိကြသည်။

ကျောင်းဘုံဆင့်ပေါ်က ထိုထိုဤဤ လူများကို မြင်ရပါသည်ဆိုသော ကျောင်းသားငယ် နှစ်ယောက်ထဲက အကြီးဖြစ်သူ၏ပြောစကားကို ဘုန်းကြီးနှင့် လူကြီးတွေက ဇဝေဇဝါ မယုံသင်္ကာရှိသဖြင့် ကျောင်းသားငယ်၏ ခေါင်းကို ဖက်ပြီး -

"ဟုတ်ရဲ့လား သား"

ဟု မေးကြရပြန်၏။

"ဟုတ်တယ်၊ အားလုံး ဘောင်းဘီဝတ်ထားကြတယ်"

အငယ်ကျောင်းသားကလည်း ဘုံဆင့်ပေါ် တစ်ခါထပ်ရေကြည့်၍ ဟုတ်မှန်ကြောင်း ပြောပြန်၏။

"အဲဒီ ဘုံဆင့်ပေါ်က လူတွေဟာ ခေါင်းကြီးကြီး ကိုယ်သေးသေးလား၊ ကိုယ်ကြီးကြီး ခေါင်းသေးသေးလေးတွေလား"

ဤမေးခွန်းကိုမူ ဆရာတော်က ဘာရည်ရွယ်ချက်နှင့်မေးမှန်း ဒကာတွေက မသိပေ။

ကျောင်းသားငယ်က -

"မဟုတ်ပါဘူး ဘုရား၊ ဘောင်းဘီဝတ်ထားကြတာကလွဲရင် အားလုံး တပည့်တော်တို့လိုလူတွေပါ ဘုရား"

ဘုန်းတော်ကြီးက ခေါင်းငုံ့တွေဝေသွားပြီး သက်မအကြိမ်ကြိမ်ချသည်။

အရပ်လူကြီးတွေမှာ ကျောင်း၌ပင် အလှည့်ကျ မပြတ်စောင့်နေကြရ၏။ အလှည့်မကျသေးသူ၊ အားနေသူအချို့ကလည်း အားဖြည့်လာစောင့်နေကြသဖြင့် ကျောင်း၌ နေ့ ညမဟူ လူမပြတ်ဖြစ်နေသည်။ ကျောင်းသားကြီးများနှင့် ကျောင်းသားငယ်များကလည်း ခါတိုင်းလိုပင်ရှိနေကြသည်။

သို့သော် ထိုနေ့ထိုရက်ကစပြီး ထိုနာနာဘာဝများသည် ကျောင်းတွင်း၊ ကျောင်းပြင်၊ ကျောင်းဝင်းထဲတွင် သောင်းကျန်းချင်တိုင်းသောင်းကျန်းနေကြတော့သည်။ ရွာ၌မူ ဘာမှမဖြစ်ဘဲ ဂါမပညတ်အရ ခါတိုင်းလိုပင် နှစ်အိမ်တစ်လှည့်ကျ ဆွမ်းချက်ပို့ကြသည့်အပြင် ကျောင်းတွင် စောင့်အိပ်နေကြသော အရပ်လူကြီးများရှိကြသဖြင့် မိမိအလှည့်မကျသေးသော်လည်း သဒ္ဓါဆွမ်းနှင့် မုန့်ပဲသရေစာပို့သူများကလည်း ခါတိုင်းထက် ကြိုးစားပို့ကြသည်။ သူတို့ရွာမှာ ပင်လယ်ထဲကကျွန်းဖြစ်၍ ကျောင်းထိုင်ဆရာတော် သူတို့ကျောင်း၌ မနေရဲသဖြင့် ရမ်းဗြဲကျွန်းဘက် ပြန်ကူးကြွသွားကြမှာကိုလည်း အလွန်စိုးရိမ်ကြသည်။

ထို့ကြောင့်လည်း ကျောင်းသားငယ်များနှင့် ဆရာတော်ကို မထားရဲကြသဖြင့် လူကြီးတွေက ကျောင်း၌မပြတ် နေ့ရောညပါ စောင့်အိပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် နာနာဘာဝများကမူ မည်သူ့ကိုမှ အကြောက်အရွံ့မရှိကြဘဲ ထင်တိုင်းကဲ့နေကြတော့သည်။

ဘုရားကျောင်းဆောင်ပေါ်ကနေ ကျောင်းဆင်းတုရုပ်ပွားတော်များကို ညတိုင်းယူချပြီး ဘုန်းကြီး၏သောက်ရေအိုးစင်ပေါ် သွားတင်ထားကြသလို ငါးပိသာ ကျော်လေးသော ကြေးစည်ကြီးကိုလည်း ခြေတံရှည်ကျောင်းအောက်မြေပြင်ပေါ် ပစ်ချထားကြသည်။ တံခါးတွေအလုံပိတ်ထားသည့်အပြင် ကျောင်းခင်းပျဉ်ချပ်ကြီးတွေမှာလည်း ထုနှင့်ထည်နှင့် အခိုင်အမာတွေဖြစ်ရာ ဘယ်ကဘယ်လိုယူပြီး ကျောင်းအောက်မြေပြင်ပေါ် ပစ်ချလိုက်ကြသည်မသိ။ မိုးလင်း၍ အရုဏ်ဆွမ်းကပ် ကြေးစည်ထိုးရန် ကြည့်ကြတော့မှ ကြေးစည်မရှိတော့ပေ။

ထို့နောက်မှာ ဘုန်းကြီးလှူရန် လာသော ဖက်ထုပ်မုန့်များကိုလည်း ကျောင်းဝင်းထဲ အလှူရှင်ဝင်လာသည်နှင့် ထိုနာနာဘာဝများသည် ဒေါ်မစိန်လှ၏ ငှက်ပျောသီးဖီးကို ယူသွားကြသလို ဘုံဆင့်ပေါ် ယူသွားကြပြီး သူတို့စားပြီးသား ဖက်ထုပ်မုန့်အခွံများကို ဘုံဆင့်ပေါ်မှ ပစ်ချကြသည်။

သူတို့ချစ်၍ ငှက်ပျောသီးပေးဖူးသော ကလေးနှစ်ယောက်ကိုမူ ဖက်ထုပ်မုန့်ဆီကြော်မုန့်၊ မရွေးပေါက်ပေါက်စသည့်ဘုန်းကြီးလှူရန် လာသမျှလူများ၏အလှူမုန့်ကို သူတို့ယူစားပြီး ကလေးနှစ်ယောက်ကို တစ်ယောက်တစ်ခု အမြဲပေးကြသည်။

ဤသည်ကို ဘုန်းကြီးအား လာစောင့်အိပ်နေရသူ အချို့က -

"တို့ကိုလည်း ပေးကြပါဦးဗျို့။ ဗိုက်ဆာလှပြီ"

ဟု ဘုံဆင့်ပေါ် မော့ကြည့်ပြီး အော်တောင်းလိုက်ရာ ဘုံဆင့်ပေါ်က အထုပ်တစ်ထုပ် ကျလာသည်။ မုန့်ထုပ်ထင်၍ ဖွင့်ကြည့်လိုက်ကြရာ မစင်ထုပ်ဖြစ်နေသည်။

ထို့ကြောင့် နောက်မအော်တောင်းရဲကြတော့။ဒကာတွေကလည်း ထိုနာနာဘာဝများသည် ဘုန်းကြီးကို လာစောင့်အိပ်နေကြသော အရပ်လူကြီးများ၏ ဆေးတံ၊ ဆေးဘူးများကိုလည်း လက်ကချသည်နှင့် ကောက်ဆွဲယူသွားကြပြီး ဘုံဆင့်ပေါ်က ပစ်ချကြသည်။ ဘုန်းကြီးအနား ဝိုင်းထိုင်နေကြလျှင် လူနှင့် ဘုန်းကြီးကြားထဲကို ခဲတွေနှင့် ပစ်ချကြသည်။

ထိုအခါ အရပ်လူကြီးတွေက -

"ကျောင်းပေါ်လည်း လာနေကြသေးတယ်၊ ဘုန်းကြီးရဟန်းကိုလည်း နှောက်ယှက်တယ်။ ဒါအင်မတန်ငရဲကြီးတယ်နော်"

ဟု ပြောမိလိုက်ရာ သူ့စကားပင်မဆုံးမီ ကျောင်းလျှောက်တန်း၊ ထုပ်တန်းပြားပေါ်မှာ -

"ဘုရား၊ တရား၊ သံဃာ"

ဟူသော ထင်ထင်ရှားရှားစာပေါ်လာသည်။

ဘုရား၊ တရား၊ သံဃာဆိုသည်ကို သူတို့လည်း သိပါသည် ဟူသော သဘောလားဟု နားလည်ကြရသည်။

ထိုနာနာဘာဝများကို ကျောင်းသားငယ်နှစ်ယောက်ကလွဲပြီး တခြားမည်သူတစ်ဦးတစ်ယောက်ကမျှလည်း မမြင်မတွေ့ကြလေရာ ထိုကျောင်းသားငယ်နှစ်ယောက်ကိုသာ ဘုန်းကြီးနှင့် အရပ်လူကြီးတွေက ဆရာတင်၍အကျိုးအကြောင်းမေးကြရသည်။

ထိုကျောင်းသားငယ်နှစ်ယောက် ပြောပြကြသည်မှာ -

ထိုနာနာဘာဝများထဲက မိန်းမသူသည် သူတို့နှစ်ယောက်ကိုချစ်၍ မုန့်တွေ၊ ငှက်ပျောသီးတွေကို ဘုံဆင့်ပေါ်က ချပေးသည်ဆို၏။ သူတို့သည် ဘုံဆင့်အတွင်းဘက်အစွန်းတွင် ခြေထောက်တွဲလောင်းချ၍ ဒူးနန့်ပြနေနေကြသည်။

တစ်နေ့တစ်လယ်၌မူ သူတို့သည် ကျောင်းပေါ်ကဆင်းသွားကြပြီး ကျောင်းနားရှိ လက်ပံပင်ပေါ် သွားနေကြသည်။ လက်ပံပင်ကိုင်းတွေပေါ်မှာ လင်းဆွဲများကဲ့သို့ ဦးစောက်ပြောင်းပြန် ခြေချိတ်တွဲဆွဲ၍လည်းနေကြသည်ကို မြင်ရသည်။ သူတို့သည် လက်ပံပင်ပေါ်ကနေ ထိုကျောင်းသားငယ်နှစ်ယောက်ကို ပြောင်ပြောင်နောက်နောက် ရယ်မောပြကြသည်ဟုလည်း ထိုကျောင်းသားငယ်နှစ်ယောက်က ပြောပြကြသည်။

လေး၊ ငါးရက်ကြာသောအခါ အခြေအနေမှာ ပိုဆိုးလာသည်။

ဘုန်းကြီးနှင့် ရွာလူကြီးများ ကျောင်းပေါ်တွင် စုထိုင်လိုက်ကြသည်နှင့် ဘုံဆင့်ပေါ်က ခဲနှင့်ဝိုင်းပေါက်ကြသည်။ လူကို မထိသော်လည်း ထိလုထိချင် လူကြားဘုန်းကြီးကြား ဘုံဆင့်ပေါ်က ခဲတွေကျလာရာ ဘုန်းကြီးနှင့် ရွာလူကြီးတွေမှာ ကျောင်းပေါ်ကိုပင် မတက်ရဲလောက်အောင်ဖြစ်လာကြသည်။

တစ်ခု ထူးခြားလာပြန်သည်မှာ ညနေ လေးနာရီကျော်ပြီဆိုလျှင်တော့ ခဲလုံးဝမကျတော့။ နေ့လယ်ဘက်က ပစ်ချထားသော ခဲလုံးတွေမှာလည်း ကျောင်းကြမ်းခင်းပေါ်မှ အလိုလိုအကုန် ပျောက်ကုန်ကြတော့သည်။

ဤသို့သိကြရသည်မှာ ဘောင်းဘီဝတ် နာနာဘာဝ (၁၃) ယောက်ထဲတွင် တစ်ယောက်သောမိန်းမဖြစ်သူက ချစ်၍ ငှက်ပျောသီး၊ မုန့်ပေးတတ်ကြသော ကျောင်းသားငယ် နှစ်ယောက်က ကျောင်းပေါ် တက်ကြည့်ခိုင်းကြသဖြင့် သိကြရသည်။ ထိုကျောင်းသားငယ် နှစ်ယောက်က ကျောင်းပေါ်တွင် ခဲများ မရှိတော့သလို သူတို့လည်း မရှိကြတော့။ ကျောင်းနားရှိ လက်ပံပင်ကြီးပေါ် အိပ်ရန်ပြောင်းသွားကြသည်ဟုဆို၏။

ထိုအခါမှ ဘုန်းကြီးနှင့် ရွာသားလူကြီးတွေမှာ ကျောင်းပေါ် တက်အိပ်ရဲကြသည်။ သို့သော် အရုဏ်ဆွမ်းစားပြီးကြ၍ မကြာမီမှာပင် ဘုန်းကြီးနှင့် အရပ်လူကြီးတို့ရှိရာသို့ခဲတွေကျလာပြန်သည်။ လူကြီးများ၏ ဆေးတံ၊ ဆေးဘူးတွေက ဇေတဝန်ဘုံဆင့်ပေါ် ပျံတက်သွားပြီး ဘုံဆင့်ပေါ်က ပစ်ချခံကြရပြန်သည်။

ထိုအခါ ဘုန်းကြီးနှင့် အရပ်လူကြီးများမှာ ကမန်းကတန်း ကျောင်းအောက်သို့ ဆင်းပြေးလာကြရပြန်၏။ ကျောင်းအောက်၌နေကြလျှင်တော့ ဘုန်းကြီးနှင့် အရပ်လူကြီးတွေကြားထဲ ဘယ်ခဲမှ မကျပြန်။

သည်လိုနှင့် စကုကျွန်း ဝံလက်မော်ရွာဘုန်းကြီးကျောင်းမှ ဤပြဿနာကို ရွာသူရွာသားတွေက ပုဏ္ဏကတိုက်ထားသည်၊ အစိမ်းတိုက်ထားသည်ဟု ယူဆကြကာ ဗေဒင်မေး၊ နတ်ဆေး ပယောဂဆရာရှာ၊ မှော်ဆရာပင့်နှင့် အမျိုးမျိုးဆောင်ရွက်လုပ်ကိုင်ကြသည်။ သို့သော် အလုပ်ရှုပ် အခကြေးငွေသာ ကုန်သွားကြသည်၊ ဘာမှအကြောင်းမထူး။ ရက်သတ္တနှစ်ပတ်ကျော်သာ ကြာလာသည်။ နာနာဘာဝများတကား သောင်းကျန်းမြဲ သောင်းကျန်းနေကြတုန်း။

စကုကျွန်းဘုန်းကြီးကျောင်းမှ ဤသတင်းသည် ကျွန်းနီးနားများဖြစ်သော မန်ကျည်းကျွန်း၊ ပန်းတင်ကျွန်း၊ ရဲကျွန်း တိုက်ကျွန်း၊ ဇောင်းကျွန်းတစ်ခွင်လုံး ဟိုးဟိုးကျော်စောသွားသည်။ ထို့မှတစ်ဆင့် ထိုသတင်းသည် မာန်အောင်ကျွန်းနှင့် ရမ်းဗြဲကျွန်းတောင်ပိုင်းအထိ အံ့ဖွယ်ရာ အံ့ဖြစ်ထူးအဖြစ်ဆန်းတို့



www.burmeseclassic.com

www.burmeseclassic.com

တိုင်းပါးစပ်ဖျားသို့ ဟိုးလေးတကျော်ရောက်သွားပြန်သည်။

ထိုမျှမကသေး၊ ရမ်းဗြဲကျွန်းမြောက်ပိုင်းဖြစ်သော စာရေးသူတို့ရွာ၌ပင် ဘုန်းကြီးကျောင်းကို ဆွမ်းလာပို့သူဒကာ၊ဒကာမတို့က ဘုန်းကြီးကိုလျှောက်ကြသဖြင့် ကျွန်ုပ်တို့မှာ ထိုအကြောင်းကို ကြားခဲ့သိခဲ့ရခြင်း ဖြစ်လေသည်။

သို့နှင့် ထိုသတင်းကိုကြား၍ တစ်နေ့တွင် စကုကျွန်းသို့ အလံနီကွန်မြူနစ်များ တောင်ကုတ်ဘက်က ကူးလိုက်လာကြသည်။ သူတို့သည် လက်နက်အပြည့်အစုံနှင့် စကုကျွန်းကို ရောက်ရောက်ချင်း ထိုသတင်းဖြစ်ပေါ်နေသော ဘုန်းကြီးကျောင်းသို့ ချက်ချင်းပေါက်ချလာကြ၏။ သို့သော် ကျောင်းဝင်းထဲကိုပင် မဝင်ခဲ့ကြ။ ကျောင်းတပ်စည်းနားအရောက်မှာ မည်သို့မည်ပုံဖြစ်သည်မသိ။ ကျောင်းဝင်းထဲကို မဝင်ခဲ့ကြဘဲ ချက်ချင်းပြန်ပြေးသွားကြသည်။

နောက်မှ သတင်းစကားကြားကြရသည်မှာ အလံနီကွန်မြူနစ်များ ကျောင်းတပ်စည်းနား ရောက်သည်နှင့် ကျောင်းဇေတဝန်ဘုံဆင့်ပေါ်က သူတို့ကို သေနတ်နှင့် လှမ်းပစ်ခံရသဖြင့် ပြန်ပြေးခဲ့ကြရသည်ဟု ဆိုသည်။

ထိုအခါ ရွာသူရွာသားတွေမှာလည်း ကြောက်ပြီးရင်းကြောက်ရင်း၊ လန့်ပြီးရင်းလန့်ရင်းဖြစ်ကြကာ ဆရာရှာကြ၊ မေးကြမြန်းကြ၊ စုံစမ်းကြရာ (ထိုစဉ်က သက်တော်ထင်ရှားရှိသေးသော) ပိန္နဲချောင်းရှိ ထုံးတောင်ဆရာတော် ဦးဇောတိကကို အကျိုးအကြောင်းသွားလျှောက်၍ ပင့်လာကြသည်။ ဆရာတော် ဦးဇောတိကကြွလာ၍ မေတ္တာပို့၊ ပရိတ်ရွတ်၊ အစီအမံတွေလုပ်ပေးထားခဲ့ရာ တစ်ပတ်ခန့် ယခင်အတိုင်း ဖြစ်သွားသည်။

သို့သော် တစ်ပတ်ကျော်သည်နှင့် ထိုနာနာဘာဝများသောင်းကျန်းလာကြပြန်၏။ ကျောင်းဝင်းအတွင်းရှိ ပိန္နဲပင်တစ်ပင်မှ ပိန္နဲသီးတစ်လုံးမှည့်သဖြင့် ဘုန်းကြီးကိုကပ်မည်ဟု ခွဲလိုက်ကြရာ အထဲမှာ အသားဆို၍ လုံးဝမရှိတော့ဘဲ အစေ့ချည်းရှိတော့သည်ကို အံ့သြဖွယ်ရာ မြင်ကြရပြန်၏။ ကျောင်းပေါ်မှ ကျောက်ဆင်းတု ရုပ်ပွားတော်များကိုလည်း ဟိုနေရာချထားသည်နေရာချထား လုပ်လာကြပြန်သည်။

ထိုအခါ ပိန္နဲချောင်း ထုံးတောင်ဆရာတော် ဦးဇောတိကကို ပြေးသွား၍ ပင့်ကြရပြန်၏။ ဆရာတော်ကြွလာ၍ ပထမနည်းတူ မေတ္တာပို့၊ ပရိတ်ရွတ်၊ အစီအမံ အရံအတားလုပ်ပေးသွားပြန်၏။ တစ်ပတ်ကျော်ကျော် ငြိမ်သက်သွားပြန်သည်။

သို့သော် မကြာပါချေ။ ဆက်ရက်ကျော်သည်နှင့် ယခင်အတိုင်း သောင်းကျန်းလာကြပြန်သည်။ထိုအခါ ကျောင်းဒကာ အရပ်လူကြီးတွေမှာ ဆရာတော်ဦးဇောတိကဆီ ပြေးပင့်ကြရပြန်၏။ ဤတစ်ခါ ဆရာတော်က ကြွမလိုက်လာတော့။

"တော်ပြီ - ဒကာတို့၊ ဘုန်းကြီးလည်း မစွမ်းဆောင်နိုင်တော့ပါဘူး"

ဟုသာ မိန့်ကြားလာတော့သည်။

ထို့နောက်တွင် ဝံလက်မော်ရွာက ဘုန်းကြီးကျောင်းသတင်းကိုကြားသိ၍ အနယ်နယ်အရပ်ရပ်က လာရောက်ကြည့်ရှုကြသောလူများထဲမှ အာဂန္တုလူကြီးတစ်ယောက်က ဤအဖြစ်အပျက်မျိုး ငယ်စဉ်က သူကြားဖူးသည်။ ဤဆရာတော် ဤကျောင်းတွင် မနေသင့်တော့။ ရေခြားမြေခြားတစ်နေရာရာမှာ ယတြာအဖြစ် ယာယီပြောင်းရွှေ့သီတင်းသုံးနေလျှင် မကြာမီ ပျောက်သွားတတ်သည်ဟု အကြံပြုပြော၏။

ထို့ကြောင့် မိမိတို့ ဝံလက်မော်ရွာကျောင်းနှင့် ချောင်းလေးတစ်ချောင်းခြားသောတစ်နေရာတွင် ဘုန်းကြီးယာယီသီတင်းသုံးနေရန် တဲကျောင်းလေးတစ်ခုကို နေ့ချင်းပြီး ဝိုင်းဆောက်ကြ၏။ သူတို့အရပ်မှာ ပင်လယ်ထဲကကျွန်းဖြစ်သဖြင့် ရဟန်းသံဃာရှားပါးသောအရပ်ဖြစ်ရာ ဒကာ၊ ဒကာမတွေမှာ ဤဘုန်းကြီး သူတို့ကျောင်းမှကြွသွားမည်ကိုစိုးရိမ်ကြသဖြင့် ခနိုမိုးခနိုကာတဲကျောင်းလေးကို နေ့ချင်းပြီး ဝိုင်းဝန်းဆောက်ကြရ၏။

တဲကျောင်းလေးဆောက်ပြီးသည်နှင့် မူလကျောင်းကြီးမှ ဆရာတော်ကို သွားပင့်ကြသည်။ ဆရာတော်ကလည်း မယူမဖြစ် ပစ္စည်းအနည်းငယ်ကိုယူကာ ညနေ (၄) နာရီကျော်လောက်မှာ တဲကျောင်းလေးသို့ ကြွလာလေသည်။

ဆရာတော် တဲကျောင်းနားကို ရောက်သည်နှင့် အမိုးအကာခနိုပျစ်များကို အလိုလိုမီးထ၍လောင်တော့၏။

"ကဲ - ဒကာတို့မြင်ကြတဲ့အတိုင်းပဲ။ သီတင်းသုံးဖော်တစ်ကျောင်းကျောင်းကို ဘုန်းကြီးယာယီသွားနေလို့ အဲဒီကျောင်းမီးလောင်ရင် ဘုန်းကြီးပယောဂပါလို့ ဘုန်းကြီးအပြစ်ကြီးမယ်။ မထူးတော့ဘူး၊ ဒီနာနာဘာဝတွေ ဘုန်းကြီးကို သေအောင်နှိပ်စက်ချင်လည်းနှိပ်စက်ကြပါစေတော့။ ဝဋ်ရှိခဲ့ရင် ဘုန်းကြီးဝဋ်မကုန်မချင်းခံတော့မယ်။ ကျုပ်ကျောင်းကိုသာ ပြန်ပို့ကြပါတော့"

ဆရာတော် အမိန့်ရှိသလိုပင် ဒကာတွေက မူလကျောင်းကြီးသို့ ပြန်ပင့်လာကြရပြန်၏။ သို့သော် ကျောင်းပေါ်ကိုကား မတက်ကြတော့။ ခြေတံရှည်ကျောင်းအောက်တွင် ကွပ်ပျစ်ရိုက်၍သာ ဒကာကြီးများနှင့် ဘုန်းကြီးတို့အတူနေနေကြသည်။

အချိန်ကာလမှာ သုံး၊ လေးလကြာသွားပြီဖြစ်ရာ ဘုန်းကြီးမှာလည်း စိတ်ညစ်ပြီး မကျိန်းနိုင်၊ မဘုဉ်းပေးနိုင်ဖြစ်ကာ ဝေဒနာသည်လိုဖြစ်လာသည်။

ဆရာတော်၏ ဇာတိမှာ ကလိန်တောင်ကျွန်း ကျွဲချရွာမှ ဖြစ်သည်။ ထို့ကြောင့် ဆွေမျိုးသားချင်း ၂၊က မိမိရွာကို ပြန်ကြွနေရန်နှင့် ဘုန်းကြီးနှမကလည်း ဘုန်းကြီးငယ်ငယ်တုန်းက ကြိုက်တတ်သောမျှင် (စိမ်းစားငါးပိလုပ်သော ပုစွန်အသေးလေး) ကို အခြောက်လှော်၍ အိုးသစ်တစ်လုံးနှင့် သန့်သန့်ရှင်းရှင်းထည့်ကာ အစ်ကိုဖြစ်သူ ဘုန်းကြီးအားကပ်လှူရန် လိုက်ပါလာသည်။

ကလိန်တောင်ကျွန်း ကျွဲချရွာမှ မနက်ဝေလီဝေလင်းကပင် လှေတစ်စင်းနှင့်ထွက်လာကြသည်။စကုကျွန်း ဝံလက်မော်ကျောင်းသို့ လှေနှင့်ဘုန်းကြီးပင့်လာကြသူများမှာ ရေဆန်၊ လေဆန်ဖြစ်ပြီး ဝံလက်မော်ရွာကျောင်းကို နေမွန်းစောင်းမှ ရောက်လာကြသည်။

ဘုန်းကြီးနှမငယ်က သူ့အစ်ကိုဘုန်းကြီးကို ကပ်လှူရန် ယူလာသော ဖျဉ်းအိုးမှာ နေ့ဆွမ်းမမီလိုက်ဘဲ နေမွန်းစောင်းသွားသဖြင့် မကပ်လိုက်ရပေ။ ထို့ကြောင့် နောက်တစ်နေ့ အရုဏ်ဆွမ်းဘုဉ်းပေးသောအခါ ကပ်ရန်ဖျဉ်းအိုးကို ဘုန်းကြီး ယာယီ သီတင်းသုံးနေသော ကျောင်းအောက်ရှိ ရက်မတွင် ပိုးပုရွက်များ မဝင်နိုင်အောင် လုံလုံခြုံခြုံ ဖုံးပိတ်၍ ကြိုးနှင့်ချည်ဆွဲထားလိုက်သည်။

မနက်မိုးလင်း၍ အရုဏ်ဆွမ်းနှင့် ကပ်ရန်ဖျဉ်းအိုးကို ဖွင့်ကြည့်လိုက်ကြရာ ဖျဉ်းအိုးထဲမှာ မျှင်ပုဇွန်ငယ်များအစား အိုးအပြည့် မစင်တွေသာဖြစ်နေသည်ကို တွေ့ကြရလေသည်။ အနံ့အသက်ကမူ မစင်နံ့မနံသော်လည်း အမြင်မှာမူ ထူးထူးဆန်းဆန်း မစင်တွေသာဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

ဝံလက်မော်ရွာက ဒကာကြီးများနှင့် ဘုန်းကြီးတို့ကမူ ဤသို့ဖြစ်သွားရခြင်းမှာ ကျောင်းပေါ်၌ ရောက်ရှိနေကြသော နာနာဘာဝများလုပ်လိုက်၍ဟု သိကြသော်လည်း ဤနေ့မှ ကျွဲချရွာက ရောက်လာကြသူ ဆွေမျိုးများမှာ အံ့ဩမဆုံး၊ ထိတ်လန့်မဆုံးဖြစ်ကုန်ကြသည်။ သူတို့မှာသတင်းစကားကြားသော်လည်း ဤမျှအထိ ဆိုးဆိုးဝါးဝါးဖြစ်လိမ့်မည်ဟု မထင်ခဲ့ကြ။

ယခု ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ကြရသောအခါတွင် ဤကျောင်းမှာ တစ်မိနစ်၊ တစ်နာရီပင် မနေသင့်တော့ကြောင်း ဘုန်းကြီးကို ဝိုင်းလျှောက်ကြသည်။ မိမိရွာကျောင်းသို့ ယခုပင် လာလိုက်ခဲ့ပါတော့ဟု ခေါ်ကြသည်။

ထိုအခါ ဘုန်းတော်ကြီးက -

"ဆွေမျိုးဒကာတို့ဟာ ဘုန်းကြီးရဲ့ ဝဋ်ကြီးပုံကို ခုတော့ ကိုယ်တိုင်မြင်ကြတွေ့ကြရပြီ မဟုတ်လား။ ဘုရားရှင် လက်ထက်တော်အခါက ဇမ္ဗူကနဲ့ လောကတိဿမထေရ်ရဟန်းများလို ဝဋ်ပါလာလားမှ မသိတာ။ ဝဋ်ဆိုတာ ဘုရားရှင်၊ ရဟန္တာတွေတောင်မှ ရှောင်လွှဲဖို့ မစွမ်းသာပါဘူး။ ဒီတော့ ဝဋ်ရှိသမျှ ဒီမှာပဲ ဘုန်းကြီးခံပါရစေ။ ကိုယ့်ရွာကျောင်းကို ဘုန်းကြီးလိုက်လာလို့ ဝဋ်ကလည်း ဘုန်းကြီးနဲ့အတူ ပါလာရင် တစ်ပူက နှစ်ပူဖြစ်ပြီး ကလိန်တောင် ကျွဲချကျောင်းက ဆရာတော်ပါ ဘုန်းကြီးပယောဂကြောင့် ဆွမ်းဘုဉ်းပေးရတာ၊ ရေသောက်ရတာအစ မသတီစရာဖြစ်လာခဲ့ရင် ဘုန်းကြီးအပြစ်ကြီးနေပ့ါမယ်။ ဒီတော့ ဒကာတို့ပြန်ကြပါ။ ဘုန်းကြီးဝဋ်မကုန်မချင်း ဒါမှမဟုတ် မသေမချင်း ဒီကျောင်းမှာပဲ ဝဋ်ကြွေးကိုကျေအောင် ဆပ်သွားပ့ါမယ်။ ဘုန်းကြီး ဒီကျောင်း၊ ဒီရွာ၊ ဒီဒကာတွေနဲ့ ဝဋ်မကုန်မချင်း ဇမ္ဗူကနဲ့ လောကတိဿမထေရ်တို့လိုပဲ ဝဋ်ကုန်အောင်နေလိုက်ပါတော့မယ်"

ဟု မိန့်ကြားသည်။

ဘုန်းကြီးအမိန့်ရှိသည်မှာလည်း ဟုတ်တော့ဟုတ်သည်။

❒

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် 'ယောအတ္တကာမသ' အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော လောသကဇာတ်တော်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် 'လောသကတိဿ' ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့၏။

ရဟန်းတို့ ဤလောသကတိဿမည်သောမထေရ်သည် အဘယ်သူနည်းဟူမူကား ကောသလတိုင်း အိမ်ခြေတစ်ထောင်ရှိသော တံငါရွာတစ်ရွာ၏ တံငါသည်မတစ်ဦး၏ဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုလောသကတိဿ ပဋိသန္ဓေယူသည်နေ့၌ ထိုရွာရှိ တံငါတစ်ထောင်တို့သည် ခါတိုင်းနေ့ကဲ့သို့ပင် ပိုက်ကွန်လက်ဆွဲချက် မြစ်၌လည်းကောင်း၊ တစ်ဖက်ပိတ်ဆည်ကန်၌လည်းကောင်း ငါးရှာကြသည်။ သို့သော် ခါတိုင်းနေ့ကဲ့သို့ ငါးကို မရကြ။ ပို၍ထူးခြားသည်မှာ ရောင်းချရန်ကို မဆိုထားနှင့် ဟင်းစားသာမက အသေးအမွှားတစ်ကောင်ငယ်သော ငါးကိုပင် မရကြ။

ဤနေ့ဤရက်သည် ထူးထူးဆန်းဆန်းတစ်ထောင်သောတံငါသည်များ၌ တစ်ယောက်သော တံငါသည်ကမျှ တစ်ကောင်မြီးသောငါးကို မရကြပါလားဟု မြည်တွန်တောက်တီးကာ မိုးချုပ်သောအခါ ကိုယ်စီကိုယ်င မိမိအိမ်သို့ လက်ချည်းသာ ပြန်လာကြသည်။

တံငါသည်တစ်ထောင်တို့ တစ်ဦးတစ်ယောက်မှ ငါးရှာ၍မရကြသည်မှာ ထိုနေ့တစ်နေ့တည်းလားဆိုတော့မဟုတ်ပေ။ နောက်နေ့နောက်နေ့တွေမှာလည်း ၎င်းနည်းအတိုင်းပင် ငါးရှာ၍မရကြပြန်။ ထိုအထဲတွင် ထိုတံငါရွာကြီးကို မီးခုနစ်ကြိမ်လောင်ပြန်၏။ ဤသို့ဖြင့် လူတို့အတွက် အကုသိုလ်သည် အပေါင်းအသင်းနှင့်လာတတ်သည်ဆိုသကဲ့သို့ပင် ဘုရင့်နန်းတော်သို့ နေ့စဉ်နေ့တိုင်း တင်သွင်းပေးနေရသောငါးများကို မတင်သွင်းမပေးနိုင်ကြသဖြင့် မင်းဒဏ်ခုနစ်ကြိမ်သင့်ပြန်၏။

ထိုအခါ တစ်ထောင်သော တံငါသည်တို့သည် အချင်းချင်းတိုင်ပင်လာကြသည်။

"ယခင်က ငါတို့သည် ဤသို့ဆုတ်ယုတ်ပျက်စီးမင်းပြစ်မင်းဒဏ်သင့်ခြင်းကိုလည်း တစ်ကြိမ်တစ်ခါမှမခံဘူးကြရ။ ယခု ဤသို့ သားငါးရှာမရခြင်း၊ ရွာကမီးအကြိမ်ကြိမ်လောင်ခြင်း၊ မင်းပြစ်မင်းဒဏ်အကြိမ်ကြိမ်သင့်ခဲ့ကြရခြင်းမှာ ငါတို့ရွာ၌ ယုတ်ညံ့သောအကုသိုလ်ကောင်တစ်ကောင်ကောင်တော့ မုချရှိနေပြီဟု ဆုံးဖြတ်ကြကာ ရွာကိုနှစ်ပိုင်းခွဲလိုက်ကြသည်။

ငါးရှာစီခွဲပြီးငါးရှာကြရာ လောသကတိဿ၏ အမိ၊ အဖတို့ပါသော ငါးရှာအဖွဲ့အစုက ငါးရှာ၍ မရကြ။ ကျန်တစ်စုတစ်[illegible]ကမူ ခါတိုင်းကဲ့သို့ပင် ငါးကြီးငါးကောင်းတို့ကို ရကြ၏။ ဤသို့ဖြင့် ငါးမရသော တံငါသည် ငါးရှာအစုကတစ်စုလျှင် နှစ်ရာ့ငါးဆယ်စီခွဲ၍ ငါးရှာကြပြန်ရာ လောသကတိဿ အမိ၊ အဖတို့ပါသော နှစ်ရာ့ငါးဆယ်အစုက ဘယ်ငါးမှ ရှာမရဖြစ်ကြပြန်သည်။

သည်လိုနှင့် နှစ်ရာ့ငါးဆယ်သော တံငါသည်အစုကို တစ်ခါထပ်၍ တစ်ရာနှစ်ဆယ့်ငါးစီခွဲ၍ ငါးရှာကြပြန်ရာ လောသကတိဿ အမိ၊ အဖတို့ပါသော အစုက ငါးရှာ၍ မရကြပြန်။ သည်လိုနှင့် အစုအဖွဲ့အကြိမ်ကြိမ်ခွဲလာကြရာ နောက်ဆုံးမှာ လောသကတိဿအမိ၊ အဖပါသောသူနှင့် နောက်တံငါသည်တစ်ယောက်၊ နှစ်ယောက်သာ ကျန်တော့သည်။ ထိုအခါ ထိုနှစ်ယောက်ကို တစ်ခါထပ်ဖွဲ့၍ခွဲလိုက်ကြပြန်ရာ လောသကတိဿ အမိ၊ အဖတို့မှာ ငါးရှာမရဘဲ နောက်တံငါသည်ကမူ ယခင်အတိုင်း အများနည်းတူ ငါးရှာ၍ရလေသည်။

ထိုအခါ တစ်ရွာလုံးက လောသကတိဿမိဘတို့ကို အကုသိုလ်ကြီးလွန်းသူ၊ ယုတ်မာသူ၊ ဤသူတို့မိသားစုကို ရွာ၌ထားပါက နောက်ထပ်မီးလောင်မှု၊ မင်းပြစ်မင်းဒဏ်သင့်မှု၊ သားငါးရှာမရမှုသည် မုချဖြစ်လာတော့ဟု တစ်ရွာလုံးက သဘောရကြသဖြင့် လောသကတိဿ မိဘနှစ်ပါးကို မကောင်းဆိုးဝါးအဖြစ်ဖြင့် ရွာကနှင်ထုတ်လိုက်ကြလေသည်။

လောသကတိဿ၏ အဖေသည် ဇနီးသည်ကို စွန့်ခွာသွား၏။ ထိုအခါ လောသကတိဿအမိသည် ပင်ပန်းကြီးစွာ အသက်မွေးရပြီး ကိုယ်ဝန်ရင့်မာလာသောအခါ လောသကတိဿကို မွေးဖွားလေသည်။ လောသကတိဿအား မိခင်ဖြစ်သူက ရပ်တကာရွာတကာ လှည့်လည် တောင်းရမ်းစားသောက်ပြီး ကျွေးမွေးပြုစုလာလေရာ သွားလာတတ်သော အရွယ်သို့ ရောက်လာသည်။

တစ်နေ့၌ သူ့အမေသည် လောသကတိဿအား ခွက်တစ်ခုကို ပေးပြီး တောင်းစားရန် လွှတ်လိုက်သည်။ လောသကတိဿ တောင်းရန်သွားစဉ် သူ့အမေသည် သူ့ကို စွန့်ခွာ၍ ထွက်ပြေးသွားလေ၏။ ထိုနေ့ကစ၍ လောသကတိဿကလေးငယ်သည် သူ့ဘာသာသူ ရှာဖွေစားသောက်နေရ၏။ ဝေသ



www.burmeseclassic.com

www.burmeseclassic.com

ကတိသမှာ ရေလည်းမချိုး၊ မိမိကိုယ်ကို သုတ်သင်ရမှန်းလည်း မသိသဖြင့် မြေဖုတ်ဘီလူးကဲ့သို့ အသွင်သဏ္ဌာန်ဆိုးဝါးကာ တောင်းရမ်းစားသောက်နေခဲ့ရသည်။

ခုနစ်နှစ်အရွယ်တွင် တစ်ခုသော အိမ်တံခါးဝ၌ ထမင်းအိုးဆေးရေကို အိမ်ရှင်မက လာသွန်ပစ်လေရာ ထိုဆေးရေထဲ၌ ပါလာသော ထမင်းစေ့များကို ကျီးငှက်ကဲ့သို့ တစ်လုံးစီရွေး၍ ကောက်စားနေ၏။

ထိုအချိန်၌ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်လာရာ လောသကတိဿကလေးငယ်ကိုမြင်၍ သနားကရုဏာဖြစ်ကာ နေရပ်၊ မိဘတို့ကို ခေါ်မေး၏။

"အရှင်ဘုရား၊ အကျွန်ုပ်သည် မည်သူတစ်ဦးတစ်ယောက်အထောက်အပံ့ကိုမျှ မရပါ။ အကျွန်ုပ်၏ မိဘတို့သည် အကျွန်ုပ်ကြောင့် ရွာမှနှင်ထုတ်ခံရခြင်း၊ ဆင်းရဲဒုက္ခရောက်ကြရခြင်းတို့ကြောင့် အကျွန်ုပ်ကို စွန့်ပစ်၍ ပြေးသွားကြပါသည်။ ယခုအခါ အကျွန်ုပ်တို့တွင် အုပ်ထိန်းသူဟူ၍ မရှိပါ"

ဟု လျှောက်၏။

ထိုအခါ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်က -

"သင်ရဟန်းပြုမည်လော"

ဟု မေး၏။

"အကျွန်ုပ်ကဲ့သို့သောသူမျိုးကို အဘယ်သူက ရဟန်းပြုပေးပါအံ့နည်း"

ဟု လောသကတိဿက ပြန်မေး၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် လောသကတိဿအား ခဲဖွယ်ဘောဇဉ်ပေး၍ ကျောင်းသို့ ခေါ်လာ၏။ မိမိသတ်ဖြင့်ပင် ရေချိုးသန့်စင်ပေး၍ ရှင်သာမဏေပြုပေး၏။ အနှစ် (၂၀) ပြည့်သောအခါ ပဉ္စင်းခံပေး၏။ ထို့နောက်မှာ လောသကတိဿမထေရ်ဟု ထင်ရှားလာ၏။

သို့သော် ဘုန်းကံနည်း၏၊ လာဘ်လာဘမရှိ။ အသဒိသအလှူကြီးပေးသောကာလ၌ပင် ဝမ်းပြည့်အောင် အာဟာရကို မစားရ။ အသက်ရှင်ရုံမျှသာ အာဟာရကို ရ၏။ ဒကာ၊ ဒကာမတို့က သူ့သပိတ်ထဲ ဟင်းချိုတစ်ခွက်စာမျှသောယာဂုကို လောင်းလိုက်သည်နှင့် သပိတ်အနားနှုတ်ခမ်းထိပြည့်နေပြီဟု မြင်ကြရ၏။ ထိုအခါ ဤရဟန်း သပိတ်ပြည့်နေပြီဟုထင်ကာ နောက်ရဟန်းတွေကိုသာ လောင်းလှူကြ၏။ ထိုထက်ဆိုးသည်မှာ ဒကာ၊ ဒကာမတို့က လောသကတိဿကို လောင်းလှူမည်ဟု သူတို့၏ယာဂုဆွမ်းခွက်ကို ငုံ့ကြည့်လိုက်သည်နှင့် ယာဂုဆွမ်းများ ပျောက်ကွယ်ကုန်၏။ အခြားအခြားသောခဲဖွယ်ဘောဇဉ်တို့သည်လည်း ထိုနည်းလည်းကောင်းပင် လောသကတိဿကို လောင်းလှူမည်ဟု ကြံရွယ်သည်နှင့် ခွက်ထဲက ခဲဖွယ်ဘောဇဉ်များ ကုန်ခန်းပျောက်ကွယ်သွားကြလေသည်။

သို့ဖြင့် လောသကတိဿမထေရ်သည် ဘဝတစ်လျှောက်လုံး၌ ဝမ်းပြည့်အောင် တစ်နပ်သောဆွမ်းကိုမျှ ဘုဉ်းမပေးခဲ့ရပေ။ ဝိပဿနာပွားများ၍ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်သည်အထိ ဤကဲ့သို့ပင်နေထိုင်ခဲ့ရသည်။

သည်လိုနှင့် လောသကတိဿမထေရ်၏ ဆရာရင်းဖြစ်သော ရှင်သာရိပုတ္တရာအရှင်မြတ်ကြီးသည် မထေရ် ပရိနိဗ္ဗာန်ပြုအံ့တော့သည်ကိုသိ၍ -

'လောသကတိဿမထေရ်သည် ယနေ့ပရိနိဗ္ဗာန်ပြုတော့အံ့။ ယနေ့ ငါသည် လောသကတိဿမထေရ်၏ ဘဝတစ်လျှောက်လုံး၌ တစ်ကြိမ်တစ်ခါ တစ်နပ်သောဆွမ်းကိုမျှ ဝဝလင်လင် ဘုဉ်းပေးမသွားရခြင်းကို ဖြည့်ဆည်းပေးအံ့'

ဟုကြံရွယ်ကာ လောသကတိဿမထေရ်ကို ခေါ်၍ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကြသည်။ လောသကတိဿမထေရ်ကိုမြင်သောအခါ အရှင်သာရိပုတ္တရာကိုပင် လက်အုပ်ချီမိုးရှိခိုးခြင်း မပြုကြ။ ဆွမ်းရဖို့ဆိုသည်မှာကား ဝေလာဝေးပင်။

ထိုအခါ ရှင်သာရိပုတ္တရာသည် လောသကတိဿ၏ ဘဝဝဋ်ကြွေးကို သိမြင်တော်မူ၍ -

"ငါ့အရှင်သွားနှင့်တော့။ ဆွမ်းစားဇရပ်၌ စောင့်နှင့်"

ဟု မှာ၍ လွှတ်လိုက်၏။

ရှင်သာရိပုတ္တရာလည်း သင့်သော ဒကာတစ်ဦး၏ဆွမ်းကို လက်ခံတော်မူ၍ ထိုအိမ်၌ပင် ဆွမ်းဘုဉ်းပေး၏။

ဆွမ်းဒကာအားလည်း ဤဆွမ်းကို ဆွမ်းစားဇရပ်၌ ငါ့ကိုစောင့်လင့်နေမည့် လောသကတိဿမထေရ်ကို သွားလှူလော့ဟု လွှတ်လိုက်၏။ လောသကတိဿမထေရ်အား ဆွမ်းကျွေးရန်သွားသော ဒကာက မကြာမီ ဆွမ်းနှင့်အတူ ပြန်လာသည်။လောသကတိဿမထေရ်ကို ဆွမ်းစားဇရပ်၌ မမြင်တွေ့ပါဟုသာ လျှောက်ကြ၏။ ထိုအခါ ရှင်သာရိပုတ္တရာမထေရ်သည် ဆွမ်းစားဇရပ်သို့ ကြွသွား၏။ ရှင်သာရိပုတ္တရာ ကြွလာသည်နှင့် လောသကတိဿသည် ဆရာရှင်ကို ရိုသေစွာရှိခိုးသည်။

ရှင်သာရိပုတ္တရာက -

"ငါ့အရှင်၊ သင်သည် ဆွမ်းကိုရပြီလော"

ဟု မေး၏။

"အရှင်ဘုရား၊ မည်သည့်ဆွမ်းကိုမျှ မရသေးပါ"

ဟု လျှောက်၏။

ထိုအခါ ရှင်သာရိပုတ္တရာသည် လောသကတိဿ၏ ကာလကို ရှုကြည့်သိမြင်သဖြင့် ငါ့ရှင် ဤဇရပ်၌ပင် နေမြဲနေလော့ဟု မှာကြားကာ ကောသလမင်းကြီးနန်းသို့ကြွ၏။ အချိန်မှာ ဆွမ်း၏အခါမဟုတ်သဖြင့် ကောသလမင်းကြီးသည် ရှင်သာရိပုတ္တရာအား စတုမဓုကို သပိတ်ပြည့်လှူလိုက်သည်။

ရှင်သာရိပုတ္တရာမထေရ်သည် ထိုစတုမဓုကိုယူ၍ လောသကတိဿရှိရာဇရပ်သို့လာသည်။

ဇရပ်သို့ရောက်သော် -

"ငါ့အရှင်လာလော့၊ ငါသည် ဤသပိတ်ကိုကိုင်၍ ရပ်အံ့။ သင်သည် ထိုင်၍ ဘုဉ်းပေးလော့။ ငါသည် အကယ်၍ ဤ သပိတ်ကို လက်ကလွှတ်အံ့။ တစ်စုံတစ်ခုသော အာဟာရမျှ ဤသပိတ်၌ ရှိတော့မည်မဟုတ်"

ဟု မိန့်၏။

ပထမအကြိမ် အမိန့်ရှိရာတွင် ရှင်သာရိပုတ္တရာ အဂ္ဂသာဝကဖြစ်သဖြင့် ချက်ချင်းမဘုဉ်းပေးရဲသေး။ ဒုတိယအကြိမ် အကျိုးအကြောင်းပြော၍ ကျွေးတော့မှ ဘုဉ်းပေးရှာ၏။ ထိုသို့ အရှင်သာရိပုတ္တရာကိုယ်တိုင် သပိတ်ကိုကိုင်၍ ဘုဉ်းပေးစေမှ ဘဝတစ်လျှောက်လုံးတွင် တစ်ခါမျှ ဝဝလင်လင်ဘုဉ်းမပေးခဲ့ရသော လောသကတိဿမထေရ်သည် တစ်နပ်သော စတုမဓုဆွမ်းကို ဝဝလင်လင် ဘုဉ်းပေးရဖူး၏။

လောသကတိဿမထေရ်သည် ထိုနေ့၌ပင် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုသွားလေသည်။

ဤလောသကတိဿရဟန်း၏ အတိတ်အကြောင်းကို မြတ်စွာဘုရားသည် ရဟန်းတို့အား ဟောကြား၏။ သူတစ်ပါးတို့၏ လာဘ်လာဘကို ပိတ်



www.burmeseclassic.com

www.burmeseclassic.com

ပင်ခဲ့သောကြောင့် ဘဝတစ်လျှောက်လုံး၌ တစ်နပ်သောဆွမ်းကိုမျှ ဝဝလင်လင်မဘုဉ်းပေးခဲ့ရဘဲ ရှင်သာရိပုတ္တရာကိုယ်တော်တိုင် သပိတ်နှုတ်ခမ်းကိုကိုင်ကျွေးမှ စတုမဓုဆွမ်းတစ်နပ်ကို ဝဝလင်လင်ဘုဉ်းပေးသွားရရှာသော လောသကတိဿ၏ အတိတ်အကြောင်းမှာ -

လွန်လေပြီးသော ကဿပဘုရားရှင်ပွင့်တော်မူသောကာလ၌ တစ်ပါးသော ရဟန်း လောသကတိဿအလောင်းသည် တစ်ဦးသောသူကြွယ်ကိုမှီ၍ ရွာငယ်ကျောင်းတစ်ကျောင်း၌နေ၏။ တစ်နေ့တွင် ထိုရဟန်း၏ သူကြွယ်အိမ်ရှေ့သို့ ရောက်လာသော ရဟန္တာတစ်ပါးကို ထိုသူကြွယ်မြင်၏။ သူကြွယ်သည် ရဟန္တာမထေရ်၏ ဣရိယာပုတ်ကို အလွန်ကြည်ညို၍ သပိတ်ကို လှမ်းယူကာ အိမ်ထဲသို့ပင့်ဖိတ်၏။ ကောင်းသောနေရာထိုင်ခင်းကိုပေးကာ ဆွမ်းလုပ်ကျွေးသည်။ ရဟန္တာထံ၌ တရားနာသည်။

တရားနာပြီးသောအခါ -

"အရှင်ဘုရား၊ တပည့်တော်၏ ကျောင်းသို့ကြွ၍ သီတင်းသုံးတော်မူပါ။ ညချမ်းတွင် တပည့်တော်လာ၍ အရှင်ဘုရားကို ဖူးမြင့်လိုပါသေးသည်"

ဟု လျှောက်သဖြင့် ရဟန္တာသည်လည်း ထိုသူကြွယ်၏ ကျောင်းသို့ကြွကာ ကျောင်းနေမထေရ်ကို ရှိခိုး၍ သင့်တင့်လျောက်ပတ်သောအရပ်သို့ပန်လျှောက်ကာနေ၏။ ကျောင်းနေမထေရ်က -

"ငါ့အရှင်၊ ဤနေ့၌ ဆွမ်းအာဟာရကို ရခဲ့ပါ၏လော"

ဟု မေး၏။

"ရခဲ့ပါပြီ"

ဟု လျှောက်၏။

"အဘယ်အရပ်၌ရခဲ့သနည်း"

ဟု မေးပြန်၏။

"အရှင်ဘုရား၏ အမှုကိစ္စကို ဆောင်ရွက်ကြသောရွာ၏ သူကြွယ်အိမ်၌ ရခဲ့ပါသည်"

ဟု လျှောက်ပြန်၏။

ကျောင်းနေမထေရ်အားလျှောက်ပြီးသောအခါ ရဟန္တာမထေရ်သည် ဈာန်ချမ်းသာဖြင့် လည်းကောင်း၊ ဖိုလ်ချမ်းသာဖြင့်လည်းကောင်း ထိုကျောင်း၌ နေလေ၏။

ထိုသူကြွယ်သည်လည်း ညချမ်းအခါ၌ နံ့သာပန်းတို့ကို လည်းကောင်း၊ ဆီမီးထွန်းစရာ ဆီကို လည်းကောင်း ယူ၍ ကျောင်းသို့သွားကာ ကျောင်းနေမထေရ်ကိုရှိခိုး၏။

"အရှင်ဘုရား၊ တစ်ပါးသော ရဟန်းသည် လာသလော"

ဟု မေးလျှောက်၏။

"လာ၏"

ဟု ဆိုသောအခါ -

"အဘယ်မှာနေသနည်း"

ဟု မေးပြန်၏။

အာဂန္တုမထေရ်၏ နေရာကို ကျောင်းနေရဟန်းက ညွှန်ပြလေသည်။

ထိုအခါ သူကြွယ်သည် အာဂန္တုမထေရ်ထံသွား၍ ရှိခိုးပူဇော်ကာ တရားနာ၏။ ညချမ်းရောက်သောအခါ စေတီကို လည်းကောင်း၊ ဗောဓိပင်ကို လည်းကောင်း ဆီမီးညှိထွန်း၍ပူဇော်၏။ ပြန်ခါနီးတွင် ကျောင်းနေမထေရ်နှင့်အာဂန္တုထေရ်တို့ကို မနက်ဖြန် သူ့အိမ်သို့အရုဏ်ဆွမ်းစားကြွကြပါရန် ပင့်ဖိတ်၍ပြန်သွားလေ၏။

သူကြွယ် ပြန်သွားသောအခါ ကျောင်းနေရဟန်းသည် ဤအာဂန္တုရဟန်း ဤကျောင်း၌နေလျှင် သူကြွယ်သည် ငါ့ကို ရှိသည်ဟုပင် ထင်တော့မည်မဟုတ်။ ထို့ကြောင့် ဤရဟန်း ဤကျောင်း၌ မနေနိုင်အောင် ကြံဆောင်မှ ဖြစ်တော့မည်ဟူ၍ နှလုံးသွင်းလျက် အာဂန္တုရဟန်းကို စကားမပြောဘဲနေနေ၏။

အာဂန္တု ရဟန္တာမထေရ်သည် ကျောင်းနေရဟန်း၏စိတ်အလိုကိုသိ၍ ဤကျောင်းနေမထေရ်သည် ငါ၏ အလုပ်အကျွေးဒါယကာ၌လည်းကောင်း၊ ဂိုဏ်းအခြွေအရံ၌လည်းကောင်း ငါမမက်မော မတပ်စွန်းသည်၏အဖြစ်ကို မသိပါလေတကားဟု နှလုံးသွင်းကာ မိမိ၏ ဈာန်ချမ်းသာဖြင့် လည်းကောင်း၊ ဖိုလ်ချမ်းသာဖြင့် လည်းကောင်း တစ်ညကို ကုန်လွန်စေ၏။

မနက်မိုးသောက်သို့ရောက်သောအခါ ကျောင်းနေရဟန်းသည် အာဂန္တုရဟန်းအား သူ၏ သူကြွယ်အိမ်ကို ဆွမ်းစားခေါ် ရမှာစိုးသဖြင့် အာဂန္တုရဟန်းကို နှိုးသည့်အနေဖြင့် ကျောက်စည်ကိုလက်သည်းဖြင့် ကုတ်ခြစ်၍ လည်းကောင်း၊ တံခါးကို လက်သည်းဖြင့် အာပတ်လွတ်ခေါက်၍ လည်းကောင်း၊ အာဂန္တုရဟန်းကို နှိုးဟန်ပြု၏။ သူနှိုးသည်ကို အာဂန္တုရဟန်းမနိုး ဟူသောအထင်နှင့် ကျောင်းနေမထေရ်သည် သူ့ဒကာသူကြွယ်အိမ်သို့ တစ်ပါးတည်းကြွသွားလေသည်။

အာဂန္တုရဟန်းကိုပါ အရုဏ်ဆွမ်းဘုဉ်းပေးရန် မနေ့ညနေကပင် ပင့်ဖိတ်ထားခဲ့သော်လည်း ယခုအခါ တစ်ပါးထီးတည်းသာကြွလာသော ကျောင်းနေရဟန်းကို သူကြွယ်က -

"အာဂန္တုရဟန်းလည်း ပါမလာပါလား။ ထိုရဟန်း အရှင်ဘုရားကျောင်း၌ပင် ရှိနေသည် မဟုတ်ပါလော"

ဟု မေးလျှောက်၏။

ထိုအခါ ကျောင်းနေရဟန်းက -

"သင့်အာဂန္တုရဟန်း တိုက်ခန်းထဲမှာ ရှိ၊ မရှိကိုတော့ ငါလည်းမသိ။ ကျောက်စည်ကို အကြိမ်ကြိမ်ထိုး၊ တံခါးကို အကြိမ်ကြိမ်ခေါက်သော်လည်း နိုးမလာ။ ယမန်နေ့က သင့်အိမ်၌ မွန်မြတ်သောဘောဇဉ်ကို တရားလွန်စားသောကြောင့် အစာမကြေဖြစ်ကာ အအိပ်ကြီးနေပုံရသည်။ ဤလိုပုဂ္ဂိုလ်မျိုးကို သင်ဝဲကြည်ညို"

ဟု ဆို၏။

ထိုအချိန်တွင် ရဟန္တာအရှင်မြတ်ကား မိမိ၏ဆွမ်းခံချိန်ကိုမှတ်၍ သပိတ်သင်္ကန်းကို ကောင်းစွာရုံကာ ကောင်းကင်သို့ပျံ၍ အရပ်တစ်ပါးသို့ ကြွသွားလေ၏။ ထိုကျောင်း၌ဆက်နေလျှင် ကျောင်းနေရဟန်းသည် သူ့အတွက်နှင့် ကြီးလေးသောအပြစ်တို့ကို ရရှိပေတော့မည်ကိုသိ၍ အရပ်တစ်ပါးသို့ ကြွသွားခြင်း ဖြစ်သည်။

သူကြွယ်သည် ကြွလာသော ကျောင်းနေရဟန်းအား ထောပတ် ... သကာတို့ဖြင့် စီရင်အပ်သော ယနာ... ဆွမ်းကိုကပ်ပြီး ကျောင်းနေရဟန်း... သပိတ်ကို နံ့သာမှုန့်တို့ဖြင့် ပွတ်တိုက်ဆေးကြောသည်။ ယနာနို့ဆွမ်းအပြည့်ဖြည့်ကာ မနေ့ကပင် ကြည်ညိုရင်း... ထားသော ရဟန်းကား ခရီးပန်းလာ... သာ ကျောင်းနေရဟန်း နှိုးသည်ကို မ... ခြင်း ဖြစ်ရမည်ဟု တွေးကာ အာဂန္တုရဟန်းအတွက် ဤဆွမ်းကိုကပ်ပေး... သပိတ်အပြည့် အာဂန္တုရဟန်းအတွက် လှူလိုက်၏။

သူ့ဒကာ သူကြွယ်ရှေ့တွင် ... မကောင်းတတ်၍သာ အာဂန္တုရဟန်းအတွက် ဆွမ်းသပိတ်ကို ယူလာ... လည်း ကျောင်းနေရဟန်းသည် ... တွေးတောမိသည်မှာ အာဂန္တုရဟန်းသည် ဤယနာနို့ဆွမ်းကို အက... သောက်ရအံ့။ လည်ကုပ်ကိုကိုင်၍ ... ထုတ်သော်လည်းသွားတော့မည်မ... ဤယနာနို့ဆွမ်းကို အာဂန္တုရဟန်း... မပေးဘဲ လူတွေကို ပေးပစ်...



www.burmeseclassic.com

www.burmeseclassic.com

မကောင်းမှုပေါ်နိုင်သည်။ ရေ၌သွားသွန်ပစ်လျှင်လည်း ရေပေါ်တွင်ထောပတ်ဆီတွေ ဝေ့ဝဲပေါ်နေ၍ သူတကာသိသွားနိုင်သည်။မြေပြင်ပေါ် သွန်ပစ်လျှင်လည်း ကျီးငှက်တွေဝိုင်းစားနေကြသည်ကိုမြင်၍ အမှုပေါ်နိုင်သည်။ မည်သို့လုပ်ရကောင်းမည်နည်းဟု တွေးလာစဉ် ယာမြေတစ်ခင်း မီးရှို့ထားသည်ကိုမြင်၍ အကြံရကာ မီးထဲသို့ ယာဂုဆွမ်းကို သွန်ပစ်ခဲ့လေသည်။

ကျောင်းသို့ရောက်၍ အာဂန္တုရဟန်းကို ရှာကြည့်သောအခါ မတွေ့ရတော့ပေ။ ထိုအခါမှ ဤရဟန်းသည် ရဟန္တာဖြစ်ပေမည်။ ငါ့စိတ်ကိုသိ၍ ငါဝန်တိုနေမှုကိုသိ၍၊ ငါအကုသိုလ်ဖြစ်မှာကို မလိုလား၍ အရပ်တစ်ပါးသို့ ကြွသွားလေပြီ။ အံ့ဖွယ်သရဲရှိစွ။ ငါသည် ဝမ်းအာဟာရတည်းဟူသောအကြောင်းကြောင့် မသင့်မတင့်သောအရာကိုပြုမိလေပြီဟု အဖန်ဖန်တွေးတောကာ စိတ်နှလုံးမသာမယာနှင့် စိုးရိမ်ခြင်းကြီးစွာဖြစ်ပြီး မကြာမြင့်မီပင် သေ၍ ငရဲ၌ဖြစ်လေသည်။

ထိုကျောင်းနေရဟန်း လောသကတိဿသည် များစွာကုန်သော နှစ်အသိန်းတို့ပတ်လုံး ငရဲခံရပြီး ဝိပါက်အကြွင်းအားဖြင့် ဘဝငါးရာတို့၌ ဘီလူးဖြစ်သည်။ ဝိပါက်အကြွင်းနှင့် ဘီလူးဖြစ်သဖြင့် တစ်နေ့မှာ ဝမ်းပြည့်အောင် အာဟာရကို မစားရ။ တစ်နေ့တစ်နပ်သာ ကိုယ်ဝန်သည်တစ်ဦး၏ကိုယ်ဝန်အညစ်အကြေးကို ဝမ်းပြည့်အောင်စားဖူးလေ၏။ ထိုမှတစ်ဖန် ဘဝငါးရာပတ်လုံး ခွေးဖြစ်ပြန်သည်။ခွေးဖြစ်သောအခါ၌လည်း အန်ဖတ်ကို ဝမ်းပြည့်အောင်တစ်နပ်သာ စားရဖူး၏။

ထိုခွေးဘဝကစုတေပြီးသောအခါ ကာသတိုင်း ရွာငယ်ဇနပုဒ်၌ သူဆင်းရဲအမျိုး၌ဖြစ်၏။ ထိုကောသကတိဿ ဖြစ်သောကာလမှစ၍ ထိုအမျိုးသည် အလွန်ဆင်းရဲကြကုန်၏။ ချက်မှအထက်၌ ဝမ်းပြည့်အောင် ပအုံးရည်ကိုမျှလည်း မရစဖူး။ ထို့ကြောင့် မိတ္တဝိန္ဒကဟူသော အမည်ကိုရ၏။ မိဘတို့သည် သူ့ကိုမွေးကတည်းက ငတ်မွတ်ဆင်းရဲကိုမခံနိုင်ကြသောသဖြင့် မိတ္တဝိန္ဒကကို အိမ်မှ နှင်ထုတ်လိုက်ကြ၏။

မိတ္တဝိန္ဒကသည် ကာသိတိုင်း၌ အပ်ခိုစရာမရှိသဖြင့် ဗာရာဏသီပြည်သို့ ရောက်သွားသည်။ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဖြစ်၍ တပည့်ငါးရာတို့ကို အတတ်သင်ပေးနေ၏။ မိတ္တဝိန္ဒကလည်း ဘုရားလောင်းထံ တပည့်ခံ၍ ပညာသင်၏။ သို့သော် မိတ္တဝိန္ဒကကား ဆရာဘုရားလောင်း၏ စကားကို နားမထောင်။ ကြမ်းကြုတ်၏။ ဆုံးမခြင်းကိုလည်း မခံယူ။ မိတ္တဝိန္ဒက စရောက်ကတည်းက ဒိသာပါမောက္ခလည်း လာဘ်နည်း၏။ မိတ္တဝိန္ဒကသည် တပည့်သားချင်းချင်းကို ခိုက်ရန်ပြု၏။ ဆရာက ဆုံးမသည်ကို မခံယူဘဲ ထွက်သွားပြန်သည်။

သို့နှင့် ပစ္စန္တရစ်အရပ်တစ်ပါးသို့ ရောက်သွားသည်။ ထိုအရပ်၌ တစ်ယောက်သော ဆင်းရဲသူမနှင့် အိမ်ထောင်ကျပြီး သားနှစ်ယောက်ရ၏။ ရွာသားတို့သည် မိတ္တဝိန္ဒအား ကောင်းသောသတင်း၊ မကောင်းသောသတင်းတို့ကို ပြောကြားရမည်ဟု ရွာတံခါးကုဋီ (အစောင့်တဲ) ၌ နေစေ၏။ မည်သို့သော သတင်းစကားကိုမှ မပြော။ မင်းလုလင်၏ မင်းအမိန့်လာကြားသည်ကို ရွာသားတို့အား မပြောသဖြင့် ထိုရွာသည် မင်းဒဏ်ခုနှစ်ကြိမ်သင့်၏။ ရွာကို မီးခုနစ်ကြိမ်လောင်၏။

ထိုအခါ ရွာသူရွာသားတို့က ယခင်၌ သူတို့ရွာသည် ဤသို့မဖြစ်စဖူး။ မိတ္တဝိန္ဒကကို ရွာစောင့်ထားကာမှ မည်သည့်သတင်းစကားကိုမျှမပြောရကောင်းလားဟု မိတ္တဝိန္ဒကတို့မိသားစုကို ရွာက နှင်ထုတ်လိုက်ကြသည်။

မိတ္တဝိန္ဒကသည် သူ့မိသားစုကို ခေါ်၍သွားသော် ဘီလူးသိမ်းဆည်းသောတောသို့ ရောက်၏။ ဘီလူးတို့သည် မိတ္တဝိန္ဒက၏မယားနှင့် သားနှစ်ယောက်ကို ဖမ်းစားပစ်လိုက်ကြသည်။ မိတ္တဝိန္ဒကသည် ထိုတောအုပ်မှ ထွက်ပြေးလာသောအခါ ဂမ္ဘီရမည်သော သင်္ဘောဆိပ်ရွာသို့ ရောက်၏။ အလုပ်သမားအဖြစ်နှင့် သင်္ဘောတွင် လိုက်ပါရ၏။ သင်္ဘောထွက်၍ ခုနစ်ရက်မြောက်သောနေ့တွင် သမုဒ္ဒရာအလယ်၌ သင်္ဘောသည် သံမယ်နနှက်၍ (ကျောချ)ထားသလို ဘယ်မှမရွေ့လျားဘဲ တည်နေသည်။

သင်္ဘောသားတို့သည် မဖြစ်စဖူး အဖြစ်ထူးလှခြင်းသည် ဤသင်္ဘောပေါ်၌ သူယုတ်မာတစ်ယောက် မုချပါလာရမည်ဟု အကြံဖြစ်ကြကာ စာရေးထံမဲကို စီရင်ကြသည်။ ခုနစ်ကြိမ်လုံးလုံး မိတ္တဝိန္ဒကကိုချည်း ကျ၏။ ထိုအခါ သင်္ဘောသားတို့သည် ဝါးစည်းတစ်စည်းကို မိတ္တဝိန္ဒကအားပေး၍ သမုဒ္ဒရာထဲက ပစ်ချလိုက်ကြသည်။ သဗ္ဗေသတ္တာ ကမ္မသကာသဘောထားကာ မိတ္တဝိညတကို ပစ်ချလိုက်ကြသည်နှင့် သင်္ဘောသည် သမုဒ္ဒရာကို ကူးဖြတ်သွားလေသည်။

မိတ္တဝိန္ဒကသည်လည်း ဝါးစည်းပေါ်၌အိပ်၍ သမုဒ္ဒရာပြင်ကိုသွားသည်ရှိသော် ကဿပဘုရားရှင်လက်ထက်တော်က ရဟန်းဘဝဖြင့် ကျင့်ကြံအားထုတ်ခဲ့သော ကုသိုလ်ကံကြောင့် တစ်ခုသော ဖန်ဗိမာန်၌ လေးယောက်သော ပြိတ္တာနတ်သမီးတို့ကိုရ၍ ထိုနတ်သမီးတို့နှင့် ခုနစ်ရက်ပတ်လုံး ချမ်းသာစွာစံစားနေ၏။

ထိုဗိမာန်ရှင် ဖြစ်ကြကုန်သော ပြိတ္တာနတ်သမီးတို့သည်ကား ခုနစ်ရက်ချမ်းသာကို ခံစားပြီး ခုနစ်ရက်၌မူ ဆင်းရဲဒုက္ခကိုခံစားကြရန်သွားကြရသောအခါ မိတ္တဝိန္ဒကအား -

'သင်ခုနစ်ရက် ဤဗိမာန်၌နေပါ။ ခုနစ်ရက်ပြည့်မြောက်သောအခါ အကျွန်ုပ်တို့သည် ပြန်လာကြပါကုန်အံ့'

ဟု ပြောပြီး ဗိမာန်က ထွက်သွားကြသည်။ ထိုပြိတ္တာနတ်သမီးတို့ ထွက်သွားကြသည်နှင့် ဗိမာန်သည်လည်း ကွယ်ပျောက်ကာ မိတ္တဝိန္ဒကမှာလည်း မိမိ၏ မူလဝါးစည်ပေါ် ပြန်ရောက်လာပြန်သည်။ ဝါးစည်းသည်လည်း သမုဒ္ဒရာထဲ မျောမြဲတိုင်းမျောပါသွားပြန်၏။

သမုဒ္ဒရာ၌ မျောပါသွားပြီး တစ်နေရာအရောက်တွင် မိတ္တဝိန္ဒကသည် ငွေဗိမာန်၌ ရှစ်ယောက်သော နတ်ပြိတ္တာမတို့ကို ရပြန်၏။ ထိုငွေဗိမာန်ရှိ ပြိတ္တာနတ်သမီးတို့မှာလည်း ခုနစ်ရက်သာစံစားကြရပြီး ခုနစ်ရက်ကြာဆင်းရဲဒုက္ခခံရန် သွားကြပြန်သောအခါ မိတ္တဝိန္ဒကမှာလည်း သူ၏ဝါးစည်းကြီးပေါ် ပြန်ရောက်သွားရပြန်သည်။

သည်လိုနှင့် သမုဒ္ဒရာထဲတွင် ပတ္တမြားဗိမာန်ရှင် ပြိတ္တာနတ်သမီး တစ်ကျိပ်ခြောက်ယောက်ကို ရပြန်သည်။ နောက်တစ်ခါ အထက်နည်းအတိုင်း မျောပါသွားပြန်သော် ရွှေဗိမာန်ရှင် သုံးကျိပ်နှစ်ယောက်သော နတ်ပြိတ္တာမတို့ကို ရပြန်၏။ ရွှေဗိမာန်ရှင်မများဆီက တစ်ခါ မျောပါသွားပြန်ရာ သမုဒ္ဒရာ၏အလယ်ကျွန်း၌ တစ်ဦးသော ဘီလူးမသည် ဘီလူးတို့၏ အာနုဘော်နှင့် မြို့တစ်မြို့ကို ဖန်ဆင်း၍နေ၏။ ထိုဘီလူးမြို့၌ တစ်ယောက်သော ဘီလူးမသည် ဆိတ်မအသွင်ဖြင့် သွားလာနေ



www.burmeseclassic.com

www.burmeseclassic.com

၏။ မိတ္တဝိန္ဒကသည် တကယ်ပင် ဆိတ်မ ထင်၍ ဆိတ်သားကို စားအံ့ဟု ဆိတ်မ ကို လိုက်ဖမ်းရာ နောက်ခြေတစ်ချောင်း ကို ဆုပ်ကိုင်မိ၏။ ဘီလူးမသည် ချက် ချင်းပင် မိတ္တဝိန္ဒကကို ကိုင်မြှောက်၍ လွှင့်ပစ်လိုက်ရာ သမုဒ္ဒရာကိုလွန်ကာ ဗာရာဏသီမြို့၏ ကျုံးအပြင်ဘက်ရှိ ဆူးချုံထဲသွားကျသည်။ ဆူးချုံက လိမ့်ချ လိုက်ရာ မြေပြင်သို့ရောက်လာသည်။

ထိုအချိန်တွင် မြို့ပြင်၌ ဘုရင်၏ ဆိတ်တို့ကို ထိန်းကျောင်းကြရသော ဆိတ်ကျောင်းသားတို့သည် ဆိတ်သူခိုး များဆီ၌ နေ့စဉ်လိုလို ဆိတ်ခိုးခံရသဖြင့် ဆိတ်များကို လွှတ်ထားပြီး သူခိုးဖမ်းရန် ချုံထဲ၌ ပုန်းအောင်းနေနေကြသည်။ ဤ သည်ကို မသိသော မိတ္တဝိန္ဒကသည် သမုဒ္ဒရာအလယ်ကျွန်း၌ သူဆိတ်မ တစ်ကောင်၏ခြေကို လှမ်းကိုင်မိသဖြင့် ကုန်းပေါ် ဤမြို့သို့လွှင့်ပစ်ခံခဲ့ရသည်။ ယခု ဆိတ်မတစ်ကောင်ကောင်၏ ခြေ ကိုဖမ်းမိလျှင် ငါ့ကို သမုဒ္ဒရာထဲရှိ နတ် သမီးများဆီ လွှင့်ပစ်ခံရလိမ့်မည် အထင် နှင့် နတ်သမီးများဆီ မြန်မြန်ပြန်ရောက် အောင် ဟူသော သဘောနှင့် ဆိတ်မ တစ်ကောင်ကို ပြေးဖမ်းသည်။

ထိုအခါ သူခိုးဖမ်းရန် ပုန်းစောင့် နေကြသော ဆိတ်ကျောင်းသားတို့သည် ဘုရင်၏ ဆိတ်ကို အမြဲခိုးစားနေသော သူခိုးကိုမိပြီဟု အော်ဟစ်ကာ မိတ္တဝိန္ဒ ကကို ဝိုင်းရိုက်ထုထောင်း၍ မင်းထံအပ် ရန် ယူသွားကြသည်။ ထိုအချိန်၌ ဘုရား လောင်းမင်းသည် ငါးရာကုန်သော လု လင်ငယ်တို့နှင့် ရေကစားရန် ရေဆိပ်သို့ ထွက်တော်မူလာရာ ဆိတ်သူခိုး မိတ္တ ဝိန္ဒကအား ဘုရင်ထံအပ်ရန်လာကြသော ဆိတ်ကျောင်းသားတို့နှင့် လမ်းတွင် မျက်နှာချင်းဆိုင်ဆုံမိကြသည်။

ထိုအခါ ဆိတ်ကျောင်းသားတို့ ထုထောင်းရိုက်နှက်ထားကြ၍ လူရုပ်ပင် မပီပြင်သော မိတ္တဝိန္ဒကကို ဘုရား လောင်းပြဟ္မဒတ်မင်းက သနား၍ -

"အမောင်တို့၊ ဤသူကား ငါ့ တပည့်တည်း။ သင်တို့သည် ဤသူအား အဘယ်ကြောင့် ထုထောင်းရိုက်နှက်ကြ ရသနည်း"

ဟု မေး၏။

ဆိတ်သူခိုးဖြစ်ကြောင်း တင် လျှောက်ကြသောအခါ ထိုသို့ဖြစ်ခြေက ဤသူကို ငါ့အား ကျွန်အဖြစ်ပေးကြပါ ဟု တောင်း၏။ ဆိတ်ကျောင်းသားများ ကလည်း 'ကောင်းပါပြီ' ဟု ဝန်ခံကာ မိတ္တဝိန္ဒကအား ဘုရင်ထံပေးထားခဲ့ကြ သည်။

ဘုရားအလောင်းမင်းသည် မိတ္တ ဝိဒကအား အကျိုးစီးပွားကို အလိုရှိကုန် သောသူတို့၏ စကားကို နားမထောင် သောသူသည် ဤကဲ့သို့သောဆင်းရဲဒုက္ခ ရောက်ရသည်ကို ပြောဆိုဆုံးမ၍ မိတ္တ ဝိန္ဒကကို ကယ်တင်ခဲ့လေသည်။

ထိုမိတ္တဝိန္ဒကသည် ငါတို့ဘုရား ရှင်လက်ထက်၌ လောသကတိဿ ရဟန်းဖြစ်ကြောင်းကို ဝံလက်မော်ဆရာ တော်က သူ၏ဆွေမျိုးများနှင့် သူ့ဒကာ များကို မိန့်ကြားသည်။

"ဝင်ဆိုတာ အင်မတန်ကြောက် စရာကောင်းပါတယ် ဒကာတို့။ ခု ဘုန်းကြီးနှမက ဘုန်းကြီးဘုဉ်းပေးစေချင် လို့ယူလာတဲ့ဖျဉ်းအိုးက မစင်ဖြစ်သွား တယ်ဆိုတော့ လောသကတိဿမထေရ် ဝင်လိုက်သလို မစင်စားရတဲ့ ဇမ္ဗုကဝင် အကြောင်းကိုလည်း ဘုန်းကြီးပြောပြပါ ရစေဦး"

ဟု မိန့်ကြားကာ ဘုရားရှင်လက် ထက်တော်အခါက ဝင်လိုက်လာသော အကြောင်းကိုလည်း ဆက်ပြီးဟောကြား ပြပြန်သည်။

"ငါတို့ဘုရားရှင်လက်ထက်တော် က ဇမ္ဗုကအမည်ရတဲ့ ပုဂ္ဂိုလ်တစ်ဦး လည်း လောသကတိဿလိုပဲ အာဂန္တု ရဟန်းအပေါ် မှာ ဣဿာမစ္ဆရိယဖြစ်ပြီး အာဂန္တုရဟန်းကို သူ့ဒကာက တစ်ည လာထားပြီး ဆွမ်း၊ သင်္ကန်းလှူတာ၊ ဆတ္တာသည်ကိုခေါ်ပြီး ဆံချခေါင်းရိတ် ပေးတာ၊ အိပ်ရာညောင်စောင်းခုတင် လုပ်ပေးတာကို ကျောင်းနေရဟန်းက မနာလိုဝန်တို ဣဿာမစ္ဆရိယဖြစ်ပြီး သူကြွယ်ရဲ့ဆွမ်းကို စားတာထက် မစင် ဘင်ပုပ်ကိုစားတာမှမြတ်တယ်။ သူကြွယ် ခေါ်လာတဲ့ ဆတ္တာသည်ဆီမှာ ဆံချ ခေါင်းရိတ်တာတာထက် ထန်းစစ်ညှပ်နဲ့ ဆံပင်ကို ဆွဲနုတ်ပစ်တာက မြတ်ဦးမယ်၊ သူကြွယ်ပေးလှူတဲ့ သင်္ကန်းကို ဝတ်တာ ထက် အဝတ်မဝတ်ဘဲ လှည့်လည်သွား လာနေတာက ကောင်းဦးမယ်။ သူယူ လာပေးတဲ့ ခုတင်ညောင်စောင်းမှာ အိပ် ခြင်းထက် မြေပြင်မှာအိပ်တာက မြတ် ဦးမယ်ဆိုပြီး ဆဲရေးကြိမ်းလေးပါးနဲ့ အာဂန္တုရဟန္တာကို ဆဲရေးခဲ့တယ်။ အဲဒီ အကုသိုလ်နဲ့ ဘုရားနှစ်ဆူကြား ငရဲမှာ အဖန်ဖန်ခံရပြီး ဂေါတမမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါ ရာဇဂြိုဟ်ပြည်က ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတဲ့ အမျိုး

အိမ်တစ်အိမ်မှာ လူလာဖြစ်တယ်။

ငယ်စဉ်တုန်းကပင် မိဘတွေ... တဲ့ထမင်းကို မစားဘူး၊ သူ့ကိုယ်... အညစ်အကြေးကိုပဲ စားတယ်။ မိဘ... ကတော့ ငယ်သေးလို့ မသိတတ်သေး... လို့ဆိုပြီး ထမင်း၊ ဟင်းတွေကို အကြိ... ကြိမ်အခါခါ ပေးကြကျွေးကြတယ်။ ... လည်း သူမစားဘူး။ ငယ်သေးလို့ မ... တတ်သေးလို့ဆိုပြီး မွေးထားကြ... တယ်။ ကြီးလာတဲ့အခါ အဝတ်ဝတ်... လို့ မရပြန်ဘူး။ ကိုယ်တုံးလုံးနဲ့အ... တကာလှည့်သွားနေတယ်။ အိမ်က ... ရာကောဇောခင်းပြီး သိပ်ကြပေမယ့်... အိမ်မှာ မအိပ်ဘူး၊ မြေကြီးပေးဆင်းအိ... တယ်။ အကုသိုလ်များဝင်လိုက်လာတာ... ဘယ်လောက်ကြောက်စရာကောင်းလဲ... ဒါနဲ့ ကြီးပြင်းလာတဲ့အထိ အဝတ်မဝ... တော့ အရှက်ကင်းမဲ့ပြီး သူ့ကြောင့်... အမျိုးအနွယ်မိဘတွေ ဂုဏ်သိက္ခာကျ... တယ်ဆိုပြီး အာဇီဝကတက္ကတွန်းတွေဆီ... ပို့ လိုက်ကြတယ်။ တက္ကတွန်းတွေက... ရဟန်းပြုပေးကြတဲ့အခါ ရဟန္တာအာဂ... ရဟန်းကို ဆတ္တာသည်က ဆံချခေါင်း... ရိတ်ပေးတာထက် ထန်းစစ်ညှပ်နဲ့ညှပ်ပြီး... ဆံပင်ကို ဆွဲနုတ်တာက ကောင်းတယ်... လို့ ဝစီကံနဲ့ ပြစ်မှားထားခဲ့တဲ့အကုသိုလ်... ကံကြောင့် သူ့ကို တက္ကတွန်းတွေက... ရဟန်းပြုပေးတဲ့အခါ ထန်းစစ်ညှပ်နဲ့... ဆံပင်ကို ဆွဲညှပ်အနုတ်ခံရတယ်။

တက္ကတွန်းတို့ဆီမှာ ရဟန်းလုပ်ပြီး... သူ့ကိုရော အခြားအာဇီဝကတက္ကတွန်း... တွေကိုပါ သူ့မိဘတွေက ဆွမ်းစားဖိတ်... ထားခဲ့ပေမယ့် သူလိုက်မသွားဘူး၊ တက္က... တွန်းတွေက ကျွေးမွေးတာကိုလည်း... မစားဘူး။ သူက မစင်ဘင်ပုပ်ပဲစား... တာ။ ဒါကို အာဇီဝကတက္ကတွန်းတွေ... သိသွားကြပြန်တော့ သူ့ကြောင့် သူ... ဂိုဏ်းဂဏ သိက္ခာကျတော့မယ်ဆိုပြီး... နှင်ထုတ်လိုက်ကြပြန်ရော။ ဒါပေမယ့်... ဇမ္ဗုကတော့ ဝမ်းနည်းပူဆွေးတာ ဘာ... မဖြစ်ဘူး။ ညကျရင် လူတွေစွန့်ပစ်... မစင်ကိုစားတယ်၊ နေ့ကျရင် သူနေ... ကျောက်ဖျာအစွန်းတစ်ဖက်ကို လက်... ထောက်၊ ဒူးတစ်ဖက်က မြေမှာထော... ပြီး ခြေတစ်ဖက်ကိုတော့ တစ်နေ့... မြှောက်ထားပြီးနေတယ်။ ပြီးတော့ ပါး... ကိုလည်း ဟထားတယ်။

အဲဒီလိုနေနေတာကို လူတွေ... တော့ ဘယ်လိုဖြစ်ပြီး အဲဒီလိုနေ... လဲလို့ မေးကြတာပေါ့။ အဲဒီတော့ ... က ဒကာတို့၊ ငါ လေ...ဘိုပဲ...



www.burmeseclassic.com

www.burmeseclassic.com

တခြားဘာအာဟာရကိုမှငါမစားဘူး။ ဒူးထောက်ပြီး ခြေတစ်ဖက်မြှောက်ထားတာကို မေးကြပြန်တော့ ငါသည် မြတ်သောအကျင့်ရှိတယ်။ ပြင်းထန်ခက်ခဲတဲ့အကျင့်ကို ကျင့်တယ်။ ငါ့ခြေနှစ်ဖက်စလုံး မြေကိုထောက်လိုက်ရင် ကမ္ဘာမြေကြီးတုန်လှုပ်သွားနိုင်တယ်။ မြေတုန်လှုပ်သွားရင် သတ္တဝါတွေ ဒုက္ခရောက်ကုန်မယ်။ အဲဒါကြောင့် ငါဟာ ဒီလိုပဲ နေ့ရောညပါနေတယ်လို့ပြောတော့ ဒကာ၊ ဒကာမတွေကအလွန်ကြည်ညိုကြတယ်။ ဒီလိုကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်မျိုးကို မတွေ့ဘူး၊ မဖူးဖူးဘူးဆိုပြီး အလွန်ကြည်ညိုကြတာနဲ့ အမျိုးမျိုးသော ဆီဦးထောပတ်တွေနဲ့ ကပ်လှူပူဇော်ကြတယ်။ ဒါပေမယ့် ဇမ္ဗုကဟာ လုံးဝမစားဘူး။ သူကလေတစ်ခုကိုပဲစားတယ်ပြောတယ်။ အဝတ်မဝတ်တာ၊ မြေပြင်မှာနေနေတာကလည်း ကိလေသာအားလုံးကုန်နေလို့လို့ ပြောပြန်တယ်။

ဒီလိုနဲ့ ကဿပဘုရားရှင်လက်ထက်တော်က ရဟန်းဘဝနဲ့ကျင့်ကြံအားထုတ်ခဲ့တဲ့ ဥပနိဿယကို ဂေါတမမြတ်စွာဘုရားက မြင်တော်မူပြီး ဇမ္ဗုကကို သွားချွတ်တော့မှ ဇမ္ဗုကဟာ ငါးဆယ့်ငါးနှစ်လုံးလုံး အညစ်အကြေးမစင်ကို စားလာခဲ့တဲ့ဘဝက အကျွတ်တရားရပြီး ရဟန္တာဖြစ်သွားတယ်။ ဝဋ်ဝိပါကဆိုတာ ဘယ်လောက် ကြောက်စရာကောင်းလဲဆိုတာ ခုလည်း ဒကာ၊ ဒကာမတွေ အမြင်ပဲ။ ဘုန်းကြီးက ဇမ္ဗုကလို မစင်ကို မစားပေမယ့် ဘုန်းကြီးစားမယ့်အစားအစာတွေဟာ ပိန္နဲသီးဆိုလည်း အစေ့ချည်းဖြစ်၊ ငှက်ပျောသီးဆိုလည်း အခွံချည်းဖြစ်၊ မုန့်ပဲသရေစာဆိုလည်း စားရတယ်မရှိဘူးဆိုတော့ ဒါဟာ ဝဋ်လိုက်လာတာမဟုတ်လို့ဘာလဲ၊ ဒကာတို့ စဉ်းစားကြည့်ကြပါ။ ခုလည်း ဒကာတို့ အမြင်ပဲ၊ ဘုန်းကြီးနှမငယ်က ဘုန်းကြီးကပ်ဖို့ ယူလာတဲ့ ဖျဉ်းအိုးတစ်အိုးလုံး မစင်ဖြစ်သွားတယ်ဆိုတာ ကိုယ်တွေ့မျက်မြင်မဟုတ်ရင် ဘယ်သူယုံမလဲ။ အဲဒီတော့ ဘုန်းကြီး ဝဋ်မကုန်မချင်း ဒီကျောင်းဒီကန်ဒီဒကာတွေနဲ့ ဒီလိုဒုက္ခကိုပဲခံပြီး ဝဋ်ကုန်သွားအောင်နေပါရစေ၊ ဒကာတို့ အဲ - ငါ့နှမလည်း ပြန်တော့"

ဟု ဘုန်းကြီး အမိန့်ရှိလိုက်ရာ ဘုန်းကြီးနှမနှင့် ဆွေမျိုးတွေမှာ ဝံလက်မော်ရွာက ငိုယိုပြီး ပြန်သွားကြရလေသည်။

ဘုန်းကြီးက ဝဋ်ရှိသမျှ ခံပါ့မည်ဟု ဆိုနေသော်လည်း ဒကာ၊ ဒကာမတို့ကမူ သည်အတိုင်းမနေနိုင်ကြ။ ဘုန်းကြီးအဖြစ်ကိုလည်း မကြည့်ရဲကြ။ ထို့ကြောင့် ဘယ်နေရာ၊ ဘယ်ရွာက ဘယ်ဆရာကောင်းသည်။ ပယောဂ၊ နာနာဘာဝ၊ မိစ္ဆာများကိုနိုင်သည်ဟု သတင်းကြားသည်နှင့် ရမ်းဗြဲကျွန်းအရောက်ရောက်၊ တောင်ကုတ် သံတွဲဘက်အရောက်ရောက် ဆရာလိုက်ရှာကြ၊ သတင်းစုံစမ်းကြနှင့် အမြဲထိုကိစ္စအတွက် တိုင်ပင်နှီးနှော လှုပ်ရှားနေကြသည်။ ပူပန်နေကြရသည်။

ထိုသို့ မပူပန်မလှုပ်ရှားကြ၍လည်း မဖြစ်ပေ။ သူတို့အရပ်မှာ ဘင်္ဂလားပင်လယ်အော်ထဲကကျွန်းဖြစ်သဖြင့် ကြာလာသောအခါ ဘုန်းကြီးသည် ဤမိစ္ဆာကောင်တို့၏ဒဏ်ကို မခံနိုင်သဖြင့် ဤကျောင်းက အရပ်တစ်ပါးသို့ကြွသွားလျှင် ဤအရပ်၊ ဤကျောင်းမှာ နာမည်ပျက်ပြီး နောက်ထပ် ဘယ်ဘုန်းကြီးကိုမှ ကျောင်းထိုင်အဖြစ် ပင့်၍ရတော့မည် မဟုတ်ပေ။

သူတို့မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ ဒုရေး၊ သုရေး၌ ကျောင်းတွင် ဘုန်းကြီးရဟန်းမရှိလျှင် ဖြစ်ကိုမဖြစ်ပေ။ ထို့ကြောင့်လည်း နေ့စဉ်နှင့်အမျှဆိုသလို နတ်မေးသူမေး၊ ဗေဒင်မေးသူမေး၊ မှော်ဆရာရှာသူရှာနှင့် အချိန်မှာ လအတော်ကြာသွားသည်။ စကုကျွန်း ဝံလက်မော်ရွာဘုန်းကြီးကျောင်းကသတင်းမှာလည်း ရခိုင်ပြည်နယ်တောင်ပိုင်းတစ်ခုလုံး ပျံ့နှံ့သွားသည်။

သည်လိုနှင့် ဆရာကောင်းသမားကောင်းကို လိုက်ရှာကြရင်း နောက်ဆုံးမှာ ပန်းတင်ကျွန်းက ငမုန်းတိုင်းဆရာတော်ဆီ ရောက်သွားကြသည်။ (ထိုဆရာတော်မှာ စာရေးသူနှင့် စကုကျွန်း၊ ပိန္နဲချောင်း မင်္ဂလာသူရိယကျောင်းဆရာတော်နှင့် တွေ့စဉ်က ငမုန်းတိုင်းဆရာတော်မှာ သက်တော် (၉၀) ကျော်ရှိပြီး ကျွန်းစဉ်တွင် ကျောင်းထိုင်နေသည်ဟု မင်္ဂလာသူရိယကျောင်းဆရာတော် ဦးပညာဗလက ပြောပြသည်။)

ထိုအခါ ငမုန်းတိုင်းဆရာတော်က -

"အေး-ဒကာတို့ကျောင်းက ကိုယ်တော်အကြောင်း ဘုန်းကြီးလည်း ကြားပါတယ်။ အဲဒါကြောင့် ဒီကိုယ်တော် သီလသိက္ခာနဲ့လည်း ပြည့်စုံရဲ့သားနဲ့ ဘယ်လိုဘယ်လိုဖြစ်ပါလိမ့်လို့ ဘုန်းကြီးလည်း စိတ်မကောင်းဖြစ်ပြီး ဘုန်းကြီးလည်း တွေးကြည့်တာပေါ့နော်။ ခုဒကာကြီးတို့ ရောက်လာကြတော့ ကောင်းပါတယ်။ ဒကာတို့ကျောင်းရဲ့ အနောက်မြောက်ထောင့်အရပ်မှာ ရေမျောကမ်းတင်သစ်တစ်လုံးကို ကျောင်းကပ်စည်းရိုးလုပ်ထားတဲ့ တိုင်တစ်လုံးရှိနေတယ်လို့ ဘုန်းကြီးမြင်တယ်။ အဲဒီတိုင်မှာ ပင်လယ်ထဲက သင်္ဘောရွက်လှေပျက်ပြီး သေကြတဲ့နာနာဘာဝတွေကပ်ပါလာကြတာဖြစ်ပါလိမ့်မယ်။ ဒီတိုင်ကိုရအောင်ရှာပြီးရတဲ့နေရာက ပင်လယ်ထဲပြန်မျှောပစ်လိုက်ကြပါ။ ကောင်းသွားပါလိမ့်မယ်။ ဘုန်းကြီးတော့ အဲ့သလိုပဲ မြင်ပါတယ်"

ဟု အမိန့်ရှိပါသည်။

သူတို့ဆီ၌ ကျောင်းခြံစည်းရိုးတပ်မှာ လူကြီးပေါင်လုံးခန့်၊ ပေါင်လုံးထက်ကြီးသော သစ်လုံးကြီးကြီးတွေကို တစ်လုံးနှင့်တစ်လုံး ပူးကပ်စိုက်ထူ၍ ကျောင်းဝင်းတစ်ပတ်လုံးကို သစ်တပ်အကာအရံလုပ်ကြရသော ဂါမပညတ်အလေ့အထရှိသည်။ ထိုသို့ ကျောင်းကပ်ကာရာတွင်လည်း တစ်အိမ် သို့မဟုတ် တစ်အိမ်ထောင်သည်တစ်ယောက်လျှင် တစ်လံ၊ နှစ်လံ စသည်ဖြင့် ကာရံကြရသည်။ ခွဲတမ်းနှင့် မိမိကာရံထားရသောဂါမစည်းကမ်းရှိသည်။

ထို့ကြောင့် ငမုန်းတိုင်းဆရာတော်အမိန့်ရှိလိုက်သော ကျောင်းအနောက်မြောက်ထောင့်၌ မည်သူက တာဝန်ကျသည်။ မည်သူကာရံသည်ကို ခွဲတမ်းချသော အရပ်လူကြီးတွေက အတပ်သိကြသည်။

(ထိုတိုင်ကိုရအောင်ရှာရန်အတွက် ဆရာတော်က ငမုန်းတိုင်းသိမ်ဝင်သပိတ်ကွဲတွင် အင်းချ၍ ဝံလက်မော်ရွာက ဒကာများကို မှာကြားအမိန့်ရှိလိုက်သည်မှာ အခက်အခဲရှိ၍ ထိုတိုင်ကိုရှာမရလျှင် ကျောင်းအနောက်မြောက်ထောင့်ရှိ တိုင်များကို တစ်လုံးစီ သိမ်ဝင်သပိတ်ကွဲအင်းများနှင့် ကပ်ကြည့်၍ရှာကြ၏။ အချိန်ကာလမှာ လသာရက်ဖြစ်နေသဖြင့် ပို၍အဆင်ပြေသည်ဟု ဆရာတော်က မိန့်လိုက်သည်။ အတယ်၍ ထိုနာနာဘာဝများရှိနေသော ကျောင်းကပ်စီးတိုင်ကို ထိုအင်းကွက်ပါသိမ်ဝင်သပိတ်ကွဲနှင့်ကပ်လိုက်လျှင် လသာညပင်ဖြစ်သော်လည်း မိုးသားတိမ်တိုက်လုံးဝမရှိသည်လည်း ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ကျသွားလိမ့်မည်။ သို့မဟုတ် တစ်စုံတစ်ခု အော်မြည်သံ ကြားရလိမ့်



www.burmeseclassic.com

www.burmeseclassic.com

# အလွယ်လေ့လာ ဆရာမော် လက္ခဏာပညာ

လက္ခဏာပညာရပ်သည် ရှေးကာလများစွာကတည်းမှ ယနေ့အထိတွင်ကျယ်စွာ လက်တွေ့ အသုံးပြုနေသည့် လျှို့ဝှက်နက်နဲသော ပညာရပ်တစ်ခုဖြစ်သည်။ ထိုကဲ့သို့ လျှို့ဝှက်နက်နဲသောကြောင့် မည်သူမဆို အချိန်တိုအတွင်း လျင်မြန်စွာ သင်ယူတတ်မြောက်ရန် လွယ်ကူလှသည် မဟုတ်ပေ။

လက္ခဏာပညာရပ်တွင် ကိုယ်ပိုင်အမည်တစ်မျိုးစီ ပိုင်ဆိုင်ထားသည့် အမျိုးမျိုးသောလမ်းကြောင်းများ၊ ဂြိုဟ်ခုံများ၊ အမှတ်အသားသင်္ကေတန်ရှိနေသော သင်္ကေတများ၊ ဦးနှောက်၏ ဝဲဘက်နှင့် ယာဘက်အခြမ်းတို့အပေါ် ဩဇာသက်ရောက်ပုံများ၊ လမ်းကြောင်းများ၏ ဖြောင့်သော အနေအထားနှင့် ကောက်သော အနေအထားများ၊ မျဉ်းပြိုင်ပုံစံပြနေသော လမ်းကြောင်းတည်ဆောက်ပုံများ အခြေခံအားဖြင့် ပါဝင်ကြသည်။ လက္ခဏာပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များအား မမှားမယွင်းဘဲ တိကျစွာနားလည်ထားနိုင်ရန် လက္ခဏာရှင်၏ စိတ်ပိုင်း၊ ရုပ်ပိုင်းနှစ်ရပ်စလုံးအား အခြေခံကျကျ လေ့လာသိရှိထားရန် လိုအပ်သည်။

လက္ခဏာပညာရပ်တွင် ဆိုလိုရင်း အဓိပ္ပာယ်တစ်ခုချင်းစီအလိုက် စရိုက်လက္ခဏာနှင့် ပတ်သက်သည့် တိကျသော ရှင်းလင်းချက် အဖြေတစ်ခုစီ ပါဝင်နေမြဲ ဖြစ်သည်။ ရှင်းလင်းချက်အဖြေများတွင် ပင်ကိုစရိုက်လက္ခဏာ၊ အမူအကျင့်နှင့် အခြားသော ထူးခြားသည့်ဂုဏ်ရည်များ ရောထွေးပါဝင်နေတတ်သည်။ ထို့ကြောင့် အချို့သော ရှင်းလင်းချက်များ၌ ဝိရောဓိဖြစ်နေတတ်သည်။ ထို့ကြောင့် လက္ခဏာပညာရှင်ဖြစ်သော သင့်အနေဖြင့် သက်ဆိုင်ရာ လက္ခဏာရှင်၏ ပင်ကိုအရည်အသွေးအား အလုံးစုံသိရှိအောင် လေ့လာရန် အထူးလိုအပ်သည်။

လက်ဝါးပြင်ပေါ်ပါရှိသော လက္ခဏာအရေးအကြောင်းများအပေါ် အဖြေထုတ်ရာ၌ ရှုထောင့်တစ်ခုတည်းအပေါ် ကောင်းသောအဖြေ မြောက်မြားစွာ မထုတ်သင့်ပါ။ လက္ခဏာအရေးအကြောင်းများသာမက အမှတ်သင်္ကေတ အမျိုးမျိုးကလည်း အကောင်း၊ အဆိုး အခြေအနေအရပ်ရပ်အား ဖော်ပြနိုင်သည်ကို သတိပြုပါ။

သက်ဆိုင်ရာလက်ဝါးပြင်အလိုက် မကောင်းသော အခြေအနေများအား တွေ့ရှိရသည့်တိုင် လက်ဝါးပြင်ရှိ အခြားသောနေရာများ၌ ကောင်းသောအမှတ်သင်္ကေတများရှိနေပါက ကောင်းသော အဖြေများထုတ်ပေးနိုင်မည် ဖြစ်သည်။

လက္ခဏာပညာရပ်၏ အဓိက ဦးတည်ချက်မှာ သက်ဆိုင်ရာ လက်ဝါးပြင်အား နေရာအနှံ့ အစအဆုံး စေ့စေ့စပ်စပ်ကြည့်ရှု၍ အဖြေထုတ်နိုင်ရေး ပင် ဖြစ်သည်။ ထိုအခါ လက်ဝါးပြင်က ဖော်ပြနေသည့် အကောင်း၊ အဆိုးဆန့် ကျင်ဘက်အခြေအနေနှစ်ရပ်အား တစ် ဖက်သတ်မဖြစ်စေဘဲ မျှတစွာ အဖြေ ထုတ်ပေးနိုင်မည် ဖြစ်သည်။

လက်ဝါးပြင်ပါ လက္ခဏာအရေး အကြောင်းများနှင့် အမှတ်သင်္ကေတ များသည် သက်ဆိုင်ရာ လက္ခဏာရှင် များနှင့် ပတ်သက်သော သတင်းအချက် အလက်များအားဖော်ပြနေခြင်းကြောင့် ကြည့်ရှုသူ လက္ခဏာပညာရှင်တို့ဘက်မှ တိကျမှန်ကန်သောအဖြေများထုတ်ပေး ရန် အထူးလိုအပ်သည်။

**ထိုးထွင်းဉာဏ်ဖြင့်နားလည်ခြင်း**

ထိုးထွင်းဉာဏ်အား ဖြစ်ပေါ်လာ စေသည့် မူလအကြောင်းအရင်းများစွာ ရှိသည်။ ယင်းမှာ လက်ဝါးပြင်ပါ လက္ခ

---

မည်။ ထိုသို့ဖြစ်ပါက တိုင်သည် ပင်လယ်ထဲက နာနာဘာဝများကပ်လာသော တိုင် မုချဖြစ်ရမည်။ ထိုတိုင်ကို ပြန်နုတ်၍ မူလရရှိရာနေရာက ပင်လယ်ထဲ ပြန်မျှောပစ်လိုက်ပါ။ ကောင်းသွားပါလိမ့်မည်။ ဤသည်မှာ ထိုစဉ်က စာရေးသူတို့၏ ရမ်းဗြဲကျွန်းက လူကြီးသူမများ ပြောစကားကို အကြားမှတ်ထားမိ၍ စာရေးသူရေးသားလိုက်ရခြင်းဖြစ်သည်။ ပိန္နဲတောင်ဆရာတော်ကမူ ရန်ကုန်ရှိ သူတို့အရပ်က ဒကာမနှစ်ယောက်ရောက်လာကြ၍ ဤသည်ကို မမိန့်ကြားခဲ့ပေ။ အထက်ပါ အတိုင်းသာ စာရေးသူတို့ မိန့်ကြားသွားခဲ့သည်။)

အမှန်က ထိုတိုင်ကို ရှာရန်မှာ ကျောင်းအနောက်မြောက်ထောင့်ဟု ငမုန်းတိုင်းဆရာတော်ကလည်း အမိန့်ရှိလိုက်ရာ မခဲယဉ်းတော့ပေ။ ထိုတိုင်မှာ ပင်လယ်ထဲလနှစ်ချီ၍ မျောပါလာသောတိုင်ဖြစ်ရာ ထိုတိုင် ပင်လယ်ထဲ မျောပါနေစဉ်က ထိုတိုင်တွင် ခရု ပေါင်းပလုပ်ကောင်များကပ်ရာတွယ်ရာဖောက်ထားရာတွင်ရှိသည့်အပြင် ထိုတိုင်ကာခဲ့သူကိုလည်း အရပ်လူကြီးတွေက အကွက်ချကြည့်ကြသည်နှင့် သိလိုက်ကြလေပြီ။

ထိုတိုင်ပိုင်းကို ကျောင်းတပ်အဖြစ် တာစိုက်ထားခဲ့သော ရွာသားကလည်း ပင်လယ်ကမ်းခြေ သဲသောင်တွင် ထိုတိုင်ပိုင်းကို သွားရင်းလာရင်း အလွယ်တကူတွေ့ရ၍ ကောက်ထမ်းလာပြီး သူတာဝန်ကျကျောင်းတပ်မှ တိုင်တစ်လုံးဆွေးနေသဖြင့် ထိုတိုင်နှင့်အစားထိုးကာထားမိခဲ့ပါကြောင်း အမှန်အတိုင်းပြောသည်။

ထို့နောက် ထိုသူစိုက်ထူထားခဲ့သော ရက်ကို တွက်ကြည့်ကြပြန်ရာ ထိုတိုင်ကို ကျောင်းတပ်အဖြစ် စိုက်ထူထားခဲ့သော နောက်တစ်နေ့မှာပင် ဘုန်းကြီးကုဋီတက်စဉ်အပြင်က တွန်းပိတ်ခံရသောနေ့နှင့် တိုက်ဆိုင်နေလေသည်။

ထို့ကြောင့် ငမုန်းတိုင်းဆရာတော် အမိန့်ရှိလိုက်သလို ထိုတိုင်ကို နုတ်ပြီး မူလရရှိခဲ့သောနေရာက ပင်လယ်ထဲ မျှောပစ်လိုက်ကြရာ ထိုနေ့ထိုရက်ကပင် စကုကျွန်း ဝံလက်မော်ကျောင်း၌ ယနေ့ထက်တိုင် မည်သည့်ပြဿနာမျှမရှိတော့ပေ။

(ထိုတိုင်ကို ထိုသို့ မူလရရှိရာ ပင်လယ်ထဲမျှောချလိုက်ကြရာ ဆူညံစွာ အော်ဟစ်၍ မျောပါသွားကြသည် လည်း စာရေးသူအကြားကို ထည့်ရေး လိုက်ရပေသည်။)

ထိုရေမျောကမ်းတင်သစ်အကြောင်းကို ပြောပြသွားသော ဆရာတော်မှာ စာရေးသူနှင့် တွေ့ကြစဉ်က သက်တော် (၆၁) ရှိပြီး ဝံလက်မော်ရွာ၌ ထိုရေမျော ကမ်းတင်သစ်ပြဿနာဖြစ်စဉ်က သက် တော် (၁၇) နှစ်သား ကိုရင်သာမဏေ ဖြစ်ကြောင်းကိုလည်း ပြောပြသွား သည်။

ဝေယံဝင်းဒေါ်



www.burmeseclassic.com

www.burmeseclassic.com

ဏာအရေးကြောင်းများအား စေ့စပ်စွာ ကြည့်ရှုခြင်းကြောင့် မသိစိတ်၌ သက်ဆိုင်ရာ လက္ခဏာရှင်၏ အခြေအနေမှန်များ စွဲထင်လာခြင်း၊ လက္ခဏာပိုင်ရှင်၏အသက်၊ လိင်၊ အဝတ်အစား၊ ခြေဟန်လက်ဟန်တို့အပေါ် မူတည်၍ ထိုးထွင်းဉာဏ်ဖြစ်ပေါ်လာခြင်းနှင့် လက္ခဏာဟောပြောသူ၏ ဘဝအတွေ့အကြုံ၊ ပညာ ဗဟုသုတများအပေါ် မူတည်ခြင်းတို့ပင် ဖြစ်သည်။

ထိုးထွင်းဉာဏ်အားကောင်းလာသည်နှင့်အမျှ မိမိကိုယ်မိမိ ယုံကြည်မှုလည်း တိုးတက်ကာ လက္ခဏာပညာရပ်ကိုလည်း အဆင့်အတန်းမြင့်မြင့် သိရှိနားလည်လာမည် ဖြစ်သည်။

လက္ခဏာပညာ လေ့လာသင်ယူခါစ၌ အများအယွင်းဖြစ်မည်ကိုကြောက်ရွံ့စရာမလိုပါ။ မိမိဘက်မှ ယုံကြည်မှုရှိနေရန်သာ လိုအပ်သည်။

အကယ်၍ လက္ခဏာမေးသူ၏ လက်ဝါးပြင်ပါ ထင်ရှားသော အမှတ်အသားနှင့် ပတ်သက်၍ မိမိဟောပြောချက်အပေါ် ကာယကံရှင်က ငြင်းဆိုပါက ဆက်လက်မဆွေးနွေးမိစေရန် သတိပြုပါ။

**လက္ခဏာပညာရပ်ဆိုင်ရာနည်းပညာ ဝဲလက်နှင့်ယာလက်**

လက္ခဏာပညာနှင့် ပတ်သက်၍ ဝဲ-ယာလက်နှစ်ဖက်အနက် မည်သည့်လက်ကိုကြည့်သင့်သည်ဟူ၍ အမျိုးမျိုးသော ထင်မြင်ချက်များစွာရှိနေတတ်သည်။ 'အနာဂတ် (ရှေ့ဖြစ်) အတွက် ယာဘက်လက်ကိုကြည့်ရမည်'၊ 'အတိတ်က ဖြစ်ရပ်များအတွက် ဝဲဘက်လက်ကိုကြည့်ရမည်'၊ 'အသက်ရှည်ခြင်းအတွက် ယာဘက်လက်အားကြည့်ရပြီး ချမ်းသာကြွယ်ဝခြင်းနှင့်ဂုဏ်သရေရှိခြင်းအတွက် ဝဲဘက်လက်ကို ကြည့်ရမည်' ဟူသော ထင်မြင်များပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယာဘက်လက်အား အများအားဖြင့် ကြည့်ရှုခြင်းက ထုံးစံတစ်ခုဖြစ်လာခဲ့သည်။

လက္ခဏာပညာရပ်၏ အတွင်းသဘောအရ ဝဲဘက်လက်သည် ငုပ်လျှိုးနေသော ပင်ကိုစရိုက်လက္ခဏာများ အချိန်မရွေး ပေါ်ပေါ်လာနိုင်သည့် အခြေအနေများကို ပြသနေပြီး ယာဘက်လက်သည် အမှန်တကယ်ဖြစ်ပေါ်လာနိုင်သည့် လက်တွေ့ရင်ဆိုင်ပေါ်ပေါက်နေသော အခြေအနေများအား တိုက်ရိုက်ရည်ညွှန်းနေကြောင်း လေ့လာတွေ့ရှိရသည်။

အကယ်၍ လက်ဝါးပိုင်ရှင်သည် ဘယ်သန်ဖြစ်ပါက ယာဘက်လက်ဝါးပြင်ပါ လက္ခဏာအရေးအကြောင်းများအား ကြည့်ရသကဲ့သို့ ဝဲလက်၌ ထူးခြားမှုရှိနေတတ်သည်။

တစ်ခါတစ်ရံ လက်ဝါးပြင်ပါ လက္ခဏာများသည် 'ဘယ်'က 'ညာ'၊ 'ညာ'က 'ဘယ်' ပြောင်းပြန်ဖြစ်နေတတ်သည်။ ယင်းမှာ ဝဲဘက်၌ရှိသင့်သော လက္ခဏာက ယာဘက်၊ ယာဘက်၌ရှိသင့်သည့်လက္ခဏာက ဝဲဘက်သို့ ရောက်ရှိနေခြင်းပင် ဖြစ်သည်။ ထိုအခါ လက္ခဏာဟောကြားသူကလည်း ဝဲဘက်လက်အား ယာဘက်အဖြစ်၊ ယာဘက်လက်အား ဝဲဘက်အဖြစ် ပြောင်းပြန်ဟောကြားပေးရန် လိုအပ်သည်။

အထက်ပါအခြေအနေမျိုးအတွက် ဟောကြားသူ၏အတွေ့အကြုံနှင့် ပင်ကိုအသိစိတ်တို့က အောင်မြင်အောင် ထောက်ပံ့ပေးမည် ဖြစ်သည်။

ဝဲ၊ယာလက်နှစ်ဖက်နှင့် ပတ်သက်၍ ပြောဆိုနေကြမြဲဖြစ်သော စကားများစွာရှိသေးသည်။ အချို့က ဝဲဘက်လက်သည် ကျွန်ုပ်တို့နှင့်အတူ မွေးဖွားလာသည့် မွေးရာပါလက္ခဏာရှိသောလက်ဖြစ်ပြီး ယာဘက်လက်ကမူ ကျွန်ုပ်တို့ ပြုမူဖန်တီးလိုက်ခြင်းများကြောင့် ဖြစ်ပေါ်လာသည့်လက်ဖြစ်ကြောင်း ပြောဆိုလေ့ရှိသည်။

အချို့သော လက္ခဏာလောကသားများက ယာဘက်လက်သည် အမျိုးသားအတွက်၊ ဝဲဘက်လက်သည် အမျိုးသမီးအတွက်ကြည့်ပေးရသည်ဟုယုံမှတ်တတ်ကြသည်။

မည်သို့ပင် အငြင်းပွားစရာများရှိနေသော်လည်း ခေတ်သစ်လက္ခဏာပညာရပ် ပိုမိုတိုးတက်လာခြင်းကြောင့် ရှေးကျသော လက္ခဏာဟောပြောချက်များအား ပိုမိုရှင်းလင်းလွယ်ကူအောင် မြှင့်တင်ပေးနိုင်ပြီ ဖြစ်သည်။

**ဝဲဘက်လက်ကဖော်ပြသည့် ဆိုလိုရင်းအဓိပ္ပာယ်များ**

ဝဲဘက်လက်အား ဦးနှောက်ယာဘက်အခြမ်းက ထိန်းချုပ်ထားသည်။ ဦးနှောက်ယာဘက်ခြမ်းသည် အသိအမှတ်ပြုခြင်း၊ မှတ်မိခြင်း၊ နားလည်ခြင်း၊ တစ်ခုနှင့်တစ်ခုအကြား ဆက်နွယ်ပတ်သက်မှုသဘောကို နားလည်ခြင်းစသည့် အခြေအနေများအား လိုအပ်သလို ထိန်းညှိပေးနိုင်သည်။

ဝဲဘက်လက်သည် သက်ဆိုင်ရာ လက္ခဏာပိုင်ရှင်၏ အတွင်းသဘောကို ဖော်ပြသည်။ ၎င်းပြင် ဝဲဘက်လက်သည် ပင်ကိုအရည်အသွေးအရ ယင် (Yin) (အမဓာတ်)၊ အမျိုးသမီးလက်ခံရယူသည့်သဘော၊ အနုပညာရပ်၌ အထုံပါရမီအားကောင်းသည့်သဘော၊ ရမ္မက်ကြီးသည့်သဘော၊ သမားရိုးကျမဟုတ်သောနည်းလမ်းများဖြင့် စဉ်းစားဖြေရှင်းတတ်သည့်သဘော၊ ဗီဇစိတ်ဖြင့် သိတတ်သည့်သဘော၊ ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်တတ်သည့် သဘောတို့ကို ကိုယ်စားပြုသည်။

ဝဲဘက်လက်အား သက်ဆိုင်ရာ လက္ခဏာရှင်၏ ကိုယ်ရေးကိုယ်တာနှင့် စိတ်ဝိညာဉ်ရေးရာတိုးတက်မှုအခြေအနေအရပ်ရပ်ကို မှတ်တမ်းတင်ထားသည့် လက်အဖြစ် သတ်မှတ် နိုင်သည်။

**ယာဘက်လက်ကဖော်ပြသည့် ဆိုလိုရင်းအဓိပ္ပာယ်များ**

ယာဘက်လက်အား ဦးနှောက် ဝဲဘက်အခြမ်းက ထိန်းချုပ်ထားသည် ဦးနှောက်ဝဲဘက်အခြမ်းသည် ကြောင်းကျိုးဆက်စပ်ဆင်ခြင်နိုင်ခြင်း၊ ကောက်ချက်ချခြင်း၊ ခိုင်လုံသော အကြောင်းပြချက်များပေးနိုင်ခြင်း၊ ဘာသာစကားများ၊ လုပ်ငန်းစဉ်အားလုံးနှင့် ပတ်သက်သမျှ အသေးစိတ်သိရှိနားလည်မှတ်မိခြင်းတို့အတွက် လိုအပ်သလို ထိန်းညှိပေးသည်။

ယာဘက်လက်သည် သက်ဆိုင်ရာလက္ခဏာပိုင်ရှင်၏အပြင်ပန်းအခြေအနေအရပ်ရပ်ကို ဖော်ပြသည်။ ၎င်းပြင် ယာဘက်လက်သည် ပင်ကိုအရည်အသွေးအရ Yang (ယန်) အဖိုဓာတ်၊ အမျိုးသား လှုပ်ရှားတက်ကြွသည့်သဘော၊ လူမှုဝန်းကျင်အတွင်း ဩဇာသက်ရောက်သည့်သဘော၊ ပညာရေး၊ ဘဝအတွေ့အကြုံ၊ လက်တွေ့ကျကျ ဆောင်ရွက်ခြင်း၊ မိမိဘဝရပ်တည်ရေးအတွက် လူ့ဘောင်လောကအတွင်း လိုက်လျောညီထွေ နေထိုင်တတ်ခြင်း၊ ပြဿနာအရပ်ရပ်အား အစဉ်အတိုင်း စဉ်းစားဖြေရှင်းနိုင်ခြင်းတို့ကို ကိုယ်စားပြုသည်။

ယာဘက်လက်အား သက်ဆိုင်ရာပုဂ္ဂိုလ်၏ လူ့ပတ်ဝန်းကျင်အတွင်း လိုက်လျောညီထွေ နေထိုင်တတ်မှု



www.burmeseclassic.com

www.burmeseclassic.com

မိသားစုနှင့် လူမှုအသိုင်းအဝန်းတို့၌ ဩဇာကြီးခြင်းတို့အားသိရှိနိုင်ရန် မှတ်တမ်းတင်ထားသည့်လက်အဖြစ် သတ်မှတ်နိုင်သည်။

**ဝဲလက်နှင့်ယာလက်အားနှိုင်းယှဉ်ခြင်း**

လက္ခဏာပညာအား လက်တွေ့လေ့လာစမ်းသပ်ရာ၌ သက်ဆိုင်ရာ လက်ဝါးပိုင်ရှင်၏ ဝဲ၊ ယာလက်နှစ်ဖက်အား ယှဉ်တွဲဖြန့်ခင်းပါ။ ဝဲနှင့်ယာလက်ရေးပြင်နှစ်ဖက်အကြား အဓိကကွာခြားချက်များအား အထူးသတိပြုလေ့လာပါ။ ဝဲ၊ ယာလက်နှစ်ဖက်စလုံး တစ်ထေရာတည်း တူညီနေမှုရှိ၊ မရှိ စစ်ဆေးပါ။ အကယ်၍ ဝဲ၊ ယာဘက်လက်နှစ်ဖက်စလုံး ဆင်တူနေမှုရှိနေပါက လက်ဝါးပိုင်ရှင်သည် ရိုးသားဖြောင့်မတ်၍ တရားမျှတသူ၊ အပြင်ပန်းကဖော်ပြနေသော ဥပမိရုပ်နှင့် အတွင်းစိတ်သဘောထား တစ်ထပ်တည်းရှိနေသူဖြစ်ကြောင်း သိနိုင်ပါမည်။ ဖော်ပြပါ လက္ခဏာပိုင်ရှင်များကား အတော်ပင်ရှားပါးလှသည်။

လက္ခဏာပညာရှုထောင့်အရ ဝဲ၊ ယာ လက်နှစ်ဖက်သည် ပုံသဏ္ဌာန်၊ အရွယ်အစား၊ အရောင်၊ အဓိကလမ်းကြောင်းများ၌ ထူးထူးခြားခြားသိသာစွာ ကွဲပြားနေတတ်သည်။ ယင်းမှာ သက်ဆိုင်ရာ လက်ဝါးပိုင်ရှင်၏ ဖြစ်ပေါ်လာနိုင်သော အခြေအနေအရပ်ရပ်နှင့် လက်ရှိကြုံတွေ့ခံစားနေရသော အခြေအနေ အကြောင်းအရာတို့အကြား ကွာခြားချက်ကို ဖော်ပြနေခြင်းသာ ဖြစ်သည်။

တစ်ခါတစ်ရံ ဝဲဘက်လက်သည် ယာဘက်လက်ထက် ပို၍ ရှင်းလင်းသန့်ရှင်းနေပုံကို တွေ့ရတတ်သည်။ ယင်းမှာ မိမိ၏ ပြင်းပြသောစိတ်ဆန္ဒအား အသိစိတ်ဖြင့် ချုပ်တည်းထားနိုင်သူ၊ ကိုယ့်သိက္ခာကိုယ်ဆည်နိုင်သူ ဖြစ်ကြောင်း သက်သေပြနေပါသည်။

လက္ခဏာပညာရပ်နယ်ပယ်၌ ယာဘက်လက်အား အဓိကဦးစားပေးကြည့်ရှုကြခြင်းကြောင့် ခြွင်းချက်အနေဖြင့် လက်ဝါးပိုင်ရှင်များသည် သမားရိုးကျမဟုတ်သောနည်းလမ်းများဖြင့် ပြဿနာဖြေရှင်းသူများဖြစ်ကြောင်း တွေ့ရှိလာတတ်သည်။ အကယ်၍ လက်ဝါးပိုင်ရှင်သည် ဦးနှောက်ယာဘက်ခြမ်း၏ လွှမ်း...ပ်ခြင်းခံရပါက ဝဲဘက်လက်...ားပေးကြည့်ရှုရမည် ဖြစ်

စာရေးသူ၏ နှစ်ပေါင်းများစွာ အတွေ့အကြုံအရ ယာဘက်လက်ကိုသာ အဓိကအာရုံစိုက်ကြည့်ရှု၍ ဝဲဘက်လက်အား ဖြစ်လာနိုင်သည့် အခြေအနေအရပ်ရပ်အတွက်သာ ကြည့်ရှုပေးရန် လိုအပ်သည်။

**လမ်းကြောင်းများကိုဖတ်ကြားခြင်း**

လက်ဝါးပြင်ပေါ်တွင် တွေ့ရှိရသည့် ရှုပ်ထွေးသော မျဉ်းကြောင်းများ မညီညာသောလမ်းကြောင်း (အကွေး၊ အကောက်) များ၊ မျဉ်းကြောင်းများအား မခြွင်းမချန်ဘဲ အရှိကိုအရှိအတိုင်း အဓိပ္ပာယ်အတိအကျဖြင့် ဖတ်ကြားရမည်ဖြစ်သည်။

အကယ်၍ လက်ဝါးပြင်ပါ လမ်းကြောင်းများ အရောင်မှိန်ဖျော့ပြီး ထင်ရှားမှုမရှိပါက (သိသာထင်ရှားမှုမရှိပါက) ၎င်း၏ဆိုင်ရာစွမ်းရည်များလည်း အကျိုးသက်ရောက်မှု အားနည်းနေမည်ဖြစ်သည်။ အကယ်၍ လမ်းကြောင်းများသည် ထူထဲသိသာထင်ရှားပြီးအနီရောင်သန်းနေသောလမ်းကြောင်းများဖြစ်နေပါက စွမ်းအင်သစ်များ မွေးဖွားနိုင်ခြင်း၊ တင်းမာမှုအားကြီးခြင်း၊ အကြမ်းဖက်ခြင်းသဘောများရှိကြောင်း ဖော်ပြနေပါသည်။

**ကျွန်းများ**

ကျွန်းများသည် လက်ဝါးပိုင်ရှင်၏ ပင်ကိုစွမ်းရည်များအား ကွဲအက်ပြိုပျက်သွားစေသည့် မကောင်းသော နိမိတ်လက္ခဏာကို ကိုယ်စားပြုသည်။ ၎င်းပြင်လက်ဝါးပြင်တွင် ကျွန်းများပါရှိခြင်းကြောင့် အများအားဖြင့် အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်ရတတ်ခြင်း၊ မကောင်းသောအပြောင်းအလဲများဖြင့် ရင်ဆိုင်ရခြင်းသဘောကို ရည်ညွှန်းသည်။

အသက်လမ်းကြောင်းသည် ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ခြင်းသဘောကို တိုက်ရိုက်ကိုယ်စားပြုထားသောကြောင့် ၎င်းအသက်လမ်းကြောင်းပေါ်တွင် ကျွန်းခံနေပုံ တွေ့ရှိရပါက ကျန်းမာရေးမကောင်းသည့် အချိန်ကာလများ၊ အားအင်ချိနဲ့နေသည့် အခြေအနေများအား ဖော်ပြသည်။ ဥပမာအားဖြင့် လက္ခဏာပိုင်ရှင်သည် မိမိအိမ်ထောင်ရေးအပေါ် ဘဝင်မကျခြင်း၊ မိမိလုပ်ငန်းအပေါ် မနှစ်သက်၍ လုပ်ကိုင်ရန် စိတ်မပါခြင်းတို့ကို ဆိုလိုသည်။

ဦးခေါင်းလမ်းကြောင်းပေါ်တွင် ကျွန်းခံနေသည်ကို တွေ့ရှိရပါက စိတ်ဒဏ်ရာရခြင်း၊ စိတ်ပိုင်းဆိုင်ရာပြဿနာမျိုးစုံ ရင်ဆိုင်ကြုံတွေ့ခံစားရခြင်း၊ ဦးခေါင်း၌ ဒဏ်ရာရခြင်း၊ လူ့ဘဝအရသာအား ပြည့်ပြည့်ဝဝ မခံစားရခြင်းတို့ကို ရည်ညွှန်းသည်။

နှလုံးလမ်းကြောင်းပေါ်တွင် ကျွန်းခံနေပါက အပြောင်းအလဲများတတ်သူ၊ သစ္စာဖောက်ဖျက်ခံရသူ၊ နှလုံးရောဂါရရှိသူဖြစ်ကြောင်း ရည်ညွှန်းပါသည်။

**အစက်အပြောက်များ**

အစက်အပြောက်များသည် လက္ခဏာရှင်၏ စွမ်းအင်စီးဆင်းနိုင်မှုမှန်သမျှအား ကြားဝင်နှောင့်ယှက်တတ်ကြောင်း ဖော်ပြသည်။ အစက်အပြောက်များသည် အကျပ်အတည်းများ၏ အမှတ်လက္ခဏာပင် ဖြစ်သည်။

အသက်လမ်းကြောင်းပေါ်တွင် အစက်အပြောင်များရှိနေပါက ရာထူးနေရာအပြောင်းအရွှေ့ရှိခြင်း၊ စီးပွားရေးကျပ်တည်းခြင်း၊ အဘက်ဘက်၌ ကျရှုံးခြင်း၊ ရာထူးချခံရခြင်း စသည့် နိမိတ်များကို ဖော်ပြသည်။ အကယ်၍ ဦးခေါင်းလမ်းကြောင်းပေါ်၌ အစက်အပြောက်များရှိနေပါက ဦးနှောက်ဉာဏ်ဖြင့် ဖြေရှင်းရသည့်ကိစ္စများ၌ အကျပ်အတည်းတွေ့ခြင်း၊ ရှုံးနိမ့်ခြင်းဖြစ်ပေါ်တတ်သည်။ အကယ်၍ နှလုံးလမ်းကြောင်းပေါ်တွင် အစက်အပြောက်များရှိနေပါက စိတ်ခံစားမှုဆိုင်ရာကိစ္စများကြောင့် ပြဿနာဖြေရှင်းရတတ်သည်။

**ကန့်လန့်ဖြတ်အစင်းအကြောင်းများ**


လက်ဝါးပြင်ပေါ်ရှိ လက္ခဏာအရေးအကြောင်းများပေါ်၌ ကန့်လန့်ဖြတ်အစင်းကြောင်းများ (သို့) ပိတ်ဆို့တားဆီးနေသောပုံစံဖြစ်နေသည့် အမှတ်အသားများကို တွေ့ရှိရပါက ပြင်ပမှ ဩဇာသက်ရောက်မှုတစ်ခုခုကို ခံယူရသည့်သဘော ရည်ညွှန်းသည်။

ကန့်လန့်ဖြတ်အစင်းကြောင်းများကို အသက်လမ်းကြောင်းပေါ်တွင်တွေ့ရှိပါက ရုပ်ပိုင်းဆိုင်ရာထိခိုက်စေမည့် အဖြစ်အပျက်များအား တိုက်ရိုက် ကိုယ်စားပြု ဖော်ပြသည်။ လက္ခဏာပိုင်ရှင်အနေဖြင့် ကျိန်းသေကြုံတွေ့ရင်ဆိုင်ရမည့် အခက်အခဲအား ကျော်လွှားနိုင်ရန် ကြိုတင်စီစဉ်ရမည် ဖြစ်သည်။ ကန့်လန့်ဖြတ်အစင်းကြောင်းများသည် ဦးခေါင်းလမ်းကြောင်းပေါ်ရှိနေပါက စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်စေသည့်အတွေးအယူက်များ၊ အာရုံစူးစိုက်နိုင်မှုအား



www.burmeseclassic.com

www.burmeseclassic.com




လက်ဝါးပြင်ပေါ်ရှိ မညီမညာ ရှုပ်ထွေးနေသော လမ်းကြောင်းများ

နည်းပြီး စိုးရိမ်သောကများနေသည့် အခြေအနေများအား ကိုယ်စားပြု ဖော်ပြသည်။ ကန့်လန့်ဖြတ်အစင်းကြောင်းများသည် နှလုံးလမ်းကြောင်းပေါ် ရှိနေပါက ၊ ဆွေမျိုးသားချင်းတို့အကြား ပြဿနာရှိနေသည့်သဘော၊ ဆွေမျိုးသားချင်းတို့အချင်းချင်း သဘောထားကွဲလွဲသည့်သဘောများကို ဖော်ပြသည်။

**ပြတ်တောက်နေသောလမ်းကြောင်းများ**

လက်ဝါးပြင်ပေါ်တွင် ပြတ်တောက်နေသောလမ်းကြောင်းများပါရှိနေပါက လုပ်ငန်းနှင့် ပတ်သက်သော လုပ်ရိုးလုပ်စဉ်အားလုံး၌ အဓိကအပြောင်းအလဲများနှင့် ကြုံတွေ့ရတတ်သည်။ ထိုအခြေအနေမျိုးတွင် လက္ခဏာရှင်သည် နည်းလမ်းဟောင်းများကို စွန့်၍ နည်းလမ်းသစ်၊ခြေလှမ်းသစ်များ စတင်ဖြစ်ပါမည်။ လက္ခဏာရှင်၏ ခြေလှမ်းသစ်များသည် အကောင်း၊ အဆိုး (၂) မျိုးစလုံး ဖြစ်ပေါ်တတ်သည်။ မိမိ၏ အရည်အသွေးများအားလုံး အစစ်ဆေးခံရတတ်ပြီး နောက်တစ်ကြိမ် ခြေလှမ်းသစ်စတင်ရတတ်သည်။ ဘဝတစ်သက်တာလမ်းကြောင်းတစ်လျှောက် အောင်မြင်နေသော ကျရှုံးမှုပါ ပြတ်တောင်းပြတ်တောင်းဖြစ်ပေါ်နေတတ်ကြောင်း ရည်ညွှန်းသည်။

အသက်လမ်းကြောင်းပေါ်တွင် လမ်းကြောင်းအပြတ်အတောက်များ ဖြစ်နေပါက စဉ်းစားတွေးခေါ်ပုံနှင့် ထင်မြင်ယူဆချက်များပြောင်းလဲခြင်း၊ အပြုအမူ အနေအထိုင် ပြောင်းလဲခြင်းတို့ကို ကိုယ်စားပြုသည်။ အကယ်၍ နှလုံးလမ်းကြောင်းပေါ်တွင် အပြတ်အတောက်များဖြစ်နေပါက ခင်မင်တွယ်တာရသူနှင့် သံယောဇဉ်ပြတ်ခြင်း၊ အသည်းကွဲခြင်း၊ စိတ်ပျက်အားငယ်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စွန့်ပယ်ခံရခြင်းတို့ကို ရည်ညွှန်းသည်။

**ကြက်ခြေခတ်များ**

လက်ဝါးပြင်ပေါ်ရှိ လက္ခဏာအရေးအကြောင်းများပေါ်တွင် ကြက်ခြေခတ်များပါရှိနေပါက မကောင်းသောနိမိတ်ကိုဖြစ်စေသည့် အမှတ်သင်္ကေတများအဖြစ် သက်မှတ်နိုင်သည်။ အဆိုပါ ကြက်ခြေခတ်များသည် လက္ခဏာရှင်အား စိန်ခေါ်နေသည့်သဘောကို ကိုယ်စားပြုသည်။ လက္ခဏာရှင်အနေဖြင့် ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲအတားအဆီးများ၊ ဖြေရှင်းရမည့် ပြဿနာများအတွက် လိုအပ်သလို အကောင်းဆုံး ကြိုတင်ပြင်ဆင်ရမည် ဖြစ်သည်။

လက်ဝါးပြင်ပါ ကြက်ခြေခတ်များသည် အများအားဖြင့် မကောင်းသော နိမိတ်များကို ရည်ညွှန်းသော်လည်း ၎င်းတို့၏ တည်နေရာအပေါ် မူတည်၍ ကံကောင်းခြင်းဖြစ်စေသော ကြက်ခြေခတ် (၃) မျိုးရှိသည်ဆိုသည်ကို လက္ခဏာပညာရှင်တိုင်း အထူးသတိချပ်ရန် လိုအပ်သည်။

**လေးထောင့်ကွက်များ**

လက်ဝါးပြင်ပေါ်ရှိ မည်သည့်နေရာတွင်ဖြစ်စေ လေးထောင့်ကွက်များ ပါရှိနေပါက အကာအကွယ်ရရှိထားသည့်သဘော၊ ကံကောင်းခြင်းများ ရရှိသည့်သဘောတို့ကို ဖော်ပြသည်။ ၎င်းပြင် လေးထောင့်ကွက်များသည် လက်ဝါးပိုင်ရှင်အား အခြေအနေအတော်များများ၌ ကံကောင်းစေခြင်းနှင့် လူမှုအသိုင်းအဝန်းအတွင်း မည်သည့်အန္တရာယ်မှ မဖြစ်အောင် အကာအကွယ်ပေးတတ်သည်။

**တြိဂံများ**

လက်ဝါးပြင်တွင် တြိဂံများပါရှိပါက ကောင်းသောလက္ခဏာပင် ဖြစ်သည်။ တြိဂံများသည် အထုံပါရမီအားကောင်းခြင်း၊ ဖန်တီးနိုင်စွမ်းရှိခြင်း၊ စွမ်းအင်ကောင်းများရှိခြင်းတို့ကို ရည်ညွှန်းသည်။

တြိဂံများသည် မည်သည့်လမ်းကြောင်းပေါ်တွင်မဆို ထင်ရှားစွာ ပါရှိနေပါက ၎င်းရှိနေသည့် လမ်းကြောင်း၏ စွမ်းအင်များကိုပါ ပိုမိုတိုးတက်လာစေတတ်သည်။ ထို့အတူ တြိဂံတည်ရှိနေသည့် မည်သည့်ဂြိုဟ်ခုံမဆို ၎င်း၏မူလစွမ်းရည်များ ပိုမိုတိုးတက်လာမည် ဖြစ်သည်။

**ကြယ်ပွင့်များ**

တွေ့ရခဲသော လက္ခဏာဆိုင်ရာ အမှတ်အသားတစ်ခု ဖြစ်သည်။ ကောင်းသောလက္ခဏာတွင် ကြယ်ပွင့်များတွေ့ရှိရပါက ကောင်းသောဘက်၌ ထူးချွန်ထက်မြက်သည့်သဘောကိုဖော်ပြသည်။ အကယ်၍ မကောင်းသော လက္ခဏာပေါ်တွင် တွေ့ရှိရပါက ဘေးအန္တရာယ်တစ်ခုခုနှင့်ကြုံတွေ့ရတတ်သည့်သဘောကို ရည်ညွှန်းသည်။ အကယ်၍ ကြယ်ပွင့်များသည် သက်ဆိုင်ရာလမ်းကြောင်းတစ်ခုခု (သို့) သက်ဆိုင်ရာ ဂြိုဟ်ခုံတစ်ခုခုပေါ်တွင် ရှိနေသည်ဆိုပါက ၎င်းကျရောက်နေသည့် လမ်းကြောင်း (သို့) ဂြိုဟ်ခုံ၏ မူလစွမ်းအင်များအား ပိုမိုမြင့်တက်စေမည် ဖြစ်သည်။

လက္ခဏာမေးမြန်းသူ၏ အတိတ်အကြောင်းအရာများအား သေချာတိကျစွာ မေးမြန်းရင်း လက္ခဏာအရေးအကြောင်း (လမ်းကြောင်း) များအား သေချာစွာ လေ့လာ စစ်ဆေးပါ။ လက္ခဏာရှင်နှင့် အမေး၊ အဖြေလုပ်ပေးခြင်းဖြင့် သင်၏ လက္ခဏာဖတ်ကြားခြင်း၌ များစွာ အထောက်အကူပြုပါမည်။

ဆရာမေ်



www.burmeseclassic.com

www.burmeseclassic.com

### ထားဝယ်မြို့ ပကြံ့ပေါ်ခံ့က
### ယိုးဒယား(ရှမ်း – ဒေသအခေါ်)မောင်နှမ (၈) ဦး တည်ခဲ့သော

# ရှေးဟောင်းဘုရားရှစ်မြှောင့်

ဇော်မာ ကိုဝင်းဇော(ထားဝယ်)

မြန်မာ့မှုနယ်ပယ်တွင် 'မလာချင် ခရီးဝေး၊ လာချင်အနီးကလေး' ဆိုစကား ရှိသည်။ မှန်ပါသည်။ စာရေးသူသည် ထားဝယ်မြို့ပေါ်ရှိ ခုံဝင်းဒပ်ရပ်ဘုရား ရှစ်မြှောင့်စေတီသို့ မရောက်သည်မှာ ဆယ်စုနှစ်ခုပင်ကျော်ခဲ့ပေပြီ။ အနီး ကလေးနှင့် ခရီးဝေးနေခြင်း ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ဘုရားရှစ် မြှောင့်စေတီအား ကြိမ်ဖန်များစွာ ကပ် ကျော်ဖြတ်သွားခဲ့ရသည်များရှိခဲ့၍ မိမိ ကိုယ်တိုင် အားမလိုအားမရဖြစ်မိသည် ကို ဝန်ခံပါသည်။

ယခုမူ ရှေးဟောင်းဘုရားမြေ ဆိုသောအသိက ဖမ်းချုပ်ခြောက်လှန့် စေစားသည်လား မပြောတတ်။ ဘုရား ရှစ်မြှောင့်စေတီပရဝဏ်အတွင်းသို့ ဝင် လိုက်သည်နှင့် ဒိတ်ခနဲဖြစ်သွားသော ရင်ခုန်သံကို အမှတ်ထင်ထင် သတိပြုမိ ပါသည်။ ဘုရားပရဝဏ်ဝင်းကြီးတစ်ခု လုံးကား ကျွန်တော်တို့ငယ်စဉ်က မြင်ခဲ့ ရသည်နှင့် တခြားစီဖြစ်နေ၏။ ယခု တော့ ဘုန်းကံပွင့်၍ သစ်လွင်တောက်ပ သပ်ရပ်သန့်ရှင်းကာ စင်ကြယ်လျက် အပြောင်းလဲကြီးပြောင်းလဲနေပေသည်။


ယခင်က ရေတွင်းပျက်မြေချိုင့် နေရာမှာ ဝင်ပေါက်မုခ်ဖြစ်နေသည်။ မိုးတွင်းအခါ ရေစပ်စပ်ပိန်းရိုင်းပင်များ နှင့် နွေအခါ မြေလူးပင်တို့ မင်းမူနေရာ ၌ သာသနိကအဆောက်အအုံများပြည့် နှက်နေလေသည်။ တံခါးမရှိဓားမရှိ တိရစ္ဆာန်တို့ဝင်ထွက်နေရာကို တံတိုင်း ကာရံတားဆီးထားလိုက်ပေပြီ။ ချုံနွယ် ပိတ်ပေါင်းမြက်ပင်တို့ ပျော်စံရာ စေတီ



အနီးကပ် ဖူးမြော်ရသော
ဘုရားရှစ်မြှောင့်စေတီ



ထိုင်း(ရှမ်း-ဒေသအခေါ်)မောင်နှမ (၈) ဦး ကောင်းမှုကုသိုလ် ရှေးဟောင်းဘုရားရှစ်မြှောင့်စေတီ



နောက်လူတို့ တည်ထားသော
စေတီတစ်ဆူကိုလည်း ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com




ရှစ်မြှောင့်စေတီအရှေ့ဘက်သိမ်ရှိ ရုပ်ပွားတော်မြတ်တို့အား ကြည်ညို ဖူးတွေ့ရစဉ်



ရှစ်မြှောင့်စေတီအရှေ့ဘက်သိမ်ရှိ ရုပ်ပွားတော်မြတ်တို့အား ကြည်ညို ဖူးတွေ့ရစဉ်



ရှစ်မြှောင့်စေတီအရှေ့ဘက်သိမ်ရှိ ရုပ်ပွားတော်မြတ်တို့အား ကြည်ညိုဖူးတွေ့ရစဉ်



ဘုရားပရဝဏ်အပြင်မှ ဖူးတွေ့ရပုံ

င်ပြင်တော်ကို ကြွေပြားခင်းနှင့်ထားပေ သရဲခြောက်သည်ဟု သတင်းကြီးသောဘုရားဝင်းနှင့်ကပ်လျက် ထန်းပင် ည်း မရှိတော့ပါ။

ရှည်လျားသော သမိုင်းခရီးတစ်လျှောက်လုံး ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် အဆိုး၊ အကောင်း အလှည့်အပြောင်း ဖန်တစ်ရာတွေမျှ ကြုံတွေ့ရသည်ကို ကြံ့ကြံ့ခံ၍ကျော်ဖြတ်လာသော ဤသာသနာဘုရားမြေလေးသည် စိုးရိမ်ထိတ်လန့်တုန်လှုပ်မှုကင်းပနေမြဲ အေးချမ်းတိုးတိတ်နေမြဲ ဖြစ်သည်။

ထားဝယ်က ရှမ်းဟု ခေါ်သော ယိုးဒယားနိုင်ငံမှ မောင်နှမ (၈) ဦးတို့က ဘုရားရှစ်မြှောင့်စေတီကို တည်ခဲ့သည်ဟု ရာဇဝင်တစ်ခုကဆိုပါသည်။ ညောင်ခရားမြို့ကို တည်ထောင် စိုးစံသော ရှမ်းမင်းဆက် တတိယမြောက် ဩရန်ဗလမင်း (ကောဇာ ၃၀၃-၃၁၈) မောင်နှမ (၈) ဦးတို့သည် ယိုးဒယားမှ ဓာတ်တော်မွေတော်များကို ပင့်ဆောင်ပြီး စေတီတွင် ဌာပနာသွင်းကာ ကိုးကွယ်ခဲ့သည်။ ထားဝယ်မြို့မဖြစ်ပေါ်စဉ်ကပင် ဤစေတီတည်ရှိနေပြီး ဖြစ်သည်။ ထိုစဉ်က စေတီနေရာသည် သာယာနာပျော်ဖွယ်ကျေးငှက်တွန်ကျူးသံနှင့် တောရိုင်းပန်းတို့ မွှေးကြိုင်လန်းစွင့်သည့် အလွန်သာယာသောတောအုပ် ဖြစ်သည်ဟု သိရသည်။

ရှမ်းမောင်နှမ (၈) ဦး တည်၍ ဘုရားရှစ်မြှောင့်ခေါ်ခြင်းမဟုတ်ကြောင်း၊ ရှစ်မြှောင့်ပုံသည် မဟာဆန် ကြီးကျယ်မြင့်မြတ်မှု၊ ခမ်းနားထည်ဝါမှုကို ဖော်ကျူးသည့် အရှေ့တိုင်းယဉ်ကျေးမှုပြယုဂ်အဓိပ္ပာယ်ဆောင်ကြောင်း၊ ယိုးဒယားလက်မှုအနုပညာရှင်တို့ လက်ရာပုံစံတစ်ထေရာတည်းဖြစ်ကြောင်း သက်ကြီးစကား မှတ်သား ကြားနာရဖူးပါသည်။

လက်ရှိစေတီ၏ ဉာဏ်တော်မှာ မူလတည်စဉ်က အနေအထားအတိုင်းပင် ဖြစ်သည်ဟု သိရှိရသည်။ လေးဖက်လေးတန် တစ်ဝဂ္ဂများပါရှိ၍ စေတီတော်တည်လုပ်ထားပုံကို ထူးခြားစွာ တွေ့ရသည်။ ပန်းတင်ခုံ သို့မဟုတ် ဖိနပ်တော်အုတ်ခုံမရှိဘဲ တစ်ဝဂ္ဂလေးခုနှင့် စေတီခြေတစ်သားတည်းကပ်ပြီး စေတီခြေမှ လေးမြှောင့်နှင့် တစ်ဝဂ္ဂတို့၏အပေါ်မှ




www.burmeseclassic.com

www.burmeseclassic.com



ရှင်သီဝလိ



ရှင်ဥပဂုတ်

လေးမြောင့်အသီးသီးတို့က ပစ္စယံသုံးဆင့်အား တည်ဆောက်သွားသဖြင့် ရှစ်မြောင့်ပုံသဏ္ဍာန် တည်လျက်ရှိသည်။ ထိုနည်းတူ ကြေးပန်း၊ ကြေးဝိုင်း၊ ခေါင်းလောင်း၊ ရင်စည်း၊ သပိတ်မှောက်တို့ကို မတွေ့ရဘဲ ရှစ်မြောင့်ပန်းအိုးပုံခံထားသည်ကို တွေ့ရသည်။ သို့သော် စေတီအထက်ပိုင်းဖောင်းရစ်၊ ကြာမှောက်၊ ရွှေကြာလန်၊ ငှက်ပျောဖူး၊ ထီးတော်တို့မှာ မြန်မာမှုမြန်မာဟန်ဖြစ်သဖြင့် ယိုးဒယားရှစ်မြောင့်ဘုရားနှင့်ခြားနားသည်။ စေတီ၌ ဖောင်းရစ်(၇)ရစ်၊ ကြာလန်(၂)ထပ်၊ ကြာမှောက် (၂) ထပ်ရှိသည်။

တစ်ဝဂူများ၌ ဆင်းတုတော်များကြည်ညိုထားသည်။ မူလက အရံစေတီလေးဆူ မရှိပါ။ အရှေ့ဘက်ဝင်ပေါက်တည့်တည့် စေတီငယ်တစ်ဆူမှာလည်း ရှေးဘုရားမဟုတ်ဘဲ နှောင်းလူတို့၏ ကောင်းမှုကုသိုလ်ဖြစ်သည်။ ရှစ်မြောင့်စေတီအရှေ့ဘက်ရှိသိမ်အတွင်းလျောင်းတော်မူတစ်ဆူ အပါအဝင် ရပ်တော်မူနှစ်ဆူ၊ ထိုင်တော်မူကိုးဆူ ရုပ်ပွားတော်များ စံပယ်တော်မူလျက်ရှိသည်။ ရပ်တော်မူရုပ်ပွားနှစ်ဆူမှာ ယိုးဒယားဟန်



ဘုရားရှစ်မြောင့်စေတီပရဝဏ်
ရှေးဟောင်းဘုရားမြေ



အဘအောင်မင်းခေါင်



အဘဘိုးဘိုးအောင်



သူရဿတီမယ်တော်

ဖြစ်၍ ထူးခြားပါသည်။

ကျွန်တော်တို့ငယ်စဉ်က လျောင်းတော်မူရုပ်ပွားတစ်ဆူကိုသာ ဖူးတွေ့ရသည်ကို ပြန်လည် အမှတ်ရမိပါသည်။ ထိုစဉ်က သိမ် ဟူ၍ မည်မည်ရရမရှိ ယိုင်နဲ့နဲ့ တစ်ဖက်ယပ်တဲသာသာ အနေအကာဖြစ်သည်။ နောက်လူသားမြေးမြစ်တို့က သိမ်ရောရုပ်ပွားတော်တို့ကိုပါ စေတနာထက်သန်စွာ ရက်ရောလှူဒါန်းပူဇော်ကြသည်ကို ဝမ်းမြောက်ဝမ်းသာသာဓုခေါ် ရပေသည်။ သိမ်နောက်တွင် ရှင်သီဝလိ၊ ရှင်ဥပဂုတ်၊ သူတော်စင်ဘိုးဘိုး၊ သူရဿတီမယ်၊ အဘအောင်မင်းခေါင်ရုပ်တုတို့ကို သီးခြားဗိမာန်ငယ်များနှင့် အကန့်ကန့် အစီအရီတွေ့ရသည်။

ရှစ်မြောင့်စေတီနှင့် ကပ်လျက်အသစ်တည်ဆောက်လှူဒါန်းထားသော သိမ်တော်ကြီးနှင့် ဓမ္မာရုံတို့ကို ကြွကြွရွရွ လှလှပပ တွေ့ရ၏။ ကနုတ်ပန်း၊ ကနုတ်နွယ်၊ စုံလစ်မွမ်းချွန်တို့နှင့် တင့်တယ်လှပါသည်။ သိမ်တော်ကြီးတွင် ထိုင်တော်မူရုပ်ပွားနှစ်ဆူ၊ ရပ်တော်မူရုပ်ပွားတစ်ဆူနှင့် ဓမ္မာရုံတွင် ဆင်းတုတော်တစ်ဆူအား ကြည်ညိုဖူးမြင်ရသည်။ ဘုရားပရဝဏ်အတွင်း သာသနိကအဆောက်အအုံများ များပြားလာသည်နှင့်အမျှ ဘုရားဝေယျာဝစ္စ၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ ဘက်စုံတည်ဆောက်မွမ်းမံရေးကို ဂေါပကအဖွဲ့က အလှည့်ကျ တာဝန်ယူ ထိန်းသိမ်းလျက်ရှိသည်။ ရှေးဟောင်းဘုရားမြေတွင် ဓမ္မသဘင်တရားပွဲများဖြင့် တရားသံဝေဝေစည်နေပြီဖြစ်သည်။ ၁၃၇၁ ခုနှစ်က စေတီကြီးအား ရှေးဟောင်းလက်ရာမပျက် ပြုပြင်၍ ထီးတော်တင်လှူခြင်း၊ အရံစေတီများ ပြန်လည်ပြုပြင် ထီးတင်ခြင်း၊ တစ်ဝဂူ(၄)ခု ပြုပြင်ခြင်းတို့ကို ခြိမ့်ခြိမ့်သဲ ကျင်းပကြောင်း ကမ္ပည်းစာရေးထားသည်ကို ဖတ်ရှုရသည်။

ဤမြေ၊ ဤနေရာ၊ ဤဘုရား၊ ဤစေတီအရိပ်သည် အလွန်ရှေးကျသော အတိတ်ကာလနှစ်ပရိစ္ဆေဒကြာမြင့်ခဲ့၍ ရှေးဟောင်းအငွေ့အသက်များ လုံးဝ ကင်းစင်ပြီဟု မဆိုသာသော်လည်း စာရေးသူတို့ငယ်ဘဝက ထုံးသင်္ကန်း ဖွေးဖွေးနှင့်သာ ဖူးမြော်ရသော ဘုရားရှစ်မြောင့်စေတီအား ယခုအချိန်တွင် ရွှေသင်္ကန်း တဝင်းဝင်းတောက်ပလျှက် သပ္ပာယ်တင့်တယ်စွာ ကြည်ညိုတွေ့ရပြီ မဟုတ်ပါလား။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး မဟာစက်ရှင်

## (လွှိုင်လင်)

၁၉၉၁ - ၉၂ ခုနှစ် ပတ်ဝန်းကျင် အချိန်လောက် ဖြစ်ပါမည်။ ကျွန်ုပ်တို့ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ လေးသို့ သုဝဏ္ဏသျှံဆရာတော်ဘုရား ကြီး တစ်ခေါက်ကြွရောက်ခဲ့ဖူးပါသည်။ ကျွန်ုပ်အထင် တစ်ယူသန်ပြောရမည် ဆိုလျှင် ကျွန်ုပ်၏ဇနီးသည်တစ်ယောက် အတွက်သာ ကြွရောက်လာခြင်းပဲ ဖြစ် ပါသည်ဟု ဆိုလိုက်ချင်ပါသည်။ ထိုသို့ ဆိုလိုက်ရခြင်းမှာလည်း အကြောင်းမဲ့ တော့မဟုတ်ပါ။ ကျွန်ုပ်တစ်ယူသန်ဆို လိုက်နိုင်သောအကြောင်းက ရှိနေ၍ဖြစ် ပါသည်။ အဖြစ်အပျက်လေးကို တင်ပြ ပါမည်။သို့မှသာ စာရှုသူတို့လည်း ကျွန်ုပ် အပိုပြောခြင်းမဟုတ်သည်ကို နားလည် နိုင်မည် ဖြစ်ပါသည်။

ကျွန်ုပ်တက္ကသိုလ်ဝင်တန်း(၂)နှစ် ကျပြီး ကျောင်းအပြင်လောကသို့ရောက် ခဲ့သည့်အချိန် ကျွန်ုပ်အသက်(၂၀)ကျော် ကာလအတွင်း ကြမ်းတမ်းသောဘဝ အခြေ၌ စိတ်ပန်းကိုယ်နွမ်းဒုက္ခတို့မှ ထွက်ပေါက်ရှာရန် ရည်ရွယ်သောအား ဖြင့် တရားဓမ္မစာပေတို့ကို စတင် လေ့လာ လိုက်စားခဲ့၏။ စွန်းလွန်းဂူ ကျောင်းဆရာတော်မှအစ ထင်ရှားခဲ့ကြ ကုန်သောဆရာတော်ကြီးများအကြောင်း နှင့်ကျင့်ကြံအားထုတ်နည်းများ, မိုးကုတ်၊ မဟာစည်၊ မင်းကွန်း၊ သဲအင်းဂူတို့၏ တရားဝင်ရောက်အားမထုတ်ခဲ့ဘူးပါ။ ထိုစဉ် အသက်မှာလည်း ငယ်သေး၍ ၎င်းဖဿပစ္စယာဝေဒနာတရားတစ်ခု တည်းကိုသာ သဘောကျသဖြင့် ကိုယ့် နည်းကိုယ့်ဟန်နှင့် လပေါင်း၊ နှစ်ပေါင်း ရှည်စွာ နှလုံးသွင်းလေ့ရှိရာ မထင်မှတ် သည့် အကျိုးတရားများရလာကြောင်း တွေ့ရပါသည်။

စနစ်ကျခြင်းမကျခြင်းလည်းမသိ, အားထုတ်ပုံ မှန်ခြင်း၊ မမှန်ခြင်းလည်း မသိသော်လည်း အကျိုးကား ရှိလှ၏။ အဘယ်ကဲ့သို့ အကျိုးရှိပါသနည်း။ ရသ တဏှာနှင့် ပတ်သက်၍ အသားဟင်း၊ ငါးဟင်း၊ ဟင်းကောင်းအလွန်ကြိုက်သူ ဖြစ်သဖြင့် တရားနှလုံးမသွင်းခင်အချိန် ကာလများတွင် အသားငါးမပါလျှင် ထမင်းမျိုမကျ။ ဟင်းအလွန်ကြေးများ သော်လည်း တရားနှလုံးသွင်း၍ စား သောအခါ အရသာများမှာ ချိုသည် လည်း ငါကချိုသည်မဟုတ်မှန်း၊ ချဉ် သည့်အရသာကိုလည်း ငါက ခံစားနေ သည်မဟုတ်မှန်း၊ ဝေဒနာ ဟူသော ခံစားမှုက အကြောင်းတိုက်ဆိုင်၍ သူ့ သဘောနဲ့သူဆောင်နေကြောင်း သိသိ လာရ၍ ဟင်းမပါဘဲ ထမင်းချည်းသာ စားသော်လည်းစား၍ရလာ၏။ အရသာ အပေါ် အာရုံမစွဲ ရသတဏှာမှာ ခေါင်းပါးလာမှန်း ဉာဏ်မှသိလာ၏။ ငါ ဆိုသည့်အရာကလည်း မှေးမှိန်သကဲ့သို့ ဖြစ်လာ၏။ ရေချိုးလျှင်လည်း ရေအေး အလွန်ကြောက်သောကျွန်ုပ်မှာ ရေအေး ကိုလည်း ချိုးရဲလာ၏။ အေးသည့်အထဲ တွင် ငါမပါ၍ဖြစ်၏။

ကြာသော် ကျွန်ုပ်မှာ မိမိခန္ဓာ ကိုယ်မှ လက်သည်လည်း ငါ့လက် မဟုတ်။ ခေါင်းသည်လည်း ငါ့ခေါင်း မဟုတ်။ ခြေသည်လည်း ငါ့ခြေမဟုတ်။ ခန္ဓာကိုယ်ကို နှလုံးသွင်းရာတွင် ငါမှာ ပျောက်နေ၏။ ညည တစ္ဆေအလွန် ကြောက်တတ်သောကျွန်ုပ်မှာ နှလုံး သွင်းလိုက်သည့်အချိန် ဘယ်တစ္ဆေသရဲ ကိုမှ ကြောက်သောစိတ်သည် ပျောက် မလာ။ ကြောက်ရမည့်ငါလည်း ပျောက် နေ၏။ နှလုံးသွင်းသောတရား စနစ်ကျ သည်၊ မကျသည် အပထား ကျွန်ုပ်ကား ဤ ဖဿပစ္စယာဝေဒနာတစ်ခုတည်းနှင့် ပင် တပ်မက်သောလောဘ၊ ကြောက်ရွံ့ သောဒေါသ၊ တွေဝေသောမောဟတို့မှာ ထိုစဉ် ခေါင်းပါးလာကြောင်း ဉာဏ်၌ သိလာရ၏။

ဤသို့ဖြင့် တစ်နှစ်တွင် ကျွန်ုပ် နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မတို့နှင့် ပတ်သက်၍ လေ့လာခဲ့ရာ ကျောက် သဘော်၊ ကျောက်ပုံတရားတို့ပင် မကျန် အောင် ထဲထဲဝင်ဝင်မဟုတ်သော် ဉာဏ်မီသမျှ လိုက်စားလေ့လာခဲ့သည်။

ထိုအထဲတွင်မှ ကျွန်ုပ်၏အာရုံထဲ တွင် စွဲစွဲထင်ထင်ဖြစ်မိသော နှလုံးသွင်း ခြင်းတရားတစ်ခုကို တွေ့ခဲ့ရ၏။ ၎င်းမှာ ဖဿပစ္စယာဝေဒနာ ဟူသော ကျိုး ကြောင်းဆက်တရားလေးတစ်ခု ဖြစ်၏။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် နိဗ္ဗာန် ချမ်းသာကို ရချင်သော်လည်း လူအများ နှင့် တရားရိပ်သာတို့တွင် တရား ဝင်ရောက် အားထုတ်သည့်အလုပ်ကို မည်သို့မျှ ဝါသနာမရှိသဖြင့် ယနေ့ အချိန်ထိ မည်သည့်တရားရိပ်သာတွင်မျှ





www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ကျ၏။ ကျွန်ုပ်၏ ဇနီးမှာ ဟိန္ဒူနွယ်စပ် ဖြစ်သော်လည်း သူ၏ ဆွေမျိုးအသိုင်းအဝိုင်းမှာ ဗုဒ္ဓအယူကို သာယူကြ၍ မင်းကွန်းကမ္မဋ္ဌာန်းတရားကို အားထုတ်ကြကုန်သဖြင့် ကျွန်ုပ်၏ ဇနီးမှာလည်း တရားစခန်းသို့ တစ်ခေါက် ဝင်ရောက် အားထုတ်ခဲ့ဖူးပါသည်။

ကျွန်ုပ်နှင့် အိမ်ထောင်ကျသော် ကျွန်ုပ်၏အားထုတ်နှလုံးသွင်းပုံကို ကျွန်ုပ်၏ဇနီးအားသင်ပြ၍ နှလုံးသွင်းစေသော အခါ ကျွန်ုပ်၏ဇနီးမှာ နှလုံးမသွင်းတတ်ပါ။ (ငါလို့သိနေတာပါဆိုမှ ငါမဟုတ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုနှလုံးသွင်းရမှာလဲ။ ငါပါဆိုမှ ငါမဟုတ်ဘူးဆိုတော့ ခက်လိုက်တာ။)

ဇနီးသည် နှလုံးသွင်းမတတ်မှန်းသိ၍ အမျိုးမျိုးသင်ပြပါသော်လည်း ဉာဏ်၌မထင်။ သို့သော် ကျွန်ုပ်လည်း လက်ကမလျှော့ချင်သေး။ (ငါကတောင် နှလုံးသွင်းပြီးအကျိုးရှိသေးတာ) ထပ်၍ ကြိုးစားပြီး နှလုံးသွင်းခိုင်း၏။ ကျိုးကြောင်း ရှင်းပြ၏။ သို့သော် ဇနီးကား သဘောမပေါက် ဉာဏ်မဝင် နှလုံးမသွင်းတတ်။ သမာဓိကို ရအောင် ထူထောင်ခိုင်း၍ နှလုံးသွင်းခိုင်းလည်း ထူးမလာ။ ကျွန်ုပ် သိခွင့်ရသော ဉာဏ်အမြင်လေးကို ဇနီးသည်အား သိစေချင်ပါသော်လည်း ဇနီးသည်ကား နှလုံးသွင်းခြင်း ဉာဏ်မလိုက်နိုင်ဖြစ်နေသည်။

ကျွန်ုပ်ဉာဏ်၌မြင်သော ဖြစ်စဉ်အကြောင်းတို့မှာ နိဗ္ဗာန်ရောက်ကြောင်း တရားတွင် နက်နဲသောတရား မဟုတ်သေးမှန်းသိပါသော်လည်း မိမိကိုယ်တိုင်စိတ်ကူးတည့်ရာ နှလုံးသွင်းသဖြင့် ရသောတရားအသိကို ကျွန်ုပ်မှာအတိုင်းအတာတစ်ခုအထိတော့ ကျေနပ်မိပါသည်။ ထို့ကြောင့် ဇနီးသည်အားလည်း ၎င်းတရားရသကို သိစေလိုသော်လည်း ဉာဏ်မစိုက်နိုင်၍ ကျွန်ုပ်မှာ စိတ်ဓာတ်ကျလာ၏။ဇနီးသည်မှာ တရားနှလုံးသွင်းနည်းကိုမတတ်၍ တရားအလုပ်မလုပ်သော်လည်း ကျွန်ုပ်သင်ပေးထားသော ပဋ္ဌာန်းကွန်ချာတော်ကြီးပုတီးစိပ်နည်းဖြင့်ကား ညတိုင်း အဓိဋ္ဌာန်မှန်လှ၏။ ကျွန်ုပ်ကိုယ်တိုင်လည်း ပုတီးကိုကား လက်မလွှတ်။

တစ်ရက်တွင် ကျွန်ုပ်တို့ လှိုင်လင်မြို့သို့ သုဝဏ္ဏသျှံတောင်တွင် သီတင်းသုံးနေသော သုဝဏ္ဏသျှံဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာ၏။ လှိုင်လင်မြို့ မြို့လည်ဘုန်းတော်ကြီးကျောင်းတွင် အဖူးမြော်ခံမည်ဖြစ်ရာ ကျွန်ုပ်၏ ဇနီးသည်မှာ ဆရာတော်ဘုရားအား ဖူးမြော်ရန် စိုင်းပြင်းနေလေ၏။ ဆရာတော်ဘုရား၏ ဂုဏ်သတင်းကား ကြွမလာခင် အချိန်ကတည်းက သတင်းကြီးလှ၏။ ဈာန်ရပုဂ္ဂိုလ်ထူး၊ ရဟန္တာပုဂ္ဂိုလ်ထူး ဟူ၍ ဖြစ်၏။ လက်တွေ့စမ်းသပ်ကြသည့်အကြောင်းလေးများလည်း တစ်စွန်းတစ်စကြားသိခဲ့ရပြီးဖြစ်၏။ ကျွန်ုပ်တို့မှာ မဖူးတွေ့ရသေးသော်လည်း ကြည်ညို၍မဆုံးဖြစ်ခဲ့၏။

အဖူးမြော်ခံမည့်ညတွင် ကျွန်ုပ်ကား မလိုက်ဖြစ်တော့ဘဲ အိမ်စောင့်အဖြစ်ကျန်ခဲ့၍ ဇနီးသည်မှာ ကျွန်ုပ်၏အစ်မကြီးနှင့် ဆရာတော်ဘုရား အဖူးမြော်ခံရာ မြို့လည်ကျောင်းသို့ သွားဖြစ်ခဲ့ကြသည်။

ဤနေရာတွင် ကျွန်ုပ်ဇနီး၏ အတွေ့အကြုံတို့ကို တင်ပြပါမည်။

မြို့လည်ကျောင်းသို့ ရောက်ကြသောအခါ ကျောင်းမကြီးပေါ်တွင် ပရိသတ်များဖြင့် ပြည့်နှက်နေ၏။ ကျွန်ုပ်၏ဇနီးလည်း ရရာနေရာတွင် နေရာယူကာ ဆရာတော်ဘုရားကြွလာမည့်အချိန်ကို စောင့်နေ၏။ ဆရာတော်ဘုရားကြွရန် သတ်မှတ်ထားသည့်လမ်းရှေ့တွင် ပရိသတ်များမှာ (တဘက်အခင်း)အခင်းတို့ကိုခင်း၍ စောင့်နေ၏။ ကျွန်ုပ်၏ဇနီးကား ဆရာတော်ဘုရားကြွလာမည့် လမ်း၏ နောက်ဘက်ပရိသတ်ကြားထဲ ရောက်နေ၍ ဆရာတော်ဘုရား ကြွရောက်လာသောအခါ အနီးကပ်ဖူးခွင့်တော့ မရှိနိုင်ပါ။

ထိုအခါ ကျွန်ုပ်၏ ဇနီးသည် ဆရာတော်ဘုရားကို ဦးတည်၍ ဤသို့ စိတ်ဖြင့်လျှောက်လိုက်ပါသည်။

'ဆရာတော်ဘုရား၊ တပည့်တော်မ လျှောက်ထားတောင်းပန်ပါတယ် ဘုရား။ မရိုမသေဖြစ်သွားလျှင်သည်းခံခွင့်လွှတ်တော်မူပါဘုရား။ ယခုတပည့်တော်မမှာ အရှင်ဘုရားကို အနီးကပ်ဖူးရန် အခွင့်မသာသော လူအုပ်ကြားတွင်ရောက်နေသောကြောင့် အရှင်ဘုရား တရားပလ္လင်ပေါ်ကြွလျှင် ကြွရန်လမ်းပေါ်မှမကြွဘဲ တပည့်တော်မရဲ့ ရှေ့ဘက်ကနေသာ ကြွပေးတော်မူပါဘုရား"

ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်သည် နားနေဆောင်မှ ထွက်ကြွတော်မူလာရာ အခန်းအဆောင်ရှေ့တွင် ခေတ္တမျှရပ်တော်မူလိုက်သည်ကို ဖူးတွေ့လိုက်ရ၏။ ထို့နောက် ကြွရန်သတ်မှတ်ထားသည့်လမ်းသို့ မကြွတော့ဘဲ ဆန့်ကျင်ဘက်ပရိသတ်၏အေးအက်ဆုံး စကြံလေးဘက်သို့ ဦးတည်၍ ကြွလိုက်၏။ ဆရာတော်ဘုရားသာရှေ့ဆက်လမ်းဆုံးကြွ၍ ညာဘက်သို့ ချိုးလိုက်လျှင် တရားပလ္လင်သို့ရောက်မည်ဖြစ်သော်လည်း ရှေ့ဆက်မကြွတော့ဘဲ (ညာဘက်ချိုးလမ်း) မရောက်မီ ဆရာတော်မှာ ပရိသတ်ဘက်သို့လှည့်၍ ရပ်တော်မူလိုက်၏။ ဆရာတော် လူအုပ်ထဲမှဖြတ်ကြွမည့်အခြေအနေကို သိသော ပရိသတ်မှာ နေရာရှဲ၍ လမ်းဖွင့်ပေးလိုက်ကြရာ ဆရာတော်ကြွရန် လမ်းလေးမှာ ကျွန်ုပ်၏ဇနီးရှေ့တွင် ဖြစ်ပေါ်လာ၏။ ကျွန်ုပ်၏ဇနီးမှာ အံ့သြခြင်း ဝမ်းသာခြင်းတို့ဖြင့် ဆရာဘုရား၏ခြေအစုံကို အနီးကပ် ဖူးခွင့်ရသွားပါတော့သည်။

ဆရာတော်သည် လူအုပ်ကိုဖြတ်၍လမ်းလေးအတိုင်းကြွကာ ဘယ်ဘက်ကိုချိုး၍ တရားပလ္လင်ပေါ်ထိုင်တော်မူပါသည်။ ထိုအခါ ဇနီးသည်မှ ဤသို့ စိတ်ဖြင့် လျှောက်ထားပြန်ပါသည်။

"ဆရာတော်ဘုရား၊ တရားဟောသောအခါ တပည့်တော်မကို ဦးတည်၍ တပည့်တော်မ သိသင့်သော တရားကို ဟောပြောတော်မူပါဘုရား"

ထပ်၍ ဆုတောင်း လျှောက်ထားကာ ဆရာတော်ဘုရား၏ တရားကို လိုက်နာရသောအခါ ပါဠိမပါ ကိန်းခန်းမပါဘဲ ရိုးရိုးသာမန်စကားဖြင့် ဟောသောတရားသည် ကျွန်ုပ်ဇနီး၏ ဉာဏ်တွင်မထင်ခဲ့သော (ငါသည်ငါမဟုတ်) ဟု နှလုံးသွင်းမရသောတရားသည် အသိဉာဏ်ပွင့်သွားကာ ဆရာတော်ဘုရားကို ဦးချ၍မဆုံးနိုင်အောင် အလွန်ကျေးဇူးတင်ကြည်ညိုမိပါတော့သည်။ တရားတစ်စိတ်တစ်ဒေသမှာ ဤသို့ဖြစ်၏။

❒ *မိမိသွေးသားမှ ဖြစ်လာသော သားသမီးတို့ကို မိခင်သည် ချစ်၏။ သံယောဇဉ်ကြီး၏။ ထို့အတူ မိမိသွေးသားမှ ဖြစ်လာသော တုပ်ကောင်တို့ကိုမူ ရွံ၏။ မုန်း၏။ သံယောဇဉ်မရှိကြ။ မိမိသွေးသားမှဖြစ်သောတုပ်ကောင်သည် မိမိနှင့် ဘာမှမဆိုင်သကဲ့သို့ မိမိသွေးသားမှဖြစ်သော သားသမီးတို့သည်လည်း မိမိနှင့်ဘာမှမဆိုင်။*

ဆရာတော်တရားကား ကျွန်ုပ်၏ ဇနီးသည်၏ ဉာဏ်တံခါးအား ရိုက်ဖွင့်လိုက်ခြင်းပဲ ဖြစ်ပါသည်။

တရားဟောပြီး၍ ဆရာတော်ပြန်ကြွတော့မည့်အချိန်တွင် ကျွန်ုပ်၏ဇနီးမှ



www.burmeseclassic.com

www.burmeseclassic.com

ထပ်၍ စိတ်ဖြင့် လျှောက်ထားပြန်ပါသည်။

'ဆရာတော်ဘုရား ဟောပြောသော တရားသည် တပည့်တော်မရဲ့ ဉာဏ်ကိုပွင့်စေပါတယ်ဘုရား။ ထပ်၍ ခိုးမြောက်သောအားဖြင့် တပည့်တော်မ၏ ရှေ့ဘက်သို့သာ ပြန်ကြွတော်မူပါဘုရား'

ဆရာတော်မှာ လမ်းအတိုင်း ကြွလာ၍ ဇနီးသည်ရှိရာနေရာဘက်အရောက် ရှေ့ဆက်မကြွဘဲ လူအုပ်ဘက်သို့လှည့်၍ မျက်နှာမူရပ်တန့်တော်မူလိုက်ပါသည်။ လူအုပ်ကြီးမှာလည်း ဆရာတော်ဘုရား လူအုပ်ထဲဖြတ်ကြွမည်ကိုရိပ်မိကြ၍ ဘေးသို့ဖယ်၍ လမ်းဖွင့်ရာ ဆရာတော်ကြွရန်လမ်းမှာ ဇနီးသည်၏ရှေ့တွင် ဖြစ်လာပြန်ပါသည်။ ကျွန်ုပ်၏ဇနီးသည်မှာလည်း အလွန်ကြည်နူးဝမ်းမြောက်စွာဖြင့် ဆရာတော်၏ ခြေအစုံကို အနီးကပ် ဒုတိယအကြိမ် ဖူးလိုက်ရပါသည်။

တရားပွဲအပြီး အိမ်အပြန် မျက်နှာပန်းလှသူမှာ ကျွန်တော့်ဇနီးပင် ဖြစ်ပါသည်။

သို့သော် အခြားသောပရိသတ်ထဲမှ ပြောလာကြသောစကားမှာ -

"ဆရာတော်ဘုရား တရားမဟောဘူးဘဲ။ ရိုးရိုးသာမန်စကားလောက်ပြောသွားတာပဲ"

အိမ်ရောက်သော် ဇနီးသည်မှ ဆရာတော်ဟောသောတရားကို ကျွန်ုပ်အား ပြန်ပြောပြရာ ကျွန်ုပ်မှ -

"ဆရာတော်ဘုရား ဘာလို့တရားမဟောရမှာလဲ။ ဟောလိုက်တာမှ တကယ့်အဆီအနှစ်ကို ဟောသွားတာ"

ကျွန်တော် ကောက်ချက်ချတော့ ကျွန်ုပ်၏ဇနီးမှ -

"ကိုပြောပြ ဟောပြနေတဲ့ ငါမဟုတ်တဲ့တရား၊ အတော်သဘောမပေါက်နိုင်တဲ့တရား။ ခုတော့ ဆရာတော်ဘုရားကျေးဇူးကြောင့် ကိုရဲ့တရားကို ဘယ်လိုနှလုံးသွင်းရမလဲဆိုတာသိသွားပြီ"

ဆရာတော်ဘုရား၏ ဂုဏ်ကားကြီးမားလှ၏။

ငါစွဲဖြုတ်နိုင်းသောတရား နှလုံးသွင်းပုံကို ကျွန်ုပ်သည် ဇနီးသည်အား အနှစ်နှစ်အလလပြောဆိုသွန်သင်သော်လည်း ဉာဏ်မထင်ဖြစ်နေသော အခြေအနေတွင် ဆရာတော်ဘုရားမှ တရားစကားတစ်ခွန်း၊ နှစ်ခွန်းလောက်နှင့် ဇနီးသည်၏ ဉာဏ်တံခါးအား ပွင့်စေသောကြောင့် ယနေ့တိုင် ရွှေလျှောက် ကျွန်ုပ်တို့နှလုံးအိမ်ထဲတွင် ဆရာတော်ဘုရားမှာ အစဉ်စံမြန်းလျက်ရှိကြောင်း မှတ်ယူထားလိုက်ပါတော့သည်။

ကျွန်ုပ်၏ ဇနီးမှာ ကျွန်ုပ်၏ ငါစွဲဖြုတ် နှလုံးသွင်းနည်းကို အားထုတ်ရာ အမှန်အကျိုးရှိခဲ့ပါသည်။ ယခင် ၎င်း တရားနှလုံးမသွင်းအားမထုတ်ခင်အချိန်တွင် အလွန်စိတ်အားငယ်ဝမ်းနည်းဆိုးသူ ဖြစ်၏။ ငယ်စဉ်အခါ အကြောင်းအမျိုးမျိုးကြောင့် မိဘနှင့်အတူ နေခွင့်မရဘဲ ဆွေမျိုးများ၏အရိပ်အောက်တွင် ကြီးပြင်းလာသောကြောင့် စိတ်အားငယ်ရင်းစွဲရှိ၍ ညအချိန်တွင် အမြဲတမ်း ဘဝအကြောင်း စဉ်းစားကာ ကျွန်ုပ်ရှေ့တွင် မျက်ရည်ကျခဲ့ရသော အဖြစ်မှာလည်း ညစဉ်နီးပါးပင်ဖြစ်၏။ ယခု တရားကို နှလုံးသွင်းလာသောအခါ ၎င်းမျက်ရည်ကျလေ့ရှိသည့်အဖြစ်ကား နိဋ္ဌိတံ့သွားပြီဖြစ်၏။ မေးကြည့်တော့ တရားနှလုံးသွင်းရင်း အားငယ်စိတ်၊ ဝမ်းနည်းစိတ်များ ပျောက်ကုန်သည်ဟု ပြောပါသည်။ ဤမျှလောက် နှလုံးသွင်း အားထုတ်ရုံဖြင့်ပင် အပူသောကတို့ ထိုက်သင့်သလောက် ငြိမ်းသေးလျှင် အရိယာတို့၏ ဓမ္မကြောင့်ဖြစ်သော ချမ်းသာခြင်းသည် အတိုင်းအဆမရှိပင် ဖြစ်ပါလိမ့်တော့မည်မှာ မလွဲ။

သို့ဖြင့် ရက်ကို လစား လကို နှစ်စားဖြင့် ကြမ်းတမ်းသော လောကဓံအလယ်တွင် တရားအဓိဋ္ဌာန်၊ ပုတီးအဓိဋ္ဌာန်တို့ကို အခြေအနေပေးသမျှ ဝင်လာရင်းနေလာခဲ့ကြရာ တစ်နေ့တွင် သူရဇ္ဇမဂ္ဂဇင်းမှာ ထင်ရှားသော ဆရာတော်ကြီးတစ်ပါးပုံတော်ပါရှိလာရာ ဇနီးသည်မှ ကျွန်ုပ်အား သူရဇ္ဇမဂ္ဂဇင်းမှာ သုဝဏ္ဏသျှံဆရာတော်ဘုရားပုံ ပါလာတယ် ဆို၍ပြရာ ဆရာတော်မှာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားပုံတော်ဖြစ်နေပါ သည်။ အံ့သြရပါသည်။ ကျွန်ုပ်တို့ ရှမ်းပြည်နယ် တောင်ပိုင်းဘက်တွင် သုဝဏ္ဏသျှံဆရာတော်ဟုသာ ကျော်ကြားထင်ရှားနေသော်လည်း ယခုမဟာဗောဓိမြိုင်ဆရာတော်ဟူသော ဘွဲ့တော်မှာ မည်သည့်အချိန်ကတွင်သွားခဲ့လေသလဲတော့ ကျွန်ုပ်တို့မသိခဲ့ပါ။

နောက်ပိုင်း ကျွန်ုပ်၏ ဇနီးမှာ တရားအဓိဋ္ဌာန်၊ ပုတီးအဓိဋ္ဌာန်ဝင်တိုင်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားအား အိမ်သို့ကြွလာပါစေရန် အမြဲအဓိဋ္ဌာန်ပြုဆုတောင်း၍ပင့်နေပါတော့သည်။

"ပရိသတ်ကြောက်လို့ တောထဲပြေးနေရတဲ့ဆရာတော်ဘုရား ဘယ်လိုလုပ် တို့အိမ်ကိုကြွမှာလဲကွာ။ စိတ်ကူးမနေပါနဲ့"

ကျွန်ုပ်က ပြောတော့ -

"မကြွနိုင်မှန်းတော့သိပါတယ်။ ဒါပေမယ့် အာသီသဆုတောင်းပေါ့"

ဇနီးသည်မှပြန်ပြောပါသည်။

တစ်နေ့တွင် ကျွန်ုပ်တို့အိမ်သို့ ဓမ္မမိတ်ဆွေ ဦးထွန်းကြိုင်တစ်ယောက် ရောက်လာပါသည်။

ကျွန်ုပ်အား -

"ကျွန်တော် မိုးမိတ်က ပြန်လာတာ မဟာဗောဓိမြိုင်ဆရာတော်ဘုရား မိုးမိတ်ကို ကြွလာတုန်း သွားဖူးဖြစ်လို့ အမှတ်တရ ဆရာတော်ဘုရားဓာတ်ပုံခင်ဗျားအတွက် ပါလာတယ် ဓမ္မလက်ဆောင်ပေါ့"

ဆရာတော်ကြီးဓာတ်ပုံနှင့်အတူ ဆရာတော်ဘုရားအကြောင်း မှတ်တမ်းတင် ရိုက်ကူးထားသော CD နှစ်ချပ်ကို ရလိုက်သည်။

"ဓာတ်ပုံရတာကလည်း ထူးတယ်ဗျ။ လူတစ်ယောက်ကို ဓာတ်ပုံတစ်ပုံသာဝေတာ။ ကျွန်တော့်ကိုမှ နှစ်ခါလာဝေမိလို့နှစ်ပုံဖြစ်နေတာ။ ခင်ဗျားအတွက် အဲဒီကတည်းကရည်စူးထားလိုက်တာ"

ဆိုသော် ဇနီးသည်မှာ အလွန်ဝမ်းမြောက်လှသော်လည်း-

"ဆရာတော်ဘုရား အိမ်ကိုကြွလာရင် သိပ်ကောင်းမှာပဲ"

အာသီသစကားက ထွက်လာပါသေးသည်။

"ကိုယ်တိုင်မကြွပေမယ့် ဓာတ်ကတော့ ကြွလာပါသေးတယ်ကွာ"

ကျွန်ုပ် နှစ်သိမ့်လိုက်ရပါသည်။

ဇနီးသည်မှာ ဖွဲ့မလျှော့၊ အဓိဋ္ဌာန်ဝင်တိုင်း ဆရာတော်ဘုရားအား ကြွရောက်လာပါရန် အဓိဋ္ဌာန်ပြုဆုတောင်းဆဲ။

ကျွန်ုပ်မှာလည်း ဆရာတော်ဘုရား အစဉ်ကျန်းမာပါစေ၊ ဆရာတော်ဘုရား သက်တော်ရာကျော်ရှည်ပါစေ၊ သာသနာ့ဝန်ကို ကိုယ်စိတ်နှစ်ပါး အေးချမ်းစွာဖြင့် ထမ်းဆောင်နိုင်ပါစေဟု ရင်မှ နှစ်နှစ်ကာကာ အစဉ်ဆုတောင်းရင်းဖြင့်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားအား ဤဆောင်းပါးဖြင့် ရိုသေစွာကန်တော့အပ်ပါသည် ဘုရား။

မဟာစက်ရှင် (ဗျိုင်းသင်)



www.burmeseclassic.com

www.burmeseclassic.com

ဆရာဒလမင်းခေါင်

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်

| Chaldean Numerology | | | | | | | |
|---|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 |
| A | B | C | D | E | U | O | F |
| I | K | G | M | H | V | Z | P |
| J | R | L | T | N | W | | |
| Q | | S | | X | | | |
| Y | | | | | | | |

## အခန်း (၂၁)
## ကဗလာနှင့် အဘရာကာဒါဘရ ဂဏန်းဗေဒင်နည်းဖြင့်ဟောပြောခြင်း
(The Kabala and Abracadabra Numerological Method of Prediction)

**ပိရမစ်ပြောင်းပြန်ကိန်းတည်ဆောက်နည်း**
(How to set up the inverted Pyramid)

ပိရမစ်ပြောင်းပြန် တစ်နည်း တြိဂံနည်းသည် အဘရာကာဒါဘရမှော်ပညာနည်း ဖြစ်သည်။ ၎င်းနည်းသည် စာ သို့မဟုတ် ဂဏန်းဖြင့် ရေးထားသောမျဉ်းများပါသည်။အပေါ်မျဉ်းထက် အောက်မျဉ်းက စာလုံးသို့မဟုတ်ဂဏန်း အရေအတွက်နည်းသွားသည်။ ၎င်းနည်းသည် ဂဏန်း (၉) လုံးကို အသုံးပြု၍ ဟောဆိုသည်။

၎င်းတြိဂံနည်းအစ အီဂျစ်အရပ် ချီအို (Cheops) မှ ဂီဇီ (Gizeh) ပိရမစ်စတင် အခြေခံသည်။ ၎င်းနည်းသည် ခေတ်အဆက်ဆက် လျှို့ဝှက်နည်းများ စွာပါရှိသည်။ ၎င်းသည် ပညာတန်ဖိုးဖွင့်ရန်အတွက် သော့တစ်ချောင်းပင် ဖြစ်သည်။ ဂဏန်းဗေဒင်ပညာနှင့် နက္ခတ်ဗေဒင်ပညာရပ်ထဲမှ အခြားပညာရပ်ကို ထည့်သွင်း ထိန်းသိမ်းထားခဲ့သည်။ တားရော့ကတ်ထဲတွင်လည်း ၎င်းနည်းကို ထည့်သွင်းထားသေးသည်။ လျှို့ဝှက်ထူးဆန်းသော ပညာရပ်မှတ်တမ်းများအရ ပိရမစ်စာကြောင်းများတွင် ၎င်းပညာရပ်များ ထည့်သွင်း ဖုံးကွယ်ထားသည်။

**ကဗလာ** (KABALA)

ကဗလာပညာရှင်များက ဂဏန်းသင်္ကေတနှင့်ဟောလေ့ရှိသည်။ကဗလာပညာက ရုပ်ပုံများ၊ အက္ခရာစာလုံးနှင့် ဂဏန်းများ ပါဝင်သော လျှို့ဝှက်နည်းဖြင့် ရုပ်လုံးဖော်ဟောလေ့ရှိသည်။ ၎င်းကဗလာနည်းမှာ ဂဏန်းများကို အဓိပ္ပာယ်ဖွင့်ဆိုရှင်းပြရသောနည်း ဖြစ်သည်။ ၎င်းနည်းများဖြင့် လောကကြီးကို နားလည် သဘောပေါက်ရန် သော့ချက်ကို အထောက်အပံ့ပေးသည်။

**ကဗလာပညာ၏အသုံးပြုရန်သော့ချက်**
(A kabala with a key for you to used)

ဂဏန်းဗေဒင်ပညာရှင်၏ အဓိကရည်ရွယ်ချက် ကဗလာပညာကို အကြားအမြင်သဘော အသုံးချလျက်ရှိသေးသည်။ သို့ရာတွင် ၎င်းတို့အထဲမှ အများစုမှာ ဟောရမည့် အဓိကသော့ချက်များ ပျောက်ကွယ်သွားသဖြင့် ခေတ်နောက်ကျနေသည်။ ကံအားလျော်စွာ လွန်ခဲ့သောနှစ်များက ထိုပျောက်သွားသော သော့ချက်များ ပါဝင်သည့် ရှေးဟောင်းနည်းကို သတိထားမိသည်။ ၎င်းနည်းမှာ ကျွန်ုပ်ပုံကြမ်းတွက်နည်းများမဟုတ်ပါ။ ဤနည်းမှုယ လွန်ခဲ့သော နှစ်ပေါင်းများစွာက ကွယ်လွန်ခဲ့သော ဂဏန်းဗေဒင်ပညာရှင် အော်ဆယ်လာရက်(စ)ဖော့၏ နည်းများဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်သည်။ သူမကိုယ်တိုင် မဟောတတ်သောကြောင့် ကျွန်ုပ်အား ပေးအပ်ခဲ့သည်။ ထို့ကြောင့် အရင်က ကဗလာပညာ၏ သော့ချက်များကို ပုံနှိပ်ထားသည်ကို မမြင်ဘူးခဲ့။ ကဗလာနည်းကို အများနားလည်အောင် ပြန်လည်တည်းဖြတ်ရမည်။ ဤကဗလာပညာကို ကျွန်ုပ်ဟောရာ၌ အသုံးမပြုခဲ့။ ၎င်းကဗလာစကားဝှက်ပညာကို လှံ့လစိုက်၍ အားထုတ်ပြီး နားလည်ပါက အလွန်အဖိုးတန်ပညာအဖြစ် သက်သေပြနိုင်မည်။ ကဗလာပညာသည် အနာဂတ်ကို ဟောကြားရာ၌ အလွန်တိကျမှန်ကန်သောပညာရပ် ဖြစ်သည်ဟု စိတ်ပညာရှင်တစ်ယောက်က ကျွန်ုပ်အား ပြောပြဖူးသည်။ လျှို့ဝှက်ပြီး သိပ္ပံနည်းကျစနစ်တကျ တည်ဆောက်ထားသော ဤကဗလာဂဏန်းဗေဒင်ဟောနည်းကို သိနားလည်ရန် လိုလားပါသည်။ ၎င်းကို တားရော့ပညာဖြင့် ယှဉ်၍ဟောစေလိုသည်။

အောက်ပါပုံစံသည် ပိရမစ်ပြောင်းပြန်တြိဂံနမူနာပြပုံ ဖြစ်သည်။ ဂဏန်းများကို အသုံးပြု၍ ၎င်းနည်းပညာကို အရင်ဆုံးရှင်းပြပါမည်။ တတိယအကြောင်းမှာ ၁ + ၂ = ၃ ကို အောက်မှာ (၃) ရေးထားတာကို သတိပြုပါ။

အက္ခရာများကို ဂဏန်း (၉) လုံးဖြင့် အစားထိုးပြမည်။ ဒေါ်ရသီမီလာ

9   18   27   36   45   54   63   72

1   2   3   4   5   6   7   8   9

3   5   7   9   2   4   6   8

8   3   7   2   6   1   5

2   1   9   8   7   6

3   1   8   6   4

4   9   5   1

4   5   6

9   2

11



www.burmeseclassic.com

www.burmeseclassic.com

(Dorothy Miller) ၏ အမည်ကို ပုံစံအနေဖြင့် ဖော်ပြမည်။ ပထမအမည်နှင့် နောက်ဆုံးအမည်ကို ဂဏန်း (၉) လုံး အသုံးပြု၍ လက်တွေ့ထုတ်ပြမည်။

ကပ်လျက်ရှိသော ဂဏန်းများကို ပေါင်းလျက် အောက်ဆုံးအထိ ရောက်သော် အဆင့်ဆင့်တွက်ပြမည်။ ရရှိသောဂဏန်းများဖြစ်က တစ်လုံးတည်းဖြစ်အောင် ပေါင်းရမည်။ ဥပမာ- ၁၁=၂၊ ၁၂=၃ ကဲ့သို့ ပေါင်းရမည်။ ဒေါ်ရသီ (Dorothy) ၏ ပထမစာလုံးသည် D(4) နှင့် ဒုတိယအလုံး O (၆) ပေါင်းက (၁၀) ရသည်။ ၎င်း (၁၀) ကို ပေါင်းက (၁) ရသည်။ အောက်ဖော်ပြပါပုံစံကို ကြည့်ပါ။

9 18 27 36 45 54 63 72

S U E E L L E N A

1 3 5 5 3 3 5 5 1

4 8 1 8 6 8 1 6

3 9 9 5 5 9 7

3 9 5 1 5 7

3 5 6 6 3

8 2 3 9

2 5 3

6 8

5

9 18 27 36 45 54 63 72

D O R O T H Y M I

4 6 9 6 2 8 7 4 9

1 6 6 8 1 6 2 4

7 3 5 9 7 8 6

1 8 5 7 6 5

9 4 3 4 2

4 7 7 6

2 5 4

7 9

7

(၇) ဂဏန်းသည် တြိဂံအလှန် အောက်ခြေကိန်း ဖြစ်သည်။ အခြားအမည်နှစ်လုံးပါသော ဆူအီလန်အလင်း (SueellenaAllen) အမည်ကို ပုံစံဖြင့်ပြမည်။

ဆူအီလန်အလင်း (Sueellena Allen) ၏ ပိရမစ်အောက်ခြေဂဏန်းသည် (၅) ဖြစ်သည်။

**ပိရမစ်နည်းဖြင့်ဟောပြောခြင်း**

(How you can Interpret the Pyrmid Method)

ပိရမစ်ပြောင်းပြန် အောက်ခြေဂဏန်းသည် ထူးခြားအဓိပ္ပာယ်ထဲက တစ်ခု ဖြစ်သည်။ ပထမဂဏန်း အဓိပ္ပာယ်ကိုဖတ်ပါ။

ပထမတြိဂံ၏ အောက်ဆုံးဂဏန်းသည် ၁၁ (၂) ဖြစ်သည်။ ဒုတိယပိရမစ်၏ အောက်ခြေဂဏန်းသည် (၇) နှင့် တတိယပိရမစ်၏အောက် ပြောင်းပြန် အောက်ခြေဂဏန်းသည် (၅) ဖြစ်သည်။

**ပိရမစ်အောက်ခြေဂဏန်းများ၏အဓိပ္ပာယ်**

(Meaning of Numbers at the bottom of the Pyramid)

(၁) - တစ်ယောက်တည်းလွတ်လပ်သော၊ အသိအမှတ်ပြုခံရခြင်း၊

(၂) သို့မဟုတ် (၁၁) - နင်းပြား၊ ခြေသုတ်ဖျာ၊ ပတ်ဝန်းကျင်ဒဏ်ခံရသူ။

(၃) - လူမှုရေး၊ ကျေနပ်အားရမှု၊ မဆုံးဖြတ်ခြင်း၊ ရရှိခြင်း၊ ငြိမ်သက်မှုလိုအပ်ခြင်း။

(၄) သို့မဟုတ် (၂၂) - ဖြည်းဖြည်းမှန်မှန်လုပ်ခြင်း၊ အလုပ်ကြိုးစားလုပ်ခြင်း၊ ထုတ်လုပ်မှုများခြင်း၊ နည်းပရိယာယ်လိုအပ်ခြင်း။ (၂၂) အများဆိုင်ရာရုံးခန်း။

(၅) - ခရီးသွားခြင်း၊ အပြောင်းအလဲ၊ အနားမရခြင်း၊ မျှော်လင့်မထားခြင်း၊ ပြောင်းလဲတတ်ခြင်း။

(၆) - အချစ်ရေး၊ လက်ထပ်ရေး၊ မိသားစု၊ တာဝန်ရှိခြင်း၊ ငြိမ်းချမ်းရေး၊ သစ္စာတရား။

(၇) - ဝေဖန်ခွဲခြားစိတ်ဖြာခြင်း၊ လက်မခံသူ၊ ကျောင်းသား၊ ဝေဖန်မှု၊ စိတ်ပိုင်းဆိုင်ရာ။

(၈) - ငွေ၊ နှောင့်နှေးမှု၊ တရားမျှတမှု၊ စီးပွားရေး၊ ကျယ်ပြန့်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

နေမကောင်းခြင်း။

(၉) - ဆုံးရှုံးမှု၊ စိတ်ပျက်မှု၊ ဘာသာရေး၊ သနားတတ်ခြင်း။

**အဘရာကာဒါဘရဂဏန်းများ၏ အထွေထွေအဓိပ္ပာယ်များ**

(General Meaning of Numbers of the Abracadabra)

(၁) - ဂုဏ်ပြုခြင်း၊ ဆုံးရှုံးခြင်း။

(၁၅ - ၁၉) - အချစ်ရေး၊ လက်ထပ်မှုနှင့် ကိုယ်ဝန်ဆောင်။

(၄-၉) - ယောကျ်ားသေဆုံးခြင်း။

(၅-၈) - မိန်းမသေဆုံးခြင်း။

(၁၁) - အများကသိခြင်း၊ လက်တွဲဖော်၊ အုပ်စု၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတိထားရန် လိုအပ်ခြင်း။ (လက်တွဲဖော်သည် ၁၁ နှင့် ညီသည်။)

(၅-၆) - လက်တွဲဖော်၊ လက်ထပ်ခြင်း (၂ ဂဏန်းနှင့် ဆက်သွယ်ပါက) စီးပွားရေးလုပ်ဖော်ကိုင်ဖက်၊ ငြိမ်ငြိမ်နေခြင်း၊ လောဘ၊ အခွင့်အလမ်းရှာတတ်သော။

(၃-၈) - လက်တွဲဖော်၊ အသိဉာဏ်ရှိသောလက်ထပ်ခြင်း၊ ရက်ရောသော၊ မှန်မြတ်သော၊ ဘာသာရေး၊ စာပေ၊ ငွေကြေးဖြုန်းတီးခြင်း။

(၄-၇) - လက်တွဲဖော်၊ စီးပွားရေးကောင်းခြင်း၊ ငွေရောလူပါထိန်းချုပ်နိုင်ခြင်း။

(၂-၉) -လက်တွဲဖော်၊ အန္တရာယ်၊ လိမ်လည်ခြင်း၊ လျှို့ဝှက်ကြံစည်ခြင်း၊ မရိုးသားခြင်း။

(၁၈) - ရန်သူ၊ ရန်ဘက်။

(၁၅) - ပုဂ္ဂိုလ်ရေး၊ ပုဂ္ဂိုလ်ရေးအရအကျိုးရှိခြင်း။

(၁၉) - အိမ်ထောင်၊ နှစ်ဦးစလုံးနှစ်သက်မှုဖြစ်ခြင်း၊ အိမ်။

(၉) နှင့် (၂) (၇)- ငွေ၊ လျှို့ဝှက်မှုကိုဖုံးထားသောအရာ။

(၇) - ရေ၊ လှေလာခြင်း၊ ခရီးသွားခြင်း၊ ကာကွယ်မှုပေးခြင်း။

(၁-၈-၁) - ကန့်သတ်ထားသောပတ်ဝန်းကျင်။

(၉ အပေါ်က ၁၈) - (၅) ဂဏန်းကို ထောက်ထား၍ သေမှရသောငွေ။

(၄ အပေါ်က ၁၃) - သေခြင်းတရား။

(၁၄) - အများပြည်သူ။

(၆) - အသံ။

(၃) - လူ။

(၆-၉) - အိမ်အပြောင်းအလဲ၊ အိမ်တွင်းရေးကိစ္စ။

(၇ အပေါ်က ၈၈) - အလွမ်းအဆွေးအဖြစ်အပျက်။

၂ (၅နှင့် ၉) - အရှုပ်အထွေး၊ အတင်းအဖျင်းပြောခြင်း။

[၃ (၅၀)] - ခရီးသွားခြင်း။

(၅ ဂဏန်းစက်ဝန်း) - ရှက်စရာအပြုအမူ။

(၁၆) - ဖြစ်ပျက်မှု။

(၅ နှင့် ၃) - ခရီးသွားခြင်း။ (၅) က ခရီးရှည်၊ (၃) က ခရီးတို။ (၇) က ရေလမ်းခရီး။

(၈ အပေါ်က ၄၄) - နာမည်ထင်ရှားအောင်လုပ်ခြင်း။

(၁၇) - စီးပွားရေး။

[၉နှင့်၂ (၄)] - အဆင်မြင့်သူများနှင့်ဆက်သွယ်ခြင်း။

(၂၉) - မကောင်းသောမိတ်ဆွေများမှ ရှောင်ကြဉ်ရန်လိုခြင်း။

[၃ (၉)] - ငွေစုံစမ်းခြင်း၊ (၂၉) ဖြစ်က ငွေဆုံးရှုံးမှုဖြစ်မည်။

[၉ နှင့် ၂ (၃)] - မိတ်ဆွေကိုအကြောင်းပြု၍ငွေရခြင်း။

[၆ နှင့် ၉] - အိမ်ပြောင်းခြင်း၊ အိမ်ထောင်ပရိဘောဂဝယ်ခြင်း။

[၆ အပေါ်က ၃၃] - အရာရာအထောက်အပံ့ဖြစ်ခြင်း။

**အဘရာကာဒါဘရနည်း**

(The Abracadabra Method)

အမည်ကို စက်ဝန်းပုံ တည်ဆောက်သောဇယားမှာ အမည်စာလုံးနှင့် ဂဏန်းအတွဲများကို အောက်ပါရှုထောင့်မြင်အတိုင်းတွေ့ရမည်။ဂဏန်းတွဲ (၆၄) တွဲကို သတိရပါ။ (၆၄) တွဲထက်လည်းကျော်နိုင်သည်။ ဤနည်းဖြင့် (၆၅) ကနေ (၅၆) အတွဲလည်း ဖြစ်နိုင်သည်။ (၅၆) အတွဲကို မှတ်ချက်ပြုထားသည်။

(၁) သို့မဟုတ် (၁၀) - ဘဝမှာအသက်အပိုင်းအလိုက်ဂုဏ်ပြုခံရခြင်းနှင့် အသိအမှတ်အပြုခံရခြင်းကို ဖော်ပြသည်။ ဆုံးရှုံးမှုကိုလည်း (၁) သို့မဟုတ် (၁၀) ကို ဟောသေးသည်။ မိသားစုထဲမှာ တစ်ဦးတစ်ယောက် သေဆုံးခြင်းကဲ့သို့ စီးပွားရေးကို ဖော်ပြသည်။ ဆွေမျိုးနှင့် မိတ်ဆွေများလည်း ဖြစ်နိုင်သည်။

ဘဝမှာ ဂုဏ်ပြုခံရပါက လူတစ်ဦးတစ်ယောက်ဆုံးရှုံးမှု အတူတွဲဖြစ်တတ်သည်။ (၁၀) ဂဏန်းသည် လှုပ်ရှားခြင်း၊ လွတ်လပ်ခြင်း၊ ကျူးကျော်ခြင်း၊ မကြာခဏဘဝင်မြင့်ခြင်းနှင့် နိုင်လိုမင်းထက်ပြုတတ်သည်။ (၉) ပေါ်က (၁၈) လွှမ်းမိုးသော (၁၀) သည် လျှို့ဝှက်ကြံစည်မှုခံရခြင်း၊ ပြိုင်ဘက်များကြောင့် စီးပွားရေးပျက်တတ်သည်။

ပုံစံအားဖြင့် -

ဝဲဘက်ခြမ်းမှာ ၁၈/၉ နှင့် ယာဘက်အခြမ်းမှာ ၉၁/၁၀။ ၎င်းကို အပြန်အားဖြင့် (၁၉) ယူဆရမည်။ ၎င်းသည် (၁+ ၉=၁၀) ဖြစ်သောကြောင့် (၁၀) ကဲ့သို့ ဟောရမည်။

(၂) သို့မဟုတ် (၁၁) - လက်တွဲဖော်၏ အခွင့်တာဝန်၊ အခြားစီးပွားရေးလုပ်ငန်းတစ်ခုနှင့် ပူးပေါင်းခြင်း၊ မိန်းမဂဏန်းဇာတာခွင်မှာရှိပါသည်။ လူတစ်ဦးနှင့်တွဲလုပ်ခြင်း၊ စီးပွားရေးမှာ ခင်ပွန်းဖြစ်သူနှင့် စီးပွားရေးလုပ်ခြင်း၊ (၁၁) ဂဏန်းက အခြားသူများအကျိုးအတွက် အကူအညီပေးခြင်းကို ဖော်ပြသည်။ စီးပွားရေးလုပ်လျှင် (၁၁) ဂဏန်းကတိုးတက်မှုနှင့် အောင်မြင်မှုအတွက် အခြားသူနှင့် ပူးပေါင်းလုပ်သည်။ (၁၁) ဂဏန်းများ၏ အတွဲဂဏန်းအမျိုးမျိုးရှိသည်။

(၂-၉) - (၂) နှင့် (၉) သို့မဟုတ် ၂၉/ ၁၁ ဖြစ်သော (၁၁) ဂဏန်းကကိုယ်ရည်ကိုယ်သွေးမြင့်မားပြီး မရိုးသူကို ညွှန်းသည်။ ငွေပေးခြင်းမရှိ၊ လိမ်ညာယူသောသူများကို သတိပြုပါ။ ၎င်းကဲ့သို့သူများနှင့် ဘယ်တော့မှ မပေါင်းပါနှင့်။ (၃-၈) - (၂) နှင့် (၉) သို့မဟုတ် ၂၉/၁၁ဖြစ်သော (၁၁) ဂဏန်းသည် ရက်ရောသူ၊ ဘာသာရေးသမား၊ အသိဉာဏ်ရှိ၍ စာပေတတ်သူကို ဆိုလိုသည်။သို့ရာတွင် ငွေကြေးဖြုန်းတီးသောသူ ဖြစ် သည်။

(၄-၇) - (၄) နှင့် (၇) ဂဏန်းဖြစ်သော (၁၁) သည် ငြိမ်သက်ပြီး အကြံအဖန်လုပ်၍ လောဘကြီးသူ ဖြစ်သည်။ အကူအညီရသော အပေါင်းအပါဖြစ်ပြီး စီးပွားရေးလောကတွင် အမြင့်ဆုံးရောက်တတ်သည်။

(၁၁) ဂဏန်းသည် အများဘက်သို့ ဦးတည်တတ်ပြီး (၄) အပေါ်က (၁၃) ဂဏန်းများတွေ့ပါက ကျော်မကောင်းကြားမကောင်း ဖြစ်တတ်သည်။ (၁၁) ဂဏန်းသည် အုပ်စုလိုက်နှင့်ပတ်သက်တတ်သည်။ သို့ရာတွင် အာရုံကြောနှင့်ပတ်သက်၍ဖြစ်တတ်သည်။ သတိထားရန် အကြံပေးချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃) ဂဏန်း - (၃) သို့မဟုတ် (၃) ဂဏန်းဖြစ်သော ဂဏန်းအတွဲများသည် များများရတတ်ခြင်း၊ ကျေနပ်မှုရှိခြင်း၊ လွယ်လွယ်ကူကူ အောင်မြင်မှုရတတ်သည်။ ကောင်းကျိုးရမည့် အကြံအစည်အတွေးအခေါ်များကို (၃) ဂဏန်းရပါက ငြိမ်ငြိမ်သက်သက် ကြံဆတတ်ကာ ဟာသဉာဏ်၊ လူ့အဖွဲ့အစည်း၊ မိတ်ဆွေသူငယ်ချင်းနှင့် ပျော်ရွှင်မှုကို ဖော်ပြသည်။ (၃) ဂဏန်းသည် အသက်ကယ်တင်သည့်အနေဖြင့် မိဘသေဆုံးသွားသော ကလေးများကို မွေးစားတတ်သည်။ အကယ်၍ (၃) ဂဏန်းများနှင့် (၉) ဂဏန်းတစ်လုံး အထူးသဖြင့် (၉) ပေါ်က (၁၁)ရှိပါက အသရေဖျက်တတ်သည်။ ဘာပြောပြော ဂရုစိုက်ပြောပါ။ (၃)ဂဏန်းက စကားကို စိုးမိုးသည်။

(၄) ဂဏန်းက ပြည်သူလုပ်ငန်းများကို ဖော်ပြသည်။ ကုန်တိုက်ကြီးကဲ့သို့ လုပ်ငန်းများထုတ်လုပ်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည်။ (၄) ဂဏန်းများမှာ ဂဏန်းဗေဒင်ဇယားမှာတွေ့ပါက နှောင့်နှေးကြံ့ကြာမှုဖြစ်တတ်၍ နည်းပရိယာယ်နှင့် စိတ်ရှည်ရန် လိုအပ်သည်။ (၄) ဂဏန်းသည် အထူးသဖြင့် (၂၂) ဂဏန်းဖြစ်သည်။ ပြည်သူ့လုပ်ငန်းနှင့်ပတ်သက်သောရုံးလုပ်ငန်းတွေလုပ်ရတတ်သည်။ အမည်ရော မွေးနေ့မှာပါ ပါဝင်နေလျှင် သေချာလုပ်ရတတ်ပါသည်။ (၄) ဂဏန်းရသော (၁၃) နှင့် (၂၂) ဂဏန်းသည် သေမင်းနှင့် ရင်ဆိုင်ရတတ်သည်။ (၂၂) ဂဏန်းသည် အများနှင့်ဆိုင်သောစျာပနမှာ ဦးဆောင်မှုပေးရတတ်သည်။

(၅) ဂဏန်း - (၅) ဂဏန်းက လှုပ်ရှားပြုမူတတ်သည်။ ရုတ်တရက် တအံ့တသြဖြစ်အောင် မြန်မြန်ပြုမူတတ်သော သဘာဝရှိသည်။

(၅) ဂဏန်းဖြစ်သော (၁၄) သည် လူထု (၁) နှင့် ပုဂ္ဂိုလ် (၄) ကိုညွှန်းသည်။ (၅) ဂဏန်းဖြစ်ပါက ပြည်သူ့တာဝန်ကို ထမ်းဆောင်သူဟု ဆိုလိုသည်။ လူထုကြီး (၄) က အရင်လာပြီး (၁) ကသင်ဖြစ်ပြီး ဒုတိယဖြစ်သည်။ (၅) ဂဏန်းဖြစ်သော (၁၄) သည် မီးမောင်းထိုးလမ်းညွှန်ပြတတ်သူ ဖြစ်သည်။ (၅) ဂဏန်းဖြစ်သော (၁၄) ဂဏန်းသည် အခွင့်အရေးရလေလေ ပို၍လုပ်လေလေဖြစ်သည်။ (၃၃) ဖြစ်သော (၅) သည် တိုးတက်မှုနောက်ကိုလိုက်သူ ဖြစ်သည်။ (၅)ဂဏန်းများစွာပါက လိမ်လည်ခြင်းကို ဖော်ပြ၍ မလိမ်အောင် စောင့်ကြည့်ရမည်။ (၅) ဂဏန်း အလွန်များစွာတွေ့ပါက အနေးမရခြင်း၊ ဆုံးဖြတ်ချက်မပြတ်သားခြင်း၊ အပြောင်းအလဲများခြင်းကို ဖော်ပြသည်။ ကတိအများကြီးမပေးသင့်ပါ။ (၅) ဂဏန်းက ခရီးသွားခြင်းကို နှစ်သက်ခြင်း၊ စွန့်စားခြင်းနှင့် လောင်းကစားကို သဘောကျသူ ဖြစ်သည်။

(၆) ဂဏန်း - (၆) ဂဏန်းသည် တာဝန်၊ ဆွေမျိုးသားချင်းနှင့် အိမ်ဖော်ကို ဖော်ပြသည်။ (၆) ဂဏန်းများက နွေးနွေးထွေးထွေး ဆောင်ရွက်တတ်သည်။ (၆) ဂဏန်းက ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်ရေးကို ဆိုလိုသည်။ (၆) ဂဏန်းများလွန်းက နှလုံးကို ဒုက္ခပေးတတ်သည်။ (၆) ဂဏန်းတစ်လုံးတည်းရှိက လက်ထပ်မည့်အရေးဆုံးဖြတ်ချက်မပြတ်သားပါ။ အကယ်၍ လက်ထပ်ပါက သေချာစွာ စဉ်းစားတတ်ပြီး လင်မယားကွဲခြင်း၊ ခွဲခွာခြင်းများ ဖြစ်တတ်သည်။ ဆန့်ကျင်လိင်များနှင့် ရှုပ်ထွေးမှု ပတ်သက်နေတတ်သည်။ မိမိကမှုတဖို့ သေချာစဉ်းစားပါ။ (၃၃) ဂဏန်းဖြစ်သော (၆) ဂဏန်းသည် အလွန်ကံကောင်း၍ အထောက်အပံ့များစွာရသည်။ အခြားသူများကိုလည်း လိုအပ်သည်ထက် အကူအညီပေးတတ်သည်။

(၇) ဂဏန်း - (၇) ဂဏန်းသည် ထူးခြားသောစွမ်းအားရှိသည်။ ဝိညာဉ်နှင့်ပတ်သက်၍ ဖော်ပြခွင့်ရနိုင်သော အချိန်ကောင်း ဖြစ်သည်။ စိတ်ကူးထဲမှာ စိတ်ခံစားချက်ရှိလိမ့်မည်မဟုတ်။ (၇) ဂဏန်းက ထူးဆန်းသော အဆက်အသွယ်ရမည်။ စိတ်ပိုင်းဆိုင်ရာအတွေ့အကြုံနှင့် ထူးဆန်းသော အိပ်မက်များ မြင်မက်တတ်သည်။ (၇) ဂဏန်းသည် အတင်းမခိုင်းသော်လည်း သူ့တာဝန်ဟုသဘောထားပြီးလုပ်တတ်သည်။ သူ့ကို စိတ်ဆိုးအောင်မလုပ်သင့်ပါ။ (၇)ဂဏန်းက နိုင်ငံခြားရေကြောင်းခရီးရှိသည်။ (၇) ဂဏန်းသည် မိန်းမများ၏ ပြဇာတ်သက်ရောက်သော အချိန်ကောင်း ဖြစ်သည်။ (၇) ဂဏန်းကြုံပါက တစ်ကိုယ်တည်းနေခြင်း၊ တရားထိုင်ခြင်းဆန္ဒများရှိနေသောသဘာဝအနေအထားရှိသည်။ တိုးတက်သောအမြင်ကိုလည်း ဖော်ပြသည်။

(၈) ဂဏန်း - (၈) ဂဏန်းသည် ရုပ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာကို အကျိုးသက်ရောက်စေသည်။ ကျန်းမာခြင်း၊ သေဆုံးခြင်းနှင့် အမွေအနှစ်ရခြင်းကို ဖော်ပြသည်။ (၈) ဂဏန်းသည် အခက်အခဲအတားအဆီးများကြောင့် နှောင့်နှေးခြင်းနှင့် စိတ်ပျက်ရမှုကို ဆိုသည်။ ကိုယ်တိုင်လည်းတိုက်တွန်း အခြားသူများကတွန်းအားပေးမှုရသည်။ ၎င်းတို့အဖို့ တရားမှုတခြင်းဆိုသည်မှာ အမိကသော့ချက် ဖြစ်သည်။ (၈) ရစေသော (၄၄) ဂဏန်းသည် ဂုဏ်သိက္ခာနှင့် လူသိများကို ဖြစ်စေသော အခွင့်အရေးတစ်ရပ်ဖြစ်သည်။ (၈) ဂဏန်းများစွာပါရှိက နှောင့်နှေးခြင်း၊ နာတာရှည်နေထိုင်မကောင်းသည့်အန္တရာယ်နှင့်ကြုံရတတ်သည်။

(၉) ဂဏန်း - (၉) ဂဏန်းသည် ကြီးကြီးမားမားတိုးတက်မှုနှင့်ငွေများစွာရသောဂဏန်း ဖြစ်သည်။ စွမ်းအင်များစွာကို အသုံးချတတ်သည်။ စိတ်ထိခိုက်ဖွယ်ရာများ မမျှော်လင့်ဘဲ တွေ့ရတတ်သည်။ အကျိုးစီးပွားကို ဖျက်ဆီးစေရန် ရည်ရွယ်ချက်ဖြင့် အခြားသူများ၏ သစ္စာဖောက်ခြင်း လျှို့ဝှက်စွာ ကြံစည်ယှဉ်ပြိုင်မှုများပို၍ကြီးထွားလာလေလေ ကြီးမားသော ကိုယ်ကျိုးစီးပွားအတွက် နိုးနိုးကြားကြား သတိဖြင့်နေရမည်။ (၉) ဂဏန်းသည် စီးပွားရေးရော အိမ်တွင်းရေးမှာပါ တာဝန်ယူရသည်။

(၉) ဂဏန်းနောက်က A, J နှင့် S နောက်ကလိုက်က အထူးသဖြင့် အိမ်ထောင်ရေးကွဲအောင် သို့မဟုတ် ပြတ်စဲအောင် မိမိနိမ့်ကျသောအခြေအနေ ဆွေမျိုးသားချင်း ဖန်တီးတတ်သည်။ (၉) ဂဏန်းကြုံသောအခါ မီးဘေး၊ ပေါက်ကွဲမှု၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှုဟာ အထူးသဖြင့် (၉) ပတ်လည်သောကာလ (၉) ကျသောကာလမှာ ကြုံတွေ့ရတတ်သည်။ ဥပဒေနှင့် လွတ်ကင်းအောင် စကားပြောသတိထားရမည်။(၉)ဂဏန်းသည် မဆင်ခြင်က ရန်သူများတတ်သည်။ သည်ငွေနှင့် ပြဿနာသည် ဆန့်ကျင်ဘက်လိင်များနှင့် ပတ်သက်မှု (၉) ဂဏန်းက ကိုယ်စားပြုသည်။ (၁၈) ဖြစ်သော (၉) ဂဏန်းက အခက်အခဲနှင့် ပူဆွေးဝမ်းနည်းဖွယ်ရာများတွေ့ရသည်။

သတိပြုရန် - ကဗလာနည်းသုံးသုံး၊ ကျွန်ုပ်နည်းသုံးသုံး အခြေခံဟောကွက်က အတူတူဖြစ်သည်။ အချိန်ကာလအစကတည်းက တည်ရှိခဲ့သော ကော့(စ်)မစ်အက္ခရာများ အသုံးပြုထား၍ ဖြစ်သည်။

ဆရာဒဿမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းသော်

## အနှစ်နှစ်ဆယ်

ဒိုင်မှူး ကိုလှငွေသည် တက်သစ်ရွာတွင် ပျော်ရွှင်ပါသည်။ သူတစ်ခါမှ မရောက်ဘူးသောဒေသ မြို့အစွန်အဖျား ရှိ တက်သစ်စပါးဒိုင်သို့ ပြောင်းရွှေ့ခြင်း ခံလိုက်ရစဉ်က စိတ်မကောင်းဖြစ်ခဲ့ပါသည်။ တက်သစ်ဒိုင်သည် မြို့နှင့်အလှမ်း ဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် မည်သည့်ဒိုင်မှူးမျှ မသွားလိုသောနေရာလည်း ဖြစ်သည်။ ဝယ်ယူရေးရာသီ မစတင်မီ ကြိုတင်ရောက်ရှိသဖြင့် ကြိုတင်ပြင်ဆင်ခွင့်ရသည်။ ရွာသားများနှင့် ညှိနှိုင်းပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့သည်။

တက်သစ်ကျေးရွာသည် စပါးရောင်းချရန် အလွန်ခက်ခဲသောရွာအဖြစ် နာမည်ပျက်စာရင်းရှိသည်။ ကိုလှငွေက ထိုအချက်ကိုသိထားသဖြင့် ရွာသားများကို ရင်းနှီးအောင် ပေါင်းသည်။ ကိုလှငွေက ထိုအချက်ကိုသိထားသဖြင့် ရွာသားများကို ရင်းနှီးအောင်ပေါင်းသည်။ ရွာတွင်း သာရေး၊ နာရေးရှိက ဒိုင်ဝန်ထမ်းအားလုံးက မိသားစုကိစ္စသဖွယ် ကူညီခဲ့ကြသည်။ တစ်ဦး၏စေတနာကို တစ်ဦးက တုံ့ပြန်သည့်အတိုင်း ရွာသားများကလည်း ဒိုင်အတွက် ကူညီကြသည်။ ကိုလှငွေက သူ၏ လိုအပ်ချက်ကို ပြောပြသည်။

"နိုင်ငံတော်အတွက် ရောင်းချမယ့်စပါးကို အတိအကျရောင်းချပေးရင် တာဝန်ကျေပါတယ်။ မရောင်းချပေးသူများကို စည်းရုံးပေးကြပါ။ ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com



တို့က အရေးယူရတာမျိုး မလုပ်ချင်ပါဘူး"

ကိုလှငွေ၏စကားကို ရွာသားများက သဘောပေါက်ပါသည်။ ရွာသားအချင်းချင်းစည်းရုံးခြင်းက ပို၍လွယ်ကူသည်။ ထိုနှစ်က တက်သစ်တစ်ရွာလုံး တာဝန်ကျေခဲ့ကြသည်။ အစဉ်အလာအရ နာမည်ဆိုးခဲ့သော တက်သစ်ရွာသည် ကိုလှငွေလက်ထက်၌ အကောင်းဆုံးဖြစ်ခဲ့သည်။ ကိုလှငွေကိုလည်း စွမ်းဆောင်ရည်အကောင်းဆုံး ဒိုင်မှူးအဖြစ် မြို့နယ်က ဆုပေးပါသည်။

"လာမယ့်နှစ်အတွက် ကိုလှငွေ



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်ရာဒိုင်ကို ရွေးချယ်ပါ။ ပို့ပေးပါ့မယ်"

မြို့နယ်မန်နေဂျာကြီးက ကျေးဇူးတင်လွန်း၍ ကိုလှငွေကို အခွင့်အရေးပေးပါသည်။

"ကျွန်တော် တက်သစ်ဒိုင်မှာပဲ ဆက်နေချင်ပါသေးတယ်"

မည်သူမျှမနေချင်သော တက်သစ်ဒိုင်ကို ရွေးချယ်လိုက်သဖြင့် မန်နေဂျာပင် အံ့သြသွားပါသည်။ ကိုလှငွေမှာလည်း တက်သစ်ဒိုင်ရွေးချယ်လိုက်ခြင်းမှာ အကြောင်းရှိပါသည်။ ရွာသားများနှင့် အဆင်ပြေသဖြင့် လာမည့်နှစ်တွင် လုပ်ငန်းအဆင်ပြေမှာ သေချာသည်။ ထို့ထက် အရေးကြီးသည်မှာ တက်သစ်ရွာသူ ကွမ်းထောင်ကိုင် မဒွေးလှနှင့် မေတ္တာမျှနေ၍ ဖြစ်သည်။ မဒွေးလှကို လူကြီးစုံရာနှင့် တောင်းယူရန်သာကျန်တော့သဖြင့် နောက်တစ်နှစ်ဆက်နေပါက အစစအဆင်ပြေမည် ဖြစ်ပါသည်။ ကိုလှငွေ ယူဆသကဲ့သို့ပင် ရပ်ရွာသားများက ပါဝင်ကူညီသဖြင့် မဒွေးလှနှင့် ခန်းနားစွာ မင်္ဂလာဆောင်နိုင်ခဲ့ပါသည်။ မြို့နယ်မှ မန်နေဂျာများကိုယ်တိုင် ကြွရောက် ချီးမြှင့်ခဲ့ပါသည်။ ဝယ်ယူရေးကိစ္စများပြီးစီး၍ ဒိုင်သိမ်းချိန်တွင် ကိုလှငွေသည် ဇနီးသည် မဒွေးလှကို သူ၏ မိဘများထံ ခေါ်သွားရန် စီစဉ်ပါသည်။ မြို့သို့ အဝေးပြေးကားနှင့် လိုက်ခဲ့ကြသည်။ ခရီးသည်တင်ကားမှာ တောင်ပေါ်ကျောင်းအနီးတွင်ပျက်သွားသည်။ ကားလမ်းဘေးတွင် ခရီးသည်များ နားခိုနေကြသည်။ ကားပြင်ဆင်ရန် တစ်နာရီခန့်ကြာမည်ဖြစ်၍ ကိုလှငွေက ဇနီးသည်ကို ပြောပါသည်။

"မဒွေလှ၊ တို့တောင်ပေါ်တက်ပြီး ဘုရားဖူးရအောင်"

မဒွေးလှက သဘောတူသဖြင့် နှစ်ယောက်သား တောင်ပေါ်သို့ တက်ခဲ့ကြသည်။ ဘုရားဖူးပြီး ရင်ပြင်ပေါ်တွင် အသက်ငါးဆယ်ခန့် ဘုန်းတော်ကြီး တစ်ပါး ပုတီးစိပ်နေသည်ကို တွေ့ရသည်။

သူတို့နှစ်ယောက်ကို ကြည့်၍ ဦးသူတော်က မေးလိုက်ပါသည်။

"ဘယ်ကလာလို့ ဘယ်ကိုသွားကြမှာလဲ"

"တပည့်တော်တို့ တက်သစ်ရွာကပါ ဘုရား။ မြို့ကိုအသွား ကားပျက်လို့ပါ"

"မောင်ရင်တို့ ကြုံကြိုက်တုန်း တောင်ခေပါ်က ဆရာတော်ကြီးကို ဖူးသွားကြကွယ့်။ ဒီလိုဆရာတော်မျိုးက ဖူးရခဲတယ်"

"ကောင်းပါပြီ ဘုရား"

ကိုလှငွေသည် ဇနီးသည်ကိုခေါ်ကာ တောင်ပေါ်သို့တက်ခဲ့သည်။ ဆရာတော်ကို တွေ့ပါက အခြားလှူဖွယ်ပစ္စည်းမပါသဖြင့် ငွေကျပ်တစ်ထောင် လှူရန် စိတ်ကူးထားပါသည်။

အသက် ခြောက်ဆယ်ခန့် ဆရာတော်ကြီးကို တွေ့ရသဖြင့် ငွေကျပ်တစ်ထောင်လှူဒါန်းလိုက်ပါသည်။

"တပည့်တော်တို့ ခရီးသည်တွေပါ ဘုရား။ အခြားလှူဖွယ်ပစ္စည်းမပါလို့ ငွေကျပ်တစ်ထောင်ကို နဝကမ္မအဖြစ် လှူဒါန်းပါတယ် လက်ခံပေးပါဘုရား"

ဆရာတော်သည် ကိုလှငွေ ပေးသော ငွေတစ်ထောင်ကို လက်ခံပြီး သူတို့ဇနီးမောင်နှံကို စေ့စေ့ကြည့်သည်။ တစ်ခွန်းတည်းသောစကားကို မိန့်ကြားပါသည်။

"ဒီတစ်ကြိမ် လှူဒါန်းခြင်းအတွက် ဘုန်းကြီးဆုမပေးသေးဘူး။ နောင်အနှစ်နှစ်ဆယ်ကြာရင် ဒကာတို့ဇနီးမောင်နှံကို နောက်တစ်ကြိမ်ထပ်တွေ့ဖို့ရှိတယ်။ အဲဒီအခါကျတော့မှ လိုတဲ့ဆုမျိုး ဘုန်းကြီးပေးနိုင်မယ်။ သေသေချာချာမှတ်သွားနော်၊ နောင်နှစ်နှစ်ဆယ်"

ဘုန်းကြီးက စကားဆက်မပြောတော့သဖြင့် ဘုန်းကြီးကို ကန်တော့ပြီး ပြန်ခဲ့ကြပါသည်။ ကိုလှငွေရော မဒွေးလှပါ စိတ်ထဲတစ်မျိုးခံစားရသော်လည်း ပြန်လည်လျှောက်ထားခွင့်မရခဲ့ပါ။ ဘုန်းကြီး၏မိန့်ကြားချက်မှာ အလွန်ထူးဆန်းနေသဖြင့် နားထဲတွင်စွဲနေပါသည်။ ကိုလှငွေတို့ တောင်အောက်ရောက်၍ ခဏအကြာတွင် ကားပြန်ထွက်နိုင်ခဲ့ပါသည်။ မြို့သို့အဝင်တွင် မှောင်နေပြီဖြစ်သည်။ အချိန်နောက်ကျသဖြင့် ဒရိုင်ဘာက ကားကို အမြန်မောင်းခဲ့ရာ မြို့မှထွက်လာသည့် ကုန်တင်ကားကြီးတစ်စီးနှင့် ခေါင်းချင်းဆိုင်တိုက်မိခဲ့ပါသည်။ ကားပေါ်ပါသည့် ခရီးသည်များအနက် လေးဦး ပွဲချင်းပြီးသေဆုံး၍ သုံးဦး ဆေးရုံသို့ ပို့ခဲ့ရသည်။ ဆေးရုံရောက်သည့် သုံးဦး တွင် မဒွေးလှ ပါဝင်ခဲ့သည်။ လုံးဝသတိမရသဖြင့် အထူးစိုးရိမ်ရပါသည်။ ကိုလှငွေသည် မဒွေးလှ သတိရမည့်အချိန်ကို စောင့်နေခဲ့သည်။ ဆေးရုံရောက်ပြီး မကြာခင် မဒွေးလှ သတိရလာသည်။

"အစ်ကို့ကို ခွဲရတော့မယ်။ ဆရာတော်ကြီး မိန့်ကြားလိုက်သလို အနှစ်နှစ်ဆယ် အစ်ကိုနဲ့ဝေးရမယ်။ အနှစ်နှစ်ဆယ်ပြည့်ရင် ညီမကို တွေ့အောင်ရှာပါ အစ်ကို။ ညီမ အစ်ကို့ကို စောင့်မျှော်နေပါမယ်"

ထိုသို့ပြောပြီး မဒွေးလှ ကွယ်လွန်ခဲ့သည်။ မဒွေးလှ နောက်ဆုံးပြောသွားသော စကားများမှာ ရင်နာစရာကောင်းပါသည်။ ကိုလှငွေ ပြန်စဉ်းစားမှ မဒွေးလှပြောသည်ကို ရေးရေးမြင်လာသည်။ ဆရာတော်ကြီးစကားနှင့်ဆက်စပ်ကြည့်သည်။ 'နောင်အနှစ်နှစ်ဆယ်ကြာရင် နောက်တစ်ခါလာလှူကြမယ်။ အဲဒီအခါကျမှ လိုတဲ့ဆုမျိုး ဘုန်းကြီးပေးမယ်' ဟု မိန့်ကြားခဲ့သည်။ မဒွေးလှကွယ်လွန်ခါနီးတွင် အနှစ်နှစ်ဆယ်ပြည့်လျှင် သူ့ကိုရှာပါဟု ပြောခဲ့သည်။ အနှစ်နှစ်ဆယ်စောင့်ပါက မဒွေးလှကို တစ်ဖန်ပြန်တွေ့မည့် သဘောဖြစ်သည်။ ဆရာတော်သည် မဒွေးလှ၏ ကံကြမ္မာကို မြင်မည်။ ဖွင့်မပြောအပ်၍ မပြောခြင်း ဖြစ်မည်။ နောင်အနှစ်နှစ်ဆယ်အကြာတွင် မဒွေးလှကို ပြန်တွေ့မည်ကိုလည်း သိသည်။ ထို့ကြောင့် အနှစ်နှစ်ဆယ်ကြာလျှင် လာလှူမည်ကို သိပုံရသည်။ ကိုလှငွေ၏ ဘဝတွင် ထူးဆန်းဖွယ်ရာချည်း ဖြစ်နေသည်။

ဒိုင်မှူးကိုလှငွေသည် မဒွေးလှနှင့် ပတ်သက်၍ ချစ်စခင်စကြင်နာစမှာ ဆုံးရှုံးရမှုများကို အံကြိတ်ပြီးခံပါသည်။ လွမ်းရဆွေးရကြေကွဲရသည်များကို မေ့ပျောက်စေရန် အလုပ်ကိုဖိလုပ်ခဲ့သည်။ ထိုနှစ်တွင်လည်း အကောင်းဆုံးဆုရခဲ့ပါသည်။ တက်သစ်ရွာတွင် ဆက်လက်တာဝန်ဆောင်ရွက်ခဲ့ရာ သုံးနှစ်ဆက်တိုက် အကောင်းဆုံးဆုကို ရခဲ့ပါသည်။ သုံးနှစ်ဆက်တိုက်ဆုရပြီး ရာထူးတက်ကာ အင်စပက်တော်ကြီးအဆင့်သို့ ရောက်ရှိပြီး မြို့ပေါ်သို့ ပြောင်းရွှေ့ကာ ဆန်စက်များကို ကြီးကြပ်ရပါသည်။ ပေးအပ်သည့် တာဝန်များကို ကြိုးစားဆောင်ရွက်ခဲ့ရာ အသက်လေးဆယ်သို့ ချဉ်းကပ်ခဲ့ပါသည်။ မိမိဘဝကို တစ်ယောက်တည်း ရှန်းကန်ဖြတ်သန်းရာတွင် အထီးကျန်ဆန်ခဲ့သော်လည်း နောက်ထပ်အိမ်ထောင်သစ် မရှာခဲ့ပါ။ ဆရာတော်မိန့်ကြားချက်၊ မဒွေးလှ၏ နောက်ဆုံးပြောသွားသောစကားများကို အဖန်တလဲလဲကြားယောင်နေမိသည်။

အနှစ်နှစ်ဆယ်နီးလာလေ ထို



www.burmeseclassic.com

www.burmeseclassic.com

စကားသံများကို ကြားယောင်လေရှိသည်။ ဘုန်းကြီး၏ မိန့်ကြားချက်ကို အပြန်ပြန်အလှန်လှန် စဉ်းစားပါသည်။ ဘုန်းကြီးများကို လျှုဒါန်းပါက ဆုပေးလေ့ရှိပါသည်။

'ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ဇနီးမောင်နှံ အိုအောင်မင်းအောင် ပေါင်းသင်းရပါစေ'

ထိုဆုမျိုးကိုသာပေးလေ့ရှိပါလျက် အသက်ရှည်ပါစေဟု မပါခြင်းသည် မဒွေးလှအသက်မရှည်နိုင်သည်ကိုသိ၍ ဖြစ်နိုင်သည်။အိုအောင်မင်းအောင်ပေါင်းရပါစေဟုသောဆုမှာလည်း ပေါင်းသင်းရန်မဖြစ်နိုင်သည်ကို သိ၍ ဆုမပေးလိုက်ခြင်း ဖြစ်မည်။ ဆရာတော်၏ မိန့်ကြားချက် ဤမျှမှန်ကန်ပါက နောင်အနှစ်နှစ်ဆယ်ကြာလျှင် ပြန်တွေ့မည်ဆိုသည်လည်း မှန်ရမည်။ ထိုစကားအရ အနှစ်နှစ်ဆယ်ကြာပါက မဒွေးလှနှင့်အတူ ဆရာတော်ကြီးထံ တစ်ဖန်ရောက်ရမည့်သဘော ဖြစ်သည်။ မဒွေးလှကိုယ်တိုင်ကလည်း အနှစ်နှစ်ဆယ်ကြာလျှင် သူမကို တွေ့အောင်ရှာပါဟု ပြောခဲ့သည်။ ယခု အနှစ်နှစ်ဆယ် ပြည့်တော့မည်။ မဒွေးလှကို ဘယ်မှာရှာရမည်နည်း၊ အတွေးရခက်နေသည်။ ဘယ်လိုတွေးတွေး အဖြေမရခဲ့ပါ။ နောက်ဆုံးစဉ်းစားမိသည်မှာ ဆရာတော်၏ ကျောင်းသို့ ကိုယ်တိုင် သွားရောက်မေးရန်ပင် ဖြစ်သည်။

ရုံးပိတ်ရက်တွင် ကိုလှငွေသည် တောင်ပေါ်ကျောင်းသို့ သွားခဲ့သည်။ ဘုရားကို အရင်ဖူးရာ ဦးသူတော်ကြီးကို အသင့်တွေ့လိုက်ရ၍ အလွန်ဝမ်းသာမိပါသည်။

"ဦးသူတော် တပည့်တော်ကို မှတ်မိပါရဲ့လား"

"မောင်ရင်ဘယ်ကလဲ"

ဦးသူတော်မှာ နှစ်ပေါင်းကြာသဖြင့် ဇဝေဇဝါဖြစ်နေပုံရသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်က တပည့်တော်တို့ဇနီးမောင်နှံ ဒီကိုလာခဲ့ဖူးပါတယ်"

ဦးသူတော်သည် အတန်ကြာစဉ်းစားပြီး မှတ်မိသွားပါသည်။

"မှတ်မိပြီ၊ ဒကာမလေးမှာ အန္တရာယ်မြင်လို့ ဆရာတော်ကြီးထံ လွှတ်လိုက်တာ"

"မှန်ပါတယ်။ အဲဒီနေ့မှာပဲ ဇနီးသည် ဆုံးပါးခဲ့တယ်။ ဆရာတော်ကြီးက အနှစ်နှစ်ဆယ်ကြာရင် နောက်တစ်ခါ



လာဖို့ မိန့်ကြားလိုက်လို့ပါ။ အနှစ်နှစ်ဆယ်ကလည်း ပြည့်တော့မယ်။ ဇနီးသည်ကိုလည်း ပြန်မတွေ့သေးလို့ လာမေးတာပါဘုရား"

"ဆရာတော် မိန့်ကြားတယ်ဆိုရင် မှန်ရမှာပေါ့"

"ဆရာတော်က ဇနီးမောင်နှံနှစ်ယောက်လာရမယ်လို့ မိန့်ခဲ့တာ။ ဇနီးသည်က အခုအချိန်အထိ ရှာမတွေ့သေးလို့ ဆရာတော်ကြီးထံ လျှောက်ထားဖို့လာခဲ့တာ"

"ဆရာတော်ခရီးထွက်သွားတယ်၊ နောက်တစ်လလောက်ကြာတော့မှ ပြန်ရောက်မယ်။ ဒကာလေးကို ကျုပ်ပညာရပ်တစ်ခုပေးလိုက်မယ်။ ရော့-ဒါကိုယူသွားပါ။ လိုသလိုသုံးလို့ရပါတယ်"

ခေါက်လုံးလေးတစ်လုံး ဖြစ်ပါသည်။

ကိုလှငွေက ခေါက်လုံးကို သေချာစွာကြည့်ပြီး မေးလိုက်သည်။

"ဘယ်လိုသုံးရမှာလဲ ဦးသူတော်"

"ဒီခေါက်လုံးက ကံစပ်ရင် ရောဂါမျိုးစုံကုသလို့ရတယ်"

"ဘယ်လိုကုသရမှာလဲ"

"ခေါက်လုံးကို ဘုရားကျောင်းဆောင်မှာထား၊ ညစဉ်မှန်မှန်ဘုရားရှိခိုး၊ သရဏဂုံပုတီးစိပ်၊ ဒါဆိုရင် ရောဂါမျိုးစုံကုသလို့ရပြီ။ ကဲ - ဒကာပြန်တော့"

ကိုလှငွေ ပြန်ခဲ့သည်။

ခေါက်လုံးကိုဘုရားကျောင်းဆောင်တွင်ထားသည်။ ဘုရားမှန်မှန်ရှိခိုး၊ သရဏဂုံကို ပုတီးစိပ်ခဲ့သည်။ ခေါက်လုံးရရှိလာမှ ဘာသာရေးကို ပိုမိုအလေးထားခဲ့သည်။

တစ်နေ့ ကိုလှငွေ၏လက်အောက်ရှိ ကုန်ရုံမှူးတစ်ဦး ဗိုက်အောင့်သဖြင့် ဆေးရုံပို့ရန် စီစဉ်နေချိန် ကိုလှငွေရောက်သွားသည်။ ဗိုက်အောင့်၍အော်နေသည်ကို တွေ့ရသဖြင့် သူ၏ခေါက်လုံးကို ရေစိမ်၍ တိုက်လိုက်ရာ ချက်ချင်းကောင်းမွန်သွားသည်ကို တွေ့ရပါသည်။ ဝန်ထမ်းအားလုံးဝမ်းသာကြပြီး ခေါက်လုံးကို ချီးကျူးကြသဖြင့် ကိုလှငွေ အံ့သြခဲ့ရသည်။ နောက်နေ့တွင် အလုပ်လုပ်နေရင်း မူးလဲသွားသူတစ်ဦးရှိသဖြင့် ကိုလှငွေကို လာခေါ်ကြသည်။ ကိုလှငွေက ယမန်နေ့ကအတိုင်း ခေါက်လုံးကို ရေစိမ်တိုက်ရာ ချက်ချင်းကောင်းမွန်ပြီး အလုပ်ပြန်လုပ်နိုင်သည်ကိုတွေ့ရ၍ ဝမ်းသာလျက်ရှိပါသည်။ ခေါက်လုံးမှာလည်း သတင်းပြန့်သွားပါသည်။ နောက်နေ့တွင် ကိုလှငွေ၏လက်အောက် အမှုထမ်းတစ်ဦးက သူ၏ဖခင် ငှက်ဖျားရောဂါထနေသဖြင့် လိုက်လံကုသပေးပါရန် ဖိတ်ခေါ်သဖြင့်လိုက်သွားရသည်။ ကိုလှငွေသည် ထုံးစံအတိုင်း သူ၏ခေါက်လုံးကို ရေစိမ်တိုက်ရာ သက်သာသည်ကိုတွေ့ရသဖြင့် ရေသန့်ဘူးတွင် ခေါက်လုံးစိမ်၍ လူမမာကို မကြာခဏတိုက်ပေးရန် မှာခဲ့သည်။ ထိုလူနာမှာ သုံးရက်အကြာတွင် ငှက်ဖျားရောဂါ လုံးဝပျောက်ကင်းသွားကြောင်း သိရပါသည်။ ကိုလှငွေ၏ခေါက်လုံးမှာ လူသိများလာသည်။ ဝန်ထမ်းများသာမက ပြင်ပမှပင် လာရောက်ပင့်ခေါ်ခြင်းများရှိလာသည်။ ရောဂါအမျိုးမျိုးကို တွေ့ရသော်လည်း ကုသနည်းမှာ တစ်မျိုးတည်းသာ ဖြစ်သည်။ မည်သည့်ရောဂါဖြစ်စေ ခေါက်လုံးရေစိမ်တိုက်၍ ပျောက်ကင်းသည်သာ ဖြစ်သည်။

တစ်နေ့တွင် ရွာကြီးတစ်ရွာမှ အသက် (၅၀) ခန့် လူကြီးတစ်ဦး ကိုလှငွေထံ ရောက်လာသည်။

"ကျုပ်သမီးလေး နာတာရှည်ရောဂါနဲ့ အိပ်ရာထဲလဲနေတာကြာပါပြီ ဆရာရယ်။ ရောဂါပျောက်လို့ပျောက်ငြား လိုက်ကြည့်ပေးပါ ဆရာ"

လူကြီးက သူ့သမီးရောဂါအတွက် ဆရာလာပင့်ခြင်း ဖြစ်သည်။

"ကျွန်တော်က ဆရာမဟုတ်ပါဘူးဗျာ။ ဦးသူတော်က လိုရာသုံးပါဆိုပြီး ခေါက်လုံးပေးလို့ လူမမာတွေ့ရင် ရေစိမ်တိုက်တာပါ။ အခြားလည်း မကုသတတ်ပါဘူး"

"ဟုတ်ကဲ့ - ဆရာ့ခေါက်လုံးအကြောင်းကြားပြီးပါပြီ။ ကျုပ်သမီးက



www.burmeseclassic.com

www.burmeseclassic.com

ဆရာပေါင်းလည်းစုံပါပြီ၊ ဆရာတွေက လက်လျှော့ထားကြတာပါ။ ဆရာ့လို ထူးထူးဆန်းဆန်းကုသနည်းနဲ့ဆို ပျောက်မယ်ထင်ပါတယ်။ ဘယ်ဆရာကိုမှ အကုအသမခံတဲ့သမီးက ဆရာ့ဓာတ်လုံးအကြောင်းကြားတော့ ဆရာ့ကို လိုလိုလားလားရအောင် ပင့်ပေးပါလို့ တောင်းပန်နေပါတယ်။ ခဏလောက် လိုက်ကြည့်ပေးပါဆရာ။ ကံစပ်ရင်လည်း ပျောက်ချင်ပျောက်မှာပေါ့"

ကိုလှငွေက ဘယ်လိုပင် ငြင်းဆန်သော်လည်း ထိုလူကြီးမှာ ဆရာမပါလျှင်မပြန်တော့ဟု ဆုံးဖြတ်ကာ အတင်းခေါ်နေပါသည်။

"ခင်ဗျားသမီးက အသက်ဘယ်လောက်ရှိပြီလဲ"

"အသက် (၂၀) ပါ။ (၂၀) ပြည့်တော့မှာပါ"

"သူ့နာမည်က ဘယ်လိုခေါ်သလဲ"

"မဒွေးလှလို့ ခေါ်ပါတယ်"

"ဘာ - ဘယ်သူ၊ ပြန်ပြောပါဦး"

ကိုလှငွေ တအံ့တသြပေးလိုက်သည်။

"မဒွေးလှပါ ဆရာ"

ကိုလှငွေ ချက်ချင်းလိုက်လာခဲ့သည်။ တိုက်ဆိုင်ခြင်းပေလော၊ မဒွေးလှက သိနေ၍ ဆရာကိုခေါ်ပေးရန် ပြောနေသလော။ ကိုလှငွေ စဉ်းစားရသည်။ အသက်က (၂၀)၊ နာမည်က မဒွေးလှ ဆိုသဖြင့် ဖြစ်နိုင်ခြေရှိနေသည်။

မကြာမီ မဒွေးလှတို့ရွာသို့ ရောက်သည်။ အိမ်ပေါ်ရောက်သည်နှင့် မဒွေးလှ၏အဖေမှာ အံ့သြလျက်ရှိနေသည်ကို တွေ့ရသည်။ နာတာရှည်ရောဂါနှင့် အိပ်ရာထဲလဲနေပါသည်ဆိုသော သမီးမှာ လှပစွာပြင်ဆင်၍ဆရာကိုထိုင်စောင့်နေသည်ကို တွေ့လိုက်ရပြန်ပါသည်။

"သမီး၊ ဒီမှာဆရာပါလာပြီ"

မဒွေးလှက ကိုလှငွေကို တအံ့တသြငေးကြည့်နေသလို ကိုလှငွေမှာလည်း မဒွေးလှကိုကြည့်၍ စကားမဆိုနိုင်အောင်မှင်တက်မိနေမိပါတော့သည်။ မဒွေးလှဆိုသူ မိန်းကလေးမှာ ယခင်က မဒွေးလှအရွယ် ရုပ်ရည်မှာတစ်ပုံစံတည်း ဖြစ်နေပါသည်။

ကိုလှငွေကရုတ်တရက်ခေါ်လိုက်သည်။

"မဒွေးလှ"

"ရှင် - အစ်ကိုလှငွေ"

တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြသည်။

"ဆရာကိုလှငွေ ဆိုကတည်းက ကျွန်မယောက်ျားဆိုတာ သိလိုက်ပါတယ်။ ဒါကြောင့် အဖေ့ကို ဆရာ့ကို ရအောင်ပင့်ဖို့ ပြောရတယ်။ မဒွေးလှလို့ ပြောရင် ဆရာလိုက်လာမှာပါလို့ မှာလိုက်ရတာ"

မဒွေးလှ၏ အဖေမှာ ဘာမှနားမလည်နိုင်အောင် ရှိနေပါသည်။ နာတာရှည်ရောဂါနှင့် ကုသ၍မရတော့သော သမီးမှာ ဘာဆေးမှမတိုက်ရပါဘဲ လူကောင်းဖြစ်နေသည်ကို အံ့သြစရာတွေ့လိုက်ရသည်။ သမီးကို မယုံကြည်နိုင်အောင်ကြည့်နေပါသည်။ ကိုလှငွေမှာလည်းအနှစ်နှစ်ဆယ်ကြာမှတွေ့ရသဖြင့် ဝမ်းသာမဆုံးအောင်ရှိပါတော့သည်။

"မဒွေးလှ အရင်ဘဝကို မှတ်မိသေးသလား"

"မှတ်မိတာပေါ့ အစ်ကိုရယ်"

"ဆရာတော်ကြီး အမိန့်ရှိလိုက်တဲ့ အနှစ်နှစ်ဆယ်ကိုကော သတိရတာပေါ့"

"သတိရတာပေါ့ အစ်ကိုရယ်။ အသက်နှစ်ဆယ်ပြည့်ခါနီးမှာ အတိတ်ကအကြောင်းအရာတွေကို စဉ်းစားရင်း ရောဂါရလာတာ။ 'ဒါပေမယ့် အစ်ကိုလာပြီးကုသပေးမယ်ဆိုတာသိနေတယ်။ အစ်ကိုကို နေ့စဉ်မျှော်နေခဲ့တာ။ ဓာတ်လုံးဆရာပေါ်နေတယ်ဆိုတာကြားရတော့ နာမည်မေးလိုက်တာ ကိုလှငွေဆိုတော့ သေချာပြီလို့ ယုံကြည်နေခဲ့တာ"

ကိုလှငွေ ကျေနပ်သွားပါသည်။ ယခုတွေ့ရသော မဒွေးလှသည် အရင်ဘဝက မဒွေးလှ သေချာသွားပါသည်။ အနှစ်နှစ်ဆယ်ပြည့်လျှင် ဆရာတော်ကြီးကို လှူရန်အတွက်ဆိုသည်မှာလည်း ဖြစ်ရပေတော့မည်။

ကိုလှငွေက မဒွေးလှ၏ မိဘများကို ဇာတ်လမ်း အစ၊ အဆုံး ပြောပြလိုက်ပါသည်။ မဒွေးလှ၏အဖေမှာ ချက်ချင်းသဘောပေါက်ပါသည်။

"သမီးလေး ပြောတုန်းက ကျုပ်မယုံခဲ့ဘူး။ ရောဂါသည်တစ်ယောက်အနေနဲ့ ထင်ရာတွေလျှောက်ပြောနေတာလို့ထင်ခဲ့တယ်။ သမီးမွေးကတည်းက လူဝင်စားဖြစ်မယ်လို့ ခန့်မှန်းမိပါတယ်။ သူက စနေသမီး ဆိုတော့ ကျုပ်က မတင်ရွှေလို့ နာမည်ပေးထားတာ။ သူသိတတ်တဲ့အရွယ်ကို ရောက်တော့ အရင်ဘဝက မဒွေးလှနာမည်ကိုပဲ ပေးရမယ်ဆိုလို့ ပြောင်းပေးခဲ့ရတယ်။ ဘယ်ဆရာနဲ့မှ ကုသလို့ ရောဂါမပျောက်တော့ဘူးထင်ခဲ့တာ။ အခု မောင်ရင်နဲ့ တွေ့တော့ ကုသစရာမလိုဘဲ အလိုလို ရောဂါပျောက်ကင်းလို့ ဝမ်းသာပါတယ်။ ရှေးက ရေစက်ဖူးစာဖက်ဆိုတာ သေချာပြီ။ ကျုပ်တို့ဘက်က ကန့်ကွက်စရာမရှိပါဘူး"

"ဟုတ်ကဲ့ပါဗျာ၊ အရင်ဘဝက မဒွေးလှက ရွယ်တူဇနီးဖြစ်ခဲ့ပေမယ့် ဒီဘဝမှာ သမီးအရွယ်ဖြစ်နေလို့ ပြောမထွက်လို့ပါ။ မိဘတွေက ခွင့်ပြုပြီဆိုမှဖြင့် ကျွန်တော့်ဘက်က အစစစီစဉ်ပါတော့မယ်"

ကိုလှငွေ၊ မဒွေးလှနှင့် မိဘများပါ အားလုံးစိတ်ချမ်းသာရပါတော့သည်။

နောက်နှစ်လလောက်အကြာတွင် ကိုလှငွေနှင့် မဒွေးလှတို့ မင်္ဂလာပွဲကို ခမ်းနားစွာ ကျင်းပခဲ့ပါသည်။ မင်္ဂလာဆောင်ပြီး တစ်ပတ်ခန့်အကြာတွင် လှူဖွယ်ပစ္စည်းများစုဆောင်းပြီး တောင်ပေါ်ကျောင်းသို့ သွားခဲ့ကြပါသည်။ ထိုနေ့သည် ဆရာတော်ကြီး အမိန့်ရှိသည့်အတိုင်း အနှစ်နှစ်ဆယ်တင်းတင်းပြည့်သောနေ့ ဖြစ်ပါသည်။ ဆရာတော်ကြီးမှာ အသက်ရှစ်ဆယ်ကျော်သည့်တိုင် ယခင်တွေ့ခဲ့ရသည့်ပုံစံအတိုင်း တွေ့ရပါသည်။ ကိုလှငွေတို့ ဇနီးမောင်နှံသည် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းလိုက်ကြပါသည်။

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ငွေကျပ်တစ်ထောင်လှူခဲ့ဖူးတဲ့ဇနီးမောင်နှံပါဘုရား။ ဆရာတော်ကြီးအမိန့်ရှိလိုက်တဲ့အတိုင်း ဒီနေ့အနှစ်နှစ်ဆယ်ပြည့်တဲ့နေ့မှာ ဒုတိယအကြိမ် လာရောက် လှူဒါန်းခြင်း ဖြစ်ပါသည် ဘုရား"

ဆရာတော်ကြီးသည် ဇနီးမောင်နှံကို သေချာစွာကြည့်ပြီး ဆုပေးပါသည်။

"ယခုလို လှူဒါန်းရသော အကျိုးအားကြောင့် အသက်ရှည်ရှည်နေရပြီး ချမ်းသာကြွယ်ဝစွာနဲ့ ဘေးအန္တရာယ်ကင်းရှင်းပြီး ပျော်ရွှင်ချမ်းမြေ့စွာ အိုအောင်မင်းအောင် ပေါင်းသင်းနိုင်ကြပါစေ"

ကိုလှငွေနှင့် မဒွေးလှတို့မှာ ဆရာတော်ကြီး၏ ဆုပေးအဆုံးတွင် အလွန်ဝမ်းသာကြည်နူးလျက် ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ပြိုင်တူဆုတောင်းလိုက်ပါသည်။

"ပေးတဲ့ဆုနဲ့ ပြည့်ဝပါလို၏အရှင်ဘုရား"

ကျေးဇူးသော်



www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေမြသန့်(သမိုင်း)

# လူသားကျင့်ဝတ်နှင့် ငြိမ်းချမ်းရေး

*❑ ငြိမ်းချမ်းရေးသည် အလှတရား ဖြစ်၏။*
*အလှတရားသည် အလင်း,အမှောင်ကို ရွေး၏။*
*အလင်း,အမှောင်ကိုရွေးသည့် အလှတရား၌ အလင်း,အမှောင်ကိုမရွေးသည့် ကိုယ်ကျင့်တရား (လူသားကျင့်ဝတ်နှင့်စိတ်ထား)ကို ဖြည့်စွက်လိုက်မည်ဆိုပါက ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးသည်လည်း. . . ။ ။*

❑



ယနေ့ ကမ္ဘာကြီးတွင် ဖြစ်ပွားသော လူမျိုးစုပြဿနာ၊ နယ်မြေပြဿနာ၊ စီးပွားရေးပြဿနာ၊ ဘာသာအယူဝါဒပြဿနာ အစရှိသော ပြဿနာပေါင်းသောင်းခြောက်ထောင်ကို အကြောင်းပြုကာ စစ်ပွဲများဖြစ်နေဆဲပင် ဖြစ်သည်။ ဆင်းရဲမွဲတေခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ရာဇဝတ်မှုထူပြောခြင်း၊ အကြမ်းဖက်မှုများ တိုးပွားလာခြင်း၊ အစိုးရဆိုးများ၏ နှိပ်စက်မှု အစရှိသော ဒဏ်ရာဒဏ်ချက်များဖြင့် ကမ္ဘာပြည်သူတို့သည် ငြိမ်းချမ်းရေးကို ငတ်မွတ်နေကြရရှာသည်။

ဤတွင် လက်တွေ့မဆန်သော စိတ်ကူးယဉ်နည်းလမ်းများသည် လူသားတို့၏ ငြိမ်းချမ်းရေးကို အ မှန်တကယ် မဖော်ဆောင်နိုင်ပါ။ အမိန့်အာဏာဖြင့် ငြိမ်ဝပ်ပိပြားစေခြင်းသည် ယမ်းအိုးကြီးကို ဖိသိပ်နေခြင်းနှင့် တူသည်။ စစ်မက်အင်အားဖြင့် အနိုင်ကျင့်နှိမ်နင်းခြင်းသည်လည်း မနိုင်နိုင်သေးသောကြောင့် သည်းခံမျိုသိပ် ငြိမ်သက်နေခြင်းသာ ဖြစ်သည်။ အချိန်ကျလျှင် အမုန်းတရား၊ အာဃာတများဖြင့် လက်စားချေကြမြဲဖြစ်သည်။

ထို့ပြင် ကမ္ဘာကြီးတွင် အစွန်းရောက်၊ အယူသီး၊ အကြမ်းဖက်၊ အဓမ္မဝါဒီအင်အားစုများ ကြီးထွားလာခြင်းသည်လည်း လူ့ဘောင်လောကကြီးတစ်ခုလုံးအတွက် မဟာအန္တရာယ်ကြီးပင် ဖြစ်ပေသည်။ ဘာသာရေးဖြင့် ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရန်၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် စီစဉ်ကြံဆောင်နေကြစဉ်တွင်ပင် ဘာသာရေးကြောင့် လူအများသေကျေပျက်စီးကာ ဥစ္စာပစ္စည်းများ ဆုံးရှုံးနေကြရသည်မှာ သံဝေဂရဖွယ်ပင်။

သို့ဖြစ်ပါ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကြွေးကြော်တောင်းဆိုနေကြခြင်းများအတွက် တစ်ခုတည်းသောနည်းလမ်းမှာ 'လူသားတိုင်းကို တန်ဖိုးထားကာ လူသားတစ်ဦးချင်းစီ၏ စိတ်နှလုံးငြိမ်းချမ်းရေးနည်းလမ်းများကို ဖော်ထုတ်မျှဝေရန် အခြေခံကျကျ အရေးကြီးလှကြောင်း' အား ဓမ္မစက္ကဦးမောင်မောင် (အပြည်ပြည်ဆိုင်ရာဓမ္မစက္ကဖောင်ဒေးရှင်း) (IDF) မှ 'ဗုဒ္ဓဝါဒနှင့်ကမ္ဘာ့ငြိမ်းချမ်းရေး' စာအုပ်တွင် နိဒါန်းစကားဆိုထားပါသည်။

ယခုအခါ ဘာသာတရားအားလုံးတို့မှ ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ ဦးတည်ရာ၌လည်း မိမိယုံကြည်ရာ ဘာသာတရားကို ကိုးကွယ် ဆည်းကပ်ကြသည့် လူသားတိုင်း၌ မိမိယုံကြည်ရာ ဘာသာတရားတွင် လူသားတိုင်းကို တန်ဖိုးထားသော၊ လူသားတစ်ဦးချင်းစီကို စိတ်နှလုံး



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းစေနိုင်သောနည်းလမ်းများ ရှိ မရှိ၊ လမ်းညွှန် မညွှန်တို့ကို ဆည်းကပ် ကိုးကွယ်သူတို့ကိုယ်တိုင် စိစစ်ရန်လိုအပ်ပါမည်။

စိတ်နှလုံး ငြိမ်းချမ်းစေနိုင်သော နည်းလမ်းများမရှိခဲ့သော်၊ လမ်းမညွှန်ခဲ့သော် အစွန်းရောက်၊ အကြမ်းဖက်၊ အမေ့ဝါဒီဟုသာ သတ်မှတ်ရပါလိမ့်မည်။

ဘာသာတရားတို့၏ ယုံကြည်ရာ ကိုးကွယ်မှုအစကို ပြန်ကြည့်မည်ဆိုပါက ကမ္ဘာကြီးတွင် လူဟူသည့်သတ္တဝါ စတင်ပေါက်ဖွားတည်ရှိလာကတည်းက လူသားသည် ကမ္ဘာ့တန်ဆာဖြစ်သော နေ၊ လ၊ နက္ခတ်တာရာတို့နှင့် စတင်ထိတွေ့လာရသည်။ဝန်းကျင်ရာသီဥတုဖြစ်သော နေပူခြင်း၊ မိုးရွာခြင်း၊ လေတိုက်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့လာရသည်။ မီး ဆိုသည်ကို စတင်မတွေ့မီကာလက အလင်းရောင်ကွယ်ပျောက်အမှောင်ရောက်သည့် အချိန်တွင် ကမ္ဘာ့လူသားတို့ စိုးရွံ့ထိတ်လန့်တတ်ကြသည်။ မနက်မိုးလင်း နေမင်းကြီး အရှေ့အရပ်က ထွက်ပေါ်လာလျှင် ကြောက်စိတ်ပြယ်၍ ဘဝင်စိတ်ချမ်းမြေ့ကြရသည်။

ဤသို့ဖြင့် အမှောင်ခွင်း၍အလင်းကိုပေးနိုင်သော နေမင်းကို အမြဲမျှော်လင့်လာကြသည်။ လေပြင်းတိုက်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းတို့က နေစရာမရှိအောင် ကြောက်လန့်တုန်လှုပ်စေခဲ့သည်။ ကြောက်လန့်တုန်လှုပ်စေသော ဤအကြောင်းတရားတို့သည် မြင်နိုင်စွမ်းမရှိသော တန်ခိုးရှင်တစ်ဦးဦးက ဖန်တီးခြင်း ဖြစ်နိုင်သည်ဟု ယူဆပြီး 'အကြောက်တရားမှ မြစ်ဖျားခံလာသည့် ယုံကြည်ကိုးကွယ်မှုများ' စတင်ဖြစ်ပေါ်လာပါတော့၏။

❒

ဤလောကတွင် ဘာသာအယူဝါဒများ ပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓမှ -

'အို - ရသေ့အပေါင်းတို့၊ လူတွေဟာ ကြောက်လို့ အားကိုးရာရှာတတ်ကြတယ်။ ကြောက်လို့ အားကိုးရှာရာမှာ တချို့က ဥယျာဉ်ကြီးတွေကို ကိုးကွယ်ကြတယ်။ တချို့က သစ်ပင်ကို ကိုးကွယ်ရာ၊ အားကိုးရာပဲလို့ ယုံကြည်ပြီးတော့ ကိုးကွယ်ဆည်းကပ်ရတဲ့ အကြောင်းရင်းက ဘေးရန်အန္တရာယ်အမျိုးမျိုးတို့ ခြိမ်းခြောက်ခံရခြင်းကြောင့် ကြောက်ရွံ့ပြီး ကိုးကွယ်ရာ၊အားကိုးရာရှာရာမှ ဘာသာအယူဝါဒတွေ၊ ကိုးကွယ်စရာတွေပေါ်လာတယ်'

ဟု မိန့်ကြားခဲ့သည်။

ဤသို့ဖြင့် စတင်ခဲ့သော ကမ္ဘာပေါ်ရှိ လူအများ ကိုးကွယ်ယုံကြည်ကြသော ဘာသာတရားတို့မှာ အလွန်များပြား၏။

သို့သော် လူအများစုတို့ကလက်ခံကိုးကွယ်ကြသော ဘာသာတရားတို့ကား မများချေ။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့မှာ လူအများဆုံး လက်ခံ၍ ကိုးကွယ်ကြသော ဘာသာတရားတို့ ဖြစ် သည်။ ဗုဒ္ဓဘာသာမှတစ်ပါး အခြားသော ဘာသာအားလုံးတို့သည် ထာဝရဘုရားကို လက်ခံသောဘာသာများ ဖြစ်သည်။

ထာဝရဘုရား ဟူသည်ကား ဤကမ္ဘာလောကကြီးနှင့်တကွ ရှိရှိသမျှ သက်ရှိ၊ သက်မဲ့ အရာဝတ္ထုအားလုံးတို့ကို ဖန်ဆင်းသော အနန္တတန်ခိုးတော်ရှင်၊ အနန္တမေတ္တာရှင်အလုံးစုံကို သိတော်မူသောဉာဏ်ရှင်ဖြစ်သည်။ ထိုအရှင်သည် စကြဝဠာအနန္တ၌ အနန္တကာလမှစ၍ အနန္တကာလတိုင်အောင် အစဉ်ထာဝရတည်ရှိနေသည်။ ဖြစ်ပျက်ခြင်းသဘောတို့သည် ထိုအရှင်နှင့်မသက်ဆိုင်ချေ။

မည်သည့်အရာဝတ္ထု၊ လူ၊ တိရစ္ဆာန်မဆို ထိုအရှင်၏ အလိုဆန္ဒကြောင့်သာ ဖြစ်လာရသည်၊ ပျက်သွားရသည်။ ထာဝရအရှင်သည် မည်သည့်အရာဝတ္ထုပစ္စည်းမျှမရှိဘဲလျက် တစ်စုံတစ်ခုကို ရှိလာအောင် စွမ်းဆောင်ဖန်တီးနိုင်သည်။ စကြဝဠာလောကကြီး မတည်ရှိမီကပင် ထာဝရအရှင်မှာရှိနေပြီး ဖြစ်သည်။ စကြဝဠာကြီး ပျက်စီးသွားသော်လည်း ထိုအရှင်ကား ဆက်လက်ရှိနေပေဦးမည်။ ဤကား ထာဝရဘုရား၏သဘောအဓိပ္ပာယ်ပင် ဖြစ်သည်။

ဗုဒ္ဓဘာသာတွင်တော့ ထာဝရဘုရား၏ သဘောအဓိပ္ပာယ်များ မရှိချေ။ ဤအချက်ကြောင့်ပင် အနောက်တိုင်းသားအချို့က ဗုဒ္ဓဘာသာကို ဘာသာတရားမဟုတ် ဟူ၍ ယူဆကြသည်။ လူ့ဘဝတွေးခေါ်မြော်မြင်ရေးသဘောတရားသာ ဖြစ်သည်ဟု ဆိုကြသည်။ သို့သော် 'သံသရာမှလွတ်မြောက်ရေး တည်းဟူသော ဘဝလွတ်မြောက်ရေးပါရှိသည့် တွေးခေါ်မြော်မြင်ရေး သဘောတရားသည် ဘာသာတရား တစ်ခုဖြစ်ကြောင်း' ကို သတိမပြုမိကြချေ။

ယုံကြည်မှုနှင့် ပတ်သက်လျှင် တစ်ဘာသာနှင့်တစ်ဘာသာ မတူကွဲပြားနိုင်သော်လည်း ဘာသာတိုင်းတွင် ယုံကြည်မှုတစ်မျိုးမျိုးရှိသည်ကို သတိထား၍လေ့လာကြည့်လျှင် တွေ့နိုင်ပါသည်။ မည်သည့်ဘာသာဝင်မဆို မိမိကိုးကွယ် ယုံကြည် လက်ခံထားသော ဘာသာသည်လျှင် အကောင်းဆုံး အမှန်ဆုံးဟု ယူမှတ်မြဲ ဖြစ်သည်။ ထိုသို့ ယူမှတ်ထားသဖြင့်လည်း အကြောက်တရားမှ ကင်းလွတ်ရာ ငြိမ်းချမ်းရေးကို ပေးစွမ်းနိုင်သည့် မိမိယုံကြည်ရာ ကိုးကွယ်ဆည်းကပ်မှုတို့ဖြင့် စတင်လာခဲ့သော ကမ္ဘာကြီးသည် ယခုအခါတွင်တော့ . . .

❒

ယနေ့ ကမ္ဘာကြီးသည် ဂလိုဘယ်လိုက်ဇေးရှင်းသဘောအရ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အားလုံးချိတ်ဆက်မိပြီး ရွာကြီးတစ်ရွာကဲ့သို့ဖြစ်နေပြီ ဖြစ်သည်။ နည်းပညာများ အံ့မခန်းတိုးတက်လာ၍ ကမ္ဘာကြီး၏နေရာတိုင်းတွင် ဖြစ်ပျက်နေသမျှတို့ စက္ကန့်မဆိုင်း သိနိုင်သော အင်တာနက်ခေတ်ကြီး ဖြစ်နေလေပြီ။ ဤသို့ နည်းပညာများ အံ့မခန်း တိုးတက်၍ ရုပ်ဝတ္ထုများဖြင့် လောကနိဗ္ဗာန်ကိုတည်ဆောက်နိုင်ကြသော်လည်း ကမ္ဘာတစ်ခုလုံး လှမ်း၍ ဖြန့်ကြက်ကြည့်ပါက အေးချမ်းငြိမ်းသက်ခြင်းကင်းသော ဖြစ်ရပ်များကိုသာ တွေ့မြင်နေရမည် ဖြစ်သည်။

ကမ္ဘာကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးပြင်လေးရပ် မည်သည့်ထောင့်၊ မည်သည့်နေရာကိုကြည့်ကြည့် သတ်ကြဖြတ်ကြ၊ ကျူးကျော်ရန်စကြ၊ ဗုံးခွဲတိုက်ခိုက်ကြ၊ ပြန်ပေးဆွဲကြ၊ တစ်ဦးနှင့်တစ်ဦး စောင်းကြမြောင်းကြ၊ သူတစ်ပါးပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်းဝင်စွက်ကြနှင့် ဖြစ်ပျက်နေသည်မှာ ယဉ်ကျေးပါသည်ဟု ပြောနေသောလူသားများနေထိုင်သည့်ကမ္ဘာကြီးမှ ဟုတ်ပါလေစဟု တွေးစရာဖြစ်နေပါသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်စုနှင့်တစ်စု မေတ္တာတရားများ၊ ကရုဏာတရားများ ခေါင်းပါးနေကြသည်



www.burmeseclassic.com

www.burmeseclassic.com

မတူကွဲပြားသော ဘာသာတရားများအပေါ် မူတည်၍ တစ်ဖက်စွန်းရောက် ခံယူချက်များဖြင့် ငြိမ်းချမ်းစွာ မဖြေရှင်းဘဲ လက်နက်ကိုင်၍ စစ်တလင်းတွင် ဖြေရှင်းရန် ကြိုးစားလာကြလေသည်။ ဘာသာတရား၏ ကောင်းမြတ်သော ရည်ရွယ်ချက်ကို မျက်ကွယ်ပြု၍ အတ္တစွဲကြီးကြီးဖြင့် သူနိုင်ကိုယ်နိုင်အပြိုင်ကြရန် ဘာသာရေးစစ်ပွဲများ ဆင်နွှဲကြသည်။

စီးပွားရေးအရ အသာစီးရနေသည့် နိုင်ငံကြီးတို့က ခေါင်းမော့နေကြပြီး ၎င်းတို့သားကောင်ဖြစ်နေရရှာသည့် နိုင်ငံငယ်လေးများနှင့် ဖွံ့ဖြိုးစနိုင်ငံများမှာ နာလန်မထူနိုင်ဘဲ ဆင်းရဲတွင်းနက်နေကြသည်။ အာဏာကို အကြောင်းပြု၍လည်းကောင်း၊ ပိုင်နက်နယ်မြေကို အကြောင်းပြု၍ လည်းကောင်း လူမျိုးစုတစ်မျိုးနှင့်တစ်မျိုး၊ ဒေသတစ်ခုနှင့်တစ်ခု၊ တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် မဆုံးနိုင်သောစစ်ပွဲများကို အပြန်အလှန် ဆင်နွှဲနေကြသည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးကို အဏုမြူနှင့် အဆုံးသတ်ခဲ့ရ၍ လူသားများ သေကျေပျက်စီးခဲ့ရသည်ကို သင်ခန်းစာမယူနိုင်ဘဲ အဏုမြူလက်နက်များကို ပိုင်ဆိုင်နိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းနေကြသည်မှာ အနာဂတ်ကမ္ဘာအတွက် စိုးရိမ်စရာဖြစ်နေသည်။ အဏုမြူလက်နက် မပိုင်ဆိုင်ကြသေးသည့် နိုင်ငံများကလည်း ပိုင်ဆိုင်ရန် ကြိုးပမ်းနေကြသကဲ့သို့ ပိုင်ဆိုင်ပြီးနိုင်ငံများကလည်း အဏုမြူလက်နက်ဖြင့် ခြိမ်းခြောက်ပြနေပြန်သည်။

အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကလည်း ခေါင်းထောင်ထနေပြီး ယနေ့ကမ္ဘာကြီးကိုခြိမ်းခြောက်လျက်ရှိပြန်သည်။ လူမျိုးရေး၊ ဘာသာရေးအတ္တစွဲများဖြင့် မိမိအသက်ကိုလည်း မငဲ့ကွက် သူတစ်ပါးအသက်ကိုလည်း တန်ဖိုးမထားဘဲ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ အသေခံဗုံးခွဲခြင်းများသည် ယနေ့ခေတ်တွင် မကြားချင်မှအဆုံးဖြစ်နေပါသည်။

ဤကဲ့သို့ ယနေ့ ကမ္ဘာတွင် ဖြစ်ပျက်နေသော အမှုအခင်းများကို လေ့လာကြည့်လျှင် ဖြစ်နေသည့်နေရာများ မည်သို့ကွဲပြားကွဲပြား၊ ကျူးလွန်သောသူများ မည်သို့ပင်ခြားနားခြားနား ဖြစ်ပျက်ခဲ့သော၊ ဖြစ်ပေါ်နေသော အကြောင်းအရင်းများကို ပြန်ဆန်းစစ်လိုက်လျှင် -

၁။ လောဘဟုခေါ်သော လိုချင်တပ်မက်မှု၊

၂။ ဒေါသဆိုသော ခက်ထန်ကြမ်းတမ်းမှု၊

၃။ မောဟ ဆိုသည့် အမှန်ကိုမသိနိုင်မှု -

စသော အကုသိုလ်တရား(၃)မျိုးကြောင့်သာ ဖြစ်ပွားနေရခြင်း ဖြစ်သည်။

ဤအကုသိုလ်တရားဆိုး (၃) ပါးအား လောကကိုဖျက်ဆီးသောတရားများဟုလည်း ခေါ်ကြသည်။ ထိုတရားဆိုးများ ကြီးစိုးနေသော လူ့ကမ္ဘာသည်လည်း ငြိမ်းချမ်းမှု လုံးဝမရှိနိုင်ပေ။ ထိုလောဘ၊ ဒေါသ၊ မောဟတို့သည် ငြိမ်းချမ်းမှုကိုဖျက်ဆီးသောအရာများဟု သတ်မှတ်ရမည် ဖြစ်သည်။

ယနေ့ ကမ္ဘာကြီး မငြိမ်းချမ်းခြင်း၏အဓိကတရားခံမှာ လူသတ်လက်နက်များလည်း မဟုတ်၊ နျူကလီးယားလက်နက်များလည်း မဟုတ်၊ အင်တာနက်ခေတ်မှ တိုးတက်လွန်းသည့် နည်းပညာများလည်း မဟုတ်ပါ။ ထိုလက်နက်ဆန်းများပိုင်ရှင် လူသားတို့၏အတွင်းသန္တာန်မှ လောဘ၊ ဒေါသ၊ မောဟ စသည့် ကိလေသာတရားဆိုးတို့သာ ဖြစ်သည်။ လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟတို့ကို ယခုထက် လျော့ပါးလာအောင် ဘာသာတရားတိုင်းက လုပ်ပေးနိုင်လျှင်၊ လမ်းညွှန်ပေးနိုင်လျှင် ကမ္ဘာကြီးသည် ယခုထက်ပို၍ငြိမ်းချမ်းသာယာမည်ကား အမှန်ပင်ဖြစ်သည်။ ဘာသာတရားအားလုံးတို့မှသည် ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ ဦးတည်သည့် လမ်းညွှန်ဆောင်ရွက်သည့် ခရီးစဉ်ပင် ဖြစ်ချေမည်။

❐

ဘာသာတရားအားလုံးတို့မှသည် ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ ခရီးစဉ်၏အစဟုဆိုက ဆိုနိုင်ပါသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျာနီဗာမြို့တွင် 'ဘာသာတရားများနှင့်စိတ်ဓာတ်တိုးတက်ရေးဆိုင်ရာနိုင်ငံတကာအဖွဲ့ကြီး' တစ်ရပ်တည်ရှိသည်။ ထိုအဖွဲ့ကြီးသည် ကမ္ဘာ့ဘာသာရေးခေါင်းဆောင်ကိုယ်စားလှယ် (၂၀၀)ကို ဖိတ်ခေါ်၍ အစည်းအဝေးသို့ တက်ရောက်သူများထဲတွင် နိုင်ငံ(၁၀၀)မှ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ဂျူး စသည့်ဘာသာပေါင်းစုံမှ ဦးစီးခေါင်းဆောင်များ ပါဝင်သည်။

ထိုအဖွဲ့ကြီးသည် ၂၀၀၉ ခုတွင် 'ကမ္ဘာ့အကောင်းဆုံးဘာသာဆု' ဟူ၍ သတ်မှတ်ပြီး ထိုဆုအတွက် 'ဗုဒ္ဓဘာသာ' ကို နှင်းအပ်ရန် ရွေးချယ်လိုက်ကြသည်။ ဗုဒ္ဓဘာသာကို ကမ္ဘာ့အကောင်းဆုံးဘာသာတရားအဖြစ်ရွေးချယ်၍ ဆုအပ်နှင်းသည်ကို အခြားဘာသာဝင်များက လုံးဝကန့်ကွက်ခြင်းမရှိ တညီတညွတ်တည်းပင် သဘောတူ လက်ခံလိုက်ကြသည်။

ထိုအဖွဲ့မှ သုတေသနညွှန်ကြားရေးမှူး JOHHAN HUIT က -

"ဗုဒ္ဓဘာသာတရားအား ကမ္ဘာ့အကောင်းဆုံးဘာသာတရားဆုအပ်နှင်းလိုက်ကြသည်ကို ကျွန်ုပ်အဖို့ အံ့သြခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာတရားသည် အခြားဘာသာများနှင့်မတူ။ မိမိတို့အတွက်သော် လည်းကောင်း၊ မိမိတို့ကိုးကွယ်နေသော အရှင်သခင်တို့အတွက်သော် လည်းကောင်း လုံးဝစစ်တိုက်ခြင်းမရှိ။ ငြိမ်းချမ်းရေးကိုသာ ဖော်ဆောင်သော ထူးခြားသည့် ဘာသာတရား ဖြစ်ပါသည်"

ဟူ၍ ဖွင့်ဟ ပြောဆိုခဲ့လေသည်။

ထိုပုဂ္ဂိုလ်တို့ သုတေသနပြုထားသည့်အတိုင်းပင် ဗုဒ္ဓဘာသာသည် စစ်ပြု စစ်တိုက်ခြင်းကို လုံးဝမလိုလားသောဘာသာတရား ဖြစ်သည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနေရူးက ကမ္ဘာသို့ကြေညာချက်တွင် -

ကမ္ဘာ့ငြိမ်းချမ်းရေး ဟူသည်မှာ ဗုဒ္ဓမြတ်စွာ၏ဩဝါဒကို လိုက်နာကြလျှင် တစ်ကမ္ဘာလုံး စစ်တိုက်ကြလိမ့်မည် မဟုတ်။ ဗုဒ္ဓမြတ်စွာက သူ့အသက်မသတ်ဖြတ်ဖို့ကို ဩဝါဒပေးထားပါသည်။ သူ့အသက်မသတ်ဖို့ လိုက်နာနိုင်ရန်၊ စစ်တိုက်ရန်လုပ်ငန်းမရှိသဖြင့် ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုကို အမှန်ရရှိပါသည်။

ဗုဒ္ဓမြတ်စွာ၏ ဩဝါဒအတိုင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်တိုက်ဖို့ မလုပ်ခဲ့လျှင် ယခု ကမ္ဘာကြီးမှာ တန်ဖိုးထားရသည့် လက်နက်တွေလည်း အသုံးဝင်လာတော့မည် မဟုတ်။ ရေထဲလွှင့်ပစ်လိုက်ရုံသာရှိသည်။ နောက်ထပ်လက်နက်တွေလည်း မလုပ်ကိုင်ကြလျှင် ငွေကုန်ရန် အကြောင်းမရှိတော့သဖြင့် နိုင်ငံတော်ဟာ ကြွယ်ဝချမ်းသာလာကြပါကုန်အံ့။

၎င်းအပြင် ဗုဒ္ဓမြတ်စွာက သူ့ဥစ္စာမခိုးရဟု တင်းကြပ်စွာ ပညတ်ခဲ့ပါသည်။

www.burmeseclassic.com

သူတစ်ပါးဥစ္စာတွေကိုသာ မခိုးကြလျှင် အိမ်တံခါးတွေ ဖွင့်အိပ်နိုင်သည်အထိ လူသားအဖွဲ့အစည်းကြီးတစ်ရပ်လုံး စိတ်ချလက်ချ အေးဆေးစွာနေထိုင်သွားလာကြကုန်သည်ဖြစ်၍ ကမ္ဘာ့ငြိမ်းချမ်းရေး အစစ် ဆိုတာဟာ ဗုဒ္ဓမြတ်စွာ၏ဩဝါဒ အတိုင်း လိုက်နာခြင်းမှလွဲ၍ အခြားနည်းလမ်းဖြင့် မိမိမမြင်ကြောင်းကို အသံလွှင့်ကြေညာခဲ့ပါသည်။ (၁၃ - ၅ - ၅၇)

*(၁၃၁၉ ခု၊*
*ကဆုန်လပြည့်နေ့ထုတ်*
*သာသနာ့ရောင်ခြည်မှ)*

❐

ကမ္ဘာ့အကောင်းဆုံးဘာသာဆိုကို အပ်နှင်းခံရသည့် ဗုဒ္ဓဘာသာမှ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့ ညွှန်ပြထားပါသနည်းဟု ဆိုရချေမူ -

'ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လူသားတိုင်းဟာ လူသားတိုင်းကို တန်ဖိုးထားကာ လူသားတစ်ဦးချင်းစီ၏ စိတ်နှလုံးငြိမ်းချမ်းရေး နည်းလမ်းများကို အခြေခံကျကျ ဖော်ထုတ် မျှဝေးပေးမည့် လူ့ကျင့်ဝတ်ငါးပါးကို မဖြစ်မနေ ကျင့်သုံးရမည်'

ဟု ဗုဒ္ဓမှ ညွှန်ပြခဲ့ပါသည်။

ဤကျင့်ဝတ်ငါးပါးမှာ -

၁။ သက်ရှိသတ္တဝါ မှန်သမျှတို့၏ အသက်ကို မညှဉ်းဆဲ မသတ်ဖြတ်ခြင်း၊

၂။ သူများမပေးသည့် ဥစ္စာပစ္စည်းကို မခိုးယူခြင်း၊

၃။ သူတစ်ပါး သားသမီး၊ မယား၊ လင်တို့ကို မဖျက်ဆီးခြင်း၊ မတရားမယူခြင်း၊ ကာမဂုဏ်၌ မှားယွင်းစွာ မကျင့်ခြင်း၊

၄။ လိမ်ညာ၊ ကုန်းတိုက်၊ ကြမ်းတမ်းစွာမပြောဆိုခြင်း၊

၅။ အရက်၊ မူးယစ်ဆေးဝါးမှန်သမျှ မသုံးစွဲခြင်းတို့ ဖြစ်သည်။

ဖော်ပြပါ လူ့ကျင့်ဝတ်အပေါ်၌ လူသားများ၏ကျင့်သုံးမှုအလိုက် ကမ္ဘာ့ငြိမ်းချမ်းရေးသည် ဖြစ်တည်နေ၏။ လူ့ကျင့်ဝတ်ကိုလိုက်နာကျင့်သုံးသည့်ဒေသ၊ နိုင်ငံ၊ ပတ်ဝန်းကျင်တို့သည် ငြိမ်းချမ်းနေပြီး မလိုက်နာမကျင့်သုံးဘဲ ကျူးလွန်နေသည့် ဒေသပတ်ဝန်းကျင်တို့တွင် ငြိမ်းချမ်းရေးမဲ့နေမည်မှာ ထင်သာမြင်သာရှိပါသည်။

ဤတွင် လူ့ကျင့်ဝတ်ငါးပါးကိုကျင့်သုံးနိုင်ရန်အတွက် မူရင်းအခြေခံတရားနှစ်ပါးရှိပါသေးသည်။ မူရင်းအခြေခံတရားနှစ်ပါး ပြည့်စုံမှသာလျှင် လူ့ကျင့်ဝတ်ငါးပါးကို ကျင့်နိုင်ပါလိမ့်မည်။ မူရင်းအခြေခံတရားနှစ်ပါးမှာ အရှက်တရား (ဟိရီ) နှင့် အကြောက်တရား (ဩတ္တပ္ပ) တို့ ဖြစ်ပါသည်။ လူတစ်ယောက် အရှက်အကြောက်တရား ကင်းမဲ့လာပါက လူ့ကျင့်ဝတ်များကို ပြက်ရယ်ပြု၍ သူလုပ်ချင်ရာလုပ်တတ်ပါသည်။ ထိုအခါ လောက၏တည်ငြိမ်မှု ပျက်ပြားတတ်ပါသဖြင့် ဖော်ပြပါ မူရင်းအခြေခံတရားနှစ်ပါးကို 'လောကစောင့်တရား' ဟု ဗုဒ္ဓမှ ညွှန်ပြခဲ့ပါသည်။

အရှက်အကြောက်ကင်းမဲ့သည့် အပြုအမူတစ်ခုသည် မကောင်းမှုကို အားပေးလှုံ့ဆော်တတ်သလို မကောင်းမှုသည် လောကငြိမ်းချမ်းရေး၏ ရန်ဘက်လည်း ဖြစ်နေပါ၏။

တစ်ခါတစ်ရံ၌ မြင့်မြတ်ပါသည် ဆိုသော၊ အသိဉာဏ်ကြီးကျယ်ပါသည် ဆိုသောလူသားများ အရှက်အကြောက် ကင်းမဲ့လာသည့်အခါတွင် တိရစ္ဆာန်ထက် မိုက်မဲသောလုပ်ရပ်များကို လုပ်ဆောင်တတ်ကြပါသည်။ သို့ဖြစ်ပါ၍ လူသားတိုင်းသည် အရှက်နှင့်အကြောက်ကို ရင်မှာကိန်းဝပ်စေပြီး လူ့ကျင့်ဝတ်ကို ကျင့်သုံးသင့်ပါသည်။ လူ့ကျင့်ဝတ်ကျင့်သုံးမှု၊ မကျင့်သုံးမှုအလိုက် ကမ္ဘာ့ငြိမ်းချမ်းရေးသည်လည်း အတက်အကျဖြစ်နေပါမည်။ ဗုဒ္ဓဝါဒအလိုအရ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လူသားတိုင်းသည် လူ့ကျင့်ဝတ်ကို လူ့တာဝန်တစ်ရပ်အနေဖြင့် ကျင့်သုံးကြမှသာ ကမ္ဘာကြီးဟာ ငြိမ်းချမ်းနိုင်ပါမည်။

ဤတွင် ကမ္ဘာ့ငြိမ်းချမ်းရေး၊ လောကငြိမ်းချမ်းရေးကို တည်ဆောက်ဖန်တီးသည့်၊ လူ့ကျင့်ဝတ်ကို ကျင့်သုံးရာ၌ ပြည့်စုံသည့် ကျင့်ဝတ်တစ်ခုအဖြစ် သတ်မှတ်နိုင်ရန်အတွက် ထားရှိရမည့် စိတ်အခြေအနေ/အနေအထားများရှိပါသေးသည်။စိတ်အခြေအနေနှင့်ကျင့်ဝတ်သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေပါ၏။ ထားရှိရမည့် စိတ်အခြေအနေမှာ ဗြဟ္မစိုရ်စိတ်ဓာတ်ကို မွေးမြူထားရှိခြင်းပင် ဖြစ်သည်။ ဗြဟ္မစိုရ်ဆိုသည်မှာ မြတ်သောနေခြင်းဟု အဓိပ္ပာယ်ရပါသည်။

ဗုဒ္ဓဝါဒ၌ ဗြဟ္မစိုရ်စိတ်ထားသည် အနိမ့်ဆုံးအဆင့်ထဲ၌သာပါဝင်ပါသည်။ ထိုသဘောကို ဆရာဦးရွှေအောင်၏ 'ဗုဒ္ဓ သို့မဟုတ် လောကသားတို့၏ အနိုင်း[မဲ့] ကျေးဇူးရှင်' စာအုပ်၌ -

'အနိမ့်ဆုံးအမြင်ဆိုသည်မှာ ဗြဟ္မ စိုရ်မျက်စိဖြင့်ကြည့်၍ မြင်ရသောအမြင် ဖြစ်၏။ ဗြဟ္မစိုရ်မျက်စိမရှိလျှင် လူကိုလူလို မြင်အောင် မကြည့်တတ်။ ဤကမ္ဘာ မြေပြင်၌ လူတို့သည် ပျော်မွေ့ဖွယ်ကောင်းသော ငြိမ်းချမ်းသောဘဝကို ထူထောင်လိုကြပါလျှင် မိမိပတ်ဝန်းကျင်ရှိ လူများကို လူလိုမြင်အောင် ကြည့်တတ်ရန် လို၏။'

ဟု ရေးသားထားတာကို တွေ့ရပါသည်။

ဗြဟ္မစိုရ်စိတ်ဓာတ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖော်ကျူးသည့်နေရာ၌ အဓိကကျသည့်နေရာ၌ ရှိနေပါသည်။ ဤသို့အဓိကကျသည့်နေရာ၌ရှိနေသော ဗြဟ္မစိုရ်စိတ်ဓာတ်တွင် ထားရှိရမည့် ဗြဟ္မစိုရ်စိတ်ထား (၄) ပါး ရှိ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတို့ပင် ဖြစ်သည်။

(၁) မေတ္တာ ဆိုသည်မှာ သတ္တဝါများအပေါ် ကောင်းကျိုးလိုလားသည့် စိတ်နှင့် ချစ်ချစ်ခင်ခင်ပြုမူပြောဆိုဆက်ဆံကြရခြင်း ဖြစ်သည်။ မိမိနှင့်ပစ္စည်းဥစ္စာ၊ ပညာဂုဏ်ဒြပ်၊ အဆင့်အတန်းချင်း တူနေပါက ပုထုဇဉ်တို့သည် ဂုဏ်တုဂုဏ်ပြိုင်လုပ်တတ်ကြပါသည်။ ထိုသို့ ပြိုင်မည့်အစား မေတ္တာပွားများခြင်းဖြင့် ယဉ်ကျေးသိမ်မွေ့စေပြီး ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေပါမည်။

(၂) ကရုဏာဆိုသည်မှာ သတ္တဝါများအပေါ် သနားကြင်နာညှာတာခြင်း အထူးသဖြင့် ဆင်းရဲသည့်သတ္တဝါများအပေါ် သနားကြင်နာညှာတာပြီး အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ပေးခြင်း ဖြစ်ပါသည်။ မိမိထက် ပစ္စည်းဥစ္စာ ပညာဂုဏ်ဒြပ်အဆင့်အတန်း နိမ့်ကျနေသူများကို ပုထုဇဉ်တို့သည် နှိုင်လိုမင်းထက် ပြုလုပ်တတ်ကြပါသည်။ ထိုသို့ နှိုင်လိုမင်းထက်ပြုမည့်အစား ကရုဏာပွားများခြင်းဖြင့် ယဉ်ကျေးသိမ်မွေ့စေပြီး ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေပါသည်။

(၃) မုဒိတာ ဆိုသည်မှာ သူတစ်ပါးကောင်းစားခြင်း၊ ချမ်းသာခြင်းကို မြင်ရကြားရလျှင် မနာလိုမရှုဆိတ်မဖြစ်ဘဲ ဝမ်းမြောက်ဝမ်းသာရှိခြင်း ဖြစ်ပါသည်။ ပုထုဇဉ်တို့သည် မိမိထက် ပစ္စည်းဥစ္စာ၊ ပညာဂုဏ်ဒြပ်၊ အဆင့်အတန်း သာလွန်သူများအပေါ် မနာလိုဝန်တိုကာ ငြူစူ




www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ရာသီခွင်အလိုက် ဘဝဖြစ်စဉ်များ



**Pisces (The Fish)**
**မိန်ရာသီ (ငါးနှစ်ကောင်)**

**ဖေဖော်ဝါရီလ (၂၀) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ**

ကံကြမ္မာနှင့် သက်ဆိုင်သော အရာများ၊ လျှို့ဝှက်ရန်သူများ၏ အကြောင်းကိစ္စအဝဝကို ဖော်ပြသည်။

မိန်ရာသီသည် အာပေါဓာတ် (ရေ) ကို ကိုယ်စားပြုပြီး ရာသီရုပ်မှာငါး ဖြစ်သည်။ (၁၂) ရာသီစက်ဝန်း၏ နောက် ဆုံးရာသီခွင်လည်း ဖြစ်သည်။ ရာသီရုပ်ပုံစံမှ ဖော်ပြချက်အရ လူသားတို့၏စိတ်နှစ်ခွဖြစ်နေတတ်ခြင်းသဘောကို နားလည်သိမြင်နိုင်သည်။ လောကခံ၏ အရိုက်အနှက် (အထုအထောင်း) မည်သို့ပင် ပြင်းထန်နေစေကာမူ မတုန်မလှုပ် ကျောက်ဆစ်ရုပ်ကဲ့သို့ ကြံ့ကြံ့ခံနိုင်ပါသည်။ ခံယူချက်ပြင်းထန်သည်။ အမှတ်သည်းခြေကြီးတတ်သည်။ မလိုအပ်လျှင် စကားအပိုမပြောဘဲ နှုတ်ဆိတ်နေတတ်သည်။ မွေးရာပါဟုပြောရမည့် အလိုလိုသိသောဉာဏ် (ပါရမီ) ပါလာတတ်ကြသည်။ ဂမ္ဘီရဆန်သော အကြောင်းအရာများ၌ နှံ့စပ်သိနားလည်ပြီး မနောအာရုံအားကောင်းသူများလည်း ဖြစ်သည်။ ရှေ့ဖြစ်ကိစ္စများကို ကြိုတင် ဟောကိန်းထုတ်နိုင်ကြသည်။ အကြားအမြင်ရကြသည်။ တစ်နည်းအားဖြင့် ပင်ကိုပါ စိတ်စွမ်းအင်များ ပိုင်ဆိုင်ထားသူ ဖြစ်တတ်သည်။

မိန်ရာသီဖွားများသည် ပင်ကိုစရိုက်လက္ခဏာအရ တစ်နေရာတည်း၌ ကြာရှည်စွာ မနေထိုင်တတ်ကြပေ။

---

စောင်းမြောင်တတ်ကြပါသည်။ ထိုသို့ ဖြူစင်စောင်းမြောင်းမည့်အစား မုဒိတာပွားခြင်းဖြင့် လောကကြီးတွင် ယဉ်ကျေးသိမ်မွေ့စေပြီး ငြိမ်းချမ်းရေး ဖြစ်ပေါ်စေပါမည်။

(၄) ဥပေက္ခာ ဆိုသည်မှာ ဝမ်းသာသည်လည်းမဟုတ်၊ ဝမ်းနည်းသည်လည်းမဟုတ်ခြင်း တစ်နည်း လောဘ၊ ဒေါသကင်း၍ အညီအမျှသဘောထားနိုင်ခြင်း၊ ချမ်းသာမှု၊ ဆင်းရဲမှုတို့အပေါ် မျှတစွာ သည်းခံစောင့်ထိန်းခြင်း ဖြစ်ပါသည်။ သတ္တဝါအားလုံးတို့သည် မိမိပြုသော ကံအတိုင်းသာလျှင် ခံစားစံစားနေရခြင်း ဖြစ်သည်ဟု ခံယူကြခြင်းဖြင့် တပ်မက်ခြင်း၊ မုန်းတီးခြင်းကင်းရှင်းရန် ယဉ်ကျေးသိမ်မွေ့စေပြီး ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေပါမည်။

❐

ငြိမ်းချမ်းရေးအတွက် အဓိကကျင့်သုံးရမည့် လူ့ကျင့်ဝတ်နှင့် ထားရှိရမည့် စိတ်အခြေအနေ ပြဟ္မစိုရ်စိတ်ထားများသည် ဗုဒ္ဓဝါဒ၌ အခြေခံအဆင့်မျှသာ ရှိပါသည်။ ထိုအခြေခံအဆင့်မျှသာရှိသောကျင့်ဝတ်နှင့် စိတ်ထားသည် လူသားတစ်ဦးချင်းစီမှသည် တစ်ကမ္ဘာလုံးတိုင်အောင် ငြိမ်းချမ်းသောဘဝကို ပေးနိုင်စွမ်းရှိပါသည်။ ကျင့်ဖို့နှင့် ထားရှိဖို့ကသာ လူသားတိုင်း၏ တာဝန်တစ်ရပ်ဖြစ်ချေ၏။ ဖော်ပြခဲ့ပြီးပါ ကျင့်ဝတ်နှင့်စိတ်ထားများ ကင်းဝေးစွာဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်၍ရနိုင်မည်ဟုယုံကြည်၍မရနိုင်ပါ။

ကမ္ဘာ့အကောင်းဆုံးဗုဒ္ဓဝါဒသည် လူကို ဗဟိုပြုဝါဒဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးသည်လည်း လူကို ဗဟိုပြုသည့် လူသားနှင့် လူသား၏လုပ်ရပ်အပေါ် မှာ တည်မှီနေပါသည်။ ရုပ်ဝတ္ထုပစ္စည်းများ အံ့မခန်း တိုးတက်ပြီး လူ့ကျင့်ဝတ်နှင့် စိတ်ဓာတ်များ မရှိပါက လူသားသည် စက်ရုပ်လူသားနှင့်မခြား တည်ရှိကာ ပူလောင်မှုများနှင့်သာ ဘဝကိုဖြတ်သန်းနေရပါမည်။ ရုပ်ဝတ္ထုပစ္စည်းများ မတိုးတက်သော်လည်း လူ့ကျင့်ဝတ်နှင့် ပြဟ္မစိုရ်စိတ်ထားများရှိနေပါက ငြိမ်းချမ်းသာယာမှုကို ခံစားရပြီး သာယာလှပသော၊ အေးချမ်းသောဘဝများကို ပိုင်ဆိုင်ရမည်မှာ အသေအချာပင် ဖြစ်၏။

ဗုဒ္ဓမှ -

❐ အရပ်ဒေသတစ်ခုသည် ရွာဖြစ်ချင်ဖြစ်မည်။ တောဖြစ်ချင်ဖြစ်မည်။ ချိုင့်ဝှမ်းဖြစ်ချင်ဖြစ်မည်။ ကြည်းကုန်းဖြစ်ချင်ဖြစ်မည်။မည်သို့သောအရပ်ဒေသပင်ဖြစ်စေ သူတော်ကောင်းများနေထိုင်ရာဖြစ်ရိုးမှန်ပါက ထိုနေရာထိုဒေသသည် ငြိမ်းချမ်း ပျော်မွေ့ဖွယ်ရာ အကောင်းဆုံးဖြစ်၏ဟု ဟောကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကမ္ဘာ့အကောင်းဆုံး ဘာသာ ဗုဒ္ဓဝါဒအရ လူ့ကျင့်ဝတ်နှင့် ပြဟ္မစိုရ်စိတ်ထားများသည် ဘာသာတရားအားလုံးတို့မှသည် ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ လျှောက်လှမ်းရာတွင် လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တည်ဆောက်ရာတွင် လည်းကောင်း မရှိမဖြစ် အဓိကအရေးပါသည့် ကျင့်ဝတ်နှင့် စိတ်ထားများ ဖြစ်ပါသဖြင့် -

> ❐ *ငြိမ်းချမ်းရေးသည် အလှတရားဖြစ်၏။ အလှတရားသည် အလင်း၊ အမှောင်ကို ရွေး၏။ အလင်း၊ အမှောင်ကိုရွေးသည့် အလှတရား၌ အလင်း၊ အမှောင်ကို မရွေးသည့် ကိုယ်ကျင့်တရား (လူသားကျင့်ဝတ်နှင့် စိတ်ထား) ကို ဖြည့်စွက်လိုက်မည်ဆိုပါက ကမ္ဘာသူကမ္ဘာသားအားလုံး၏ ငြိမ်းချမ်းရေးသည်လည်း. . . ။*

ကိုရွှေမြသန်း (သမိုင်း)

**မှီငြမ်း -**


၁။ ဗုဒ္ဓ သို့မဟုတ် လောကသားတို့၏ အနိုင်းမဲ့ကျေးဇူးရှင်
(ဦးရွှေအောင်)
၂။ အတ္တဝါဒမှအနတ္တဝါဒသို့ခရီးစဉ်
(ဦးရွှေအောင်)
၃။ ဘာသာကြီးလေးခုအနှစ်သာရများ
(ညိုသောင်း)
၄။ ဗုဒ္ဓဝါဒနှင့်ကမ္ဘာ့ငြိမ်းချမ်းရေး
(ဓမ္မစက္ကဖောင်ဒေးရှင်း)




www.burmeseclassic.com

www.burmeseclassic.com

စစ်မှန်သောငြိမ်းချမ်းရေးနှင့် ပျော်ရွှင်မှု ရရှိပိုင်ဆိုင်ရေးအတွက် မနားမနေ ကြိုးစားအားထုတ်တတ်ကြသည်။ တစ်သက်တာ လွတ်လပ်ပျော်ရွှင်မှုအား နှောင့်ယှက် ဖျက်ဆီးလာသူမှန်သမျှအပေါ် လုံးဝ သည်းမခံတတ်ကြပေ။

မိန်ရာသီဖွား (များ) ကို အမှတ်မထင် (သင်) တွေ့ရှိခဲ့ပါက ပထမဆုံး ခြေထောက်မှစ၍ လေ့လာနိုင်ပါသည်။ ခြေထောက်များ နုနယ်သိမ်မွေ့ပြီး သေးငယ်တတ်သည်။ တစ်ခါတစ်ရံ၌လည်း ခြေထောက်၊ ခြေချောင်းများ အလွန်ကြီးထွားနေပြီး အလွန်ပင်ပန်းနေသော ခဝါသည်အမျိုးသမီးတို့၏ ခြေထောက်ကဲ့သို့ ပြန့်ကားနေတတ်သည်။ အလားတူ လက်နှင့် လက်ချောင်းများသည်လည်း ပိန်လှီသေးသွယ်တတ်သည်။ အရေပြားများသည် ပိုးသားတမျှ နူးညံ့ချောမွေ့တတ်ကြသည်။ မျက်လုံးများက အမြဲတမ်းစေအရည်လဲ့နေကြသည်။ မျက်ခွံများကြီးမားတတ်သည်။ အများအားဖြင့် မျက်လုံးများ စူးရှတောက်ပလှပသည်။ မျက်လုံးမျက်ဖန်ကောင်းသူများဟုဆိုနိုင်သည်။ မျက်နှာပေါ်၌ တွန့်နေသော အရေးအကြောင်းများထက် ပါးချိုင့်များ ပါရှိတတ်သည်။ အရပ်ရှည်ကြသည်။ ခန္ဓာကိုယ်တည်ဆောက်ပုံသည် တစ်ခါတစ်ရံ၌ ကိုးရိုးကားယားနိုင်တတ်သည်။ ရေခဲရေနှစ်သက်တတ်သည်။ တစ်နေ့လျှင် ကော်ဖီ (သို့) လက်ဖက်ရည် ဆယ်ခွက်ကျော်ကျော်သောက်သုံးတတ်သည့် အလေ့အထရှိတတ်သည်။ သို့သော်လည်း သေရည်သေရက်သောက်စားခြင်းကို ဝေးဝေးမှရှောင်ကြဉ်တတ်ကြသည်။ မိန်ရာသီဖွားတို့အနေဖြင့် တစ်လောကလုံးအား နှင်းဆီပွင့်များဖြင့်အတိဖြန့်ခင်းလျက် တွေ့မြင်လိုသော အလိုဆန္ဒရှိကြ၏။ အရာအားလုံး အကောင်းအတိုင်းရှိစေချင်ကြသည်။ အများအတွက်အပြည့်အဝ မဖြည့်စွမ်းပေးနိုင်သည့်တိုင် မိမိတစ်ကိုယ်စာနေထိုင်ရန် ရေရှိရှိဖြင့် အေးချမ်းသာယာသော(သီးခြား)ဘဝ တည်ဆောက်လိုကြသည်။

မိန်ရာသီဖွား စာရေးဆရာ၊ ပန်းချီဆရာတို့သည် မိမိတို့ဝါသနာပါရာ အနုပညာနယ်ပယ်အလိုက် လွတ်လပ်စွာသွားလာနေထိုင်လေ့ရှိသည်။ မိမိတတ်စွမ်းသည့်အပိုင်းကဏ္ဍအလိုက် ပြောင်မြောက်အောင် စွမ်းဆောင်ပေးနိုင်ကြသည်။

ရာသီရှုပ်တွင် ဖော်ပြသော ငါးနှစ်ကောင်သည် ဆန့်ကျင်ဘက်လားရာကို ကိုယ်စားပြုသဖြင့် လူသားတို့၏ စိတ်နှစ်ခွဖြစ်ခြင်းသဘောကိုပါ ထင်ဟပ်စေပါသည်။ ငါးတစ်ကောင်အနေဖြင့် ရေမျက်နှာပြင်အပေါ် ဆုံးသို့တိုင်ရောက်အောင် ကူးခပ်သွားနိုင်သလို ရေမျက်နှာအောက်ခြေ (ကြမ်းပြင်) အထိလည်း ငုပ်လျှိုးထိုးစိုက်ကူးခပ်သွားနိုင်ပါသည်။

သူမတူသော စွမ်းရည်အသီးသီးပိုင်ဆိုင်ထားသူများပီပီ အထက်အောက် မိမိအလိုရှိသလို သွားလာ (ချုပ်ကိုင်) နိုင်ပါသည်။

မိန်ရာသီဖွားများ၏ဘဝရပ်တည်မှုပုံစံအမျိုးမျိုးကို လေ့လာပါက ငါးသိုလှောင်ရုံ(ဂိုဒေါင်)ဝန်ထမ်းအလုပ်သမားများမှ ကလေးဆေးရုံများရှိ သူနာပြုများအထိ တွေ့ရှိရတတ်သည်။ မည်သို့သော ဘဝအဆင့်အတန်းမှာပင် ရပ်တည်နေရသည်ဖြစ်စေ နောင်ဘာဖြစ်တော့မည်ဆိုသည်ကို အများထက်ပို၍ ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ကြသည်။ အတိတ်နိမိတ်အိပ်မက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်ကြသည်။ မိန်ရာသီဖွားသည် သေဆုံးခြင်းနှင့် ထာဝရတည်မြဲခြင်း သဘောကိုလည်း ကိုယ်စားပြုဖော်ပြပြန်သည်။

မိန်ရာသီဖွားများသည် ပင်ကိုစရိုက်အရ ဂီတနှင့် အနုပညာအပေါ် ချစ်မြတ်နိုးကြသည်။ မိမိကိုယ်၌ အများနှင့်မတူသောစွမ်းရည်သတ္တိများကို အားကိုးလျက် တစ်ခါတစ်ရံ မိမိကိုယ်ကို ဂရုမစိုက်မိတတ်သည်လည်းရှိကြသည်။ ငွေကြေးအခက်အခဲကိစ္စနှင့်တစ်ခုခုသော စိတ်လှုပ်ရှားခံစားမှုများက ၎င်းရာသီဖွားတို့အတွက် ဒုက္ခတစ်ရပ်ပင်ဖြစ်သည်။

မိမိကျန်းမာရေးအား ဂရုမစိုက်မိတတ်ခြင်းကြောင့် အိပ်ရေးပျက်၍ ဒယီးဒယိုင်(မူးနောက်နောက်) ဖြစ်တတ်ခြင်း၊ အစားအသောက်ဆင်းရဲခြင်း (သို့) ဖြစ်သလို စားသောက်တတ်ခြင်းကြောင့် အသည်း၊ အစာလမ်းကြောင်း (အူ)နှင့် အစာခြေဖျက်မှုအင်္ဂါအဖွဲ့ စသည်တို့၌ ရောဂါဖြစ်ပွားတတ်ပါသည်။ သာမန်ထက် ပြင်းထန်သော မတော်တဆထိခိုက်မှုများဖြစ်ခဲ့ပါက ခြေ၊ လက်၊ တင်ပါးဆုံတို့၌ အများဆုံး ဒဏ်ရာရရှိတတ်သည်။ အဖျားရောဂါများအနေဖြင့် အအေးမိရောဂါ၊ တုပ်ကွေးရောဂါ၊ အဆုတ်အအေးမိ၊ အဆုတ်ရောင်ရောဂါများ ဖြစ်တတ်သည်။ အဆုတ်အားမကောင်းတတ်ပေ။ ခြေချောင်းထိပ်ဖျားပိုင်းများနှင့် ခြေမျက်စိတို့ အားနည်းတတ်သည်။

ကြောက်ရွံ့ထိတ်လန့်တတ်စရာများအနေဖြင့် ကြောင်၊ ကြွက်၊ ဖား၊ မြေအောက်ကား၊ ရထားလမ်း၊ မာတ်လှေကားစီးရခြင်း စသည်တို့အား မြင်တွေ့ကြားသိစီးနင်းရခြင်း၌ များစွာတွန့်ဆုတ်တတ်ကြသည်။ အချို့ဆိုလျှင် လူအများနှင့် ထိတွေ့ဆက်ဆံပြောဆိုရခြင်းများကို အစွမ်းကုန်ဆုံး ကြိုးစားရှောင်ရှားတတ်ကြသည်။

ရံဖန်ရံခါ ပျော်ရွှင် လွတ်လပ်စွာ နေထိုင်ဆက်ဆံတတ်သလို တစ်ခါတစ်ရံ၌လည်း သွေးအေးအေးဖြင့် ရက်စက်ကြမ်းတမ်းတတ်ကြသည်။ မိမိတို့၏ ရင်တွင်းခံစားချက်အား အခြားသော အာရုံစိတ်ခံစားမှုများဖြင့် အပေါ်မှဖုံးဖိထားတတ်ကြသည်။ အားနည်းသူ၊ နာမကျန်းသူများအပေါ် စာနာစိတ်ရှေ့ထား၍ စောင်မ ကြည့်ရှုတတ်သည်။

**မိန်ရာသီဖွား (အမျိုးသား)**

၎င်းရာသီဖွား အမျိုးသားများသည် သင်ဖြစ်စေလိုသောအနေအထားအမျိုးမျိုးအား ပြုလုပ်ဖန်တီးနိုင်စွမ်းရှိကြသလို ဆန့်ကျင်ဘက်အနေဖြင့် သင်မနှစ်မြို့ မလိုလားသည်မှန်သမျှကို လုပ်ပြတတ်ကြသည်။ ဆန့်ကျင်ဘက်လားရာနှစ်ခု သဘောတရားအတိုင်းပင် ဖြစ်ပါသည်။

ဘဝ၏ စိန်ခေါ်မှုအဝဝကို ကြံ့ကြံ့ခိုင် ရင်ဆိုင်တတ်ခြင်းကြောင့် မိမိရည်မှန်းထားသည့်အတိုင်း ဖြစ်မလာသည့်တိုင် ကျေနပ်မှုလုံလောက်စွာရရှိသည်အထိ ရပ်တည်နိုင်ခဲ့ကြသည်။ အဆိုးများထဲမှ အကောင်းဆုံးဖြစ်အောင် ဖန်တီးနိုင်ကြသည်။

မိန်ရာသီဖွားအများစုအား ပန်းချီအကျော်အမော်၊ စာရေးဆရာ၊ တေးရေးသူ ဂီတရှင်များလောက၌ အများဆုံး တွေ့ရှိရတတ်သည်။ မည်မျှပင် ခက်ခဲသော ရေဆန်ခရီးပင်ဖြစ်စေ (ဆန်တက်ကူးခပ်) ၍ မရောက်ရောက်အောင်သွားနိုင်ကြသည်။ ၎င်းပြင် ဂမ္ဘီရဆန်သော လျှို့ဝှက်ကျင့်စဉ်များအားလိုက်စားခြင်း၊ ယောဂကျင့်စဉ်ကျင့်ခြင်း၊ ဈာန်ကျင့်စဉ်ကျင့်ခြင်းနှင့် ၎င်းကျင့်စဉ်အမျိုးမျိုးအား ခွဲခြမ်းစိတ်ဖြာ သုတေသနပြုခြင်းတို့၌ အကျိုးပေးတတ်သည်။ ဂဏန်းသင်္ချာဗေဒပညာ၊ နက္ခတ္တဗေဒပညာနှင့် လက္ခဏာပညာရပ်တို့၌ ပြောင်မြောက်



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်အောင် လေ့လာလိုက်စားနိုင်ကြသည်။ စိတ်တိုင်းမကျသောအခြေအနေများနှင့် ကြုံတွေ့ရပါက စိတ်ပျက်အားငယ်ခြင်းဖြစ်တတ်သလို တစ်ခါတစ်ရံ ဒေါသအိုးပေါက်ကွဲ၍ ၎င်း၏ ဒေါသအရှိန် တော်ရုံမပြေပျောက်ဘဲ တာရှည်ရှိနေတတ်သည်။

**မိန်ရာသီဖွား (အမျိုးသမီး)**

၎င်းရာသီဖွားတို့သည် အမျိုးသမီးများပင်ဖြစ်သော်လည်း အမျိုးသားများနည်းတူ ကိုယ့်ထူးကိုယ်ချွန်နိုင်ကြသည်။ မိမိကိုယ်ပိုင်အစွမ်းအစရှိခြင်းကြောင့် အားမနွဲ့တတ်သော်လည်း အမျိုးသားတို့မှ သူမ၏လိုအပ်ချက်ကို ဖြည့်ဆည်းလျက် အကာအကွယ်ပေးစေလိုကြသည်။ ဂရုစိုက်စေလိုကြ၏။ မိမိအားကိုးလောက်သောအမျိုးသားတစ်ဦးဦး၏ ယောကျ်ားပီသသော ပခုံးပြင်ကျယ်၊ ရင်ခွင်ကျယ်ကြီး၌ မှီခို့လိုကြသည်။

မိန်ရာသီဖွား အမျိုးသမီးတို့၏သဘာဝအရ ချစ်သူ၊ အမျိုးသားမိတ်ဆွေ၊ အစ်ကိုအရင်းအချာ၊ ဖခင် စသည်ဖြင့် ယောကျ်ားသားတစ်ဦးဦးမှ သူမတို့အတွက် အခိုင်အမာ ရပ်တည်ပေးစေလိုကြသည်။

၎င်းရာသီဖွားအမျိုးသမီးတို့သည် သူမတို့၏ နှလုံးသား၌ သားသမီးများအတွက်သာ စဉ်းစားထားလေ့ ရှိကြသည်။ မိခင်တစ်ဦးသဘာဝအရ မိမိရင်သွေးများအတွက် အရာရာကို စွန့်လွှတ်အနစ်နာခံဝံ့ကြသည်၊

**မိန်ရာသီဖွား (ကလေး)**

မိန်ရာသီဖွားကလေးငယ်များသည် အခြားရာသီဖွားကလေးများကဲ့သို့ ဖြစ်ချင်းဖြစ်စဉ်အတိုင်းမဟုတ်ဘဲ တစ်နေကုန်အိပ်စက်တတ်ပြီး ညပိုင်း လူအများအိပ်ချိန်၌ တစ်ညလုံး (မအိပ်စက်ဘဲ) နိုးကြားနေတတ်သည်။ မိမိတို့စိတ်ဝင်စားရာတစ်စုံတစ်ခုတွေ့ရှိပါက မရမချင်း ငိုယိုလျက် ကြိုးစားတတ်သည်။ ဆာလောင်သည့်အချိန်ရောက်လျှင် အစာတောင်းတတ်ပြီး ကစား၍ ပင်ပန်းနွမ်းနယ်သည်နှင့် အိပ်စက်တတ်သည်။ ၎င်းကလေးငယ်မျိုးများအား သီးခြားတာဝန်ယူ၍ တစ်ယောက်ယောက်မှ စောင့်ရှောက်ပေးရတတ်သည်။

မိန်ရာသီဖွား ယောကျ်ားကလေးရော မိန်းကလေးများပါ အနုပညာရပ်၌ ဝါသနာအထုံပါရှိတတ်ကြသည်။

**မိန်ရာသီဖွား (သူဌေး)**

၎င်းရာသီဖွားသူဌေးအများစုအား လုပ်ငန်းအမျိုးမျိုး၌ အထက်အကြီးအကဲ (အမှုဆောင်အရာရှိ) ရာထူးများတွင်သာ တွေ့ရတတ်သည်။ ငယ်ရွယ်စဉ်အခါက ကျွမ်းကျင်လိမ္မာမှုရှိခဲ့သောအတတ်ပညာ၊ ဗဟုသုတများအား သူဌေးတစ်ယောက်ဖြစ်လာချိန် ဘဝ၌ လက်တွေ့အသုံးချတတ်သည်။ ဝန်ထမ်းအများစု၏ ယုံကြည်အားထား မှီခိုလောက်သည့် အလုပ်ရှင်(သူဌေး)တစ်ဦးအဖြစ် တာရှည်ရှင်သန်ရပ်တည်နိုင်ရန် အမြဲကြိုးစားနေတတ်သည်။

မိန်ရာသီဖွား (သူဌေး) တို့နှင့်ပတ်သတ်သည့် မွေးပုံ့သည့် ဂုဏ်သတင်းများသည် ရေဒီယိုသတင်းဌာနများ၊ ရုပ်သံဌာနများမှတစ်ဆင့် အရပ်ရှစ်မျက်နှာသို့ ပျံ့နှံ့သက်ရောက်စေနိုင်ခဲ့သည်။ များစွာသော ခရီးသွားလုပ်ငန်း (အေဂျင်စီ) များ၌ မိန်ရာသီဖွား အမှုဆောင်အရာရှိများ၏ စွမ်းဆောင်ရည်အဝဝကို လေ့လာ တွေ့ရှိနိုင်သည်။ ထက်မြက်သော စွမ်းဆောင်ရည်များကြောင့်လည်း ထိုက်တန်သော အကျိုးအမြတ်နှင့် တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ကြသည်။

မိန်ရာသီဖွား (သူဌေး) တို့သည် တစ်လောကလုံးရှိ လူသားများအား အလုပ်အကျွေးပြုရန် မွေးဖွားလာသူများအဖြစ် တွေ့ရပါသည်။ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့များ၌ ဦးစီးနာယကများအဖြစ်ရပ်တည်လျက် အများအကျိုးဆောင်ပေးနိုင်ကြသည်။ စခန်းသွင်းလေ့ကျင့်ရေးအဖွဲ့၌ ဒါရိုက်တာများအဖြစ် လည်းကောင်း၊ ဘုရားကျောင်း၌ ပြုလုပ်သည့် သက်ဆိုင်ရာအဖွဲ့အစည်း (အသင်း) များ၏ အစည်းအဝေး၌ နာယကအဖြစ် လည်းကောင်း၊ ဥပဒေကျောင်း၊ ဆေးပညာသင်ကျောင်းများ၏ စီမံရေးဌာနအကြီးအကဲအဖြစ် လည်းကောင်း တွေ့ရတတ်သည်။ ပြဿနာတစ်စုံတစ်ရာ ဖြေရှင်းနိုင်ရေးအတွက် ဇာတ်လမ်းမှန်အစအဆုံးအား ရိုးသားသောစိတ်အစဉ်ဖြင့် (ဘက်လိုက်မှုမရှိဘဲ) သေချာစွာ နားထောင် လေ့လာတတ်သည်။ မိမိနှင့်သက်ဆိုင်သောတာဝန်ယူရမည့်ကိစ္စအဝဝအပေါ် ကျေပွန်အောင် ထမ်းဆောင်တတ်သည်။

တစ်ခါတစ်ရံ၌ လူအများနှင့်ဝေးရာသို့ ခေတ္တသွားရောက်၍ တစ်စုံတစ်ခုသောကိစ္စအတွက် အလေးအနက်စဉ်းစားနေတတ်သည်။

အချို့မိန်ရာသီဖွားများသည် ရုပ်ရှင်သရုပ်ဆောင် (မင်းသား၊ မင်းသမီး) များအဖြစ် မွေးဖွားလာကြသည်။ ခရီးရှည်များစွာ ထွက်တတ်ကြသည်။ အကြောင်းကိစ္စတစ်ခုကြောင့် စိတ်ဓာတ်ကျနေသူသင့်အား မိန်ရာသီဖွားသူဌေးများ ညစာဖိတ်ကျွေးလျက် အားပေးနှစ်သိမ့်စကားပြောကြားခြင်းဖြင့် သင့်အား ခွန်အားသစ်များ ပြန်လည် မွေးဖွားလာစေပါသည်။

**မိန်ရာသီဖွား (အလုပ်သမား)**

ငါးများသည် ၎င်းတို့ ရှင်သန်နေထိုင်ရာ ရေကန်များပေါ်၌ တည်မှီ မှီခိုနေရသလို မိန်ရာသီဖွားအလုပ်သမားအနေဖြင့်လည်း ၎င်းတို့ရှင်သန်လုပ်ကိုင်နေရသော အလုပ်ခွင်ဌာနများအပေါ် မှီခိုနေရသည်။

မိန်ရာသီဖွား အလုပ်သမားတို့သည် လတ်တလော အခြေအနေပေးသည့်အလုပ်တွင် လုပ်နေရသော်လည်း ရင်တွင်း၌ ရည်ရွယ်ချက်အမှန် ဖုံးကွယ်ထားတတ်ကြသည်။ အနုပညာခံစားမှုပြင်းထန်ခြင်း၊ အနုပညာအမြင် (ပါရမီ) ရှိတတ်ခြင်းကြောင့် ၎င်းရာသီဖွားများအား ကပွဲရုံများ၌ မီးအလင်းအမှောင်ချိန်ဆညှိပေးခြင်း၊ ပြတိုက်များ၌ မွမ်းမံခြယ်သတန်ဆာဆင်ခြင်း၊ ဇာပန်းထိုးခြင်းများ၌ ကျွမ်းကျင်ခြင်း၊ တူရိယာပစ္စည်းများပြုလုပ်ခြင်း၌ ကျွမ်းကျင်ခြင်းရှိတတ်ကြောင်း လေ့လာတွေ့ရှိရသည်။ ဆံပင်ပုံစံများအားဖြင့် သာမန်ထက် ထူးခြားသော အနေအထားရှိကြသည်။ တစ်ခါတစ်ရံ၌ အသွင်အပြင်ကောင်းသော ကျောင်းဆရာများအဖြစ်လည်း တွေ့ရှိရသည်၊ အရည်အချင်းတစ်မျိုးစီပိုင်ဆိုင်ထားတတ်သော မိန်ရာသီဖွားတစ်ဦးဦးအား သင်၏ညာလက်ရုံးအဖြစ် အားကိုးအားထားပြုနိုင်သည်။

မိန်ရာသီဖွား အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဝန်ထမ်း (အလုပ်သမား) ဘဝ၌ ထိုက်တန်သောလုပ်ခ (လစာ)ကိုသာ ရယူခြင်းဖြင့် ကျေနပ်နိုင်ကြသည်။ အိမ်ထောင်သည် မိန်ရာသီဖွားများထက် အိမ်ထောင်မရှိသူမိန်ရာသီဖွားများက ပို၍ အလုပ်တာဝန် စွမ်းဆောင်နိုင်ကြသည်။

ဦးအောင်လှိုင် (သုခဉာဏ)



www.burmeseclassic.com

www.burmeseclassic.com

# မျိုးသစ်

## နှုတ်ဝစီဆိုး

အဘိဓာန်တွင် ဓလေ့ကို လုပ်ရိုး လုပ်စဉ်၊ အလေ့အထလို့ သတ်မှတ်ပါတယ်။ စရိုက်ဆိုတာကတော့ အပြုအမူ အထုံဝါသနာလို့ သတ်မှတ်တယ်တဲ့။ အမှန်ဆိုရင် ဓလေ့ဟာ စရိုက်သဘောပါပဲ။ ထုံးစံလို့လည်း အဓိပ္ပာယ်သက်ဝင်စေပါတယ်။ လူတွေမှာ ဓလေ့စရိုက်တွေရှိတာမှ အနမတဂ္ဂ။ လူစုံခိုက် စကားဝိုင်းတွေမှာ စကားပြောရင် သတိထားကြည့်မိမှာပေါ့။ တချို့က လိုရင်းတိုရှင်း ပြောကြတော့ တိုတိုပြတ်ပြတ်ပဲလေ။ တချို့ကပြောရင် ဖွဲ့ကာနွဲ့ကာပြောလေ့ရှိတာမို့ တထုံးတဖွဲ့ကြီးလို့ ဆိုရမယ်။ တချို့က တိုတိုပြောလို့ နားမလည်တာရှိပြီး စကားကြောရှည်တာ မကြိုက်သူလည်းရှိပါရဲ့။ လူ့အကြိုက်ကလည်း အမျိုးမျိုးရှိကြမှာပဲ။ အဲဒီလိုမျိုးထက် စကားပြောရင် တချို့က သူ့စကားမှန်ကန်ကြောင်း သက်သေထူတဲ့အနေနဲ့ ဘာဖြစ်ပါစေညာဖြစ်ပါစေလို့ ကျိန်တွယ်ပြောတတ်ကြတယ်။ အဆဲအဆိုလေးပါမှ စကားပြောတတ်သလို အကျင့်ကပါနေတော့ ပြောရင် အကျိန်အတွယ်လေးသုံးနေကျဖြစ်လို့ ကျိန်တွယ်တာမပါရင် မပြောတတ်ဘူးလား မသိဘူး။ တချို့က သုတစ်ပါးကိုကျိန်တယ်။ စာပေကျမ်းဂန်ထဲမှာတော့ ကျိန်ခြင်းငါးပါးရှိတယ်။

၁။ သန္ဓေပျက်သတ်သားပြွတ်ချဆိုတဲ့ (သန္ဓိ)ကျိန်ခြင်း၊
၂။ မျိုးမဲ့လူယုတ်ဆိုတဲ့ (မိတ္တ)ကျိန်ခြင်း၊
၃။ ဆဲတတ်တောင်းတတ် ပြည်မြွတ်ကံကျွေး ခွန်ပေးခံသူ ဆိုတဲ့(လစ္စ)ကျိန်ခြင်း၊
၄။ လူလျှပ်လူပေါက်သားယောက်ထားသူဆိုတဲ့ (ဂေါယသျှ) ကျိန်ခြင်း၊
၅။ ရွှေငွေအိုးတို့ကို တောစိုးရေက တူးဖော်ရ၍ကြွယ်ဝသူဆိုတဲ့ (အဟိတ) ကျိန်ခြင်းတဲ့။

ရှေးက ကျိန်ကြတာမျိုးတွေပါ။ ခုလူတွေကျိန်တာက တစ်မျိုးဆန်းသစ်တယ်။ သူတစ်ပါးကို ကျိန်တွယ်တာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ်ကျိန်တွယ်ပြောတတ်တာကြီးက ဆိုးလှတယ်။ ကျိန်တာတွေ ယုံ၊ မယုံ မပြောနိုင်ပေမယ့် ကျိန်တဲ့အပြောအဆိုကြီးဟာ နားဝင်ဆိုးလှတာတော့ ကျိန်းသေပါပဲ။

ဟင်္သာတ ပိုးစာတောကျောင်းက (ပျံတော်မူသွားရှာပြီဖြစ်တဲ့) စာချဆရာတော် ဦးဇယန္တ အမြဲမိန့်ခဲ့ဖူးတာ သတိရမိသေးတော့တယ်။

"နဝင်းမကောင်းတဲ့ စကားကို မပြောမိစေနဲ့။ နဝင်းကောင်းအောင်နေတတ်ပါစေ။ နဝင်းကောင်းဖို့ အရေးကြီးတယ်" တဲ့။

ဆရာတော် မိန့်လိုရင်းက သုဘာသိတဝါစာ ပြောဆိုခြင်းကိုသာ ပြောဆိုဖို့ ရည်ညွှန်းတာပါ။ ဝစီဒုစရိုက်လေးပါး (မုသာဝါစာ၊ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ) ကို ရှောင်ကြဉ်ပြီး ဝစီသုစရိုက်လေးပါး (သုဘာသိတဝါစာ၊ ဓမ္မဝါစာ၊ ပိယဝါစာ၊ သစ္စဝါစာ) စကားကောင်းပြောဖို့လည်း ရည်ညွှန်းတယ်လို့ ပြောရမှာပါပဲ။ လူတချို့ ကျိန်တာတွေ ကြားဖူးကောင်းကြားမိပါလိမ့်မယ်။

'ဘုရားစူးရစေရဲ့၊ ဝမ်းကျရပါစေရဲ့၊ ကာလနာတိုက်ရပါစေရဲ့' စုံနေတာပါ။ ဆိုရင်းအဓိပ္ပာယ်သိပ်မပေါက်တဲ့ ကျိန်တာတွေရှိသေးတယ်။

'သောက်နေတဲ့ဆေးလိပ်မီးလို တ ရစေရဲ့၊ ငုတ်တုတ်ပျောက်ရစေရဲ့' တဲ့ ပြီး ဆိုးဆိုးဝါးဝါး ရက်ရက်စက်စက်ကျိန် တတ်တာမျိုးရှိပြန်တယ်။

'လှူသမျှတန်းသမျှ မရဘဲရှိရစေ ရဲ့' တဲ့လေ။ ကမ်းကုန်ပါလေရော။

တိုက်ဆိုင်တယ်ပဲဆိုဆို၊ ကြုံကြိုက် သွားတယ်လို့ပဲပြောပြော၊ ဖြစ်ရမယ့်ကံ ပါလာတယ်မှတ်ချက်ပေးပေး စကား ပြောရင် ဓလေ့စရိုက်အရ ပြောတတ်သူ သုံးဦးအကြောင်း ပြောပြချင်တယ်။ ပြော လောက်အောင်လည်း ထူးတာကိုး။

❐

သူက ဘယ်စကားပြောပြောကျိန် ပြောတတ်တဲ့အကျင့်။ ဝသီပါနေတယ် လို့လည်း ပြောကြမယ်။ သူ့နာမည်က ကိုစိန်ဖေ။ အလုပ်ကတော့ ရရာလုပ် တတ်တယ်။ သိပ်ပြီး ဇီဇာကြောင်၊ ဇာခွဲ တဲ့လူစား မဟုတ်ဘူး။ ရပ်ကွက်ထဲ အလုပ်မရွေးမှလည်း ကိုက်မှာမဟုတ် လား။ တစ်ဆောင်းလုံး ရေနံသုတ်တယ်။ နွေရောက်တော့ သစ်ပင်ချိုင်တယ်။ ခြံ ကာ၊ တွင်းတူး၊ အိမ်မိုး၊ အိမ်ပြင် အကုန် လုပ်တာပါ။ ဖြစ်ဖြစ်မြောက်မြောက် သစ်နဲ့ အိမ်ကြီးရခိုင်မဆောက်တတ်ပေ မယ့် ဝါးအိမ်တစ်လုံးတော့ဆောက်တတ် တယ်။ ကာဖို့ ထရံကအစ ရက်ပေးတတ် တာ ဆိုတော့ အဆင်ပြေတာပေါ့။

ဒီလိုနဲ့ ကိုစိန်ဖေ၊ မမြိုင်တို့ ဇနီး မောင်နှံနှစ်ဦး အပါအဝင် ကလေးသုံး ယောက် (မိသားစု ငါးယောက်) ဟာ ရပ်ကွက်အတွင်းပိုင်း ပေလေးဆယ်၊ ပေ





www.burmeseclassic.com

www.burmeseclassic.com

ခြောက်ဆယ် မြေကွက်ကလေးပေါ်က သစ်တစ်ခြမ်း၊ ဝါးတစ်ပိုင်းအိမ်လေးမှာ နေလာခဲ့ကြတယ်။ ကိုစိန်ဖေဟာ အလွန်အကျုံကြီးမဟုတ်ပေမယ့် အသောက်အစားက မကင်းလှဘူး။ ကြုံရင်ကြုံသလို အပေါင်းအသင်းဆုံရင် သောက်တတ်စားတတ်တယ်။ သူက သောက်သာသောက်တာ၊ အိမ်က မိန်းမတော့ ရန်မရှာတတ်ဘူး။ သူတို့ မိသားစုလေးဟာ အရပ်ထဲမှာလည်း လူတိုင်းနဲ့တည့်တာပါပဲ။ ဇနီးက စကားနည်းတယ်။ အိမ်မလည်တတ်ဘူး။ ဒါကြောင့် အရပ်ထဲ ပြဿနာမဖြစ်တာဘဲပေါ့။

ကိုစိန်ဖေကို မကြိုက်စရာက တစ်ချက်တည်းရယ်။ စကားပြောရင် တယ်ကျိန်တတ်တာကလား။ သူ့ကိုလည်း မယုံသင်္ကာဖြစ်စရာအကြောင်း မရှိဘူးလေ။ သူ့မှာ အလိမ်အကောက် မရှိတာ လူတိုင်းအသိ။ ဒါပေမယ့် သူ့ဝသီက အခက်သား။ သူနဲ့ စကားဆယ်လုံးပြောရင် လေးလုံးက ကျိန်တာဖြစ်လာပါလေရော။ ပြောတာလည်း အမှတ်မထားဘူး။ ခက်တဲ့လူစားပါပဲ။





www.burmeseclassic.com

www.burmeseclassic.com

"ကိုစိန်ဖေ၊ ဥပုသ်ထွက်ရင် အိမ်လာခဲ့နော်။ အလုပ်ရှိတယ်။ ဆက်ဆက်လာခဲ့ပါ။ မေ့လည်းနေဦးမယ်"

တစ်ယောက်ယောက်က သတိပေးရင် -

"စိတ်ချဆရာ၊ မလာရင် သေခြင်းဆိုးနဲ့သေရစေရဲ့။ လာပါ့မယ်"

ဖြေမှာပါ။

အဲဒီလိုလူမျိုး။ လွယ်လွယ်လေးနဲ့ ကျိန်လိုက်တာပဲ။ သူ့အကျင့်ကိုး။

"ကိုစိန်ဖေ၊ အလုပ်ဘယ်တော့ပြတ်မလဲ"

သူ့ကိုမေးရင်လည်း -

"မနက်ဖြန်ညနေ ပြတ်မယ် တကယ်ပြောတာ။ သေခြင်းဆိုးနဲ့သေရစေရဲ့"

သူ့အဖြေက ကျိန်လိုက်တာပါပဲ။ တချို့က ကွယ်ရာမှာ သူ့ကို သေခြင်းဆိုးစိန်ဖေတဲ့။ ရယ်သွမ်းသွေးကြတဲ့စကားဆိုရမှာပေါ့။ ကိုစိန်ဖေက လိုအပ်ရင် လူစုတက်စုနဲ့လုပ်သင့်တဲ့အလုပ်ကို လူရှာလူစုပြီးလုပ်သလို တချို့အလုပ်တွေကျတော့ သူတစ်ယောက်တည်း ကြလိုက်တာပဲ။ သူ့မှာ တပည့်တပန်း လက်သပ်မွေးမထားဘူး။ အပျိုကြီးဒေါ်နွဲ့တို့အိမ်က သရက်ပင်သုံးပင်ခူးဖို့ကိစ္စမှာ သူအပင်ပေါ်က ခူးပေးသမျှ သရက်သီးတွေ ကြိုးနဲ့ပုံးချပေးရင် အသာအယာ။ အလုံးမနာစေဘဲ စုပုံထားဖို့ အကူလူတစ်ယောက်ပဲရှာထားတယ်။ မနက်စောစောကတည်းက ခူးကြတာ ထမင်းစားချိန်ရောက်တော့ နှစ်ပင်ပြီးနေပြီ။ အပင်ကြီးတစ်ပင်ပဲကျန်တယ်။ အပျိုကြီးဒေါ်နွဲ့အိမ်ရှေ့မှာနှစ်ပင်၊ နောက်ဘက်မှာတစ်ပင်ရှိတာမို့ နေအစောင်း နောက်ဘက်က အပင်ကြီးတစ်ပင်သာ ကိုင်ရတော့မယ်။ ဆရာတပည့်နှစ်ယောက် ထမင်းစားသောက်ပြီး နားနားနေနေလုပ်မယ့်အစီအစဉ်။ ဆရာတပည့် ကွမ်းစားနေကြတာပဲ နာရီဝက်သာသာ။

"မောင်စိန်ဖေ၊ တစ်လက်စတည်း အိမ်နောက်က သရက်ပင်နဲ့ ရောယှက်နေတဲ့ ကုက္ကိုပင်ကိုလည်း အလက်အကိုင်းတွေ ခုတ်ပေးစမ်းပါ"

"စိတ်ချ ဒေါ်နွဲ့၊ ခုတ်လိုက်မယ်။ မပြီးရင် မပြန်ဘူး။ သေခြင်းဆိုးနဲ့ သေရစေရဲ့"

နေ့လယ် ကိုစိန်ဖေ အလုပ်စ, တယ်ဆိုကတည်းက ကုက္ကိုပင် စ,ခုတ်ပေးလိုက်တာ မကြာပါဘူး၊ ရှင်းသွားတယ်။ သရက်သီးခူးဖို့လည်း အဆင်ပြေသွားတာပေါ့။ ကုက္ကိုပင်ခွဆုံမှာ အခေါင်းပေါက်တစ်ခု။ သရက်ကိုင်းတစ်ကိုင်းနဲ့က နီးနီးနားနားပါပဲ။ ကိုစိန်ဖေ သရက်သီးမခူးသေးဘဲ ကုက္ကိုခွဆုံဆီ သရက်ကိုင်းကတစ်ဆင့်ကူးသွားပြီ။ အဲဒီကုက္ကိုပင်အခေါင်းထဲနှိုက်ကြည့်မိတယ်။ ညမှထွက်တဲ့ ဇီးကွက်လိုငှက်မျိုး တွေ့မလားပေါ့။ ဒါက သူ့အတွေး။ ဖြန်းစား အားခနဲ အာခေါင်အာရင်းသံနဲ့အော်ပြီးကျလာတဲ့ ကိုစိန်ဖေရဲ့လက်ကို မြွေတစ်ကောင်က ခဲထားတယ်။ သစ်ကိုင်းတွေနဲ့ရိုက်တဲ့ဒဏ်၊ မြွေကိုက်တဲ့ဒဏ်နဲ့ သစ်ပင်အောက် အသက်ပါမလာဘူး။ သူကျိန်ခဲ့သလို တကယ်ပဲ ကိုစိန်ဖေ 'သေခြင်းဆိုး'နဲ့ သေရပြီလေ။

❐

သူ့နာမည် မပန်းနု။

နာမည်သာ မပန်းနု။ ဘဝကတော့ ကြမ်းတမ်းပ။ အိမ်ထောင်ကျပြီးကလေးတစ်ယောက်အရမှာ ယောကျ်ားဆုံးခဲ့တယ်။ အဲဒီတော့ အသက် (၂၃) နှစ်။ အရွယ်ကောင်းရုပ်ချောမို့ နောက်အိမ်ထောင်သစ်ထူလိုက်တယ်။ အသက်အရွယ်မတိမ်းမယိမ်း ဆိုက်ကားဆရာတစ်ယောက်ပါ။ ဆိုက်ကားဆရာကိုသောင်းလှိုင်က မသောက်မစားတတ်ပေမယ့် ကစားသမား။ အလောင်းအစားဝါသနာကြီးတယ်။ မပန်းနုနဲ့အိမ်ထောင်ကျတော့ ပါလာတဲ့ ဆိုက်ကားနှစ်စီးနဲ့ ရွှေငွေပစ္စည်းတွေကုန်တဲ့အပြင် ကြွေးတောင်တင်နေသေး။ မပန်းနုမှာ နောက်ကလေးတစ်ယောက် ထပ်ရတာပဲ အဖတ်တင်တယ်။ ကစားသမားဆိုတော့ နှဲသမားလို ဖောင်းလိုက်၊ ပိန်လိုက်နဲ့ပေါ့။ စားရေးတောင် မပြေလည်တာနဲ့ စကားများပြီး လင်မယားကွဲခဲ့တယ်။ မပန်းနုခမျာ ကိုယ့်အားကိုယ်ကိုးပြီး မိဘပေးတဲ့အရင်းနဲ့ ဟင်းရွက်စိမ်းသည်ဖြစ်ခဲ့ရတာပါပဲ။

မပန်းနုမိဘတွေက မြို့နဲ့ ကိုးမိုင်လောက်ဝေးတဲ့ရွာမှာနေတယ်။ သူတို့တွေမှာလည်း ငါးရိုးမျက်လက်တိုဆိုတာလို မပန်းနုအခက်အခဲကို သိပေမယ့် ကိုယ်တိုင်က နွမ်းပါးတော့ မကူနိုင်ဘူးလေ။ မပန်းနု မနက်စောစော ဈေးသွားကုန်စိမ်းကောက်ပြီး အရပ်ထဲ လှည့်ရောင်းတဲ့အခြေအနေရောက်သွားရပြီပဲ။ လူတွေကလည်း ဟင်းရွက်စိမ်းရောင်းတဲ့လူဆီက အကြွေးခံရုံတင်မကဘူး၊ ကြွေးတောင်းတော့ ဟိုပြောဒီပြောရှောင်နေတဲ့လူက မရှား။ မပန်းနုမှာ ကလေးနှစ်ယောက်နဲ့ ဝမ်းရေးကတစ်ဖက်၊ ဈေးကြွေးကတစ်ဖက်ကြောင့် လတိုးတွေ၊ နေ့ပြန်တွေယူရပြန်တယ်။ အကြွေးမရောင်းတော့လည်း ဝယ်သူကမရှိ။ ဒီလိုနဲ့ လုံးချာပတ်ချာလည်နေပြီး ရုန်းကန်နေရရှာတယ်။

ငွေရင်းနှီးစရာနည်းနေလို့ ငွေချေးရပြီဆို သူ့ကို ယုံကြည်အောင် ပြောရာက ကျိန်တတ်သွားတယ်လို့ ပြောရမယ်။

"မမရယ်၊ ကျွန်မ ဘယ်တုံးကမှ မလိမ်မညာပါဘူး။ ကျွန်မနဲ့ဆက်ဆံခဲ့ဖူးသူတွေအသိပါ။ ကျွန်မ မှန်မှန်ကန်ကန်ပေးမှာပါ။ သမီးနှစ်ယောက်မအုပ်မိဘဲသေရစေရဲ့။ ကျွန်မ မဟုတ်တာမလုပ်ပါဘူး"

မပန်းနု ပေးစရာရှိတာတွေကို ပြေလည်အောင် ပေးပါတယ်။ တစ်ခါတလေ ရက်ကြန့်ကြာလေးတွေရှိတတ်တာပေါ့။ အဲဒီအချိန်မှာလည်း သွားပြီးတောင်းပန်ရတာ အခါခါ။ တချို့ကတော့ စာနာကြပါတယ်။တချို့က စကားမမှန်ဘူးဆိုပြီး မချေးကြတော့ဘူးလေ။ မချေးတာထက် သူ့နာမည်မကောင်းကြောင်း ပြောကြပြန်တယ်။ မခက်လား။ သူမဆပ်ရတာလည်း မဟုတ်ဘူး၊ ပေးရပေမယ့် သူ့အပေါ် စကားသတင်းကြောင့် မယုံသူများလာလို့ လူတစ်ယောက်ကို အရင်စကားဆယ်ခွန်းပြောရရင် အခုအခွန်းနှစ်ဆယ် ပြောရတော့တာပေါ့။ အကျိန်အတွယ်တွေလည်း ပိုသုံးရတယ်လေ။ အငယ်ကလေး နေမကောင်းလို့ တစ်ရက်၊ နှစ်ရက် ဈေးမထွက်နိုင်တာ မပန်းနု အခက်တွေ့သွားတယ်လို့ ဆိုရမယ်။

မပန်းနု ကြိုးပမ်းလိုက်လို့ အဆင်ပြေလာခါစ သူ့ခြေဖဝါးတစ်ဖက် သံစူးတာခံလိုက်ရတယ်။ အိမ်ဖျက်နေတဲ့နေရာမှာ နမော်နမဲ့သွားမိတဲ့အပြစ်ပဲ။ သံစူးတာ ဆေးတို့ပတ်ကြီးသိပ်နေတုန်း ညှော်ကလည်း ဆိုးဆိုးဝါးဝါးမိခဲ့ပြန်တယ်။ မနက်ထ ခြေထောက်မထောက်နိုင်ဘူး။ ရှိရာဆေးသောက်ပြီး နောက်နေ့ ဈေးရောင်းထွက်တယ်။ အဖျားတွေတက်၊ လဲတော့တာပါပဲ။ အိမ်နီးချင်းတွေက နှစ်ရက်လောက်ကြာတော့ ဆေးရုံအတင်းတင်ပြီး လိုက်စောင့်ကြပါရဲ့။ မေးခိုင်ရောဂါဝင်နေတော့ နောက်ကျသွားခဲ့တယ်တဲ့။ ဒါနဲ့ မပန်းနု 'သူ့ကလေးနှစ်ယောက်မအုပ်မိဘဲသေရပြန်တယ်'လေ။

❐

www.burmeseclassic.com

www.burmeseclassic.com

သူက ပန်းရန်၊ ပန်းတော့ဆရာကြီး။ အုတ်စီတဲ့ ပန်းရန်လုပ်ငန်းအပြင် ပန်းတော့ခေါ်တဲ့ အင်္ဂတေနဲ့ ပန်းပုံတွေ ထွင်းဖော်ပြီး ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်းပြာသာဒ်များကို ကနုတ်ပန်းဆင် ဆောက်လုပ်နိုင်တယ်။ သူ့နာမည်က ဦးညိမ်းစံ။ သူက ကြိုန်တွယ်တာ မဟုတ်ဘဲ သူ့ပညာနဲ့ပတ်သက်ရင် အထိမခံ တတ်တော့ လာငှားသူစိတ်တိုင်းကျလုပ် ပေးနိုင်ကြောင်းပြောတဲ့ အာမခံ။

"ဟာ- လုပ်ခဲ့တာကြာပြီပဲ။ ကျုပ် ဆောက်ပေးတဲ့တိုက်တွေလည်း မနည်းဘူး။ တည်ပေးတဲ့ဘုရားတွေ၊ လုပ်ခဲ့တဲ့ တန်ဆောင်းပြာသာဒ်၊ တံတိုင်း၊ မုခ်ဦးတွေ အများကြီးပဲ။ ကျေက်လက်ရာ မကြိုက်သူ မရှိစေရဘူး။ ကြိုက်ရစေမယ်။ မကြိုက်ရင် လက်ဖြတ်ပစ်ဗျာ။ အာမခံတယ်"

ဦးညိမ်းစံက ပညာနဲ့ပတ်သက်လို့ မာနကြီးတယ်။ ပန်းရန်သင်ကတည်းက တော်ပေ့ကျော်ပေ့ဆရာတွေထံ ရွေးပြီး တပည့်ခံတာ။ ပန်းတော့ဆရာကိုလည်း အထက်အညာ မန္တလေး၊ ရန်ကုန်က တကယ့် ဆရာကောင်းတွေလက်ထွက် တပည့်ရင်း။ လုပ်သက်ကလည်း မနည်းတော့ဘူးလေ။ ပညာတော်လူတော်ဆိုတော့ ပညာဂုဏ်ခံပြီး ပြောရင် ခပ်ပြတ်ပြတ်ပဲ။ စေတနာစိတ်ကောင်းနဲ့အလုပ် လုပ်တဲ့လူပါ။

"အလုပ်ကို မရမှာစိုးလို့ဆိုပြီး မဖြစ်တဲ့ဈေးမလျှော့နဲ့။ ကိုယ်တင်မဟုတ်ဘူး၊ သူတစ်ပါးလည်းနစ်နာတယ်။ သူ တောင်းစား တယောထိုးတာ ထမင်းစားဖို့။ တကယ့်ဝိုင်းကြီးမှာ တယောထိုးတာလည်း ထမင်းစားဖို့ပဲ။ ဘယ်သူက ပိုရမလဲ စဉ်းစားကြည့်ပေါ့"

တပည့်တွေကို သူပြောနေကျ စကားပါ။ သူ့စကားအတိုင်းလည်း သူက လုပ်တတ်တယ်။ သူ့ကို တန်ရုံသင့်ရုံထက် ပိုဈေးဆစ်လာပြီဆို စကားဆက်ပြောချင်လှတာမဟုတ်ဘူး။ ဘုဘောက်တွေတောတော့တာပဲ။ သူ့အကြောင်းသိပြီး ပြေပြေချောချောပြောရင် အလကားလုပ်ပေးရပေးရ လိုက်လျောတတ်တယ်။

ဦးညိမ်းစံ ပန်းရန်လုပ်ငန်း၊ ပန်းတော့လုပ်ငန်းမှ ၁ နာမည်ကြီးသူတစ်ယောက်အဖြစ် လုပ်စားခဲ့တာ ကြာပါပြီ။ လူအမျိုးမျိုးနဲ့လည်း ကြုံခဲ့၊ ဆုံခဲ့ဖူးပါရဲ့။ ကတ်ဖိုးကတ်ဖဲ့သမားတွေလည်း ပါတာပေါ့။ သူတွေ့ခဲ့တဲ့အထဲမှာ သေတဲ့တိုင် မမေ့နိုင်ဘဲ စွဲမှတ်နေတာက တစ်ယောက်တည်းပါ။

တစ်နေ့ လူနှစ်ယောက် အိမ်ရောက်လာတယ်။ တောင်ခြေတစ်ခုမှာ ကိုးတောင်ပြည့်ဘုရားတစ်ဆူတည်ချင်လို့။ တံခွန်တိုင်၊ ဘုရားပရဝဏ်တွေလည်း ပါမယ်။ လာတဲ့လူနှစ်ယောက်ထဲက တစ်ယောက်သာ အကျိုးအကြောင်းပြောနေပေမယ့် ယောဂီဝတ်ဝတ်ထားသူ အသက်ကြီးကြီးတစ်ယောက်က ဘာမှဝင်မပြောဘဲ ဦးညိမ်းစံကိုသာ စူးစူးစိုက်စိုက်ကြည့်နေတယ်။ သူ့ရဲ့ စူးရှတဲ့အကြည့်ကြောင့် ဦးညိမ်းစံ မျက်လုံးချင်းမဆိုင်ရဲဘူး။ တစ်ခါမှမဖြစ်ဘူးခဲ့တဲ့ ကြောက်ရွံ့စိတ်နဲ့အတူ ဖြန်းခနဲ ကျောချမ်းသွားတယ်။ အဲဒီအဘိုးအိုရဲ့မျက်လုံး ရောင်ဟာ အလင်းနည်းတဲ့အိမ်ထဲမှာ တောင် တဖိတ်ဖိတ်အရောင်ထွက်နေသလိုပဲ။ စောစောက အသံဆိတ်နေတဲ့ အဘိုးအိုက စကားစပါတော့တယ်။ သူ့ အသံက အသံဩဇာခက်ပါသလား မသိဘူး။

"ကဲ - ညီတော်မောင်ကို လုပ်မယ့်ကိုင်မယ့်ကိစ္စတွေပြောပြလို့ လုပ်ခတွေလည်း ပြောပြီးပြီ။ ကုန်ကျမှာလည်း သိရပြီ။ လုပ်ရမယ့်နေရာကို လိပ်စာရေးပေးလိုက်မယ်။ ပြောတာတွေမဆစ်ဘူး၊ ပေးခဲ့မယ်။ စားစရိတ်ရော လိုရမည်ရ သုံးရအောင် ငွေနှစ်သိန်းပိုပေးလိုက်မယ်။ အားလုံးပြီးစီးအောင်လုပ်ပေးပါ။ လူငှားနဲ့လက်လွှဲမလုပ်ဖို့ သတိပေးချင်တယ်။ အဲဒီနေရာနားကဘုန်းကြီးကျောင်းဆရာတော်ဆီမှာ ဌာပနာတွေပေးခဲ့တယ်။ လမ်းညွှန်ချက်တွေလည်း ထားခဲ့တယ်။ သေချာလုပ်ပါနော်။ ချို့ယွင်းချက်မရှိပါစေနဲ့။ သတိကြီးစွာထားပါလို့ ပြောချင်တယ်"

"စိတ်ချပါ၊ စိတ်တိုင်းကျရစေမယ်။ မကြိုက်ရင်လက်ဖြတ်ပစ်လိုက်"

သူလို လုပ်ငန်းကိစ္စတစ်ခုမပြီးမီ ငွေအပြေပေးသူကား ရှားလှပေစွ။ ဦးညိမ်းစံတို့ သုံးရက်ခန့်အကြာမှာ ခရီးထွက်လုပ်ငန်းစ,ခဲ့ကြတယ်။ ဘုရားတည်ပြီးသည်အထိ ပြဿနာမရှိ။ တံခွန်တိုင်လည်း ပြီးခဲ့ပေပြီ။ ပရဝဏ်လုပ်နေတုန်း လက်အနာပေါက်လို့ပြန်တော့ လူစားသွင်းမိခဲ့တယ်။ ကိစ္စမရှိတန်ကောင်းဘူးပေါ့။ ဦးညိမ်းစံ လက်အနာကို ဆေးကုခဲ့ပေမယ့် ဆီးချိုကြောင့် လက်ဖြတ်လိုက်ရတယ်လေ။ ဘုရားတည်တာနဲ့ ခြားလှတစ်နှစ်ပဲ။ လက်ဖြတ်လိုက်ရပြီး နှစ်နှစ်အကြာမှာ ဆုံးရှာတယ်။ အပြီးသတ် ဦးညိမ်းစံ မသေခင်ကတည်းက 'လက်အဖြတ်ခံရတာ' အမှန်။

❒

❒ *နှုတ်မင်္ဂလာ၊ စကားမှာကား*
*အသာအချို၊ သူနာလိုအောင်*
*မိန့်ဆိုခြင်းလျှင်၊ တန်ဆာဆင်၏*

လို့ ဩဝါဒထူးပျို့က ဆိုထားပါတယ်။

မွေးကင်းစအရွယ် ဝူးဝူးဝါးဝါး စကားပြောတတ်တဲ့အချိန်ကတည်းက စကားပြောလာကြတာပါပဲ။ လိမ္မာယဉ်ကျေးသူပြောတဲ့စကားနဲ့ မိုက်ရိုင်းသူပြောတဲ့စကားတွေ ကွာခြားမှာပါ။ စကားအရာ အင်္ဂါလေးတန် ဆိုတာလို စကားပြောဆိုရာမှာ အင်္ဂါလေးပါးနဲ့ ညီတဲ့ စကား ပြောဆိုရပါမယ်။

၁။ ညီညွတ်ခြင်းကိုပြုတတ်တဲ့ကောင်းမွန်သောစကားကိုသာပြောဆိုပါ။
၂။ အကျိုးစီးပွားတရားတွေနဲ့ ယှဉ်တဲ့စကားကိုသာ ပြောဆိုပါ။ အနက်အဓိပ္ပာယ်ကင်းပြီး ပြိန်ဖျင်းအကျိုးမဲ့စကားတွေကို မပြောမိစေနဲ့။
၃။ ချစ်ခင်မြတ်နိုးအပ်တဲ့ နူးညံ့ချိုသာသောစကားကိုသာ ပြောဆိုပါ။ ဆဲရေးခြင်း၊ ကြိုန်တွယ်ခြင်း၊ ခြိမ်းခြောက်ခြင်း စတဲ့ ကြမ်းတမ်းရိုင်းပျမယ့်စကားတွေကို မပြောမိစေနဲ့။
၄။ မှန်ကန်သောစကားကိုသာပြောဆိုပါ။ လိမ်ညာမှားယွင်းတဲ့စကားတွေ မပြောမိစေနဲ့။

အင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့စကားမျိုးသည်သာ စကားကောင်းဖြစ်ပြီး အပြစ်လည်းမရှိ။ ပညာရှိသူတော်ကောင်းတို့လည်း နှစ်သက်ဝမ်းမြောက် ချီးမွမ်းကြတယ်ဆိုတာက ဘုရားဟောပါ။

တစ်ခါတလေ စွဲမြဲနေတဲ့ ခလေ့စရိုက်ဆိုးတွေရှိရင် ဖျောက်ပစ်ရမှာပါပဲ။ ဒါမှ လူ့ဘဝဟာ တန်ဖိုးတက်လာမှာပဲ မဟုတ်လား။

သဗ္ဗေသတ္တာကမ္မသကာ

မျိုးသစ်

*(ကိုစိန်ဖေ၊ မပန်းနုတို့အကြောင်း ပြောပြသူ ကိုတင်ဝင်း-တာကလေး၊ ဦးညိမ်းစံ ဇာတ်လမ်းအား ပြောပြသော ဆရာဦးသန်းမြင့် ပန်းရန်၊ ပန်းတော့ ပညာရှင် တန်းလျားကြီး (ကံလှ) ဟသ်ာတမြို့တို့အား ကျေးဇူးတင်ရှိစွာဖြင့်)*



www.burmeseclassic.com

www.burmeseclassic.com

ခုရက်ထဲမှာ -

ဘုရားစင်နှိမ့်တဲ့ ကိစ္စလေးတွေနဲ့ ပတ်သက်ပြီး (၁၂) ဦး၊ (၁၃) ဦးလောက် လာမေးကြတာတွေရှိလို့ -

အဲဒီအကြောင်းကိုပဲ မူတည်ပြီး သူရဋ္ဌလက်ဆောင် စတင်လိုက်ပါ့မယ်။

ဘုရားဆောင်ပဲပြောပြော၊ ဘုရားစင်ပဲခေါ်ခေါ် အရေးအကြီးဆုံးက ဘုရားရှင်ကို ကြည်ညိုပူဇော်ဖို့ပါပဲ။

ကြည်ညိုစိတ်က အရေးကြီးပါတယ်။ ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ ရှိခိုးဝတ်ပြုနေချိန်သာ ကြည်ညိုပြီးပြီးတာနဲ့ ထင်ရာတွေး၊ ထင်ရာပြော၊ ထင်ရာလုပ်နေလို့လည်း မဖြစ်ပါဘူး။

တွေးပဲတွေးတွေး၊ ပြောပဲပြောပြော၊ လုပ်ငန်းကိစ္စတွေပဲလုပ်နေလုပ်နေရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးတော်ကို အာရုံရှိနေရပါမယ်။ ဦးထိပ်ထားနေရပါမယ်။ ထားနိုင်အောင် ကြိုးစားရပါလိမ့်မယ်။ ဒါဟာ အကုသိုလ်ကင်းအောင် ကိုယ့်ကိုယ်ကိုယ် သတိထားနေခြင်းပါပဲ။ သတိလက်လွတ်နဲ့ ပြောမိဆိုမိအော်မိရင်တောင် ဒီလိုကြမ်းတမ်းတာ ဘုရားမကြိုက်ပါလား ဆိုတာမျိုးထိရောက်အောင် ကြိုးစားပြီး ပြန်သတိထားနိုင်အောင် လေ့ကျင့်ထားရပါလိမ့်မယ်။

ဒါကြောင့် ကြည်ညိုစိတ်ပဲ အရေးကြီးပါတယ်။

သေချာပြန်စဉ်းစားကြည့်ပါ။

ကိုယ်ရိုသေလေးစားရသူတွေရှေ့ကိုရောက်ရင် ခေါင်းလေးငုံ့ပြီး လေးလေးစားစားသွားတတ်ကြတာ သတိထားမိပါလိမ့်မယ်။ သူတို့ရှေ့ကနေ ကိုယ်လျှောက်သွားရင် အဲဒီလိုလေးလေးစားစားသွားပေမယ့် ဘုရားစင်ရှေ့မှာ၊ သက်တော်ထင်ရှားဘုရားရုပ်ပွားတော်ရှေ့မှာဖြတ်လျှောက်သွားရင် ခေါင်းငုံ့ပြီး ရိုရိုသေသေ သွားဖူးပါသလား။

ဒါဟာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။

မားမားကြီးလျှောက်သွားနေကြတာက များပါတယ်။

တချို့များ ဘုရားရှေ့မှာ ရန်တောင်ဖြစ်ပြီး အယုတ္တအနုတ္တတွေတောင် ဆဲဆိုနေကြပါသေးတယ်။

တွေးကြည့်လိုက်ရင် စားလည်းဘုရား၊ သွားလည်းဘုရား၊ အလုပ်လုပ်လည်းဘုရားဆိုပြီး သတိမပြတ်ဖို့ အတော်လေး ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဒီလိုဖြစ်နေအောင် ရင်ထဲ နှလုံးသားထဲ ဦးနှောက်အသိထဲ အသွေးထဲ အသားထဲကနေ ကြည်ညိုပူဇော်နေမယ့် သုံးလူ့ထွတ်ထား ဘုရားရှင်တော်မြတ်ကြီးကို မြင့်ရာကနေ နိမ့်ရာကို နှိမ့်ချလိုက်လို့ မသင့်တော်ပါဘူး။

ပိုပိုပြီး မြင့်အောင်ပဲ ပူဇော်ရမှာဖြစ်ပါတယ်။

မြှင့်တာပဲဖြစ်သင့်ပါတယ်။

အိမ်တစ်အိမ်ဆို ဘုရားကျောင်းဆောင်အကြီးကြီး ကိုးကွယ်ပူဇော်ထားပြီးမှ ခုံခုံခုတက်ရတာ အဆင်မပြေလို့ဆိုပြီး ဘုရားကျောင်းဆောင်ကို ချလိုက်ပြီး နှိမ့်လိုက်ပါတယ်။

အဲဒီအိမ်ဟာ မိသားစုအစိတ်စိတ်အမြွှာမြွှာကွဲသွားသလိုကို ကွဲသွားကြပါတယ်။ အိမ်ထောင်ဦးစီးတွေဟာ ဘာရောဂါမှရှာမရဘဲ တဖြည်းဖြည်းချူချာလာပါတယ်။


တစ်အိမ်က သစ်သားနဲ့လုပ်ထားတဲ့ဘုရားကျောင်းဆောင်ကြီးကို ချပြီး ခေတ်ဆန်ဆန် အလူမီနီယမ်နဲ့ ပြောင်းလုပ်လိုက်ပါတယ်။ သေးပြီးနိမ့်သွားပြီးတဲ့နောက်ပိုင်း အိမ်မှာ လူတွေဟာ စိတ်တွေကယောက်ကယက်ဖြစ်ကုန်ကြတော့

## သိသင့်သည်များအတွက်

# သူရဋ္ဌလက်ဆောင်

(ရင်ကိုအေးမြစေသော)

### ဆရာဦးမောင်မောင်သန်း





www.burmeseclassic.com

www.burmeseclassic.com

ဘာပါပဲ။ ဘာတွေဖြစ်လို့ဖြစ်နေကြမှန်းကို မသိတော့လောက်အောင်ပါဘဲ။

တစ်ဦးဆို ကျောင်းဆောင်အမြင့်ကြီးကနေ သားသမီးတွေက ခေတ်မီအောင်ဆိုပြီး ဗီရိုနဲ့ ပူဇော်ခိုင်းတော့ (၂) ပေလောက်နိမ့်သွားပါတယ်။ ကျဉ်းလည်းကျဉ်းသွားပါတယ်။ အဲဒီအိမ်ထောင်ဦးစီးဟာ လုပ်ငန်းကြီးတွေ အရှုံးပေါ်ပြီး ထိုးရပ်သွားပါတယ်။ လူလည်းချချာလိုက်တာမှ။

ဒီထက်ဆိုးကုန်တာတွေ အများကြီးရှိနေပါသေးတယ်။

စိတ်ထဲမကောင်းစရာတွေချည်းကြားနေကြရမှာမို့ မပြောတော့ပါဘူး။

ပြောချင်တာကတော့ ဒီလိုနိမ့်လိုက်တာတွေဟာ လုံးဝမလုပ်သင့်ပါဘူး။

ဘုရားရှင်ကို ကြည်ညိုတဲ့စိတ်ဟာ ဒီဘလိုကိုဖြစ်နေသင့်တယ်လို့ ယူဆပါတယ်။

ကြီးရာကနေကျဉ်းဖြစ်တာတို့ -

မြင့်ရာကနေ နိမ့်လိုက်တာတို့ဆိုတာ မလုပ်သင့်ဘူးလို့ထင်ပါတယ်။ လုပ်သမျှလည်း ကြားရ၊ မြင်ရတာတွေဟာ လုံးဝမကောင်းပါဘူး။ မလုပ်သင့်တာကို လုပ်တဲ့ အကြောင်းကြောင့် ဖြစ်လာရတဲ့ အကျိုးတွေပါ။

နိမ့်နေရာကနေမြင့်လိုက်လို့ စီးပွားဥစ္စာတိုးတက်လာတာတွေပဲမြင်ပါတယ်၊ ကြားပါတယ်။

ဒါကြောင့် -

ဘုရားစင်ကို မြင့်ရာကနေ နိမ့်မပစ်ဖို့ အကြံပြုချင်ပါတယ်။

လက်တွေ့ မြင်နေ၊ တွေ့နေရတာတွေ မကောင်းလွန်းလို့ပါ။

ခိုင်ခံ့အောင် ပြင်ဆင်ချင်သပဆိုရင်လည်း နဂိုအမြင့်အတိုင်း ပြင်ဆင်ပါ။ အသစ်ပြုလုပ်ချင်ရင်လည်း နဂိုအမြင့်အတိုင်း ပြုလုပ်ပါ။

တစ်ခုတော့ရှိပါတယ်။

သစ်သားနှစ်ထပ်အိမ်ကြီးကို ဖြိုဖျက်ပြီး တစ်ထပ်တိုက်လေးပြင်ဆောက်လိုက်လို့ ပထမနှစ်ထပ်အိမ်ကနေ တစ်ထပ်တိုက်လေးမှာ ပူဇော်ရတာကတော့ ဘာမှမဖြစ်ပါဘူး။ အိမ်ကိုပြင်ဆောက်လိုက်တဲ့အနေအထားအရ ပူဇော်ရတာမို့ ရပါတယ်။

(၆) ထပ်တိုက်အပေါ်ဆုံးမှာ နေရာကနေ စီးပွားဖြစ်ပြီး လုံးချင်းတိုက်လေး ဆောက်နိုင်လာလို့ အိမ်ရွှေ့လာပြီဆိုရင်လည်း ဒီလိုပါပဲ။

လုံးချင်းတိုက်လေးမှာပဲ ပူဇော်ရမှာပါ။

(၆) ထပ်တိုက်အမြင့်ကနေ နိမ့်လိုက်ရတယ်လို့ ပြောလို့မရပါဘူး။

ပြောလို့ရတာက ကိုယ်နေနေတဲ့အိမ်မှာ မြင့်လိုက်၊ နိမ့်လိုက်လုပ်နေတာနဲ့ပဲ ဆိုင်ပါတယ်။

ဒီကိစ္စမျိုးဆိုတာ လက်တွေ့လုပ်ကြည့်စမ်းမယ်ဆိုပြီး မစမ်းသပ်သင့်ပါဘူး။ မကောင်းကျိုးကိုသာ ဖြစ်လာစေတာမို့ ရှောင်သင့်ပါတယ်။

ဒါကြောင့် -

ဘုရားကျောင်းဆောင်နဲ့ပတ်သက်ပြီး မြင့်ရာမှ နိမ့်ရာသို့ နိမ့်ခြင်းကိစ္စတွေကို မြင်ဖူး တွေ့ဖူး ကြားဖူး မှတ်သားရဖူးသလောက် ဗဟုသုတလက်ဆောင်ပါးလိုက်တာ ဖြစ်ပါတယ်။

နိမ့်နေရာကနေ မြင့်လိုက်လို့ စီးပွားတက်သွားတာတွေ၊ အောင်မြင်ကြီးပွားလာတာတွေ -

အဲဒါတွေကိုပဲ တွေ့ဖူးပါတယ်။

ဂုဏ်နဲ့ အနိဋ္ဌသဘောနဲ့ ကြည့်ရင်လည်း သဘာဝကျပါတယ်။

ဂုဏ်နဲ့ အနိဋ္ဌကို ဆင်ခြင်သုံးသပ်နိုင်ရင် အမှားအယွင်းတွေ့ခဲလှပါတယ်။ ကံဆိုးမိုးမှောင်မကျပါဘူး။

မကောင်းရင် ကောင်းအောင်ပြုပြင်ပြီး ကောင်းရင် ကောင်းသထက်ကောင်းအောင်သာ ကြိုးစားရမှာဖြစ်ပါတယ်။

တချို့များ ဘုရားကျောင်းဆောင်က ယိုင်လို့။ အနိမ့်၊ အမြင့် မညီဘူး။ သူတို့တွေရဲ့ စီးပွားရေးတွေလည်း အတက်၊ အကျမမှန်ဘူး။

တချို့ ဘုရားကျောင်းဆောင်ထောင့်နားတွေ၊ တချို့နေရာတွေ ကျိုးပဲ့လို့။ သူတို့တွေမှာလည်း ကျန်းမာရေးတွေ တစ်ခုပြီးတစ်ခုဖြစ်နေလိုက်တာမှ။

တွေ့ဖူးပါတယ်၊ အများကြီးကို တွေ့ဖူးပါတယ်။

တော်တော်လေးရှာဖွေစားသောက်ကြရတဲ့ သူငယ်ချင်းတွေရဲ့အိမ်တွေမှာ အဲသလိုမျိုး ကျိုးပဲ့နေတာ၊ စောင်းနေတာတွေတွေ့လို့ ကိုယ်တိုင်သွားဝယ်ပြီး သေချာပြုပြင်ပေးခဲ့ရတာတွေရှိပါတယ်။ ကျောင်းဆောင်သစ်နဲ့ ပူဇော်ပြီးချိန်ကစပြီး သူတို့တွေရဲ့ ပြောင်းလဲလာမှုတွေဟာ ဟုတ်မှဟုတ်ရဲ့လားလို့တောင် မေးချင်ကြမှာ သေချာပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဟုတ်၊ မဟုတ်ဆိုတာ လက်တွေ့က ပိုကောင်းပါတယ်။

ရတနာမြတ် (၃) ပါးကို အချိန်ရှိသရွေ့ ကြည်ညိုနေတဲ့စိတ်ဖြစ်နေဖို့ပဲ အရေးကြီးပါတယ်။

ဒီလို ကြည်ညိုပူဇော်နေပြီဆိုရင်-

မြင့်ရာကနေ နိမ့်ရာဆိုတဲ့သဘောလေးတစ်ခုတည်းကိုပဲ တွေးရင်း . . .။

❐

နောက်တစ်ခုကတော့ နာမည်။

နာမည်ကိစ္စဟာ အမြဲတမ်းပြောလာခဲ့တာ နှစ်ပေါင်း (၂၅) နှစ်ရှိသွားပါပြီ။ စာစရေးကတည်းက နာမည်တွေနဲ့ ပတ်သက်တဲ့ ပညာခန်းတွေကို ပြောခဲ့တာ ခု - ဒီနေ့ထိပါပဲ။

ဒါပေမယ့် -

ဖတ်ဖြစ်တဲ့သူရှိပေမယ့် မဖတ်ဖြစ်တဲ့သူတွေလည်းရှိမှာပါ။

ဒါကြောင့် နာမည်လာပေးကြရင်တောင် တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး။

တချို့က နှစ်လုံးတည်းမှည့်ပေးပါ။

တချို့က လေးလုံးမှည့်ပေးပါ။

တချို့က ဖခင်နာမည်လုံးဝမထည့်ပါနဲ့။

တချို့က ဖခင်နာမည်ထည့်ပေးပါ။

တချို့က ဒီတစ်လုံးတော့ရအောင်ထည့်ပေးပါဆိုတဲ့သူတွေရှိပါတယ်။

အဆင်ပြေအောင် ပေးပေးပါတယ်။

ဒါပေမယ့် နာမည်ပေးရတဲ့နာမည်ပေးနည်းစည်းကမ်းစည်းမျဉ်းဘောင်ထဲက မဟုတ်ရင်တော့ ဘယ်ကလေးကိုမှ မပေးပါဘူး။

ဘယ်သူ့အကြိုက်ကိုမှလိုက်မပေးပါဘူး။

နာမည်ပေးနည်းတွေနဲ့ ပတ်သက်ပြီး မဂ္ဂဇင်းထဲကနေ သင်တန်းပို့ချပေးပါလို့ ပြောလာကြတဲ့ မိတ်ဆွေတွေကို လေးလေးစားစားနဲ့စာပြန်လိုက်ပါရစေ။

ဒီလို စာပြန်လိုက်ခြင်းဟာ သူရဇ္ဇလက်ဆောင်ပါပဲ။

အဲဒါကတော့ -

နာမည်ပေးနည်းကို အများကြီးဖွင့်ထုတ်ရေးပြခဲ့ပြီးပါပြီ။

မဂ္ဂဇင်းအဟောင်းတွေကို ပြန်ရှာကြည့်ပါ။

'နာမည်များနှင့် စကားပြောခြင်း' ပထမတွဲ၊ ဒုတိယတွဲတွေကို ပြန်ကြည့်ပါ။

ခုလည်း 'နာမည်မြင်ကွင်း' ကို ဖွင့်ဆိုနေပါတယ်။

လစဉ်မရေးဖြစ်တာလေးတစ်ခုပါပဲ။ ဆက်တိုက်ဖွင့်ဆိုသွားမှာပါ။

နာမည်ပညာဟာ စာနဲ့ပေနဲ့သင်ယူရင် အဆင်ပြေတယ်လို့ထင်ရပေမယ့် တချို့ နာမည်ပညာခန်းတွေဟာ ပြောမယုံ ကြုံမှသိ အံ့ဘနန်းတွေဖြစ်နေတာမို့ ဆရာနဲ့စနစ်တကျလက်ထပ်မသင်လို့ မရတာတွေလည်းရှိနေပါတယ်။

စာတွေဖတ်၊ စာအုပ်တွေလေ့လာရင် အဲဒီထဲကနေပဲ အတွေးဟာဖောက်ထွက်လာနိုင်မှာ မဟုတ်ပါဘူး။

ပုံသေနည်းတွေပဲ ဖြစ်နေပါလိမ့်မယ်။

ဒါကြောင့် နာမည်ပညာကို လေ့လာချင်ရင် ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ ကိုယ်ရောက်လေရာအရပ်၊ တွေ့ရာကြုံရာ နာမည်တွေကိုလည်း သတိထားပြီး လေ့လာပေးပါလို့ အကြံပြုချင်ပါတယ်။

ရေနဲ့အကျိုးပေးတဲ့နာမည်ရှိသလို-

မြေနဲ့အကျိုးပေးတဲ့ နာမည်တွေလည်း အများကြီးရှိနေပါတယ်။

ဒါကြောင့် သီတာမှည့်ပြီး တော်တော့်ကို ချမ်းသာပြည့်စုံသွားကြသူတွေရှိနေသလို သီတာမှည့်ပြီး ကုန်စုံဆိုင်လေးလောက်နဲ့ ဘဝရပ်တည်နေရသူတွေလည်းရှိနေပါတယ်။

ကားတွေ အများကြီးပိုင်တဲ့ ကျော်မောင်ဆိုတာရှိပေမယ့် ဆိုက်ကားနင်းနေရတဲ့ ဦးကျော်မောင်လည်း ရှိပါတယ်။

ရေနဲ့ အကျိုးမပေးသူကို ရေနဲ့မှည့်မိရင် ဘဝဟာ ထင်သလောက်အောင်မြင်မလာနိုင်ပါဘူး။

မီးနဲ့ အကျိုးမပေးသူကို မီးနဲ့မှည့်ထားလို့ ဘဝမတက်နိုင်တာတွေလည်းရှိပါတယ်။

ဒါဟာ နာမည်ပညာတွေပါ။

နာမည်ဟာ လူ့ဘဝကို ပြောင်းလဲစေတာနဲ့ ပတ်သက်ပြီး နာမည်ပညာကို တတ်မြောက်ထားကြတဲ့ ပညာရှင်တိုင်း သိကြပါတယ်။

ရှေးရှေးက ပညာရှင်ကြီးတွေရဲ့ ပညာ၊ ဆိုဆုံးမမှုတွေကို အစဉ်အဆက်လေ့လာမှတ်သား ပညာယူခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီကနေပြီးတော့မှ ဒီလိုမြင်ရတယ်၊ ဒီလိုတွေ့ရတယ်၊ ဒီလိုမှည့်ရတယ်ဆိုပြီး ဆရာသခင်ကျေးဇူးရှင်ရဲ့သွန်သင်ညွှန်ပြဆိုဆုံးမမှုအောက်မှာ ပြားပြားဝပ်နာယူမှတ်သားခဲ့ရလို့ -

နာမည်နဲ့ ပတ်သက်လာရင် အောင်မြင်စွာနဲ့ ရပ်တည်နေနိုင်ရတာ ဖြစ်ပါတယ်။

ဆရာသာမတွေးခိုင်းခဲ့ရင်၊ တွေးတဲ့ လမ်းကြောင်းကိုမပြခဲ့ရင် နာမည်ပညာနဲ့ဝေးခဲ့ရမှာ သေချာပါတယ်။

အဲဒီလိုတွေသိလာတော့ နာမည်ကို ရမ်းမပေးရဲတော့ပါဘူး။

ဒါက ဆင်ခြင်တဲ့အပိုင်း ဖြစ်သွားပါပြီ။

နာမည်တစ်လုံးပေးတော့မယ်ဆိုရင် ကိုယ်နာမည်ပေးရတော့မယ့်ကလေးလေးကို ကိုယ့်နှလုံးသားထဲက မေတ္တာအပြည့်နဲ့ ကြည့်တတ်ရပါလိမ့်မယ် ကြည့်နိုင်ရပါလိမ့်မယ်။

ဪ - သူဟာ ခုမှ လူ့လောကထဲရောက်လာခါစ အင်မတန်မှ အပြစ်ကင်းစင်လှတဲ့ ကလေးလေးပါလား။

ဟုတ်ပြီ - ဒီကလေးလေးဟာ ငါ့ကြောင့် ဘုန်းကြီးအောင်၊ ငါ့ကြောင့် ကျန်းမာအောင်၊ ငါ့ကြောင့် ချမ်းသာအောင်၊ ငါ့ကြောင့် ပညာတတ်အောင် ငါ့ကြောင့် အသက်ရှည်အောင် ငါကြိုးစားမယ်ဆိုတဲ့စိတ်ဟာ အကောင်းဆုံးပါပဲ။

မိဘတွေရဲ့အကြိုက်ကိုလိုက်ပြီး မျက်နှာတစ်ခုတည်းကြည့်လို့မရပါဘူး။

သူတို့နာမည်ပါချင်လို့ ဘယ်လောက်ပဲ အတင်းပြောနေပြောနေ ကလေးဟာ သူတို့နာမည်ထည့်လိုက်တာနဲ့ တိုင်ဖောက်ထိုးဖြစ်သွားတာတွေ၊ ပက္ခမိသွားတာတွေ၊ ခိုက်သွားတာတွေဖြစ်တော့မယ်ဆိုတာ မြင်နေပြီဆိုရင် ပညာပေါ်မှာ သစ္စာရှိရပါလိမ့်မယ်။

နာမည်လာပေးကြပြီဆိုရင် ဒီလိုပဲ ပြောပြရပါတယ်။

"ကဲ - သားတို့၊ သမီးတို့ ကလေးလေးဟာ သူ့အဖေနာမည်ပိတ်မှည့်လိုက်တာနဲ့ ဆေးရုံဆေးခန်းနဲ့ပြတ်မှာမဟုတ်တော့ဘူး။ ချူချာတော့မယ်။ ဒါကြောင့် ငါကတော့ အပြစ်ကင်းစင်လှတဲ့ကလေးလေးတွေကို ချူချာအောင် မလုပ်ရက်ဘူး။ သူ့အဖေနာမည်တော့ ထည့်လို့မဖြစ်ဘူး"

လို့ ရှင်းပြရပါတယ်။

ဖခင်၊ မိခင်နာမည်ပိတ်မှည့်လိုက်တဲ့ ကလေးလေးတွေကျတော့ သူတို့တောင် ပြောစရာမလိုပါဘူး။ ပိတ်မှည့်ပေးလိုက်တာချည်းပါပဲ။

www.burmeseclassic.com

မှည့်လို့မရရင်သာမှည့်မပေးတာပါ။

လာကြတဲ့မိတ်ဆွေတွေတိုင်းလိုလို စေတနာကိုသိကြတော့ သူတို့ကလေးလေးအတွက်ပဲ ကြည့်ပါတော့တယ်။

ဒါဟာ မင်္ဂလာပါ။

ကလေးကြောင့် မိဘနှစ်ပါးမခိုက်ဖို့ဘဲ အရေးကြီးပါတယ်။

ခိုက်သွားပြီး တစ်ခုခုဖြစ်သွားရင် ဒီကလေးက ဘယ်သူ့ကိုသွားအားကိုးရတော့မလဲ။

ကျွန်တော်က ဒါပါချင်တယ်၊ ကျွန်မက ဒီလိုပါချင်တယ် ဆိုတာက ကိုယ်ဖြစ်ချင်တဲ့စိတ်ပါ။

အရေးကြီးတာက ကလေးအတွက် အဓိကကြည့်ရမှာဖြစ်ပါတယ်။

ကိုယ့်ဆန္ဒတွေချည်း ဦးစားပေးချင်လို့မရပါဘူး။

ကလေးအတွက် စဉ်းစားပေးရပါလိမ့်မယ်။

ကိုယ်တွေဖြစ်ချင်တဲ့ဆန္ဒနဲ့ ကိုယ်မှည့်ချင်ရာတွေလျှောက်မှည့်ပြီး ကလေးဒုက္ခရောက်သွားတာမျိုးက မဖြစ်သင့်ပါဘူး။

မှည့်ပေးရမယ့်သူတောင် ဒါလောက်စဉ်းစားနေရင် မိဘတွေက ပိုပြီး စဉ်းစားရတော့မှာ ဖြစ်ပါတယ်။

ဘိုးအေ၊ ဘွားအေတွေက ဒီထက်ပိုပြီး စဉ်းစားပေးရပါလိမ့်မယ်။

ဒါ နာမည်ပညာနဲ့ ပတ်သက်ပြီး အခြေခံလောက် ပြောပြတာပါ။

နာမည်ဆိုတာ တူချင်လည်းတူနေနိုင်ပါတယ်။

ဒီအက္ခရာတွေထဲကပဲ ပေးနေရတာမို့ တူတာတွေရှိချင်ရှိနေမှာပါ။ ဒါကိုလည်း နားလည်ပေးသင့်ပါတယ်။

တချို့ဆို 'သစ်' ဆိုတဲ့နာမည် ပါလာတာနဲ့ 'ကျွန်မကတော့ 'သစ်' ကို မကြိုက်ဘူး။ ဘာလို့လဲဆိုတော့ လမ်းထဲမှာ ပွေ့တဲ့ရှုပ်တဲ့သစ်ရှိလို့' ဆိုပြီး ပြောပါတယ်။

မဆိုင်ပါဘူး၊ ဟိုသစ်က သူ့ကံအကျိုးပေးတစ်မျိုးနဲ့သွားနေပေမယ့် ဒီကလေးလေးမှာ ဒီနာမည်မှည့်လိုက်လို့ ကြိုကြိုတက်ချမ်းသာလာမယ်၊ပညာတတ်ကြီးဖြစ်လာမယ်ဆိုရင်ဘယ်လိုလုပ်မလဲ။

ပုံသေမယူသင့်ပါဘူး။

နာမည်ဆိုတာ လှတာလေးမှည့်ပေးပါ၊ ခေတ်ဆန်တာလေးမှည့်ပေးပါ ဆိုလို့လည်း မရပါဘူး။

အမြင့်ဆုံး ရောက်သွားသူတွေ၊ ထိပ်ဆုံးရောက်သွားသူတွေရဲ့နာမည်တွေဟာ ရိုးရိုးလေးတွေပါ။

ဆန်းသင့်မှ ဆန်းတာ ကောင်းပါတယ်။

ပထမအရွယ်မှာ ခေါ်လို့ ချစ်စရာကောင်းတဲ့နာမည်၊ အဲဒီနာမည်ကို ဒုတိယအရွယ်မှာ ခေါ်ကြည့်ပါ။ ဒုတိယအရွယ်အတွက် မှန်းဆခေါ်ကြည့်ပါ။ ပြီးရင် အဲဒီနာမည်ကိုပဲ တတိယအရွယ်အတွက် မှန်းဆခေါ်ကြည့်ပါ။

ဒါဆို နာမည်ရဲ့သဘောကို နည်းနည်းလေ့လာမိလာပါလိမ့်မယ်။

ဆိုကြပါစို့။

'ရှင်းနဒီမူယာသွယ်'။

တတိယအရွယ်အတွက် ဘွားဘွားရှင်းနဒီမူယာသွယ် ဆိုရင်. . . ။

စဉ်းစားကြည့်ပါ။ ခေါ်ကြည့်ပါ။

ဒါဟာ လေ့လာခြင်းပါပဲ။

ကိုယ့်ကလေးဟာ အသက် (၈၀)၊ (၁၀၀) ကျော်ရင်သာ ကျော်ပါစေ၊ အသက်ရှည်ပါစေ၊ အနာမဲ့ပါစေ ဆိုတာ ရှိကိုရှိနေရမှာပါ။

ဒီနာမည်မျိုးဟာ တတိယအရွယ်တွေမှာ မတွေ့ရတော့ဘူး။

ဒီတော့ တော်ပြီ၊ သူ့အသက် (၃၀)၊ (၄၀) လောက်ဆိုရင်ပဲ ရပြီလို့ ဘယ်မိဘမှရှိမှာမဟုတ်ပါဘူး။

ဒါစဉ်းစားပြတာပါ။

(၁၂) နှစ်၊ (၁၃) နှစ်၊ (၁၄) နှစ် အရွယ်လေးတွေကတည်းက မိဘဘယ်လိုမှ ပြောဆိုဆုံးမလို့မရတော့တဲ့ကလေးတွေကို လေ့လာကြည့်ပါ။

သူတို့နာမည်လေးတွေဟာ ဟိုးအမြင့်ထက် ပိုမြင့်တာမျိုး၊ ဘယ်သူမှ လိုက်မမီအောင်မြင့်ပြီးမှည့်ထားတာမျိုး၊ ဘယ်သူနဲ့မှမတူအောင် အဆန်းထွင်ပြီး မှည့်ထားတာမျိုး၊ ဘယ်မှာမှမရှိနိုင်တဲ့နာမည်ကို မှည့်ထားတာမျိုး၊ အဲဒါမျိုးတွေပဲ တွေ့ရမှာ ဖြစ်ပါတယ်။

မရိုင်းတတ်တဲ့ကလေးတွေ ဘာလို့ ရိုင်းသွားရပါသလဲ။

မဆိုးတတ်တဲ့ကလေးတွေ ဘာလို့ ဆိုးကုန်ရပါသလဲ။

အရွယ်မရောက်သေးဘဲနဲ့ ဘာလို့ ဆေးလိပ်တဖွာဖွာ၊ အရက်တမြမြဖြစ်ကုန်ရတာပါလဲ။

ဘာလို့ အပေါင်းအသင်းတွေမှား ကုန်ရတာပါလဲ။

သူ့ဟာသူနေတာ အကောင်း၊ သောက်တတ်စားတတ်တဲ့သူတွေရဲ့ဆွယ်မှုကြောင့် သောက်တတ်စားတတ်လာတာ ဘာကြောင့်လဲ။

ဘာလို့ မကောင်းတာကို ဖွတ်တိုးချင်ရတာပါလဲ။

ဒါ နာမည်ပညာတွေမှာ တစ်စိတ်တစ်ဒေသရှိနေပါတယ်။

ဒါ အကြမ်းသဘောလောက်ပြောပြတာပါ။

နေတွေ၊ လတွေ၊ ကောင်းကင်၊ ဂြိုဟ်တွေနဲ့ဆိုင်တဲ့နာမည် မှည့်လို့ရတဲ့ကလေးရှိသလို မှည့်လို့မရတဲ့ကလေးတွေ တစ်ပုံကြီးရှိနေပါတယ်။

ဒါနာမည်ပညာတွေပါ။

ဒီနာမည်ပညာတွေကို သူရဇ္ဇမဂ္ဂဇင်းကြီးကနေပြီး 'နာမည်မြင်ကွင်း' အဖြစ်နဲ့ပဲ ဖွင့်ဆိုသွားပါ့မယ်။

နာမည်ဆိုတာ အဓိပ္ပာယ်ရှိရပါလိမ့်မယ်။

မှည့်တော့ မှည့်လိုက်တယ်။ အဓိပ္ပာယ်ဘာမှန်းမသိတဲ့ နာမည်မျိုးတွေ ကြားဖူးကြမှာပါ။

ဒီကလေးမွေးပြီးကတည်းက သူ့အဖေ သေတာပဲ။ သူ့နာမည်က. . .

ဒီကလေးမွေးပြီး သူ့အဖေနဲ့အမေ ကွဲတာပဲ။ ကလေးနာမည်က. . .

ဒီကလေး မွေးပြီးကတည်းက စီးပွားကျတာပဲ။ ကလေးနာမည်က. . .

ဒီကလေးမွေးပြီး တက်လိုက်တဲ့စီးပွား။ ကလေးနာမည်က. . .

ဒီကလေးမွေးပြီး သူ့အဖေ ရာထူးတွေတက်သွားလိုက်တာ။ ကလေးနာမည်က. . .

ဆိုတာမျိုးတွေ ကြားဖူးကြမှာပါ။

အဲဒါတွေကို နာမည်မြင်ကွင်းကပဲ ဆက်ပြောပြပါ့မယ်။

ခုလောက်ဆိုရင်ပဲ နာမည်တစ်လုံးဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိချင်တဲ့သူတွေအတွက် ဗဟုသုတရလောက်ပါပြီ။

သိလိုသူတွေအတွက် လိုရာရလောက်ပါပြီ။

ဖြစ်နိုင်တာတွေကိုသာပေးလေ့ရှိတဲ့ သူရဇ္ဇရဲ့ထုံးစံအတိုင်း -

သိချင်သူများအတွက် သူရဇ္ဇ လက်ဆောင်ပါးလိုက်ရပြန်ပါပြီ။

ကျန်းမာခြင်း၊ ချမ်းသာခြင်းများစွာ ပြည့်စုံကြပါစေ။

ဆရာဦးမောင်မောင်သန်း
(ရေဝ်ကိုအေးမြစေသား)



www.burmeseclassic.com


www.burmeseclassic.com


ပြည်မြန်မာ၏ ၂၀၁၄ ခုနှစ် မိန်ရာသီပြောင်း


# မန်ဒိန်းဇာတာဟောကိန်း

(၁၅-၃-၂၀၁၄ နေ့မှ ၁၃-၄-၂၀၁၄ နေ့အထိကာလ)

မင်းရှိန်အောင်




၁၅-၃-၂၀၁၄ နေ့ နံနက် (၁း၃၅) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် ကုံရာသီမှ မိန်ရာသီသို့ ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် မနုရာသီမှာ ၁၁' ၂၈' ဝယ် ထွက်ပေါ်နေသည်။ ၎င်းသည်ပင် ပြန်မြန်မာ၏ ၂၀၁၄ ခု မိန်ရာသီပြောင်း မန်ဒိန်းဇာတာခွင်ပင် ဖြစ်သည်။ တစ်နည်းအားဖြင့် မိန်ရာသီ စူဠသင်္ကြန်ဇာတာပင် ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုဇာတာခွင်မွေးနေ့သည် ၁၃၇၅ ခု၊ တပေါင်းလပြည့်နေ့ဖြစ်နေခြင်းပင် ဖြစ်၏။

ဤဇာတာခွင်၏ ထူးခြားချက်များမှာ တနင်္လာဂြိုဟ်နှင့် နက်ပက္ကျွန်းဂြိုဟ်တို့သည် ဝိသမသတ်ဖြစ်နေကြသည်။ အင်္ဂါဂြိုဟ်နှင့် ရာဟုဂြိုဟ်တို့သည် (၃) ဒီဂရီအတွင်း ပူးနေကြသည်။ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် ဝကြသွားနေကြသည်။ ဤဇာတာခွင်ဝယ် ကြာသပတေးဂြိုဟ်ကို ယူရေးနပ်ဂြိုဟ်က (၉၀) ဒီဂရီအမြင်၊ ယူရေးနပ်ဂြိုဟ်ကို ပလူတိုဂြိုဟ် (၉၀) ဒီဂရီအမြင်၊ သောကြာဂြိုဟ် (၆၀) ဒီဂရီအမြင် မြင်ထားပြီး တနင်္ဂနွေဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၁၂၀) ဒီဂရီမြင်ထားသည်။ ကြာသပတေးဂြိုဟ်မြင်ထားသော စနေဂြိုဟ်က ဗုဒ္ဓဟူးဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ နက်ပက္ကျွန်းဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်မြင်ထားသလို ရာဟုဂြိုဟ်နှင့် ပူးနေသော အင်္ဂါဂြိုဟ်က ဗုဒ္ဓဟူးဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်ဖြင့် မြင်ထားသည်။

နောက်အလေးထားစရာတစ်ခုက ဥဒယလဂ်သည် ပလူတိုဂြိုဟ်နှင့် (၈) ဒီဂရီအတွင်း ပူးယှဉ်နေကာ သောကြာဂြိုဟ်တည်ရှိနေပြီး အင်္ဂါဂြိုဟ်၊ ရာဟုဂြိုဟ်၊ စနေဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ တနင်္လာဂြိုဟ်တို့၏ အမြင်ကို ခံယူထားပါသေးသည်။

အားလုံးကိုခြုံ၍ လိုရင်းကိုဆိုရလျှင် အုပ်ချုပ်ရေးမဏ္ဍိုင်၌ လူကြီးမင်းတချို့နေရာအပြောင်းအလဲဖြစ်မှု၊ နေရာပျောက်မှုများ ဖြစ်ပေါ်တတ်မည်။ ထိပ်တန်းလူကြီးမင်းတစ်ဦးအတွက် ဝမ်းနည်းရတတ်မည်။ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့ (ဝါ) အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်တို့တွင် သဘောထားချင်းမတိုက်ဆိုင်မှု၊ ဝိရောဓိဖြစ်မှု၊ သဟဇာတမဖြစ်နိုင်မှု၊ အညမညမကျနိုင်မှု၊ ဂုဏ်သိက္ခာအားထိပါးခံရမှုများရှိတတ်မည်။ လက်နက်ကိုင်ပဋိပက္ခ၊ အကြမ်းဖက်ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးများ ပြုလုပ်ရာတွင် လွယ်မယောင်နှင့်ခက်နေမည်။

လယ်ယာမြေ၊ အိမ်ရာမြေနှင့် ပတ်သက်သော တောင်းဆိုမှုများ၊ အရေးဆိုမှုများ ပိုမို တင်းမာလာမည်။ အတိုက်အခံများ၊ တက်ကြွလှုပ်ရှားသူများ၊ ခေါင်းမာစွာဖြင့် ဆန္ဒထုတ်ဖော်မှုများ ပိုမိုအားပြင်းလာမည်။ ဓာတ်ငွေ့၊ ရေနံ အပါအဝင် ဓာတ်သတ္တုများနှင့် နီးနွယ်နေသောပြဿနာများသည်လည်း ပိုမိုခေါင်းထောင်လာဖွယ်ရှိသည်။

ဖြေရှင်းရခက်သော အခွန်ဘဏ္ဍာဆိုင်ရာကိစ္စတစ်ခုပေါ်တတ်ပြီး ငွေကြေးဈေးကွက်လည်း ကမောက်ကမဖြစ်တတ်သည်။ တရားမဝင်ကူးသန်းရောင်းဝယ်မှုများကြောင့် စိတ်ပျက်စရာတွေ့မည်။ လေကြောင်းဆိုင်ရာ ယာဉ်များ ခရီးစဉ်များ၌ မတော်တဆမှုများကြုံရတတ်မည်။ သံတမန်ရေးဆိုင်ရာ၌ ထူးခြားသော အောင်မြင်မှု ရရှိနိုင်သော်လည်း နယ်စပ်ရေးရာကိစ္စ ဖြေရှင်းရခက်နေမည်။ ဥပဒေပြုပြင်ရေးကိစ္စ၊ ဥပဒေနှင့်စီရင်ဖော်ဆောင်ရေးကိစ္စတို့တွင် ကွင်းဆက်ပြဿနာများကို ဖြေရှင်းမကုန်ရှိနေဦးမည်။ ကလေးသူငယ်ဆိုင်ရာ၊ အမျိုးသမီးဆိုင်ရာအရေးဆိုမှုများ၊ ၎င်းတို့နှင့်ဆက်နွယ်နေသော ရာဇဝင်မှုခင်းများဖြေရှင်းရေးကိစ္စများအတွက်တောင်းဆိုမှုများ၊ ပြဿနာဖြေရှင်းမှုများ ပိုမိုအားကောင်းလာမည်။ ဆက်သွယ်ရေးဆိုင်ရာ၌ ဖြေရှင်းရခက်မှုများ တွေ့လာမည်။ အနုပညာဆိုင်ရာတွင် အောင်မြင်မှုတချို့ရနိုင်သော်လည်း အနုပညာလောကမှ ထင်ရှားသူတစ်ဦးအတွက် ကြေကွဲရလိမ့်မည်။ ဘာသာရေးအသွင်ဆောင်၊ လူမျိုးရေးအသွင်ဆောင် ပဋိပက္ခ၏နောက်ဆက်တွဲကွင်းဆက်ပြဿနာများကိုလည်း ဖြေရှင်းမကုန်ရှိနေဦးမည်။

ရာသီဥတု ပုံမှန်မဟုတ်နိုင်သဖြင့် လယ်ယာစိုက်ခင်းဥယျာဉ်များအတွက် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်မည်။ အားကြီးသောလေပြင်းတို့၏ခြိမ်းခြောက်မှု၊ ထိုးနှက်မှုတို့ကိုလည်း တွေ့ရတတ်မည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com


ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၁ Y ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝကာ - ၅၈/၀၅၁၃)




"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟေ့ ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဩော် မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ။ ချည့်နဲ့နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီးရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး စားမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟေ့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး။ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ။ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ပင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲလေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။ "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်း ကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နီးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ. ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြရုပ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင်လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေ့ပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးထွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်။ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ။ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ်" "ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် တင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟေ့ မောင်ထွန်းကျော် ကျန်းမာစိုပြည်လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျာ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှုများနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း: - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။


www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဥ္စယံ စယံ
ဂတံ ဂတုံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဓိန ပုံဂဝံ ဂဝံ॥ ॥

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာတော်ကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟိ တဟိ အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကိုဓာတ်မရိုက်ပါနှင့်။ ဗုဒ္ဓဟူးနာမည်ရှင်နှင့် စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်က အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူဆူသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် အလှဆင်ပစ္စည်းအဟောင်းအပျက်များကို ရှင်းလင်းစွန့်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွားပြီး ဘုန်းကြီးကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းများ မကြာခဏဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် ဆန့်ကျင်ဘက်စကားများ မပြောမိပါစေနှင့်။

**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ ငွေကြေး၊ အာဟာရထောက်ပံ့ပေးပါ။

**ထီကံကောင်းလိုသူများ** - ဗုဒ္ဓဟူးနံ့ထီဆိုင်တွင် (၄၊ ၈၊ ၁၊ ၇) ဂဏန်းများနှင့် ပြည့်နေအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင် အကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာကို နေ့စဉ်ပုတီးတစ်ပတ်ရအောင် စိပ်ပါ။ တစ်ဆက်တည်း မစိပ်နိုင်ပါက မှတ်ပြီးစိပ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင် မဝတ်ပါနှင့်။

**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဋ္ဌသဂါထာရွတ်ရင်း (၁၅) မိနစ်ခန့် လမ်းလျှောက်ပါ။

**ထီကံကောင်းလိုသူများ** - ကြာသပတေးနံ့ထီဆိုင်တွင် (၅) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော် အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတီပက်ဖျန်းပြီးမှ အင်္ဂါသားသမီးနှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် ခမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်း ကုသိုလ်များပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်၊ အနက်ရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။ လမ်းများများလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနံထီဆိုင်တွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာရွတ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီး ထဟီး ဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' နံ ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ကို ပုတီးစိပ်ပါ။ မကြာမကြာပြုလုပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌဿဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါသော မင်္ဂလာစုံတွဲလေးများ၊ နှစ်စောင်တွဲ၊ ငါးစောင်တွဲ စသည် နိုင်သလောက်ထိုးထားပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွားပြီး တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် အိတ်အဟောင်း၊ အပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များအတွက် အသုံးပြုရန် တံမြက်စည်းများ လှူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ငါးအရှင်လေးများကို တစ်နိုင် ဈေးမဆစ်ဘဲဝယ်ပြီး ဇီဝိတဒါနလွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်လေးများထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် မီးကြိုးအဟောင်း၊ အဆွေးများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်၊ တန်ဆောင်းတော်များတွင် တံမြက်စည်းလှည်းခြင်း အမှိုက်များကောက်ခြင်းပြုလုပ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကိုအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ထီလှည်းလေးများ အိမ်ရှေ့နားလာရပ်ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတမ္ဘတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်း အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးနှင့် သတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ပြည့်အောင်နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများမှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီ၊ အနက်များ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သော ထီဆိုင်လေးများတွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

ယခုလတွင် -

ဗုဒ္ဓဟူးစ အင်္ဂါပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။

ဥပမာ - လှဇွဲ၊ လူဖုံ၊ ရင်ဇော်၊ ဝေဆောင်

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးပေးပြော တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝင်းလှ (B.Sc)



**မတ်လ (၁) ရက်၊ စနေနေ့** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၉၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါ၊ အဖြူ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၂) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၈၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်၊ နို့သာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၃) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၉၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ(၄)ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၅) ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်း၊ အပြာ။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်သို့လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၆) ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူ နို့သာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၇) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အနက်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာနှင့် သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**မတ်လ (၈) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၉၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**မတ်လ (၉) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ နောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၁၀) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က မီးခိုး၊ အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၁၁) ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါ၊ နို့သာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၂) ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်း၊ အပြာ။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၃) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ်က မြောက်၊



www.burmeseclassic.com

www.burmeseclassic.com

လာဘ်အရောင်က အဝါ၊ အဖြူ။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၁၄) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၀၊ ၁၊ ၄)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၅) ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အစိမ်း၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၆) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္ဂနွေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၁၇) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၇၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အနက်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

**မတ်လ (၁၈) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၉၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓါ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၉) ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်း၊ အပြာ။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက် လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၀) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူ၊ အဝါ။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၁) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၈၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အပြာ၊ ပန်းရောင်။ အကျိုးပေးနေ့သား စနေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

**မတ်လ (၂၂) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် လိမ္မော်ရောင်၊ နုံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၃) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၈၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ခရမ်းရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၄) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၅၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အပြာ၊ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၂၅) ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အနက်၊ အဝါ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၂၆) ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၈၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဝါ၊ အနီ။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၇) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဖြူ၊ အပြာ။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၈) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၄၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီ၊ ခရမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၉) ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၉၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဖြူ၊ အညို။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၃၀) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၉၊ ၆၊ ၁)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အပြာ၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**မတ်လ (၃၁) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်မီးသူ (BS.c)



www.burmeseclassic.com

www.burmeseclassic.com




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက် လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီ အေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ယေးပ့ါမယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကို**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

စာမေးပွဲကြီးနီးလာပြီ။

အကောင်းဆုံးကြိုးစားလာခဲ့ကြပြီး အကောင်းဆုံးဖြစ်အောင်ဖြေဆိုကြရင်း-

အောင်မြင်မှုတွေ အများကြီးကို ဆွတ်ခူးရယူပိုင်ဆိုင်နိုင်ကြတော့မှာမို့ -

ကလေးတို့အတွက် လိုအပ်မယ် ထင်တာလေးတွေကို အကြံပြုလိုက်ပါဦး မယ်။

အိပ်ရေးတော့ဝပါစေ။

အိပ်ရေးပျက်မခံပါနဲ့။

ဒီအချိန်ဟာ အိပ်ရေးဝပြီး လန်းဆန်းတက်ကြွတဲ့ စိတ်ဓာတ်အပြည့် နဲ့ ပေါ့ပေါ့ပါးပါး ရွှင်ရွှင်လန်းလန်းဖြစ် နေရတော့မှာလေ။

အစားကိုလည်းဂရုစိုက်။

မတည့်တာတွေမစားနဲ့။ လေချုပ်၊ ဝမ်းချုပ်၊ ဝမ်းသွားစေနိုင်တာတွေကို သတိထားရှောင်။ တည့်တာကိုစားရင်တောင် အစာမကြေဖြစ်တဲ့ထိ မစားနဲ့။ ခေါင်းမူး၊ ခေါင်းနောက်စေတဲ့ အစား အစာဆိုရင် ဝေးဝေးကရှောင်ထား။

ခွန်အားဖြစ်အောင်လည်းစား။

စာမေးပွဲကြီးဖြေဆိုဖို့ ပျော်ရွှင်စွာ နဲ့ စောင့်နေရတော့မယ့်အချိန်ရောက်ပြီ။

ဒါတွေကို ဘာလို့သတိထားခိုင်း လဲဆိုတော့ -

ကလေးတို့ဟာ ရည်ရွယ်ချက်ကြီး ကြီးထားပြီး ဦးတည်ချက်နဲ့လမ်းလျှောက် နေတဲ့သူလိုပဲ။

ဦးတည်ချက်နဲ့ လမ်းလျှောက်နေ တဲ့သူဟာ လိုရာခရီးကိုရောက်ကိုရောက် တယ်။


ဒီလိုပဲ -

ကလေးတို့ဟာ အောင်မြင်ရမယ် ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ တစ်နှစ်လုံး မနားမနေ ကြိုးစားခဲ့ကြပြီးပြီမို့ အောင်

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

# စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အောင်ပွဲဝင်အစီအရင်





www.burmeseclassic.com

www.burmeseclassic.com

မြင်မှုကို ရယူပိုင်ဆိုင်ကြတော့မယ်။

ဒါမဆန်းပါဘူး။

အမြင့်ကိုရောက်အောင်တက်မယ့်သူဟာ အမြင့်ကို တက်လှမ်းချင်တဲ့စိတ်ရှိကိုရှိရမှာဖြစ်ပါတယ်။

အဲဒါကိုက အောင်စိတ်ပါပဲ။

ဒါက အောင်မြင်သွားကြတဲ့သူတွေမှာ တွေ့ရတဲ့စိတ်။ အောင်မြင်ချင်ကြသူတွေမှာတွေ့ရတဲ့စိတ်ဓာတ်ပါ။

အောင်စိတ်ဆိုတာ ဝယ်ယူလို့မရသလို တောင်းယူလို့လည်း မရပါဘူး။

စစ်မှန်တဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယရှိပြီး ပြင်းပြတဲ့ဆန္ဒရှိသူတွေမှာသာ အောင်စိတ်ရှိစမြဲဖြစ်ပါတယ်။

စိတ်ဓာတ်ကျလွယ်သူ -

ကိုယ့်ကိုယ်ကိုယ်မယုံကြည်ဘဲ ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့စိတ်ရှိသူ၊ တွေဝေနေတတ်တဲ့သူ -

ဇွဲ၊ လုံ့လ၊ ဝီရိယမရှိသူ -

အချိန်ကိုတန်ဖိုးမထားတတ်သူ -

ဒီလိုလူမျိုးတွေမှာ အောင်စိတ်မရှိပါဘူး။

ဒါကြောင့် အဲဒီလိုလူမျိုးတွေဟာလည်း အောင်မြင်တယ်ဆိုတာ မရှိပါဘူး။

အောင်မြင်ခြင်းဟာ အောင်မြင်ချင်သူတွေအတွက်ပဲ ဖြစ်ပါတယ်။

ဒီလိုအောင်မြင်မှုတွေကို ရယူပိုင်ဆိုင်ကြတော့မယ့်ကလေးတို့မှာ -

စာမေးပွဲလန့်တာမျိုးတွေ -

စာမေးပွဲနီးမှချူချာတာမျိုးတွေ -

မိသားစုကိစ္စ၊ လူမှုရေးကိစ္စပေါ်လာတာမျိုးတွေ -

ဘာစာတွေကျက်ထားလို့ ကျက်ထားမှန်းမသိဖြစ်လာတာမျိုးတွေ -



BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ရလေအောင် -

အခုကစပြီးတော့ -

ဘော(လ်)ပင်အသစ် (၁၀)ချောင်းလောက်ကို မင်စမ်းထားပြီး ဘုရားရှင်ရဲ့ ရှေ့တော်မှာ ပန်းကန်ပြားလေးတစ်ချပ်နဲ့ထည့်၊ ဘုရားပူဇော်ထားပါ။

ကိုယ်ဖြေဆိုတော့မယ့် ပစ္စည်းလေးတွေနဲ့ ဘုရားကို ပူဇော်တာပါပဲ။

ဘာပဲပြောပြော ရတနာမြတ်သုံးပါးဂုဏ်ကျေးဇူးတော်ကို ယုံယုံကြည်ကြည်နဲ့ ပူဇော်လို့ အောင်ပွဲဝင်သွားကြတာချည်းပဲဆိုတာ ရေတောင်မရေတွက်နိုင်တော့ပါဘူး။

ဖြေတဲ့နေ့ရောက်မှ ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး ပူဇော်ပါ။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားရလာရင် ဘုရားစင်ပေါ်ကို တင်မထားပါနဲ့။ ကလေးရဲ့ဓာတ်ပုံပါနေလို့ ဖြစ်ပါတယ်။

ဘုရားစင်ပေါ်တင်လို့မရပေမယ့် သန့်ပြန့်တဲ့နေရာ အမြင့်နားလေးပေါ်မှာတော့ တင်ထားလို့ရပါတယ်။ ဓာတ်ပုံပေါ်က ဘာမှမဖိပါနဲ့။

ဓာတ်ပုံရဲ့ ရှေ့တို့၊ ကျောတို့မှာ အင်းချပြီး ဘုရားစင်တင်ထားတာမျိုးတွေမလုပ်ပါနဲ့။

ဓာတ်ပုံခံပြီးမီးထွန်းတာတို့၊ ဓာတ်ပုံကို ရုပ်ပွားတော်များရဲ့ ရင်ဘတ်တော်တွေမှာ ကပ်ထားတာတို့ လုံးဝ မလုပ်ပါနဲ့။

BURMESE CLASSIC .com

ညအိပ်ရင် -

ကျက်တဲ့ စာအုပ်တွေထဲက တစ်နေ့ကို တစ်ဘာသာထဲက တစ်အုပ်တည်းကို ခေါင်းအုံးအောက်မှာထားပြီး အိပ်ပါ။ ဘာသာရပ်တစ်မျိုးစီထဲက တစ်နေ့ကို တစ်အုပ်သာ ထားအိပ်ပါ။ ဒီနေ့ မြန်မာစာတစ်အုပ်ထားရင် နောက်နေ့ သင်္ချာတစ်အုပ်ထားရမှာ ဖြစ်ပါတယ်။ မိုးလင်းရင် ပြန်ထုတ်လိုက်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးလို့ စာကျက်တော့မယ်ဆိုတာနဲ့ မကျက်ခင်မှာ -

**အောင် အရဟံ နမော ဗုဒ္ဓါယ သိဒ္ဓိ ဘဂဝါ -**

ဆိုတဲ့ ဘုရားရှိခိုးကို (၂၇) ခေါက်ရွတ်ပြီး ရှိခိုးပါ။

ဘုရားစင်ရှေ့မှာ ပုဆစ်တုပ်ထိုင်၊ လက်အုပ်ချီပြီး တစ်ခွန်းချင်း ပီပီသသရင်ခေါင်းသံနဲ့ရွတ်ဆိုပြီး ဘုရားပူဇော်ပါ။

**စဖြေတဲ့နေ့** မှာ -

ပန်းပေါင်းစုံ (၅) မျိုး၊ တစ်မျိုးကို (၃) ခိုင်လောက်စီနဲ့ ဘုရားကို ပူဇော်ပါ။

ဒါက ကလေးတို့အားလုံး ဘယ်နေ့သားသမီးဖြစ်ဖြစ် ပူဇော်ရမှာ ဖြစ်ပါတယ်။ (၇) ရက်သားသမီးအားလုံးအတွက်ပါပဲ။

ပန်းပေါင်းစုံ (၅)မျိုးဆိုတာ ဂန္ဓမာအရောင် (၅) မျိုးဆိုလည်း ရပါတယ်။

ပန်းရှားတဲ့နေရာမျိုးမှာ တောပန်းတောင်ပန်းလေးတွေနဲ့ ပူဇော်ရင်လည်း ရပါတယ်။ နွမ်းလို့တော့မရပါဘူး။ နေ့တိုင်း အသစ်လဲပြီး ပူဇော်ရမှာပါ။ ဖူးပွင့်ဝေစည် လှပနေအောင် ပူဇော်ပါ။

ပြီးရင် -

**တနင်္ဂနွေသားသမီးတွေ**က တနင်္လာနံ လျှုဖွယ်အာဟာရဆွမ်းတွေနဲ့ ဘုရားရှင်ကို ပူဇော်ရပါလိမ့်မယ်။ ဥပမာ ကြံရည်၊ ကုံ့ကော်ညွှန့်၊ ကျောက်ကျောကော်ဖီ၊ ကိတ် ရရာတစ်မျိုးမျိုးနဲ့ ပူဇော်ပါ။ နေ့စဉ် ပူဇော်ရမှာ ဖြစ်ပါတယ်။

**တနင်္လာသားသမီးတွေ**က အင်္ဂါနံနဲ့ ပူဇော်ပါ။

ဥပမာ ဆီးသီး၊ စံပယ်ပန်း (ကြိုးဖြုတ်ပြီး အပွင့်လေးတွေအတိုင်း ပန်းကန်ပြားထဲမှာ ပူဇော်ပါ)၊ ဇွန်ပန်း၊ စွယ်တော်ညွှန့်။

**အင်္ဂါသားသမီးများ** ဗုဒ္ဓဟူးနံနဲ့ ပူဇော်ပါ။ဥပမာ ရွက်လှညွှန့်၊ လက်ဖက်ဆွမ်း၊ လမုန့်၊ လက်ဖက်ရည်၊ ဝါးညွှန့်။

**ဗုဒ္ဓဟူးသားသမီးများ** ကြာသပတေးနံနဲ့ ပူဇော်ပါ။ ဥပမာ ပေါက်ပေါက်၊ မုန့်လုံးရေပေါ်၊ ပေါင်မုန့်၊ ပန်းသီး၊ မတ်ပဲကြော်။

**ကြာသပတေးသားသမီးများ** သောကြာနံနဲ့ ပူဇော်ပါ။ ဥပမာ သစ်တော်သီး၊ သရက်သီး၊ ဆွမ်းပေါ်မှာ သကြားဖြူး၍ကပ်သော သကြားဆွမ်း။

**သောကြာသားသမီးများ** စနေနံနဲ့ ပူဇော်ပါ။ ဥပမာ နွားနို့၊ ထန်းလျက်၊ ထောပတ်ထမင်း။

**စနေသားသမီးများ** တနင်္ဂနွေနံနဲ့ ပူဇော်ပါ။ ဥပမာ အုန်းဆွမ်း၊ အုန်းသီးစိတ်၊ အုန်းပန်း။

ပူဇော်ပြီးပြီဆိုရင် -

'**အောင် အရဟံ နမော ဗုဒ္ဓါယ သိဒ္ဓိ ဘဂဝါ**' ဂါထာကို သက်စေ့ရွတ်ပါ။ ပုဆစ်တုပ်ထိုင်၊ လက်အုပ်ချီပြီး တစ်ခွန်းချင်း ပီပီသသရွတ်ပြီး ဘုရားဝတ်ပြုပါ။

ပြီးရင် ဉာဏ်တော်အရာမှာ ဧတဒဂ်ဘွဲ့ထူးရတော်မူတဲ့ အရှင်သာရိပုတ္တရာရဟန္တာမထေရ်အရှင်မြတ်ကြီးကို ရည်မှန်းပြီး ပေါက်ပေါက်ဆွမ်းကပ်လှူပါ။

ပြီးရင် သူရဿတီမယ်တော်ကြီးကို ရည်မှန်းပြီး ပေါက်ပေါက်ဆွမ်းလှူပါ။

မိဘနှစ်ပါးနဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အာစရိယဆရာသခင် ကျေးဇူးရှင်များကို ပြောမှားဆိုမှားပြစ်မှားမိခဲ့တာမှန်သမျှ ဝန်ချတောင်းပန်ကန်တော့ပါ။ ရိုသေစွာရည်မှန်းကန်တော့ပါ။

အောင်မြင်စွာ ဖြေဆိုနိုင်ပါပြီ။

ကလေးတို့ဟာ -

အညွန့်တလူလူနဲ့ အောင်မြင်ကြတော့မယ့်သူတွေ ဖြစ်တယ်။

ကလေးတို့အားလုံးမှာ အလင်းရောင်တွေရှိတယ်။

ကလေးတို့ရဲ့ရှေ့က ထူးထူးချွန်ချွန် ဂုဏ်ထူးတွေနဲ့ အောင်မြင်သွားကြတဲ့ ဂုဏ်ထူးရှင် ပညာတတ် အစ်ကိုတွေ၊ အစ်မတွေလိုပဲ ကလေးတို့လည်း အောင်မြင်နိုင်တယ်ဆိုတာ လုံးဝယုံကြည်ထားပါ။

ဒါကြောင့် -

သူကတော့ ဘယ်လိုကြိုးစားတယ်၊ ဟိုတစ်ယောက်က ငါ့ထက်နည်းနည်းတော်တယ်၊ ဟိုတစ်ယောက်ကျတော့ ငါ့လောက်တောင် စာမရဘူး ဆိုတာမျိုးတွေ လိုက်ကြည့်မနေဘဲနဲ့ ကိုယ်ဘယ်လိုအောင်မြင်အောင်ကြိုးစားမယ်ဆိုတဲ့စိတ်ဓာတ်ကိုသာ အာရုံစူးစိုက်ထားပါ။

ဒိုပြင်လူအကြောင်းတွေးတာ စိတ်ခွန်အားလျော့တယ်။အတွေးထဲကိုလည်း မလိုအပ်တာတွေရောက်တယ်။ အချိန်လည်းကုန်တယ်။

အရေးအကြီးဆုံးတစ်ခုက ကိုယ်ထူးထူးချွန်ချွန်အောင်မြင်ဖို့ပါပဲ။

အဲဒီလို အောင်မြင်ဖို့ကလည်း အဓိက ကိုယ်နဲ့ပဲဆိုင်ပါတယ်။

ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရပါလိမ့်မယ်။

ဒါဟာ အောင်စိတ်ပါပဲ။

ဒီလို ထက်မြက်နေတဲ့ စိတ်ဓာတ်ရှင်မျိုးတွေဖြစ်နေတဲ့အတွက် ကလေးတို့ သတိမထားမိတာလေးတွေကို သတိပေးလိုက်ပါဦးမယ်။

အဲဒါကတော့ သွားပါပြီတို့၊ သေပြီတို့၊ ဘဝပျက်ပြီ၊ ဒုက္ခရောက်ပြီ၊ ကွဲပြီ၊ ပဲ့ပြီ၊ သေချင်တယ်၊ ပြဿနာပဲ၊ လန့်ထွက်နေတယ်၊ ကျိုးနေတယ်၊ ပြိုင်းနေတယ် ဆိုတဲ့ စကားမျိုးတွေ မပြောမိ



www.burmeseclassic.com

www.burmeseclassic.com

အောင်ရှောင်ပါ။

သူများကမေးလိုက်တာနဲ့ ငါ့ကိုယ်ငါမထင်ဘူးဆိုတာတွေ၊ ကိုယ်ကလည်း သူများကို လုပ်မနေပါနဲ့၊ အောင်မှာလည်းမဟုတ်ပါဘူး ဆိုတာတွေ မပြောမိအောင်ရှောင်ပါ။

မင်္ဂလာရှိရှိနေပါ။

အိမ်မှာဝတ်တဲ့အင်္ကျီကအစ လူသေနိမိတ်၊ သေဆုံးခြင်းနိမိတ်၊ ဘဝပျက်တဲ့နိမိတ်၊ ရပ်ဆိုင်းသွားတဲ့နိမိတ်၊ သတ်ဖြတ်နေတဲ့နိမိတ်၊ သွေးခြင်းခြင်းနီနေတဲ့နိမိတ်၊ လူညွန့်တုံးနေတဲ့နိမိတ်၊ အဲဒီလိုနိမိတ်ဆိုးပုံတွေပါတဲ့အင်္ကျီတွေကို မဝတ်မိအောင်ရှောင်ပါ။

ကလေးတို့ဟာ အောင်မြင်ကြတော့မယ့်သူတွေ ဖြစ်နေပါပြီ။

ဒါကြောင့် မင်္ဂလာမရှိတဲ့စကားတွေရှောင်ပါ၊ မင်္ဂလာမရှိတဲ့ပုံတွေရှောင်ပါလို့ ကလေးတို့သတိမထားမိရင် သတိထားမိအောင် အကြံပြုလိုက်ပါတယ်။

❒

## မိဘများကအိမ်မှပြုလုပ်ပေးရန်

မိဘတွေနဲ့အတူ နေထိုင်ကြတဲ့ကလေးတွေကတော့ အောင်ပွဲဝင်အစီအရင်တွေကို ပြုလုပ်လို့ရပါတယ်။

စာမေးပွဲစဖြေတဲ့နေ့ကစပြီး ဖြေပြီးတဲ့နေ့အထိ ရတနာမြတ်သုံးပါးကို ဦးထိပ်ထား ပူဇော်ပြီးမှ သွားဖြေခြင်းဆိုတာတွေကို ပြုလုပ်ကြလို့ ရပါတယ်။

မိဘတွေက ဘေးကနေပြီး လိုအပ်တာမှန်သမျှ စီစဉ်ပေး၊ ပြောပေးဆိုပေးလို့ အဆင်ပြေပါတယ်။

ဒါပေမယ့် -

အဆောင်မှာ သွားနေကြတဲ့ကလေးတွေကတော့ ဒီအစီအရင်တွေကို လုပ်လို့ရမှာ မဟုတ်ပါဘူး။

အဆောင်မှာနေပြီး ဖြေကြတော့မယ့်ကလေးတွေအတွက်ကတော့ ခေါင်းအုံးအောက်ထဲမှာ စာအုပ်ထားအိပ်တာရယ်၊ သူတို့မျက်နှာသစ်ပြီးတာနဲ့ -

**'အောင် အရဟံ နမော ဗုဒ္ဓါယ သိဒ္ဓိဘဂဝါ'** ကို (၂၇) ခေါက်ရွတ်တာတို့၊ သက်စေ့ရွတ်တာတို့ရယ်ကိုပဲ သူတို့ပြုလုပ်နိုင်ကြမှာပါ။

ဒါကြောင့် -

ကျန်တဲ့အပိုင်းတွေကို မိဘတွေက ပြုလုပ်ပေးရပါလိမ့်မယ်။

အချိန်ကိုရအောင်ယူပါ။ ရက်များများရလေကောင်းလေပါပဲ။

နေ့စဉ် ဝတ်မပျက် ဘုရားပူဇော်ဖို့ စတင်ပါ။

အကောင်းဆုံးကတော့ ကိုယ့်သားသမီးလေးရဲ့အင်္ကျီကို ညာဘက်လက်နဲ့ကိုင်၊ ကိုယ့်ရင်ဘတ်မှာထိထားပြီး ဘုရားရှိခိုးခြင်းပါပဲ။ ဒီလိုထိထားပြီးရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို တစ်ခေါက်ရွတ်ပါ။ ပြီးရင် ကလေးကို မေတ္တာပို့ပါ။ ပဋ္ဌာန်းမရွတ်တတ်ရင်တော့ ဘုရားဂုဏ်တော်တွေကို (၁၅) မိနစ်လောက်ရွတ်နေပါ။ ရွတ်ပြီးရင် အင်္ကျီကို သူ့နေရာသူပြန်ထားပါ။ နောက်နေ့မှာ နောက်တစ်ထည်ယူရွတ်ပြီး ခုနလိုပဲ မေတ္တာပို့ပါ။

ကလေးတွေအတွက် ပြုလုပ်ပေးရမယ့် အောင်ပွဲဝင် အစီအရင်တွေကတော့ ပြခဲ့ပြီးတဲ့အတိုင်းပါပဲ။

ပန်းပေါင်းစုံ (၅) မျိုး ဘုရားပူဇော်ပြီးပြီဆိုတာနဲ့ ကိုယ့်ကလေးအတွက် ဆွမ်းတော်ကပ်ရမှာကို ဆက်ကပ်ပါ။

ပြီးရင် ခါတိုင်းနေ့တွေမှာ ရွတ်ပေးနေတဲ့အတိုင်း ရင်ဘတ်မှာထိပြီးရွတ်ပေးပါ။ ကလေးအင်္ကျီကိုတော့ ယောင်လို့တောင် ဘုရားစင်မတင်မိပါစေနဲ့။

ကလေးစဖြေချိန်ဟာ အကောင်းဆုံး ရွတ်ဖတ်ပေးနေရမယ့်အချိန်ပါပဲ။ ကလေးဖြေနေတဲ့အချိန်ပြီးတဲ့အထိ ရွတ်ဖတ်နေဖို့တော့ မဟုတ်ပါဘူး။ စဖြေချိန်ကစပြီး စရွတ်လိုက်၊ ခဏနားလိုက်၊ ရွတ်လိုက်၊ မေတ္တာပို့လိုက်လုပ်နေရင် ရပါပြီ။

ကလေးဖြေဆိုမယ့်နေရာကိုလိုက်လို့ရတဲ့ မိဘတွေဆိုရင်တော့ ကလေးရဲ့အင်္ကျီလေးတစ်ထည်ထည်ယူသွားပါ။ အရိပ်ကောင်းတဲ့နေရာလေးတစ်နေရာမှာထိုင်ပြီး ကလေးအင်္ကျီလေးကို လက်နဲ့ကိုင်ထားရင်း ဒါမှမဟုတ် ရင်ခွင်မှာထားရင်း ရွတ်နေပါ။ ပဋ္ဌာန်းကို အကြိမ်ကြိမ်အထပ်ထပ်ဖြစ်ဖြစ်၊ ဂုဏ်တော် (၉) ပါးကိုပဲ အကြိမ်ကြိမ်ဖြစ်ဖြစ် ရွတ်နေပါ။ ဘယ်သူနဲ့မှ စကားမပြောပါနဲ့။ စကားပြောရင် အဆင်မပြေတာတွေ၊ မကောင်းတာတွေ၊ လမ်းကြောင်းမဖြောင့်တာတွေကြားလာရမိရင် ကိုယ့်ကလေးအတွက် ကိုယ်ယူနေတဲ့ မင်္ဂလာနိမိတ်ကောင်းကို ထိခိုက်နိုင်ပါတယ်။

ဒါကြောင့် စကားအပိုတွေမပြောဘဲ ရွတ်နေပါ။

ကလေးအတွက် စပြီး ရွတ်ဖတ်ပေးချိန်ကစပြီး ကိုယ်ကိုယ်တိုင်ကလည်း မင်္ဂလာမရှိတဲ့စကား၊ နိမိတ်မကောင်းတဲ့စကားတွေ မပြောမိအောင် ရှောင်ပါ။

မင်္ဂလာမရှိတဲ့၊ နိမိတ်မကောင်းတဲ့ စာသားတွေပါတဲ့သီချင်းမျိုးတွေ မဆိုမိအောင်၊ နားမထောင်မိအောင်ရှောင်ပါ။

မင်္ဂလာမရှိ ငိုကြီးချက်မများလွန်းတဲ့ဇာတ်ကားတွေ လုံးဝမကြည့်ပါနဲ့။

ကိုယ့်ကလေးရဲ့အောင်မြင်မှုထက် ပိုပြီး အရေးကြီးတာ မရှိပါဘူး။

ကိုယ့်ကလေးအောင်မြင်မှုအတွက်ကိုသာ အာရုံစူးစိုက်ထားပါ။

အောင်ကိုအောင်မြင်ပါလိမ့်မယ်။

နေ့စဉ်နေ့တိုင်း ဘုရားဝတ်ပြုပြီးလို့ ကလေးကို မေတ္တာပို့ပြီဆိုရင်လည်း ဝင်လေ၊ ထွက်လေကို (၅) မိနစ်လောက် အာရုံပြု မှတ်ပြီးမှ စူးစူးစိုက်စိုက်မေတ္တာပို့ပါ။

ကိုယ့်ကလေးဟာ ဘော်ဒါသွားနေပြီးစာမေးပွဲဖြေမှာမို့ အိမ်ကနေ အာရုံစူးစိုက် မေတ္တာပို့နေတာပဲဖြစ်ဖြစ် -

ကိုယ်နဲ့အတူနေပြီး အိမ်ကနေသွားဖြေမှာမို့ အိမ်မှာ သူ့ဟာသူ စာကျက်နေချိန်၊ အိပ်နေချိန်ပဲဖြစ်ဖြစ် -

ဘုရားဝတ်ပြုပြီးတာနဲ့ မေတ္တာပို့ရမှာ မမေ့ပါနဲ့။

ကလေး ဘယ်ကပဲဖြေဖြေ ဘုရားစင်ရှေ့မှာထိုင်ပြီး ရွတ်တာဖတ်တာ၊ မေတ္တာပို့တာကတော့ မဖြစ်မနေ လုပ်ကိုလုပ်ရမှာပါ။

ဒါလောက်ဆိုရင် -

ကလေးတွေအတွက် ထိထိရောက်ရောက်ပြုလုပ်ပေးဖို့ အဆင်ပြေလောက်ပါပြီ။

တစ်ခုတော့ပြောချင်ပါတယ်။

ဒါကတော့ အတွေးမလွဲဖို့ပါဘဲ။

ကလေးကို အတင်းအိပ်ရေးပျက်မခံခိုင်းပါနဲ့။ စိတ်ကြည်လင်နေပါစေ။

ကြိုးစားလာကြတဲ့ကလေးတွေဖြစ်လို့ ထူးထူးချွန်ချွန်တွေနဲ့ အောင်ကိုအောင်မြင်ကြပါလိမ့်မယ်။

ကလေးလေးတွေရဲ့ ဓာတ်ပုံလေးတွေကိုတော့ မီးနဲ့တိုက်တဲ့အစီအရင်မျိုးတွေ မလုပ်ပါနဲ့လို့ မေတ္တာရပ်ခံပါရစေ။

သူတို့လေးတွေ အောင်ကိုအောင်မြင်မှာ သေချာတယ်ဆိုတဲ့ ကိုယ့်ကလေး ကိုယ်ယုံကြည်ချက်အပြည့်နဲ့သာ မေတ္တာစူးစိုက်ပို့ပါ။

ထူးထူးချွန်ချွန်နဲ့ အောင်ကိုအောင်မြင်ကြပါလိမ့်မယ်လို့ -

မင်္ဂလာနိမိတ်ကောင်းစကားကိုဆိုလိုက်ရင်း. . . ။

ဆရာဦးမောင်မောင်သန်း
(ခင်ကိုအေးမြစေသား)

www.burmeseclassic.com



# ခုနှစ်ရက်သားသမီး ၄ ဟောစာတမ်း

ဆရာဦးမောင်မောင်သန်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံး အကျိုးပေးသည့် အင်္ဂါနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အမှုအခင်းဖြစ်လာသူ မျိုးများ ညအိပ်လက်ခံတော့မည်ဆိုလျှင် စဉ်းစားပါ။ တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စမှန်သမျှ ရှောင်ပါ။ အကြံအစည်ပြုရန် ကိစ္စရှိတိုင်း အပြောက်အပြောက်ပုလဲပေါက်ဒီဇိုင်းအင်္ကျီဝတ်မသွားပါနှင့်။ ဝင်ငွေနှင့်ထွက်ငွေမကာမိအောင် အကုန်အကျများ တတ်သောကာလ ဖြစ်ပါသည်။ မိတ်ဆွေကြောင့် ဂုဏ်တက်သလို မိတ်ဆွေကြောင့် ဂုဏ်ပျက်တတ်သည့်သဘောကို အမြဲသတိ ထားပါ။ မခံချင်စိတ်တွေဖြစ်လာလျှင် ဖျောက်ပစ်လိုက်ပါ။ လုပ်ငန်းခွင်ရာထူးတိုးဖို့ကိစ္စများကြားရမည်။ အလုပ်လျှောက်ထား သူများ၊ အလုပ်ရှာနေသူများ အလုပ်ရဖို့ သေချာနေပါသည်။ ကျန်းမာရေးကောင်းနေပါမည်။ လေထိုး၊ လေနာစေတတ်သော အစာများ၊ ကိုယ်နှင့်မတည့်သောအစာများမစားပါနှင့်။ ပညာရေးအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်မှုများရရှိ ပါလိမ့်မည်။ နှလုံးသားရေးရာကိစ္စများ အဆင်ပြေလိုက်၊မပြေလိုက်ဖြစ်နေတတ်ပါသည်။ ခဏခဏစကားနိုင်မလုပ်ပါနှင့်။ မွေးနေ့ တွင် အသားစားရှောင်ပါ။ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများ ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ထီကံကောင်းနေပါသည်။ ထီထိုးရန် သတိရပါ။ ထီလှည်းလေးများ၊ စက်ဘီးနှင့်ရောင်းသောထီသည်များ အိမ်ရှေ့လာရပ်ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်ကိန်းရှိပါသည်။

**ယတြာ ။ ။** *ဘုရားရှင်အား နေ့စဉ် နာရီဝက် (သို့) (၁၅) မိနစ်ခန့် အာနာပါနရှုမှတ်သော မြတ်သောအကျင့်နှင့် ပူဇော်ပါ။*






www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများတောင်းပါ။ အကြံဉာဏ်များရယူပါ။ အကောင်းဆုံးအကျိုးပေးပါမည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အလုပ်ပြောင်း၊ အိမ်ပြောင်းကိစ္စများ ကြုံရတတ်သည်။ ကိုယ်တိုင်မကြုံလျှင်လည်း မိသားစုဝင်ထဲမှာ ကြုံရတတ်ပါသည်။ နိုင်ငံရပ်ခြားခရီးသွားရန်ရှိသူများ ထွက်ခွာဖြစ်ပါမည်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အနက်ရောင်အင်္ကျီဝတ်မသွားပါနှင့်။ အဘက်ဘက်မှ ငွေဝင်လာမည်။ သို့သော် အကုန်အကျများသောကာလဖြစ်ပါသည်။ မလိုအပ်ဘဲ ငွေကုန်ကျမှုမျိုးမရှိစေရန် ဒိဝါတပတိဂါထာကို နေ့စဉ်ပုတီးစိပ်ပါ။ အဖိုးမတန်သောကျောက်၊ အပူသောကနှင့်ဝင်လာတတ်သောကျောက်များမဝင်ပါစေနှင့်။ မဝယ်ပါနှင့်။ အခြားသူတစ်ဦး နိုင်ငံခြားသွားမည့်ကိစ္စမျိုးတွင်လည်း ကိုယ်ကအာမမခံပါနှင့်။ မမျှော်လင့်ဘဲ အရှုပ်အရှင်းကိစ္စများ ပေါ်လာတတ်ပါသည်။ ပညာတော်သင်ခရီးများ၊ သင်တန်းများတက်ရတတ်ပါသည်။ ပညာရေးကောင်းမည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများတွင် မကြာခဏလမ်းခွဲစကားတွေပြောရတတ်ပါသည်။ စကားအခြေအတင်ဖြစ်လာပြီဆိုလျှင် ကိုယ်ကလျှော့ပေးပါ။ စိတ်ပြေမှဆက်ပြောပါ။ စက်ပစ္စည်းအတွက် ငွေကုန်ကြေးကျမှုရှိမည်။ တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စများရှောင်ပါ။ လူမျိုးကွဲအကျိုးမပေးသောကာလဖြစ်သည်။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်များတွင် (၅) ဂဏန်းနှင့်စသောထီလက်မှတ်လေးများတွေ့ပါက ထိုးထားလိုက်ပါ။

ယတြာ ။ ။ *ဂုဏ်တော်ကို (၁၅) မိနစ်၊ နာရီဝက်ခန့် ရွတ်ဖတ်နေပါ။ အခေါက်ရေမမှတ်ပါနှင့်။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ အကူအညီများတောင်းပါ။ အောင်မြင်လာပါလိမ့်မည်။ (၁) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ အရှုပ်အရှင်းရှိသောအိမ်၊ ကား၊ ကျောက်များ မဝယ်ပါနှင့်။ ဝင်မလာပါစေနှင့်။ စိတ်ညစ်ရတတ်ပါသည်။ မမျှော်လင့်ဘဲ ထီပေါက်တတ်သည်။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းကိစ္စများ မမျှော်လင့်ဘဲ အောင်မြင်သွားမည်။ မလိုအပ်ဘဲ ကုန်ကျမှုမရှိစေရန် ဒိဝါတပတိဂါထာကို အမြဲဒွာန်ပုတီးများစိပ်ပါ။ လာဘ်လာဘအတွက် ရှင်သီဝလိဂါထာ၊ မဟာဝေဒဗ္ဗမန္တန်များရွတ်ဖတ်ပူဇော်ပါ။ မေတ္တာသုတ်ကိုနေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ပါ။ ကျန်းမာရေးကောင်းပါမည်။ ပညာရေးတွင် အပေါင်းအသင်းခုံမင်ပြီး အဆော့မမက်အောင်သာ သတိလေးထားနေပါ။ စိတ်ပါလျှင် စာထကျက်၊ စိတ်မပါလျှင် ပစ်ထားလိုက်မလုပ်ပါနှင့်။ ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်မှုရရှိပါမည်။ နှလုံးသားရေးရာကိစ္စများတွင် လူငယ်တို့သဘာဝ ခဏခဏစိတ်ဆိုးရလွန်း၍ စိတ်နာမှုလေးများဖြစ်တတ်ပါသည်။ သတိထားဆင်ခြင်လိုက်ပါ။ စက်ပစ္စည်းကောင်းများဝင်မည်။ လက်ဝတ်ရတနာမမြဲသောကာလ ဖြစ်ပါသည်။ ခရီးယာယီထွက်ဖြစ်မည်။ လုပ်ငန်းခွင်တွင် စိတ်ပင်ပန်း၊ လူပင်ပန်းမှုများရှိတတ်သည်။ ကြိုးစားသမျှလည်း အောင်မြင်မှုအပြည့်အဝမခံစားရဘဲရှိနေမည်။ ထီထိုးရန်အတွက် စက်ဘီးနှင့်ရောင်းသောထီဆိုင်၊ အင်္ဂါနံထီဆိုင်များတွင် (၃) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများကို နိုင်သလောက် ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ယခုလတွင် အိမ်မှ နာရီဝက်ခန့်လျှောက်ရသောနေရာရှိ ဘုရားတစ်ဆူဆူသို့ ခြေကျင်သွားပါ။ ဘုရားမှာ (၁၅)မိနစ်ခန့် တံမြက်စည်းလှည်းပြီးမှဘုရားဝတ်ပြုပါ။*

BURMESE CLASSIC .com

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများအတွက် ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ အကောင်းဆုံးအောင်မြင်သွားပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရန်များလွန်းသူ၊ ရန်လိုတတ်သူများနှင့် အရောတဝင်မနေပါနှင့်။ သူတစ်ပါးအမှုကိစ္စများတွင် ကြားဝင်ပါခြင်း၊ အာမခံခြင်းများလည်း ရှောင်ရှားရပါမည်။ စက်ပစ္စည်းများအကျိုးမပေးပါ။ ဝင်လာသောစက်ပစ္စည်းလည်း စိတ်တိုင်းမကျဖြစ်သည့်အပြင် ပျက်လိုက်ပြင်လိုက်ဖြစ်နေမည်။ အလုပ်ရှာနေသူ၊ အင်တာဗျူးဖြေဆိုထားသူများ အလုပ်ရပါတော့မည်။ အလုပ်နှစ်မျိုး၊ သုံးမျိုးတစ်ပြိုင်တည်းခေါ်သဖြင့် ရွေးချယ်ရခက်တတ်သည်။ ဝင်ငွေကောင်းလာမည်။ အကုန်အကျလည်းများတတ်ပါသည်။ ပညာရေးကံကောင်းမည်။ ဆက်တိုက်အောင်မြင်နေလိမ့်မည်။ ကျန်းမာရေးချူချာတတ်သည်။ ကိုယ်နှင့်မတည့်သောအစာများရှောင်ပါ။ လေရောဂါ၊ နှလုံးရောဂါရှင်များကို ကြုံတိုင်း ဆေး၊ အာဟာရများ လှူဒါန်းပါ။ ငွေကြေးတတ်အားသရွေ့ထောက်ပံ့ပေးပါ။ ငယ်ရွယ်သူများ အချစ်ရေးကောင်းနေသော်လည်း စိတ်ကစားခြင်းမျိုး ရှောင်ပါ။ ချစ်သူအပေါ် သစ္စာရှိပါ။ ကိုယ့်ချစ်သူကို အခြားသူတစ်ယောက်နှင့် ဥပမာပေးပြီးမပြောမိပါစေနှင့်။ ယခုလအတွင်း ဘာလုပ်လုပ် တစ်ကြိမ်နှင့်မပြီးတတ်ပါ။ စိတ်လည်း နှစ်ခွဖြစ်သွားတတ်ပါသည်။ ထီထိုးရန်အတွက် ကြာသပတေးနံထီဆိုင်တွင် နှစ်ခါပြန်ပြီး ထီထိုးလိုက်ပါ။ (၅၊ ၂၊ ၁၊ ၄)ဂဏန်းများ ပါပါစေ။

ယတြာ ။ ။ *နေရောင်ခြည်စထွက်ချိန်မှာ ဘုရားရှင်အား ဒိဝါတပတိဂါထာ (၂၇) ခေါက်ရွတ်ပြီး ဘုရားရှိခိုးပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့် နံသင့်ပုဂ္ဂိုလ်မှာ အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများရယူပါ။ အကြံဉာဏ်များတောင်းပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ သရဏဂုံ - ၃၀ ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ မေတ္တာသုတ်ကို နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ခရီးယာယီပေါ်မည်။ ညီအစ်ကိုမောင်နှမကြားကိုဝင်မပါမိပါစေနှင့်။ လူမျိုးကွဲကြောင့် စိတ်ကသိကအောက်ဖြစ်ရတတ်သည်။ လုပ်ငန်းခွင်အတွင်း အဆင်မပြေမှုများရှိတတ်ပါသည်။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ လေထိုး၊ လေနာမဖြစ်အောင် အစာကိုအချိန်နှင့်စားပါ။ လွန်ကဲစွာ အအေးမခံပါနှင့်။ ရေသတ္တဝါလေးများကို အစာကျွေးပါ။ ပညာရေးကံများကောင်းနေသော်လည်း အချိန်အလဟဿဖြစ်အောင်မဖြုန်းပါနှင့်။ အာရုံမများပါစေနှင့်။ အောင်မြင်မှုပန်းတိုင်ရောက်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ ခုအဆင်ပြေလိုက်၊ တော်ကြာစိတ်ကောက်လိုက်ဖြစ်နေတတ်ပါသည်။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အစိမ်းရောင်အင်္ကျီလေးများဝတ်မသွားပါနှင့်။ ထီထိုးရန်အတွက် စက်ဘီးနှင့်ရောင်းသောထီသည်လေးများထံမှ (၃၊ ၅၊ ၆) ဂဏန်းတွေများများပြည့်နေအောင်ထိုးပါ။ လာဘ်လာဘအတွက် ဒိဗ္ဗတပတိဂါထာ၊ ရှင်သီဝလိဂါထာ၊ မဟာဝေဒပ္ပမန္တန်တော်များကို နေ့စဉ် ဝတ္တရားမပျက် ရွတ်ဖတ်ပူဇော်ပါ။

ယတြာ ။ ။ *နေ့စဉ် နာရီဝက်ခန့် (သို့) (၁၅) မိနစ်ခန့် အာနာပါနရှုမှတ်ပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့် နံသင့်ပုဂ္ဂိုလ်မှာ တနင်္ဂနွေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ အကူအညီတောင်းပါ။ အကြံဉာဏ်များရယူပါ။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေရေးကြေးရေးကိစ္စများ အရှုပ်အရှင်းရှိတတ်၍ စာရင်းဇယားနှင့် သေသေချာချာဆောင်ရွက်ထားပါ။ ပြဿနာရှိသော ကျောက်၊ ကားများ မဝင်ပါစေနှင့်။ သစ်ဟောင်းများ ပြန်မဝယ်ပါနှင့်။ ကားမောင်းလျှင်ဆင်ဆင်ခြင်ခြင်မောင်းပါ။ လာဘ်လာဘအတွက် မဟာဝေဒပ္ပမန္တန်တော်ကို နေ့စဉ်သစ္စာပြုပြီးရွတ်ပါ။ လူမှုရေး၊ စီးပွားရေးကိစ္စများ အတိုက်အခံများနေလျှင် မေတ္တာသုတ်ကို နေ့စဉ် (၂၁) ခေါက်ရွတ်ပြီး မေတ္တာပွားများပါ။ ရာထူးတိုးစာမေးပွဲတွေအောင်မြင်ပြီး ရာထူးတိုးမည့်ကာလ ဖြစ်ပါသည်။ ပညာရေးကံများကောင်းမည်။ ပညာတော်သင်ခရီးတွေသွားရတတ်ပါသည်။ ကျန်းမာရေးကောင်းမည်။ လေ့ကျင့်ခန်းများများလုပ်ပေးပါ။ ဆေးလှူပါ။ ငါးအရှင်လေးများကို ဇီဝိတဒါနလွှတ်ပေးပါ။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခိုစာများကျွေးပါ။ အရေးတကြီးကိစ္စဆောင်ရွက်ရန်ရှိပါက အိမ်မှစောစောထွက်လာပြီး အနီးဆုံး ဘုရားစေတီတစ်ဆူသို့ အရင်သွား၍ ရုပ်ပွားတော်မြတ်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၅) တိုင် ထွန်းညှိပူဇော်ကာ သရဏဂုံကို သက်စေ့ရွတ်ပြီးမှသွားပါ။ ထီထိုးရန်အတွက် အဓိဋ္ဌာန်တစ်ခုခုဝင်ပြီးမှ ထိုးပါ။ (၅၊ ၄၊ ၁၊ ၈) ဂဏန်းများပါအောင်ရွေးပါ။

ယတြာ ။ ။ *ဘုရားရှင်အား အာနာပါနဗုဒ္ဓါနုဿတိဘာဝနာနှင့် နေ့စဉ် (၁၅) မိနစ်၊ နာရီဝက်ခန့် ပူဇော်ပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် အကျိုးပေးသောနံသင့်သူဖြစ်သည့် အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများတောင်းပါ။ အကြံဉာဏ်များရယူပါ။ (၇) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ သရဏဂုံ - ၃၀ ကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ အရေးကြီးကိစ္စတစ်ခုခုဆောင်ရွက်ရန်ရှိပါက အနောက်အရပ်ဘက်သို့လှည့်၍ သရဏဂုံရွတ်ပြီးမှသွားပါ။ ယခင်က ခင်ခဲ့ဖူးသော လူမျိုးကွဲတစ်ယောက်က အကျိုးတူစီးပွားလုပ်ရန်လာပြောလျှင်မလုပ်သင့်ပါ။ သူများကတစ်ဆင့်ပြန်ရောင်းမည့် လုပ်ငန်းဟောင်းကို ပြန်ဝယ်ပြီးမလုပ်ပါနှင့်။ ကျန်းမာရေးကောင်းနေစေရန် ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ ဝက်ဝံ၊ ရေမြင်း၊ နွားတို့ကို အဆင်ပြေသလို အစာကျွေးပါ။ လေရောဂါဝေဒနာရှင်များကို ဆေးလှူပါ။ ပညာရေးကံများ အရှိန်အဟုန်မြင့်ပြီးကောင်းနေပါသည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ချစ်သူအပေါ် နားလည်မှုလေးပေးပါ။ အနိဋ္ဌာရုံအင်္ကျီတွေဝတ်ပြီး ချစ်သူဆီမသွားပါနှင့်။ တစ်ပတ်တစ်ခါ နီးရာဘုရားစေတီသို့ ခြေကျင်လျှောက်သွားပြီး တံမြက်စည်းလှည်း၊ အမှိုက်တွေကောက်ပါ။ ဘာမဆိုအောင်မြင်လာပါလိမ့်မည်။ ခရီးယာယီကိန်းရှိနေပါသည်။ တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စမှန်သမျှ ရှောင်ပါ။ မွေးနေ့တွင် အသားစားရှောင်ပြီး သီလတစ်ခုခုဆောက်တည်နေထိုင်ပါ။ အညံ့များလျော့နည်းသွားပါလိမ့်မည်။ ထီထိုးမည်ဆိုပါက (၅၊ ၃၊ ၂၊ ၆) ဂဏန်းများနှင့်ပြည့်နေအောင်ထိုးထားပါ။

ယတြာ ။ ။ *ယခုလတွင် သွားရင်းလာရင်း သမ္ဗုဒ္ဓေဂါထာကို (၁၀၇) ခေါက်ရအောင်ရွတ်ပါ။ နေ့စဉ်မပျက်ပါစေနှင့်။*

ရ င် ကို ေ အ း မြ ေ စ သ ါ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com